

# ဝဏ္ဏရသ
# အလှမျိုးစုံ
# တမျိုးစုံ

သုခ

# ဉာဏ်လင်း


ပုံနှိပ်ခြင်း...ပထမအကြိမ်
၁၉၈၆-ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ....၃၀၀၀

အဖုံးပန်းချီ... မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

အဖုံးရိုက်... ပညာ့ဗိမာန်

စာအုပ်ချုပ်....ပပစိုး

ခွင့်ပြုချက်

မျက်နှာဖုံး....(၃၇၀)

ဘာသာရေးဆိုင်ရာစာမူ....(၃၇၈)

ထုတ်ဝေသူ....ဦးသုခ (မြ-၀၁၈၂၈) သုခစာပေ
အမှတ်-၃၁၊ ပါရမီလမ်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ....ဦးကြည် (မြ-၀၂၄၀၉) ပညာ့ဗိမာန်
ပုံနှိပ်တိုက်၊ အမှတ်-၄၁၊ ၄၄-လမ်း၊ ရန်ကုန်မြို့။


တန်ဖိုး ၄၀ ကျပ်

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂၆။ | ဝိဇယသုတ္တန် | ၁၆၂ |
| ၂၇။ | မနောပုဗ္ဗင်္ဂမာဓမ္မာ | ၁၆၈ |
| ၂၈။ | ဒေဝဒတ်၏ မဟာ့လုပ်ကြံမှု | ၁၇၃ |
| ၂၉။ | ဗုဒ္ဓနှင့် ဒေဝဒတ် | ၁၈၁ |
| ၃၀။ | စာသိ နာသိ ငါသိ | ၁၉၀ |
| ၃၁။ | အင်္ဂုလိမာလအကြောင်း ဆွေးနွေးခြင်း | ၁၉၄ |
| ၃၂။ | မဟာဒုတ်လား-မဟာဒုက်လား | ၂၀၀ |
| ၃၃။ | စာကျော့နှစ်ကျော့ ကြိုးကိုချည် | ၂၀၈ |
| ၃၄။ | နောက်ဆုံးလပြည့် ဗုဒ္ဓနေ့ | ၂၁၄ |
| ၃၅။ | ဆင်သေပေါ်မှကျိုး | ၂၂၂ |
| ၃၆။ | မိချစ် ဖချစ် | ၂၂၇ |
| ၃၇။ | ငါးပါးသီလ | ၂၃၃ |
| ၃၈။ | ဓမ္မဂီတများ | ၂၃၉ |
| ၃၉။ | အဟောင်းနှင့် အသစ် | ၂၄၈ |
| ၄၀။ | တေဘုမ္မာဋ္ဌကထာ | ၂၅၃ |
| ၄၁။ | ရှေးစကားများ | ၂၆၀ |
| ၄၂။ | ဘဝဟူသည်ကို ယူဆပုံများ | ၂၆၄ |
| ၄၃။ | ဘယ်နှစ်ဝါ ဘယ်စာ မောင်သင်မထုံး | ၂၆၉ |
| ၄၄။ | မှန်းစရာကောင်းသော ချစ်စရာလေးများ | ၂၈၆ |
| ၄၅။ | တိရိစ္ဆာနကထာ | ၃၀၅ |
| ၄၆။ | အင်္ဂုလိမာလသုတ် | ၃၁၃ |
| ၄၇။ | ဒါယကာနှင့် သာသနာ | ၃၂၀ |
| ၄၈။ | ဒါယကာနှင့် သာသနာ (၂) | ၃၂၇ |
| ၄၉။ | မင်္ဂလာဆောင်တွေ-မင်္ဂလာဆောင်တွေ | ၃၃၃ |
| ၅၀။ | နှစ်ယောက်တည်းနေချင်တယ် | ၃၃၈ |


သာသနာ့ရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး ရန်ကုန်


ာက်
း မှာ
.ပြည်

စဉ်-၂
ကန့်-ရ

ကျွန်ုပ်သည်

မိုက်မှောင်အတွင်း၌ ကိုယ်တိုင်ရအပ်သော ဉာဏ်အလင်းဖြင့် သတ္တဝါဝေနေယျတို့အား မဟာကရုဏာတရား ရင်ဝယ် ထားကာ သနားကယ်ချွတ်တော်မူသောဗုဒ္ဓသခင်အားလည်းကောင်း။

ထိုဗုဒ္ဓ၏ တရား ဆုံးမစကားတရား အရစ်ရစ် ကိုသော်လည်းကောင်း။

ထိုဗုဒ္ဓ၏တရားအတိုင်း ကိုယ့်ဖို သူ့ဖို ကျင့်ကြံအားထုတ်တော်မူသော သံဃာများအား လည်းကောင်း ရိုသေမြတ်နိုး ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏။

ဤပဏာမစေတနာကြောင့် ယခုကျမ်းငယ်သည် ချွတ်ယွင်းမရှိ ပကတိ နှစ်လိုဖွယ်ဖြစ်ပါစေသတည်း။

သုခ



# ပရဟိတ ဆိုတာ

"သုံးလူ့ မျက်ဖျော်၊ စိတ္တကျော်ကား၊ လောင်းတော်ဘဝ၊ ထိုကာလဝယ်ဗြဟ္မာ့ဘုံတလျှောက်၊ ကြိမ် ကြိမ် ရောက်လည်း၊ မြားမြောက်လူ့ဗိုလ်၊ ကယ်တင်လို၍၊ ထိုထို မြင့်ကြွ၊ ကမ္ဘာမ္ဘာဟု၊ ဗြဟ္မာသမ္ပတ္တိ၊ ဆုံးတိုင်ထိအောင်၊ သတိပြဋ္ဌာန်း၊ မစံမြန်းပဲ၊ စိတ်မှန်းစုတေ၊ သက်တော်ချွေ၍၊ လူ့မြေဌာနီ၊ သန္ဓေမှီလျက်၊ ပါရမီစာဂ၊ စရိယကို ဘဝဆက်ကာ၊ ဖြည့်ခဲ့ပါသား၊ မြတ်စွာရှင်စော၊ ဒယာဇောသည်၊ အဟောအံ့မကုန် တကား"

"အဲသည့်စာဟာ ပရဟိတ ပုဂ္ဂိုလ်ကြီး စင်စစ်ဖြစ်တော်မူတဲ့ ဗုဒ္ဓလောင်းတော်ကြီး လုပ်ငန်းကို ကျေးဇူးရှင် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ က မဟာ ဗုဒ္ဓဝင် ပထမတွဲ ပထမပိုင်းမှာ ရေးသားတော်မူခဲ့တယ်။

"အလွန့်ကို အံ့သြစရာကြီးပါပဲတဲ့၊ တို့တတွေကဖြင့် နတ်ပြည် ဗြဟ္မာ့ပြည်ကို ရောက်အောင် တပ်မက်နေကြတယ်။ ဘုရားလောင်းကတော့ ဗြဟ္မာ့ပြည်ကို အကြိမ်ကြိမ် ရောက်သော်လဲ ဗြဟ္မာမင်းစည်းစိမ်ကို ကြာကြာမခံစားပဲ လူ့ပြည်ကို ပါရမီဖြည့်ရအောင် စုတေသက်ဆင်းခဲ့တယ် ဆိုတာတို့တတွေ စိတ်နဲ့နှိုင်းယှဉ်ဖြင့် မယုံနိုင်စရာ ပါပဲနော်"

"တို့တတွေက အတ္တဟိတသမား၊ ဘုရားလောင်းက ပရဟိတသမား ဖြစ်နေလေတော့ တို့စိတ်နဲ့နှိုင်းယှဉ် ကြည့်ယင် မယုံနိုင်စရာပေါ့၊ ဒါကြောင့် 'အဟောအံ့မကုန်တကား' လို့ ဆရာတော် ရေးတော်မူတာပေါ့၊ လူနတ် ဗြဟ္မာလောကသုံးပါးမှာ အတ္တသမားချည်းပဲ ဆိုတော့ သူတပါးအတွက် ဖြစ်စေ၊ အများအတွက်ဖြစ်စေ မိမိက အနစ်နာ ခံပါတယ်ဆိုလျှင် မယုံချင်ကြတာ ဓမ္မတာလိုဖြစ်နေပြီ၊ ဒါကြောင့် နေရာတကာတိုင်းမှာ 'ကိုယ်နှင့်နှိုင်းမရိုင်း' ဆိုတဲ့ စိတ်ရိုင်း စိတ်ယုတ်စိတ်ညံ့မျိုးထားလို့ မဖြစ်သေးဘူး၊ မဟာသမုဒ္ဒရာထဲမှ ပုလဲ ကောင်း ထွက်သလို နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီထဲမှ ရွှေထွက်သလို၊ တောင်စဉ် ခုနစ်ထပ်မှ မနောမယပတ္တမြားထွက်သလို လူပေါင်းအသိန်း အသန်းမှ စေတနာရှင် ကုသိုလ်ရှင် ပေါ်ထွက်တတ်တာကိုလဲ သတိပြုကြရမယ်"

"အေးလေ တို့လို လူချည်းပဲသာဆိုယင်လဲ ဗုဒ္ဓနယ် ပို့လောကမှာ ပွင့်တော်မူလာမှာမဟုတ်ဘူးပေါ့"

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောဆိုတာ သောက် ကြည့်ပါတော့လေ။ ဒုလ္လဘတရား ငါးပါးမှာ ပထမဦး ဟောထားတာပဲ၊ ဗြဟ္မာ့ပြည်မှ လူ့ပြည်

သို့ဆင်း၍ ဗုဒ္ဓဖြစ်ကြောင်း ပါရမီ ပေါင်းကို ဖြည့်ကျင့် ဆည်းပူးတော်မူတာ''

''ဗြဟ္မာ့ပြည်မှာကော ပါရမီဖြည့်လို့မရဘူးလား''

''မရပါဘူး။ ဘာဖြစ်လို့မရသလဲ။ ပါရမီ ဆယ်ပါး ဆိုတာကို ရှေးဦးစွာကြည့် (၁) ဒါန ပါရမီ၊ (၂)သီလပါရမီ။ (၃) နေက္ခမပါရမီ။ (၄)ပညာပါရမီ၊ (၅) ဝီရိယပါရမီ။ (၆) ခန္တီ ပါရမီ၊ (၇) သစ္စာပါရမီ။ (၈) အဓိဋ္ဌာန် ပါရမီ။ (၉) မေတ္တာပါရမီ။ (၁၀) ဥပေက္ခာ ပါရမီ။ အဲသည့်ပါရမီဆယ်ပါး အားလုံးလိုလိုက အသို ရှိသမျှ၊ အောင့်တသမျှ ရှိပြီး ပြည့်စုံပြီးဖြစ်တဲ့ နတ်လောက ဗြဟ္မာလောကမှာ ပါရမီဖြည့်စရာမသိုခဘူ့ဘူး။ မေတ္တာဖြင့် သင့်တင့်လျောက်ပတ်နေကြဘဲ့အတွက် ခန္တီပါရမီလို ပါရမီမျိုးလဲ ဖြည့်ကျင့်စရာ မရှိတော့ဘူး။ ဒါကြောင့် ကာမဂုဏ် အာရုံများပြားရာ၊ မေတ္တာစိတ်ခေါင်းပါးရာ၊ နိုင်ထက် ကလူ ပြုမူဘတ်ရာဖြစ်တဲ့ လူ့ပြည်ကို ဆင်းပြီး ပါရမီဖြည့်ယူကြရတာ ဖြစ်တယ်''

''ရှေးဦး သိထားနှင့်ရမှာက ဗုဒ္ဓဖြစ်လိုတော်မူဘာ မိမိဘကိုယ်အတွက်လား၊ သတ္တဝါဝေနေယျများစွာတို့အတွက်လား''

''သူ့တကိုယ်တော် အတွက် သာ ဆို ယင် သုခမဓာ ရသေ့ဘပ ကဘည်းက ဒီပင်္ကရာ ဗုဒ္ဓရဲ့သာဝကအဖြစ်နဲ့ နိဗ္ဗာန်ကို ဝင်တော်မူနိုင်တာပေါ့''

''ဟုတ်ပြီ၊ ဒါကြောင့် 'ငါ တ ပါး ဟည်း သံသရာမှကျွတ်လွတ်၍ ဘာသဲ အကျိုးရှိအံ့နည်း' လို့ လက်တော်သို့ ရောက်ပြီးသော ပတ္တမြားရတနာကို လွှင့်ပစ်သိုက်သကဲ့သို့ သတ္တဝါအများသည် ငါသိသကဲ့သို့ သိကြစေအံ့၊ ငါလွတ်သကဲ့သို့ လွတ်ကြစေအံ့၊ ငါကူးမြောက်သကဲ့သို့ ကူးမြောက်ကြစေအံ့' ဟူသော ကရုဏာစေတနာနှင့် ဆုံးဖြတ်ချက်ကြီးကို ချတော်မူခဲ့ခြင်း ဖြစ်တယ်။ အဲသလို ဘာဖြစ်လို့ ဆုံးဖြတ်ချက်ကြီး ချခဲ့ရသလဲ''

''ပြောပါဦးကွာ''

''သတ္တဝါ သတ္တဝါတွေ (လောကကြီးထဲက လူနတ်ဗြဟ္မာ တိရစ္ဆာန်တွေပါမကျန်) အသချေ အသင်္ချာ သတ္တဝါတွေမှာ (၁) တပ်နှစ်သက်ရသဖြင့် ပူလောင်ခြင်း၊ (၂) စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း၊ (၃)အဟုတ်အမှန် မဝေဖန်နိုင်သဖြင့် ပူလောင်ခြင်း၊ (၄)ဘဝအသစ်၌ ဖြစ်ရသဖြင့် ပူလောင်ခြင်း၊ (၅) အိုမင်းရသဖြင့် ပူလောင်ခြင်း၊ (၆)သေပျက်ရသဖြင့် ပူလောင်ခြင်း၊ (၇) စိုးရိမ်ရသဖြင့် ပူလောင်ခြင်း၊ (၈) ငိုကြွေးရသဖြင့် ပူလောင်ခြင်း၊ (၉) ဒုက္ခဆင်းရဲသဖြင့်ပူလောင်ခြင်း၊ (၁၀) စိတ်ကို မှီ၍ မသာယာသဖြင့် ပူလောင်ခြင်း၊ (၁၁) စိတ်ပင်ပန်း ဆင်းရဲရသဖြင့် ပူလောင်ခြင်းဆိုတဲ့ မီးဆယ့်တပါးက ဟုန်းဟုန်းတောက် နေတာကို (သတ္တဝါ သူသူငါငါက ခံစားနေရတာကို အမှတ်မထင် ရှိနေကြပေမင့်) ဗုဒ္ဓ အလောင်းတော်ကြီးက မျက်ဝါးထင်ထင်မြင်ပြီး သနားခြင်းကြီးမက (မဟာကရုဏာ) သနားတော်မူနေရှာတယ်''

''မင်းပြောတာကို ငါ သဘောပေါက်ပြီ။ ဥပမာအားဖြင့် ခေတ်အတွေနဲ့ ပြောရမယ် ဆိုယင် နံပါတ်ဖိုး သုံးစွဲနေတဲ့ လူကြီး လူကောင်းသားကလေး ပညာတတ်ကို တို့က သနားသလိုဖြစ်မှာပေါ့၊ သူငယ်ကလေးကတော့ (သူ့ဖိလင်) နဲ့သူ ဇိမ်ရှိနေဘယ်လို ထင်နေမယ်။ တို့ကဖြင့် နစ်သည်ထက်နစ်ပြီး ဘဝဆုံးတော့ မှာပဲလို့ မြင်နေသလိုပေါ့ ဟုတ်လား''

''အေး....အေး မင့်ဥပမာက ထိလိုက်တာ၊ ကဲ ဒီတော့ အဲသလို ဆေးစွဲသူငယ်ကို မင်း မကယ်ချင်ဘူးလား''

**''ဟာ....ဘယ့်နှယ်ပြောပါလိမ့်၊ ကယ်ချင်တာပေါ့''**

''**အေး**....မင်းတို့ ငါတို့ကကောင်းစေလိုလို့ ဖျောင်းဖျောင်းဖျဖျ ပြောမယ်၊ တားဆီးမယ်၊ ဒါကို လူသယ်က ရန်ငြိုးနဲ့ ဓားနဲ့ထိုးလို့ သေလုနီးပါးဒဏ်ရာရမဘဲ၊ မင်း ဆက်ပြီးကယ်ချင်တဲ့ **စိတ် ပေါ်ပါဦးမလား**''

''အဲသည်လောက်တော့ သည်းညည်း မခံနိုင်ဘော့ဘူးဘော့။ ပြောမရတဲ့အကောင် သင်းထိုက်နဲ့သင်းကံပဲပေါ့''

''အဲသည်မှာ ဘုရားလောင်းစိတ်နဲ့ တို့စိတ် **အကွာကြီး** ကွာဘော့ဘာ၊ ပါရမီဖြည့်တော်မူဘယ်ဆိုတဲ့ **သဘော**ကို အဲသည့်ဥပမာနဲ့ပဲ ဆင်ခြင်ကြည့်နိုင်ပြီ။ ဆေးစွဲလူငယ်ကို သတ္တဝါဝေနေယျလို့ပဲ သဘောထားပါတော့။ မင်းက ကောင်းရာကောင်းကြောင်း ဆုံးမတာကို ဓားနဲ့ ထိုးဘယ်။ ဒီတော့သူ့ကို မင်းက ဒေါသဖြစ်ပြီး ပြန်မလှုပ်စေကာမူ စိတ် နာ ပြီး လက် လျှော့ လိုက်မယ်၊ ဒီလိုမဟုတ်လား''

''ဒါပေါ့''

''**အဲ**....ဘုရား လောင်း တော် ကြီး ကတော့ ဒီလိုမဟုတ်ပေဘူးဗျား။ ဘယ်လို ဆင်ခြင်မလဲဆိုတော့''ဤဆေးစွဲ သူငယ်ကလေးကိုနားလည် သဘောပေါက်အောင် ငါပြောနိုင်တဲ့ ဉာဏ်လို့နေသေးလို့ပဲ။ ထိုဘက် တို့ဘက် သဘောပေါက်အောင် ပြောပြနိုင်ဖို့ ဉာဏ်ကြီ ရင့်လာအောင် မနားမနေ ကြိုးစားရမယ်....''ဆိုတဲ့ သဘောနဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီး အလို့ငှာ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်ဆည်းပူးတော်မူဘာပဲ၊ စွန့်ခြင်းကြီး ငါးပါးကို စွန့်ဘော်မူဘာပဲ။ ဘနည်းပြောရယင် သူ့ကိုသူ (စဘေး)ဘန် (စဘေး)တော်မူရှာဘာပဲ''

''**ကျေးဇူး** တင်စရာ ကြီးပါပဲကွာ။ ဘယ်လောက်ကြာအောင် ပါရမီဖြည့်ရသလဲ''

''ပညာဓိက ဘုရားလောင်း ဆိုလျှင် လေးသင်္ချေနဲ့ကမ္ဘာတသိန်း၊ သဒ္ဓါဓိက ဘုရားလောင်းဆိုလျှင် ရှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း၊ ဝီရိယာဓိက ဘုရားလောင်းဆိုလျှင် တဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့် မကြရတယ်။ ကျေးဇူးဘင်စရာကတော့ မင်းတို့ငါတို့ကို **အပထားလိုက်ဘော့**။ ဘုရား တဆူကဘုရားတဆူ၏ ကျေးဇူးဂုဏ်တို့ကို ချီးကျူးနေယင် **သတ္တဝါ** **အများ**ကို တရားဟောနိုင်ဖို့ အချိန်တောင်မရပဲ ဂုဏ်ကျော်တွေကို ဖော်ယင်းနဲ့ ရိုနိဗ္ဗာန်ပြုတော်မူရလိမ့်မယ်တဲ့၊ အဲသလောက်ပဲ''

''**အင်း**....ဒါကြောင့်လဲ ဘုရားဆုတောင်းတော်မူကြတာက အသင်္ချေ၊ ပွင့်တော်မူတာက တပါးတည်းလို့ ပြောကြတာပဲပေါ့''

''ဟုတ်ပါကယ်။ သမ္မာသမ္ဗောဓိဆုကို သူတော်ကောင်းကြီးများ တောင်းလေ့ရှိပါတယ်။ ပါရမီအလျောက် ဗုဒ္ဓစင်စစ် မဖြစ်ကြသော်လဲ သံသရာကတော့ နည်းအမျိုးမျိုး၊ အဖြစ်အမျိုးမျိုးနဲ့ကူးမြောက်ကျွတ်လွတ်တော်မူကြပါတယ်''

''ဗုဒ္ဓသခင်ဟာ သတ္တဝါတိုင်းကို နိဗ္ဗာန်သို့ မျက်မှောက်ပြုဖို့သာ ဟောတော်မူလေ့ရှိပါသလား''

''အဲသည့် မေးခွန်းဟာ အလွန် အဖိုးတန်ပါတယ်။ ဗုဒ္ဓက နိဗ္ဗာန်သို့ ရောက်နိုင် ရောက်ထိုက်သူကိုသာနိဗ္ဗာန်ရောက်ရာ အကျင့်တရားတို့ကို ဟောတော်မူပါတယ်၊ နိဗ္ဗာန်ကိုမရောက်နိုင်သေးသော (အရည်အချင်း မရှိသေးသူ)ပုဂ္ဂိုလ်တို့ကိုတော့ တန်ရာတန်ရာ ပစ္စုပ္ပန်လောကအဘွက် အကျိုးရှိရာများကို ဟောကြား ညွှန်ပြပါကယ်။ ဒါကြောင့် ပစ္စုပ္ပန်လောက အလုံးစုံမှာ ညွှန်ပြ ဆရာကြီးဟူ၍ (လောက ဂိုဒ္ဓ)ဘွဲ့ကြီးနဲ့ သတ်မှတ်ကြရတာပေါ့။ အချို့ပုဂ္ဂိုလ်များက ဘယ်လိုများ လျောက်ထားကြသလဲဆိုလျှင်-

''အရှင်ဘုရား၊ တပည့်တော်တို့သည် ဇနီး မယား သမီး သားတို့ဖြင့် ပျော်ပါးစွာ နေလိုကြပါ၏။ နံ့သာမျိုးစုံတို့ဖြင့်လဲ ခြယ်လှယ် လိုကြပါ၏၊ ကုံကော်သဇင် ပန်းမျိုး စုံသင်တို့ကိုလဲ ပန်းဆင်လိုကြပါ၏။ ဘယက်တန်ဆာ ဒွါဒရာတို့ကိုလည်း ဆင်မြန်း လိုကြပါ၏။ စပါးဆန်ရေ ရွှေ ငွေ တိုက်အိမ်တို့ဖြင့်လည်း နေလိုကြပါ၏။ အာရုံငါးပါး ကာမဂုဏ် တရားတို့ကိုလည်း ခံစားလိုကြပါ၏။ ဤသို့ယခု မျက်မှောက်ဘဝ၌ ပျော်နေပြီးလျှင် သေပြီးသည့် နောက်ဘဝ၌လည်း ကောင်းသော သုဂတိဘဝသို့ ရောက်လို ကြပါ၏၊ ထိုသို့ရောက်နိုင်သော တရားတော်မြတ်ကို တပည့်တော် တို့အား ဟော ကြားတော်မူပါ။

''အဲသလို လာရောက် လျှောက်ထားတရားနာသူများပင် ရှိခဲ့ဖူးတယ်''

''ဒီတော့ မြတ်စွာဘုရားက ဘယ်တရားမျိုးကိုဟောသလဲကွာ။ ကြုံကြုံဖန်ဖန်နော်''

''သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓက သူတို့နဲ့ သင့်တင့် လျော်ပတ်တဲ့ တရားကို, သိတော်မြင်တော်မူသည့် ဂိဟိဝိနယတရားကို ဟောတော်မူရတယ်။ ဂိဟိဝိနယဆိုတာ ကာမဂုဏ်အာရုံထဲက မထွက်နိုင်မရုန်းနိုင်သေးတဲ့ ပုထုဇဉ် လူသားတွေ အတွက်တရား''

''ဘယ်လိုတရားများလဲကွာ၊ အကြမ်းအားဖြင့် သဘောလောက်ပဲ[illegible]ဖြစ် လုပ်ပါဦး''

''အကြမ်းအားဖြင့်ဆိုယင် ပဉ္စသီလ ငါးပါးက အဓိက။ ဒုစရိုက်ဆယ်ပါးကိုရှောင်၍ သုစရိုက်တရားဆယ်ပါးကို ဆောင်ရတာ။ မိစ္ဆာဇီဝအသက်မွေးမှုမှ ရှောင်ကြဉ်ရတာ၊ ဗြဟ္မစိုရ်တရားလေးပါး ရှေ့ရှုရတာ သူတပါးအကျိုး (ပရဟိတ)ကို ဆောင်ရွက်ရတာများ ပါဝင်တယ်။ ဓမ္မကထာ လေးပါးနှင့်ပြောရမယ်ဆိုယင်တော့ (၁) ဒါနကထာ၊ (၂)သီလကထာပေါ့။ (၃) သမာဓိကထာနဲ့၊ (၄) ပညာကထာတို့ကို ချင်းခဲ့ရမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သမာဓိကထာနဲ့ ပညာကထာတို့က မဂ်ဖိုလ်နဲ့ဆိုင်နေလေတော့ ပုထုဇဉ်များက မလိုက်နာနိုင်ကြလို့ ပါပဲ''

''လူပုထုဇဉ်များလဲ ပရဟိတ လုပ်ငန်းကို ဆောင်ရွက်ကြရမှာဖဲလား''

''ဗောဓိသတ္တ ဘုရား အလောင်းတော်ကြီးများရဲ့ ဘဝပေါင်း များစွာမှာ လူပုထုဇဉ်၊ ရသေ့ ရဟန်းပုထုဇဉ် အဖြစ်နဲ့ပဲ ပရဟိတလုပ်ကြတာ သုတ္တန် ဒေသနာတော်မှာ အများကြီး တွေ့ရပါလိမ့်မယ်ဗျား။ ဘုရားဆုကိုမပန်တောင် (ဂိဟိဝိနယ) လူကျင့်ကျင့်ရမယ့် လုပ်ငန်းဟူ၍ တွင်သင်သည်၊ ဂကျာ:ဟိ မှတ်လေတော့''





# ကမ္ဘာ့အေး တရားတော်

"တို့နိုင်ငံခြား ရောက်သွားတော့ သူတို့က ပြောကြသကွယ့်၊ မြန်မာလူမျိုးများဟာ စကား ပြောလိုက်ယင်(ကံ-ကံ)နဲ့ တယ်ပြောကြသတဲ့၊ ကံကောင်းလို့၊ကံမကောင်းလို့စသဖြင့် ပေါ့လေ၊ တို့ကလဲဒီလိုပဲ ပြောတတ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

မေးသူမှာ ကျေးဇူးရှင် ကမ္ဘာ့ သာသနာပြု ဓောင်ပုလုတောရ ကမ္ဘာ့အေး ဆရာတော်ကြီး ဖြစ်၍ဖြေကြသူမှာ ကျွန်တော်အပါအဝင်ပါရမီ ရပ်ကွက်မှ ဒကာ-ဒကာမများ ဖြစ်ကြပါသည်။

လွန်ခဲ့သော တပို့တွဲလဆန်း ၁၁-ရက် တနင်္ဂနွေနေ့ ညနေ ခြံအမှတ် (၅၈) ဦးမျိုးမြင့် အိမ်၌ ဟောတော် မူသော တရားနိဒါန်း ဖြစ် ပါသည်။

"သူတို့ကမေးကြသကွယ့်၊ အဲသည့်(ကံ)ဆို တာ ဘာကိုပြောတာလဲ....တဲ့၊ ကဲ ဘယ်လိုဖြေ ကြမလဲ"

ပရိသတ်က တုတ်တုတ်မျှမလှုပ်ကြ။

"တို့တတွေ စကားပြောတိုင်း (ကံ-ကံ)လို့ သုံးနေကြလျက်နဲ့ ဘာလဲလို့ မေးတော့ မဖြေနိုင် ကြတော့ဘူးလား၊ကံ-ဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုတော့လဲ ဖြေလိုက်ကြတာ အသံ အကျယ်ကြီးသားပဲ၊ အေး တို့တတွေ ဘုရားရှိခိုး တော့လဲ 'ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗ ဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်း အကျိုးငှာ' ဒီလို ဆိုကြ သေး တယ် မဟုတ်လား"

"တင်ပါ့ ဘုရား"

"အေး....ဒီလို အသံကျယ်ကျယ် ဖြေကြမှ ပေါ့၊ ကဲ....အဲ့သည့် ကာယကံ၊ ဝစီကံ၊မနောကံ ဆိုတာတွေက ဘယ်လိုဟာတွေတုံး"

ပရိသတ်က အသံထွက်မလာ။

"ဟေ....အသံ တိတ်သွား ကြပြန်ပါပေါ့ လား...."

တိတ်ဆိတ်နေသည့်ကြားက ကျိတ်၍ ရယ် လိုက်သံ ကလေးများက မထင်မရှား။

"အေး....ကာယကံ သုံးပါး၊ ဝစီကံ လေး ပါး၊ မနောကံသုံးပါး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဟော....အသံကျယ်လာပြန်ပြီ"

ပရိသတ်က ကျိတ်၍ ရယ်ကြပြန်သည်။

"အေး....အဲသည့် ကာယကံသုံးပါး၊ ဝစီကံ လေးပါး၊ မနောကံသုံးပါး ဆိုတာတွေကကော ဘာတွေ ဘာတွေတုံးတဲ့ဗျာ"

ပရိသတ်က တိတ်သွားကြပြန်သည်။

"ပါဏာတိ ပါတ=သူ့အသက်ကို သတ် ခြင်း၊ အဒိန္နာဒါန=သူမပေးပဲယူခြင်း၊ ကာမေသု

မိစ္ဆာစာရ= သူတပါးအိမ်ရာကို ကျူးလွန်ခြင်းဆိုတဲ့ သုံးခုမဟုတ်လား''

''ဟုတ်ပါတယ်ဘုရား''

''အဲသည်အမှုတွေကို နှုတ်ပါးစပ်က လုပ်လို့ဖြစ်မလား၊ သူ့အသက်ကိုသတ်ဖို့ ဆိုစာလေ''

''နှုတ်ကသတ်လို့ မဖြစ်ပါဘုရား''

''သူတပါးဟာကို ခိုးဖို့ဝှက်ဖို့ကော နှုတ်ကခိုးလို့ရနိုင်မလား''

''မရနိုင်ပါဘုရား''

''သူတပါး သားမယားကို ဖျက်ဆီးဖို့ ဆိုတာကော နှုတ်နဲ့ဖြစ်မလား''

''မဖြစ်ပါဘုရား''

''စိတ်ထဲက ကြံရုံနဲ့ကော ဖြစ်မလား''

''မဖြစ်နိုင်ပါဘုရား''

''အေး....နှုတ်နဲ့လုပ်သို့လဲမဖြစ်၊ စိတ်နဲ့လုပ်လို့လဲမဖြစ်၊ ကိုယ်ကာယနဲ့ လုပ်မှ ဖြစ်တာမို့ ကာယကံမှု(ကာယကံ)သို့ ခေါ်တာ နားလည်ပြီလား''

''နားလည်ပါပြီဘုရား''

''ကဲ....ဝစီကံလေးပါး ဆိုတာကော၊ မုသာဝါဒ=လိမ်ပြောတာ၊ ပိသုဏာဝါစာ=ကုန်းချောပြောတာ၊ ဖရုသဝါစာ=ကြမ်းတမ်းသော စကားကိုပြောတာ၊ သမ္ဖပ္ပလာပဝါစာ=အကျိုး မရှိသောစကားကိုပြောတာ၊ အဲသည့်ဟာတွေကော စိတ်နဲ့လုပ်သို့ ကိုယ်နဲ့လုပ်သို့ ရသလား''

''လုပ်သို့ မရပါဘုရား''

''ဘာနဲ့လုပ်မှ ရသလဲ''

''နှုတ်နဲ့လုပ်မှ ရပါတယ်ဘုရား''

''အေး....နှုတ်ပါးစပ်ကလုပ်မှ ရတယ်နော်၊ ဒါကြောင့် ဝစီကံလေးပါး မှတ်မိရဲ့လား''

''မှတ်မိပါပြီဘုရား''

''နောက်ဘခုက မနောကံ ဟုတ်ရဲ့မဟုတ်လား''

''ဟုတ်ပါတယ်ဘုရား''

''အဘိဇ္ဈာ=သူများပစ္စည်းကိုလိုချင်တာ၊ ဗျာပါဒ=သူများကို ပျက်စီးစေချင်တာ၊ မိစ္ဆာဒိဋ္ဌိ=အမှန်ကို အမှားလို့ ယူဆတာ၊ အဲသည့်သုံးပါးကို နှုတ်နဲ့လုပ်လို့ရမလား''

''မရပါဘုရား''

''ကိုယ်နဲ့လုပ်လို့ကော ရပါ့မလား''

''မရပါဘုရား''

''ဘာနဲ့လုပ်မှ ရသလဲ''

''စိတ်နဲ့လုပ်မှ ရပါတယ်ဘုရား''

''အေး....ဒါကြောင့် မနောကံတဲ့၊ ဟုတ်ပြီလား''

''တင်ပါဘုရား''

''ကာယကံက သုံးပါး၊ ဝစီကံက လေးပါး၊ မနောကံကသုံးပါး၊ ပေါင်းလိုက်တော့ ဘယ်နှစ်ပါးရသလဲ''

''ဆယ်ပါးပါ ဘုရား''

''အေး.... အဲသည် ဆယ်ပါး စလုံး ဟာ ကောင်းတဲ့ အကျင့်တွေလား၊ မကောင်းတဲ့ အကျင့်တွေလား''

''မကောင်းတဲ့အကျင့်တွေပါ ဘုရား''

''အေး....ဒါကြောင့်(ဒုစရိုက်) ဆယ်ပါးလို့ ပြောရတာ၊ (ဒု) ဆိုတာက မကောင်းတာ၊ (စရိုက်)ဆိုတာက အမူအကျင့်၊ နှစ်ခုပေါင်းလိုက်တော့ မကောင်းတဲ့အကျင့်ဆယ်ပါး၊ ပေါင်းလိုခေါ်တော့ (ဒုစရိုက်ဆယ်ပါး)ဟုတ်ပလား''

''ဟုတ်ပါတယ် ဘုရား''

''ဒုစရိုက် ဆယ်ပါးဟာ ကောင်းတာတွေလား၊ မကောင်းတာတွေလား''

''မကောင်းတာတွေပါ ဘုရား''

''အေး....မကောင်းတာတွေနော်.... ကဲ.... မကောင်းတာတွေ လုပ်ယင် ကောင်းတာတွေ ဖြစ်မလား''

''မဖြစ်ပါဘုရား''

''ကောင်းတာတွေ လုပ်ယင်ကော မကောင်းတာတွေ ဖြစ်ပါ့မလား''

''မဖြစ်ပါဘုရား''

''အေး....အဲဒါဟာ ကံနှင့်ကံ၏ အကျိုးကို ယုံကြည်တာလို့ ခေါ်တယ်နော်''

''တင်ပါ့ဘုရား''

''မသိသာ ပဘူးလား''

''သိသာပါတယ် ဘုရား''

''အေး....အဲဒါကို သိတာကို ဝိဇ္ဇာလို့ခေါ်တယ်၊ မသိတာကို အဝိဇ္ဇာလို့ ခေါ်တယ်၊ ဟုတ်လား''

''တင်ပါ့ဘုရား''

''ဒါဖြင့် မှတ်မိအောင် လိုက်ဆိုကြ၊ မသိ-အဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ နှစ်ဖြာခွဲဝေမှတ်''

''မသိ-အဝိဇ္ဇာ၊ သိ-ဝိဇ္ဇာ၊ နှစ်ဖြာခွဲဝေမှတ်''

''သိလျှင် အကုသိုလ်တွေကို လုပ်ချင်ပါ့မလား''

''မလုပ်ချင်တော့ပါဘူး ဘုရား''

''မသိလျှင်တော့ လုပ်ကြမှာပဲ မဟုတ်လား''

''လုပ်ကြမှာပါ ဘုရား''

''အေး....အဲဒါ မသိလို့လုပ်ကြတာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တရားပဲ၊ ဒီတော့ လိုက်ဆိုကြ၊ မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ ပဋိစ္စသမုပ္ပါဒ်''

''မသိလျှင်ပတ်၊သိလျှင်ပြတ်၊ပဋိစ္စသမုပ္ပါဒ်''

''ဒီတော့ မကောင်းတဲ့ အာရုံတွေဟာ ဘာကြောင့် ပေါ်လာသလဲ၊ လောဘ၊ ဒေါသ၊ မောဟ အကြောင်း သုံးပါးကြောင့် ပေါ်လာတယ်၊ သူတို့ ဘယ်ကပေါ်လာသလဲ၊ မျက်စိက မြင်လို့၊ နားကကြားလို့၊ နှာခေါင်းကအနံ့ ရလို့၊ လျှာက အရသာ ခံလို့၊ ကိုယ်က တွေ့သိလို့၊ စိတ်က တောင်တောင်အီအီ ဖြစ်နေတာကို မထိန်းနိုင်လို့ ဟုတ်ကဲ့သား''

''ဟုတ်ပါတယ်ဘုရား''

''ဒါဖြင့် အဲသည့် မကောင်းတာတွေ မဝင်အောင် ဘယ်လိုလုပ်မလဲ''

ပရိသတ်က ငြိမ်နေကြသည်။

''မြင်လိုက်တာနဲ့ နှစ် သက် တယ် ဆို ယင် လောဘဖြစ်ပြီ၊ မြင်လိုက်တာနဲ့ မနှစ်သက်ဘူးဆိုယင် ဒေါသဖြစ်ပြီ၊ ဒီတော့ မြင်လိုက်တာကို မြင်ရုံလောက်မှာ ရပ်ပြီး 'မြင်တယ်' လို့သာ အသိစိတ်က သိလိုက်ယင် လောဘနဲ့ဒေါသက ဝင်လာကြပါဦးမလား''

''ဝင်မလာနိုင်ကြပါ ဘုရား''

''အေး....ကိုယ်က လက်မခံလိုက်ယင် ဝင်မလာနိုင်ဘူး၊ နားကကြားတော့လဲ ကြားတယ်ပဲ မှတ်ယင်ဝင်လာနိုင်ကြပါ့မလား''

''မဝင်နိုင်ပါဘုရား''

''နှာခေါင်းက ရှူလိုက်မိတဲ့ အခါကော လက်မခံယင် လောဘဒေါသတွေ ဝင်နိုင်ကြပါ့မလား''

''မဝင်နိုင်ကြပါ ဘုရား''

''ကိုယ်ကာယကကော''

''မဝင်နိုင်ကြပါ ဘုရား''

''တို့တတွေမှာ ဣရိယာပုထ် လေးပါး ရှိတယ်၊ဘယ်လိုလဲဆိုတော့ ရပ်တယ်၊ထိုင်တယ်၊ သွားတယ်၊အိပ်တယ်(လျောင်းတယ်)၊ ဒါကလွဲလို့ တခြား ရှိသေးသလား''

''မရှိပါဘုရား''

''ကဲ....ရပ်နေတုန်း ဆိုပါတော့၊ မျက်စိက အဆင်းရူပ ရုံတွေကို မြင်နေရတယ်၊ နားက အသံအာရုံတွေကို ကြားနေရတယ်၊ မြေကြီးနဲ့ ဖြစ်စေ၊ ကြမ်းပြင်နဲ့ဖြစ်စေ ထိနေရတာကို မသိဘူးလား''

''သိပါတယ်ဘုရား''

''အဲသလိုအခါမှာ 'မြင်တယ်၊ ကြားတယ်၊ ရပ်တယ်၊ ထိတယ်' ဆိုတာလောက်ပဲ သတိထားနေယင် မနှစ်သက်တဲ့ဒေါသ၊ နှစ်သက်တဲ့လောဘတွေ ဝင်နိုင်ပါ့မလား''

''မဝင်နိုင်ပါ ဘုရား''

''သွားတဲ့ အခါမှာကော မြင်တယ်၊ ကြားတယ်၊ သွားတယ်၊ ထိတယ်လို့သာ သတိထားယင် လောဘဒေါသတွေ ဝင်နိုင်ပါ့မလား''

''မဝင်နိုင်ပါဘုရား''

''ထိုင်တော့ကော မြင်တယ်၊ ကြားတယ်၊ ထိုင်တယ်၊ ထိတယ်လို့ သာသတိထားယင် လောဘ ဒေါသတွေ ဝင်နိုင်ပါ့မလား''

''မဝင်နိုင်ပါဘုရား''

''အိပ်တော့ကော (လျောင်းတော့) မြင်တယ်၊ ကြားတယ်၊ အိပ်တယ်၊ ထိတယ်၊ ဒါဆိုယင်ကော''

''လောဘတွေ ဒေါသတွေ မဝင်နိုင်ပါ ဘုရား''

''အေး....အဲသည်လို နှလုံးသွင်းနေတာကို 'သမ္ပဇည ပဗ္ဗ' တရားအားထုတ်နည်းလို့ ခေါ်တယ်၊ မြန်မာလို သတိသမ္ပဇဉ်နဲ့ နေနည်းပေါ့၊ အဲသည့်နည်းနဲ့သာ လူတိုင်းလူတိုင်း နေကြယင် သူများအသက်ကို သတ်ချင်ကြပါဦးမလား''

''မသတ်ချင်တော့ပါဘူး ဘုရား''

''သူများ ဥစ္စာကို ခိုးယူ တိုက်ခိုက် ချင်ဦးမလား''

''မခိုးမတိုက်ချင်တော့ပါဘူး ဘုရား''

''နိုင်ထက်စီးနင်း လုပ်ချင်ကြဦးမလား''

''မလုပ်ချင်တော့ပါဘူး ဘုရား''

''တကမ္ဘာလုံး ကျင့်သုံးယင် တကမ္ဘာလုံး အေးငြိမ်း မနေကြဘူးလား''

''တကမ္ဘာလုံး အေးငြိမ်းကြပါမယ် ဘုရား''

''အေး....အဲဒါ ကမ္ဘာအေး တရားပဲ၊ မှတ်ထားကြ''

'သာဓု-သာဓု-သာဓုပါ ဘုရား''

ဤကား ကျွန်တော်မှတ်မိသမျှ အနီးကပ်ဆုံး ဓမ္မဒါနတရား ဖောက်သည်ချလိုက်ရခြင်း ဖြစ်ပါသည်။





# အတွင်းအောင်ခြင်း

(အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ၊ စီးပွားဥစ္စာ အဟုတ်မကြာအောင်မှာ၊ ကျန်းမာ ချမ်းသာပါလို့ ဘေးရန်မဝိုင်း၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ၊ ခုနစ်ရက်သားသမီးနဲ့ နတ်လူပြုဟွာ)

"မင်းတို့ ရပ်ကွက်က အလှူအတန်းတယ်ပေါ သကိုး၊ စပီကာသံ တညံညံနဲ့"

"ဩော်....ပါရမီဘူတာနားက အနေ့းယာဉ်ဆိုက်ကား အလုပ်သမားများ အဖွဲ့လေကွာ၊ စနေနေ့တိုင်း တို့ရပ်ကွက်က ဝိဇ္ဇောတာရုံ စာသင်တိုက် ဆွမ်းပတ်တာဝန် ယူကြတယ်၊ လမ်းသွား လမ်းလာ ခရီးသည်များကလဲ ကြုံကြိုက်သလို အလှူ ထည့်ဝင်သွားကြတာလဲ ရှိတယ်"

"အင်း....တို့လူမျိုးကတော့ ဆင် ရဲ ချမ်းသာ မရွေး ကိုယ့်ချွေးနှဲစာကလေးနဲ့ လှူဒါန်းချင်ကြတယ်၊ ဒီကုသိုလ်စေတနာတွေကြောင့်ပဲ ကမ္ဘာမှာ တို့မြန်မာပြည် ကွက်ကွက် ကလေးပဲ၊ ကပ်ကြီးသုံးပါးဘေးက လွတ်ငြိမ်းနေကြတာ၊ သတင်းစာထဲ နေ့စဉ် တွေ့နေရတာဖြင့် ဟိုထောင်က စီကနဲ၊ ဒီထောင်က ညံကနဲ"

"ရတနာသုံးပါး ရဲ့ အရှိန်အဝါပေါ့လေ"

(ဓမ္မာဓာတ်နဲ့ ဗုဒ္ဓမြွက်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း ပထမပါ)

"တယ်ကောင်းတဲ့ သီချင်းကွာ၊ ဘယ်အခါ နားထောင်ရ ထောင်ရ၊ မရိုးဘူး"

"ဘယ်ရိုးမှာလဲကွ၊ ဆန်းမှ မဆန်းခဲ့ပဲကိုး"

"မင်းကတော့ ပြောလိုက်ယင် (ခွ)ချည့်ပဲ"

"အမှန်ပြောတာမင်းက(ခွ)ထင်နေတာကိုး၊ လောကမှာ အဆန်း အပြားများသာ ရိုးသွားတယ်လို့ရှိတာ၊ စကတည်းက ရိုးထားတဲ့ အရာဝတ္ထုဆိုတော့ နောက်ထပ်မရိုးနိုင်တော့ဘူးပေါ့၊ ထာဝရတည်မြဲနေတဲ့သဘောကိုပြောလိုက်တာ၊ အခု မင်းကြားနေရတဲ့ (အောင်ခြင်းရှစ်ပါး) သီချင်းကိုကြည့်၊ အကြောင်းအရာအားဖြင့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓ ပိဋကတ်တော်လာ ဝတ္ထုအဖြစ်အပျက်များသာ ဖြစ်တယ်၊ ထိုသီချင်းစာသားကို ဒဂုန်မဂ္ဂဇင်း ဒယ်ဒီတာချုပ် ပုပ္ပား ဦးကျော်ရင် အမည်ခံ လယ်တီဦးကောဝိဒ ဆရာတော်က စကားလုံး အသစ်အဆန်းမပါပဲ စကားပြောကာရန်နှင့် ရေးပေးခဲ့တယ်၊ အဲဒါကို အေဝမ်း သဟာယ ဆရာတင်က မြန်မာ့သံစဉ်ရိုးရိုး နဲ့ တေးသံသွင်းခဲ့တယ်၊ ပါဝင်တီးမှုတ်တဲ့ တူရိယာကို ကြည့်ဦးမလား၊ ဆိုင်း၊ စောင်း၊ ပတ္တလား၊ နှဲကြီး၊ ပလွေ၊ မြန်မာ့တူရိယာချည့်ပဲ၊ အဓိကပြုခဲ့တယ်၊ သီဆိုသူ ဒေါ်မေရှင်ကိုလဲ ကြည့်ဦး၊ အဆန်း၊ အညွန့်၊ အကွန့်၊ အတက် မပါပဲ ရိုးရိုးနဲ့ အေးအေးကလေး ဆိုထားတာ၊

ဆန်းအာဘာခုမှမပါတော့ ဘယ်ရိုးနိုင်တော့မလဲ၊ ဒါကိုပြောတာ၊ ဒါကိုပြောတာ''

''ဟုတ်ပါပြီခင်ဗျာ၊ ကျွန်တော် နားလည်ပါပြီ''

(အာဋ္ဌဝိပြည်အနီး ညောင်ပင်ကြီးမှာ၊ တဦးတည်း ဘီလူးကြီး အာဋ္ဌာဝက စံရာ)

''အချိန်မရွေး အခါမရွေး နေရာမရွေး ဖွင့်လို့လဲကောင်း၊ နားထောင်လို့လဲ မင်္ဂလာရှိတယ် ငါဖြင့်မနက် ဝေလီဝေလင်း ဇာတ်ထုပ်တွေ ဖွင့်ပြီး (ငိုချင်း) ချသံကြားရတာ လောက် စိတ်ဆင်းရဲတာ မရှိတော့ဘူးကွာ''

''ဘုန်းကြီးက ဆိုင်းထောင်(ဗျိုင်းတောင်)ကို အသုံးမှာ ဟီး-ဆိုသလို၊ ဘမောက်က မဖြစ်နေလို့ပေါ့၊ မင်္ဂလာဆောင်မှာ ရည်းစားကွဲ၊ ရည်းစားမျှော် သီချင်းမျိုး ကြားရတာဟာလဲ နိမိတ်မကောင်းပါဘူး၊ မသိသားဆိုးရွားရာ ကျတယ်''

(ဘုရားကိုပြိုင်ဆိုင် မနိုင်ပြား၊ မာန်စွယ်များလဲ ကျရတာ)

''နေပါဦး ကွ၊ မာရ်နတ်တို့ အာဋ္ဌာဝက ဘီလူးတို့ ကို အောင်တော်မူဘယ်ဆုံတဲ့ (အောင်ခြင်းရှစ်ပါး) က (အပြင်အောင်ခြင်း) လား၊ (အတွင်းအောင်ခြင်း)လား''

''မြတ်စွာဘုရား၏(ဗဟိဒ္ဓ)သတ္တာန်၊ အပြင်အပမှ ရန်များကို အောင်တော်မူတာ ဖြစ်လို့ (အပြင်အောင်ခြင်း)လို့ ခေါ်ပါတယ်၊ ၁-မာရ်နတ်၊ ၂-အာဋ္ဌာဝကဘီလူး၊ ၃-နာဠာဂီရိဆင်၊ ၄-အင်္ဂုလိမာလ၊ ၅-စိဉ္စမာန ၆-သစ္စကပရိဗိုဇ်၊ ၇-နန္ဒောပနန္ဒနဂါး၊ ၈-ဗက ဗြဟ္မာ။ (အတွင်းအောင်ခြင်း)ဆိုတာက သတ်သတ်ရှိသေးတယ်''

''အဲဒါက တိမ်မြုပ်နေတယ်နော်''

''အပြင်အောင်ခြင်းမှာက ပုဂ္ဂိုလ် သတ္တဝါ အသိသိရှိကြတဲ့အတွက် ဝတ္ထုကြောင်းနဲ့ ပြောလို့ ကောင်း၊ နာလို့ ကောင်း တာကြောင့် ထင်ရှားနေတာ ဖြစ်ပါတယ်၊ အတွင်း အောင်ခြင်း ဆိုတာက ပုဂ္ဂိုလ်သတ္တဝါ၊ အထည်ကိုယ်ဒြပ်မပါ၊ စိတ်နှင့် ဆိုင်ရာ၊ ဉာဏ်တော်နှင့် ဆိုင်ရာ၊ ကုဒ္ဒိပါဒ်နှင့် ဆိုင်ရာ များသာ ဖြစ်ခြင်းကြောင့်၊ အပြင်အောင်ခြင်းလောက်မပေါ်လွင်မထင်ရှားသလို ဖြစ်နေတာပါ၊ တကယ်တော့ (အတွင်းအောင်ခြင်း)က ပိုရှိနက်နဲပါလိမ့်မယ်''

''အဲသည့် (အတွင်းအောင်ခြင်း)ကို ဘယ်ဆရာတော်ကြီးက ဖွင့်တော်မူခဲ့တာလဲ''

''အနက် နိဿယမြန်မာပြန်တာက ဆရာတော်ဦးဗုမ် သို့တွေ့ရပါတယ်၊ ပါဠိကို ဆရာတော်ဦးဗုမ် မဘိုင်မိက ဆရာတော်ကြီး တပါးပါး ရေးသားဖွဲ့ဆို ကြည်သိုခဲ့တာဖြစ်ကောင်းစရာ ရှိပါရဲ့''

''နာစမ်းပရစေလား''

''နာလိုလျှင်(ဆယ်စောင်တွဲ)စာအုပ်မှ ဖတ်ပြပါမယ်''

၁။ အဝိဇ္ဇာတည်း ဟူသော ဥဒ္ဓအတွင်း၌၊ တဏှာတည်းဟူသော သားအိမ်၌ ဖြစ်ကုန်သော သတ္တဝါတို့ကို၊ ဒေသနာဉာဏ် တည်းဟူသော တန်ခိုးဖြင့်၊ ထိုအဝိဇ္ဇာဥခွံ - တဏှာသားအိမ်မှ၊ ထွက်မြောက်စေတော်မူပြီ။(ဤသို့သောသစ္စာစကားကြောင့်၊ အကျွန်ုပ်အား၊ အောင်ခြင်းမင်္ဂလာသည်၊ ဖြစ်ပါစေသတည်း)။

''အဓိပ္ပာယ် ကို နည်းနည်း ရှင်းစေချင်သေးတယ်ကွာ''

''လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါ မှန်သမျှ သံသရာမှာ လည်စေတာတဲ့ အကြောင်းတရားက နှစ်ပါးဖြစ်တယ် ၁-အဝိဇ္ဇာ =မသိကြတာ။ ၂-တဏှာ= လိုချင်ကြတာ။ မသိမှု အဝိဇ္ဇာကို အဝိဇ္ဇာအဏ္ဍာကောသမို-ဥခွံ အတွင်းမှာ ဖြစ်လာရသော သတ္တဝါသည် အလင်းရောင်ကိုမြင်ခဲ့ဖူးခြင်း မရှိသကဲ့ သို့၊ဆိုမှောင်အမိုက်တွင်းမှ မထွင်းမဖောက်နိုင်သကဲ့ သို့၊ တဏှာတည်းဟူသော သားအိမ်မှာ ပဋိသန္ဓေဖြစ်ကြရတဲ့ သတ္တဝါတွေကို၊ (ဗုဒ္ဓမြတ်

စွာသည်)ကိုယ်တော်တိုင်သိအပ်သော ဒေသနာတော်မြတ်ဖြင့်၊ (အသင်းရောင်ပြကာ ငြိမ်သက်စွာ နေရခြင်းဆင်းရဲမှ) လွတ်မြောက်အောင် ကပ်တင်တော်မူခဲ့ပါပြီ၊ (ဤမှန်သော သစ္စာစကားကြောင့်၊ အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေသတည်း)သို့-သစ္စာဆိုခြင်းဖြစ်ပါတယ်''

''ဒါဟာ အမှန်ဆုံးသစ္စာစကားပါပဲ''

''ဟုတ်ပါတယ်၊ နောက်လာမယ့် ဂါထာတွေမှာလဲ သစ္စာဆိုထားတာတွေ့ရမှာမို့၊ သစ္စာစကားရဲ့ အရေးကြီးပုံကို နည်းနည်း ပြောထားချင်ပါတယ်''

''ကောင်းပါတယ်၊ နည်းနည်း မဟုတ်ဘူး များများပြောပါ''

''တို့တတွေဖြစ်နေကြတဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု သုံးပါးအနက်က-ဝစီကံမှုဆိုတဲ့ နှုတ်ထွက်ပြောကြား၊ စကားမှန်သမျှမှာ၊ ချွတ်လွဲသောစကားကို(သစ္စာစကား)လို့ ခေါ်ပါတယ်၊ သူတော်ကောင်းတို့နှင့်တကွ နတ်ဒေဝတာများက နှစ်သက်ကြပါတယ်၊ဒါကြောင့် သစ္စာစကားပြောလေ့ရှိတဲ့သူကို ကူညီစောင်မလေ့ ရှိကြပါတယ်၊ သစ္စာစကားရဲ့ တန်ခိုးအာနိသင်များကို တိပိဋကဓရ ဆရာတော်တပါးပါးက သာ ဖွင့်ဆိုရေးသား ချီးမြောက်တော်မူမယ်ဆိုလျှင်၊အနည်းဆုံး ဇိနတ္ထပကာသနီ စာအုပ်ကြီးလောက် ရှိပါလိမ့်မယ်''

''ဟုတ်မယ်၊ ဇာတ်တော်တွေ၊ သုတ္တန်တွေ၊ ဝတ္ထုတွေကို နည်းမှာမဟုတ်ဘူး''

''မှန်သောစကားသာဆိုလျှင် ရုန့်ရင်း ကြမ်းတမ်းသော အကြောင်းပင် ဖြစ်စေကာမူ အာနိသင်ရှိတာကို တွေ့ရပါတယ်၊ ငါးရာငါးဆယ်-ကံကျော်ဒီပါယနဇာတ်မှာ သားငယ်ကိုမြွေကိုက်လို့ အဆိပ် မွှန်နေတဲ့အခါ၊ ရသေ့နှင့် ဇကာ လင်မယား သစ္စာဆိုတဲ့စကားများဟာ၊ မိမိတို့ စေတနာချို့ငဲ့ကြတာကို အသီးသီး ဝန်ခံထုတ်ဖော်တိုင်တည်ကြတာများသာဖြစ်ပါတယ်၊သို့ပေမယ့် မှန်ကန်သော သစ္စာစကားကြောင့် သားငယ်မှာ မြွေဆိပ် လျော့ကြခဲ့ပါတယ်၊ ထိုနည်းလည်းကောင်းပဲ၊ ဂင်္ဂါမြစ်ရေလျှံလို့ နိုင်ငံပျက်မည့် ဆဲဆဲမှာ ပြည့်တန်ဆာမတယောက် ကဲ့ရဲ့ ရှုံ့ချဖွယ်ဖြစ်တဲ့ သူ့ရေဝိယေသန အလုပ်ကိုဖွင့်ဟ မြွက်ဆိုတိုင်တည်သည့် အခါ မှန်ကန်သော သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေ လျော့ကျခဲ့ပါတယ်၊ ဒါကြောင့် မြင့်မြတ် မှန်ကန်သော မြတ်စွာဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို ယုံယုံကြည်ကြည် သစ္စာစကားဖြင့် ဆိုမြွက်လျှင် အတိုင်းမရှိတန်ခိုးထက်မြက်ပါတယ်၊ 'သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ပြန်ရှင်ရ၏'....တဲ့''

''ဒါကြောင့်ဘုရားအလောင်းတော်ကြီးများ ကျင့်သုံးတော်မူခဲ့ကြတာပေါ့လေ''

၂။ ထိုမြတ်စွာဘုရားသည်၊ဉာဏ်တော်တည်း
ဟူသော အလင်းရောင်ဖြင့် ကြီးစွာသော
အမိုက်တိုက် တည်းဟူသော မောဟ
သည်၊ အလွန် နှိပ်စက်အင်ကုန်သော၊
များစွာကုန်သော သတ္တဝါတို့ကို၊ ပညာ
တည် ဟူသော စက္ခုကို ရစေတော်မူပြီ။
(ဤသို့သော သစ္စာစကားကြောင့်၊
အကျွန်ုပ်အား၊အောင်ခြင်းမင်္ဂလာသည်၊
ဖြစ်ပါစေသတည်း)။

''ဒါကတော့ သိသာပါပြီနော်''

''အဓိပ္ပာယ်ပေါ်ပါပြီ၊ ကိုယ်တော်ရရှိတော်မူသော ပညာစက္ခုကို ပေးတော်မူတယ်ပေါ့၊ ရှေ့ကိုဆက်၍ နာပါရစေ''

၃။ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူ
သော မြတ်စွာဘုရားသည်၊ ရာဂ-အစ
ရှိသော မီးလျှံတို့ဖြင့်၊ ပူလောင်သော
ကိုယ်ရှိသော များစွာသော သတ္တဝါ
တို့ကို မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေ
စင်ဖြင့်၊ ငြိမ်းစေတော်မူပြီ။

(ဤသို့သော သစ္စာ စကားကြောင့်၊ အကျွန်ုပ်အား၊ အောင်ခြင်း မင်္ဂလာသည်၊ ဖြစ်ပါစေသတည်း)။

၄။ ကြီးမြတ်သော လှံ့လရှိတော်မူသော၊ လူ သုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူဘတ်သော မြတ်စွာဘုရားသခင်သည်၊ နက်စွာသော၊ သံသရာတည်း ဟူသော၊ သမုဒ္ဒရာ၌၊ လေးပါးသော အယာဉ်တို့ဖြင့် မျောကုန်သောသတ္တဝါတို့ကို တရားတည်း ဟူသောလှေယာဉ်ဖြင့် ကယ်တင်တော်မူပြီ။

(ဤသို့သော သစ္စာ စကားကြောင့်၊ အကျွန်ုပ်အား၊ အောင်ခြင်းမင်္ဂလာသည်၊ ဖြစ်ပါစေသတည်း)။

"လေးပါးသော ယာဉ်ဖြင့် သတ္တဝါတွေ မျောနေကြဘယ်-ဆိုတာကို သိချင်ပါတယ်"

"သိချင်ယင် တေဘုမ္မာသီချင်းကို ဆိုကြည့်လိုက်စမ်း"

"မင်းကလဲ မသိလို့မေးခါမှ"

"အေးပါ-ဆိုသာ ဆိုကြည့်စမ်းပါ"

"တေဘုမ္မာ၊အနိစ္စ၊ဒုက္ခ၊အနတ္တတရားမရလို့ မျှားဆွဲသံသရာ၊ ကာမောဃာ၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊အဝိဇ္ဇောဃာ၊ စိတ်မောဟာ မကင်းတာ၊ အရင်းခံသူတကျာ"

"အဲဒီ သီချင်းထဲက ၁-ကာမောဃ၊ ၂-ဘဝေါဃ၊ ၃-ဒိဋ္ဌောဃ၊ ၄-အဝိဇ္ဇောဃ ဆိုတဲ့ တရား(၄)ပါးပေါ့၊ ဝဲသြဃနှင့်နှိုင်းလျှင် ကာမသြဃ၊ ဘဝသြဃ၊ ဒိဋ္ဌိသြဃ၊ အဝိဇ္ဇာသြဃ။ အာသဝေါတရားနှင့် နှိုင်းလျှင် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ မြန်မာလို ကတော့ ကာမဂုဏ်၌ မွေ့လျော် တွေဝေခြင်း၊ ဘဝ၌ တွေဝေခြင်း၊ အယူဝါဒ၌ တွေဝေခြင်း၊ ဉာဏ် အလင်းရောင်မရ၍ တွေဝေခြင်း၊အဲဒါကို ယခုဂါထာမှာ သမုဒ္ဒရာထဲမှာ လွင့်နေတဲ့(လှေ) ယာဉ်ဘလေး(၄)စင်းနဲ့ နှိုင်းတာ ဖြစ်ပါတယ်"

"အဓိပ္ပာယ်ပေါက်ပါပြီ"

၅။ ထိုမြတ်စွာဘုရားသည် သံသရာ၌ ကျင်လည်ထသော၊ဇာတိအစရှိသောဒုက္ခဖြင့် အမြဲနှိပ်စက်အပ်ထသော၊ လူ အပေါင်းကို၊ ယာဉ် သုံးပါးတို့၏ အပေါင်းဖြင့်၊ နိဗ္ဗာန်ပြည်မြတ်သို့၊ရောက်တော်မူစေပြီ။

(ဤသို့သော သစ္စာစကားကြောင့်၊အကျွန်ုပ်အား၊ အောင်ခြင်း မင်္ဂလာသည်၊ ဖြစ်ပါစေသတည်း)။

"အဲသည်ဂါထာမှာ'ဇာတိအစရှိသောဒုက္ခ' ဆိုတာက ဒုက္ခသစ္စာကို ဆိုလိုတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ၁-ဇာတိဒုက္ခ=ပဋိသန္ဓေ နေရခြင်းဆင်းရဲ၊ ၂-ဇရာဒုက္ခ=အိုခြင်းဆင်းရဲ၊ ၃။ ဗျာဓိဒုက္ခ=နာခြင်းဆင်းရဲခြင်း၊ ၄-မရဏဒုက္ခ=သေခြင်းဆင်းရဲ။ ၅-အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ = မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့ဖြင့် ဆက်ဆံရခြင်းဆင်းရဲ၊ ၆-ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ=နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းရခြင်းဆင်းရဲ။ အဲသည် တရားတွေပါ"

"အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော-ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော ဆိုတာကို မချစ်သူနှင့် ပေါင်းရတာဒုက္ခ၊ချစ်သူနှင့်ကွေကွင်းရတာဒုက္ခ-လို့ မင်းတို့စာရေးဆရာတွေ သမီးရည်းစားခန်းတွေမှာ အကျယ်ချဲ့ပြီး ရေးတတ်ကြတယ်နော်"

"ငါလဲ ရေးမိခဲ့ပါတယ်၊'ချစ်သူ-မချစ်သူ'လို့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ 'သမီးရည်းစား လင်မယား'လောက်သာမြင်ဖို့ မဟုတ်ပါဘူး၊ ပြုပြင်စီရင်နေသော 'သင်္ခါရ' တရား အလုံးစုံကိုပါ ယူဆမှ ယထာဘူတကျပါလိမ့်မယ်"

"ဒီဂါထာက'ယာဉ်သုံးပါးတို့ဖြင့်' ဆိုတာကျတော့ အဆက်က ဂါထာမှ ယာဉ်(၄)ပါးနဲ့ မတူတော့ဘူးလား"

"မတူတော့ပါဘူး၊ဤဂါထာရဲ့ယာဉ်သုံးပါး

ဆိုတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဘာဝနာယာဉ် သုံးပါးလို့ ယူရပါမယ်၊ လက္ခဏာရေးသုံးပါးကို လဲ့ခေါ်ပါတယ်၊ လယ်တီဆရာတော်ကြီးက–

''လက္ခဏာမြင်နှုန်းကျယ်သည်၊ ယာဉ်သုံးသွယ် နေရာကျကိုတော့၊ ပေယျာလ နာနာ သူကန်၊ ရွေးမှုမကြုံ၊ ပိဋကတ်ခလေးညက်သာ၊ အရေး သန့်သန့် သူစွဲရှာထင့်လေး'လို့ တပည့်ရင်း အရှင် ပဏ္ဍိတ (လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး) ကို ဆုံးမတဲ့ တေးထပ်ရေးခဲ့တယ်၊ အဲသည့်လက္ခဏာ ရေး သုံးပါး ဘာဝနာယာဉ်ကို နားလည်ရမှာ ဖြစ်ပါတယ်''

''ရှင်းပါပြီ၊ ကျေးဇူးပါပဲ''

၆။ ကြီးမြတ်သော ပညာရှိတော်မူထသော၊ လူသုံးပါးတို့၏ ဆေးသမားသဖွယ် ဖြစ်တော်မူထသော မြတ်စွာဘုရားသည်၊ ကဋ္ဌမုခအစရှိသော မြွေလေးစင်း တို့သည်၊ ကိုက်အပ်သော ကိုယ်ရှိသော၊ များစွာသော သတ္တဝါကို၊ ငြိမ်းစေတော်မူပြီ။

(ဤသို့သော သစ္စာစကားကြောင့်၊ အကျွန်ုပ်အား၊ အောင်ခြင်း မင်္ဂလာသည်၊ ဖြစ်ပါစေသတည်း)။

''အဲသည့်ဂါထာက 'မြွေလေးစင်း' ဆိုတာ ဘယ်လို ယူဆရမလဲ–ပြောပါဦးကွာ''

''ပထမ–ကို မြွေလေးမျိုးရဲ့အဆိပ်အာနိသင် တို့ကို ပြထားတာရှိပါတယ်။

''၁–ကဋ္ဌမုခမြွေ=အကိုက်ခံရသူမှာ တကိုယ်လုံး တောင့်တင်းခက်မာပြီး သေရတယ်၊

''၂–ပူတိမုခမြွေ=အကိုက်ခံရသူမှာ အသားထဲက အရေများယိုထွက်ပြီး သေရတယ်၊

''၃–အဂ္ဂိမုခမြွေ=အကိုက်ခံရသူမှာ မီးမြိုက်ခံရသလို တကိုယ်လုံး ပူလောင်သေရတယ်၊

''၄–သတ္တမုခမြွေ=အကိုက်ခံရသူမှာ ကိုယ်အပိုင်းပိုင်း ပြတ်သေရပါတယ်။

''အဲသည့် မြွေလေးစင်း၏ အဆိပ်မျိုးတွေကို လယ်တီဆရာတော်ဘုရားက ၁–ပထဝီ၊ ၂–အာပေါ၊ ၃–တေဇော၊ ၄–ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနှင့် (အလင်းကျမ်း)မှာ နှိုင်း ပြထားပါတယ်၊ ဒီတော့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဆိုတဲ့ လောက သုံးပါးစလုံးဟာ ထိုဓာတ်ကြီး လေးပါးဖြင့် ဆက်ဆံ နေရပါတယ်''

''ရေ မြေ လေ မီး၊ ဓာတ်ကြီးအစုပါ၊ ရွံစရာ မမြတ်သော အတ္တဘော ခန္ဓာဆိုတဲ့ အတိုင်းပေါ့ လေ''

''ဟုတ်ပါတယ်၊ တေးဘုမှာ သီချင်းအတိုင်းပါပဲ၊ အဲသည့် ဓာတ်ကြီးလေးပါး၏ အန္တရာယ် အဖွဲ့ကင်းမှ ဒုက္ခငြိမ်းကြရပါတယ်။ ထို့ကြောင့် ဓာတ်ဝိန္ဒော ဆေးဆရာကြီး သဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားက သတ္တဝါအနန္တကို ကုသ ငြိမ်းစေခဲ့ပါပြီတဲ့။ ဤမှန်သော သစ္စာ စကားကြောင့် အကျွန်ုပ်အားအောင်ခြင်းမင်္ဂလာဖြစ်ပါစေသတည်း....ပေါ့၊ နားလည်လောက်ပြီ ထင်ပါတယ်''

''သဘောပေါက်ပါပြီ''

၇။ ယာဉ်မှူးသဖွယ် ဖြစ်တော် မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ကိလေသာ ဟူသော ခိုးသူတို့သည်နှိပ်စက်အပ်သော သတ္တဝါ အပေါင်းကို သံသရာဆင်းရဲတည်းဟူသော ခရီးခဲမှဘေးမဲ့ရာ နိဗ္ဗာန်သို့ ပို့ဆောင် ထုတ်ချောက် ကူးမြောက်တော် မူစေပြီ။

(ဤမှန်သော သစ္စာစကားကြောင့်အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။)

''အဲသည့် ဂါထာမှာ သံသရာကို ကန္တာရခရီးနှင့် နှိုင်းထားတာ မဟုတ်လား''

''ဟုတ်ပါတယ်၊ သို့ပေမယ့် ပေါ့ပေါ့ဆဆ မမှတ်ကြဖို့ 'ခိုးသူတို့နှိပ်စက်သော ကန္တာရခရီး'

၁၇၇၈၂
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

လို့ ဝိသေသန ပြုထားပါတယ်၊ ကန္တာရ(၅)မျိုး ရှိပါတယ်။

၁–နိရုဒကကန္တာရ=ရေမရှိသော ခရီးခဲ၊

၂–ယက္ခကန္တာရ=ဘီလူးဘေးရှိသောခရီးခဲ၊

၃–မိဂကန္တာရ=သားရဲ တိရစ္ဆာန် ဘေး ရှိသော ခရီးခဲ၊

၄–ဝါလုကန္တာရ=သဲအပြည့်သာ ရှိ၍ ဇော် မွှတ်ခြင်းဘေးရှိသော ခရီးခဲ၊

၅–စောရကန္တာရ=ခိုးသူ၊ ဓားပြ (ဒမြ)၊ သူသတ်တို့ဘေးရှိသော ခရီးခဲ။ အဲသည့်(စောရကန္တာရ)ကို ဒီလို တွေးကြည့်စမ်းပါ။ စစ်မက် အခြေအနေအရ သူပုန်သူကန် သောင်းကျန်း နေတဲ့ ကာလမှာ ထိုခရီးကိုသွားသူတိုင်း ခရီး အကြားမှာ ရန်သူတို့ရဲ့ အသတ်ခံကြရတယ်။ အဲသည်မှာ မိမိအနေနဲ့ကလဲ မသွား မဖြစ်တဲ့ အတွက် မလွဲမသွေ သွားရမယ်။ ဘေးကင်းရာ ရောက်ဖို့က မသေချာလိုက်တာမှ အလွန့်အလွန်၊ တို့တတွေ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပြေးရ လွှားရတဲ့ ကိုယ်တွေ့အခြေအနေကို ပြန်စဉ်းစား ကြည့်လျှင် နည်းနည်း နှိုင်းယှဉ်လို့ရမယ်''

''အမယ်လေး....ပြန်စဉ်းစားတာနဲ့ပဲ(သဲထိတ် ရင်ဖို)ပြန်ခံစားရပါတယ်ဗျာ''

''အဲသည့် အခက်အခဲထဲမှာ ကားတစီးနဲ့ လူ တယောက်က ခေါ်လာတယ်၊ 'ဒီခရီးကို သူကိုယ် တိုင် ခေါက်တုံ့ခေါက်ပြန် ပို့ပေး နေပါတယ်၊ လမ်းကိုလဲ သိပါတယ်။ ကားကလဲ စိတ်ချရပါ တယ်၊ စားနပ်ရိက္ခာလဲအပြည့်ပါပါတယ်၊ အမြန် ဆုံးလဲရောက်ပါမယ်၊ ရန်ဟူသရွေ့ တယောက်မှ မတွေ့စေရပါဘူး....တဲ့။ ဗုဒ္ဓမြတ်စွာဟာ အဲသည် လို ပုဂ္ဂိုလ်မျိုး''

''ဒါဖြင့် 'ကိလေသာတည်းဟူသော ခိုးသူ ဆိုတာက ကိလေသာ (၁၀)ပါး၊ ကိလေသာ (၁၅၀၀)ဒါတွေပေါ့....ဟုတ်လား''

''ဟုတ်ပါ့ဗျာ .... တ သံ သ ရာ လုံး သူတို့ သောင်းကျန်းနေကြတာပေါ့''

''အေး....မင်းပြောတာ ငါစဉ်းစားမိတယ်၊ တို့ တတွေဟာ အာမခံယာဉ်မှူးကြီးရဲ့ ကားပေါ်ကို တက်လိုက်မသွားပဲ ယက်ကန်ယက်ကန်နဲ့ ကမ္ဘာ အဆက်ဆက် ကန္တာရကြီးထဲ ခြေကျင်လျှောက်ခဲ့ ကြတာနဲ့တူတယ်နော်၊ အခုတော့ လိုက်ချင်ပါ တယ် ဆိုလျှင်တောင် ယာဉ်မှူးကြီးမရှိတော့ဘူး''

''ယာဉ်မှူးကြီးမရှိတော့ပေမယ့် ယာဉ်ကြီးက တော့ ရှိသေးသားပဲ''

''မောင်းမှ မမောင်းတတ်ပဲ''

''ယာဉ်ပေါ်မှာ မောင်းနှင်နည်း အညွှန်း တွေ ရှိတယ်လေကွာ''

''အင်း....သားနဲ့မယားနဲ့ ဟိုငေး သည်ငေး ခြေကျင်လျှောက်၊ ဝင်ချင်တဲ့ နေရာလဲ ဝင်ချင် သေးဘယ်လေ၊ ဒုက္ခတွေ့တော့လဲငိုလိုက်၊ သုခ တွေ့တော့လဲရယ်လိုက်ပေါ့။ပျော်လိုက် ရွှင်လိုက် ငိုကာရယ်ကာ ဘယ်ဟာမတည်မြဲ ဖောက်လွဲ ဖောက်ပြန် အကြောင်းခံကမွှသကာ....–ဟဲဟဲ''

''မင်းလဲ ငါ့လောက်နီးနီး မိုက်လုံးကြီးတဲ့လူ ပါကလားဟေ့၊ အဖော်ရတာပေါ့....ဟဲဟဲ''

ဂ။ ထိုသို့ဆိုအပ်ပြီးသော ကျေးဇူးအပေါင်း နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သည် လေးသာယ် ငါးဝါတို့ ပတ်လုံး၊ တည်တော်မူ၍၊ နတ်နှင့်တကွသော လူ အပေါင်းကို တရားတည်းဟူသော အမြိုက်အရသာကို သောက်တော်မူစေ ပြီး၍ တပည့်သားသံဃာတော်အပေါင်း နှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

(ဤသို့သော သဗ္ဗာစကားကြောင့် အကျွန်ုပ် အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း)။

''အဲဒါ (အတွင်းအောင်ခြင်း) ဘုရားရှိခိုး ပါပဲ၊ ဗုဒ္ဓနှင့်ပတ်သက်၍မှန်မြတ်သော၊ မချွတ် ယွင်းသော၊ မှန်ကန်သော သစ္စာစကား (ဂ) ပါးကို မြွက်ဆိုတိုင်တည် ဆုတောင်းခြင်း လို့လဲ ဆိုနိုင်ပါလိမ့်မယ်''

''သာဓု....သာဓု....သာဓုပါခင်ဗျား''



# ရတနာရွှေချိုင့်

ဇယာသနာ ဂတာဗုဒ္ဓါ၊
ဇိတွာမာရံ သဝါဟနံ။
စတုသစ္စ မတာရသံ၊
ယေပိဝိံသု နရာသဘာ။

''အမယ်....စာအုပ်ကြီးကိုင်ပြီး ရွတ်နေလိုက်တာ ဘာစာတွေများ ကျက်နေတာတုံး''

''ဩော်....လာဟေ့ သူငယ်ချင်း၊ ရတနာရွှေချိုင့်ကို ကျက်နေတာလေ၊ လေးငါးခေါက် (အံ) တာတောင် (အာဂုံ) မရနိုင်ဘူး ကွာ၊ အသက်ကြီးလာတော့ ဉာဏ်က မကောင်းတော့ဘူး''

''ဒါကြောင့်အသက်ငယ်စဉ်မှာ ပညာသင်ရမယ်လို့ ဆရာများက ဆုံးမကြတာပေါ့၊လူဆိုတာ အသက်ကြီးတော့ ကိလေသာ မှိုင်းတွေက ဦးနှောက်မှာ ကျပ်ခိုးစွဲနေပြီလေ၊ ဘယ်မှာ ကြည်ကြည်လင်လင်ရှိပါတော့မလဲ၊ဒီတော့ဉာဏ်ဆိုင်းလာတာပေါ့''

''အင်း....မင်းပြောတာ သဘာဝ ကျလှပါပေတယ်၊ လောဘ၊ဒေါသ၊မောဟ အစရှိတဲ့ ကိလေသာ(၁၀)ပါးက ပိုများလာကြတာကိုး၊ ကြီးလေ ချဉ်လေ–ရှောက်သီးမျိုးလိုပဲ''

အေး .... တို့တတွေက တရားဘာဝနာ ဝိပဿနာများကို ကြိုးမှလုပ်ကြရမယ်လို့ ထင်မှတ်နေကြတာ ယုတ္တိတော့ သိပ်မရှိလှဘူးနော်''

''ယေဘုယျအားဖြင့်တော့ အိုမင်းမစွမ်း အရွယ်မှာ(မစွမ်း)နိုင်ကြဘာကများပါလိမ့်မယ်၊ ကျမ်းဂန်များမှာ အရွယ်(၁၀)ပါးကို ဤလို သတ်မှတ်ထားပါတယ်။ ၁။ မန္ဒ=ပညာနုံ့သော အရွယ်-အသက်(၁၀)နှစ် လောက် အထိပေါ့၊ ၂။ ခိဍ္ဍ = စိတ်ပျော်လွင့်သော အရွယ်-(၂၀) လောက်၊ ၃။ ဝဏ္ဏ=အဆင်းဆောင်သော အရွယ်-(၃၀)လောက်၊ ၄။ဗလ=ခွန်အားပြည့်စုံသော အရွယ်-(၄၀)လောက်၊ ၅။ ပညာ= ပညာရှိသောအရွယ်-(၅၀)လောက်၊ ၆။ ဟာယန=အားယုတ်သော အရွယ်-(၆၀)လောက်၊ ၇။ ပဗ္ဘာရ = လေးလံသော အရွယ်-(၇၀) လောက်၊ ၈။ ကုဎ္ဍိသ=ကိုင်းညွတ်ခါးကုန်းသော အရွယ်-(၈၀)လောက် ၉။ မုဟ=တွေဝေသော အရွယ်-(၉၀)လောက်၊ ၁၀။ သယန=တုံးလုံးနေရသော အရွယ်-(အသက်၁၀၀) လောက်၊ အဲဒါကိုထောက်လျှင်အသက်လေးဆယ်ငါးဆယ် အရွယ်ဟာ လောကီလောကုတ္တရာဉာဏ်,အရနိုင်ဆုံးဖြစ်ပါတယ်၊ 'ရဟန်းခံ-လူသန်လိုဘိတောင်း' ဆိုတဲ့ စကားလဲ ရှိပါတယ်၊ ရှင်မဟာရဋ္ဌသာရ

ဆရာတော်က စတုဓမ္မသာရပျို့မှာ သို့ကလို ရေးထားတယ်။

'ယစ်မူးစည်းစိမ်၊ မေ့းတိမ်ကုသိုလ်၊ ဝန်တို ဆို့ပိတ်၊ ရမ္မက်စိတ်ဖြင့်၊ ညှစ်ကြိတ်ယန္တရား၊ ကြိတ်ဖတ်သားသို့၊ မြေးသားမြစ်စည်၊ ပျော်တာ ရှည်၍၊ ချစ်ရည်ခန်းခြောက်၊ အိုမင်း ရောက်မှ၊ စွန့်မြောက်လူ့ဘော်၊ တော ထွက် သော် လည်း၊ မလျော်သည်းကောင်း၊ ဇရာ ထောင်း သော်၊ ပျောင်းပျောင်းညှံ့ညှံ့၊ ငါဆော်အံ့ဟုမခံ့လုံ့လ၊ ထကြွပြင်းထိုင်း၊ လိုတိုင်းမပေါ၊ ပညာပေတုံး၊ နှလုံးလည်းငြီး၊ နှုတ်သီးလှုပ်ဆန်း၊ စီးဖြန်းဘာဝနာ၊ များစွာမဖြန့်၊ မိုက်တုံ့ကြန့်ခဲ၊ တောင်ညွှန့်ကုန်းတက်၊ ကမ်းရိုးသက်ဝယ်၊ အန္တက်ပြည့်ဖြိုး၊ ရေမြည့်အိုကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ယမ်းသည်၊ လူ့စွမ်းသဖွယ်၊ ပျို့နုနယ်က၊ စင်ကြယ် သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေငြား၊ ထိုသူအားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏။' တဲ့၊ အဲဒါသာ ချင့်ကြည့်တော့"

"အေး....ဟုတ်ပါတယ်၊ ဒါထက် မင်းကျက်နေတဲ့ 'ရတနာရွှေချိုင့်' အကြောင်းကို မေးချင်တာ စကားရှည်သွားလို့၊ အဲသည့် 'ရတနာရွှေချိုင့်' ဆိုတာ ဘုရားရှိခိုးပဲမဟုတ်လား"

"ဟုတ်ပါတယ်၊ အပြင် အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နက္ကရာကို ဆို ဘုရားရှိခိုးပေါ့ပဲ၊ ဒါတွေကို တို့ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ (မသင်မနေရ) သင်ကြရပါတယ်၊ မင်းတို့ငါတို့က မြန်မာကျောင်းမှာ မင်္ဂလသုတ်လောက်သင်ရပြီး အင်္ဂလိပ်ကျောင်းကို ပြောင်းသွားကြရလို့ မသင်ရတော့ဘူးလေ"

"ဟုတ် ကဲ့ပေါ့ အင်္ဂလိပ်ကျောင်းကိုရောက်တော့ ဒါမျိုး အစား ... ... ဘုန်းနေနှမ်းပမာတူ၊ သတ္တဂါဗိုလ်လူ ... ... ဖြူ၊ အုံ့စိုးဘော်မူ ဆိုဘဲ့ သီချင်းတွေ ဆိုရတော့တာပဲ၊ ဒါထားပါတော့ 'ရတနာ ရွှေချိုင့်' ဆိုတဲ့ နာမည်က ထူးဆန်းနေလို့ ဘယ်သူကရေးဖွဲ့ပြီး ဘယ်လိုနာမည် ပေးခဲ့တာလဲ ဆိုတာ မင်းသိလျှင် ပြောပါလား"

"အပ်ကျခပ်ကျ တော့ မပြောနိုင်သေးပါဘူး၊ အထင်နဲ့ ပြောရမယ် ဆိုယင်တော့ ဆရာတော်ဦးဇုမ် ဖြစ်စေ၊ အခြားသော ရှေးဆရာတော်ကြီး တပါးပါးက ဖြစ်စေ ကြည်ညိုဝတ်ပြု ဖွဲ့ဆိုရှိခိုး ခဲ့တာ ဖြစ်ပါလိမ့်မယ်၊ နာမည် ထူးဆန်းတယ်ဆိုတာထက် အဓိပ္ပာယ် ပေါ်ပေါ်နှင့် ခေတ်မီတာကိုတော့ မင်းပြောမှ ငါလဲ သတိထားမိပါတယ်၊ အလွန်ဆန်းကြယ် နှစ်လိုဖွယ် ဖြစ်တယ်"

"ဘယ်လိုအဓိပ္ပာယ် ပေါ်လွင်တာလဲ"

"မင်း နားကြည့်လေ၊ ငါက အနက်မြန်မာစကားပြေကို ထုတ်ပြီးဖတ်ပြမယ်"

၁။ "အောင်နေရာခွင် အပရာဇိတ ပလ္လင်သို့ ရောက်တော် မူကုန်သော၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ထက် လည်း မြတ်တော်မူကုန်ထသော အကြင် မြတ်စွာဘုရားတို့သည် ရှိတော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်နတ်သားကို အောင်တော်မူလေကုန်သည်ဖြစ်၍ သစ္စာလေးဖြာမြိုက်ရသာကို သောက်တော်မူကုန်ပြီ။

၂။ ရဟန္တာ ရဟန်းဟူ၍ အမည်နာမတော်မူကုန်ထသော လူ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ခရီးသည် ... ... လည်း ဖြစ်တော်မူကုန်ထသော ... ... ရှစ်ဆူ ကုန်သော ဝ ... ... ဘုရားအစရှိကုန်သော အကြင်မြတ်စွာ ဘုရားတို့သည် ရှိတော်မူကုန်၏၊ ... ... ထိုမြတ်စွာ ဘုရားတို့သည် ... ... ၏ ဦးခေါင်း ထက်၌ တည်တော်မူကုန်သည် ဖြစ်ငြိ။

"နေပါဦးကွ...ငါ တခု မေးမေးပါရစေ၊ ဂင်္ဂါဝဋ္ဋ သဲစုမက အဆူဆူသော မြတ်စွာဘုရား

သခင်တို့ ပွင့်တော်မူခဲ့ပြီလို့ တွေ့ဖူးပါတယ်၊ အဲသည့် အဆူဆူသော မြတ်စွာဘုရားများအနက်မှ နှစ်ဆယ့်ရှစ်ဆူသော ဘုရားသခင်များ၏ ဘွဲ့တော်များကသာ ထင်ပေါ်တော် မူကြတယ်၊ တို့ဘတွေကလဲ (နှစ်ကျိပ်ရှစ်ဆူ)ကိုသာ အထူးအမြတ် အသိအမှတ် ပြုကြဘာက ဘယ်လိုကြောင့်လဲ''

''အေး—အမှတ်တမဲ့ နေကြတာထက်တော့ မင်းမေးခွန်းက ကောင်းတယ်၊ ဒီအကြောင်းကို ဖြေရအောင် မင်းကိုပြန်မေးမယ်၊ တို့ဂေါတမ မြတ်စွာဘုရားဟာ ဘယ်ဘုရား လက်ထက်တော်မှာ(နိယတဗျာဒိတ်)ခံယူတော်မူခဲ့သလဲ၊ (နိယတဗျာဒိတ်)ဆိုတာ သီးသန့်သော၊ သေချာသော ဘုရား၏စကားတော် မိန့်ခွန်းတော်ဆိုပါတော့''

''အဲ....ဒီပင်္ကရာ မြတ်စွာဘုရားထံမှ ခံယူခဲ့ရတယ်လေ၊ သီချင်းတောင် ရှိသေးတယ်၊ (ပထဝီပြင်မှာ အလျှားမှောက်တယ်၊ ဒီပင်္ကရာ ဘုရားလျှောက်ဘယ်)၊ သုမေဓာရသေ့ဘဝက မဟုတ်လား''

''ဟုတ်ပါတယ်၊ အလောင်းတော်ကြီးဟာ ဒီပင်္ကရာမြတ်စွာဘုရား ရှေ့လက်ထက်တော်မှာမှ ဗျာဒိတ်တော်ကို ခံယူတော် မူနိုင်ခဲ့ပါတယ်၊ ထိုဒီပင်္ကရာမြတ်စွာဘုရားအယင် ပွင့်တော်မူခဲ့ကြတဲ့ တဏှင်္ကရဘုရား၊ မေဓင်္ကရဘုရား၊ သရဏင်္ကရဘုရား၊ အဲသည့် ဗုဒ္ဓကိုယ်တော်(၃)ပါးကိုဖူးတွေ့ကြုံကြိုက်ခဲ့ရပေမယ့် ဗျာဒိတ်ခံရာအင်္ဂါ(၈)ပါး မပြည့်စုံသေးလို့ ဗျာဒိတ်တော် မရခဲ့သေးဘူး''

''ဗျာဒိတ်ခံရာ အင်္ဂါ(၈)ပါးဆိုတာက ဘာတွေလဲ''

''၁-လူသားစင်စစ်ဖြစ်ရမယ်၊ ၂-ယောကျ်ားစင်စစ် ဖြစ်ရမယ်၊ ၃-မဂ်ဖိုလ် ရောက်နိုင်စွမ်းရှိရမယ်၊ ၄-မြတ်စွာဘုရားတို့ကို ကိုယ်တိုင် မျက်မှောက်ဖူးတွေ့ရမယ် ၅-ရသေ့ရဟန်းဖြစ်ရမယ်၊ ၆-ဈာန်အဘိညာဉ် ရှိရမယ်၊ ၇-ဘုရားဆုကိုလိုလားရမယ်၊ ၈-ဘုရားသာ ဖြစ်မယ်ဆိုလျှင် ကမ္ဘာပေါင်း အသင်္ချေ ပါရမီ ဖြည့်နိုင်ရမယ်၊ အဲသည့်(၈)ပါးပဲ၊ သို့ပေမယ့် ပထမဦးစွာ ဗျာဒိတ်ခံရမယ့် ဘဝမှာသာ အင်္ဂါ(၈)ပါးစလုံးနှင့် ပြည့်စုံဖို့လိုတယ်၊ နောက်ကာလတွေမှာဆိုလျှင် လူသားစင်စစ်ဖြစ်စေ၊ မဖြစ်စေ၊ ရသေ့ရဟန်းဖြစ်စေ၊ မဖြစ်စေ၊ ဈာန်အဘိညာဉ် ရသည်ဖြစ်စေ၊ မဖြစ်စေ ဘုရားဆုကို တကယ်လိုလား၍ စွန့်စား ပါရမီဖြည့်နိုင်လျှင် လုံလောက်ပါပြီ၊ တချို့ဘဝမှာ သိကြားမင်း၊ စကြဝတေးမင်း၊ ခြင်္သေ့မင်းအဖြစ်နဲ့လဲ(ထပ်ဆင့်)ဗျာဒိတ်ခံတော်မူခဲ့ရတာ ရှိပါတယ်''

''လေးသင်္ချေနှင့် ကမ္ဘာတသိန်းဆိုတဲ့ ဘဝတွေကလဲ များလွန်းတော့ ဇာတိအဖြစ်များကလဲ ထွေထွေပြားပြား ဖြစ်မှာပေါ့လေ၊ (ဘဝသံသရာ-ရှည်လျားထွေပြား မနေမနား-တသွားသွားကြတာ)ပေါ့....ဟုတ်လား၊ ဟဲ-ဟဲ''

''ထားပါကွာ...ထားပါ၊ မင်းကလဲ နေရာတိုင်း သီချင်းကလေးနဲ့''

''တို့တတွေအတွက် နှုတ်တက်အာဂုံ ဆောင်ရတာ လွယ်တယ်လေကွာ''

''ဂေါဝမ်းမြောက်အောင်များ ပြောနေတာလား''

''အမယ်....မင်းကို ရည်ညွှန်းပြီး ပြောနေတာမဟုတ်ပါဘူး၊ ရှေးရှေး ဆရာတော်ကြီးများ ကိုယ်တိုင် နှုတ်တက် ဆောင်ကြရအောင် သံပေါက်အစ၊ တေးထပ်၊ လေးချိုး၊ ပျို့လင်္ကာ၊ အမျိုးမျိုး အစားစား ရေးသားပေးတော် မူကြပါတယ်၊ ဒါကိုပြောချင်တာပါ''

''ဟုတ်ပါပြီခင်ဗျာ....ဟုတ်ပါပြီ''

''ဒါဖြင့် (နှစ်ကျိပ်ရှစ်ဆူ)အကြောင်း ဆက်ပြော၊ ဗုဒ္ဓစင်စစ် ဖြစ်တော်မူဖို့ ပါရမီဆယ်ပါး (အပြားသုံးဆယ်) ဖြည့်ဘင်း ဆည်းပူးတော်မူခဲ့ဘာ ဘယ်နှစ်ကမ္ဘာကြာခဲ့ရသလဲ''

''လေးသင်္ချေနှင့် ကမ္ဘာတသိန်း''

''အဲ...အဲသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ဘဝပေါင်းအနန္တ ကျင်လည်ခဲ့ရာမှာ ကြုံကြိုက် ဖူးတွေ့ရတဲ့ မြတ်စွာဘုရားများအရေအတွက်ဟာ ဝဋ်ကျွတ်ရ မြတ်စွာဗုဒ္ဓနှင့်ယခုဘဒ္ဒကမ္ဘာမှာ တတိယကိုယ်တော်မြတ်ဖြစ်တဲ့ ကဿပဘုရား အထိ (နှစ်ဆယ့်ခုနစ်ဆူ) ရှိသည်၊ အဲသည့် ၂၇ ဆူသော မြတ်စွာဘုရားနဲ့ ယခု သာသနာတည်ဆဲ အရှင် ဂေါတမဗုဒ္ဓကို ပေါင်း၍ နှစ်ဆယ့်ရှစ်ဆူ (နှစ်ကျိပ်ရှစ်ဆူ)ဟူ၍ ဝိသေသပြုပြီး အသင်အမှတ် အပူဇော် ကိုးကွယ်နေကြခြင်း ဖြစ်ပါသည်ခင်ဗျား၊ အကျယ်ကို မဟာဗုဒ္ဓဝင်တော်ကို လေ့လာပါလော့''

''အင်း...ကျေနပ်ပါပြီ၊ ကျေးဇူး တင်ပါတယ်၊ ရှေ့ကိုဆက်ပါဘော့''

၃။ ခပ်သိမ်းသော ဂုဏ်ကျေးဇူး တော်အပေါင်းတို့၏ တည်ရာလည်း ဖြစ်တော်မူသော အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားသည်၊ အကျွန်ုပ်၏ ဦးခေါင်း၌ တည်တော်မူသည် ဖြစ်ပြီ။ ကိုးပါးသော လောကုတ္တရာတရားတော်သည် အကျွန်ုပ်၏ မျက်စိ နှစ်ဘက်၌ တည်တော်မူသည် ဖြစ်ပြီ။ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော အရိယာသံဃာတော်သည် အကျွန်ုပ်၏ရင်၌တည်တော်မူသည် ဖြစ်ပြီ။

၄။ အရှင်အနုရုဒ္ဓါသည် အကျွန်ုပ်၏ နှလုံး၌ တည်တော် မူသည်ဖြစ်ပြီ။ အရှင်သာရိပုတ္တရာသည်လည်း အကျွန်ုပ်၏ လက်ယာ၌ တည်တော်မူသည်ဖြစ်ပြီ။ ကောဏ္ဍညအရှင်သည် အကျွန်ုပ်၏နောက်အဖို့၌ တည်တော်မူသည်ဖြစ်ပြီ၊ အရှင်မောဂ္ဂလာန်သည် အကျွန်ုပ်၏ လက်ဝဲ၌ တည်တော် မူသည်ဖြစ်ပြီ။

''ဟာ...သိရသို့မေ ဗုဒ္ဓသေ ဌော''ဆိုတဲ့ ဂါထာလိုပါပဲလား''

''နေဦး၊ သည့်ထက်များတယ်၊ နာကြည့်''

၅။ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာတို့သည် အကျွန်ုပ်၏ လက်ယာနား၌ တည်တော်မူကုန်သည် ဖြစ်ပြီ၊ ကဿပအရှင်သည်လည်းကောင်း၊ မဟာနာမ် အရှင်သည်လည်းကောင်း၊ နှစ်ပါးသော အရှင်တို့သည် အကျွန်ုပ်၏လက်ဝဲနား၌၊ တည်တော်မူသည် ဖြစ်ပြီ။

၆။ နေမင်းကဲ့သို့ အရောင်ပြုတတ်သော ဘုန်းကျက်သရေနှင့်ပြည့်စုံတော်မူသော၊ ရဟန်းတကာတို့၏ အရှင်ဖြစ်သော သောဘိတ အရှင်သည်၊အကျွန်ုပ်၏ဆံ၏အဆုံးဖြစ်သော ကျောက်ကုန်းအဖို့၌ နေတော်မူသည် ဖြစ်ပြီ။

၇။ သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ရွှင်မြူးဝမ်းသာ ရှာတော်မူလေ့ရှိသော၊ ဆန်းကြယ်သော စကားကို ဆိုတော်မူတတ်ထသော၊ ကျေးဇူးတော်အပေါင်း၏ တည်ရာ ဖြစ်တော်မူထသော၊ ကုမာရကဿပ မည်တော်မူသော ထိုမထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ အမြဲတည်တော်မူ၏။

''ဟာ...တယ်စုံပါလား၊ ဆိုင်ရာ ဆိုင်ရာ တန်ခိုးတော်ရှင်တွေကို၊ဆိုင်ရာဆိုင်ရာမိမိနေရာမှာ သီးသန်းသုံးဆောင်မူစေတာပဲ''

''သည့်လောက် မကသေးပါဘူး၊ နာပါဦး''

၈။ အရှင်ပုဏ္ဏမထေရ်သည် လည်းကောင်း၊ အရှင်အင်္ဂုလိမာလ မထေရ်သည် လည်းကောင်း၊ အရှင်ဥပါလိထေရ်၊ အရှင်နန္ဒထေရ်၊ အရှင်သီဝလိထေရ်သည် လည်းကောင်း၊ ဤငါးပါးသော မဟာထေရ်

တို့သည်၊ အကျွန်ုပ်နဖူးပြင်၌ မှန်ကူ သကဲ့သို့ တည်တော်မူရာသည်ဖြစ်ကုန်ပြီ။

"ဟာ....အားရစရာ ကြီးပါပဲဗျာ"

၉။ ထိုအရှင် အနုရုဒ္ဓါ၊ အရှင်သာရိပုတ္တရာ အစရှိသော အရှင်တို့မှကြွင်းကုန်သော၊ အောင်အပ်ပြီးသော ရမ္မက်ရှိကုန်သော၊ မြတ်စွာဘုရား သခင်၏ သားတော်များ ဖြစ်ကုန်သော၊ သီလတန်ခိုးအားဖြင့် ထွန်းတောက်ပကုန်သော၊ မဟာထေရ်တို့သည် အကျွန်ုပ်၏ မြတ်သော အင်္ဂါတို့၌ ကောင်းစွာ တည်ကုန်သည် ဖြစ်ကုန်ပြီ။

၁၀။ ရတနသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ ရှေ့မှတည်သည်ဖြစ်၏။ မေတ္တသုတ် ပရိတ်တော်သည်ကား၊ အကျွန်ုပ်၏ လက်ယာ၌ တည်သည်ဖြစ်၏၊ ဓဇဂ္ဂသုတ်ပရိတ်တော် သည် အကျွန်ုပ်၏ နောက်မှ တည်သည် ဖြစ်၏၊ အင်္ဂုလိမာလသုတ် ပရိတ်တော် သည် အကျွန်ုပ်၏ လက်ဝဲ၌ တည်သည် ဖြစ်၏။

၁၁။ ခန္ဓသုတ်၊ မောရသုတ် ပရိတ်တော်သည် လည်းကောင်း၊ အာဋာနာဋိယသုတ် ပရိတ်တော်သည် လည်းကောင်း၊ ကောင်းကင်၌ ထီးကဲ့သို့ဖြစ်ပြီ၊ ကြွင်းကုန်သော ပရိတ်တော် တို့သည်ကား၊ တံတိုင်းကဲ့သို့ ကောင်းစွာ တည်ကုန်သည် ဖြစ်ကုန်၏။

"ဟာ....ပရိတ်တော်တွေပါ တံတိုင်းအကာ လုပ်ထား ဒီတခါပဲ နာဖူးပါသဗျာ"

"လာပါတော့မယ်၊ မင်းသိချင်တယ်ဆိုတဲ့ 'ရတနာရွှေချိုင့်' နာမည်လေ"

၁၂။ ငါးပါးမာန်အောင်၊ မြတ်ဘုန်းခေါင်တို့၏၊ ဆယ်ပါးသော အားတော်နှင့် ယှဉ်သာသော တရားတော် တည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင်အပ်ထသော မြတ်စွာ ဘုရားတည်းဟူသော (ရွှေချိုင့်)၌ မငြိုငြင်သဖြင့် နေသော အကျွန်ုပ်အား။

၁၃။ လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော အတွင်းအပ၌ ဖြစ်ကုန်သော ဘေးရန်တို့သည် အဆုံးမရှိသော ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော်အားဖြင့် အကြွင်းအကျန် မရှိကုန်သည်ဖြစ်၍ ပျောက်ပျက်ခြင်းသို့ ရောက်စေကုန်သတည်း။

၁၄။ မြတ်စွာဘုရား သခင် တည်းဟူသော (ရွှေချိုင့်)အလယ်၌နေသော အကျွန်ုပ်ကို မြေအပြင်၌ ကြီး မြတ် ကုန် သော ခပ်သိမ်းကုန်သော၊ ယောကျာ်း မြတ်တို့ သည် အခါ ခပ်သိမ်း စောင့်ရှောက် စေကုန်သတည်း။

၁၅။ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော အပြား အားဖြင့် ငါသည် စင်စစ် အားဖြင့် ကောင်းသော အစောင့် အရှောက်ကို ပြုအပ်ပြီ၊ မြတ်စွာဘုရား၏ အာနုဘော် အား ဖြင့် သတ် အပ် သော ဘေး ရန် အပေါင်းသည် ရှိသည်-ဖြစ်ရပါလို၏။ သီသသမာဓိ အစရှိသော ကျေးဇူး အပေါင်း၏ တည်ရာဖြစ်သော ပရေတ္တ သံဃာတော်၏ တန်ခိုးဖြင့် ကိုယ်စိတ်၏ ချမ်းသာခြင်းသည် ဖြစ်ရပါလို၏။

"ကဲ....(ရတနာရွှေချိုင့်)ဆိုတဲ့ အမည် ဘာကြောင့် တွင်ရပါသလဲ၊ အဖြေငြိမ့ပြတ်လား"

"အားသုံး ဖွင့်ပြောမှတော့ ရိုင်မိပါပြီဗျား ဟား ဟား ဟား"

"ဘုရား၏ဂုဏ်တော် ကျေးဇူးတော်များနှင့် စပ်လျဉ်းတဲ့ ပရိတ်တော်တို့၊ ဂါထာတော်တို့ကို

ရွတ်ဖတ် သရဇ္ဈာယ်လျှင် ဘေးဥပဒ် အန္တရာယ်များမှလွတ်ကင်းတယ်ဆိုတာကော ယုံရဲ့လား"

"ဟာ....မင်းနှယ် မေးမှမေးပလေ၊ အကြွင်းမဲ့ယုံဘာပေါ့၊ ဘာဖြစ်လို့လဲ"

"ယုံမှ ပြောလို့ကောင်းတဲ့ စကားမို့ပါ၊ ဤ (ရတနာရွှေချိုင့်) ဘုရားရှိခိုးကို အမြဲရွတ်ဖတ်သရဇ္ဈာယ်လျှင် သေနတ်(ပြီး)တယ်လို့ ငါ့အဖေက ပြောဖူးတယ်၊ အဲဒါငါ့အဖေရဲ့လျှို့ဝှက်ချက်ပဲ၊ ငါ့အဖေ (ကျိုက်လတ်မြို့အပိုင်၊ စာဖြူစုရွာသူကြီးဦးစံခိုင်) သေနတ် (ပြီး)တာကို ဟိုခေတ်က ဖျာပုံအရေးပိုင် အင်္ဂလိပ်လူမျိုး (ဘောင်းသခင်) လို့ ထင်ရှားတဲ့၊ မစ္စတာ ဘောင်းကတောင် ခေါ်ပြီး လက်တွေ့စမ်းဖူးတယ်"

"အေး.... မင်း အ ဖေ သေ နတ် ပြီး တယ် ဆိုဘာတော့ နာမည်ကြီးခဲ့တာပဲ၊ နို့ မင်းအဖေ တော်လှန်ရေး ပြီးစက ဒမြတွေက သေနတ်နဲ့လာပစ်လို့ သေရဘယ် မဟုတ်လား"

"အေး....အဲဒါကို ငါဆက်ပြောချင်လို့ပါ၊ ဒီအကြောင်းကို မြဝတီမဂ္ဂဇင်း ထွက်ခါစက 'ကံ အကြောင်းတရား' ဆိုပြီး ဝတ္ထုတိုတပုဒ်ရေးခဲ့ဖူးပါသေးတယ်၊ ငါ့အဖေဟာ 'ရတနာရွှေချိုင့်' ကိုရွတ်ရုံမက၊ သူ့သေနတ်နဲ့ သတ္တဝါ တဦးရဲ့ သွေးမစွန်းရစေပါဘူးလို့လဲ သစ္စာဆိုထားတယ်၊ ဖြစ်ချင်တော့ ငါ့ညီ (ဖအေတူအမေကွဲ)က ငါ့အဖေ မြေးကလေးတယောက်ကို သေနတ်နှင့် ကစားနေရာက ကျည် ထွက် ပြီး ထိသေ သွား ရရှာတယ်"


"ဟာ...ဖြစ်မှဖြစ်ရလေကွာ"

"အဲသည်မှာ ငါ့အဖေဟာ စိတ်ဓာတ်အကြီးအကျယ်ကျသွားခဲ့တယ်၊ နောက်ပြီး တော်လှန်ရေးကာလမှာ မလွဲမရှောင်သာသော အခြေအနေအရ ဂျပန်တပ်စိတ်တခုကို နှင်ထုတ်တိုက်ခိုက်ရာမှာ ပါခဲ့ရတယ်၊ အဲသည့်နောက်-ဂျပန်အလိုတော်ရိလုပ်ခဲ့တဲ့ ဝရမ်းပြေးများက ငါ့အဖေကို သေနတ်နဲ့လာပစ်ကြတာ ရိုက်ဖယ်နှင့် သုံးချက်ဆက်ပစ်မှ အသက်ထွက်ရတယ်၊ အချုပ်ကိုငါပြောချင်တာက (ရတနာရွှေချိုင့်)ထဲ ဝင်နေပေမယ့်၊ မိမိ ကိုယ်တိုင်ကလဲ သီလရှိထားရမယ်၊ တိုက်ကြီးနဲ့ ဝင်းခြံကြီးနဲ့ အခိုင်အမာ ဆို့ပိတ်ထားပေမယ်လို့လဲ၊ ကိုယ်ကတိုက်ထဲမှာ ကံငါးပါး ကျူးလွန်ပြီး၊ ဖြစ်ချင်တိုင်းဖြစ်နေလို့တော့ အန္တရာယ်ကင်းချင်မှ ကင်းလိမ့်မယ်၊ ဟုတ်ပြီလား"

"ငါသိပါပြီ၊ ပရိတ်တော်၏ အရုံအတား အစောင့်အရှောက်၊ အကာအကွယ်ကို ခံယူလိုသူများ၊ ပရိတ်တော်၏တန်ခိုးတေဇော်အာနုဘော်ကို ယုံကြည်အားကိုး ကြည်ညိုနှင့်အမျှ၊ မိမိကိုယ်တိုင်လဲ သီလ ကိုယ်ကျင့်မြဲကြရမယ်ဆိုတဲ့ ဥပဒေသပေါ့"

"ဟုတ်ပါပြီ ခင်ဗျား၊ ထို့ကြောင့်(ရတနာရွှေချိုင့်)ဘုရားရှိခိုး၊ ပရိတ်တော်တမျိုးကိုတိုး၍ ယုံကြည်စွာ သုံးဆောင်တော် မူနိုင်ကြပါစေကုန်သတည်း"

"သာဓု...သာဓု... သာဓု"



# အာဋာနာဋိယသုတ်

ပရိတ်ကြီး(၁၁)သုတ်အနက်မှ အာဋာနာဋိယ သုတ်မှာ အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။ ဗုဒ္ဓကိုယ်တော်ဟောတော်မူသည် မှန်၏။ သို့သော် မူလဖွဲ့ဆိုစီကုံးကြသူများမှာ ဓတရဋ္ဌ၊ ဝိရုဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ-ဟူသော စတုမဟာရာဇ် နတ်ဒေဝါပေါင်းများစွာနှင့် သိကြားမင်း အပါအဝင် တန်ခိုးကြီးသော နတ်အစည်းအဝေးကြီးမှ တညီတညွတ်တည်း ချမှတ်ကြခြင်းဖြစ်သည်၊ မိစ္ဆာဝါဒီ ဘီလူးဆိုး နတ်ဆိုးများအတွက် အလွန်ပြင်းထန်သော အာဏာစက်ဖြစ်သောကြောင့် လိုအပ်ပါက နောက်ဆုံးထား၍ ရွတ်ဆို သရဇ္ဈာယ်ကြရန် မြတ်စွာဘုရားက လိုလားတော်မူကြောင်း ပညာရှိကြီးများက မိန့်ဆိုကြသည်။

အာဋာနာဋိယသုတ်ဟူသည်မှာ ကုဝေရနတ်မင်းကြီး၏နေရာ အာဋာနာဋနတ်မြို့တွင် စည်းဝေးဆုံးဖြတ်သော သုတ်တရားတော်ဖြစ်သောကြောင့် အာဋာနာဋိယသုတ်ဟု အမည်တွင်ခြင်းဖြစ်သည်။

အခါတပါး၌ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်းမွေ့လျော်တော်မူနေသည်။

ထိုအခါ ဓတရဋ္ဌ၊ ဝိရုဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရဟူသော စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် သိကြားမင်းအတွက်အရပ်လေးမျက်နှာတို့၌ များလှစွာသော ယက္ခနတ်စစ်သည်၊ ဂန္ဓဗ္ဗနတ်စစ်သည်၊ ကုမ္ဘဏ္ဍနတ်စစ်သည်၊ နဂါးနတ်စစ်သည်များကို (အသုရာရန်မှ ကာကွယ်ရန်) အစောင့်အနေ၊ လုံလောက်စွာ ချထားပြီးလျှင် ကုဝေရ နတ်မင်းကြီး၏စံရာ အာဋာနာဋနတ်မြို့၌ စုဝေးကာ ခုနစ်ဆူသော ဘုရားရှင်တို့ကို အကြောင်းပြု၍ အာဋာနာဋိယပရိတ်တော်ကို ဖွဲ့ဆိုတော်မူကြသည်။

"မြတ်စွာဘုရားရှင်၏ ဓမ္မစက်၊ ငါတို့၏ အာဏာစက်ကို မလိုက်နာ ကျူးလွန်သူတို့အား ဤသို့သော ဒဏ်ထားမှုကို ပြုကြကုန်အံ့"ဟု ကြွေးကြော်ကြေငြာမှုကို ပြုပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးရာသို့လာကြသည်၊

ဝေဿဝဏ်နတ်မင်းကြီးက မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တန်ခိုးကြီးသော ဘီလူးယက္ခနတ်တို့သည် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုကြသည်လည်း ရှိပါသည်၊ မကြည်ညိုကြသည်လည်း ရှိပါသည်၊ ထို့အတူ တန်ခိုးအလယ်အလတ်ရှိသော ယက္ခနတ်၊ တန်ခိုးငယ်သော ယက္ခနတ်တို့သည်လည်း ကြည်ညိုသူလည်း ရှိပါသည်၊ မကြည်ညိုကြသူလည်း ရှိပါသည်။စင်စစ်မှာကား၊ မကြည်ညိုကြသူက ပို၍များကြပါသည်၊ အဘယ်ကြောင့် ဆိုသော် မြတ်စွာဘုရားက သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမတရားတို့၌ ဖောက်ပြန်ခြင်း၊ မမှန်စကားကို ပြောဆိုခြင်း၊

သေအရက်ကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ရန် တရားကို ဟောတော်မူသဖြင့် ထိုသီလငါးပါးကို မရှောင်ကြဉ်သော ယက္ခနတ်တို့က မြတ်စွာဘုရားအား မနှစ်သက်နိုင်ခြင်းဖြစ်ပါသည်။

''မြတ်စွာဘုရား၊ မြို့စွန် ရွာဖျား တောကျောင်းများ၌ နေထိုင်ကြသည့် အရှင်ဘုရား၏ တပည့်သာဝကရဟန်းတော် အများအပြားရှိကြပါသည်၊ထိုအရပ်များ၌ သာသနာကိုမကြည်ညိုကြသော ယက္ခနတ်များက အရှင်ဘုရား၏ တပည့်သာဝကများအား မညှဉ်းဆဲနိုင်ကြခြင်းအကျိုးငှာ၊သဒ္ဓါကြည်ညိုဖြစ်ကြခြင်းအကျိုးငှာ အရံအတားအဖြစ် ဤအာဋာနာဋိယ ပရိတ်တော်ကို ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ၊ ဥပါသိကာတို့ ရွတ်ဆိုနိုင်ရန် သင်ကြားပေးတော်မူပါ ဘုရား''ဟု လျှောက်ထားသည့်အခါဘုရားရှင်က လက်ခံတော်မူသည်၊ထိုအခါမှ စေဿဝဏ် နတ်မင်းကြီးသည် 'ဝိပဿိဿစ နမတ္ထု'ဟု အစပြုကာ ထိုအာဋာနာဋိယ ပရိတ်တော်ကို ရွတ်ဆိုလျှောက်ထားလေသည်။

''မြတ်စွာဘုရား၊ ဤအာဋာနာဋိယ ပရိတ် အရံအတားကို ကောင်းစွာ သင်ကြား လေ့လာထားသည့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ မည်သူ့ကိုပင်ဖြစ်စေ၊ ယက္ခနတ် တဦးဦးကသော်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ္ဍနတ်၊ နဂါးနတ် တဦးဦးကသော် လည်း ကောင်း နှောင့်ယှက်ညှဉ်းဆဲ ကပ်မှီနေလျှင် ကျွန်ုပ်တို့ နတ်မင်းကြီးများက အာဏာဖြင့် ဒဏ်ထားဆုံးမကြပါကုန်အံ့။ မင်း၏ အမိန့်အာဏာ (ဥပဒေ)တို့ကို မနာခံ ဖီဆန်ကုန်သော လူဆိုးလူမိုက်များ လောကလူ ပြည်တွင် ရှိသကဲ့သို့ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အမိန့်အာဏာကို မနာခံ ဖီဆန်သော ယက္ခနတ်ဆိုးများလည်း ရှိတတ်ပါသည်။ အကယ်၍ မြတ်စွာဘုရား၏ ပရိသတ်လေးပါး တပည့်သားတဦးဦးကို ပူးကပ် နှောင့်ယှက်ခဲ့လျှင် ကုန္ဒနတ်၊ သောမနတ်၊ ဝရုဏနတ် အစရှိသော နတ်စစ်သူကြီး (၃၈) သုံးကျိပ်ရှစ်ဦးတို့ကို တိုင်ကြားတော်မူကြပါစေကုန်''ဟု ရိုသေစွာ လျှောက်ထား ပန်ကြားကြလေသည်။

မြတ်စွာဘုရားသည် နောက် တ နေ့ တွင် ရဟန်းတို့အား နတ်မင်းကြီးများ၏ စကားကို ဖော်ပြ၍ အာဋာနာဋိယသုတ်ပရိတ်အရံအတားကို ဟောကြားတော်မူသည်။

*　　*　　*

ပရိတ်ရွတ်မည့် ပုဂ္ဂိုလ်သည် သက်ဆိုင်ရာ ပရိတ်ကို အနက်သဒ္ဒါပြည့်စုံစင်ကြယ်စွာ သင်ယူပြီး ဖြစ်ရမည်။

ပုဒ်ဗျည်းများကို မယုတ်လျော့စေပဲ သင်ယူပြီး ဖြစ်ရမည်။

အနက်နှင့် ပါဠိကို ချွတ်ယွင်း၍ ဖြစ်စေ၊ အလုံးစုံသော လေ့လာနိုင်နင်းမှုမရှိ၍ ဖြစ်စေ ရွတ်ဆိုသော ပုဂ္ဂိုလ်၏ ပရိတ်သည် တန်ခိုးအာနုဘော် မကြီးနိုင်ချေ။

လာဘ်ပူဇော် သက္ကာရကို ရယူလိုမှုကြောင့် သင်ယူ၍ ရွတ်သော ပုဂ္ဂိုလ်၏ ပရိတ်သည်လည်း လိုအပ်သောအကျိုးကို မပြီးစေနိုင်။

သံသရာဝဋ်မှ ကျွတ်လွတ်လိုမှုကို အဓိကထား၍ မေတ္တာတရား ရှေ့သွားပြုကာ ရွတ်ဆိုမှသာလျှင် လိုအပ်သောအကျိုးကို ပြီးစေနိုင်၏။

ပရိတ်ရွတ်သောပုဂ္ဂိုလ်သည် အလျင်လက်ဦး အာဋာနာဋိယသုတ်ကို မရွတ်ဆိုရ။ မေတ္တသုတ်၊ ဓဇဂ္ဂသုတ် ဤသုတ်များကို ရှေးဦးစွာ ခုနစ်ရက်ပတ်လုံး ရွတ်ဆိုရာ၏။ ထိုသို့ရွတ်ဆိုသဖြင့် ပူးကပ်နေသော ယက္ခတ် နတ် တို့ လွှတ် လျှင် လည်းကောင်းပေ၏။မလွှတ်မှသာလျှင် အာဋာနာဋိယသုတ်ကိုရွတ်ဆိုရာ၏။

အာဋာနာဋိယသုတ်ကို ရွတ်ဆိုသော ရဟန်းသည် မုန့်ညက်ဖြင့် ပြုလုပ်အပ်သော မုန့်များ၊

အသားများ၊ ငါးဟင်းစသော အညှီအဟောက် များကို မစားရာ။ သုသာန်၌ မနေရာ။ ထိုအစာ ထိုနေရာများမှာ ယက္ခနတ်တို့ နှစ်သက်သော အစာနေလေ့ရှိသော နေရာများ ဖြစ်သော ကြောင့် ယက္ခနတ် (ဘီလူး)တို့ ပူးဝင်နိုင်ခွင့် အလွယ်ဘက္ခနှင့် ရယူနိုင်သောကြောင့်ဖြစ်သည်။

ပရိတ်ရွတ်မည့် နေရာကို နွားချေးအစိုဖြင့် လိမ်းကျံ၍ ထိုနေရာ၌ သန့်ရှင်းစင်ကြယ်သော နေရာဆိုင်ကို ခင်းခပြီးမှ ပရိတ်ရွတ်မည့် ရဟန်း နေရာ၏။ ထို ရဟန်းကလည်း စင်ကြယ်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

ပရိတ်ရွတ်မည့်ရဟန်းကို ကျောင်းမှ အိမ်သို့ ပင့်ဆောင်သူတို့သည် လက်နက်တို့ဖြင့် ဝန်းရံ၍ ပင့်ဆောင်ရာ၏။

ဟင်းလင်းပြင်လွင်တီးခေါင်၌ ပရိတ်ကိုမရွတ် ရာ။ တံခါးမ လေသာတံခါးတို့ကို ပိတ်၍ အိမ် တွင်း၌ ထိုင်နေကာ အတွင်းအပြင် လက်နက်စွဲ ကိုင်သူများ(ဝန်းခြံ) ဝိုင်းဝန်းခြံရံကာ မေတ္တာ စိတ်ကိုရှေ့သွားပြု၍ ရွတ်ဆိုရာ၏။

ရှေးဦးစွာသူနာကို သိက္ခာပုဒ်များ ဆောက် တည်စေ၍ သီလ၌တည်သော သူနာအား ပရိတ်ရွတ်ဆိုမှု အရံအတားကို ပြုရာ၏။

ဤနည်းဖြင့် ပူးကပ်မှုမငြိမ်းခဲ့သော် သူနာကို ကျောင်းတိုက်သို့ ယူဆောင်၍ စေတီ ရင်ပြင်၌ လျောင်းစက်လျက်မြတ်စွာဘုရားအား နေရာ တော်ဖြင့် ပူဇော်မှုပြုလုပ်စေပြီး လျှင် ဆီမီးတို့ကို ညှိထွန်း၍ စေတီရင်ပြင်တော်ကို တံမြက်လှည်း ပြီးနောက် ရှေးဦးအစီအမံအနေဖြင့် မင်္ဂလာဂါ ထာများကို ရွတ်ဆိုရမည်။ ထိုကျောင်းတိုက်၌ နေထိုင်ကြသည့် ရဟန်းအားလုံးကို ကြွေးကြော် ပင့်ဖိတ် စုဝေးစေရမည်။

ကျောင်းတိုက်၏ အနီး ဖြစ်သော တောအုပ် အတွင်း၌ တောစိုးသစ်ပင် (နတ်ရပင်)ဟူ၍ ရှိလေသည်။ ထိုတောစိုးသစ်ပင်၌ 'အသင် နတ် ဘီလူးတို့၏ လာရောက်ခြင်းကို ရဟန်းသံဃာ သည် တောင့်တလင့်ဆို အလိုရှိ၏'ဟူ၍ တမန် လွှတ်ကာ ပြောကြားရာ၏။ ထိုအခါ ပူးဝင်နေ သော နတ်ဘီလူးသည် မြတ်စွာ ဘုရားရှင်နှင့် စတုမဟာရာဇ် နတ်မင်းကြီးတို့၏ အာဏာကို ကြောက်ရွံ့သဖြင့် မလာမရောက်ပဲ မနေနိုင်။

ထို့နောက် ဘီလူးဖမ်းစားနေသော သူနာ ကို(ဖမ်းစားသူ နတ်ဘီလူး၏ အမည်ကို) မေး၍ ဖြေဆိုလျှင် ''အမောင် ××× မည်သော နတ် ဘီလူး၊ပန်းနံ့သာစသည်ပူဇော်ရသော ကောင်း မှုတို့ကိုအမျှပေးဝေပါသည်။ရဟန်းသံဃာတော် တို့သည် အမောင့်အတွက် လက်ဆောင်ပဏ္ဏာ ဖြစ်စေခြင်းငှာ မဟာမင်္ဂလာ ဂါထာများကို ရွတ်ဆိုဟောကြားအပ်ပါကုန်ပြီ။ ရဟန်းသံဃာ တော်၌ ရိုသေလေးစားသောအားဖြင့် ဤသူနာ ကို အမောင် လွှတ်ပါလော့''

ဤသို့ မေတ္တာစကားပြောကြားကာ လွှတ် စေရာသည်။ ဤသို့မှ မလွှတ်သော် က္ကန္ဒနတ်၊ မောမနတ်၊ ဝရုဏနတ်အစရှိသော နတ်စစ်သူ ကြီးသုံးကျိပ်ရှစ်ဦးတို့အား....

''အသင် နတ်စစ်သူကြီးများ အသိပင် ဖြစ် ကြပါသည်။ ဤဘီလူးသည် ငါတို့၏ မေတ္တာ ရှေ့ထား ပြောကြားချက်ကို မလိုက်နာမေ၊ ငါတို့သည် မြတ်စွာဘုရားရှင်၏ အာဏာတော် အတိုင်း ပြုလုပ်ကြပါတော့မည်''ဟု တိုင်ကြား ပြောဆိုပြီး လျှင် ဤအာဋာနာဋိယသုတ် ပရိတ် အရံအတားကို ရွတ်ဆိုမှုပြုရာ၏။

(အကျယ်ကို တိပိဋကဓရဆရာတော် ဦး ဝိစိတ္တ သာရာဘိဝံသ၏ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ၊ ဗုဒ္ဓ ရတနာအခန်း အာဋာနာဋိယသုတ်တွင် ရှုတော် မူကြပါကုန်)။ ။

* * *



# ကြာပင်အောက်ကဖားː

''ဆရာဦးသုခပါလား ခင်ဗျား''

''ဟုတ်ကဲ့၊ ကျွန်တော်ပါ၊ အမိန့်ရှိပါ''

''ဆရာ ကျွန်တော်သိန်းတိုးပါ၊ အင်းလျားမြိုင် ဝိပဿနာအဖွဲ့က သိန်းတိုးပါ''

''ဟာ....ကိုသိန်းတိုး၊ ဆို၊ ကျွန်တော် ဘာများ ဆောင်ရွက်ပေးရမလဲ''

''တခြားမဟုတ်ပါဘူး၊ အခုလာမယ့် စနေနေ့မှာ ကျွန်တော်တို့ ဝိပဿနာရိပ်သာမှာ နိုင်ငံခြားသား အမျိုးသားလေးဆယ် စုပေါင်းပဋ္ဌာန်းခံပြီး တရားဝင်ကြမလို့ပါ၊ အဲဒါ ဆရာကြွပြီး ကြည်ညိုစေချင်လို့ ဖိတ်တာပါ''

''အခုလာမယ့် စနေနေ့ ဟုတ်လား''

''ဟုတ်ကဲ့၊ အခုလာမယ့် စနေနေ့မနက် ရှစ်နာရီ ကိုးနာရီလောက်ပေါ့''

ကျွန်တော်က ပြက္ခဒိန်ကို လှမ်းကြည့်လိုက်မိပါသည်၊ ၁၉၇ဂ၊ ဇန်နဝါရီလ ၂ဂ-ရက်။

''ဆရာ လာ ဖြစ်စေချင်ပါတယ်၊ ဆရာ့တည့် ဒါရိုက်တာ ကိုနှင်းမိုလဲ ပြောထားပါပေးတယ်၊ သေချာအောင်လို့ ဆရာ့ကို ထပ်ဆက်တာပါ၊ သူလဲ လာပါလိမ့်မယ်''

''ကောင်းပါပြီ ဦးသိန်းတိုး၊ ကျေးဇူးတင်ပါတယ်၊ မင်္ဂလာပါ''

''မင်္ဂလာပါ ဆရာ''

တယ်လီဖုန်းကို ချပြီး ကျွန်တော် စဉ်းစားလိုက်မိသည်။

ဦးသိန်းတိုးမှာ ရုပ်ရှင်ကော်ပိုရေးရှင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်ဆံခင်မင်ရသူ ဖြစ်သည်။ ထို့ထက် အင်းလျားမြိုင်ဝိပဿနာအဖွဲ့ အမှုဆောင်၊ ဝိပဿနာ ယောဂီတယောက် ဖြစ်သောကြောင့် ကြည်ညိုရင်းစွဲ ရှိသည်။ အဖွဲ့မှ ပြုသော အလှူအတန်း ကုသိုလ်ရေးရာတို့တွင် လှူဒါန်း ပါဝင်နိုင်အောင် အမြဲနိုးဆော်လေ့ရှိရာ ကျွန်တော်တို့ကလည်း ဝမ်းပန်းတသာ သဒ္ဓါစေတနာဖြင့် လှူဒါန်းရသည်။ ဆယ်ရက်စခန်းလောက်ပင် ဖြစ်စေ တရားဝင်လှည့်ဖမ်းပါဟု ဖိတ်ခေါ်တတ်ပြသည်။

ငွေစာရင်းမင်းကြီး ရုံး အပေါ်ထပ်တွင်ပင် ဘုရားဆောင်နှင့် မမှုရိပ်သာပြုကာ စိတ်ပါဝင်စားသော တပည့်များ၊ မေ့မိတ် ဆွေများအား တရားဝင်စေသည့်ရောက်လာ စုစမ်းသောနိုင်ငံခြားသားများကို ဗုဒ္ဓ၏ ဝိပဿနာဟောသည်။ ကိုယ်တိုင်တရားပြသည်။ နိုင်ငံခြားသို့ ဝိပဿနာ စာစောင်များ ရေးသားဖြန့်ချီသည်။ အင်းလျားမြိုင်လမ်း၊ အမှတ်-၃၁(အေ)တွင် အပြည့်ပြည့် ဆိုင်ရာ နိုင်ငံတကာသုပ်ငန်းဌာနအမည်ဖြင့် စေတီ

လိုက်ဂူဇရပ် ကျောင်း အပြည့်အစုံ တည်ထောင် ဖွင့်လှစ်ထားသည်။

သို့တိုင်အောင် ဆရာကြီး ဦးဘခင်သာ ကွယ်လွန် အနိစ္စရောက်သွားသည်။ ကျွန်တော် ထို ရိပ်သာသို့ မရောက်ဖူးသေး။ ယခု ဦးဘခင်၏ ဓမ္မအမွေကို ဆရာမ ဒေါ်မြသွင်က ဆက်ခံ နည်းပြကာ အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ရီ၊ အတွင်းရေးမှူး ဦးဘဘို၊ ဦးချစ်တင်၊ ဦးသိန်းဇော်၊ ဦးသိန်းတိုး အစရှိသော ယောဂီ ဥပါသကာ လူကြီးများက ဆက်ခံ စောင့်ရှောက်လျက်ရှိသည်။

လာမည့်စနေနေ့မှာ နိုင်ငံခြားသား အမျိုး သား လေးဆယ် တစုတဝေးရဟန်းခံပြီး တရား ဝင်ကြမည် ဆိုပါကလား။

ထိုအခိုက် ကျွန်တော့် တပည့် ဒါရိုက်တာ ခေါင်နှင်းမိုး ရောက်လာသည်။

"ဆရာ့ကို ဦးသိန်းတိုးတို့က သူ့ရိပ်သာမှာ ပဉ္စင်းခံကို ဖိတ်လိုက်တယ်"

"အေး...ခုနကပဲ ဖုန်းဆက် ပြောတယ်၊ နိုင်ငံ ခြားသား လေးဆယ်ဆိုတာ များလှပါကလား၊ ဘယ်က လာကြတာလဲ"

"တိုင်းပြည်ပေါင်းစုံကလို့ပြောတာပဲ၊ အမျိုး သား လေးဆယ်၊ အမျိုးသမီးက နှစ်ဆယ့်ရှစ် ယောက်တဲ့"

"ဟုတ်မှလဲ လုပ်ကြပါကွ၊ သည်လောက် များများ စိတ်ဝင်စားကြသတဲ့လား၊ တချို့ကလဲ စပ်စုချင်တာ ဖြစ်ပါလိမ့်မယ်၊ ရဟန်းခံတယ်ဆို တာ လွယ်မှတ်လို့၊ ဝိနည်းတော်တွေဘယ်လိုလုပ် သိကြမှာလဲ၊ နိုင်ငံခြားသားတွေဆိုတာ ထိုင် ကားရား၊ ထကားရားနဲ့"

"မသိဘူးဆရာ၊ ဦးသိန်းတိုးကတော့ လာဖြစ် အောင် လာကြပါလို့ အထပ်ထပ်မှာလိုက်တာပဲ၊ ဒီအခါတော့ သွားကြရအောင်လား ဆရာရယ် ဗဟုသုတပေါ့"

"အေး....သွားကြည့်ကြတာပေါ့ကွာ"

ဤသို့နှင့်ထိုစနေနေ့က အင်းလျားမြိုင်ရိပ်သာ သို့ ရောက်သွားကြသည်၊ ဦးသိန်းတိုးက ဝမ်းသာ အားရကြိုဆိုသည်၊ ဓမ္မမိတ်ဆွေများ၊ ရိပ်သာအမှု ဆောင် လူကြီးနှင့်ဇနီး ဥပါသိကာများ၊ ယောဂီ များ စည်စည်ကားကားကြားတွင် ကျွန်တော်တို့ ထက် ခေါင်းတလုံး ပိုမြင့်သော အသားအရေ ဖြူဆွတ်ဆွတ် နီစပ်စပ် နိုင်ငံခြားသားများကို တွေ့ရသည်။ တချို့က ဘောင်းဘီနှင့် ဟာဝေယံ ရှပ်၊ အချို့ကား ရှပ်လက်တိုနှင့် ဗမာလုံချည်၊ သူတို့မျက်နှာထားမှာ ဟေးလား ဝါးလား မရှိ။ ကြည်သာရွှင်ပျသောအပြုံးဖြင့်။ တခုတော့ ထူး ခြားနေသည်။ ခေါင်းလောင်း ဘောင်းဘီနှင့် ဆံရှည်သမားများကို မတွေ့ရခြင်းပင်။ အားလုံး အသက်အစိတ်လောက်မှ အသက်လေးဆယ်ပတ် ဝန်းကျင်လောက် ရှိကြသည်။

အလို... နိုင်ငံခြား အမျိုးသမီးများပါကလား။ အသက်နှစ်ဆယ်ကျော်အရွယ်မှ အသက်သုံးဆယ် လောက် အသီးသီး။ ကရစ်လိုင်းကြီး ရင်ဖုံးရင်စေ့ ဗမာအင်္ကျီဝတ်ကာ ချည်ကြိုးကြီးချိတ် ဗမာ ထဘီများ ချပ်ချပ်ရပ်ရပ်နှင့်။ ဆံပင်က မူ တချို့က ကုပ်ဝဲ၊ တချို့က ထုံးနှောင်လျက်။ သူတို့ကလည်း ရွှင်လန်း တူညီသော ကျေနွှဲလေးတွေနှင့်။

"သူတို့တတွေ ဆင်ယင်ထုံးဖွဲ့မှုကို ဘယ်သူက ညွှန်ပြထားသလဲဦးသိန်းတိုး"

"အမှုဆောင် ဦးချစ်တင် ကတော် ဆရာမ ဒေါ်မြသွင်ပေါ့ခင်ဗျာ၊ သူပဲ အထည်တွေ ဝယ် ပေး၊ အပ်ချုပ်ဆိုင် အပ်ပေး၊ အတိုင်းကိုယ်စီနဲ့ ပေါ့၊ တနေ့ကတည်းက၊ သူပဲ အပင်ပန်းခံနိုင် တယ်။ တရားလဲ ပြလိုက်သေးတယ်"

"သူတို့က ဒီနေ့ကို ချိန်းပြီး တပြိုင်တည်း ရောက်လာကြတာလား"

"တနေ့က ရောက်တဲ့အဖွဲ့ ရှိတယ်၊ မနေ့ကလဲ ရောက်လာကြတယ်၊ ညကမှရောက်လာကြတဲ့အဖွဲ့ တောင်ပါသေးတယ်၊ လေယာဉ် တစင်းစီပေါ့"

''ဘယ်လိုဆုံကြတာလဲ၊ ဘယ်နိုင်ငံတွေကလဲ၊ တချို့လဲ ဒီရောက်မှ သိကျွမ်းကြပုံရတယ်။ သူတို့ နှုတ်ဆက်ခိုက်ဖွဲ့ နေကြတာ တွေ့လို့ပါ''

ဦးသိန်းတိုးက ဂုဏ်ယူသော အပြုံးကလေး ပြုံးပြလိုက်ပါသည်။

''ဒီလူတွေကို မြင်တွေ့စေချင်လို့ ဆရာ့ကို ဖိတ်တာပေါ့၊ တနိုင်ငံစီကဒီနေ့ဒီရက်ငီရိပ်သာမှာ ဆုံကြရအောင် လွှန်ခဲ့တဲ့ လေး ငါး ခြောက်လ လောက်ကတည်းက ချိန်းဆိုအကြောင်းကြားပြီး လာကြတာ၊ အမေရိကန်က (၁၄) ယောက်၊ ဩစတြေလျက (၇)ယောက်၊ ကနေဒါက (၄) ယောက်၊ အင်္ဂလန်က (၄)ယောက်၊ ဆွစ်ဇာလန် က (၂)ယောက်၊ဩစတြီးယားက (၁)ယောက် အင်ဒီးယားက (၁) ယောက်၊ ဒတ်ချ်က (၁) ယောက်၊စုစုပေါင်း ရဟန်းခံမှာ ၃၄ ယောက်၊ သူတို့နဲ့ ပါလာတဲ့ အမျိုးသမီးတွေနဲ့ ရဟန်းမခံပဲ လူ့ဝတ်နဲ့ တရားထိုင်မယ့် အမျိုးသား လေးငါး ယောက်လဲ ရှိသေးတယ်''

ဦး သိန်းတိုး ဂုဏ်ယူပြုံးလျှင်လည်းပြုံးထိုက် ပါရဲ့ဟု အောက်မေ့မိပါသည်။

''သူတို့ချင်း ဘယ်လိုချိန်းကြသလဲဗျ''

''သုံးလတကြိမ်ထုတ် (ဝိပဿနာသတင်းလွှာ) စာစောင်ကို အမေရိကန် ကာလီဖိုနီးယားနယ် ဘာကေလီမြို့က ကမ္ဘာ့ အရပ်ရပ်မှာ ရှိတဲ့ ဝိပဿနာ အဖွဲ့ဝင်တွေထံ ပို့ပေးတယ်လေ၊ ဘယ်နေ့ ဘယ်ရက် ဘယ်နိုင်ငံမှာ စုဝေးတရား ထိုင်ကြမယ့် အစီအစဉ် ရှိတယ်၊ တရားပြမယ်၊ တရား ဆွေးနွေးဟောပြောမယ်ပေါ့၊ နီးစပ်ရာ ဆက်သွယ်နိုင်ဖို့ နေရပ် လိပ်စာနှင့်တကွ ဌာနခွဲ များလဲ နိုင်ငံအနှံ့အပြားမှာရှိတယ် သည်သတင်း လွှာစာစောင် ဆရာ့ကို ကျွန်တော် မမှလက် ဆောင် ပေးလိုက်ပါမယ်''

''အခု ရဟန်းခံမယ့်လူတွေရဲ့ နာမည်နဲ့ လိပ် စာတွေပါ လိုချင်တယ်ဗျာ''

''ဟာ ရမယ်၊ ရမယ်၊ ဟောဟို ပုဂ္ဂိုလ်က နိုင်ငံခြားခေါင်းဆောင် မစ္စတာဂျွန်ကိုး(လ်)မင်း တဲ့၊ ဆရာကြီး ဦးဘခင်ထံမှာ အခါများစွာ အကြိမ်များစွာဥပနိဿယခံယူထားပြီး အင်္ဂလန်၊ ပြင်သစ်၊ ဆွီဒင်မှာ တရားလှည့်လည် ပြသပေး နေတဲ့ ဆရာကြီးပေါ့''

အသက် လေးဆယ် ပတ်ဝန်းကျင်လောက် ထောင်ထောင် မောင်းမောင်း နှုတ်ခမ်းမွှေးချောချော လူကြီးက ကျွန်တော်နှင့် ဦးသိန်းတိုး ရှိရာကို ပြုံးရွှင်စွာဝင်လာသည်။

ဦးသိန်းတိုးက မိတ်ဆက်ပေးပြီးသော် ကျွန် တော်က စပ်စုကြည့်သည်။

''လူကြီးမင်းကိုယ်တိုင် ဗုဒ္ဓတရားကို ဘယ်လို စိတ်ဝင်စားလာသလဲ ဆိုတာ မေးခွင့် ပြုနိုင် ပါမလား''

''ဟာ ကျွန်တော်အများကြီး လိုလိုလားလား ဖြေလိုက်ချင်တာပေါ့။လောကမှာသိပ္ပံပညာတွေ တိုးတက်လာသလောက်၊ ဇိမ်ခံပစ္စည်းတွေနဲ့လိုတာ ရနေကြသလောက်၊ လူသားတွေရဲ့စိတ်မှာ အေး ငြိမ်းကြသလား၊ ပိုပြီး ပူလောင်တလာကြတယ်၊ ပိုပြီ စိုးရိမ်ပူပန်လာကြတယ်၊ ဒါကို ဗုဒ္ဓကျမ်းစာ အချို့မှာအဖြေရှာကြည့်တယ်၊တနေ့မှာဆရာကြီး ဦးဘခင်နှင့် အဆက်အသွယ်ရလာတယ်၊ သူနဲ့ တွေ့တော့ စိတ်အေးငြိမ်းနိုင်တဲ့သီလ၊ သမာဓိ၊ ပညာအကြောင်းတွေ ပိုသိလာရတယ်၊ သူဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ဆရာပါပဲ၊ ခင်ဗျားတို့က ပိုသိလိမ့်မယ်လို့ ယုံကြည်ပါတယ်''

'သေဟဲ နန္ဒိယ' ကျွန်တော့်နှုတ်က အသံ မထွက်ပဲ မြည်တမ်းလိုက်မိပါသည်။ သူထွက်သွား တော့ ဦးသိန်းတိုးကို မေးလိုက်ရပြန်သည်။

''ဒီလူက ကြားဖူးနားဝ လေ့လာဖူးတယ် ယားပါတော့၊ သည့်ပြင်လူတွေအတွက်က ဘယ် လိုလဲ ဦးသိန်းတိုး''

''ဆရာ ဘာကိုဆိုလိုတာလဲ''

''ဩော် ရဟန်းတို့ရဲ့ဝိနည်းတို့ဘာတို့ပေါ့''

''အခု ရဟန်းလောင်းတိုင်း ဘိက္ခု ပါတိမောက်ကို လေ့လာ သုံးသပ်ပြီးကြပြီ ဆရာရဲ့၊ လွန်ခဲ့တဲ့နှစ်တွေမှာ ဆရာကြီး ဦးဘခင် ရှိစဉ်ကတည်းက ရဟန်းသာမဏေများအတွက် ကျင့်စဉ် ဥပဒေဆိုတဲ့ အမည်နဲ့ စာအုပ်ကို ဦးဘခင်ကိုယ်တိုင်ရေးပြီး ဖြန့်ချီသားတယ်လေ၊ (၂၂၇) သွယ်သော သိက္ခာပုဒ်အကျဉ်းပေါ့၊ တချို့များ အလွတ်အာဂုံ ဆောင်ရကြတယ်၊ ဆရာလဲ သိပါတယ်၊ တနေ့တနေ့မှာ မိုးလင်းက မိုးချုပ်အထိ ဆွမ်းစားချိန်၊ အိပ်ချိန်မှအပ တရစပ်တရားထိုင်နေကြတာဆိုတော့ ဝိနည်းတော်အရ အပြစ်ကြီးငယ် နည်းပါးကြမှာပေါ့၊ မဟုတ်ဘူးလား''

''အင်း....ပိဋကသနာကများယင် အာပတ်က နည်းတာပေါ့လေ''

''ဆရာအကဲခတ်ကြည့်ပေါ့၊ကဲ ပထမတသုတ် ရှင်ပြုကြတော့မယ်–လာ''

ဦးပြည်း စိမ်းစိမ်း လတ်လတ် ဆတ်ဆတ်များဖြင့် ဝိဘ်ဖြူ ကိုလက်ကတော့စမှယ်တင်လျက် ဗမာလုံချည် ကိုယ်စီဝတ်ကာ ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံတော်ဝယ် ဌာန်ကရိုဏ်းကျကျ (နိုင်ငံတကာ ပါဠိသံဖြင့်) သင်္ကန်းကပ်၊ သင်္ကန်းတောင်းများကို ကိုယ်တိုင် ရွတ်ဆိုလျှောက်ထားတောင်းပန်ကြသည်ကို တွေ့မြင်ကြားနာရသည့်အခါ မလေးစားပဲ၊ မကြည်ညိုပဲ မနေနိုင်တော့ပါ။ သာမဏေ သီလတောင်းခံရာတွင် သရဏဂုံဆောက်တည်ပုံမှာလည်း သိထိလ ဓနိတ စသော သဒ္ဒါနှင့်အညီ ဌာန်ကရိုဏ်းပယတ်ကျနစွာ ဆရာတပည့်'နှစ်ဦး နှစ်ဘက်'ပီပီပြင်ပြင် ရှိလှသည်။

ထိုသို့ စနစ်တကျ လေ့လာ နားလည်ပြီးမှ လိုလိုချင်ချင် သဒ္ဓာဒေယျ ပဗ္ဗဇ္ဇာခံလာ ခံယူနေသော နိုင်ငံခြားသားများကို ကြည့်၍ မိမိအပြစ်ကို မိမိ သတိရသည်။

ကျွန်တော့်အသက်က ဆယ်နှစ်။

မိခင်က ကြွယ်ပို ကြွယ်ဝရှိသမျှ ကျွန်တော်၏ ဖခင် (မိခင်၏ ကွဲကွာနေသော ခင်ပွန်း) ကို ဂုဏ်တုဂုဏ်ပြိုင် စိတ်မာန်ဖြင့် ကြီးကြီး ကျယ်ကျယ် ရှင်ပြုမင်္ဂလာကြီးကို လုပ်သည်။

အင်္ဂလိပ်ကျောင်းသား ကလေး ဖြစ်သော ကျွန်တော့်မှာ ရှင့်ကျင့်ဝတ်များကို သိဖို့ထားလို့ ဘုန်းကြီး ကျောင်းနားသို့ပင် မရောက်ခဲ့ဘူးခဲ့။

ရှင်ပြုမှ ဆံရိတ်ကာ ဘုန်းကြီး တိုင်ပေးတာတွေကို လိုက်ဆိုရသည်။ ဆိုသည်သာ ပြောရမည် မပီမသ။ ပါဠိစကားလုံးတွေက ခက်ခက်ခဲခဲ။

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယဆိုသော အဓိပ္ပာယ်ကို လုံးဝမသိ။ သိစေဦးတော့ သံသရာ ဝဋ်ဆင်းရဲ ဆိုတာ ကြောက်စရာလား၊ နိဗ္ဗာန်ဆိုတာ လိုချင်စရာလားလို့ စဉ်းစားမိမှာ မဟုတ်။ဆွေတော်မျိုးတော်ကြားမှာ အရေးတယူ ခံရတာနဲ့ပဲ ပျော်လှပြီ။ ကိုရင်ကလေးဖြစ်ပြန်တော့ကော ကျောင်းပေါ်မှာ ပျော်ပျော်ပါးပါး ကစားပြီး ခေါက်ရက်အကြာမှာ ကိုရင်လူထွက်ပေါ်ချက် ဖြစ်ခဲ့သည်။ မိခင်က လွမ်းလှချည်ရဲ့ ဆိုတာနှင့် ကျွန်တော်ကလည်း သင်္ကန်းကလေးပုံ၊ လုံချည်ဝတ်ပြီး ဝမ်းသာအားရ ပျော်ပျော်ပါးပါးထွက်ခဲ့ပြီ။

ရှင်ပြုရခြင်းအရသာ ဘာတခုမှမသိလိုက်ရ။

မိခင်ကြီးမှာ ကုန်လိုက်ရတဲ့ငွေက လေးငါးထောင်။

ယခု ကျွန်တော့်မျက်မှောက်မှာ နိုင်ငံခြားသားတွေကို တွေ့နေရသည်။ မိုဘ်လေးငါးထောင်အကွာအဝေးက ခရီးစရိတ် ပမာဏ, ပြည်ဝင်ပြည်ထွက် ကရိယာ, ထိုဝေယျာဝစ္စတွေ ခံ၍ ကျိုးနွံ ကျိုးရက် ကျိုးနရာမှာ ဗုဒ္ဓသာသနာအမွေကို လာယူကြသည်။ ဗုဒ္ဓ၏ဓမ္မအရသာကို တကူးတကလာ၍ သုံးဆောင်နေကြသည်။

ကျိုကျိုဘက်ကြွယ်ပိုးကြွယ်ဝ ချမ်းသာသူများလား၊ မဟုတ်ပါ။ လခစားအလုပ်သမား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ တက္ကသိုလ်ဆရာ၊ မန်နေဂျာ၊ ကုန်သည်၊ စသည် စသည်များ။ မိန်းကလေးတွေကကော၊ စာရေးမ၊ ကျောင်းဆရာမ၊ အလှပြင်ဆိုင် ဖွင့်သူ၊ အဘွင်းရေးမှူး၊ သိပ္ပံကျောင်းသူ၊ ကုန်တိုက်ကြီးများက အရောင်းစာရေးမ စသည် စသည်များ။ လမ်းစရိတ်အတွက် လေးငါးခြောက်လ ငွေစုပြီး မိမိတို့၏ ရည်းစားများ၊ လက်ထပ်ပြီးစခင်ပွန်းများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် လိုက်၂ါခဲ့ကြသည်။

ရိပ်သာတွင် သူတို့၏ စားမှု သောက်မှု အဆောက်အအူ ဖြစ်စေခြင်းငှာ ဗန်ကောက်မှ ဆီဒုံး (ဖလက်စတစ် ဂါလံပုံးကလေးများနှင့်) နို့ဆီ၊ ကာဖီမှုန့်၊ သက်ဖက်ခြောက်၊ မုန့်သေတ္တာ၊ ချောကလက် စပျစ်သီးခြောက်၊ ဆပ်ပြာ၊ ဗီတာမင် ဆေးအမျိုးမျိုး၊ ဒါကလေး မျိုးတွေကို ကိုယ်စီကိုယ်ငှ တတ်နိုင်သမျှ ဝယ်လာ ပေးအပ်ကြသည်။

ရိပ်သာမှာ ဆယ်ရက် အလုပ်စခန်း ဖြစ်ရာ ဗီဇာအရခြောက်ရက်မြောက်တွင်ဗန်ကောက်သို့ ပြန်၍ ဗီဇာအသစ်ဖြင့် တဖန်ပြန်လာကြပြီး ဆက်လက် အားထုတ်ကြမည်။ ဆယ်ရက်ပြည့်လျှင် ဦးဘခင်၏ ဆရာဖြစ်သော အနာဂါမ် ဆရာသက်ကြီး တရားပြရာ ဒလပျော်ဘွယ်ကြီး ဓမ္မာရုံသို့ ဂါရဝပြုရန် တစုတဝေး သွားရောက်ကြည်ညိုကြဦးမည်။

ကျွန်တော် စဉ်းစားမိရပြန်ပါသည်။

ကြာမျိုးငါးပါးနှင့်အလွန်ကြည်လင်သာယာသော ကန်ကြီးတကန် ရှိသည်။ ထိုကန်ကြီး၏ ကြာဖက်အောက်တွင် ဖားသူငယ်လေးများ ကျက်စား ပျော်မြူး နေကြသည်။ ကြာပင်မှ ကြာဖူးများပွင့်အာ၍ ကြာဝတ်ဆံများက သင်းတပျံ့ပျံ့ ကြိုင်မွှေးနေကြသည်။ ကြာဖက်အောက်မှာ အမြဲနေသော ဖားသူငယ်သည် ရေပိုးရေမွှား ရှုံညွှန်များကိုသာစား၍ ကြာဖက်ပေါ်သို့တက်ကာ ခပ်ကြွားကြွားထိုင်လျက် ကြာရနံ့ကို ရှူသည်မှတပါး ကြာဝတ်ဆံကို စားရကောင်းမှန်း မသိပါလေ။ ထိုကြာဝတ်ဆံ၏ အရသာကို တကူးတကလာ၍သုံးဆောင်ခံစားရသူများကတော့ တောအထပ်ထပ်မြိုင်အရပ်ရပ်မှ ကြာပန်း အနံ့ကို ခံ၍ ရှာဖွေလိုက်လာကြသော ပျားပိတုန်း လိပ်ပြာများသာ ဖြစ်သည်။ ဖားသူငယ်က စားနေကြသူများကိုကြည့်ပြီး "သင်းတို့တတွေ ငါ့ကန်ထဲကအရသာကို လာစားနေကြရရှာတယ်၊ သနားလိုက်ပါဘိ" ဟု ဂုဏ်ယူ ဝင့်ကြွားလျက် ကြာဖက်ပေါ်က ခန့်ခန့် ညားညား မဟာကရုဏာ ပွားနေရှာသည်။

ကျွန်တော်တို့ကိုယ်တိုင် ကြာဖက်အောက်က ဖားသူငယ်များ ဖြစ်နေကြပြီလား။





# တရားထိုင်ခြင်း

တလောကလေးဆီက ကျွန်တော့်သူငယ်ချင်း တယောက် အိမ်သို့ ပေါက်လာပြီး....

''ဟေ့ကောင်....မင်း ဒေါက်တာအုန်းမောင် ဆိုတဲ့ 'စာရေးဆရာနဲ့သိလား'' ဟု ကောက်ကာ ငင်ကာ စကား အဆက်အစပ်မရှိ တုံးတိတိ မေးလိုက်သည်။

''စိတ်ရောဂါကု ဆရာဝန် စာရေးဆရာ ဒေါက်တာ အုံးမောင်လား သိပ် သိတာပေါ့။ ဘာဖြစ်လို့လဲ၊ မင်းကိုယ်တိုင် အကုခံချင်လို့လား၊ မင်းဆွေမျိုးထဲက ကုပေးစရာရှိလို့လား''

''မဟုတ်ပါဘူးကွာ....၊ သူရေးတဲ့ 'စိတ်သောက ပြဿနာများ' ဆိုတဲ့ စာအုပ်ထဲက ဆောင်းပါးတပုဒ်ကို ငါ ဘဝင်မကျလို့''

''သူက ဘာရေးထားလို့လဲ၊ စိတ်ရောဂါကု အထူးဆရာဝန်တယောက်က ရေးတဲ့ စိတ်ရောဂါ အကြောင်းကို မင်းကဘာများ ဘဝင်မကျစရာ တွေ့လာလို့လဲ၊ မင့်ကိုယ်တိုင်ကော နေလို့တော့ ကောင်းပါတယ်နော်-ဟဲဟဲ''

''ဟာ....တော်တော်နောက်တဲ့ကောင်ကွာ....၊ ငါက အကြောင်းပြောနေတာ၊သူ့ ဆောင်းပါးက 'တရားထိုင်လွန်သော်' တဲ့ ကွ၊ အကြောင်းက ကျောင်းထိုင် ဆရာတော်တပါး တရားထိုင်လို့ စိတ်နောက်သွားတဲ့ အကြောင်း''

''ဒါဟာ ဖြစ်နိုင်တာပဲဟာ၊ ဘာ ဘဝင် မကျစရာ ရှိလို့လဲ''

''ဖြစ်နိုင်တာတော့ ဟုတ်ပါတယ်၊သို့ပေမယ့် သူမှတ်ချက် ချထားတာက 'တရားထိုင်ခြင်းသည် ခံနိုင်ရည် မရှိသူတို့အဖို့ စိတ်နောက် စေတတ် ပါကလားဟု ကျွန်တော်ကထပ်၍ မှတ်ချက် ချမိပါတော့သည်'လို့ ဆိုတော့ ရိပ်သာက ယောဂီတွေ စိတ်မှာ ဘယ်လို ထင်သွားကြမလဲ၊ မထိုင်သေးတဲ့ လူများကသည်း ကြောက်ရွံ့ မသွား ပေဘူးလား''

''ကြောက်ယင် မထိုင်ကြနဲ့ပေါ့ကွ''

''ဟာ မင်းပြောမှ ပိုဆိုးနေပါပြီ၊ တယ်(ခွ) ပြောတဲ့ ကောင်ပဲ''

''ဟ....သူ ပြော ထား တာ အ ရှင်း ကြီး ကို မင်းက ရှုပ်အောင် တမင်လုပ်နေတာကို''

''ဒါဖြင့်လဲ မင်းက ငါ့ကို ရှင်းပြရောပေါ့''

''အေး... အဲ သ လို ဆို ပြီးသားနဲ့၊ မင်းက ဒေါက်တာအုံးမောင်ကို ဝေဖန်နေတော့ ငါက ဘယ့်နှယ်လုပ် ပြောရမလဲ၊ ကဲ....သူ့ ဟာ က အရှင်းကြီး၊ (ခံနိုင်ရည်မရှိသူများအဖို့)တဲ့ ဘာ

ပြောဦးမလဲ၊ သူပြောတာ မဟုတ်ဘူးလား- ဟုတ်လှပေ့၊ဘယ်လိုဟုတ်သလဲလို့မေးဦးမလား၊ ခံနိုင်ရည် မရှိသူများ အဖို့ကတော့ဖြင့် စီးပွား ပျက်ယင်လဲ ရူးမှာပဲ၊ လင်ငယ် မယားငယ် နေလဲ ရူးမှာပဲ၊ စာမေးပွဲကျယင်လဲ ရူးမှာပဲ၊ အရက် သိပ်သောက်လဲ ရူးမှာပဲ၊အဲ....တရားထိုင်တယ်လို့ ပြောတာသက်(မတရားထိုင်)တယ်လို့ ပြောယင် ပိုပြီး သဘာဝ ကျမယ်ထင်တယ်''

''ဘယ်လိုလဲ၊ မတရားထိုင်တယ် ဆိုတာက အလွန်အကျွံ ထိုင်တာကို ပြောတာလား''

''အလွန်အကျွံ ဆိုကတည်းကတရားထိုင်တာ မဟုတ်တော့ပါဘူး။ ဒီနေရာမှာ နေ့ရေးညပါ (တရစပ်)ထိုင်တာကို အလွန်အကျွံ လို့ မပြောနဲ့၊ ဒါက သမ္မာဝါယာမ၊ဝီရိယပေါ့၊အကြောချည်း ကျန်ပစေ၊ အရိုးချည်း ကြွင်းပစေလို့တောင် အဓိဋ္ဌာန်တင်ကြဘာရှိတယ်၊ အလွန်အကျွံ ဆို တာက မဇ္ဈိမပဋိပဒါ လမ်းစဉ်မကျတာ၊ အတ္တ ကိလမထ ဖြစ်နေတာကို ပြောတာ''

''မင်းပြောတဲ့(မတရားထိုင်)တယ်ဆိုတာက ဘာလဲ''

''တရားထိုင်ယင်းနဲ့ မ တ ရား တာ တွေ ကို ဖောက်လွဲဖောက်ပြန် လက်ခံနေမိတာ၊ ပါဠိလို ပြောရယင် သမ္မာသက်မှ မဖြစ်တာ''

''သမ္မာသက်ပ္ပဆိုတာက မှန်သော ကြံစည် ခြင်းဆိုတဲ့ မဂ္ဂင်ရှစ်ပါး တရားပဲ မဟုတ်လား၊ တရားထိုင် ကတည်းက အဲသည့် မဂ္ဂင်ရှစ်ပါး တရားနဲ့ ထိုင်တာမဟုတ်လား''

''ဆုတောင်း ကြတာတော့ ဗုဒ္ဓဘာသာမှန် သမျှ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနဲ့ ရနိုင်ပါစေလို့ ဆုတောင်းကြဘာပဲ၊ ဒီလိုပဲ ဝိပဿနာရှုတယ်၊ တရားထိုင်တယ်၊ ကမ္မဋ္ဌာန်းထိုင်တယ် ဆိုသမျှလဲ ရည်ရွယ်ဘာတော့ တမဂ် တဖိုလ်ပဲ၊ 'စာမေးပွဲ အစစ်ခံရတော့ (သန်ကျ)တာတွေ ရှိဘာပေါ့၊ သောက ဥပမာတွေ ရှိတယ်၊ စစ်ဖိုလ်လောင်း တယောက်ဆိုယင် ယူနီဖောင်းနဲ့ သပြေခက် တပ်နိုင်ဖို့အရေး အကြမ်းပတမ်း အတော် အမွတ် ဒုပေနာပေ အတိုက်အခိုက် ခံနိုင်ရည် ရှိမရှိ အကြံ အဖန် ဉာဏ်စွမ်း ဉာဏ်စ၊ သတ္တိ ကောင်း မကောင်း၊ ခန္ဓာကိုယ်ရော စိတ်ဓာတ်ပါ အစစ် အဆေး ကိုယ်တွေ့လက်တွေ့ ခံကြရမယ်၊ လွယ် လွယ်ကလေးနဲ့(လေချွန်ပြီး)ဗိုလ်မဖြစ်ဘူး၊ ဒီလိုပဲ နိဗ္ဗာန် မဂ်ဖိုလ် အလို့ငှာ တကယ် ဖြစ်အောင် တကယ်ကြိုးစားလာတဲ့ အခါကျတော့ အဟန့် အတား အစစ်အဆေး အနှောင့် အယှက်တွေနဲ့ ရင်ဆိုင် ယှဉ်ပြိုင် ကြရမယ်၊ စားကောင်း အိပ် ကောင်း ကျန်းမာရေးလောက်၊ ပါရမီ အထုံ အဆက်သောက်၊ စိတ်ချမ်းသာရုံလောက်၊လူများ အမြင်ခံရဖို့လောက် ဆိုယင်တော့ ပြင်းပြင်း ထန် ထန် ထိထိရောက်ရောက် အစမ်းအသပ် စာမေးပွဲ မျိုးက မလာပါဘူး''

''ဘယ်သူက စမ်းတာလဲ၊ မာရ်နတ်က စမ်း တာလား၊ မာရ်နက် ဆိုတာကော တကယ်ရှိ သလား''

''မင်းကိုယ်တိုင် ဗုဒ္ဓကိုယ်တော်ကို မာရ်ငါး ပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၊ အောင်ခြင်းရှစ်ပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားလို့ ရှိခိုးပူဇော်လေ့ရှိယင် မာရ် နတ် ရှိဘယ်လို့ ယုံကို ယုံရမယ်၊ ဘယ့်နှယ်လဲ'

''တချို့က မာရ်နတ်ဆိုတာ ခန္ဓာကိုယ်နဲ့ ရှိတာမဟုတ်၊စိတ်ယုတ်မာ ကိလေသာတို့ကိုသာ ဥပမာ တင်စားထားတာလို့ ပြောကြလို့''

''ဒါကြောင့် မင့်ကို မာရ်ငါးပါးကို အောင် တော်မူသော မြတ်စွာဘုရားလို့ ယုံရဲ့လား မေး တာ၊ မာရ်ငါးပါးဆိုတာကို ရေတွက်ကြည့်၊ (၁) ဒေဝပုတ္တမာရ်=ခန္ဓာထင်ရှား,လာ၍တိုက် သော မာရ်နတ်။ (၂)ကိလေသာမာရ်=(မင်း ပြောတဲ့ ကိလေသာစိတ်)။ (၃)အဘိသင်္ခါရ မာရ်=ဘဝသစ်အဖို့ ပြုပြင်တတ်သောကံတရား။

(၄)ခန္တမာရ်=နောက်တဖန် ခန္ဓာငါးပါး ဖြစ်နိုင်သေးသောကြောင့်။ (၅)မစ္စုမာရ်=နောက်တခါ သေရခြင်းသဘော။ ဒါကြောင့် မာရ်နတ်ဆိုတာ ခန္ဓာထင်ရှားရှိတဲ့ ပုဂ္ဂိုလ်ပဲ၊ အခြားသာ စကာတွေ အများကြီး ရှိပါသေးတယ်၊ အခုပြောလက်စက တရားထိုင်တဲ့ အကြောင်းသာ စကားစပ်ဖြစ်လို့ ဘော်လောက်မပါပြီ”

“ဒါဖြင့် တကယ် တရားထိုင်တဲ့ ယောဂီကို မာရ်နတ်က လာ၍ စမ်းတယ်လား”

“အမယ်ခင်း....ယောဂီတိုင်းကို မာရ်နတ်က ကိုယ်တိုင်သာစမ်းဖို့ ရေးကြီးခွင်ကျယ် မလုပ်ပါဘူးဗျာ၊ သာသနာဝင်မှာ ရဲရဲတောက် ပုဂ္ဂိုလ်ကြီးများကိုသာ စုံစမ်းတယ်လို့ ကြားဖူး နာဖူးပါတယ်၊ သာမန် ယောဂီလောက်များကို ကိုယ်တိုင်လာစမ်းဖို့က ရာရာသာ၊ သူ့စစ်တပ်(၁၀)တပ် လွှတ်လိုက်ရုံနဲ့(ကျဆုံး)ကုန်တာ များပါတယ်၊ ဒေါက်တာအုံးမောင်ပြောတဲ့ ကျောင်းထိုင်ဘုန်းကြီးမှ အစပေါ့”

“အဲသည့် မာရ်နတ်ရဲ့(၁၀)တပ်ကို ပြောပါဦးကွာ၊ ကျေးဇူးပါပဲ”

“(၁)ကာမရာဂ=ကာမဂုဏ်၌ တပ်မက်မှု။ (တရားထိုင်နေရာမှ ကာမဂုဏ်က ပေါ်ရသေးသလားလို့ မပြောနဲ့၊(သမာဓိကလေး နည်းနည်းမှ ရခယ်မကျန်သေးဖူး အတိတ်က ခံစားခဲ့ဖူးတဲ့ ကာမဂုဏ်ဖြစ်စေ၊ မိမိ တောင့်တခဲ့ဖူးတဲ့ ကာမဂုဏ်ဖြစ်စေပေါ်လာတတ်တယ်၊ ပေါ်သမှ လက်တွေ့ ခံစားနေရသလို ကွက်ကွက်ကွင်းကွင်း ဖြစ်သို့(တပ်သန်)ကျပါလေရော။)

“(၂)အရတိ = ကိုယ် တရား ထိုင်နေတာကိုပဲ မမွေ့လျော်နိုင် ဖြစ်သာတာ။(ဒါလဲ မဖြစ်ဖူးချား မအောက်မေ့နဲ့၊ ထိုင်ရတာ(ခွင်)မကျ သလိုသို မှတ်ရတာ ကျဲဘောက်တောက်လို၊ ငါ နှယ်-အချိန်တွေသာ ကုန်နေတယ်၊ ဘာမှလဲ မ(ဘာ)သေး ဘူးနော် – ဆိုတဲ့ စိတ်မျိုးတွေနဲ့ ပျင်းရိလာတာ)။

“(၃)ခုပ္ပိပါသ = ဆာ လောင် မွတ် သိပ်မှု၊ (ဒါက သိသာပါတယ်– ဖျောက် လို့ တောင် မရဘူး)

“(၄)တဏှာ=ဆာလောင်တာတွေ၊ လိုချင်တာတွေ၊ စိတ်ထဲကရှာတယ်၊ကိုယ်တိုင်က ထရှာတယ်။ ရလို့စားကြည့်၊ တသက်လုံးက စားခဲ့ဖူးသမျှသောအာဟာရထွေထက် ရသတဏှာပေါ်တတ်တယ်။

“(၅)ထိနမိဒ္ဓ=ငိုက်မျဉ်းတယ်၊အိပ်ချင်တယ်၊ ဖြတ်ကနဲ မှိန်းလိုက်မိတဲ့ အရသာကို ရှာန်ရလိုက်သလားလို့တောင် အလိမ်ခံရသေးတယ်။

“(၆)ဘီရု=ကြောက်လန့်တယ်။(တောထဲမှာ ဆိုယင် သစ်ငုတ်ကို တစ္ဆေဘီလူးထင်တယ်၊ အိမ်ထဲ ကျောင်းထဲမှာဆိုယင် ကုလားထိုင် စားပွဲက အစ ငုတ်တုတ်ကြီး လာထိုင်နေသလို မိမိနောက်ကို တစုံတယောက်က လာရပ်နေသလို၊ အမွှေးနံ့သာ အနံ့ ရလာသလို ပုပ်စော်နံလာသလို၊ ကျိုးကျိုးကျွတ်ကျွတ်ကြားရသလို၊ အိမ်ခေါင်မိုးပေါ်က အသံကြီးနဲ့ ပြောတာကို မသဲမကွဲ ကြားရသလို ကြောက်စရာပေါင်းစုံ တမျိုးမျိုး ဖြစ်လာတယ်၊ (အဲသည့်အခါမှာ ရှူးတတ် ကြဲတာပေါ့။)

“(၇)ဝိစိကိစ္ဆာ=ယုံမှား သံသယ ဖြစ်လာတယ်၊ ငါ အခုလုပ်တဲ့နည်းဟာ မဟုတ်လို့များ သည်အထိ ကြန့်ကြာ နေတာလား၊ သည့်ထက် ကောင်းတဲ့နည်းများ ရှိသေးသလား။

“(၈)မက္ခထမ္ဘ=ခက်ထန်လာခြင်း။ သည်လောက်ကြာအောင်အဆင်းရဲသာခံလာရတယ်၊ ဘာတခုမှ မ(ဘာ)သေးတာ ဒေါသ ဖြစ်ရောကောင်းတယ်၊ ဘာကျေးဇူးမှ မရှိဘူး၊ အလကားပဲ။

''(၉)လာဘ၊ သိလောက၊ သက္ကာရ၊ မိစ္ဆာလဒ္ဓ=သာဘ်လာဘ၊ ပူဇော်၊ ကျော်စော၊ (အဲ-ပြောခဲ့တဲ့ အဆင့် (၈) စစ်ပွဲအထိ နိုင်လာခဲ့တဲ့ ယောဂီကျတော့ နူးနူးညံ့ညံ့ လက်နက်နဲ့ တိုက်ပါလိမ့်မယ်၊ လာဘ်လာဘ ရွှေငွေပစ္စည်းကအစ လိုချင်တာတွေ မိမိကအလှူခံပဲနဲ့ သဒ္ဓါကြည်ညို လှူသိုဘဲ့ ဒါနရှင်တွေ ဝိုင်းဝိုင်း လည်လာမယ်၊ ပိုသျှ လွှန်းလာတော့ ဘုရားတည်ရကောင်းနိုးနိုး၊ သဘ္ဘာခြေတွေ ကို သာသနာပြုပေးရ ကောင်းနိုးနိုး ဖြစ်လာတယ်၊ ထင်ပေါ် ကျော်စော လာမယ်၊ အချပ်စကား ပါးစပ် သဘင်းတွေက ဈာန်ရသလိုလို ကိုယ်ပျောက်သလို၊ နှစ်ကိုယ်ခွဲနိုင်သလို၊ တ, လိုက်လျှင်ကြွသာသလိုလို၊အဲသည့်(သလိုလို) ကောလာဟလ များက ပင့်မြှောက်ပေးမယ်၊ သက္ကာရ အပူဇော်ခံအရိုအသေပြုတာက လူသာမက အချိုးအနည် မသင်ရှားတဲ့ နတ်တို့သို၊ ဝိဇ္ဇာတို့လို၊ အသက်ဂိုဏ်းဆရာကြီးများ လိုလို ပုဂ္ဂိုလ်ကြီး တွေပါ သာသနာမှ (သံဃာကျောင်းကွဲ) လမ်းစဉ်တွေနဲ့ သိမ်းသွင်း ဆွဲဆောင်တတ်တယ်။ အဲသည့်သမ်းကို နားယောင်လိုက်တာနဲ့မိစ္ဆာလဒ္ဓ ဘုရားမြတ်စွာ ချီးမွမ်းတော်မမူတဲ့၊ ကဲ့ရဲ့တော်မူတဲ့ လာဘ်သာဘရှာနည်းဖြင့် ရှာမိတတ်တယ်။

''(၁၀)အတ္တုက္ကံသနပရဝမ္ဘန=မိမိကိုယ်မိမိ ရဘန္တာသောက် အသင်ဦးလွှန်းလာမယ်၊ သူတပါးကို (ကိုယ်ရည်ဘန်းတူ အပြိုင်) ဆိုလျှင် မိစ္ဆာဒိဋ္ဌိလောက် အသင်သေးမယ်၊ ချိုချို ဖွဲ့ဖွဲ့ နှိမ်ပြောမယ်၊ အဘိဓမ္မာ ဗျာပါဒနဲ့ စိတ်ညစ်ညူး နေမယ်၊ အဲသည့်အကြောင်း (၁၀)ပါးဟာ မာရ်နတ်ရဲ့ စစ်သည်တော်များ၊ သို့မဟုတ် စိတ်ခေတ် စစ်ဆင်ရေးပရိယာယ်များလို့ ကျမ်းဂန်မှာ ဆိုတယ်''

''အဲဒါတွေက တဆင့်ပြီးတဆင့် လာတာမျိုးလား''

''ဟုတ်ပါတယ်၊ ပထမဆုံး အဆင့်မှ ဒသမအဆင့်အထိပေါ့၊ ပထမတပ်နဲ့တိုက်လို့ မအောင်ယင် ဒုတိယတပ်မတော် လာမှာပေါ့၊ တတိယနဲ့ မရယင် စတုတ္ထ-ဒီလိုပေါ့၊ ဒါကို ခံနိုင်ရည်မရှိယင် ရိုးရိုးရှုံးလျှင်ရှုံး၊ ရိုးရိုးမရှုံးယင် ရှုံးပြီး ရှုံးတာ်ကြတယ်. ဒါကြောင့် ဒေါက်တာအုံးမောင်က 'ခံနိုင်ရည်မရှိလျှင် စိတ်နောက်ဘတ်သည်' လို့ ရေးတာ မှန်တာပေါ့၊အဲ-အောင်မြင်သွားတဲ့ ပုဂ္ဂိုလ်များ မရှိဘူးလား ဆိုတော့ ရှိကြပါလိမ့်မယ်. သို့သော် အောင်မြင်သော သူတော်ကောင်းများက အများသိအောင် ကြော်ငြာပြီး မိမိကိုယ် မိမိဖော်ပြောကြတာမှ မဟုတ်ပဲ၊ တို့က ရှုံးသွားတဲ့ လူတွေကိုသာ တွေ့နိုင်ကြတာကိုး''

''ဒါဖြင့် ခံနိုင်ရည်ရှိအောင် ဘယ်လို ကျင့်ရမလဲ''

''သူငယ်ချင်း မေးခွန်းက လွန်လာပြီ၊ ဥပနိဿယ ဆရာတော်ကြီးများက ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံမှာ တရားနာယူ ကျင့်ဆောင်ဘော်မူပါ။ အခု မင်းက စာရေးဆရာ ဒေါက်တာ အုံးမောင်ရဲ့ ဆောင်းပါးကို ဆွေးနွေးလာလို့ (ဆရာ ဦးအုံးမောင်ကိုယ်စား မဟုတ်ဘဲနဲ့) ကျွန်တော် ကြုံးဖူးနားဝ ဖောက်သည်ချရခြင်းသာ ဖြစ်ပါတယ်ခင်ဗျား။

# လူတော်လူကောင်း
# နှင့်
# လူကောင်းလူတော်

အချိန်ကာလကား သက္ကရာဇ် ၇၆၇-ခုနှစ်၊ အင်းဝခေတ် မင်းကြီးမင်းခေါင် လက်ထက်။

နေရာဌာနကား မွန်နှင့်မြန်မာ နယ်ခြားသစ်ကညင်ဟူသော ဒေသ။

တမိတည်းသား ညီအစ်ကိုများသည် စကားမခြေခင် ခိုက်ရန်ဒေါသဖြစ်သည့်အခါ ဖြစ်ကြ၍ သာယာရွှင်ပျ ချစ်ကြည်လည်ယှက် ပေါင်းဖက်သည့်အခါလည်း ပေါင်းဖက်နေတတ်ကြသကဲ့သို့ မွန်နှင့်မြန်မာတို့သည်လည်း ရာဇဝင်အဆက်ဆက် စစ်မက်ရေးရာပေါ်သည့်အခါ ပေါ်၍ ခေါ်ပြောဆက်ဆံ သက်နှံချစ်ကြည်သည့် အခိုက်အခါများလည်း ရှိပေသည်။

ထိုနေ့သည် မွန်-မြန်မာနှစ်ဘက်စလုံး ရွှင်ပြုံးကြည်သာ မင်္ဂလာအခါတော်နေ့ကြီး ဖြစ်သည်။ အင်းဝမင်း မင်းကြီးမင်းခေါင်၏ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာနှင့် ဟံသာဝတီမင်း ရာဇာဓိရာဇ်၏ ပညာရှိအမတ် သိဟပတေ့တို့ ဆုံတွေ့ ကြည်ညို ပြည်ထဲရေး ဆိုကြမည်ဖြစ်သည်။

လှုပ်လှုပ်ရွရွ များလှသောင်းသောင်း မွန်-မြန်မာ ပရိသတ် အပေါင်းတို့သည် မိမိတို့၏ ခေါင်းဆောင် ပညာဝန် ပဏ္ဍိတ်ကြီး များ၏ စကား အချေအတင်တို့ကို ကြားနာ နိုင်ကြရန် (သာကစ္ဆ) မဏ္ဍပ်ကြီး ပြည့်လျှံအောင် နေရာယူထားကြသည်။

ကောင်းနိုးရာရာရသာထွေပြားသောမြန်မာ့ အစားအစာ၊ မွန်တို့၏ အစားအသောက်တို့ကို (ချောင်းပေါက်)အောင် တဦးကိုတဦး တဘက်ကိုတဘက် သဒ္ဓါဒေယျ ကျွေးမွေး ဧည့်ခံကြသည်။ မြန်မာတူရိယာ၊ မွန်တူရိယာ တို့၏ အသံမှာ အပြိုင်အဆိုင် တီးမှုတ်ဖြေဖျော်နေကြသည်။

မဏ္ဍပ်ကြီး၏ အလယ်ဗဟိုတွင် လှပ ဆန်းကြယ် ခန့်ထည်သောနေရာ အမွန်အမြတ် နှစ်ခု ထားရှိသည်။

မြန်မာ တူရိယာနှင့် မွန် တူရိယာ တို့ ပြိုင်တူ တခဲနက် ပြုလိုက်သော အသံနှင့်အတူ ပဏ္ဍိတ်ကြီး နှစ်ဆူ ရှေ့စဉ်နောက်ဆက် ကြွရောက်ဝင်တော်မူ လာကြသည်။ မွန်-မြန်မာ ပြည်သူပြည်သားများက....

''ဝန်ဇင်းမင်းရာဇာ သက်တော် ရာကျော် ရှည်ပါစေ''

''သိဟပတေ့ ပညာရှိကြီး သက်တော် ရာကျော် ရှည်ပါစေ' ဟု ကောင်းချီးဆုမွန် ပြုကြသည်။

အသက်အရွယ်ကြီးသော ဝန်ဇင်းမင်းရာဇာက သိသိမြင့်သောနေရာကို ယူ၍ အသက်အရွယ် (မင်းရာဇာထက်) ငယ်သော သိဟပတေ့က သိသိနိမ့်သော နေရာကို ယူလိုက်သည်၊

ပရိသတ်ကြီးမှာ လှုပ်လှုပ် ရွားရွားရှိရာ မီးကို ရေနှင့် သတ်လိုက်သလို ဆိတ်ငြိမ် သွားသည်။ မုံသောက်မာတင် ပညာရှင်ကြီး တဦး ဦးဏ မည်

သို့ စကား စ လိုက်မည်နည်းဟု မမိုတ်သောမျက်စိ၊ ဖွင့်အပ်သော နားဖြင့် ငံ့လင့်ကုန်၏။ မင်းရာဇာက မတုန်မလှုပ် မုတ်ဆိတ်ကျင်စွယ်တို့ ကို သပ်၍ အကဲခတ်နေသည့်အခါ သီဟပတေ့က ရွှေသားစစ် ကွမ်းအစ်ကိုလှပ်၍ ကွမ်းချပ်(ကွမ်း ညှပ်)ဖြင့် ကွမ်းသီးကို အသာအယာညှပ်နေလိုက်သည်။ ဗုဒ္ဓ၏ယဉ်ကျေးမှုကား ကြီးသူက စကားမိန့်ဟပြီးမှ ငယ်သူက ပြောဆိုဖြေကြားရပေမည်။ ထို့ကြောင့် မင်းရာဇာကချောင်းတချက် ဟန့်လိုက်၍....

"အမတ်ကြီး သီဟပတေ့၊ ငါတို့နှစ်ပါးပညာရှိများ၏အဆိုကိုဆိုကြမည်လား၊သို့မဟုတ်စစ်သူကြီးတို့၏ အဆိုကို ဆိုကြမည်လား" ဟုစကားဦးသန်းသလို မေးမြန်းလိုက်သည်။

"ပဏ္ဍိတ်ကြီး မင်းရာဇာ၊ ပညာရှိများ၏အဆိုကား အဘယ်သို့၊ စစ်သူကြီးများ၏ အဆိုမှာ အဘယ်နည်းဟု သီးခြား ဖွင့်ဆိုတော်မူပါ" ဟု သီဟပတေ့အမတ်က အဘိယာစက လုပ်လေသည်။

"အမတ်သီဟပတေ့၊ ပညာရှိတို့၏ အဆိုကား မှန်လျှင်လည်း ဝမ်းမြောက် ဝမ်းသာ၊ မှားလျှင်လည်း အကြည်အသာ မေတ္တာကိုရှေ့ရှုသင့်တင့်အောင် ပြုကြပါသည်၊ စစ်သူကြီးတို့၏အဆိုကား ကိုယ့်အလိုကို လိုက်လျှင်သာ ကြိုက်တတ်၍ ကိုယ့်အလိုနှင့်ဆန့်ကျင်မှု ပြုစုဒေါသဖြစ်ကုန်ကြပါသည်၊ 'ငါ့စကားနွားရ' အတိုက်အခံ ငြင်းခုံတတ်ကြပါသည်၊ ယခု ငါတို့နှစ်ပါးမည်သည့်အလိုနှင့် စကားဆိုကြအံ့နည်း"

"ပဏ္ဍိတ်ကြီး မင်းရာဇာ၊ ကျွန်တော်တို့နှစ်ပါးသည် ပညာရှိများ၏အဆိုကို ဆိုကြပါစို့၊ ပညာရှိမင်းကြီးရာဇာ၊ လောကနီတိ ဆရာများ၏ အဆိုအမိန့်တရပ် ရှိပါသည်၊ ဤလောကမြေအမြင့်၌ နာရီ-သတို့သမီးငယ်သည် လည်းကောင်း၊ ဥစ္စု-ကြံ ပင် သည် လည်း ကောင်း၊ သာခုံဝါကျ-ပညာရှိ သူ တော် ကောင်း တို့ ၏စကားသည် လည်းကောင်း၊ ထိုသုံးပါးတို့သည်အမွန်အမြတ် အမြိုက်အရသာ ရှိလှ၏ဟု ဆိုပါသည်၊ထို့ကြောင့် အရှင့်အား ဤကြံဖြူကိုဆက်ကပ်ပါ၏၊ ဤကွမ်းချပ်ဖြင့် ညှပ်၍ အမြိုက်အရသာကို သုံးဆောင် ခံစားတော်မူပါ"ဟုသီဟပတေ့က ကြံနှင့်အတူ ကွမ်းချပ်ကို ရိုသေစွာ ဆက်ကပ်လိုက်သည်။

"ကောင်းပေစွအမတ်သီဟပတေ့၊ချစ်ကြည်သော အဆွေ ခင်ပွန်းတို့က ပေးကမ်းသောဘောဇဉ်အရသာကို စားသုံးရခြင်းသည် မင်္ဂလာ ရှိပေသည်၊ သာခု-သာခု"ဟု လက်ခံကာကွမ်းချပ်ဖြင့် အပိုင်းပိုင်းညှပ်ကာ စားသုံးစ ပြုလေသည်။

မွန်-မြန်မာပရိသတ်ကြီးကားစိတ်ဝင်စားစွာစောင့်ကြည့်နေကြဆဲ ဖြစ်သည်။

အမတ်ကြီးမင်းရာဇာသည် ကြံကို အဖျားမှစ၍ ညှပ်ကာစားသည်ကို သီဟပတေ့က ဤသို့မေး၏။

"ပဏ္ဍိတ်ကြီး မင်းရာဇာ၊ ကြံကို အဖျားမှအဘယ်ကြောင့် စ၍စားပါသနည်း"

"အမတ် သီဟပတေ့၊ ချစ်ကြည်စွာသောသင်က လောကနီတိ ကျမ်းလာ အရသာကိုဆက်ခြင်းကြောင့် ငါက လောကနီတိ အဆိုအမိန့်အတိုင်း စားခြင်းဖြစ်သည်၊ လောကနီတိ၌ကာမဂုဏ် အရသာတို့ကို တရွေ့ရွေ့တိုး၍သာခံစား သုံးဆောင်ရမည် ဆိုသည်တကား၊ ကြံတို့သည် အဖျားပိုင်းထက် အရင်းက ပို၍ချိုမြသည်ဖြစ်ရာ ထိုအရသာကို တိုး၍ခံစားမည် ဖြစ်သတည်း"ဟု ဖြေလိုက်သည်။

ပရိသတ်ကြီးက 'ဟုတ်ပါပေသည်၊ မှန်ပါပေသည်'ဟု အုတ်အုတ်ကျက်ကျက် ပြောကြလေ၏။ ထိုအခိုက် သီဟပတေ့က ပရိသတ်၏အသံကိုထွင်းဖောက်၍ ပြောလိုက်သည်။

"ပညာရှိအမတ်ကြီး မင်းကြီး မင်းရာဇာ ခင်ဗျား၊ အရှင်၏စကားသည် လောကနီတိ စကားဖြင့်ကား ညီညွတ်ပါပေ၏၊ သုံးလောက ထွတ်ထား မြတ်စွာဘုရား၏တရားဒေသနာတော် နှင့်သော် လွဲချော်မည်ရှိရသည်၊ အနိစ္စဟူသည် ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ မရဏာသဘော ဖြစ်နိုင်သည်ဟု ဟောတော်မူရကား ပို၍ချိုမြသည့် ကြံ၏အရင်းပိုင်းမရောက်မီ ခန္ဓာကိုယ် ဖောက်ပြန်ပျက်စီး အချည်းနှီး ဖြစ်ခဲ့သော် ကြံအရင်းပိုင်းကိုမျှ မစားလိုက်ရရှိမည် မဟုတ်ပါလား ခင်ဗျာ"ဟု စောဒကတက်လိုက်သောအခါ ပရိသတ်ကြီးမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြလေသည်။

"သွားပြီ၊ မြန်မာပညာရှိကြီး ရှုံးပြီ"ဟု မွန်ပရိသတ်က တိုးတိုးတိတ်တိတ် ဝေဖန်ကြသည်။

"မှားပြီ၊ တို့ပညာရှိကြီးတော့ မြင်းကောင်းခွာလိပ် အနှိမ်ခံရပြီ"ဟု မြန်မာ ပရိသတ်က ရင်ထုမနာ ဖြစ်ကြရှာသည်။ သို့သော် မင်းရာဇာမှာ မျက်နှာမပျက်၊ မနှစ်သက်ပုံ မရှိမတွေ့၊ ပြကတေ့နှလုံးဖြင့် ရွှင်ပြုံး လေးစားစွာ သီဟပတေ့ကို ကြည့်နေလိုက်သည်။

"အမောင်ပညာရှိ သီဟပတေ့"ဟု စလိုက်သောအခါ ပရိသတ်ကြီးမှာ ငြိမ်သက်သွားပြန်၏။

"မိန့်တော်မူပါ ဆရာကြီးခင်ဗျား"ဟု သီဟပတေ့က အလိုလို ရိုသေလာမိသည်။

"ငါ၏ စကားက လောကနီတိ ကိုသာ ကိုးကားသည်၊ အမောင်၏ စကားမှာ ပရမတ္ထတရား၊ ဗုဒ္ဓကိုယ်တော်၏ စကားဖြစ်ပါပေသည်၊ ထို့အတွက် အမောင်၏စကားက ငါ၏ စကားထက် ကောင်းမြတ် သာလွန်၏၊ ပညာဝန်တို့၏ စကားပြီသလှပေသည်၊ သာဓု သာဓု သာဓု"ဟု အရှုံးပေးလိုက်လေသည်။

မွန်ပရိသတ်များက အားပါးတရ လက်ပမ်းပေါက်ခတ် ကြသည်။ ဦးရစ် ခေါင်းပေါင်း လွှင့်မြှောက်ကြလေသည်။ မြန်မာပရိသတ်ကြီးမှာ ညှိုးလျော်ခွေပျောင်း ဦးခေါင်းညွတ်ကျိုး မရှိုးမရွ မျက်နှာမလှရှိကြသည်။

ထိုစဉ်အတွင်းအောင်နိုင်သဟူ၍ အသိအမှတ်ဆုံးဖြတ်ခြင်း ခံသားရသူ သီဟပတေ့က မင်းရာဇာ၏ ပုဆစ်ဒူးကိုကိုင်၍ ဆောင့်ကြောင့်ထိုင်ကာ ရိုသေစွာ ရှိခိုး ဦးတိုက်လိုက်ခြင်းကြောင့် နှစ်ဘက်သောပရိသတ်တို့ တအံ့တသြ ငေးမောတွေဝေသွားကြရသည်။

"အတုမရှိသော ပညာရှိ သူတော်ကောင်းကြီးအား ရိုသေမြတ်နိုး ရှိခိုးပါ၏"

သီဟပတေ့၏ အောင်မြင် ခန့်ညားသောအသံမှာ ကြည်နူးနှစ်သိမ့်လွန်းသော (ပသာဒဂုဏ်)နှင့်ပြည့်စုံ လိုက်လှဲ နေလေသည်။ ပရိသတ်ကြီးက လည်ကိုဆန့်၍ ငေးမျော်နားစွင့်နေကြပြီ။

"ပညာရှိ သူတော်ကောင်းကြီး ခင်ဗျား၊ အကြင်ပညာရှိဆိုသူများမှာ မိမိနိမ့်ပါးမှားယွင်းသည့်ဖြစ်စေ၊ အနိုင်မခံအရှုံးမပေး ရှုပ်ထွေးငွေလီ ဝက်ဝုတ္တိဖြင့် ဖြေဆည်၍ မိမိတို့သိက္ခာ မပျက်ရအောင် အာဘောင်အာရင် ငြင်းခုံ ဂနိုက်ကွက်မြဲဖြစ်ပါသည်။ ဗုဒ္ဓဂုဏ်လောင်း သူတော်ကောင်းများသာလျှင် အသက်ကိုစင် မခင်မတွယ် မှန်သော သစ္စာစကားကို နှစ်သက်မြဲဖြစ်ပါသည်၊ ယခု အရှင်ဘုရားကား ဗိုလ်ပုံများကြွယ် ကျော်ကြီးအလယ်၌ တကယ်မှန်သော သစ္စာစကားကို ထိပါးငြိယှက် အစွန်းမထွက်ပဲ လက်ခံလိုက်လျောကျွန်တော်အား အနိုင်ပေးလိုက်ခြင်း သဘောမှာ ပညာရှိ ဖြစ်သည်သာမက သူတော်ကောင်းကြီးဖြစ်ကြောင်းဦးခေါင်းနှင့်ကျိုးမြတ်နိုးယုံကြည်ရပါပြီဘုရား"

သီဟပတေ့က ပုဆစ်ဒူးချ၍ ရှိခိုးလိုက်ပြန်သည့်အခါ ပရိသတ်ကြီးပါ တညီတညာ ရှိခိုးကန်တော့လိုက်ကြလေသတည်း။

''သာဓုသာဓုသာဓု သီဟပတေ့၊မြတ်စွာဗုဒ္ဓသည် ဒေဝဒတ်တဦးကိုမျှ နိဗ္ဗာန်မဂ်ဖိုလ် မပေးနိုင်၍အနန္တသတ္တဝါတို့၏အကျိုးကိုမဆောင်ရွက်နိုင်ဟု ဆိုရမည်လော၊ သုံးကျွန်းလုံးကို အရောင်အဝါ ပေးနိုင်သော သူရိယ နေမင်းအား ဝါးလုံးအတွင်းဝယ်မလင်းနိုင်သဖြင့် ရောင်ခြည်တဆောင် အလင်းမဆောင်ဟု ဆိုနိုင်သလော၊ တနေ့ဘခဏမျှ ရွှေငွေမရှိကာနှင့် စကြဝတေးမင်းကို သူဆင်းရဲဟု ဆိုနိုင်မည်လော၊ အချင်းသီဟပတေ့၊ အမောင့်ကိုလဲ ငါက ချီးကျူးလိုက်ပါ၏၊ အကြင်ပညာရှိသူများသည် မိမိနှင့်ရည်တူပညာရှိများကိုလည်းကောင်း၊ မိမိထက် ပညာရှိသူများကိုလည်းကောင်း ချီးမွမ်းဂုဏ်ပြုကြရန်အလွန် ဝန်လေးကြပါကုန်သည်၊ အမောင်ကားအမှားကို ဆိုမိသောငါ့ကို ပင်နှိမ့်ချရိုသေချီးမွမ်းပေးသည်၊ ရှိခိုးကော်ရော် ပူဇော်ပါပေသည်၊ ထို့ကြောင့် အမောင်သည်လဲ ပညာရှိဖြစ်ရုံမျှမကသူတော်ကောင်းလဲ စင်စစ်မသွေဖြစ်ပါပေသည်၊ ယနေ့ ငါတို့နှစ်ပါး တွေ့ဆုံရခြင်းကား သူတော်ချင်းချင်း၊ သိတင်းလွှ့လွှ့၊ ပေါင်းဖက်တွေ့ရခြင်းကြောင့် အတိုင်းမသိ ကျက်သရေမင်္ဂလာရှိပါဘိသည်''ဟု ဆိုသောအခါ အတော်ပညာရှိသီဟပတေ့က မိမိသုံးဆောင်နေသော ရွှေသားစင်စစ် ကွမ်းအစ်ကို မင်းရာဇာအား ထပ်ဆင့်ပေးလှူ ပူဇော်ပြန်လေသည်။

မွန်ပရိသတ်နှင့် မြန်မာ ပရိသတ် တို့သည်တဦးကိုဘဦး ဖက်ယမ်းနမ်းရှုပ်ပွေ့ဖက်ကြသည်။ လက်ဆွဲလှုပ်ကိုင် ပြုံးပန်းပြိုင်၍ မြိုင်မြိုင် ဆိုင်ဆိုင် ချစ်ခွန်း ဆိုကြသည်။ စည်တို စည်ရှည်ပတ်သာဒုံမင်း မွန်မြန်မာတူရိယာ သီချင်းသံတို့မိုးပျံ့လိုက်ဆူ သောသောညံကြသည်။

လူတော် လူကောင်း၊ လူကောင်း လူတော်၊ မည်သူ့ကို မည်သို့ခေါ်ကြရပါ မည်နည်းဟု အသီးသီး တွေးတော၍ သောမနဿ စေတနာ ဖြစ်နေကြရသည် ဟူ၏။





# ဥပဒေ

ယနေ့(၂၀-၆-၈၁)၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ဥပဒေအသင်းကပြုလုပ်တဲ့ ဟောပြောပွဲဆိုတော့ (ဥပဒေ)ရဲ့ အကြောင်း မြန်မာလို ဗုဒ္ဓပိဋကတ်နှင့် ဆွေးနွေးရလျှင် ကောင်းလိမ့်မယ် ထင်ပါတယ်။

(ဥပဒေ)ဆိုတဲ့ စကားလုံးဟာ ပါဠိမှဆင်းသက်လာတဲ့ မြန်မာစကားပါ၊ ပါဠိလို-ဥပဒေသ။ မြန်မာလိုပြန်တော့ ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်း၊ နည်းဥပဒေ–လို့ အဘိဓာန်မှာတွေ့ရပါတယ်''

ပါဠိစကားကိုအဆက်ဆက်ကာလက သုံးလာခဲ့ကြတော့ မြန်မာစကားလို့ ထင်မှတ်လာခဲ့ကြတာ အများအပြားရှိပါတယ်၊ ဥပမာ– ဗုဒ္ဓသာသနအဖွဲ့၊ စေတီယင်္ဂဏအသင်း၊ ကလျာဏယုဝအသင်း၊ နောက်ဆုံးဝိဇ္ဇာသိပ္ပံ တက္ကသိုလ်အထိ မြန်မာစကားလိုဖြစ်နေပြီ၊ သိလဲသိနေကြပြီ၊ပါဠိစကားများက တိုတယ်၊ ကျစ်လျစ်တယ်၊ အဓိပ္ပါယ်များများ အကျုံးဝင်တယ်၊ဒါကြောင့် အတော်များများ အကြောင်းအရာတို့မှာ တိုတိုနှင့် လွယ်လွယ်သုံးနေကြတယ်။

ကိုယ်ဖြစ်ချင်တာမဖြစ်၊ ကိုယ်မဖြစ်ချင်တာများဖြစ်နေတာနှင့်ကြုံရလျှင် ဒုက္ခပါပဲလို့ ညည်းလိုက်ရတာကလွယ်တယ်၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်လိုက်ရတာဆိုတဲ့ မြန်မာစကားကရှည်ဝေးနေတယ်၊ ဒီလိုပဲ ကိုယ်နှစ်သက်တာကလေး တွေ့ရယင် ကောင်းလေစွ၊ ကောင်းလေစွလို့ ပြောမယ့်အစား သာဓု၊သာဓု၊သာဓုတဲ့။

အဲ- ဥပဒေဆိုတာ ညွှန်ပြခြင်းတဲ့၊ ဘာတွေကိုညွှန်ပြသလဲ၊ အဲသလို မေးလျှင် ''ဘာတွေ-ဘာတွေကို မလုပ်ရဘူး၊ ဘာတွေ-ဘာတွေတော့ လုပ်ပိုင်ခွင့်ရှိတယ်''လို့ ညွှန်ပြတာ ညွှန်ကြားတာဖြစ်ဘယ်လို့ ဖြေရမှာပဲ။

ထို (ဥပဒေ) ဆိုတာကို မြန်မာ စကားနှင့် အကျုံးဝင်နေတဲ့ အသုံးအနှုန်းမျိုးလဲ ရှိတာကို တွေ့ရပါသေးတယ်၊ အဲသည့် စကားများက စည်းကမ်းတဲ့၊စည်းမျဉ်းတဲ့၊ စည်းကမ်းဆိုတာက လုပ်ပိုင်ခွင့်ကိုဆိုလိုဟန်တူပါတယ်၊ စည်းမျဉ်းဆိုတာကျတော့ မျဉ်းသားထားသလို နယ်နိမိတ်အ ကန့် အ သတ်လို့ ယူဆလျှင် ရကောင်းစရာရှိမယ်လို့ ထင်ပါတယ်။

မျဉ်း–လို့ ခေါ်တဲ့ သဘောက မတိမ်းမစောင်းအောင်ပြုတဲ့ အမှတ်အသား၊ 'စာရေးကောင်းတို့မည်သည် မျဉ်းကြောင်းကို လက်မလွှတ်'လို့ ပြောကြတာလဲ ရှိပါတယ်။ စည်းဆိုတာလဲ ထို့အတူပါပဲ၊ မြန်မာ ကလေးများ ကစားခုန်စား ထုပ်ဆီးတိုးတဲ့ နေရာမှာ ဟောသည့်စည်းကို ကျော်လျှင် ထမင်းရည်ပူ လောင်တယ်၊ ဟောသည့်စည်းကိုကျော်နိုင်လျှင် အောင်ထူတယ်' ဆိုတဲ့အဆုံးအဖြတ်မျိုး။ ထိုအလားတူ

ပဲ၊ ကြက်ပွဲတို့ လက်ဖွဲ့ပွဲစသည်တို့မှာလဲ စည်းကမ်းနှင့် စည်းမျဉ်း ရှိကြရတာပဲ။

ဘုရား ဟော ပိဋက တော် ကာကဝလိယ အကြောင်းမှာလဲ စည်းကမ်းနှင့်စည်းမျဉ်းရှိပုံကို ယခုလိုတွေ့ရပါတယ်။

ရာဇဂြိုဟ်ပြည် သုသာန်မှာ ထန်းတောကြီးရှိတယ်၊ညအခါမှာ ထိုထန်းတောထဲ ဖြတ်သန်းလာသူကို ဘီလူးက စားပိုင်ခွင့်ရှိတယ်၊ နေ့အခါမှာတော့မစားရဘူး၊ နောက်ပြီး အဲသည့်ဘီလူးက လူနေရပ်ကွက်မြို့ထဲ ပြထဲမပြောနဲ့ မြို့အစပ်ကိုဘောင်မလာရဘူး၊သူ့ပိုင်နက်က သုသာန်က ထန်းတောပဲ ဖြစ်တယ်၊ အဲသည့် နေရာကို ညအခါ လူဆင်းရဲ ကာက ဆိုတဲ့ အမျိုးသမီးက ရာဇဝတ်သားထံ ဘုရင်ရဲ့ထမင်းထုပ်လာပို့ရတဲ့ အကြောင်းပေါ့။

ဒီသိုပဲ အာယုဒီဃဇာတ်မှာလဲ ရှိတယ်။

ဘဝပေါင်းများစွာက အတုံ့အလှည့် ရန်သူဖြစ်ခဲ့ကြတဲ့ ကလေးကို မွေးသည့်နေ့မှ(၇)ရက်အတွင်းဘီလူးကစားခွင့်ရှိတယ်၊ (၇)ရက်ကျော်လျှင် မစားနိုင်တော့ဘူး။

အဲသည်မှာ မြတ်စွာဘုရားနှင့် ရဟန္တာ(၈)ပါးက (၇)ရက်လုံးလုံး ပရိတ်မေတ္တာများရွတ်ဖတ် စောင့်ရှောက်သားကြလို့အဲသည့် ဘီလူးက မစားနိုင်တော့ပဲ အသက်(၁၀၀) ရှည်သွားတယ်၊ ဘုရားကိုးဆူဆိုတာ ဒီက စ,တာပေါ့၊ 'ဘီလူးစည်း လူ့စည်း'ဆိုတဲ့စကားကလဲအဲသည့် ဇာတ်တော်တွေက စ,တာနဲ့ပဲတူပါတယ်။

အဲသည့် ဥပဒေတွေဟာ ဘယ်သူကပြုတဲ့ဥပဒေတွေလဲ၊ဝေဿဝဏ် နတ်မင်းကြီးက ပြဋ္ဌာန်းတဲ့ဥပဒေလို့ ဆိုပါတယ်။

နောက်ပြီး အာဋာနာဋိယ သုတ်ဆိုတာလဲရှိသေးတယ်။ အဲသည်မှာလဲ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးနှင့် သိကြားမင်းတို့ စည်းဝေးပြီး ဥပဒေ လုပ်ကြတာပါ၊ ဘယ်လိုလဲ ဆိုယင် သီလတရားနှင့် ပြည့်စုံ၍ လောကုတ္တရာ တရားကို ကျင့်ဆောင်နေတဲ့ သာဝက ရဟန်းတွေကို နှာအောင်၊ဖျားအောင်၊ထိတ်လန့်အောင် နှောင့်ယှက်တဲ့ နတ်မိစ္ဆာဘီလူး ပြိတ္တာတွေကို ဒဏ်ခတ်မယ်ဆိုတဲ့ ဥပဒေပါပဲ၊ ဒါတွေက နတ်သိကြားတို့ ပြဋ္ဌာန်းတဲ့ဥပဒေလို့ ဆိုရမယ်။

ဥပဒေကိုကျူးလွန်တဲ့လူ၊ စည်းကမ်းကိုဖောက်ဖျက်တဲ့လူဆိုလျှင် ဒဏ်ခတ်မယ်၊ ရှုတ်ချမယ်၊ ဆုံးရှုံးရမယ်။

'မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ' ဆိုတဲ ဆရာဖေရဲ့ တေးထပ်ကို ကြည့်ပါ၊နန်းတော်ထဲကအမတ်တွေ စည်းကမ်းပျက်ကြ၊ သူ့ဂိုဏ်း ကိုယ့်ဂိုဏ်း ဖွဲ့ကြ၊ ဘုရင့်သစ္စာဖောက်ကြတဲ့အတွက် တိုင်းပြည်ကြီး တခုလုံး ဆုံးရပြီလို့ ပြောချင်တာဖြစ်ပါတယ်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မင်းစိုးရာဇာဖြစ်စေ၊ အသီးသီး လိုက်နာရမယ့် ဥပဒေတွေ ရှိပါတယ်။

လူ့ဥပဒေကို ဂိဟိဝိနယလို့ ခေါ်ပါတယ်၊ ဂိဟိ–ဆိုတာ အိမ်ရာ တည်ထောင် နေကြတဲ့ လူတွေ၊ လင်နှင့်မယား၊ သားနှင့်သမီး၊ မိဘဆွေမျိုး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အဲဒါတွေ-အဲဒါတွေ၊ အဲသည့်လူတွေရဲ့ ဥပဒေကဘော့မိဘဝတ္တရား၊သားသမီးဝတ္တရား၊ တပည့် ဝတ္တရား၊ ဆရာ့ဝတ္တရား၊ ပျင်းရိခြင်း အပြစ်၊ လောင်းကစားခြင်းရဲ့အပြစ်၊ သောက်စား မူးယစ်ခြင်း၏ အပြစ် ဒါတွေကို မလိုက်နာလျှင် လူ့လောက ယဉ်ကျေးမှုကြီး ပပျောက်သွားမယ်။

အဲသည့် အကြောင်းတရား အခြေခံ ပဓာန ဥပဒေကြီး ငါးရပ်က ငါးပါးသီလပါ။

၁။ သူများအသက်ကို မသတ်ရ။

၂။ မပေးမလှူသောသူများဥစ္စာကို မခိုးရ။

၃။ ကာမဖောက်ပြန်မှုမပြုရ…အဲသည့် နေရာမှာပြောစရာရှိပါတယ်။

ပါဠိလိုကကာမေသုမိစ္ဆာစာရ=ကာမေသု=ကာမအရာတို့၌။ မိစ္ဆာစာရ=ယုတ်မာ ဖောက်ပြန်ပြုခြင်း။ ဒီလိုအဓိပ္ပာယ် ရှိပါတယ်၊ ဒါကို ကျွန်တော်တို့က လွယ်လွယ် သိနေကြတယ်၊ ကာမေသုမိစ္ဆာစာရဆိုတာ သူတပါး၏မယားကို ပြစ်မှား ကျူးလွန်ခြင်းလို့ မှတ်နေကြပါတယ်၊ မဟုတ်မပါဘူး၊သူတပါးမယားကို ပြစ်မှားတာက ပရဒါရကံ၊ ပရ=သူတပါး၏။ ဒါရ=မယားဖြစ်ပါတယ်၊ကာမေသုမိစ္ဆာစာရဆိုတာက ထို့ထက်ကျယ်ဝန်း များပြားပါတယ်၊ အမိစောင့်သောမိန်းမ၊ အဖစောင့်သောမိန်းမ စသည်အားဖြင့် မိန်းမပေါင်း(၂၀)တောင် ရှိပါတယ်၊ ဒါကို ရည်ညွှန်းပြီး 'မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်အပ်စွ'လို့ ဆုံးမတာတွေ ရေးသားတော်မူခဲ့ကြခြင်း ဖြစ်ပါတယ်၊ ဒါတွေ အပြင် ကိုယ့်ဇနီး ကိုယ့်မယား ကိုသော်မှ အခြေအနေ၊ ကာလ၊ ဒေသ၊ ပယောဂ၊ မသင့်လျော်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တာမျိုးလဲ ရှိပါတယ်။

နောက်ဘခုက ကာမေသု မိစ္ဆာစာရ=သူတပါး၏ မယားကို ပြစ်မှားခြင်း ဆိုလို့ မိန်းမတွေ လွတ်နေသလို ထင်တတ်ပါတယ်၊ မိန်းမတွေလဲ မလွတ်တဲ့ဥပဒေတွေ ရှိပါသေးတယ်၊ ဒါတွေကို ရှင်းနေယင်တော့ ကျယ်ဝန်းနေပါလိမ့်မယ်၊ ဒီဘော့ ကာမေသုမိစ္ဆာစာရ ဆိုတာ ကာမဖောက်ပြန်မှုလို့ပဲ မှတ်ကြပါစို့။

အဲ-စတုတ္ထာက မုသာဝါဒ = မဟုတ်မမှန် လိမ်လည် လှည့်ဖြား ပြောကြားခြင်း။ ဒါတော့ သိကြပါတယ်၊ ကျွန်တော်တို့ နေ့တိုင်းလိမ်နေကြတာပဲ။

နောက်ဆုံးက သုရာမေရယမဇ္ဇပမာဒဋ္ဌာန=စိတ်ကောင်းများ မေ့လျော့သွားနိုင်တဲ့ အရက်သောက်ခြင်း၊ဘီယာသောက်ခြင်း၊ဆေးခြောက်ရှူခြင်း၊ နံပါတ်ဖိုး၊ဟီး ရိုးအင်း-ပက်သဒင်းအထိ ပေါ့လေ၊မူးယစ်တွေဝေတဲ့အရာများကို သောက်စားရှူရှိုက် ထိုးသွင်းခြင်း။ အဲ- ခုခေတ်တော့ (ထိုးသွင်းခြင်း)ဆိုတာပါ ထည့်ပေးရမယ်။

အဲသည့် အချက်ကြီး ငါးချက် ကတော့ လူ့ဝိနည်း၊ လူ့ဥပဒေ ပမာန အချုပ်ပါ၊ဒီဥပဒေများကို ဖောက်ဖျက်လျှင်လောကအပြစ်၊သံသရာ အပြစ်ကြီးများ ခံရမယ်၊ စောင့်ရှောက်လိုက်နာသူဆိုလျှင် အသက်ရှည်မယ်၊ အနာကင်းမယ်၊ ချမ်းသာကြီးမယ်၊ မျက်နှာပန်း လှမယ် ကိုယ်အင်အား ဉာဏ်အင်အား ကြီးမယ်။

အဲသည့်အကျိုးကိုမြတ်စွာဘုရားက ဓမ္မပါလဇာတ်မှာ ဟောထားတယ်။

ရှေးတုန်းက တက္ကသိုလ်ပြည်ဒိသာပါမောက္ခ ဆရာကြီးထံမှာ အရပ်ရပ်ကလူငယ်တွေ ပညာလာသင်ကြတယ်၊ တနေ့တော့ ကျောင်းသားလူငယ်ဘယောက်ဖျားပြီးသေသွားတယ်၊ဒီအခါ ဓမ္မပါလ ရွာကြီးက ပညာလာသင်တဲ့ ကျောင်းသားမှာတအံ့ဘသြဖြစ်ပြီး''ဟယ်-ငယ်ငယ်လေးနဲ့ သေတယ်နော် အဆန်းပဲ'' လို့ ပြောတယ်။

အခြား ကျောင်းသားများက ''ငယ်ငယ်နဲ့ သေတာ အဆန်းလား'' ဆိုတော့ ဓမ္မပါလ ရွာသားကလေးက ''တို့ရွာမှာဖြင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်သူမှ မသေပေါင်ဗျာ၊ အသက်တရာပြည့်မှ မနာမဖျားပဲ သက်သက်သာသာ သေသွားကြတာပဲ''လို့ ပြန်ပြောတယ်။ အဲသလို အငြင်း အခုံ စကားများကြ တာကို ဒိသာပါမောက္ခဆရာကြီးက ကြားတော့ ဓမ္မပါလရွာ

သားကို သေသေချာချာ ခေါ်မေးတယ်၊ ''ကျွန်တော်ပြောတာ မယုံယင် ဆရာကြီး ကိုယ်တိုင်သွားပြီး စုံစမ်းကြည့်ပါ''လို့ ပြောတာနဲ့ ဆရာကြီးက ဆိတ်အရိုးတွေ ယူသွားပြီး ဓမ္မပါလ ရွာကို (ကွင်းဆင်း) လေ့လာတာပေါ့၊

ဓမ္မပါလရွာ ရောက်တော့ ကျောင်းသားရဲ့ မိဘအိမ်သွားပြီး ''သူတို့သားကလေး သေဆုံးသွားလို့လာ၍ အကြောင်းကြား တာပါ''လို့ ပြောတယ်။ အဖေလုပ်တဲ့လူကြီးက ''သူ့သား ဒီအရွယ်နဲ့ သေတယ်ဆိုတာမဖြစ်နိုင်ပါဘူး''လို့ ပြောတယ်။ အရိုးတွေ ထုတ်ပြတော့ ''ဒါ.... ဆိတ်ရိုးတွေသာ ဖြစ်မှာပေါ့၊ ကျုပ်သားအရိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင် ပါဘူး''လို့ ပြောတယ်။

''ဘာဖြစ်လို့ မယုံတာလဲ''လို့ ဆရာကြီးက မေးတယ်။

''ကျွန်တော်တို့ တရွာလုံးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့ထုံးစံ မရှိလို့ပေါ့၊ အသက်တရာပြည့်မှ သက်သက်သာသာ အမှည့်ကြွေကြွေသလို သေကြရတယ်၊မယုံယင် ရွာထဲကိုလျှောက်ကြည့်၊ လူငယ်မသာရယ်လို့ ဆရာကြီး တွေ့ရမှာမဟုတ်ဘူး''လို့ ဆိုပြန်တယ်၊ဆရာကြီးကရွာထဲလျှောက်ပြီး စနည်းနာဘယ်။ အိမ်တိုင်းက ဆရာကြီးပြောသလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်သူမှ မသေကြတဲ့အကြောင်းသက်ဘမ်းစေ့နေကြရတဲ့အကြောင်း ပြောကြတယ်။

ဒီတော့ ဆရာကြီးက ''ဘယ်ဆေး ဘယ်ဝါးများစားနေကြလဲ'' လို့ မေးတယ်။ ကျောင်းသားရဲ့ဖခင်က ''ဘယ်ဆေးဝါးမှ မစားပါဘူး၊ ငါးပါးသီလကို မျိုးလိုက် ရိုးလိုက် စောင့်ထိန်းလာကြတာပါပဲ''လို့ ဖြေဘယ်။ ဒီမှာတင် ဒိသာပါမောက္ခဆရာကြီးက ''သူ့သားစကားကို မယုံလို့ လာစုံစမ်းတာပါ၊ ကျွန်တော်တို့လဲ ငါးပါးသီလ မြဲအောင် ကြိုးစားစောင့်ထိန်းပါတော့မယ်''လို့ သာဓုခေါ်ပြီး ပြန်ရသတဲ့။ဒါက ဓမ္မပါလ ဇာတ်ပါ။

ဒါဟာ လူ့ဥပဒေအခြေခံ တရားကြီးပါ။ ဒါ့အပြင် နည်းဥပဒေ(၃၈)ပါးရှိပါသေးတယ်။ အဲဒါတွေကတော့ မင်္ဂလာတရား(၃၈)ပါးပါ။ သူမိုက်ကို မပေါင်းနှင့် ဆိုတာက စ,ပါတယ်။ ကျွန်တော်တို့တတွေ မလိုက်နာလျှင်သာ ရှိတယ်၊ အားလုံး သိပြီးသား။ ကြားပြီးသားတွေပါပဲ။

ကဲ....ရဟန်းဥပဒေကို ကြည့်ကြစို့။ ရဟန်းတို့၏ ဝိနည်းပေါ့။ မြတ်စွာဘုရား ကိုယ်တိုင် သတ်မှတ်တော်မူခဲ့တာမို့ အနုရုဒ္ဓ မဟာဂန္ဓာရုံဆရာတော်က 'ဘုရား ဥပဒေတော်ကြီး' လို့ ဘာသာပြန်ထားပါတယ်။

အဲသည့် ရဟန်းဥပဒေကျတော့ လူ့ဥပဒေထက်များပါတယ်။ အကျဉ်း အားဖြင့် (၂၂၇) ပါး။အကျယ်အားဖြင့်တော့ ကုဋေ ကိုးထောင် ကျော်တောင် ရှိပါသတဲ့။

အဲသလောက် များပြားတဲ့ ဘုရားအဆုံးအမဘွေကိုလိုက်နာကျင့်ဆောင်နေကြတာမို့ ရဟန်းသံဃာ တော်ဆိုလျှင် နတ်သိကြား ဗြဟ္မာများကပါ ရိုသေလေးစား ဂါရဝ ထားကြပါတယ်။ ရဟန်းဝိနည်းတော်များကို သိနားလည်ကြတဲ့လူပုဂ္ဂိုလ်တွေဆိုလျှင် ရဟန်းသံဃာတို့ကို အလွန်ကြည်ညိုလေးစားတတ်ပါတယ်၊ဝိနည်းကိုမသင်ဖူး မသိဖူးတဲ့သူတွေထက် စေတနာပိုကြပါတယ်။

သုဘ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းဆိုတာ ဗုဒ္ဓပိဋကတ်သုံးပုံပေါ့။ ရဟန်းတို့၏ ဥပဒေမှာ အရေးကြီးဆုံး ပုဒ်မ လေးခု ရှိပါတယ်။

၁။ မေထုနပဋိသေဝန=မေထုန်မှီဝဲခြင်း၊

၂။ အဒိန္နာဒါန=မပေးမလှူသောပစ္စည်းကို ခိုးယူခြင်း။

၃။ မနုဿ ဝိဂ္ဂဟ=လူကိုသတ်ခြင်း။

၄။ ဥတ္တရိမနုဿဓမ္မ=တရားထူးရဘယ်၊ ဈာန်ရတယ်လို့ကြွားခြင်း၊သို့မဟုတ် ဒီလိုထင်ကြအောင် ဝါဒ ဖြန့်ခြင်း။

အဲသည့်လေးပါးကို ပါရာဇိက လေးပါးလို့ ခေါ်ပါတယ်။ ပါရာဇိကဆိုတာ သာသနာမှ ဆုံးရှုံးခြင်း၊မြန်မာစကားနှင့်ပြောရလျှင် ရဟန်း မဟုတ်တော့ဘူး၊ ပါရာဇိက လေးပါးထဲက တပါးပါး ကျူးလွန်မိလျှင် ဒီဘဝမှာ ဘယ်တော့မှ ရဟန်းမဖြစ်တော့ဘူး။

ရဟန်းကောင်းရဟန်းမြတ်များဟာ အဲသည့် ပါရာဇိက လေးပါး၊ ပဓာနတရားကို မဆိုထားနှင့် အသေးအမွှားကလေးများတောင် အသက် စွန့်ပြီးလိုက်နာကြတယ်။

ရှေးတုန်းက တိဿရဟန္တာ မထေရ်ဟာ ဘုရင်၏ ပန်းထိမ်တော် အိမ်မှာ နံနက်တိုင်း ဆွမ်းခံလေ့ ရှိဘယ်၊ ပန်းထိမ် ဆရာကြီးကလဲ ရဟန်းတော်ကို ကြည်ညိုသို့ နေ့တိုင်း ဆွမ်းဝတ် မပျက်စေရဘူး၊ အဲသည့် အိမ်မှာ ကြိုးကြာငှက် တကောင်လဲ ဆရာကြီးက မွေးထားသတဲ့၊ ကြိုးကြာကလဲ ယဉ်နေလို့ အိမ်ထဲမှာ အထဲဝင်အပြင် ထွက် လွတ်လပ်စွာနေနေတယ်၊ ဆရာကြီးကလဲ သံပ်ချစ်တယ်၊ တနေ့တော့ ရဟန်းတော် ဆွမ်းခံ လာတဲ့အချိန်၊ ပန်းထိမ်ဆရာကြီးက လဲ ရှင်ဘုရင် အတွက် လက်ဝတ်တော်ကို လုပ်နေဆဲဖြစ်နေ သတဲ့။

ရဟန်းက ဆွမ်းခံ ဝင်လာတော့ ပန်းထိမ် ဆရာကြီးက လုပ်သက်စပတ္တမြားကို ချထားခဲ့ပြီး ဆွမ်းခူးဖို့ မီးဖိုထဲ ဝင်သွားတယ်၊ အဲသည့် အချိန်မှာပဲကြိုးကြာငှက်ကနီရဲနေတဲ့ပတ္တမြားကို အစာမှတ်လို့ ကောက်မျို လိုက်တယ်၊ ရဟန်း တော်ကမြင်လိုက်ပေမယ့် ခြောက်ဖို့ဟန့်ဖို့အချိန် မရလိုက်တော့ဘူး။

ပန်းထိမ် ဆရာကြီး ပြန် ထွက် လာတော့ ပတ္တမြားကြီး မရှိတော့ဘူး။ ဒီမှာတင် ရဟန်း တော်ကိုစွပ်စွဲတယ်၊ ရဟန်းက သူမယူပါဘူးလို့ ငြင်းတယ်၊ ပန်းထိမ် ဆရာကြီးက ဦးပဉ္စင်းမယူ လျှင် ဘယ်သူယူမလဲ၊အိမ်မှာ ဦးပဉ္စင်းကလွဲလို့ ဘယ်သူမှ မရှိဘူးလို့ပြောတယ်၊ ရဟန်းတော်က ငြင်းမြဲငြင်းနေတယ်။

အဲဒီမှာ သူများပစ္စည်းကို ခိုးတာ ရဟန်း မဟုတ်တော့ဘူး၊ အလဇ္ဇီ လူယုတ်မာသူခိုး ခဲ ပြီး ရိုက်စစ်တော့တာပဲ၊ သူ့အနေနဲ့က လဲ ဘုရင့် ပတ္တမြားရတနာကြီးဆိုတော့ ရာဇဝတ်သင့်တော့ မှာကိုး။

ရိုက်ပြီးမေးတိုင်း ရဟန်းတော်က သူမယူ ပါဘူးလို့ပဲ ငြင်းနေရှာတယ်၊ ရဟန်းတော်မှာ ခေါင်းကွဲပြီး သွေးတွေကျ၊ပါးစပ်က သွေးတွေ ထွက်၊ တခါတခါမေ့မြောသွားတဲ့အထိခံနေရှာ တယ်၊ 'ကြိုးကြာငှက်က ကောက်မျို လိုက်ပါ တယ်'သို့ မပြောဘူး၊ ပြောလျှင် ကြိုးကြာဝမ်း ကိုခွဲပြီး ကြည့်မှာကိုး၊ ကြိုးကြာကို သတ်လိုက် အောင် တိုက်တွန်းသလို ဖြစ်နေမှာပေါ့။

ပန်းထိမ်ဆရာကြီးက မေးလိုက်၊ ရဟန်းက ငြင်းလိုက်၊ ပန်းထိမ် ဆရာကြီးက ရိုက်လိုက်၊ ရဟန်းမှာ မေ့သွားလိုက်၊ ကြာတော့ အိမ်နီး ပါးနီးကလူတွေ လာကြည့်ကြ၊ လာမေးကြပေါ့၊ ဆရာကြီးက အကြောင်းအကျိုး ပြောပြတယ်၊ အချို့သူတွေက မရှုမလှခံနေရတဲ့ရဟန်းအဖြစ်ကို ကြည့်ပြီး ကရုဏာနဲ့ချော့မော့မေး မြန်းကြတယ်၊ ရဟန်းကတော့ ငြင်းမြဲပဲ၊ ဆရာကြီးက ထပ်ရိုက် တော့ အိမ်နီးချင်းတွေက ဆွဲကြလွဲကြ ရုတ်ရုတ်

သဲသဲ ဖြစ်နေတာပေါ့၊ အဲသည်မှာ လူတွေကို ဿန့်ပြီး ကြိုးကြာငှက်က သူ့သခင် ပန်းထိမ်ဆရာကြီး ရင်ခွင်ထဲ တိုးဝင်နေတယ်။

ဒေါသဖြစ်နေတဲ့ ဆရာကြီးက 'အရေးထဲ ဒီကြိုးကြာက လာရှုပ်နေရသေးတယ် လို့ ရဟန်းကို ရိုက်တဲ့ဘုဘ်နဲ့ တဆုံးတချက် ရိုက်လိုက်တာ ကြိုးကြာကလေး သေရှာပါလေရော။

ဒီမှာတင် နင့်ကြောင့် ငါ့ ကြိုးကြာငှက်တောင် အသက်ပါပြီး သေရတယ်လို့ ထပ်ရိုက်ပြန်ရောပေါ့။ အဲသည်တော့မှ ရဟန်းက သေချာအောင် ထပ်မေးလိုက်တယ်။

"ဒကာကြီးရဲ့ ကြိုးကြာ သေသွားပြီလား" တဲ့။

"သေပြီ....သေပြီ၊ နင့်ကြောင့် သေသွားပြီ" ဆိုတော့မှ...."

"ဒကာကြီးရဲ့ ကြိုးကြာဝမ်းကိုခွဲပြီးပတ္တမြားကို ထုတ်ယူပါတော့"လို့ အသံသဲ့သဲ့နှင့် မိန့်တော်မူပါသတဲ့။

ခုခေတ်မှာလဲ အဲသလို ဝိနည်းဥပဒေတော်ကို ရိုသေလိုက်နာတော် မူကြတဲ့ ရဟန်းကျော် သာမဏေကျော်များ အများအပြား ရှိကြပါတယ်၊ ဘုန်းတော်ကြီး ဦးသီလဆိုလျှင် သားကောင်ကို ထောင်ထားတဲ့ ညွှတ်ကွင်းမိနေလို့ ညွှတ်ကိုဖြုတ်ပဲ ရပ်နေတော်မူတယ်၊ သူများက လာဖြုတ်ပေးလဲ လက်မခံဘူး၊ ထောင်တဲ့ မုဆိုးကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ဖြုတ်ပေးမှ လက်ခံတယ်၊ မီးရထားလမ်းကိုဖြတ်ကြွ၊ ရထားလမ်းပေါ်က ဆူးခက်၊ သင်္ကန်းကိုငြိတာနဲ့ မဖြုတ်ပဲ ရပ်နေတယ်၊ မီးရထားက လာနေပြီ၊ ဥသြမှုတ်တယ်၊ လူတွေကဝိုင်းအော်ကြတယ်၊ဒါလဲ နေရာက မရွှေ့ဘူး၊ ရထားကရပ်ပေးပြီး ဂါတ်ဗိုလ်က လာဖြုတ်ပေးမှ ကြွသွားတယ်။

ညောင်လေးပင် တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးဆိုလျှင် အသည်းအသန် မကျန်းမာမှုဆေးရုံကို ပို့ရတယ်၊ အသက်ကြီးလို့ အလွန်တရာပဲ အားနည်းနေပါပြီ။ တထပ်တည်းသော ဆွမ်းကို အာဟာရ ဖြစ်လောက်အောင်မှ ဘုဉ်းပေးနိုင်ခြင်းမရှိ၊ဒါကို ဆရာဝန်ကြီးများက 'ညဘက်မှာ နွားနို့ကလေး ဟောလစ်ကလေး ဘုဉ်းပေးတော် မူပါဘုရား'လို့ လျှောက်တယ်၊ ဒီတော့ ဆရာတော်ကြီးက....

"မင်းတို့လဲ မင်းတို့ ဥပဒေကို လိုက်နာပြီး လူနာကို ကုကြတာပဲ၊ ငါလဲ အဖဘုရားရဲ့ ဥပဒေကိုလိုက်နာရမှာပဲ၊ ဝိကာလဘောဇန သိက္ခာပုဒ်တော့ အပျက်မခံနိုင်ဘူး၊ သေမယ့် ဝေဒနာဆိုလဲ သေပါစေတော့"လို့ ပြန်ပြောတယ်၊ မသောက်ဘူး။ အဲ....မကြာခင်မှာပဲ ပျံလွန်တော်မူသွားတယ်။

ကျွန်တော်တို့က မနီးစပ် မသိကျွမ်းလို့ သာ မသိတာ၊ ဒီအဖြစ်မျိုး အများကြီးရှိပါတယ်။

ဒါကြောင့် ကျွန်တော် ပြောချင်တာက ရဟန်းဥပဒေကို ရဟန်းများလိုက်နာကြပါတယ်၊ ဘုရားကိုယ်တော်မြတ်က ရဟန်းတွေကို သတိပေးခဲ့ပါတယ်။

'ဝိနယောနာမသာသနဿအာယု'တဲ့ မြန်မာလိုက ရဟန်းတို့၏ ဝိနည်းဟာ သာသနာတော်ရဲ့ အသက်ပဲ ဖြစ်ပါသတဲ့။

ထင်ရှားတဲ့ ဆရာတော် သမားတော်ကြီးများကို ကျွန်တော်က ချီးကျူးရတာ အလွန်ဝန်လေးပါတယ်၊ကိုယ့်ဉာဏ် ကိုယ့်အမြင်ကလေးနှင့် ချီးကျူး လိုက်တာဟာ ဆရာတော်ကြီးများရဲ့ သီလ သိက္ခာ ဂုဏ်ကြီးများနှင့် မအပ်စပ်လျှင် ချီးကျူးရာမရောက်၊ အမနာပ ပြောရာရောက်တတ်သတဲ့၊ ဆရာတော်ကြီးများက လက်ခံတော်မမူဘူး၊ တားမြစ်တတ်တယ်။

ဒါပေမယ့် စကားစပ်မိမှတော့ ပြောလိုက်ရဦးမယ်။

ယခု တိပိဋကဓရဆရာတော်ကြီး အကြောင်း ပါ၊ဘွဲ့အမည်ကို ရိုသေသောအားဖြင့် မဖော်ပြ ဝံ့သော်လဲ ပရိသတ်များ သိကြပါလိမ့်မယ်။

အဲ-၁၉၆၄ ခုနှစ်တုန်းက တနေ့မှာ ဟော သည့် တက္ကသိုလ် ဓမ္မာရုံကြီးမှာ တရားပွဲတခု ကြေငြာထားပါတယ်။ ဆရာတော်ကြီး ဟော တော်မူမယ်ပေါ့။

ကျွန်တော်နှင့် အဖော်များ လာကြတော့ တရားပွဲမရှိဘူး။ ဆရာတော်ဘုရားကြီး အရေး ပေါ်ကိစ္စနဲ့ မင်းကွန်းကို ပြန်ကြွသွားသတဲ့။

ဒါဟာ ဖြစ်ခေါင့်ဖြစ်ခဲပါ။ ဆရာတော်ဟာ တရားပွဲစဉ်ကို ဖျက်ဘယ်လို့ မရှိကတ်ပါဘူး၊ ကျန်းမာရေး မကောင်းတောင် အိပ်ရာပေါ်လဲ့ မနေသမျှ ဘယ်သူ့မှ မသိစေရဘူး။ ဟောဖြစ် အောင် ဟောတာပဲ။ မြစ်ကူး ချောင်းဖျား ဘောက်တူကလေးနဲ့ လာပင့်လဲ လိုက်တာပဲ၊ လှည်းကြမ်းနဲ့ လာပင့်လဲ့ လိုက်တာပဲ။

တရားပွဲစဉ် များလွန်းလို့ မန္တလေးက ဆရာ ဝန်ကြီး ဦးတင်အောင်ဆွေဘို့၊ ဆရာဝန် မကြီး ဒေါ်မြင့်မြင့်ခင်တို့၊လူထု ဦးလှတို့က ကျွန်တော့ အား ဆရာတော်ကို တရားပွဲ လျော့ရအောင် တောင်းပန် လျှောက်ထားခိုင်းတယ်။ တကယ်က ဘော့ 'လူမိုက်ကိုနှင်းဘော အတိုးခိုင်းတာ' သူတို့ မလျှောက်ဝံ့လို့နဲ့ တူပါတယ်။ကျွန်တော်ကတော့ အမှန်းကမ်းလမ်းသိတဲ့လူမှ မဟုတ်ပဲကလား။

''ဆရာတော်ဘုရားရဲ့ ကျန်းမာရေးကို ငဲ့ညှာ ပြီး တရားဟော လျှော့သင့်တယ်ထင်ပါဘုရား'' လို့ လျှောက်မိဘယ်။ဆရာတော်က ဘာပြန်ပြော သလဲ-သိလား။

''ဒကာကြီးနှယ်.... ဘုန်းကြီးမို့ ဘုန်းကြီး အလုပ်ကို လုပ်နေဘာ ဘာလာပြီး ကန့်ကွက် နေရတာလဲ၊ ဂန္ထဓုရ၊ ဝိပဿနာဓုရတဲ့၊ဘုန်းကြီး လုပ်ရမှာ ဒီနှစ်ခုဘည်းရှိဘယ်၊ ဒကာကြီးတို့လူ တွေ လူ့ကိစ္စလုပ်ယင်း ဖျားနာ၊ သေကြရတာ မဟုတ်လား၊ဘုန်းကြီးလဲ ဘုန်းကြီးအလုပ်လုပ် ယင်း ဖျားနာသေချင်လဲ သေပေါ့၊ အလုပ် လက်မဲ့ ဘုန်းကြီးတော့ အဖြစ် မခံနိုင်ပါဘူး၊ သုခဆိုပြီး ကိုယ့်ကိုယ်ကို ချမ်းသာအောင် လုပ် စမ်းပါဦး''တဲ့၊ ကဲ... လျှာရှည်တဲ့ကောင် မှတ် ကရော။

အဲ....အခုနစကားကို ဆက်ရဦးမယ်။ တက္က သိုလ်ဓမ္မာရုံက တရားပွဲကိုဖျက်ပြီး အရေးတကြီး ပြန်သွားတယ် ကြားတော့ စိတ်ပူ မိတာပေါ့။ နောက် ဆယ်ရက်လောက်ကြာတော့ ပြန်ကြွ လာပြီး တက္ကသိုလ် ဓမ္မာရုံမှာ ဟောတယ်၊ ကျွန်တော်တို့လဲ သွားနာကြတယ်၊ တရားပွဲ ပြီးတော့ လူတွေ ရှင်းသွားတဲ့အခိုက် ကျွန်တော် က ဝင်ဖူးပြီး....

''တလောက တရားပွဲဖျက်ပြီး မင်းကွန်း ပြန်ကြွသွားတယ်ဆိုတော့ တပည့်တော်တို့ ဘာ မှန်းမသိ၊ညာမှန်းမသိ၊စိုးရိမ်လိုက်မိပါသေးတယ် ဘုရား'' လို့ လျှောက်တော့ ဆရာတော်က တိုး တိုးပြန်ပြောတယ်။

''အရေးတကြီးဆို မပြန်မဖြစ်လို့ ပြန်ရတာ ဒကာကြီး ရဲ့....။ဒါတောင် ဒီက ဒကာမကြီးက (သာသန ဒါယိကာမကြီး) ဘာမသိ ညာမသိ အဘင်းတားနေသေးလို့၊'ဘုန်းကြီးကို ဘုန်းကြီး အစစ်အဖြစ်နဲ့ ကြည်ညိုနေချင်ယင် ဘုန်းကြီးကို မတားနဲ့'လို့ တိုတိုပြတ်ပြတ် ပြောလိုက်ရတယ်။ သူ့ကို လိပ်ပတ်လည်အောင် ဆိုယင် အရှည်ကြီး ပြောရမယ်။

''အကြောင်းကဒီလို....ဒကာသုခရေ့၊အဲသည့် နေ့က နိုင်ငံတော်အစိုးရက(ငွေတရာတန်နှင့် ငါး ဆယ်တန်)ငွေစက္ကူတွေ တရားမဝင် တော့ဘူး၊ သတ်မှတ်သောနှုန်းထားနှင့်အမြန်ဆုံး လဲလှယ်နိုင် ခွင့် ပြုဦးမယ်လို့ ကြေငြာလိုက်တယ် မဟုတ် လား၊အဲဒါ ဘုန်းကြီးရဲ့ကျောင်းမှာဒကာ ဒကာ မများက သူတို့ငွေကို ရဟန်းတွေ့ရဲ့ငွေ အလုပ်

ခိုင်း၊ ရဟန်းငယ်တွေက သူတို့ ငွေကလေးများ (ရှိနေကြလျှင်) ဒကာဒကာမ၏ ငွေအလုပ်ခိုင်း ဖြစ်ကုန်ကြယင်ပါရဲ့ဇိကံကျကုန်မှာ၊ဗုဒ္ဓရဲ့ဒုတိယ သိက္ခာပုဒ်တော်ကြီးကိုကြည့်၊ ဒါကြောင့် အုပ် မိ ဆိုင်းမိအောင် မြန်မြန်ပြန်စစ်ရတာ၊တော်ပါ သေးရဲ့အပြစ် အဆာအမှားအယွင်း မရှိကြလို့''

ပရိသတ်များ ဆရာတော့်စကားကို သဘော ပေါက်ကြလိမ့်မယ် ထင်ပါတယ်။ လူတွေက အသေးအမွှားကလေးလို့ ထင်ကြပေမယ့် ရဟန်း တော်များအဖို့ အလွန်ကြီးမားတဲ့ ဥပဒေတော် ကြီး တွေဖြစ်နေတတ်တာလဲ ရှိပါတယ်၊ အဲ.... လူတွေက အလွန်ကြီးမားတဲ့ အပြစ်ကြီးလို့ ထင် တာကျတော့ အကြည်ညို ပျက်စရာ စွပ်စွဲစရာ မဟုတ်ဘာကိုလဲ တွေ့နိုင်ပါတယ်။ ဒါကြောင့် လူတွေ ဒကာ ဒကာမများအနေနဲ့လဲ ဝိနည်း တော်ကို သေ့လာ သင်ကြားဖို့ ကောင်းလှ ပါတယ်။

ဘုရားမြတ်စွာက ဝိနည်း ဥပဒေတော်ကြီးကို ပညတ်တော်မူခဲ့ဘာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ ပါပြီ၊ သံဃာဆိုတဲ့အဖွဲ့အစည်းကြီး ကတော့ ကမ္ဘာနဲ့အဝှမ်း ယနေ့တိုင်တည်မြဲနေတယ်။ တိုး တက်နေတယ် တဦးနဲ့တဦး၊ လူမျိုးချင်း မတူ၊ ဇာတ်ချင်း မတူ၊အဆင့်အတန်းချင်းမတူ၊ ပညာ ချင်းမတူ၊ စရိုက်ဝါသနာချင်း မတူ၊ အသက် အရွယ်ချင်း မတူသူတွေ ထောင်နဲ့ သောင်းနဲ့ သိန်းနဲ့ သန်းနဲ့ ဆက်ဆံ ပေါင်းသင်း စုဝေးနေ ကြပေမယ့် တလုံးဘစည်းတည်း ညီညွတ်နေကြ တယ်၊ ဒါဟာ ဥပဒေ ဝါဒကလဲကောင်းလို့၊ ရှိသေလိုက်နာသူများကလဲ ရှိသေလိုက်နာကြလို့ ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်က ဆိုဗီယက် ဝန်ကြီးချုပ် မစ္စဘာ ကရူးရှက် မြန်မာပြည်ကို အလည်အပတ် ရောက်ခဲ့ပါတယ်၊ ဒီအခါမှာ ရွှေတိဂုံ စေတီ တော်ကြီးကို အပို့ခိုင်းလို့ ပို့ပေးကြတယ်။ ရင်ပြင်ပေါ်ရောက်တော့ လှည့်လည် ကြည့်ရှုပြီး တနေရာကျတော့မစ္စတာ ကရူးရှက်က လက်အုပ် ချီလိုက် သတဲ့၊ဒီတော့ လိုက်ပို့သူ မြန်မာနိုင်ငံ ခေါင်းဆောင်ကြီးက....

"ဝန်ကြီးချုပ်-ဗုဒ္ဓကို ကြည်ညိုပါသလား" လို့ မေးလိုက်သတဲ့။ သူဆိုလိုတာက ဘာသာ ရေးဟာ တွေဝေစေတတ်သော မှိုင်းနဲ့ တူတယ် လို့ ရေးကြ ပြောကြတဲ့ ကမ္ဘာ့ ကွန်မြူနစ်ဝါဒ ခေါင်းဆောင်ကြီးကဗုဒ္ဓကိုအရိုအသေပြုသလား လို့ ပြောချင်တာပါ။ ဒါကို မစ္စဘာကရူးရှက်က ပြန်ပြောသတဲ့။

"ကမ္ဘာ့ သမိုင်းမှာ နှစ်ပေါင်း ၂၅၀၀- ကျော်လှာသည်အထိ သူ့ဝါဒကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့တာကိုတော့ ကျုပ်တို့က အလေး ပြုရမယ်''လို့ ပြန်ပြောသတဲ့။

ဒီအကြောင်းကို သတင်းစာဆရာ မောင်ဝံဆ က (ကရူးရှက်)ဆိုတဲ့ သူ့စာအုပ်ထဲမှာ ရေး ထားပါတယ်။

''ကဲ အခု ရာဇဥပဒေဆိုတာကို ဆွေးနွေး ကြရအောင်။

ရာဇဥပဒေကို နှစ်မျိုးနှစ်စား ခွဲနိုင်မယ်ထင် ပါတယ်။

၁။ မင်းတို့ကိုယ်တိုင် လိုက်နာ ကျင့်သုံးရ မယ့် ဥပဒေ။

၂။ မင်းတို့က တိုင်းသူပြည်သား အပေါ် စီရင်အုပ်ချုပ်ရမယ့် ဥပဒေ။

မင်းတို့ ကျင့်ရမယ့် ဥပဒေတွေက အကျဉ်း အားဖြင့်ဆိုယင် မင်းကျင့်တရား (၁၀)ပါး၊ သင်္ဂဟတရား(၄)ပါး၊ နာယကဂုဏ်(၆)ပါး၊ အပရိဟာနိယ တရား(၇)ပါး၊ ရာဇဂုဏ်(၈) ပါး၊ ဒါတွေ-ဒါတွေပေါ့။

ဒုဋ္ဌဂါမဏိမင်းကြီးဆိုယင် သူ့သားတော် က ရထားကို အရမ်းမောင်းလို့ နွားကြီး သားအမိဝပ်နေရာ နွားကလေးကို လှည်းနင်း

မိပြီးသေသွားတယ်။ အဲသည့်တိုင်းပြည်မှာ တိုင်းသူ ပြည်သားများက ရှင်ဘုရင်ကို တိုက်ရိုက် လျှောက်ထားချင်ယင် တီးခတ်ဖို့ ခေါင်းလောင်းကြီး ထားပေးတယ်။ ဒါကို နွားမကြီးက သွားဝေ့တာပေါ့။ ဒါကို ရှင်ဘုရင်က ကြားတော့ စစ်ဆေးတယ်၊ နွားကလေးသေရတဲ့အကြောင်းကို သိရတယ်၊ ဒီမှာတင် သူ့သားတော်ကို လှည်းလမ်းကြောင်းမှာ အိပ်စေပြီး သူကိုယ်တိုင် လှည်းမောင်းဖြတ်နင်းပြီး စီရင်လိုက်သတဲ့။

ဒါဟာ မဟာဝင်မှာ အထင်အရှားရှိတယ်။ အဲသည့် ဒုဋ္ဌဂါမဏိမင်းကြီးဟာ သီဟိုဠ်သာသနာဝင်မှာ နေလို လလို သာသနာတော်ကို ပြုခဲ့တဲ့ သာသနဒါယကာ ဘုရင်ကြီး။

သာသနာတော်နဲ့ ပတ်သက်လျှင် ပြတ်ပြတ်သားသား မညှာမထောက် စစ်တပ်နဲ့ နှိမ်နင်းသန့်စင်စေတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ အနော်ရထာ။

သာသနာ့ အရေးကြီး အရည်းကြီး တွေကို အာဏာစက်ဖြင့် လူဝတ်လဲစေပြီး အလုပ်သမားရဲဘက်တွေအဖြစ်နဲ့ တိုင်းပြည်အတွက် လုပ်အားပေးစေတယ်။

ဒါလဲ မင်းတို့ကျင့်အပ်တဲ့ဥပဒေပဲ၊ ဒီကိစ္စမျိုးကို ဘုန်းတန်ခိုး အာဏာကြီးတဲ့ မင်းမှလွဲလို့ ဘယ်သူမှ လုပ်လို့မဖြစ်ဘူး။

အဲဒါမျိုးတွေက မင်းတို့ ကိုယ်တိုင် ကျင့်ရမယ့် ဥပဒေ အချို့အဝက်ဆိုပါတော့။ သည့်အပြင် ရာဇပဝေဏီ ရွှေဘုံနိဒါန်း မင်းခမ်းမင်းနားနဲ့ဆိုင်တဲ့ ဥပဒေတွေလဲ ရှိသေးတယ်။

ထို့နောက် ထိုမင်းက တိုင်းသူ ပြည်သားအပေါ်စီရင်အုပ်ချုပ်ရမယ့် ဥပဒေ၊ ရာဇမင်းက သတ်မှတ်ထားလို့ (ရာဇသတ်)လို့ ဆိုကြပါတယ်၊ ကျေးသားရင်သား မခွဲခြားပဲ တိုင်းသူပြည်သားကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်ရမယ်ဆိုတဲ့ စကားကိုလဲ သတိထားကြရပါမယ်။

ဘုရားလက်ထက်တော်က ကောသလမင်းဆိုတာရှိတယ်၊ ကြားဖူးကြမှာပါ။

အဲသည့်ဘုရင်က ပြတ်ပြတ်သားသား မရှိဘူး၊ ခပ်ပျော့ပျော့ ဖြစ်ပါလိမ့်မယ်။ ကြည့်လေ ဒု-သ-န-သော ဆိုတဲ့ ငရဲအိုးထဲက အသံကြီးတွေ ကြားရပါတယ်ဆိုတာလဲ သူပဲ။

အိပ်မက်ကြီး(၁၆)ခုကို တညတည်း ဆက်မက်နေတယ်ဆိုတာလဲ သူပဲ၊ အိပ်မက်အဲရှည်ကြီး (လောင်းပလေး)။

နောက်ပြီးတော့ ဗုဒ္ဓကိုလဲ သူကိုးကွယ်တာပဲ၊ တိတ္ထိဆရာကြီးတွေကိုလဲ ကိုးကွယ်လျက်ပဲ၊ ဒါကြောင့် မပြတ်သားဘူးလို့ ပြောကြတာ။

လူပုဂ္ဂိုလ် ပုံပန်းသဏ္ဌာန်က တုတ်တုတ်ခိုင်ခိုင်၊ ဝဝဖီးဖီး ဗိုက်က ခေါက်ထူကြီးနဲ့ ဇိမ်ခံဘုရင်ကြီးဖြစ်ပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကွယ်ရာမှာ 'ပသေနဒီ ကောသလမင်း'လို့ ခေါ်ကြသတဲ့၊ ပသေ=ဆိုတာက နံဘေး။ နဒီ=ဆိုတာက မြစ်။ ချိုးရေတော်သုံးတဲ့အခါ ဗိုက်ခေါက်နံဘေးမှာ ရေတင်နေလို့ (ကျောက်ပျဉ်မှာ ရေပဏ်လည် ဝိုင်းနေသလို) ဖြစ်နေလို့ မောင်းမငယ်များက ပြက်ရယ်ပြု ခေါ်ကြတယ်ဆိုပဲ။

သတ္တိကျတော့လဲ ကြည့်ဦး၊ အင်္ဂုလိမာလကို ဖမ်းရအောင် စစ်တပ်ကြီးနဲ့ ထွက်လာတယ်၊ ဖမ်းရမယ့် လူက တယောက်တည်း၊ အဲဒါလဲ အင်္ဂုလိမာလရဲ့ အမေက သားကို သတိပေးရအောင်တောထဲ လိုက်လာတယ်၊ အင်္ဂုလိမာလက လက်ညှိုးတချောင်းလိုတော့တဲ့အတွက် မိခင်ဖြစ်နေလဲ သတ်ရတော့မှာပဲ ဆိုပြီး လိုက်တယ်၊ ရဟန္တာဖြစ်မယ့် အင်္ဂုလိမာလ ပဉ္စာနန္တရိယကံ မထိုက်ရအောင် မြတ်စွာဘုရားက ကြားကဝင်ပြီး တရားဟောသိမ်းသွင်းပြီး ခေါ်လာလို့ ရဟန်းတောင်ဖြစ်ပြီ။

အဲသည်တော့မှ ကော သ လ မင်း ကြီး က အင်္ဂုလိမာလကို အဖမ်းမထွက်ခင် ဘုရားကျောင်းတော်ကို ဝင်လာတာ။

မြတ်စွာဘုရားက စစ်တပ်ကြီးနဲ့ ဘာကြောင့်ထွက်လာတာလဲ....လို့ မေးတော်မူတယ်။

''အင်္ဂုလိမာလကို ဖမ်းဆီးရအောင် ထွက်လာတာပါ ဘုရား''လို့ လျှောက်တယ်။

''အင်္ဂုလိမာလကို အသင်မင်းကြီး ဖမ်းဖို့ မလိုတော့ပါဘူး၊ ကျောင်းပေါ်မှာ ရောက်နေပါပြီ''လို့လဲ ဗုဒ္ဓကိုယ်တော်ကပြောလိုက်ရော.... ကောသလမင်းကြီးက ထပြေးမယ်လုပ်လို့ မြတ်စွာဘုရားက တားယူရတယ်၊ အဲသလောက်သတ္တိ။

အခုပြောမယ့် ကိစ္စက ရှင်ဘုရင်ကိုယ်တိုင်လာဘ်စားပြီး မတရားစီရင်တဲ့ အကြောင်းပါ၊ မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတုန်း ဘုန်းတန်ခိုး အလှူအတန်းတွေ အလွန်တိုးတက် ပေါများနေတယ်၊ တိတ္ထိတွေမှာတော့ ကြည်ညိုသူ လှူလိုသူ နည်းပါး နေတယ်၊ ဒါကို တိတ္ထိဆရာကြီးများက တိုင်ပင် စည်းဝေးကြတယ်။

''ဂေါတမ ဗုဒ္ဓဟာ ဇေတဝန်ကျောင်းမြေနေရာက ဘူမိနက်သန် မြေခံမှန်လို့ ဘုန်းတန်ခိုးကြီးနေတာ၊ ဒီတော့ တို့လဲအဲသည့်ကျောင်းမြေတနေရာမှာ ကျောင်း ဆောက် ပြီး နေကြရအောင်၊ ဘုရင်ကောသလ မင်းကြီးကို လာဘ်ထိုးပြီး မြေနေရာတောင်းမယ်''

အဲသလို တိုင်ပင်ပြီး သူတို့ကို ကြည်ညိုတဲ့ သဌေးတွေထံ ငွေများများစုပြီး လာဘ်သွားထိုးကြတယ်၊ရှင်ဘုရင်ကလဲလာဘ်ကိုယူပြီး ဆောက်စေ....လို့ ဆိုလိုက်တာပဲ။

ဆောက်ခွင့်ရတယ် ဆိုယင်ပဲ တိတ္ထိတွေဟာ အလုပ်သမား လက်သမားတွေနဲ့ညီဟာယ်၊ တိုင်ထူဟယ်နဲ့ ပြောဆိုဟစ်အော် လုပ်ကိုင် နေကြတာ ပွက်လောရိုက်နေတာပဲတဲ့။

ဒါကို ဘုရားက ကြားတော်မူတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ကို ခေါ်မေးတယ်။

''ငါးစိမ်းသည်တွေ ရန်ဖြစ်သလို အော်ဟစ်ဆူညံနေတာ ဘယ်သူတွေလဲ'' ပေါ့။

''တိတ္ထိတွေလာပြီး ကျောင်းဆောက် နေကြတာပါ ဘုရား''

''ဘယ်သူက အခွင့်ပေးလို့လဲ''

''ကောသလမင်းကြီးက ခွင့် ပေး တယ် လို့ ကြားပါတယ် ဘုရား''

''ဒါဖြင့်....ကောသလမင်းထံ သွားကြစမ်း၊ ငါ့သာသနာမှာ အညစ်အကြေးတွေ ကူးစက်ကုန်လိမ့်မယ်၊ တရားအားထုတ်နေကြတဲ့ ရဟန်းများ အဘို့က်လဲ အနှောင့်အယှက် ဖြစ်တယ်၊ ကောသလမင်းက တားမြစ်ပေးပါလို့ ပြော''လို့ ဆိုပြီး အရှင်မောဂ္ဂလာန်ကို ဘုရင့်ထံ လွှတ်လိုက်တယ်၊ ဘုရင်က အတွေ့မခံဘူး၊ ဘာအတွေ့ခံမှာလဲ လာဘ်ယူထားတာကိုး။ အတွေ့မခံတော့လဲ ပြန်ခဲ့ရတာပေါ့။ ရှင်ဘုရင်ဆိုတာများက မတွေ့ချင်ယင် အလွယ်ကလေးပဲဟာ။

တိတ္ထိတွေက 'ဘုရင်က အတွေ့မခံလိုက်ဘူး' ဆိုတာ ကြားတော့ ပိုပြီး ရောင့်တက်လာကြတာပေါ့။ ပိုပြီးတော့တောင် ပမာမခန့် ဆူဆူညံညံ လုပ်သိုက်ကြသေး။

နောက်တခါ ဗုဒ္ဓက အရှင် သာရိပုတ္တရာကိုယ် တော် ကြီးကို လွှတ်တယ်၊ ဒါလောက်လေးစားရမယ့် ရဟန္တာကြီးကိုလဲ အတွေ့မခံလိုက်ဘူး။ နောက်ဆုံး ဗုဒ္ဓကိုယ်တော်တိုင် ကြွရတယ်။

ဗုဒ္ဓဆိုတော့ ရှင်ဘုရင်ကြီး အတွေ့မခံလို့ မဖြစ်တော့ဘူး။ အဲဒီမှာ ဗုဒ္ဓက ဘုရင်ကြီး ရိပ်မိအောင် တရားသုတ္တန်တခုကို ဟောတော်မူတယ်၊

ရှေးတုန်းက ဘုရင်တပါး လာဘ်စားပြီး ရသေ့ဂိုဏ်း နှစ်ဂိုဏ်းကို ရန်တိုက်သလိုလုပ်လို့ အကျိုးဆက်ယုတ်ရပုံအကြောင်း။

အဲသည်တော့မှ သူလာဘ်စားတာကို ဘုရားရှင် သိတော်မူပြီဆိုပြီး တိတ္ထိတို့ကို (တားစရမ်း) ထုတ်ပေးတော့တယ်၊ အဲသလောက် ရှုံ့ချည်နပ်ချည် နိုင်တဲ့ ဘုရင်''

ဗုဒ္ဓက ရဟန်းများကို ဗျာဒိတ်စကား မြွက်ကြားတယ်။ 'ကောသလ ဘုရင်ဟာ အဲသည့်အကုသိုလ်ကံကြောင့် ဘုရင်ပီပီ နန်းတော်ပေါ်မှာ နတ်ရွာမစံရပဲ ဇရပ်ကြို ဇရပ်ကြား မှာ သူတောင်းစားလို ခွေးလို သေရလိမ့်မယ်'' လို့ ကရုဏာကြီးစွာဖြင့် မိန့်တော်မူတယ်။

အဲ ...ဗုဒ္ဓ ဟောတော်မူတဲ့အတိုင်းပါပဲ။ သူမတရားသတ်ခဲ့တဲ့ ဗန္ဓုလ စစ်သူကြီးရဲ့တူ။ စစ်သူကြီးနဲ့ ဝိဋ္ဋူဘတို့ကအာဃာတသိမ်းတာနဲ့ တူတော်တဲ့ အဇာတသတ် မင်းထံ စစ်ကူတောင်းဖို့ မထင်မရှား ထွက်ပြေး၊ ရာဇဂြိုဟ်ကိုအလာ ဇရပ်ပေါ်မှာ ညကြီးမင်းကြီး အချိန်မတော် နတ်ရွာစံတော်မူရတယ်။

ဒါကို ဦးပုည က ရေးထားတယ်လေ။

ဟုတ်ပလေ နှုတ်ခြွေ ဟာရမှာဖြင့်၊ ပုဗ္ဗေစထင်ရဲ့လေ။

ကောသလရယ်လို့၊ လောကမှာ သရေလန်းပါတဲ့၊ ရွှေနန်းစံ နာရနိန်မှာ၊ ခါချိန်တန် ပျက်မြေဟာမို့၊ စွဲမိသံခ၀။

အကုသိုလ် ဃာဋ္ဋကတ်ရယ်က၊ ယခုလို လာလို့ ဖြဘ်ပြန်တော့၊ ဇရပ်သို့ ပြေးရချေ၊ခွေးသေသို့ သေရငြား။

သိလျက်နှင့်ပင်၊ ဝိပါက် ကြမ္မာထင်၍၊ ရွှေညာဏ်ရှင်မ စေခွဲနိုင်ဘု၊ ပွဲတွေ့အမှား။ ။

ကျွန်တော့်စကားက အတော်ရှည်သွားပါပြီ၊ နိဂုံးချုပ်မှ တော်တော့မယ်။ ဒါကြောင့် လောကမှာ ဥပဒေဆိုတာရှိကိုရှိရမယ့် ညွှန်ကြားချက်များဖြစ်ပါတယ်။ ဥပဒေမရှိတဲ့နေရာရယ်လို့ ဘယ်မှာမှ မရှိပါဘူး။ ယုတ်စွအဆုံး တိရစ္ဆာန်လောကမှာပင် သူ့နယ်ကိုယ့်နယ်၊ သူ့စည်းကိုယ့်စည်းရှိကြပါဘယ်။ ဒါကြောင့်ယဉ်ကျေးတဲ့လူသားတိုင်း လူသားတိုင်း ဥပဒေကို ရိုသေလေးစား လိုက်စား လေ့လာလိုက်နာကြရပါမယ်။

လူ့ဥပဒေကို လူတွေက မလိုက်နာလျှင် လူ့ယဉ်ကျေးမှု ပျောက်ကွယ်ကုန်မယ်၊ ရိုသေလိုက်နာလျှင် လူ့ယဉ်ကျေးမှုကြီး တိုးတက်လာမယ်။

ထို့နည်း လည်းကောင်းပဲ၊ ရဟန်းဥပဒေကို ရဟန်းများက မလိုက်နာလျှင် သာသနာကြီး ပျောက်ကွယ် လိမ့်မယ်၊ ရိုသေ လိုက်နာလျှင် သာသနာတော်ကြီး နေလိုလလို တနေ့တခြား လင်းမယ်။

ထို့အတူ မင်းဥပဒေကို မင်းစိုးရာဇာများနှင့်တကွ တိုင်းသူပြည်သားများက မလိုက်နာလျှင် တိုင်းပြည်ကြီး ပျက်စီးမယ်၊ လိုက်နာလျှင် သာယာစပြော ဆန်ရေစပါး ပေါမယ်။

ဒါကြောင့်....ဒါကြောင့် ယခု ဥပဒေ ပညာကို သင်ယူနေကြတဲ့ ဥပဒေပညာရှင်၊ ဥပဒေပါရဂူလောင်းများ၊ ဥပဒေအရပ်ရင်ကို ထုတ်မြောက် ကျွမ်းကျင် လာတဲ့အခါ လုပ်သားပြည်သူများကို ဥပဒေဖြင့် ညွှန်ကြား အကျိုးဆောင်ပေးကြရုံမက မိမိတို့ကိုယ်တိုင် ဥပဒေကို ရိုရိုသေသေ လေးလေးစားစား လိုက်နာကြပါလို့ ဆန္ဒပြုယင်း....



# သွေး

လွန်ခဲ့သော ဇွန်လ(၅)ရက်နေ့က သနားကမား လူရွယ်သုံးယောက်ကျွန်တော့်ထံ ရောက်လာကြပါသည်။

ဖြူနုန်းကနဲတော့ 'ရုပ်ရှင်မင်းသားလောင်းကလေးများလား' ဟု ကသိကအောက် ဖြစ်လိုက်မိပါသေးသည်။ (ဘလောကလေးက ဒါရိုက်တာ မောင်တင်ဦး ပြုလုပ်သော ရုပ်ရှင်သရုပ်ဆောင်သစ် စစ်ဆေးပွဲသို့ အကဲဖြတ်အဖြစ် ပါသွားပြီး နည်းနည်းပါးပါး ဝင်ရေးက် စွက်ဖက်မိပါသေးသကိုး)

"ဆိုကြစမ်းကွယ်....ကိစ္စက...."

"ကျွန်တော်တို့(အာရ်အိုင်တီ) ဗုဒ္ဓဘာသာမိသားစုအသင်းကပါ ဆရာကြီး"

"ဪ..."

ထိုအဖြေကို ကြားရမှ နှုတ်က ပေါ့ပါးသွားသလောက် စိတ်က လွတ်လပ် သွားရသည်။ (ဆရာကြီးဟု အခေါ်ခံရတိုင်း လိပ်ပြာမလုံလှ၊ အသက်ကြီးသို့ ဆရာကြီ လို့ ခေါ်ကြဘာပေါ့လေဟု ကိုယ့်စိတ်ကိုယ်ဖြေရပါသည်)။

ကျွန်တော်တို့အသင်းက ခါတိုင်းလို 'သွေးအလှူချိးကျူ ပွဲ' လုပ်ကြမလို့ပါဆရာကြီး၊ အဲဒါ ဆရာကြီးရဲ့ ဟောပြောပွဲကလေးပါ ထည့်ချင်လို့ တောင်းပန်ရအောင် လာကြတာပါ"

"မနှစ်ကလဲ ဟောခဲ့ပြီကွာ"

"ကျွန်တော်တို့ကလဲ နှစ်တိုင်း လှူ-ဆရာကြီးကလဲ နှစ်တိုင်းဟောယင် ကောင်းတာပေါ့"

ကျွန်တော်ကရယ်၍ သူတို့ပါ ဝိုင်း၍ရယ်ကြပါသည်။

"ဒီနှစ်ဆိုယင် သွေးအလှူရှင် ကျောင်းသူကျောင်းသားတွေ ပိုများလာပါတယ်၊ အကြိမ်ငါးကြိမ်၊ ခြောက်ကြိမ် လှူတဲ့လူတွေတောင် ရှိပါတယ်"

"အေး....ကောင်းတဲ့ အလုပ်၊ မြတ်သောအလှူပေပဲကွာ....ဘယ်တော့လဲ"

"အခုလ (၂၇)ရက်နေ့မှာပါ ဆရာကြီး"

တကယ်တော့ ဟောပြောပွဲသို့ လိုက်ရသည်မှာ ဝေယျာဝစ္စတော့ အများသား။ နာရီဝက်....တနာရီဆိုပေမယ့် အချိန်ကုန်ရသည်က သုံးလေးနာရီ၊ ဒါ့ထက် ဟောဖို့ပြောဖို့ အကြောင်းအရာ အချက်အလက်ကလေးတွေကို စုဆောင်းရှာဖွေ၊ မှတ်ရသားရသည်က ကြိုကြိုတင်တင် နှစ်ရက် သုံးရက်။ ဒါကြောင့် အသက်သာခိုချင်၍....

"အဲသည်နေ့တော့ ဆရာမအားပါဘူးကွယ်၊ စမ်းနည်းပါတယ်" ဟု လိမ်လည် လှည့်လွှဲလို၍ ရက်ကို မေးမိကာမှ....

"အဲသည်နေ့ ဆရာမအားလျှင် ဆရာအားတဲ့နေ့ကို စီစဉ်ပါ့မယ်"ဟု အချို့က ဆင်ဝတ်သဖြင့် ရှောင်လွှဲနိုင်သည်က နည်းလှပါသည်။

ယခုတော့ သွေးလှူသော ဒါနက်စွ။

'အကြိမ်နှစ်ဆယ်မြောက် သွေးလှူခြင်း'

'အကြိမ်သုံးဆယ်မြောက် သွေးလှူခြင်း'

ထိုအလှူရှင်များ အကြောင်း သဘင်းစာတွင်တွေ့ရတိုင်း သာခု ခေါ်မိသည့်ချည်းဖြစ်ရာ ယခုကျောင်းသူကျောင်းသား သမီးအရွယ် မြေးအရွယ်ကလေးများက သွေးလှူကြရမှာ မိမိက အားမပေးလျှင် သာခု ခေါ်ရသည်က သဘာဝမှ ကျပါလေစဟု စဉ်းစားမိသည်။

''အေးကွယ်....ဆရာဟောပါ့မယ်''

''ကျေးဇူးပါပဲ ဆရာကြီးရယ်၊ ဒီလိုဆို ဆရာကြီး ဟောပြောမယ့် အကြောင်းအရာ ကလေးများ ခေါင်းစဉ်ကို ကြိုတင်သိရယင် ကောင်းမှာပဲ၊ တလက်စတည်းကျောင်းအုပ်ကြီးထံ အစီရင်ခံပြီး ကြိုဘင်လဲ ကြော်ငြာနိုင်တာပေါ့''

''ဘာအကြောင်းဟောရမလဲ''

''ဆရာကြီးကြိုက်တာသာ ဟောပါ''

မနှစ်က၊ တနှစ်က သူတို့ကျောင်းမှာ မိဘမေတ္တာနှင့် မြန်မာကဗျာ ဂီဘ စသည်စသည် ဟောခဲ့ဖူးပြီထင်သည်။ ယခုနှစ်တော့ သူတို့ဒါနနှင့် တိုက်ရိုက်သက်ဆိုင်အောင် (လူတိုင်း ပြုခဲလှသည့်) သူတို့၏ အလှူမျိုး၏ အကျိုးကြီးပုံ လူသား အကျိုးပြုပုံကို သူတို့ ကိုယ်တိုင် ပီတိဖြစ်ကြစေချင်သည်။

''ဒီနှစ်တော့ (သွေး)အကြောင်း ပြောကြရအောင်လား''

''ဟာ.... သိပ်ကောင်းတာပေါ့ ဆရာကြီး၊ ကောင်းတယ်-ကောင်းတယ်''

သူတို့ကလေးတွေ ဝမ်းသာအားရ ပြန်သွားကြလေပြီ။ ကျွန်တော် မှာတော့ ထိုင်ရာမှ မထနိုင်သေး။ (သွေး) အကြောင်းကို စဉ်းစားနေရသည်။ သူတို့လက်ခံအောင်၊ စိတ်ဝင်စားအောင် ဘယ်အချက်အလက်တွေကို ပြောရပါ့မလဲ.... စဉ်းစားစမ်း။

* *

'လှသထက်လှမယ်ဆိုယင်၊ ဆေးဘက် ဝင်လေသလား၊ မောင့်အသွေးတွေ မောင့်အသားတွေ၊ မောင့်အသည်းတွေ၊ မောင့်နှလုံးတွေ၊ အသုံးပြုပါလေ၊ ကြည်ဖြူပါတယ် လို့ရာကို ယူစေ....'

ကွယ်လွန်ရှာသူ မန္တလေး မြို့မဆရာငြိမ်း ရေးသားခဲ့သော 'သက်ဝေ'သီချင်းက အလျင်ဆုံး ပေါ်လာသည်။

သီချင်းရေးသအဖွဲ့အနွဲ့ကာလပေါ် သီချင်းတွေ အကြားမှာ နားအဝင်ဆုံးသီချင်း၊ အရသာအရှိဆုံးသီချင်း၊ အဓိပ္ပာယ် အပြည့်အဝဆုံး သီချင်း၊ 'ရွှေမြင့်မိုရ်တတောင်လုံးတုံးမှတ်လို့ခုန်' တာတွေ ထက်စေတနာပေါ်သည်။ သမုဒ်ကို မင်ရည်ဖျော်တာတွေထက်လဲ သဒ္ဓာတွေပိုသည်။ 'ကြက်ညီနောင် ရေဝယ်မျောစေတော့' ဆိုတာထက်လည်း သိပ္ပံနည်းကျသည်။ ဘုရားကိုလည်း သက်သေ ပြုပြီး တိုင်မတည်၊ ကျေးငှက်တို့ကိုလည်း တမန်မစေပဲ တိုက်ရိုက်ပြောပုံက-

'လှတဲ့သူကလေးရယ်၊ သည့်ထက် သည်မျှမင်းက လှချင်သေးတယ်သာ ဆိုယင်၊ မောင့်အသွေး အသား အသည်းနှလုံးတွေကို (မက္ကစ်ဖက်တာ) (မိတ်ကပ်)ဆေးဖော်ပြီး လိမ်းခြယ်ရအောင် ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါဦးမယ်.... တဲ့'

ရက်ရောပုံတွေ- ရက်ရောပုံတွေ။

အဲဒါ(သွေး)ရဲ့အရေးပါပုံ၊ အသုံးဝင်ပုံတွေပေါ့။

ဒီသီချင်းကို အရေးပါတဲ့တနေရာမှာ ငါသုံးဖူးပါတယ်၊ ဩော်....အမှတ်ရပြီ။ ၁၉၅၉ခုနှစ်မှာရိုက်ခဲ့တဲ့ 'ချစ်သွေးသစ္စာ' ဇာတ်ကားမှာပေါ့၊ ဝတ္ထုက ဆရာဝန်မောင်သင်ရဲ့ 'ရေတိမ်နစ်ခြင်း'ဆိုတဲ့ ဝတ္ထုလေ၊ အင်း-သူ့ကိုပဲ သူ့ဝတ္ထုမှာ ဇာတ်လိုက်ဆရာဝန်အဖြစ်၊ သူ့အလုပ်မှ ဆွဲထုတ်ပြီး ရိုက်ခဲ့ဘာကော၊ ဝတ္ထုဇာတ်

ကြောင်း အဓိကသဘောက အရေးတကြီး သွေးသွင်း ကုသပေးရမည့် လူနာတယောက်၊ အချိန်မီ(သွေးတူ)မရလို့ မသေသင့်ပဲ သေရတဲ့ 'ရေတိမ်နစ်ခြင်း' ပေါ့၊ မြန်မာပြည် အရပ်ရပ်ရှိ ဆေးရုံတိုင်းမှာ (သွေးဘဏ်တိုက်)တွေ ရှိကြဖို့၊ သွေးအလှူရှင်တွေ ပေါပေါများများ ပေါ ပေါက်ဖို့ စေ့ဆော်ခဲ့တယ်လေ။

ဟဲ....ဟဲ....ဒီ တကား တည်း နဲ့ ဆရာဝန် မောင်သင် အကယ်ဒမီကြီးများ ရသွားပါ ပကော၊ မြန်မာနိုင်ငံအစိုးရ ရုပ်ရှင်ဌာနမှ အကယ်ဒမီ ရွှေစင်ရုပ်သာမကဘူး၊ ရုပ်ရှင် ဝါ သနာအိုးများအဖွဲ့ ကပေးတဲ့(သူရဿတီဟာသ်ာ စီးကြေးလောဟာ အရုပ်ကြီး)ပါ ရလိုက်သေး တာပဲ။ အမယ်-ငါလဲ ရောယောင် တရုပ်ရလိုက် တယ်လေ၊ ဘယ်ဆိုးလို့လဲ-ဟဲဟဲ။

ဒါဟာ ဆေးရုံဘိုင်း (သွေးဘဏ်တိုက်တွေ၊ သွေးအလှူရှင်တွေ ပေါပေါက် များပြားလာ အောင် စေ့ဆော်လိုက်တဲ့ ရုပ်ရှင်ကားပါလို့ ပြောနိုင်မှာပေါ့နော်၊ ၁၉၅၉-ခုနှစ်က ထွက်ခဲ့ ပေတာကိုး။

ဟော့....ကိုယ့်ငါးချဉ် ကိုယ် ချဉ်မနေနဲ့ဦး၊ စာသံပေသံ၊ ဓာတုဗေဒသံကလေးများနှင့် ပြော နိုင်အောင် အချက်အလက်ကလေးတွေ ရှာဦး လေ။

ရှာဆိုယင် ငါတို့ အားကိုး ပြုနေကြရတဲ့ 'မြန် မာ့ စွယ် စုံ ကျမ်း' ကို ကြည့် ပိုက်ရုံပေါ့။ ဟော....တွေ့ပါပြီဗျာ- အ ကြောင်း အ ရာ တွေ အများကြီး၊ ဒါပေမယ့် အရပ်သား အဆင့် လောက်နှင့် အဆင်ပြေအောင် ရွေးယူရမှာပေါ့၊ ကဲ....ဖတ်ကြည့်လိုက်စမ်း....

* * *

'ခန္ဓာကိုယ် အ စိတ် အ ပိုင်း တိုင်း သည် အစာအတွက် သွေးကိုအမြဲပြုနေရ၏၊ ပေါင် (၁၀၀) ကျော်ကျော်ခန့် အလေးရှိသော ကျန်းမာ သန့်စွမ်းသော လူတယောက်တွင် သွေး (၇)ပေါင်ကျော်ကျော်ခန့် ရှိသည်။ သွေးထဲတွင်ရှိသော ကုဋ္ဌေသိန်းကျော် အရေ အတွက်ရှိသော (ဆဲလ်)တို့သည် နေ့စဉ် ပျက်၍နေစဉ် ဖြစ်ပေါ်လျက်ရှိသည်။ သူ့ ခန္ဓာကိုယ်တွင်ရှိသော အရည်များ အားလုံး သည် သွေးကိုဖြတ်သန်းသွား၍ လူ တကိုယ် လုံးတွင် ရေသည် ဆယ်ပုံ-ပုံ ကိုးပုံကျော်ခန့် ရှိသည်။ သို့သော် သွေးသည် (တကွပ်ဝင်) ပုလင်းနှင့် ငါးပုလင်းမှ ခြောက်ပုလင်းအထိ မှန်မှန်ရှိအောင် ပြုပြင် ထိန်းသိမ်းသွားနိုင် သည်....'

'....သွေးသည် ခန္ဓာကိုယ် အစိတ်အပိုင်း တိုင်းအတွက် အရေးကြီး၍ တနေရာမှသွေး ကို တနာရီခန့် ပိတ်ထားလျှင် ထိုအစိတ် အပိုင်းသည် သေသွားနိုင်သည်။ ဦးနှောက်မှ သွေးအသွားကို ပိတ်ထားလျှင် လူသည် ချက်ချင်းဆိုသလို သတိမရဖြစ်သွားပြီးလျှင် မကြာမီအတွင်း လူလည်းသေသွားနိုင်သည်။ ခန္ဓာကိုယ်မှသွေးများ သုံးပုံတပုံကျော်ကျော် ရုတ်တရက်ထွက်သွားလျှင်လူသေနိုင်သည်....

'....သွေးကူးပေးခြင်းသည် သွေးအား နည်းသူများအတွက် အလွန် အရေးပါအရာ ရောက်သည်။ ထို့ကြောင့် မြို့ကြီးများတွင် ရှိသော ဆေးရုံများ၌ သွေးလှူဌာနများ တည်ထောင်ကြလေသည်။ တချို့ ကျန်းမာ၍ စေတနာထက်သန်သောသူများသည်လူမမာ များအတွက် မိမိတို့ ခန္ဓာကိုယ်မှ သွေးများ ကို ဆေးရုံသို့ လာရောက် လှူဒါန်းကြ သည်။ မိမိဘို့ သွေးတစက်ဖြင့် လူ့အသက် ကို ကယ်ကြသည်။ ထို့ကြောင့် သွေးလှူ သော စေတနာရှင်တို့အား များစွာ ကျေး ဇူးတင်ထိုက်သည်....'

* * *

ဒါက လောကဓာတ်သိပ္ပံအဆိုပေါ့လေ။

ကဲ-ဗုဒ္ဓပိဋကတ်က ဘယ်လိုဆိုသတုံး။

'ရုဓိရံ ဇီဝ မုစ္စတေ။

'ရုဓိရံ=သွေးကို၊ ဇီဝံ=အသက်ဟူ၍၊

ဥစ္စတေ=ဆိုအပ်၏တဲ့။

လူတို့၏ ခန္ဓာကိုယ်ကို ကာယာ နုပဿနာဖြင့်ခွဲလိုက်လျှင် သုံးဆယ့်နှစ်ကောဋ္ဌာသ(၃၂) မျိုး စုပေါင်း ဖွဲ့စည်းနေတာ တွေ့ရပါတယ်၊ 'အတ္ထိဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော'ဆိုတဲ့ ပါဠိစကား ရှိတယ်လေ၊ ဆံပင်၊ မွေးညင်း၊ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး စသည်-စသည်များပေါ့၊ အဲသည့်အထဲမှာ လောဟိတံ=သွေး ဆိုတာ ပါလာပြီ။

အဲသည့် (၃၂)မျိုးထဲက ဆံပင် မရှိလို့လဲ လူမသေနိုင်ဘူး၊အမွေးအမျှင်မရှိလို့လဲ လူမသေနိုင်ဘူး၊ အဆုတ်တို့ ကျောက်ကပ်တို့ တခြမ်းတဝက် ပျက်စီးသွားဦးတော့ အနည်းနှင့်အများ အသက်ရှင်နိုင်သေးတယ်၊ သွေးနည်းလို့၊ သွေးမရှိလို့တော့ ဘယ်နည်းနှင့်မှ အသက်ရှင်စရာလမ်းမရှိဘူး၊ ဒါကြောင့် 'သွေးကိုအသက်ဟု ဆိုအပ်၏'လို့ ဗုဒ္ဓက ဟောတာပေါ့။

သွေးနှင့်ပတ်သက်လို့ မြန်မာ့ဝေါဟာရများကို ကြည့်မယ်ဆိုယင် 'ရင်သွေး'ဆိုတဲ့ စကားကို အချားဆုံး ကြားရ ဖတ်ရလိမ့်မယ်။

· ရင်သွေး=ရင်မှဖြစ်သောသွေး၊ မိမိ နှလုံးသားမှ ဖြစ်သာသောသွေး၊ ထိုစကားလုံးကို သားသမီးများမှ လွဲလို့ မည်သူ့ကိုမျှ ခေါ်လို့ သုံးလို့ မရတဲ့ဝေါဟာရ။

'ကိုးလလွယ်၍၊ ဆယ်လမှာမွေး၊ နို့ချိုကျွေး၍၊ ပိုက်ထွေးယုယ'ဆိုတဲ့ စကားက၊ မိမိ၏ ရင်မှဖြစ်သောသွေး၊ သွေးမှဖြစ်သော နို့ရည်ကို တိုက်ကျွေးကြဘာ ပေါ်လွင်သေးတယ်လေ။

ဤနေရာမှာ စဉ်းစားကြည့်ဦး။

ပက်တိသွေးရဲ့ အရောင်အဆင်းက နီတယ်။ အမိဘို့ရဲ့ နို့ရည်အရောင်အဆင်းကာ ဖြူဖွေးနေတယ်။

ပကတိသွေးကို အာဟာရအနေနဲ့ သောက်သုံးလို့ မဖြစ်ဘူး။

အမိတို့ရဲ့ နို့ရည်က ကလေး အတွက် အကောင်းဆုံးသော သဘာဝအာဟာရ၊ လောကကြီးတခုလုံး မိခင်နို့ရည်လောက် ဒဲမြိုက်သြဇာ အရသာ ပြည့်စုံတာ ဘယ်အရာမှမရှိ၊ ဘယ်အာဟာရနှင့်မှ အစားဆိုးလို့မရ၊ ဒါဖြင့် သွေးမှနို့ရည်ဖြစ်အောင် ဘယ်လိုပြောင်းလာသတဲ့လဲ၊ ပဏ္ဍာသ အဋ္ဌကထာကတော့ 'မိခင်တို့၏ မေတ္တာကြောင့် သွေးစင်စစ်က နို့ရည်ဖြစ်လာသည် ဟု' ဆိုတယ်၊ ဟုတ်တာပေါ့၊ နို့ရည်ထွက်နေတဲ့ နို့အုံကို ဓားနှင့်ခွဲကြည့်ပါလား၊ နို့ရည် ထွက်မလာဘူး၊ သွေးစိမ်းရှင်ရှင် ထွက်လာလိမ့်မယ်။

'ရင်သွေးဟူကာ၊ ချစ်မဝ၊ လောကအားလုံး၊ သားသမီးကို မုန်းသည်ဟု၊ ဆိုထုံးမရှိ' အဲသည့်စကားကမိမိတို့၏ သွေးတည်းဟူသော နို့ရည် နို့စက် သောက်သုံးစို့မျိုကြီး ပွားလာတဲ့ ကလေးအပေါ်မှာ ဘယ်တော့မှ မမုန်းနိုင်ကြပါဘူးတဲ့။

ဟင်း....ဒါတောင်....'မိဘာဆိုတာ ကျေးဇူးအထူးတင်စရာမလိုပါဘူး၊ ဖို-မကိစ္စ ရုပ်တရားအရ သွေးသား သောင်းကျန်းကြလို့ တို့ကဖြစ်ပေါ်လာရတာ'လို့ မိုက်မိုက် ကန်းကန်း ပြောချင်တဲ့ သတ္တဝါကလေးများ ရှိသေးတယ်၊ အဝီစိကို ကိုယ့်တွင်းကိုယ်ယက်ပြီး ဆင်းမယ့်အကောင် တွေ။

သန္ဓေနှုတ်ငုံ ကိုယ်ဝန် မဆောင်ခဲ့ပေမယ့် ကိုယ့်နို့ တစက် ဝင်ရုံမျှနှင့် မေတ္တာကရုဏာ စိတ်များ ပေါ်လာဘတ်ပါသေးတယ်။

ဘုရားဟောတဲ့ တိံသနိပါတ်၊ ဇယဒိသဇာတ်ပေါ့။

ကပိလတိုင်း ပဉ္စာလမြို့မှာ ကပိလပြည့်ရှင် ဘုရင်ကြီး၏ မိဖုရား သားရတနာ ဖွားတိုင်း ဖွားတိုင်း ဘီလူးမက လာပြီး ခိုးစားတယ်၊ တဘိယမြောက် သားဖွားတဲ့အခါ မိဖုရားကြီးရဲ့ (မီးနေဆောင်) အတွင်းအပြင် အပြည့်အကျပ် အစောင့်တွေချထားပြီးမှ သားဖွားတယ်၊ ဒါလဲ ဘီလူးမက ကိုယ်ရောင်ဖျောက်ပြီး လာခိုးတာပဲ၊ သို့သော်ငြားလည်း ဒီအခါ ကလေးက ဝူးဝူးဝါးဝါး ငိုတယ်၊ အဲသည့်ကလေးငိုသံကို မှန်းပြီး အစောင့်တွေက လိုက်ကြတယ်၊ ကလေးကလဲ ငိုလျက်ပဲ၊ ကြာတော့ ကလေး အငိုတိတ်အောင် ဘီလူးမက သူ့နို့ကို တိုက်ထားလိုက်ရတယ်၊ ဒီတော့မှ ကလေး အငိုတိတ်ပြီး အစောင့်တွေ ကြားမှ လွတ်သွားရတယ်၊ ဘီလူးမကြီးဟာ သူ့ဂူကို ရောက်တော့ ခါတိုင်းကလေးတွေကို စားသလို စားမယ်လုပ်တယ်၊ သို့ပေမယ့် မစားရက်တော့ဘူး၊ သူ့နို့ရည် ဝင်ထားလို့ သားကဲ့သို့ချစ်ပြီး ကြီးပြင်းအောင် မွေးလိုက်တော့သတဲ့။

ဒိဝတ္တုကိုလည်း ဇယဒိသ အမည်နဲ့ပဲ မုဆိုးရှင်ရိုက်ခဲ့ဖူးပြီလေ၊ မိဘမေတ္တာ ဘွဲ့ပေါ့။ နောက်မြန်မာစကားစာခု ရှိသေးသည်ကော။

''အရေးကြီးတော့ သွေးနီးရာ....တဲ့။ ဒါကိုတော့ လွယ်လွယ်နဲ့ သိကြ ပါတယ်။ အရေးအကြောင်းရှိလျှင် သွေးသားတော်စပ်တဲ့ ဆွေမျိုးချင်း ပူးပေါင်းမိကြတာပေါ့၊ အရေးအခင်း မပေါ်မီက ဆွေမျိုးချင်း စိတ်ဝမ်းကွဲပြားလို့ အခေါ် အပြော အဆက်အဆံ မလုပ်ကြစေဦးတော့ အရေးရယ် အကြောင်းရယ် ဖြစ်လာလျှင် မေတ္တာစေတနာ ပေါ်လာတတ်ကြတဲ့ သဘော။

နောက်စကားတခု ရှိပါသေးကလား။

''လူက မပြောသော်လည်း သွေးကပြောတယ်တဲ့။ (စကားပြောသော အသည်းနှလုံး)

လူသားတဦးနှင့်တဦး ကူးလူးဆက်ဆံမှုမရှိခဲ့ကြစေကာမူ မြင်လျှင်မြင်ချင်း ချစ်ခင်ကြင်နာစိတ်တွေပေါ်လာတတ် ကြသည်။ မွေးစကတည်းက ကွဲကွာခဲ့ကြတဲ့ သားသမီး ဆွေမျိုး မိဘစသည်တို့ပေါ့၊ အဲသည့် သဘောဟာ စဉ်းစားဉာဏ်ရှိတဲ့ မနုဿ လူသား မှပြောနဲ့၊ အဟိတ်တိရစ္ဆာန်များတောင် ကိုယ့်သွေး ကိုယ့်သားကို သိကြတယ်လေ။

ဗုဒ္ဓမြတ်စွာကဖြင့် ယခုဘဝမှာ ဆွေမျိုးတော်စပ်ခြင်းကြောင့်သာမဟုတ်၊ ရှေးဘဝဘဝတွေက ဆွေမျိုး တော်ခဲ့ဖူးလျှင်လည်း မေတ္တာတရားပေါ်တတ်ကြတာပဲ....တဲ့။ သွေးကစကားပြောတယ်ပေါ့။

မြတ်စွာဘုရား သုသုမာရဂိရိမြို့ကို ကြွရောက်တော်မူတဲ့ အခါတုန်းက နကုလပိတာ–နကုလမာတာဆိုတဲ့ ပုဏ္ဏားသူကြွယ်ကြီး လင်မယားတို့ဟာ မြတ်စွာဘုရားကို စတွေ့–တွေ့ချင်း 'အမယ်လေး သားကြီးရယ်၊ အခုမှ တွေ့ရတော့တယ်' လို့ တဖွဖွပြောပြီးတတမ်းတမ်းလိုက်နေကြသတဲ့။ ဒါကို ပုထုဇဉ် ရဟန်းများက 'တော်တော်ပိုတဲ့ ပုဏ္ဏားလင်မယား၊ လောကမှာ ထင်ရှားတဲ့မြတ်စွာဘုရားမို့ သားအတင်းလိုက်တော်နေကြတယ်' လို့ အဘင်းပြောကြသတဲ့။

ဒီစကားကို မြတ်စွာဘုရားက ကြားတော့ ရဟန်းများကို တားမြစ်တယ်။

''ဒီသို့ မပြောကြနဲ့ ချစ်သားတို့၊ ရှေးဘဝပေါင်းများစွာကသွေးသားတော်စပ်ခဲ့ဖူးလျှင်လဲ ဒီဘဝအထိ ချစ်ခင်တွယ်တာ နေတတ်ကြတယ်' လို့ ဟောရတယ်။

ထို ပုဏ္ဏားလင်မယားဟာ ဘဝပေါင်းများစွာ မိဘတော်ခဲ့ဖူးတယ်၊ ဘဝပေါင်းများစွာ ဘကြီးနှင့်ကြီးတော် တော်ခဲ့ဖူးတယ်လို့လဲ ရှင်းပြတော်မူရတယ်။

ဒါဟာ (သွေး)ရဲ့ သဘော သတ္တိတွေပေါ့။

အဲသလောက် အရေးပါတဲ့သွေးကို အရေးတကြီး လိုအပ်နေတဲ့ လူနာတယောက်ယောက်

အသက်ရှင်ဖို့ ပေးလှူရက်တယ်ဆိုတာ ဇီဝိတဒါနလို့ ပြောရမှာပေါ့၊ ၁-ဓနပရိစ္စာဂ=တဲ့၊ ပစ္စည်းဥစ္စာကို လှူတာ၊ ၂-အင်္ဂပရိစ္စာဂ=အင်္ဂါ ခြေလက်ကို လှူတာ၊ အဲသည်မှာ သွေးလည်း ပါဘာပေါ့၊ ၃-ပုတ္တပရိစ္စာဂ=သားသမီးတို့ကို လှူတာ၊ (ဝေဿန္တရာ မင်းကြီးလိုပေါ့)၊ ၄-ဘရိယပရိစ္စာဂ=မယားကိုလှူခြင်း၊ ၅-ဇီဝိတပရိစ္စာဂ=အသက်ကို ပေးလှူခြင်း၊ အဲဒါကို စွန့်ခြင်းကြီး ငါးပါးလို့ ဆိုတယ်။

မိမိ၏ အသက်ကို စွန့်လွှတ် ပေးလှူတာကို ဇီဝိတပရိစ္စာဂ-လို့ ပြောနိုင်သလို သူတပါး၏ အသက်ဘေးချောင်းကို ရှင်အောင်....ရှည်အောင် သေဘေးမှ လွတ်အောင်ကယ်တင်ပေးတဲ့ ကိစ္စကိုဘော့ ဇီဝိတဒါန....လို့ ပေါ်တယ်၊ ယခု သွေး အလှူရှင် တိုင်းဟာ ဇီဝိတဒါန အလှူရှင်တွေ ပေါ့။

ဘယ်သူ့ အသက်ကို ကယ်မှာလဲ....လို့ မေးလျှင် ဘယ်သူ့ အသက်ဖြစ်ဖြစ် ကယ်မှာပဲလို့ ဖြေကြလိမ့်မယ် အဲသည့်စေတနာကိုက အမွန်အမြတ်ဆုံး စေတနာဖြစ်နေကြပြီ၊ 'လှူသထက် လှူမယ် ဆိုယင် ဆေးဘက်ဝင်ပါ သလား' ဆိုတဲ့သီချင်းလို ကိုယ်ချစ်တဲ့ သူတဦး တယောက်အတွက် ပုဂ္ဂလဓိဋ္ဌာန်မထားပဲ လှူတဲ့ အလှူကို မြတ်စွာဘုရားက ချီးမွမ်းတော် မူတယ်၊ 'သံဃိကအလှူ' ဆိုတာ သံဃာတော် မှန်လျှင် ဘယ်သံဃာမဆို သုံးစွဲပိုင်ခွင့် ရှိဘယ်၊ မျက်နှာကြီးငယ် မရွေး၊ ဂိုဏ်းဂဏမရွေး၊ အချိန်အခါမရွေး သာတူညီမျှစနစ်အစစ်၊ အဲသည့်အလှူမျိုးဟာငါ်ဘုရားကို လှူတာထက်ပို၍ အကျိုးရှိတယ်လို့ ဟောထားတယ်။

အခုလဲမင်းတို့လှူလိုက်တဲ့ သွေးဟာ ဘယ်သူ့ အသက်အတွက်နည်း....ဘယ်သူ့ အသက်ဖြစ်ဖြစ်၊ ဆင်းရဲသူ ဖြစ်ဖြစ်၊ ချမ်းသာသူ ဖြစ်ဖြစ်၊ ဂုဏ်ကြီးသူ ဖြစ်ဖြစ်၊ ဂုဏ်ငယ်သူ ဖြစ်ဖြစ်၊ ပညာတတ်သူဖြစ်ဖြစ်၊ပညာမတတ်သူ ဖြစ်ဖြစ်၊ အမျိုးကောင်း ဖြစ်ဖြစ်၊ အမျိုးညံ့ ဖြစ်ဖြစ်၊ ကလေး ဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ်၊ လူမျိုးခြားဖြစ်ဖြစ်။

အဲသည့်စေတနာမျိုးကို လူတကာ ထားနိုင်ခဲ့တယ်၊ လူတိုင်းဟာ ကိုယ့်အလှူဒါနကို ကောင်းမှုရှင်အနေနဲ့ ထင်ပေါ်ချင်ကြတာမျိုးလဲ ရှိတတ်တယ်၊ကမ္ပည်းကြီးကြီး ထိုးချင်တတ်တယ်၊ဒါဟာ (အတ္တ) ဆိုတဲ့ စိတ်ကလေးပါချင်လျှင် ပါသွားနိုင်သေးတယ်၊ ဂုဏ်ပကာသနနှင့် ကင်းချင်မှ ကင်းလိမ့်မယ်၊သွေးအလှူရှင်များမှာတော့ လက်သည်းခွံလောက် ရင်ထိုးကလေး ရတာလောက် တခုကလွဲလို့ဘာတခုမှ ပကာသန မရှိခဲ့ကြဘူး၊ ကိုယ့်ဟာကိုယ် ကြည်နူးနေကြတာပဲ။

လူမျိုးမရွေး ပုဂ္ဂိုလ်မရွေး သုံးဆောင်ရအောင် လှူတာကို (အနောဒိဿ) အလှူလို့ ခေါ်တယ်၊ ယခုခေတ် သာသနာဝင်မှာ လှေသင်း မင်းကျောင်း ဆရာတော်ကြီး ကျင့်သုံးတော်မူပုံကိုပြောရဦးမယ်၊ အဲသည့် ဆရာတော်ကြီးဟာ ဘယ်အလှူကိုပဲပင့်လို့သွားသွား၊အလှူခံ ပစ္စည်းကိုယူရအောင် ကျောင်းသားခေါ်မသွားဘူး၊ အလှူရှင်က ကျောင်းအရောက် လိုက်ပို့လဲ ဘယ်နေရာမှာ ထားခဲ့လို့ မပြောဘူး၊အလှူရှင်က သင့်တော်တဲ့နေရာမှာသာ ထားခဲ့ရသတဲ့၊နောက်ပြီး 'ဘယ်သူက ဘာကိုယူ'လို့လဲ ခွဲဝေပေးကမ်းခြင်းမပြုဘူး၊လိုချင်တဲ့လူက လိုရာကိုယူသုံးပေတော့၊ နှစ်ရှည်လများ အတူနေ တပည့်ရင်းကြီးများက ဆရာတော့်သဘောကို သိပြီး ဖြစ်လို့ လိုချင်တာကို ယူသုံးဝံ့ကြသတဲ့၊အဲဒါနဲ့ စပ်မိလို့ မေးလျှောက်တဲ့အခါ....

''ဘယ်သူ့ ကိုမှ မရည်ညွှန်းပဲ သုံးစေတာဟာ (အနောဒိဿ)အလှူပေါ့''လို့ မိန့်တော်မူသတဲ့။

အဲသည့်အတိုင်းပဲ....အခု သွေးအလှူရှင်များဟာ အနောဒိဿ အလှူရှင်များဖြစ်ကြပါတယ်။

ဇီဝိဘဒါနအလှူရှင်များဖြစ်ကြပါတယ်။ အဘယဒါန-သူတကာဘေးကင်းအောင် ဆောင်ရွက်တဲ့ကောင်းမှုရှင်များလဲ ဖြစ်ကြပါတယ်။

ကဲ.... သွေးနှင့် ပတ်သက်လို့ ပြောစရာကလေးများ စုံသလောက်တော့ စုံပြီထင်ပါရဲ့။ စေတနာ အကြောင်းကလေးပဲ ပြောဖို့လိုဦးမလား။

မည်သည့် အလှူကောင်းမှုကို ပြုသည့်အခါပဲဖြစ်စေ စေတနာသုံးတန်ဖြစ်ပေါ်ရတယ်၊ ၁။ ပုဗ္ဗစေတနာ=လှူချင်သည်ဟု ရှေးဦးစွာ ပေါ်လာသောစိတ်၊ ၂။ မုဥ္စစေတနာ=လှူချင်၍ လှူဖြစ်သည့်အခါလှူနေစဉ်မှာ ပေါ်လာသော ကြည်နူးစိတ်၊ ၃–အပရစေတနာ=လှူချင်၍ လှူပြီးသည့် နောက်ကာလရှည်လျားစွာ မိမိလှူရတာကို ဝမ်းသာကျေနပ်နေသည့်စိတ်။

ယခု သွေးအလှူရှင်ကျောင်းသူကျောင်းသားများဟာမိမိတို့ကိုယ်တွင်းမှ သွေးကို အရေးကြီးသော လူနာ တ ယောက် ယောက် အတွက် အသုံးပြုရအောင် ထုတ် ပေး ပါ မယ် လို့ ဆိုတဲ့ စေတနာနှင့် သွေးလှူဘဏ်ကို သွားနေတဲ့ ခရီးမှာပဲ စေတနာတွေ ပေါ်ပေါက်နေကြမှာပဲ။ သည် မော်တော်ကားနှင့် သည်ခရီးကို သွားခဲ့ပေါင်းများလှပေမယ့် ခါတိုင်းခါတိုင်း သွားခဲ့တဲ့ခရီးနှင့် မတူတော့ဘူးလေ၊ အလှူရှင်များ စုပေါင်းပြီး သွားတယ်ပဲထား၊ ဟေးလား ဝါးလား ပျော်ပျော်ပါးပါး စကား တဖောင်ဖောင်ပြောနေကြတဲ့ကြားထဲကသွေးလှူမယ့်ကိစ္စကို သတိရနေကြမှာပါ၊ အဲဒါကပဲ ပုဗ္ဗစေတနာဖြစ်နေပြီ။

သွေးလှူဘဏ် ရောက်လို့ သွေးစစ်–သွေးထုတ်လုပ်နေတဲ့အခါမှာကော တခါတရံ မိမိရဲ့ဝေဒနာ တ ခုခု ကြောင့် သွေးထုတ်ဆေးထိုးအမှုမျိုးလုပ်နေတာနှင့် တခြားစီဖြစ် ကြောင်းကောင်းကောင်း သတိရနေမှာပေါ့၊ခါတိုင်းကမိမိကျန်းမာဖို့၊ အခုဟာက လူတဦးဦး ကျန်းမာဖို့၊ကိုယ့်ဒုက္ခ- ကိုယ့်ဝေဒနာ ပျောက်ကင်း, ချမ်းသာအောင် ဆိုတာထက် လူတဦးဦးပျောက်ကင်း ချမ်းသာအောင် ဆိုတဲ့ စိတ်က မွန်မြတ်နေတာ သိနေရတော့ ကြည်နူး နေရမှာပေါ့၊ အဲဒါက မုဥ္စစေတနာ။

အဲ သလို သွေးလှူပြီးတော့ ပြန်လာတဲ့နေ့ကစပြီး(အမှတ်တရ ရင်ထိုးကလေး)ကို မြင်တိုင်းမြင်တိုင်း ကိုယ်လှူခဲ့တာကို ပြန်သတိရနေလိမ့်မယ်၊ သူများလှူတာတွေ ကြားတဲ့ အခါတိုင်းလဲ ကိုယ်လှူတာ ကိုယ်ပြန်သတိရမိလိမ့်မယ်၊ မိမိနိုင်ငံက သ တင်း သာမဟုတ်၊ မည်သည့်နိုင်ငံတွင် မည်သူ့ကို အရေးတကြီး သွေးသွင်း၍ကုသနေရခြင်း ဆိုတဲ့အကြောင်းမျိုး သတင်းစာထဲဖတ်ရ တွေ့ရတောင် 'ငါလဲ သူများအတွက် သွေးလှူခဲ့ဖူးတာပဲ' လို့ ကျေနပ် ဝမ်းသာနေလိမ့်မယ်၊အဲဒါ (အပရစေတနာ )ပေါ့။

ဒါကြောင့် ယနေ့ ဆရာက စွန့်ခြင်းကြီးပါးငါးအနက် (အင်္ဂပရိစ္စာဂ) သူများအတွက် မိမိကိုယ်ထဲမှ(သွေး)ကို ထုတ်ယူ လှူဒါန်းခဲ့ကြသည့် ဘုရားလောင်း၊ရဟန္တာလောင်း၊ ဘိက္ခု–ဘိက္ခုနီလောင်း သူတော်ကောင်း ကလေးများအား နှစ်ထောင်းအားရ ကောင်းချီးနူမော်သာဓုခေါ်လိုက်ရပါတယ် ခင်ဗျား။



# သီတဂူ-ရေအလှူတော်ပွဲ

- ဇွဲခန္တီးသာဘု၊ သဲကုန်းဆရာတော်။
တောင်စစ်ကိုင်း၊ ချောင်တိုင်းရေလှူဖို့
နေပူ လေပူကြမ်းရဲ့ပြင်
ဆောင်းချမ်းဖုန်ဒဏ်နှင့်
စုန်အဆန် သာသနာပြုတယ်
မောနိုင်ဘုနော်။

- နောတတ်မှာ၊ မာန်ကြွတဲ့
ပန္နဂ အသာချွေသည်
သာမဏေ ရေယူသို့
ဇေယပူ သာတန်တိုင်း(၆၇၇-ခုနှစ်)
စစ်ကိုင်းရယ်တဲ့ တောင်ပေါ်
ချောင်တော်အနှံ့ ရေချမ်း။

- သီဘဂူ၊ ထေရ်ဘဆူ ပမာန ရယ်နှင့်
သာဝက သာဝိကာတို့
သဒ္ဓါရှိစွာ ပါဝင်လို့ ပေါင်းကြတယ်
သောင်းသိမ့်သိမ့်လျှမ်း။ ။

* · *

လွန်ခဲ့သော ၁၃၄၂-ခု ဘဆုန် လပြည့်နေ့က မြန်မာနိုင်ငံဆရာဝန်များ အသင်းတိုက်မှာ ပြုလုပ်ဘဲ့စစ်ကိုင်းတောင်ရိုး သီဘဂူ ရေအလှူ ဥဒ္ဒါဘဒါန အနုမောဒနာ ပွဲကြီး၌ ရေနှင့် ပတ်သက်၍ ဝတ္ထုခကြောင်းဘခု ပြောခဲ့ရပါသည်။

မြတ်စွာဘုရား လက်ထက်တော် အခါက အဖြစ်အပျက်တရပ်ပါ။

တနေ့သောအခါ အရှင်အနုရုဒ္ဓာ ကိုယ်တော်ကြီးမှာ လေပူရောဂါဝေဒနာက နှိပ်စက်နေရှာပါသတဲ့။ ဗျာဓိဆိုတဲ့ တရားဟာ ရဟန္တာကိုတောင် ချမ်းသာမပေးဘူးပေါ့။ 'ဘယ်ဆေး ဘယ်ဝါး ဘယ်အစာ အာဟာရနှင့်မှ ပျောက်ကင်းနိုင်ဖွယ် မရှိတော့ဘူးလားဘုရား' လို့ အလုပ်အကျွေး ဘပည့်ဖြစ်သူသုမနသာမဏေကလေးက မေးလျှောက်တဲ့ အခါ 'အနောတတ် အိုင် မှာ မှ ရနိုင်တဲ့ (သီဒါ) ရေကို သောက်ရလျှင်တော့ ပျောက်နိုင်ပါရဲ့' လို့ အရှင်အနုရုဒ္ဓာ ကိုယ်တော်ကြီးက ဖြေသတဲ့၊အလွန် အေးမြသော ရေကို(သီဘာ)လို့ ခေါ်ကြတယ်၊ အနောတတ်အိုင်ကရေကိုတော့ အလွန့်အလွန် အေးမြလွန်းလို့(သီဒါ)လို့ ခေါ်ကြရတာဖြစ်သတဲ့၊ ဘယ်ကလောက်များ အေးမြသလဲဆိုလျှင် အလွန်နူးညံ့ ပေါ့ပါးသော ငှက်မွေးကလေးများပင် လျှဲနစ်မြုပ်သွားသည်အထိ အေးသတဲ့။

ထိုအခါ ဈာန်အဘိညာဉ်ရသော ရဟန္တာဖြစ်တဲ့ သုမနသာမဏေက 'တပည့်တော် ယခုပင် (သီဒါ) ရေကို ယူဆောင်ခဲ့ပါမယ် ဘုရား' လို့ ရှိခိုး ဦးတင်ပြီး သပိတ်ကိုလွယ်၍ ကောင်းကင်မှ ကြွသွားတော် မူပါသတဲ့။

အရှင် အနုရုဒ္ဓာ ကိုယ်တော်ကြီးကိုယ်တိုင် တန်ခိုး အဘိညာဉ်ရှိသော ရဟန္တာကြီးဖြစ်သော်လည်း ဈာန်အဘိညာဉ် အရာမှာ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံမှ သွားလို့ ရပါသတဲ့။ ဒါကြောင့် ဝေဒနာဒဏ်ဖြင့် ကိုယ်မကျန်းမာ စိတ်မကြည်လင် ဖြစ်တော်မူနေသည့်အတွက် သုမနသာမဏေယ်ကို ခွင့်ပြုလိုက်ရခြင်း ဖြစ်ပါတယ်။

သုမန သာမဏေယ် ကောင်းကင်မှ ဈာန်အဘိညာဉ်ဖြင့် ကြွလာတဲ့အချိန် တိုက်တိုက် ဆိုင်ဆိုင် ပန္နဂနဂါးမင်းကလဲ သူ၏ မောင်းမမိဿံ ခြွေရံသင်းပင်းတို့နှင့် ထိုအနောတတ် အိုင်ကြီးမှာ ပျော်ပွဲသဘင် ဆင်ယင် ကျင်းပနေသတဲ့၊ ထိုအခါ သူ့ဦးခေါင်းပေါ် က တန်ခိုးဖြင့် ကြွလာနိုင်တဲ့ လူသား သာမဏေယ်လေးကို အလွန်တရာ ဒေါသဖြစ်နေပါတယ်၊ ပုရိသယောကျ်ားများဟာ မိမိတို့ရဲ့ ရည်းစား သားမယား ရှေ့မှာ မိမိ ကိုနှိမ့်ချဘဲ့သူ၊ စော်ကားတဲ့သူ၊ အနိုင်ယူတဲ့သူများကို (ရှက်ဒေါသ)ဖြစ်တတ်ကြတာပဲ၊ ယခုလည်း လူသား ကလေးအရွယ်ကလေးက သူ့ခေါင်းပေါ် ကျော်လာတာကို ရှက်တာပေါ့၊ ဒေါသဖြစ်တာပေါ့။

ဒီတော့ သာမဏေယ်ကလေး ဖွဲ့ပြာဖြစ်သွားလောက်အောင် အဆိပ်ခိုး အဆိပ်ငွေ့တွေ သေပြင်းမှုန်တိုင်းတမျှလွှတ်၍သုဘ်သင်ပစ်ဘယ်၊ သာမဏေယ်မှာတော့ ဘာမှ မဖြစ်နိုင်ဘူးတဲ့၊ နောက်ဆုံး ပန္နဂ နဂါးမင်းဟာ တန်ခိုးဖြင့် မနိုင်လေတော့၊ ရန်စကားဖြင့်မေးတယ်၊ 'ကျူ ကျူး ကျော်ကျော် ဘာလို့လာရတာလဲ'' ပေါ့(သီဒါ) ရေကိုအလိုရှိ၍ကြွ သာကြောင်း သုမနသာမဏေက ဖြေတော့၊ 'သာမဏေကလေး ယူနိုင်လျှင်ယူပေါ့' လို့ ကြိမ်းဝါးပြီး သူ့ ပါးပျဉ်းကြီးဖြင့် အနောတတ်အိုင်ကြီး တအိုင်လုံးကို ဖုံးအုပ်ထားတော့သတဲ့။

ပန္နဂနဂါးမင်းက သုမနသာမဏေကို အဆိပ်မှိုင်းတိုက်စကတည်းက စတုမဟာရာဇ် တာဝတိံသာမှ နတ်သားများနှင့် သိကြားမင်းကိုယ်တိုင် အုတ်အုတ်ကျက်ကျက်ဖြစ်လို့ အရေးအခင်း ဖြစ်တာကို လာကြည့်နေကြသတဲ့။ ဒီအခါမှာ သုမနသာမဏေက စတုလောကပါလနှင့် သိကြားမင်းကို သက်သေပြုစေပြီး နတ်ပြည် ခြောက်ထပ်အမြင့်အထိ ဈာန်ဖြင့်တက်ကြွပြီး အရှိန်အဟုန်ပြင်းထန်စွာဖြင့် နဂါးမင်းရဲ့ ပါးပျဉ်းကြီးကို ဖနောင့်နှင့် ပေါက်လိုက်သတဲ့။

ဒဏ်ကပြင်းထန်လိုက်တာ နဂါးပါးပျဉ်းကြီး ချိုင့်ဝင်ပြီး အိုင်ထဲကို အသူတရာလောက် နစ်မြုပ်သွားတယ်၊ အဲ့သည့်ဖိနှိပ်အားကြောင့်ပဲ (သီဒါ) ရေတွေဟာ ကောင်းကင် ပန်းထွက် လာတယ်၊ အဲသည့်ရေကိုပဲ သာမဏေကလေးက သပိတ်ဖြင့် ခံယူပြီး ပြန်ကြွသွားပါတယ်။

နတ်တွေ သိကြားတွေက သာမဏေကလေးရဲ့ တန်ခိုး ဣဒ္ဓိပါဒ်ကို ချီးကျူးကြလေတော့ နဂါးမင်းဟာရှက်ရမ်းရမ်းပြီး သာမဏေနောက်ကို လိုက်ဘယ်၊ သာမဏေ ကလေးက သူ့ဆရာ အနုရုဒ္ဓာကိုယ်တော်ကြီးကိုသပိတ်နှင့်တကွသော (သီဒါ)ရေကို ကပ်တဲ့အခါ.... 'ဒီရေဟာ သူ့ပိုင်နက်အတွင်းက အသာတကြည်မဟုတ်ပဲ နိုင်ထက် ကလူ ညှဉ်းဆဲပြီး ယူလာတဲ့အတွက် မသုံးဆောင် ထိုက် ကြောင်း' လျှောက် သ တဲ့ လေ၊ ဒီတော့ သာမဏေကလေးက 'ရေယူဖို့ သွားရာမှာ ကပျက် ယပျက်လုပ်ပြီး ပါးပျဉ် ဖြင့် ဖုံးအုပ်ကာ 'ယူနိုင်လျှင်ယူပေါ့'ဟု ပြောသည် ပင်လျှင်ပေးပြီး ဖြစ်ကြောင်း၊နတ်သိကြားများ သက်သေရှိကြောင်း' ပြန်လျှောက်တော့မှ နဂါးမင်းကြီး မာန်စွယ်ကျပြီး '(သီဒါ) ရေအလှူ ဒါယကာ အဖြစ်မှတ်ယူတော်မူပါတော့'လို့ သရဏဂုံ တည်သွားပါသတဲ့။ ထိုဝတ္ထုကဲ့သို့ပါပဲ။

အဲသည့် သုတ္တန်ဝတ္ထုကို ရည်ညွှန်းပြီး ဆရာဦးဆန်းထွန်းက 'နောတတ်ဘက်မှာ မာန်ကြွတဲ့၊ ပန္နဂအသာချွေသည်၊ သာမဏေရေယူသို့' လို့ ဖွဲ့တာ ဖြစ်ပါတယ်၊ ခက်ခက်ခဲခဲယူရတယ်ပေါ့၊ စစ်ကိုင်း တောင်ရိုးပေါ်အရောက် ရေရဖို့ကိစ္စဟာလဲ ခက်ခဲလွန်းလှပါတယ်။

ရေ....ရေ....ရေ....။

ရူပဗေဒအနေနှင့် (အိပ်ချ် တူး + အို) ဟိုက်ဒရိုဂျင်နှစ်ဆ + အောက်ဆီဂျင်တဆ ဖွဲ့စည်းနေသော အရေကလာပ်လို့ ပြောကြပါတယ်၊ ပိဋကတ်အလိုအားဖြင့်တော့ (အာပေါဓာတု) ပါတဲ့ သူ့သဘောက သန့်ရှင်းခြင်း၊ အေးမြခြင်း၊ ကြည်လင်ခြင်း ရှိပါတယ်။

ထိုရေကိုမြန်မာလို-ရေ၊ အိန္ဒိယ တိုင်းသားများက ပါဏီ၊ အင်္ဂလိပ်လို ဝါးတား၊ တရုတ်လို ကျွိ၊ ဂျပန်လို မိဇူ စသည် စသည်ဖြင့် အခေါ်ကွဲပေမယ့် မည်သည့် ခန္ဓာမှာမဆို ရေဓာတ်က ရှစ်ဆယ်ရာခိုင်နှုန်း ကျော်ကျော်ဖြင့် ဖွဲ့စည်းဆောက်တည်နေကြတာကတော့ အတူတူချည်းပါ၊ အများဆုံး စိုးမိုးမှုင်းမှုနေတဲ့ သဘာဝဓာတ်ကြီးပေါ့။

ရေ....ဆိုတဲ့ ဝေါဟာရကို မြန်မာပီပီတွေးကြည့်ကြရအောင်လား၊

ရှေး သူကြီး သူမများက စေတနာကို ဖော်ပြပြီး ဥပမာဟပ်၍ ဆုပေးကြတာကို နားထောင်ကြည့်လေ။ 'ရေလိုအေးလို့ ပန်းလို လန်းကြပါစေ'တဲ့။ အလွန်လှ ကဗျာဆန်ပြီး သဘာဝကျလှပါတယ်။ လန်းဆန်းခြင်းမှန်သမျှမှာ ပန်းတပွင့်၏ လန်းဆန် ခြင်းကို မည်သည့် သက်ရှိသက်မဲ့ အရာကမှ မယှဉ်နိုင်သလို အေးချမ်းခြင်းမှာလည်း ရေဆိုတဲ့ ဝတ္ထုပစ္စည်းကို ဘယ်အရာကမှ မယှဉ်နိုင်ကြပါဘူး။

မြန်မာ လူမျိုးများဟာ မွေးစ ကတည်းက

9 (အေးအေးအို)ဆိုတဲ့ မိခင်ရဲ့ဂီတဖြင့် ကြီးရင့်လာကြရတာဆိုတော့ ဂီတဖြင့် အမှတ်တင်တတ်ကြတယ်၊ ရေအကြောင်းကို အမှတ်တင်တာ ကြည့်ပါ၊ 'အောင်ပါလေ၊ သပြေပန်းရယ်နဲ့၊ ရေချမ်းကိုလောင်း' စည်တော်သံနှင့် မေတ္တာပို့ရာမှာ သပြေပန်းနှင့် ရေချမ်းနှင့်။

လုပ်သားပြည်သူများ စပါးဆန်ရေ ပေါများ ကြွယ်ဝကြကြောင်းကို သံချပ်တိုင်ကြတယ်၊ 'ဘုန်းတော်ကြီးလို့ သက်တော်ရှေ(ရှည်)၊ တို့တတွေ ရေချမ်းအိုးကြီး'တဲ့၊ တိုင်းပြည်အုပ်ချုပ်သော ဘုရင်က မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံသည့်အတွက် တိုင်းသူ ပြည်သားများမှာ 'ရေချမ်းအိုး'များကဲ့သို့ မပူမပင် မကြောင့်မကြ ရှိကြပါတယ်၊ ထိုကြောင့်ဘုရင်မင်းတရားလည်း ဘုန်းတော်ကြီးလို့ သက်တော်ရှည်ပါစေ၊ ကွန်တော်မျိုးတို့အပေါ် နှစ်ပေါင်းရှည်ကြာ အုပ်ချုပ်ပေးတော်မူပါ တဲ့။

နောက်ကြည့်ဦး၊ လုပ်သားပြည်သူများ သာသနာရေး ဘာသာရေး တိုင်းပြည်ရေး လုပ်အားပေးကြလို့ မောပန်းလာလျှင်တောင် ရေကိုရိုးရိုး မတောင်းကြဘူး၊ 'ခပ်ပြာခွက်နှင့် ကျောက်စက်ရေ၊ အမောပြေအောင် တိုက်ပါမမ'တဲ့၊ သည်နေရာမှာ စကားအလျဉ်းသင့်လို့ ပြောရဦးမယ်၊ အဲသည့်သံချပ်ကို အများအားဖြင့်တော့ 'ဖန်ပြာခွက်နှင့် ကျောက်စက်ရေ'လို့ ဆိုကြပါတယ်၊ ဖန်ခွက်ပြာလဲ့လဲ့ကလေးထဲရှိတဲ့ ရေဟာ အေးမြတဲ့ အဆင်းရှိတယ်လို့ ယူဆကြပုံ ရပါတယ်၊ သို့ပေမယ့် ကျောက်စွန်းကျောက်ဆွယ်မှ တစက်စက် ထွက်သော အေးမြတဲ့ရေကို ခပ်ပြာခွက်နှင့် သောက်ရသည့်အခါ အလွန်အေးမြလှကြောင်း သူဟောင်းတို့ထံမှ ကြားနာရဖူးပါတယ်၊ (ခပ်ပြာ)ဆိုတာ ကြေးနီနှင့်ကြေးဝါကို ရောစပ်ထားတဲ့ သတ္တုဖြစ်ပါတယ်၊ ရှေးသူဟောင်းများ သုံးလေ့ရှိတဲ့ ပရိဘောဂပစ္စည်းတခုပါ၊ အမြဲပွတ်တိုက်ထားလျှင် ရွှေနှင့်ဘူးလှန်းလို့၊ 'ရွှေစင်

နှင့်ခပ်ပြာတောင်၊ ဖြိုင်လာလျှင် ပဏ္ဏာမဲ့သူကာ၊ ရှုံ့တဲ့ကာလ'လို့ ကမောက်ကမ လောကကို သရော်ထားတဲ့ စာမျိုးရှိပါတယ်၊ လာဘ်မထိုးနိုင်လျှင် 'ခပ်ပြာ'နှင့်ဖြိုင်တဲ့ ရွှေအစစ် ပိုင်ရှင်ဘောင် ရှုံးလိမ့်မယ်လို့ ပြောတာပါ၊ ဒါက ထားပါတော့။

သံ၃၀ဂ ဓမ္မကထာအနေနှင့် ဆရာတော်ကြီးများ ဆုံးမတော်မူလေ့ရှိတာကို နာကြပါဦး၊ 'ရေဗူးနဲ့ဖိနပ်မပါလျှင်၊ နွေခါမှသိ၊ ဒါနနဲ့သီလ မပါလျှင်၊ သေခါမှ သိ'။

ရေအလှူပြုရသော အကျိုးဆယ်ပါး ရှိတယ်လို့ ယုံကြည်ကြတဲ့ မြန်မာလူမျိုးများဟာ တောနယ် မြို့ရွာမကျန် ရေချမ်းစင် ဒါယကာများ ဖြစ်ကြတယ်၊ ရွာဦး ရွာဖျား ခရီးသွားများ အငန်းဖြေ သောက်ကြရအောင် သန့်သန့် ရှင်းရှင်း စိုစိုပြည်ပြည် ရေချမ်းစင် အလှူမျိုးကို ကမ္ဘာအနှံ့ ရှာကြည့်လျှင် မြန်မာပြည် တပြည်တည်းမှာသာ တွေ့နိုင်ကြပါမယ်။

ထမင်းအသက်(၇)ရက်၊ ရေအသက်တမနက် (နံနက်) ဆိုတဲ့ စကားဟာ ထမင်း တနပ်၏ အမြိုက်သြဇာဟာ (၇)ရက်ကြာမှ လူ့ခန္ဓာမှာ ကုန်ခန်းတယ်၊ ရေအခွက်ရဲ့သြဇာကတော့ တနံနက်အတွင်းမှာ ကုန်ခန်းတယ်၊ဒါကြောင့် ရေကို မကြာခဏ သောက်ကြရပါတယ်။

ရေတပိဿာရှိလျှင် သန့်တယ်လို့ ပြောတဲ့ စကားကို အများအားဖြင့် သိနေကြတာက တပိဿာလောက်ရှိတဲ့ ရေမှာ အညစ်အကြေး အနည်းငယ် ပါဝင်ရုံမျှနဲ့ဖြင့် ထိုရေကို သောက်သုံးနိုင်လောက်အောင် သန့်ရှင်းနေပါတယ် လို့ ယူဆထားကြပါတယ်၊ ဒီအယူအဆက လွဲမှားနေခြင်းသာ ဖြစ်ပါတယ်၊ ရေထဲမှာ သည့်ပြင် အညစ်အကြေး မပြောနှင့် အနည်အမှုန်ကလေး ပါလျှင်တောင် သန့်ရှင်းတယ်လို့ မဆိုနိုင်တော့ပါဘူး၊ ဒါဖြင့် ထိုစကားကိုဘယ်လိုမှတ်ရမလဲ၊ မိမိတို့၏ခန္ဓာကိုယ်၊ အလျားတလံ အနံတထွာမျှသာရှိသော ရုပ်ခန္ဓာကိုယ်ကို ရေတပိဿာဖြင့် သန့်ရှင်းအောင် သုတ်သင်နိုင်တယ်လို့ ဆိုကြတာပါ။

ရေအတွက် တတိုင်းပြည်နှင့်တတိုင်းပြည် **စစ်**ကြီး ဆိုင်ကြရသည်အထိ ဖြစ်ရတာကတော့၊ ဗုဒ္ဓသခင် လက်ထက်တော်မှာ သာကီယနှင့် ကောလိယ ပြည်သူများဟာ ရောဟိဏီ မြစ်ရေအတွက် အငြင်းအခုံဖြစ်ကြသို့ ဗုဒ္ဓကိုယ်တော်တိုင် ကြွလာဟောပြော တားမြစ်ရပါတယ်။

ဗုဒ္ဓကိုယ်တွေ့ အဖြစ်နဲ့ကော မဟာပရိနိဗ္ဗာန်စံဝင်တော်မူဖို့ မာလာမင်းတို့၏ ကုသိနာရုံကို ကြွတော်မူတဲ့ ခရီးအကြားမှာ ရေမွတ်သိပ်တော်မူလို့ အရှင်အာနန္ဒာကို ရေအရှာ ခိုင်းတော်မူခဲ့တယ်လေ၊ ရာသီကလည်း ကဆုန်လဆိုလေတော့ မြေပထဗျာမှာ ရေဇလာခန်းခြောက်တဲ့ ကာလ မဟုတ်လား၊မဟာဗောဓိပင်ကို ရေသွန်းပေးကြရတာကိုကြည့်တော့။

ဧကနိပါတ် ဝဏ္ဏုပထဇာတ်မှာ ကန္တာရကို ဖြတ်သွားကြတဲ့ လှည်းကုန်သည်တို့မှာရေပြတ်လို့ ဒုက္ခအကြီးအကျယ် ရောက်နေကြတဲ့အတွက် လူရော တိရစ္ဆာန်များပါ သေတော့မတတ် ရှိကြတယ်၊ဒီအခါမှာဘုရားလောင်းလှည်းမှူးက ဝီရိယရှိသော ငယ်သားတဦးအား အတောင်ခြောက်ဆယ်မျှ နက်သော ရေတွင်းထဲဆင်းပြီး စွန့်စွန့်စားစား ကျောက် ဖျာကြီးကို ခွဲစေမှ ရေထွက်လာတော့တယ်၊

ကျွန်တော်တို့ ခေတ်မှာ ထင်ရှားတော်မူခဲ့တဲ့ လယ်တီဆရာတော်ဆိုလျှင် လယ်တီ ကျောင်းတိုက်အတွင်း၊ရှိသမျှ ရဟန်း သာမဏေများ

သောက်ရေ၊ သုံးရေကို ကိုယ်တော်တိုင် တွင်းမှ ရေကိုထမ်းပြီး အနှစ် နှစ်ဆယ်လုံးလုံး လှူခဲ့တာ မျက်စိအလင်း မကွယ်မီအထိပါပဲ၊ ဤကောင်းမှု၏ဒိဋ္ဌ အကျိုးပေးတာကဖြင့် ဘယ်အရပ် ဒေသမှာမဆို မိုးခေါင်၍ရေပြတ်နေလို့ လယ်သမားကျွဲနွား ဒုက္ခရောက်နေလျှင် ကြွတော်မူပြီးသစ္စာပြု ပရိတ် ရွတ်ပေးတော်မူလျှင် တခဲနက်သောမိုးကြီးဖြိုင်ဖြိုင် ရွာလေ့ရှိတာကို မျက်နှာဖြူအရေးပိုင်ကြီးများကိုယ်တိုင် တအံ့ဘသြဖြစ်ကြရသတဲ့။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမှာ ရေကို အမွန်အမြတ်ပြုပုံတွေက ပြောလို့ ကုန်နိုင်ဖွယ်မရှိပါဘူး၊ ရာဇာဘိသေက မင်္ဂလာတို့ သြဒါတပတ္တလက်ထပ် မင်္ဂလာတို့၊ ခေါင်းဆေးမင်္ဂလာတို့၊ သင်္ကြန်အခါတို့၊ အလှူဒါန ရေစက်ချရာတို့မှာ ရေမပါလျှင်မပြီးနိုင်ပါဘူး။

ရေနှင့်မြေ တည်နေတဲ့ ကမ္ဘာလုံးကြီးမှာ မဟာသမုဒ္ဒရာ ရေများက ကုန်းမြေထက်နှစ်ဆခွဲ ဝိုင်းရံနေကြတာမို့ သဗ္ဗေသတ္တာ သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ ဖြစ်စေ၊ တောတောင် သဘာဝမှာဖြစ်စေ ရေဆိုတဲ့အာပေါဓာတ်နှင့်အမြဲမပြတ် စိုပြည် နေကြရပါတယ်၊ ထိုအာပေါဓာတ် နည်းပါးသွားတာနှင့်တပြိုင်တည်း 'ရေမှုကင်းလျှင်၊ ပန်းသစ်ပင်နှင့်၊မြေပြင်တကြော၊ တောင်ယာတောတို့၊ လယ်တော ကုန်းခင်၊ (ကျတ်တီး) ဝင်၏'ဟု ဆိုသည့်အတိုင်း လယ် ယာ များပျက်စီးပြီး ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ပါလိမ့်မယ်၊ အဲဒါနှင့် တပါတည်း ရောဂန္တရနှင့် သတ္ထန္တရကပ်များက လိုက်လာလို့ ကမ္ဘာကြီး မီးဟုန်းဟုန်းတောက်တော့မှာပေါ့။

အဲသည့် အကျိုးအပြစ်တွေကို သိမြင်ကြလို့ ဆင်းရဲသားများက ရေချမ်းစင်၊ ဘုရင်များက ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ် သောင်း လေး ထောင် ဆည်မြောင်း အသွယ်သွယ်၊ အနယ်နယ်မှာ ဆောက်တည် လှူဒါန်းကြတာပေါ့။

ရေလှူရသော အ ကျိုး ဆယ် ပါး ဆိုတာ ၁–လျင်မြန်ခြင်း၊ ၂–ကျော်စောခြင်း၊ ၃–စင်ကြယ်ခြင်း၊ ၄–မွတ်သိပ်ခြင်းမကင်းခြင်း၊ ၅–အခြံအရံများခြင်း၊ ၆–အသက်ရှည်ခြင်း၊ ၇–အဆင်းလှခြင်း၊ ၈–ခွန်အား ကြီးခြင်း၊ ၉–ပညာကြီးခြင်း၊ ၁၀–ချမ်းသာခြင်း။

ကျွန်တော်တို့ ရန်ကုန်သူရင်းကုန်သားများက ရှေးဘဝဘဝက ရေလှူခဲဖူးပုံရှိပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ပိုက်ခေါင်းက ရေဘုံဘိုင်ကလေးကို လှည့်လိုက်ရုံနှင့် နေ့နေညည အလွယ်တကူရေရနေကြပေတယ်၊ ဒါတောင် အချို့ ရပ်ကွက်များမှာ ဖောဖောသီသီ မရနိုင်သေးပါဘူးလို့ ညည်းကြတာကို ကြားရတာဖြင့် ယခုဘဝမှာ ရေဒါန လုပ်ပေးကြဖို့ ကောင်းလိမ့်မယ် ထင်ပါရဲ့။


တကယ်ကတော့ ရန်ကုန်မှာ ရေအတွက် ဆင်းရဲဘာက တော်ပါလိမ့်ဦးမယ်၊ စစ်ကိုင်းတောင်ရိုးမှာ သာသနာသုံးရပ်ကို ကျင့်ဆောင်နေကြတဲ့ ရဟန်းသာမဏေ၊ သီလရှင်သူတော်စင်များ အဖို့ကဖြင့် ရာသီသုံးခု ရတုခြောက်ပါးစလုံး အခက်အခဲရှိနေရာကြပါတယ်၊ ဒါကြောင့် စစ်ကိုင်းတောင်ရိုး ပေါ်အရောက် ချောင်တိုင်းချောင်တိုင်း လွယ်လွယ်ကူကူနှင့် ရေရအောင် လှူဒါန်းကြတဲ့ ကုသိုလ် ကမ္ဘာစာ ပြုကြတာကဖြင့် သာသနာသုံးရပ်စလုံးကို ကြီးပွားစည်ပင်အောင် ဘောက်ပံ့တဲ့ သာသနာ့ဒါယကာများ ဖြစ်နေကြပြီပေါ့။

တနည်းအားဖြင့် မိမိတို့သန္တာန်မှာ အမြဲတစေ လောင်မြိုက်နေတဲ့ မီး(၁၁)ပါးကို ငြိမ်း

သတ်နိုင်ရန်နှင့် တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်နိုင်ကြစေရန် ရည်သန်၍—

ဇေယျမှိ ဝသတံ ကေန၊
ဝိကာလာနံ သုခေတဝေ။
ဒကဒါနံ ဒဒန္တေဟိ၊
ကာရေန္တံ ပုညမင်္ဂလံ။

ဇေယျမှိ=အောင်စဥ်မလှပ်၊ချောင်စဥ်ထပ်၍၊ ရစ်ပတ်ဝေဆာ၊ သေလာခေါင်ထီး၊ ဇေယျာတောင်ကြီး၌။ ဝသတံ=ပရိယတ် ငြိပတ်၊ မြင့်မြတ်အလုပ်၊ အားထုတ်ရွှင်ပျော်၊ နေထိုင်တော်မူကြကုန်သော၊ ကေန=စင် ကြယ် သန့် ရှင်း၊ မွတ် သိပ် ကင်း လျက်၊ ကိုယ် တွင်း အေး စေ၊ သောက်သုံးရေဖြင့်။ဝိကာလာနံ=မပြည့်မစုံ၊ချို့တဲ့ကုန်သည့်၊ ကျင့်ဂုဏ်မြင့်မား၊သူတော်စင်အများတို့အား။ သုခေတဝေ=သောက် ရေ သုံး ရေ၊ ဆေးကြောရေဖြင့်၊ မသွေလန်းဖြာ၊ ချမ်းသာစေခြင်းငှာ။ ဒကဒါနံ=အကျိုးတရား၊ တဆယ့်ငါးကို၊ ရပြားစေတတ်၊ ထူးမြတ် ထင်ပေါ်၊ ရေအလှူတော်ကို။ ဒဒန္တေဟိ=သဒ္ဓာဖွေးဖြူ၊ အလေးမူလျက်၊ ပေးလှူပူဇော်ခြင်းတို့ဖြင့်။ ပုညမင်္ဂလံ=ကိလေမြူပင်၊ ဖြူစင်စေတတ်၊ မင်္ဂလာကုသိုလ်မြတ်ကို၊ ကရေန္တံ (ကရောန္တု)=အခွင့်သာခိုက်၊ လုံ့လစိုက်၍၊ နှစ် ခြိုက် ရွှင် ပျော်၊ ပြုလုပ်တော် မူနိုင်ကြပါစေကုန် သတည်း။





# ဗုဒ္ဓနှင့် ရုပ်ရှင်

၁၉၇၁ ခု၊ မေလ ၃ ရက်နေ့ ညနေ၊ ထိုနေ့ထိုရက်က ဦးထွန်းညို မမခင်တို့၏ အနှစ်(၄၀) ပြည့် မင်္ဂလာပွဲပြုလုပ်ရာ လာဖြစ်အောင်လာစမ်းပါဟု ဆိုသဖြင့် ရောက်သွားရလေသည်။

အသက်(၆၀) ပတ်ဝန်းကျင် ထင်ရှားသော ဧည့်ပရိသတ်များကို နှစ်ထောင်းအားရ လိုက်လံနှုတ်ဆက်နေကြသည့် ဦးထွန်းညိုတို့ ဇနီးမောင်နှံကို မြင်ရသည်မှာ ရွှန်းရွှန်းမြ ဝင်းဝင်းပလျက်ရှိသည်။ မမခင်ကလည်း လှတုန်း၊ ဦးထွန်းညိုကလည်း ခန့်တုန်း။ သို့ပေမယ့် ဇရာကတော့ ပိုင်စိုးပိုင်နင်း မင်းမူလျက် ရှိကြလေပြီ။

သို့စေကာမူ နှစ်ပေါင်း လေးဆယ်နှင်နှင် အကြင်လင်နှင့်မယား သေကွဲရှင်ကွဲ ဤနှစ်ကွဲဖြင့် မကွဲမကွာ လက်တွဲ၍ လာနိုင်ကြသည်များမှာ ရှာကြည့်မှ ရှားပါဘိ....ဟု ညည်းကြ ရမည် ဖြစ်ပါသည်။

''ဟေး....ကိုသုခ''

ကျွန်ဘော်၏ အတွေးကို အာလေးလေးနှင့် အသံပြုလိုက်သူမှာ အိုးဝေ ကိုညိုမြ ''ခင်ဗျားနဲ့ တွေ့ရတာ အတော်ပဲ၊ ခင်ဗျားဆီကိုတောင် လူလွှတ်မလို့''

သူ့စကား ခြေလှမ်း ကျဲကြီး တွေ ကိုနားထောင်ရသည်မှာ အရှိန်နှေးသော ဓာတ်စက်က အသံနှင့် တူလှသည်။ ဒါက သူ့ဝသီသူ့စရိုက်ပဲ ဖြစ်သည်။ ဟိုတုန်းကလဲ ဤအတိုင်း၊ ယခုလဲ ဤအတိုင်းပဲ၊ နောင်လဲ ဤအတိုင်းသာ ဖြစ်ပေလိမ့်မည်။ သူ့ဝသီကပင် ချစ်စရာကြီး။

''ဘာကိစ္စများလဲဗျ....ထူးထူးဆန်းဆန်း''

''ဟိုဗျာ... ခင်ဗျား ရေဒီယို ထဲက ရုပ်ရှင်အကြောင်းပြောတာနဲ့ ပတ်သက်လို့ ကျုပ်က အိုးဝေမဂ္ဂဇင်း အဖုံးလုပ်ထားတယ်၊ ကိုရှင်လုံးက ပေးမယ်ဆိုလို့ အဲဒါ''

ကဲ....ကြည့်ပါတော့၊ သူ့စကားက,လေးတွဲ့ အပေါ် လိပ်ငတ်မလည် ဖြစ်နေပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်က ခပ်သွက်သွက်ဆက်မေးလိုက်ရပါသည်။

''ကိုရှင်လုံးက ခင်ဗျားကို ဘာပေးမယ်လို့ ပြောလို့လဲ''

''ဟိုဗျာ...ဟိုခေမာ မိဖုရားကို ဘုရားက ရုပ်ရှင် ပြတယ်ဆိုတဲ့ဟာ''

ဤတွင် အနားမှာရှိနေသော ဒိဗ္ဗဇာ ကိုခင်ဇော်က ဟားတိုက်၍ ရယ် ပါ တော့ သည်၊

''အမယ်လေးဟဲ့ ညိုမြလေး....ကိုရင့်စကား မသိတဲ့လူများကြားယင် ဒုက္ခဖြစ်တော့မှာပဲ၊ဟား....ဟား....ဟား....''

ကိုခင်ဇော်နှင့်အတူ ကျွန်တော်ပါ ရောရယ်သော်လည်း သူကတော့ ဣန္ဒြေကြီးတခွဲသားနှင့် ကိုခင်ဇော်ကို ကြည့်နေရာက ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး....

''ခင်ဗျား ဒီလိုပဲ ပြောတာ မဟုတ်လား၊ ဘာဖြစ်လို့ ကျုပ်ကို ရယ်နေကြတာလဲ''

သူက ယခုလို တည်တည်ကြီး ပြန်မေးမှ ကျွန်တော့်မှာ ပို၍ရယ်ချင်လာပေမယ့် ဘရိတ်အုတ်လိုက်ရပြီး ''ဟုတ်ပါတယ်၊ သဘောကတော့ ဒီသဘောပါပဲ၊ ဗုဒ္ဓက ရုပ်ရှင်ပြတယ်ဆိုတော့ ကာလစကားနဲ့ တခြားအဓိပ္ပာယ် ရောက်သွား

နိုင်လို့ ရယ်တာပါဗျာ၊ နေပါဦး....ကိုရှင်လုံးက ပေးမယ်ဆိုတာ အဲသည့်အကြောင်းနဲ့ ဆောင်း ပါး ထင်တယ် ဟုတ်လား''

''အေးဗျ၊ သူက အချိန်မီမပေးတော့ ပန်းချီ ဆွဲဘလောက်လုပ်ပြီးမှ ဒီအတိုင်း ထားထား ရတယ်''

''ဩော်.... ဩော်၊ ကျွန်တော် သဘော ပေါက်ပါပြီ၊ ဒါကြောင့် ကျွန်တော့်ဆီက ဒီ အကြောင်းနဲ့ ဆောင်းပါးရအောင် လူလွှတ် အပြောခိုင်းမယ်ဆိုပါတော့... ဒီလိုလား''

''အဲ....ဟုတ်တယ်''

ယခုမှ သူပါရော၍ သုံးယောက်သား ရယ် လိုက်ကြရသည်။ သို့ကလောက် တဖက်သားကို စကား လိပ်ပတ်မလည်အောင် ပြောတတ်တဲ့ ကိုညိုမြ။

''ခင်ဗျားတို့ စိတ်ဝင်စားတာ ကျေးဇူး တင် ပါတယ်။

''နေပါဦးဗျကိုသုခ''ဟုကိုခင်ဇော်ကဖြတ်၍ ပြောလိုက်ပါသည်။

ခင်ဗျားပြောတဲ့ ခေမာ မိဖုရားကို ဘုရားက တရားဟောတဲ့အကြောင်း ကျွန်တော်တို့ ကြား ဖူးပါတယ်၊ ပြက္ခဒိန် အဖုံးတွေမှာလဲ ပန်းချီ ကိုကိုလေး မန်းချီရေးထားတာ၊ ဗုဒ္ဓဝင် စာအုပ် တွေမှာလဲ ဦးငွေကိုင်တို့၊ ဦးဘကြည်တို့ ရေးဆွဲ ထားတာ တွေ့ဖူးပါတယ်၊ ဒါပေမယ့် ဘုရားက ခေမာမိဖုရားကို ရုပ်ရှင်သဘောနဲ့ တရား ဟော တယ်လို့တော့ မတွေ့ဖူး ပါဘူး၊ ခင်ဗျားက ရုပ်ရှင်သမားမို့ ရုပ်ရှင်ဘက်ကို တမင် ဆွဲယ်ပြော တာလား''

ဦးခင်ဇော်က ကောက်ကာ ငင်ကာ စောဒက ဝင်လိုက်သည်ကို ကိုညိုမြမှာ သဘောကျသွား သကဲ့သို့ ပြုံးစိစိနှင့် အကဲခတ်နေပုံ လုပ်နေပါ သည်။

''အေး....အဲဒါမေးစရာပါပဲ၊ဒီတော့ မကျဉ်း မကျယ် ရှင်းပြရမယ်ဆိုယင် အလွန်တရာ လှပ ပျိုမျစ်တဲ့ ခေမာဒေဝီကို ဘုရားကိုယ်တော်မြတ် က ရုပ်ခန္ဓာဟူသမျှ အသုဘ ပဲလို့ စကားနဲ့ တရားဟောနေမယ်ဆိုယင် ကိုယ့်အလှကို ခုံမင် တွယ်တာနေတဲ့ထိုမိဖုရားဟာ မကြားချင် မနာလို ဒေါသတွေနဲ့သာ အဖုအထစ် ဖြစ်ပြီးနူးညံ့လာမှာ မဟုတ်၊ စိတ်မနူးညံ့ယင် သမာဓိမဖြစ်၊ သမာဓိ မဖြစ်ယင် အမှားအမှန်ကို ကိုယ်တိုင် ပိုင်းခြား နားလည်နိုင်စွမ်း မရှိ၊ ဒီတော့ ဘုရားကိုယ်တော် မြတ်က အလှကြိုက်လွန်းတဲ့ မိန်းမကို အလွန့် အလွန် သူ့ထက်ပိုလှတဲ့ မိန်း မ ပျို က လေး တယောက်ကို ဖန်ဆင်းလိုက်တယ် မဟုတ်လား။ ဖန်ဆင်းပြလိုက်တယ် ဆိုကတည်းက (ရုပ်)ပေါ် လာတာပဲ မဟုတ်လား၊ အဲသည့်ရုပ်ဟာကော တကယ်ရှိနေတဲ့ရုပ်လားဆိုတော့ မဟုတ်ဘူးလေ၊ တကယ်မရှိသော အရိပ်အယောင်ပဲပေါ့၊ ကျွန် တော်တို့ ဖလင်ပေါ်က အရိပ် ပိတ်ကားပေါ် ထင်စေတာမျိုးလို့ မဆိုနိုင်ပေဘူးလား''

ကျွန်တော်၏စကားကို ဦးခင်ဇော်က မယုတ် မလွန်ပြုံးပြရုံပြသည်။ ကိုညိုမြကတော့ သူ့ဟာ သူ စဉ်းစားပြီး တွေနေပုံရပါသည်။ ထို့နောက် ကျွန်တော်က ဆက်ပြောရပါသည်။

''ကိုခင်ဇော်....ခင် ဗျား ကိုယ် တိုင် ခေတ် ဟောင်းက ရုပ်ရှင်မင်းသား တ ယောက် ပါ။ ခင်ဗျားက ရုပ်ရှင်ပညာကို ကိုညိုမြထက် အမြင် ရှိခဲ့ဖူးလို့ ပိုပြီး သဘောပေါက်စရာရှိပါတယ်''

''ကျုပ်လဲ သ ဘော ပေါက် ပါ တယ် ဗျာ၊ ပြောသာပြောပါ''

ဤအခါ ဝင်ပြောလိုက်သူကတော့ ကိုညိုမြ။

''ကျေးဇူးတင်ပါတယ် ကိုညိုမြ၊ ခင်ဗျားက ရုပ်ရှင်ပညာထက် သဘာဝတ္ထ ပညာ ပိုပြည့်ပါ လိမ့်မယ်၊ ကျွန်တော်တို့ ရုပ်ရှင်ကင်မရာရဲ့ သင်တို ဟာ အကွက်ကလေးပေါင်း များ စွာကို မြန်မြန် ရိုက်ပြီးပြယင် အရုပ်တွေဟာ နှေးလာသလို

အကွက်တွေကို နှေးနှေးရိုက်ထားယင် အရုပ်တွေဟာ မြန်မြန်ကြီး လှုပ်ရှားလာတယ် မဟုတ်လားဗျာ။ ဥပမာ ပန်းပင်က ပန်းကလေးပွင့်လာတာကို အခု ကျွန်တော်တို့မျက်စိနဲ့ တဆင့်ချင်း မမြင်နိုင်ပေမယ့် သုံးနာရီကြာမှ (တကွက်) ကင်မရာက ရိုက်ထားယင်၊ အဲ ရိုက်ပြီးပြယင် အဲ့သည့် ပန်းကလေးဟာ မျက်စိအောက်မှာတင် အဖူးက အငုံ၊ အငုံက ပွင့်ဖတ်ကလေးတွေ တဖြည်းဖြည်း ကွဲအာလာပြီး ငွားငွားစွင့်စွင့် ပွင့်လာသည်အထိ တထိုင်တည်း မြင်လိုက်ရတာပဲ။ အဲဒါကို သဘောတမျိုးနဲ့ ကြည့်မယ်ဆိုယင် နဂိုအတိုင်းမှ လှုပ်ရှား ခြားနားပြောင်းလဲလာတာပဲပေါ့ဗျာ....ဟုတ်လား၊ ဒါပေမယ့် အဲသလို ပြောင်းလဲလာတာကို သာမန်မျက်စိနဲ့ ထိုင်ကြည့်နေခယ်ဆိုယင် အချိန်အကြာကြီး ထိုင်ကြည့်နေရမယ်။ ကြည့်ပြန်တော့ကော တရွေ့ရွေ့ တဖြည်းဖြည်း တဆင့်ဆင့် ပြောင်းလာတာကို မြင်တယ်ဆိုတဲ့အမှတ်က ရှိနိုင်ကြမှာ မဟုတ်ပေဘူးလေ။ ဤကဲ့သို့အလားတူပဲ (မြန်မြန်ဖြစ်၊ မြန်မြန်တည်၊ မြန်မြန်ပျက်၊ တခါမြန်မြန်ပြန်ဖြစ်) ကြသို့ ဘယ်ဟာမဆို တည်မြဲနေတယ်ထင်ကြတဲ့ ကျွန်တော်တို့တတွေမှာ—''

''အဲ....အဲ....ဟုတ်ပြီ....ဟုတ်ပြီ၊ ဒါကိုခင်ဗျားက မြတ်စွာဘုရားက ခေမာဒေဝီကို (ဝမ်းကန် ဝမ်းပစ်ချား)နဲ့ ရုပ်ရှင်ရိုက်ပြတယ် ဆိုပါတော့ ဟုတ်သား''ဟု ဦး.ခင်ဇော်က ဝင်ထောက်လိုက်သည့်အတွက်...

''ဟုတ်ပါတယ်၊ ဦးခင်ဇော် ရုပ်ရှင်သမားမို့ ရုပ်ရှင်ပညာနဲ့ တွေးကြည့်မိဖူးတယ် ဆိုပါတော့၊ ဒါကြောင့် ပုထုဇဉ်တွေ မမြင်မမှတ်နိုင်အောင် တရွေ့ရွေ့ အိုနာလာတာကို တခဏချင်း အို၊ တခဏချင်းနာ၊ တခဏချင်းသေတဲ့ အရုပ်နှင့် ပြတော်မူလိုက်ဘာပါပဲ၊ ခုကျွန်တော် ပြောတဲ့သဘောကို ခေမာမိဖုရားကိုယ်တိုင် သဘောပေါက်ဖို့ ဘုရားရှင်ထံ ဝန်ခံချီးကျူးတဲ့စကား ထေရီအပဒါန်မှာ ပြထားပါတယ်''

''ကိလေသာရန် ဘေးတန်တန်ကို အောင်လံစိုက်တော်မူပေသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် စီမံဖန်ဆင်း ပြသပေသော (ရုပ်ပုံပြနည်းဥပါယ်သည်) အံ့သြဖွယ်ကောင်းပေ၏။ မြတ်စွာဘုရား တောကို ကြည့်ရှုလိုသော တပည့်တော်မ ခေမာသည် ထွေရှုယ်တဏှာ၊ တောလွတ်ရာမှ မြတ်စွာဘုရားကို မြင်ရပါ၏''

ကိုခင်ဇော်နှင့် ကိုညိုမြတို့က ကျွန်တော့် စကားဆုံးသည်နှင့် တယောက်ကို တယောက် ကြည့်လိုက်ကြပါသည်။ ထို့နောက် နှုတ်ရေးမြန်သော ကိုခင်ဇော်က ကျွန်တော့်ကို ဤသို့မေး၏။

''ဒါဖြင့် ခင်ဗျားလဲ ခေမာမိဖုရားလို ရှင်ရှင်ပညာနဲ့တရားကိုမြင်နေမှသော တာပန်မဖြစ်သေးဘူးလားဗျ''ဟု ပြောကာ ရယ်လိုက်ကြပါသည်။ သို့သော် ကျွန်တော့်မှာ မရယ်နိုင်ပါ။

''ဘိက္ခုသာဝက ထဲမှာ ရှင်သာရိပုတ္တရာ အရှင်ဟာ ပညာအရာမှာ တေဒဂ်ရတဲ့ လက်ယာတော်ရံရဟန္တာကြီးဖြစ်တော်မူသလို ခေမာထေရီ ရဟန္တာမကြီးလဲ ဘိက္ခုနီလက်ယာတော်ရံ ပညာ တေဒဂ်ရတော်မူပါတယ်၊ ဒီတော့ သူ့အမြင် သူ့ပညာနဲ့ ကျွန်တော်တို့ဟာ နှိုင်းတုစရာ မဟုတ်နိုင်ပါဘူးဦးခင်ဇော်၊ ဒါပေမယ့် တနေ့နေ့တသာဝ ဝမှာကိုအထောက်အပံ့ ဖြစ်လာတန် ကောင်းပါရဲ့လို့ ဆုတောင်းနေရပါတယ်၊ ကဲ....ကျေနပ်ပြီလားဗျား''

''အင်း....ကျေနပ်ပါတယ်ဗျာ၊ ကျေနပ်ပါတယ်''ဟု ဦးခင်ဇော်က ပြန်ပြောစဉ်....

''နေပါဦးဗျ၊ ကိုသုခ... ခင်ဗျား ဘယ်လို စ, တွေးမိဘာလဲ''ဟု ကိုညိုမြက မေး၍....

''ဒါကတော့ သု၊ စ်၊ ပု၊ ဘာ၊ ဆိုပါတော့ ကိုညိုမြရယ်''ဟုသာ ဖြေနိုင်ပါတော့သည်။ ။



# ကိုယ့်ဉာဏ်နှင့် ကိုယ်ကြည်ညိုခြင်း

''အပြောကျယ်လှတဲ့လယ်ကွင်းကြီးရဲ့နောက်ဆုံး၊ မှိုင်းမှိုင်းညိုနေတဲ့ တောတန်း ကလေးကို မေးတင်နေတဲ့ နေမင်းကြီးရဲ့ အလှ၊ အဲသည် ဆည်းဆာ အလှကဖြင့် ကြည့်လို့ မဝနိုင်ပါဘူး ခင်ဗျာ''ဟု မြစ်ဝကျွန်း ပေါ် မြေပြန့်သားက ဆိုသည်။ ထိုအခါ ကုန်းမြေမြင့် တောင်ပေါ်သားက....

''မိတ်ဆွေက သည့်ထက်လှတဲ့သဘာဝပန်းချီကားကြီးကို မမြင်ဖူးလို့ပြောတာဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ရဲ့ တောင်ပေါ်ဒေသမှာ ဆိုယင် ဝေးမြင့်သီခေါင် တောင်အထပ်ထပ် ရှိတာမို့ မှိုင်းပြာနှံ့ရီနေတဲ့ အဝေးဆုံးက တောင်စွယ်ကို ကွယ်သုကွယ်ခင် နေဝင်နေပုံ အလှက မိတ်ဆွေပြောတဲ့ဆည်းဆာအလှထက်သာပါလိမ့်မယ်''ဟု ပြောသည့်အခါ သင်္ဘောသားကြီးက ဤသို့ဝင်ပြောလေသည်။

''မိတ်ဆွေတို့နှစ်ယောက်စလုံးက ကိုယ့်အရပ်ကိုယ့်ဒေသမှ မခွာကြတော့ (မိရိုးဖလာ)အလှသာမြင်ဖူးကြရှာတာပဲ၊ မိတ်ဆွေတို့ပြောတဲ့ သဘာဝပန်းချီကားကြီး နှစ်ချပ်စလုံးကို ကျွန်တော်ကောင်းကောင်း မြင်ဖူးခဲ့ဘာပေါ့၊ ကျွန်တော်အမြဲသိုလိုမြင်တွေ့ ကြည်နူးနေရတဲ့ ပန်းချီကားကြီးကိုတော့ မိတ်ဆွေတို့မြင်ဖူးကြမယ်မဟုတ်လို့စိတ်ကူးယဉ်၍ ကြည့်နိုင်ကြရအောင် ပြောပြပါမယ်၊ ကျွန်တော်တို့ သွားနေရတဲ့ ပင်လယ်သမုဒ္ဒရာဆိုတာ တဘက်ကမ်းမရှိ၊ အရပ်ရှစ်မျက်နှာရေအတိသာ မြင်ရပါတယ်၊ ဒါကြောင့် နေဝန်းကြီး ထွက်လာလျှင်လည်း ရေထဲမှသာ ထွက်ပေါ်လာပြီး ဝင်သွားပြန်လျှင်လဲ နေဝန်းကြီးဟာ သမုဒ္ဒရာရေမျက်နှာပြင်ထဲကိုသာ ငုပ်လျှိုးကွယ်ပျောက်သွားရပါတယ်၊ ဒါကြောင့် နေအထွက်မှာသော်လည်းကောင်း၊ နေအဝင်မှာသော်လည်းကောင်း အကွယ်အကာ အငြိအစွန်းမရှိပဲ အဝန်းလိုက်၊ အဝိုင်းလိုက်၊ ပီပီပြင်ပြင်၊ ထင်ထင်ရှားရှား မြင်ရပါတယ်၊ တအိအိ တကြွကြွ လှုပ်ရှားနေတဲ့လှိုင်းရေပြင်အနန္တကြီးမှာ ရွှေရည်တွေမှည့်ပျော်ယိုစီးနေသလို ပုစွန်ဆီရောင်လျှမ်းနေတဲ့နေမျက်နှာပြင်နဲ့ ရွှေရောင်ဘောက်နေတဲ့ရေမျက်နှာပြင်ကြီး ထိစပ်ခြယ်လှယ်နေပုံ မြင်ကွင်းကျယ်အသရေဘရီ ပန်းချီကားချပ်ကြီးကို စိတ်ကူးယဉ်၍သာကြည့်ကြပါတော့''ဟု ဆိုလေရာ နောက်ဆုံးဝင်၍ ပြောသူ သိပ္ပံပညာရှင်က ဤသို့ဆိုလေ၏။

''ယခု မိတ်ဆွေများ ပြောကြသည်က ကိုယ့်အမြင်နှင့် ကိုယ် ဒိဋ္ဌမျက်မြင် တင်ပြကြသည့်

အတွက် ဓာဒကတာဏ်ဖွယ် မရှိပါဘူး၊ ကျွန်တော်တို့၏ သိပ္ပံပညာနှင့်သာ ပြောရမယ်ဆိုယင်တော့ မိတ်ဆွေတို့ ပြောနေတဲ့ နေမင်းကြီးဟာ ဘယ်အခါမှ ဝင်တယ်ထွက်တယ် မရှိပါဘူး၊ ဘာဖြစ်လို့လဲလို့ဆိုတော့ နေဆိုတဲ့ ဂြိုဟ်ကြီးဟာ စကြဝဠာထဲမှာ သီးခြားရှိနေပါတယ်၊ ကျွန်တော်တို့နေတဲ့ကမ္ဘာလုံးကြီးအပါအဝင် အရန်ဂြိုဟ်များကသာ ကိုယ့်ဝင်ရိုးပေါ်မှာ ကိုယ်လည်ပတ်ယင်း နေဂြိုဟ်ကြီးကို ဘဲဥပုံသဏ္ဌာန် ဝေ့လည်ပတ်ဝိုက်၍သွားနေရခြင်းဖြစ်တဲ့အတွက် ကမ္ဘာလုံးကြီးကို သူ့အား မျက်နှာမူလျက်ရှိသည့် လေးပုံ-သုံးပုံသော်ပမာဏ၌သာ အလင်းဖြစ်စေနိုင်ပါတယ်၊ ဒါကြောင့် 'သုံး ကျွန်း လင်း ခိုက်-တကျွန်းမိုက်သည်'ဟု မြန်မာစကား ရှိခဲ့ပါတယ်၊ ယခု ကျွန်တော်ပြောချင်တာက မိတ်ဆွေကြီးများ မြင်ရတဲ့ အလှများထက် ကျွန် တော် တို့ တတွေ ကမ္ဘာလောကကြီးမှထွက်ပြီး စကြဝဠာတခုခုမှ ရှုမျှော်ကြည့်နိုင်မယ်ဆိုယင် လေးပုံ-သုံးပုံ လင်းနေတဲ့ ကမ္ဘာလုံးကြီးနှင့် အံမြဲတစေထွန်းလင်းတောက်ပနေတဲ့ နေမင်းကြီးရဲ့ စကြဝဠာ ပန်းချီကား၏ အနန္တဟာ ဘယ်၍ ဘယ်မျှ လှနေလိုက်မလဲလို့ စဉ်းစားသာ ကြည့်ကြပါစို့''ဟု ပြောလေသတည်း။

ထို 'အလှလေးပါး'ကို ခွဲခြား၍ ကြည့်လိုက်မည်ဆိုလျှင်....

၁။ လယ်ကွင်းကြီး တဆုံးသာ မြင်ရသော အလှ၊
၂။ ဘောင် အသပ်ထပ်ကိုသာ မြင်ရသော အလှ၊
၃။ ပင်လယ် အဏ္ဏဝါအဆုံးသာ မြင်ရသော အလှ၊
၄။ စကြဝဠာအနန္တအဆုံးအစမရှိမြင်ရသော အလှ၊

ထိုကဲ့သို့ လေးမျိုးလေးစား တွေ့ရပါသည်၊ တခုထက်တခု ကျယ်ပြန့်လာသော မြင်ကွင်းမှသည် နောက်ဆုံးမြင်ကွင်းကား အတိုင်းအတာမရနိုင်သော မံသစက္ခုဖြင့်မတွေ့နိုင်ရာ၊ မမြင်သာကြောင်း ဖြစ်တော့သည်။ ထို့အတူ-ထို့အတူ ကျွန်တော်တို့သည် သဗ္ဗညုတ ဗုဒ္ဓ အရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို နေ့စဉ်ရိုကျိုးရှိခိုး ပူဇော်နေကြသည်မှာ ဘယ်အတိုင်းအဆနှင့် ကျေးဇူးတော် ဂုဏ်တော်တို့၏ အလှကို သိမြင် နေကြပါသနည်း၊ ကြည်ညို နေကြပါသနည်း။

အခါတပါး မြတ်စွာဘုရားသည် ရဟန်းငါးရာ ခြံရံလျက် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား ခရီးရှည် ဒေသစာရီ ကြွသွားတော်မူသည်။ ထို မြတ်စွာဘုရားနှင့် ရဟန်းများ၏နောက် မလှမ်းမကမ်းမှ သုပ္ပိယပရိဗိုဇ်နှင့်တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင် တို့လည်း ခရီးအတူလိုက်ပါလာကြသည်။

ဗုဒ္ဓကို ကြည်ညိုသူ မဟုတ်သော သုပ္ပိယပရိဗိုဇ်က တလမ်းလုံး ဗုဒ္ဓကို ကဲ့ရဲ့စွပ်စွဲ မလိုတမာ စကားများဖြင့်သာ ဆဲရေး၍ လိုက်ခဲ့သည်။ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်ကား (ညဉ့်အိပ်ညနေ ခရီးရှည် လိုက်ခဲ့ရသည်နှင့် အမျှ မြတ်စွာဘုရား၏ အကျင့် သီလများကို မြင်ရ၊ တွေ့ရ၊ သိရသည့်အတွက်)ဆရာ ဖြစ်သော သုပ္ပိယ၏ အမနာပစကားများကို ဆန့်ကျင် ဂုဏ်ကွက်၍ ချီ မွမ်းလျက် လိုက်ခဲ့သည်။

နှစ်ဦး နှစ်ယောက်တည်းသော ဆရာနှင့် တပည့်မှာ တယောက်က ကဲ့ရဲ့၊ တဦးက ချီးမွမ်း၊ အတိုက်အခံ အငြင်းအခုံ ကျက်ဆူညံစီ ဖြစ်နေသည်ကို ကြားရသော ရဟန်းများက အချင်းချင်း ပြောကြသည်။ မှာ စွန်နားဖျား ကြားရသော ရဟန်းများက မေးကြသည်၊

လမ်းခရီးအကြား သရက် ဥယျာဉ်တခု၌ တည်းခို နားနေကြရာတွင် ရဟန်းများ၏စကား ကို မြတ်စွာဘုရား ကြားတော်မူခဲ့ပြီ။ နံနက်လင်း သောအခါ ရဟန်းတို့အား မေးတော်မူသည်။

''ရဟန်းတို့ ဘယ်အကြောင်းကို ပြောဆို နေကြသနည်း''

''အရှင်ဘုရား၊ တပည့်တော်များနှင့် တခရီး တည်း လိုက်ပါနေကြသော သုပ္ပိယ ပရိဗိုဇ်နှင့် တပည့်ဖြစ်သော ဗြဟ္မဒတ်တို့သည် ဆရာတပည့် ဖြစ်သော်လည်း တဦးနှင့်ဝ ဦး ဖြောင့်ဖြောင့် ဆန့်ကျင်သော စကားကို တလမ်းလုံး ပြောဆို လိုက်ပါခဲ့ကြပါသည်''

''အဘယ်ကဲ့သို့ ဆန့်ကျင်ပါသနည်း''

''မြတ်စွာဘုရား၊ ဆရာဖြစ်သူက ရတနာ သုံး ပါး၏ ကျေးဇူးမဲ့သော စကားဖြင့် ဆဲရေး၍၊ တပည့်ဖြစ်သူက ရတနာသုံး၏ ဂုဏ်ကျေးဇူး တို့ကို ကြည်ညို ချီးမွမ်းသောစကားဖြင့်အတိုက် အခံ ပြုပါသည်။ ထိုအုံသြဖွယ် ဆရာတပည့် အကြောင်းကို တပည့်တော်များ ပြောကြား နေကြပါသည်'' ဟု လျှောက်၏။

''ချစ်သားတို့- ငါဘုရားနှင့်တကွ တရား တော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်း ကောင်း ပုတ်ခတ်ဆဲရေးသော စကားကို ကြားရ ၍ အမျက်ဒေါသ မဖြစ်ကြလင့်၊ အမျက်ဒေါသ သည် (မဂ်ဖိုလ်) အန္တရာယ် ဖြစ်စေတတ်သည်။ ငါဘုရားနှင့် တကွသော ရတနာသုံးပါးတို့ကို ချီးမွမ်း ဂုဏ်ပြုသော စကားကို ကြားသည့် အခါ၌လည်း တဏှာလောဘဖြင့် နှစ်သက်ခြင်း၊ တက်ကြွခြင်း မဖြစ်ကြစေလင့်၊ ထိုအကြောင်း သည်လည်း (မဂ်ဖိုလ်) အန္တရာယ် ဖြစ်စေတတ် သည်ဟု ဆုံးမတော်မူပြီးသည့်နောက်....

''ချစ်သားတို့....ရတနာသုံးပါးကို ကဲ့ရဲ့နှိမ့်ချ သော စကားကို ပြောလာကြားအံ့၊ ထိုစကားတို့ မှာ မဟုတ်မမှန်ကြောင်း ဟူ၍သာ ရှင်းလင်း ပြောဆိုကုန်ရာသည်။ ငါဘုရားနှင့် တရားသံဃာ တို့အား ချီးမွမ်းပြောဆိုကြလျှင် ဤအကြောင်း ကြောင့် ဤစကားသည် မှန်၏။ ဤအကြောင်း ဤသဘောတရားသည် ငါတို့၌ ရှိပေ၏...ဟု ဟုတ်မှန်သောစကားကို ဟုတ်မှန်ကြောင်း ဝန်ခံ ကြရမည်။

''ချစ်သားတို့...ပုထုဇဉ် ပုဂ္ဂိုလ်သည် ငါ ဘုရား၏ ဂုဏ်ကို ချီးမွမ်းလို၍ ချီးမွမ်း ပြောဆို လျှင် ထိုပုထုဇဉ်တို့ ချီးမွမ်း ပြောဆိုမည့်ဂုဏ်မှာ အနည်းငယ်မျှသာ ဖြစ်ပေလိမ့်မည်။ (သူသိနိုင် သမျှ) 'စူဠသီလ=သီလငယ်' နှစ်ဆယ့်လေးပါး ဖြင့်သာ ချီးမွမ်းပေလိမ့်မည်။

''စူဠသီလ=သီလငယ် (၂၄-ပါး) ဟူသည် ကား....

၁။ ရဟန်းဂေါတမသည် သတ္တဝါ၏အသက် ကို သတ်ဖြတ်ခြင်း မပြု။
၂။ သူတပါး၏ပစ္စည်းကို မခိုးဝှက်။
၃။ မေထုန်မှီဝဲခြင်းမှ ရှောင်ကြဉ်၏။
၄။ လိမ်လည် မုသားမဆို။
၅။ ဂုံး (ကုန်း) ချောစကားမပြော။
၆။ ကြမ်းတမ်းသောစကား မပြော။
၇။ စကားဖျင်းမှ ရှောင်ကြဉ်၏။
၈။ မျိုးစေ့ပေါင်း သစ်ပင်ပေါင်းကို ဖျက် ဆီး ခုတ်ဖြတ်မှုမပြု။
၉။ နေ့လွဲညစာ မစား။
၁၀။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကိုယ်တိုင်လည်းမပြု၊ သူတပါးကိုလည်း မပြုစေခြင်း၊ ကြည့်ခြင်း၊ နားထောင်ခြင်း မပြု။
၁၁။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာ ပျောင်းလူးခြင်း မပြု။
၁၂။ မြင့်သော နေရာ၊ မြတ်သော နေရာ ထိုင်ခင်းတို့မှ ရှောင်ကြဉ်၏။

၁၃။ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ရွှေငွေ၊ ပိုက်ဆံကို ခံယူ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၄။ မချက်၊ မပြုတ်၊ မလှော်၊ မဖုတ်ရသေးသော စပါးမျိုး (၇)ပါးကို ခံယူ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၅။ သားစိမ်း၊ ငါးစိမ်းတို့ကို ခံယူကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၆။ မိန်းမအပျို၊ အအိုဘို့ ခံယူကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၇။ ကျွန်မ၊ ကျွန်ထီးကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

၁၈။ ဆိတ်၊ သိုး၊ ကြက်၊ ဝက် စသော တိရစ္ဆာန် ခံယူခြင်းမှ ရှောင်ကြဉ်၏။

၁၉။ လယ်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

၂၀။ သံတမန်အမှုကို ပြုခြင်း၊ အစေအပါးခံခြင်းတို့မှ ရှောင်ကြဉ်၏။

၂၁။ အရောင်းအဝယ်လုပ်ခြင်းမှ ရှောင်ကြဉ်၏။

၂၂။ ချိန်စဉ်းလဲ၊ ခွက်စဉ်းလဲတို့မှ ရှောင်ကြဉ်၏။

၂၃။ လာဘ်စားခြင်း၊ ပရိယာယ်ဖြင့် လှည့်ပတ်ခြင်းတို့မှ ရှောင်ကြဉ်၏။

၂၄။ လုယက်ခြင်း၊ မြို့ရွာနိဂုံးကို ဖျက်ဆီးခြင်းမှ ရှောင်ကြည်၏။

ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် ငါ... ဘုရား၏ ဂုဏ်ကျေးဇူးကို ဤ စူဠသီလ=သီလငယ်'' တို့ဖြင့်သာ ချီးမွမ်းနိုင်ပေလိမ့်မည်။

''ရဟန်းတို့-ထိုမှတပါးလည်းအရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော ရဟန်း၊ ပုဏ္ဏား အချို့တို့သည် သဒ္ဓါတရားဖြင့်လှူဒါန်းကြသော အစားအစာတို့ကို စားသောက်ကြပြီးလျှင် ဤသို့သော အပြုအမူတို့ကို (မဇ္ဈိမသီလ=သီလလတ်)တို့ကိုပြုလုပ်(ကျင့်ဆောင်)နေကြကုန်၏။ ထိုမဇ္ဈိမသီလ(၁၀)ပါးကိုဉာဏ်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်များက သိရှိချီးမွမ်းကြကုန်၏။ ထို(၁၀)ပါးကား....

၁။ ဗီဇဂါမ်= မျိုးစေ့အပေါင်းကို ဖျက်ဆီးခြင်း။ ဘူတဂါမ်=သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းတို့ကို မပြု။

၂။ စားဖွယ် သောက်ဖွယ် အဝတ်သင်္ကန်းစသည်တို့ကို အပို သိုမှီးသိမ်းဆည်း၍ သုံးဆောင်ခြင်း မပြု။

၃။ ကခြင်း၊ သီခြင်း စသည်တို့ကို ကြည့်ရှုနားထောင်ခြင်းမပြု။

၄။ ကစားခြင်းအမျိုးမျိုးမပြု။

၅။ မြင့်သောနေရာ၊ မြတ်သောနေရာ၌ နေထိုင်ခြင်းမပြု။

၆။ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်း မပြု။

၇။ မဂ်ဖိုလ်နှင့် ဖီလာ၊ စကားဖျင်း ပြောခြင်းမပြု။

၈။ ရန်စကားပြောခြင်းမပြု။

၉။ စေတမန်ပြု အခိုင်းခံခြင်း မပြု။

၁၀။ လာဘ်ရမှု၊ အရိုအသေခံရမှု၊ ကျော်စောမှုတို့ကို ရရှိလေအောင် မိမိကိုယ်ကို မိမိ ဝါဒဖြန့်ခြင်းတို့ကို မပြု။

''ရဟန်းတို့....ဤမဇ္ဈိမ သီလသိက္ခာဆယ်ပါးတို့ကို အကျယ်အားဖြင့် ရှောင်ကြဉ် ကြသည်ကို ဉာဏ်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်တို့က ချီးမွမ်းကြမည်ဖြစ်သည်။

''ရဟန်းတို့... အလွန်ဉာဏ်ကြီးသော ပုထုဇဉ်တို့သည်ကား ပြဆိုခဲ့ပြီးသော သီလနှစ်မျိုးတို့အပြင် များယွင်းယုတ်ညံ့စွာ အသက်မွေးမှုဖြစ်သော တိရစ္ဆာန် ဝိဇ္ဇာမဂ်ဖိုလ်မှ ဖီလာဖြစ်သော အတတ်များမှ ရှောင်ကြဉ်သည့် (မဟာသီလ) တို့၏ ဂုဏ်ကျေးဇူး ဖြင့် ချီးမွမ်းကြမည်ဖြစ်သည်။ စင်စစ်မှာကား ဤ သီလသုံးပါးတို့သည် ငါဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များ မဟုတ်သေး...

"ရဟန်းတို့.... နက်နဲ သိမ်မွေ့ သိမြင်နိုင်ခဲကုန်သော၊ ငြိမ်သက် မွန်မြတ်ကုန်သော၊ အကြံသမားတို့ အရာမဟုတ်သော၊ ပညာရှိ တို့သာ သိနိုင်ကြသော သီလဂုဏ်မှ တပါးကုန်သော ဂုဏ်တော်တို့သည် ရှိကြသေးသည် သာတည်း။ ထိုဂုဏ်တော်တို့သည် မြတ်စွာဘုရား ကိုယ်တိုင် သိမြင်၍ ဟောကြားတော်မူသော ဂုဏ်တော်တို့ ဖြစ်ကြ၏။ မြတ်စွာဘုရား၏ အမှန်အတိုင်း ဖြစ်သော ဂုဏ်ကျေးဇူးကို ကောင်းစွာ ချီးကျူး ပြောဆိုလိုခဲ့သော်- ပြောဆိုရမည့် ဂုဏ်တော်တို့လည်း ဖြစ်ကုန်၏။

ထိုဂုဏ်တော်တို့သည်ကား....

ပုဗ္ဗန္တာနုဒိဋ္ဌိဝါဒ (၁၈) မျိုးနှင့် အပရန္တာနုဒိဋ္ဌိဝါဒ (၄၄)မျိုး အပေါင်းဖြစ်သော (၆၂) ပါးသောမိစ္ဆာဝါဒီ ဝိဘတ္တိ အညစ်အကြေးမှ ကင်းဝေး ဖြူစင်လျက် အယူ၏ စင်ကြယ်ခြင်း တည်းဟူသော 'ဒိဋ္ဌိဝိသုဒ္ဓိ'ဖြစ်သည်။

"ရဟန်းတို့.... သံသရာ၏ရှေ့အဖို့၊ နောက်အဖို့ကို ကြံဆခြင်း ရှိကြကုန်သော ရဟန်း၊ ပုဏ္ဏားအားလုံးတို့သည် အထူးထူးသော အယူဝါဒတို့ကို ဤ(၆၂)ပါးကုန်သော အကြောင်းတို့ဖြင့်သာ ပြောဆိုယူဆကြကုန်၏။ ဤ(၆၂) ပါးသော အကြောင်းတို့၌ မှီကြ ကုန်၍သာ အကျုံးဝင်ကြ ကုန်၍သာ ပိုက်ကွန် တွင်းသို့ ရောက်ကြကုန်၏။

"ရဟန်းတို့.... မြတ်စွာဘုရား၏ကိုယ်ကာယသည် ဘဝတဏှာ ဟူသော နှောင်ကြိုးပြတ်၍ တည်နေ၏။ ကိုယ်ကာယတည်နေသမျှသာနတ်လူတို့သည် ထိုမြတ်စွာဘုရားကို ဖူးတွေ့ကြရ လိမ့်မည်။ ကိုယ်ကာယပျက်စီး၍ အသက်ကုန်သော အခါ မဖူးမြော်မတွေ့ကြရကုန်လတ္တံ့ ၊ (နောက်ဘဝသစ်မဖြစ်တော့ပြီဖြစ်၍ မတွေ့နိုင်ကြပြီ)"

ထိုအခါ အရှင်အာနန္ဒာက ဤသို့ လျှောက်ထားသည်။

"အံ့သြဖွယ် ရှိလှပါပေသည် အရှင်ဘုရား၊ ဤတရား ဒေသနာတော်သည် အဘယ် အမည် ရှိပါသနည်း"

"အာနန္ဒာ၊ ဤတရား ဒေသနာတော်ကို (ပစ္စုပ္ပန်တမသွန် ကောင်းကျိုးနှစ်ပါးကို ဖြန့်၍ ဟောရာဖြစ်သောကြောင့်) 'အတ္ထဇာလ' ဟူ၍လည်းမှတ်လေလော့၊ (များစွာသော ပါဠိဓမ္မတို့ကိုဖြန့်၍ ဟောရာ ဖြစ်သောကြောင့်) 'ဓမ္မဇာလ' ဟူ၍လည်း မှတ်လေလော့၊ (မြတ်သောသဗ္ဗညုတဉာဏ်တော်ကိုဖြန့်၍ ဟောရာဖြစ်သောကြောင့်) 'ဗြဟ္မဇာလ' ဟူ၍လည်း မှတ်လေလော့၊ (မိစ္ဆာဒိဋ္ဌိအယူ ၆၂-ပါးတို့ကို ဖြန့်၍ ဟောရာ ဖြစ်သောကြောင့်) 'ဒိဋ္ဌိဇာလ' ဟူ၍လည်း မှတ်လေလော့၊ (ဒေဝပုတ္တမာရ်+ ခန္ဓမာရ်+ မစ္စုမာရ်+ ကိလေသမာရ်ကို အောင်မြင်ရာ၊ အတုမဲ့ မဟာအောင်မြေနှင့် တူသောကြောင့်) 'အနုတ္တရသင်္ဂါမဝိဇယ' ဟူ၍လည်း မှတ် လေ လော့ ဟု မိန့်တော်မူသည်။

(အကျယ်ကို၊ ဒီဃနိကာယ် သီလက္ခန္ဓ'ဗြဟ္မဇာလသုတ်'၌ ကြည့်ရှုတော်မူပါ)

(အရှင်ဇနကာဘိဝံသ ဆရာတော် ဘုရား၏ သုတ်သီလက္ခန် ဘာသာဋီကာ၌မူကား "အဘိသင်္ခါရမာရ်ပါထည့်၍ မာရ်ငါးပါးစလုံးဖော်ပြပါရှိပါသည်။)

ဤ၌ ကိုယ့်ဉာဏ်နှင့်ကိုယ် ကြည်ညိုကြခြင်းကို ခွဲခြားနိုင်းယှဉ်ကြလျှင်—

၁။ လယ်ကွင်းတဆုံးသာ မြင်ရသော မြေပြန့်သား၏အလှကဲ့သို့၊ ဗုဒ္ဓမြတ်စွာအား စူဠသီလ' ဖြင့်သာ တွေ့မြင် ကြည်ညိုရခြင်း။

၂။ တောင်အထပ်ထပ်လောက်ကိုသာမြင်ရသော တောင်ပေါ်သား၏ အလှကဲ့သို့

ဗုဒ္ဓအား 'မဇ္ဈိမသီလ' ဖြင့်သာတွေ့မြင် ကြည်ညိုရခြင်း။

၃။ ပင်လယ်အဏ္ဏဝါအဆုံးသာ မြင်ရသော သဘော်သား၏ အလှကဲ့သို့၊ ဗုဒ္ဓအား 'မဟာသီလ' ဖြင့် တွေ့မြင် ကြည်ညိုရ ခြင်း။

၄။ စကြဝဠာအနန္တ အဆုံးအစမရှိ မြင်ရသော သိပ္ပံဆရာ၏အလှကဲ့သို့ မြတ်စွာဘုရားအား သာသနာ့ ဗာဟိ လောကီ သီလတို့ထက် ဆထက် ထောင်ရာသာ လွန်ဘိသဖြင့် 'အဓိသီလ' ဟုသမုတ်အပ်သော၊ အာပတ် ခုနစ်ပုံကို လုံခြုံစွာ စောင့် ကြောင်း ဖြစ်သော (ပါတိမောက္ခသံဝရ)၊ ဣန္ဒြေ ခြောက်ပါးကို တား မြစ် ပိတ် ပင် ကြောင်း ဖြစ် သော (ဣန္ဒြိယသံဝရ) မိစ္ဆာဇီဝမှ ကြဉ်ခွာ လျက်စင်ကြယ်စွာ အသက်မွေးကြောင်း ဖြစ်သော (အာဇီဝ ပါရိ သုဒ္ဓိသီလ) ပစ္စည်းလေးဖြာကို ပစ္စဝေက္ခဏာ တင်၍ သုံးသပ်ဆင်ခြင်ခြင်း တည်းဟူသော (ပစ္စယ သန္နိဿိတသီလ) ဤလေးဝသော စတုပါရိသုဒ္ဓိတံခွန်၊ အလွန်ဖြူစင်၊ မြူမတင်ခြင်းတည်းဟူသော(သီလ ဝိသုဒ္ဓိ)၊ မဟာဂုဏ် လောကုတ္တရာ ဈာန်မြဲမြဲစွာ လေ့လာနိုင်ခြင်း တည်းဟူသော (စိတ္တဝိသုဒ္ဓိ) ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒ ဒိဋ္ဌိ ဝိဘဏ္ဍာ ညစ်ကြေးမှ ကင်းဝေးဖြူစင်လျက် အယူ၏ စင်ကြယ်ခြင်း တည်းဟူသော (ဒိဋ္ဌိဝိသုဒ္ဓိ) ဟူ၍ ဗုဒ္ဓ၏ သဗ္ဗညုတအပါအဝင် ဂုဏ်တော်အနန္တမှ တစိတ်တဒေသကို သိတွေ့ကြည်ညိုနိုင်ခြင်းဟူ၍ ဖြစ်ရာ လောကမှ ထွက်လွတ် ကူးမြောက်ပြီးသော အရိယာနွယ်ဝင် သူတော်စင်တို့သည်သာလျှင် ဗုဒ္ဓ၏ အလှ စင်စစ်ကို ဖူးတွေ့ ကြည်ညိုနိုင်လိမ့်မည် ဖြစ်ပါပေသတည်း။ ။





# မကိုဋ်သရဖူ ဆောင်းတော်မူသော မြတ်စွာဘုရား

''ဇူလိုင်လ ရတနာမွန် မဂ္ဂဇင်းမှာ သူငယ်ချင်းရေးတဲ့ မြတ်စွာဘုရားကို 'ကိုယ့်ဉာဏ်နဲ့ ကိုယ် ကြည့်ညိုခြင်း'ဆိုတဲ့ ဆောင်းပါးကို ဖတ်ရပါတယ်''

''အဲသည့် ဆောင်းပါးနှင့် ပတ်သက်လို့ ဝေဖန်စရာများ ရှိလို့ပါလား''

''ဝေဖန်စရာတော့ မရှိပါဘူး၊ ဆွေးနွေးစရာလေး တွေ့လိုက်မိလို့ပါ''

''လုပ်စမ်းပါဦးဗျာ''

''မြတ်စွာ ဘုရား၏ (စူဠသီလ) သီလငယ် နှစ်ဆယ့်လေးပါးမှာ ရွှေ ငွေစသော ရတနာများကို အလှူမခံခြင်း၊ ထိတွေ့သာယာ မရှိခြင်းလို့ တွေ့ရပါတယ်၊ အဲသလို ရွှေ၊ ငွေတို့ကို ခံယူကိုင်တွယ်မှု ရှောင်ကြဉ်တဲ့ သိက္ခာပုဒ်ကတော့ သာမဏေ များပင် စောင့်ထိန်းတော် မူကြပါတယ်နော်''

''ဟုတ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်အနေဖြင့် အသေးအမွှား ဖြစ်တော်မူတဲ့ သီလဟု ဆိုပါတယ်၊ (စူဠသီလ=အသေးအမွှား အနိမ့်စားသီလ)ဟု ဆိုရပါမယ်''

''အင်း....မြတ်စွာဘုရား ကိုယ်တော်တိုင်အဖို့မှာ မပြောပလောက်သော အသေးစားသီလဖြစ်သော်လဲ ရဟန်းများအတွက်သာသနာ့အန္တရာယ်ဖြစ်လို့ ဒုတိယ သင်္ဂါယနာတင်၍ သန့်စင်တော်မူကြရတယ်''

''ဟုတ်ပါတယ်၊ ဘိက္ခုသမဏတို့၏ အကြီးဆုံးသော အန္တရာယ်ဟာ မာတုဂါမနှင့် ငွေဖြစ်ပါတယ်၊ အဲဒါ သူငယ်ချင်းက ဘာပြောချင်လို့လဲ''

'အဲသလို(အနာမာသစတ္တု)မသုံးဆပ်အပ်သော ရတနာ, ရွှေ, ငွေ, ကျောက်သံပတ္တမြားတို့ဖြင့်ပြုလုပ်ထားတဲ့မကိုဋ်စလွယ် မင်းမြောက်တန်ဆာတို့ကို မြတ်စွာဘုရား ရုပ်တုတော်မှာ ဆင်ယင် ပူဇော်ထားကြတာဟာ ဗုဒ္ဓ၏ အလိုတော်နှင့်များ ဆန့်ကျင် နေကြမလား၊ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်ကတော့ ထိုကဲ့သို့ ဆင်ယင်တော်မူခြင်း ရှိခဲ့သလား၊ ဒါကို တွေးကြည့်မိဖူးလို့ပါ၊ ဒါလဲ သူငယ်ချင်း ကိုမှ မေးဝံ့တာပါ''

''အေး....ရတနာ သုံးပါးနှင့် ပတ်သက်တာတော့သဒ္ဓါတရားနှင့်သာ ဆိုလျှင် စပ်စုကောင်းတယ်၊ မေးကောင်း တယ်လို့ မှတ်ပါ၊ ပိဋကတ်ပါရဂူ ဆရာတော်အဆူဆူလဲ တပါးကတပါးကို မေးလျှောက်ထားကြတာ ရှိပါတယ်၊ အဲသလို

မေးလျှောက် ဖြေဆိုတော်မူခဲ့ကြလို့သာ ငါတို့မင်းတို့အတွက် သိရ၊ မှတ်ရ၊ ကြည်ညိုရ၊ ဗဟုသုတ ဖြစ်ကြရတာပေါ့''

''မင်းတွေ့ဖူးတာများရှိလျှင် ဖောက်သည်ချပါလား''

''မြတ်စွာဘုရား့ဂုဏ်တော်ကိုးပါးမှာ 'အရဟံ'က အစပြုထားတယ်၊ အရဟံ=လူနတ်ဗြဟ္မာတို့၏ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား၊ အဲဒါကို တဆင့် ဖွင့်လိုက်ဦး၊ လူ သာမန်၊ နတ် သာမန်၊ ဗြဟ္မာ သာမန်တို့ မဟုတ်၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ အထွတ်အထိပ် ဖြစ်တော်မူခြင်း၊ အဲသည်အနက်ကို စဉ့်ပါဆရာတော်ကြီးက ဓမ္မနီတိချိုးမှာ....

စက္ကိန်တဲ့ဒေဝိန်၊
ဗြဟ္မိန္ဒာ မဟိန္ဒ၊
ကြီးလှဂုဏ်သိန်။
တောက်ထွန်းထိန်၊ မုနိန္ဒ သနင်း၊
ဉာဏ်ကြီး ဗိုလ်ပါနှင့်၊
လိုရာအောင်လွယ်ဆု
ပေးခုချက်ချင်း။ ။

''အဲဒါက လူသာမန်၊ နတ်သာမန်၊ ဗြဟ္မာသာမန်တို့မဟုတ်၊ လူပေါ်မှလူမင်း၊ နတ်ပေါ်မှနတ်မင်း၊ ဗြဟ္မာပေါ်မှာ ဗြဟ္မာမင်းတို့နှင့် တကွ မှုနိုင်ပါ အစိုးရသော မင်းထက် မင်းအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား အဲသည့်ဂုဏ်တော်ကို ဖွင့်ပြတော်မူခြင်းအားဖြင့် လူတကာတို့၏ စကြဝတေးမင်း အသွင်၊ နတ်တကာတို့၏ နတ်မင်းအသွင်၊ ဗြဟ္မာတကာတို့၏ ဗြဟ္မာမင်း အသွင် ထုလုပ် ပူဇော်ကြဘယ်လို့လဲ ကြားဖူးနာဖူးခဲ့ရတယ်''

''အဲဒါ ယုတ္တိအရှိသား''

''နောက်တခု မှတ်သားရတာ ရှိသေးဘယ်၊ ဇမ္ဗူဒီပါ တကျွန်းလုံးကိုအစိုးရသော 'ဇမ္ဗုပတိမင်း'၏ ဣဿရိယမာန်ကို ချိုးနှိမ်ပယ်စင် ကယ်ဘင်လိုသောကြောင့် လေးကျွန်းလုံးကို အစိုးရဘော်မူသည့် စကြဝတေးမင်း သဏ္ဌာန် ဖန်ဆင်းပြသ တရားဟောတော် မူရတယ် လို့လဲ ကြားဖူး နာဖူးရပါတယ်''

''ဒါလဲ ယုတ္တိအရှိသားပဲ၊ ကျမ်းကိုး ကျမ်းကားများ တွေ့ဖူးသလား''

''ကျမ်းကိုး ကျမ်းကား အတိ အကျ တော့ မတွေ့ဖူးပါဘူး၊ သို့သော်လဲ ထိုအကြောင်းအရာတို့ကို ခြုံငုံမိတဲ့ စာကိုတော့ တွေ့ရပါတယ်၊ မုံရွေး ဇေတဝန် ဆရာတော်ကြီး ဖြေဆိုတော်မူထားတဲ့ သမန္တ စက္ခု ဒီပနီကျမ်းမှာ ဒိဿနိကာယ် မဟာဝဂ္ဂ ပါဠိတော် မဟာ ပရိနိဗ္ဗာန သုတ်ကို ပြတော်မူထားတယ်၊ မြတ်စွာဘုရားက အာနန္ဒာကို ဟောဘော်မူတဲ့ စကားပေါ့''

''ပြောပြပါဦး''

''ပါဠိတော်မှာ 'အဘိဇာနာမိ ခေါ ပနာဟံ အာနန္ဒ'လို့ အစဆိုတော်မူတယ်၊ အဓိပ္ပာယ်ကိုသာ ဖတ်ပြပါရစေဘော့''

''အာနန္ဒာ၊ ငါဘုရားသည် များစွာကုန်သော မင်းတို့၏ ပရိသတ်သို့ကပ်၍ နေခဲ့ဖူး၏။ စကားပြောဟော၍လဲ နေခဲ့ဖူး၏။ ထိုမင်းတို့၏ ပရိသတ်၌ အကြင်သို့ သဘောရှိသောသူတို့၏ အဆင်းသည်ရှိ၏။ ထိုနှင့်တူသော ငါ၏အဆင်းသည်လည်းဖြစ်၏၊ အကြင်သို့ သဘောရှိသောသူတို့၏ အသံသည်ရှိ၏၊ ထိုနှင့်တူသော ငါဘုရား၏အသံသည်လည်း ဖြစ်၏။ တရားစကားကို ကောင်းစွာပြ၏၊ ကောင်းစွာ ဆောက်တည်စေ၏။ ကောင်းစွာ ဆက်စေ၏။ ကောင်းစွာ ရွှင်စေ၏။ စကားဆိုသော ငါ့ကိုမူကား ဤတရားစကားကို ဆိုသောသူသည် လူလော နတ်လောဟု မသိကုန်''

''အဲသည့်အနက်ကိုတောင် ကောင်းကောင်းနားမလည်သေးပါဘူးကွာ''

''နေဦး၊ အဲသည့် ပါဠိတော်ကို အဋ္ဌကထာ ဖွင့်ထားတာ ရှိသေးတယ်၊ အဋ္ဌကထာ ဆိုတာ

ဆိုလိုတော်မူရင်း အဓိပ္ပာယ်ကို ထပ်ဆင့် ဖော်ပြထားတာ၊

"တပါးသော စကြဝဠာ သားတို့သည် ဖြူကုန်၏၊ မည်းကုန်၏၊ ကြမ်းပိုး ကျောက်ကုန်းအဆင်း ရှိကုန်၏၊ ဘုရားသခင်ကား ရွှေအဆင်းနှင့်တူသောအဆင်းသာရှိ၏။ ထိုသူတို့၏သဏ္ဍာန်ကိုစွဲ၍ သဏ္ဍာန်သည်လည်း ထိုသူတို့ကပင် ထင်လေကုန်၏။ ဘုရားသခင်သော်မူကား တောသားဘောင်သူ အရိုင်း အစိုင်း နှင့် တူ သည် မဖြစ်၊ လည်ရွဲဘန်ဆာ ဆင်ယင်ခြင်းလည်း မရှိ၊ မြမျက်ရတနာ နားတောင်း ဆင်ဝတ်ခြင်းလည်း မရှိ၊ ဘုရားအသွင်ဖြင့်သာ နေတော်မူ၏။ ထိုသူတို့ကမူကား မိမိတို့နှင့်တူသော သဏ္ဍာန်ကိုသာ ထင်ချေကုန်၏။ အကြင် သို့သော သဘော ရှိသော ထိုသူတို့၏အသံသည် ပြတ်သောအသံ၊ ကွဲသောအသံ၊ ကျီးအသံနှင့်တူသော အသံသည် ရှိကုန်၏။ ဘုရားသခင်မူကား ဗြဟ္မာမင်း၏အသံနှင့်တူသောအသံ သာလျှင် ရှိသည်ဖြစ်၏။ မြတ်စွာဘုရားသည် မင်း၏ နေရာ၌နေ၍ စကားကို ဆို တော် မူ ၏။ ယနေ့ကား ငါတို့မင်းသည်သာယာသဖြင့် စကားဆိုဘိ၏ တကားဟု ထိုသူတို့၏ စိတ်အကြံသည် ဖြစ်၏။ ဤသို့ဆိုပြီး၍ မြတ်စွာဘုရားသည် ဖဲခဲ့သည်ရှိသော် ရှေးမင်းတို့၏ လာသောအဖြစ်ကို မြင်၍ ဤသူကား အဘယ်သူနည်း-ဟု စုံစမ်းဆင်ခြင်ခြင်းသည်ဖြစ်၏။ ဤအရပ်၌ မဂဓ ဘာသာဖြင့် သာ ယာ စွာ သော အခြင်းအရာဖြင့် ဟောတော်မူ၍ ကွယ်လေသည်ကား အဘယ်သူနည်း၊ နတ်လော လူလောဟူ၍ စုံစမ်းသော်လည်း မသိနိုင်ကုန်၊ ထိုသို့ မသိသည်ရှိသော် အဘယ်အကြောင်း ကြောင့် တရားဟောပြန်လေသနည်းဟူအံ့၊ ဝါသနာပါရုံမျှ အကျိုး ငှာ ဟောတော်မူလေသည်။ ဤသို့ တရားကို ကြားသည် ရှိသော် နောင်အခါ၌ အထောက်အပံ့ရှိသည် ဖြစ်လတ္တံ့ဟု အနာဂတ်ကိုစွဲ၍ ဟောတော်မူသည် ဟူလိုသည်....

"နေဦးသူငယ်ချင်း၊ မင်းက တော့ မူလ ပါဠိအနက် မြန်မာပြန်ကိုလဲ ဖတ်ပြတယ်၊ ထိုပါဠိကို ထပ်ဖွင့်တဲ့ အဋ္ဌကထာအနက် မြန်မာလိုလဲ ဖတ်ပြတယ်၊ အဲဒါအပြစ်တင်လျှင်လဲ ခံပါ့မယ်(မြန်မာလို) ကိုယ့်စကားနှင့်ကိုယ် နားမလည်တာတော့ ဝန်ခံပါရစေ"

"အေး....ဒါမှ (မြန်မာလို)ရှင်းရှင်းပြော ပြစ်ဘော့မယ်၊ဒီလိုကွ-ဒီလိုပထမဦးစွာမင်းသဘောပေါက်ထားရမှာက သဗ္ဗညုတ ဘုရားရှင်ကိုယ်တော်မြတ်သည် ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း မဇ္ဈိမဒေသမှာ ပွင့်တော်မူဘယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကိုတော့ သိပါတယ်"

"အဲသလို တောင်ကျွန်းမှာသာ ပွင့်တော်မူသော်လည်း သုံးဆယ့်တဘုံ အလုံးစုံသောသတ္တဝါအနန္တ၊ စကြဝဠာ အနန္တရှိ ဝေနေယျများအဘွက် ဓမ္မရသ အကျိုးရှိမယ်ဆိုလျှင် တောင်ကျွန်းသာ မက အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းတို့နှင့်တကွ နတ်ပြည်ဗြဟ္မာပြည်တို့အပါအဝင် စကြဝဠာ အနန္တကိုလဲ ကြွချီတော်မူဘယ်"

"အေး....ဒါလဲကြားဖူးပါတယ်"

"အဲဒါ...အဲဒါကို သိထားပြီးမှ ပြောရလိမ့်မယ်၊ အေး....တို့ကျွန်းမှတပါးသောကျွန်း၊တပါးသော စကြဝဠာမှာရှိကြတဲ့ ပုဂ္ဂိုလ်သတ္တဝါများဟာ တို့နှင့်မတူသောအဆင်းအရောင်၊ကိုယ်ခန္ဓာဖွဲ့စည်းပုံရှိကြပါတယ်တဲ့၊ မည်းတဲ့လူမျိုးကမည်း ဖြူတဲ့ လူမျိုးကဖြူ၊ ညိုတဲ့လူမျိုးကညို၊ ပုတဲ့လူမျိုးကပု၊ ရှည်တဲ့လူမျိုးကရှည်၊ ဝိုင်းတဲ့ လူမျိုးကဝိုင်း၊ လေးထောင့် ဖြစ်သူကဖြစ်၊ သွယ်လျတဲ့လူကသွယ်၊ ဒါတွေလဲ မင်းကြားဖူးမှာပါ၊ အဲသလိုပဲ အချို့ မျိုး အစားစား ကွဲပြားခြားနားနေတဲ့ လူမျိုးပရိသတ်၊ မင်းမျိုး မရိသတ်သို့ မြတ်စွာ

ဘုရားကိုယ်တော် ကြွရောက်သွားတဲ့အခါမှာ သူတို့နှင့် ဆိုင်ရာ--ဆိုင်ရာ မင်းကောရာဇ် ပုံသဏ္ဌာန် အဆင်တန်ဆာများနှင့်သာဖူးတွေ့ကြရပါတယ်-တဲ့၊သို့ကလိုသူတို့၏အာရုံမှာ သာထင်မြင်နေကြပေမယ့် မြတ်စွာ ကိုယ်တော်ကဖြင့် (ပြကတေ့) ရှိရင်း ရွှေအဆင်းနှင့်တူသော အသားအရေဘော်၊ အရပ်တော်မှာ ဝင်းဝါသောသကင်္န်းကို ရုံတော်မူလျက်သာ ဖြစ်ပါတယ်-တဲ့၊ ထို့အပြင် သူတို့-သူတို့၌ အသံအမျိုးမျိုး၊ ဘာသာ ဝေါဟာရ အမျိုးမျိုးရှိနေကြသော်လဲ မြတ်စွာဘုရားကတော့ မာဂဓဘာသာ တခုတည်းဖြင့်သာ ဟောကြားဘာကို သူတို့ဘာသာ အသီးသီးနှင့် နားလည်နေကြပါတယ်-တဲ့။

"သူတို့ရဲ့ သဘာဝအသံဟာ ကျီးသံလို ကွဲအက် ပြတ်တောက်နေသော် နေလိမ့်မယ်၊ ဗုဒ္ဓအသံတော်ကဖြင့် ဗြဟ္မာမင်း၏ အသံလိုပါပဲ တဲ့"

"ဩ...ဒီလိုကိုး"

"ဟုတ်ပါတယ်၊ မြတ်စွာဘုရား သူတို့ထံမှ ကွယ်သွားတော် မူသည့် အခါကျမှ 'ဘယ်လို ပုဂ္ဂိုလ်မြတ်ပါလိမ့်၊ လူလား နတ်လား'လို့ စုံစမ်းကြရပါသတဲ့"

"ဟား...ရှင်းပါပြီဗျာ၊ ကျေးဇူးပါပဲ"

"နေဦး၊ အဋ္ဌကထာစကား မကုန်သေးဘူး၊ အခြားသော စကြဝဠာသားတွေက ဘုရားမှန်း မသိကြစေပဲ ဗုဒ္ဓ ကိုယ်တော်က ဘာကြောင့် တကူးတက ကြွ၍ တရားဟောရပါသလဲ ဆိုတဲ့ အကြောင်းကို အဋ္ဌကထာဆရာက ရှင်းပြထားတာ ရှိသေးဘယ်လေ"

"အေး...ဟုတ်ပါ...ဟုတ်ပါအဆုံးမှာလေ"

"အဲသည့်အကြောင်းကိုပြောရလျှင် မင်းတို့ ငါတို့ ဗုဒ္ဓဘာသာ သာသနာ ထွန်းလင်းရာဇမ္ဗူဒီပါမှာ ယခုဘဝလူဖြစ်လာရတာ အလွန့်အလွန် ပုဓဗ္ဗာကတ ရှေးဘဝဘဝက ကံကောင်းလွန်းလို့ မှတ်ရမယ်၊ ငါတို့ရဲ့ ဇမ္ဗူဒီပါတောင်ကျွန်းမှအပ၊ ကျန်သော ကျွန်းကြီးသုံးကျွန်းမှာ သာသနာမရှိဘူး၊ မဂ်ဖိုလ်ရနိုင်သော တရားမရှိဘူး။ ကုန်ကုန် ပြောလိုက်မယ်၊ ဇောတိကသဌေး၏ မယားဟာ မြောက်ကျွန်းသူ 'အတုလကာယီ' ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးတာပေါ့ကွ၊ဖိုးစိန်ကြီး သီချင်းမှာ တောင် ပါသေးတယ်"

"အဲသည့် 'အတုလကာယီ' သတို့သမီးဟာ မြောက်ကျွန်းမှာ သန္ဓေဖြစ်လာတဲ့အတွက် ဇောတိကသဌေး ဘုရားသာသနာမှာ ရဟန်းပြုတော့ မယားခမျာ တမဂ်၊တဖိုလ်မှ တရားမရပဲ မြောက်ကျွန်းကို ပြန်သွားရတယ်"

"ဘယ်လိုပြန်သွားတာလဲ"

"ဇောတိက သဌေးကို စောင့်ရှောက်နေတဲ့ နတ်များက ပြန်ပို့ရတယ်၊ လာတုန်းကလဲ ဇောတိကသဌေးရဲ့မယားအရာရောက်ဖို့ နတ်တွေကပဲ ဆောင်ကြဉ်းပေးကြတယ်"

"ကဲ...ဆက်ပြောပါဦး"

"မြတ်စွာဘုရားက အခြားသော စကြဝဠာသားတွေဟာ မဂ်ဖိုလ်နိဗ္ဗာန် တရား မရနိုင်စေကာမူ နောင်သံသရာမှာ တရားနာခြင်း အထုံဝါသနာ ပါသွားနိုင်ကြပါစေ ဆိုတဲ့ မဟာကရုဏာဖြင့် ကြွရောက် ဟောတော်မူခြင်း ဖြစ်ပါသတဲ့၊ ရှင်းပြီလား"

"ရှင်းပါပြီ၊ တို့တတွေမှာ စာကြီးပေကြီးတွေ ဖတ်ရတာ နားမလည်လို့ စိတ်ဝေဝေကျ

ရတယ်၊(ဘာသာပြန်)၊ (မြန်မာပြန်)၊ (စကားပြန်) ဆိုတဲ့အထဲက(စကားပြန်)နှင့် ကျမှ ရှင်းရှင်း နားလည် နိုင်တော့တယ်၊ ရှေးကစာနှင့် ရှေးက ပညာရှိများသာ လျော်ကန်လိမ့်မယ်လို့ ပြောရမသား''

စိတ်ဓာတ် မကျပါနဲ့၊ ယခုခေတ်ဆရာတော်ကြီးများ၊ လူ့ညာရှိကြီးများက တို့ဘတွေနဲ့ ကိုက်ညီအောင် ဗုဒ္ဓ ပရိယတ္တိကို မြန်မာပြန်၊ မြန်မာသို့ ရေးပေးတော် မူကြပါပြီ၊ ဥပမာ.... မဟာစည်ဆရာတော်ဘုရား 'ဝိသုဒ္ဓိမဂ် မြန်မာပြန်' ကျမ်းပြုစု ရေးသားမည့်အခါ ရှိပြီးသော မြန်မာပြန် 'ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ တတိယတွဲ'ကို ကြည့်ရှု သုံးသပ်တော် မူသတဲ့၊ အဲသည့်အခါ အောက်ပါ စကား ရပ်ကို ရှေးဦးစွာ တွေ့ရသတဲ့''

'ယခုအခါ၌ ဤသို့ အကြောင်အကြောင် စီစစ်စီရင် အပ်ကုန်ပြီးသော ဝိပဿနာ၏ ဖြစ်ရာ အာရုံဘုံ ဖြစ်ကုန်သော ခန္ဓာစသော တရားတို့၌ ဆရာကောင်းထံ၌ ကျမ်းဂန်ကို သင်ယူခြင်းဟူသော ဝါစုဂ္ဂတနူဘ်သို့တက်အောင် ပြုခြင်း၊ ထက်ဝန်းကျင် ခပ်သိမ်းသော အပြားအားဖြင့် အနက်ကို သိခြင်းငှာ လိုသောသမ္မာဆန္ဒ ပုဗ္ဗဂ်ခသဝန ဥပပရိက္ခာ စသည်တို့ဖြင့် ထိုကျမ်း၏ အနက်ကို နှလုံး၌ ထားသော အစီရင်၏ အစွမ် ဖြင့် ထက်ဝန်းကျင် လေ့လာအပ်၊ မှီဝဲအပ်သော ဉာဏ်ကို ပြု၍' (စာမျက်နှာ ၂၂၉-ပထမစာပိုဒ်မှ)

''အဆက်ပါ စာပိုဒ်ကို နှစ်ခေါက်သုံးခေါက် ဖတ်ကြည့်သော်လည်း တိကျသော အဓိပ္ပာယ်ကို ရှင်းလင်းပြတ်သားစွာမရပဲ ရှိနေသဖြင့်' ဝိသုဒ္ဓိမဂ်ကျမ်းရင်း ပါဠိတော်'ကို ကြည့်ရှုရသတဲ့၊ အဲသလို ကြည့်ရှုတဲ့အခါ အောက်ပါအတိုင်းပြန်ဆိုသင့်တယ်လို့ တွေ့ရသတဲ့''

'ယခုအခါ (ဝိပဿနာပညာ၏)ဘုံအာရုံဖြစ်ကုန်သော ဤ(ပြဆိုခဲ့ပြီးသောခန္ဓာအစရှိသော) တရားတို့၌ သင်ယူခြင်း၊ မေးမြန်းခြင်း တို့၏ အစွမ်းအားဖြင့် ဉာဏ်အလေ့အကျက်ကို ပြုပြီးလျှင်'

အထက်ပါအတိုင်း အတိအကျတိုတိုပြန်ဆိုရုံမျှဖြင့် အနက် အဓိပ္ပာယ် ပြည့်စုံ၍ အလွယ်တကူ သိနားလည်နိုင်ပါလျက် ထိုသို့ အတိအကျမပြန်ပဲ ဋီကာ အဖွင့်များနှင့်တကွ နိဿယမှဖြည့်စွက်ချက်များကိုပါ ထည့်သွင်း၍ ဝေဝေဆာဆာ သာသာထိုးထိုး ပြန်ဆို ထားသောကြောင့် အသိခက်လျက် ရှိနေသည်ကို တွေ့ရသဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားက....

'ဤမျှလောက် ရှင်းလင်းသော ပါဠိဝါကျ၌ပင် နားမလည် နိုင်အောင် ပြန်ဆိုထားသော မြန်မာပြန် ဝိသုဒ္ဓိမဂ္ဂကျမ်းကို ကြည့်ရှု လေ့လာသူတို့မှာ တတ်သိ နားလည်ရန် ခက်ခဲရုံမျှမက 'ဝိသုဒ္ဓိ ဂ်ဟာငါတို့နှင့်မတန်'ဟု အထင်ရောက်လျက် စိတ်ပျက်၍ နောက်ဆုတ် သွားကြဖွယ်ရာ အကြောင်းလည်း သိရှိသည်။သို့ဖြစ်၍ ဝိသုဒ္ဓိမဂ်ကို သိလွယ်သော နည်းဖြင့် တိတိကျကျ အသစ် ပြန်ဆို ရေးသားရန် သင့်သည်ဟု အကြံအစည် ဖြစ်ပေါ်ခဲ့သည်ဟူ၏'

''အဲသလို— ဝိသုဒ္ဓိမဂ်-မြန်မာပြန် အသစ် ပေါ်လာခြင်း၏ အကြောင်း ရေးသားသူ ရန်ကုန် သာသနာ့ ရိပ်သာ၊ ပဓာနကမ္မဋ္ဌာနာစရိယ-အရှင်သုဇာတက ဖော်ပြထားပါတယ်၊

ဒါကြောင့် ပါဠိအဋ္ဌကထာကို ဖတ်နိုင်စွမ်းမရှိတဲ့ လူပြိန်းများအပေါ် ဆရာတော်ကြီးများရဲ့ စေတနာတို့ကို ကျေးဇူးတင်စရာ ရှိပါတယ်''


''ဟုတ်ပါတယ်၊ ဇိနတ္ထပကာသနီ ကျမ်းကို ရေးသားတော်မူသော ကျီးသဲလေးထပ် ဆရာတော်၊ ဝေဿန္တရာ ဇာတ်တော်ကို ရေးသွားတဲ့ မင်းပူးဆရာတော်၊ ဒီပနီကျမ်းတွေ ရေးသွားတဲ့ လယ်တီဆရာဘော်၊ မဟာဗုဒ္ဓဝင်ကြီးကို စီစဉ် ရေးသားတော်မူတဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်တို့ကို ကျေးဇူးတင်စွာ ဦးခိုက်နေရပါတယ်၊ မြန်မာစကား ပြေပြေပြင့် သိလွယ်၊ နားလည်အောင် ပြုစုတော် မူကြတယ်လေ''

''ကဲ....နိဂုံးချုပ်ကြစို့ရဲ့၊ မကိုဋ်မှသရဖူ မင်း မြောက်တန်ဆာများဖြင့် ဆင်ယင်တော် မူထားသော ဗုဒ္ဓရုပ်ပွားတော် များသည် ကြည်ညိုသူ ဝေနေယျတို့၏အာရုံအတိုင်းသာ ဖြစ်ပါသည်''

''နေပါဦး၊ မြတ်စွာဗုဒ္ဓဟာ ဆင်မြင်းစသည် များကို အလှူခံတော်မူခြင်း မရှိဘူး မဟုတ်လား၊ အချို့ရုပ်ဘုတော်များမှာ ဆင်နှစ်ကောင် သုံးကောင် ခံတော်မူလျက် ဖူးတွေ့နေရပါတယ်၊ အဲဒါကော''

''အဲဒါလဲ ကြည်ညိုသူ ဝေနေယျတို့ရဲ့အာရုံ အတိုင်းပဲလို့ မှတ်လိုက်ပါ''





# ဗုဒ္ဓခြေတော်အောက်မှ ပဒုမ္မာကြာပွင့်

တခါက မိတ်ဆွေတယောက်လာ၍ ဤသို့ စကားစပ်မိသည်။

''မြတ်စွာဗုဒ္ဓ၏ ရုပ်တော်မှု ဆင်းတုများမှာ ခြေဖဝါးတော်အောက်၌ ပဒုမ္မာကြာပွင့် ထုလုပ်ပူဇော်ကြတာ အများအားဖြင့် ဖူးရပါတယ်၊ ခင်ဗျားလဲသတိထားမိမှာပေါ့''

''ဟုတ်ကဲ့- အတော်များများ ဖူးရပါတယ်''

''အဲဒါ-မြတ်စွာဘုရားခြေလှမ်းတော်မူတိုင်း မြေကြီးက ပဒုမ္မာကြာပွင့်ပေါ်လာမြဲ ဖြစ်တယ်လို့ပဲ ကြားဖူးထားပါတယ်၊ ထိုအကြောင်း ဟုတ်မဟုတ် ပြောစမ်းပါလားဗျာ''

''ကျွန်တော် သိထားသလောက် ဖတ်ဖူးမှတ်ဖူးထားတာကို ပြောရမယ်ဆိုလျှင်တော့ မြတ်စွာဗုဒ္ဓဒေသနာရီကြွချီတော်မူတဲ့အခါ တစုံတရာသောအကျိုးငှာ ဆန္ဒအဓိဋ္ဌာန်ပြုတော်မမူပဲ ခြေရာမထင်ပါဘူး၊ ဆူးငြောင့်ခလုတ်များ အလိုအလျောက် ရှင်းပြီးဖြစ်နေပါတယ်၊ မို့မောက်သောနေရာများက ပြေပြစ်၍ တွင်းချိုင့်များက မို့တက်ညီညာ ဖြစ်နေပါတယ်၊ အဲဒီလောက်တော့ တွေ့ဖူးပါတယ်၊ ခြေလှမ်းတော်မူတိုင်း ပဒုမ္မာကြာ ပေါ်ပေါက်လာတယ်လို့ဖြင့် မတွေ့မိသေးပါဘူး၊ အံ့ဖွယ်တော် (၁၈)ပါး ဘုရားရှိခိုးမှာ 'ပရမေ ဘဂဝါ အရဟာ၊ ဒေသနာကြွလျှင် ဖွေရှာမရနိုင်အောင် ကေရာသခင်၌၊ ခြေရာမထင် နှစ်သိန်းလေးသောင်းတို့မှာ တလိမ့်ကွေးစောင်း၍ ပထဝီကွဲမလို တညီထဲ(တည်း)ကို ဖြစ်ရခြင်း တည်းဟူသော အံ့ဖွယ်တော်'လို့ ကျက်မှတ်ခဲ့ရဖူးပါတယ်''

''ဒါဖြင့် ပန်းချီ ပန်းပုအနုပညာရှင်များက တင့်တယ်သပ္ပါယ်အောင် တန်ဆာဆင်ကြတာများလား၊ ဒီလိုပဲ တွေးရမယ် ထင်တယ်''

''သြော်-နေဦး၊ ဓမ္မပဒမှာ ပါရှိတဲ့ ဝတ္ထုတော်တပုဒ်ကတော့ ခြေဖဝါးတော်အောက်မှာ ကြာပေါက်တာရှိတယ်၊ အဲသည့် အချက်ကို ရည်ရွယ်ပြီး အမြတ်တနိုး ထုလုပ်ပူဇော်ကြတာ ဖြစ်ကောင်းစရာရှိတယ်''

''ဟုတ်လား၊ ကြည်ညိုရအောင် တဆိတ်လောက် ပြောပါဗျာ''

''ဓမ္မပဒပုပ္ဖဝဂ်၊ ဂရဟဒိန္နသုကြွယ် ဝတ္ထုပါ၊ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် နိဂဏ္ဌာဘက္တတွန်း၏တပည့် ဂရဟဒိန္နအမည်ရှိတဲ့ သူကြွယ်မှာ အလွန်ချစ်ကျွမ်းဝင်တဲ့ သိရိဂုတ္တအမည်ရှိတဲ့ သူကြွယ်မိတ်ဆွေ တယောက်ရှိပါတယ်၊ အဲဒီပုဂ္ဂိုလ်က သရဏဂုံသုံးပါး တည်မြဲနေသည့် ဥပါသကာဖြစ်ပါတယ်၊ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို အလှူအတန်းအလွန်ရက်ရောလှပါတယ်၊ မွန်မြတ်လှသော ဆွမ်းဘောဇဉ်များဖြင့် မကြာမကြာ ပင့်ဖိတ်ဆွမ်းကျွေးတတ်ပါတယ်''

"ဂရဟာဒိန္နသူကြွယ်က တိတ္ထိ၊ သီရိဂုတ္တသူကြွယ်က ဗုဒ္ဓဥပါသကာ ဘယ်လိုများ ရင်းနှီးနေကြသလဲ မသိဘူးနော်"

"ဒါကတော့ အရောင်းအဝယ် ငွေကြေးလုပ်ငန်းမှာ အကျိုးဖက်စပ်လို့ ဖြစ်မှာပေါ့၊ အဲ့သလို သီရိဂုတ္တသူကြွယ်က အလှူအတန်းရက်ရောတယ်ဆိုတာကို နိဂဏ္ဌတက္ကတွန်းများက သိလေတော့ သူတို့ဂိုဏ်းဝင် ဒါယကာ တယောက်ဖြစ်စေချင်တယ်၊ ဒါမှ သူတို့ပေါပေါများများစားရ သောက်ရမယ်လေ၊ ဒါကြောင့် သူတို့၏ တပည့်ရင်းဖြစ်တဲ့ ဂရဟာဒိန္နသူကြွယ်ကို သူ့မိတ်ဆွေပါ သူတို့ကို ကိုးကွယ်လာအောင် သိမ်းသွင်းစည်းရုံးခိုင်းတယ်"

"အင်း-သဒ္ဓေးဒါယကာတယောက် တိုးလာစေချင်လို့ပေါ့လေ၊ အရှက်အကြောက် မရှိတဲ့ တိတ္ထိဆရာကြီးများဟာ သဒ္ဓေးသူကြွယ် မင်းစိုးရာဇာတို့၏ ကိုးကွယ်ဆည်းကပ်မှုကို အလွန်မက်မောကြတယ်"

"ဂရဟာဒိန္နကလဲ သူမှန်တယ်ထင်လို့ ကိုးကွယ်နေတဲ့ တိတ္ထိဂိုဏ်းကို ဝင်ဖို့ သီရိဂုတ္တကို သိမ်းသွင်းတယ်၊ သီရိဂုတ္တက ဘာမှပြန်မပြောပဲ ပြုံး၍သာ နားထောင်နေလေ့ရှိတယ်၊ တခါက နှစ်ခါ၊ နှစ်ခါက သုံးခါ ပြောဖန်များလာတော့ သီရိဂုတ္တက မေးလိုက်တယ်"

"မိတ်ဆွေ ကိုးကွယ်နေသည့် နိဂဏ္ဌဆရာကြီးများက ဘယ်တရားများ သိကြလို့လဲ"

"ကျွန်ုပ်၏ ဆရာများကို နှယ်နှယ်ရရ မမှတ်ပါနဲ့၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးကိုလဲ သိတယ်၊ တရားအပေါင်းကိုလဲ သိကြပါတယ်"

"ဒါတွေကို သူတို့ကိုယ်တိုင် ဝန်ခံကြသလား"

"သူတို့ကိုယ်တိုင်လဲ ဝန်ခံကြပါတယ်၊ ကျွန်ုပ်ကလဲ ဝန်ခံပါတယ်"

ဂရဟာဒိန္န သူကြွယ်က သို့ကလို ပြောပေမယ့် သီရိဂုတ္တကတော့ လုံးဝမယုံပါဘူး၊ ဗုဒ္ဓမြတ်စွာမှ အပ မည်သူ တဦးတယောက်မှ အတိတ်၊ အနာဂတ် ပစ္စုပ္ပန်နှင့်တကွ တရားအပေါင်းတို့ကို ကိုယ်တိုင် သိနိုင်ခြင်းမရှိဟု တထစ်ချယုံကြည်ပြီး ဖြစ်ပါတယ်၊ ဒါပေမယ့် သူ့မိတ်ဆွေကို စကားအခြေအတင် ယှဉ်ပြိုင်ပြောနေခြင်းထက် လက်တွေ့ ပြလိုက်ချင်တာနဲ့....

"ကောင်းပြီ၊ ဒီလိုဆိုယင် နက်ဖြန်မနက်ပဲ သင့်ဆရာတို့ကို ကျွန်ုပ်အိမ်သို့ ပင့်ပေးပါ၊ ဆွမ်းကျွေးပါမယ်"လို့ ပြောလိုက်တယ်။

ဂရဟာဒိန္နာ ဝမ်းသာ အားရနှင့် သူ့ဆရာနိဂဏ္ဌတို့ကို သွား လျှောက် တယ်၊ ဆရာကြီးတွေက....

"ဒကာကြီးတော်တယ်၊စည်းရုံးရေးကောင်းတယ်၊ ငါတို့အကျိုးကို လိုလား ပါပေတယ်" စသည်အားဖြင့် ချီးမွမ်းတယ်။သူကြွယ်ဒါယကာ တဦး တိုးလာပြီလို့လဲ ကျေနပ်နေကြတယ်။

သီရိဂုတ္တ သူကြွယ်ကတော့ သူ့အကြံနှင့်သူ၊ သူ့အိမ်ကြီး ဝင်းတံခါးမှစပြီး အိမ်နားအရောက် တွင်းနက်နက် ရှည်ရှည်ကြီးတွေ တူးပြီး မစင်အညစ်အကြေးတွေ ထည့်ထားတယ်၊ အဲသည်အပေါ်ကသန့်ပြန့်တဲ့ အဝတ်ဖြူတွေကို ကားကြက်ပြီး ဖုံးထားတယ်၊ ရာဝင်အိုးကြီးတွေကို အတွင်းမှာဘာမှမထည့်ပဲငှက်ပျောရွက်ကောင်းများဖြင့် ဖုံးအုပ် စည်းနှောင်ထားတယ်။

ဂရဟာဒိန္နက မနက်အစောကြီးလာပြီး သူ့ဆရာတွေ အတွက် ဘယ်လို စီစဉ်ထားသလဲလို့ လေ လာတယ်၊ သီရိဂုတ္တက ဆရာကြီးတွေ ကြွလာဖို့ ပိတ်ဖြူကို အမွှန်အမြတ်ပြု၍ ခင်းထားပုံ၊ နွားနို့ ထောပတ် စသော အမွန်အမြတ်အရသာတွေကို အိုးကြီးများနှင့် အပြည့် ထည့်ထားပုံကို ပြတယ်၊ ဂရဟာဒိန္နမှာ 'ငါတို့ ဆရာကြီးတွေကို အလွန် သဒ္ဓါဒေယျ ရှိပါပေတယ်'

လို့ ပီတိ ဖြစ်နေတာပေါ့၊ ဒီလိုနဲ့ နိဂဏ္ဍတိတ္ထိ ဆရာကြီးများဆွမ်းစားရအောင် တပျော်တပါး ကြွလာကြတယ်၊ အဲသည်အခါ သီရိဂုတ္တက 'ဆရာကြီးများ တပါးစီ မကြွကြပဲ အစုလိုက် တပြိုင်တည်း အိမ်ပေါ်သို့ကြွကြပါ''လို့ ပြောတယ်၊ အဲသလို အစုလိုက်ပိတ်ဖြုပေါ် နင်းမယ် လုပ်တုန်း သီရိဂုတ္တသူကြွယ်က စိတ်ဖြင့် မိဋ္ဌာန် လိုက်တယ်။

'ဆရာကြီးများအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကို တကယ် သိကြသည် မှန်လျှင် မစင်တွင်းထဲ မကျရောက်အောင် ရှောင်လွဲ သွားနိုင်ကြပါစေ'လို့။

သို့ပေမယ့် တကယ်သိကြတဲ့ ပုဂ္ဂိုလ်တွေမှ မဟုတ်ကြပဲကလား၊ အားလုံး အစုလိုက် အပြုံ လိုက် မစင်တွင်းထဲ ကျကုန်တာပေါ့၊ အဲသည်မှာ ဂရဟဒိန္နသူကြွယ်က အကြီးအကျယ် ဒေါသ ဖြစ် တော့တာပဲ၊ သူ့ ဆရာကြီးတွေကို ခေါ်ပြီး အရှက်ခွဲတယ်ပေါ့၊ တိတ္ထိကြီးတွေမှာလဲ အနံ့နံ အဓစော်စော်နဲ့ ပြေးကြရော၊ အဲသည်တော့ ဂရဟဒိန္နက ဘုရင်ကောသလမင်းထံ သီရိဂုတ္တကို အသရေဖျက်မှုနှင့် တရားစွဲတယ်၊ 'ဆွမ်းစားကြွ ပါလို့ လိမ်လည်၍ ပင့်ပြီး မစင်တွင်းထဲကျ အောင် အရှက်ခွဲတယ်ပေါ့'

''ဂရဟဒိန္န သူကြွယ်က ရှက်ရမ်း ရမ်းတာ ပေါ့သေ''။

''ဟုတ်ပါတယ်၊ ဘုရင်က သီရိဂုတ္တကို စစ်မေး တဲ့အခါ 'သူ့ ဆရာကြီးတွေဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သိတယ်လို့ ပြောထားပါ တယ်၊ အမှန်တကယ် သိလျှင် ပိတ်ဖြုပေါ်နင်း ကြမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော် မျိုးက လိမ်လည် လှည့်ဖြားခြင်းမဟုတ်၊ သူနှင့် သူ့ဆရာကြီးများကသာ လိမ်လည်ခြင်း ဖြစ်ပါ တယ်'လို့ လျှောက်ထားတယ်၊ ဒီတော့ ကော သလမင်းကြီးက....

''ယခု ပြောသလို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို သိတယ်လို့ ပြောခဲ့သလား''လို့ ဂရဟဒိန္နကို မေးတယ်၊ ''ပြောခဲ့မိပါသည် ဘုရား''လို့ ဖြေတော့ ကောသလမင်းကြီးက....

''ဒီလိုဆိုယင် သီရိဂုတ္တမှာအပြစ်မရှိ၊ လိမ် လည်တဲ့ဂရဟဒိန္နမှာသာ အပြစ်ရှိတယ်၊အသပြာ တထောင် ဒဏ်ဆောင်စေ''လို့ အမိန့်ချလိုက် တယ်။

ထိုအခါ ဂရဟဒိန္နမှာ အရှက်လဲ ကွဲရသေး၊ ငွေဒဏ်လဲ ဆောင်လိုက်ရတာကြောင့် သီရိဂုတ္တ အပေါ်မှာ အခဲမကျေတော့ဘူး။

''အင်း....နာ လဲ နာ၊ နံလဲနံ ဖြစ်ကြရတာ ပေါ့'

''ဟုတ်တယ်၊ ဒါကြောင့် လက်စားချေမယ် ဆိုတဲ့အကြံနဲ့ ဂရဟဒိန္နကသီရိဂုတ္တကိုအခင်မပျက် အောင် ဆက်လက်ပြီး ပေါင်းနေတယ်၊ နောက် တော့ ဘယ်လို ပြောသလဲဆိုတော့....

' မိတ်ဆွေကြီးရယ်၊ ကျုပ်တို့ ကိုးကွယ်လာ ခဲ့တဲ့ တိတ္ထိများဟာ တရားမရှိတာ မျက်မြင်ဒိဋ္ဌ တွေ့ရလို့ မကြည်ညိုတော့ပါဘူး၊ မိတ်ဆွေကြီး ကိုးကွယ်တဲ့ ဂေါတမ ဗုဒ္ဓကိုသာ ကိုးကွယ်တော့ မယ်၊ ဒါကြောင့် မနက်ဖြန် နံနက်မှာ သံဃာ တော်များနှင့် ကျွန်ုပ်အိမ်သို့ ဆွမ်းပင့်ကျွေးချင် ပါတယ်၊ ဗုဒ္ဓထံလျှောက်ထားပေးပါ' လို့ ပြော တယ်။

သီရိဂုတ္တကတော့ သူ့ မိတ်ဆွေကြီး တကယ် အမြင်မှန်ရလို့ ကိုးကွယ်မယ် ထင်ပြီး ဗုဒ္ဓထံ ပင့်လျှောက်ပေးပါမယ်လို့ အာမခံလိုက်တယ်။

ဂရဟဒိန္နကတော့ ''ငါတို့ ဆရာကြီးတွေကို သူက အရှက်ခွဲသလို၊ သူတို့ရဲ့ဆရာ ဗုဒ္ဓဂေါတမ ကိုလဲ အရှက်ခွဲလိုက်မယ်''လို့ ဆုံးဖြတ်ပြီး သီရိ ဂုတ္တလို တွင်းကြီးတူးပြီး ရှားမီးအပြည့် လုပ်

ထားတယ်၊ ရာဝင် အိုးကြီးတွေလဲ သီရိဂုတ္တလုပ်သလို ဘာမှမထည့်ပဲ အယောင်ဆောင်ထားတယ်။

သီရိဂုတ္တက ဘုရားထံ ဆွမ်းစားပင့်တဲ့အခါ မြတ်စွာဘုရားက ဂရဟဒိန္န လုပ်ထားသမျှကို မြင်တော်မူလိုက်ပြီ၊ သို့ပေမယ့် ရှစ်သောင်းလေးထောင် ကုန်သော ဝေနေယျသတ္တဝါများ အကျွတ်တရားရကြမှာ ဆင်ခြင်တော်မူပြီး လက်ခံတော်မူလိုက်တယ်။

မြတ်စွာဘုရားက ဂရဟဒိန္နအိမ် ဆွမ်းစားကြွမယ်လို့ ဆိုတဲ့ သတင်းကို ကြားသိရတဲ့အခါ အတွင်းသိဖြစ်နေကြတဲ့ တိတ္ထိပရိသတ်မှာ ကျိတ်ပြီး ဝမ်းသာနေကြတယ်၊ ပွဲကြီးပွဲကောင်း မြင်ကြရတော့မယ်လို့လဲ စုရုံးပြီး ပြောဆို စောင့်ကြည့်နေကြတယ်။ ဗုဒ္ဓကိုကြည်ညိုတဲ့ ပရိသတ်ကလဲဖူးမြော်ကြရန် စီစဉ်နေကြတယ်။

နောက်တနေ့နံနက်ကျတော့ မြတ်စွာဘုရားက နောက်ပါ သံဃာတော်များနှင့် ကြွလာတယ်၊ ဂရဟဒိန္န သူကြွယ်က အိမ်ဝင်းတံခါးဝမှ ကြိုနေတယ်၊ တိတ္ထိတွေကလဲ ဝိုင်းကြည့်နေကြတယ်၊ မြတ်စွာဘုရား မင်းကျင်း၏ထိပ်လဲ ရောက်ရော ရှားမီးကျီ တွင်းမှ ပဒုမ္မာကြာပွင့်များ ပေါက်လာတယ်၊ တိတ္ထိတို့နှင့်တကွ အများသော ပရိသတ်အံ့သြနေကြစဉ် မြတ်စွာဘုရားက ပဒုမ္မာ ကြာပွင့်များကို နင်း၍ အိမ်ပေါ်အထိ တသွင်သွင်း ကြွတော်မူတယ်၊ နောက်ပါသံဃာများသည်း ဗုဒ္ဓ၏ နောက်တော်ပါးမှ လိုက်ပါသွားကြတယ်၊ တိတ္ထိများမှလွဲ၍ ပရိသတ်အားလုံး အုတ်အုံကျက်ကျက် သဒ္ဓါတရား လွန်စွာတက်၍ တခဲနက် ရှိခိုးပူဇော်ကြတယ်၊ အဲသည်မှာ ဂရဟဒိန္နသူကြွယ်ဟာ ကြီးစွာသော သံဝေဂ ရလိုက်တယ်။

မရပဲရှိနိုင်ပါတော့မလားဗျာ၊ မီးပုံတွင်းမှာ ကြာပေါက်ရတဲ့ ဗုဒ္ဓ၏ဂုဏ်တော်၊ ဘုန်းတော်၊ တန်ခိုးတော်တို့က အထင်အရှား ဖြစ်နေပေါ့ ဟာ၊ အဘိုင်းမသိ ကြည်ညိုလာတော့မှာပေါ့။

မှာဘ်ပါတယ်၊ ဂရဟဒိန္န သူကြွယ်ဟာတကယ် ကြည်ညိုလာတော့မှ မြတ်စွာဘုရားကို ကပ်လှူစရာ ဘာတခုမှ စီစဉ်မထားမိကြောင်း သတိရလိုက်မိတယ်၊ ဒါကြောင့် သီရိဂုတ္တထံ ကမန်းကတန်း သွားပြီး....

''လုပ်ပါဦးမိတ်ဆွေ၊ ကျုပ်မှာ ရှက်စရာ ဖြစ်နေပါပြီ၊ ဗုဒ္ဓမြတ်စွာကို ကပ်လှူစရာ ဘာမှ စီစဉ်မထားမိဘူး'' ဟု ပြောသည့်အခါ—

''မိတ်ဆွေ၊ ဟိုအိုးကြီးတွေနှင့် ဆီဦးထောပတ် အစရှိသော အမြိုက်အရသာတွေ လုပ်ထားတယ် မဟုတ်လား''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဟိုအိုးကြီးတွေထဲမှာ ဘာမှမရှိပါဘူး၊ ယုတ်မာသောစိတ်ဖြင့် ကျုပ်က ဟန်ဆောင်ထားခြင်း ဖြစ်ပါတယ်''

''ယုတ်မာသောစိတ်ဖြင့် ဟန်ဆောင်ထားခဲ့ပေမယ့် ယခု ခင်ဗျားကိုယ်တိုင် သဒ္ဓါသောစိတ်ဖြစ်ပေါ်နေသည့်အတွက် လှူစရာ ကျွေးစရာ အမြိုက်ရသာများ ဖြစ်ကောင်း ဖြစ်နေပါလိမ့်မယ်၊ ဖွင့်ကြည့်စမ်းပါဦး'' လို့ သီရိဂုတ္တက အားပေးလိုက်တယ်။

ဂရဟဒိန္နက သူ့မိတ်ဆွေပြောသည့်အတိုင်း အိုးကြီးတွေကို ဖွင့်ကြည့်လိုက်တဲ့အခါ တကယ်ပဲ ဆီဦး ထောပတ်များဟာ အနံ့အရသာ ကြိုင်လှိုင် နေတော့တယ်၊ အဲသည်မှာ ဂရဟဒိန္န သူကြွယ်မှာ အံ့သြဝမ်းမြောက်စွာ ဗုဒ္ဓနှင့် သံဃာတော်များကို ဆက်ကပ်လှူဒါန်းလိုက်ရတယ်။

မြတ်စွာဘုရားသခင်က ဂရဟဒိန္န၏ဆွမ်းကို စားပြီးနောက်–

'ယသာသက်ာရမ်ာနသိ'

သတ္တိ တသိ' မဟာပထေ' အစရှိတဲ့ဂါထာနှင့် ဆွမ်းအနုမောဒနာ တရား ဟောတော်မူပါတယ်၊ အဓိပ္ပာယ်က 'လမ်းမ၌ စွန့်ပစ်ထားအပ်သော တံမြက်ချေးမှိုက် ပုံရာအရပ်၌ ပေါက်၍လာသော ပဒုမ္မာကြာပန်းသည် သင်းပျံ့မွှေးကြိုင် လှပတင့်တယ်သကဲ့သို့ တံမြက်ချေးမှိုက်နှင့်တူသော သူတို့နှင့် သူမိုက်၊ သူကန်း၊ ပုထုဇဉ်တို့အသယ်၌ (ပေါ်ပေါက်၍လာသော) ဘုရားရှင်၏ တပည့်သားသည် ပညာဖြင့် လွန်စွာ တင့်တယ်၏။'


မြတ်စွာဘုရား၏ တရားတော် ဆိုလိုရင်းက လူယုတ်လူညံ့၊ လူကန်းတို့နှင့် ဆက်စပ်နေရပြားသော်လည်း ပညာဖြင့် နှိုင်းဆဆင်ခြင်နေသောသူဟာ ဘုရားရှင်၏ တပည့်သာဝက ပီသစွာ နောက်ချေးပုံမှာ ကြာပေါက်သလို သန့်စင်မွှေးကြိုင်နေပါတယ်တဲ့၊ ဒီစကားဟာ တိတ္ထိ၏ တပည့်ဖြစ်သော ဂရဟာဒိန္နနှင့် ပေါင်းသင်းနေသော သိရိဂုတ္တသူကြွယ်ကို ရည်ညွှန်းတာလဲ ဖြစ်နိုင်တယ်၊ နိဂဏ္ဌတိတ္ထိတို့ကို ကိုးကွယ်နေခဲ့ရာက အမြင်မှန်ကိုရလာတဲ့ ဂရဟာဒိန္နကို ရည်ညွှန်းသည်လည်း ဖြစ်နိုင်ပါတယ်။

ဒေသနာတော်၏အဆုံး၌ စုဝေးလာရောက်ကြတဲ့ ရှစ်သောင်းလေးထောင်သော လူ ပရိသတ်၊ နတ်ပရိသတ်တို့မှာ အကျွတ်တရား ရကြတယ်၊သိရိဂုတ္တနှင့်ဂရဟာဒိန္န သူကြွယ်နှစ်ယောက်တို့လဲ သောတာပန်ဖြစ်၍ အသက်ထက်ဆုံး လှူဒါန်းသွားကြတယ်။

အဲသည့် ပစ္စုပ္ပန်ဝတ္ထုမှာ ဗုဒ္ဓ၏ ခြေဖဝါးတော်အောက်မှာ ကြာပေါက်တာကို တွေ့နိုင်ပါတယ်၊ အခြား ဝတ္ထုသက်သေများရှိကောင်း ရှိသေးဦးမည်သား မသိပါခင်ဗျား။

ဒီလောက်ဆိုလျှင်ပဲ ယုတ္တိသာဓက ရနိုင်ပါပြီ၊ ပဒုမ္မာကြာခံသော ဗုဒ္ဓရုပ်တော်မူ ဆင်းတုများဟာ မီးကျီးအစနှင့်တူသော ကိလေသာမှ လွတ်ကင်းသော ခြေတော်အစုံရှိတော်မူခြင်း၊ တံမြက်ချေး အညစ်အကြေးတည်းဟူသော ကိလေသာအာသဝေါတို့မှသန့်စင်သော ခြေတော်အစုံရှိတော်မူခြင်းတို့ကို အာရုံကြည်နူး၊ ဦးခိုက်ရှိခိုးနိုင်ပါပြီခင်ဗျား။ ။

# ဘုရားကိုးဆူ ပူဇော်ခြင်း



ကျွန်တော်တို့ လူပျိုပေါက် ၁၉၂၇ ခုနှစ်လောက်က ကျိုက်လတ်မြို့သို့ ဘုရားကိုးဆူဆရာဦးဖိုးကဲ(ဆရာကဲ)ဆိုသူ ပုဂ္ဂိုလ်တဦး မန္တလေးမှ ရောက်လာသည်။

"ဘယ်နေ့ဘယ်ရက်ကို ကျွန်တော်တို့အိမ်မှာ ဘုရားကိုးဆူ ကပ်ချင်လို့ ဆရာကြီးလာပါ"ဟု ဆိုလိုက်လျှင် ပြက္ခဒိန်ကို ကြည့်လိုက်ပြီး အခြားအိမ်များနှင့် မတိုက် ဆိုင် လျှင် အလွယ်တကူ လက်ခံလိုက်ကြသည်။

ထိုနေ့ ထိုရက် ညနေ ၄ နာရီ လောက်မှာ ဂေါ်ရင်ဂျီကုလားအပွနားကထမ်းရှူးသေတ္တာနှစ်လုံးကို အထမ်း ဖြင့် ထမ်း၍ ရှေ့မှဆရာက ပိတ်ဖြူပုဆိုး၊ ပိတ်ဖြူ အပေါ်အင်္ကျီ၊ ပိတ်ဖြူ ခေါင်းပေါင်းနှင့် ပူဇော်မည့်အိမ်ကိုရောက်လာပြီ ဖြစ်ရာ အိမ်ရှင်ကကူလီခပိုက်ဆံဘမူးကို ထုတ်ပေးလိုက်ရသည်။

ဆရာမှာ အာရှအညီ လက်ထောက် တပည့် ပါ၍မပါ။ သူ တယောက်တည်း။ ခဏ နား၍ အိမ်ရှင်က ကျွေးသော လက်ဖက်ရည်ကြမ်းနှင့် မုန့်ဘို့ကို စားသောက်ရသည်။

ကျွေးသည်ဆိုသော် ပည်းဘရောင်တဆောင်မဟုတ်ပါ။ စကား စမြည်လည်း ပြောနေသည် မဟုတ်ပါ။ မကြာမီ သာကြွေဘာမည့်(ဘုရားဖူး) ကျွေးသည်တွေကို ကျွေးဖို့ မွေးဖို့ ကြည့်ဖို့ ကို ပြင်ဆင်စီနေကြသော သည် ဘုရားပွဲပြင်ဖို့ ဂြိုဟ်ပွဲပြင်ဖို့၊ သစ်သီးသုံးမျိုး၊ ယိုသုံးမျိုး၊ မုန်းသုံးမျိုး တို့ကို ဖယောင်းတိုင် အမွှေးတိုင်များနှင့်တကွ ဆရာကို အပ်လိုက်သည်။

တအောင့်တနား လက်ဖက်စား၊ လက်ဖက်ရည်ကြမ်းသောက်၊ ဆေးလိပ်ဖွာပြီးလျှင် ဆရာက ဘုရားကျောင်းပြင်တော့သည်။ ဘုရား ကိုယ်တော်နှင့် ရဟန္တာ ရှစ်ပါးကို ရေသပ္ပာယ်ရန် အမွှေးအကြိုင်ထုံထားသည့် ရေကို တောင်းယူ၍ ရေသပ္ပာယ်သည်။ ထို့နောက် ဗုဒ္ဓ ကိုယ်တော်ကို အလယ်ဗဟိုပလ္လင်ပေါ်ထား၍ ရဟန္တာရှစ်ပါးကို အစီအစဉ်အတိုင်း အရပ်ရှစ်မျက်နှာမှာ နေရာချလိုက်သည်။ ရဟန္တာ ကိုယ်တော် တပါးစီမှာ ဘွဲ့တော် အသီးသီး ရေး ထား ပြီး ဖြစ် သည်။ ပြီးလျှင် ဘုရား ကျောင်းဆောင် လက်ဝဲဘက် စားပွဲဝိုင်းပေါ်တွင် သက်ဆိုင်ရာယာဉ်အမျိုးမျိုး စီးနေကြသော ဂြိုဟ်မင်း ကိုးပါးကို နေရာချထားလိုက်သည်၊ ထို့နောက် တနေရာမှာတော့ စန္ဒီ၊ သူရဿတီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါရမန္တနတ်ကြီး ငါးပါး။

ဘုရားကျောင်းဆောင်မှအစ နေရာ အသီးသီးမှာ စက္ကူထီး တံခွန်ကုက္ကား၊ မုလေးပွား တို့ကို စိုက်လိုက်သည်၊ ထီးနှင့် တံခွန် ကုက္ကားများအတွက် အိမ်ရှင်က ဘုရားကိုးဆူ ဆရာကို ပင့်သည့်အချိန်မှာ စက္ကူဖိုး လုပ်ခ ငွေသုံးကျပ်ပေးခဲ့ပြီး ဖြစ်သည်။

ထို့နောက် ပန်းဖယောင်းတိုင် အမွှေးတိုင်များကို ထွန်းပြီး၊ နံ့သာရေများကိုလည်း ပက်

ဖျန်းလိုက်သည်၊ ပါလာသော ကြေးစည်ကိုပြင်၍ တချက် မြည်မြည် တီးခတ်လိုက်သည်။

'ဝေဝေ...ဝေဝေ....ဝေဝေ'

ဤကားပြင်ဆင်မှု ပြီးပြည့်စုံသည့်ကဏ္ဍ။

ညဦး ၇ နာရီလောက်မှ စ၍ (ဘုရားဖူး) ဧည့်သည်များ တဖွဲဖွဲရောက်စပြုပြီ။ အိမ်ရှင်က ဝမ်းသာအယ်လဲ ကြိုဆိုသည်။ ဘယ်သူကော မပါဘူးလား၊ ဘယ်သူကဘာကြောင့် နေခဲ့ရသလဲ စသည်ဖြင့် ရွှန်းရွှန်းဝေအောင် နှုတ်ဆက်နိုင်သေးသည်။ ဧည့်သည်ကလည်း နေရာထိုင်ခင်း ကျယ်ကျယ်ပြန့်ပြန့်ရှိသေးသဖြင့် ဘုရားကျောင်းဆောင် အရှေ့လာကာ(ပုဆိန်ပေါက်) ဦးချသိုက်ပါသေးသည်။ ဘုရားကိုးဆူ ဆရာက အသိအမှတ်ပြုသောအားဖြင့် ကြေးစည်တချက်ရိုက်ခတ်သိုက်သည်။

သို့နှင့် ဧည့်သည်များ တဖြည်းဖြည်း များလာသည်။ အိမ်ရှင်နှင့် ဧည့်သည် အတိုင်အဖောက် နှုတ်ဆက်သံ၊ ကြိုဆိုသံ၊ မေးမြန်းသံတို့က ဆူညံလာသည်။ ဘုရားရှေ့သို့ မရောက်ကြတော့။ အိမ်ရှင်ကလည်း ဘုရားကိုကန်တော့ဖို့ ဦးချဖို့က ပဓာနမဟုတ်။ ဖိတ်စာအရ တကူးတက လာကြသည်ကို ကျေးဇူးတင်သည်။ ခြေခင်း လက်ခင်း သာသော မိုးလွတ် လေလွတ်အခါများတွင် အိမ်ဖြင်မှာဧည့်ခံသော စားပွဲကုလားထိုင်မှာပင် ကစ္စပြီးသည်။

ဘုရားကိုးဆူ ဆရာကသာ ကြေးစည်ခတ်၍ ခတ်၍ အသံပေးနေရသည်။

ရှစ်နာရီလောက်အချိန်မှာ ပရိသတ်အပြည့်ဖြစ်နေပြီ။ ထိုအချိန်မှာ ဆရာက ဖယောင်းတိုင်အမွှေးတိုင်များအသစ်ထွန်းညှိပြီးဘုရားပင့်ပေပြီ၊ ဧည့်သည်များ၏ ရယ်မောပြောဆို နေကြသည့် အသံကို လွှမ်းမိုးနိုင်ရန် ဆရာကကြိုးစား၍ဟစ်ရသည်။ ဘုရားပင့်က မတိုးနိုင်ပဲရှိရာ ကြေးစည်သံ ခပ်ပြင်းပြင်းနှင့်သာအနိုင်ယူရရှာသည်။

ဆရာ့မှာ အော်ရ ဟစ်ရသဖြင့် အတော်မောသွားပြီ။ ဘုရားကိုးဆူဆရာဟူသည် အသက်ခြောက်ဆယ် တဝိုက် အဘိုးကြီးများသာ ဖြစ်သည်။

တအောင့်တနား အမန်းဖြေပြီးလျှင် ဂြိုဟ်ကြီး ကိုးပါးကို တပါးစီပင့်ရသည်။ ထို့နောက် နတ်သမီးကြီးနတ်မင်းကြီးငါးပါးကိုအော်ဟစ်၍ ပင့်ရပြန်သည်။

ဆရာလည်း တော်တော် မောသွားပြီ။ အိမ်ရှင်လည်း တော်တော် မောသွားပြီ။ ပရိသတ်များလည်း စဲသလောက် ရှိသွားပြီ။ ဤအချိန်မှာမှ ဆရာ့အတွက် စားဖွယ် သောက်ဖွယ်များ ရောက်လာသည်။ မိမိအိမ်မှာညစာမစားပဲ လာခဲ့ရသော ဆရာမှာ မြိန်ရည်ရှက်ရည် ရှိလှသည်။

ကိုးနာရီ ကျော်၍ ဆယ်နာရီလောက် ကျတော့ ပရိသတ် အမျိုးမျိုးကို အမွှမ်းနှင့်ဘကွ ရွတ်သည်။ အိမ်ရှင်များမှာ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းနေရ သောကြောင့် ဆရာဘာတွေ ရွတ်နေမှန်းမသိ။ ဆဒ္ဒန်ဆင်မင်းဟောစာ၊ သီရိမာဟာ့စာ၊ ပဏ္ဍုသာတိမင်း ဟောစာ တို့ကို ရွတ်ယင်းနှင့် သန်းခေါင် ကျော်ခဲ့သည်။ ဆရာလည်း ပန်းသွားပြီဖြစ်၍ ဘုရားကို ဦးခေါင်းပြု၍ ခဏလှဲလိုက်သည်။ အိမ်ရှင်များကတော့ ဘုရားကိုးဆူဆရာကို အိမ်ဖော်များနှင့် လွှဲထားပြီး အိပ်ရာဝင်ကြသည်။

နံနက် သုံးနာရီထိုးတော့ ဆရာက ဆွမ်းချက်ဖို့ အိမ်ဖော်များကို ဆော်ဩရသည်။ (အချို့အလှူရှင်များ ဆရာကိုမီဖိုကလေးနှင့်ဆွမ်းဆန်အိုးကလေး ပေးပြီး အချက်ခိုင်းသည်ပင် တွေ့ရဖူးသည်။)

နံနက် လေးနာရီ လောက်တွင် ဆရာက ဆွမ်းကပ်သည်၊ ဆုတောင်းသည်၊ ဂြိုဟ်စာကျွေးသည်၊ ရေစက်ချ အမျှဝေခါနီးမှ အိမ်ရှင်များကို နှိုးရသည်။ (အချို့မှာ ထ၍ပင် မလာကြ

တော့) ဂြိုဟ်တွေ့နတ်တွေ ပြန်ပို့(နှင်) ပြီးလျှင် နောက်ဆုံးကျွေးမွေးသော မုန့်နှင့်လက်ဖက်ရည်တို့ကို သုံးဆောင်ပြီး ဘုရားကျောင်းဆောင်ကို ဖြုတ်သည်။ ရုပ်ပွားတော်များကို သေတ္တာထဲ ထည့်သည်။ ဂြိုဟ်ရုပ် နတ်ရုပ် များနှင့် တကွ ကန်တော့ပွဲ၊ ငှက်ပျောသီး၊ အုန်းသီး၊ ဖယောင်းတိုင်၊ အမွှေးတိုင် ပိုသမျှ သေတ္တာထဲ ထည့်ပြီး ဖြစ်သည်။ ထိုဘွင်မှ အိမ်ရှင်များ နိူးလာကာ–

"ဆရာကြီး ဂြိုဟ်တွေ နတ်တွေ ကောင်းကောင်း နှင်ခဲ့ပါတယ်နော်" ဟု မေးမြန်းပြီး ငွေ ငါးကျပ် ထုတ်ပေး လိုက်သည်။ ဆရာက "လှူနိုင်တန်းနိုင်ပါစေဗျာ" ဟု ဆုပေးယင်း ဂေါ်ရင်ဂျီအပွနားကို စောင့်ကာ လက်ဖက်ရည်ကြမ်း သောက်လိုက်ရပြန်လေသတည်း။

ကျိုက်လတ်မြို့၏ ထိုကာလ ထိုအခြေအနေမျိုးတွင် မန္တလေးမှ ဆရာကဲ ရောက်လာသည်။ ထောင်ထောင်မောင်းမောင်း အသား အနည်းငယ် ညိုသော်လည်း လူရေသန့်သန့်။ မျက်နှာကြည်ကြည်။ စာတတ် ပေတတ် ဥပဓိရုပ်။ လိမ္မော်သီး ခပ်ငယ်ငယ်လောက် ဆံထုံးကို သပ်သပ် ရပ်ရပ်ထုံးပြီး ပိုးပဝါကိုပတ်ပေါင်းပေါင်းလျက်။ နေပုံထိုင်ပုံမှာ သန့်သန့်ရှင်းရှင်း။ သူ့အိမ်မှ ဘုရားစင်မှာ ပန်းရေချမ်း ဝေဝေဆာဆာ မွှေးမွှေး ကြိုင်ကြိုင်။ သူ့ဇနီးသည်က တည်တည်ကြည်ကြည်။ ဖြူဖြူစင်စင် အသက် လေးဆယ်ခန့်။

ဆရာကဲကစကားပြောတိကျသည်၊ပြတ်သားသည်၊ သို့သော် တိုတိုတောင်းတောင်း မဟုတ်။ တဘက်သားနားဝင်အောင် ခြေခြင်ငံ ပြောတတ်သည်။

"ဘုရားကိုးဆူ ပူဇော်လိုတယ်ဆိုယင် (ဒင်းနားပါတီ)နဲ့ တွဲမလုပ် ဖို့တော့ ကျွန်ဘော် မေတ္တာရပ်ခံပါရစေခင်ဗျာ" ဆရာကဲက ဤကစ၍ ပြောတတ်သည်။

"ဘုရားကိုးဆူ ပူဇော်တယ်ဆိုတာ မကွယ်တမ်း မဝှက်တမ်းပြောကြစတမ်းဆိုယင် လောကီမင်္ဂလာ ဘုန်းကျက်သရေတိုးဖို့၊ လာဘ်သပ္ပကာ အကြံ့ အစည် အောင်မြင် ဖို့၊ ဒါမှမဟုတ်လဲ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းမှ လွတ်မြောက်ဖို့၊ ကျန်းမာဖို့၊ ဒါမျိုးကို ရည်ရွယ်ကြတာပါပဲ၊ မူလမထမ ဘုရား လက်ထက်တော်ကတည်းက အာယုဝဍ္ဎန ကုမာရ သတို့သားကလေး ဘီလူးဘေးမှ အစားမခံရအောင်၊ အသက်ရှည်အောင် ဗုဒ္ဓနှင့်တကွသော ရဟန္တာအရှင်မြတ်ရှစ်ပါးက အရံအတား ကာကွယ်စောင့်ရှောက် ပေးတော်မူကြရတာဖြစ်လို့ သဒ္ဓာဆွမ်းတော့ မဟုတ်ပါဘူး။ သို့ပေမယ့် ဒါယကာ သဒ္ဓာ ဖြစ်နိုင်ကြပါတယ်၊ ဖြစ်အောင် ကြိုးစားကြရမှာပါ။ ညှော်ငရိသတ်ကို ညှော်ခံကျွေးမွေး ဂရုစိုက်နေရယင် သဒ္ဓာတက်အောင် နှလုံးသွင်းနိုင်ကြမယ် မဟုတ်ပါဘူး"ဟု ပြောသည်။

ဆရာကဲကို အချို့ မြို့ပေါ်လူကြီးများက ကြီးကျယ်သည်ဟု ဝေဖန်ကြသည်။ စာတတ်ပေတတ် ရတနာသုံးပါးကို ကြည်ညိုသော လူကြီးများက ကျေနပ်ကြသည်။လေးစားကြသည်။ ထောက်ခံကြသည်။

၁။ ဘုရားကိုးဆူ ပူဇော်သည့်အခါ ညှော်ပရိသတ်များကို ညှော်မခံရ။

၂။ ဗုဒ္ဓ ဝေယျာဝစ္စများကို အလှူရှင်များကိုယ်တိုင် တတ်နိုင်သမျှ ဆောင်ရွက်ကြရမည်။

၃။ ဘုရား ပင့်သည့်အခါ အလှူ ရှင်များရိုသေစွာ အာရုံပြု၍နာကြားကြရမည်။

၄။ ပရိတ်တော်များကို ရွတ်လျှင် ရိုသေစွာ အာရုံပြုရမည်။

၅။ နံနက်အရုဏ်ဆွမ်း ကပ်သည့်အခါ အလှူရှင်များကိုယ်တိုင် ကပ်လှူရမည်။

၆။ ရေစက်ချ အမျှဝေလျှင် ကိုယ်တိုင် ရေစက်သွန်းချ အမျှဝေကြရမည်။

ဆရာကဲက သူ့ကို ပူဇော်ပေးဖို့ ငှားလျှင် ဤအချက်မျိုးကို တောင်းပန်သည်။

''ရတနာသုံးပါးကို တကယ် အားကိုး ယုံကြည်လို့ ကိုယ့်အိမ်ကိုပင့်တဲ့အခါ (ဘုရားဖူးဖို့ ထက်)မွေးနေ့ ပျော်ပွဲစားလာကြတဲ့ မိတ်ဆွေကို ဧည့်ခံနေကြတာနဲ့ပဲ စိတ်မအား လူမအား ဖြစ်နေကြယင် ခုတ်ရာတခြား ရှရာတခြား ဖြစ်နေကြတာ စဉ်းစားကြဖို့ပါ ခင်ဗျာ။ အင်မတန်ရင်းနှီးကျွမ်းဝင်တဲ့ ဆွေမျိုးနှင့် ခမ္မမိတ်ဆွေများကိုဘဲ တကယ်ဘုရားဖူးဖို့ ဖိတ်သင့်ပါတယ်။ လာတဲ့ မိတ်ဆွေများကလဲ ဘုရားကို ပူဇော်ဖို့ ပန်း, ဖယောင်းတိုင်, အမွှေးတိုင် တတ်နိုင်သမျှ ဒါနဝတ္ထု ကလေးများ ပါလာကြဖို့ သင့်ပါတယ်။

''ဘုရားကို လှူဒါန်းပူဇော်ရာမှာ အလှူရှင်များကိုယ်တိုင် လှူဒါန်းပူဇော်ကြမှ ယထာဘူတကျပါလိမ့်မယ်။ သက္ကစ္စ ရိုသေခြင်း ဖြစ်ပါလိမ့်မယ်။ ဘုရားကိုးဆူဆရာကို ငှားရတာက မိမိတို့ကိုယ်တိုင် ပြုပြင်စီရင်ရာမှာ လုပ်ထုံး လုပ်နည်း စနစ်ကျဖို့ကိစ္စသာ ဖြစ်ပါတယ်။ ဒီတော့ ဘုရားကိုယ်တော် မြတ်ကြီးကို အမှူးပြု၍ ရဟန္တာအရှင်များကို 'နက်ဖြန်နံနက် အရုဏ်တက်မှာ ဆွမ်းဘုဉ်းပေး၍ ချီးမြှောက်တော်မူရန် တပည့်တော်တို့၏ အိမ်ဂေဟာသို့ကြွလာ သီတင်းသုံးတော် မူကြပါဘုရား' လို့ လျှောက်ထားရမယ့် တာဝန်ဟာ အလှူရှင်များ ကိုယ်တိုင်သာ ဖြစ်သင့်ပါတယ်။ဥပမာအားဖြင့် ဝန်ထောက်မင်းကို ထမင်း ဖိတ်ကျွေးချင်ယင် ကိုယ်တိုင် သွားပင့်ဖိတ်မှ ရိုသေမြတ်နိုးရာ ကျပါလိမ့်မယ်။သို့သော် ယခုအမှုမှာတော့ ဘုရားကိုယ်တော်မြတ်ကို ပင့်လျှောက်တဲ့အခါ စာသံ ပေသံ ကာရံ ဝါကျသုတ်သတ် သာယာကြည်ညိုစဖွယ် ဖြစ်အောင် အလှူရှင်များကိုယ်စား ပင့်ပေးပါလို့ ဆရာကို ကိုယ်စားလှယ် ခန့်တာမျိုး ဖြစ်တော့ ဆရာက ပင့်တဲ့အခါ အလှူရှင် များကပါ အနားမှာ ရှိသေစွာ ကြည်ညိုကြဖို့ ကောင်းပါတယ်။ဆရာက ဘာရွတ်ရွတ် ဘာပြောပြော အလှူရှင်တွေက ဧည့်သည်တွေနဲ့ တသောသော လုပ်နေယင် ဂါရဝဖြစ် မဖြစ် ကိုယ်ချင်း စာကြည့်ကြပါတော့။

''နောက်တခုကို သတိထားတော် မူကြပါရဲ့လား။ ဘုရားကိုယ်တော်မြတ်ကို ဆွမ်းလုပ်ကျွေးရအောင် ဘုရင်တွေမှအစ သဌေးသူကြွယ် ဆင်းရဲသားများ အထိ ပင့်လျှောက်တဲ့အခါ ဗုဒ္ဓမြတ်စွာဟာ နံနက်အရုဏ်မှကြွလာချီးမြှင့်တော်မူစမြဲ ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့က နံနက်အရုဏ်ချိန်မှာ ဆွမ်းလုပ်ကျွေးမယ့် ကိစ္စ၊ ညဦးကတည်းက မိမိအိမ်မှာ ညဥ့်အိပ်ညနေ ပင့်ထားလိုတာက အကြောင်းအကျိုးမရှိလျှင်အကောင်းအဆိုး မသိနိုင်ကြတဲ့အတွက် ဗုဒ္ဓကို(ဒုက္ခ)ပေးသလိုပဲ ပြောစရာဖြစ်နေပါတယ်၊ ဒီအကြောင်းကို ဘုရားပင့်တဲ့အခါ ကျွန်တော်ရှင်းပြပါမယ်။

''ဒါကြောင့် ဘုရားပင့်တဲ့အခါ အလှူရှင်များ ကျွန်တော့်အနားမှာရှိပြီး ကျွန်တော်နှင့်အတူ ကြည်ညိုတော်မူကြပါ၊ 'မျက်နှာလွှဲ ခဲပစ်' ဘုရား ကျောင်း ဆောင် ကြေး စည် တ လုံး နဲ့ ကျွန်တော့်တယောက်တည်း ပစ်မထားကြပါနဲ့၊ တောင်းပန်ပါတယ်။

''အဲ-ခုနပြောတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို ညဦးကတည်းက မိမိအိမ်မှာ ပင့်ထားရတဲ့ အကြောင်း၊ ဒါဟာ ဘုရားကိုးဆူ ပူဇော်ခြင်းရဲ့ အရေးအကြီးဆုံး အဓိကာရ ပဓာနအချက်ပါပဲ။

''မြတ်စွာဘုရားလက်ထက်မှာ ဒီဃလိယံ^ဝ^က ရွာသား ပုဏ္ဏားတယောက်ဟာ သားဦးလေး တယောက်ရလို့ ဝမ်းမြောက်ဝမ်းသာ သူ့ဆရာ ပုဏ္ဏားတဦးကို သွား၍ ကန်တော့ပါတယ်၊

အဲသည်မှာ ဆရာပုဏ္ဏားက ဖခင်နှင့်မိခင်ဖြစ်သူ ပုဏ္ဏားလင်မယားကို အသက်ရှည်ပါစေလို့ ဆုပေးပါတယ်၊ ပုဏ္ဏားလင်မယားတို့က သူတို့ သားကလေးကိုလဲ ဆုပေးပါဦးလို့ တောင်းပန်ပါတယ်။

''ဒီအခါမှာ ပုဏ္ဏားဆရာက 'သင်တို့ ကလေးကိုတော့ အသက်ရှည်ပါစေလို့ ဆုမပေးနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ခုနစ်ရက်ကြာလျှင် သေရပါလိမ့်မယ်၊ ဒါကြောင့်ပါပဲ'လို့ ပြောတော့ မိဘနှစ်ပါးမှာ အလွန်တရာ စိုးရိမ်သွားပါတယ်။ ဆရာပုဏ္ဏားကလဲ မကယ်နိုင်ပါဘူး။ မြတ်စွာဘုရားသာ ကယ်နိုင်ပါလိမ့်မယ်။ ဘုရားထံသာ အမြန်သွားကြပါလို့ တိုက်တွန်းတဲ့အခါ သားကလေးကို ပွေ့ပြီး ဗုဒ္ဓထံမှောက်အရောက် ပြေးလာပြီး ကန်တော့ကြတယ်။

''ဗုဒ္ဓကိုယ်တော်ကလဲ မိဘပုဏ္ဏားလင်မယားကိုတော့ အသက်ရှည်ပါစေလို့ ဆုပေးပြီး သားကလေးကိုတော့ ဆုမပေးပါဘူး၊ သားကလေး အသက်ရှည်ပါစေလို့ဆုပေးဖို့ ဗုဒ္ဓကို တောင်းပန်ကြပြန်တယ်၊ ဗုဒ္ဓကလဲ ဆုပေးတော်မမူဘူး၊ ပုဏ္ဏားဆရာကြီး ပြောလိုက်သလို ခုနစ်ရက်အတွင်းမှာ ဘီလူးစားလို့ သေရလိမ့်မယ်လို့ အမိန့်ရှိတော်မူဘယ်။ အဲသည် ပုဏ္ဏားလင်မယားဟာ မျိုးရိုးအားဖြင့် ဗုဒ္ဓကို ကိုးကွယ်ကြသူများ မဟုတ်ကြဘူး၊ သားကလေး သေရလိမ့်မယ်ဟု ဆိုလို့သာ သားကလေးကို ခေါ်လာပြီး ရှိခိုးကြတာ။

''သည်အခါမှာ မြတ်စွာဘုရားက မိန့်တော်မူဘယ်။

''သင်တို့ သားကလေး အသက်ရှည်စေလိုလျှင် သင်တို့ကိုယ်တိုင် သရဏဂုံဆောက်တည်ပြီး သင်တို့ အိမ်တံခါးဝမှာ ငါဘုရား နှင့် တကွ သံဃာရှစ်ပါး သီတင်းသုံးနိုင်အောင် နေရာထိုင်ခင်း မဏ္ဍပ်ပြင်ထားပါ၊ ခုနစ်ရက်ပတ်လုံး ညစဉ်ကြွလာပြီး ပရိတ်တော်များ ရွတ်ပေးတဲ့အခါ သင်တို့သားကလေးပါ ရှိသေစွာ နာယူကြလျှင် ဘီလူးဘေးက လွတ်ကင်းလိမ့်မယ်လို့ မိန့်တော်မူပါတယ်။

''တိုတိုပြောရယင် မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း မဏ္ဍပ်ဆောက်ပြီး ညစဉ် ပရိတ်တရားတော်ကို နာကြတယ်။ နံနက်တိုင်း ရဟန္တာရှစ်ပါးနှင့်ဘုရားကို ဆွမ်းလုပ်ကျွေးကြတယ်။

''အဲသည်တော့ ခုနစ်ရက်အတွင်း ထိုသားငယ်ကို ယူစေလို့ ဝေဿဝဏ်နတ်မင်းထံမှ အခွင့်အရေးရထားပြီဖြစ်တဲ့ ဘီလူးဟာ ညစဉ် လာ၍ ကလေးကို ယူဖို့ ကြံသော်လဲ ဗုဒ္ဓကိုယ်တော်နှင့် ရဟန္တာများကြောင့် သော်လည်းကောင်း၊ ပရိတ်တရားများ၏ တန်ခိုးတော်ကြောင့် သော်လည်းကောင်း မဝင်ဝံ့လို့ မယူနိုင် မစားနိုင်ပဲ ပြန်သွားရတယ်။ ဒီအခါမှာ မြတ်စွာဘုရားက သင်၏ သားကလေး အသက်တရာ့နှစ်ဆယ် ရှည်စေသတည်းလို့ ဆုပေးတော်မူတဲ့အတွက် အာယုဝဍ္ဎန သတို့သားလို့ အမည်မှည့်ရတာယ်။

''ဒါဟာ ဓမ္မပဒမှာ ဘုရားဟောခဲ့ပါတယ်။ ထိုဝတ္ထု၏ တရားကိုယ်ကတော့–

'အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊

အာယုဝဏ္ဏော သုခံ ဗလံ။'

''အဓိပ္ပာယ်ကတော့ အသက် အား ဖြင့် ကြီးသောသူများ၊ ဂုဏ်သိလအားဖြင့် ကြီးသောသူများကို ရိုရိုသေသေရှိခိုးကန်တော့ခြင်းအကျိုးဟာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ကိုယ်စွမ်းဉာဏ်စွမ်း အင်အားကြီးခြင်း ဟုဆိုအပ်သော အကျိုးတရားလေးပါးကို ရစေနိုင်ပါတယ်တဲ့။

''အဲ သည် အ ကျိုး ကြောင့် သားကလေး ဘီလူးဘေးမှ လွန်မြောက်ပြီး အသက်ရှည်ရပါတယ်။နောက်တဆက်တည်း သိရတာက မြတ်စွာ

ဘုရားသည် မဟာကရုဏာတော်ဖြင့် ခုနစ်ည ပတ်လုံး သံဃာတော်ရှစ်ပါးနှင့် ကြွရောက် သီတင်းသုံးတော်မူတာကိုလဲ ကြည်ညို နိုင်ပါ တယ်။

''ကဲ-ဒါဖြင့် ယခု အလှူရှင်တို့မှာ ဘယာ ဆွမ်းပဲဖြစ်စေ၊ သဒ္ဒါဆွမ်းပဲဖြစ်စေ၊ နက်ဖြန် နံနက်မှာ ဆွမ်းကပ်ကြဖို့ မြတ်စွာဘုရားနှင့်တကွ ရဟန္တာရှစ်ပါးကို တညလုံး သီတင်းသုံးတော်မူ ကြဖို့ ပင့်ထားတဲ့အခါမှာ ကိုယ်တိုင်က ဘုရား အနားမကပ်ပဲ ညှော်မရှိသတ်တွေနဲ့သာ ပေး လာ၊ ဝါးလား အချိန်ကုန်နေကြမယ်ဆိုလျှင် ဘုရားကို အားနာဖို့ ကောင်းနေပါပြီ။

အလုပ်ဘခုလုပ်လျှင် စေတနာလဲ ပါမှ၊ လုံ့လ ဝီရိယလဲ ရှိမှ အကျိုးခံစားကြရမှာကို အလှူရှင် များသိပြီး ဖြစ်ပါလိမ့်မယ်။ ပေါ့ပေါ့တန်တန် ကချော်ကချွတ်ဖြစ်မယ်ဆိုလျှင် သည်အလုပ်ကို မလုပ်တာက ငွေကုန် လူပန်း သက်သာကြ ပါလိမ့်မယ်။ ဒါကြောင့်ကျွန်တော့် အာသီသက ဘုရားပင့်တဲ့အခါ အလှူရှင်များ ကျွန်တော်နှင့် အတူ ရှိစေချင်ပါတယ်၊ ဘုရားကိုယ်တော်မြတ်၏ မုခပါဌ်ဖြစ်တဲ့ ပရိတ်တရားတော်များကို ရွတ် ဖတ်တဲ့အခါမှာ ကျွန်တော့်အနားမှာ အာရုံပြု ၍ နာကြစေချင်ပါတယ်၊ သုတ်ပါထေယျမှာ ပရိတ်ရွတ်သူ၏ အင်္ဂါသုံးပါးတဲ့။ (၁)မိမိရွတ် ဖတ်သော ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိခြင်း။ (၂)ပုဒ်၊ ပါဒ၊ ဗျည်း၊ အက္ခရာ၊ ဌာန်၊ ကရိုဏ်းကျနစွာ ရွတ်ဖတ်ခြင်း။ (၃) ပရိတ်နာ သူအပေါ် စင်ကြယ်သော မေတ္တာ စေတနာ ထားရှိခြင်းလို့ ဆိုပါတယ်။

''အဲသည့်လိုပဲ ပရိတ်နာသူမှာလဲ အင်္ဂါသုံး ပါး ပြည့်စုံကြရမှာမယ်၊ (၁)အားကြီးလွန်ကဲ သော အကုသိုလ်ကံကြီးများ ကင်းစင်ခြင်း။ (၂)မှားသော အယူဝါဒ မိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။ (၃)ပရိတ်တော်ကိုမယုံမကြည် မလေးမစားမှုရှိ ခြင်း။

''အဲသလိုရွတ်သူ၏ အင်္ဂါသုံးပါး။ နာသူ၏ အင်္ဂါသုံးပါးပြည့်စုံမှ အကျိုးရှိမှာ ဖြစ်တဲ့အတွက် ကျွန်တော်ကလေးလေးစားစားမေတ္တာစေတနာ ထားပြီး ကြိုးစားရွတ်ဆိုနေတဲ့အခါ အလှူရှင် များ ကျွန်တော့်အနားမှာ ရိုရိုသေသေ တရား နာစေချင်ပါတယ်။ နောက်ဆုံး ဆွမ်းတော်ကပ် အမျှဝေတဲ့ အခါမှာလဲ ကိုယ့်ကောင်းမှု ကိုယ် ပြုမှရပါတယ်။ထို့နည်းလည်းကောင်းပဲ ကိုယ့် ကောင်းမှု၏အဖို့ ဘာဂကို ကိုယ်တိုင် အမျှပေး ဝေမှ သဘာဝကျပါလိမ့်မယ်။ လေးစားရာ ရောက်ပါလိမ့်မယ်။

''ဒါကြောင့် ကျွန်တော်က တောင်းပန်တင် ပြခြင်းပါ၊ ကိုယ့်အကျိုးသူ့အကျိုး ချိန်ထိုးပြီး စဉ်းစားတော် မူကြပါခင်ဗျား....''

ဆရာကဲက သို့ကလို ရှင်းပြတတ်သည်။

ကျွန်တော်က ဗုဒ္ဓစာပေပရိယတ္တိကိုလိုက်စား ရန် ဝါသနာဖါသည်။ ကြည်ညိုပါသည်၊ သို့ သော် စာသင်စာချ သံဃာတော်များနှင့် နီးစပ် ခြင်းမရှိ။ ထို့ကြောင့် ဆရာကဲတို့လို လူပညာရှိ၊ လူပြန်တော် ပညာရှိများကို ချဉ်းကပ်ရသည်။ ထိုဆရာများမှာ ခင်မင်အောင်၊ အကျွမ်းဝင် အောင်၊မေတ္တာထားအောင် အချိန်မရွေး ထွက် ဝင်သွားလာ အားမနာရပဲ ဆက်ဆံနိုင်သည်။ ထို့ကြောင့် ဆရာကဲထံ တပည့်ခံခဲ့ရသည်။

ငယ်ငယ်ရွယ်ရွယ် အမေးအမြန်ထူး၍ စပ်စု တတ်သော (ပညာယူတတ်သော) ကျွန်တော့် ကို အလွန် အရေးပေးသည်။ ရင်းနှီးကျွမ်းဝင် ပြောဆို ဆက်ဆံသည်။

ဆရာကဲသည် (မူဝါဒအတိုင်း) ဘုရားကိုးဆူ ပူဇော်ပွဲဆိုလျှင် တရားနာ ပရိသတ်များ မထ နိုင်အောင် ဆွဲဆောင်ခဲ့သည်။ ဘုရားပင့် လျှင် ပါဠိပါဌ်သား ထက် မြန်မာစကားဖြင့်

ဂုဏ်တော်များကိုဖွဲ့ဆိုလျက်ဝတ္ထုဇာတ်ကြောင်း သာဓကများကို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ကွက်စိပ် ဟောသလို ဟောခြင်းကြောင့် လူရွယ် လူကြီး နှစ်သက်ကြသည်။

ကျွန်တော်နှင့် ပို၍ ရင်းနှီးလာသည့်အခါ ဆရာကဲ့မှာ မန္တလေးမြို့ မှူးမျိုး မတ်နွယ် ဖြစ်သော စာ ဟော ဆရာကြီး မောင်မောင်ဥ၏ တပည့် ဖြစ်ခဲ့ကြောင်း သိရပါသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ရန်ကုန်မြို့(၅၁)လမ်းတွင် နေစဉ်က ဆရာကဲသို့ဘုရားကိုးဆူကပ်ပေးရန်ဖိတ်ကြားသည့် ဆရာဦးမောင်ကြီး၏လက်ရေးစာကိုပြဖူးသည်။တနင်္သာရီတိုင်းမင်းကြီး (မောရစ်ကောလစ်ဟု ထင်ပါသည်) (ဗြိတိသျှ အမျိုးသား)၏ ချီးကျူး ဂုဏ်ပြုလွှာတခုမှာလည်း 'ဗုဒ္ဓ၏ တရားများကို ကျွန်ုပ်နားလည်အောင် ပြောပြနိုင်ပါပေသည်' ဟူသော သဘောမျိုး ဖော်ပြထားသည်။

ပရိတ်ရွတ်သည့် အချိန်မှာ ပရိတ်မွှမ်းကို ကွက်စိပ်ဟောသလို ဟောခြင်းကြောင့် လူတိုင်းနားလည် သဘောပေါက်၍ ထိုင်ရာမှ မထနိုင်အောင် စိတ်ဝင်စား နားကြား ကြည်ညိုရသည်။

ကျွန်တော် ကိုဘုရားပင့်ပါဠိများ အဓိပ္ပာယ် အကြောင်း ပြန် ဟော ပြောမှုများကိုသံနေသံထားနှင့်တကွ ကြေးစည်ရိုက်ချက်များကို လက်ဆပ်သင်ပေးပြီးလျှင်(ပွဲထုတ်)ပေးလေ့ရှိရာဆရာကဲ၏ ဘုရားကိုးဆူပူဇော်ပွဲဆိုလျှင် ကျွန်တော့်မိခင်က (ရှက်စနိုး) ဖြစ်၍ မလာတတ်ချေ။ ကျွန်တော့်မှာသာ စာသံပေသံနှင့် ကျေနပ်နေရသည်။

"မောင်သိန်းမောင်ရေ ဘုရားပင့်တဲ့အခါမှာ ကိုယ်က'တကျပ်သားအပြည့်ရှိသေကြည်ညိုကြည်နိုးနေမှ အလှူရှင်နဲ့ ပရိသတ် နားသောတမှာ တမတ်သားလောက် (တင်)တတ်တာ။ ကိုယ်က တမတ် သား လောက် (မတင်)လျှင် (သဲကုန်အာပြဲ) အကျိုးနည်းပြီသာမှတ်တော့" ဟုပြောသည်။

မန္တလေး ပုဆိုးတောင်ရှည်၊ ပိတ်အင်္ကျီရင်ဖုံး၊ ပန်းရောင်ပဝါကို ပတ်ပေါင်းပေါင်းလျက် သားသားနားနား ရွတ်ဆိုလေ့ ရှိသည်။

"ဘုရားကိုးဆူ ဆရာကို အထင်အမြင်သေးပြီး မလေး မစားခံနေရတတ်တာဟာ မိမိက အနေအထိုင်အပြောအဆို မခန့်ညားလို့၊ စာပေ ပရိယတ္တိ မကျွမ်းကျင်လို့ဖြစ်တယ်။ ဒါကြောင့် မိမိ ကိုယ် ပိုင် ဓမ္မကထိက ဆရာတယောက်လို နေထိုင် ပြောဆို ကျင့်သုံးနိုင်ရမယ်၊ ကျမ်းဂန်ဗဟုသုတနှံ့စပ်ရမယ်၊ အလှူရှင်ကို သဒ္ဓါပေါက်လာအောင် ဟောပြောနိုင်ရမယ်"

တခါတော့ ကျွန်တော်စပ်စုဖူးသည်။

"ဘုရား ပင့် တဲ့အခါမှာ ဗုဒ္ဓကိုယ်တော်က မဇ္ဈိမဌာနေ ပလ္လင်ဗွေ၌ တည်နေ သီတင်းသုံးတော်မူပါ။ အရှင် သာရိပုတ္တရာက ဘုရား၏ တောင်ဘက် လက်ယာမှာ သီတင်းသုံးတော်မူပါ။ အရှင်မဟာမောဂ္ဂလာန်က လက်ဝဲရပ်ဇေ့မြောက်အရပ်က သီတင်းသုံးတော်မူပါ-စသည်အားဖြင့် ပင့်လျှောက် နေရာပေးရတာ ဘာအကြောင်းကြောင့်ပါလဲ။ နောက်ပြီးတော့ သာဝက သံဃာတော်တွေများစွာရှိတဲ့ အနက်မှာအရှင်သာရိပုတ္တရာ၊အရှင်မောဂ္ဂလာန်၊အရှင်ဥပါလိ အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ၊ အရှင်ကောဏ္ဍည၊ အရှင်ရေဝတ၊ အရှင်ဂဝမ္ပတိ၊ ထို ရဟန်း ရှစ်ပါးကိုသာ ရွေးယူခေါ်တော်မူခဲ့တာ ဘယ်လိုအကြောင်းထူးများ ရှိလို့ပါလဲ။ ဒါ့အပြင် ရဟန်းရှစ်ပါးမှာ အဲသည်တုန်းကအရှင်အာနန္ဒာ ကိုယ်တိုင် ရဟန်းမဖြစ်သေးဘူးလို့ ပြော ရ လိမ့် မယ် ထင်ပါတယ်။ အရှင်အာနန္ဒာဟာ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီ တဲ့နောက်မှရဟန်း ကိစ္စပြီးတော်မူဘယ်သို့ဖတ်ဖူးလို့ပါ" ဟု ကျွန်တော်

ကမေးလိုက်သည့်အခါ ဆရာကသည်ကျွန်တော့်ကိုစေ့စေ့စပ်စပ်ကြည့်ပြီး ရယ်မောနေပါသည်။

''ကျွန်တော်မေးတာအမှားပါလျှင် သည်းခံပါဆရာ'' ဟု တောင်းပန်လိုက်သည့်အခါ–

''ဟေ့– မောင်သိန်းမောင်၊ မင်း ဟာ အန္တရာယ်ကောင်လေးပဲ''ဟု ပြော၍ ရယ်ပါသည်။

''ဒီလိုမေးတာမမေးထိုက်လို့ပါလားဆရာ''

''ငါ ဘုရားကိုးဆူ ပူဇော်လာတာ ဆယ်နှစ်ကျော်လာပြီ။ မင့်လို စပ်စပ်စုစု ဒီလိုမေးတာ တခါမှ မတွေ့ခဲ့ဘူး၊ အေး–မင်းမေးပုံမျိုးဘုရားကိုးဆူဆရာ ခပ်များများကို သွားမမေးလေနဲ့၊ သူတို့မှာ အနှောင့်အယှက်ဖြစ်လိမ့်မယ်။ အရှက်ခွဲသလိုလဲ ဖြစ်ချင် ဖြစ်လိမ့်မယ်''

''မမေးပါဘူးဆရာ''

''ပထမ မင်းမေးတဲ့နေရာချထားမှုကို ဆရာပြောမယ် သေသေချာချာမှတ်''

''ဟုတ်ကဲ့ဆရာ''

''ရှေး ပညာရှိကြီးများက သံဃာတော် ရှစ်ပါးကို အရပ်ရှစ်မျက်နှာအလိုက် ဗုဒ္ဓကနေတော်မူစေတယ်လို့ ဗုဒ္ဓဝင် အယူအဆနှင့် အဆိုအမိန့်ရှိခဲ့ကြတယ်။

၁။ ရှင်သာရိပုတ္တရာက ဗုဒ္ဓဟူးသားဖြစ်၍ ဘောင်အရပ်။

၂။ ရှင်မဟာမောဂ္ဂလာန်က သောကြာသားဖြစ်၍ မြောက်အရပ်။

၃။ ရှင် ဥပါလိ စနေ သား ဖြစ်၍ အနောက်တောင်အရပ်။

၄။ ရှင်ရာဟုလာ တနင်္ဂနွေသား၊အရှေ့မြောက်အရပ်။

၅။ ရှင်အာနန္ဒာ ကြာသပတေးသား၊ အနောက်မျက်နှာ။

၆။ ရှင်ကောဏ္ဍည၊ တနင်္လာသား၊ အရှေ့အရပ်။

၇။ ရှင်ရေဝတ၊ အင်္ဂါသား၊ အရှေ့တောင်အရပ်။

၈။ ရှင်ဂဝမ္ပတိ၊ ရာဟုသား၊ အနောက်မြောက်အရပ်။

''အဲသလို နေ့နာမ အလိုက် နေရာ ချထားတော်မူတယ်လို့လဲ ဆရာတို့ကြားနာခဲ့ရဖူးတယ်။ အခုတော့ အိမ်တွေရဲ့ မျက်နှာမူရာ အလိုက် ဘုရားကျောင်းဆောင်ကိုပြင်ဆင်ရတာမို့ အရပ်ရှစ်မျက်နှာကို ပဓာနမထားနိုင်ပဲ ဘုရား ကိုယ်တော်မြတ်၏ လက်ဝဲလက်ယာ အရှေ့အနောက်စသဖြင့်သာ နေရာတော်ခင်းကြရတယ်။

''နောက်တနည်း။ ရဟန်းတော်များအနက်မှ ဘာဖြစ်လို့ ဤသံဃာတော်ရှစ်ပါးကိုမှ ရွေးကောက် ပင့်ဆောင်တော်မူခဲ့သလဲဆိုယင် သူ့ဇာတ်ဝတ္ထုနဲ့လာတာကိုဆရာများမိန့်ကြားတယ်၊ ဓမ္မပဒ အဋ္ဌကထာမှာ တိုက်ရိုက်တော့ပါတာမဟုတ်ဘူး။ ဓမ္မပဒ ဝတ္ထုတော်ထဲမှာက ကာဠိဘီလူးမဇာတ်နဲ့ ယှက်နွယ်နေတယ်။ ကာဠိဘီလူးမဟာ လူ့ဘဝတုန်းက လင်တူမယားဖြစ်ခဲ့ဖူးတဲ့ အမျိုးသမီးနဲ့ ဘဝပေါင်းများစွာ သူ့ကိုကိုယ်က ညှဉ်းဆဲ၊ သူက ကိုယ့်ကို ညှဉ်းဆဲ၊ သတ်ဖြတ်စားသောက် လာကြပြီးတဲ့နောက် ဘုရား လက်ထက်ရောက်လို့ ဘုရားနှင့်တွေ့မှ ရန်ငြိုး ရန်ကြွေး ကျေကြသလို အာယုဝဍ္ဎန သတို့သားနဲ့ ဘီလူးမဟာလဲ ရှေး ဘဝပေါင်း များစွာက အတို့အလှည့် ညှဉ်း ဆဲ ခဲ့ ကြ ဘူး သတဲ့။မြတ်စွာဘုရား ပါရမီဖြည့်နေစဉ် အင်ကြင်းတောကြီးတခုမှာ ရက္ခစိုးအဖြစ်နဲ့ရှိနေတုန်း အာယုဝဍ္ဎန သတို့သား ဖြစ်လာမယ့် ကျားက ယခုဘဝမှာ ဘီလူး ဖြစ်လာမယ့် သမင်ကို သတ်ဖြတ် စားသောက်ရအောင် လိုက်ဖမ်းသတဲ့။ ထိုအခါမှာ အင်ကြင်း တောထဲကို သမင်လေးက ဝင်ပြေးရတယ်။ ဒီအခါမှာ ဘုရားလောင်းအင်ကြင်းပင်စောင့်နတ်ကြီးက–

''ငါ၏ပတ်ဝန်းကျင်မှာ သတ်ဖြတ် ညှဉ်းဆဲခြင်းအမှုကို မပြုကြပါနဲ့၊ သင်တို့ နှစ်ဦးဟာလဲ ဘဝပေါင်းများစွာ၊ အတူ့အလှည့်ပေါင်း များစွာရှိခဲ့ကြပါပြီ''လို့ တရားဟောတဲ့အခါ ဘုရားအလောင်း၏ တရားဓမ္မကို ကြည်ညိုတဲ့အတွက် ရန်ငြိုးရန်စ ငြိမ်းကြပါတော့မယ်လို့ နှစ်ဦးစလုံး ကတိပြုကြတယ်။ ဒီအခါမှာ ဘုရားအလောင်း စံနေတဲ့ အင်ကြင်းပင်ကြီးရဲ့ ပတ်ဝန်းကျင်မှာ အခြံအရံအဖြစ် စံနေကြတဲ့က ရှေ့နောက် ဝဲယာ အရပ်ရှစ်မျက်နှာ အင်ကြင်းပင် ရှစ်ပင်တွင် ယခု ပင့်လျှောက်ကြတဲ့ ရဟန်းသံဃာ အလောင်း နတ်သားများက သက်သေ ဖြစ်ကြသတဲ့။ ဒါကြောင့် မြတ်စွာဘုရားကအထုံအဆက်အားဖြင့် ရန်ငြိုးပြုတဲ့ဘီလူးကိုအင်ကြင်းပင်များ အနေအထားအတိုင်း ဗုဒ္ဓကိုယ်တော်က သတိပေးတော်မူလိုသည့်အတွက် သံဃာတော်ရှစ်ပါးကိုသာ ရွေးကောက်၍ လိုက်ပါတော်မူစေတယ်လို့ ဆရာ့ဆရာကြီးများရဲ့ အာစရိယဝါဒ ဩွန်ပြဘာကို ခံယူမှတ်သား ရဘူးတယ်၊ မင်းလဲ မှတ်သားလိုလျှင်မှတ်သားပေရော့''လို့ ပြောပါသည်။

''ဘုရား လက်ထက်ကကော မြတ်စွာဘုရားနှင့် သံဃာတော်များအပြင် ဂြိုဟ်ကြီး ကိုးလုံးတို့၊ နတ်ကြီး ငါးပါးတို့ ပါသလားဆရာ''

'ဗုဒ္ဓနှင့် သံဃာ ရှစ်ပါးမှတပါး ဘာမှမပါခဲ့ပါဘူး။ ဂြိုဟ်ကြီး ကိုးလုံး နတ်ကြီး ငါးပါးတို့က ဟင်္ဒူဗြာဟ္မဏဆရာတို့ရဲ့ အယူအဆ (ကွန့်)လာကြတာပါ။ ပုထုဇဉ်ဘို့မည်သည် ဗေဒင်ယတြာတို့ကိုသဲ ယုံကြည်တတ်ကြတယ်မဟုတ်လား''

''ဒါဖြင့် သစ်သီးသုံးမျိုး၊ ယိုသုံးမျိုး၊ ပန်းသုံးမျိုးဆိုတာတွေကလဲ တြိုင်းကြေ၊ နဝင်းကြေ ဗေဒင်ရဲ့ အယူအဆတွေပေါ့နော်''

''ဟုတ်တာပေါ့ တပည့်ရဲ့၊ လောကီပညာ အယူအဆတွေပေါ့။ မြတ်စွာဘုရားကို ကင်လှူဘာ စေဘနာသာ အဓိကပါ၊ တို့မြန်မာများက ဘုရားလဲကိုးကွယ်တယ်၊ ဗြဟ္မဏဝါဒလဲ အထင်ကြီးတယ်၊ အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တန်လဲ ယုံကြည်တယ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ ဘိုးဘိုးအောင် စသည်တို့ကိုလဲ အားကိုးတယ်၊ တို့နှုတ်ကဆိုတာတော့ 'ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ' ပါပဲ''

''ဒါဖြင့် ဂြိုဟ်ကြီးကိုးလုံး နတ်ကြီးငါးပါးတို့ကို ဖြုတ်ပယ်ဖို့ ဆရာကြိုးစားမလား''

''အမယ်လေး မလုပ်နဲ့၊ ဥပါဒါန် ကြောင့် ဥပဒ် ရောက်ကုန်လိမ့်မယ်။ မင်း ကြည့်ပါလား၊ ဘုရားကိုပင့်တာတော့တကယ်ကြွလာတာ မလာတာ(ဇော)မကပ်ကြဘူး။ ဂြိုဟ်ကြီးတွေ ပင့်တာတော့ မနက်မိုးလင်းယင်ဂြိုဟ်တွေကို(ပြန်နှင်)ဖို့ အရေးတကြီး ပြောကြတာလေ၊ ပင့်တုန်းက တကယ်လာကြတော့တဲ့အတိုင်းပဲဟဲ-ဟဲ၊ ဒီတော့ တို့က ရှေးအစဉ်အလာလဲ မပျက်ရအောင် သူတို့ ယုံကြည်ချက် စွဲလမ်းမှုကိုလဲ ဖျက်ဆီးသလို မဖြစ်ရအောင် ဟောကြားပေးရမယ်''

''ဘယ်လိုဟောရမှာလဲ ဆရာ''

''မြတ်စွာဘုရား လက်ထက် တော်တုန်းက ပူဇော်တာမှာဒါတွေဒါတွေမပါတဲ့အကြောင်း၊ ရှေး ဆရာကြီးများက လောကီ လောကုတ္တရာ ပြည့်စုံခြင်းအကျိုးငှာ ပဉ္စင်္ဂတ္တရ ပါဠိတော်လာ (ဗလိ)ငါးပါးနှင့် အညီ စီရင်တော် မူခဲ့ကြခြင်း ဖြစ်တယ်လို့ ပြောပြရမယ်''

''အဲ့သည် ဗလိငါးပါးက ဘယ်လိုလဲဆရာ''

၁။ ဉာတိဗလိ၊ ဆွေမျိုး များကို ထောက်ပံ့တာ။

၂။ အတိဋ္ဌိဗလိ၊ ဧည့် သည် များ ကို ကျွေးမွေးတာ။

၃။ ပုဗ္ဗပေတဗလိ ကွယ်လွန်သော ဆွေမျိုးကို အမျှဝေတာ။

၄။ ရာဇဗလိ၊ မင်းတို့ကို အခွန်အတုတ် ပေးဆက်တာ။

၅။ ဒေဝတာဗလီ၊ နတ်များကို အပရိဟာနိယ တရားနှင့်အညီ ပူဇော်ပသ မြဲအတိုင်း ပူဇော်တာ။

"အေး၊ ပူဇော်တာနှင့် ကိုးကွယ်တာကို ဘော့ ရှင်းအောင် ဟောပြောပေးရမယ်"

"အခုလိုရှင်းပြတာ ကျေးဇူး တင်ပါတယ် ဆရာ"

"အေး....၊ ဘုရားကိုးဆူ ဆရာများကိုတော့ မန္တလေးစက်ဘီးနဲ့ကွာ၊ သူ့ခများများ ဗုဒ္ဓဝေယျာဝစ္စ ပြုနေကြလျှက်နဲ့ မျက်နှာငယ်ကြ ရှာပါတယ်"

"သူတို့ကိုယ်တိုင်ကလဲ ဂန္ထန္တရ ဓမ္မဒေသနာ ပြည့်စုံဖို့ လိုပါလိမ့်မယ် ဆရာ"

"ဟေ့....မောင်သိန်းမောင်ရဲ့၊ မင့်လက်ငါးချောင်းကို ပြန်ကြည့်၊ အားလုံး တညီတညာတည်း ဖြစ်နေယင် ကိုင်လို့တွယ်လို့ မရတော့ဘူးမှတ်"

တနေ့သောအခါ ကျိုက်လတ်မြို့ အရှေ့ပိုင်း စက်သင်္ဘေး ဦးသာဒွန်း၏ဘိုက်မှာ ဘုရားကိုးဆူ ပူဇော်ရန် သွားကြသည်။ ဦးသာဒွန်း ဆိုသည်မှာ အသုံ၊ မုရွာ ဆွေကြီးမျိုးကြီး အဆက်အနွယ်၊ စာတတ်ပေတတ်၊ ကတ်သီးကတ်သတ်လူကြီးဖြစ်သည်။ ဆရာကဲ၏ ဝါဒအတိုင်း ညွှဲ့ ပရိယတ်ဘာ ဟူ၍ မည်သူ့ကိုမှမဖိတ်။ နီးစပ်ရာ မိတ်ရင်း ဆွေရင်းနှင့် ဆွေမျိုးများသာ ရှိကြသည်။

"ဆရာကဲ့ကို ကျေးဇူး တင်သဗျာ၊ ကျုပ် ဘုရား ကိုးဆူ နှစ်ခါသုံးခါ ပူဇော်ပါရဲ့၊ ဘယ်ဘော့မှ မြို့ပေါ်ကလူတွေကို မဖိတ်ဘူး၊ ဒါကို ပြောကြသဗျာ၊ ကျုပ်ကကပ်စေးနဲ့တယ်တဲ့၊ ဘယ့်နှယ်ဗျာ....ဘုရားကို ဆွမ်းကပ်ပါတယ်၊ သူတို့ကို ဦးဦးဖျားဖျား လောကွတ် လုပ်နေရတာ"

ဆရာကဲနှင့် ဦးသာဒွန်း အတိုင် အဖောက်ညီကြပါသည်။ တိုက်တိုက် ဆိုင်ဆိုင် ဆရာကဲအား ကျွန်တော်မေးသည့် မေးခွန်းမျိုး သူ့ထံက ထွက်လာပါသည်။ သူ့အမေးကပို၍(စကားလုံး) ပြောင်ပါသည်။

"နေပါဦးဆရာရဲ့၊ မြတ်စွာဘုရားရဲ့ ရဟန္တာရှစ်ပါး ပင့်ကြတဲ့ အခါ သပွာယ မျှအောင် သီဟင်းသုံးတော်မူကြယင် ပြီးရောပေါ့၊ ဆရာတို့က ဘယ်သူက ဘယ်နေရာမှာနေပါ၊ ဘယ်သူက ဘယ်နေရာမှာ နေတော်မူပါလို့ ဘာဖြစ်လို့ ညွှန်ပြပေးနေရတာလဲ"

ဆရာကဲကဟက်ဟက်ပက်ပက်ရယ်၍ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ ထို့နောက်မှ ကျွန်တော့်ကို ဖြေစဉ်ကထက် ပိုမိုပြည့်စုံ တိကျအောင် ဖြေလိုက်ပါသည်။ ဧည့်သည်များ မရှိသည့်အတွက် ဦးသာဒွန်းမှာ ဆရာနှင့် အချိန်များစွာ စကားလက်ဆုံကျခဲ့ပါသည်။ ကြာလေ....လေးစားရာလေဖြစ်ပါသည်။

"ကဲ....ဆရာကဲကို ကျွန်တော် ရုပ်ထုတော် တဆူ ပြမယ်၊ အထူးအဆန်းပေါ့"

သူ့တိုက်ပေါ်ထပ် ဘုရားစင်မှ ရုပ်ထုတဆူကို တရိုတသေ ပင့်လာပြီး ဆရာကဲအား ပြပါသည်။ ကျွန်တော်တခါမှ မတွေ့ဘူး၊ မဖူးဘူးသည့် ပုံတော်မျိုး။

သစ်ကနက်သားဟုထင်ရသော ပြောင်လက်နေသော အသား။ ညာဘက်ခြတော် တထွာခန့်။ ပလ္လင်ပေါ်မှ ခြေတော်နှစ်ဘက် ချ၍ ထိုင်နေတော်မူသည့်အမြင် ထူးထူးဆန်းဆန်း လက်တော်နှစ်ဘက်က မျက်နှာတော်ကို ဖုံးအုပ်ထားတော်မူသည့် သဏ္ဍာန်။ မဏိတော် နားရွက်တော်တို့ကြောင့်သာ ဗုဒ္ဓရုပ်ပွားဟု ပြောနိုင်စရာရှိသည်။

"ကျုပ်....ဒီရုပ်ထုတော်ကို ဘယ်သူ့ကိုမှမပြဘူး၊ ပြယင် မဟုတ်က ဟုတ်က တောင်တောင်အီအီ နားမလည်ပဲနဲ့ ပြောကြလွန်းလို့၊ ဝချို့က ဂဝံချက်နှာဖုံးသို့ ရမ်းသမ်း ပြောကြ သေးတယ်၊ ဆရာကဲ ဒီပုံတော်မျိုး ဖူးဘူးသလား"

''မဖူးဖူးပါဘူး၊ ဒီတခါပဲ ကြည်ညို ရပါတယ်၊ သဌေးကို (ဟိုခေတ် အခေါ်အတိုင်း) ကျေးဇူးတင်ပါတယ်''ဟု ဆရာကဲကမျက်တောင်မခတ် လက်အုပ်ချီနေရာက ဖြည်းဖြည်း သက်သာ ပြန်ဖြေသည်ကို ဦးသာဒွန်းမှာ ကျေနပ်ပုံရသည်။

''ပလ္လင်ပေါ်က ခြေတော် နှစ်ဘက်စလုံး ချထိုင်ထားတယ်၊ လက်တော် နှစ်ဘက်စလုံး မျက်နှာတော်ကို ဖုံးထားတယ်နော်၊ ဒီကိုယ်တော်ဟာ ကျုပ်တို့မိဘ ဘိုးဘွားများလက်ထက် အစဉ်အဆက် တရိုတသေကိုးကွယ်လာခဲ့ကြတာ၊ နေ့နေ့ညည ဘယ်အခါမှ ဝတ်မပျက် အာရုံပြုခဲ့ရတယ်၊ ကျုပ်ပြောရပါတယ်၊ ဒီလိုပုံတော်မျိုး ဘယ်မှာမှ ရှိမှာမဟုတ်ဘူး''

ဆရာကဲက ဦးသာဒွန်း၏စကားကို နားကသာထောင်၍ မျက်စိက ပုံတော်မှ မလွဲ။ ကျွန်တော့်မှာလည်း အရိပ်အကဲကိုသာ ကြည့်နေရသည်။

''ဆရာကဲ.... ဒီပုံတော်ကို ဘာအကြောင်းနဲ့ ထုထားရသလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မလား''

အမှန်ပြောရလျှင် ကျွန်တော့် ရင်ထဲတွင် ဆရာကဲ၏ သိက္ခာကို စိုးရိမ်လိုက်မိသည်။

''သဌေးကတော့ သိပြီးသား ဖြစ်ပါလိမ့်မယ်''

''ကျုပ်မသိပါဘူး၊ မိဘအစဉ်အဆက် တရိုတသေ ကိုးကွယ်လာကြလို့ ကျွန်တော်လဲ ကိုးကွယ်ရတာပါ၊ ရှေးလူကြီးများကအမြော်အမြင် ပညာဗဟုသုတ များကြတယ် မဟုတ်လား''

''ဆရာကဲ က ဦးသာဒွန်းကို ခပ်ပြုံးပြုံး အတန်ကလေး ကြာအောင် စိုက်ကြည့်နေသည်။ (နောင်အခါမှာ ဆရာကဲက ''အလကားပြောတာကွ၊ သူသိပြီးသား ငါ့ကို ပညာစမ်းတာ'' ဟု ကျွန်တော့်အား ပြောပြပါသည်။)

''အဲသလို သဌေး ကိုးကွယ်ဆည်းကပ်လာတဲ့ ကာလပတ်လုံး အကျိုး ထူးဝိသေသ ဘယ်လိုများ ကိုယ်တွေ့ခံစားရပါသလဲ''

''ဒါတော့ ခင်ဗျား ယုံချင်မှ ယုံမယ်''

''ဗုဒ္ဓ၏ တန်ခိုးတော် အာနုဘော်မှန်သမျှ ကျွန်တော် ယုံကြည်လက်ခံနေတာပါ''

''ကျုပ်ကို မကောင်းကြံကြမယ်ဆိုယင် ကျုပ်စိတ်ထဲမှာ အလိုလို သိနေပြီ''

''တယ်ဟုတ် ပါလား၊ ဘယ်လို သိပုံမျိုးလဲ၊ အမိန့်ရှိပါဦး''

''ဘယ်လိုသိပုံလဲဆိုတော့ စိတ်ထဲမှာ သင်္ကာယန မကင်းဖြစ်နေတယ်ဗျာ၊ ဥပမာ ကုန်တိုက်ကို ဒမြတိုက်တော့မယ် ဆိုပါတော့၊ ကုန်စိတ်ထဲမှာ ဒမြ လာတိုက်လိမ့်မယ်လို့ ချည်းပဲ ထင်နေတယ်၊ ဒါကြောင့် ရာဇဝတ် ဝန်ထောက်ကို သွားပြောလိုက်တယ်၊ ဝန်ထောက်ကလဲ မိတ်ဆွေဆိုတော့ 'ဦးသာဒွန်းက တယ်ပြီး အစိုးရိမ်ကြီးသကိုး'လို့ ခပ်ရွှတ်ရွှတ်ပြောပြီး အကာအကွယ်ပေးပါတယ်။ ဟော....လေး ငါး ခြောက်လကြာတော့ တခြား ရွာမှာ သွား တိုက်တာ မိဘာနဲ့ စစ်တော့ ကျုပ်တိုက်ကိုပါ ဘယ်နေ့ဘယ်ရက်က တိုက်ဖို့ စီစဉ်ခဲ့ကြောင်း ပေါ်တာပဲ''

ဆရာကဲ၏ မျက်နှာမှာ ကျေနပ်သွားသကဲ့သို့ ကြည်သင်ရွှင်ပျ လာတော့သည်။

''အင်း....သဌေး ကတော့ ဒီ ဆင်းတု တော် အကြောင်းသိပြီး ဖြစ်ချင်လဲ ဖြစ်မှာပါပဲ။ မိဘဘိုးဘွားများထံမှ ကြားခဲ့တဲ့ အကြောင်းနဲ့ အခု ကျွန်တော် ပြောမယ့် အကြောင်း တထပ်တည်းတူချင်လဲတူပေလိမ့်မယ်။ ကွဲပြားယင်လဲ ကွဲပြားလိမ့်မယ်၊ ဒါတော့ အာမ မခံနိုင်ပေဘူးနော်၊ ကျွန်တော့် အလိုအရ ပြောရမယ် ဆိုယင်တော့ ဒီပုံတော်ကို ဗုဒ္ဓဝင်ကို အလွန်တရာကျွမ်းကျင်တဲ့

လူပညာရှိ၊ ရဟန်း ပညာရှိ တဦးက အထူး သီးသန့်ကြည့်ညို့ပြီးမှ ထုခဲ့တာ ဖြစ်ပါလိမ့်မယ်''

''အမိန့်ရှိပါ ဆရာ''

ဦးသာဒွန်းက လေးလေး စားစား ပြောလာသောကြောင့် ကျွန်တော့်မှာ ဝမ်းသာ အားရ ကြားနာချင် လာပါတော့သည်။

''ဒီပုံတော်ဟာ ဘုရားရှင်၏ အံ့ဖွယ်တော် (၁၈)ပါးအနက်က (သာသပ မတ္တ ပဝေသန) ဂုဏ်တော်အံ့ဖွယ်တော်ကို ရည်ညွှန်းပြီး ထုထားတာ ဖြစ်ပါတယ်''

''အို...ဟုတ်ကဲ့ လား၊ ကျွန် တော် တခါမှ မကြားဖူး၊ မနာဖူး ပါဘူး ခင်ဗျား''

ဦးသာဒွန်းက လှုပ်လှုပ် ရွရွ ဖြစ် လာ သလို ကျွန်တော်သည်းစိတ်ဝင်စားနေမိသည်၊ဘုရား၏ ဂုဏ်တော်ကိုးပါး၊ အာဝေဏိက ဂုဏ်တော် (၁၈)ပါးတို့သာ ကြားဖူး နာဖူး ဖတ်ခဲ့ရဖူးပါသည်။ ယခု ဆရာကဲ ပြောသော အံ့ဖွယ်တော် (၁၈)ပါးကို မကြား မနာ မဖတ်ခဲ့ဖူးပါ။

''မြတ်စွာဘုရားမှာ အာဝေဏိကဂုဏ်တော် (၁၈)ပါးရှိသလို၊ အံ့ဖွယ်တော်(၁၈)ပါးရှိပါတယ်။အဲသည့်ဂုဏ်တော်များအနက်က 'သာသပ မတ္တ ပဝေသန' ဂုဏ်တော် ဆိုတာက သေးငယ်သော မုန်ညင်း စေ့လောက် မြေ စိုင် ခဲ ကလေး အတွင်းမှာ စင်္ကြံ ကြွတော် မူနိုင်လောက်အောင် ကိုယ်တော်ကို ငယ်အောင် ဖန်ဆင်းနိုင်ခြင်းဆိုတဲ့ အံ့ဖွယ်ကြီးတပါးပါ၊ အနိမာ၊ လဃိမာ၊ မဟိမာ ပတ္တိမာ၊ ကမ္မ၊ ဤသိတာ၊ ဝသိတာ၊ ယတ္ထကာမ ဝသယိတာ ဟူ၍ ရာဇဂြိုဟ်ဥဒါန်းမှာရှိကြောင်း ကျီးသဲဆရာတော်က ပြပါတယ်။

၁- အနိမာ =ရုပ်သိနေပြောက်ပြတင်းပေါက်၌၊ မြင်လောက် ရုံသော၊ အဏုမြူ ပမာ၊ သိမ်မွေ့စွာသော ကိုယ်တော်ကို ငယ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း။

၂- လဃိမာ=ရေပြင်မြေမိုး၊ ပုံလျှိုးငုပ်လျှောား၊ သွားတော် မူနိုင်ခြင်း။

၃- မဟိမာ =ကြီး စေ လိုက၊ မြင်းမိုရ် ပြန်ရာ၊ ထိုထက် သာ၍၊ စကြဝဠာတိုက်လုံး၊ အုပ် ဖုံး ပတ် လှည့်၊ ကိုယ်တော် ပြည့်အောင် တရို ထိုင်တော်မူနိုင်ခြင်း။

၄- ပတ္တိမာ =မြေထုရေထု၊နေရုပဗ္ဗတာ၊သီလာတောင် ထပ်၊ အ တွင်း ရပ် ကို၊ ကျဉ်းကျပ် ပိတ် ဆီး ခြင်း မရှိ၊ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊လျှိုးဝင်ထွင်းဖောက်၊ ကြွရောက်တော် မူနိုင်ခြင်း။

၅- ကမ္မ =မနော မိဋ္ဌာန်၊ စိတ်တော် ကြံတိုင်း၊ ကမ္မာကမ္မ၊ ဟူသမျှကို၊ ကုံငပြီးမြောက်ခြင်း။

၆- ဤသိတာ=သုံးဆယ့်တဘုံ၊အလုံးစုံကို၊ ဥဿုံ စိုးပိုင်တော်မူခြင်း။

၇- ဝသိတာ =လောကီစျာန်ရပ်၊ သမာပတ်ကို၊ မပြတ် ဝင် ကာ၊ လို တိုင်း ပါအောင် လေ့ လာ တော် မူနိုင်ခြင်း။

၈- ယတ္ထကာမဝသယိတာ =သက်မရှိသည့်၊ ဂီရိဗဟို၊ တောင် မြင်းမိုရ်မှလည်း၊ လိုတော်လိုက်ကာ၊ ညွှတ်ငိုက်လာရခြင်းတည်း ဟူသော တန်ခိုးတော် ရှစ်ဦးဘုန်းတော် ထူးလို့-ကျီးသဲလေးထပ် ဆရာ တော် ကြီး က ဖွင့်ဆိုကြည်ညိုခဲ့ပါတယ်။ အခု ဒီရုပ်ထုတော်က အနိမာ ဆိုတဲ့ ဂုဏ်တော်ပါ''

''မျက်နှာတော်ကို လက်တော်နှင့်အုပ်ထားတာက သေးငယ်စွာ ဖန်ဆင်းနိုင်ခြင်းဆိုတဲ့ ဂုဏ်တော်နှင့် ဘယ်လိုသက်ဆိုင်နေပါသလဲ ခင်ဗျာ''

"ဟုတ်ကဲ့....ကျွန်တော်ပြောပါမယ်၊ မကျဉ်း မကျယ်ပေါ့ ခင်ဗျာ၊

"နတ်ဗြဟ္မာ လောကမှာ ကိုယ်ခန္ဓာ အတ္တဘော အကြီးမားဆုံး ပုဂ္ဂိုလ်ဟာ 'မဟောသရ' နတ်မင်း ဖြစ်ပါတယ်၊ အသူရိန်လို့လဲ ခေါ်ကြပါတယ်၊ ဘယ်လောက်များ ကြီးမားသလဲ ဆိုလျှင် နေနှင့်လကိုပင် ခံတွင်းမှာငုံပြီး ကစားတတ်တယ်လို့ စာဆိုရှိပါတယ်"

"ရာဟုနတ်ကြီးဆိုတာလား ဆရာ"ဟု ကျွန်တော်က ဖောက်၍မေးလိုက်သည်။

"အေး....ရာဟုနတ်လို့လဲ ခေါ်ကြတာပေါ့၊ သူ့ပမာဏတခုကိုပြောလျှင် လက်ညှိုးတချောင်း၏ အရှည်အလျားပင်လျှင် ယူဇနာငါးဆယ် ရှိတယ်လို့ ကျမ်းဂန်မှာ ဆိုတယ်၊ ဒါကြောင့် လောကသုံးပါးမှာ သူသာလျှင် အကြီးကျယ်ဆုံး ပုဂ္ဂိုလ်လို့ ထင်နေတယ်၊ဟုတ်တော့လဲဟုတ်တယ်၊ ဘုရားကပင် တေဇဂ်ပေးထားတယ်၊ နတ်ဗြဟ္မာများက သုံးလောကထွတ်ထား မြတ်စွာဘုရား၏ ဂုဏ်သဘင်းများကို ပြောကြတဲ့အခါ လူ့ပြည်က လူသားအသေးအမွှားကလေးက လောက သုံးပါးမှာ ဘုရားဖြစ်ဘယ်ဆိုဘာ သူက မယုံနိုင်ဘူး၊ အခြားနတ်တွေ ဗြဟ္မာတွေက ကိုယ်တိုင်သွားဖူးပြီး စုံစမ်းပါလို့ တိုက်တွန်းကြတာနဲ့ တနေ့တော့ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကို သန်းခေါင်ယံအချိန်မှာ လာခဲ့တယ်။

"မြတ်စွာဘုရားက မဟောသရနတ်ကြီး လာလိမ့်မယ်ဆိုတာ သိထားနှင့်တော့ ပလ္လင်ပေါ်မှ ခြေတော်နှစ်ဘက်ကိုချ၍ ထိုင်တော်မူနေတယ်၊ ကျောင်းတော်ကိုလဲ သူဝင်လာနိုင်အောင် ဟာလာ ဟင်းလင်း ဖန်ဆင်းထားတယ်။

"မဟောသရနတ်ကြီးဘုရားရှေ့တော်မှောက် ရောက်တဲ့အခါ မတ်တတ်ရပ် မျက်နှာတူရူကြည့်လိုက်သော် ကိုပင် ဘုရားခြေမ,တော်ကိုသာ မြင်ရသေးသတဲ့၊ ထို့နောက်မှ ခြေဖမိုးတော်၊ ထိုကမှ ညှို့သကျည်း သလုံးတော်၊ ထိုကမှ သလုံးမြင်းခေါင်းတော် (ဒူးဆစ်)၊ မဟောသရနတ်ကြီး၏ အရပ်အမောင်းနှင့် အဲသည်ကကျော်လွန်၍မမြင်နိုင်လောက်အောင် ကြီးမားတော်မူနေတယ်၊ တအံ့ကသြ မော့ပြီးဖူးတော့မှ သူ့ထက် အဆပေါင်းများစွာ မြင့်မားနေတဲ့ မျက်နှာတော်ကို ဖူးနိုင်တော့သတဲ့၊ ဒီလောက်မြင့်မားကြီးကျယ်၍ သာနေတယ်၊ မြတ်စွာဘုရား၏ပုံတော် အချိုးအစားဟာ ပြေပြစ်တင့်တယ်ပြီး ရှုမငြီးအောင် သပ္ပာယ်နေပါတယ်တဲ့၊ ဒါဟာ အခုနပြောခဲ့တဲ့ 'မဟိမာ'ဆိုတဲ့ ဘုန်းတော်ပါ"

"ဩော်....ဒါကြောင့်ဘုရားမြတ်စွာကပလ္လင်ပေါ်မှာ ခြေတော်နှစ်ဘက် ချထိုင်တော်မူပေတာကိုး၊ ပြောပါဦးဗျာ၊ မျက်နှာတော်ကို လက်တော်နှင့် အုပ်ထားတော်မူတဲ့အကြောင်း"

ဦးသာဒွန်းက ကျေနပ်ဝမ်းမြောက်စွာ မေးလိုက်ပါသည်။ သူမမေးလျှင်လည်း ကျွန်တော်က မေးမည့်ဆဲဆဲပင် ဖြစ်ပါသည်။

"အဲသလို မဟောသရ နတ်ကြီးက မြတ်စွာဘုရား၏ တန်ခိုးတော်နှင့် ဘုန်းတော်ကို ဒိဋ္ဌမြင်တွေ့ရသော်လည်း လောကသုံးပါးကိုသိမြင်တော်မူတယ်ဆိုတာကို သံသယရှိနေတုန်းပဲ ဖြစ်ပါတယ်၊ မြတ်စွာဘုရား ကလည်း ဒီအချိန်မှာ သူနဲ့ စကားလျှောက်ထား မေးမြန်းပြောဆိုနိုင်အောင် မဟောသရနတ်ကြီးနှင့် ရွယ်တူတန်းတူ ပမာဏကို ဖန်ဆင်းထားလိုက်ပါပြီ"

"အရှင်ဂေါတမ၊ လူသားစင်စစ်က ကျွန်ုပ်ထက် ဘုန်းတန်ခိုးအာနုဘော် ကြီးတာကို ဝန်ခံပါပြီ။ လောကသုံးပါးကို မြင်တယ် ဆိုတာကို အဘယ်နည်းနှင့် ကျွန်ုပ်သိနိုင်ပါမည်လဲလို့ မေးလျှောက်ပါတယ်"

"အချင်း မဟောသရ၊ သင်သိလိုသော နည်းဖြင့် သင်လျှောက်လော့-ဟု ဗုဒ္ဓက ခွင့်ပြုပါ

တယ်၊ အဲသည်မှာ မဟောသာရနတ်ကြီးက အကြံ ယူ စဉ်းစားပြီးမှ လျှောက်ထားပါတယ်''

''အရှင် ဂေါတမ၊ လောက သုံးပါးကို အကြွင်းမရှိ မြင်တယ်ဆိုလျှင် ထိုသုံးဆယ့်တတိုအတွင်း တနေရာရာမှာ ကျွန်ုပ် သွား၍ပုန်းကွယ် နေပါမယ်။ ရှင်ဂေါတမ ကျွန်ုပ်နေရာ အမှန်ကို တန်ခိုးတော်နှင့် ကျွန်ုပ်အား လှမ်း၍ပြောနိုင်ပါ့မလား''

''အချင်း မဟောသရ၊ သင်နှစ်သက်သလိုသာ ဖြစ်ပါစေ၊ ယခုပင်သွား၍ ပုန်းအောင်း ကာ ကွယ်၍ နေပါတော့''

''ရှင်ဂေါတမ၊ သင်ကကျွန်ုပ်အား မျက်ခြည် မပြတ် ကြည့်နေသဖြင့်မဖြစ်ပါ၊ သင်၏မျက်လုံး အစုံကို လက်နှစ်ဘက်ဖြင့် ဖုံးအုပ်ထားပါလေဦး''

''ဩော်....ဒီလိုကိုး'' ဤ စကား မှာ ဘော ဦးသာဒွန်းနှင့်ကျွန်တော် ကိုယ်တိုင်ပြိုင်တူ ပြော မိကြပါသည်။

''ဆက်ပြောပါဦး ဆရာ၊ ကောင်းလိုက်တာ၊ ကောင်းလိုက်တာ''ဟု ဦးသာဒွန်းက နှစ်ခွန်း ဆင့်၍ အာဘိယာစကာ လုပ်ရှာပါသည်။

''ဟုတ်ကဲ့ ဗုဒ္ဓမြတ်စွာဟာ သတ္တဝါ တဦး တယောက်ပဲဖြစ်စေ၊အများပဲဖြစ်စေ၊ ဓမ္မရသကို ခံစားရဖို့ ကိစ္စမှာ မဟာ ကရုဏာတော်ဖြင့် အသွန်ဘရာ သည်းခံတော်မူလေ ရှိပါတယ်။ ယခုလဲ မဟောသရနတ်ကြီး ၏ အလိုဆန္ဒအတိုင်း မျက်နှာတော်ကို လက်နှစ်ဘက်ဖြင့် ဖုံးအုပ်ပေး လိုက်ပါတယ်။ ဒီအခါ (မတ္တ)က ပုံတော်မှုဒြကို ယူပြီး သဒ္ဓေးရဲ့ပုံတော်ကို ပညာရှိကြီးတဦးဦးက ထုလုပ်ခဲ့ဘာ ဖြစ်စရာ ရှိပါတယ်''

''ဟုဘ်လိမ့်မယ် ဆရာ၊ ကျွန်တော် ချွင်းချက် မရှိ ထောက်ခံပါတယ်၊ တဆိတ် ဆက်ပြောပါ''

''မဟောသရနတ်ကြီးဟာ နှစ် သိန်း လေး သောင်း အထုရှိတဲ့ ဤပထဝီမြေကြီးရဲ့အောက် ပံသု ပထဝီနှင့် သေလာပထဝီအလွှာကြားမှာ သွား၍နေပါတယ်၊ ထို့နောက် သူ့အသံက အကနိဋ္ဌဗြဟ္မာဘုံကနေပြီး 'အရှင် ဂေါတမ ကြည့်တော့'လို့ ဘုရားကြားအောင် အော်လိုက် ပါတယ်''

''မပြောကောင်း ပြောကောင်း 'တူတူပုန်း' သလိုပဲနော်''ဟု ကျွန်တော်က ဖောက်၍ ပြော လိုက်မိပါသည်။ ဦးသာဒွန်းက ကျွန်တော့်အား မျက်စောင်းလှည့်ထိုးလိုက်သည့်အခါ–

''အေး.... မောင်သိန်းမောင် ပြောသလို ဆရာကိုယ်တိုင် ပဋ္ဌင်းပျိုတုန်းက ပြောခဲ့မိတယ်။ 'မြတ်စွာဗုဒ္ဓ များသတ္တဝါကို ဘယ်လောက် ကြင်နာ သနားတော်မူသလဲဆိုယင် အကျွတ် တရားရဖို့ 'တူတူပုန်းတမ်း' ကစားတန် ကစား တော်မူရှာတယ်၊ 'လိုက်တမ်း ပြေးတမ်း' ကစား တန် ကစားတော်မူရှာရတယ်'လို့ ခပ်ပျော်ပျော် ပြောလိုက်မိတောကြောင့် စာချ ဆရာတော် ရဲ့ အကြိမ်းအမောင်း ခံရဖူးတယ်၊ 'စေတနာမပါ သော်လည်း အဂါရဝ စကား မျိုး ဖြစ်တယ်၊ နောက်ကို မပြောနဲ့'ဟု သာယာညင်းပျောင်း ဆုံးမပါသည်။

''လိုက်ဘမ်း ပြေးတမ်း ကစားတယ်ဆိုတာ က....''ဦးသာဒွန်းက ဝေ့မရဲ မေးလိုက်သည်။

''ဟဲဟဲ–လိုက်တမ်း ပြေးတမ်းလိုဖြစ်ရတာက အင်္ဂုလိမာလကို ချွတ်တော်မူရတုန်းကလေ''

''ဩော်–ဩော် ဟုတ်ပေသားပဲ၊ ဘုရားက မပြေးသော်လဲ အင်္ဂုလိမာလက အပြေးလိုက်တာ မမှီ မမီနိုင်ပဲကလား၊ ဒီတွင် အင်္ဂုလိမာလက 'ရဟန်းကြီး ပြေး လှ ချည် လား'လို့ ဆိုတော့ ဘုရားက 'ငါမပြေးဘူး ရပ်နေပြီ၊ မင်းသာ ပြေးနေတာ'လို့ အစချီပြီး ဓမ္မဒေသနာဟောရ တာ၊ ဟုတ်တယ် မဟုတ်လား ဆရာ''ဟု ဦးသာ ဒွန်းက ထောက်ခံသည်။

''ဟုတ်ပါတယ်ခင်ဗျာ၊ အခုလဲ အဲသလို မဟာသရနတ်ကြီးပုန်းနေတာကို မြတ်စွာဗုဒ္ဓ မြင်တော်မူလို့ နေရာဌာနပြောပြပြီး ခေါ်ထုတ်တော်မူခဲ့တယ်၊ အဲသည်မှာ မဟာသရနတ်ကြီး ပဿဒ်နှစ်သွယ်ကြားမှထွက်လာပြီး ဘုရားသခင်ကို 'သင်လဲ ပုန်းစမ်းပါ၊ သုံးဆယ့်တဘုံ အလုံးစုံကို ကျွန်ုပ်လဲ အကုန်အစင် မြင်ပါတယ်၊ အကယ်၍ ကျွန်ုပ်က ရှင်ဂေါတမပုန်းနေရာကို ဖော်နိုင်မယ် ဆိုယင် သာတူညီမျှ (သရေပွဲ)အဖြစ်နှင့် နတ်ပြဗ္ဗာလောကမှာ ကျွန်ုပ်က ဗုဒ္ဓ(မြင်သူ)ဘွဲ့ခံပြီး ရှင်ဂေါတမက လူ့လောကမှာ ဗုဒ္ဓဘွဲ့ခံပါ''လို့ အလောင်းအစားလုပ်ပြန်ပါတယ်။

''အဲသည့်အခါမှာ မြတ်စွာဘုရားက မဟာသရနတ်ကြီးကို ကြည့်တော်မူလိုက်ပါတယ်။ သူ့မျက်တောင်မွေးပေါ်မှာ မုန်ညင်းစေ့ကလေးလောက် မြေမှုန့်တမှုန့်ကို မြတ်စွာဘုရားက မြင်တော်မူလိုက်ပါပြီ။ အဲသည်နောက် မြတ်စွာဘုရားသခင်က 'အချင်း မဟာသရ၊ ငါ့ကို အသင်ရှာလော့'ဟု ပြောပြီး မဟာသရနတ်ကြီးရဲ့ မျက်တောင်မွေးပေါ်မှာ တင်နေတဲ့ မုန်ညင်းစေ့မျှရှိတဲ့မြေမှုန့်ကလေးထဲကို 'အနိမာ'ဟူသော တန်ခိုးဖြင့် ကြွဝင်သွားပါတော့တယ်။

''မဟာသရနတ်ကြီးဟာ မြတ်စွာဘုရားကို ကာမ(၁၁)ဘုံ၊ ဗြဟ္မာဘုံ (၂၀)ကုန်အောင် နှံ့နှံ့စပ်စပ်သိုက်ရှာပါတယ်။ ဒါပေမယ့် သူသွားလေရာ သူ့မျက်တောင်မွေးပေါ်က မြေမှုန့်ကလေးထဲမှာ စကြံကြွလျက် လိုက်ပါနေတော်မူတာကို မတွေ့မမြင်နိုင်ပါဘူး။ နောက်ဆုံး အရှုံးပေးပါပြီလို့ ဆိုတော့မှ မျက်တောင်မွေးပေါ်မှဆင်းပြီး ပကတိကိုယ်တော်အနေနဲ့ မဟာသရနတ်ကြီးကို ကထာလေးရပ်အနက် သီလကထာ၊ သမာဓိကထာ၊ ပညာကထာတို့ကို ဟောကြားတော်မူပြီး သရဏဂုံ ခံယူစေပါတယ်''

''အဲသည့် အကြောင်းအကျိုးနှင့် 'အနိမာ' တန်ခိုး၊ 'မဟိမာ'တန်ခိုးတော်ကို သိရတဲ့အပြင် သဒ္ဒေးရဲ့ ရုပ်ထုတော်အနေအထားကို ကြည်ညို နိုင်ပါပြီ ခင်ဗျား''

ဦးသာဒွန်း၏မျက်နှာမှာ ပီတိဖြင့် ရွှန်းရွှန်းပနေပါသည်။ ကျွန်တော့်မှာလည်း ဆရာကဲကို ကြည်ညိုသည်ထက် ကြည်ညိုလိုက်ရပါသည်။

''ဆရာနဲ့ တွေ့ကြုံရတာ ကျွန်တော် အတိုင်းမသိ ကျေနပ်သွားပြီ ဆရာကဲ၊ သုံးဆယ့်တဘုံ အလုံးစုံ မြင်တော်မူတဲ့ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ကျွန်တော့်ကိုမကောင်းကြံတဲ့လူ ရှိတဲ့အခါ သက်ာယန မကင်းအောင် စိတ်တထင့်ထင့် ခံစားရတာ အကြောင်း ယုတ္တိသိပ်ရှိပါတယ်၊ ဒါကြောင့် မိဿအစဉ်အဆက် ရှိသေကာ မြတ်နိုးကိုးကွယ်လာခဲ့ကြတာကိုး၊ ဆရာကဲကို ကျွန်တော်အထူးပူဇော်ပါရစေ''ဟု ပြောပြီး ငွေဘရာဘန် စက္ကူ အသစ်ကျပ်ချွတ်ဖြင့် တလေးတစား ချီးမြှင့်လိုက်ပြီးမှ လက်ဖက်ရည်ပွဲ မုန့်ပွဲများ သီးသန့်ပြင်၍ ပြုစုလိုက်ပါသည်။

''ဆရာကဲရေ...ဒီနေ့ ညနေတော့ ခင်ဗျား အနားကမခွာတော့ဘူး၊ ဗုဒ္ဓနှင့် ပတ်သက်သမျှ ကောင်းကောင်းကြီး တရားနာရမယ်။ ကဲ...သုံးဆောင်ပါဦး၊ ဟော့...မောင်သိန်းမောင် မင်းလဲ စားကွ၊ အေး...ဆရာကောင်း တပည့်ပီသအောင် ဆရာကဲဆီက ဗဟုသုတတွေ အကုန်ရအောင် ယူလိုက် ပေတော့၊ ကဲ ...အေးအေးဆေးဆေး စားသောက်ပြီး ခဏခတ္တ အနားယူပါ''

ဦးသာဒွန်းက သဒ္ဓါဝတ်ကျောပွန်စွာ ပြုစုပြောဆိုပြီး သူ၏ရုပ်ထုတော်ကို တိုက်ပေါ်သို့ တရိုတသေ ပြန်ပင့်သွားပါသည်။

''မင့်လူကြီး သိထားပြီးသားကို မေးတာနဲ့ တူတယ်ကွ၊ မဖြေနိုင်ယင် အထင်သေးသွားမှာ၊ ငါလဲ ဒီပုံတော်မျိုး ဒီတခါပဲ ဖူးဘူးတယ်၊ ကံကောင်းလို့''ဟု ဆရာကဲက ပြောသဖြင့်–

"ဆရာက အဖြေဘယ်လို ရတာလဲ"

"ငါလဲ ဆင်းတုတော်ကို ကြည့်ပြီး ဖတ်ဖူးသမျှ၊ နာဖူးသမျှတွေကို ပြေးလွှား စဉ်းစားရတာပေါ့၊ နောက်တော့မှ မဟောသရ နတ်ကြီး ချွတ်ခန်းကို သတိရတော့တယ်၊ မြတ်စွာဘုရားဟာ မဟောသရနတ်ကြီးရဲ့ အလို ဆန္ဒ အတိုင်း မျက်နှာတော်ကို လက်တော်နှင့် အုပ်ဖုံးပေးရ ရှာတယ်"

"မျက်တောင်မွေးပေါ် စက်ကြိုးလျှောက်တယ် ဆိုတဲ့ စကားဟာလဲ ဒါကို အကြောင်းပြုလို့ ပေါ်လာတာသင်တယ် ဆရာ ဟုတ်သလား"

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်ကွာ၊ ဒါပေမယ့် ဒီစကားကို လူသွန်းခူးစားတဲ့ နေရာမှာ သုံးနေကြတာမို့ ပြောကောင်းမယ် မထင်ပါဘူး"

"အံ့ဖွယ်တော် (၁၈) ပါးကို ပြောစမ်းပါ ဆရာ၊ ကျွန်တော် မှတ်ချင်လို့"

"ခဏစောင့်ကွာ၊ မင်းလူကြီးလာတော့ သူ မမေးပဲ နေမှာ မဟုတ်ပါဘူး ကြည့်နေ"

ထိုနေ့ညက ဘုရားပင့်ပြီးသည်မှစ၍ ဦးသာဒွန်းနှင့် စကားလက်ဆုံ ကျခဲ့သဖြင့် ပရိတ်တော်များ ရွတ်သည့်အခါသာ စကားစပ် ပြတ်သွားခြင်း ဖြစ်ပါသည်။

ဦးသာဒွန်းတို့ အိမ်သားစု အကုန် ပရိတ်တရားတော်များကို ရိုရိုသေသေ အာရုံပြုကြပါသည်။ ထော်လော် ကန့်လန့် သမား ကြီးဟု အခေါ်ခံရသော်လည်း မှန်ရာကိုတိုတိုပြတ်ပြတ် ပြောတတ်၍ ရတနာသုံးပါးကို ကြည်ညိုပုံမှာ အဘော် ရှားရှားပါးပါး လူစားကြီး မျိုး ဖြစ်သည်။ သူကျေနပ် ကြည်ညိုလာသည့် အတွက် ငွေကြေး သဒ္ဓါရက်ရော သည်မှာ တော်ရုံစေတနာမဟုတ်။ ထိုခေတ်က ဘုရား ကို ဆူ ဆရာကို ငွေငါးကျပ်မျှသာ ဉာဏ်ပူဇော်ပေး ကြသည်။ ဆရာကဲက ငွေ ၂၅-ကျပ်မှ လက်ခံသည်။ ထိုနှုန်းကို သိနားလည်ပြီး ဖြစ်သော ဦးသာဒွန်းက ငွေတရာ ပူဇော်ရုံမျှမက "ဆရာကဲကို ငွေတရာပေးရတာ တန်တယ်၊ လူတွေကို (ညာတာပါတေး) ဖိတ်မကျွေးဘူး၊ ဆရာကဲကို ပို့ပေးမယ်"ဟု ဝါဒ ဖြန့်နေသောကြောင့်–

"ဦးသာဒွန်းကြည်ညိုတာနဲ့ ငါ့မှာလူတောင် မဟုတ်သလို ဖြစ်နေပြီ ဟေ့"ဟု ဆရာကဲက ရယ်ရွှန်းဖတ်ရွှန်းပြောခဲ့ဖူးပါသည်။

ထိုနေ့ညက ဆရာကဲ ပြောသည့် အတိုင်းပင် ဦးသာဒွန်းက အံ့ဖွယ်တော်(၁၈)ပါးကို ဟောပြပါဟု အဘိယာစက လုပ်သည်။

"ကျွန်တော်တို့မှာ ဘုရားဂုဏ်တော်ကိုးပါး၊ အာဝေဏိက ဂုဏ်တော် (၁၈) ပါး ကိုသာ ကြားဖူး ဖတ်ဖူးလို့ ကြည်ညို နေရ ပါတယ်။ အံ့ဖွယ်တော် (၁၈)ပါး ဆိုတာ ယခုမှ ကြားဖူး ပါတယ်"

ဦးသာဒွန်းက ဆရာ့ပညာကို လေးစား လာသကဲ့သို့ ဆရာကဲကလည်း၊ ဦးသာဒွန်း၏ပွင့်လင်းမှု၊ သဒ္ဓါဒေယျ ရက်ရောမှုတို့ကို လေးစားလာသည်ဖြစ်ရာ ထိုတညတည်းနှင့်ပင် ရင်းနှီးကျွမ်းဝင်ရှိလာကြသည်။

"အံ့ဖွယ်တော်(၁၈)ပါးကို ဖွင့်ဆိုတော်မူကြရာမှာ ပရိတ်ကြီး အဋ္ဌာနာဋိယသုတ်က ဥပေတာ ဗုဒ္ဓခေမ္မဟိ၊ အင်္ဂီရသဟိ နာယကာ ဆိုသော ဂါထာအရ အာဝေဏိက ဂုဏ်တော် (၁၈) ပါးကိုပဲ အံ့ဖွယ်တော် (၁၈) ပါး လို့ သတ်မှတ်ပါတယ်။ အစိန္တေယျ ဝတ္ထုမှာတော့ တမျိုးပြပါတယ်။

၁။ ဝတ်တော်မူသော သင်္ကန်း တော်သည် ဖွပ်ဆို ခြင်း၊ ဟောင်းနွမ်း ခြင်း မရှိ၊

၂။ ဆံတော်သည် တောထွက်တော်မူသော အခါ ဖြစ်တော်မူသည့် အတိုင်း လက် နှစ်သစ်မျှပို၍ ရှည်လာခြင်း၊ တိုသွား ခြင်းမရှိ။

၃။ ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ သပိတ်စသော ပရိက္ခရာတော်ကိုဆောင်တော်မူလျှင် ကိုယ်တော်နှင့်မထိ၊ လက်လေးသစ်မျှ ခြားနေခြင်း။

၄။ ဆွမ်းစားပြီး၍ သပိတ်တော်ကို ဆေးလျှင် လက်တော်ပါ စင်ကြယ်ပြီးဖြစ်၍၊ လက်တော်ကို ဆေးလျှင် သပိတ်တော်ပါ စင်ကြယ်ပြီး ဖြစ်ခြင်း။

၅။ မုန့်ညင်းစေ့ ခန့်သော မြေမှုန့် တွင်းသို့ ကြွင်နိုင်ခြင်း။

၆။ ခြောက်ပါး သော ရောင်ခြည်တော်ကို လွှတ်လျှင် အရပ်ဆယ်မျက်နှာသို့ အပိတ်အပင်မရှိ ပျံ့နှံ့ တော်မူခြင်း။

၇။ နိမ္မိတ ကိုယ် တော် ပွား အဖြစ် အသိန်း အသန်း ဖန်ဆင်းနိုင်ခြင်း။

၈။ လောကသုံးပါး၌ အမိုက်တိုက်ကိုလည်း ကောင်း၊ အလင်း ကို လည်း ကောင်း ဖန်ဆင်းနိုင်ခြင်း။

၉။ ကိုယ်တော်ကို အထက် ကောင်းကင်၌ လဝန်းကဲ့သို့ ရပ်တည် နိုင်ခြင်း။

၁၀။ တရား ဟောတော်မူလျှင် အဝေးဆုံးရှိ ပုဂ္ဂိုလ်တို့ပင် အနီး၌ နာရတိ သကဲ့သို့ ကွဲကွဲပြားပြား နာနိုင်ခြင်း။

၁၁။ ဝေနေယျတို့၏ ဖြစ်ပေါ်နေသောအလို ဆန္ဒကို သိတော်မူခြင်း။

၁၂။ ဝေနေယျတို့၏ ကျွတ်နိုင်သော ဣန္ဒြေ အနုအရင့်ကို သိတော်မူခြင်း။

၁၃။ ဝေနေယျတို့အပေါ်ဝယ်မဟာကရုဏာ ထားတော်မူရာ၌ အတုမရှိခြင်း။

၁၄။ ဉေယျဓံ သင်္ခါရ တရားကို သိတော်မူခြင်း။

၁၅။ ဉေယျဓံ ဝိကာရ တရားကို သိတော်မူခြင်း။

၁၆။ ဉေယျဓံလက္ခဏာတရားတို့ကို သိတော်မူခြင်း။

၁၇။ ဉေယျဓံနိဗ္ဗာန်တရားကို သိတော်မူခြင်း။

၁၈။ ဉေယျဓံ ပညတ်တရားတို့ကို သိတော်မူခြင်း။

''အဲသည်လို ဇိနလက္ခဏာ ဒီပနီ ဆရာက ရောင်ခြည်ခြောက်သွယ်၊ ဘဝင်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ ဆိုတဲ့ သတ်ပုံကို ဖွင့်ဆိုပါတယ်၊ ရှေးဆရာတော်ကြီးများရဲ့ အယူအဆ ကတော့ ဉေယျဓံ တရား ငါးပါးကို သိတော်မူခြင်း ဟူ၍ တပါးတည်းသာ အရေအတွက် ယူ၍ နောက်ထပ် (၄)ပါး ဖော်ပြထားခြင်း ကြောင့် ပိုမိုပြည့်စုံစွာ ကြည်ညိုရပါတယ်၊ ဘယ် (၄)ပါးလဲ ဆိုတော့—

၁။ ဆွမ်းခံ ကြွဖို့ လက်တော်ကို ဆန့် လိုက်လျှင် သပိတ်တော် ရောက်လာ ခြင်း။

၂။ ရေမီး အစုံ တန်ခိုး ပြာဋိဟာ ပြတော်မူနိုင်ခြင်း။

၃။ တာဝတိံသာ သို့ အဘိဓမ္မာ တရား ဟောတော်မူရန် ကြွတော်မူရာ၌ ၆၈ တိ သုံးဖဝါး နှစ်လှမ်းဖြင့် ကြွတော် မူနိုင်ခြင်း။

၄။ ဒေသစာရီ ကြွတော်မူလျှင် မြေအပြင်၌ ခြေတော်ရာ မထင်သည့် အပြင် ဆူးငြောင့် ခလုတ်ကင်း၍ တညီတညွတ် ဖြစ်နေခြင်း။

''အဲသည့် (၄)ပါးနှင့်ပေါင်းပြီး (၁၈)ပါးလို့ ဖော်ပြတော်မူကြပါတယ်''

ဦးသာဒွန်းက ဓမ္မကထိက ရဟန်း တပါး လောက် ရှိသေလေးစားနေပါပြီ။

"ကျွန်တော်တို့မှာ ငယ်ငယ်ကသာ ဘုန်းကြီးကျောင်း နေခဲ့ဖူးပါတယ်။ လူသားမြောက်တာနဲ့ စီးပွားရေးဘက် လုပ်ရကိုင်ရ လေတော့ ကျမ်းကြီး ကျမ်းခန့် စာပေ ပရိယတ္တိနဲ့ ကင်းကွာခဲ့ပါတယ်၊ အခုမှဖတ်ပြန်တော့ စာကိုသဘောပေါက်အောင် နားမလည်တော့ပါဘူး၊ ဒါဟာ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြောတာပါ၊ ကျွန်တော် ချွင်းချက်မပါဘူး၊ ဒီတော့ ဆရာများ အားလို့ အချိန်ပေးနိုင်မယ်ဆိုယင် ကျွန်တော့်ဆီကို တလ တခေါက်လောက် ညစာထမင်းသုံးဆောင်ယင်း သိကောင်းစရာမွေးဒေသနာပြုပေးပါလို့ တလက်စ ဘည်း ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ"

ဤသို့ဖြင့် ဆရာကဲ၏ ဂုဏ်သတင်းမှာ ကျိုက်လတ်မြို့နယ်အတွင်း ထင်ပေါ်ခဲ့သည်။

ဆရာကဲအား နီးနီးကပ်ကပ် ချဉ်းကပ်လေ ကျွန်တော့်မှာ ဗဟုသုတ များများရလေ ဖြစ်ရပါသည်။ စာပေအရေးအသားမှာလည်း ကျွမ်းကျင်ကြောင်း သိရပါသည်။

"ဆရာဦးသာဒွန်းအိမ်မှာ ပြောခဲ့တဲ့ အံ့ဖွယ်တော်(၁၇)ပါးကို ဘုရားရှိခိုးရေးပေးပါ ဆရာ၊ ကျွန်တော်မမေ့အောင် ကျက်သားချင်လို့ပါ" ဟု ပူဆာသောအခါ-

"အေး—ခင့်အကြံမဆိုးဘူးကွ၊ လက်ာကာရံ ကလေးနဲ့ကျက်ထားတော့ အာဂုံရဖို့ လွယ်တာပေါ့၊ တနေ့တော့ ငါ့တပည့်ဖို့ ဆရာ ရေးပေးပါ့မယ်ကွာ၊ ငါက ရေးတယ်ဆိုပေမယ့် မင်းက လက်ရေးနဲ့ လိုက်ရေးရမှာ၊ ငါက ကာရန်ရှာပြီ နှုတ်ကရွတ်ရုံရွတ်ပေးမှာ"ဟု ပြောပါသည်။

ဆရာကဲ ကြိုက်တာလေးများရှိသည်။ ဂဠုန်နဂါး ဆေးပြင်းလိပ်ကောင်းကောင်း၊ ဇယန်းလက်ဖက်စိုနူနူလေးများ၊ ရွှေဖီမို လွတ်လက်ဖက်ရေကြမ်း၊ ဒူးရင်းယိုနှင့် စွန်ပလွံယို၊ ဒါတွေ ကျွန်တော့်အမေ ကုန်စုံဆိုင်မှာ အပြည့်အစုံရသည်။ ဆရာကဲထံ တခေါက်သွားလျှင် တခုခု ပါမြဲဖြစ်လေရာ တခါတော့ ဆရာကဲက ဤသို့ တားမြစ်သည်။

"ဟေ့ – မောင်သိန်းမောင်ရ၊ ဆရာ့ကို ပူဇော်တယ်ဆိုတာ ပညာကို စတင်တောင်းခဲ့တဲ့ နေ့ရယ်၊ ပညာတတ်လို့ ကန်တော့တဲ့နေ့ရယ်၊ အဲသည့်အခါနှစ်ပါးမှာသာ မစ္စည်းဥစ္စာလှူဖွယ် ဝတ္ထုတို့နဲ့ ပူဇော်ယင် ပြီးတယ်၊ ဒါမှ တပါးဝါဝင် ဝါထွက် ကန်တော့ ကြယင်လဲ တော်လောက်ပြီ၊ လာတဲ့အခေါက်တိုင်း တခုခုယူလာတာကို လက်ခံယင် ဆရာ့သိက္ခာကျတတ်တယ်၊ ဆရာကောင်းတို့မည်သည် ပညာကို ယူနိုင်သလောက်ပေးပြီး ရှိတာကို ထုတ်ကျွေးရတာ၊ အနွေဝါသိက တပည့်ဖြစ်ချင်ယင် တောက်တိုမယ်ရပြုစုလုပ်ကိုင်ပေးဖို့ပဲ၊ တနေ့မင်းလဲဆရာဖြစ်လာမှာ၊ တပည့်ဆီက ကန်တော့ထိုင်းမယူလေနဲ့"

ဆရာကဲကား ဆရာမာနရှိသည်။

ကျွန်တော်က တပည့်အဖြစ် ကူညီ၍ ဘုရားပင့်သည့်အခါတိုင်း သူ့ဉာဏ်ပူဇော်ခမှ ရှင်ကျပ်တန်၊ တဆယ်တန်ပိုးလုံချည်များကို ဆုအဖြစ်မယူမနေရ ပေးတတ်သည်။ ငြင်း၍မရ။

"ဟ–တပည့်ရ၊ မင်းတို့ပိုက်ဆံရှိမှန်း ဆရာသိတာပေါ့၊ အခုပေးတာက ငါပေးတာမဟုတ်ဘူး၊ ကုသိုလ်ကမ္မဖလကပေးတာ၊ မင့်ကုသိုလ်အတွက် မင်းရတာ၊ ဝမ်းမြောက်ဝမ်းသာ ခံယူကောင်းတယ်"ဟု ပြောပြီး ပေးတတ်သည်။

တေးဂီတသီချင်းကြီး သီချင်းခန့်တို့မှာလည်း ဝါသနာရှိသည်။ ကဗျာလင်္ကာနှင့် ပတ်သက်၍ တခါတခါ ပြောဖူးသည်။

''မင်း သီချင်းဂီတဝါသနာပါတာကောင်းတယ်၊ကဗျာရေးသူချင်းတူတူဂီတကိုနားတတ် တီးတတ်ဘဲ့လူကသံနေသံကျရွတ်လို ဆိုသို့ကောင်းအောင် ရေးနိုင်တယ်၊ တချို့ ဦးပဉ္စင်းတွေရေးတဲ့ ရတုဆိုယင် အဓိပ္ပာယ်စာသားက ကောင်းပါရဲ့၊ သံနေသံထားနဲ့ ဖတ်တဲ့အခါကျတော့ ထောင့်နေတာတယ်၊ဂီတသံနဲ့ ဆိုသို့မကောင်းဘူးပေါ့ကွာ၊ အေး-ဘုရားရှိခိုးတာတောင် ဂီတသံ နားလည်တဲ့သူက ရှိခိုးယင် ကြားရသူမှာကြည်ညိုလာတာပေါ့။ ဘုရားကိုးဆူ ပူဇော်ရာမှာလဲ နာချင်စဖွယ်ရှိတယ်''

တနေ့တော့ သူ့အိမ်မှာ ထမင်းကျွေးပြီး အံ့ဖွယ်တော်(၁၈)ပါး ဘုရားရှိခိုး ရေးရသည်။

''နေဦးကွ မောင်သိန်းမောင်၊ (၁၈)ပါးခေါင်းစဉ်ကို မမေ့နိုင်အောင် အက္ခရာသင်္ကေတနှင့် စရေးထား။ ဘော၊ဇ၊သု၊နေ၊မ၊ဘူ၊စံ၊နာ၊ဝိ၊ဝေလို့ ဇာတ်ကြီးဆယ်ဘွဲ့ကို မှတ်သလို အံ့ဖွယ်တော်(၁၈)ပါးကိုလဲ ကေ၊ စီ၊ ခါ၊ခေါ၊သာ၊ ရ၊နိ၊ ဇာ၊အာ၊ဒေ၊အာ၊ မ၊ကျ၊ကျ၊ရ၊ပ၊ကျ၊ဥ။ အံ့ဖွယ်တော်ပေါင်း (၁၈)ထွေပေါ့ကွာ''

''ဟုတ်ကဲ့ဆရာ''ဟု ကျွန်တော်က ခပ်သွက်သွက် လိုက်ရေးပါသည်။

ဆရာကဲသည် မီးသေနေသောဆေးပြင်းလိပ်ကို မီးမညှိပဲ ဖွာ၍ (ကာရန်)ရှာတတ်သည်။ မကြာမကြာ နှုတ်မှ 'အေး....အေး... အေး'ဟု အရှိန်ယူယင်း (ကာရန်) ရှာတတ်သည်။ တခါတလေဘော့ လက်ဖက်ကို လက်ညှိုးလက်မနှင့် နှိုက်ပြီး မြုံ ယင်း (ကာရန်)ရှာတတ်သည်။ သို့သော် မကြာပါချေ၊ ကာရန် အဆင်ပြေသွားလျှင် တပိုဒ်သုံး ချောချောမောမော ရွတ်သွားပါတော့သည်။အောက်ပါဘုရားရှိခိုးကို တထိုင်တည်းနှင့် အပြီးလိုက်ရေးခဲ့ရပါသည်။

၁။ (ကေ)။ ကေသာစ။ ရမ္မ၊သုဘ, သုရမ္မတို့ကို၊ ဒုပ ါပ မခကောင်းထင်ပြီး၊ အလောင်းသခင်နိက္ခမ်ကျွင့်စဉ်က၊ စိတ်အကြံသင့် တိမ်နဘံတက် ကြွ ရော့ လို့၊ စိန့်အလျှံ (ခဂ္ဂ)နှင့် မပျက်မလစ်(ပဟာတ)တုန်းကလက်နှစ်သစ် ပမာဏကေသီတော်သည်၊ မြေမဟီကျော်အောင် အဓိဋ္ဌာန်တင်သောကြောင့်၊နိဗ္ဗာန်ဝင်တောင်အတည် နဂိုရင်းကဲ့သို့၊ ရှည်တိုခြင်း မရှိ သော အံ့ဖွယ်တော်။ (ခဂ္ဂ=သန် လျက်)။ (ပဟာတ=ပယ်ဖြတ်သည်)။

၂။ (စီ)။စီဝရဉ္စ၊ ဝတ်ရုံသင်္ကန်းတင် အလှမ်းတို့သည်၊ တမင်နွမ် ၍ မဟောင်းမြင်းပဲ၊ တပေါင်းတစည်းတည်း၊ ယခင်က ရှိသလို၊ နဝဂ်ပကတိမမှုရဇ်အရှင်၌၊အသစ်အသွင်ကဲ့သို့တည်တော်မူသော အံ့ဖွယ်တော်။ (စီဝရံ=သင်္ကန်း)။

၃။ (ခါ)။ ခါရဏဉ္စ၊ ရှစ်ပါးသော ပရိက္ခရာအစုံတို့သည်၊ ဟိတ်သမ္ဘာဟုန် ဘုန်းတော်အနန္တကြောင့်၊ ဘုန်းမော်သမန္တကာယေတော်မှာ၊ ပထဗျာမြေကျော်ကာ တိုက်စကြဝဠာနှံ့ ပါရဲ့၊ မိုက်ဝက်ခန့် ပမာဏကွာသော အံ့ဖွယ်တော်။(ခါရဏ=ဆောင်ခြင်း)။

၄။ (ခေါ)။ ခေါဝနဉ္စ။ ဇနိန္ဒာသဘာ၊ရှိန်အဝါကြွဘာဖြင့်၊ ပိဏ္ဍာပါတဟုကျမ် စကားမှီးရလျှင်၊ ဆွမ်းစာ ၍ ပြီးကာ ရွှေလက်ကိုဆေးကာနှင့် (ရေတစက်ကမှ မထွေးပဲ၊ သပိတ်ပါစင်သဖြင့်၊ ဓမ္မိသရာ အရှင်၏အံ့ ဖွယ် ဘော်။ (ခေါဝန= ဆေးကြောခြင်း)။

၅။ (သာ)။ သာသပဒ္တပဝေသနာ။ သေးငယ်သော မုန် ညင်း စေ့ တို့တွင်၊ ဂုဏ်

သဘင်းမလေ့စုံအညီ ပရိက္ခရာနှင့်၊ ဘုံမဟီ ထိတ်စရာအတွင်း အန္တရဉ်၊ စကြံကြွတော်မူနိုင်သော အံ့ဖွယ်တော်။ (သာသပမတ္တ= မုန့်ညှင်းစေ့မျှ၊မုန့်ညှင်းစေ့လောက်အတိုင်းအဘာရှိသောမြေမှုန့်၊ ပဝေသန=ဝင်တော်မူခြင်း)။

၆။ (၇)။ရသ္မိဖလဥ္စ။ နီလ၊ ပီတ၊ လောဟိတာတို့သည်၊ သဘောရှိသမျှ ရွှေတန်ခိုးတော်အဟုန်ကြောင့်၊ မြေမိုးနှစ်ဖော်တုန်အောင် ဆယ်မျက်နှာအရပ်၌၊ နယ်စကြဝဠာအထပ်ထပ် အထက်အောက် ဒီသာမှာ၊ ဘဝဂ်ဖောက် ဖီလာ ဘ မုဟာဘ်ချင်းစပ်၍၊ ထုတ်ချင်း ခတ် ဖောက် နိုင်သော အံ့ဖွယ်တော်။ (ရသ္မိ=ရောင်ခြည်တော်) (ဖလ=အကျိုး)။

၇။ (နိ)။ နိမ္မိတဥ္စ။ လူနတ်ဗြဟ္မာ သတ္တဝါအထွေထွေကို၊ အမတာရွှေမြေ ဖေါင်မဂ္ဂင်ကုတို့နှင့်၊ သောင်ထက်တင် ပို့ဖို့အကျိုးမြော်ပြီး၊ တန်ခိုးတော်ဖြင့်မိမ္မိနိဒ္ဒိရဇာသည်၊ နိမ္မိဘ ဘဂဝါ ဇမ္ဗူတသောင်းအပြင်၊ မြေတွင် အဆူပေါင်း အသင်္ချေ ဖန်ဆင်းတော်မူနိုင်သော အံ့ဖွယ်တော်။ (နိမ္မိတ= ရုပ်ပွားတော်)။

၈။ (ဇာ)။ဇာတိအာကာစ။ ဇာတိ၊အာကာ ဝိသယာဟု၊ ဤအခါခေတ်အန္တရ တို့၌၊ ဓမ္မရာဇ် အရဟံဘဝ (သနင်း)အခေါင်သည်၊ အသင်းအမှောင် အကျိုးနှစ်ပါးတို့ကို၊ တမျိုးတမျိုးစီခြား၍ ဖန်ဆင်းနိုင်ခြင်း အံ့ဖွယ်တော်။ (ဇာတိခေတ်၊ အာဏာခေတ်၊ဝိသယခေတ်)။

၉။ (အာ)။ အာကာသဥဒ္ဓဂ်မဥ္စ။ အဋ္ဌဂ ယာအပြနင့် ထုတ်အစဉ်လင်းရမှာဖြင့်၊ ဗုဒ္ဓင်သနင်း သမန္တဘဂဝါသည်၊ စန္ဒရပမာ ယုန်ရထားရဟတ်ကဲ့သို့၊ဘုံဖျားပြာသာဒ်နှင့် တဟိုးဟိုးကျော်အောင်၊ မိုးအပေါ်၌ ဖန်ဆင်းတော်မူနိုင်သောအံ့ဖွယ်တော်။ (အာကာသ=ကောင်းကင်၊ ဥဒ္ဓဂ်မ=အထက်သို့တက်ခြင်း)။

၁၀။ (ဒေ) ဒေသနာစ။ အသံတော် ရှစ်ဖြာတို့ကို အမှန်ဖော်လှစ်ကာ တကန့် တကန့်လင်းရလျှင်၊ သန့် ရှင်း သည်၊ သာယာသည်၊ သိလွယ်သည်၊ နာချင်ဖွယ်ရှိသည်၊ မပြင်းသည်၊ စည်းလုံးသည်၊ နက်နဲသည်၊ ပဲ့တင်ထပ်သည်။ ဤကဲ့သို့ ရှစ်ပါးသော အသံတော် အစုံဖြင့်၊ နဘံကျော် တုန်အောင် ဓမ္မစက်ရတနာဟောလိုက်လျှင်၊ စကြဝဠာတကြောမှ မဟာ ပရိသတ်တို့မှာ၊ ဓမ္မာ ဟိတ်ခတ်၍ ကြား နိုင် ခြင်း အံ့ဖွယ်တော်။

၁၁။ (အာ)။ အာသယာနုသယဥ္စ။ ဘဂဝါဇိနသည်၊ သတ္တဝါ ရှိ သ မျှ၊ စိတ်မနအစဉ် တို့ကို၊ ဓမ္မိဿရသခင် နှုန်း ခြုံ ၍ကြည့်လိုက်လျှင်၊ အလုံးစုံ သိမြင်တော်မူသောအံ့ဖွယ်တော်။(အာသယာနုသယ= အလိုဆန္ဒစွဲတည်မှု)။

၁၂။ (မ)။ မဟာကရုဏာသမာပတ္တိစ။ ခပ်သိမ်းသော သတ္တဝါရှိသမျှကို၊ အပါယဂမနိယဒုက္ခ အတန်တန်မှ၊ မုချအမှန်ခွာ ရှောင် မြန်းကြ စေ ဖို့၊ အမတာ သောင်ကမ်း ယူဘင်ရာမှာ၊ အတူယှဉ်စရာ၊ ပထဗျာအထုရှိသမျှထက်၊ မဟာကာရုဏိက်ကြီးတော်မူသော အံ့ဖွယ်တော်။

၁၃။ (ယ)။ ယမကပါဋိဟာရိယဉ္စ (ကွ)။ ကူစွိတဥ္စ။ ဘုရားအလိုရှိက၊ ပတ္တမြားညို အတိပ သပိတ် ရတနာသည်၊ မဟိဿရာ၏ ဘုန်းဂုဏ် အနန္တကြောင့်၊ အလုံးစုံ ပျံကြွ၍၊ မြေအက်ကာ ကျော်

လောက်အောင်၊ ရွှေလက်နှစ်ဖြာပေါ်သို့ ရောက်လာရသော အံ့ဖွယ်တော်။

၁၄။ (ဏ)။ ဏ္ဍမြီသာ်ရောပရိယတ္တိစ။ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ၊ ဇလာအဏ္ဏဝဗွက်ကြမ်း ဇလုတ်မှ၊ မင်္ဂြမ်းအချုပ်သို့ တင်စရာ သဘောထားပြီး၊ ရှင်ဘဂဝါစောဘုရား သိန်သရေ ရှုချင့်လိုက်လျှင်၊ ဏ္ဍမြီနုရင့် သိတော်မူသော အံ့ဖွယ်တော်။ (ဏ္ဍမြီသာ်ရောပရိယတ္တိဉာဏ= သတ္တဝါတို့ ကျွတ်ထိုက်-မထိုက်သိတော်မူခြင်း)၊

၁၅။ (ရ)။ ရတနစင်္ကမ္မ။ ရတနာစင်္ကြံမှ၊ ဘဂဝါသနင်း အမှန်မနွေး တမင်ရှုဆလိုက်ဘော့၊ ရေးကတည်းက သတိအမှတ်ထားပြီး၊ အမိနတ်သား သန္တုဿိတကို၊ ဓမ္မခံချုပ်အဆီ၊ အဘိဓမ္မာ ဟောရအောင်၊ ဇိနာစော နှလုံးထား မှန်းပြီး သုံးဖဝါးနှစ်လှမ်းဖြင့် တာဝတိံသာသို့ ကြွတော်မူနိုင်သော အံ့ဖွယ်တော်။ (သရက်ဖြူပင်၌ တန်ခိုး ပြာဋိဟာပြုပြီး တော်မူသော မြတ်စွာဘုရားသည် မယ်တော် မာယာဒေဝီဖြစ်ခဲ့သော သန္တုဿိတနတ်သားအား အဘိဓမ္မာတရားဟောတော်မူခြင်းငှာ တာဝတိံသာနတ်ပြည်သို့ကြွမြန်းရန်ဆန္ဒဖြစ်ပေါ်တော်မူသည်။ ထိုအခါ နေထွက်ရာအရပ်မှဖြစ်သော ယုဂန္ဓိုရ်တောင်ကြီးသည် အလိုအလျောက် မြတ်စွာဘုရား၏ခြေဖဝါးတော်အောက်သို့ ဝပ်လျှိုးလာခဲ့သည်။ ယုဂန္ဓိုရ်တောင်က မူလအမြင့်အတိုင်း ပြန်၍ ရောက်ရှိသောအခါ မြင်းမိုရ်တောင်က ငုံ့လျှိုး၍လာသဖြင့် မြတ်စွာဘုရားက မြင်းမိုရ်တောင်ထိပ်သို့ တက်လှမ်းတော်မူလိုက်လေသည်။ မြင်းမိုရ်တောင်မှ တာဝတိံသာနတ်ပြည်သို့ ပို့ဆောင်ပေး၍ ခြေဘလှမ်းဖြင့် ဖဝါးတော်ကို ချတော်မူရသည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် တန်ခိုးဣဒ္ဓိပါဒ်မဟုတ်မူ၍ ပကတိခြေလှမ်းဖြင့် သုံးဖဝါး နှစ်လှမ်း လှမ်းကြွတော်မူသည်ဟု မဟာဗုဒ္ဓဝင်လာသည်။

ဤကို ရည်၍ 'သက်မရှိသည့် ဂီရိဗဟို၊ တောင်မြင်းမိုရ်မှလည်း၊ လိုတော်လိုက်ကာ ညွှတ်ငိုက်လာရခြင်း'ဟု ယတ္တကာမ ဝသယိတာဂုဏ်တော်ကို ကျီးသဲလေးထပ်ဆရာတော် ဖွင့်ဆိုတော်မူပုံကို ပြခဲ့ပြီ)။

၁၆။ (ပ)။ ပထဝီစ၊ ပရမေဘဂဝါအရဟာ၊ ဒေသစာကြွသော်၊ ဖွေရှာလို့ မရနိုင်အောင်၊ ကေရာသခင်၌၊ ခြေရာမထင်၊ နှစ်သိန်းလေးသောင်းတို့သည်၊ ဧလိမ့်ကွေးစောင်း၍ ပထဝီကွဲမလိုဖြင့်၊ ဇ ညီတည်းကို ဖြစ်ရခြင်း အံ့ဖွယ်တော်။ (မြတ်စွာဘုရားသည် သိန္ဓောမြင်းကဲ့သို့ ပေါ့ပါးသော အဟုန်ရှိသဖြင့် လည်းကောင်း၊ သူတပါးတို့ မနင်းဝံ့ဖြစ်အံ့ နိုး၍လည်းကောင်း အမိဋ္ဌာန်မရှိပဲ ခြေတော်ရာ ထင်ရှားခြင်း မရှိ။ မာဂဏ္ဍီယပုဏ္ဏား လင်မယားတို့ မြင်သာအောင် ခြေတော်ရာ ချပြတော်မူခဲ့သော်လည်း ကိစ္စပြီးသော် အလိုအလျောက် ပျောက်ကွယ်သည်)။

၁၇။ (ဏ)၊ ဏ္ဍဒ္ဓိဝိဓာစ။ ဏ္ဍဒ္ဓိဝိဓ တန်ခိုးတော်နှင့် မဟိဿရိဇိန အကျိုးမြော်ပြီး၊ တဟိုးဟိုးကျော်အောင် ယမကပဋိဟာ


ပြစဉ်ကာ၊ ဘုရား့ကာယိပသာဒ၊ ချက်တော်ဗဟိုမှ၊ အထက်ပေါ်တစ်ခိုတွင်၊ အာပေါ်ကသိုဏ်းဖြင့်၊ ပထဗျာ တကြောက လှိုင်းကာ မြေဝသုန် ကြွလောက်တဲ့၊ ရေအစုန် ကျကာ ကျကာ၊ ခါးအပြင် အောက်မှာတော့၊ အများမြင်လောက်အောင် ရွှေသဘောပိုင်းပြီး၊ တေဇောကသိုဏ်း၊ အရဟံ ပွားလိုက်သဖြင့်၊ နှစ်တန်စလျား မြေဟည်းလို့တုန်ပါရော့၊ ရေမီးအစုံ ပြတော်မူနိုင်သော အံ့ဖွယ်တော်။

(ယမက=ရေမီးအစုံ ဖြစ်သော၊ ပါဋိဟာရိယ=တန်ခိုးပြာဋိဟာ)။

၁၈။ (ဋ္ဌေ)။ ဋ္ဌေယျမဗ္ဗဥ္ဖ။သခ်ါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဋ္ဌေယျခံ့တို့ကို၊ ရွေးမျှမကျန်၊ မှုထင်ထင်လင်းသည့်မို့၊ ပြုပြင်ခြင်းနောက်ဉာဏ်မြှာလိုက်လျှင်၊ ဖောက်ပြန်ကာ စိတ်ဖန်ခြားလို့မို့၊ နိဗ္ဗာန်တရားပညတ်မမှာတို့ကို၊ လစ်လပ်မကွာ လက္ခဏာယင်းတို့ကို၊ ဘင်္ဂါပါမကြွင်း ဧကန်ဖော်၍၊ ရွှေဉာဏ်တော်ဖြင့် သိတော်မူသော အံ့ဖွယ်တော်။

(သခ်ါရ=ပြုပြင်ခြင်း။ ဝိကာရ=ဖောက်ပြန်ခြင်း။ လက္ခဏ=သဘောလက္ခဏာ။ နိဗ္ဗာန်=ချုပ်ငြိမ်းရာ။ ပညတ်=နာမပညတ်။

ဤသို့ အံ့ဖွယ်တော်ဂုဏ်၊ ဆယ့်ရှစ်စုံဖြင့်၊ ကုံလုံစွာသား၊ မြတ်ဘုရားကို၊ ညွတ်တွားကြည်ညို၊ ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ မြတ်စွာဘုရား။



# အံ့ဖွယ်ရှစ်ဖြာ-သာသနာ



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တနေ့သော ဥပုသ်နေ့၌ ရဟန်းသံဃာ ခြံရံလျက် ထိုင်နေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ညဉ့်နက်သည် ဖြစ်၍ ပထမယံလွန်လတ်သော် နေရာမှထကာ လက်ဝဲတဘက် ပခုံးထက်၌ ကေသီကို စမွာယ်တင်၍ မြတ်စွာဘုရားရှိရာသို့လက်အုပ်ချီလျက်....

"အရှင်ဘုရား ညဉ့်နက်ပါပြီ၊ ပထမယံ လွန်ပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏။ အရှင်ဘုရား မြတ်စွာဘုရားသည်ရဟန်းတို့အားပါတိမောက်ကိုပြတော်မူပါ"ဟု လျှောက်ထားတောင်းပန်၏။

(ပါတိမောက်ဟူသည်မှာ သံဃာတော်များအား အထူးအားဖြင့် ဆုံးမတော်မူသော တရားဒေသနာဖြစ်၏။ ၁-ဩဝါဒ ပါတိမောက်၊ ၂-အာဏာပါတိမောက် အားဖြင့် နှစ်မျိုး ရှိသည်။ သဗ္ဗပါပဿ အကရဏံ='မကောင်းမှုဟူသမျှ မပြုကြနှင့်'ဟု မိန့်တော်မူခြင်းကို ဩဝါဒပါတိမောက်ဟု ခေါ်သည်။ 'ရဟန်းတို့ အဘယ်အမှုကိုပြုလျှင် အဘယ်အာပတ်သင့်စေ' ဟူသော ဝိနည်းသိက္ခာပုဒ် သတ်မှတ် ခြင်းကို အာဏာပါတိမောက်ဟု ခေါ်သည်။ ဥပုသ်နေ့ ညဦးပိုင်းတွင် သံဃာတို့အား ပါတိမောက် ပြတော်မူမြဲဖြစ်သည်။)

ထိုနေ့ညက မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၏ လျှောက်ထားသော စကားကို ခပ်မဆိတ်နေတော်မူ၏။ အရှင်အာနန္ဒာသည် မဇ္ဈိမယံ လွန်လတ်သော် နှစ်ကြိမ် မြောက် လျှောက်ပြန်၏။ မြတ်စွာဘုရားလည်း ဆိတ်ဆိတ် နေတော်မူ၏။ ဤသို့နှင့် ပစ္ဆိမယံ လွန်သော အခါ အရှင်အာနန္ဒာသည် လက်ဝဲပခုံးထက်၌ ကေသီကို စမွာယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်....

"အရှင်ဘုရား၊ ညဉ့်နက်ပါပြီ၊ ပစ္ဆိမယံ လွန်ပါပြီ၊ အရုဏ်တက်ပါပြီ။ ညဉ့်သည် နှစ်သက်ဖွယ်မျက်နှာ ရှိပါပြီ။ (ဝေလီဝေလင်း ရှုမြင်ခင်း လှနေပါပြီ) ရဟန်းသံဃာသည် ကြာမြင့်စွာထိုင်နေရပါ၏။ အရှင်ဘုရား၊မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်၏။

ထိုသို့ ညဉ့်သုံးယံ လွန်မြောက်၍ အရှင်အာနန္ဒာ သုံးကြိမ်သုံးခါလျှောက်သော အခါ်မှသာ ဘုရားမြတ်စွာက-

"အာနန္ဒာ-ပရိသတ်သည် မစင်ကြယ်"ဟု မိန့်တော်မူသည်။

(မြတ်စွာဘုရားသည် ဆုံးမတော်မူရာဝယ် ရဟန်းများအလယ်၌ ဘုရားသခင်၏ဒေသနာကို ရိုသေလိုက်နာခြင်း မရှိသော၊ အကျင့်ဖောက်

ပြန်ပျက်စီးသော၊ ရဟန်းအစစ် မဟုတ်သော ပုဂ္ဂိုလ်ဘပါးရှိနေလျှင် ပါတိမောက်ကို ပြတော်မူခြင်းမရှိ၊)

မြတ်စွာဘုရား၏ စကားကို ကြားရသော ရဟန်းများစွာမှာ သာလွန်၍တိတ်ဆိတ်ငြိမ်သက်နေကြလေ၏၊ ပါတိမောက္ခသံဝရသီလကို လုံခြုံသော ရဟန်းတို့ပင်လျှင် ဤပရိသတ် အတွင်း၌ အသဇ္ဈီဘပါး ရှိနေပြီဟူသော အသိကြောင့် ရှက်ရွံ့နေကြရှာသည်။ မည်သူနည်း၊ အဘယ် ပုဂ္ဂိုလ်နည်း။

ထိုအခါ အဘိညာဉ်ဘန်ခိုးအရာ၌ ဧတဒဂ်ရထားတော်မူသော အရှင်မောဂ္ဂလာန်အား (မြတ်စွာဘုရားက အဘယ်သူကိုရည်၍ ပရိသတ် သည် မစင်ကြယ်ဟု မိန့်တော်မူသနည်း) ဟူ၍ အကြံဖြစ်၏။ ထို့နောက် အရှင်မောဂ္ဂလာန်သည် ရဟန်းသံဃာအလုံးစုံ၏ စိတ်ကို (မိမိ၏)စိတ်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏။

ရဟန်းဘပါးစီ တပါးစီ ကြည့်ရှုနှလုံးသွင်းလာခဲ့ရာမှ ယုတ်ညံ့သော အကျင့်ရှိသော, မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော, အမှုကို ဖုံးကွယ်သော, ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော, မြတ်သော အကျင့်ကို မကျင့်ပဲ မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသော, အတွင်းပုပ်သော, ကိလေသာမိုးစွတ်သော, အမှိုက်ကဲ့သို့ ဖြစ်သော, ရဟန်း သံဃာ အလယ်၌ ထိုင်နေသော, သီလမရှိသော, 'ဒုဿီလ' ပုဂ္ဂိုလ်ကိုမြင်၍ နေရာမှ ထပြီးလျှင် ထိုပုဂ္ဂိုလ် ထံသို့ ချဉ်းကပ် လိုက်လေသည်။

''ငါ့ရှင်...ထလော့၊ မြတ်စွာ ဘုရားသည် သင့်ကို မြင်တော်မူ၏။ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှုမရှိ'' ဟု ဆိုတော်မူ၏။ သို့သော် ထိုပုဂ္ဂိုလ်ကား ဆိတ်ဆိတ်သာနေလေ၏။ အရှင်မဟာမောဂ္ဂလာန်သည်နှစ်ကြိမ်မြောက် ပြော၏။ ထိုပုဂ္ဂိုလ်သည်း ဆိတ်ဆိတ်သာ နေမြဲနေ၏။ သုံးကြိမ်မြောက်လည်းပြော၏။ ထိုပုဂ္ဂိုလ်လည်း ဆိတ်ဆိတ်သာ နေမြဲနေ၏။

ထိုအခါတွင် အရှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်၏ လက်မောင်းကိုကိုင်၍၊ တံခါးမုခ်မှ အပြင်သို့ ထွက်စေ၍၊ မင်းတုပ်ကော် မင်းတုပ်ကြီး ကိုလျှို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်–

''အရှင်ဘုရား၊ အကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကို ထွက်စေအပ်ပါပြီ၊ ပရိသတ်သည် စင်ကြယ်ပါပြီ အရှင်ဘုရား၊ မြတ်စွာ ဘုရားသည် ရဟန်းတို့အား ပါတိမောက်ပြတော်မူပါလော့'' ဟု မြတ်စွာ ဘုရားအား လျှောက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည်–

''ချစ်သား မောဂ္ဂလာန် အံ့ဖွယ် တည်း၊ မောဂ္ဂလာန် မဖြစ်ဖူးမြဲဖြစ်၏၊ (မဖြစ်စဖူး ဖြစ်၏)။ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားသည် လက်မောင်းကို ကိုင်သည့် တိုင်အောင် လည်း ဆိုင်းငံ့ဘိ၏'' ဟု မိန့်တော်မူ၏၊

ထိုစကားနှင့် ဆက်စပ်၍ မြတ်စွာဘုရားသည် မဖြစ်ဖူးမြဲ ဖြစ်သော မဟာသမုဒ္ဒရာ၏ အံ့ဖွယ် ရှစ်ပါးကို ဟောကြားတော် မူသည်။

၁။ ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်၏၊ အစဉ်အတိုင်း ကိုင်း၏၊ အစဉ်အတိုင်း ရှိုင်း၏၊ စလျှင် စချင်း (အစမှလျှင်) မနက်၊ ရဟန်းတို့၊ ယင်းသို့ မဟာသမုဒ္ဒရာ၏ အစဉ်အတိုင်း နိမ့်ခြင်း၊ အစဉ်အတိုင်း ကိုင်းခြင်း၊ အစဉ်အတိုင်းရှိုင်းခြင်း၊ စလျှင်စချင်း မနက်ခြင်းသည် မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲ ဖြစ်သော ပဌမ အံ့ဖွယ် သဘောပေတည်း။ ယင်းသဘောကို မြင်ကုန်၊ မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

၂။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် တည်တံ့သော သဘော

ရှိသည်ဖြစ်၍ ကမ်းကိုမလွန်၊ ဤသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲဖြစ်သော ဒုတိယအံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် အသုရာ တို့သည် အလွန်မွေ့လျော်ကုန်၏။

၃။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် အသေကောင် ပုပ်နှင့် မဆက်ဆံ (လက်မခံ)၊ ကမ်းသို့လျင်စွာ ကပ်စေ၏။ ကုန်းသို့တင်စေ၏။ ဤသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲဖြစ်သောတတိယအံ့ဖွယ်သဘောပေတည်း။ ထို့ကြောင့် အသုရာ တို့သည် အလွန်မွေ့လျော်ကုန်၏။

၄။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ ဟူသော မြစ်ကြီး အားလုံး တို့ သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်သော အမည် အနွယ် တို့ကို စွန့်၍ 'မဟာသမုဒ္ဒရာ' ဟူ၍ သာလျှင် ခေါ်ဝေါ် ခြင်းသို့ ရောက်ကုန်၏။ ဤသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲဖြစ်သော စတုတ္ထ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် အသုရာ တို့သည် အလွန်မွေ့လျော်ကုန်၏။

၅။ ရဟန်းတို့၊တဖန်ထို့ပြင်လည်း လောက၌ အလုံးစုံသော မြစ်ငယ် ချောင်းငယ် တို့သည် လည်း မဟာ သမုဒ္ဒရာသို့ ဝင်ကုန်၏။ အလုံးစုံသော ကောင်းကင်မှ မိုးရေအလျဉ် တို့သည်လည်းကျကုန်၏၊ ထို့ ကြောင့် မဟာ သမုဒ္ဒရာ လျော့မှု၊ ပြည့်မှုသည် မထင်ရှား၊ ဤသည်လည်း မဟာ သမုဒ္ဒရာ၌ မဖြစ်ဖူး မြဲ ဖြစ်သော ပဉ္စမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် အသုရာတို့သည် အလွန်မွေ့လျော်ကုန်၏။

၆။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် ငန်သော အရသာတမျိုးတည်းသာရှိ၏။ ဤသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲဖြစ်သော ဆဋ္ဌမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် အသုရာ တို့ သည် အလွန် မွေ့လျော်ကုန်၏။

၇။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် ပုလဲ၊ မြ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက် ဟူသော များသောရတနာ မရေတွက်နိုင်ရှိ၏။ ဤသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲ ဖြစ်သော သတ္တမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် အသုရာ တို့သည် အလွန်မွေ့လျော်ကုန်၏။

၈။ ရဟန်းတို့၊ တဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် တိမိ မည်သော ငါး၊ တိမိင်္ဂလ မည်သောငါး၊ တိမိတိမိင်္ဂလ မည်သောငါး၊ အသုရာနဂါး၊ ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီး တို့၏ လည်း ကောင်း၊ ယူဇနာတရာမှ ယူဇနာ ငါး ရာတိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါ တို့၏ လည်း ကောင်း နေရာ ဖြစ်၏၊ ဤ သည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဖူး မြဲ ဖြစ်သော အဋ္ဌမ အံ့ဖွယ်သဘော ပေတည်း။ ထို့ကြောင့် အသုရာ တို့သည် အလွန် မွေ့ လျော်ကုန်၏။

သဗ္ဗညုဘုရား ဗုဒ္ဓမြတ်စွာသည် မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ရှစ်ဖြာကို ပမာပြု၍ ဤသာသနာတော်၌

အံ့ဖွယ်ရှစ်ဖြာကို ဆက်လက် မိန့်ကြား တော်မူလေသည်။

ရဟန်းတို့၊ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော အံ့ဖွယ်ရှစ်ပါးတို့သည်ရှိကုန်၏။ ယင်းအံ့ဖွယ်သဘောတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန် မွေ့လျော် ကုန်၏။

၁။ ရဟန်းတို့၊ မဟာ သမုဒ္ဒရာသည် အစဉ်အဘိုင်းနိမ့်သကဲ့သို့၊ အစဉ်အတိုင်းကိုင်းသကဲ့သို့၊ အစဉ်အတိုင်း ရှိုင်းသကဲ့သို့၊ စလျှော်စချင်း မနက်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ အစဉ်အဘိုင်းကျင့်ရသော သိက္ခာရှိ၏။ အစဉ်အဘိုင်း ပြုအပ်သော လုပ်ငန်း ရှိ၏။ အစဉ်အဘိုင်း ကျင့်အပ်သော အကျင့်ပဋိပဒါရှိ၏။ စလျှင် စချင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိ၊ ရဟန်းတို့ ယင်းသို့ ဤသိက္ခာစဉ်ရှိခြင်း၊ လုပ်ငန်းစဉ်ရှိခြင်း၊ ကျင့်စဉ်ပဋိပဒါရှိခြင်း၊ စလျှင်စချင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍မသိခြင်းတို့သည် ဤဓမ္မ ဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော ပထမ အံ့ဖွယ်သဘောပေတည်း။ ယင်းသဘောကို မြင်ကုန်၍၊ မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မ ဝိနယ 'သာသနာတော်'၌ အလွန် မွေ့လျော်ကုန်၏။

၂။ ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘော ရှိသည် ဖြစ်၍ ကမ်းကို မလွန်သကဲ့သို့ ဤအတူပင် တပည့်တို့အတွက် ငါ ပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏တပည့်တို့ အသက်ဟူသော အကြောင်းကြောင့်လည်း မကျူးကျော်ကုန်၊ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူး မြဲ ဖြစ်သော ဒုတိယ အံ့ဖွယ်သဘောပေတည်း။ ထို့ကြောင့် ရဟန်း တို့သည် အလွန်မွေ့လျော်ကုန်၏။

၃။ ရဟန်းတို့၊ မဟာ သမုဒ္ဒရာသည် အသေကောင်ပုပ်နှင့်မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင်လျင်စွာကမ်းသို့ ကပ်စေသကဲ့သို့ ကုန်းသို့ တင်စေသကဲ့သို့၊ ဤအတူပင် ယုတ်ညံ့သောအကျင့်ရှိသော၊ မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော၊ အမှုကို ဖုံးကွယ်သော၊ ရဟန်းမဟုတ် ရဟန်းဟုဝန်ခံသော၊ မြတ်သောအကျင့်ကို မကျင့်ပဲ – မြတ်သောအကျင့်ကိုကျင့်၏ဟုဝန်ခံသော၊ အတွင်း ပုပ်သော၊ ကိလေသာမိုးစွတ်သော၊ အမှိုက်ကဲ့သို့ ဖြစ်သော၊ သီလ မရှိသော 'ဒုဿီလ' ပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာ နှင်ထုတ်၏။ ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ထိုင်သော်လည်း စင်စစ်အားဖြင့် သံဃာမှဝေး၏။ သံဃာသည်လည်း ထိုပုဂ္ဂိုလ်မှ ဝေး၏။ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူး မြဲ ဖြစ်သော တတိယ အံ့ဖွယ်သဘော ပေတည်း။ ထို့ကြောင့် ရဟန်း တို့သည် အလွန် မွေ့ လျော်ကုန်၏။

၄။ ရဟန်းတို့၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဟူသော မြစ်ကြီး အားလုံးသည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ် သော် ရှေး၌ ဖြစ်သော အမည်၊ အနွယ်တို့ကိုစွန့်၍ 'မဟာသမုဒ္ဒရာ'ဟူ၍ပင် ရေတွက်ခြင်းသို့ ရောက်ကုန်သကဲ့သို့

ဤအတူပင် မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသား ဟူသော ဤအမျိုးလေးပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော်ရှေး၌ဖြစ်သော အမည်၊ အနွယ်တို့ကိုစွန့်၍ 'သာကီဝင်မင်းသား ဘုရားသားတော်ရဟန်း' ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော စတုတ္ထ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် ရဟန်းတို့သည် အလွန်မွေ့လျော်ကုန်၏။

၅။ ရဟန်းတို့၊ ဤလောက၌ အလုံးစုံသော မြစ်ငယ် ချောင်းငယ် တို့သည် မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏။ အလုံးစုံသော ကောင်းကင်မှ မိုးရေ အလျဉ် တို့သည်လည်း ကျကုန်၏။ ထို့ကြောင့် (ထိုသို့ကျ ခြင်း ကြောင့်) မဟာ သမုဒ္ဒရာ၏ လျော့မှု၊ပြည့်မှုသည် မထင်ရှားသကဲ့သို့ ဤအတူပင် များစွာ သော ရ ဟန်း တို့သည် ခန္ဓာ မကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏။ ထိုငြိမ်းခြင်းဖြင့် အငြိမ်းဓာတ်၏ လျော့ခြင်း၊ ပြည့်ခြင်းသည် မထင်ရှား၊ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော ပဉ္စမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် ရဟန်း တို့သည် အလွန်မွေ့လျော်ကုန်၏။

၆။ ရဟန်းတို့၊ မဟာ သမုဒ္ဒရာသည် ငန်သော အရသာ တမျိုးသာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မ ဝိနယ 'သာသနာတော်'၌ လွတ်မြောက်မှု အရသာတမျိုးတည်းသာရှိ၏။ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော ဆဋ္ဌမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် ရဟန်း တို့သည် အလွန်မွေ့လျော်ကုန်၏။

(၇) ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် ပုလဲ၊ မြ၊ ကြောင် မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ရွှေ၊ပတ္တမြားနီ၊ပတ္တမြားပြောက် ဟူသော များသောရတနာ၊ မရေတွက်နိုင်သော ရတနာရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်' သည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မြင့်မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသော များသော ရတနာ၊ မရေတွက်နိုင်သော ရတနာရှိ၏။ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲဖြစ်သော သတ္တမ အံ့ဖွယ် သဘောပေတည်း။ ထို့ကြောင့် ရဟန်း တို့သည် အလွန်မွေ့လျော်ကုန်၏။

(၈) ရဟန်းတို့၊ မဟာသမုဒ္ဒရာသည် တိမိမည်သော ငါး၊ တိမိင်္ဂလ မည်သော ငါး၊ တိမိတိမိင်္ဂလ မည်သော ငါး၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ လည်းကောင်း၊ ယူဇနာ တရာမှ ယူဇနာငါးရာတိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါတို့၏ လည်းကောင်း နေရာဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'သည်သောတာပန် ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲ ပုဂ္ဂိုလ်၊သကဒါဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါ


မိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်ဆဲပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်ဟူသောကြီး(မြတ်)သောသတ္တဝါတို့၏ နေရာဖြစ်၏။ ဤသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ မဖြစ်ဖူးမြဲ ဖြစ်သော အငံ့မ အံ့ဖွယ်သဘောပေတည်း။

ထို့ကြောင့် ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်' ၌ အလွန် မွေ့လျော်ကုန်၏။ မြတ်စွာဘုရားသည် ဤသို့မဟာသမုဒ္ဒရာ၏အင်္ဂါရှစ်ပါးနှင့် ပမာပြုကာ 'သာသနာတော်' ၏ အံ့ဖွယ် အင်္ဂါရှစ်ပါးကို ပြဆိုတော် မူပြီးသည့်နောက် ဤဥဒါန်းကို ကျူးရင့်တော် မူ၏။

''အာပတ်ကို ဖုံးလွှမ်းသောသူကို ကိလေသာမိုးစွတ်၏။ ဖွင့်လှစ်သောသူကို ကိလေသာမိုးမစွတ်၊ ထို့ကြောင့် ဖုံးလွှမ်းပြီး(ဖုံးလွှမ်းလျက်ရှိသော) အာပတ်ကို ဖွင့်လှစ် ကုန်လော့၊ ဤသို့ဖွင့်လှစ်သော ထိုသူကို ကိလေသာ မိုးမစွတ်နိုင်'' ဟူသည်တည်း။

(ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်၊ စူဠဝဂ်ပါဠိတော် မြန်မာပြန် 'ပါတိမောက္ခဋ္ဌပနက္ခန္ဓက' အခန်းကို အကျဉ်းပြု၍ ကြည်ညိုပါသည်။ သတ်ပုံများမှာ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်ကျမ်းပါ အတိုင်း ဖြစ်ပါသည်။)





# မလှူတတ်ဈေးရောင်း

နံနက်တိုင်း ထမင်းစားချိန် ရုံးဆင်းပြီဆိုလျှင် ကိုဘသစ်နှင့် ကျွန်တော့်မှာ ၃၃–လမ်းက မတိုး ထမင်းဆိုင်တွင် ဆုံကြမြဲဖြစ်သည်။

မတိုးထမင်းဆိုင်ဆို၍ ခမ်းခမ်းနားနား ဆိုင်ကြီး ကနား အခန်းငှားပြီး ဖွင့်ထားသည်မဟုတ်ပါ။ တိုက်တတိုက်၏ နံရံကို ဆယ်ပေ ပတ်လည် ရွက်ထည်ကလေး မိုးထားသည့် တဘက်ယပ်ယာယီ ဆိုင်ကလေးဖြစ်ပါသည်။

စားပွဲဟောင်း နှစ်လုံးကို ဆက်၍ ပြောင်လက်အောင် တိုက်ချွတ်ထားသည့် သတ္တု ဟင်းအိုး လေးငါးလုံးကို အစီအရီတင်ထားပြီး ခွေးခြေဘန်းလျားကြီး တခုကို ရှေ့မှာ ချထားပါသည်။ စားသည့်ဖောက်သည်များက ခွေးခြေပေါ်ကို ဖိနပ်မချွတ်ပဲ ဆောင့်ကြောင့်တက်ထိုင်ကာ ဟင်းအိုးတွေ တင်ထားသည့် စားပွဲစွန်း၌ ထမင်းပန်းကန်ထားပြီး စားကြရပါသည်။ ထိုခွေးခြေဘန်းလျားမှာ လူ ခြောက်ယောက်သာ တိုးတိုးဝှေ့ဝှေ့ ထိုင်သာသည့်အတွက် ထမင်းအိုးကြီး၊ ဟင်းအိုးကြီးအနားတွင် နီးရာ လက်ဖက်ရည်ဆိုင်က စားပွဲကလေး တလုံးနှစ်လုံး၊ တယောက်ထိုင် ခွေးခြေလေး လေးငါးလုံးလောက်ကို မတိုးက မျက်နှာချိသွေးပြီး ယူပေးသဖြင့် လူတကျိပ်, ဆယ့်နှစ်ယောက် လောက် တပြိုင်တည်း စားနိုင်ကြပါသည်။

သို့သော်ငြားလည်း နေရာမရသေး၍ မိုးတိုးမတ်တတ်ရပ်စောင့်နေရသူများလည်း မနည်းလှပါ။ စားနေသူများကလည်း အလိုက်သိစွာ သုတ်သုတ်စား၍ သုတ်သုတ်ထပေးကြလျက် ဝင်သူများကလည်း ရောက်နှင့်သူက အလျင် ဝင်ကြသည်မှာ အလိုလိုသိုက်နာနေကြသော စည်းကမ်းတခုလိုဖြစ်နေပါပြီ။

ဒါက အကြောင်းရှိပါသည်။ မတိုးဆိုင်ကို နေ့စဉ်လာရောက် စားသောက်ကြသူ များမှာ နိစ္စဓူဝ ဆုံကြ တွေ့ကြသော မျက်နှာသိများ ဖြစ်နေပါပြီ။ ထိုလမ်းပတ်ဝန်းကျင်က စာပုံနှိပ် အလုပ်သမားများ၊ မဂ္ဂဇင်းစာအုပ်တိုက်မှ စာရေး စာချီ အယ်ဒီတာများ၊ ရုံးအမှုထမ်း အရာထမ်းများ၊ ရုပ်ရှင်ကုမ္ပဏီမှ ကားငှားမန်နေဂျာနှင့် အော်ပရေတာများ။

မတိုး ထမင်းဆိုင်ကလည်း သူတို့တတွေကိုသာ အဓိကထား၍ ရောင်းခြင်းကြောင့် နေ့လယ် ရုံးပြန်တက်ချိန် နာရီပြန် နှစ်ချက်လောက်ဆိုလျှင် ဆိုင်သိမ်းပြီး ဖြစ်လေသည်။

သို့ကလို မတိုးဆိုင်မှ....မတိုးဆိုင်။ တိုးတိုး ဝေ့ဝေ့ စောင့်စောင့်ဆိုင်းဆိုင်း နေ့တိုင်းစား ကြသည်မှာ အချက်အပြုတ် သန့်ရှင်း၍ လူတိုင်း ခံတွင်းတွေ့ကြသည့် အကြောင်း တခုတည်း ကြောင့် မဟုတ်ပါ။ စေတနာ စကားပြော၍ လည်း ဖြစ်သည်။

မတိုးဆိုင်ဟု လွယ်လွယ်ကူကူ ခေါ်ကြသော် လည်း မတိုး၏မိခင် ဖြူဖြူခန့်ခန့် အမျိုးသမီး ကြီးက ပိုက်ဆံသိမ်းပါသည်။ အသက်သုံးဆယ် ကျော် မတိုး၏အစ်မက ဟင်းပွဲဟင်းရံ ချပေး ပါသည်။ စားပြီး ပန်းကန် ခွက်ယောက်များကို သိမ်းပြီး စားပွဲကို သန့်ရှင်းပေးပါသည်။ မတိုး၏ အစ်မကြီးနှင့် အမေနာမည်များကို ဘယ်သူမှ မသိကြ။ သိဖို့လည်း မလို။ မတိုးကခေါ်သလို အစ်မကြီးနှင့် အမေဟုသာ ပြီးစလွယ် ခေါ် လိုက်ကြပါသည်။

''အမေတို့ထမင်းတပန်းကန်ကလဲနည်းနည်း လာသိုက်တာ၊ လေး ငါးလုတ်စာ ရှိတယ်''ဟု ချပေးသော ထမင်းပန်းကန်ကိုကြည့်၍ ညည်း လိုက်လျှင်....

''အေးကွယ်....သားတို့ရယ် ဆန်ဈေးက ခေါင်ခိုက်နေလို့ မျှမျှတတ လုပ်နေရတာပါ။ အခိုက်အတန့်ကလေးတော့ သည်းညည်းခံကြဦး၊ နောက်ပြီး အမေတို့ကလဲ ဆန်ကောင်းမှ ချက် ကျွေးချင်တယ် မဟုတ်လား။ ဒီတော့ ဈေးကြီး ဝယ်ရတာပေါ့။ စားယင်း လက်စနဲ့ တလုတ် တဆုပ်လိုယင် ပြောကြပေါ့''ဟု စိတ်မကောင်း စွာနှင့် ဖြေတတ်ပါသည်။

အမေက ယခုလိုပြောလိုက်သည့်အခါ နှုတ်မှ မမြွက်ပဲ ထမင်း ပန်းကန်ကို မျက်လွှာချပြီး ကြည့်လိုက်မိသူများပါ ကျေနပ်သွားကြသည်။ ဈေးသည်တို့မည်သည် နှုတ်ချို၍ လက်တိုရ မည်ဟူသော ဈေးနာရောင်းနည်းနိဿယည်းမျိုး မဟုတ်ကြောင်းကို ကျွန်တော်တို့ သိပါသည်။

''ဟဲ့....ဟိုသူငယ်၊ ကြက်သား ဟင်းရည် ကလေး နည်းနည်းယူပါဦးလား''

''သမီးရယ်...ဟိုဘက်ကသူငယ်ကို ဟင်းချို ကလေး ထည့်ပေးလိုက်ပါဦး''

''ထမင်းကလေး တလုတ်တဆုပ် လိုချင်ပြော ကြနော်၊ အားမနာကြနဲ့''ဟူသော အပြောနှင့် လက်ကပါ ပိုပိုသာသာထည့်ပေးတတ်ရုံမျှမက....

''မတိုး....ခင်ဗျား ထည့်ပေးတဲ့ ဘဲသားလဲ ကြည့်ပါဦး။ အရိုးချည့်ပဲ''ဟု ပြော၍....

''ဟောဒီလူကြီး ဂျီး(ချေး)ကိုများတယ်''ဟု မတိုးက ပြုံးမျက်စောင်းကလေးများ ရင်းရင်း နှီးနှီး ထိုးသိုက်လျှင် အမေက စားနေသူ၏ ဟင်းခွက်ကို ငဲ့ကြည့်လိုက်ယင်း....

''ဟုတ်ပါ့ သမီးရယ်၊ အသားချည်း မဟုတ် တောင် အရိုးများလဲ အသားကလေး ဖက်ပေး မှပေါ့...ပေး–ပေးသား....အမေ ထည့်ပေးမယ်'' ကောက်ကာငင်ကာ လဲပေးတတ်ပြီး....

''ဟင်းတခွက်ကောင်း အားပြုပြီး စာ ကြရ တာပါအေရယ်....ဒါတောင် တနပ်ကို တကျပ်ခွဲ နှစ်ကျပ်''

လကုန်ခါနီး ၂၅ရက်၊ ၂၆ရက်လောက်မှာ လခစားသမားများ ပိုက်ဆံ ပြတ်တတ်ကြသည် မှာ ဓမ္မတာဖြစ်သည်။ ထိုအခါ မျိုးမှာလည်း ကျွန်တော်တို့တတွေ သိပ်ပြီး စိတ်မပူရပါ။

''အမေရေ....ဂဏှာဟိ–မှတ်လေလော့'' ဟု ဆိုလိုက်လျှင် ''အေး''ဟု ဗလာစာအုပ်ငယ်လေး ကို ကောက်ကာငင်ကာ ခဲတံကို တံတွေးဆွတ် ရေးလိုက်သည်သာ ဖြစ်သည်။

''အမေကလဲ ပိုပိုလျှံလျှံ ရှိတာ မဟုတ်ဘူး နော်၊ မင်းတို့တတွေကို ကျွေးယင်း တို့သားအမိ တွေပါ တဝမ်းတခါး စားရပြီးရော–ဆို လုပ် နေကြတာ၊ မရှိတဲ့အခါလဲ စားကြ၊ ရှိပြန်တော့ လဲ မှန်မှန်ပေးကြ''ဟု နှိုးဆော်သည့် အခါမျိုး တွင် ကျွန်တော်တို့က ကျီစယ်သလိုလိုနှင့်....

''အမယ်...မတိုးကပြောတော့ စိန်နားကပ် ဘောင် ဈေးမေးနေ-ဆိုပါလား''

ထိုအခါ မတိုးက မျက်စောင်းထိုးလိုက်သလို အမေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။

''စိန်တွေတော့ နေ့တိုင်း ဝယ်နေကြတာ၊ မင်းတို့က အရည်မပျော်ခင် သောက်-သောက် ပစ်ကြတာ ကိုကွယ့်''ဟု ရေခဲတုံးများကို လက်နှင့် ငှေ့ပြယင်း ဆက်ရယ်နေပါသည်။

ဟုတ်ပါသည်၊ နေပူသည့် အခါများမှာ ကျွန်ဘော်တို့တခေတွသောက်ဖို့ ရေခဲရည်ကလေးလည်း လုပ်ပေးတတ်ပါသေးသည်။

ထို့ကြောင့် မတိုးတို့ဆိုင်မှာ စားကြရသည်မှာ ရောင်းသူဝယ်သူ သဘောမျိုးထက် ဆွေစုမျိုးစုထဲမှာ စားရသလို ပျော်ပျော်ပါးပါး ရယ်လား မောလား စကားတွေဖောင်ဖွဲ့ပြီး စားကြရပါသည်။ တညင်းသီးပေါ်ချိန် တညင်းသီးကလေး။ သရက်သီးပေါ်ချိန် သရက်သီး။ ပုစွန်ချဉ်ရလျှင် ပုစွန် ချဉ် ကလေး။ တခါတလေ ပုန်းရည်ကြီ များပင် ကရိကထ ခံ၍ ဖွယ်ဖွယ်ရာရာဖြစ်အောင် လုပ်ပေးတတ်ပါသေးသည်။

''အနှိစ္စဆိုတာ သေလွယ်တာ ပျောက်လွယ်တာ၊ စုလိုက် စုပုံချမ်းသာတာကော မြဲတာမှ မဟုတ်တာ၊ ဒီလိုပဲ လုပ်လုပ်စားစားနဲ့ တဝမ်းတခါး မျှဘသွားယင် ဘော်ပါပြီကွယ်၊ ကြီးကြီးကျယ်ကျယ် မလှူနိုင် မတန်းနိုင်တောင် ဒီထမင်းဆိုင်ကလေးကို ဆန်ပေါပေါ၊ ဆီပေါပေါ ဝယ်နိုင်ခြမ်းနိုင်ပြီး ဖွင့်သွားပါရစေ၊ အမေတော့ ကျေနပ်ပြီ၊ မလှူတဘ်ယင် ဈေးရောင်းလို့ ဆိုတဲ့ စကား ရှိဘယ် မဟုတ်လား''ဟုလည်း ပြောတဘ်ပါသည်။

ထိုနေ့က ကိုဘသစ်ပေါ်မလာပဲ ကျွန်တော် တယောက်ဘည်း ထမင်းဆိုင်မှ ပြန်လာခဲ့ရာ လမ်းထိပ်၌ ဝတ်ကောင်းစားလှနှင့် ကိုယ်တော်ချောကို တွေ့ရပါသည်။

''ဟော့ လူ...ဒီနေ့ ရုံးမတက်ဘူး ထင်တယ်၊ ရှိုးအပြည့်နဲ့ ဘယ်ကလာတာတုံး''ဟုမေးလိုက်သဖြင့်....

''ဒီနေ့ မတိုးတို့ဆိုင်ကို မရောက်နိုင်ဘူးလေ၊ ဦးအာကာက သူ့တာဝတီံသာ ရုပ်ရှင်ကုမ္ပဏီ ဆယ်နှစ်မြောက် ဆွမ်းကျွေးတယ်လေ၊ ဘုန်းကြီး အပါး ငါးဆယ်တောင်မှ၊ လူတွေကုလဲ ဖိတ်ကျွေးလိုက်တာ ဖောခြင်းသောခြင်းပဲ၊ ကောင်းလိုက်တဲ့ ဒံပေါက်ဗျာ....''

ကိုဘသစ်က ရုပ်ရှင်မဂ္ဂဇင်း စာစောင်တွင် အယ်ဒီတာလုပ်၍ ကျွန်တော်က ရုပ်ရှင်ကုမ္ပဏီ တခုမှ နယ်လှည့်အော်ပရေတာ ဖြစ်ပါသည်။

ကိုဘသစ်က လမ်းတလျှောက်လုံး ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာ ဦးအာကာက နှစ်စဉ် နှစ်တိုင်း အလှူကြီး အတန်းကြီးများ ရက်ရက် ရောရော လုပ်ပုံကို ချီးမွမ်းခန်းဖွင့်လာရာ ကျွန်ဘော်က ပြုံးစိစိ နှင့် ခေါင်း ညိတ် ဖော် သာ ရှိသဖြင့်....

''ခင်ဗျားက ဘာပြုံးတာလဲဗျ''ဟုမေးမှ....

''ဩော်....လူတွေ လှူကြဘန်းကြတာ စဉ်းစားမိလို့ပါ''

''ဆိုစမ်းပါဦး ဓမ္မကထိကကြီးရဲ့''

''ဩော်....တချို့ လှူတာက နာမည်ကြီးအောင်, ထင်ပေါ်အောင်, သတင်းစာထဲပါအောင် လှူဘတ်ကြတာလဲ ရှိရဲ့ဗျ။ အဲသလိုလူတွေကျတော့ တနှစ်တခါ ကြီးကြီးကျယ်ကျယ် ပေါ်ပေါ်ထင်ထင် လှူရအောင် ရက်ပေါင်း ၃၆၀လောက် ဝိသမ လောဘနဲ့ သူများကို ခေါင်းပုံဖြတ်၊ လည်လှီး၊ သွေးစုပ်၊ အနိုင်ကျင့်၊ ကောက်ကျစ်စဉ်းလဲပြီး မရကုတ်ကတ်လုပ်....''

''ဟော့ လူ...ခင်ဗျားက ဦးအာကာကိုများ ရိပ်နေတာလား''

"ရိပ်နေတာမဟုတ်ဘူး ကိုယ့်လူရေ....တည့်တည့်ပြောနေတာ၊ ခင်ဗျားတို့လို ရုပ်ရှင် စာစောင်က လူတွေဆိုယင် ပိုပြီးတောင် သဒ္ဒါပြုလိုက်လိမ့်ဦးမယ်၊ နိစ္စဓူဝ သူ့မတော်လောဘကို ပြောရမလား၊ ဇာတ်ညွှန်း ဆရာကို ကားပြီးတောင် ငွေအပြေ မပေးဘူး၊ ဇာတ်လိုက်တွေကို နေ့ရွှေ့၊ ညရွှေ့ လုပ်တယ်၊ ရုပ်ရှင် ဝါသနာပါတဲ့မင်းသမီးပေါက်စကလေးတွေကို ခြေတော်တင်တယ်၊ တခြားကုမ္ပဏီနဲ့မင်းသမီး, မင်းသား၊ ဒါရိုက်တာကြားမှာ ကတုန်းဇတိုက် ဝင်လုပ်၊ မန္တလေးလို မြို့ကြီးတွေအတွက် တယောက်ကို ရောင်းပြီးသား နောက်တယောက်ကို ဈေးပိုရယင် ရောင်းတယ်၊ ဒါပေမယ့် ပထမလူကို ငွေပြန်ပေးတယ် မထင်နဲ့၊ သူ့ အရင်းအနှီးထဲ ထည့်လိုက်ဘယ်၊ နာမည်ကျော်တဲ့ မင်းသမီး မင်းသားကိုကညဝတ်တွလုပ်သလောက် နေ့စားဆိုက်ပတ်ကလေးတွေကျတော့ သဟောက်သဟ မောက်မောက်မာမာ ဆက်ဆံရုံမကဘူး၊ သူ့ကြောင့် ထမင်းမငတ်ကြတာလို့ ပြောချင်သေး၊ ကျုပ်တို့ အော်ပရေတာတွေ ဆိုလဲ သူ့အိမ် ဝေယျာဝစ္စတွေ လက်ပါးစေ လုပ်ရသေးသဗျ၊ ဒါကြောင့် သူ့အလှူကြ ဒိပေါက်တနပ်ထက် မဘိုးဆိုင်ကအမေတို့ ပိုက်ဆံနဲ့ ကျွေးတာကမှ ဒါနအရာ မြောက်လိမ့်ဦးမယ် ထင်သဗျို၊ မလှူတတ်-ဈေးရောင်းလို့ ဆိုစကားရှိတယ် မဟုတ်လား"ဟု ကျွန်တော်က ပြောလိုက်သည့်အခါ ကိုဘသစ်က ပြန်၍ ပြုံးစိစိလုပ်နေသဖြင့်....

"ဘာလဲ....ခင်ဗျား ဘာပြန်ပြောချင်လို့လဲ" ဟု မေးလိုက်မှ....

"ဟဲဟဲ....မလှူတတ် ဈေးရောင်း ဆိုလို့ပါဗျာ၊ ခင်ဗျားပြောသလိုသာဖြင့် ကုန်သွယ်ရေးနဲ့ သမဝါယမက လူတွေ နက်ဖြန် နိဗ္ဗာန်ရောက်ကုန်ကြတော့မှာပဲ၊ ဝါး....ဟား... ဟား...."

သူက အားရပါးရ ရယ်နေသမျှ ကျွန်တော့်မှာတော့ ကြောင်စီစီ ဖြစ်နေရပါသည်။ ။



# ကာမတဏှာ

တီဘီရောဂါသည် နီးစပ်သူများကို ကူးစက်တတ်၏။ ထို့အတူ ရုပ်မြင်သံကြား (တီဗွီ) ရောဂါသည်လည်း နီးစပ်ရာကို ကူးစက်တတ်သည်။

'မင်းတို့အိမ်မှာ တီဗွီရှိလား'ဟု မေးခွန်းမှာ လူငယ်အသိုင်းအဝန်းတွင်'ထမင်းစားပြီးပြီလား' ဟု မေးသလို မေးရိုး မေးစဉ် ခေတ်မီသော (ပဋိသန္ဓာရ)ဖြစ်၏။

'ရှိသားပဲ'ဟု ဖြေလိုက်လျှင်—

'ဘာအမျိုးလဲ၊ နေရှင်နယ်လား၊ ဆိုနီလား၊ ဆန်ညိုလား၊ ဘယ်နှစ်လက်မလဲ'ဟု စပ်စုမည် ဖြစ်၍၊ 'မရှိပါဘူးကွာ'ဟု ဖြေလိုက်လျှင်တော့ သူတို့အိမ်က တီဗွီမှာ လက်မနှစ်ဆယ် ဖြစ်၍ အရုပ်အသံ အလွန်ကြည်လင်ပြတ်သားကြောင်း၊ အငြိမ့်သူရှင်တော်များက အူဘက်ခတတ်ရယ်ရကြောင်း၊ ဂျိမ် စ်လတ်စ်စတားပရိဒ်သံစုံတီးဝိုင်းကြီးက မည်မျှခမ်းနားကြောင်း၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွေက စိတ် ဝင် စား စ ရာ ကောင်း ကြောင်း စသည်တို့ကို ရွှန်း ရွှန်း ဝေ အောင် ပြောပြီး တီဗွီကြည့်ရန်သူ့ အိမ်သို့ ခပ်ကြွားကြွား ဖိတ်ခေါ်လိမ့်မည်သာဖြစ်သည်။

''မိသန္တာကဟယ်.... သူ့တို့ အိမ်မှာ တီဗွီ ရှိကြောင်း ကြွားလိုက်တာ''ဟု စုစုလှိုင် က သူ့အစ်ကိုအောင်မြင့်ထွန်းကို တိုင်ပြော ပြောသည်။

''နင်တို့ မိန်းကလေးတွေပဲ ဂုဏ်ဘု ဂုဏ်ပြိုင် နိုင်လွန်းတယ်၊ တီဗွီ မကလို့ အာကြီးရှိရှိခပ !''

''အောင်ကော မလိုချင်ဘူးလား၊ ဖေဖေ့ကို ပူဆာကြရအောင်''

''နင် ပူဆာပါလား၊ ဖေဖေက နင့်ကို အလိုလိုက်သားပဲ''

ဟုတ်ပါသည်။ ဦးမြတ်ထွန်းက သမီးစုစုလှိုင်ကို သားအောင်မြင့်ထွန်းထက် ပို၍ အလိုလိုက်သည်။ ဒေါ်မြင့်မြင့်က သားအောင်မြင့်ထွန်းကို သမီးထက် ပို၍ခွင့်လွှတ်တတ်သည်။ ဦးမြတ်ထွန်းမှာ ရန်ကုန်မြို့တော်ရှိ သမိုင်းဝင် စေတီတော်ကြီး၌ ဂေါပကအဖွဲ့ဝင် ဖြစ်သည်သာမက ကျော်ကြားသော တရားရိပ်သာတခု၌ အမှုဆောင်လူကြီးတဦးလည်းဖြစ်သည်။ ဝင်ဒါမီယာရှိ သူ့တိုက်မှာ အဘိဓမ္မာ ဆွေး နွေး ပွဲ များ စည်းဝေးလေ့ရှိသည်။

တီဗွီရောဂါသည် စုစုလှိုင်မှ၄၍ ကူးစက်လာခဲ့သည်။

''သမီးတို့တီဗွီဝယ်ကြရအောင်လား-နော်''

ဟု စုစုလှိုင်က စကားစလိုက်သည်ကို—

''ဘာလုပ်ဖို့လဲသမီးရယ်....ဈေးကကြီးသနဲ့''

ဟု လေပျော့နှင့် ငြင်းသည်။

''ဖေဖေလဲ နိုင်ငံခြားသတင်းတွေ နားထောင်ရတာပေါ့၊ သမီးတို့လဲ ဖြေဖျော်မှု ရတာပေါ့၊ ရုပ်ရှင်ကားတွေဆိုလဲ အိမ်မကွာ ကြမ်းမကွာ ကြည့်နိုင်သေးတယ်လေ''

ဦးမြတ်ထွန်းက သမီးငယ်ကို ပြုံးစနဲ့နဲ့လှင်၍ ကြည့်နေသည်။

''နောက် ပြီး တော့ လေ....သန္တာက ဆိုယင် သခင်းဘို့ အိမ်မှာ တီဗွီမ ၁ ယ်ခဲ့သေးဘူးလားတဲ့၊ မရှိသေးယင် သူဘို့အိမ်မှာ လာကြည့်လှည့်ပါတဲ့၊ ကာဖီဘောင် တိုက်ပါဦးမယ်တဲ့လေ၊ ကြွားစရာမရှိ ကြွားတာ ပြောပါတယ်''

စုစုလှိုင်က နှာခေါင်း လှာကဆေးကို ရှဲ့ပြီး မေးကလေးကို ငေါ့လိုက်သည့်အချိန်တွင် မိခင်ဒေါ်မြင့်မြင့်က သိုင်းကွက်နှင့် ဝင်လာတော့သည်။

''အခယ်-သင်းတို့က သမီးကိုဘင်တင်စီးစီး၊ တီဗွီ ဘလုံးမှ ဘယ်လောက်ကျလို့လဲ''

ဒေါ်မြင့်မြင့်က ဆိုဖာတလုံးတွင် ခပ်ဆောင့်ဆောင့်ကလေး ထိုင်ချလိုက်သည်။ တကယ်တော့လည်း သမီးစကားကို ကြားလိုက်စဉ်ကတည်းက ဦးမြတ်ထွန်းပါ စပ်ဖျဉ် ဖျဉ်းကလေး ခံစားလိုက်ရပါသည်။ သန္တာ၏ မိဘများနှင့်က ဂုဏ်တုဂုဏ်ပြိုင် မဟုတ်လား။

''ဝယ်ပေးလိုက်စမ်းပါ ကိုထွန်းရယ်၊ ဟိုကောင်ပါ အိမ်မှာ ငြိမ်သွားအောင်''

ဤသို့နှင့် ဦး မြတ်ထွန်းတို့တိုက်မှာ လက်မနှစ်ဆယ် နေရှင်နယ် ရုပ်မြင် သံကြား စက်ကဧည့်ခန်းတွင် ခန့်ခန့်ညားညား နေရာယူထားလိုက်သည်၊ ညဦးပိုင်းတွင် အပေါင်းအသင်းများနှင့် လမ်းထွက်လေ့ရှိသော အောင်မြတ်ထွန်းမှာ ညနေ (၇)နာရီခွဲမှီ (ဂျူတီ)ဝင်နေရပြီ။ တီဗွီစက်ကို ခလုတ်ဖွင့်သည့်မှအစ အရုပ်ညှိခြင်း၊ အသံညှိပေးခြင်း တာဝန်မှာ အာရ်အိုင်တီ ကျောင်းသားမို့ အားကိုးရသည်ဟု ဆိုကြသည်။

စုစုလှိုင်ကတော့ မပြောနှင့်၊ အဖွင့်တေးသံမှ စပြီး အပြီး နိဂုံး (လေပြေထိုး)အထိ မမှိတ်မသုန် ကြည့်လေ့ရှိသည်။ မိသန္တာကို အကြွားအိုးမ,ဟု နှုတ်ခမ်း စူခဲ့သော်လည်း သူကိုယ်တိုင်ကျတော့ ထိုနည်းလည်းကောင်း အပေါင်းအသင်းများကို ဖိတ်မန္တက ပြုရသည်ကအမော။

သားသမီးနှင့် ဇနီးသည်ပါ တရှိုက်မက်မက်ဖြစ်နေကြသည့်အခါ ဦး မြတ် တွန်း မှာ လည်းလျစ်လျူ တော့ မပြုနိုင်သေး၊ အခကြေးငွေအပိုမပေးရသည့်အတူတူ မငြူမစူ ရောရောနှောနှော ကြည့်မိသည်။

တင်တင်မြနှင့် မာမာအေး၊ သူတို့ကလေးတွေကို နာမည်ကျော်စ ရှေးမဆွကပင် မင်းပွဲစိုးပွဲ အပွဲပွဲမှာ တွေ့ရ မြင်ရ၊ ချိုချိုမြမြ အသံကလေးတွေကို ကြားခဲ့ရ သော် လည်း ယခုရုပ်မြင်သံကြား ဆေး ရောင် စုံ ကျ ဏာ မှ ပို၍လှလာသည်ဟု ထင်မိသည်။

ရီရီသန့်က သီချင်းကြီးပိုင်းတွင် ကိုယ်တိုင်ဆောင်းတီး၍ဆိုသည်ကိုလည်း နှစ်သက်မိသည်။ ခေတ်ပေါ်ကေဂျာနူးတို့၊ မေဆွိ၊နွဲ့ယဉ်ဝင်း၊ တင်မိုးခိုင်၊ နော်လီဇာ စသည် စသည်တို့ကိုလည်း နီးနီးကပ်ကပ် မြင်ရ ကြားရသည်။ယဉ်ကျေးမှုဌာနမှ ကပြ တင်ဆက်သော ပဒေသာအကတို့ကလည်း ကြည့်၍ အကောင်းသား၊ ကြေးစား အငြိမ့်အဖွဲ့၊ အပျော်တမ်း အထကကျောင်း များ မှ ကျောင်းသူ ကျောင်းသားကလေးများကလည်း ဝါရင့် သဘင်သည်ကြီးများအတိုင်း၊သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ 'သွားကောင်းမှ အစားကောင်းမည်၊အစားကောင်းမှ ကျန်းမာရေးကောင်းမည်' ဟူသောကြွေးကြော်သံသီချင်းဖြင့် ပညာပေးကာ ဖျော်ဖြေကြသည်ကလည်းရေးကော်ပါဘိ၊အနောက်နိုင်ငံ ရုပ်ရှင်များမှ ကာတွန်းဇာတ်ကားကလေးများမှာကလေးသူငယ်တို့သာမက ဦး မြတ် ထွန်းပါ ဟာသ အရသာကို ရယ်မော ရွှင်မြူးနေရသည်။

နိုင်ငံတော် အစိုးရ သက်ဆိုင်ရာဌာနများမှဆိုရှယ်လစ် စီးပွားရေး တိုးတက် မြင့်မားလာ

စေရန် စပါးအထွက်တိုး၊ နှမ်းအထွက်တိုး၊ ဝါအထွက်တိုး အားကြိုးစုပေါင်း ဆောင်ရွက်နေကြသည်ကို လည်းကောင်း၊ ငါးမွေးခြင်း၊ ပျားမွေးခြင်း၊ ကြက်များ၊ ငုံးများ၊ မွေးမြူခြင်း၊ ပျားရည် ထုတ်ခြင်း၊ အဆည် ရက်လုပ်ခြင်း၊ လျှပ်စစ်ဆိုင်ရာ ပစ္စည်းများထုတ်လုပ်ခြင်းစသည် စသည်တို့ကိုလည်း ထိုင်ရာမထ ကြည့်ရ မြင်ရမှု တိုင်းပြည်အတွက် ဘာတွေ ဘာတွေ အပြင်းအထန် အားမာန်ကြိုးကုတ် လုပ်နေကြပုံကို ဒိဋ္ဌ တွေ့ရသည်။

"ဒေါ်ခင်အေးလွင်ရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်စမ်း၊ တနေ့တမျိုးတနေ့တမျိုး ထပ်တယ်ကို မရှိရဘူး"

"ဒေါ် အေး အေး သန်းနဲ့ ဒေါ်သန်းသန်းဝင်းတို့လဲ မထပ်ကြပါဘူးတော်၊ ဆံပင်ပုံလေးတွေကလဲ တနေ့ဘမျိုးပဲ"

"ရိုးရိုးကလေးနဲ့ ယဉ်အောင်ဆင်တတ်လိုက်ကြတာ"

"ဌာနဆိုင်ရာက အဝတ်အစားဖိုး ထောက်ပံ့ကြေး အပိုမပေးယင်တော့ ဒုက္ခပဲနော်"

သမီး စုစုလှိုင်နှင့် သူငယ်ချင်းများ၏ စကားကို မိခင် ဒေါ်မြင့်မြင့်ကဝင်၍ ဆွေးနွေးသည်။ သူတို့ပြောမှ သတင်းပြန်ကြားရေး အမျိုးသမီးကလေးများ ဝတ်စားဆင်ယင်မှုကို သတိထားမိသည်။ မိန်းကလေးအများစုက သတင်းထက် အဝတ်အစားကို စိတ်ဝင်စားပုံရသည်။

ဦးမြတ်ထွန်းကတော့ ပြည်တွင်းနှင့် နိုင်ငံခြားသဘင်းများကို နေ့စဉ်သတင်းစာများထက် တရက်ကြို၍ကြားရခြင်းကြောင့် ကျေနပ်သည်။ သတင်းနှင့် ဆိုင်ရာ အစည်းအဝေးများ၊ လုပ်ငန်း ဆောင်တာများကိုပါ တပါတည်း မြင်ရကြားရသောကြောင့် တန်ဖိုးရှိသည်ဟု ဆိုသည်။

ပေါင် တန် ရှည် ကော့ ကော် ကံ ကား အနောက်နိုင်ငံမှ အမျို သမီးကလေးများ ကကြသည်ကိုပင် သူတို့ယဉ်ကျေးမှုနှင့် သူတို့ကြည့်လို့တော့အကောင်းသားဟု မှတ် ချက်ချမိသည်။

ဤသို့ ညချမ်းအခါ ၇နာရီခွဲမှ ၁၀နာရီလောက်အထိ တီဗွီ အရသာကို ခံစားရသဖြင့် အပန်းဖြေ ရွှင်လန်းစေ၊ ဗဟုသုတ ရလေသည်ဟု ဆိုရမည် ဖြစ်သော်လည်း သမီး စုစုလှိုင်က နောက်တဆင့် တက်၍ ပူဆာလာပြန်တော့သည်။

"ဖေဖေ သမီးတို့ (ဗီဒီအို)ဝယ်ကြရအောင်လား"

"ဗီဒီအိုဆိုတာ ဘာလဲ"

"ဗီဒီအို ဆိုတာ ရုပ်မြင်သံကြားကို ကိုယ်ဟာကိုယ် ဖွင့်ကြည့်ချင်တဲ့အချိန်မှာ ဖွင့်ကြည့်နိုင်တဲ့ စက်ပေါ့ဖေဖေရဲ့၊ အခုဟာက ည(၇)နာရီခွဲမှ မြန်မာ့အသံ ရုပ်မြင်သံကြားဌာနက ဖွင့်လွှင့်တာကိုကြည့်နိုင်တယ်လေ၊ ကိုယ့်စက်နဲ့ ကိုယ်ဆိုတော့ ကိုယ်ကြည့်ချင်တဲ့ကားကို (ကက်ဆက်)နဲ့ ဖွင့်ကြည့်နိုင်တယ်၊ အခုဆိုယင် အင်္ဂလန်က ငလေမင်းသား လက်ထပ်တာကို ဗီဒီအိုရှိတဲ့ လူတိုင်းကြည့်ပြီးကြပြီ၊ နောက်ပြီး မြန်မာပြည်က လွှင့်တဲ့အထဲက ကောင်းတဲ့ဟာဆိုယင်လဲ (ကက်ဆက်)နဲ့ကူးထားပြီး ကိုယ်ကြည့်ချင်တဲ့အခါ ပြန်ကြည့်နိုင်တယ်လေ"

"အေး ကောင်းတော့ အကောင်းသား၊ ခုရှိတဲ့တီဗွီစက်နဲ့ ပြလို့ဖြစ်ကဲ့လား"

"ဖြစ်တာပေါ့"

"အဲသည်စက်က ဘယ်လောက်ပေးရသလဲ"

"သောင်းရှစ်ထောင်– နှစ်သောင်းလောက်ပါ"

"အမယ်လေးလေး.... ဈေးကလဲ မနည်းပါကလား၊ နေရာမရှာပါနဲ့ သမီးရယ်၊ ရှိတာနဲ့ပဲ ရောင့်ရဲလိုက်ပါတော့"

''ဟင့်အင်-ဖေဖေကော့လဲ''

လိုတာမရသောဆင်းရဲခြင်းဖြင့် စုစုလှိုင်မှာ မျက်နှာ ညှိုးသွားလေသည်၊ ထိုအတွင်း တယ်လီဖုန်းလာသဖြင့် ဦးမြတ်ထွန်း ကောက်ကိုင်လိုက်သည်။

''ဟဲလို....ပြောပါ''

''...............''

''ဩော်.... ရှိပါတယ်.... သမီးရေ.... ဖုန်း''

စုစုလှိုင်က ဖခင်လက်မှဖုန်းကို ယူကိုင်လိုက်သည်။

''ပြောပါ စုလှိုင်ပါ ဩော်.... သန္တာလား ပြော''

''...............''

''လေဒီဒိုင်ယာနာ ဟုတ်လား၊ ဩော်.... ချားလ်စ်ရှူ ိင်ရယ်လ်ဝက်ဒင်းလား''

''...............''

''ဟင့်အင်း မကြည့်ရသေးပါဘူး၊ ဟင်.... ကိုယ်တို့အိမ်မှာ ဗီဒီအိုမှမရှိတာကြီး၊ မင်းပေးလဲ အပိုပဲ ပေါ့....ဘာ....တစ္ဆေကား ....ဟုတ်လား၊ ဟင့်အင်း....ကြောက်ပါတယ် မကြည့်ဝံ့ပါဘူး၊ ဘရုစလီ....ဟုတ်လား၊အဲ့ဒါတော့ကြည့်ချင်တယ် ကွယ်၊ ဟင့်အင်....ဖေဖေကမဝယ်ချင်ဘူးတဲ့''

စုလှိုင်မှာ စောစောကထက် မျက်နှာအိုကာ အဖေ့ကိုတချက်ကြည့်ပြီး အခန်းထဲမှထွက်သွားလေသည်။

ဦးမြတ်ထွန်း စိတ်မကောင်းဖြစ်လိုက်ရသည်။

''အဖေကြီးနှယ်တော်....ငွေဈေးတသောင်းလောက်များ ရှင်တို့ဂေါက်သီးကစားဖို့ ဝယ်ရတာသောက် ရှိပါတယ်''ဟု ဇနီးဖြစ်သူက ဒေါ့ထောက်ဖင်ခံသည်။

''တီဗွီရှိယင် ဗီဒီအိုရှိမှ ပြည့်ပြည့်စုံစုံဖြစ်မှာ ပေါ့ ဖေဖေရဲ့''ဟု သားတော်မောင်က အဆိုပြုပြန်သည်။

အိမ်တွင်းဒီမိုကရေစီအရဆိုလျှင် သူတို့သားအမိက အများစုဖြစ်နေသည်။ တကယ်ဆိုတော့ ဗီတိုအာဏာက ဒေါ်မြင့်မြင့် လက်ကိုင် ဖြစ်ပါသည်။

''ကဲ....လို ချင် တာ ဝယ် ကြ ဗျား၊ ဝယ်ကြ ဗျား''

ဗီဒီအိုရောက်လာတော့ (ကက်ဆက်)ဆိုတာကလိုလာပြန်သည်။ (ကက်ဆက်)တခွေလျှင် ငွေသုံးရာကျော်လောက် ဆိုတော့ ဖအေကြီးကိုပင် နားပူရန်မလိုတော့၊မိခင်ကြီးအိတ်ထဲမှ တခွေပြီး တခွေ ဖြစ်လာနိုင်သည်။ ရှူ ိင်ရယ်လ် ဝက်ဒင်းတို့၊ တရုတ်သိုင်းကားတို့၊ သရဲတစ္ဆေကားတို့၊ အဆိုကျော် ဒေါ်နာဆမ္မားသီချင်းများ ထိုကက်ဆက်မျိုးကိုငှားဖို့ကတော့တခွေမှအစိတ်သုံးဆယ်မို့ စုစုလှိုင်မုန့်ဖိုးထဲက ဖြစ်နိုင်သည်။

ခါတိုင်းည(၇)နာရီခွဲသည့်အချိန်မှ အသံနှင့်ရုပ် ပေါ်လာတတ်သော တီဗွီစက်မှာ ဗီဒီအိုကက်ဆက်နှင့် တွဲမိကာမှ နံနက် (ဂ)နာရီမှစ၍ သီချင်းဆိုနေပြီ။ သီချင်း ဆုံးသွားတော့ ဇာတ်လမ်းစကားတွေ ပြောနေသည်။ ထမင်းစားချိန်တွင် ခဏနားပြီး(၁၂)နာရီလောက်မှ ည(၇) နာရီခွဲ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို ဆက်မိသွားတော့သည်။ သူတို့ဟာက ဖွင့်ချင်သည့် အချိန်မှာ ဖွင့်လို့ရသည်ဟုဆိုသည့်အတိုင်း ဖွင့်ချင်သည့်အချိန်က များနေသဖြင့် နေ့မအားညမအား ဖြစ်နေသည်။

တခါတရံ မြန်မာ့ရုပ်မြင်သံကြားသတင်းအစီအစဉ်မှ မမြင်ရ မကြားလိုက်ရ။

'ငှားလာတဲ့(ကက်ဆက်)ခွေကနက်ဖြန်မနက်ပြန်ပေးရမှာမို့' ဟု အကြောင်းပြပြီး အနှာမခံလိုသည့်သဘောဖြင့်ဖွင့်ကြသည်။စင်စစ်တီဗွီသည်

ပြည်တွင်းပြည်ပ သတင်းများ၊ နိုင်ငံတော် အစိုးရ၏ ကြေငြာချက်များကို ပဓာနထားဖို့ကောင်းသည်။ ဖြေဖျော်မှုအစီအစဉ်တို့က ပဓာနမဟုတ်၊ အငြိုးပြေ အပန်းဖြေ သဘောမျှသာ ဖြစ်သင့်သည်။ ယခုတော့ ဦးမြတ်ထွန်းအိမ်မှာ ရှင်ရှင်ရဲ့ ကလေးဖြစ်နေပေပြီ။သားကကြိုက်လို့ ဖွင့်သည်၊ သမီးက ကြိုက်လို့ ဖွင့်သည်၊ ဇနီးက ခိုင်းလို့ ဖွင့်သည်၊ဧည့်သည်လာလို့ ဧည့်ခံသည်၊ကြည့်ကြ၊ ကြည့်ကြ၊ ကြည့်ကြ။

တီဗွီရောဂါပိုးသည် ဦးမြတ်ထွန်းကိုပါ ကူးစက်လာချေပြီ။ ကြည့်တော့လည်းကြိုက်မိသည်။ တော်ရုံဘန်ရုံ ကီစ္စလောက်ကို မသွားချင်တော့၊ ကြီးကြီးကျယ်ကျယ်ကိစ္စသော်မှ အချိန်မီမရောက်ချင်တော့၊ ကိုယ့်လုပ်ငန်းဆောင်တာတို့ပင် ပျက်မှန်းမသိ ပျက်ခဲ့ပေါင်းများပြီ။

ယနေ့တော့ နံနက်စောစော လက်ဖက်ရည်သောက်ပြီး ဧည့်ခန်းတွင် ထိုင်၍ အရုပ် မပေါ် အသံမထွက်သည့် တီဗွီစက်ကို ကြည့်နေမိသည်။ ဇနီးသည်က ဈေးသို့သွားနေခိုက်၊ သားနှင့်သမီးက တက္ကသိုလ် စာမေးပွဲ ဝင်ခွင့် လျှောက်လွှာများကိုသွား၍ ထုတ်နေကြသည်။ ထို့ကြောင့်လည်း တီဗွီစက်မှာအနားရနေရှာခြင်းဖြစ်သည်။

ဦးမြတ်ထွန်းက အသက်မဝင်သေးသည့် တီဗွီစက်ကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။

'ဗုဒ္ဓဟောတော်မူတဲ့ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဆိုတာပါကလား၊ မျက်စိနဲ့လဲမြင်ရတယ်၊နားကလဲ ကြားရတယ်၊မြင်ရတာကစက္ခုဝိညာဉ်၊ တွေ့ရတာက ရူပါယတန၊ ကြားရတာက သောတဝိညာဉ်၊ အသံတွေက သဒ္ဒါယတန၊ မြင်တော့လဲ ကြိုက်တယ်၊ ကြားတော့လဲသာယာတယ်၊ ကာမဂုဏ်ငါးပါးအနက်က ရူပါရုံရော သဒ္ဒါရုံရော နှစ်ခုပေါင်းပြီး ကောင်းကောင်းကြီး ဆွဲဆောင်နေတာ....နင်ပဲ။

'နင်ကအလှအပအထူးအဆန်းလေးတွေ ပြတော့ ငါကကြိုက်တယ်။

'စက္ခာယတန=စက္ခု ပသာဒနှင့် ရူပါရုံ ဆုံမိပေသကိုး။

'ဒါကို ဘုရားဟောတော်မူခဲ့သားပဲ။

စက္ခုရူပေ န သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ။

'ဒီလိုဖြစ်လဲ မကြည့်ပဲနေပေါ့၊ အခုတော့ ငါက ထပ်ကာထပ်ကာ ကြည့်နေတယ်။

'အသစ်အသစ်တွေကိုကြည့်ရအောင်စောင့်တနေတယ်၊ အဟောင်းအဟောင်း တွေကိုလဲ ထပ်၍ထပ်၍ ကြည့်ချင်တယ်၊ ကြည့်သမျှ၊ မြင်သမျှ၊ ကြားသမျှ တွေကလဲ နှစ်သက်စရာတွေ၊ ကြည့်ချင်တယ် ဆိုတဲ့စိတ်ကို အလိုလိုက်ပြီး သူ့အကြိုက်ကျွေးနေရတယ်၊ သူ့(သြဇာ)ကို နာခံရတယ်၊ သူ့အလိုကို မဆန့်ကျင် နိုင်ဘူး၊ သူ့(ကျွန်)၊ သူ့အစေအပါး၊ သူစေစားတာကို ထပ်၍ ထပ်၍ ဆောင်ရွက်ပေးနေရတယ်။

'လာခဲ့....လာခဲ့၊ လက်သည်ပေါ်ပြီ။

'ယာယံတဏှာ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ။ တတြ တတြာ ဘိနန္ဒိနီ၊

သေယျထိဒံ- ကာမ တဏှာ -ဘဝ တဏှာ- ဝိဘဝတဏှာ။

ထိုအခိုက် သားအောင်မြတ်ထွန်းက အော်ကြီးဟစ်ကျယ်နှင့် ဝင်လာသည်။

''ဖေဖေရေ.... ဖေဖေ ကြည့်ချင်တယ် ဆိုတဲ့ (ဂိမ်းစ်ဘွန်း)ကားငှားခဲ့ပြီ''

''အေး....ကောင်းသားပဲ'' (ဟာ....ငါ့နှယ်နော်)

(ဟာ....ငါ့နှယ်နော်)ဟူသော အသံကတော့ ဦးမြတ်ထွန်းနှုတ်မှ ထွက်လာသည်မဟုတ်၊ စိတ်ထဲကသာ သူ့ကိုယ်သူ ရေရွတ်လိုက်ခြင်း ဖြစ်လေသည်။

* * *



# ချစ်၍ မွေးသည်

ပူတူးမသည် တအိအိနှင့် အော်နေရှာသည်။ ဟိုပြေးလိုက် ဒီပြေးလိုက်လည်း လုပ်သည်။ သူ့ မီးနေခန်းလုပ်ဖို့ သူ့အတွက် ဝယ်ထားသော ထန်းခေါက်ဖာကလေးကိုလည်း ကုတ်ခြစ်သည်။

"ဟဲ့–ဟဲ့ လုပ်ကြပါဦး၊ သမီး စမ်းနာနေပြီနဲ့ တူတယ်"

ကျွန်တော်၏ဇနီးက မှတ်ချက်ချ၍ အိပ်ရာမှ ထကာ သူ့သမီးအနီးသို့သွားကြည့်သည်။ ပူတူးမကား သူမွေးစားသော သမီး သဘော်ခွေးမ ဖြူဖြူလှလှကလေးပင်တည်း။

သူ အော်ကြီးဘစ်ကျယ် လုပ်သောကြောင့် တအိမ်သားလုံး ကျွန်ဘော်ပါ အိပ်ပျော်နေရာမှ ထကြည့်ရသည်။ မိန်းမတို့မည်သည် သူတို့အရေး ယူတာကို လင်ယောက်ျားက လိုက်၍အရေးယူမှ 'ရွှေဘောတော်ကျသည်'မဟုတ်ပါလား။ယခုလို ပြောသာပြောရပါသည်၊ ကျွန်တော် ကိုယ်တိုင်ကလည်း ခွေးကလေးများကို ချစ်ခင်တွယ်တာတတ်ပါသည်။

"သမီးရယ်....သမီးရယ်.... သိပ်နာနေပြီလား ကွယ်"

သူကတယုဘယမေးလိုက်ခါမှ ခွေးမလေးက ပို၍ အော်ပြသည်။ ဟောဟဲဟောဟဲနှင့် လျှာကလေးထုတ်၍ အသက် ရှူသံကလည်း ပို၍ ပြင်းလာသည်။

"ဘယ်တော့လောက်မှ မွေးမလဲဟင်၊ ဘယ်လောက် ကြာကြာကြီးသူ့ ခမျာနာနေဦးမှာလဲ"

ဟု ခွေးမကလေးကို ပွေ့ပိုက်ရာက ကျွန်တော့်ကို လှမ်းမေးလိုက်သဖြင့်....

"ငါဘယ်သိမလဲကွ၊ မောင်သင်ကိုသွားနှိုးပြီး ပြပါလား (ဆရာဝန်မင်းသား မောင်သင်ကား ကျွန်တော့်အိမ်နားတွင်နေသည်။) ဒါမှ မဟုတ်လဲ ဒပ်ဖရင်ကိုပို့"

ကျွန်တော်က သို့ကလို ရယ်စရာပြောလိုက်သည်ကို မိန်းမက ဒေါသဖြစ်သည်။ ဘုတောသည်၊ ဘောက်ပြောသည်ဟု ကောက်ချက်ချသည်။

"ကိုတို့ယောက်ျားတွေဒါပဲ၊ သူ့ခမျာ ဘယ်လောက် ဝေဒနာခံနေရရှာသလဲ"

သူက သို့ကလို မိန်းမချင်း ကိုယ်ချင်းစာ၍ ပြောလိုက်သည်။ဟုတ်လည်းဟုတ်ပေမည်၊ ခွေးမကလေးမှာ ရင်တုန် ပန်းတုန် မောနေရှာသည်။ ဒီကြားထဲက ကမ္ဘဇလေ လှုပ်သည့်ဒဏ်က အခံရဆိုးနေပုံရသည်။ မျက်လုံးကလေးများမှာ မျက်ရည် ရောင်ကြောင့် ရွှန်းပြောင်ဘိသည်။

သူကခပ်တည်တည် လေးလေးနက်နက်ပြောလိုက်မှ ကျွန်တော်လည်း လေးလေးနက်နက် တွေးကြည့်လိုက်မိသည်။ အမ–အမ၊ အထီး, အမ၊ အဖို့,အမ၊ ယောက်ျား,မိန်းမ၊'မ'ဆိုသော သတ္တဝါတို့သည်ကား 'သူ့သွေးသန္ဓေ၊ ဆောင်ထွေစွဲကပ်၊ မီးယပ် သားဖွား' အာဝေဏိက ဒုက္ခများက ဘယ်အမများမှ မလွတ်ကြပေတကား။

လူသားများက မိမိလင်—မိမိ ခင်ပွန်းတို့ကို တ,၍ အော်လိမ့်မည်။ မအော်သည့်တိုင်အောင် တမ်း တ ရှာ ပေ လိမ့် မည်။ ယခု ပူတူးမကား တအီအီယအာအာနှင့် ဘာသာဘာဝ မြည်တမ်း ရှာရုံသာ ဖြစ်သော်လည်း ကျွန်တော်တို့ နား မလည်သော စကားကြောင့် လင်ကို တ,လေ သလား၊ မိဘကိုဘ,လေသလား မပြောတတ်။

အချို့လူမိန်းမများတော့ ယခုလို ဝမ်းနာ သည့်အခါ လင်ကို မိုးမွှန်အောင်ဆဲကြောင်း ကြားဖူးသည်။ဘချို့များ အိမ်ထရံကိုပင် တွယ်၍ တက်ကြခကြောင်း ကြားရပြန်၏။

ဤအခြင်းအရာများသည် တကယ်ဆိုတော့ သူ့ခမျာများ၏ မခံချိမခံသာသော ဝေဒနာကို သက်သေပြရာရောက်သည်။ ထိုမှ တဆက်တည်း တွေးလျှင် ယောကျ်ားတရံ မဆက်ဆံသည့် ခံနိုင် ပြင်းပြသော သေဝနည်းပါးဒုက္ခကို မ,သတ္တဝါ များသာ ခံရသည်။ ယောကျ်ားဖောင်စီး–မိန်းမ မီးဖွား ဆိုသော ရှေးစကားမှာ ယခုလူငယ်တွေ သိလွယ်အောင်ခေတ်မဆန်လှတော့။ ယခု လော လောဆယ် ပြောရလျှင် စစ်ထွက်ယောကျ်ား မြွေသမားနှင့် ရေသွားခရီး ဆိုတာမျိုးသာ သိ လွယ်လိမ့်မည် ထင်သည်။

သဘာဝကပေးသော အာဝေဏိကဒဏ်ကို တွေးကြည့်လျှင် ယောကျ်ားများထက် သတ္တိဗျတ္တိ မရှိလျှင် မဖြစ်သော အခြေအနေကို ရိပ်စားမိ သည်။ ချီးကျူးရပေမည်။

''အင်း....ပူတူးမရယ်၊နင့်ကို ငါလင်ပေးစား မိဘာ မှားတာပဲ၊ နင့်လင်ကတော့ ခုနေ သူ့ သခင်အိမ်မှာ ကွေးနေအောင် အိပ်ပျော်နေမှာ ပဲဟဲ့''

ကျွန်တော့်မိန်းမကား ပူတူးမ၏ ကြင်ဘက် သက်လျာ ခွေးထီးကလေးကို မလိုတမာ နာ ကျည်းစွာ ရေရွတ်နေပြန်ပါတော့သည်။

ဟုတ်လည်း ဟုတ်ပေမည်။ ပူတူးမကို လင် ပေးစားတာလည်း သူပဲဖြစ်သည်။ မပေးစား၍ မဖြစ်ပါချေ။

ဖြူဖြူဖွေးဖွေး လှလှပပ ကြွကြွရွရွက်လေး ဖြစ်သော ပူတူးမကို အိမ်နားက ခွေးလေ ခွေး လွင့်တွေက တရစ်ဝဲဝဲလာလုပ်ကြသည်။ လျှောက် ပြန် သံပေး ခြေအေး ဝမ်းရောင် ဆိုသကဲ့သို့ 'မောင့်အပေါ်ဝယ်၊ ဂုဏ်ရည် မတူလို့လား' စသည် သီချင်းမျိုးကို အိမ်ရှေ့က၊ အိမ်နောက် ဖေးက လာ၍အူကြသည်၊ ဟောင်ကြသည်၊ ညည်းကြသည်၊ အကဲဆုံး, အ သဲ မဲ ဆုံး ကား ဂုပ်ကျားဆိုသည့် ဗမာခွေးကြီးတည်း။

ကျွန်တော့် ဇနီးက သူ့သမီးကို ထိန်းရ ကျောင်းရသည်မှာ သမီးတကောင်နွားတထောင် ဖြစ်နေလေသည်။ အိမ်က ပူတူးမကလည်း လစ် လျှင် ထွက်၍....

'နှစ်ကောင်တည်းဆိုယင်မောင်ရယ်၊ ဇေရက် တောင်ထိပ်၊ နေချင်ယင် ခုသွား'

ဆိုသကဲ့သို့ နန့်တန့်တန့် ပုံတံတံ လုပ်လေ သည်။ ဒါကို ကျွန်တော့်ဇနီးက ရင်နာသည်၊ ခံပြင်းသည်၊ နှမြောသည်၊ အထူးသဖြင့် မိဘက ချစ်သော သမီးပျိုကို ဟိုလူနှင့်သဘောမတူ၊ဒီလူ နှင့် မပေးစား ဆိုသည့် မိခင်စိတ်ခေတ်တရားကို အလိုလိုသိလာရသည်။

''ဟေ့ သဘာဝကို တားလို့ရမလားကွ၊ သူ့ မှာလဲ သွေးနဲ့သားနဲ့ပဲ၊ နောက်ပြီးတော့ သူတို့က တနှစ်လုံးမှ တလလောက်ရယ်၊ တို့လူတွေက အကာလိကာ–အချစ်သဘော ပေါက်နေကြ တာ''ဟု ဂုပ်ကျားကြီးဘက်မှ ကျွန်တော် ရှေ့ နေ လိုက်မိခါမှ....

''အို...ရက် ရက် စက် စက်၊ ဒီလို အိမ်ကြို အိမ်ကြားက ခွေးဝင်စားကြီးနဲ့ သဘောမတူနိုင် ပါဘူး၊ နောက်ပြီး အမျိုးချင်းလဲ တူတာမဟုတ် ဘူး၊ ဒီက စပယ်နီရယ်ကလေးဟာ''

"ကဲ ဒါဖြင့်လဲ မျိုးတူရွယ်တူ သမက်ရှာပေးဦးလေဗျာ"

"ရှာတန် ရှာရမယ်တော်ရေ့၊ မဟုတ်တာတော့ အဖြစ်မခံနိုင်ဘူး"

ထိုအချိန်များမှာတော့ ဂုပ်ကျားကြီး ခမျာမှာ အိမ်ရှေ့သံစကာ တံခါးရှေ့က ငုတ်တုတ်ကြီး လာထိုင်၍ အူရှာလေသည်။

'မိဘမောင်ဖွား အစ်ကိုတွေကြားဝယ်၊ ယက္ခဂုမ္ဘန် ဝန်းရံခလို့ရယ်'

"ဟဲ့....ဟိုသေနာကောင်ကြီးကို ခဲနဲ့ ပေါက်ထုတ်လိုက်ကြပါ တော့လား"

'သမီးအလှ လင်မရတာမို့၊ အဘရယ် လင်ဝယ်သွားရှာရမယ်' ဆိုသကဲ့သို့ ကျွန်တော့်အစား ကျွန်တော့်ဇနီးက ပူတူးမအတွက် လင်အရှာ ထွက်ရသည်မှာ အမော။

မျိုးတူမျိုးကောင်း သဘော်ခွေးကလေးများကို တွေ့လျှင် အထီးလေးလား၊ အမလေးလားဟု ပိုင်ရှင်ကို စုံစမ်းရသည်။ အထီးလေးဆိုပါက သူ့သမီးအတွက် မေးရမြန်းရ စေ့စပ်ရသည်မှာ အလုပ်ဘခု။ ခက်သည်က အထီးရှင်ကလည်း အခရှိရာ စိတ်ချလက်ချ မထည့်အပ်နိုင်ပေ။သူတို့လည်း သူတို့ရဲ့ အချစ်တော်ကလေးကို မျက်စိကွယ်ရာ နားကွယ်ရာ မည်သို့ ထည့်အပ်ရက်ပါမည်လဲ။

ကျွန်တော့်အိမ်က မိခင်ကလည်း မျှပ်ချောသဘောကောင်း အိမ်ပါ အမေဝ ညှဲ... ဒါမှ လိုချင်သည်။ သူ့သမီးကို ခွေးထီးရှိရာသို့ ပို့ပေးပါ ဆိုတော့ ဘဆိဘ်ကလေးမှ မခွဲချင်။

"စိတ်ညစ်ပါတယ်ကွယ်၊ ပိုက်ဆံပေးပါ့မယ် ဆိုဘာတောင် အထီးကလေးတကောင် မရဘူးတဲ့"

"အေး....အဲဒါ လောကမှာ အထီးနဲ့အမ ဘယ်သင်းက ဈေးကောင်းနေသလဲကြည့်"

"အောင်မာ....အခရေးထဲ သူကလဲအသားယူလိုက်တာ"

"ကျောက်မြောင်း ဈေးထဲက ဆိုင်တဆိုင်ပေါ်မှာ သိပ်လှတဲ့ ခွေးထီးကလေးတော့တွေ့ရပါရဲ့၊ အဲဒါသွားပြောတော့ အိမ်ကိုမထည့်နိုင်ဘူး၊ ပူတူးမကို သူတို့ဆီ ပို့ပေးပါပြောတယ်၊ ဒါလဲ တရက်ကို ငွေတဆယ်ပေးရမယ်တဲ့ တယ်ဗန်းရှုံးတယ်"

"မင်း အဲသလို မူနေယင် မင့်သမီးလင်ရမှာ မဟုတ်ဘူး၊ ဒီလိုယင်လဲ ပြောကြည့်ပါလား"

"ဘယ်လိုလဲ အကောင်းပြောနော်"

"အေးပါ....အ ကောင်း ပါ ပဲ၊ ကျောက်မြောင်းဈေးနဲ့ဆိုတော့ တို့နဲ့လဲ အနီးသားပဲ၊ မနက်ကိုလာခေါ်၊ ညနေဘက်ကို ပြန်ပို့ပေးပါမယ်လို့ ပြောကြည့်ပါလား၊ သူတို့လိုချင်တဲ့ငွေလဲပေးပေါ့"

"အေးလေ....တတ်နိုင်ပါဘူး၊ သတို့သမီးက ငွေဘင်တောင်းရတော့မှာပေါ့"

"မင့်သမီးက ငြိမ်ငြိမ်မှ မနေနိုင်တာ၊ မအေက ရှေ့မျက်နှာ နောက်ထားပြီး သတို့သားကို ဒုက္ခခံခေါ်ပေတော့ပေါ့"

သို့နှင့် ပူတူးမ၏ အာဝါဟ ဝိဝါဟမင်္ဂလာပြီးမြောက်အောင်မြင်ရလေသတည်း။

နားရွက်ဖားဖား၊ အမွေးဖြူဖွားဖွား၊ သားသားနားနား သတို့သားခွေး လုလင်ကလေး၏ အမည်ကားဂျက်ကီဖြစ်လေ၏။ ချစ်စရာကောင်းပါလျက် ကျွန်တော်က သူ့ကို မနှစ်သက်သည်မှာ ယောက္ခမပီပီ ဖြစ်သေမလားတော့ မသိ၊ သို့စဉ်ပါလျက်ယောက္ခမအိမ်ဘက်သမက်သဖွယ် မျက်နှာငယ်ရမည့် ဘေးမှ ဝေးရရှာအောင် ကျွန်တော်ကပင် မျက်နှာလိုအားရ မျက်နှာသာပေး၍ သူ့ခေါင်းကို ကြင်နာယုယစွာ ပွတ်

သပ်၍ နှုတ်ဆက်လိုက်သည်ကို သူကလည်းတဦး မေတ္တာ တဦးမှာ ဆိုသည့်အလား မယားနေစကြောင်သေမှ သဘောနှင့် မာန်ဖီ၍ ထိုးဟပ်လိုက်သည်။

''ဟော့....မင့်သမက်နဲ့တော့ ငါ မျက်နှာကြော မတည့်ဘူးဟေ့၊ ရိုက်မိလိမ့်မယ်၊ ဘယ့်နှယ်ဗျာ၊ ငါက လောကွတ်တော် ကျေကျေနဲ့ ကွမ်းရေတော်ကမ်းခါမှ သောက်လိုက်ကမ်းဆိုးမသိ၊ ငါ့ကို ဖမ်းဆိုက်တယ်၊ ဒီကောင်မျိုး ယောက္ခမမိဘ ရှိသေရကောင်းမှန်း မသိဘူး''

''အို...ဒါကဘော့ ကိုကမှ တကယ်မချစ်ပဲ သူသိတာပေါ့''

''သိသဲ ငါ့လိုပဲပြန်ပြီး လိုက်လျော ညီထွေ ကျင့်တတ်စေတော့ လုပ်ဖို့ ကောင်းပါသကွာ''

''အို...ဒါ့ကခွေးကိုးတော့၊ သူ့တွေသို့အပေါ် ယံပြုံးပြီး ဘယ်ညာမလဲ....''

''အေး.... ဒါလဲ ဟုဘ်တုတ်တုဘ်ပဲ၊ ရိုးရိုးသားသား ခွေးမသား ပီသတာပေါ့လေ၊ ကြည့်စမ်း၊ အခုထက်ထိ ငါ့ကို ကြည့်ကြည့်ပြီး ဟိန်းဟိန်းနေတယ်၊ မင့်ကောင် ပြန်ပို့ကွာ၊ ငါ သောက်မြင်ကတ်တယ်၊ ကြောက်လဲ ကြောက်တယ်''

''အို...ကိုနဲ့ပေါင်းဖို့ဟာမှဟုတ်တာ၊ သူတို့ချင်း သင့်ယင်ပြီးဘာပဲ၊ သူ့ မျက်စိရှေ့မှာအမြင်မကာဘ်ခအောင် ကြည့်နေပေါ့''

''ကဲ...ဒါဖြင့်လဲ ယောက္ခဒအိမ်မှာ ပျော်သလိုသာနေ''

ပူဘူးခသည် ဂျက်ကီအား တော်တော်နှင့် အနားကပ်ခခံ ါချေ။ သို့ကလို မိဘတို့ဝတ္တရားရှိသည့်အ ကိုင်း ပူဘူ မအား မကောင်းမြစ်တာ၊ ကောင်းရာညွှန် သတဲ၊ အခန်းအပ်နေသည့်အချိန် အ ကွင်းမှာ ကားလမ်းပေါ်မှ အညာရဂုပ်ကျားကြီးမှ မူ အိမ်ရှေ့ကိုလာ၍ ရစ်ဝဲ ရင်ဝဲနှင့်ကြည့်ရာမှ ရှည်ရှည်တွဲ့တွဲ့ တချက်မျှ ညည်းလိုက်ရာသည့် အသံကား....

''အသစ်အလွင်မှာ ပေါင်းကာ မွေ့မယ်လို့၊ အချစ်အကြင်နာ ပြောင်းကာ ရွှေ့တော့မယ်လာ့၊ ကောင်းပါ့ပေ့ မကြီးခင်''ဟု ဆိုလိုက်သလိုလို။

မကြာ မကြာ ဂျက်ကီကို လာ၍ အကဲခတ်သည်။ ''ဒီကောင်ငယ်ကလေးဟာ ငါ့ရည်းစားကို အပိုင်စီးမယ့် ငနဲလေလား''

ဂျက်ကီအိမ်ရှေ့ကို နည်းနည်းထွက်တာနှင့် တပြိုင်နက် သဲသဲမဲမဲ ဟောင်၏၊ ဟိန်း၏။ ကိုက်သတ်ရန် ကြိုးစား၏။ ဂျက်ကီကလည်း အသားယူကာ အာဏာ ပါဝါပြ၍ အထက်စီးကနေ ဟောင်၏။

''တူနိုင်မယ် မထင်ကြနဲ့၊ ကိုးဆယ်ဆကွာ လိမ့်မယ်''

သူတို့ချင်း ကိုက်၍ သတို့သားမှာ အနာတရဖြစ်ရလျှင် ခမည်းခမက်ချင်း ပြဿနာကြီး ပေါ်ကြရမှာမို့ ကိုရွှေဂျက်ကီကို မျက်စိအောက်မှ အပျောက်မခံဝံ့။ ဆီဦးဘောပတ် ကောင်းနိုးရာရာကျွေး၍ သတို့သား ပျော်အောင် ထားရသည်ကလည်း ရှိပေသည်။

ညခနေစောင်းသည်နှင့်တပြိုင်နက် သတို့သားမိဘ က သတို့သားကို ဆိုက်ကားနှင့် လာခေါ်ချေပြီ။ ငွေလဲ့ ပေးလိုက်ရသည်။ ဒါကို အိမ်ကမိန်းမက တဖွဖွမှာရသည်ကား ''နက်ဖြန်မနက် ဆက် ဆက် ပို့ ဖြစ် အောင် ပို့ ပါဦး နော်'' ဟူသတည်း။

ထို့ကြောင့်သာ ပူတူးမ ယခု ဝမ်းန ၍ မခံချိမခံသာဖြစ်ခနေရတာ မြင်ရသည့်ဒေါ်ခိုက် ''နင့်လင်ကတော့ အခုလောက်ရှိ ကွေ နေအောင် အိပ်နေမှာပဲဟဲ့''ဟု ကျွန်တော့်မိန်းမက ဒေါသမာန်ထခြင်း ဖြစ်ပေသည်။

''ကဲကွာ.... သူ့ဘာသာဘာဝ သဘာဝ အတိုင်း မွေးချိန်တန် မွေးလိမ့်မပေါ့၊ အိပ်ကြပါ စို့''ဟု ညနာရီပြန် ၂-ချက်လောက် ကျွန်တော်က ပြောသည်ကို...

''ကို.... ဘော်တော်ရက်စက်ပါလား၊ သူ တအီးအီး တအားအား နာနေရှာတာ အိပ်ပျော်နိုင်ပါ့မလား၊ ကိုသာ အိပ်ချင်ယင် သွားအိပ်ချည်ပါ''

''ဟ....မင်းမအိပ်ပဲ ထိုင် စောင့် နေ တော့ ကော သူသက်သာလာမလား၊ မြန်မြန်မွေးမတဲ့လား၊ မင်းကိုကော သူက အမေရယ်၊ သကျည်းနည်းနည်း အုပ်ပေးစမ်းပါလို့ ခိုင်းမတဲ့လား''

''အို...ကျွန်မကတော့ ခိုင်းခိုင်း–မခိုင်းခိုင်း နည်းနည်း–နည်းနည်း နှိပ်ပေးရမှာပဲ၊ လူအနားမှာရှိနေတော့ သူ အားရှိဘာပေါ့''

''နို.... ဟိုဘက်အိမ်အောက်က ခွေးသားအုပ်မကြီးတုန်းက ဘယ်သူ(လက်သည်)သုပ်ပေးသလဲကွာ....''

''ဟော....ကိုပြောတာကို မေ့သွားပြီလား၊ ကံ-ကံ၏အကျိုးကြောင့် ခွေး–ခွေးချင်း၊ လူ–လူချင်း မတူဘူးဆိုဘာလေ''

ဒါကတော့ ဟုတ်ပါပေသည်။ ကံ၏အကျိုး၊ ကံ၏အကြောင်းတရားတို့ကို စကားစပ်မိတိုင်း သူ့ကို ဓမ္မဒေသနာလက်တွေ့ပြ၍ တရားချခဲ့ဖူးသည်။

ခွေးချင်းတူပါလျက် လူ၏အယုအယ ခံယူ ပွန်းတီးရသောခွေး၊ အလေကာတော အိမ်ကြို အိမ်ကြား၊ ဖြစ်သလိုစားပြီး ကြီးနိုင်ငယ်ညှဉ်းဆဲခံရသောခွေး၊ လူချင်းတူပါလျက် ဘုရင့်သား၊ သဌေးသား၊ ကုန်သည်သား၊ သူဆင်းရဲသား၊ ဒွန်းစဏ္ဍားသား၊ လူသူမနီး တောကြီးမျက်မည်းထဲက သား၊ ဝမ်းတွင်းပါ ကျိုးကန်းဆွံ့အ လူချင်းမတူ၊ သူချင်းမမျှသောသား၊ သူတော်ကောင်း၏သား၊ သူယုတ်မာ၏သား ဒါတွေ ဒါတွေကို မည်သူက မည်သူ့ဝမ်းထဲ ဝင်စေဟု အမိန့်ပေးလိုက်ဘိသနည်း။ ညွှန်ကြားလိုက်ဘိသနည်း။ ယုဘ်စွအဆုံး တမိဝမ်းတွင်း ရှေ့ဆင်းနောက်ဆက် အမြွှာထွက်လာခဲ့သည့် ညီအစ်ကိုမောင်နှမသော်မှ အကျိုးပေး မညီမျှမှုများကို မည်သူက သာစေ၊ နာစေ ပြုပြင်ပြောင်းလဲပေးလိုက်ပါသနည်း။

အတိဘ်ဘဝကမိမိကိုယ်တိုင်ပြုလုပ်ကျူးလွန်ခဲ့သော ကုသိုလ် အကုသိုလ်များက အရင်းရော အဘိုးပါ ပေးဆပ်ခဲ့သည့် ကံကြွေး ကံဟောင်းများပင်ဖြစ်သကဲ့သို့ ယခုဘဝ သိ တတ် သည့် အရွယ်က ဝိညာဉ် တင်း လင်း သက်ရှင်တွင်း ကာလ၌ ပြု အပ် သော ကြိုး စား အပ် သော ကောင်းမှု မကောင်းမှုကံများသည်သာ ဘဝ ချင်းခြားကြကုန်ရာသည်။ အနေချင်း ခြားကြသည်။ အသိချင်း ခြားကြသည်။ ဤ တ ရား ကလေး လွှယ်လွှယ်နှစ်ခုကို ကြည့်ရှု သုံး သပ် ဆင်ခြင်အပ်ခြင်းသည် လူ့ ဘောင် လူ့ စည်း ဝင်း ခတ် ခြင်း ပေ တည်း။ ဤဝင်း ဤစည်း ဤဘောင်သာ ပျက်စီးကုန်ပါက လောကကြီး တခုလုံး မီးဟုန်းဟုန်း တောက်စရာများသာ ဖြစ်ချေမည်။

''အေးလေကွာ.... မီးနေကိစ္စ မအေနဲ့သာ ဆိုင်ပါတယ်၊ မင်းသာ စောင့်ပေတော့၊ ငါအိပ်မယ်''ဟု ကိုယ်လွှတ်ရုန်းကာ အိပ်ရာသို့ပြန်ခဲ့ရလေသည်။

သတ္တလောကကြီးကား တော် တော် ဆန်းသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော သဘောတရားတွေကို လုံးဝမစဉ်းစားမိသူ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ၎င်းတို့၏အကျိုးနှင့် တွေ့ထိလာလျှင် ဆင်းရဲရသည်၊ စိတ်ပူပန်ရသည်၊ သေကြေပျက်စီးရသည်။ နည်းနည်းစဉ်းစားမိသူဖြစ်စေကာမူ ထိုအကျိုးတရားမျိုး ဖြစ်လာနိုင်သည့် အကြောင်းတရားတွေကို နှစ် နှစ် ခြိုက် ခြိုက်


လက်ခံသိမ်းပိုက်ထားကြပေသေးသည်။ ရှင်းရှင်းပြောရလျှင် ဒုက္ခကို ဒုက္ခဟု သိပါလျက် ထိုဒုက္ခကို ရင်ဝယ်ပိုက်၍ နှစ်ခြိုက်ခုံမင်နေဘတ်ပါသေးသည်။ ဥပမာ သားဒုက္ခ၊ သမီးဒုက္ခ၊ ဇနီးဒုက္ခ၊ ပစ္စည်းဒုက္ခမရှိလျှင် ရှိအောင်ရှာ၍ ဒုက္ခခံလုံကြသည်။ ထိုဒုက္ခ၏ ကရိကထကလေးများပင်လျှင် ခံ၍ကောင်းသော ဒေါမနဿကလေးများ မဟုတ်လော။ ချစ်၍ပင် မွေးမွေး၊ မွေး၍ပင် ချစ်ချစ်၊ အရင်းအမြစ်ကတော့ သမုဒယစင်စစ် ဖြစ်ပါသည်။ ကဲ...ဘယ်ကာလအထိ ချစ်နိုင်ကြပါမလဲ၊ သေကွဲ ရှင်ကွဲ ထိုနှစ်ကွဲဖြင့် ဝမ်းနည်းနှလုံး၊ ကြိမ်မီးအုံးသို့၊ အပူလုံးကြွ၊ ယူကျုံးမရ ဖြစ်ရမည့်အစမူလကား ချစ်၍ မွေးသည်ဆိုဆို၊ မွေး၍ ချစ်သည်ဆိုဆို၊ ထိုသမုဒယဒုက္ခ၏ အကြောင်းရင်းပေတည်း။ တနည်းဆိုသော် ကိုယ့်မီးကိုယ်မွေ့ခြင်းပင် မဟုတ်ပါလား။

“ဟောတော့ ပူတူးမမွေးပြီ... မွေးပြီ၊ ဟယ်...လှလိုက်တာကလေးကွယ်”

ကျွန်တော့်ဇနီး၏ဝမ်းသာအားရအော်လိုက်သံသည် ကျွန်တော့်စိတ်ထဲမှာတော့ သောမနဿလည်း မဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ခံစားချက်ဘရပ်သာ ရလိုက်ရပါသတည်း။ ။



# ကြွက် ရောင်းရန်ရှိသည်



ခရီးသွားယင်း မတ္တာ၊ ကွမ်းစာယာ ဝါးချင်လာသဖြင့် တာမွေဈေးအနားက ကွမ်းယာဆိုင်တဆိုင်ကို ဝင်လိုက်သည်။

''ကွမ်းသီးစိတ် သေးသေးနဲ့ ကုလားဆေးမွှေး နည်းနည်းကွာ''

''ဆရာစားတတ်တာ ကျွန်တော်သိပါတယ်ခင်ဗျာ''ဟု ပြောပြောဆိုဆို ဆိုင်ရှင်က သွက်လက်စွာကွမ်းယာနေစဉ် နယ်လှည့်ရုပ်ရှင်'အော်ပရေတာ' မောင်ဖေသန်း ဝင်လာပြီး....

''ဟော့-ဘလှ၊ ဆရာ့ဖို့ ကောင်းကောင်းယာပေးကွာ၊ ပိုက်ဆံငါဆီက ယူ''ဟုပြောသည်ကို....

''တယာတလေ ဆရာစားတာ ပိုက်ဆံမယူပါဘူးဗျာ''ဟု ဆိုင်ရှင်က စေတနာ ပြုလိုက်သည်။

''ဘယ့်နှယ်လဲ- မောင်ဖေသန်း၊ ခုတလောနယ်မထွက်ရသေးဘူးလား''

''မထွက်ရသေးပါဘူးဆရာ၊ အလုပ်အကိုင်က သိပ်မကောင်းလှပါဘူး''

ဟု ကျွန်တော့်ကိုပြောရာကဆိုင်ထဲမှဗီရိုကလေးဆီကို ကြည့်ယင်း....

''ဟော့-ဘလှ မင့်ဆိုင်းဘုတ်က ဘယ်လိုလဲကွ၊ ဆန်းလှချည်လား''ဟု မေးလိုက်သည်။ ကျွန်တော်က သူကြည့်နေသော ဆိုင်းဘုတ်ကို သူပြောမှ သတိထား၍ ကြည့်မိသည်။

(ကြွက် ရောင်းရန်ရှိသည်) စက္ကူကတ်ပြားတချပ်ပေါ်တွင် မှင်အနက်ဖြင့် ထင်ထင်ရှားရှား၊ ကျွန်တော်ပါ အထူးအဆန်းမို့ အံ့ဩနေမိသည့်တိုင် ဆိုင်ရှင် မောင်ဘလှဆိုသူကတော့ လိုလိုချင်ချင်ဖြေချင်ပုံမရ၊ ဒါကို မောင်ဖေသန်းက ထပ်၍ မေးလိုက်ပြန်သည်။

''ဘော့ကောင် — ပြောစမ်းပါဦးကွ၊ မင့်ဆိုင်းဘုတ်က''

မောင်ဘလှက ကျွန်တော့်ကို ကွမ်းယာကလေး လှမ်းပေးယင်း....

''ကြွက်တွေ မလာအောင်လို့ပါဗျာ''ဟု ပြုံးစလွယ် ဖြေလိုက်သည်။

''ဟ-ကြွက်တွေက (အ)သုံးလုံး သင်တန်းတက်ကြသလား''

''ဒီလိုတော့ မပြောပါနဲ့ဗျာ- ကိုယ့်အယူအဆနဲ့ကိုယ်ပေါ့''

မောင်ဖေသန်း၏ စကားကို ကျွန်တော်က ရယ်လိုက်မိစဉ် မောင်ဘလှ၏ အဖြေကြောင့်

ကျွန်တော့်မှာ အားတုံ့အားနာ ဖြစ်လိုက်ရပါသည်။

“မင့်အယူအဆကသိပ်ပွနည်းမှမကျပဲကိုးကွ၊ ကြွက်မလာစေချင်ယင်စားကြွင်းစားကျန်မထားနဲ့၊သူတို့ကြိုက်တာကို လုံခြုံအောင်ထား၊အစာမတွေ့ယင်ဘယ်ကြွက်မှမလာဘူး၊ကိုယ့်ဟာကိုယ် ပစ္စလက္ခတ်နေလို့တော့ ကြွက်က မိသားစုနဲ့ လာပြီး ‘ဒင်းနားပါတီ’ လုပ်ကြလိမ့်မယ်ဗျား.... ဒီလို အူကြောင်ကြောင် ဆိုင်းဘုတ်ကလေး ရေးထားလို့ မလာဘူးသာဆိုယင် ကျန်းမာရေးဌာန၊ မြို့တော်စည်ပင်သာယာရေး အဖွဲ့က ‘ရန်ကုန်မြို့တွင်ရှိရှိသမျှ၊ ကြွက်၊ ခြင်၊ ယင်တို့ကို နိုင်ငံခြားသို့(အိတ်စပို့)လုပ်လိမ့်မည်,လို့ လမ်းခွတိုင်းမှာ ဆိုင်းဘုတ်ကြီးကြီးတွေ စိုက်ထူထားကြရော့မယ်”

“ဟော့ လူ....တော်....တော်”

ဆိုင်ရှင်က ငေါက်ဆတ်ဆတ် အော်လိုက်မှ မောင်ဖေသန်းက တဟဲဟဲ ရယ်ယင်း ထွက်သွားသည်။ ကျွန်တော်က မောင်ဘလှကို ကြည့်ယင်း ပြုံးနေမိသည်။

“တော်တော် ငါ့စကားနားရ ပြောတဲ့လူ၊ နေရာတကာသူသိ—သူတတ်၊ အရပ်ထဲမှာ ဘယ်သူနဲ့မှ မတဲ့ဘူး၊ ကြာကြာနေယင် ကျွန်တော်နဲ့ ရန်ဖြစ်မှာ”

“ကြွပ် ဆတ် ဆတ် မာကျောကျောပေမယ့် သဘောတော့ မဆိုးပါဘူးကွာ.... သူ့ပြောလဲ ခံပါတယ်”

“သူများ ယုံ ကြည် တာ ကို အပုပ်ချတာ ကောင်းသလားဆရာရဲ့၊ အလကားလူ”

“အေး.... စပ်စု တယ် လို့ တော့ သဘော မထားပါနဲ့ကွာ၊ ဒီဆိုင်းဘုတ် ဆွဲထားတော့ ကြွက်မလာတာ အမှန်ပဲလား”

“မလာတာ အမှန်ပဲဆရာရဲ့၊ ဒီလိုပါဆရာ၊ ဖြုန်းကနဲကြားလိုက်တော့ လူရယ်စရာကြီးပါ၊ ကျွန်တော်လဲ အစက မယုံပါဘူး၊ မယုံတဲ့အပြင် သူ့လိုပဲ ပြောင်ချော်ချော် ပြောမိပါသေးတယ်၊ ကျွန်တော့် အစ်မ တယောက်ကလဲ ကျောက်မြောင်းဈေးမှာ ကွမ်းယာဆိုင် ရောင်းပါတယ်၊ သူ့ဆိုင်က ဆေးပေါ့လိပ်တို့၊ မုန့်ပဲသားရေစာတို့ဆိုယင် မနက်မနက် ကြွက်ကိုက်ထားလို့ ဗရပွကြဲနေတာပေါ့၊ ထောင်ချောက်နဲ့ ထောင်ဖမ်းလို့ မိတဲ့အခါ ရိုက်သတ်၊ မမိတဲ့အခါ ဆဲဆိုကျိန်ဆဲ၊ မမြင်လိုက်နဲ့ မြင်လိုက်ယင် တုတ်နဲ့ရိုက်၊ တခုခုနဲ့ပေါက်ပေါ့လေ၊ ဒါလဲမရဘူး၊ ကိုက်တာပဲ။

“တနေ့တော့ သူ့ဆိုင်ကို ဆွမ်းလာလာရပ်တဲ့ ဘုန်းကြီးအိုကြီးကပြောသတဲ့၊ ‘ဒကာမကြီး ကြွက်မကိုက်စေချင်ယင် ကြွက်ကို ရိုက်လဲမရိုက်ပါနဲ့၊ သတ်လဲမသတ်ပါနဲ့၊ သူတို့ကို တောင်းပန်ပါ၊ ဘယ်လိုတောင်းပန်ရမလဲဆိုတော့ ‘မင်းတို့ ငါ့ပစ္စည်းကို လာပြီးမဖျက်ဆီးပါနဲ့၊ ငါတောင်းပန်ပါတယ်၊တောင်းပန်လို့မှ မရယင် မင်းတို့ကို ငါရောင်းစားတော့မယ်၊ အဲဒီအခါငါ့ကိုအဆိုး မဆိုကြနဲ့.... အဲသလိုပြော၊ (ကြွက်ရောင်းရန်ရှိသည်)လို့ ဆိုင်းဘုတ်ကို ထင်ထင်ရှားရှား ရေးပြီး ကပ်ထားကြည့်စမ်းပါ....’လို့ ပြောသတဲ့”

“အဲသည်တော့ မလာကြတော့ဘူးလား”

“လာတော့ လာကြသေးသတဲ့ဆရာရဲ့”

“ဟုတ်လား—ဟဲ-ဟဲ-ဟဲ”

“ကျွန်တော်လဲ အစ်မကြီးက ပြောတာကို ရယ်မိတာပဲ၊ ဒီလိုဆရာရဲ့....လာတော့ လာကြတယ်၊ သူတို့စားတတ်တဲ့ အစာကို မတွေ့ယင် သည့်ပြင် ပစ္စည်းတွေကို ဖျက်လိုဖျက်ဆီး မလုပ်တော့ဘူး၊ နောက် သူတို့အစာဆိုယင် ကိုယ်က လုံလုံခြုံခြုံသိမ်းထား၊ နောက် အစာမတွေ့ဖန်များလာတော့ မလာကြတော့ဘူးတဲ့”

“ဩော်-ဩော်- အခု မောင်ဘလှကလဲ အစ်မကြီး လုပ်သလို လုပ်တယ်ဆိုပါတော့”

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လဲ အစကတော့ ကြွက်ဆိုယင်အသေအလဲ လိုက်ရိုက်တာပဲ၊ အခုတော့သူတို့လဲ မလာကြတော့ဘူး"

"အစာမရှိလို့ မလာကြတာများလား"

"ကြွက်ဆိုတဲ့ သတ္တဝါမျိုးဟာ လာလို့မှ အစာမတွေ့ယင်စက္ကူကအစ ကိုက်ဖြတ်ဖျက်ဆီးခဲ့တာပဲ၊ 'လောကမှာ အိမ်ကိုဖျက်ဆီးတာကြွက်၊ ငှက်ကို ဖျက်ဆီးတာ ကျီး၊ လူကို ဖျက်ဆီးတာ ပုဏ္ဏား'လို့ စာဆိုတောင် ရှိတယ်မဟုတ်လား ဆရာရဲ့"ဟု ဆိုသောကြောင့်ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြယင်း 'ကြွက်ရောင်းရန်ရှိသည်' ဆိုသည့် ဆိုင်းဘုတ်ကို ကြည့်ရှု နှုတ်ဆက်ခဲ့ရပါသည်။

အိမ်အပြန် တလမ်းလုံး တွေးစရာ ရလာခဲ့သည်။

'ဟာ....ကြွက်တွေက (အ)သုံးလုံး သင်တန်းတက် ကြသလား'ဟု (ခွ)မေးလိုက်ပုံကိုလည်း စဉ်းစားယင် ရယ်ရပြန်သေးသည်၊

ရယ်ရာက သတိရ၍ တွေးလိုက်မိသည်။ ကျွန်တော်တို့ ငယ်ငယ်က အိမ်ပေါက်ဝတွေမှာ (ဝ)အက္ခရာကိုထင်ထင်ရှားရှားမြေဖြူဖြင့် ရေးထားခဲ့ကြဖူးသည်၊ ကိစ္စအကြောင်းက ဤသို့၊ အဘယ်အရပ်ဌာန ဘယ်တောရမှ ကမ္မဋ္ဌာန်းဘုန်းကြီးဟူ၍တော့ တိတိပပ မသိကြ။ ထိုဘုန်းတော်ကြီးက တနေ့တော့ အိပ်မက် မက်သည်တဲ့။ ထိုဘုန်းတော်ကြီး၏ (ဂေါစရဂါမ်) ဆွမ်းခံရွာသို့ ယက္ခုိက်ငါးဦး လူသားစားကြရအောင် ဝင်လာသည့်အခါ ဘုန်းကြီးက တောင်းပန်သည်။ ထိုအခါ ဘီလူးများက 'ငါးပါးသီလမြဲသော အရှင်ဘုရား၏ တပည့်တော်တို့ကိုတော့ (ဝ)ကွက်၍ ချန်ခဲ့ပါမည်၊ အိမ်၏ပုဏ္ဏားကွယ်တွင်သာ ထင်ထင်ရှားရှား (ဝ)အက္ခရာ ရေးထားကြပါစေဘုရား'ဟု လျှောက်သတဲ့၊ ပေယျာလကန်(ဝ)ကွက်၍ ချန်ခဲ့မည့်သဘော....

ထို့ကြောင့် ဘုန်းကြီးက ဒကာ-ဒကာမများ အိမ်တွင်ထင်ထင်ရှားရှား ထုံးဖြူဖြင့်ရေးသားစေသည်တဲ့။ ထိုကောလာဟလ ဘယ်သူကစလိုက်သည်တော့မသိ ကျွန်တော်တို့ မြို့လေးမှာ အိမ်ဘိုင်း (ဝ)ပေါ်နေကြသည်။

ယခု မောင်ဖေသန်း ပြောသလို ပြောလျှင် ဘီလူးယက္ခုိက်တွေက (ဝ-ထ-က-လ-သ) သက်ကြီးသင်တန်း တက်ပြီးကြလို့လားဟု (ခွ) မေးချင်ကြလိမ့်မည်။

တိုက်ဆိုင်သည်ဟု ပြောရမည်လား မသိ၊ ပုလိပ်ကပ်ရောဂါကြီးဖြစ်ပေါ်ခဲ့ရာ (ဝ)အက္ခရာနှင့်အိမ်များ အသေအပျောက် နည်းပါးသည်ဟု ဆိုကြကုန်၏။

မည်သို့ပင်ဆိုစေ၊ ထိုစဉ်က ကျွန်တော့်မှာ ငါးပါးသီလမြဲပါတယ်ဟု ပြောရအောင် ခြေ၊ ပု ရွက် က လေး များ သော် မှ မသတ်ဝံ့သောကြောင့် ဒုစရိုက်ကလေးတွေကင်းတန်သလောက်ကင်းခဲ့ရသည်က အမှန်။

ထို့နောက် ရှိပါသေးသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အိမ်ခပ်များများ၌ (အရဟံ)ဟူသော အက္ခရာများ၊ (စ-ခ-ဗ-ဝ)ဆိုသော အက္ခရာများ တချို့က မှိုင်းခံ စက္ကူပေါ်တွင် မနုဿီဘာ အချပ်ရေးပြီး ၎င်းအောက်မှ (ဥုံ-သုဝဏ္ဏဘုမ္မိဂန္ဓာန သောဏုတ္တရာ မဟိဒ္ဓိကာ)ဟူသော ဂါထာကို အိမ်အဝင် တံခါးမကြီးအသက်နှာ ရေး၍ ကပ်ထားတတ်ကြသည်။

ဒါကို ဘယ်လိုပြောကြမည်နည်း။

ပရိယတ္တိ စာပေရှင်ကြီးများက 'အက္ခရာ ကောဋ္ဌဗုဒ္ဓရူပ'ဟု ဗုဒ္ဓ၏ တရားမုခပါဠိဖြစ်သော ပါဠိအက္ခရာတလုံးသည် ဗုဒ္ဓမြတ်စွာ၏ ရုပ်ပွားတော်တဆူဖြစ်သည်ဟု ဖွင့်ဆိုကြသည်။ ဗုဒ္ဓ၏ ဂုဏ်တော် တန်ခိုးတော်တို့ကို ညွှန်းရာဖြစ်သော ထိုအက္ခရာများက သရဲ၊ တစ္ဆေ၊ ဘီလူး၊ မှိစ္ဆာတို့၏ အန္တရာယ်တို့ကို ဟန့်တား ကာကွယ်ပေး

သည်ဟုဆိုကြသည်။ ထို့ပြင်တပါးသော ပရိတ်ရေ၊ ပရိတ်ကြိုး၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ အဆောင် စသည်များလည်း ရှိသေး၏၊

ထိုအပြုအမူ၊ အယူအဆ၊ အားကိုးယုံကြည်မှုများသည် ယနေ့ မျက်မှောက် နှစ်ဆယ်ရာစုခေတ်အထိ သိပ္ပံပညာထွန်းကား၍ ရုပ်ဝါဒကိုသာ ယုံကြည်ကိုးကွယ်နေကြသော တိုင်းကြီးပြည်ကြီးများမှာပင်လျှင် မကင်းနိုင်ကြသေးဟု ဆိုလေရာ၊ တာမွေဈေးက ကြွက်ရောင်းရန်ရှိသော မောင်ဘလှကို ရှုးသည်ဟု မဆိုသာ၊ လူမှုရေးနှင့် ဥပဒေရေးရာတို့ကို ထိခိုက်ငြိစွန်းခြင်းမရှိသော ကိုယ်ရေးကိုယ်တာ အယူအဆ၊ အဆောင်အယောင်တို့ကို ရှုတ်ချပုတ်ခတ်ရန်မသင့်ကြောင်း–ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ၌ ပါရှိသည်။

ယခု ကြွက်ရောင်းရန်ရှိသည့်ကိစ္စ....

သူ့စကားအလိုက ကြွက်များကို မရိုက်နှက်၊ မသတ်ဖြတ်ပဲ တောင်းပန်ပါသည်ဟု ဆိုသည်။

တောင်းပန်ခြင်းသည် အပြေအပြစ် စေ့စပ်သောစကား၊ ဒေါသကင်း၍ မေတ္တာကို ရှေးရှုသော စကားဟု ဆိုနိုင်ကောင်းပါသည်။

'ကြွက်က အဲ့သလိုပြောတာ နားလည်မတဲ့လား'ဟု မေးလျှင်–

'စကားကို နားမလည်ပေမယ့် စေတနာကိုတော့ နားလည်နိုင်ပါသည်'ဟု ဖြေနိုင်ပါလိမ့်မည်။ စိတ်သည် လောကကို အကြီးအမှူးပြု၏။ ဆန္ဒသည် ပြီးမြောက်တတ်၏။ စေတနာသည် တုံ့ပြန်၏၊ မေတ္တာသည် အန္တရာယ်ကင်း၏။

လေးဘက်တွားစ ကလေးကို ခွေးကိုက်သည်မရှိ၊ လူကြီး တွေကိုသာကိုက်တတ်သည်။ ကလေးက ခွေးကို ကစားဖော်ဟုထင်၍ချစ်ခင်၏။ လူကြီးက 'ငါ့ကို ကိုက်ယင်ကန်လိုက်မယ်'ဟု–တွေးထား၏။ ခွေးကိုချစ်တတ်သော၊ ချစ်လေ ချစ်ထရှိသောသူကို သူ စိမ်းဖြစ်စေ ကိုက်လိမ့်မည်မဟုတ်၊ အနံ့ကို ခံကြည့်လိုက်သည်နှင့်သိသည်။ ခွေးကို မုန်းတတ်သူ ဆိုလျှင်လည်း မငေါက်ရသေးခင်က မျက်နှာကြောမတည့်၊ ထိုလူကိုမြင်ကတည်းက ဟိန်းနေတတ်သည်။

လူ့စိတ်ကို လူအချင်းချင်းအပေါ်မှာ ဖုံးဖိဟန်ဆောင်၍ ရသည်။ တိရစ္ဆာန်များအပေါ် ဖုံးဖိ၍မရ၊ အမှန်အတိုင်း သိကြသည်။ လူနှင့်လူချင်းက တယောက်ကို တယောက် ဟန်ဆောင်၍ပြုသည်။ ဟန်ဆောင်၍ပြောသည်။ တိရစ္ဆာန်က ဟန်ဆောင်၍လည်းမပြုတတ်၊ ဟန်ဆောင်၍လည်း မပြောချေ။ ချစ်လျှင် ချစ်သလို ဆက်ဆံ၍၊ မုန်းလျှင် မုန်းသလို ဆက်ဆံလိမ့်မည်။

ဖွားအေကြီးက ပြောဖူးသည်။

''ကြွက်တွေ အိမ်ထဲမှာ ပြေးလွှားနေတဲ့အခါ သူတို့ကို မဆဲရဘူး၊ ဆဲယင်ဆဲတဲ့လူ အဝတ်ကိုမှ ရွေးကိုက်ဘတ်တယ်၊ သူတို့ကို မြီးရှည်အရှင်မများတော်–ကျုပ်တို့အဝတ်ကို မကိုက်ပါနဲ့–မခဲပါနဲ့'လို့ ပြောယင် ဘာတခုမှမကိုက်ဘူးတဲ့''ဟု ပြောသည့်အခါ ကျွန်တော်တို့က ရယ်ကြသည်။

ယခုကိုဘလှပြောသည်မှာလည်း ဤသဘောပင်ဖြစ်သည်။ ''ပြောလို့မရယင် ရောင်းပစ်ရပါလိမ့်မယ်''ဟု ဆိုပြီး ဆိုင်းဘုတ်ရေးထားသည်ကတော့ ကြွက်များက ဖတ်ရန်မဟုတ်၊ ကိုယ့်စာကိုယ် ပြန်ဖတ်မိတိုင်း စေ့စပ်ရေးစကား ပြောဆိုခဲ့သည်ကို သတိရနိုင်ဖို့ ဖြစ်စရာ ရှိသည်။ မေတ္တာကို သတိရခြင်းသည် ဘာဝနာ ဖြစ်နိုင်သည်။

ဒေါသနှင့် မေတ္တာသည် မီးနှင့် ရေလို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်ဟူသော တရားကို ကိုယ်တွေ့ကြုံဖူးကြမည်သာ ဖြစ်သည်။ အနှတ်ဘမဲ့နေလျှင်သာ မသိရှိကြမည်။ ဒေါသကြောင့် ပူလောင်နေသည်ကို ကိုယ်သာလျှင် ခံစားရသည်၊ ထိုဒေါသမှ အေးငြိမ်း၍ မေတ္တာသို့ တဖြည်းဖြည်း ကူးပြောင်းလာသောအခါ အေးချမ်းခြင်း အရသာကို ကိုယ်သာလျှင် ခံစား

ရသည်။ ဒါကလေးကို သတိရှိပါမူ ကိုယ်သက်သာအောင် 'ကိုယ်ကောင်းကြံဖို့' တတ်နိုင်ပေပြီ။

ကြွက်နှင့်ပတ်သက်၍ ကိုယ်တွေ့ကလေး တခု တော့ရှိသည်။

တညမှာ ကျွန်တော့် အိပ်ခန်း ကြမ်းပြင်ကို လာ၍ဖောက်သည်။ အားနှင့်မာန်နှင့်ကိုက်သည့် အသံကိုထောက်၍ အိမ်ကြွက်၊ ကြွက်ဖလောင်းကလေးများမဟုတ်၊ မြေကြွက်ကြီး ဖြစ်ကြောင်း သိသာသည်။ အိမ်ရှေ့လမ်းဘေး၌ အမှိုက်ပုံတွင် တွင်းများ တူးဖောက်၍ ကျက်စားနေကြသည်ကို တွေ့ဖူးသည်။ ယခု အမှိုက်ပုံမှာ စားစရာကုန်၍ နယ်ချဲ့လာခြင်း ဖြစ်လိမ့်မည်။ တဂျစ်ဂျစ် အသံသည် အနှောင့်အယှက်ဖြစ်လောက်အောင် ပြင်းထန်သည်။ ကိုက်သည့်အချိန်ကလည်း အိပ်ပျော်ခါစဆယ့်နှစ်နာရီ၊နာရီပြန်တချက်။ထ၍ခြောက်သည်။ တိတ်သွားသည်။ အိပ်မည်ပြုသည်။ တဂျစ်ဂျစ်ကိုက်ပြန်သည်။ ထ၍ခြောက်သည်။ တိတ်သွားပြန်သည်။ အိပ်မည် ပြုသည်။ လာပြန်ပြီ တဂျစ်ဂျစ်။တညလုံးလိုလို အိပ်၍မဖြစ်၊ စိတ်ညစ်ရလွန်းတော့ ဒေါသဖြစ်လာသည်။ တွေ့ရာဓားပုလင်းနှင့်ကောက်ပေါက်လိုက်မှ ငြိမ်သွားသည်။ တော်တော်နှင့်ပေါ်မလာတော့၊ အိပ်ချင်မူးတူး မှေးမှေး ရှိလာတော့မှ လာပြန်သည်။ ကဲ-ကိုက်ချင်သလောက် ကိုက်တော့ကွာ-ဟုပြော၍ပြီး အိပ်ဖြစ်အောင် အိပ်လိုက်ရသည်။

နောက် တ ည--ထို နည်း လည်း ကောင်း၊ နောက်တည-ထိုနည်းလည်းကောင်း၊ကြာတော့ အိပ်ကိုမအိပ်ပဲ တူဘချောင်းနှင့်ထိုင်စောင့်သည်။ သူကတဂျစ်ဂျစ်နှင့်ကိုက်လျှင် ကြမ်းကို ဒိုင်းက နဲ နေအောင် ခပ်ပြင်းပြင်းထုလိုက်သည်။ တူသံကို လန့်သွားသည့် ထင်ရဲ့၊ ထွက်ပြေးဟန် တူသည်။ အသံ မကြားတော့။

ဆယ်မိနစ်လောက် စောင့်ကြည့်သည်။ သူ မလာတော့၊ 'ကဲ-ငါနိုင်ပြီ' အိပ်ရာပေါ် လှဲလိုက်တော့မှ သူပြန်လာသည်။ ဒိုင်းက နဲသွားထုလိုက်ပြန်သည်။ တိတ်သွားပြန်သည်၊ သို့ပေမယ့် အခုနကလို ဆယ်မိနစ်မှမကြာ၊ ငါးမိနစ်လောက်မှာ ပြန်လာသည်။ 'ငါရှည်ရှည်ဝေးဝေး ပြေးနေဖို့ မလို၊ သူ့အသံဟာ ငါ့ကိုအန္တရာယ် မပြုနိုင်'ဟု သိသကဲ့သို့ ကြာကြာမဆိုင်း၊ တဒိုင်းဒိုင်း ကြားမှာ တဂျစ်ဂျစ်သာ ကိုက်နေသည်၊ လုပ်အားတန်ဖိုး ချစ်မြတ်နိုးလျက်....

''တကတဲဟော်....ကြွက်နဲ့ဖက်ပြီး ရန်ဖြစ်နေတယ်လို့''ဟု-အိမ်ရှင်မက ဖေဖန်လာသည်။ သူ ပြောလိုက်မှ....

''အေး....ဟုတ်ပါရဲ့၊ ငါ-တိရစ္ဆာန်နဲ့ရန်ဖြစ်နေတာကိုး''ဟု သတိရပြီး ကျိတ်၍ရယ်မိသည်။ အိပ်ရာဝင်ခါနီးဘုရားရှိခိုးတုန်းက'သဗ္ဗေသတ္တာ အဝေရာဟောန္တု' ဆိုခဲ့သေးသည် မဟုတ်လား။ ရှက်ရှက်နှင့် အဝေရာဟောန္တု အကြောင်း စဉ်းစားနေမိသောအခါ မောင်မင်းကြီးသား ကိုက်နေသလားဟုပင် တွေးဖို့အချိန် မရတော့၊ မှေးကနဲ အိပ်ပျော်ရပါပြီ။

နောက်တည ဘုရားရှိခိုး၍ မေတ္တာပို့သည့်အချိန်မှာ သဗ္ဗေသတ္တာဟု စကတည်းက သူ့ကို သတိရလိုက်မိသောကြောင့် ပြုံးလိုက်မိပါသည်။

ယနေ့ညတော့ သူ့ကို တမင်စောင့်ကြိုနေမိသည်။ အိပ်ရာပေါ် လှဲပြီး စာဖတ်ယင်း နားစွင့်နေသည်။ ကိုယ်တော်ချော ပေါ်မလာ၊ စာတမျက်နှာ-နှစ်မျက်နှာ၊ ဝတ္ထုတပုဒ်လုံး ဆုံးသည့်အထိပေါ်မလာ၊ သူပေါ်မလာတော့ကျွန်တော်က မျှော်ရပြန်သည်။

''ဟေ ....သည်ကောင် မလာတော့ ဘူးကွ'' ဟု အိမ်ရှင်မကိုပြောသည့်အခါ....

''မလာတော့ နားမအေး ဘူး လား''ဟု ဆိုသည်။

''ဒီညတော့ ငါက လာစေချင်တာကွ''

''ဘာလုပ်ဖို့လဲ''

''သူ့ကို ပြောစရာရှိလို့''

မိန်းမက ကျွန်တော့်ကို 'စိတ်မှ နှံ့ပါသေးရဲ့လား'ဟု စပ်စုချင်သလို ကြည့်နေသည်။

''ဟော....သူလာပြီ''

သည်တခါ တဂျစ်ဂျစ်နှင့်ကိုက်သံကြားလိုက်ရသည်ကိုတော့ ဝမ်းသာမိသည်။

''ကဲ....သားရေ...''ဟု စကား စလိုက်သည့်အခါ မိန်းမက စူးစူးစမ်းစမ်း ကြည့်လိုက်ပြန်သည်။

'မင်း....တဂျစ်ဂျစ်နဲ့ကိုက်နေတာ နေရာမှားနေပြီကွ၊ စားစရာ တွေ့နိုင်တာက မီးဖိုချောင်လေကွာ၊ အဲသည်ကိုသွားဖောက်ပြီး အစာတွေ့ယင်လဲ အေးအေးချမ်းချမ်း သွားစားချည်ကွာ၊ အဖေ ခွင့်ပြုတယ်၊ ဒါနပြုတယ်၊ ဒီနား လာပြီးကိုက်နေတာကတော့ မင့်မှာလဲ အကျိုးမရှိ၊ ငါတို့လဲ နားမချမ်းသာဘူးကွယ်....သွား....သွား....မီးဖိုဘံခါးကို သွားဖောက်ချည်''

''ဟဲဟဲ ....ဟဲဟဲ.... ကြွက်က-ကောင်း ပါပြီဖေဖေရယ်လို့ ပြန်ပြောလိမ့်မယ်....နားထောင်နေ....'

''အေး....ငါ့စကားကို နားမလည် ယင်သာရှိမယ်၊ ငါ့ခံစားနာကိုတော့ သူနားလည်မှာပဲ''

တဂျစ်ဂျစ်အသံက မရပ်ပါ၊ မိန်းမက ကျွန်တော့်ကို လှောင်ပြုံးပြုံးပြသည်။ ကျွန်တော်က ကိုယ့်စကားကိုယ် ကျေနပ်နေ၍ ပီတိပြုံးနှင့်တုံ့ပြန်လိုက်သည်၊ 'မယုံလျှင်ကြည့်နေ'ဟု ပြောချင်သော်လည်း အာမတော့ မခံရဲ။

သည့်နောက် အိမ်တွင်းရေး၊ လူမှုရေးအမေးအဖြေများကြောင့် ကိုရွှေကြွက် အကြောင်းမေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။ တနာရီလောက် 'အိမ်တွင်း' ဘတ်ဂျက် အစည်းအဝေးဆွေးနွေးပြီးသည့်အခါမှာ 'မြီးရှည် သခင်မ'ကြွသွားပါလေတော့သည်။

''ကဲ....ဘယ့်နှယ့်ရှိစ''

''နက်ဖြန်ည မလာတော့မှ ကိုအနိုင်ယူ''

တကယ်....ကျွန်တော်အနိုင်ရပါသည်။ ယနေ့အထိ နိုင်နေပါသည်။

ကျွန်တော်တို့အိမ်မှာ 'ကြွက်ရှေ့င်းရန်မရှိပါ'





# ရဋ္ဌငါးမျိုး

''အမေကြီး၊ ခုတလော ကိုယ့်သားကို အကဲခတ်မိရဲ့လား''

''ဘာကိုအကဲခတ်ရမှာလဲ အဖေကြီးကလဲ''

''ခင်ဗျားသား(ရှိတ်)နေပြီခင်ဗျရဲ့....ဟဲဟဲ''

''ဘာ...''

''(အောက် တော့ ဒိုက်) ဖြစ်နေစမ်းပါနဲ့ မရွှေမြင့်ရဲ့....မင့်သား မိန်းမပိုးနေပြီလို့ သူတို့ ဘန်းစကားနဲ့ ပြောတာ၊ သူတို့ဝေါဟာရကို ကိုယ်အသိမထားယင် သူတို့ခြေကို မမြင်ဘူး၊ မမြင်တော့ အချိန်မီ မသိန်းနိုင်မသိမ်းနိုင် ဖြစ်တတ်တယ် နားလည်လား''

ဦးခင်မောင်ကြီးက ဒေါ်မြင့်မြင့်ကို ဖေဖန်လိုက်ရာ ပြုံးစနဲ့နဲ့နှင့် မျက်ခုံး ထိုးလိုက်ယင်း....

''ကိုယ်လဲ ဒီအသက်အရွယ်မှာ ပိုးခဲ့ဘာပဲ မဟုတ်သား''

''မင့်ကို ပိုးတုန်းကလား''

''အခယ်...မင့်ဘယောက်ဘည်း မဟုတ်ပါဘူးခသ၊ ရည်းစားတွေမှ မှိုသိုပေါက်နေတာ မသိသင်ခက်မယ် ဟင်း....''

ဒေါ်မြင့်မြင့်က မျက်ခုံးကလေးချိတ်၍ မျက်နှာကို လွှဲလိုက်သည့်အခါ စိန်နားကပ်ကလေးက ဝင်းလျှပ်လျှပ် ဖြစ်သွားလေသည်။ ဒါကိုပင် ဦးခင်မောင်ကြီး မှာ ချစ်မငြီး။ တဟဲဟဲနှင့် ရယ်သွမ်းသွေးလိုက်မိသည်။

''ဟုတ်ပါတယ် ခင်ဗျာ... အဲသလို များတဲ့ အထဲက အရည်အချင်းအပြည့်ဆုံး၊ အချစ်ဆုံး၊ အလိမ္မာဆုံးကို စကာတင် ရွေးခဲ့ပြီးမှ မင့်ကို တမ်းတမ်းစွဲ ဖြစ်ခဲ့ရတာပါ ဟဲဟဲ....''

ထိုစကားကို ဒေါ်မြင့်မြင့်၏ မလိုတမာ ဖြစ်လိုက်သမျှကို ဟင်းချိုမှုန့်ခတ်ပေးလိုက်သလို....

''တော်စမ်းပါ၊ ကျွန်မကလဲ အမှတ်တမဲ့ နေနေတာ မဟုတ်ပါဘူး၊ (မျိုး)က ဆရာဝန်ဘွဲ့ ရပြီးယင် နိုင်ငံခြားက (စပယ်ရှယ်လစ်) ဘွဲ့ရဖို့ သောက်သာ စိတ်ဝင်စားနေတာ၊ ခုကာလ မိန်းကလေးတွေကတော့မပြောနဲ့၊ ဖုန်းတဂွမ်ဂွမ် ဆက်နေကြဘာပဲ၊ စိတ်ပျက်တယ်''

ဦးခင်မောင်ကြီးက မိခင်တို့၏စိတ်ထားကို စဉ်းစားယင်း ပြုံးလိုက်မိသည်။ ကြည့်လေ— ကိုယ့်ရင်သွေး သားကလေးကိစ္စကျတော့ မိန်းမသား အချင်းချင်းကိုတောင် အထင်သေး အမြင်သေးချိုးချိုးနှိမ်နှိမ်ပြော ထွက်လာသည်။သူ့သား မောင်မျိုးမင်းက စတင်ပြီး ရေးပေးတဲ့ ချစ်သဝဏ်လွှာတွေကို မေ့ထားဟန်တူသည်။

မိဘက မျက်နှာကြီး၊ ဂုဏ်ရောင်ငွေပေါ် ပြည့်စုံသည်။ သားဏလည်း ယောကျ်ားပီသသော ရုပ်

လက္ခဏာ အဆင်းအင်္ဂါရှိသည်။ လောကအတွက် တက်ရိပ် တက်သမ်းကလည်း ကြိုဆိုနေသည်။ ထိုသို့သော လုလင်ပျိုကို အသိလိမ္မာရှိသော မည်သည့်မိန်းကလေးမဆို မသိုလားပဲ နေကြပါ့မလဲ၊ ချစ်သူဘွဲ့ ဝိုင်းကာပတ်လည်ပေါ့။

''သားသမီးဆိုတာ ကိုယ်က ရင်အုပ်မကွာ မွေးလာခဲ့ပေမယ့် အမွေးအတောင် မစုံခင်သာ ကိုယ့်မျက်စိအောက်မှာ နေဘာလေ၊ တနေ့ကျတော့ လောကနိယာမအတိုင်း ကိုယ့်အိမ်ထောင်နဲ့ကိုယ် တထီးတနန်းစံကြတော့မှာမဟုတ်လား''

''အချိန်ကျတော့ ကိုယ်က ချွေးမလောင်း ရှာပြီး မေးစားရမှာပေါ့''

''ကိုယ်ကရှာနေတုန်း၊ သူက ချစ်သူတွေ့နေယင် ဘယ့်နှယ်လုပ်မလဲ၊ ကိုယ်ကြိုက်တာကို သူက မချစ်နိုင်ပြန်ယင်လဲအခက်''

''အမယ်တော်....ကိုယ့်သားသမီးကိုယ်နေရာချပေးတာကို နာခံရမှာပေါ့''

''ဒီလို အာဏာရှင် မဆန်ချင်ပါနဲ့ဦးလေ အမေကြီးရဲ့၊ တို့ကိုယ်တိုင် မိဘပေးစားတာကို ခေါင်းငုံ့ ခံခဲ့ကြတာလား၊ တို့ နှစ် ယောက် မေတ္တာရှိပြီးမှ မိဘကိုပူဆာပြီး စီမံစေတာလား၊ အရေးကြီးတာက လူငယ်ဘဝ ချစ်သူကို အရွေး မမှားကြစေဖို့ပဲ''

ထိုအခိုက် (ပွမ်)ကနဲ ကော်ရီလာဟွန်းသံ ကြားလိုက်ရသည်။

''ဟော....သူပြန်လာပြီ''ဟု ဒေါ်မြင့်မြင့်က လည်ကိုဆန့်ကြည့်လိုက်သည်။

အသက်(၂၀)ကျော်ကျော် ဖျတ်လတ် ရွှင်လန်းသော သား၏ကားတံခါးပိတ်သံကို ကြားလိုက်ရပြီး ဝင်ရောက်လာခဲ့သည်။

''မော့သား၊ ညနေပိုင်း မင်းသွားစရာများ ရှိသေးလား''

''မရှိပါဘူးဖေဖေ၊ ဘာလုပ်ဖို့လဲ''ဟု မေးယင်း စာရေးစားပွဲသို့သွားကာ ဆေးစာအုပ်ထူထူကြီး နှစ်အုပ်ကို ပစ်ချလိုက်သည်။

''တို့သားအမိသားအဖ ဆွေးနွေးပွဲကလေး လုပ်ကြရအောင်ကွာ''

''ဖေဖေ့စကားက အဆန်းပါလား၊ ဘာအကြောင်းများပါလိမ့်''

မောင်မျိုးက မိခင်၏မျက်နှာကို အကဲခတ်လိုက်သည်။ ဒေါ်မြင့်မြင့်က ပြုံးပြလိုက်သည်။

''သားအတွက်တော့ ဆန်းချင်ဆန်းနေမှာပေါ့ကွာ၊ ကဲ....ရေမိုးချိုး ထမင်းစား၊ နားနားနေနေ နေပါဦး၊ ညနေကျမှ စိတ်အေးလက်အေး ပြောကြဘာပေါ့''

မောင်မျိုးက ဘာရယ်လို့ မသိသေးသော်လည်း ဖခင်ကြီး၏ ပြုံးစနဲ့နဲ့ လုပ်ပြနေသည်ကို တဟဲဟဲရယ်သွမ်းသွေးပြီး အခန်းထဲသို့ ဝင်သွားသည်။

ထိုနေ့ တညနေမှာ စားရေး သောက်ရေးမှ အစ အဆင်ပြေပြေပြီးမြောက်သွားသည့်နောက် ဦးခင်မောင်ကြီးက စိတ် အေး လက် အေး ဖြင့် မနက်က ဖတ်ပြီးသော သတင်းစာကို ပြန်၍ နွှေးနေစဉ် ဒေါ်မြင့်မြင့်ကို ဘုရားစင်၌ ပန်းနှင့်ရေ ချမ်း ကပ်လှူနေသံ ကြားနေရသည်။

ထို့အတွင်း မောင်မျိုးက ဧည့်ခန်းသို့ဝင်လာပြီး ဖခင်နှင့် မနီးမဝေးမှာ နေရာယူလိုက်သည်။ ဦးခင်မောင်ကြီးက သတင်းစာမှ ကျော်၍ သားကို ကြည့်လိုက်ရာ....

''ကဲ....ဖေဖေပြောတဲ့ ဆွေးနွေးပွဲ စကြရအောင်လား''ဟု အရွှန်းဖောက်လိုက်ရာ....

''သဘာပတိလုပ်မယ့် မေမေ့ကို စောင့်ပါဦး'' ပြန်၍နောက်လိုက်သည်။

''လာပါပြီတော်....လာပါပြီ''

ဒေါ်မြင့်မြင့်က မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည့်အခါ ဦးခင်မောင်ကြီးက သတင်းစာ

ကို စားပွဲပေါ်သို့ တင်လိုက်ပြီး ချောင်းဟန့်၍ အာရှင်းလိုက်သည်။

''အခု ဖေဖေ ဆွေးနွေး ချင် တာ က တော့ သားရဲ့ ချစ်ရေး ကြိုက်ရေး အိမ်ထောင်ရေး ပေါ့ကွာ''ဟု စ,လိုက်သောကြောင့်—

''ဟင်....ဖေဖေကလဲ သားအိမ်ထောင်ပြုဖို့ မရည်ရွယ်သေးပါဘူး''ဟု မောင်မျိုးက အထွန့်တက်လိုက်သည်။

''ဖေဖေပြောချင်တာက.ချစ်ရေး ကြိုက်ရေး ဆိုတာက စ,တယ်လေ၊အိမ်ထောင်မပြုချင်သေးဘူးဆိုပေမယ့် ချစ်မှုကြိုက်မှုကလေးတွေကတော့ စိတ်ဝင်စားနေပြီပေါ့၊ ဒါကို ဖေဖေတို့က မကန့်ကွက်လိုပါဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ ချစ်မှုကြိုက်မှုတို့ရဲ့ နိဂုံးအခန်းပါ၊ အိမ်ထောင်ဘက်ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး....ဆိုတဲ့စကားက ပြုပြင်ဖို့မလွယ်တဲ့ သဘောတရားလို့ဆိုတယ်၊ ထို့အတူပဲ ချစ်မှု၊ ကြိုက်မှု၊ စွဲသမ်းမှု၊ ရည်းစားထားမှုမှာ မှားယွင်းချွတ်ချော်လိုက်တာနဲ့ တဘဝလုံး ရည်ရွယ်ချက် ပျက်သုဉ်းပြီး စိတ်ဆင်းရဲ ကိုယ် ဆင်းရဲရတာတွေလဲ ရှိနိုင်တယ်၊ ဘေးအန္တရာယ် အတိုက်အခံရန်များတာတွေလဲ ကြုံရတတ်တယ်၊ တသက်လုံး အရက်သမားကြီး ဖြစ်အောင် ကိုယ့်ကိုကိုယ်နှစ်လိုက်တာမျိုးလဲ ရှိတတ်တယ်၊ နောက်ဆုံးကွာ ကိုယ့် အသက်စောင်သေကြောင်းကြံကြတာတွေသာကြားဖူးမှာပါ''

''ကြားဖူးပါတယ်ဖေဖေ၊ မြန်မာရာဇဝင်မှာရော၊ အနောက်တိုင်းနိုင်ငံ ရာဇဝင်တွေမှာရော၊ လူတော်လူကောင်း ပညာရှင်ကြီးများတောင် အချစ်ကြောင့် ကိုယ့်ဘဝကိုယ် ရေစုန်မျှောလိုက်ကြတာ အများကြီးပါ''

''အေး....ငါ့သား နားမဝေးပါဘူး၊ ဒီထက်ပိုရှင်းအောင် စာကြည့်ခန်းထဲကမဃဒေဝလင်္ကာစာအုပ်ကို သွားယူလိုက်စမ်း''

မောင်မျိုးက စာအုပ်ကိုယူလာခဲ့သည်။

''အေး....စာမျက်နှာ (၂၀၂) ဖေဖေ မင်နီသားထားတဲ့ စာပိုဒ်ကိုဖတ်စမ်း''

''စင်စစ်မှတ်ဆောင်၊ ငါ့သားမောင်လည်း၊ ဆင်းရောင်လွန်ငြား၊ လူချစ်များနှင့်၊ သူ့မယား တထွေ၊ ကချေတတ်စွာ၊ ဥစ္စာလိုဘိ၊ ငွတ်တွင်ငါး မျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးအမြဲ၊ မမှီဝဲနှင့်''

''အေး....တော်လောက်ပြီ၊ အဲဒါကို ငါ့သား အဓိပ္ပာယ်ပြန်စမ်း''

''အင်း သိပ်လှတဲ့မိန်းမ၊ လူတိုင်းအပိုးခံရတဲ့ မိန်းမ၊ သူများရဲ့ မိန်းမ၊ ကချေသည်မိန်းမ၊ ပိုက်ဆံသိပ်မက်တဲ့မိန်းမ၊ အဲသည်မိန်းမငါးမျိုးကို မချစ်ရဘူး....တဲ့ ဟုတ်လား''

''အေး....ဟုတ်တယ်၊ အဲဒါကို ဖေဖေက နည်းနည်း ချဲ့ပြောချင်တယ်၊ ၁။ ဆင်းရောင်လွန်ငြား—တဲ့၊ အဲဒီအဓိပ္ပာယ်က မိန်းကလေး တယောက်ဟာ အလွန်တရာလှနေယင်၊ အထူးသဖြင့် ချစ်မိနေသော မိမိထက် မတန်မရာ ဖြစ်အောင် လှလွန်းနေလျှင် မာနကြီးလွန်းပြီး မိမိကို မထီမဲ့မြင် လုပ်တတ်တယ်၊ ဥပမာ မင်းကုသနဲ့ ပဘာဝတီကိုကြည့်၊ ပဘာဝတီရဲ့မာန ကြောင့် အလောင်းတော်ကြီး ကုသမင်းမှာ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရသလဲ''

''ဒါတော့ ကုသမင်းကြီးကလဲအရုပ်ဆိုးလွန်းနေတာကို....အဖေကြီးကလဲ''

သဘာပတိ ဒေါ်မြင့်မြင့်က ဝင်၍ ထောက်ခံလိုက်သည်။

''အေးပါ....ဒါကြောင့် ကိုယ်နဲ့မတန်အောင် လှနေတဲ့ (လှလွန်းဆွေ့)ကို မမက်နဲ့လို့ ပြောတာပေါ့၊ ညားပြီးလဲ ကိုယ့်မယားကိုယ် စိတ်မချနိုင်တဲ့ သောကက နှိပ်စက်နေလိမ့်မယ်''

''လူချစ်များ....ဆိုတာကို ပြောပါဦးဖေဖေ''

''အပြိုင်အဆိုင် ပိုးပန်းတဲ့လူများနေတဲ့ မိန်းကလေးပေါ့၊ သူတို့က လေနံနှစ်ဘက် နင်းတတ်ကြတယ်၊ ဟိုလူလဲလက်ခံ၊ ဒီလူလဲလက်ခံ၊ ကြိုး

ရှည်ရှည်နဲ့လံသွားတတ်ကြတယ်၊အဲ....သူ့မယား ဆိုဘာမျိုးကတော့ လောကလဲ မကောင်း၊ သံသရာလဲ မကောင်းပေါ့''

''လင်ရှိမယားကိုတော့ ဘယ်သူက ကြိုက်ပါ့မလဲ ဖေဖေရယ်''

''မင်းက မကြိုက်ပေမယ့်၊ သူက ကြိုက်လာယင် ခက်လိမ့်မယ်၊ အပျိုကလေး တယောက်က အရှက်အကြောက်ကြီးတယ်၊ အပျိုတို့ရဲ့ မာနကလေးကရှိနေသေးတယ်၊ ကိုယ့်သိက္ခာ ဣန္ဒြေကို သိန်းဆည်နေတတ်သေးတယ်၊ အေး-လင်ရှိမယားကျတော့ သူ တို့ ကသာ ကြိုက်နေယင်၊ အရှက်အကြောက် ဆိုတာတွေ ဘေးချိတ်ထားလိမ့်မယ်၊ ယောကျ်ားတို့ရဲ့ (အသာ)ကို နေ့ကျေနေတာမို့ ဘယ် အ ကြော ကိုစမ်း ယင် ကြက်သီးဖြန်းဖြန်း ထသွားနိုင်တယ်ဆိုတာ သိတယ်၊ မူရာမာယာလုပ်တတ်တယ်၊ ဒါကြောင့် မနူးမနပ် ယောကျ်ားကလေးတွေအတွက် အပျိုကလေးတယောက်ထက် အန္တရာယ်များနိုင်တယ်၊ နောက်ပြီး သူတို့နဲ့ဆက်ဆံတာကို အများအမြင်က သက်ာမကင်း မဖြစ်ဘူးတဲ့လေ၊ သူတို့ကြိုက်မိလျှင် ဆင်ရိုင်းကို ကျွဲသွင်းသလို သွင်းယူတတ်တယ်''

''ကချေတတ်စွာ ...ဆိုတာကျတော့ အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးတွေကို ပြောတာပေါ့ နော် ဖေဖေ''

''အခုခေတ်တော့ ရုပ်ရှင်မင်းသမီးနဲ့ အဆိုကျော်တွေပါ ထည့်ရလိမ့်မယ်ထင်တယ်၊ ပေါ်ပြူလာဖြစ်သာလျှင် လူတွေက မက်မောလာကြရော၊ လူတိုင်းက အရေးတယူ အထင်ကြီးကြသေတော့ ပိုးပန်းသူတွေ ဝိုင်းနေကြတာမို့ တဦးတည်းမူပိုင်ချစ်ဖို့ စိတ်သောက ဖြစ်ရတတ်တယ်၊ ညားတောင် အိမ်ထောင်မြဲခဲတယ်''

''အနောက်နိုင်ငံ အနုပညာသည်တွေက ပိုဆိုးတာပေါ့''

''အေး—နောက်ဆုံးပြထားတာက ဥစ္စာလိုဘိ-တဲ့၊ အဲဒါက ပစ္စည်း ဥစ္စာ လက်ဆောင်ကို မက်မောလွန်းတဲ့ မိန်းကလေး၊ ငွေကြေးအတွက် အကူအညီတောင်းတဲ့ မိန်းကလေး၊ ပေးနိုင်လျှင် တမျိုး၊ မပေးနိုင်လျှင်တမျိုး ဆက် ဆံ တတ် တဲ့ မိန်းကလေး၊ အဲသည့် မိန်းမငါးမျိုးကို မြတ်နိုးချစ်ခင်စွဲလမ်းခြင်း မရှိအောင် ရှောင်ပါလို့ ဆိုတာပဲ''

''အဲသည့် မဃဒေဝ လင်္ကာကျမ်းကိုရေးတဲ့ မန်လည်ဆရာတော်ဘုရားကြီးက မိန်းမတွေကို သိပ်နှိမ်တာပဲ''

ဤတခါ ဝင်၍ပြောသူက သဘာပတိ ဒေါ်မြင့်မြင့်။

''ဆရာတော်ဘုရားက ဘုရားဟောကျမ်းဂန် အကိုးအကားနဲ့ ရေးထားတာပါ၊ မိန်းမတွေကို ချည်းပဲ အပြစ်တင်ပြောတာ မဟုတ်ပါဘူး၊ ယောကျ်ားတွေကိုလဲ ပြောစရာရှိယင် ပြောပါတယ်၊ 'အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ား လျက် လည်း၊ မိန်း မ ထက် သာ၊ ယုတ်မာဆိုးရွား၊ မိုက်လုံးထွားသည်၊ ကျားနှင့် နွားနှင့် အတူတည်း' လို့ ဆို ထား တာ တွေ လဲ ရှိပါတယ်''

လျှောက်လဲချက်ပေးသူက ဦးခင်မောင်ကြီး။

''နွားနှင့်ကျားနှင့် အတူတည်း-ဆိုတာ နည်းနည်း ရှင်းပြပါဦး ဖေဖေ''

''နွားတို့ရဲ့သဘောက မိုက်ရူးရဲ လုပ်တတ်တယ်၊ ဥပမာ စကားပုံတောင်ရှိတယ်လေ (နွားသိုး ကြိုးပြတ်–နွားတော်ရေချ) (နွားမူးရှူးထိုး) ဆင်ခြင်တုံဘရားမရှိတာမျိုးပေါ့၊ ကျားသတ္တဝါကျတော့ ဘယ်သူ့အပေါ်ကိုမှ ကရုဏာတရားမရှိတာ၊ ရက်စက်တာ၊ ကြမ်းကြုတ်တာ''

''ယောကျ်ားကလေးတွေ အဖို့က ဖေဖေ အခုနပြောပြတဲ့ မိန်းကလေးငါးမျိုးမှာ လင်ရှိမယားနဲ့ ငွေမက်တဲ့မိန်းကလေးကိုတော့ ထားပါ

တော့၊ အလွန်လှသော မိန်းကလေး၊ ထင်ရှား ကျော်ကြားတဲ့ မိန်းကလေး၊ အနုပညာရှင် မိန်းကလေးဆိုလျှင် ချစ်ကို မချစ်ရတော့ဘူးလား၊ မပိုးပန်းရတော့ဘူးလား၊ လူတိုင်းဟာ လှတဲ့ မိန်းကလေးကိုတော့ ချစ်ကြဘာပဲ''

''ဒါတော့ဟုတ်တာပေါ့ အဖေကြီးရဲ့''ဟု ဒေါ်မြင့်မြင့်က ထောက်ခံလိုက်သည်။

''ဆရာတော်ရဲ့စကားကို ဆန်းစစ်ကြည့်ကြလေ....ဣတ္ထိဝါးမျိုး၊ အတွင်းဆိုးကို၊ မြတ်နိုးအမြဲ၊ မမှိဝဲနှင့် လို့ ဆိုသားတာက အတွင်းသဘော စိတ်စေတနာဆိုးလျှင် မဆက်ဆံနှင့်လို့ ပြောတာ ဖြစ်နိုင်ပါတယ်၊သဘောကောင်းမယ်၊ စေဘနာကောင်း စေတနာမှန်မယ်ဆိုလျှင်တော့ ချွင်းချက်အနေနဲ့ စဉ်းစားရမှာပေါ့ကွယ်''

''ဒါဆိုယင် ဘော်သေးတာပေါ့၊ ကျေးဇူးပါပဲ ဖေဖေရယ် ဟဲဟဲ....''

ဦးခင်မောင်ကြီးနှင့် ဒေါ်မြင့်မြင့်တို့က သားကို ပြုံးတူကြည့်လိုက်မိကြသည်။ ။





# ကျောင်းဒကာကြီး ချွေးမ

မြတ်စွာဗုဒ္ဓ လက်ထက်တော်က မဇ္ဈိမဒေသ တိုင်းပြည်အသီးသီး မြို့ကြီး အသွယ်သွယ်၌ ပစ္စည်းဥစ္စာ ကုဋေကုဋာချမ်းသာသော (၁)ခတ္တိယ သေဋ္ဌိ=မင်းမျိုးသဌေး။ (၂)ဗြာဟ္မဏ သေဋ္ဌိ=ပုဏ္ဏားမျိုးသဌေး။ (၃) ဝေဿ သေဋ္ဌိ=ကုန်သည်မျိုး သဌေး။ (၄) မဟာသေဋ္ဌိ=သူဆင်းရဲအမျိုးမှ ကံအားလျော်စွာ ကြွယ်ဝလာသော သဌေးဟူသော သဌေးကြီးများ အများအပြား ရှိခဲ့ကြသည်။

(၁)ဇောတိက၊ (၂)ဇဋိလ၊ (၃)မေဏ္ဍက၊ (၄) ကာကောဏ္ဏ၊ (၅)ပုဏ္ဏ၊ (၆) ကာကဝလိယ၊ (၇)အနာထပိဏ်။

ထိုသဌေးကြီးခုနစ်ဦးတို့အနက် အနာထပိဏ် သဌေးကြီးမှာ အထင်ရှားဆုံးဖြစ်သည်။ အလှူအဘန်း ရက်ရောသည့်နေရာမှာ နာမည်နှင့်လိုက်အောင် (အနာထပိဏ္ဍ=ကိုးကွယ်ရာမဲ့သူများအားထမင်းကျွေးသူ)ဟူ၍ ထင်ရှားခဲ့သည်။

တရံရောအခါ မိမိနေရာ သာဝတ္ထိမြို့မှ ရာဇဂြိုဟ်သို့ လှည်းပေါင်းငါးရာဖြင့် ကုန်သွားကူးသည်။ ရာဇဂြိုဟ်သဌေးမှာ မိမိ၏သမီးယောက်ဖ ဖြစ်သဖြင့် သူ့တိုက်မှာတည်းခို၍ အရောင်းအဝယ် ပြုမြဲဖြစ်သည်။ ရာဇဂြိုဟ်သဌေးကလည်း ယောက်ဖတော်အား ခရီးဦးကြိုဧည့်ဝတ်ကျေပွန်လှစွာ အရောင်းအဝယ်ကိစ္စပါ တာဝန်ယူမြဲဖြစ်သည်။

ထိုအခေါက်တွင်ကား ရာဇဂြိုဟ်သဌေးသည် အနာထပိဏ်သဌေးကြီးအား သာမန်နှုတ်ဆက်ရုံမျှသာရှိပြီး သူ့အိမ်သူအိမ်သား အိမ်ဖော် အစေခံများနှင့် မအားမလပ်အောင် စားမှုသောက်မှုများကို အရေးတကြီး အကောင်းအမွန်ဆုံး ဖြစ်စေရန် စီစဉ်ညွှန်ကြား တပင်တပန်းရှိနေသည်။

အနာထပိဏ်သဌေးကြီးက ထင်လိုက်သည်။

သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း လက်ထပ်မင်္ဂလာဆောင်ပေးမည်ဖြစ်၍ ဧည့်ကောင်းဆောင်ကောင်း အရာရှိ မင်းမှူးမတ်များအား ဧည့်ခံရန်ရှိနေသဖြင့်သာ မိမိကို အရေးတယူ အလေးမမူနိုင်လေသလား... သို့ဖြင့် ဖွင့်၍မေးလိုက်သည်။

''ဘယ့်နှယ်....ဘယ်သမီး ဘယ်သားကို လက်ထပ် ထိမ်မြားဖို့ အလုပ်တွေ မအား ဖြစ်နေရတာလဲ''

ထိုအခါမှ ရာဇဂြိုဟ်သဌေးက သူ့ဝေယျာဝစ္စတွေကြားက အားနာပါးနာ တောင်းပန်ရှာသည်။

''ဩော်....ကျွန်တော်မအားလို့ ဧည့်မခံနိုင်တာ ခွင့်လွှတ်ပါနော်၊ ချက်မှု ပြုတ်မှုတွေကို ကိုယ်တိုင်စီစဉ်နေရတာက နက်ဖြန်နံနက်မှာ ဗုဒ္ဓ

မြတ်စွာနှင့်တကွ သံဃာတော်များကို ဆွမ်းလုပ်ကျွေးရမှာမို့ အကောင်းဆုံးဖြစ်အောင် ကိုယ်တိုင် ကိုယ်ကျ စီမံနေရတာပါ''

''ဘာ–ဘာ–ဘာပြောလိုက်တယ်၊ ဘယ်သူ့ကို ဆွမ်းလုပ်ကျွေးမယ်''

''ဗုဒ္ဓမြတ်စွာကိုယ်တော်ကိုပါ သင်္ဌေးကြီး''

''ဗုဒ္ဓမြတ်စွာ....ဗုဒ္ဓမြတ်စွာ ဟုတ်လား''

''ဟုတ်ပါတယ်၊ အရှင်ဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားကို ပြောတာပါ''

အနာထပိဏ်သင်္ဌေးကြီး၏ နှလုံးသားဝယ် (ဗုဒ္ဓ)ဟူသောအသံဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသလိုဖြစ်သွားလေသည်။ သူ့အဖို့ကား ဤစကားကို ဦးစွာပထမကြားလိုက်ရသော သဝနမင်္ဂလာကြီး ဖြစ်လေသည်။ ထိုစကားကို ကြားရကာမျှဖြင့် မကျေနပ်နိုင်တော့။ အားရပါးရ ဖူးမြော်ကြည်ညိုချင်သည်။ တွေ့ဖူး မြင်ဖူးချင်သည်။ သာဝတ္ထိနှင့်ရာဇဂြိုဟ်ဝေးလွန်း လှသည်မှ မဟုတ်။ ဘုံသုံးပါးမှာ ဘုရားစင်စစ်ဖြစ်တော်မူပြီး၊ ပွင့်တော်မူပြီဟု မကြား မသိခဲ့ရသည်မှာ မိမိကိုယ်ကို မိမိ ခွင့်လွှတ်စရာမရှိ။ စီးပွားရေးကိုသာ တရှိုက်မက်မက် လိုက်ခဲ့မိလေခြင်း။ ထို့ကြောင့် အပူတပြင်း မေးလိုက်သည်။

''အခု ဗုဒ္ဓမြတ်စွာ ဘယ်မှာ သီတင်းသုံးပါသလဲ ယောက်ဖကြီးရယ်....မင်္ဂလာ ကျုပ်ထက်သာတဲ့ ဗုဒ္ဓဥပသကာ ဖြစ်နေပါပကော''

''သီတဝန တောရကျောင်းမှာ သီတင်းသုံးလျက်ရှိပါတယ်''

''အို....ဒါဖြင့် ကျုပ် အခုပဲ သွား၍ဖူးတော့မယ်၊ ပါသာတဲ့ကုန်တွေကို လုပ်ချင်သလိုသာ လုပ်လိုက်ပေတော့''

''အို....အခု အ ချိန် မ ရှိ တော့ ပါ ဘူး လေ၊ နက်ဖြန်နံနက် အရုဏ်တက်လျှင် ဤတိုက်သို့ ဆွမ်းစားကြွတော်မူလာတော့မှာပဲ''

အနာထပိဏ်သင်္ဌေးသည် မိုးလင်းအောင်မှ မစောင့်နိုင်ပါချေ။ အရုဏ်မတက်မီ အရောက်သွား၍ ဘုရားကို ဖူးမြော်လိုက်ပါသတည်း။

ထို့နောက် မိမိနေရာ သာဝတ္ထိမြို့သို့ ပင့်ခဲ့သည်။ မြတ်စွာဘုရားမရောက်လာမီ ဇေတမင်းသားတို့ ဥယျာဉ်မြေကို ငွေပြားချင်း စပ်ကာမဘာန်မရာ အဖိုးကြီးပေးဝယ်ပြီး သန်းပေါင်းတရာ့ရှစ်ဆယ် အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီးကို ဝေယံနတ်နန်းတမျှ ဆောက်လုပ်လှူဒါန်းသည်။ ဇေတမင်းသားတို့၏ မြေပေါ်တွင် ဆောက်သဖြင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ကြသော်လည်း မြတ်စွာဘုရားကိုယ်တော်ဘိုင်က (အနာထပိဏ္ဍိကဿ အာရာမေ) အနာထပိဏ်၏ ကျောင်းအာရာမ်ဟု ကျောင်းဒကာကြီး၏အမည်ကို ထုတ်ဖော်ချီးမြှင့်တော်မူလေ့ရှိသည်။ သင်္ဌေးကြီးကလည်း ကျောင်းဒါယကာဟူသည့် ဘွဲ့ထူး ဂုဏ်ထူးဖြင့် ရောင့်ရဲကျေနပ်နေသည်မဟုတ်၊ ဗုဒ္ဓထံတွင် နိယံမပြတ် ပြုစုလုပ်ကျွေး၍ တရားတည်းဟူသော ဓမ္မရေအေးကို အမြဲတစေ သုံးဆောင်ခံစားနေသော (ဗုဒ္ဓဝလ္လဘ)ဘုရားနှင့် ရင်းနှီးကျွမ်းဝင်မှုရခဲ့သော သူတော်ကောင်း ကျောင်းဒကာကြီး ဖြစ်ခဲ့သည်။

ဘုံဗဉ်စံ အရိယာသုံးဦးဟူ၍ သောတာပန်သိကြားမင်း၊ ကျောင်းအမကြီး ဝိသာခါ၊ အနာထပိဏ်သင်္ဌေးကြီးတို့ကို ရွေးနှုတ်မြွက်ဖော် ဗျာဒိတ်တော်ရှိခဲ့သည်။ မိမိကိုယ်တိုင်သာမက အပျော်အပါး အပေါင်းအသင်း များလှသော သားကို ငွေဘရာပေး၍ ဗုဒ္ဓကျောင်းတော်သို့ တရားနာသွားရန် သိမ်းသွင်းခဲ့သည်။ ငွေတထောင် ပေး၍ တရားအနက်အဓိပ္ပာယ်ကို အမှတ်ခိုင်းသည်။ ထိုနည်းဖြင့် တရားထူးရစေခဲ့သည်။

တခါသောကာလဝယ် ဂုဏ် ရည် တန်း တူ သဌေးသမီးတယောက်အား မင်္ဂလာဆောင်၍ ချွေးမအဖြစ် ကြီးကျယ်စွာ မြှောက်စားခဲ့သည်။ ထိုအမျိုးသမီး၏အမည်မှာ (သုဇာတာ)ဖြစ်၏။ သုဇာတာသည် မိဘဂုဏ်၊ ပစ္စည်းဂုဏ်၊ အဆင်း ရူပကာယဂုဏ်တို့ဖြင့် မာနကြီးသည်။မောက်မာသည်။ ရုန့်ရင်းကြမ်းတမ်းစွာ ပြော ဆို သည်။ သူတော်ကောင်းများဖြစ်သော ယောက္ခမ အမိ အဖအပေါ်၌ သော်လည်းကောင်း၊ လင်သား အပေါ်၌သော်လည်းကောင်း အလိုလိုက်သဖြင့် အမိုက်စော်ကားတတ်သည်။ အခြွေအရံ အစေခံများကို ငေါက်ငမ်း ကြိမ်းမောင်း ဆဲရေး လေ့ရှိသည်။ တအိမ်လုံး တတိုက်လုံး သူ၏ မာန်သံ မဲသံ ဆဲရေးသံတို့ဖြင့် လွှမ်း မိုး နေ သည်။ ယောနိသော မနသိကာရရှိကြသော အနာထပိဏ်သဌေးကြီးတို့ မိသားစုက သည်းခံနေကြရသည်။

တနေ့သောအခါ အနာထပိဏ်သဌေးကြီးက ဗုဒ္ဓမြတ်စွာအား ဆွမ်းစားပင့်ဖိတ်သည်၊ မြတ်စွာဘုရားကြွတော်မူလာ၍တိုက်၏အတွင်းခင်းထားအပ်သောနေရာ၌ထိုင်တော်မူလိုက်သည်မှ မကြာမြင့်မီ ကျောင်းဒကာကြီး၏ ချွေးမ သုဇာတာ အသံကို ကြားတော်မူလိုက်ရသည်။

"ဟဲ့-အယုတ္တမာ ကာဠိမ၊ ညစ်ပေမည်းကြုတ်တဲ့ နင့်လက်နဲ့ ငါ့မနောလင်ပန်းကို မထိမကိုင်နဲ့လို့ ပြောထားတယ် မဟုတ်လား၊ ငါ့ရဲ့ ပုံက်ဘာ အသားမည်းမရဲ့"

"ဟို ခါးကုန်းမ မိခုဇ္ဇုတ္တရာက ငါ့ကို ဘာ ပြန်ကြည့်နေတာလဲ၊ လုပ်စရာရှိတာ လုပ်ပါ လား"

"ကဲ.... ဒီဃဘာလ ကိုပိန်ရှည်၊ တီကောင်လောက်ရှိတဲ့ ခါးနဲ့ တအိအိ ထမ်းနေလို့တော့ နေဝင်လို့မှ ငါရေချိုးရပါတော့မလား။ ကျွန်တွေပီပီ ခိုဖို့ ကပ်ဖို့ လိမ်ညာနေဖို့ပဲ တတ်တယ်။ တအိမ်လုံး ဘယ်အကောင် ဘယ် ကောင် မ မှ အသုံးမကျဘူး၊ အလကားဟာတွေ၊ အမျိုးယုတ် သလောက် စိတ်ပုပ်ရှိတာတွေ"

သုဇာတာက ဟစ်အော်ကြိမ်းမောင်းသည်။ အခြွေအရံ အစေခံများက မြှုန်လည်မြောပြ တောင်းပန်ကြသည်။ အမေးအဖြေ အပြောအဆို စကားသံများက ကျွက်ကျွက်ညံညံရှိနေကြသည်။ ထိုအခါ မြတ်စွာဗုဒ္ဓက....

"သူကြွယ် သင့်အိမ်၌ လူတို့သည် ငါးကို လု ယက်ကြ သော တံငါ တို့ ကဲ့ သို့ အဘယ် အကြောင်းကြောင့် ပြင်းပြကျယ်လောင်သော အသံရှိကြကုန်သနည်း"ဟု မေးတော်မူသည်။

"အရှင်ဘုရား၊ ဤ သု ဇာ တာ မည် သော အိမ်သူချွေးမကို ကြွယ်ဝချမ်းသာသော အမျိုးမှ ဆောင်ယူခဲ့ပါ၏၊ ထိုချွေးမသည် ယောက္ခမ မိန်းမသူကို သော်လည်းကောင်း၊ တပည့်တော်ကို သော်လည်းကောင်း၊ လင် ယောကျ်ား ကို သော်လည်းကောင်း၊ အ မှတ် မ ပြု၊ မြတ်စွာဘုရားကိုသော်လည်း အရိုအသေ အလေးအမြတ် မပြု၊ မြတ်နိုးပူဇော်ရမည်ကိုမှ မ သိ တတ် ပါ ဘုရား"ဟု အနာထပိဏ်သဌေးကြီးက ရှက်ကြောက် အားနာ လျှောက်ထားလိုက်ရသည်။

မြတ်စွာဘုရားသည် တိတ်ဆိတ်ငြိမ်သက်မှုကို မည်သည့်နေရာ မည်သည့်အခါမဆို လိုလားတော်မူသည်။ သံဃာထောင်ကျော် သီတင်းသုံးတော်မူကြသော ကျောင်းအရာမ်အတွင်း၌ပင် ဆွမ်းခံထွက်မည်ပြုစဉ်ဖြစ်စေ၊ ဆွမ်းစားကြစဉ်ဖြစ်စေ၊ စုရုံးဆူညံခြင်းကို နှစ်သက်တော်မူသည်မရှိ၊ စကားဝိုင်းဖွဲ့၍ပြောဆိုငြင်းခုံမှုကို တားမြစ်တော်မူသည်။အခါတပါး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏တပည့်များကျယ်လောင်စွာ ပြောဆိုနေကြသည်ကို ကြားသောအခါ ကျောင်းတိုက်အတွင်းမှ နှင်ထုတ်ကြသည်။

ယခု သဌေးချွေးမ သုဇာတာကိုလည်း ကဲ့ရဲ့

တော်မူလိုသည်ဖြစ်ရာ ယောက္ခမ၊ မိဘတို့နှင့် လင်သားကိုပါ မရှိမသေ မလေးစားကြောင်း ကြားရသည့်အခါ ဆုံးမတော်မူလိုသဖြင့် 'သုဇာတာ လာခဲ့ဦး'ဟု ပြတ်ပြတ်သားသားခေါ်လိုက်သည်။

မြတ်စွာဘုရား၏ အသံတော်သည် သန့်ရှင်းသည်၊ သာယာသည်၊ ချိုမြသည်၊ သို့သော် လေးနက်သော ဩဇာဖြင့် ရိုသေကျိုးနွံစေရာ ဖြစ်သည်။ ယောက္ခမ လင်သားတို့အပေါ်မှာ ထောင်လွှားခဲ့သော သုဇာတာသည် မြတ်စွာဘုရား၏ရှေ့တော်မှောက်သို့ အပြစ်ပြုမိသော သမိငယ်သည် တည်ကြည်ခန့်ညားသော ဖခင်ကြီးအပါးသို့ကပ်လာသကဲ့သို့ ရိုသေစွာ ခုဉ်းကပ်ခဲ့ပြီးလျှင်....

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား''ဟု လျှောက်ထားလေသည်။

''သုဇာတာ လင်ယောက်ျားတို့၏ မယားတို့သည် ခုနစ်မျိုးရှိကြသည်။ အဘယ်ခုနစ်မျိုးဟူမူ (၁)သူသတ်နှင့်တူသော မယား၊ (၂)ခိုးသူနှင့်တူသော မယား၊ (၃)အရှင်သခင်နှင့်တူသော မယား၊ (၄)အမိနှင့်တူသောမယား၊ (၅)နှမနှင့်တူသောမယား၊ (၆)အဆွေခင်ပွန်းနှင့် တူသော မယား၊ (၇)ကျွန်မနှင့်တူသော မယားတို့တည်း။ သုဇာတာ ထိုခုနစ်မျိုးသော မယားတို့တွင် သင်ကား မည်သည့်မယား အမျိုးအစားဖြစ်သနည်း''ဟု မေးတော်မူ၏။ သုဇာတာသည် မြတ်စွာဘုရား၏စကားကို အဓိပ္ပာယ် မသိလေသောကြောင့်....

''မယားခုနစ်မျိုးတို့၏ အဓိပ္ပာယ်ကို တပည့်တော်မ မသိပါဘုရား''ဟု လျှောက်သည်။

''သိလိုသလား သုဇာတာ၊ ငါဘုရား ကောင်းစွာဟောလျှင် ကောင်းစွာနှလုံးသွင်း၍ နာကြားမည်လား''

''တပည့်တော်မ ကောင်းစွာ နှလုံးသွင်းပါမည် အရှင်ဘုရား''

''ကောင်းပြီ သုဇာတာ၊ လင်ယောက်ျား၏ အကြင်မယားသည် ဒေါသ ဖျက်ဆီးအပ်သော စိတ်နှင့်သည်ဖြစ်၍ အစီးအပွားကို အစဉ် စောင့်ရှောက်လေ့ မရှိပဲ မိမိလင်မှ တခြားသော ယောက်ျားတို့၌ တပ်မက်မောလျက် မိမိလင်ကို မရှိခသေ မထီမဲ့မြင် အောက်မေ့၏။ ထိုမယားမျိုးကို သူသတ်နှင့်တူသော မယားဟုဆိုအပ်၏။ သေလျှင် အပါယ်ငရဲသို့ မုချဆတ်ဆတ် သွားရမည့် မယားတည်း။ (၁)

''အကြင်မယားသည် လင်သား ရှာဖွေအပ်သော ဥစ္စာကို ကဲ့တတ်၊ ဝှက်တတ်၊ အပြင်သို့ ယူဆောင်တတ်၏။ ကောင်းစွာ သိမ်း စောင့်ရှောက်ခြင်း မရှိ။ ထိုမယားကား ခိုးသူနှင့် တူသော မယားတည်း။ သေလျှင် အပါယ်သို့ လားရမည့် ဖြစ်၏။ (၂)

''အကြင်မယားသည် ပျင်းရိ၏။ ကြမ်းတမ်း၏၊ ဆဲရေးတတ်၏၊ လင်ကိုလဲ နိုင်လိုလွှမ်းမိုး နှိပ်စက်တတ်၏။ ထိုမယားကား အရှင်သခင်နှင့် တူသော မယားတည်း။ သေလျှင် ငရဲသို့ကျရမည်သာတည်း။ (၃)

''အကြင် မယားသည် လင်ကိုလဲ စောင့်ရှောက်၏။ စီးပွားကိုလဲ စောင့်ရှောက်၏။ ထိုမယားမျိုးကို မိခင်နှင့်တူသောမယားဟု ဆိုထိုက်၏၊ သေလျှင် နတ်ပြည်သို့ လားရမည် ဖြစ်၏။ (၄)

''အကြင် မယားသည် အစ်မကြီး နှမငယ်သည် မောင်၌ ရှိသေသကဲ့သို့ အရှက်အကြောက်နှင့်ယှဉ်သော စိတ်ရှိ၏။ ထိုမယားကို နှမနှင့်တူသော မယားဟု ဆိုအပ်၏။ နတ်ပြည်သို့ မချွတ်ဧကန် သွားရမည်ဖြစ်၏။ (၅)

''အကြင် မယားသည် လင်အဖို့ တိုင်ပင်ဆွေးနွေးအက် ဖြစ်၏။ အကြံကောင်း ပေးတတ်

၏၊ လင်ကို ချစ်ခင်၏။ ကောင်းကျိုးကို လိုလား၏၊ ထိုမယားကို အဆွေခင်ပွန်းနှင့် တူသော မယားဟု ဆိုအပ်၏၊ သေလျှင် နတ်ပြည်သို့ သွားရ၏။ (၆)

"အကြင် မယားသည် လင်ယောကျ်ားက ခြိမ်းခြောက် မောင်းမဲစေကာမူ သည်းခံ၏။ အမျက်ဒေါသဖြင့် ရန်တုံ့မူခြင်း၊ ပြန်လှန်ပြော ဆိုခြင်း၊ အာဃာတထားခြင်း မရှိ။ ထိုမယားမျိုးကို ကျွန်မနှင့်တူသော မယားဟု ဆိုအပ်၏၊ နတ်ပြည်သို့ သွားရမည်ဖြစ်၏။ လင်ယောကျ်ား၏ သနားကြင်နာမှုကို ခံယူရ၏။ (၇)

"အဘယ်သုဇာတာ ချစ်သမီးသည် အဘယ် မယားမျိုး ဖြစ်သနည်း၊ အဘယ် မယားမျိုး ဖြစ်လိုသနည်း"

ဗုဒ္ဓမြတ်စွာသည် တရားဟောရာ (စကားပြောရာ)၌ သူ့တူအောင် လိမ္မာ ကျွမ်းကျင်တော် မူခြင်းကြောင့် (သုဂတ) ဂုဏ်တော်ဖြင့် ပြည့်စုံတော် မူလေသည်။ ထို့ကြောင့် ကျောင်းဒကာကြီးချွေးမ သုဇာတာကို ဆုံးမတော်မူရာ၌ တိုက်ရိုက်ဟောသည် မဟုတ်။ အကောင်းနှင့် အဆိုး မယားမျိုး ခွဲခြားကာ နှစ်သက်ရာ ကိုယ်တိုင် ရွေးချယ်စေခြင်းဖြင့် အဖြေကိုတောင်းဆိုတော် မူလိုက်လေသည်၊ သုဇာတာ အဘယ်သို့ ဖြေမည်နည်း၊

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ တပည့်တော်မသည် ယနေ့မှအစပြု၍ အမိနှင့်တူသော မယား၊ နှမနှင့်တူသော မယား၊ အဆွေခင်ပွန်းနှင့်တူသော မယား၊ ကျွန်နှင့်တူသော မယားမျိုးသာဖြစ်ပါစေတော့မည်ဘုရား" ဟု လိုက်နာဝန်ခံရသည်။

ဤသို့ဖြင့် ကျောင်းဒကာကြီး အနာထပိဏ်သည် ခက်ထန်ကြမ်းတမ်းသောချွေးမကို လိမ္မာယဉ်ကျေး သာသနာ့အမွေ ပေးနိုင်ခဲ့လေသည်။ ပုညလက္ခဏာဒေဝီအမည်ရှိသော သမီးကတော်ကိုလည်း ဇေတဝန်ကျောင်း ဒါယိကာကြီးဖြစ်စေသည်။ကာဠအမည်ရှိသော သားကိုလည်း ဗုဒ္ဓဘုရားဖော်ကို နာယူစေခြင်းဖြင့် တရားထူးရစေသည်။ ယုတ်စွအဆုံး ပုဏ္ဏကာ အမည်ရှိကျွန်မကလေးပင်လျှင် အရိယာဘိက္ခုနီ ထေရီ ဖြစ်စေနိုင်သောကြောင့် သဒ္ဓေး ကျောင်းဒကာများစွာတို့အနက် သူတော်ကောင်း ကျောင်းဒကာ သာသနာပြု ဥပါသကာကြီး ဖြစ်ပါလေသတည်း။ ။

(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဘရိယာသုတ်ကိုမှီခို၍ ကြည်ညိုရေးဖွဲ့ပါသည်။)

# နွားနှင့် ကျွဲနှင့် အတူတည်း

ကုန်ပစ္စည်းများရောင်းဝယ်ရာဌာနကို 'ဈေး' ဟု ခေါ်သည်။

စိန်၊ ရွှေ၊ ငွေ ပြည့်စုံသူတို့ ရောင်းဝယ်ရာ ဌာနကို 'ဗိုလ်ချုပ်ဈေး' ဟု ခေါ်သည်။

ပြည်တွင်းဖြစ်၊ နိုင်ငံခြားဖြစ် အသစ်အဆန်း ဟူသမျှကို ရောင်းသူတို့လည်း ဝတ်ကောင်းစားလှ၊ ဝယ်သူများကလည်း ဝတ်ကောင်းစားလှ၊ အကြည့်အရှု အလည်အပတ် လာသူများမင် ရှုံးကျကျ။

ထိုနေ့က ရုံးဆင်းချိန်၊ ကျောင်းပိတ်ချိန်။ စနေနေ့ မွန်းလွဲဖြစ်၍ ဗဟိုဈေးရုံကြီးမှာ ပျားပန်းခပ်မျှ ဥဒဟို သွားလာနေကြသည့် လူစုလူဝေးကြားမှ တယောက်တည်း လာနေသော မိမိလေးကို ကျွန်တော်ကစ၍ တွေ့လိုက်သည်။ သူကတော့ ကျွန်တော့်ကို မြင်ပုံမပေါ်။ စက္ကူအိတ်ကြီးကို ရင်မှာပိုက်ပြီး စိုက်လိုက်မတ်တတ် ခေါင်းထဲမှာ အတွေးတွေ တပုံတခေါင်းကြီးနှင့် ခပ်သုတ်သုတ်၊ ကျွန်တော်က သူ့ကို တိုးမိမတတ် ဖြစ်အောင် ရင်ဆိုင်လိုက်ရသည်။

"အမယ်လေး....ကိုကြီး" ဟု လန့်၍ အော်လိုက်သည်။

"ဟဲ-ဟဲ...စောစောက သာမြင်မိယင် ရှောင်ပြေးပါရဲ့....လို့ တွေးနေတယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ မမျှော်လင့်ပဲ တွေ့ရလို့ပါ၊ ဟဲ-ဟဲ"

လိပ်ပြာ မလုံမလဲနှင့် လိမ်ပြောနေသည်။

"အခု ဘယ်မှာနေ....နေကြလဲ၊ ကဲ...."

ကျွန်တော်က မသွယ်မဝိုက် တိုက်ရိုက်မေးချလိုက်သည်။

"ဟို-ဟို...မိလေးတို့ အကြောင်း ကိုကြီး ကြားပြီးပြီလား"

"မိတ္ထီလာနဲ့ရန်ကုန်တဆွေ့ခုန်ရှိတာ မိလေးရယ်၊ ကဲ....တခုခုသောက်ရအောင် ဟိုမုန့်နားကို သွားကြမယ်....လာ"

"ဟင့်အင်း....မိလေး မသောက်တော့ပါဘူး၊ ကျေးဇူးတင်ပါတယ်"

မိလေးက ငြင်းရမည်လေ။ ကျွန်တော်နှင့် ကြာကြာ မျက်နှာ အပူခံ၍ မနေချင်သည့် သဘော။

"မသောက်နိုင်ပေမယ့် လိုက်ခဲ့ပါဦး၊ နည်းနည်းပါးပါး စကားစမြည်လည်း ပြောရတာ ပေါ့"

ကျွန်တော်၏ အာဏာသံပါဝင်၊ ဖိတ်ခေါ်သံပါဝင်စကားကို မိလေး မငြင်းသာတော့။ စားပွဲတလုံးမှာ ဝင်ထိုင်မိသည့်တိုင်အောင် သူ့အသံက ထွက်မလာ။ ကျွန်တော်က စကားစရသည်။

''အရွယ် ရောက်ပြီးတဲ့ မိန်းကလေး အိမ်ထောင်ပြုတာ အဆိုးဆိုစရာ မရှိပါဘူး''

သူက ကျွန်တော့်ကို ကြည့်ပြီး မျက်လွှာချလိုက်သည်။

''ဒါပေမယ့် စဉ်းစားချင့်ချိန်နိုင်တဲ့ ခေတ်ပညာတတ် ဖြစ်လျက်နဲ့ ကိုယ့်အစ်ကို သဘောမတူနိုင်အောင် လုပ်ခဲ့တာတော့ မကောင်းဘူးထင်တယ်''

မိလေးက ဘာမှပြန်မပြော။ သူလုပ်ချင်တာ လုပ်ခဲ့ပြီးသည့် နောက်တော့ ပြောသမျှ ခံမည်ဆိုသော မာနကလေးနှင့်....

''အရပ်သားဆိုယင် ဘယ်သူနဲ့ဖြစ်ဖြစ် ကိုဘမောင်က သဘောမတူ မရှိပါဘူး၊ (ထောင်ကျ) တယောက်ဆိုတော့ ထောင်ပိုင်လုပ်တဲ့ လူမှာ သိက္ခာကျတာပေါ့''

မိလေးက ဒီစကားကိုတော့ ဆတ်ဆတ်ခါနာသွားပုံရသည်၊

''ဒါကတော့ လောကမှာ အသက်တရာမနေရ၊ အမှုတရာတွေ့ရ ဆိုတာမျိုးပါ''

''အဲဒီအမှုတရာထဲက လိမ်လည်မှုနဲ့ ကျတာက သူ့စာရိတ္တကို ချိုးနှိမ်းစရာမှ မဟုတ်ပဲ''

''မဟုတ်ပဲနဲ့ ခံရတာပါ''

''ဒါက သူပြောတဲ့ စကား မဟုတ်လား၊ သက်သေအထောက်အထားမခိုင်လုံယင် ထောင်မကျနိုင်ပါဘူး၊ သူခိုးက ခိုးတယ်လို့ ဘယ်ပြောမလဲ''

''တကာယ်ခိုးတဲ့လူက လွတ်ပြီး၊ တကယ်ရိုးတဲ့လူ ထောင်ကျနေတာလဲ ရှိချင် ရှိမှာပေါ့''

'အင်း.... မိုက်တိမိုက်ကန်း ဇာတိရုပ်ကလေးတော့ ပြလာပြီ' ဟု ကျွန်တော် တွေးလိုက်မိသည်။ မှန်သည်ထင်လျှင် ကြက်ခေါင်းဆိတ်မခံ၊ ခွန်းတုံ့ပြန်တတ်သော သူ့သဘောကို ဆွေလိုမျိုးလို နေခဲ့သူဖြစ်၍ သိပါသည်။ သူတို့အမေက အလိုလိုက်လွန်းလို့ဟု ကိုဘမောင်ကပြောသည်။

''ဪ....မိလေးတို့အမေရဲ့ စိန်နားကပ်ကို ယူခဲ့တယ်ဆို''

''ဟာင်း....ကိုကိုက အားရုံး ပြောလိုက်တာပါလား၊ မေမေ မသေခင်ကတည်းက မိလေးကို အပိုင်ပေးခဲ့တဲ့ဉစ္စာ၊ သူ့မိန်းမဝတ်ဖို့ မိလေးက ပေးခဲ့ရမှာလား၊ မဆိုင်လိုက်တာ''

ကျွန်တော်က နှုတ်ခမ်းတလန်၊ ပန်းတလန် ပြောလိုက်ပုံကို သဘောကျ၍ ရယ်မိသည်။

''ဟုတ်တယ်၊ နေရာတကာ သူ့မိန်းမသာ အရေးပေး၊ ပွဲထုတ်၊ လူတောထဲ ဆွဲသွင်းပြီး မိလေးတော့ မီးဖိုချောင်က မထွက်ရတာ ကိုကြီး မြင်သား မဟုတ်လား''

ဒါကိုတော့ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရသည်။ ဒါကြောင့်လည်း ရရာလူကို ဆွဲယူခဲ့ဟန် တူသည်။

''ဘယ်မှာ လက်ထပ်ကြသလဲ''

''ဘယ်မှာမှ လက်မထပ်ဘူး''

''ဟင်....မိလေးတို့ဟာက ဘယ်လိုလဲ၊ တရားရုံး တခုခုမှာတော့ လက်ထပ်ရမှာပေါ့''

''ဒီ အ သက် ဒီ အ ရွယ် တွေ ရောက်လာမှ ကိုကြီးရယ်....ကိုယ့်စိတ် ကိုယ်နိုင်ယင် ပြီးရော၊ မိဘလဲ မရှိတော့တဲ့ဟာ၊ တရားသူကြီးတယောက်ယောက်က ပေးစားမှ ညားရတော့မှာလား''

''ဟဲ့....မိန်းကလေးဆိုတာ ဆယ်ရေးတရေး ကိုးရေးတရာ တရားဝင်အောင်တော့ လုပ်ရမှာပေါ့၊ ညည်းဥစ္စာ မဟုတ်သေးပါဘူး''

ဒီလိုပြောလိုက်တော့ မိလေးက မခန့်လေးစား ပြုံးပြလိုက်သည်။ ဒါကလည်း သူ့အကျင့်အတိုင်း၊ စကားတွေ ထွေထွေပြားပြား ရှည်ရှည်လျားလျား သူ့နှုတ်ခမ်းမှထွက်မလာသော်လည်း သူ့ဝမ်းထဲမှ စကားလုံးတွေကို ကျွန်တော် သိပါသည်။ အတိုဆုံးကတော့ လက်ထပ်တယ်ဆိုတာ လူသာပဓာန၊ 'ဆန်ဆုံစား-ကံကုန်လျှင်သွား၊ ဆွဲထား၍ မရစကောင်း' ဒါဟာ သူ့

အဘိဓမ္မာ ဖြစ်လိမ့်မည်။ သူမှားလျှင် ဝန်ချတောင်းပန်၍ ကိုယ့်အပြစ်ကိုယ် ခံရဲသောသတ္တိမျိုးလည်း ရှိသည်။

"အခု ဘယ်မှာ နေ-နေကြသလဲ"

သူက ဖြေချင်ပုံမရ။

"ကိုကြီးက လာတွေ့ရအောင် မေးတာမဟုတ်ပါဘူး၊ ကိုဘမောင်ကိုလဲ လက်ထောက်မချပါဘူး"

"ကိုကို က မိလေးသေတောင်လာမှာမဟုတ်ပါဘူး၊ သူက သေခန်းဖြတ်လိုက်ပြီဟာ"

မိလေး၏အသံက ဝမ်းနည်းသံနှင့် ဒေါသသံ ရောထွေးနေသည်။ သူ့နှာဖျားကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြီး စားပွဲကိုသာ စိုက်ကြည့်နေသည်။ ဒီဘော့လည်း ကရုဏာသက်မိသည်။

"အေးလေ....ကိုကြီးက ဆွေမျိုးရင်းချာလို ဖြစ်နေတာ၊ မိလေးကိုကူညီဖို့ စောင့်ရှောက်ဖို့ တာဝန်ရှိ တယ် မဟုတ်ဘူးလား....ပြောစမ်း"

"ဟုတ်ပါတယ်၊ မိလေးကလဲ အစ်ကိုကြီးအရင်း အချာလို သဘော ထားတာ ကိုကြီးသိသားပဲ၊ အခုလိုပြောတာ ကျေး ဇူး တင် ပါတယ်၊ အားလဲကိုးပါတယ်"

ဒီစကားကိုတော့ စိတ်ရောကိုယ်ပါ ပြော ရှာမှန်း သိသာပါသည်။ မျက်ရည်ကလေးများပင် စို့ထွက်လာ၍ လက်ကိုင်ပဝါလေးနှင့် တို့လိုက်သည်။ ကျွန်တော့်မှာလည်း တမျိုးတမည် ခံစားလိုက်ရသည်။

"ရော့....ဒါဖြင့် ကိုကြီးရဲ့ဖုန်း၊ လူကိုယ်တိုင်လာ-လာ၊ ဖုန်းဆက်ဆက်" ကျွန်တော်က ရဲစခန်းနှင့်အိမ် ဖုန်းနံပါတ်များကို ရေးပေးလိုက်သည်။

"မိလေးသွားတော့မယ်နော်"

"အို....အအေးကလေးမှ မသောက်တော့ဘူးလား"

"အစကတည်းက မိလေး မသောက်ချင်ပါဘူးလို့ အပြောသားနဲ့၊ ဟဲ-ဟဲ... သွားမယ်နော် ကိုကြီး"

ကျွန်တော်ခေါင်းညိတ်လိုက်ရသည်။ သူထွက်သွား၍ တလှမ်းနှစ်လှမ်း ရောက်မှ....

"ဘာဖြစ်ဖြစ် ဖုန်း ဆက် နော် မိလေး" ဟု မှာလိုက်မိသေးသည်။ သူက ပြန်၍ လှည့်ကြည့်ဖော်မရ၊ ခေါင်း က လေး တော့ ညိတ်ပြလိုက်သည်။ 'ဟူး'ကနဲ လေပူမှုတ်ပြီး လိမ္မော်ရည်ကို သောက်လျက် ကျောပေးသွားသော မိလေးကို ကြည့်နေမိသည်။

တောင်ငူမှာ ကျွန်တော်က ရဲအုပ်၊ သူ့အစ်ကို ကိုဘမောင်က သောင်မှူး၊ မိလေးက အသက်ဆယ့်ရှစ်နှစ်ခန့်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ပြီးသော်လည်း တက္ကသိုလ်သို့ ဆက်၍မတက်ဖြစ်။ မိဘများ ဆုံးသွားပြီးသည့်နောက် ကိုဘမောင်ကိုသာ အားကိုးစရာ ရှိသည်။ ကိုဘမောင် မိန်းမ မခင်တင့်က ပိုက်ဆံချမ်းသာသော မိဘဂုဏ်ဖြင့် မာနကလေး နည်းနည်း ရှိသည်။ ရုပ်ကလည်း မိလေးနှင့် စာလျှင်တော့ အများကြီး သာသည်။ မိလေး၏ရုပ်က 'ရွက်ကြမ်းရေကျို'ဟု ခံသာအောင် ပြောရမည့် ပုပုဖိုင့်ဖိုင့် ခါးမရှိသော ညိုတိုတို ဆော်ဆတ်ကြဲကလေး ဖြစ်သည်။ သူ့အစ်ကို ကိုဘမောင်ကလည်း သူ့ရုပ်များပင် ဖြစ်သည်။ အလုပ်နှင့် ပညာကြောင့်သာ ဇခင်တင့်နှင့် အိမ်ထောင်ကျခဲ့ရသည်ဟုဆိုလျှင် မမှား။

တကယ်တမ်းပြောရလျှင် သမီး ယောက် မ ဟူသည် သဘောဖြူ အူစင်း တည့်ကြ သည် က အနည်းသား။ ချစ်ခင် ကြင်နာပါသည် ဟူသည့် မျက်နှာဖုံးနောက်တွင် ဂုဏ်တုဂုဏ်ပြိုင်သဝန်တိုမနာလို စိတ်များက ဇက်တီးရီးယား ပိုးများလို အသီးသီး ကိန်းအောင်းနေကြစမြဲ။

နှမဖြစ်သူက တအူတုံဆင်း မောင်ရင်းနှမ၊ မွေးလာကတည်းက ချစ်ခဲ့ကြသည်။ ယခုမှပေါ်

သည့် 'ရွှေကြာပင်'က လင်ဂုဏ်မောက်သည်ကို ခံပြင်းသည်။

မ ယား ဖြစ် သူ ကို တော့ 'ခေါင်းကဆံပင်ရင်က အသည်း ခွဲပေးနိုင်ကြလို့ ယူကြတာ၊ တရည်းစား တမယားလင်ကို ကြားဝင်တာမခံနိုင်ပါဘူး၊ ပြောပါများ၊ မယားစကားအောင်ရမှာက ထုံးစံ'ဟု လက်မထောင်ပြချင်ကြသည်။

မည်သို့ပင်ဖြစ်စေ 'မောင်ကောင်းစားလျှင် နှမမီးဖိုချောင်' ဆိုဘာကိုတော့ ငြင်းလို့မရ။ ညနေတိုင်းလိုလို ကျွန်တော်နှင့် ကိုဘမောင် ဘီယာပုလင်း ထောင်ကြရာကို အာလူးကြော်၊ ငါးမုန့်ကြော် လာချပေးသူက မခင်တင့်၊ မီးဖိုချောင်ထဲက တရှဲရှဲထကြော်ရတာကတော့ မိမိလေး၊ ချွေးသံများနှင့်တလုံးလုံး၊

ကိုယ့်အိမ် ကိုယ့်ရာ၊ကိုယ့်လင် ကိုယ့်သားနှင့် အိမ်ဘဆောင် မီးတပြောင်အာဏာပိုင် အိမ်ရှင်မ, ဖြစ်လိုကြသည်မှာ မိန်းကလေးတိုင်း၏မျှော်မှန်းချက် အိပ်မက်များ ဖြစ်ပေလိမ့်မည်။ မြီးကောင်ပေါက်ကလေးမဟုတ်သော မိမိလေးအဖို့ စိတ်ကူးယဉ်တာ ရှိချင်ရှိပေလိမ့်မည်။ သို့သော် လိုဘာမရ ရတာမလို အပျိုကြီး ဖြစ်ခဲ့ရသည်။ အိမ်ထောင်ကျလွယ်ကြသည်မှာ မိုက်ရူးရဲအရွယ်များသာဖြစ်သည်။ စဉ်းစားတတ်သောအသက် နှစ်ဆယ်ကျော် အစိတ်ပိုင်း ဆိုလျှင် ငဲ့စားလွန်းဘာနှင့် ဟိုင်းတတ်သည်။

မိမိသေးခမျာမှာ ယောက်မအိမ်မှာမျက်နှာငယ်ခံနေရဘာထက် 'လင်'ဟူသော မောင်မင်းကြီးသားတပါးပါးနှင့် ရွှေဖူးစာဥက္ကာလုံရေစက်ဆုံချင်ပါသော်လည်း 'စိန်ပါတီ ရုပ်ရည်လှသချင်၊ ပုဗ္ဗေစ ကဘပုညာပင်'ဟု ညည်းရမလိုဖြစ်နေရှာသည်။

ကျွန်ဘော့်မှာ အိမ်ထောင်ကျပြီ၍ သမီးဦး ကလေး တ ယောက် ထွန်းပေါက်လာပြီကို သိလျက်နှင့် အားကိုးလိုသည့် မျက်လုံးများက ကစားနေတတ်သည်ကိုနလဂ်ိန်းတုံးမဟုတ်သောရဲ အမှုဘမ်းပီပီ ရိပ်စားနိုင်ပါသေးသည်။

သူတို့မောင်နှမ အိမ်ထောင်နှင့် ပွန်းပွန်းတီးတီးခင်ခင်မင်မင် သုံးနှစ်လောက် နေခဲ့ပြီမှ အမှုထမ်းတို့ထုံးစံအတိုင်း ကျွန်တော်က ပျဉ်းမနားကိုရာထူးတိုးပြီး ပြောင်းခဲ့ရသည်။ ကိုဘမောင်က နောက်နှစ်နှစ်ကြာသောအခါ မြင်းခြံသို့ ပြောင်းရသည်။ ကျွန်တော်က တောင်သာဇာတိဖြစ်၍ ခွင့်နှင့်အပြန် မြင်းခြံကို ရောက်အောင်ဝင်ခဲ့သည်။

ကိုဘမောင်နှင့် မခင်တင့်မှာ သားကလေးတယောက်ရ၍ ဝမ်းသာနေကြသည်။ နှစ်ခါလည်အရွယ်လောက်ကို အဒေါ်ဖြစ်သူ မိမိလေးက လက်ထဲမှမချ။ သူကပို၍ အလိုလိုက်နေသေး၏။ ဒါသာဖြစ်သည်။ သူ့ပါးစပ်က ပြောနေသည်ကတော့ 'သံဃာဇဉ်များ တယ်ဆိုး၊ မိလေးတော့ ထေရီအပါဒါန်တွေ ဖတ်ဖတ်ပြီး လောကကြီးကို ငြီးငွေ့လာပြီ'ဟူသတည်း။

မကြာပါချေ။ ကိုဘမောင်က မိတ္ထီလာမှာ ထောင်ပိုင်ဖြစ်ပြီး ကျွန်တော်က ရန်ကုန်မှာ စခန်းမှူးဖြစ်လာသည်၊ တယောက်နှင့်တယောက် ဖုန်းနှင့်'ကွန်းဂရက်ကျူလေးရှင်း လုပ်ကြသည့်အခါ 'ခင်ဗျားကခြေထောက်မှာ အတောင်တပ်နိုင်တယ်၊ ကျုပ်က ထောင်ဗူးကြီး အပေါ်မှာ ထောင်ကျနေရတဲ့လူ၊ လမ်းကြုံ ယင် ဘီ ယာကလေး မော့ကြဦးစို့ရဲ့'ဟု ဖုန်းနှင့် ခေါ်သည်။

တယောက် မိသားစုအကြောင်း တယောက်မေးကြသည်။ မိမိလေးက ရိပ်သာသွားပြီးတရားထိုင်နေသည်ဟု ကြား၍ ကျွန်တော်က ရယ်လိုက်ရာ ကိုဘမောင်ကပါ ရယ်ပြီး 'အပျိုကြီးများဖြစ်တတ်တဲ့ သဘာဝပဲ မဟုတ်လားဗျာ၊ လင်မရနိုင်ယင်ကြောင်ကလေး၊ ခွေးကလေး မွေးကလေးကို အရူးအမူးချစ်၊ ဒါတွေမှ လုပ်ရယင် တရားထိုင်ကြရော၊ အခုလဲ သူ့ယောက်မကို စိတ်

ကောက်ပြီး သားကို မချစ်ရလို့ သံယောဇဉ်ကို အကုန်ဖြတ်ဘော့မတဲ့လေ'ဟု သူ့နှမ တဇွတ်ထိုး အကြောင်းကို သတင်းပို့သည်။

သုံးလလောက် ကြာမြင့်ပြီးသော တနေ့မှာ မန္တလေးသို့ ရထားဖြင့် ခရီးသွားဖို့ ကိစ္စတခု ပေါ်လာသည်။ ထိုကိစ္စက မျှော်လင့်သည်ထက် လွယ်ကူ ပြီးစီးသောကြောင့် မိတ္ထီလာသို့ ကိုဘမောင်ထံ ကားကြုံနှင့်လိုက်ခဲ့သည်။ နောက်တနေ့ မှသာစည်သို့ကိုဘမောင်က လိုက်ပို့၊ ထိုမှရန်ကုန်သို့ ရထားဖြင့် ပြန်မည်။

ကိုဘမောင်နှင့် တွေ့လျှင် တွေ့ချင်း မျက်နှာရိပ် မျက်နှာကဲကို မြင်ရုံနှင့် တခုခုဟု သိပါပြီ။ မခင်တင့်က သားကလေးကို ခေါ်၍ အိမ်ရှေ့ ဝရန်တာကို ထွက်သွားသည်။ မိမိလေးကိုတော့ မတွေ့ရ၊

''ကဲ....ခင်ဗျားတို့ တခုခုတော့ ဖြစ်နေကြပြီ မဟုတ်လား''ဟု စတင် မေးလိုက်မှ....

''ဟို....ခွေးမပေါ့၊ အိမ်မှာ တောက်တိုမည်ရ ခေါ်ခိုင်းနေတဲ့ 'ထောင်ကျ'နဲ့ လိုက်ပြေးတယ် သေ၊ သူ့ကို အခုတွေ့ယင် သတ်မိမလား မသိဘူး''

''ထောင်ကျက လွတ်ရက်မှာ ခေါ်သွားတာလား''

''ဒါပေါ့....တနေရာမှာ ချိန်ပြီး သူက လိုက်သွားတာပေါ့''

''ဘာမှုနဲ့ ကျဘဲ့ကောင်လဲ''

''လိမ်သည်မှု''

''ရုပ်က ဘယ်လိုလဲ၊ အသက်ကကော ငယ်သလား''

''ရုပ် ဖြောင့် တယ်၊ သူ့ ထက် လဲ သုံးနှစ်လောက်ငယ်တယ်၊ လိမ်သည်မှုနဲ့ကျတဲ့ အကောင်မျိုးဆိုတာ ပါးပါးနပ်နပ် ဖျဘ်ဖျဘ်လတ်လတ်၊ ခေတ်မီလူ့ရည်သန့် ပညာ မတောက် တခေါက် တတ်ပြီး ကျ လောက်အောင် ပြောတတ်တဲ့ ကောင်တွေ မဟုတ်လား၊ အရပ်ထဲက ဆိုယင် ခွေးဖြစ်ဖြစ် သဘော တူနိုင် ပါသေး တယ်ဗျာ၊ ထောင်ပိုင်နှမကို ထောင်ကျက အပိုင်စီးသွားတယ်ဆိုတာက မျက်နှာကို ဓားနဲ့ လှီးစေလိုက်ချင်တယ်''

ကျွန်တော်က 'အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာ'ဆိုသလို ကိုဘမောင်၏ မျက်နှာမှ လွှဲဖယ်နေလိုက်ရသည်။ အပြစ်ဒဏ်မှလွတ်ရန် လပိုင်းလောက်သာ လိုတော့သည့် ထောင်ကျများကို ထောင်မှူး ထောင်ပိုင်များက ရုံးမှာ အိမ်မှာ တောက်တိုမည်ရ စိတ်ချ၍ ခိုင်းတတ် ကြသည်။ ခင်မင်တတ်ကြသည်။ တပည့်ရင်းလိုဆုံးမသွန်သင်ဖို့ စေဘနာ ထားတတ်ကြသည်။ ကိုဘမောင်က လူရိုး လူအေး ဘီယာသာကြိုက်သည်၊ ဘုရားနှင့် တရားနှင့်။

''ကြည့်....ပါသွားတဲ့ ငွေနဲ့ စိန်နားကပ် ကုန်ယင် သူ့ကို ပစ်သွားလိမ့်မယ်''

''စိန်နားကပ်က သူ့ဟာလား''

''အင်းလေ....အမေက မသေခင် အမွေပေးခဲ့ရှာတာ''

ကျွန်တော်က စကားပုံ တခုကိုသာ သတိရလိုက်မိသည်။ 'အပျိုကြီးလင်မနေ၊ နေမယ့်နေတော့ ဘုန်းကြီးလူထွက်'

''နာမည်က ဘယ်သူတဲ့လဲ''

''လှမြင့် (ခေါ်) လှသန်း (ခေါ်) လှသိန်းပေါ့''

''ဒီကောင်မျိုးက နာမည်သုံးလေးမျိုးပိုင်ရှင်တွေပေါ့''

ထိုနေ့ ညနေက ဘီယာမော့ရသည်မှာ ပျော်ပျော်ပါးပါးမဟုတ်နိုင်ကြပါချေ။

စိတ်ဆိုဘာ လက်ဖျစ် တ တွက်မှာ ကုဋေတသိန်းတောင်ဖြစ်ပြီး ပျက်သွားသည်ဟု ကြားဖူးသည်။ မိမိလေး၏ အကြောင်းကို ယမုန်နာမှာ လိမ့်မှော်ရည်တပုလင်းမှ မကုန်သေးခင် အချိန်

ကလေး၌ အပြည့်အစုံ စဉ်းစားလိုက်မိခြင်း ဖြစ်လေရာ စာဖြင့် ရေးချလိုက်တော့ အတော်ကြီး ရှည်လျားနေပါပြီ။

ကျွန်တော့်အလုပ် ကျွန်တော့်တာဝန်များက မိမိလေး၏ ကိစ္စကို ဦးနှောက်တွင်းမှ အတင်း ဖယ်ထုတ်လိုက်ကြသောကြောင့် ဆက်၍ စဉ်းစားနိုင်ခြင်း မရှိပါ။ စကော့ဈေးမှာ သူနှင့်တွေ့ခဲ့ပြီးသည့် နောက်ဘလမလောက် ကြာသည့်အခါ သူ့အသံကို ဖုန်းထဲမှာ ကြားလိုက်ရသည်။

''ကိုကြီး—မိလေးပါ''

ကျွန်တော်က အချိန်ကြာကြာကလေးမှအံ့ သြလိုက်ရသေး။

''ကိုကြီးနဲ့တွေ့ပါရစေ၊ လူရှင်းတဲ့ တနေရာရာမှာပေါ့''ဟု ဆိုလာပါသည်။

''ဒါဖြင့် ကိုကြီးအိမ်ကို လာခဲ့''

''ဟင့်အင်း....ကိုကြီးမိန်းမနဲ့ မတွေ့ချင်ဘူး''

''သူမရှိပါဘူး၊ သူ့အမေ နေမကောင်းလို့ သားအမိ နှစ်ယောက်စလုံး ရွာပြန်သွားတယ်''

''ဒါဖြင့် ကောင်းတယ်၊ မိလေး တနာရီ အတွင်း ရောက်အောင် လာခဲ့မယ်''

''နေပါဦး....ဘာဖြစ်လို့လဲ''

''စိတ်မပူပါနဲ့ ကိုကြီး၊ ရယ်စရာလေးတွေ ကြားရမှာပါ၊ ဟဲ....ဟဲ....မိလေးလာခဲ့မယ်''

သူက ဖုန်းကို ချလိုက်သည့်အချိန် ကျွန်တော့်မှာ ဖုန်းကိုင်လျက်နှင့် အတွေးပေါင်း သောင်းခြောက်ထောင်၊ ဦးနှောက်ချောင်တော့ မတတ် ဘွေးသိုက်ချပြန်ပါသေးသည်။ ထို့နောက်အိမ်ကို ပြန်လာပြီး ဒေါ်ခစာကြီးကျွေးသော နံနက်စာ ထမင်းကို စားလိုက်ရသည်။ စားပြီး၍လက်ရေမှ မစင်သေး မိလေးရောက်လာသည်။ သူက အိမ်ခန်း တခုလုံး ကို အကဲခတ်လိုက်သည့် အချိန်မှာ ကျွန်တော်က သူ့ကို အကဲခတ်ယင်း လက်ပတ် နာရီကိုပါ ကြည့်လိုက်မိသည်။ သူပြောသည့်တနာရီမှ မပြည့်ဘတ်သေး။

''ကဲ....ဆိုစမ်း''

''မိလေးတော့ ခွေးဖြစ်ပြီကိုကြီး''

ပြောယင်း ဆိုဖာမှာ ထိုင်ချလိုက်သည်။

''အင်း....လူမြင့်နဲ့ ညားကတည်းက ခွေးဖြစ်တာပေါ့၊ အခု သူပြေးပြီ မဟုတ်လား''

သူက ခပ်ဆတ်ဆတ် ခေါင်းညိတ်လိုက်သော်လည်း ညိုးညိုးငယ်ငယ် မဟုတ်၊ ပြုံးစနဲ့ လုပ်နေသောကြောင့် အံ့သြနေမိသည်။ တော်တော် အကဲခတ်ရတာ မလွယ်တဲ့ ကောင်မလေး။

''စိန်နားကပ်လဲပါသွားပြီမဟုတ်လား''

''ဟဲ....ဟဲ... ကိုကြီးက စခန်းမှူး ပီသလိုက်တာ''

''ဘယ်တုန်းကလဲ''

''စကော့ဈေးမှာ ကိုကြီးနဲ့တွေ့ပြီး နောက်တရက် တနင်္ဂနွေနေ့ပေါ့''

''ဟင်....ဘာ ဖြစ် လို့ ဒီနေ့မှ လာ ပြော ရသလဲ''

''မိလေးဆုံးဖြတ်ဖို့အချိန်ရချင်လို့''

''ခွေးမသား... လွတ်အောင် မ ပြေး နိုင်ပါဘူး''

''မိလေး အမှုမဖွင့်ချင်ပါဘူး၊ နေပါစေ''

''ဟင်....ဘယ်ဖြစ်မလဲ၊နည်းတဲ့တန်ဖိုးလား''

''ဟဲ... ဟဲ....ကိုကြီးက မိလေးကို လင်တရူး ရူးနေပြီသင်မှာပေါ့၊ ဟုတ်ပါတယ်၊ ရူးတော့ ရူးချင်စရာပါ၊ ဒီမှာ သူ့ဓာတ်ပုံ''

မိမိလေးက လေးလက်မဓာတ်ပုံ အသင်္ကပ် ချွတ်လေးကို ပေး၍ ကြည့်လိုက်သည်။ လူမြင့် (ခေါ်)လူသန်း (ခေါ်)လူသိန်း ဆိုသည့် နေကလေးက ယယ်ယယ်ရွှယ်ရွှယ် သနရုပ္ပ မမိလေး ရုပ်နှင့်တော့ ဆီနှင့်ရေ။ မိမိလေးက ကုလားထိုင်မှာ ထိုင်၍ သတ္တဝါကလေးက နောက်မှ ရုပ်လျက်၊ မိမိလေး၏နားမှာစိန်နားကပ်ကလေး က အထင်းသား။

''ဒီကောင့်မှာ 'ဇ' ရှိတယ်၊ ဇ–ဆိုတာ ဗီဇကို ပြောတာ၊ ဗီဇဆိုတာ မွေးရာပါဉာဉ်၊ ဒါပေမယ့် မလျှော့သေးဘူး၊ လျှော့တဲ့လူက လက်စလက်န ကျန်ခဲ့အောင် ဓာတ်ပုံအရိုက်မခံဘူး''

''ဟဲ-ဟဲ-ဟဲ...အဲ့ဒီ ဓာတ်ပုံတွေပါ ခြေရာပျောက် ယူသွားတာ၊ ဒါကကိုကြီး ကိုပြဖို့ဓာတ်ပုံဆိုင်ကထပ်ကူ ပြီးယူခဲ့တာ၊ ရိုက်တုန်းကတည်းက သူက ရိုက်ချင်တာ မဟုတ်ဘူး၊ မိလေးက နားပူနားဆာလုပ်လို့ ရိုက်တာ၊ တရားရုံး တခုခုမှာ လက်ထပ်ဖို့သဲ သူငြင်းလို့ လက်မထပ်ရတာ''

'ဩော်...မိလေး- မိလေး၊ ငယ်ငယ် ချောချော ဆိုတော့လည်း အချစ်မွှန်ပြီး အငမ်းမရဖြစ်ရှာမှာပေါ့'ဟု တွေးမိသည်ကို ကျွန်တော့်နှုတ်မှ မထွက်ရက်ပါ။

''အခု မိလေး ဘာလုပ်ချင်သလဲ''ဟု ရင်ထုမနာ မေးမိသည်။

''မိလေးအခုလာတာ ကိုကြီးကို(အပါဒါန်) တခု ပြောချင်လို့''

''ဘာ....''

ကျွန်တော်က သူပြောသော စကားကိုနားမလည်။

''အပါဒါန်ဆိုတာ ရဟန္တာ ထေရ်ကြီးများပြောတဲ့ ဝတ္ထုလေ ကိုကြီးရဲ့''

''မိလေး''

''နားထောင်ကြည့်ပါဦးလေ ကိုကြီး၊အချိန်နည်းနည်း ပေးနိုင်မယ် မဟုတ်လား''

''အချိန်ကတော့ ရပါတယ်''

''ရယင် တဆိတ်လောက် မိလေး ပြောတာ နားထောင်ပါ၊ မိလေးစကားဆုံးတော့ ကိုကြီး ဆီ လာတဲ့ အကြောင်း နားသည်ရောပေါ့နော်''

''ကဲ...ပြော-ပြောစမ်းပါဦးဗျာ'' ဟု ကျွန်တော်က နေသားတကျ ဖြစ်အောင် ထိုင်လိုက်ရသည်။

''ရာဇဂြိုဟ်ပြည်မှာ အဇာတသတ် ဘုရင်လက်ထက် ဘဒ္ဒါ အမည် ရှိတဲ့ သဌေးသမီး တယောက် ရှိတယ်၊ မိဘက ငွေကြေး ကြွယ်ဝချမ်းသာပေမယ့် သမီးရဲ့ ရုပ်ရည်က မချောမလှရှာတဲ့ အတွက် ဂုဏ်ရည်ဘန်းတူများက စေ့စပ်ကြောင်းလမ်းခြင်းမရှိကြပါဘူး၊ဒါကြောင့်အပျိုကြီးမဖြစ်ချင်မဲ့နဲ့ဖြစ်နေရတယ်၊ဒီနေရာမှာမိလေးနဲ့တူနေတယ်''

''ကောင်းကောင်း ပြောစမ်းပါ''

''တနေ့တော့ နေပြည်တော်မှာဖောက်ထွင်းခိုးယူနေတဲ့ စောရဃာတ သတ္တုကကို ဖမ်းမိလို့ ရှင်ဘုရင့်အမိန့်နဲ့ သတ်ရအောင် သုသာန်ကို ရိုက်နှက်ပြီး ခေါ်သွားကြတယ်၊ ပြည်သူလူထုကို ဒဏ္ဍပေးနေတဲ့ သူခိုးကြီးမို့ ပြည်သူ ပြည်သားများ မြင်ရအောင် မြို့ကို လှည့်လည်ပြီး ပြတဲ့ သဘောနဲ့ လမ်းတိုင်း မောင်းထုပြီး ကြေငြာတယ်၊အဲသည့်အခါသဌေးသမီးဘဒ္ဒါက သတ္တုကခိုးသူကြီးကို မြင်လျှင်မြင်ချင်း ဂာရဏာဖြစ်သွားတယ်၊ သူခိုးဆိုပေမယ့် ယောကျ်ားပီသပြီး ခပ်ချောချော၊ အခု ကိုလှမြင့်နဲ့တူပါလိမ့်မယ်''

''အင်း....ကျေးအာသီးလို လူစားမျိုးပေါ့''

''ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် လောကအတွေ့အကြုံ မရှိတဲ့ အိမ်တွင်းပုန်း မိန်းကလေးများက ဗဟုသုတမရှိဘူး မဟုတ်လား၊ ဒါ့အပြင် ဘဒ္ဒါကထွက်ပြီး ကြည့်လိုက်တဲ့ အချိန်မှာ ဘဒ္ဒါနှင့် မျက်နှာချင်း ဆုံလိုက်မိလို့ ''ကျွန်တော့်ကို ကယ်နိုင်လျှင်ကယ်တော်မူပါ'' ဆိုတဲ့ မျက်နှာငယ်ကလေးနှင့် အသနားခံတဲ့(အကဲတင်) လုပ်ပြချင်လဲ လုပ်ပြမှာပေါ့လေ''

''ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ဒီတော့ လှမြင့်ကို မိလေးက ချစ်သလို ချစ်သွားရောလား''

''ဟဲ့-ဟဲ....ဟုတ်မှာပေါ့၊ ဒါနဲ့ ဘဒ္ဒါက သူ့မိဘတွေကို ပူဆာ၊အမှုထမ်းတွေကိုလာဘ်ထိုးပြီး ကယ်ခဲ့တယ်၊ အိမ်ရောက်လာတော့ ချစ်ခင် ကြင်

နာစွာ လင်အရာ ထားပြီးတော့ ပြုစုခဲ့တယ်၊ သို့ပေမယ့် သတ္တုကက ဘဒ္ဒါ၏ အချစ်ထက် ဘဒ္ဒါ၏လက်ဝတ်ရတနာတွေကိုလိုချင်နေတယ်၊ ဒီတော့ ဘဒ္ဒါကို သူကပြောတယ်၊သူ့အသက်ကို ကယ်တဲ့သူ တွေ့လျှင် တောင်စောင့် နတ်မင်းကို ပူဇော်ပါမယ်လို့ သစ္စာဆိုခဲ့ပါတယ်၊ ထိုသစ္စာ စကား တည်ရအောင် မင်းကလက်ဝတ်ရတနာ များ ဝတ်ဆင်ခဲ့၊ ကောင်ပေါ်တက်ပြီး တောင် စောင့်နတ်ကို ပူဇော်ကြရမယ်လို့ ခေါ်သွား တယ်၊ တောင်ပေါ်ရောက်တော့မှ 'မင်းကိုသတ် ပြီး လက်ဝတ်ရတနာတွေကို ယူရမယ်'လို့ပြော တယ်၊ ဘဒ္ဒါက သူ့အသက်ကို ချမ်းသာပေးဖို့ တောင်းပန်တယ်၊ သတ္တုကက သတ်မှသာခြေရာ ပျောက်ဖြစ်မှာမို့ တောင်းပန်လို့ မရဘူး၊ဒီတော့ မသေခင် ကလေးမှာ ကန်တော့ပါရစေလို့ ပြောပြီး သတ္တုကကို လက်ယာရစ် ပတ်ရာက အသစ်မှာ တောင်ပေါ်ကတွန်းချလိုက်ရတယ်''

''တော်တော် ဉာဏ် ကောင်းပေလို့ ပေါ့၊ နောက်တော့ သဋ္ဌေးသမီး ဘဒ္ဒါ ဘာဖြစ်သလဲ''

''ဘဒ္ဒါ သတို့သမီးဟာ ယောကျ်ားတွေကို စိတ်နာပြီး ပရိဗိုဇ်မ ဖြစ်သွားတယ်၊ အရှင် သာရိပုတ္တရာနှင့် တွေ့တဲ့ အခါမှာ ဗုဒ္ဓ၏ ထေရီ ရဟန္တာမယ် ဖြစ်သွားတယ်''

''ကဲ ...မရွှေမိ ခင်ဗျားအခုပြောတာကုဏ္ဍလ ကေသာ ထေရီအကြောင်း ပြောနေတာ ဟုတ်ကဲ့ လား''

''ဟုတ်လှပေ့၊ ဘဒ္ဒါဆိုတာက ငယ်နာမည်၊ တိတ္ထိပရိဗိုဇ်မ လုပ်တော့ ဆံပင်ကို ထန်းစေ့နဲ့ ခေါင်းတုံးပြောင်အောင် တချောင်းချင်း နုတ်ရ တယ်၊ နောက် ဆံပင်ပြန်ပေါက်လာတော့ နား တောင်းကလေးတွေလို အခွေလိုက် အခွေလိုက် ပြန်ပေါက်လာလို့ 'ကုဏ္ဍလကေသာ' အမည် တွင်လာတာ၊ လျင်မြန်စွာ မဂ်ဖိုလ်အသိဉာဏ် ဆိုက်ရောက်တဲ့အရည်အချင်းကြောင့် 'ခိပ္ပါဘိည' တော်ဒဂ်ရတော်မူတယ်''

''ကြည့်စမ်း၊ ကိုကြီးက သိယင်လဲ သိတယ် မပြောဘူး''

'မိလေး ဘာတွေ ပြောမလဲလို့ နားထောင် နေတာ၊ အခု လူလိမ်လှမြင့်က သတ္တုက သူခိုး ကြီးလို အသက်ရန်မရှာတာကံကောင်း''

''သူရန်ရှာယင်လဲ သူပဲ ဒုက္ခ ရောက်သွားမှာ ပေါ့''

''ဘာပြောပြော၊ အမေ့အမွေ စိန်နားကပ် တော့ ပါသွားပြီ ဟဲ-ဟဲ''

မိမိခလေးက ပြုံးစနဲ့နဲ့ဖြင့် လက်ပွေ့အိတ် ထဲမှ စိန်နားကပ်တရန်ကို ထုတ်ပေးသည်။

''ဘယ်လိုသဲ....ပါသွားတယ်ဆို''

''အမြတ်တနိုး အားထားရမယ့်အမေ့ပစ္စည်း ဘော့ ဘယ်အပါခံ လောက်အောင် မိုက်ပါ့မလဲ ကိုကြီး၊ ဒါလေးကိုထုခဲ့ပြီး ယိုးဒယားကိုမှောင်ခို လုပ်ဖို့ သွားချင်တယ်လို့ နားပူနားဆာပြောနေ ကတည်းက သူ့ကို မိခလေး မယုံနိုင်တော့ဘူး၊ ပေးလိုက်ယင် ခြေရာလဲပျောက်–ရေလဲ နောက်၊ မိလေးကို ပစ်ပြေးတော့မှာ ရိပ်မိနေပြီ၊ မိလေး မပေးယင် ခိုးပြေးမှာကိုလဲ သိတယ်၊ ဒါကြောင့် ဟိုသက ရွှေရည်စိမ် နားကပ်ကို စကော့ဈေးမှာ လာဝယ်တုန်း ကိုကြီး နဲ့တွေ့တာပေါ့''

''အမယ်....မိလေးကလဲ မဆိုးဘူး၊ဘယ်လိုက စပြီး သူ့ကို မသင်္ကာဖြစ်လာသလဲ''

''မရှက်မကြောက်ပြောပါရစေ ကိုကြီးရယ်၊ 'သဒ္ဓါချစ်'နဲ့ 'မာယာချစ်'ကို သတိ ထား ယင် ကွဲကွဲပြားပြား သိနိုင်တာပေါ့၊ ချစ်စခင်စ ကြင် နာစ, ကြားကလေသွေး ဝေးတယ် ထင်ကြတဲ့ သဘာဝကာလမှာ ရေခြားမြေခြား သွားချင် လှတယ်ဆိုတဲ့ 'တနပ်စား စိတ်ဓာတ်ကို အကဲခတ် နိုင်တာပေါ့''

''အတုဗုန်းသိယင် ပြန်လာဦးမှာပေါ့''

''အဘုမှန်းမသိလို့ ပြီးပြီးပြတ်ပြတ် ဒီစာကို ရေးသွားတာ မဟုတ်လား''

မိမိလေးက အိတ်ထဲမှ စာကလေးတစောင် ထုတ်ပြပြန်ပါသည်။ စာက အတိုဆုံး၊အရှင်းဆုံး၊ 'ဒီဘဝဒီဖျသာ'ဆိုသည့် အဓိပ္ပာယ်မျိုး။

ကျွန်တော်က မိမိလေးကို တချက်ကြည့်ပြီး မှတ်ချက်ချလိုက်ပါသည်။

''အင်း....မိုက်တော့ မိုက်သည်၊သို့သော်စုံလုံး ကန် တာတော့ မဟုတ်''

မိမိလေးက ကျွန်တော် သဘောပေါက်ပုံကို ရိပ်မိဟန်တူသည်။

''ကိုကြီး....မိလေးကိုအအေးတခုခုတိုက်ပါ''

''ဪ....အေးအေး၊ဒေါ်စောရေ လိမ္မော် ရည် နှစ်ခွက်လောက် လုပ်ပေးပါ''

''စာကော့ဈေးမှာ ကိုကြီး တိုက်တုန်းကတော့ မသောက်ချင်ဘူး ဟဲ-ဟဲ...''

''အခု မိလေး ဘယ်လို ဆုံးဖြတ်ထားသလဲ၊ ကိုဘမောင်ကို လာခေါ်လှည့်ပါလို့ ပြောလိုက် ရမလား''

''အမယ်လေး.... မလုပ်လိုက်ပါနဲ့၊ အမေ့ စိန်နားကပ် ကလေးသာ ပြန်ပို့ပေးပါ၊ ဒါကို အပ်ချင်လို့ ကိုကြီးဆီကိုလာတာ၊ ဘဒ္ဒါ သတို့ သမီးဟာ ကိုယ့်အပြစ်နဲ့ကိုယ်မိဘကိုမျက်နှာ ချင်း မဆိုင်ဝံ့တော့ဘူးလေ၊ အခုလဲကိုကို့ကိုမျက်နှာ ချင်း မဆိုင်ဝံ့ တော့ဘူးလေ၊ အ ထူး သ ဖြင့် ယောက်မရှေ့မှာ မျက်နှာမငုံ့ချင်ဘူး''

''ဒါဖြင့် ဘဒ္ဒါလို ပရိဗိုဇ်မကလေးလုပ်တော့ မလား''ဟု ရယ်သွမ်းသွေး၍ ပြောလိုက်မိသည်။

''ဟုတ်ပါတယ်၊ ဒေါ်လေး ဒေါ်သီလဝတီ သီလရှင်ဆီကို ဘလလုံးလုံး သွားနေပြီးစဉ်းစား ဆုံးဖြတ်လိုက်တာပါ'' ပြတ်သားစွာ ပြောနေ သဖြင့် အံ့သြနေမိသည်။

ဒေါ်စောက လိမ္မော်ရည်နှစ်ခွက် လာချပေး သည်။ မိမိလေးက တည်တည်ငြိမ်ငြိမ်လိမ္မော်ရည် ကိုသာဘကျိုက်ချင်းသောက်နေသည်၊ကျွန်တော် က သူ့ကို တစေ့ဘစောင်းကြည့်ယင်း ဝမ်းနည်း ရမှာလား ဝမ်းသာရမှာလားစဉ်းစား၍မရ။

သတိရတာကဖြင့် မန်လည် ဆရာတော်ကြီး ရေးသားတော်မူခဲ့သည့်မဃဒေဝလင်္ကာ၊ပုတ္တော ဝါဒအခန်းမှ စာတပိုဒ်။

''အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုဘ်မာဆိုးရွား၊ မိုက်လုံးထွား သည်၊ နွားနှင့်ကျားနှင့်အတူတည်း''





# စဉ်းစားစရာရှိနေပါသည်

မြတ်စွာဘုရားသခင် လက်ထက်တော်က သာဝတ္ထိမြို့ကြီးမှာ ချမ်းသာသော သဌေးလင်မယားရှိကြတယ်။ ပစ္စည်းဥစ္စာ ချမ်းသာသည်သာမကဘူး၊ သားသမီး ရတနာလည်း ဆယ်ယောက်တောင်ထွန်းကားတယ်။ သူတို့တိုက်ကြီးမှာသားသမီးများ၏ရယ်သံမောသံ၊ ပြောဆိုသံ၊ စားကြ သောက်ကြနှင့် ဆူဆူညံညံ ပျော်ပျော်ပါးပါး ရှိနေကြတယ်၊ အထူးသဖြင့် သဌေးကတော်က သားသမီးများကိုပို၍ချစ်တယ်၊ပို၍အလိုလိုက်တယ်၊ သူတို့ ကရိကထကိုလည်း အလွန် သည်းခံနိုင်တယ်။ မိခင်တို့ရဲ့ စေတနာမေတ္တာဟာ သားသမီးအပေါ်မှာ သံယောဇဉ်ကြီးမားကြပါတယ်။

ဖခင်ဖြစ်တဲ့သဌေးကတော့ မြတ်စွာဘုရားရဲ့တရားကိုကြားနာလိုက်ရတဲ့ အချိန်ကစပြီး သားမယားအိုးအိမ် စည်းစိမ်ချမ်းသာတွေကို စက်ဆုပ်ပြီးဘိက္ခုရဟန်းလုပ်ချင်နေတယ်၊ဒါကြောင့် တနေ့တော့ သူ့ဆန္ဒကို သားမယားအား တင်ပြတယ်။

“ငါတို့မှာလဲ အရွယ်ကြီးကြပြီ၊ ကာမဂုဏ်စည်းစိမ် ချမ်းသာဆိုဘာတွေလဲ ခံစားခဲ့လှပြီ၊ တကယ်ဆိုတော့ ကာမဂုဏ် ချမ်းသာဆိုတာ တကယ်ချမ်းသာတာမဟုတ်ပဲ၊ တကယ် ဆင်းရဲတာတွေဆိုတာ ငါသိပြီ၊ဒါကြောင့် ယနေ့ပင်မြတ်စွာဘုရားကျောင်းတော်ကိုသွားပြီး ရဟန်းလုပ်တော့မယ်၊ ငါယခုလိုထွက်သွားလို့ မင့်မှာဘာမှ အားငယ်စရာ မရှိပါဘူး၊ ပစ္စည်းဥစ္စာရတနာရွှေငွေလဲ အပြည့်အစုံ ရှာဖွေထားခဲ့ပြီ၊ သားသမီးတွေလဲ လူလားမြောက်ကုန်ကြပြီ” လို့ သဌေးက ပြောတယ်။

ဒီတော့သဌေးကတော်ကြီးကလင်ယောကျ်ားကို မခွဲချင်ပေမယ့် ပစ္စည်းဥစ္စာ အားကိုး၊ သားသမီးတွေအားကိုးနှင့် သဌေးကို ရဟန်းဝတ်ဖို့ခွင့်ပြုလိုက်တယ်။ တကယ်ဆိုတော့ ရဟန်းဝတ်ဖို့ကို သားမယား၏ ခွင့်ပြုချက် မလိုတဲ့အတွက် သူ့သဘောနှင့်သူ ထွက်သွားလဲ ဘာမှ တက်နိုင်တာမဟုတ်ပါဘူး။ မိဘနှစ်ပါးထံမှ ခွင့်ပြုချက်သာလိုပါတယ်။ ဒါကြောင့် သူ စိတ်ချမ်းသာရာ သူရှာတာ မကန့်ကွက်ပါဘူး။

သဌေးကတော်ကြီးမှာ လင်ယောကျ်ား မရှိတော့ပေမယ့်လည်း ပစ္စည်းကလည်း ပြည့်ပြည့်စုံစုံ၊သားသမီးတွေကလည်းပြည့်ပြည့်စုံစုံမို့ ဝမ်းနည်းအားငယ်ဖို့အချိန်မရရှာပါဘူး။ပျော်ပျော်ပါးပါး စားဟယ်သောက်ဟယ်။ သွားဟယ်လာဟယ်။ တနေ့တနေ့ အချိန်ကုန်လို့ ကုန်မှန်းမသိလိုက်ဘူး။

ဒါပေမယ့် နှစ်လရှည်ကြာလာတော့ အခြေအနေက တမျိုးပြောင်းလာတယ်။ သားသမီးတွေက ကြီးစဉ်ငယ်လိုက် အိမ်ထောင်ပြုချင်လာကြတယ်၊ ကိုယ်စီကိုယ်ငှ နေရာချထားပေးပြီးတဲ့နောက် အမွေတောင်းလာကြတယ်၊ သားတွေရဲ့ ဇနီး–ချွေးမတွေနဲ့၊သမီးတွေရဲ့ ယောကျ်ား–သမက်တွေနဲ့ ဂုဏ်တု ဂုဏ်ပြိုင် လုပ်ကြတာနဲ့

ညီအစ်ကို မောင်နှမချင်းလည်း မတည့်ကြတော့ဘူး။ မေတ္တာပျက်လို့ မသင့်မတင့်တဲ့အခါ မနာလိုဝန်တို သူတပါးရှိတာကို မလိုတမာဖြစ်တတ်တာပဲ။

''တော့်-အမေကြီးက သားကြီးကိုပိုချစ်တာ တော်မသိအောင် ပေးနေမှာပေါ့''

''မင့်- မယ်တော်ကြီးက သမီးအထွေးကို အရေးပေးနေတာ၊ လက်သိပ်ထိုးပြီး ပံ့ပိုးနေယင် မင်းဘယ်သိမလဲ''

အဲသည်လို ချွေးမတွေနဲ့ သမက်တွေကသွေးထိုးပေးကြတယ်။ ဒီတော့ သဌေးကတော်ကြီးက-

''ငါ့မှာလဲ အိုပါပြီ၊ ဒီပစ္စည်းတွေကိုလဲ ငါမမက်ပါဘူး၊ မသေခင်ကလေး နေရ စားရဖို့ရှိယင် အကုန် ခွဲဝေပေးပါ့မယ်''လို့ ပြောရှာတယ်။ အဲသလိုရှိသမျှ ခွဲဝေပေးမယ်လဲဆိုရော....

''အမယ်လေးအမေရယ်၊ အမေတယောက်ကိုတော့ ကျွန်တော့် အိမ်ဦးခန်းမှာ ထားပြီး ထမင်းပွဲရွှေရောက် ကျွေးပါ့မယ်''လို့ သားကပြောသလို သမီးတွေကလည်း....

''အမေ တသက် အဘက်ဘက်က သမီးတာဝန်ယူပါတယ်''လို့ အလုအယက် အာမခံကြတယ်။

မိဘဆိုတာကလည်းသားသမီးတို့ပေးဖို့များဖြင့် တခေါ့ကလေးမှ တွန့်တိုတတ်ကြတာမဟုတ်တော့ ကိုယ့်မိဘနဲ့ လင်ယောက်ျား လက်ထက်ကဘည်းကနေတဲ့ တိုက်ကြီးကိုပါ ဝေပုံကျထည့်ပြီး ပေးလိုက်တယ်။ သားသမီးတွေအဘောင်အလက်စုံလို့ ကိုယ်စီကိုယ်ငှ ခွဲထွက်သွားကြမှတော့ ကိုယ်တယောက်တည်းနေရထိုင်ရ၊ စားမှု သောက်မှုကအစ ကရိကထ ရှိနေဦးမယ်ပေါ့။

အဲသည်လို ခွဲဝေပေးပြီးတဲ့နောက် သားအကြီးဆုံးအိမ်မှာ လိုက်နေတယ်၊ တလ နှစ်လမှာ သားကလည်းဝမ်းမြောက်ဝမ်းသာ၊ ချွေးမကသည်း သဒ္ဓါကြည်ဖြူစွာနဲ့ အရေးတယူ ကြင်ကြင်နာနာ ရှိကြပါပေတယ်။ သုံးလေးလလောက်လည်းကြာလာရော ချွေးမလုပ်တဲ့မိန်းမက တွက်ကပ်လာတော့တယ်။

''အမေ့ပစ္စည်းကို ခွဲဝေယူကြတုန်းက အားလုံး ညီဘူမျှဘူရကြတာ၊ အမေ့ကိုကျွေးတော့ ကျွန်မတို့ တဦးတည်းက ဒိုင်ခံကျွေးနေရတော့မှာလား၊ အမေ့ တဝမ်းဘခါးစားတာ မသဒ္ဓါလို့ မဟုတ်ပါဘူး၊ သူတို့က တင်စီးတာကို မခံချင်လို့''ဆိုတဲ့ စကားမျိုးနဲ့ ကတုန်းကတိုက် လုပ်လာပါလေရော။ ပြုစုကျွေးမွေးတဲ့ နေရာမှာလည်း တာဝန်ကြီးတခု ပိုနေသလို သဘောထားမျိုးနဲ့ ဝတ်ကျေ တမ်းကျေ အပြုအမူမှဆောင့်ဆောင့်အောင့်အောင့် မကြည်မသာ ဖြစ်လာပါလေရော မိခင်ကြီးက လူမှုရေး ဆိုလျှင် သူတို့ဘိုပဲ မွေးလာခဲ့တာ လူ့ အရိပ်အကဲကို သိတာပေါ့။ စိတ်က မချမ်းသာရှာတော့ဘူးလေ။ ကိုယ့်သားကပါ မယားဘက် ခပ်ပါပါ ဖြစ်လာတာ သိရတော့ ဝမ်းနည်းရာက စိတ်နာလာတယ်။ မိခင်ဖြစ်သူမှာလည်း သူ့မာနကလေး ရှိသေးတယ်လေ။ သူတို့ကို အူဝဲဆိုကတည်းက ကျွေးမွေးသုတ်သင် မငြိုမငြင်အပင်ပန်းခံပြီးမွေးလာခဲ့ရတာ စိတ်နာမိတာပေါ့။

ဒီကြားထဲ သားအလိမ္မာမောင်မင်းကြီးသားက နှမအိမ်ကိုသွားပြီး 'အမယ်ကြီး' ကို တလှည့်ခေါ်ထားဖို့ နားသွင်းထားရတယ်။ ဦးစွာပထမတော့သမီးကလည်း လိုလိုချင်ချင်ပဲ မိခင်ကိုလာခေါ်တယ်။ မိခင်ကလည်း ချွေးမထက် စာလျှင် သမက်ဘမှ သမီးမျက်နှာနှင့် နေသာထိုင်သာရှိလိမ့်ဦးမည်ဆိုပြီး လိုက်သွားရှာတယ်။ သို့ပေမယ့်လေးငါးခြောက်လလောက် ကြာလာတော့လည်း သခက်က မကြည်ဖြူတော့ပါဘူး။

''မင်းအမေကြီးက ငါ့အရက်သောက်တာကို နှာခေါင်းရှုံ့တယ်၊ စားတဲ့သောက်တဲ့အခါလဲ ဟင်းခွက်ကို လက်နဲ့နိုက်တယ်၊ ဟင်းချိုသောက်တာ ဇွန်းကို ညာလက်နဲ့ကိုင်တယ်၊ ငါ့ အနေပါင်းအသင်းတွေလာယင် မဆီမဆိုင် တာဘွေ ဝင်ပြောလိုပြော၊ စပ်စပ်စုစုနဲ့ မေးလိုမေး ငါ ရှက်တယ်၊ သူ့သမီး သူ့သားတွေ အများကြီးဟာ တို့တအိမ်တည်း နေစရာရှိလို့လား'' စသည် စသည်အားဖြင့် မကြည်ဖြူပြန်ရော။ ဒီလိုနဲ့ သားသမီး ဆယ်ယောက်အိမ်ကို အစဉ်အငှ နှံ့လာခဲ့ပြီးသည့်နောက် ဒုတိယအကြိမ်အဖြစ်နှင့် ဘယ်သားသမီးကမှ လက်သင့်မခံချင်ကြတော့ဘူး။ သကြွန်ကျတဲ့အခါ ဖြဟ္မာမင်း ဦးခေါင်းပြတ်ကြီးကို ဘယ်နတ်သမီးကမှ မကိုင်ချင်သလိုဖြစ်လာပါလေရော။ လောကမှာ မိဘ ဘဦးဘယောက်တည်းက သားသမီး ဆယ်ယောက်ကို ကျွေးနိုင်ခဲ့ကြတယ်။ သားသမီးဆယ်ယောက်က မိဘဘဦးတယောက်တည်းကို မကျွေးနိုင်ကြဘူး ဆိုတဲ့ စကားဟာ မကျွေးနိုင်ကြတာ မဟုတ်ပါဘူး၊ မကျွေးချင်ကြတာ ဖြစ်ပါတယ်။ ဖျားနာပြီဆိုလျှင် ဘယ်သားသမီးကမှ တာဝန်မယူချင်ကြပေမယ့် ဆေးရုံကို မြန်မြန် တင်လိုက်ဖို့တော့ အားလုံး ကန့်ကွက်သူမရှိ သဘောတူတတ်ကြတယ်။ ဆေးရုံဆိုတော့ တခါတလေ တခေါက်သွား၊ ဆေးဝါးဓာတ်စာကလေး ပို့တန်ပို့၊ တချို့က မအားသွန်းလို့ မရောက်နိုင်ပါဘူးဆိုလည်း အပြစ်မရှိသလိုပဲ။ ဒီကြားထဲ ပြောလိုက်သေးတယ် ဆေးရုံမှာက ဆရာဝန်ဆရာမတွေနဲ့နီး နီးနားနားမို့ စိတ်ချရတယ်'တဲ့လေ။ အဲသည်မှာ ဆုံးပါးသွားဦး၊ 'အသက်က ကြီးတော့ သေချော်ပါပြီလေ'လို့ ကိုယ့်စိတ်ကိုယ် ဖြေနိုင်ကြတယ်၊

'မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးဘော်ရှင်' ဆိုတဲ့ စာတွေ၊ 'မာတာပိတုဂုဏောအနန္တော'ဆိုတဲ့ပါဠိတွေဟာ ကျမ်းစာအုပ်များမှာသာရှိပါလိမ့်မယ်၊ အူထဲ၊ နှလုံးထဲ၊ သည်းပွတ်ထဲမှာ နှစ်နှစ်ကာကာစွဲကြတဲ့ သားသမီးမျိုးဖြင့် ကောက်ရိုးပုံအောက်မှာ အပ်ပျောက်ကို ရှာရပါသလောက် ခဲယဉ်းနေကြပါလိမ့်မယ်၊

သားသမီးများ အနေနဲ့ မိဘ၏ ကျေးဇူးကို သိ-မသိ၊ ဆန်းစစ်ကြည့်နိုင်ဖို့ ဝတ္တရား ငါးပါးရှိတာကို လူတိုင်းလိုလို အလွတ်အာဂုံ ရကြပါတယ်။

''ကျွေးမွေး မပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ စတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ''

ဒီလင်္ကာကို ပေါ့ပေါ့ကလေး တွေးလို့ သိလို့ မဖြစ်ပါဘူး၊ ကဲ... တခုစီ စီစစ်ကြည့်ကြပါစို့ ။

'ကျွေးမွေးမပျက်'ဆိုတဲ့အထဲက 'ကျွေး'ဆိုတဲ့ စကား တလုံးကိုပဲ သုံးသပ် ကြည့်ရအောင်၊ ဘယ်လိုကျွေးကြသလဲ၊ ဦးဦးဖျားဖျား တဆောင်တယောင် အမွန်အမြတ်ပြု၍ ကျွေးသလား၊ မီးဖိုချောင်ထဲမှာ ဖြစ်သလို တော်သလို ကျွေးသလား၊ လင့်မျက်နှာကိုကြည့်ပြီး ကျွေးရသလား၊ မယားမျက်နှာကိုအကဲခတ်ပြီးမှ ကျွေးရသလား၊ စားချင်တယ်ဆိုတာကလေး မရရအောင်ရှာပြီး ကျွေးနိုင်ကြရဲ့လား၊ ပေါဦး ပေါဖျား အဖိုးစားနားမရွေးကျွေးရအောင် သဒ္ဓါရှိကြရဲ့လား၊ ဒီစေတနာမျိုး နို့စ္စမူဝ မငြိုငြင်ထားနိုင်ကြရဲ့လား၊ ဒါက အတိုချုံးပြီးပြောတာ။

'မွေး'ဆိုတဲ့ စကားက အသက်ရှည်ရာ အနာမဲ့ကြောင်းကောင်းမွန်မွန် မွေးမြူတာ၊ သက်သက်သာသာ စိတ်ချမ်းသာ လက်ချမ်းသာ မွေ့လျော်စွာရှိအောင် မွေကြရဲ့လား၊ အသက်ခြောက်ဆယ်က ကျော်လွန်လာတဲ့ မိဘတွေမှာ ဇရာဒုဗ္ဗလ အချိန်ရောက်ပြီမို့၊ ရုပ်နွဲ့အနေဖြင့် မျက်စိမှုန်၊နားထိုင်း၊ခါးကိုင်း၊သွက်သွက်လက်လက် မရှိ၊ ဆီးဝမ်းလေမှအစ ချုပ်တည်းနိုင်စွမ်း

မရှိတဲ့အခါ ကိုယ့်ကို ကလေးဘဝက ပြုစုခဲ့သလို ချေးကလူ သေးကလူ မငြိုငြင်မရှုံ့မရှာ ပြုစုနိုင်ရဲ့လား၊ နာမ်ခန္ဓာအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ အားငယ်ဝမ်းနည်းလွယ်ခြင်း၊စိတ်ကောက်တတ်ခြင်း၊မြည်တွန်တောက်တီးခြင်း၊သတိမေ့လျော့တတ်ခြင်း၊ အမျိုးမျိုးအထွေထွေတောင့်တပူဆာခြင်း၊ လေနာ၊ရင်နာ ဝေဒနာတခုခုကို အစွဲလမ်းကြီးတတ်ခြင်း၊ အဲသည့် အခါများမှာ သည်းခံခွင့်လွှတ် ချော့မော့ ဖျောင်းဖျနိုင်စွမ်းရှိရဲ့လား။

'ဆောင်ရွက်စီမံ'ဆိုတာက မိဘရဲ့ လက်ငုတ်လက်ရင်း အလုပ်များကို မိမိက ဆက်လက်လုပ်ဆောင်လိုရဲ့လား၊ ဥပမာ မိဘကောင်းမှုဖြစ်တဲ့ ဘုရား တန်ဆောင်း ကျောင်းကန် ဇရပ်မှ စ၍ မိဘ်သက်ထက်မှာ မွမ်းမံပြင်ဆင်နိုင်ရဲ့လား။

'မွေခံထိုက်စေ' ဆိုတဲ့စကားက မိဘမှာရှိတဲ့ တိုက်သုံးလုံး၊ ကားနှစ်စီး၊ ငွေ ဆယ်သိန်းတို့ကို သားသမီးတွေကညီတူမျှတူခွဲဝေယူရုံနှင့် ပြီးရော့လား၊ မိဘမှာ ဂုဏ်ရည် လျှမ်းလျှမ်းတောက်ခဲ့စဉ်က 'ကျွန်တော်က ဘယ်သူ့သားပါ၊ ဘယ်သူ့သမီးပါလို့ ကြွားကြွားဝင့်ဝင့် ဂုဏ်ယူခဲ့သလို လောကမံ အထောင်းအထုခံရလို့ မိဘမှာကျွေးရှိမယ်၊ နာမည်ပျက်ရှိမယ်ဆိုလျှင် မိမိက မိဘ၏ ကြွေးကို ကျေကျေနပ်နပ် ဆပ်နိုင်တဲ့ စေတနာ ရှိရဲ့လား၊ ဆိုးမွေခံ၊ ကောင်းမွေခံ ရပ်တည်နိုင်ရဲ့လား။

'လှူမျှဒေဝ၍' ဒါကတော့ သိနိုင်ပါပြီ၊ မိဘ သက်ရှိအခါရှားချိန်ဆိုလျှင်(မိဘကိုအမှူးထား၍) လှူဒါန်းကြရဲ့လား၊ကွယ်လွန်သော်မိဘအတွက် ကောင်းမှုကုသိုလ် အဆက်မပြတ်လုပ်၍ အမျှဝေရဲ့လား။

'စောင့်လေမျိုးနွယ်' ကိုယ့်မိဘက သဒ္ဓါ သီလ သုတ စာဂ အစရှိတဲ့ လူကောင်း လူတော်အဖြစ် ထင်ရှားခဲ့သည်များကို မိမိ လက်ထက်ကျမှ စာရိတ္တချွတ်ယွင်းမှုမရှိအောင် ကျင့်ဆောင်ကြရဲ့လား၊ မိဘမျိုးရိုး ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ပါလျက်နှင့် မိမိ လက်ထက် ကျမှ အနေချောင် အစားချောင် ဖြစ်အောင် မိမိ ကိုယ်တိုင်သော်လည်းကောင်း၊မိမိ၏သားသမီးကိုလည်းကောင်း ဘာသာ ကူးပြောင်းမှု ရှိခဲ့စေသလား၊ အဲသည့်အချက်တွေဖြင့် မိမိကိုယ်မိမိ ဆန်းစစ် ကြည့်နိုင်ပါလိမ့်မယ်။

ကဲ....ပြောလက်စသာဝတ္ထိကသဌေးကတော်ကြီးအကြောင်းကို ဆက်ကြစို့။

သားတွေသမီးတွေ များပေမယ့်အားကိုးရာမရှိတဲ့ သဌေးကတော်ကြီးဟာ သူ့ယောက်ျားရဟန်းခံသွားမယ်လုပ်တုန်းက ပြောတဲ့စကားကို ပြန်စဉ်းစားလိုက်မိတယ်။

'ဥစ္စာစီးပွားနှင့် သမီးသားပေါ များတာဟာ ချမ်းသာဘာမဟုတ်ဘူး'တဲ့။

'ဟုတ်ပါပေတယ်၊ သူတို့ကြောင့် ငါယခု ဆင်းရဲနေရပြီ၊ ဥစ္စာရှိ၍ဥစ္စာအတွက်၊သားသမီးများလို့ သားသမီးအတွက်ဆင်းရဲရလျှင် ထိုဥစ္စာ စီးပွား သမီးသားတို့၏ သံယောဇဉ်ကို အကုန်အစင်ဖြတ်၍ ငါလဲ ငါ့လင်ယောက်ျားလို ချမ်းသာအစစ်ကိုရအောင် ရဟန်းဘောင် ဝင်တော့မယ်'လို့ သန္နိဋ္ဌာန်ချပြီး ဘိက္ခုနီ ကျောင်း တကျောင်းမှာ ရဟန်းမအဖြစ် ခံယူလိုက်တယ်။

ဒါတောင် သားသမီးများက အမေကြီးအဘွက် အရှက်တော်ပွားလိုက်ကြသေးသတဲ့။

''အသက်က ခြောက်ဆယ်ကျော်- ဝါတော်က တဝါတည်း''လို့ ဆိုကြသတဲ့လေ၊ သို့သော်လည်း အသက်အရွယ် အိုမင်းမစွမ်း ဖြစ်ပေမယ့် ပြင်းထန်သော ဝီရိယ၊ ဆရာကောင်း၏ နိဿယဖြင့် ကြိုးစားခြင်းကြောင့် မကြာမီ အာသဝေါကုန်ခန်း၍ ရဟန္တာထေရီမယ်ကြီးဖြစ်သွားသတဲ့၊ သူ့ဘွဲ့တော်က သားသမီး များလွန်းလို့ 'ဗဟုပုတ္တိကထေရီ'ဟူသတည်း။

ကျွန်တော်က (မဟာဗုဒ္ဓဝင်)ထေရီအပဒါန်ကိုဖတ်ပြီး စဉ်းစားလိုက်မိပါသည်။

'အင်း.... ဘုရား လက်ထက်တော် တုန်းကမို့ ဘိက္ခုနီဘဝနှင့် ရဟန္တာမယ်ကြီး ဖြစ်သွားနိုင်တာပေါ့၊ ယခု ခေတ်ဆိုလျှင် ဘိုးဘွားရိပ်သာတခုခုများ ရောက်နေရှာလေမလား'

ကျွန်တော်တို့နိုင်ငံမှာ လူမှုရေး အရသော်လည်းကောင်း၊ ကုသိုလ်ရေး အရသော် လည်းကောင်း၊ ဘိုးဘွားရိပ်သာများရှိနေကြပါသည်။ ရန်ကုန်မြို့မှာ နှစ်ခုရှိပြီး မန္တလေး၊ မင်းကွန်း၊ မိတ္ထီလာ၊ ပခုက္ကူ၊ ပေါင်းတည်၊ ဖြူး သထုံ၊ မော်လမြိုင်၊ မြောင်းမြမြို့များမှာ ရှိကြသည်။ ဟသ်ာတမှာလည်း စတင် ဖွင့်လှစ် နေပြီဟု ဆိုသည်။

မည်သို့ဆိုစေ ဘိုးဘွားရိပ်သာများသည် ဆွေမျိုးသားသမီးအရင်းအချာ အားကိုးရာမရှိသော ဘိုးဘွားတို့အတွက်သာ 'ကွန်းခိုရာ' ဖြစ်သင့်ပါသည်။ သားသမီးရှိလျက်နှင့် ရောက်ရသော ဘိုးဘွားများအတွက်မူကား အလွန် ဝမ်းနည်းစရာဖြစ်ရှာမည်။ ထို့ထက် လောကီ လောကုတ္တရာဝတ္တရား မကျေပွန်သော သားသမီး မိုက်များအတွက်လည်း အကုသိုလ်စင်စစ် ဖြစ်နေလိမ့်မည်လား....စဉ်းစားစရာ ရှိနေပါသည်။ ။



# ဝိဇယသုတ္တန်

မြေ၊ ရေ၊ လေ၊ မီးဓာတ်ကြီးအစုပါ၊
ရှုစရာမမြတ်သော အတ္တဘောခန္ဓာ၊
မုန်းဖွယ် မလွတ်ပါ၊ သုံးဆယ့် နှစ်
ကောဋ္ဌာ။
မိုက်မဲအဝိဇ္ဇာ စိတ်ဘဏ္ဍာဟာအနိဋ္ဌာကို
ဣဋ္ဌာထင်မိမှား၊
ကာသအပုပ်ကောင်ဟာ၊
ဟုဘ်ယောင်သာ၊ ရုပ်ဆောင်စွာ၊ ချုပ်
နှောင်ကာ သူလှည့်စား။

''ဘယ့်နှယ် သူငယ်ချင်း၊ 'တေဘုမ္မာ' သီချင်းကို ပြန်နှုးနေတာလား''

''သီချင်းကို ပြန်နှုးတယ် ဆိုရမလားတော့ မသိဘူး၊ သဲကုန်းဆရာတော်(အရှင်ဉာဏိဿရ) ဟောတဲ့ 'ဝိဇယသုတ္တန်' စာအုပ်ကို ဖတ်ပြီး သဘောပေါက်လာလို့ ဆရာဦးပြုံးချိုကို သတိရမိတယ်''

''ဒါဖြင့်လဲ ငါ့ကို ဖောက်သည် ချ ဦး လေကွာ''

''ဆရာတော်က အဲသည့် ဝိဇယသုတ္တန်ကို မုဒုံမြို့မှ ပိဋကတ်ပညာရှိ သခင် ဦးသိန်းဖေရဲ့ ဘောင်းပန် လျှောက်ထားချက်ကို လက်ခံပြီး ဘော့သပိတ်အိုင်ဘောရ၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရန်ကုန်၊ တောင်စွန်း၊ သထုံ၊ သဲကုန်း၊ မန္တလေး၊ ဟင်္သာတ၊ ကျုံပျော်မြို့များမှာဟော ခဲ့တာ၊ အပိုင်း(၁၂)ပိုင်း၊ စာအုပ်ဖြစ်လာတော့ စာမျက်နှာ(၅၀၀)ကျော်၊ ဘယ့်နှယ်လုပ် ပြောရမလဲ၊ ငါ့စာအုပ်ကို ယူသွားပြီး ဖတ်ကြည့်၊ ပျောက်တော့ မပျောက်စေနဲ့''

''အေး....မင်းစာအုပ်ကိုမယူသေးခင်အဲသည့် 'ဝိဇယသုတ်' အကြောင်း နည်းနည်း ဖြစ်စေ နိဒါန်းသဘော ပြောပြပါဦး၊ စာမြည်းကလေး ပေါ့''

''မင်းဟာတော်တော်စီးပိုးချင်တယ်၊ စာအုပ်ကို ထိုးအပ်ဘာတောင် စာမြည်းကလေး အဆစ်တောင်းနေသေးတယ်''

''ဒီလို သဘောမထားပါနဲ့သူငယ်ချင်းရယ်၊ မင်းက နိဒါန်းချီပေးလိုက်တော့ ငါ့မှာ ပိုပြီး သဘောပေါက်နိုင်တာပေါ့''

''ကဲ....ကဲ ရှိပါစေတော့၊ ဝိဇယသုတ္တန် နိဒါန်းက သီရိမာ ပြည့်တန်ဆာမ ကလေးက စပြောရလိမ့်မယ် သီရိမာနှင့် ဥတ္တရာဆိုလျှင် မင်း သိနိုင်ပါပြီနော်''

''ဩော်... မိစ္ဆာဒိဋ္ဌိ သဌေးသားရဲ့ မယား ဥတ္တရာက ဗုဒ္ဓမြတ်စွာကို လွတ်လပ်စွာ ဆွမ်းကျွေး တရားနာ အဌင်္ဂသီလ ဆောက်တည် နိုင်အောင် သူ့ကိုယ်စား သူ့လင်ကို ပြုစုပေးဖို့ သီရိမာကို တနေ့ငွေဘထောင်နှင့် သွားငှားပြီး လူစားပေး ရတယ်၊ တဆယ့်ငါးရက်ကြာလို့ ပြန်ရတော့မည့်

အခါ သီရိမာက ဥတ္တရာရဲ့လင်ကို အပိုင်စီးချင်တာနှင့် ဥတ္တရာကို ထောပတ်ပူ လောင်းချပြီး သေကြောင်းကြံတယ်၊ အစေခံတွေက ဝိုင်းရိုက်တော့ သီရိမာမှာ နောင်တရပြီး ဥတ္တရာကို တောင်းပန်တယ်၊ ဒီတော့ ဥတ္တရာက အကုသိုလ်ပျောက်ဖို့ ဗုဒ္ဓသခင်ကိုသာ တောင်းပန်ပါလို့ အကြံပေးတယ်၊ သီရိမာက ဥတ္တရာ၏ အိမ်မှာပဲ ဗုဒ္ဓမြတ်စွာကို ဆွမ်းကျွေး တောင်းပန်တော့ ဗုဒ္ဓမြတ်စွာက....

‘‘‘အက္ကောဓေန ဇိနေ ကောဓံ=အမျက်ကြီးသူကို အမျက်ငြိမ်းသော မေတ္တာစိတ်ဖြင့် အောင်နိုင်တယ်’လို့ ဟောတော်မူတဲ့အခါ သီရိမာမှာ တရားရပြီး သရဏဂုံ တည်သွားတယ်၊ အဲသလောက်တော့ ငါသိခဲ့ပြီ’

‘‘အေး.... အဲသည်က ဆက်လာတဲ့ ဝတ္ထုအကြောင်းပါပဲ၊ အဲသလို သရဏဂုံတည်ပြီးသော သီရိမာက သူ့အိမ်မှာ နေ့စဉ် သံဃာတော်ရှစ်ပါး ဆွမ်းကျွေးပါရစေလို့ ဗုဒ္ဓကို လျှောက်ထား တောင်းပန်သွားတယ်၊ အဲဒါနဲ့ သံဃာတော်ရှစ်ပါး နေ့စဉ် ဆွမ်းစားကြွရတယ်၊ သီရိမာကလဲ ယာဂုမှအစ ကိုယ်တိုင်ကပ်လှူပြီး ကောင်းမြတ်သော ဆွမ်းဘောဇဉ်ကို သပိတ်နှင့်အပြည့် လှူဒါန်းနေတယ်၊ တနေ့တော့ ဆွမ်းစားကြွတော်မူရတဲ့သံဃာအချင်းချင်း သီရိမာရဲ့ ချောပုံလှပုံများကို စကားစပ်မိသို့ပြောကြတဲ့အခါ ပုထုဇဉ်ရဟန်းတပါးက နာမည်ကြီးလွန်းတဲ့ သီရိမာကို ကိုယ်တိုင် ကြည့်ရှုချင်လာတဲ့အတွက် နက်ဖြန် နံနက် သီရိမာအိမ်ကိုဆွမ်းခံကြွနိုင်ဖို့ စာရေးတံမဲ ယူလိုက်တယ်၊ ဖြစ်ချင်တော့ အဲသည့်ညမှာပဲ သီရိမာမှာလတ်ဘလောသေနိုင်တဲ့‘မာရဏန္တိက’ ဝေဒနာ စွဲကပ်နေရှာတယ်၊

‘‘ဒါပေမယ့် သီရိမာက ဆွမ်းဝတ်ကိုမပျက်စေရပါဘူး၊ ယာဂုနှင့်တကွ ဆွမ်းဘောဇဉ်တို့ကို အဆင်သင့် စီမံထား စေနှင့်တယ်၊ သီရိမာကို မြင်ချင်လွန်းတဲ့ပုထုဇဉ်ရဟန်းက သီရိမာအိမ်ကို ရောက်လျှင်ရောက်ချင်း မျှော်လှူပြီပေါ့ နောက်တော့ ဝေဒနာ ခံစားနေရှာတဲ့ သီရိမာဟာ အခြံအရံ မိန်းကလေးတွေက တွဲပြီး ထွက်လာရှာတယ် သူ့ခမျာကတော့ နေ့စဉ်ကိုယ်တိုင်ကပ်လှူလိုတဲ့အတိုင်း ကြိုးစားပြီး ထွက်လာရှာတာပါပဲ၊ နံ့သာပန်းမန် ခြယ်မသ မပြုမပြင်နိုင်ပဲ ညှိုးရော်နေရှာပါတယ်၊ ဒါကိုပဲ ပုထုဇဉ်ရဟန်းမှာတော့ နဂိုကတည်းက ရာဂမီးတောက်လောင်နေခဲ့သူဖြစ်လေတော့ ကပိုကရို မပြုမပြင် ရှိနေတာကလေးကိုပင် ချစ်စရာ သနားစရာကလေးဟုမြင်ပြီး ကျောင်းကို ပြန်ရောက်တဲ့ အချိန်မှာ မစားနိုင် မအိပ်နိုင် စွဲလမ်းနေတော့တယ်။

သီရိမာက ထို ဝေဒနာနှင့်ပဲ သေဆုံးပြီးတော့ ယာမာနတ်ပြည်၌ နတ်မိဖုရားကြီးသွားဖြစ်တယ်၊ ဘုရင်ဗိမ္ဗိသာရ မင်းကြီးက သီရိမာ ဥပါသိကာမ သေဆုံးကြောင်း မြတ်စွာဘုရားအား လျှောက်ထားတယ်၊ ထိုအခါ မြတ်စွာဘုရားက သီရိမာကိုစွဲလမ်းနေတဲ့ ပုထုဇဉ်ရဟန်းနှင့်တကွ ဗိမ္ဗိသာရ မင်းရဲ့ အဆွေခင်ပွန်း ရှုပ်ကို အထင်ကြီးနေတဲ့ မိဖုရားတွေကိုပါ တရား ပြရအောင် သေဆုံးသွားသော သီရိမာ၏ ရုပ်အလောင်းကို မြေမမြှုပ်စေပဲ သုသာန်မှာသုံးရက် ထားစေတယ်။

သုံးရက် မြောက်တဲ့အခါ သီရိမာရဲ့ ရုပ်အလောင်းဟာ ‘ဥဒ္ဓုမာတကံဝိနီလကံ’ ဖူးဖူး ရောင်လာပြီ ညစ်ပုပ်လာပြီ၊ ပိုးလောက်တို့လဲ ကျလာပြီ ဒီမှ နန်းတွင်းနန်းပြင် မောင်းမမိဿံနှင့်တကွ တိုင်းသူ ပြည်သားတွေကော သီရိမာကို စွဲလမ်းနေတဲ့ ထိုပုထုဇဉ်ရဟန်းအပါအဝင် ဇေတဝန်ကျောင်းနေအလုံ စုံသောရဟန်းတွေပါသုသာန်သို့သာစေလျှက် အသုဘကို လက်တွေ့ပြ၍ ထို ‘ဝိဇယသုတ်’ ကိုဟောတော်မူပါတယ်၊ကဲ... အဲဒါ ဝိဇယသုတ္တန်ရဲ့ နိဒါန်းပါပဲ’’

''ဪ....ဒီဝတ္ထုအကြောင်းကို တို့ငယ်ငယ်က ဘုရားကိုးဆူဆရာများက သီရိမာအမွှမ်းဆိုပြီး ရွတ်ကြတာ ကြားဘော့ ကြားဖူး သားပဲ၊ ဘာတဲ့လေ....သူ့အမွှမ်းအဆုံးက''

''အို.... ရှင်ပင်တသင်း တို့ရဲ့ ဘယ်သင်းလဲ သီရိမာ ဆိုတဲ့စာလား''

''အေး....ဟုတ်တယ် ဟုတ်တယ်''

''မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ စကားပြောတဲ့နေရာမှာ (တရားဟောတော်မူရာဝယ်) ဥပမာ ဥပမေယျ၊ အအုပ်အခံ၊ အမေးအဖြေ၊ အသွယ်အဝိုက်၊ သက်သေ သက္ခာယတို့ဖြင့် ခိုင်ခိုင်လုံလုံ အစွန်းမထွက် (ရေပက် မဝင်အောင်) တန်ဆာဆင်၍ သူဘာပါး နားဝင်အောင် ပြော (ဟော)နိုင်လွန်းလို့ 'သုဂတ' ဆိုတဲ့ ဂုဏ်တော်ထူးဖြင့် လူနတ်ဗြဟ္မာပညာရှင်ကြီးများ ချီးကျူးမကုန် ရှိရပါတယ်၊ နောက်ပြီး သတ္တဝါတို့ရဲ့ အခြေခံအဆင့်အတန်းကို သိပြီး ဖြစ်တော်မူလို့ (ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်)ဘယ်လိုပုဂ္ဂိုလ်ကို အကျဉ်းအားဖြင့်ဟောရမယ်၊ ဘယ်လိုပုဂ္ဂိုလ်ကို အကျယ်ချဲ့ဟောရမယ်ဟူ၍လဲ သိမြင်တော်မူပါတယ်၊ ယခုပဲကြည့်လေ၊ သီရိမာ၏ပုပ်ပျက်နေတဲ့ ရုပ်အလောင်းကောင်ကြီးကို ဒိဋ္ဌ လက်တွေ့ပြပြီး ကာယာ နုပဿနာနှင့် အနတ္တတရားကို ဟောတော်မူခဲ့တယ်၊ ပဉ္စဝဂ္ဂီလို ရဲရဲတောက် ပုဂ္ဂိုလ်များကိုတော့ 'အနတ္တလက္ခဏသုတ်' ကို တိုက်ရိုက်ဟောတော်မူခဲ့ပါတယ်''

''အင်း....ဓမ္မစက္က ပဝတ္တန သုတ်ကို ကြားနာပြီးလို့ သောတာပန်ကိုယ်စီ ဖြစ်တော် မူကြတဲ့ ပဉ္စဝဂ္ဂီနဲ့ ယခုသီရိမာကို စွဲလမ်းနေတဲ့ ပုထုဇဉ် ရဟန်းကလဲ အဆင့်အတန်းချင်းကွာပေသကိုး.... ဟုတ်တာပေါ့၊ ပုပ်ပွန်းစော် အရည်တွေ တရွှဲရွှဲ ကျနေတဲ့ မသာအလောင်းကောင်ကြီးကို လက်တွေ့ပြမှဖြစ်မှာပဲ''

''ဒါကို မြတ်စွာဘုရားရဲ့ စကား(တရား)က ဘယ်ကစသလဲ....ကြည့်။

''အို....ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ အသက်ရှိစဉ်ယခင်အခါက သီရိမာလှလွန်းဆွေကို တညတာသိမ်းပိုက်နိုင်ဖို့အရေး အသပြာ တထောင်တိတိပေးမှရခဲ့ကြတယ်၊ ကဲ....ယခုသီရိမာကို အသပြာဘာရာဖြင့်ဘယ်သူလိုချင်ကြသလဲ၊ လိုချင်သူ ဝယ်ကြရော့....ဆိုတဲ့စကားက စတော်မူတယ်လေ၊ ပုထုဇဉ်တွေအတွက် ဘယ်လောက်လက်တွေ့ကျသလဲ''

''ဟုတ်သိုက်ဘာနော်၊ ခက်ခဲနက်နဲလွန်းတဲ့ စကားကြီး စကားကျယ်တွေသက် ငါတို့ လို အန္ဓတွေအတွက် 'ဒက်ကနဲ' သဘောပေါက်နိုင်စရာပဲ၊တို့တတွေကလဲ 'အရိပ်ပြလို့ အကောင်မထင်၊ ဆင်ကိုစမ်းတဲ့ မျက်ကန်း ပုဏ္ဏားများ' လို ကျောချမှ ဒမြမှန်းသိတဲ့ လူစားတွေပဲလေ''

''ဒါကြောင့် ပုဂ္ဂိုလ်အမျိုးအစား လေးပါး ရှိတယ်လို့ ဘုရားဟောတော် မူဘာပေါ့။

(၁) ဥဂ္ဃာဋိတညူ=အကျဉ်းမျှဟောသော်လည်း အကျယ်ကို လွယ်ကူစွာ သိ၍ ကျွတ်သူ။

(၂) ဝိပဉ္စိတညူ=အကျယ်ချဲ့ထွင်၍ဟောမှသိ၍ ကျွတ်သောသူ။

(၃) နေယျ= တရားတော်ကို မနေမနား အရဆောင်၍ ကျင့်မှ ကျွတ်ထိုက်သူ။

(၄) ပဒပရမ=ဘာရားနာ (စာဖတ်)သော်လည်းသဘောမပေါက်နိုင်၍ ယခုဘဝတွင် တရားထူးမရနိုင်သူ–တဲ့၊ တို့ဟာ အောက်ဆုံးတန်းက ပုဂ္ဂိုလ်များ ဖြစ်နေမည်သားမသိဘူး၊ အခုကြည့်လေ သီရိမာရဲ့ အလောင်း ကောင်ကို အသုဘရှုယင်း မြတ်စွာဘုရားတရားဘော်ကို နာရလို့ ပုထုဇဉ်ပေါင်းရှစ်သောင်းလေးထောင် သောတာပန်

ဖြစ်ကုန်ကြသတဲ့၊ မင်းတို့ငါတို့တရား
နာ၊ စာတွေဖတ်၊ မသာပို့ခဲ့ကြတာ
အခေါက်ပေါင်း တရာမကဘူး''

''ဟော့-ဟိုပုဂ္ဂိုလ်တွေက ဘုရားကိုယ်တော်မြတ်နှင့် လက်ပူးလက်ကြပ် 'အသုဘ'ရှုကြတာ၊ တို့ကပျော်ပျော်ပါးပါး 'မသာ'ပို့ပြီးကားပေါ်က မဆင်းပဲ သချိုင်းက လှည့်ပြန်ခဲ့ကြတာကွ၊ ကဲပါကွာ- စိတ်ပျက်စရာတွေထားပြီးဆရာတော်ရဲ့ ဝိဇယသုတ္တန် အကြောင်းသာ ဆက်ပါ''

'သီရိမာရဲ့ အလောင်းကို အသပြာတပဲ-တချင်ရွေးမျှနှင့်ပင် လိုချင်သူ မရှိတော့သည့်အခါ ဘစုံတရာဘာမျှမပေးပဲ အလကားယူကြပါလို့ ပြောတဲ့အခါမှာလဲ အလကားယူချင်သူ မရှိဘူး၊ ဒါဖြင့် ဒီ အလောင်းကောင်ကို ခဏခေတ္တသိမ်းထားရုံသာ သိမ်းထားပေးပါ၊နောက်ရက်များမှာ ပြန်ယူဖို့လာပါမယ်၊ လိုအပ်တော့လဲ ခဏကလေးမှ လက်ခံထားချင်သူ မရှိဘူးပေါ့၊ ဒီနေရာမှာ ဆရာတော်က ဘာနှင့်နှိုင်းယှဉ်ပြသလဲဆိုလျှင်-

''လောကမှာ လူတယောက်ဟာ ရေးသွားတုန်းမတ္တာ၊ သူစီးလာတဲ့ လှားဖိနပ် အဟောင်းသဲကြိုးပြတ်လို့ နီးရာအိမ် ဖိနပ်ချွတ်မှာ ခဏထားခဲ့ပါရစေ၊ မကြာခင် ကျွန်တော် ပြန်အယူလာခဲ့ပါမယ်ဆိုပြီး အပ်လျှင် ရကောင်းရနိုင်ရောရှိပါသေးတယ်တဲ့၊ မသာအလောင်းကောင်ကို ခဏအပ်ဖို့ဖြင့် အသက်ရှင်စဉ်က အင်မတန် ချစ်ပါတယ်ဆိုတဲ့ ဆွေမျိုး သားမယားကတောင် လက်ခံကြမှာမလား''

''ရာဇဂြိုဟ်မြို့ဟာ လူသေတွေမြှုပ်နှံရာဖြစ်တဲ့ သုသာန် မှာ သုံးရက်လွန်မြောက်၍ လေးရက်အတွင်း ရောက် နေ ပြီ ဖြစ် သော သီ ရိ မာ ရဲ့ အလောင်းကောင်ကို ဈောင်စောင်းထက် တင်ပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်နှင့်ဘက္ကမင်းပရိသတ် မြို့သူမြို့သား၊သဒ္ဓေသူကြွယ် ကုန်သည်လယ်လုပ် ဘိက္ခု၊ ဘိက္ခုနီ၊ ရဟန်းပရိသတ် ဆိုပြီးတော့ လူပရိသတ် လေးပါးတို့ အလယ်မှာ ဘုန်းတော် ခြောက်ပါးဘုရားသခင်က ဗိမ္ဗိသာရမင်းမြတ်ကို မေးတယ်။

'ဒကာတော် ဗိမ္ဗိသာရမင်းကြီး၊ ယခုသင်တို့တတွေ မြင်နေရတဲ့ ဒီ ဈောင်စောင်းထက်တင်ထားတဲ့အလောင်းသည်မည်သူ၏အလောင်းနည်း''

ဒီတော့ ဗိမ္ဗိသာရမင်းကြီးက ဖြေတယ်။

''သီရိမာယ သရီရံ ဘန္တေ၊ ဘန္တေ=ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒယံ=ဤလူသေကောင်သည်။ သီရိမာယ=သီရိမာအမည်ရှိတဲ့ပြည့်တန်ဆာမရဲ့ သရီရံ=အလောင်းကောင်ပါဘုရား''လို့ လျှောက်တယ်။

ဒါဟာ မြတ်စွာဘုရားက ခိုင်းမာအောင်မေးတာ၊

ဘိက္ခဝေ=သံသရာဘေးခန္ဓာရေးကိုထောက်တွေးမြော်မြင် ဆင်ခြင်တတ်ငြား အို ပရိသတ်လေးပါးတို့၊ ယဿ= အကြင်သို့သော ခန္ဓာကိုယ် အတ္တဘော၏။ ဓုဝံ= ကြံ့ကြံ့ခိုင်ကျည်တည်တံ့ခြင်း သဘောသည် လည်းကောင်း၊ ယဿ= အကြင်သို့သော အသပြာတထောင်ပေးရလောက်အောင် လှပတင့်တယ် ရှုချင့်ဖွယ်ဖြစ်အောင် အလှမျိုးပြည့်စုံတဲ့ ခန္ဓာကိုယ် အတ္တဘော၏။ ဓုဝံ=ကြံ့ကြံ့ခိုင်ကြည် တည်တံ့ခြင်းဆိုတဲ့ သဘောတရားသည် လည်းကောင်း၊ ဌိတိ=မယိုင်မလဲခိုင်မြဲတဲ့ သဘောသည်လည်းကောင်း၊ နတ္ထိ=တစိုးတစိ မရှိပါချေ။

စိတ္တကတံ= အ ဝတ် တန် ဆာ ပန်းနံ့သာ စသည်တို့ဖြင့်သာယာစုံမက်ဖွယ် အဆန်းတကြယ်ခြယ်လှယ်ပြုပြင်ထားအပ်သော။ ဗိမ္ဗံ=ရှည်သင့်ရာရှည်၊ တိုသင့်ရာတို၊ ထိုထို အင်္ဂါ ကြီးငယ်တို့ဖြင့် စုပေါင်း၍ တည်နေပေသော၊ သမုဿိတံ=သုံး ရာ သော အရိုးတို့ကြောင့် မားမားမြင့်

အောင် စိုက် ထောင် ရပ် တည်၍ နေပေသော၊ အာတုရံ=မပြတ်စေဲ အမြဲကြင်နာမခံသာသော။ ဗဟုသက်ပွံ=လူသူအများ ပုထုဇဉ် အန္ဓသားတို့ တရားမမှီ ဉာဏ်မသိ၍ တင့်တယ်သည် ဖွယ်ရာ သည် မင်္ဂလာရှိသည် ထို၌ များစွာ၊ အကြံကြီး ကြံကြရှာခဲ့သော။တံအရုကာယံ=ထိုကိုးပေါက်ဒွါ ရအမာဝတို့မှ ယိုကျ ဖြုန်းဖြုန်း ရွံ့ရှာဖွယ် အတိ ဖုံးသဖြင့် တကိုယ်လုံး အနာကြီးသဖွယ် မတင့်တယ်တဲ့ သိရီမာရဲ့ခန္ဓာကိုယ် အတ္တဘော ကို ပဿထ ပဿထ= စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုကြည့်လိုက်ကြကုန်လော့''

''အဲသည်လို ဝိဇယသုတ္တန်မှ ဂါထာကိုဖော် ပြပြီးနောက် အသုဘ နှစ်မျိုးကို ခွဲပြပြန်တယ်။ ကိုးပေါက်ဒွါရ၊ အမာဝမှ၊ ယိုကျဖြုန်းဖြုန်း၊ သွေးတွေ ပြည်တွေ ထွက်ပြီးတော့၊ ပိုးတွေ လောက်တွေ တဖွားဖွားအဝိညာဏက အသုဘ ဖြစ်နေတယ်။

''အသက်ထင်ရှားရှိနေတဲ့ ဒီကနေ့စာရေးနေတဲ့ ဒကာ-ဒကာမများမှာကော မျက်လုံးကိုပဲကြည့် လိုက်တော့၊ 'အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော' အက္ခိမှာ= မျက်စိနှစ်ဘက် မှ၊ အက္ခိဂူထကော= မျက်ချေး မျက်ချေး မျက် ရည်ဆိုတဲ့ အညစ်အကြေးသည်။ သဗ္ဗဒါ=အခါ ခပ်သိမ်း။ သဝတိ= တားမရ ဆီးမရ ယိုစီးကျ ၏။ ကဏ္ဏမှာ=နားနှစ်ပေါက်တွင်လည်း။ ကဏ္ဏ ဂူထကော=နဖာချေးတွေ ထွက်နေလေ၏။

သိင်္ဃာဏိကာစ နာသတော မုခေန ဝမတေ ကဒါ။

နာသတော=နှာခေါင်းနှစ်ပေါက်မ၊ သိင်္ဃာ ဏိကာ=နှပ်အညစ်အကြေးသည်။သဝတိ=ယိုစီး ၍ကျ၏၊ ကဒါ=တရံတခါ၊ မုခေန=ခံတွင်းမှ ဝမတိ=ပျို့အန်၍ထွက်၏။

ပိတ္တံ သေမှ္ဟ ဝမတိ ကာယမှာ သေဒဇလ္လိကာ။

ကဒါ= တရံတခါ၊ မုခေန= ခံတွင်း အပေါက်မှ၊ ပိတ္တံ= သည်းခြေသည်။ ဝမတိ= ပျို့အန်၍ထွက်၏။ သေမှ္ဟ=သလိပ်သည်လည်း၊ ဝမတိ=ပျို့အန်၍ထွက်၏။

''မ သာ အလောင်းကောင် ဥတုဇရုပ်မှာလဲ ရွံစရာတွေ ယိုစီး၍ ကျနေကြတယ်။ မသေမီ ကိုယ်ကာယမှာလဲ ရွံစရာတွေအမြဲယိုစီး၍ ကျနေ တယ်၊အသုဘဆိုတာ မတင့်တယ်ခြင်းပဲ၊အဲသလို မတင့်တယ်ဘာ စက်ဆုပ်ရွံရှာဖွယ် ဖြစ်တာဟာ လူသေကောင်မှာသာဖြစ်နေတာ မဟုတ်အသက် ရှင်လျက် ရှိတဲ့ မင်းတို့ငါတို့ ကိုယ်ကာယမှာလဲ ဒီအတိုင်း ဖြစ်နေတယ်ဆိုတာကို ဆရာတော်က စကားဘန်ဆာဆင်၍ အာဇေ္ဇာန်း ရှင်ရှင်နှင့် လူငယ်များ နားလည်နိုင်အောင် ဟောထား တယ်။

''ဝိဇယသုတ္တန်ဟာ အဘိဓမ္မာနှင့်ဆက်သွယ် နေပုံကို ကာယာနုပဿနာ အနေနှင့် (၃၂) ကောဋ္ဌာသကို ခေတ်ကြီးလေးပါး ခွဲခြားဟော ကြားထားရာမှာလဲ အဘိဓမ္မာကို မလေ့လာ၊ မဘတ်ကျွမ်းသူ ဖြစ်ပေစေ ထင်ထင်ရှားရှားနား လည်နိုင်တယ် ငါပြောတာတော်တော်ရှည်သွား ပြီ''

''မရှည်ပါဘူး ကျေးဇူးတင်ပါတယ်၊ ယခု ခေတ်မှာ တို့လိုလူစားတွေက ကျမ်းဂန်စာပေ နဲ့ အကျွမ်းမဝင်ကြတာများတယ် ဟုတ်လား၊ ဒီတော့ မြန်မာလို ရှင်းရှင်းနဲ့ အကျယ်ချဲ့ဟော မှ ရေးမှ နားလည်ကြမှာပဲ''

''ဟုတ်ပါတယ်၊ ဒါကြောင့် ဆရာတော်ကြီး များ ဟောထားတဲ့ တရားကို တိပ်ခွေနှင့် ဖမ်း ထား၊ အဲသည်ကမှ စာအုပ် ဖြစ်လာတာဟာ တို့အဘွက်ပိုကောင်းတာပေါ့၊ ရှေးဆရာတော် ဆရာဘော်ကြီးများ ရေးသားတော်မူခဲ့ဘဲ ကျမ်း ကြီးတွေ ကိုတို့ ကမီအောင်မလိုက်နိုင်ဘူး၊ကောင်း တာ က ကောင်းလွန်းအားကြီး နေတယ်၊ဥပမာ

ဘယ်လိုပြောရမလဲ ဆိုတော့ 'ဝက်သနီချက်' (ဝက်သားနီချက်) လိုပေါ့၊ ကောင်းတာတော့ အမှန်ပဲ၊ ဝက်သားတုံးကြီးက ဒူး လောက် ပေါင်လောက်ကြီးလွန်းလို့ တို့မှာရှိတဲ့(ပါးစပ်က) ဝမ်းမီးက အစာကြေအောင်မချက်နိုင်ဘူး၊ တမျိုးပြောရလျှင် ဝက်သားတုံးကြီးကိုမြင်ရုံနဲ့ (အီ)နေလို့ မစားချင်ကြဘူး၊ ဒါကိုဘယ့်နှယ် လုပ်ရသလဲ၊ ဝက်သားကိုပါးပါးလှီး၊ ကြက်သွန်ကလေး သံပရာသီးကလေး၊ အာလူးကလေး၊ အသီးအရွက်ကလေးနှင့် ရောဖက် ဖန်တီးပေးမှ လက်ခံနိုင်သလို ခံတွင်းတွေ့သလို ဖြစ်နေတယ်၊ တကယ်တော့ ရောရိရောရာကလေးတွေက ဝက်သားလောက် အဖိုးတန်တယ်မဟုတ်ဘူးပေါ့''

''ဟုတ်ပါတယ်၊ ဆရာတော်များ တရားဟောရာမှာ အမေးအဖြေပြုနိုင်တဲ့ စာတတ်ပေတတ် (တရား နာခံ) ပုဂ္ဂိုလ်ရှိနေပြန်တော့ (ဒိုင်ယာလော့)နှင့် သရုပ်ပေါ်နိုင်တာပေါ့''

''မင့်စကားကြီးကလဲကွာ၊ အချေ အတင်၊ အပေးအယူ၊ အမေးအမြန်းဆိုလဲ ရပါတယ်၊ သဲကုန်းဆရာတော်က အဲသည့် ဝိဇယသုတ္တန်ကို ဟောကြားရာမှာ သုတ္တနိပါတ်ပါဠိတော်မှအစ ပြု၍ တိပိဋကဓရ မင်းကွန်းဆရာတော်၏ မဟာဗုဒ္ဓဝင်တော်အထိ ကျမ်း ကြီး ကျမ်း ခန့် ပေါင်း (၂၃)ဆူကို မှီငြမ်းပြု၍ ဟောကြားပါတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် တို့ဖတ်နိုင်ဖို့ ဝေးလို့ အမည်တောင် မကြားဖူးခဲ့တဲ့ ကျမ်းကြီးများရဲ့ အရသာတို့ကို နည်းနည်းပါးပါးဖြစ်စေ၊ ကြားဖူး နာဖူး ဖတ်ဖူးရတာပေါ့၊ ကဲ...ဒီတော့ သည် မျှနှင့်စာမြည်းနိဒါန်း အဆုံးသတ်ကြစို့ရဲ့ ဟုတ်လား''

''ကောင်းပါပြီခင်ဗျာ၊ ဆရာပေးလိုက်တဲ့ စာအုပ်ကို မပျက်မကွက်ဖတ်ပါ့မယ်''

''အဲသည့် ဝိဇယသုတ္တန်ဟာ ခွဲမည်လေးမျိုး ရပါတယ်... တဲ့''

(၁)မိမိတို့ဘဝသံသရာတလျှောက်လုံး ခန္ဓာကိုယ်တွင်း စိတ်အစဉ်ပူးဝင်ကပ်စွဲနေတဲ့ တဏှာ ရာဂဆိုတဲ့ဘီလူးကို အောင်မြင်ရာ အောင်မြင်ကြောင်း ဖြစ်လို့ 'ဝိဇယသုတ္တန်' တဲ့။

(၂)ဇနပဒကလျာဏီနန္ဒာကို ဟောတော်မူခြင်းဖြစ်လို့ 'နန္ဒာသုတ္တန်' တဲ့။

(၃)ခန္ဓာကိုယ်၌ စွဲမက်နေသောဆန္ဒရာဂကို ပယ်ဖြတ်နိုင်လို့ 'ကာယဝိစ္ဆန္ဒိကသုတ္တန်။

(၄)ခန္ဓာကို အစိတ်စိတ် အမြွာမြွာ ဖြိုခွဲပြတဲ့ အတွက် ခန္ဓာကိုယ်မှာ စွဲမက်နေတဲ့ တဏှာဆန္ဒကို ပယ်ဖြတ်နိုင်လို့ 'ကာယဝိစ္ဆန္ဒိကသုတ္တန်'၊ အဲသည်အမည်လေးမျိုး ရပါတယ်တဲ့။

''ဒေသနာတော်ရဲ့ အကျိုးက သိရိမာကို နှစ်သက်စွဲလမ်းနေတဲ့ ပုထုဇဉ်ရဟန်းမှာ သောတာပန်တည်သွားတယ်၊ ယာမာဘုံမှ လာပြီး တရားနာတဲ့ သိရိမာနတ်သမီး လဲ အနာဂါမ် တည်တယ်၊ ဇနပဒကလျာဏီနန္ဒာလဲ ရဟန္တာ သေရီကြီးဖြစ်သွားတယ်၊ အခြားသော ပုဂ္ဂိုလ် ပေါင်း ရှစ်သောင်းလေးထောင်လဲ တရားထူး ရသွားပါသတဲ့ဗျား''

# မနော ပုဗ္ဗင်္ဂမာ ဓမ္မာ



သို့

ဦးသုခ

ဒကာကြီးနှင့် တွေ့ရန် ၁၉-ရက်နေ့က ရောက်ရှိပါသည်။ ဒကာကြီးနှင့် မတွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိပါသည်။

မုံရွာ လယ်တီဆရာတော် ဘုရားကြီး၏ အထိမ်းအမှတ်ပွဲတော်စာပေဟောပြောပွဲသို့ ဒကာကြီးနှင့် ဒဂုန်ဦးစန်းငွေ၊ ဆရာကြီး ဦးဆန်းထွန်း၊ ဇော်မှုညင်းတို့ လာကြစဉ့် အခါတုန်းက ဒကာကြီး ဦးသုခနှင့် ဇော်မှုညင်းတို့ကို ဘုန်းကြီး၏ ရဟန်းဒကာကြီး ဦးဘဝင်း–ဒေါ်တင် (ရွှေမြင့်မိုရ်တိုက်)တွင် တွေ့မြင်ဖူးပါသည်။ ကမာရွတ် ကျောင်းမှာလည်း လွန်ခဲ့သော (၇)နှစ်ခန့်က တွေ့ဆုံဖူးပါသည်။

ဒကာကြီး၏ ဟောပြောမှုနှင့် စာပေအရေးအသားကို ဖတ်ရှုကြားနာဖူးသဖြင့် ဒကာကြီးကို စာပေပညာရှင်အဖြစ် များစွာ အားထားယုံကြည်ပါသည်။ ဘုန်းကြီး ရေးသားပြုစုသော 'ဗုဒ္ဓဂီတိကာကျမ်း (ပါဠိ–အင်္ဂလိပ်–မြန်မာကဗျာ ဝတ္ထုကျမ်း) ပ–ဒု ၂-အုပ်ကို ဓမ္မဒါနလက်ဆောင် ပေးထားခဲ့ပါသည်။

ဒကာကြီး ဦးသုခနှင့် မိသားစုအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဦးသီလာစာရ
ဗုဒ္ဓဂီတိကာကျမ်းပြု
မဟာအောင်မြေကျောင်း
စံပြရွာသာယာ
ယင်းမာပင်မြို့နယ်
မုံရွာ၊ စစ်ကိုင်းတိုင်း

၂၂–၁–၈၂ နေ့၊ ထားဝယ်နှင့် မြိတ်မြို့မှ အိမ်သို့ပြန်အရောက်၊ စာနှင့်တကွ ကျမ်းစာအုပ် နှစ်အုပ်ကို ရသဖြင့် ဝမ်းသာမိသည်။ ထို 'ဗုဒ္ဓဂီတိကာ' ကျမ်းကို လွန်ခဲ့သည့်ခြောက်လလောက်က သာသနာရေးဦးစီးဌာနစာအုပ်ဆိုင်မှဝယ်ယူ ဖတ်ရှုပြီးသော်လည်း ကျမ်းပြုဆရာတော် ကိုယ်တိုင် လက်မှတ်ထိုးပေး၍ ဓမ္မဒါနအဖြစ် ရသောကြောင့် ဝမ်းမြောက်ဂုဏ်ယူရပါသည်။

'ဗုဒ္ဓဂီတိကာ'ဟူသည်မှာ ဓမ္မပဒဂါထာများကို ဆန်းသစ်တီထွင်ထားသော အမည်ဖြစ်ပါသည်ဟု ကျမ်းပြုဆရာတော်က ဖွင့်ပါသည်။

ယင်းဂါထာတော်များကိုပင် သံနေသံထား၊ တက်သံ ကျသံတို့ဖြင့် ကြားနာသူတို့၏စိတ်နှလုံးကို ရွှင်ပြုံး နှစ်သက် လာ အောင် ရွတ်ဆို၍ ဖြစ်ကောင်းသောကြောင့် 'ဘဂဝဂီတိ' ဟူသကဲ့သို့ 'ဗုဒ္ဓဂီတိကာ' ဟူသင့်ကြောင်း ဆိုပါသည်။

ရှင်တော်မြတ်ဘုရားသည် ဝေနေယျသတ္တဝါတို့၏ပါရမီအနုအရင့်ကို နှိုင်းချင့်ကြည့်ရှုတော်မူပြီးလျှင် ထိုဓမ္မာဒတရားတော်များကို ဟောကြားတော်မူခဲ့သဖြင့် ကျွတ်တမ်းဝင်ကြသော ပုဂ္ဂိုလ်များ အသင်္ချေ ဒရေမတွက်နိုင်အောင် ရှိခဲ့သည်။

ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်းတော်မူပြီးသည့် နောက်ပိုင်း သာသနာတွင် သီရိမ္မာသောကမင်းသည် နိဂြောဓ သာမဏေဟောကြားအပ်သော 'ဓမ္မပဒ' ဂါထာတော်တပုဒ်ဖြင့် ကမ္ဘာတွင် ထင်ရှားသော သာသနာ့ဒါယကာကြီး ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံတွင်လည်း အနော်ရထာဘုရင်သည် ရှင်အရဟံ ဟောကြားတော်မူသော 'မမ္မပဒ' တရားဖြင့် သာသနာ့ဒါယကာကြီးဖြစ်ခဲ့ရသည်။

နှစ်ဆယ်ရာစု ယခုခေတ်တွင်လည်း ဆာအက်ဒွင်အာနိုး၊ မစ္စစ်အယ်လ်အငမ်ဘက်၊ ဒေါက်တာကာသီယပ်အေပရဲယား၊ အီတလီအမျိုးသား ရဟန်းတော် ဦးလောကနာထ–စသူတို့မှာ ထို 'ဓမ္မပဒ'၏ တရားအရသာကို ခံစားသုံးဆောင်နိုင်ခဲ့ကြရသည်။အကျော်ဇေယျ ဟိန္ဒူဘုန်းတော်ကြီး ရာမာကရစ္စနားသည်လည်း မမ္မပဒကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ခဲ့သည်ဟု ဆို၏။

ဗုဒ္ဓဂီဘိကာခေါ် ဓမ္မပဒသည် ဗုဒ္ဓသာသနာ၏ အဆီအနှစ်၊ တရားအမြုတေတို့ကို အကာမဖက် အနှစ်သက်သက် အနေအားဖြင့် ကမ္ဘာ့အလယ်တွင် အလွန်တင့်တယ်လှသည်။ သီဟိုဠ်၊ ထိုင်း၊ ဂျာမနီ ပြင်သစ်၊ အင်္ဂလိပ် ဘင်္ဂလီ၊ နာဂရီ၊ တချက်၊ ဂျပန်စသည့် ဘာသာအမျိုးမျိုးဖြင့် ဘာသာပြန်ကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံမှ အကျော် အကျော်ဆရာတော်ကြီးများ ကလည်း ကျမ်းအဆူဆူ၊ မူအမျိုးမျိုး ဖွင့်ဆိုရေးသားပြုစုစီရင်တော်မူခဲ့ကြပြီးဖြစ်သည်။ သို့သော်....

'ပါဠိနှင့်တိုက်၊ လုံးတိုက် (လုံးရေတိုက်) ကဗျာမရှိသေးပါ'

'ပါဠိ၊ အင်္ဂလိပ်၊ပြည့်သိပ်မြန်မာမရှိသေးပါ'

ပြည်သူ့အကြိုက်၊ ခေတ်နှင့် လိုက်အောင် စာဖတ်သူများ လိုရင်းနှင့် တိုရှင်းဖြစ်စေရန် ဂါထာများကို ပါဠိ–အနက် တွဲဖက် ကျက်မှတ်နိုင်ကြစေရန် မြန်မာစကားပြေဖြင့် ထပ်ဆင့်ရှင်းလင်းရေးသားခြင်း၊ ဂါထာများကို မြန်မာရှစ်လုံးဘွဲ့ကဗျာ တန်ဆာဆင်၍ ရေးသားခြင်း၊ အင်္ဂလိပ်စာတတ်ပညာရှင်များအတွက် အင်္ဂလိပ်ဘာသာဖြင့် (နာရဒထေရ-ဓမ္မပဒ)မူကို နည်းယူမှီးထားရေးသားစီရင်သည့် ပုံမျိုးဖြင့် ဤဗုဒ္ဓဂီတိကာကျမ်းကို ကြိုးပမ်းအားထုတ်ပြုရပါသည်ဟု ဆရာတော် ဦးသီလစာရက နိဒါန်းဖွင့်ထားလေသည်။

ထိုဗုဒ္ဓဂီတိကာ ဒုတိယတွဲတွင် ဆရာကြီး ဦးဆန်းထွန်းက အမှာစကား ရေးသားထောက်ခံလျက်၊ ထို ဗုဒ္ဓဂီတိကာ' ပထမတွဲကျမ်းကို ဝိုင်အမ်ဘီအေ အသင်းကြီးမှ စာပေပညာရှင်ဆုချီးမြှင့်ကြောင်း ဖော်ပြပါရှိလေသည်။

စစ်ပြန်မဂ္ဂဇင်းတွင် ကျွန်တော်က 'လောကနီတိ' ကို အပတ်စဉ် ဖွင့်ဆိုရေးနေပါသည်။ ဓမ္မာစရိယ ဦးဒွေးလှိုင်က ဤသို့မေးသည်။

''လောကနီတိကိုကော မေတ္တာသုတ်၊ မင်္ဂလသုတ်များလို စာအုပ်ထုတ်ဖို့ အစီအစဉ် ရှိပါသလား''

ကျွန်တော်က ရှိပါကြောင်း ဖြေသည့်အခါ–

'ဒီတခါ လောကနီတိကိုထုတ်လျှင် အင်္ဂလိပ်ဘာသာပြန်ကလေးပါထည့်ပေးစမ်းပါ၊ လန်ဒန်စာအုပ်တိုက် တတိုက်က ဂျိမ်းစ်ဂရေး ဆိုတဲ့ ပုဂ္ဂိုလ်က မူရင်း သင်္ကာရိုက်မှာ အင်္ဂလိပ်လို

ဘာသာပြန်ထားတာ ရှိတယ်၊ ကျွန်တော် ပေးပါ့မယ်''ဟု (တပ်ကူ)ပေးသည်။

ဆရာဦးဌေးလှိုင်၏ အားပေးစကားကို စိတ်ဝင်စားနေစဉ် တနေ့မှာ ဆရာတော်၏ 'ဗုဒ္ဓဂီတိကာ'စာအုပ်ကို သာသနာရေး ဦးစီးဌာန စာအုပ်ဆိုင်မှာတွေ့၍ သုံးသပ်လေ့လာရန် ဝယ်ခဲ့သည်၊ အင်္ဂလိပ်စာ အထားအသိုကို နည်းယူရန် ဖြစ်ပါသည်။

ဆရာတော်၏ စာအုပ်မှာ သာသနာရေး ဦးစီးဌာနမှ ရိုက်နှိပ်ခြင်းကြောင့် စာမူသန့်ရှင်းပါသည်။ အဆင်အပြင်ကို ဤသို့ ထားရှိသည်။

ပထမ - ဝတ္ထုစာကိုယ်
ဒုတိယ - ရသဂါထာ
တတိယ - ဂါထာ၏အနက်အဖွင့်
စတုတ္ထ - မြန်မာရှစ်လုံးတွဲ ကဗျာ
ပဥ္စမ - အင်္ဂလိပ်ဘာသာပြန်
ဆဋ္ဌမ - မြန်မာစကားပြေ အဓိပ္ပာယ်

ထိုသို့ စီစဉ်ထားသဖြင့် ဓမ္မပဒဂါထာ ၄၂၃ ပုဒ်ကို စာမျက်နှာ ၄၀၀ကျော်စီရှိသော ပထမအုပ်၊ ဒုတိယအုပ်၊ နှစ်အုပ်တွဲ ရှိလေသည်။

ဆန်ညွှန့်ဦး ဦးလှခင်ပြုစုသည့် (ခေတ်မီဓမ္မပဒ)က ပဥ္စမတွဲအထိ ရှိသည်။ ဆရာကြီး ဦးဖိုးလတ် ဘာသာပြန်သော (မြန်မာလိုဓမ္မပဒ၊ တရားသမိုင်းစဉ်)စာအုပ်မှာ အသေးဆုံး၊ အငယ်ဆုံး၊ အကျဉ်းဆုံးဖြစ်၍(သုံးလက်မခွဲ လေးလက်မခွဲ) စာမျက်နှာ ၁၃၇မျက်နှာသာ ရှိလေသည်။ ညောင်လေးပင်တောရ ဆရာတော်ကြီး ပြုစုသော (ဓမ္မပဒဝတ္ထုတော်ကြီး-သုမေဓဝတ်မှု) မှာ ရွိုင်ရယ်ဆိုက်ကြီး အုပ်ရေ ၅ တွဲရှိသည်။

* * *

ကျွန်တော်သည် ဗုဒ္ဓဂီတိကာ ကျမ်းပြုဆရာတော်၏ပေးစာကို ဖတ်ရာမှ ဓမ္မပဒကျမ်းစာအုပ်များအကြောင်းကို တွေးနေမိခြင်း ဖြစ်ပါသည်။

ကျမ်းဦးအစ ယမကဝဂ်၊ စက္ခုပါလမထေရ်ဝတ္ထုပါ ဂါထာကို မည်သည့်အခါမှ မမေ့နိုင်ခဲ့။ မမေ့သမျှ ကာလ အတိုင်းအတာနှင့်အမျှ အကုသိုလ် ကင်းနိုင်အောင် ဗုဒ္ဓသခင်က ဆုံးမတော်မူခဲ့သည်။

> 'စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူ ဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာ စိတ်ဖြင့်ပြောသော် လည်းကောင်း၊ ပြုသော် လည်းကောင်း၊ လှည်းဘီးသည် နွား၏ခြေရာနောက်သို့ လိုက်သည့်နည်းတူ ဆင်းရဲခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေ၏'

ဗုဒ္ဓ မြတ်စွာသည် ရေမြေအရှင် ဘုရင်ဘေရာဇ်မှ အစပြု၍လယ်သမား၊ ယာသမားအထိ လက်တွေ့ နားလည် သဘော ပေါက်အောင် ဥပမာပုံပြု၍ ဆုံးမတော်မူလေ့ ရှိသည်။ ပညာရှိ ပဏ္ဍိတ်ကြီးများသာ နားလည်နိုင်ဖို့ မဟုတ်။ မအေနောက်ပိတ်ခွေး ဉာဏ်လေးသူများ အထိ သိအောင် မြင်အောင် လူ့အသုံးအဆောင် နွားနှင့်လှည်း ဥပမာပြခဲ့သည်။ လှည်းကို ဆွဲသွားသည့် နွား၏ခြေရာအတိုင်း လှည်းဘီးက အစဉ်တစိုက် လိုက်ရသည်မှာ မလွဲမသွေဖြစ်ကြောင်း သိပ္ပံ ဝိဇ္ဇာ ပညာရှင်ကြီးများနှင့် အတူ နွားကျောင်းသားကလေးပါ လက်တွေ့ဒိဋ္ဌ သိနိုင်ကြသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်များသည် ကာလ၊ ဒေသ၊ ပုဂ္ဂလမရွေး(ဟေဝိသိက) 'မယုံသျှင် လာကြည့်လှည့်ကြ' ဟု အစမ်းခံ၊ အာမခံ ယထာဘူတသဘောတရားများ ဖြစ်ကြသည်။ မီးကို မည်သည့်အချိန်မှာ မည်သူပဲကိုင်သည်ဖြစ်စေ ပူလောင်မည်ဖြစ်သကဲ့သို့အကုသိုလ်

ဟူသောမျှလည်း (စိတ်ကသာ ဦးဆောင်လျှင်) တူသောအကျိုး ခံစားရမည် အမှန်။

ကျွန်တော်ငယ်ငယ်က ကျိုက်လတ်မြို့ ဈေးထဲမှ ငါးစိမ်းသည်ကြီး ဒေါ်ချင်းကို အလွန်ကြောက်ရွံ့သည်။ 'ဒေါ်ချင်းလာလိမ့်မယ်နော်' ဟု ကျွန်တော့် အမေက လှန့်လိုက်လျှင် ငိုရာမှ တိတ်ရသည်။ ပူဆာရာမှ ရပ်ရသည်။ ကျွန်တော် အရွယ်ရောက်သည့်တိုင် ဒေါ်ချင်းကား ပျော့ပျော့ပါးပါး ရွှေလက်ကောက်တွေ တတောင်ဆစ်အထိဝတ်၍ ငါးရံ့ အရှင်များကို ခေါင်းထုပြီးရောင်းလာသူဖြစ်၏။ သူ့ရိုက်သော လက်ကိုင်ကျည်ပွေ့မှာ သွေးတရဲရဲနှင့် ကျိုခြဲခြဲဖြစ်နေသည်။

ငါးအမျိုးမျိုး ရှိသည့်အနက် ငါးခူနှင့် ငါးကျည်းသည် အသွန်အသက်ပြင်းကြသည်။ တော်ရုံနှင့် မသေကြ။ ဒဏ်ရာအပြည့်နှင့်ရှိသော်လည်း ချိန်ခွင်ထဲရောက်မှ လူးလူးလွန့်လွန့် ရှိချင်လျှင် ရှိကြသည်။

"အမယ်လေးဒေါ်ချင်း၊ ရှင့်ငါးတွေ အရှင်ပါလား" ဟု ဝယ်သူက မရွံ့မရဲ ဖြစ်နေလျှင် ဒေါ်ချင်းက ရယ်ရယ်မောမောနှင့်....

"လွယ်ပါတယ် မအဝ့်ာရယ်....ကဲ...ရော့" ဟု (ခွပ်) ကနဲနေအောင် ခေါင်းကိုထုပေးလိုက်သည်။ နေ့စဉ်နှင့်အမျှ ငါးများကိုထုရိုက်ခဲ့သော ဒေါ်ချင်း၏ ဘဝနိဂုံးမှာ လူတိုင်း ပြောစမှတ်ဖြစ်အောင် ကြုံခဲ့ရသည်။

ကျွန်တော်တို့ငယ်စဉ်က မြစ်ထဲသို့ ဒိုင်ဗင်ထိုးချ၊ ရေကူးကြသော သံတံတားကြီးတခုရှိသည်။ ပျက်စီး ချွတ်ယွင်းနေပြီဖြစ်၍ ရေဝင်သင်္ဘောများ ဆိုက်ကပ်ရန် တနေရာတွင် တံတားတခု အသစ်ဆောက်လုပ်သောကြောင့် ရှင်းရှင်းလင်းလင်း ရေချိုးနိုင်ကြသည်။ မော်တော်ကလေးနှင့် လှေသမ္ဗန်များ ဆိုက်ကြသည်။

တနေ့ ဒေါ်ချင်းက ထိုတံတားမှာ ရေချိုးယင်း စိမ်ပြန်ပြေ ခေါင်းလျှော်နေရာ ကုန်အပြည့်နှင့် လှေကြီးတစင်း ထိုတံတားသို့ လာကပ်သည်။ သံတိုင်တခုကို ကြိုးချည်လိုက်သည့်အခါ ရေစီးကိုမထိန်းနိုင်ပဲ တံ၍ဆွဲလိုက်သလို ဖြစ်သွားသောကြောင့် သံတိုင်ကြီး ပြုတ်လာ၍ ခေါင်းလျှော်နေသော ဒေါ်ချင်း၏ ခေါင်းကို တည့်တည့်မတ်မတ် ရိုက်လိုက်သလို ဖြစ်သွားသည်။

"အမယ်လေး" ဟု အသံနက်ကြီးနှင့် အော်ကာ ရေထဲသို့ကျသွားသည်၊ လှေသမားများက အထိတ်တလန့်ဝိုင်းဆယ်ကြသည့်အခါ ဒေါ်ချင်းမှာ အသက်ပါမလာတော့။ သူ့ခေါင်းမှာ စိစိညက်ညက်ကြေပြီး သွေးခြင်းခြင်း နီနေတော့သည်။ တဈေးလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။

"ငါးခေါင်းတွေကို ထုလာတဲ့ ဒေါ်ချင်း.... အခုဘဝမှာပဲ တူသောအကျိုးကို ခံရပြီ" ဟု ပြောကြသည်။

"ဈေးထဲက သည်ပြင် ငါးစိမ်းသည်ကြီးတွေလဲ အဲဒီလိုပဲ သေကြမှာလား" ဟု ကျွန်တော် ဘွားအေကို မေးမိသည်။

"ငါးခေါင်းတွေကို ထုယင် ဒီလိုပဲ ခံရမှာပေါ့၊ အခုဘဝမှာ မခံရတောင် နောင်ဘဝ နောင်ဘဝတွေမှာ ခံရမှာ၊ ဝင့်လိုက်တယ်ဆိုတာ ချစ်တီးတွေ ကြွေးတောင်းသလို နေ့တိုင်း လာ-လာ တောင်းနေကြတာပေါ့၊ ဒီနေ့မရယင် နောက်တနေ့ လာတောင်းကြမှာပဲ၊ ကြွေးမကျေမချင်းပေးရမှာ၊ ရှောင်ပြေလို့ မရဘူး၊ ဒီလိုပဲ" ဟု ဘွားအေကြီးက ပြောသည်။

ကျွန်တော်မှာ ကလေးအရွယ်၊ ကလေးအသိနှင့် ဒေါ်ချင်းကြီးကို အမြဲမှတ်မိနေသည်။ ပရိယတ္တိစာ လေ့လာဖတ်ရှုနိုင်သော အရွယ်ကို ရောက်သည့်အခါ ဓမ္မပဒဝတ္ထုများကို အလွန်

နှစ်သက်မိသည်။ ဓမ္မပဒ၏ ပထမဆုံး ဂါထာ 'မနောပုဗ္ဗင်္ဂမာဓမ္မာ' စာပိုဒ်ကို ဖတ်မိတိုင်း ဒေါ်ချင်းကြီးအကြောင်း ပြန်၍ သတိရလျက်ရှိသည်။ တကယ်တော့ ထိုဒေါ်ချင်းကြီးသည် ကျွန်တော်၏ 'ဓမ္မကထိကဆရာမကြီး'ဟု ဆိုချင်လျှင် ဆိုနိုင်ပေလိမ့်မည်။


ယခု ဆရာတော် ဦးသီလာစာရ၏ 'ဗုဒ္ဓဂီတိကာ' ဓမ္မပဒကျမ်းကို ကြည့်လိုက်မိတော့လည်း ဒေါ်ချင်းကြီး အကြောင်းက ပြန်ပေါ်လာပြန်သည်။ ဆရာတော်၏ ရေးသား ပြုစုထားမှုကို မြတ်နိုးကြည်ညိုစွာ ဆာခုခေါ်ရပါသည်။


မနောပုဗ္ဗင်္ဂမာဓမ္မာ
မနောသေဋ္ဌာမနောမယာ။
မနသာစေပဒုဋ္ဌေန၊
ဘာသတိဝါကရောတိဝါ။

တတောနံဒုက္ခမန္ဝေတိ
စက္ကံ ဝ ဝဟတောပဒံ။

'စိတ်ကရှေ့သွား၊ သုံးပါးခန္ဓာ
စိတ်သာကြီးမြတ်၊ ပြုအပ်ပေတာ
ပြစ်မှားစော်ကား၊ စိတ်ထားဖြင့်သာ
ပြောဆိုမှား—ပြုပြားထိုသူမှာ။
ဆင်းရဲမျိုးမျိုး၊ နောက်တိုးလိုက်လာ
လှည်းဆွဲနွား-ဘီး မျှားလိုက်သို့သာ'။ ။

"Mind foreruns all evill conditions, mind is chief, mind are they if one speaks or acts with wicked mind, because of that, pain pursues him, even as the wheel follows the hoof of the draught-ox."





# ဒေဝဒတ်၏ မဟာလုပ်ကြံမှု

ရှင်ဒေဝဒတ်သည် အရံအတွင်း၌ ခေါက်တုံ့ခေါက်ပြန်လမ်းသလားနေသည်။ လမ်းလျှောက်နေရာမှ ထိုင်ချလိုက်သည်။ ပြီးတော့ ထိုင်ရာမှထ၍ လျှောက်ပြန်သည်။

ရပ်ခန္ဓာသာ လှုပ်ရှားနေသည်မဟုတ် နာမ်ခန္ဓာကလည်း တုန်လှုပ်နေသည်။ ရပ်၍မရ၊ ထိုင်၍မရ၊ လမ်းလျှောက်၍မရ။ ဘယ်လိုမှ တည်ငြိမ်မှု မရအောင် ရှိသည်။

စင်စစ် ရှင်ဒေဝဒတ်သည် လူအပေါင်းတို့၏ လေးစားခြင်းကို ခံရသော ခတ္တိယသားကိုဝင် ဖြစ်သည်။ အမျိုးကြီးတို့၏ ဗီဇ အဆက်အနွယ်အတိုင်း ခန့်ညားတင့်တယ်လှပသည်။ ချောမွေ့ဖြူစင် ဝင်းဝါသည်။ သို့သော် အတွင်းစိတ်က ဖျက်ဆီးနေသောကြောင့် ရန်ငြိုး မျက်မာန်အရုပ်ဆိုး အကျည်းတန်နေသည်။ ရန်လိုခြင်း၊ မုန်းထားခြင်း၊ ရက်စက်ခြင်း၊ အကောက်ကြံစည်ခြင်းတို့က ကျက်သရေ ယုတ် အောင် အနုတ်လက္ခဏာ ပြနေကြသည်။

ခြွေရံတပါးက အနားသို့ ခပ်ယို့ယို့ ဝင်လာပြီး မရဲတရဲလျှောက်သည်၊

''မှာထား သော လူ များ ပြည့်စုံကြပါပြီဘုရား''

ရှင်ဒေဝဒတ်က လမ်းလျှောက်နေရာမှ တန့်ကနဲ ရပ်၍ကြည့်လိုက်သည်။ ခြွေရံမှာ မျက်နှာချင်း မဆိုင်ဝံ့သဖြင့် ခေါင်းငုံ့လိုက်ရသည်။

''အားလုံး....အားလုံးလား''

''အားလုံးပါဘုရား''

''အစီအစဉ်အတိုင်း တကွဲတပြား ခွဲထားခဲ့ရဲ့လား''

''ခွဲထားပါတယ်ဘုရား၊ တ ဦး တည်း သော ပုဂ္ဂိုလ်ကို တခန်း၊ နှစ်ဦးသော ပုဂ္ဂိုလ်ကိုတခန်း၊ လေးယောက်သော အစုကိုတခန်း၊ ရှစ်ယောက်သော အဖွဲ့ကို တခန်း၊ တဆယ့်ခြောက်ယောက်အဖွဲ့ကို တခန်းအားဖြင့် အချင်းချင်း မမြင်မတွေ့ မကြားမနာနိုင်အောင် ရှိနေကြပါတယ်''

ရှင်ဒေဝဒတ်က ကျေနပ်သလို ဆတ်ကနဲ ခေါင်းညိတ်လိုက်သည်။

''ကောင်းပြီ...အ ခု အ ချိန် မှ စ ၍ အရံ၏ အတွင်းအပြင်မှာ မည်သူမျှ အ ဝင် အ ထွက် အသွားအလာ အဖြတ်အသန်း မရှိစေရ၊ သင်လဲ အရံအပြင်၌ အစောင့်အရှောက်ဖြစ်စေ၊ ငါ့ကို မြင်နိုင် ကြားနိုင်သော အရပ်မှာ မရှိရဘူး၊ ကြားသလား''

''ကြွားပါပြီဘုရား''

''သွားတော့''

ရှင်ဒေဝဒတ်က တိုဘိုပြတ်ပြတ် ပြောလိုက်သဖြင့် အခြွေရံက အပါးမှ ထွက်ခဲ့ရသည်။

ဘာကြောင့် သို့ကလေးက စည်းမျဉ်းတွေ တင်းကျပ်နေရသလဲ။ ဘယ်ကဲ့သို့သော လျှို့ဝှက်မှုမျိုးလဲ။ ဒါတွေကို ခြွေရံက မစဉ်းစား။ တွေးခေါ်စရာလည်းမဟုတ်။ သူစေစားရာ သူ့ဩဇာကို တည်ရမှာသာဖြစ်သည်။

ခြွေရံ ထွက် သွား သော အခါ တခုသော အခန်းတွင်းသို့ ရှင်ဒေဝဒတ်ဝင်လိုက်သည့်အခါ ထိုအခန်းတွင်း၌ တဦးတည်း ရှိနေသော လူမှာ ထိတ်ကနဲ တုန်လှုပ်သွားပုံရသည်။

''ဘယ်လိုလဲ လူသတ်လက်မရွံ့ လုပ်စားနေတဲ့လူက ထိတ်လန့်ဘတ်သလား''

''အရှင်၏ အရှိန်အဝါကြောင့် ဖြစ်ပါသည် ဘုရား''

''ငါ့အရှိန်အဝါမျှကို ထိတ် လန့် နေ ယင် သူ့အရှိန်အဝါနဲ့ဆို အလုပ်ဖြစ်ပါ့မလား''

''ဒီလိုကျတော့ အရှင့်အာဏာ ကျွန်မှာတည်စေ၊ ကျွန်တို့အာဏာ လက်နက်ကြီးကြိမ်မှာတည်စေ၊ အမှုပြီးပြေအောင် ဆောင်ရမှာပါ ဘုရား''

''ဘုရင့်အပေါ်မှာ ငါ၏ဩဇာ ဘယ်မျှသက်ရောက်ကြောင်း သိရဲ့မဟုတ်လား''

''အသိဖြစ်ကြောင်းပါ''

''သည်အမှုကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လျှင် ကြီးကျယ်သော ရာထူးဌာနန္တရ ရမည်ကို သင်သိရဲ့ မဟုတ်လား''

''သိပါသည်ဘုရား''

''အရေးအခင်း မလှခဲ့ယင်ကော''

''အသက်ဆုံးရမှာပါဘုရား''

''ဘုရင့်အမိန့်တော်ကို ခံယူခဲ့ပြီပေါ့''

''နာခံခဲ့ပြီးပါ''

ရှင်ဒေဝဒတ်က လက်မရွံ့ကို စကားဖြတ်၍ အကဲခတ်လိုက်သည်။

ကြီးမားတုတ်ခိုင်သော ကိုယ် ကာ ယ နှင့် အားအင်ဗလတို့က ကြမ်းတမ်းသော ရေကိုကို ထင်ရှားသည်။ရက်စက်ကြမ်းကြုတ်သော အသွင်လက္ခဏာက ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ဖြတ်ခဲ့သော လုဒ္ဒက သောနုတ္တိုရ်ကဲ့သို့ လူယုတ်အင်္ဂါဆယ့်ခြောက်ဖြာနှင့် ပြည့်စုံသည်။

ထမင်းစားပြီးလျှင် ရေသောက်သလို လူပေါင်းများစွာ၏ အသက်တို့ကို သတ်ဖြတ်သုတ်သင်ခဲ့သည်မှာ သူ၏ နိစ္စဓူဝ အလုပ်ဖြစ်သည်။ မေတ္တာကရုဏာဟူသည်မှာ သူ့အသည်းနှလုံးဝယ် ခိုနားစရာ နေရာမရှိ။ ထို့ကြောင့် ဤအမှုနှင့် ဤသူမှာ လျော် ကန် လျော်က် ပတ် စွာ ၏၊ သို့သော်....

(သူ)၏ တန်ခိုးရှိန်စော် အာနုဘော်က ရိုင်းသူကို ယဉ်စေ၍ မုန်းသူကိုလည်း ချစ်ခင်စေနိုင်သည်ကို သတိဘားရပေဦးမည်။ မိမိကိုယ်တိုင် ပင်လျှင် (သူ့)ကို စိတ်အနာကြီးနာ၊ အငြိုးကြီး ကြီးနိုင်လွန်း၍သာ အကြံပက်စက်ရသည် မဟုတ်လား။

''ဘုရင့်အမှုတော်ကို ထမ်းရွက်စဉ်က လူတို့ကို အဘယ်နည်းဖြင့် သုတ်သင်စီရင်ခဲ့သလဲ''

''ဓားဖြင့်လဲ ခုတ်ပိုင်းပါသည်။ လှံဖြင့်လဲ ထိုးနှက်ပါသည်။ တုတ်ဖြင့်လဲ ရိုက်နှက်ရပါသည် ဘုရား''

''အိမ်း....ယခုအမှုမှာတော့ ဓားဖြင့်သော်လည်းကောင်း၊ သန် လျက် ဖြင့် သော် လည်း ကောင်း၊ လှံဖြင့်သော်လည်းကောင်း၊ မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် ထိုးသတ်ခုတ်ပိုင်းမှုကို ငါတားမြစ်၏''

''အဘယ်နည်းဖြင့် ဆောင်ရွက်စေလိုပါသလဲ အရှင်''

''အသင် လေးမြားကို ကျွမ်း ကျင် သည် မဟုတ်လော''

''ကောင်းကင်၌ ပျံသန်းအပ်သော ဇီဝဇိုး ငှက်ကိုပင် တချက်မလွဲ ပစ်ခွင်းနိုင်စွမ်းရှိပါသည်''

''ကောင်းစွ...ပြင်း ထန် သော အဆိပ်လူး သော်မြားဖြင့် တပယ်လောက်သော (လယ် ကွက်) အကွာအဝေးမှ လွဲအောင် ပစ်ခွင်းခဲ့ လော့၊ (သူ့) အနားသို့ မချဉ်းကပ်နှင့်၊ တစုံ တရာသော စကားပြောမှုလဲ မဖြစ်စေနှင့်၊(သူ) က သင့်ကို မမြင်မတွေ့မီ ချောင်းမြောင်းလုပ်ကြံ ခဲ့ရန်သာဖြစ်သည်။ နားလည်ရဲ့မဟုတ်လား''

''ကောင်းပါပြီအရှင်၊ (သူ)ရှိရာ အရင်ကို သာ ညွှန်ကြားပါတော့''

''(သူ)ရှိမည့်အချပ်မှာ မြို့၏အပြင် မိုးရေ ကန်ကြီးအနီး ချရားဘောအုပ်ဖြစ်သည်။ ချရား ပင်တပင်၏ ခြေရင်း၌ ထိုင်နေလျက် တွေ့ချင် တွေ့မည်၊ စကြံသွားလျက်သော်လည်းကောင်း တွေ့ချင်တွေ့မည်၊ မည်သည့် ကြိယာပုထ်နှင့်ပင် တွေ့သည်ဖြစ်စေ ကောင်းကင်၌ ပျံသန်းဆဲဖြစ် သော ဇီဝဇိုးငှက်ကိုတချက်မလွဲ ပစ်ခွင်းသကဲ့သို့ ပစ်ခွင်းခဲ့ပေတော့။ ဤအမိန့်ကား ဘုရင့်ကိုယ် စား ပေးသော အမိန့်ပင်''

''ဦးထိပ်ရွက်ပန်ဆင်ပါသည်ဘုရား''

ရှင်ဒေဝဒတ်က ကျေနပ်စွာ ခေါင်းညိတ်ပြီး မှ ဆက်၍ မှာပြန်သည်။

''နောက်တခုက အရေးကြီးတာ ရှိသေး သည်။ ထို ချရားတောအုပ်သို့ လူသွားလမ်းဖြင့် မသွားရ၊ သင့်ကို တပါးသူတို့ မမြင်မတွေ့ရန် သတိကြီးစွာ ထားဖို့သိုသည်၊ ထို့ကြောင့် တပါး သူတို့သွားလေ့မရှိသော ချိုင့်ဝှမ်း ဆူးချုံထူထပ် သော လူသွားလမ်း မဟုတ်သော လမ်းဖြင့်သာ သွားရမည်''

''သဘောပေါက်ပါပြီအရှင်''

''အောင်မြင်စွာဆောင်ရွက်ပြီးလျှင် မြို့တွင်း သို့ ဥဒဟို မပြန်ခဲ့ရ၊ (သပြေပင်ဘန်း) တော လမ်းကလေးဖြင့် မြို့၏အနောက် ပစ္စန္တရစ်ရွာ အရောက်သွားရမည်။ ထိုရွာ၌ တညအိပ်ပြီးမှ မြို့သို့ ပြန်လာခဲ့လျှင် သင့်အား ရာထူးဂုဏ်သိန် စည်းစိမ်တို့က ကြိုဆိုလျက် ရှိလိမ့်မည်။ သင်ပြန် ခဲ့ရမည့်လမ်းကို ပြန်ပြောစမ်းလော့''

''(သပြေပင်ဘန်း) တောလမ်းကလေးဖြင့် ပစ္စန္တရစ်ရွာသို့ သွားရပါမည်၊ ထိုရွာ၌ တည အိပ်ပြီးမှ မြို့တော်သို့ ပြန်ခဲ့ရပါမည်ဘုရား''

''ကောင်းလှပြီ လက်မရွံ့ကြီး''

ဤသို့ နှစ်ကိုယ်ကြား နှစ်နားဆင် တိုင်ပင် ညွှန်ကြားပြီးသည့်နောက် လက်မရွံ့သည် ဆု လာဘ်ရာထူးတို့ကို မြင်ယောင်လျက် အရံအတွင်း မှ ထွက်ခဲ့လေသည်။ အရံအပြင်မှ စောင့်ကြည့် နေရသော ခြွေရံသည် လက်မရွံ့အား ကြည့်ရုံ ကြည့်နေရသည်။ အဘယ်အရပ်သို့ စေခိုင်းသည့် တာဝန်ဖြင့် အရေးတကြီး သွားရမည်ကို မေး ပိုင်ခွင့်မရှိ။

တောခွေးအုပ်တအုပ်က ဆွဲဆွဲငင်ငင် ဝိုင်းအူ လိုက်သဖြင့် ခြွေရံမှာ ကြက်သီး ထသွားသည်။

ရှင်ဒေဝဒတ်သည် နှစ်ယောက်နေ အခန်း တွင်းသို့ ဝင်လိုက်သည်။

''အမောင်ယောက်ျား နပန်းသမားတို့၊ အမောင်တို့နှစ်ယောက် ဆောင်ရွက်ရမည့် တာ ဝန်ကား မြို့၏အပြင် ချရားတောအုပ်မှ ထွက် လာလတ္တံ့သော လူတယောက်ကို (သပြေပင် တန်း)မှ ကြို၍ (အစဖျောက်)ပေးရန်မျှ ဖြစ် သည်။ တတ်နိုင်ကြပါမည်လား''

တယောက်သော သူက ပြုံးပြုံးပြုလိုက်သည်။ တယောက်မှ စိတ်ပျက်သလို ခေါင်းခါ၍ ပြန် ပြော၏။

''ကျွန်ုပ်တို့ နှစ်ယောက်အား ဤမျှ ပေါ့ဆန် သေးသိမ်သော အလုပ်ကို စေစားလိမ့်မည်ဟု

မှမျှော်လင့်ခဲ့ပါ၊ ကျွန်ုပ်တို့ တဦးစီပင်လျှင် လက်နက်ကိုင်ဆွဲသော လူဆယ်ယောက်မျှကို (သင်းမဲ့တုံးသုံး) ဗုန်းဗုန်းလဲစေရမည် ဖြစ်ပါသည်။ ယခုကား နှစ်ယောက်သော နပန်းသမားတို့က အနုပ်သားတဦးတည်းကို သတ်ရမည်မှာ ကြက်နာကို ဖမ်းရသကဲ့သို့ ရယ်သွမ်းဖွယ်ပင် ဖြစ်နေပါပြီဘုရား''

''သင်တို့အလုပ်ကား ငါစေစားရာ အမိန့်ကိုသာ မပျက်မကွက် ဆောင် ရွက် ကြ ရ မည်၊ ဘုရင့်အမိန့်ကို ခံယူခဲ့ကြသည် မဟုတ်သား၊ စကားမရှည်နှင့်၊ ကျေပွန်အော င် ဆောင်ရွက်ပြီးလျှင် ထိုအနုပ်မှ (ကုက္ကိုပင်အုပ်)သမ်းဖြင့်သာ ပြန်ခဲ့ကြရန်ဖြစ်သည်။ မည်သည့်လမ်းမှ ပြန်ခဲ့ကြရမည်နည်း၊ ငါ၏ အမိန့်ကို ပြန်ပြောစမ်းလော့''

ရှင်ဒေဝဒတ်၏ဘာညွှန်ကြားရုံသည် နောက်ဆုံး အဖွဲ့ဖြစ်သော လူသတ်သမား တဆယ့်ခြောက်ယောက်တို့အား မျက်စိတဆုံး ကြည့်နေပြီးမှ ပတ်ဝန်းကျင်ကို ဂရုတစိုက် အကဲခတ်ကာ အရုံအတွင်းသို့ ဝင်ခဲ့ရသည်။ ရှင်ဒေဝဒတ်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်ရာ ဆင်ဖြူ၏ချက်နှာကို ဆင်မည်းက မကြည့်ဝံ့သကဲ့သို့ နေရာတပါး ရှောင်ထွက်သွားရသည်။

ဤဘွင်မှ ရှင်ဒေဝဒတ်သည် သူ့အစီအစဉ် မဟာလုပ်ကြံမှုကို အနုလုံပဋိလုံ ပြန်လည် သုံးသပ်နိုင်သေးသည်း။

> ချွှားဘောမှပြန်လာသူကို သပြေတန်းမှ လူကသတ်။
>
> သပြေတန်းမှပြန်လာသူကို ကုက္ကိုအုပ်မှ ဆီး၍သတ်။
>
> ကုက္ကိုအုပ်မှပြန်လာသူကို ပိတောက်သုံးပင်မှ စောင့်၍သတ်။
>
> ပိတောက်သုံးပင်မှ ပြန်လာသူကို မိုးရေကန်မှ ကြို၍သတ်။
>
> မိုးရေ ကန်မှ လူများက ကလိင်္ဂရာဇ်သို့ အပြီးပြန်ကြ။
>
> ငါ၏မဟာလုပ်ကြံမှုကို အဘယ်သူတဦး တယောက်က သဲလွန်စ ဖော်နိုင်ဦးမည် နည်း။
>
> မည်သူ့ကို မည်သူကသတ်သည်ဟု တပ်အပ်သေချာ အဖြေရှာနိုင်ပါမည်နည်း။
>
> အစတုံး ခြေရာပျောက်။ လက်စလက်နမှ မကျန်။ ကို ကရဏ်သခ္ခေသိ-ရိပ်မိသူမျှမရှိ။

ယနေ့ပင် လောကကြီးမှ (သူ)ပျောက်ကွယ်သွားပေတော့မည်။

(သူ)မရှိလျှင်(သူ့အစား)ငါသာလျှင် အုပ်ချုပ်စိုးမိုးတန်ခိုး ကြီးထွားရပေမည်။

ဘုရင်နှင့် တကွသော လူအပေါင်းတို့ ဦးခေါင်းရိုကျိုး ရှိခိုးကန်တော့ခံရမည်။

လာဘ်သပ္ပကာ ပေါများပေလိမ့်မည်။ ငါ၏ အာဏာ၊ ငါမှငါ၊ ငါသာဆရာ၊ ငါသာအမြတ်ဆုံး၊

ရှင်ဒေဝဒတ် ကြံစည် တွေးတော အဟောဝတ သဘောကျနေသည့် အချိန်တွင် လက်မရွံ့ လူသတ်သမားသည် သက်နက်လေးမြားအပြည့်အစုံနှင့် ချွှားဘောသို့ ဝင်ရောက်ခဲ့လေပြီ။

ဘောအုပ်မြေကို ခြေချမိပြီ ဆိုကတည်းက လက်မရွံ့မှာ စိမ့်တိမ့်တိမ့် ခံစားလိုက်ရသည်။ သိပ်ည်ံသော ပတ်ဝန်းကျင်က မျှောက်ချားစရာဟု ထင်မိသည်။ စရိုက်ကြမ်းသူမှာ အေးချမ်းသာယာသော အတွေ့နှင့် ပဋိပက္ခ ဖြစ်သည်။ ချိုမြသောကျေးသံငှက်သံကလေးများကပင် ကြားရိုးကြားစဉ်မဟုတ်။ ကြည့်ကြနော်-ကြည့်ကြနော်' ဟု အချင်းချင်း သတိပေးနေကြသလို ကြားယောင်လာသည်။ ရှဉ့်ကလေး တကောင်နှစ်ကောင်က ချသားပင် အကိုင်းပေါ်မှ စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ခက်ခက်-ခက်ကော်' ဟု စုဘဲ သပ် ရန်တွေ့နေကြတိသကဲ့သို့။ ဥသြ၏

အသံမှာ ခွဲခွဲငင်ငင်ဖြင့် ကြေကွဲ ဝမ်းနည်းနေသကဲ့သို့။ ချောကလေး နှစ်ကောင်သည် သူ့ကို မြင်လိုက်သည်နှင့် အသက်ဆံဖျား ပြေးလွှား ပျောက်ကွယ်သွားကြသည်။

လက်မရွံ့သည် နိစ္စဓူဝ ထိတွေ့ခဲ့ရသော ပတ်ဝန်းကျင်၊ ပြုခဲ့ရသော အမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သောဝိရောဓိကို ကသိကအောင့် ခံစားနေရသည်။

သံခြေကျဉ်းသံ၊ လက်ထိတ်သံ၊ ရိုက်သံနှက်သံ၊ ငိုညည်းသံ၊ ကြိမ်းမောင်းဆဲဆိုသံ တို့နှင့်သာ နားရည် ဝခဲ့ရသော အကျဉ်းထောင် သူသတ်ကုန်းနှင့် လေပြည်လေညင်း ချရာ့နံ့ သင်းကာ ငြိမ်သက်နေသောတောအုပ်မှာ ခြားနားသိသာ လွန်းနေသည်။

တကိုယ်တည်းသော သူတော်ကောင်းသည် တောကြီးဆိတ်ည ဆီးကျံကျံ ကို ချစ်၏။

တကိုယ်တည်းသော သူယုတ်မာသည် တောကြီးဆိတ်ည ဆီးကျံကျံ ကို ကြောက်၏။

ယခု လက်မရွံ့မှာတော့ ဘာကြောင့်ရယ်မသိ ဝမ်းနည်းနေသည်။ ထွက်လာကတည်းက အရက်ကိုးမောင်းတင်ခဲ့သည်။ လိုချင်သော လောဘကို အမှီပြု၍ ခက်ထန်သော ဒေါသကိုမွေးလာခဲ့ပြီး ဖြစ်သည်။ သို့ပါလျက် မဖြစ်စဖူး ထူးထူး ဆန်းဆန်း ချရားပင်တို့၏ အရိပ်ကို ခိုဝင်ခဲ့မိကတည်းက ရှဉ့်ငယ်ကလေးများ လောက်ကုံပင် အားနာ ရှက်ကြောက်သည့်စိတ် ဝင်နေမိသည်။ ပျော့ညံ့သည်ဟု ခေါ်ရမည်လား၊ သိမ်မွေ့သည်ဟု ခေါ်ရမည်လား၊ သို့မဟုတ် ကြင်နာတတ်သည်ဟု ခေါ်ရမည်လား လက်မရွံ့ ကိုယ်တိုင် အမည်မမှည့်နိုင်ချေ။

လက်မရွံ့သည် အမျိုးအမည်မဖော်နိုင်သော ကြည်နူးခြင်းဖြင့် တဖျောက်ဖျောက် ဝေ့လည်ကြွေကျလာသော ချရားပွင့်ကလေးများကို နင်း၍ လျှောက်ခဲ့သည်။ အပင်တိုင်းအပင်တိုင်း ပင်လုံးကျွတ် ပွင့်ဖူးနေကြသည်ကို သတိထားမိသည်။ စိဘကြမ်းကိုယ်ကြမ်းသမား ဖြစ်ခဲ့သောကြောင့် ချရားပွင့်သောရာသီ ဟုတ်မဟုတ် သူမသိ။ အနုအလှပစ္စည်းဟူသမျှ သူနှင့် မဆိုင်။ သူနှင့် မပတ်သက်။ သူ လေ့ကျက်ရမည့် ဗေဒ တရားများ မဟုတ်။ ထူးဆန်းသည် ဟူ၍ကား ခံစားလိုက်မိသည်။

''ဟော....''

ခရီးဆုံးလျှင် ရွာကိုတွေ့သကဲ့သို့။ ယခု(သူ့)ကို တွေ့လိုက်ပါပြီ။

အဓိကရပြစ်သော ချရားပင် ခြေရင်း ဝယ်စိမ်းဖန့်ဖန့်မြက်ခင်းက ကော်တုမ္ဗရာဇ်ကော်ဇောခင်းထားသလို သန့်ရှင်းနူးညံ့နေသည်။

ထိုမြက်ကော်ဇောပေါ်တွင် ဖြောင့်မတ်ကြီးမားသော ပင်စည်ကို ချဉ်းကပ် ကျောပေးလျက် ထက်ဝယ်ဖွဲ့ခွေ တင်ပျဉ်ခွေဖြင့်နေသူကား (သူ) (သူမှသူ)။

(သူ့)ကိုမည်သူတစုံတယောက်နှင့်မျှ လွဲမှားဖွယ်မရှိ။ မြင်လျှင်မြင်ချင်းသိသာသည်။

(သူ့)အကြောင်းကို ကြားဖူးသည်။ (သူ့)ဂုဏ်သတင်းက ပျံ့နှံ့သည်။

သို့သော်(သူ့)ကို မျက်မြင်ဒိဋ္ဌ နီးနီး ကပ်ကပ် မမြင်မတွေ့ဖူး ခဲ့။

မြင်ဖူး တွေ့ဖူး ချဉ်းကပ်ဖူးရန်ကိစ္စမှာလည်း လက်မရွံ့လုပ်ငန်းနှင့် ပြဒါးတလမ်း-သံတလမ်း။ (သူ)က သတ္တဝါတို့၏ အသက်ကို ခြေပုရွက်မျှ မသတ်ကောင်း မညှဉ်းဆဲကောင်းဟု ဆိုသည်။ မိမိက လူသတ္တဝါရင့်မကြီးတွေကိုသတ်၍ထမင်းစားနေရသည်။ သားမယားကိုလည်းကျွေးနေရသည်။ ယခု ဤအရပ်သို (သူ့)ကို သတ်ဖို့လာခဲ့သည်ပင် ပရိယေသန အလုပ်ကိစ္စမဟုတ်လား။

ဤအခါမှ သေသေချာချာ ဂရုတစိုက်ကြည့်လိုက်ရသည်၊ ကြည့်ယင်းကြည့်ယင်း ဆောက်လာခဲ့သော ယစ်သူရာ အရှိန်အခိုးတို့သည်မွေ့ညောင်း

ပေါက်ဟူသမျှတို့က ချွေးသီးချွေးပေါက်အရည် ပျော်ကုန်ကြသည်။ မှုန်မှိုင်းရီဝေသော မျက်စိများက ကြည်လင်ပြီပြွင်ကွဲပြားသည်ထက်ကွဲပြား လာကြသည်။ လယ်ကွင်းစာ အကွာအဝေးမှ မြင်ရသော်လည်း မလှုပ် မယှက် သော(သူ့) ကျောခြင်းသည် ရွှေဖြင့် သွန်းအပ်သော ရုပ်ထုတမျှ တည်ငြိမ်လှပ ကျက်သရေ ပြည့်ဝပါဘိသည်။ အသားအရေက ပွင့်သစ်စ ရွှေရောင်။ ဆင်မြန်းထားသော(အဝတ်)က ရှားရောင်။ ထိုရှားရောင် ကသာ ရွှေရောင်ကို ထွန်းပပေါ်ထင်နေစေသည်။ ဒါကိုလက်မရွံ့ကမခွဲတတ်သော်လည်းလှနေတာ တော့သိသည်။ ရွက်နုများက စိမ်းဖန့်ဖန့် ရွက်ရင့် များက စိမ်းရင့်ရင့်။ ဘော၏ပဿာဒနှင့်(သူ)၏ ပဿာဒမှာ လိုက်လျောညီထွေ ရှိနေသည့်အခါ သစ်ရွက်များအကြားမှ ဝင်းဖြာထိုးဝင်လာသော နေခြည်ဖျော့ဖျော့က မီးမောင်း ထိုးပြနေပြန်ရာ အနုပညာဖြင့် ရှုခ၀ ကြည့်မငြီး ပန်းချီကားကြီး တချပ်ဖြစ်နေသည်။

လက်နှစ်သွယ်ကို ယှက်နွယ်သိစပ်သားလျက် မငုံ့လွန်းမမော့လွန်းသောမျက်နှာသည်တလော ကလုံးမှာ မုန်းသည့်လူ မရှိတော့သလို စိတ်ချ လက်ချနိုင်လှသည်၊ စိုရိမ်နှောင်၍ ကြောင့်ကြမှု ကင်းပုံမှာ(သူ့)ကို သတ်ရန် ရောက်လာသော မိမိကိုပင် မြင်ဟန်မရ။

ရှဉ့်ကလေးများက(သူ့)အပေါ်မှာ ပြေးလွှား မြူးတူးနေကြသည်။

"ကျွတ်ကျွတ်....ကျွတ်ကျွတ်"

စူရှသော စုတ်သိုးသံပြုကာရှဉ့်တကောင်က တနေရာသို့ ကြည့်ပြီး ထွက်ပြေးသည်။လက်မရွံ့က ရှဉ့်ကလေး ကြည့်လိုက်ရာကို မျက်နှာ ပြုလိုက် သည်။

'လားလား'

လုံးပတ်လက်ကောက်ဝတ်လောက်ရှိ၍ တလံ ကျော်မျှ အလျားရှည်သော ငန်းမြွေတကောင် သစ်ပင်ခြေရင်းမှ တိတ်တခိုးလှုပ်ရှား၍ (သူ) ရှိရာကိုသွားနေသည်။ မြွေကလည်း ဖြည်းဖြည်း၊ သူကလည်း အေးအေး၊ နီးသည်ထက် နီးသွားပြီ ဖြစ်၍ လက်မရွံ့မှာ ထိတ်ထိတ်ပျာပျာ ရှိလာ သည်။

'သေဘော့မှာပဲ'ဟုတုန်လှုပ်နေမိသည်။ ထိုမှ တဆက်တည်း ဖြုတ်ခြည်း စဉ်းစားမိပြန်၏။

မြွေက (သူ့)အရှေ့တည့်တည့်ကြီး ရောက် သွားပြီ။(သူ့) ချက်စိအောက်မှာပင် ပါးပျဉ်း ထောင်လိုက်သည်။ မြွေ၏ နှုတ်ခမ်းနှင့်(သူ့)နှုတ် ခမ်းမှာ မျဉ်းတခပြေးတည်းတန်းနေသည်။အကွာ အဝေးက တတောင်မျှမရှိတတ်။

မြွေက(သူ့)ကိုစူးစူးစိုက်စိုက်ကြည့်ကာ လျှာ ကလေး တလှုပ်လှုပ်ဖြင့် ပါးပျဉ်းကို ရှေ့ထိုး နောက်ငင်ပေါက်မည့်ဟန်ပြင်နေပုံရှိသည်။(သူ့) မှာမူ အမြုံးမှုမပျက်–မလှုပ်ယှက်။ ကုမုဒြာကြာပင် ကြာရိုးကြီးတလက် မြေအပြင်ထက်သို့ ဖြုတ်ကနဲ ပေါက်လာပြီး ငွားငွားစွင့်စွင့် ပွင့်ပြနေသည်ကို ကြည့်နေရသည့်အတိုင်း။

လက်မရွံ့မှာကား အလမ္ပာယ်ဆရာနှင့် မြွေ မင်းသား ကစားနေကြသလို အသည်း တယား ယား ဖြစ်နေရသည်။ သည်းမခံနိုင်သည့် အဆုံး 'မရှုမလှဖြစ်ပါစေနှင့်'ဟု ဆန္ဒပြုလိုက်မိသည်။

မကြာပါချေ။ ငန်းမြွေသည် ပါးပျဉ်းကို လျှော့ပြီး ဦးခေါင်းဝပ်လျှိုး (သူ့) ခြေဖမိုးကို ထိလိုက်သည်။ ထို့နောက် တင်ပျဉ်အခွေကိုဖြုတ် ကျော်၍ တနေရာသို့ တလွန့်လွန့်ထွက်သွားသည်။

လက်မရွံ့မှာ ယခုမှ ဟင်းချ လိုက်နိုင်သည်။ ပြီးသည့်နောက် မိမိအဖြစ်ကို စဉ်းစား လိုက်မိ သည်။

ကောက်ကျစ်ယုတ်မာ အဆိပ်ပြင်းသော သတ္တဝါက ပါးပျဉ်းချ၍ ထွက်သွားပြီ။

ငါက(သူ့)ကိုသတ်ရန်ဤနေရာမှာရင်ကြည့် နေသည်။

သို့ဖြစ်လျှင်လည်း လေးညို့ကိုတခုက်ဘင်၍ မြားတစင်းလွှတ်လိုက်ရုံမျှကိစ္စကိုအဘယ်ကြောင့် ဖင့်နွှဲ တွေဝေနေမိသလဲ (သူ့)အလှ၊ (သူ့) ကျက်သရေ(သူ့)မေတ္တာမှာမိန်းမောနေ၍လည်း ဖြစ်နိုင်သည်။ နောက်တခုက မသေဝံ့သူများကို သာ သတ်ဝံ့၍သေဝံ့သူကို မသတ်ဝံ့ခြင်းလည်း ဖြစ်နိုင်သည်။ (သူ)ကား စိုးရွံ့ သေဝံ့သူ ဖြစ်ကြောင်း ကောင်းကောင်း မျက်မြင် ဖြစ်ရ သည်။

တဦးတယောက်ကို ရိုက်နှက် သတ်ဖြတ်ဖို့ရာ မှာ လှုပ်လှုပ်ရှားရှားဒေါသကလေးဖြစ်စေပေါ် ပေါက်ပါမှ ခက်ထန်ကြမ်းကြုတ်လို့ ရနိုင်သည်။ ယခုတော့ ချရားတောကို ဝင်လာကတည်းက သာယာအေးချမ်းသော ပတ်ဝန်းကျင်သည် အေးရေစင် ဖျန်းလိုက်သကဲ့သို့ ဒေါသဆိုတာကို ရှာ၍မရအောင် ဖြစ်နေသည်။

ထို့အပေါ် ဒေါသဟူ၍မြူမျှမတွေ့နိုင်သော (သူ့)မျက်နှာကို မြင်လိုက်ပြန်တော့ (သူ့)ထံမှ ကူးစက်၍ လေပြည်လေညင်းနှင့်အတူ နူးညံ့သိမ်မွေ့လာသော မိမိစိတ်ကို အံ့ဩမိသည်။ (သူ့)ကို ခင်တွယ်လာသည်။ (သူ့)ကို ကြင်နာလာသည်။ (သူ့)ကို မြတ်နိုးလာသည်။ ရှိခိုး ပွတ်သပ်ထိတွေ့ လိုက်ချင်သောစိတ်က မဟာသမုဒ္ဒရာလှိုင်းတံပိုး ကြီးများက ကမ်းစပ်ကို ရိုက်ခတ်နေသကဲ့သို့ ရှိလေသည်။

ထို့ကြောင့် ဆုံးဖြတ်လိုက်သည်။

"ငါ(သူ့)ကို မသတ်နိုင်ပါဘူး။ မသတ်ရက် ပါဘူး။ ချရားပွင့်ကလေးတပွင့်မျှ (သူ့)အပေါ် ကြွေကျသည်ကိုပင် မလိုလားပါဘူး။ (သူ့)ကို မသတ်သဖြင့် ဘုရင်ကေရာဇ်ကဖြစ်စေ၊ ရှင်ဒေဝ ဒတ်ကဖြစ်စေ၊ သူတို့မှအပ မည်သူ တဦး တယောက်ကဖြစ်စေ၊ လူသားအားလုံးကဖြစ် စေ မိမိကို သတ်ပြအံ့။ သေခြင်းဆို လည်စင်း ၍ ကြည်ကြည်သာသာ ခံနေသော (သူ့)ကျခြေ မျက်နှာထားကို တရေးရေ မြင်နေရင်းပီတိဖြင့် မိမိလည်း လည်စင်း၍ ခံလိုက်တော့မည်။ (သူ) မသိခင် ငါပြန်မည်။ (သူ)မမြင်ခင် ငါပြန်မည်။ ငါ့ကို မြင်တွေ့သွားသည်ပင် ရှက်စရာပါ တကား"

"အိုးဝေ—အိုးဝေ" ဟုဥဒေါင်းပျိုတကောင် က သာယာအောင် ကြိုးစား၍ တွန်လိုက်သည်။ လက်ရွံ့က သာယာလှပါတကားဟု ထင်မှတ်သည့် အချိန်မှာပင်....

"ချစ်သား လက်မရွံ့၊ ငါဘုရားအပါးသို့ ကပ်ခဲ့ပါ"ဟု (သူ)က ခေါ်လိုက်သည်။ (သူ့) အသံသည် သာယာလှပါသည်ဟု ချီးမွမ်းလိုက် သော ဥဒေါင်းပျို၏အသံကို နှိုင်းရာ မယှဉ်ရာ အသာယူလိုက်သည်။

'အလို—ငါ့ကို မြင်နေပါပြီကော' ဟု ရှက်စနိုးဖြစ်လိုက်ရသည်။

'အို....ချစ်သား၊ ငါဘုရားသည် သင်နှင့်တကွ သော လောကအပေါင်းတို့ မြင်ပါသည်။ တရား အပေါင်းကိုလည်း ကောင်းစွာမြင်ပါသည်'

ဤစကားများမှာ (သူ)၏နှုတ်ဖျားမှ ထွက် လာခြင်းမဟုတ်သော်လည်း ကြည်လင် ရွှန်းပ သော မျက်စိတော်အစုံမှ ပြောပြနေသလို ထင်ရ သည်။

လက်ရွံ့သည် လေးမြား လက်နက်တို့ကို စွန့်ပစ်လိုက်ပြီ လျှင် ဖခင်ထံသို့ သူတပါး၏အနှိပ် အစက်ခံရသော သားငယ်အလား အပြေး အလွှားရောက်သွားသည်။ ဒူး တုပ် ထိုင် ချ ပြီး ရှိုက်ကြီးတငင် ငိုလိုက်သည်။ ထိုသို့ ငိုရတာပင် အရသာရှိလှသည်၊ ငမ်းနည်းစမ်းသာ ဘာရယ် လို့ အမည်တပ်ရမည်တော့ မသိ။

ချရားပွင့်ကလေးများက လေပြည်ကို ခိုစီး၍ ကောင်းချီးပေးကာ ဝဲပျံ သက်ဆင်းလာကြသည်။ ရှဉ့်ကလေးများက လက်တကမ်းအမီ ပြေးလာ ရွှင်မြူးနေကြသည်။

ဥဒေါင်းပျိုက တလှမ်းချင်း ကြွေရရစင် လာပြီး အမြီးကို ဖြန့်၍က,နေသည်။ ထိုအကကို ဥသြပျိုက သီချင်းဆိုပေးသည်။ သစ်တောက်ငှက်ငယ်က ဆိုင်းချက်လိုက်ပေးသည်။

ထိုအတွင်း သောကာလဥ္စပင် လက်မရွှံ့မှာ ဗုဒ္ဓ၏သရဏဂုံကို ခံယူပြီးခဲ့လေပြီ။

''ချစ်သား၊ သင့်ကို မှာလိုက်သော (သပြေပင်တန်း)လမ်းမှ ပြန်မသွားလေနှင့်။ အခြားသော လမ်းက ပြန်ရန်ဖြစ်သည်''

''ကောင်းလှပါပြီ ဘုရား''

တောအုပ်တခုလုံးမှာ သာယာအေးချမ်းနေသည်၊ သစ်ကောင်သည် သူ့အစာဖြစ်သော ချေသတ္တဝါကလေး အစာစားနေသည်ကို မမြင်ချင်ပြု၍ ခပ်အေးအေးထွက်သွားသည်။ တောခွေးများသည် ယုန်ကလေးများ၏ အပါးမှ အားတုံ့အားနာ ခွာသွားကြသည်။

ဗုဒ္ဓအပါးမှ ခွာထွက်ခဲ့သော ငန်းမြွေက အံ့အားသင့်၍ ကြည့်နေသောမြေကြွက်ကို နှုတ်ဆက်သလို ကြည့်နေသည်။

(သပြေပင်တန်း)မှ စောင့်နေရသော နပန်းသမားနှစ်ယောက်မှာ အချိန်လင့်၍ ငြီးငွေ့လာကြပြီ၊

''ဟေ့—သူမလာယင်လဲ ငါတို့က လိုက်ကြရအောင်။သူလာရမယ့်လမ်းကို မှန်းနိုင်သားပဲ''

သွားပါများ ခရီးရောက်သလို နပန်းသမားနှစ်ယောက် ဗုဒ္ဓသခင်ကို ဖူးမြင်ကြရသည်။သူတို့သတ်ရမည့်သူက လူတယောက်၊ တွေ့ရသည်ကား ဗုဒ္ဓဘုရား၊ တရားအမြိုက်ကို ရလိုက်ကြရသည်။

သို့နှင့် လေးယောက်သောအဖွဲ့သည် လည်းကောင်း၊ ရှစ်ယောက်သော အဖွဲ့သည် လည်းကောင်း၊ တဆယ့်ခြောက်ယောက်သော အဖွဲ့သည်လည်းကောင်း အသီးသီး ဖူးတွေ့ အေးချမ်းခြင်း ခံစားကြရပြီ။

လက်မရွှံ့က ရှင်ဒေဝဒတ်ထံ ရဲဝံ့စွာပြန်လာပြီး လျှောက်သည်။

''ကျွန်ုပ်အား သတ်မှုလည်း သတ်တော့။ ဗုဒ္ဓသခင်အား မသတ်ဝံ့၊ မသတ်နိုင်၊ သူ့တပါးအသက်ဟုဆိုလျှင် ခြ၊ ပုရွက်မျကိုပင် သတ်လိုစိတ်မရှိတော့ပါ ဘုရား''

ရှင်ဒေဝဒတ်က လက်မရွှံ့အား တုန်လှုပ်ချောက်ချားစွာ အော်လွှတ်သည်။

''သွားစမ်း—သွားစမ်း၊ အဖြစ်မရှိတဲ့လူတွေ၊ သတ္တိကြောင်တဲ့လူတွေ၊ သင်တို့ကို အားကိုးမနေဘူး။ ငါကိုယ်တိုင် ဗုဒ္ဓကို လုပ်ကြံတော့မယ်''

ဤသို့ဖြင့် ရှင်ဒေဝဒတ်က မဟာလုပ်ကြံမှုအကြိမ်ကြိမ် အခါခါ ကြိုးစားခဲ့ငြားလည်း ဗုဒ္ဓသခင်၏ ဇီဝိတိန္ဒြေကို ခြွေနိုင် သတ်နိုင်သည်ဟူ၍ မရှိ။

ဗုဒ္ဓအရှင်တို့ မည်သည် သူတပါးလုံ့လဖြင့် ပရိနိဗ္ဗာန်စံရိုးမရှိ။

ဤမှန်ကန်သော သစ္စာစကား ကြောင့် လောကအတွင်း လူသားအချင်းချင်း လုပ်ကြံမှုမျိုး ကင်းကြပါစေသတည်း။ ။

(မဟာဗုဒ္ဓဝင်တော်ကို မှီငြမ်းပြုရပါသည်)

# ဗုဒ္ဓနှင့်ဒေဝဒတ်



''ဒေဝဒတ်ရဲ့ အကြောင်းကို မင်းပြောလိုက်တာနဲ့ ငါဖြင့် သူ့ကိုပဲ သနားနေမိတယ်၊ အလျင်ကတော့ ဒေဝဒတ်ဟာ ဗုဒ္ဓရဲ့ မဟာရန်သူကြီး၊ ဗုဒ္ဓကို အမြဲဘမ်း ဆန့်ကျင် ရန်လို ဖျက်ဆီးနေတာလို့ မြင်ခဲ့တာ၊ မင်း ပြော တော့ လဲ သူ့ အကြောင်းနဲ့သူ ကရုဏာဖြစ်စရာပါလားကွာ''

''အခယ်....ငါ့သူငယ်ချင်း အတော် လိမ္မာလာမှပဲ၊ သာဓု-သာဓု''

''မင်းကဲ့တော့လုပ်ပြီ၊ ဒေဝဒတ်ကို သနားဘယ်ဆိုတာနဲ့ အဝိစိကိုလိုက်ဖို့ အားပေးနေတာလား''

''မဟုတ်ပါဘူး၊ တကယ်ဝမ်းသာလို့ သာဓုခေါ်ရတာပါ''

''နားလည်အောင်ပြောကွ ၊ မင်းကလဲ''

''အရှင်းကြီးပဲကွ၊ ဗုဒ္ဓကိုယ်တော်မြတ်ဟာ မုန်းတီးသောစိတ်၊ ရန်လိုတဲ့စိတ်၊ လက်စားချေသောစိတ်မျိုးကို ချီးမွမ်းသလား။ ခွင့်လွှတ်သောစိတ်၊ သည်းခံသောစိတ်၊ မေတ္တာ ရှေးရှုသောစိတ်မျိုးကို ချီးမွမ်းသလား''

''သည်းခံသောစိတ်၊ မေတ္တာထားသောစိတ်မျိုးကို ချီးမွမ်းတာပေါ့''

''အေး....ဒါကြောင့် ဗုဒ္ဓမြတ်စွာ လိုလားတော်မူတဲ့ စိတ်အစဉ်ကို မင်းကိုယ်တိုင် လိုက်နာကျင့်သုံးဖော်ရလို့မို့ မင်းကို ချီးမွမ်းလိုက်တာရှင်းပြီလား''

''ငါ့ကို မြှောက်စရာမရှိ မြှောက်ပင့်နေပြန်ပါပြီ''

''မြှောက်နေတာ မဟုတ်ဘူး၊ မှန်တာပြောနေတာ၊ ဒီမှာ ငါပြောမယ်၊ ဗုဒ္ဓဟောတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်အထဲမှာ အလွန့်အလွန် ဖြူစင် သန့် ရှင်း သောကျင့်စဉ်ကျင့်နည်း တရားအစုကို (ဝိသုဒ္ဓိမဂ်)လို့ ခေါ်တယ်၊ အဲသည်မှာ သီလ၏ ဖြူစင်ခြင်း၊ သမာဓိ၏စင်ကြယ်ခြင်း၊ ပညာ၏စင်ကြယ်ခြင်း ရယ်လို့ အပိုင်းသုံးပိုင်းခွဲခြားဟောထားတယ်၊ အဲ့သည့်ဒေသနာတော်ကြီး၏ ကောင်းလွန်းပုံကဖြင့် (ဝိသုဒ္ဓိမဂ်ကို ကြေကြေညက်ညက် တက်ပြီးတဲ့ ရဟန်းဆိုလျှင် လူထွက်လျှင်ထွက်၊ လူမထွက်လျှင် တောထွက်တတ်တယ်)လို့ ရှေးဆရာတော်ကြီးများ အဆိုအမိန့်ရှိတော်မူဖူးသတဲ့''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့(စရဏ)ဆိုတဲ့ စိတ်နေစိတ်ထား၊ ကိုယ်ကျင့်တရားတွေကို စေ့စေ့စပ်စပ် သိပ်သိပ်သည်းသည်း ဟောထားလေတော့ သာသနာတော်ကိုကြည်ညိုပြီး မဂ်ဖိုလ်ဝင် ကျင့်ချင်တဲ့ အာဇာနည် ကိုယ်တော်တို့

မှာ အရည်ကင်တောသို့ဝင်ပြီး ပဋိပတ်ဝိပဿနာ ဓုရကို ကျင့်ဆောင်တော်မူကြတယ်၊ ဒါမှမဟုတ် ရဟန်းသိက္ခာ မြောက်မြားစွာကို ဗုဒ္ဓအလိုတော် အတိုင်း ဆံခြည်မလွဲ ကျင့်နိုင်ခဲ့ပါဘိလို့ စိတ် ပျက် အား လျော့ တဲ့ ပုဂ္ဂိုလ်များ ကျတော့လဲ သိက္ခာချပြီး လူဝတ်ကြောင်အဖြစ်နဲ့ပဲ သာသနာ တော်ကို တဘက်တလမ်းက အကျိုးဆောင်တော့ သတဲ့၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကို ကြေကြေညက် ညက် တက်ပြီးတဲ့ ရဟန်းများ တောထွက်လျှင် ထွက်၊ တောမထွက်လျှင် လူထွက်တတ်ကြတယ် လို့ ဆိုတော်မူကြတာ●''

''အခု မင်းပြောတာနဲ့ ဒေဝဒတ်ကို ငါ သနားတယ်ဆိုတာနဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့၊ မေတ္တာဆိုတဲ့ ဗြဟ္မစိုရ်တရား ကိုပြောချင်လို့ ဝိသုဒ္ဓိမဂ်အကြောင်းကိုစရတာ၊ အဲသည်ကျမ်းမှာ ပြည့်ပြည့်စုံစုံ ဟောထားလို့ ပါ၊ ဘုရားအစရှိသော သူတော်ကောင်းမှန်သမျှ ကမ္ဘာ့ကမ္ဘာ၊ ဘဝ,ဘဝတိုင်းမှာ အမြဲ လက် ကိုင်ပြုတော်မူကြတဲ့ သဘောထားပေါ့''

''ဘယ်လိုသဘောထားလဲ''

''တို့နာ လည်နေကြတာက မေတ္တာဆိုလျှင် အချစ်စိတ်၊ ရာဂစိတ်၊ တဏှာစိတ်တွေနဲ့ ရော ထွေးနေကြတယ်၊ နောက်ပြီး သူချစ်လို့ ကိုယ်က ပြန်ချစ်တယ်၊ ကိုယ်ကချစ်လို့ သူက ပြန်ချစ်စေ လိုတယ်၊ တဦးမေတ္တာ တဦးမှာဆိုတဲ့စကားမျိုး၊ သူတော်မှ ကိုယ်က ကောင်းမယ်ဆိုတဲ့ အယူအဆ မျိုး၊ အဲသည့် စိတ်နေ စိတ်ထားတွေဟာ ဗုဒ္ဓ၏ အလိုတော်နှင့်ညီညွတ်တဲ့ မေတ္တာမျိုးမဟုတ်ဘူး၊ ကိုယ့်အကျိုး ကိုယ့်ဆန္ဒကို တောင့် တ နေ တဲ့ အပြစ်တွေ မကင်းလို့ပဲ''

''မင်းပြောလိုတာက မေတ္တာဆိုလျှင် အတ္တ မဆန်ရဘူး၊ ဒီလိုလား''

''ဟုတ်တယ်''

''ဒါဖြင့် မေတ္တာပို့ထဲမှာ စ,စချင်း (အဟံ အဝေရောဟောမိ၊ အဗျာပဇ္ဇောဟောမိ)လို့ ဆိုကြတယ် မဟုတ်လား၊ အဓိပ္ပာယ်က ငါ့မှာ ရန်မရှိကြပါစေနဲ့၊ စိုးရိမ်စရာ မတွေ့ပါရစေနဲ့– တဲ့၊ ကိုယ့်အတွက် ကိုယ် တောင့်တ နေ ကြ ပြီ မဟုတ်လား''

''အေး....ငါလဲ အစက ဒီလို ထင်ခဲ့မိတာပဲ၊ အဲသည့်စကားကိုထောက်ပြီး (အတ္တဟိတ–ပရ ဟိတ)ဆိုတာ ကိုယ့်အကျိုးကို ပထမကြည့်ရမယ်၊ ကိုယ့်အကျိုးရှိပြီးမှ သူများအကျိုးကို လုပ်ပေး ရမယ်၊ ဒါကြောင့် ကိုယ့်အတွက်သာ ရှေ့တန်း တင်ရမယ်ဆိုတဲ့ သဘောတရားတွေ လက်ခံလာ မိတယ်'' •

''နို့....မဟုတ်ဘူးလား''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် တို့ထင် သလိုမဟုတ်ဘူး၊ ဝိသုဒ္ဓိမဂ်ကို မြန်မာပြန်ထားတဲ့ ဆရာတော် ဘုရားကြီးများ၏ ကျေးဇူးကြောင့် ငါလဲ သဘောပေါက်ခဲ့ရတယ်၊ အခု ငါသဘော ပေါက်သသို မင့်ကိုပြောမယ်၊ သတ္တဝါအများ ချမ်းသာကြပါစေ–လို့ မေတ္တာမပို့မီ ကိုယ့်ကို ကိုယ်ချမ်းသာပါရစေလို့ ဆန္ဒပြုရတာက ကိုယ့် တကိုယ်ကောင်းစိတ်နဲ့ ဆန္ဒမပြုရဘူးတဲ့၊ ကိုယ် ကျန်းမာစွာ ချမ်းသာမှ (ချမ်းသာ)ဆိုတာ ငွေ ကြေးစည်းစိမ် ချမ်းသာတာကိုဆိုလိုတာ မဟုတ် ဘူးနော်၊ ကိုယ်စိတ် ချမ်းသာ ရွှင်လန်းတာကို ပြောတာ၊ အဲ–ကိုယ့်စိတ် ကိုယ့်ကိုယ် ကျန်းမာ ချမ်းသာမှ သတ္တဝါတွေ၏အကျိုးကို ဆောင်ရွက် နိုင်မှာ၊ မေတ္တာစိတ်ထားနိုင်မှာမို့ ကိုယ့်ကိုယ်ကို ဦးစွာ ဆန္ဒပြုရတာ ဖြစ်တယ်တဲ့၊ ကဲ...ရှင်းပြီ လား''

''အေး...သူတပါး အကျိုးကို လုပ်ဖို့ သက် သက်ဆိုပါတော့''

''အေး ...မင့်(ဆိုပါတော့)ဆိုတဲ့ အသံထဲမှာ တောင် သိပ် ဘဝင်ကျတဲ့အသံမပါတာ သိသာ

နေပြီ၊ ဒါက မင်းတို့ငါတို့တတွေရဲ့ စိတ်ကိုကွ၊ ဒါကြောင့် မေတ္တာပို့တယ်၊ မေတ္တာ ဘာဝနာ စီးဖြန်းတယ်၊ မေတ္တာပါရမီဖြည့်တယ်ဆိုတဲ့ ပါရမီလုပ်ငန်းတွေဟာ အပြော လွယ် သလောက် လက်တွေ့မှာ အလုပ်လုပ်ရ အင်မတန်ခက်တယ်၊ ဘော်ရုံသူတွေနတ်တွေ မကျင့်နိုင်ကြဘူး၊ ဘုရား အရိယာတို့ရဲ့စိတ်ကောင်းစင်စစ်ကြီးကွ အဲသည့် မေတ္တာရမှ ကရုဏာတက်ရတယ်၊ ကရုဏာက မုဒိတာ ဖြစ်ရတယ်၊ နောက်ဆုံး ဥပေက္ခာဆိုတဲ့ အဆင့် ရောက်လာတဲ့ အခါကျတော့ ခန္တီဆိုတဲ့ အဘိုင်းမသိ အနိုင်းမရှိတဲ့ သည်းခံခြင်းတရားကို လက်မလွှတ်တော့ပါဘူး၊ ဒါတောင် မေတ္တာ အယောင်ဆောင်တဲ့ ရာဂစိတ်တွေ ဖြစ်လာတတ်သေးတယ်၊ ကုန်ကုန်ပြောရလျှင် မိဘက သားသမီးကိုချစ်တာ၊ သားသမီးက မိဘကိုတွယ်တာတာတွေတောင် တကဲ့ပြဟ္မစိုရ်တရားအစစ်မဟုတ်တတ်ဘူးတဲ့''

''နေပါဦး၊ မေတ္တာသုတ်ထဲမှာ(ဧကပုတ္တမနုရက္ခေ)လို့ ဆိုတာကျတော့ကော၊ အမိပွားယ်က တယောက်တည်းသောသားကို မိခင်က စောင့်ရှောက်သကဲ့သို့-လို့ ပြောတာမဟုတ်ဘူးလား''

''ဟုတ်တယ်၊ ဒါက ဥပမာ တင်စားပြောတာ၊ တကယ် မိခင်က တကယ့် သားကိုထားတဲ့ မေတ္တာကို ပြောတာမဟုတ်ဘူး၊ သွေးမတော်သားမစပ်ပါပဲလျက် အဲသလိုစိတ်မျိုးထားရမယ်လို့ ပြောတာ၊ တကယ့် မိခင်က ကိုယ့် သားကို ချစ်တာမျိုး၊ တကယ့်သားက ကိုယ့်မိဘကိုချစ်တာမျိုးမှာ ရာဂက မေတ္တာယောင် ဆောင်နေတာ ဖြစ်တယ်၊ ဗြဟ္မစိုရ် တရားအစစ်မဟုတ်ဘူး''

''ကဲ...ဗုဒ္ဓနဲ့ ဒေဝဒတ်အကြောင်း ဆက်ပါဦး....''

''ဆက်ပြောရမယ်ဆိုသင် မင်း အခုနပြောတယ်၊ ဒေဝဒတ်ဟာ ဗုဒ္ဓကိုအမြဲရန်လုပ်၊ အမြဲဆန့်ကျင်နေတဲ့အတွက် မုန်းခဲ့တယ်....လို့''

''အေး....ဟုတ်တယ်''

''အဲသည်မှာ မေတ္တာပျက်၍ အမျက်ရန်ငြိုးထားတတ်သောအကြောင်း ၉-ပါးရှိတယ်၊ မိမိကို တဦးတယောက်က ယခင်ကလဲ အကျိုးယုတ်အောင်လုပ်ခဲ့တယ်၊ အခုလဲ လုပ်နေဆဲဖြစ်တယ်၊ နောင်လဲ လုပ်လိမ့်ဦးမယ်....ဆိုတာက သုံးပါး၊ မိမိချစ်တဲ့လူကိုလဲ ထိုတဦးတယောက်က ယခင်ကလဲအကျိုးယုတ်အောင် လုပ်ခဲ့ဖူးတယ်၊ အခုလဲ လုပ်နေဆဲဖြစ်တယ်၊ နောင်လဲ လုပ်နေဦးမှာဖြစ်တယ်....ဆိုတာက သုံးပါး၊ မိမိ၏ရန်သူ (သို့မဟုတ်-မိမိက မုန်းတီးနေသူ) အား ထို တဦးတယောက်က ယခင်ကလဲ အကျိုးရှိအောင်လုပ်ပေးခဲ့တယ်၊ ယခုလဲ လုပ်ပေးနေဆဲ ဖြစ်တယ်၊ နောင်လဲ လုပ်ပေးနေဦးမှာဖြစ်တယ်....ဆိုတာက သုံးပါး၊ အဲ့သည့် မျက်ငြိုးကိုးတန်နှင့် စစ်ကြည့်လိုက်လျှင် ဒေဝဒတ် ကို မင်းမုန်းတီးနေတာဟာ မင်းချစ်တဲ့၊ မင်းကြည်ညိုတဲ့ ဗုဒ္ဓသခင်ကိုအကျိုးယုတ်အောင် လုပ်တယ်ထင်လို့ မုန်းတာ ဟုတ်မဟုတ် ပြောစမ်း''

''ဟုတ်တယ်၊ ငါတို့ ကြည်ညိုနေတဲ့ ဗုဒ္ဓကို နှိပ်စက်ဖျက်ဆီးလို့ မုန်းတာ''

''အေး....အဲ့ဒါအဖြေပေါ်တာပဲ၊ ဒါဖြင့် ဗုဒ္ဓသခင်က ဒေဝဒတ်ကို မုန်းသလား၊ အငြိုးအတေးထားသလား''

''မုန်းတော်မမူပါဘူး၊ အငြိုးအတေးထားတော်မမူပါဘူး''

''ဒါဖြင့် ကိုယ်တိုင်ခံရတဲ့ ဗုဒ္ဓက မုန်းတော်မမူ၊ အငြိုးအတေးထားတော်မမူတဲ့ဟာကို မင်းက ဘာဖြစ်လို့ ကြားထဲက ဒေါမနဿဖြစ်ရတာလဲ''

''ကိုယ် ကြည်ညိုမြတ်နိုးတဲ့ပုဂ္ဂိုလ်ကို သူက အကျိုးယုတ်စေလို့ပေါ့''

''နေပါဦး၊ ဗုဒ္ဓမှာ ဒေဝဒတ်ကြောင့် ဘယ်နေရာမှာ အကျိုးယုတ်ခဲ့တယ်လို့ ဟောတော်မူခဲ့သလဲ၊ အဲ....ဗုဒ္ဓကို အဇာတသတ်နှင့် ပေါင်းပြီး

သကြောင်းကြုံခဲ့တာတွေရှိပါတယ်၊ ဒါပေမယ့် ဗုဒ္ဓမှာ ဘယ်လိုမှ ကာယိကဒုက္ခ–စေတသိကဒုက္ခ ဖြစ်ဘော်မူခြင်း မရှိခဲ့ဘူး"

"ဟာ....ဒါဘော့ မင်း အထင်နဲ့ ပြောနေတာပဲ"

"ဟေ့...မင်းသာ မင်းစိတ်နဲ့နှိုင်းပြီး ပြောနေဘာကွ၊ အဘုလ်။ အတုမရှိ....လို့ ဘုရားရှိခိုးကြဘာ ပြန်စဉ်းစား၊ ဒါဆိုလျှင် မင်း ဒေဝဒတ်အပေါ် ဗုဒ္ဓခွင့်လွှတ်တဲ့စိတ်ကို နားလည်လိမ့်မယ်၊ နေဦး.... စိန္တိတံသတ္တသချေယံ၊ နဝသချေယဝါစကံ–ဆိုတဲ့ ပါဠိလောက်တော့ ပြောပါရစေ၊ ဘုရားဖြစ်ချင်သောစိတ်၊ စိတ်တွင်းဂ ဆုတောင်းဆန္ဒပြုခဲ့ဘာဟာ၊ ဘဝ–ဘဝပေါင်း ခုနစ်သချေတဲ့ နှုတ်ဖွင့်ဆိုဆန္ဒပြုခဲ့ ဘာက ကိုးသချေတဲ့၊ ကိုယ်နှုတ်နှလုံး ပါရမီတွေ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့တာက လေးသချေတဲ့၊ ဒါကို မင်း ယုံမှားရှိသလား၊ ကဲ–"

"မရှိပါဘူးကွာ"

"အေး...ယုံမှားမရှိဘူးဆိုမှငါထပ်မေးမယ်၊ သူ ဘယ်အတွက် ဘုရားဖြစ်ချင်ခဲ့တာလဲ၊ သူ့ အကျိုးအတွက်လား၊ သတ္တဝါဝေနေယျ အကျိုးအတွက်လား"

"သတ္တဝါဝေနေယျတို့ အကျိုး အတွက်ပေါ့ကွာ...."

'ဟုတ်ပြီ၊ ဒီပင်္ကရာ ဗုဒ္ဓထံမှာ ဘုရားဆုမတောင်းပဲနှင့် သံသရာမှာ ကိုယ်လွတ်ရန်းထွက်နိုင်လောက်သော အခြေခံကြီးရှိ–ရှိ မင်းအသိသားပဲ၊ အဲသည် ပရဟိတစိတ်ကြီးသည်ပင်လျှင် ငါတို့နှင့် မနှိုင်းအပ်သော မဟာကရုဏာတော်ကြီးပါကွာ၊ နောက်ဆုံးစကား ငါပြောမယ်၊ ဗုဒ္ဓအဖြစ်နှင့် ဒေဝဒတ်၏ အန္တရာယ် ပြုတာလောက်များ သည်းခံစိတ် ထားတော်မူနိုင်တာ ဘာဘုဘ်သေးသလဲ၊ မြောက်မင်း ဘဝမှာတုန်းက မဟာပထဝီမြေကြီးလို သည်းခံတော်မူခဲ့တာ ပြန်တွေးကြည့်ကွာ၊ ချောက်ထဲကျသော ဒေဝဒတ်အလောင်း မုဆိုးကြီးကို ချောက်ထဲက ကျောပိုးပြီး တင်ပေးခဲ့တယ်၊ ကုန်းပေါ်ရောက်လို့ အသက်ချမ်းသာရရတော့ အိမ်ရောက်လျှင် သားမယားစားရအောင် မျောက်သားကို လိုချင်ဘာနဲ့ မျောက်မင်း၏ခေါင်းကို ကျောက်ခဲနှင့် ထုသတ်တယ်၊ အသက်မသေပဲ သစ်ပင်ပေါ် တက်ပြေးရတယ်၊ အဲသည်နောက်လဲ မုဆိုးကြီးမှာ တောထဲ မျက်စိလည်နေပြန်ဘော့ လမ်းပြပေးဖို့ ဘောင်ပန်ရပြန်တယ်၊ အဲဒါက ဘုရားလောင်းက (မြေပြင်ကိုတော့ ဆင်းမပြုဝံ့တော့ပါဘူး၊ ငါက သစ်ပင်တင်မှ တပင်သို့ ကူး၍ပြသွားပါမယ်။ ငါ၏ ဦးခေါင်းဒဏ်ရာမှ သွေးစက်တွေကိုသာ ခြေရာခံပြီး လိုက်ခဲ့ပေတော့)လို့ ပြောပြီး လမ်းပြလိုက်ရပါသေးတယ်–ဆိုတာကို မင်းက ယုတ္တိမရှိလို့ မယုံနိုင်ပါဘူးလို့ ပြောလျှင်ဖြင့် မင်းနဲ့ ဆက်ဆွေးနွေးစရာ မရှိတော့ပါဘူးကွာ"

"အမယ်....မောင် မင်း ကြီး သား....ငါ့ကို ဓမ္မန္တရာယ်ဖြစ်အောင် ပိဋကတ်နဲ့တော့ လှည့်မတိုက်ပါနဲ့"

"ဟေး....ဟေး၊ တရားတော်နဲ့ အကာအကွယ်ယူခြင်း မဟုတ်ပါဘူးကွာ၊ ဒါက ယုံမှ ဗုဒ္ဓကိုယ်တော်တိုင်ရဲ့ စိတ်စေတနာကို နှိုင်းယှဉ်နိုင်မှာဖြစ်လို့ ပြောရတာပါ သူငယ်ချင်းရာ၊ အဲဒါ အတုလ်–အတုမရှိပဲ ပါရမီ ဆယ်ပါးဆိုဘာ ဒါနပါရမီဖြစ်ဖြစ်၊ သီလပါရမီဖြစ်ဖြစ်ပေါ့ကွာ၊ သူတဦးတယောက် မရှိပဲ ဖြည့်ကျင့်နိုင်တဲ့ ပါရမီမျိုး ရှိသလို၊ သူတဦးဘယောက် မပါရှိပဲ မဖြည့်နိုင်တဲ့ ပါရမီမျိုးလဲ ရှိတယ် သူငယ်ချင်းရ၊ ဥပမာကွာ....သီလပါရမီမှာ ကိုယ်တဦးတည်း ကျင့်သုံး ဆောက်တည်နိုင်ပါတယ်၊ ဒါနပါရမီလိုဟာကျတော့ အလှူခံ မတွေ့မရှိလျှင် အဲသည့်ပါရမီမြောက်အောင် လုပ်ချင်လို့

ကိုမရဘူး၊ မင်း စဉ်းစားစမ်း၊ အလှူခံ မရှိပဲ ဘယ်လိုလုပ်ပြီး အလှူပေးမလဲ''

''အေး....ဟုတ်တယ်ကွ''

''ဒါကြောင့် ဝေဿန္တရာမင်းဘဝမှ ပစ္စယ ဆင်ဖြူတော်ကိုလှူလို့ ဝက်ပါဒေါင်ကို ထွက် ခဲ့ရတယ်၊ တောထဲမှာ ကိုယ့်မိဖုရား ကိုယ့်သား သမီးတွေနှင့်သာ နေနေရတုန်း ဇူဇကာပုဏ္ဏား ကြီး သားသမီးအလှူခံ ရောက်လာတာကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်တာလို့ ပြော တာ ယုတ္တိမရှိနိုင်ဘူးလား၊ အလှူခံတဲ့ ပုဂ္ဂိုလ် ကိုပင်လျှင် ကျေးဇူးတင်ပါတယ်ဆိုတာ မင့်ကို လယ်တီဆရာတော်ဘုရားကြီးနှင့်ပဲ သက်သေပြ ရတော့မယ်''

''ဘယ်လိုလဲကွ....ပြောစမ်းပါဦး''

''လယ်တီဆရာတော်ဆိုတော့ အခု ငါတို့ ခေတ်နော်''

''ဟုတ်ပါတယ်၊ မင်းတို့ ငါတို့တောင် မီ လိုက်သေးတာပဲ၊ ပြောမှာ ပြောပါ''

''အလှူခံပုဂ္ဂိုလ်မရှိလျှင် ဒါနပါရမီ မလုပ် နိုင်တဲ့အကြောင်းပါ''

''ဟုတ်ပါပြီ၊ ငါစိတ်ဝင်စားသည်ထက် ဝင် စားအောင် လုပ်နေပြန်ပါပြီ''

''ဟဲ-ဟဲ၊ ဒါမှ မင်း လေးလေးနက်နက် စဉ်စားမှာ၊ ကဲ....လယ်တီဆရာတော်ဘုရားကြီး ဆိုလျှင် ဂန္ထဓုရ၊ ဝိပဿနာဓုရ အလုပ်နှင့် မြန်မာနိုင်ငံဘန်းဘလျား အနှံ့သွားပြီး သာသနာ ပြုခဲ့တဲ့ ပုဂ္ဂိုလ်ကြီးနော်''

''ဟုတ်ပါတယ်၊ ဝိပဿနာ လုပ်ငန်းမှာ ဆရာတော်ကြီး၏ ကျင့်စဉ်အတိုင်း ကျင့်ဆောင် နေကြဆဲပါ''

''အဲသည့် ဆရာတော်ကြီး သီတင်းသုံးတဲ့ မုံရွာလယ်တီ ကျောင်းတိုက်ကြီးမှာ စာသင် စာချ သံဃာတော်များ နှစ်ရာသုံးရာခန့်ရှိသတဲ့၊ အဲသည့် ကျောင်း တိုက် ကြီး ထဲ က ကျောင်း ကလေးတိုင်းမှာ သံဃာတော်များအတွက် ခြေ ဆေးရေ၊ ချိုးရေ၊ ကုန်ကုန်ပြောရလျှင် ကုဋီမှာ သုံးရတဲ့ သန့်သင်္ဘောရေကအစ ရေအိုး ရေစည် တိုင်း နံနက်အရုဏ်တက်လျှင် ရေအပြည့်ရှိနေ တတ်သတဲ့ကွ၊ အဆင်သင့် တွေ့နေတော့လဲ အချို့ သံဃာတော်တွေဟာ အမှုမဲ့ အမှတ်မဲ့ လွယ်လွယ်ပဲ အသုံးပြုခဲ့ကြသတဲ့၊ တနေ့တော့ အိပ်မပျော်တဲ့ ဦးပဉ္စင်းတပါးက အရုဏ်မတက်မီ နာရီပြန်နှစ်ချက်လောက် အချိန်ကြီးမှာ လယ်တီ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေအိုး တိုင်း ရေဖြည့်နေတာ တွေ့ပါလေရော''

''ဟာ....ဆ ရာ တော် ကြီးက ရေထည့်ပေး နေတယ်၊ ဟုတ်လား''

''ဟုတ်တယ်၊ ဆရာတော်ကြီးကိုယ်တိုင် ရေ လောင်းထည့်နေတာ၊ အစကတော့ ဘယ်သူ ထည့်သလိုလို၊ ဘယ်ဝါထည့်သလိုလိုနဲ့ အမှတ် ဘမဲ့ သုံးလာခဲ့ကြဘာ နေ့တိုင်းပဲကို''

''ဒီတော့...''

''ဒီတော့....တွေ့တဲ့ဦးပဉ္စင်းဟာ ကပျာကယာ လာပြီး အရှင်ဘုရား၊ တပည့်တော် ပြုပါရစေ ဘုရားလို့ လျှောက်တဲ့အခါ ဆရာတော်ဘုရား ကြီးက 'ဟဲ့...မောင်ပဉ္စင်း၊ မင့်အလုပ်မင်းလုပ်၊ ငါ့အလုပ် ငါလုပ်နေတာ လာမရှုပ်နဲ့၊ နောက် ပြီး အခုလိုငါလုပ်နေတာ ဘယ်သူမှ မသိစေနဲ့- လို့ပြောလိုက်သတဲ့''

''ဟောဗျာ....အဲဒီတော့....''

''အဲသလို ပြောလိုက်ပေမယ့်လဲ ဦးပဉ္စင်းက မနေနိုင်ဘူးလေ၊ ဘယ်နှယ် ကျောင်းတိုက်ကြီး ရဲ့ အဓိပတိ မိမိတို့၏ လောကုတ္တရာ အမွေပေး နေသော အနန္တောအနန္တဂိုဏ်းဝင် ဆရာတော် အရှင်သခင် ကျေးဇူး ရှင်ကြီး မဟုတ်လား''

''ဟုတ်တာပေါ့ကွာ၊ ဟုတ်တာပေါ့''

''အဲသလိုဖအေလို မှတ်ရမယ့် ပုဂ္ဂိုလ်ကြီး ခပ်တဲ့ရေကို ဘယ်သူကခြေဆေးဝံ့တော့မှာလဲ၊

တပါးက တပါး ကျိတ်ကျိတ်ပြောကြလို့ သိပြီး တကျောင်းလုံး မသုံးဝံ့ကြတော့ဘူးလေ''

''အေးပေါ့၊ အသုံးဝံ့ကြတော့မလဲ၊ ကိုယ်ကသာ ဝတ်ကြီးဝတ်ငယ် ပြုရမယ့်ဟာကို''

''အေး-အဲသလို သုံးမယ့်သူမရှိသို့ ရေခပ်ပြီး မဖြည့်ရတော့၊ ဆရာတော်ကြီးက တနေ့ သံဃာတော်တွေကို တုံးခေါက်ခေါ် စည်းဝေးစေပြီး ဘောင်းမန်သတဲ့ကွာ''

''ဘယ်လို တောင်းပန်သလဲ၊ ပြောစမ်းပါဦး''

''အရှင်ဘုရားတို့တဲ့''

''ဟာ-ဆရာတော်ကြီးက တပည့်တွေကိုအရှင်ဘုရားလို့ သုံးသလား''

''အေး—အဲဒါမျိုးကအစ တို့စိတ်၊ တို့အကျင့်နဲ့ ကွာကြတာပေါ့ကွာ၊ ကိုယ့်တပည့်ပဲဖြစ်စေကာမူ သံဃာတော်ငါးပါး ဆယ်ပါးကကျော်လျှင် အဲသည့် အစုအဝေးကို အလေးအမြတ်ပြုပြီး သံဃာတော်ဟူသော အမှတ်နှင့် မိမိကိုယ်ကိုနှိမ့်ချပြီး ဆက်ဆံတော်မူကြတယ်ကွ''

''ဗုဒ္ဓကတော့ ရဟန်းများကို 'ငါ၏ချစ်သားရဟန်းများ' လို့ ခေါ်တယ်နော်''

''မင်းဘယ်မှာတွေ့ဖူးသလဲ''

''ကျမ်းစာတွေမှာလေ၊ ဘိက္ခဝေ ငါ၏ချစ်သား ရဟန်းများလို့ ဆိုတယ်မဟုတ်လား''

''အေး....ပါဠိလို ဘိက္ခဝေလို့ ခေါ်တာပါ၊ ဘိက္ခုဆိုတာ ရဟန်းတပါးတည်း၊ ဘိက္ခဝေဆိုတာ ရဟန်းအများကို ဆိုတာ၊ အဲသည့်မှာ ဘိက္ခုဆိုတဲ့အနက်က သံသရာဘေးကို ရှုတတ်သော ပုဂ္ဂိုလ်လို့ဆိုတယ်၊ ဒါပဲ၊ ချစ်သားဆိုတဲ့စကားလုံးမပါဘူး၊ ဒါပေမယ့် ချစ်သားဆိုတဲ့ အသုံးအနှုန်းကို ဆရာတော်ကြီးများက ဗုဒ္ဓကို မွေးသဖခင်ကျေးဇူးရှင်ကြီး အမှတ်ထင်ပေါ်စေလို၍ ဂါရဝဖြစ်အောင် အနက်ပြုပြီး ဘာသာပြန်ခဲ့ကြတာ ဖြစ်စရာရှိပါတယ်''

''သြော်....သြော်....''

''ကဲပါကွာ-ဆရာတော်ကြီးက အရှင်ဘုရားတို့တဲ့၊ တပည့်တော်ဟာ ရေဒါနပြုလို၍ နိစ္စဗဒ်ရေဖြည့်ပေးနေတာပါတဲ့၊ ဒါကိုအရှင်ဘုရားတို့က တပည့်တော်ကိုရိုသေလို့ မသုံးဝံ့ကြလို့ မသုံးကြဘူးဆိုလျှင်တပည့်တော်ရဲ့ ဒါနသာပျက်စရာရှိပါတယ်တဲ့၊ ဒါကြောင့် တပည့်တော်ရဲ့ အကျိုးကိုလိုလားတော်မူကြပါလျှင်ဖောဖောသီသီသုံးပေးတော်မူကြပါ၊ တောင်းပန်ပါတယ်တဲ့ဗျား၊ အဲသလို တောင်းပန်ပြီး နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ရေဒါန လုပ်သွားသတဲ့''

''အေး- အံ့ရော အံ့ရော၊ တို့လို လူတွေနဲ့ တခြားစီပါကလားကွာ''

''အေး-အဲဒါ ငါပြောချင်တာ၊ ဒီတော့ဒါန အရာ မြောက်အောင်အလှူခံပုဂ္ဂိုလ် ရှိမှဖြစ်တယ် ခန္တီပါရမီ ဖြစ်အောင် (သောကစကို သည်းခံခြင်းမှ အပ) အခါအခွင့် အားလျော်စွာ မိမိအပေါ်မှာ နှိပ်စက်တဲ့ ပုဂ္ဂိုလ်ပေါ်ပေါက်လာမှဖြစ်ဘယ်။ ဒီတော့မှ ငါဘယ်၍ဘယ်မျှ သည်းခံနိုင်စွမ်း ရှိသည်လဲလို့ မိမိကိုယ်မိမိ မှတ်ကျောက်တင်နိုင်မှာ ဖြစ်တယ်တဲ့။ အဲသလို သဘောထား အယူအဆနဲ့ ဆိုလျှင် ဘုရားအလောင်းတော်ကြီးများ ဘယ်လို စိတ်ထားနဲ့ ဥပေက္ခာပါရမီ ဖြည့်တော်မူကြမယ် ဆိုတာမင်း ဟာမင်းတွေးသာယူပေတော့''

''ဟုတ်ပါတယ်ကွာ....ဟုတ်ပါတယ်၊ ငါ—မင်းတွေးသလို မတွေးကြည့်ခဲ့မိဘူး၊ ကျေးဇူးတင်လိုက်တာ''

''ဟေ့ကောင်....ငါ့ကို ပင့်မနေနဲ့၊ တို့ဆွေးနွေးတာကို အဆုံးသတ်ရမယ်ဆိုယင် ဒေဝဒတ်ကို ဗုဒ္ဓကိုယ်တော်က သူ့အပေါ် ဘယ်လိုပဲ အကျိုးပျက်ရာ ပျက်ကြောင်း လုပ်ပေမယ့် မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဖြည့်ဆည်းခဲ့တဲ့ ဘဝပေါင်း တော်တော်များများမှာ ဒေဝဒတ်

ကိုအနိုင်ပေးပြီး သည်းခံတော်မခဲ့တယ်၊ ခွင့်လွှတ်တော်မူခဲ့တယ်၊ ဒါကြောင့်ဒေဝဒတ်က ပြစ်မှားသမျှဟာ ဗုဒ္ဓကိုယ်တော်အဖို့တော့ အကျိုးယုတ်ခဲ့တယ်လို့ မရှိခဲ့ဘူး၊ ကာယိကဝေဒနာ၊ စေတသိက ဝေဒနာ ဖြစ်တော်မမူပါဘူးလို့ ငါ ပြောနိုင်တာပေါ့၊ မဟုတ်ဘူးလား''

''အေး...ငါကျေနပ်သွားပြီ၊ သို့ပေမယ့်.... အဇာတသတ် ခမျာမှာတော့ ဒုက္ခ ရောက်ရရှာတယ်နော်''

''ဒါပေါ့၊ ဒါကြောင့် လောကမှာ အရေးအကြီးဆုံးက မသူတော်နဲ့ မပေါင်းမိဖို့ပဲ၊ မင်္ဂလသုတ်မှာကြည့်၊ မသူတော်နှင့် မပေါင်းဖို့က ပထမဟောတယ်၊ နောက်တဆင့်ကျမှ ပညာရှိကို ဆည်းကပ်ပါလို့ ဒုတိယအနေနဲ့ဘုရားဟောတာ၊ သဘောက မသူတော်နှင့် ပေါင်းပြီး အမှားမှားအယွင်းယွင်းဖြစ်ပြီးမှ ပညာရှိ သူတော်ကောင်းနှင့် တွေ့ကြုံဆည်းကပ်ဦး၊ အပ်နှင့် ထွင်ရမှာကို ပုဆိန်နဲ့ပေါက်ယူရတာတတ်တယ်''

''အသေဝနာစဗာလာနံ.... ဆိုတဲ့ လူမိုက်နဲ့ မသူတော်နဲ့ အတူတူပဲလား''

''အေး....အတူဘူပဲ၊လူမိုက်ဆိုတာအကုသိုလ် ကုသိုလ်ကို ခွဲခြားမသိပဲ၊ မသိနိုင်အောင်ပဲ ကိုယ့်လိုဘ တခုတည်းသာ ကြည့်ပြီး ပြုလေ့ရှိတဲ့လူပေါ့ကွာ၊ဘယ်လောက်ပဲပညာတတ်တတ်၊ ဘယ်မျှပဲ ဂုဏ်ရှိရှိ၊ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ကိုယ့်လိုဘ တခုဘည်းသာကြည့်လျှင် သူဘပါးအပေါ်မှာ မရှုဆိုမနာလို ဖြစ်လာတတ်ကြတယ်၊ အဲသည့်အခါမှာ နိုင်လိုမင်းထက် လုပ်ချင်လာတတ်တယ်။ ပညာရှိ လူကြီး သူမများ လွယ်လွယ်ကလေး ပြောထားတဲ့ စကား ရှိသားပဲ၊ လူဆိုလျှင် ဘို့နှစ်ဘို့ ထားတတ်ရမယ်တဲ့။ တဘို့တည်းထားယင် နွားဖြစ်ကရောတဲ့။ ဒေဝဒတ်ဟာ အမျိုးကောင်းသား ဗုဒ္ဓအလောင်းတော် နှင့် ဂုဏ်ရည်ဘန်းတူ ဘဝပေါင်းများစွာမှာ ဖြစ်ခဲ့ပေမယ့် တဘို့ဘည်းထားတဲ့ စိတ်မျိုးကို မွေးခဲ့သူဖြစ်တယ်၊ ဗုဒ္ဓအလောင်းတော်ကို ရန်ငြိုးခဲ့တဲ့ ရွှေကုန်သည်ဘဝကိုကြည့်....'

''ဩော်... ရွှေကုန်သည်ဘဝမှာ ပြေး အငြိုးထားခဲ့တာလား၊ ပြောစမ်းပါဦး''

''အေး....အဲသည့်ဘဝမှာစပြီး (ဖြစ်လေရာဘဝတိုင်းမှာ သူ့အကျိုးယုတ်အောင် လုပ်ရတဲ့ကိုယ် ဖြစ်ရပါလို၏)လို့ နှုတ်က မြွက်ပြီး ကြိမ်းဝါးခဲ့ဖူးတယ်လို့ ဆိုတယ်၊ ကြည့်လေ....ရွာတရွာကို ဒေဝဒတ်အလောင်း ရွှေကုန်သည်က ဘုရားလောင်းထက် ဦးအောင်သွားရောင်းတယ်၊ တန်တဆ ဈေးကိုဆိုလေ့ရှိတယ်၊ဘိုးဘွားလက်ထက်က အင်မတန် ချမ်းသာခဲ့ပြီး ယခု မြေးအဘွားလက်ထက်မှာ အလွန်ဆင်းရဲနေတဲ့ မြေးအဘွားက မြေးမကလေးက ပူဆာလို့ ရွှေကုံငွေနဲ့တော့ မဝယ်နိုင်ပါဘူး၊ဟောသည့်ကြေးခွက်အဟောင်းကြီး ပိန်းလိမ်းနေတာနဲ့ လဲခဲ့ပါ၊ ရွှေကိုလဲ ပေးချင်သလောက်သာ ပေးခဲ့ပါလို့ ပြောတဲ့အခါ ဒေဝဒတ်က ရွှေခွက်မှန်းသိတယ်၊ ဒါကို တန်ရာတန်ဖိုးမပြောနဲ့ လုံးဝကို အလကားနဲ့ရအောင် 'နင်တို့ ကြေးခွက်စုတ် ဘာလုပ်စရာလဲ' ဆိုပြီး ထွက်သွားတယ်၊ သူ့ သဘောက နောက်မှ တခေါက်လာပြီး သူပေးချင်သမျှနဲ့ လဲယူရအောင်ပေါ့။ အဲ...သူထွက်သွားတော့ ဘုရားလောင်း ရွှေကုန်သည်ရောက်လာတယ်၊ အဘွားကြီးမှာလဲ မြေးမကလေးက တငိုငို တရယ်ရယ် ပူဆာပြန်တာနဲ့ ရွှေသည်ကိုခေါ်ပြီး ရှေးနည်းအတိုင်း လဲဖို့ပြောတယ်။ အဲသည့်အခါမှာတော့ ဘုရားလောင်း ရွှေကုန်သည်က ရွှေခွက်ကြီးမှန်း သိလျှင်သိချင်း ဒါဟာ ကြေးခွက်မဟုတ်၊ ရွှေခွက်ကြီးသာဖြစ်ကြောင်း၊ သူ့ပေါ်ဒမှာ ရှိတော့ အကုန်နှင့်လဲသော် ရွှေခွက်ရဲ့တန်ဖိုး မပြည့်ကြောင်း ရိုးရိုးသားသား ဖွင့်ပြောတယ်၊ ဒါပေမယ့် အဘွားကြီးက ရွှေခွက်ဆိုလဲ ပေးချင်

သလောက်သာပေးပြီး ယူသွားပါတော့လို့ပြောတာနဲ့ ပါလာသမျှ ရွှေတွေအပြင် ရောင်းခဲ့ရသမျှ ငွေတွေပါပေးပြီး ဘုရားလောင်းက ယူသွားတာပေါ့''

''နေပါဦးကွ၊ အဘွားကြီးက ရွှေခွက်မှန်းသိပြီးမှ ပေးရက်တာများတော့ ယုတ္တိကင်းမနေဘူးလား၊ ငါက စကားအဖြစ် ပြောတာပါ၊ ဟဲ...ဟဲ...ဟဲ''

''အင်း....မင်းက ဒီနေရာမှာ ယုတ္တိမရှိဘူးလို့ ပြောတယ်နော်၊ ငါက ယုတ္တိနဲ့ ပြန်ပြောချင်တယ်၊ မင်းသေသေချာချာစဉ်းစားနော်၊ ဘုရားဟောတော်မူထားတာက ဘိုးဘွား ဘီဘင် လက်ထက်က အင်မတန် ချမ်းသာပြီး သူ့မိဘလက်ထက်၊ သူ့လက်ထက်၊ သူ့မြေးမကလေး အချိန်ကျတော့ အင်မတန် ဆင်းရဲနေပါပြီလို့ ဆိုသွားတယ်၊ ဟုတ်ပြီလား''

''ထားပါတော့''

''ထားပါတော့ မလုပ်နဲ့၊ ကိုယ့်မိဘ လက်ထက်ကစပြီး ကိုယ့်လက်ထက်၊ ကိုယ့်မြေးမကလေး လက်ထက်ကျတော့ ကုန်းကောက်စရာမရှိအောင် ခရမ်းသီးပိန်၊ ခေါးတုံး၊ ခေါးမ နောက်ပိတ်ကွေး အခြေအနေမှာ အဲသည့်အဘွားကြီးအဖို့ ပညာဉာဏ် ဗဟုသုတမှအစ တို့နဲ့နိုင်းလို့ရပါ့မလား၊ ဒါကပထမအကြောင်း၊ နောက်အကြောင်းကလဲ အဖိုးတသိန်း ထိုက်ပါတယ်ဆိုတာ ယုတ်မှဟုတ်ရဲ့လား၊ ဟုတ်တောင် အကာအကွယ်မဲ့တဲ့ မြေးအဘွား မျက်နှာငယ်နှစ်ယောက်ဘည်း ဘယ်သို့ထုခွဲမလဲ၊ အသက်အန္တရာယ်တောင် ဖြစ်ချင်ဖြစ်မှာ၊ ယခု လောလောဆယ် မြေးမကလေး လိုချင်တာက သူအလှဆင်ဖို့ရှိကလေ၊ အဲသည်တော့ ကုန်သည်က ပေးတဲ့ ရွှေတွေနဲ့ ငွေကြေးလောက်ဟာ ကုန်းကောက်စရာမရှိတဲ့ သူတို့ဘဝအတွက် လက်ငင်းအကျိုးပြုနိုင်တဲ့အပြင် သောက ကင်းနိုင်မယ် မဟုတ်ဘူးလား၊ ရွှေကုန်သည်အဖြစ်နဲ့ ကောင်းရောင်း ကောင်းဝယ် နေရလျှင် တော်ပါပြီဆိုတဲ့ သဘောမျိုးရှိနိုင်တာကို ဝေဖန်ကြည့်ပေါ့ကွာ''

''အေးလေ....အခါ၊ကာလ၊ ဒေသ၊သဘာဝ အလိုက် စဉ်းစားကြည့်တော့လဲ ယုတ္တိရှိသပေါ့ကွာ''

''အဲ....အဲဒါပြောတာပေါ့၊ ကျမ်းတခုကို ဖတ်လျှင် စာထဲမှာ ပါသမျှသာ ဖတ်ရတာ မဟုတ်ဘူးတဲ့၊ အဲသည့် စာရဲ့အနှစ်အရသာ၊ ယုတ္တိ ယုတ္တာတို့ကို မိမိကိုယ်ပိုင်ဉာဏ်နဲ့ယှဉ်ကြည့်ရမယ်၊ စူးစမ်းရမယ်၊ ညှိနှိုင်းယူရမယ်၊ မေးမြန်းစပ်စုရမယ်၊ လေ့ကျင့်ရမယ်၊ မှတ်စုထုတ်ရမယ်၊ အာဂုံဆောင်ရမယ်စသဖြင့် ပညာရှိကြီးတွေက ဆုံးမခဲ့ကြတာလေ၊ ကဲ...ကဲ ဒေဝဒတ်အကြောင်းကို ဆက်ကြဦးစို့၊ ဘုရားလောင်းက ရွှေခွက်ကြီးယူသွားတဲ့ အချိန်လောက်ကျမှ ဒီရွာကို ရွှေလာရောင်းတာ ငါတယောက် တည်းမဟုတ်ပါကလား၊ ငါ့အနောက်က အရောင်းသမားတယောက်ရှိပါသေးကလားလို့ စဉ်းစားမိပြီး ကမန်းကတန်း အဘွားကြီးထံ ပြန်လာတယ်''

''အေး....အလာကောင်းပေမယ့် အခါနှောင်းပြီပေါ့လေ''

''ဒါပေါ့....အဘွားကြီးက လူလိမ် လူကောက်၊ အမြတ်ကြီးစား မတရား လူယုတ်လို့တောင် ဆဲရေး လွှတ်လိုက်သေးတာပေါ့၊ အဲသည်မှာတင်ငါ့နေရာဝင်ပြီး ငါစားမယ့်ထမင်းထုပ်ကို လုစားသွားတယ်ဆိုပြီး ဘုရားလောင်းကို ရန်လုပ်ရအောင် အပြေးအလွှား လိုက်တယ်လေ''

''မစားရတဲ့အမဲ... သဲနဲ့ပက်မယ်ပေါ့''

''အဲသည့်သဘောပေါ့၊ ဒါပေမယ့် ဘုရားလောင်းက ဂင်္ဂါမြစ်ကို ကူတို့နဲ့ကူးလို့ မြစ်အလယ်တောင် ရောက်သွားပြီ၊အဲသည့်နေရာမှာ

ဣဿာမစ္ဆရိယစိတ်က ဘယ်လောက်ပြင်းသလဲ၊ နောင်ဖြစ်လေရာဘဝတိုင်း သူ့အကျိုးမှန်သမျှ ပျက်စီးရေး ပျက်စီးကြောင်း လုပ်ရပါစေတဲ့လို့ ကြိမ်းဝါးဆဲရေးယင်း၊ သွေးပွက်ပွက် အန်သေရသတဲ့၊ ဒါကြောင့် အဲသည့်ဘဝကရှေ့ အငြိုးရန်စ လုပ်ခဲ့ဘာလို့ ကေနိပါတ် သေရိယဇာတ်မှာ တွေ့ရတယ်''

''ဪ-အဲသည်ဘာကစခဲ့ဘာကို၊ အင်း.... ဇာတ်ဆရာ ရွှေမန်းကိုတင်မောင်က ငါ့ရွှေခွက်ပေး၊ ငါ့ရွှေခွက်ပေးနဲ့ အော်တဲ့ ရွှဲကုန်သည် ပြဇာတ်ပေါ့''

''ဟုတ်ပါတယ်၊ အဲသည်ပြဇာတ်ကို ငါပေးလိုက်ဘာပါ၊ ထားပါတော့ကွာ၊ ဗုဒ္ဓနဲ့ဒေဝဒတ်ဟာ ဘဝပေါင်းများစွာ ဒီလိုဖြစ်ခဲ့ကြတာပဲ၊ ဒေဝဒတ်က ဘယ်လောက် လူပေါ်လူဇော် လုပ်ချင်သလဲ၊ အညွန့်ခူးချင်သလဲဆိုတော့ အပဏ္ဏကဇာတ်မှာလဲကြည့်ဦး''

''လုပ်ပါဦးကွာ''

''တော်ပြီ....ဒီနေ့တော့၊ နောက်တပတ်ကျမှ ပြောတော့မယ်''

''ဟောဗျာ....မင်းကလဲ လူပေါ် လူဇော် လုပ်လိုက်ပြန်ပြီ''

# စာသိ၊ နာသူ၊ ငါသိ



နံနက်အချိန်တိုင်း ရောက်နေကျ သူငယ်ချင်း မပေါ်လာသဖြင့်မျှော်မိသည်။ ကိုးနာရီလောက်မှ ရောက်လာပြန်တော့ သူ့မျက်နှာက ရှုသိုးသိုး။

''ဘယ့်နှယ်....ဘာကြောင့်''ဟု ရွှန်းလိုက်ရသည်၊

''မပြောပါနဲ့တော့ကွာ....''

''မပြောပါဘူး၊ မင်းပြောမှာ နားထောင်နေပါတယ်''

''ငါ့သားအကြီးကောင်ပေါ့၊ မနေ့က သူတို့ရုံးမှာ လုပ်ဖော်တာယောက်နဲ့ စကားများကြသတဲ့လေ''

''ဒါက အလုပ်ခွင်ထဲ တွေ့နေကျ ပြဿနာတွေကွာ၊ ပြီးတော့လဲ ပြီးတာပဲ''

''ပညာရှိအမျက်.... အပြင်မထွက်နဲ့ပေါ့ကွာ၊ ဘယ့်နှယ်....''

''နေပါဦး၊ မင့်သားက ပညာရှိလား''

''ဟေ့....မင်းကပါ ခွပြောနေတာလား''

''ဟဲ....ဟဲ....ဟဲ မင့်သားဆီက ဒေါသ၊ ငါ့ဆီအရောက် သယ်လာခဲ့ဘာကိုး....ဟဲ... ဟဲ''

''မင်းစကားက ဒေါသဖြစ်စရာကိုး....''

''အေး....အဲသည့် ဒေါသကို ထုတ်လိုက်ရတော့ ပေါ့မသွားဘူးလား၊ ဟဲ... ဟဲ''

''မင်း....တော်တော် ကတ်သီး ကတ်သတ်ပြောတဲ့ကောင်ပဲ''

''ဒီမှာ သူငယ်ချင်း၊ မင်းပြောတဲ့ (ပညာရှိအမျက်–အပြင်မထွက်နဲ့)ဆိုတဲ့စကားကကောင်းလွန်းလို့ပါ၊ အဲဒါကို ဘယ်လို လက်ခံထားသလဲ....ပြောစမ်း''

''ဒါ....မြန်မာစကားကွ၊ မေးနေရော လိုသေးလား''

''အေး....မြန်မာစကားမို့ မြန်မာလိုရှင်းရှင်းနားလည်ကြရအောင်ပါ''

''မင်းက ရှင်းနေတာကို ရှုပ်အောင်လုပ်ချင်ပြန်ပြီ၊ (ပညာရှိအမျက်–အပြင်မထွက်) တဲ့၊ အပြင်မထွက်ရအောင် အထဲမှာ သိမ်းထားရမှာလား....ကဲ''

''ဟာ....မင်း တော်တော် သောက်မြင်ကတ်အောင် ပြောတတ်တဲ့ကောင်ပါလား''

''ပညာရှိကြီး၊ ခင်ဗျား အမျက်ကို အပြင်မထွက်သိုက်ပါနဲ့ဦး၊ ဖြည်း.... ဖြည်း.... ဖြည်း.... ဖြည်း နော်၊ စဉ်းစားရအောင်ပါ....နော်(ဒေါသထွက်ဘယ်) တဲ့၊ မြန်မာစကား၊ အဓိပ္ပာယ်က ရှင်းနေပြီ၊ စိတ်ထဲက ဒေါသ အပြင်ထွက်လာတယ်၊ ဒီသဘောမဟုတ်လား''

''ဒါကို မင်းက ဘာကွန့်ချင်သေးလို့လဲ''

''မကွန့်ပါဘူး၊ မကွန့်ပါဘူး၊ ဒေါသဆိုတာစိတ်''

''ပြောပါဦးတဲ့ ခင်ဗျာ....''

''ကြိုက်တာကို– လောဘ၊ မကြိုက်တာကို– ဒေါသ၊ တွေဝေတာကို–မောဟ၊ ဒါတွေ မင်းကြားဖူးနားဝ ရှိပြီးသား၊ အကြောင်းတရားကို မှီအည်ပြီးတော့ မြူမှုန်လောက်ဒေါသ၊ အလွှာ

လောက် ဒေါသ၊ အဖုအထစ်လောက် ဒေါသ၊ အကျိဘ်အခဲလောက်ဖြစ်သော ဒေါသ၊ အနုက စပြီး ပြင်းထန်တဲ့အထိပေါ့ကွာ၊ အဲသည့်ဒေါသဟာ စိတ်ထဲကနေပြီး ကာယကံ၊ ဝစီကံအထိ ရောက်လာတာပေါ့၊ ထွက်လာတာပေါ့၊ ဒါကို ဒေါသထွက်တယ်လို့ ပြောကြတာမဟုတ်လား''

''ဟုတ်တယ်လေ''

''ဒါဟာ လောဘ ဒေါသ မောဟ မကင်းကြတဲ့ သဗ္ဗသတ္တာတို့ရဲ့ဓမ္မတာပဲ၊ အဲသည့်အထဲက ပညာရှိကျတော့ ပေါ်လာတဲ့ဒေါသအမျက်ကို စိတ်ထဲမှာ (အတည်) မခံဘူး၊ စိတ်တခဏ ပေါ်လာတာကို ဆင်ခြင်တဲ့ (နောက်စိတ်) က ချက်ချင်းသုတ်သင်ပြီးပြီ၊ သတ်လိုက်ပြီးပြီ၊ ကြိတ်ချေလိုက်ပြီးပြီ၊ ဒီတော့ ညစ်ကျုတဲ့ ဒေါသဟာ ပျောက်ပျက်ဖြုစင်ပြီး အပြင်ကို ထွက်စရာမရှိတော့ဘူး၊ မကျန်တော့ဘူး၊ ဒါကြောင့်(ပညာရှိအမျက်–အပြင်မထွက်)လို့ ပြောတာခင်ဗျာ''

''အေး....ဟုတ်သားပဲ၊ တော်တော်ကြီးသတိရှိမှ ဖြစ်မှာနော်၊ အခု တို့နားလည်ထားတာနဲ့ တခြားစီဖြစ်နေပြီ''

''တို့လုပ်နေတာက ဒေါသဖြစ်လာယင်မဖြစ်သလို ဟန်ဆောင်လိုက်၊ ပြုံးပြီးခံနေလိုက်၊ အဲသည့်အမျက်ကို အောင့်ထား အခွင့်အရေးပေါ်လာမှလက်စားချေလိုက်၊ ဒီလို မနိုင်လို့ သည်းခံခြင်း၊ မာယာနဲ့သည်းခံခြင်းမျိုးဆိုယင်၊ သူတော်ကောင်းကြီးများ၏ (ခန္တီ) မဟုတ်တော့ပဲ၊ သူယုတ်တို့၏ (အာဃာတ) ဖြစ်သွားတယ်တဲ့၊ ရွှေကုန်သည် ဇာတ်ကိုကြည့်၊ ရှင်ဒေဝဒတ်လောင်းဟာ သံသရာ အဆက်ဆက် (အာဃာတ)ကြီး ပါလာလိုက်တာ၊ ဘုရားလောင်းဗုဒ္ဓ ဖြစ်သည့် အ ပဲ မဟုတ်လား''

''မင်းပြောချင်တာက ဒေါသထက်အာဃာတက ပိုဆိုးတယ်ပေါ့''

''ဟုတ်တယ်၊ ဒေါသဟာ ဒေါသလောက်နှင့်ပြီးမပျောက်ယင် အာဃာတ ဖြစ်တတ်တယ်၊ ဘေနိပါတ်က သစ္စင်္ကိရဇာတ်ကိုကြည့်ကွာ၊ ရှင်ဒေဝဒတ်ဟာ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ္တမင်းရဲ့သားတော် ဒုဋ္ဌကုမာရ မင်းသားကလေးဖြစ်တုန်းက ဂင်္ဂါမြစ်မှာ ရေကစားယင်း လေပြင်းမုန်တိုင်းကျလို့ မျောပါသွားတယ်။ တွယ်မိတွယ်ရာသစ်ဘုံးတတုံးမှာတွယ်ခဲ့ရတယ်၊ အဲသည့်သစ်တုံးပေါ်မှာ ကြွက် တကောင် နှင့် မြွေ တကောင်လဲ ပါလာတယ်၊ နောက် ကျေးသားတကောင်ကလဲရေထဲမျောလာပြီး အသက်ဘေးကြောင့် ဒီတုံးပေါ်ပဲတွယ်တက်ခဲ့ရတယ်၊ မိုးထဲလေထဲ ကယ်မယ့်သူမရှိလို့ ဒီလိုပဲမျောခဲ့ရတယ်၊ နောက် လေမုန်တိုင်းပြီးသွားလို့ မြစ်အကြေတက်ရောက်လာတဲ့အခါ ဘုရားလောင်းရသေ့က တွေ့လို့ ဆယ်တင်ပြီး အအေးဒဏ်၊ အစိုဒဏ်၊ ရေမွန်းနေကြတာတွေပါ ပြုစုရတယ်၊ အားရှိအောင် ရတာကလေးတွေကိုရှာပြီး ကျွေးမွေးရတယ်၊ ကျေး၊ ကြွက်၊ မြွေနှင့်မင်းသားကလေးကို သာတူညီမျှ မေတ္တာထားပြီး ပြုစုတာပေါ့လေ။ ဒါကို ဒုဋ္ဌကုမာရ မင်းသား ကလေးက ဘုရားလောင်းကို မကျေနပ်နိုင်ဘူး''

''ကိုယ့်အသက်ကယ်တဲ့လူကိုတောင် ဘာဖြစ်လို့မကျေနပ်ရတာလဲကွာ''

''သူက မင်းသား၊ လူရင့်မာကြီး၊ ဟိုဟာတွေက တိရစ္ဆာန်တွေ၊ ငါ့ကို ပိုပြီးအရေးစိုက်ရမယ်ပေါ့၊ ဇာတိမာန်ပေါ့လေကွာ၊ အဲသည်မှာ ဒေါသဖြစ်တာပဲ''

''ဒီတော့ ဘာလုပ်သလဲ''

''လက်ငင်းတော့ ဘာမှ မလုပ်နိုင်သေးဘူးလေ၊ သူကလဲ ကလေးသာသာလောက် အရွယ်ကိုး၊ နောက်တော့ မူးမတ်အခြွေအရံတွေက မြစ်ရိုးတလျှောက် လိုက်ရှာလို့ တွေ့တော့ ရသေ့ကို

ကျေးဇူးတင်ပါတယ် ဆိုပြီး ပြန်ခေါ် သွားတာပေါ့''

''အဲဒါနဲ့ ပြီးရောလား''

''အဲဒါနဲ့သာပြီးယင် အာဃာတ ဘယ်ဖြစ်တော့မလဲ၊ သူ မင်းဖြစ်တဲ့အခါ ဗာရာဏသီကို လိုက်ခဲ့ပါ၊ ကျေးဇူးဆပ်ပါ့မယ်လို့ဘုရားလောင်းကို မှာသွားသေးတာ၊ သူကတော့ အငြိုးနဲ့ပေါ့၊ သူမင်းဖြစ်လို့သက်ဦးဆံပိုင်အာဏာရယင် လက်စားချေမယ်ပေါ့၊ လိုရင်းကို တိုတိုပြောကြပါစို့ကွာ၊ မင်းဖြစ်တဲ့အခါကျတော့ ဘုရားလောင်းက လိုက်သွားတယ်၊ အဲသည်မှာ မင်းစည်းစိမ်ကြောင့် မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ ဒေါသဟာ အာဃာတ အနေနဲ့ ပြန်ပေါ် လာပြီး ရသေ့ကြီးကို မင်းအာဏာနဲ့အသတ်ခိုင်းတာပဲ၊ အေး.... သတ်မယ်လို့ မြို့ပြင် ထုတ်သွားတော့ ရသေ့ကြီးက ရေထဲက ထင်းတုံးဆယ်ရတာကမှ ကောင်းဦးမယ်၊ လူယုတ်မာကို ကယ်ရတာက ဒုက္ခပေးတယ်လို့ ညည်းတာနဲ့ တိုင်းသူပြည်သားတွေက မေးမြန်းပြီး အဖြစ်ကိုသိပြီး ဘုရင်ကို နန်းချလိုက်ကြသတဲ့။ ဒီဇာတ်တော်က ကျေးဇူးချေတဲ့ အကြောင်းပါပဲ၊ ဒါပေမယ့် ဒေါသကို အကျိတ်အခဲ ဖြစ်စေတာမို့ အာဃာတ ဖြစ်တဲ့ အကြောင်း သတိပြုနိုင်တာပေါ့''

''အင်း....ပုထုဇဉ်တွေ အနေနဲ့ လေ့ဘာ၊ ဒေါသ၊ မောဟကို မကင်းနိုင်ကြပေမယ့် ဒေါသကို ဒေါသဖြစ်မှန်း သိလိုက်ယင် မြန်မြန်ပျောက်နိုင်အောင်ကြိုးစား၊ အာဃာတ ဖြစ်အောင် အစွဲအလမ်းမထားနဲ့၊ ဒီသဘောပေါ့...ဟုတ်လား''

''အေး....ဒီ သဘော ပဲ၊ အဲသည့် ဒေါသဆိုတာ တော်ရုံလူ့ပြောနဲ့ ဗုဒ္ဓဝင်စစ် ဖြစ်တော်မူတော့မယ့် သိဒ္ဓတ္ထမင်းသားမဖြစ်မီ နောက်ဆုံးဖြစ်တဲ့ ဝေဿန္တရာမင်း ဘဝမှာတောင် ကြည့်၊ သားတော် သမီးတော်များ ဖြစ်တဲ့ ဂဏှာနဲ့ ဇာလီတို့ကို ဇူဇကာပုဏ္ဏားအား လှူလိုက်တယ် မဟုတ်လား၊ အဲသည်အခါ မျက်ရည် လည်ရွဲဖြစ်အောင် မိမိရှေ့တွင် ရိုက်နှက် ခေါ်ဆောင်သွားလေတော့ သို့ကလောက် ရက်စက် ကြမ်းကြုတ်တဲ့ ပုဏ္ဏားကို သတ်ပြီး ငါ့သားတော်သမီးတော်ကလေး တို့ကို ပြန်ယူပါတော့မလားလို့ ရှုတ်ခနဲ ဖြစ်လာတဲ့ ဒေါသကို အကဲခတ်ကြည့်စမ်း''

''အေး....ဟုတ်ပါရဲ့၊ ရဲရဲတောက် ပါနေမီရှင်ကြီးနော်''

အဲဒါကို ဘုရားလောင်းကြီးမှာ အချိန်မီ သုတ်သင် ပစ်လိုက် နိုင် တယ်၊ အဲဒါ....အဲဒါ.... အဲဒါမှ(ပညာရှိအမျက်—အပြင်မထွက်) အစစ်ဟော့၊ ကြည်ညိုစရာ အံ့ဩစရာပဲ၊ ခန္တီ ပါဒီရှင်ရသေ့ ဘဝတုန်းက ပိုခက်ရဦးမယ် ကလာဗုမင်းက ခန္တီဆိုတာကို မယုံသို့ လက်ကိုဖြတ်ပြီး ကဲ.... (ခန္တီ)ဦးမလားလို့ မေးတယ်၊ ဘုရားလောင်းက (ခန္တီ)ပါပဲလို့ ဖြေတယ်၊ နောက်တဘက်ဖြတ်ပြီး မေးပြန်တယ်၊ (ခန္တီ)ပါပဲလို့ဖြေတယ်၊ နောက် ခြေကိုဖြတ်တယ်၊ (ခန္တီ)ပါပဲ၊ နောက်ဆုံး လည်ပင်းကိုဖြတ်တဲ့အထိ(ခန္တီ)ဆိုပြီး ဒေါသကိုမဖြစ်စေလိုက်ဘာ ပါရမီဆိုတဲ့ စကားသာ မသိလျှင် ယုံနိုင်စရာတောင်မရှိပါဘူးကွာ''

''အင်း....မင်းတို့ ငါတို့ ဒါလောက်မထိန်းနိုင်ကြဘာ ခက်တယ်နော်''

အကြမ်းစားဖြစ်တဲ့ ဒေါသတို့ မာနတို့ကို အနာဂါမိမဂ် ဆိုက်ရောက်မှ အကြွင်းအကျန်မရှိ ပယ်နိုင်ကြတယ်လို့ ဆိုကြတာပဲ၊ အခု မင်းတို့ ငါတို့ ပြောဆို ဆွေးနွေးနေကြတာက (စာသိ) (နာသိ)တွေလောက်နဲ့ ကြည်ညို အားကျနေကြတာ။ (ငါသိ)လိုသေးတယ်''

''ဘယ်သိုလဲကွ(စာသိ) (ငါသိ) (နာသိ) ဆိုတာက''

''(စာသိ)ဆိုတာက ကျမ်းစာအစောင်စောင်ကို ဖတ်ပြီး ဗဟုသုတ ယူကြရတာ၊ (နာသိ)

ဆိုတာက ဆရာတော် သမားတော် ပညာရှိကြီးများထံက ကြားရ(နာရ)တာတွေခံယူ ကျေနပ်နေကြရတာ၊ အဲ(ငါသိ)ဆိုတဲ့ ကိုယ်တိုင် ခံစားသိမြင်လာမှ (ဒိဋ္ဌဓမ္မော)အဆင့်ကို ရောက်မှာမို့ ကိုယ်တိုင် ကြိုးစားယူကြရမယ်လို့ ပြောတာ”

“အား.... (စာသိ-နာသိ-ငါသိ)၊ ဒီစကားလုံးတော့ ကြိုက်သွားပြီကွာ”

နေပါဦး....ဒီစကားနဲ့ မတ်သက်လို့ ပြောရဦးမယ်၊ တို့ငယ်ငယ်က ဦးဖိုးခဆိုတဲ့ လူကြီးကို သတိရသေးသလား၊ စာတတ်၊ပေတတ် အပြောအပြော ကောင်းတဲ့ လူကြီးလေကွာ၊ကျိုက်လတ်မှာ အလှူအိမ် မှန်သမျှ သူမပါလျှင် ပွဲမစည်တဲ့ ဦးကြီးပေါ့”

“ငါ ကောင်းကောင်း မမှတ်မိတော့ဘူးကွ၊ ပြောပါဦး”

“ရွှေကျင် သာသနာပိုင် ဆရာတော်ကြီးကလဲ ပစ္စိမာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ အခါပေါ့”

“အေး....ငါမှတ်မိတာတော့ ရွှေကျင်သာသနာပိုင်ဘွဲ့ကိုအလှူခံပြီး ကျိုက်လတ်ကို ပြန်ကြွလာတဲ့ပွဲမှာ မင်းက သူရိယ သတင်းထောက် အနေနဲ့ ဓာတ်ပုံရိုက်လိုက်တာ၊ ဖလင်ကို ပြောင်းပြန်ထည့်ရိုက်လို့ အရုပ်မပေါ်တာပဲ မှတ်မိတယ်.... ဟား....ဟား”

“ဟား....ဟား ဒါတော့ မှတ်မိတယ် ခွေးကောင်၊ အဲဒီ နောက်ပိုင်းမှာပေါ့ကွာ၊ဦးဖိုးခက ဆရာတော် ဘုရားကြီးကျောင်းကို သွားတယ်၊ သွားတော့ ကျောင်းအုပ်ဘုန်းကြီးဦးတိနဲ့ တွေ့တာပေါ့၊ ဦးတိဆိုတာ စကားကိုပြတ်ပြတ်ပြောတတ်တဲ့ ဦးပဥ္စင်းပေါ့၊ သူ့ဘွဲ့အစုံတော့ ငါလဲ မသိဘူး”


“ငါလဲ မသိဘူး၊ ဘုကျတာပဲသိတယ်”

“အေး....သူ့နဲ့ သွားတွေ့တာပေါ့၊ သူက ဆရာတော် ကျိန်းနေတယ်၊ ဘာကိစ္စရှိလို့လဲလို့ မေးတယ်၊ ဦးဖိုးခက တရား နာချင်လို့ပါလို့ လျှောက်တယ်၊ ဒါကို ဦးတိကဦးဖိုးခအကြောင်း ဆိုသိတယ်၊ သာသနာပိုင်ကြီးနဲ့ အကျွမ်းတဝင် လျှောက်ထားမေးမြန်းခဲ့ရတယ်လို့ တရားဝိုင်းမှာ ကြွားချင်ဝါချင်တာလေ၊ဒါကြောင့်ဒကာကြီးက ဘာတရားနာချင်လို့လဲ မေးတဲ့အခါ ဦးဖိုးခက 'နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ တရားပါဘုရား လို့ ပြောတာနဲ့ နိဗ္ဗာန် ရောက်ကြောင်း တရား ဆိုလျှင် သစ္စာလေးပါးပဲ မဟုတ်လား ဒကာကြီးရယ်’လို့ ဦးတိက ပြောတာကို ‘သစ္စာလေးပါးတော့ တပည့်တော်သိတာပေါ့ဘုရာ့”လို့ ဦးဖိုးခက ပြန်လဲပြောလိုက်ရော၊ ဦးတိက ‘အမယ်.... ဒကာကြီး သစ္စာလေးပါးသိပြီကိုး၊ ကဲ....ဒါဖြင့် ပလ္လင်ပေါ်ကိုကြွ၊ ကျုပ်က တရားနာရလိမ့်မယ်’ လို့ ပြောလိုက်သတဲ့၊ ဦးဖိုးခလဲ ပြေးရော”

“ဟေ....ဟား....ဟား၊ အေး....အေးပိုင်လိုက်တာကွာ၊ ဦးတိပြောပုံက”

“သဗ္ဗညုတဗုဒ္ဓမြတ်စွာဟာ ‘ငါသိ’ သိအောင် ကျင့်ဆောင် ကြိုးစားတော်မူတဲ့ သယမ္ဘူ သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူပါတယ်....

“တမည့်သာဝက ဝေနေယျတို့ကို ဟောပြသွန်ကြားတော်မူရာမှာ ‘စာသိ’ ‘နာသိ တို့ထက် ကိုယ်တော်မြတ်နှင့် အလားတူ ‘ငါသိ’ သိသွားသော တပည့်သာဝကတို့ကို နှစ်လို အားရတော်မူတယ်၊ တရားဦးဓမ္မစက္ကသုတ်ကို ဟောတော်မူစဉ်က ပဉ္စဝဂ္ဂီ အပါအဝင် ကောဏ္ဍညမှာ ပထမဦးဆုံး ‘ငါသိ’သိသွားသော ပုဂ္ဂိုလ်ထူးကြီးဖြစ်တယ်၊ ‘အညာသိဝတ ဘော ကောဏ္ဍညော၊ အညာသိဝတ ဘော ကောဏ္ဍညော’လို့ နှစ်ခွန်းဆင့် ဥဒါန်းကျူးကာ ချီးမွမ်းတော်မူတယ်”



# အင်္ဂုလိမာလအကြောင်း ဆွေးနွေးခြင်း

မိလိန္ဒပဉှာထဲမှာ အရှင်နာဂသိန်ကပြ ဥပမာ ပြထားတာတခုရှိတယ်၊ အချိန် ခွက်ဘဲဆယ်လေးသော ကျောက်တုံး တတုံး ဟာ သူ့အလို အလျောက်အားဖြင့် ရေထဲသို့နစ်မြုပ်သွားမည်သာ ဖြစ်သော်လည်း အလေးချိန်အားဖြင့် ထို ကျောက်တုံးထက် များပြား ခိုင်ခံ့သော လှေဖောင်စသည်တို့အပေါ်မှာ တင်ထားလျှင် ရေမမြုပ်နိုင်သကဲ့သို့ နည်းပါးသော အကုသိုလ်ကို များပြားသော ကုသိုလ်တို့နှင့် ဆယ်တင်နိုင်ပေသည်ဟု ဖြေသားတာ တွေ့ဖူးတယ်ကွ၊ မင်းတို့ ငါတို့ ဘုရားရှိခိုးတဲ့စကားကိုပဲ ပြန်ကြည့်၊ 'ကာယကံ၊ ဝစီကံ၊ မနောကံ ဆယ်ပါး ဒုစရိုက်တရားတို့မှာ ပယ်ရှား ပျောက်လွင့်ပါစေခြင်း အကျိုးငှာ' လို့ ဆိုတယ်လေ၊ ဒီတော့ အကုသိုလ်ကို ကုသိုလ်များနှင့် ကုစားနိုင်တာထင်ရှားပါတယ်၊ တမဂ်တဖိုလ် ရောက်လျှင်တော့ စိတ်အချရဆုံးပေါ့''

''အေးကွာ....မင်းနဲ့ ဆွေးနွေးရတာ လွတ်လွတ်သပ်သပ်ရှိတယ်၊ သူငယ်ချင်းချင်းဆိုတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် ရဲရဲတင်းတင်း မေးနိုင် မြန်းနိုင်တယ်၊ ဥပမာ ဘုရားကိုယ်တော်မြတ် ဖြုံးတော်မူတာ အရှင်အာနန္ဒာဘယ်လိုလုပ်သိသလဲဆိုတာမျိုးကို သူများသာဆို မမေးဝံ့စရာ၊ ခွမေးတယ်ထင်ပြီး ပြဿနာတက်မှာ စိုးရသေးတယ်၊ ဟုတ်ဘူးလား''

''ဒါကတော့ ဒီလိုရှိတယ် သူငယ်ချင်းရ၊ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက လိုလိမ့်မယ်ထင်တယ်၊ တကယ်သိချင်လို့ တကယ်လိုလားသူမှန်း သိလျှင် ခွင့်လွှတ်ကြပါတယ်၊ သိလျှင်လဲ သိတဲ့အကြောင်း၊ မသိလျှင်လဲ မသိတဲ့အကြောင်း ပြောပြကြမှာပါ၊ ကိုယ်က နှိမ့်ချရိုသေဖို့တော့ လိုသပေါ့ကွာ၊ တခါတရံတော့လဲ ကိုယ့်ဟာကိုယ် စပ်စုစူးစမ်းရတာပေါ့၊ မင်းကြားဖူးမှာပါ။ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ-ဆိုတဲ့ ပညာတိုးပွားရာ အင်္ဂါရှစ်ပါး ဆိုတာလေ....အဲဒါ အဘိုးကောက်ပေါ့''

''အေး....ကြားဖူး မှတ်ဖူးပါတယ်၊ အကျယ်ကို ပြောစမ်းပါဦး''

(၁) သုဏေယျ=ကြားနာရမယ်တဲ့၊ ဖတ်ရှုတာလဲ ပါတာပေါ့ကွာ၊ (၂) စိန္တေယျ=ကြံစည်ရမတဲ့၊ အကြောင်းအရာကို ပြန်လည် သုံးသပ်ရမယ်ပေါ့၊ (၃) ပုစ္ဆေယျ=မေးမြန်းရမတဲ့၊ ကိုယ့်ထက် အတတ်တဲ့လူကို ယဉ်ကျေးစွာ ချဉ်းကပ်ပြီး မေးမြန်းရမှာပေါ့၊ ခွမေးသလိုလဲ မဖြစ်အောင်

သိချင်ပါလျက် အောက်ကျမခံချင်လို့ လူသည် လုပ်တာမျိုးလဲ မဖြစ်စေနဲ့ပေါ့၊ ဒီလိုလူတွေ ရှိတတ်တယ်၊ (၄) ဘာသေယျ=ဆွေးနွေးရမယ်တဲ့၊ ဒါက ပညာတန်းတူ လူတန်းတူချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ပဲ၊ (၅) ဝိစေယျ=စူးစမ်းဆင်ခြင်ရ၏တဲ့၊ အကြောင်းအရာတခုကို သဘောမပေါက်လျှင် ထိုအကြောင်းအရာနှင့် ပတ်သက်သမျှ ရေးသား ပြော ကြား ခဲ့ သော စာအုပ်စာတမ်း အဆိုအမိန့်များနှင့် ညှိနှိုင်းကြည့်ရမယ်၊ ရှာဖွေဖတ်ရှုရမယ်၊ ဒါကြောင့် စာစုံအောင် ကြည့်ဖို့လိုတယ်၊ (၆) လိခေယျ=ရေးသားထားရမယ်၊ ဒါက မှတ်စုထုတ်ထားရမယ်ဆိုတဲ့သဘော၊ အဲသလို ထုတ်မထားမိလျှင် လိုချင်တဲ့အခါမှာ 'ငါဒီအကြောင်း တွေ့ဖူးပါတယ်၊ ဘယ်စာ အုပ် မှာ ပါလိမ့်'နဲ့ပဲ ဒေါင်းတောက်အောင် ရှာနေရလျှင် အချိန်ကုန်တတ်တယ်၊ တွေ့ချင်မှလဲတွေ့မယ်၊ (၇) သိက္ခေယျ=သေချာကျင့်ရာ၏တဲ့၊ ဒါကတော့ ရှင်းတယ်၊ (၈) ဓာရေယျ=နှုတ်ငုံဆောင်ရမယ်၊ ဒါလဲရှင်းတာပဲ၊ ခဏခဏ အသုံးဝင်မယ့် ဂါထာ၊ စာစု၊ စာပုဒ် ဆိုလျှင် အလွတ်ရအောင် ကျက်ထားရမယ်တဲ့၊ အဲသည်ရှစ်မျိုးဟာ ပညာတိုးပွားစေတဲ့ နိဿရည်းပဲ။

ဤတွင် သူငယ်ချင်းက ကျွန်တော့်ကို ကြည့်ပြုံးပြီး စကားတလုံး နှင့် နှက်လိုက်ပါသည်။

''မင်းကတော့ ကျောင်းတုန်းကအတိုင်းပဲ၊ (လက်ချာ)များသာ ရိုက်ရမယ်ဆိုယင် အားပါးတရ''

''အောင်မာ....နင်ကမေးလို့လဲ ပြောရသေးသွား....ဒါဖြင့်''

''ဟား....ဟား... ဟား ဆရာကလဲ ဒေါသချည်းပဲ''

သားအဖ-မြေးအဖေ အသက်တွေ ခြောက်ဆယ်ကျော်မှ ကျောင်းတုန်းကလို နင့်နဲ့ ငါနဲ့ ပြောလိုက်ရသည့် အရသာမှာ ဟိုခေတ် ဟိုအရွယ်ပြန်ရောက်သွားသလို ကြည်နူး ကြရပါ၏။

'မင်းဆီသာရတာ သိချင်တာကလေးတွေ သိရလို့ ကျေးဇူးတင်ပါတယ် မောင်ရာ''

''ငါကလဲ မင့်ပြောရတဲ့အကြောင်းကလေးတွေက ဆောင်းပါးဖြစ်လို့ လက်ခံနေတာ''

သူငယ်ချင်းနှစ်ယောက်သား ဝါးကနဲ ရယ်လိုက်ရပြန်ပါသည်။ ထို့နောက် သူက....

''ဟေ....မင်းမှတ်မိသေးလား၊ ဘုရားကိုးဆူဆရာ ဦးဖိုးသိန်းကြီးကို 'ဘုရားဆယ်ဆူကပ်ယင် မရဘူးလား... ဆရာကြီး'လို့ မေးတာနဲ့ မင်းကြေးစည်ဘုကြီး နဲ့ အထုခံရမယ်ဖြစ်တာ''

''ဟိုတုန်းက စာကလေး ပေကလေး နည်းနည်း ဖတ်ထား တာ စာမာန်ထပြီး ကိုယ့်အကုသိုလ် ကိုယ်ရှာခဲ့မိတာတွေပေါ့၊ လူကလဲငယ်သေးမဟုတ်လား၊ ဒါတွေဟာ လောကုတ္တရာတရားမှာ အဟန့်အတားတွေ ဖြစ်တတ်တာကွ၊ သိပ်အပြစ်ကြီးတယ်၊ ဒါကြောင့် ပိဋကတ်ကို သင်တဲ့အခါမှာ မြွေဖမ်းယောက်ျားလိုဖြစ်လျှင် ကိုယ်သင်တဲ့ ပိဋကတ်ကြောင့် ကိုယ်ဒုက္ခရောက်တတ်တယ်လို့ ဘုရားဟောတော်မူတာပေါ့''

''ငါ အဓိပ္ပာယ်မရှင်းဘူးကွ''

''ပိဋကတ်သုံးပုံဟာ လောကီ လောကုတ္တရာ အကျိုး ရှိနိုင်တာ မဟုတ်လား''

''အေးလေ....''

''အေး....အဲသလို အကျိုးပြု အသုံးဝင်ဖို့ စေတနာနဲ့ သင်ယူတာမဟုတ်ပဲ ထင်ရှားကျော်စေအောင်၊ သူတပါးကိုပြိုင်ရအောင်၊ နှိပ်စက်ရအောင်၊ စီးပွားရှာရအောင်သာ သင်ယူတာမျိုး ဖြစ်လျှင်... တဲ့၊ မြွေဆိုးကို အလမ္ပာယ်ပြုစားရအောင် ဖမ်းတဲ့လူကို မြွေက ပြန်ကိုက်လို့ သေရသကဲ့သို့ အကျိုးနည်းတာမို့ အစကတည်းက မသင်တာက ကောင်းလိမ့်မယ်လို့ သတိပေးတော်မူတာပေါ့၊ ရှင်းပြီလား''

"အေး....သဘောပေါက်ပါပြီကွာ"

"ငါ့ဆရာတဦးက ပြောဖူးတယ်၊ တကယ်တတ်သိတဲ့လူဆိုလဲ အဲသည့်အပြစ်မျိုး မဖြစ်ဘူးတဲ့၊ လုံးဝမတတ်တဲ့လူ၊ မသိတဲ့လူဆိုလဲ ဒီအပြစ်မျိုး မဖြစ်တတ်ဘူးတဲ့၊ ဥပမာ....သိမယ့်သိလျှင် အရှင်သာရိပုတ္တရာအလောင်းတော် ဥပတိဿပရိဗိုဇ်လိုသိ။ မသိမယ့် မသိလျှင် အင်္ဂုလိမာလလိုဘုရားကို ခားနှင့်လိုက်၊ အဲဒါကမှ အရဟတ္တဖိုလ်ဆိုက်လိမ့်ဦးမယ်၊ မတတ်တတတ်၊ မသိတသိ၊ ယောင်ဝါးဝါး၊ စကောစကနဲ့ လောကထဲ ကျန်ရစ်ခဲ့ကြတာတွေဟာ မင်းတို့ ငါတို့လို လူစားတွေတဲ့ကွ"

သူငယ်ချင်းက အတော်ကလေးကြာအောင် စဉ်းစားနေပြီးမှ....

"နေပါဦးကွ၊ မသိမယ့် မသိယင်လဲ အင်္ဂုလိမာလလိုဆိုဘာက-အင်္ဂုလိမာလက ဘာမသိတာလဲ"

"ကဲ...ငါကလဲ မင့်ပြန်မေးမယ်၊ အင်္ဂုလိမာလရဲ့အကြောင်း မင်း ဘာသိသလဲ"

"အင်္ဂုလိမာလဟာ ကောသလမင်းရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့သားကွာ၊ တက္ကသိုလ်ဆရာထံ ပညာသွားသင်ရတယ်ကွာ၊ ပညာတော်လွန်းတော့ ဘခြားကျောင်းသားတွေက မနာလိုလို့ ဆရာကတော်နှင့် ဖောက်ပြန်နေပါတယ်လို့ ကုန်းတိုက်ကြတယ်ကွာ၊ ဒီတော့ ဆရာက ယုံပြီးတော့ အင်္ဂုလိမာလကို အကောက်ကြံပြီး မြန်မြန်သေအောင် လူတွေရဲ့ လက်ညှိုးပေါင်းတထောင်ကို ပညာပူဇော်ခအနေနဲ့ ပေးရမယ်လို့ ပြောသွားသကွာ၊ လိုက်ဖြတ်လို့ ကောသလမင်းကြီးက တပ်တွေနဲ့ဖမ်းတော့မယ့်အခါ မိခင်ပုဏ္ဏေးမကြီးက နှုတ်ထဲလိုက်ရှာပြီး သားကို သတိပေးတယ်ကွာ၊ ဒါကို မြတ်စွာဘုရားက မိခင်ကို မသတ်ဖြစ်အောင် နှစ်ဦးကြားက ကြွတော်မူလာလို့ မိခင်ကို လွှတ်ပြီး ဘုရားကို လိုက်တယ်ကွာ၊ ဘုရားက တရားဟောတော့ အကျွတ်တရားရပြီး ရဟန္တာဖြစ်သကွာ၊ အဲသလောက် ငါသိတာကို အတိုချုံးပြောတာပဲ"

"အေးလေ....မင်းက ဘာသိချင် တာတုံး"

"အင်္ဂုလိမာလက မသိဘူးလို့ မင်းခုနကပြောတဲ့ သဘောဟာ—ဘုရားမှန်း တရားမှန်းမသိဘူးလို့ ပြော ချင် တာ လား၊ ဆရာကအကောက်ကြံခိုင်းတာကို မသိတာလား"

"ငါ့သဘောနဲ့ငါ ပြောရမယ်ဆိုယင် နှစ်ခုစလုံးကို မသိဘူးကွာ"

"ဟာ....ဒါတော့မလွန်ဘူးလား၊ တက္ကသိုလ်မှာ ပညာသင်နေတဲ့ လူဘယောက် အနေနဲ့ ကိုယ့်ကို ချောက်တွန်းလိုက်တာမှ မသိဘူးဆိုတာတော့....ငါ လက်မခံချင်ဘူးကွာ"

"အေး....မင်း ဒီလိုပြောလိမ့်မယ်ဆိုတာ ငါသိသားပဲ၊ဒီမှာကွ....သူငယ်ချင်းရ၊ ပစ္ဆိမဘဝိက ဆိုတာ ဘုရားအရိယာ ရဟန္တာကြီး တွေရဲ့နောက်ဆုံးဘဝကို ခေါ်တာ၊ အဲသည့်ဘဝမှာပဲ ကျွတ်တမ်းဝင်ကြတော့မှာ၊ အဲသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတွေရဲ့ ရဲရဲတောက် ယုံကြည်ချက်တို့၊ စိတ်ဆားတို့ကို မင်းတို့ ငါတို့လို(ဖွဲ)တွေရဲ့စိတ်မျိုးနဲ့ သွားမနှိုင်းဆနဲ့၊ ငါပြောချင်တာက ဆရာကို ယုံကြည် စိတ်ချတဲ့ နေရာမှာ (ကေဂ္ဂတာ) ဖြစ်တယ်၊ တချောင်းတည်းသောစိတ်၊ တခုတည်းသော အာရုံပဲ၊ ဆူ့အပေါ်မှာ ဆရာကတော်နဲ့ မသက်တာတွေ၊ အကောက်ကြံပြီးခိုင်းတာတွေဘာမှမစဉ်းစားဘူး၊ဝိစိကိစ္ဆာမရှိလောက်အောင် သန့်ရှင်းနေတယ်၊ ဆရာ့စကားဟာ မိုးကြိုးသွားပဲ၊ ဆရာ့အမိန့် ဆရာ့ဩဇာဟာ သူ့အကျိုးအတွက်ပဲ....လို့ တထစ်ချ မှတ်ထားပြီးသား၊ မမှိတ်မသုန် ယုံကြည်ပြီးသား"

သူငယ်ချင်းက ကျွန်တော့်ကို ခပ်တွေတွေကြည့်နေယင်း....

"အင်း...ထားပါတော့လေ"ဟုဆိုသဖြင့်....

''ဟေ့....မင်း အဲသလို(ထားပါတော့လေ) မလုပ်နဲ့၊ ငါဆက်ပြောဦးမယ်''

သူက ကျွန်တော် စိတ်တက်ကြွနေသည်ကို ပြုံးပြုံးကလေး နားစွင့်နေပြန်သည်။

''ဆရာ့စကားဟာ ငါ့အကျိုးအတွက်ပဲလို့ ဦးခေါင်းထက်မှာ သံမှိုစွဲသလို မြဲနိုင်တဲ့ ဝိပဿ် စိတ်မျိုးရှိခဲ့ကြပုံတွေ ဘုရားလက်ထက် ကတည်းက စ,ပြောမယ်၊ ကမ္မဋ္ဌာန်းဆရာကသာ အကျိုးရှိမယ်လို့ခိုင်းလျှင် မိမိကိုယ်ကို ခြေဖနောင့်က၍ အသားတွေ အရိုးတွေ အားလုံးကုန်အောင် ကျောက်ဖျာမှာ အပွတ်အသွေး ခံပါမည်၊ အသုတရာနက်သော ချောက်ကြီးထဲ ခုန်ချပါမည်၊ အသက်သေသည်အထိ ထွက်သက်ဝင်သက်ကို မရှူရှိုက်ပဲ နေပါမည်...စသည် စသည်ဝန်ခံတောင်းပန်တဲ့ ရဟန်းတွေ အများကြီး၊ နောက်ပြီး ပေါဋ္ဌသဆိုတဲ့ သက်တော် ခြောက်ဆယ်ကျော် ရဟန်းကြီးအကြောင်းလဲ ကြည့်ဦး။

''ပိဋကတ်သုံးပုံစလုံး ဖြန်းဖြန်း ကွဲအောင် တတ်ထားတာမို့ စာမာန်ခံနေတဲ့အတွက် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန္တာ ကိုရင်ကလေးထံ ကမ္မဋ္ဌာန်းတပည့် သွားခံတော့ ကိုရင်ကလေး ခိုင်းသလို သင်္ကန်းရုံပြီး ရေကန်အတွင်းလည်ပင်းထိအောင် ဆင်းဆိုဆင်း၊ ပြန်တက်ခဲ့ဆိုတက်၊ အဲသလို နာခံခဲ့တာမျိုးလဲ အများကြီး၊ အခုလတ်တလောခေတ် ကြောင်ပန်းတောရ ဆရာတော်ကြီးအကြောင်း ငါဖတ်ထားရတဲ့ အထဲက ပြောရဦးမယ်''

''အေး....လုပ်စမ်းပါဦး မောင်မင်းကြီးသားရယ်''

''ဆရာတော်ကြီးထံ ကမ္မဋ္ဌာန်းနည်း ခံလာကြတဲ့တပည့် အများကြီးရှိသတဲ့၊ တနေ့တော့.... (နာမည်တွေတော့ မမှတ်မိတော့ဘူး) ဦးဘိုးဘဆိုတဲ့ဒကာကြီး... ထားပါတော့ကွာ၊ အဲ....သူ့ကို ဆရာတော်ကြီးက 'ဒကာကြီး မောင်ဘိုးဘ...... ကျောင်းရှေ့က မန်ကျည်းပင်ကြီးကို သွားတက်စမ်းလို့' အစပ်အဟပ် မရှိပဲ ခိုင်းလိုက်သတဲ့၊ ဒီတော့ ဦးဘိုးဘက နဝေတိမ်တောင်နဲ့ 'တက်ပြီး ဘာလုပ်ရမှာလဲ ဘုရာ့'လို့ ပြန်မေးလိုက်တာနဲ့ 'အေး....နေပါစေတော့ကွာ....မတက်ပါနဲ့တော့'လို့ ဆိုသတဲ့''

''အေးလေ... တက်ပြီး ဘာလုပ်ရမယ်မှ မပြောတော့လဲ မေးလိမ့်မပေါ့''

'နားထောင်ပါဦးလေဆုံးအောင်၊ ဘာလုပ်ရမလဲဆိုတာ လာပါလိမ့်မယ်၊ လေး ငါး ဆယ်ရက်လောက် ကြာတော့ ဒေါ်ရွှေမယ် ဆိုတဲ့ ဒကာမကြီးကို ဆရာတော်က 'ဟဲ့....ရွှေမယ်၊ ကျောင်းတိုင်ကို ဖက်တက်လိုက်စမ်း'လို့ ခိုင်းတဲ့အခါမှာတော့ဒေါ်ရွှေမယ်ကြီးက 'တင်ပါ့ဘုရား' ဆိုပြီး ထဘီကို တင်းဘင်းပြင်ဝတ်ပြီး ကျောင်းကျွန်းတိုင်ကြီးကို ခြေခွင်ထိုး တက်တော့တာပါပဲတဲ့ကွာ၊ အဲဒါ တာကလေးက် ရောက်မှ 'တော်ပြီ-ဆင်းခဲ့တော့....ငါက ဒီလိုလူမျိုးမှ ကမ္မဋ္ဌာန်းပေးချင်တာ၊ ပြန်မေးနေယင် မဖနှ်ဘူး'လို့ အမိန့်ရှိဖူးသတဲ့''

ထိုအခါမှ သူငယ်ချင်းက ရယ်မော၍....

''ငါ သဘောပေါက်ပါပြီကွာ... ကြိုက်သွားပြီ''

''ထားပါတော့မျာ: လုပ်ပါဦးမလား'' ဟု ကျွန်တော်က အနိုင်ယူလိုက်ရပါသည်။

''ထားပါတော့....တော့မလုပ်ပါဘူး၊ ဆရာက တပည့်ကို သေကြောင်းကြံတယ် ဆိုတာက တော့ကွာ''

''အမယ်....ကိုယ်တော်မြတ်၊ ဆရာ့ဂုဏ်ကို ပုတ်ခတ်မယ်မကြံနဲ့၊ ဝစီဘေဒ ထိုက်သွားမယ်၊ ဆရာက ပုသုဇဉ်၊ သူ့တာဝန်နဲ့သူ၊ အင်္ဂုလိမာလက ကျွဲတမ်းဝင်တော့မယ့်ဆဲဆဲ သူခိုင်းလိုက်လို့ ဘုရားကိုယ်တော်မြတ်နဲ့ တွေ့ရတာလို့လဲ တဘက်က လှည့်တွေးဦး''

"ထားပါတော့ဆေ....ထားပါတော့"

"လာမြန်ပြီလား....ထားပါတော့"

"ဟား-ဟား-ဟား၊နောက်တခုငါလျှာရှည်ဦးမယ်"

"ရှည်စေဗျား....ငါဖြေနိုင်တာဆို ဖြေမယ်"

"အဲသည် အင်္ဂုလိမာလဟာ မင်းဆရာ ပုရောဟိတ်ကြီးရဲ့ သားနော်"

"ဆိုပါဦး"

"အဲဒီပုရောဟိတ်ကြီးက သူ့သားကို သူ အိမ်မကွာ ကြမ်းမကွာ ပညာ သင်မပေးနိုင်လို့ တက္ကသိုလ်ကို လွှတ်ရတာလား"

"အား....ကောင်းတဲ့မေးခွန်းပဲ၊ ကဲ-ရဟန္တာဖြစ်လို့၊ ပါရမီပါလာလို့ ဆရာက လက်ညှိုးတွေ အဖြတ်ခိုင်းရအောင် ဘုရားကိုယ်တော်နှင့် တွေ့ရအောင် လွှတ်တယ်ဆိုတဲ့အဖြေမျိုးကို မင်းကျေနပ်ချင်မှ ကျေနပ်မယ်၊ ဒါတော့ သိပ္ပံနည်းကျကျ ဆိုပါတော့ကွာ၊ ငါရှင်းမယ် ဟုတ်ပြီလား၊ အင်္ဂုလိမာလဆိုတဲ့ အမည်ဟာ လက်ညှိုးပေါင်း တထောင်ကိုဖြတ်ပြီး ပန်းသီသကဲ့သို့ သီပြီး လည်ပင်းမှာဆွဲထားလို့ အင်္ဂုလိမာလ....လို့ ပြည်သူတွေက အမည်ပေးတာ မှတ်ပြီလား"

"ဟုတ်ပါတယ်၊ သူ့ကို မွေးတဲ့ အချိန်က စောရနက္ခတ်နှင့် ယှဉ်မွေးလို့ လူဆိုးကြီး ဖြစ်လိမ့်မယ်ဆိုတာသိလို့ ပြည်သူလူထုကို မညှဉ်းဆဲပါစေနဲ့ဆိုတဲ့ အတိတ်နဲ့(အဟိံသက)လို့ အမည်ပေးခဲ့တာ သိပါတယ်"

"အေး....ဟုတ်ပြီ၊ ဇာတ်တော်တွေ ထဲမှာ (ပွဲတွေထဲမှာလဲ) ဘုရင့် သားသမီး တွေ ကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ သုံးနှစ်သုံးမိုး ပညာတော်သင်သွားကြတာ မင်းဖတ်ဖူး ကြည့်ဖူးမှာပေါ့"

"အေးပါကွာ၊ ပညာလဲစုံ ကြင်ယာလဲစုံလို့ ရွှေဘုံပြန် လှတယ်ဆိုတာတွေတောင် ပြောကြတာပဲ"

"အေး....အဲသလို တက္ကသိုလ်ပြည်ကို လွှတ်တာ အကြောင်းရှိတယ်ကွ၊ ချစ်အပ်သော သားသမီးကို ရပ်ဝေးသို့ ပညာသင် လွှတ်ခြင်း၏ အကြောင်းတရားလေးပါးရှိတယ်လို့ ကျမ်းစာများမှာ တွေ့ရတယ် (၁)ဇာတိမာန်ကျစေတယ်တဲ့၊ ကိုယ့်မြို့ ကိုယ့်ရွာမှာဆိုလျှင် မိဘဂုဏ်၊ ဩဇာ၊ ငွေကြေးတို့ကို အမှီပြုလျက် ထောင်လွှားတတ်ခြင်းမှ ကင်းအောင်၊ (၂)ပညာကို လုံ့လပြု၍ သင်ခြင်းတဲ့၊ ပညာတတ်မြောက်အောင် သင်မှ မိဘထံ မြန်မြန်ပြန်နိုင်မှာမို့ အထူးဂရုစိုက်ဘယ်ပေါ့ကွာ၊ (၃)မိတ်ဆွေ ခင်ပွန်း နှင့် လိုက်လျောပြေပြစ်စွာ ဆက်ဆံတတ်ခြင်း တဲ့၊ အပေါင်းအသင်းဆံ့တယ်ပေါ့၊(၄)အရပ်ဒေသကို ကျွမ်းကျင်ခြင်းတဲ့၊ ဒေသန္တရဗဟုသုတရတယ်ပေါ့ကွာ၊ ဒါကြောင့် ပုရောဟိတ်ကြီးက ကိုယ့်သား ကိုယ်မသင်ပဲ လွှတ်လိုက်တာ၊ အေး.... နောက်တခုပြောဦးမယ်၊ အဟိံသက လုလင် ပညာသင်ရတဲ့စနစ်က ဆရာကို ငွေနဲ့ပူဇော်ပြီး သင်ရတဲ့စနစ်မဟုတ်ဘူး၊ ဓမ္မန္တေဝါသိကတပည့် အဖြစ်နဲ့ သင်ရရှာတာ၊ အဲ.... လွယ်လွယ်ပြောရယင် ထမင်းစားကျွန်ခံ သင်ရတာပေါ့၊ ဒါက ပိုပြီး ကျိုးနွံတယ်၊ ရင်းနှီးတယ်၊ နေ့နေ့ညည အခါမလပ် ပူးပူးကပ်ကပ် ဆရာ့ဩဝါဒကို ခံယူနိုင်တယ်၊ သင်ရိုးသင်တန်းတွေသက် အထွေထွေ ဗဟုသုတရနိုင်တယ်၊ မဆိုးမမိုက် နိုင်အောင် ပြုပြင်တဲ့စနစ်ပေါ့ကွာ၊ ဒီလို ဆရာတပည့် ပညာသင်ကြတဲ့စနစ်ဟာ ရှေးအနုပညာ ဆရာကြီးတွေလက်ထက်မှာ အများကြီး"

"အား....ဟုတ်တယ်၊ ရှေးခေတ်က လူကြီးတွေ တယ်အမြော်အမြင်ကြီးကြပါပေတယ်နော်၊ ဒါနဲ့ တဆက်တည်းပြောရဦးမယ်၊ အင်္ဂုလိမာလ ရဟန်းဘဝရောက်တော့ ဆွမ်းခံတဲ့အခါမှာ ပြည်သူပြည်သားတွေက ရန်ငြိုးဖွဲ့ပြီး ခဲနှင့်ပစ်ကြတယ်လေ၊ အဲသည့်အခါမှာ မြတ်စွာဘုရား

သခင်က အမျိုးသမီးများ အလွယ်တကူ မီးဖွား နိုင်စေမယ့် အင်္ဂုလိမာလပရိတ်ဂါထာကို သင် ပေးတော်မူတာက ဆွမ်းခံရအောင်လို့ မဟုတ် လား''

''အသက် မွေးမှု ကြောင့် လည်း ဖြစ်တယ်၊ အင်္ဂုလိမာလမထေရ် ရဟန္တာဖြစ်ပြီဟု လူတွေ သိစေလိုတော်မူတာလဲ ပါတယ်၊ သူ့ သစ္စာစကား ကို ကြည့်၊ 'အိုး... နှမ၊ ငါသည် အရိယာဖြစ်သည့် အခါမှစ၍၊ သေစေလိုသော စေတနာဖြင့် သတ္တဝါကို သတ်ခဲ့ဖူးသည်မရှိ၊ ဤမှန်သော သစ္စာစကားကြောင့် သင်ရော ကလေးပါ ချမ်းသာပါစေ'တဲ့၊ အကျိုးသက်ရောက်မှုက အများကြီးပေါ့....''

''အင်္ဂုလိမာလမထေရ် အရိယာသူတော်ကောင်းကြီးဖြစ်နေပြီလို့ မသိတဲ့ လူတွေအဖို့ 'ငါ့သား သတ်သွားတာ၊ ငါ့အဖေကို သတ်ခဲ့တာ၊ ငါ့ဦးလေး ဦးကြီး ညီအစ်ကိုတွေကို သတ်သွားတာ စသည်ဖြင့် ရိုက်ပုတ်ညှဉ်းဆဲ ကလဲ့စား ချေကြမယ်ဆိုယင် ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိတဲ့ အကုသိုလ်ကံကြီးတွေ ထိုက်နိုင်စရာရှိလို့ ဘုရားမြတ်စွာက တချက်ခုတ် နှစ်ချက်ပြတ် ပရိတ်ဂါထာကို သင်ချပေးတော်မူတာ၊ ကျေနပ်ပြီလား''

"အေး.... သာဓု.... သာဓုကွာ.... မင်းလဲ ဆောင်းပါးတပုဒ်ရပြီ မဟုတ်လား၊ ဟဲ....ဟဲ....''



# မဟာဒုတ်လား၊မဟာဒုက်လား

သမီး ရှိသေစွာ ရှိခိုးအစီရင်ခံ သိုက်ပါသည် ဘဘ ဦးသုခ၊

သမီးတို့မိသားစုအားလုံး ရတနာမွန်မဂ္ဂဇင်းကို လစဉ်ဖတ်ကြပါသည်။ ဘဘ၏ ဆောင်းပါးများနှင့် ပါဝင်သမျှ ဝတ္ထုဆောင်းပါးများဟာ သမီးတို့ ဗုဒ္ဓဘာသာရေးကို များစွာဗဟုသုတရကြပါတယ်၊ ရေးသားတာတွေကိုလဲ အကုန် သမီးတို့ နားလည်နိုင်ကြပါတယ်၊ ဒါကြောင့် ကျေးဇူးတင်ပါတယ်၊ ဒီလို အဆက်မပြတ် ရေးပေးပါလို့ သမီး တောင်းပန်ပါရစေ။

သမီး အခု(၁၆)နှစ်ရှိပါပြီ၊ မင်္ဂလသုတ်နှင့် ဓမ္မစကြာစာမေးပွဲကိုလဲ အောင်ခဲ့ပါတယ်။

ဒါနဲ့ ဘဘကို သမီးတခုမေးပါရစေ၊သမီးတို့ မြို့မှာ သီတင်းကျွတ်သဆိုယင် မီးထွန်းပွဲနှင့်အတူ မဟာဒုတ်မြသပိတ်ပွဲကို အကြီးအကျယ်လုပ်ကြပါတယ်၊ မြသပိတ် ပေါက်တဲ့လူဆိုယင် ငွေ တသောင်းရပါတယ်၊ အဲသည့်ငွေနဲ့ ဘုရားဆွမ်းတော်ကြီး တင်ပြီး၊ သံဃာတော်တွေကိုလဲ ဆွမ်းကျွေး၊ လူရှိသတ်ကိုလဲ လှူဒါန်းကျွေးမွေးကြတာ ကုသိုလ်ယူရ၊ ပျော်လဲ အလွန်ပျော်ကြရပါတယ်။

အဲဒီမှာ သမီး မသိလို့ မေးပါရစေ၊ စာရေးတဲ့အခါ (မဟာဒုတ်)က အမှန်လား၊ (မဟာဒုက်)က အမှန်လား၊ နောက်ပြီးတော့ မဟာဒုတ်ဟာ မြတ်စွာဘုရားရဲ့ မြသပိတ်တော်ကိုရလို့ ဆွမ်းလှူတာနဲ့ သဌေးကြီး ဖြစ်သွားတယ်လို့လဲ ပြောကြပါတယ်၊ ရဟန္တာဖြစ်သွားတယ်လို့လဲ ပြောကြပါတယ်၊ ဘယ်ဟာ အမှန်ပါလဲ၊ ရဟန္တာ ဖြစ်သွားလျှင်လဲ ဘွဲ့တော်က ဘယ်လိုခေါ်သလဲ၊ ဒါတွေကို သမီး အသွန်သိချင်နေပါတယ်၊ ရတနာမွန်မဂ္ဂဇင်းမှာ ရေးဖြစ်အောင် မြန်မြန် ရေးပေးပါ၊ သမီးတို့ စောင့်မျှော်နေကြပါမယ်။

ဘဘ အသက်ရှည်စွာ သာသနာအကျိုးပြု စာပေများ အဆက်မပြတ်ရေးနိုင်ပါစေလို့ သမီးတို့ တအိမ်သားလုံး ဆုတောင်းနေပါတယ်။

သမီး-စောမြနှစ်
တောင်ငူမြို့

* * *

သမီးလေး စောမြနှစ်၊

မင်္ဂလသုတ်နှင့် ဓမ္မစကြာ စာမေးပွဲများ အောင်မြင်ခဲ့သည်ဆို၍ ဘဘ သာဓုခေါ်ပါတယ်၊ အဲသည့်ကျမ်းစာများမှ တဆင့်တက်ပြီး (ဓမ္မပဒ)ကျမ်းကို သမီးဖတ်ဖြစ်လျှင် အခု သမီး

သိချင်တာတွေ အကုန်သိလာမှာပေါ့၊ ယခု သမီး မဖတ်ရသေးတော့ ဘဘက ပြောပြရမှာပေါ့၊ သမီးသာ မဟုတ်ပါဘူး၊ အချို့လဲ တော်တော်များများ မသိကြသူတွေ ရှိပါတယ်ကွယ်၊ သူတို့လဲ (ဓမ္မပဒ)ကို မဖတ်ကြလို့နေမှာပေါ့။

"ကဲ–သမီးမေးတဲ့ (မဟာဒုတ်)နဲ့ (မဟာဒုက်) အရေးအသားက စပြီး ဘဘတွေ့သလောက် ပြောပြမယ်။

(မဟာဒုတ်)လို့ ရေးတာက မြန်မာအသံထွက်ကို လိုက်၍ရေးတာ ဖြစ်စရာရှိတယ်ကွဲ့။

(မဟာဒုက်)လို့ ရေးတာက ပါဠိမှယူပြီး ရေးတာဖြစ်လိမ့်မယ်၊ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီးပြုစုတဲ့ (သာမဏေကျော်လေးပါးဝတ္ထု)မှာ (မဟာဒုတ်)လို့ ရေးတော်မူတယ်။

အင်မတန်ဆင်းရဲလွန်းလို့ (ဒုက္ခ)ဆိုတဲ့ ပါဠိစကားမှ (ခကွေး)ကို ဖြုတ်ပြီး (ဒုက်)လို့ ရေးတာလဲ ဖြစ်နိုင်တယ်၊ နောက်တခု (ဒုက)၊ (ဒုက)ဆိုတဲ့ပါဠိက (နှစ်ခုအပေါင်း–နှစ်ယောက်ပေါင်း)လို့ မြန်မာပြန်နိုင်လေတော့ (နှစ်ကိုယ့်တစိတ်)ဖြစ်ကြတဲ့ လင်မယားလို့ယူဆရမလားပဲ။

အဲသလို (မဟာဒုတ်–မဟာဒုက်) အရေးအသားအပြင် (မဟာဒုဂ်)လို့ ရေးထားတာကိုလဲ ညောင်လေးပင်တောရ ဆရာတော်ကြီးပြုစုထားတဲ့ (ဓမ္မပဒဝတ္ထုတော်ကြီး)မှာ တွေ့ရပြန်တယ်၊ (ဒုဂ္ဂ)ဆိုတဲ့ ပါဠိက မြန်မာလို 'ခဲခက်သောခရီး' လို့ အဓိပ္ပာယ်ရှိတာကြောင့် ခက်ခက်ခဲခဲဘဝခရီးကို ရုန်းကန်နေရရှာသူလို့ ယူဆနိုင်မလားမသိဘူး၊ (ဒုဂ္ဂတမနုဿ)ကိုတော့ 'မကောင်းသော အလားရှိသောလူ၊ သူဆင်းရဲ'လို့ ပါဠိအဘိဓာန်မှာ တွေ့ရတယ်၊ ဒါကြောင့် (ဒုတ်)လား၊ (ဒုက်)လား၊ (ဒုဂ်)လားဆိုတာကို ဘဘတော့ အတိအကျမဖြေနိုင်ပါဘူး သမီးရယ်၊ ဆရာတော်ကြီးများကို လျှောက်ထားမေးမြန်းတောင်းပန်ရပါဦးမယ်။

နောက်တခု သမီးမေးထားတာက မဟာဒုတ်သူဆင်းရဲဟာ ဗုဒ္ဓကိုယ်တော်၏မြသပိတ်တော်ကို ရလို့ ဆွမ်းလှူရတဲ့အကျိုးကြောင့် အဲ–အဲ ဆွမ်းလှူရတဲ့အကြောင်းကြောင့် သဌေးကြီးဖြစ်သွားသလား၊ ရဟန္တာဖြစ်သွားသလား၊ ဘယ်ဟာက အမှန်ပါလဲလို့ မေးတယ်နော်။

အဲဒါကိုတော့ ဘဘက 'သဌေးကြီးဖြစ်သွားတာလဲ မှန်ပါတယ်၊ ရဟန္တာဖြစ်သွားတာလဲ မှန်တယ်'လို့ ဖြေရမှာပဲ ဘယ်လိုမှန်သလဲဆိုတော့ ကဿပဘုရားလက်ထက်တော်မှာ မဟာဒုတ်ဘဝနှင့်ဆွမ်းလှူခဲ့လို့ မဟာဒုတ်သဌေးကြီးဖြစ်ရတယ်၊ နောက်–ယခု ဂေါတမသဗ္ဗညုမြတ်စွာဘုရားရှင်လက်ထက်တော်မှာ(ပဏ္ဍိတသာမဏေ)ဟူသောဘွဲ့နှင့် သာမဏေ ရဟန္တာဖြစ်လာရတယ်၊ မှတ်ပြီလား။

ကဿပမြတ်စွာဘုရားက ယခု (ဘဒ္ဒကမ္ဘာ)မှာ တတိယမြောက် ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓကိုယ်တော်မဟုတ်လား၊ ပထမ ပွင့်တော်မူတာက ကကုသန်မြတ်စွာဘုရား၊ ဒုတိယ ကောဏာဂုံမြတ်စွာဘုရား၊ တတိယ ကဿပမြတ်စွာဘုရား၊ စတုတ္ထ(နှစ်ပေါင်း ၂၅၀၀–ကျော်ကမှပွင့်တော်မူခဲ့တာ) ဂေါတမမြတ်စွာဘုရား၊ နောင် ပဉ္စမ ပွင့်တော်မူမှာက အရိမေတ္တေယျမြတ်စွာဘုရား၊ ဒါတော့ သမီး သိတယ်မဟုတ်လား။

မဟာဒုက်ဟာ ဆင်းရဲတယ်၊ ဒါပေမယ့် ကဿပမြတ်စွာဘုရားရဲ့ သပိတ်တော်ကို ရလို့ ဆွမ်းလှူရတယ်ဆိုတဲ့အကြောင်းကို သမီးသိတန်သလောက်တော့သိထားမှာပါ၊ သို့သော် ဘယ်လိုကြောင့် ဆွမ်းလှူချင်လာတယ်၊ ဆွမ်းလှူနိုင်အောင် ဘယ်လောက်ကြိုးစားရရှာတယ်၊ ဘယ်လိုကြောင့် မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ရ

တယ် ဆိုတာကိုတော့ ဘာဘာ က ပြောပြချင်သေးတယ်။

ကဿပ မြတ်စွာဘုရား ဟာ ရဟန္တာ နှစ်သောင်းနှင့် မဟာဒုက်တို့နေတဲ့ ဗာရာဏသီမြို့ကြီးကို ကြွတော်မူလာသတဲ့။ ဗာရာဏသီမြို့ ဆိုတာ ယခုရှိတဲ့အိန္ဒိယပြည်က ဗာရာဏသီမြို့ ဖြစ်တယ်၊ ထိုသို့ဗုဒ္ဓများ လက်ထက်တော်က တည်းက ဗာရာဏသီလို့ပဲ အမည်တွင်ခဲ့တယ်၊ အဲသည်မှာ မြို့နေ လူထုက မြတ်စွာဘုရားနှင့် သံဃာတော်တွေကို ဆွမ်းကျွေး ကြတာပေါ့၊ ကဿပမြတ်စွာဘုရားက ဆွမ်းစားတော်မူပြီ တဲ့အခါ....

"ဒါယကာ– ဒါယိကာမ အပေါင်းတို့၊ အချို့ လူများဟာ ကိုယ့်ပစ္စည်းနှင့်ကိုယ် သာလှူတတ်ကြတယ်၊ သူတပါးကိုကိုယ့်လိုလှူချင်လာအောင် မတိုက်တွန်း မနှိုးဆော်တတ်ကြဘူး၊ အဲသည့် ပုဂ္ဂိုလ်များဟာ အလှူဒါနကြောင့်စည်းစိမ်ချမ်းသာတော့ ပေါများပေ ရဲ့၊ အခြံအရံတော့ မရှိဘတ်ဘူး။ ဒါကြောင့် မိမိသာလှူရုံ မဟုတ်၊ သူတပါးကို လှူကြအောင်လဲ တိုက်တွန်းနှိုးဆော်သင့်တယ်" လို့ တရားဟောတော်မူတယ်။

သမီး.မြင်ဖူးတွေ့ဖူးမှာပေါ့၊ ပိုက်ဆံသာ ချမ်းသာပြီး အကျော်အစော၊ အခြွေအရံနည်းပါးတဲ့ သဌေး အခေါ်ခံနေကြတဲ့ ပုဂ္ဂိုလ်ကြီးတွေလေ၊ ကိုယ့်ဟာကိုယ်ပဲ ပိုက်ဆံ ရှိ နေ ပြီး အရေးအကြောင်းဆိုလျှင် ကူညီဝိုင်းဝန်းမယ့် လူတွေကို မရခက ခေါ်နေကြရတာ။

အဲသည့် လူမျိုးတွေဟာ ယခင်ဘဝက ကိုယ်တော့လှူပ ရဲ့၊ ကိုယ့်လိုသူများ လှူချင်အောင် လှူဖြစ်အောင် မတိုက်တွန်း မနှိုးဆော်ခဲ့တဲ့ လူတွေပေါ့၊ သမီးလဲ သူများကို နိဗ္ဗာန်ဆော် လုပ်ပေးနော်။

မြတ်စွာဘုရား တရားတော်ကို နှစ်သက်တဲ့ ဒါယကာတဦး က မိမိလဲလှူမယ်၊ သူများကိုလဲ လှူရန် တိုက်တွန်းပေးမယ် ဆိုပြီး သိကျွမ်းသမျှ အပေါင်းအသင်း မိတ်ဆွေတွေကို လိုက်ပြောသတဲ့။

"ကျုပ်တို့ဗာရာဏသီကို မြတ်စွာဘုရားကြွတော်မူလာခိုက် ကြုံကြိုက်တဲ့အခါ ဆွမ်းကျွေးကြစမ်းပါ၊ လှူဒါန်းကြစမ်းပါ၊ အလွန်ရခဲတဲ့ အခွင့် အရေးကြီးကို လက်လွတ် မခံလိုက်ကြနဲ့နော်၊ သံဃာတော်များ နှစ်သောင်းတောင် ရှိပါတယ်၊ ကိုယ့်အိမ်ကိုယ် အပါးတရာမျိုး နှစ်ရာမျိုးပင့်ပြီး ဆွမ်းကျွေးကြစမ်းပါ" လို့ လိုက်ပြောသတဲ့ကွယ်။

အဲ....သူ့စကားကြောင့် စေတနာပေါ်လာပြီး ဟိုလူက ငါးဆယ်လှူပါမယ်၊ သည်လူက တရာလှူပါမယ် ကတိပြုကြသတဲ့၊ အဲသလို အလှူရှင်နဲ့ ပင့်သံဃာအရေအတွက်ကိုစာရင်းနဲ့ မှတ်ထားပြီး မျက်နှာကြီးငယ် လိုက်ရာမကျအောင် ဘယ်ကိုယ်တော်၊ ဘယ်ကိုယ်တော်တို့က ဘယ်သူ့အိမ်ကို ဆွမ်းစာကြွရပါမယ်' လို့ ပြောနိုင်ဖို့ (မဲချ)ရပါတယ်၊ အဲဒါ ကို စာရေးတံမဲ ယူဘယ်လို့ ခေါ်ကြပါတယ်၊ ဥပမာကို သမီးနားလည်ပြီနော်။

အေး... နိဗ္ဗာန်ဆော် ဒါယကာက နေ့တိုင်းနေ့တိုင်းသိသမျှလူကို တိုက်တွန်းလာရာမှာ အလုပ်မှပြန်လာတဲ့ မဟာဒုတ်ကိုတွေ့တော့ "မင်းလဲလှူဖို့ကောင်းတယ်" လို့ တိုက်တွန် တာပေါ့၊ ဒီတော့ မဟာဒုတ်က "ကျွန်တော့်မှာ လှူဖို့ နေနေသာသာ မနက်တနပ် ညတနပ် အလျဉ်မီအောင် မနည်းကြိုးစားနေရပါတယ်ဗျာ" လို့ ဝမ်းနည်းပန်းနည်း ပြန်ပြောရှာသတဲ့၊ ဟုတ်လဲ ဟုတ်ပါရဲ့၊ သူတို့ လင်မယား နှစ်ယောက်တည်း ရှိတာတောင် ထင်ရောမယားပါ သူများအိမ်မှာ နေ့စားလုပ်မှ ဝဝလင်လင်စားနိုင်ရှာကြသကိုး၊

ဒီတော့နိဗ္ဗာန်ဆော်က ပြောပြန်တယ်၊ ''မင်းတို့အခုလိုဆင်းရဲနေတာ ယခင်ဘဝက မလှူခဲ့လို့ဖြစ်မှာပေါ့၊ အခုဘဝမလှူယင် နောင်ဘဝမှာလဲ ဆင်းရဲ နေဦးမှာပဲ၊ 'မရှိလို့မလှူ - မလှူလို့မရှိ' ဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား၊ မရှိ ရှိအောင် ကြိုးစားရှာဖွေပြီး လှူကွာ' လို့ တိုက်တွန်း ပြန်တယ်၊ အဲသည်တော့ မဟာဒုက်က သဘော ပေါက်လာပြီး ''ဒါဖြင့် သန်ဘက်ခါ သံဃာတော်တပါးကို ဆွမ်းကျွေးမယ်ဗျာ၊ နက်ဖြန်ကိုအလုပ်ကြိုးစားလုပ်သျှင် သံဃာ တပါးစာ အတွက်တော့ ပိုလျှံနိုင် ကောင်းပါရဲ့''လို့ ဆိုတဲ့အခါ....

''မင့်ဥစ္စာ သံဃာ တပါးတည်းလားကွ၊ သမျှားက ဆယ်ပါး၊ အပါးနှစ်ဆယ်အနည်းဆုံး''

''လှူသိုက်ချင်တာ ကဖြင့် သံဃာ တရာ တထောင်ပေါ့ဗျာ''

''အေးလေ....မင်းတတ်နိုင်သမျှပေါ့၊သံဃာ တပါးတည်းဆိုတော့လဲ စာရင်းတင်မထားတော့ ပါဘူး၊ စိတ်နဲ့မှတ်လဲ ရပါတယ်''ဆိုပြီး နိဗ္ဗာန် ဆော်က ထွက်သွားပါသတဲ့။

မဟာဒုက်လဲ မြို့အစွန်အဖျားမှာရှိတဲ့ သူ့တဲကုပ်ကလေး ရောက်တော့ စောင့်မျှော်နေရှာတဲ့ မယားကို အကြောင်း အကျိုး ပြောပြတယ်၊ မယားက ဝမ်းသာအားရနှင့် 'ဒီလိုဆို... နက်ဖြန်မှာ အခစားနားကလေးပိုရအောင် ကြိုးစား ပြီး လုပ်ကြတာပေါ့တော်''လို့ ပြောရှာ သတဲ့လေ။

ဒီနေရာမှာ သမီးစဉ်းစားကြည့်စမ်း၊ 'လင်နဲ့မယား၊ ရှေ့သွား နောက်လိုက် ညီတယ်'ဆိုတဲ့ စကား၊၊ ရုပ်ရေအလှအပ ညီတာထက် စိတ်နေသဘောထား 'ရှေ့သွားနောက်လိုက် ညီခြင်း'က ဘဝအကျိုးပေး ကောင်း မွန် တတ် တယ် နော်၊ လင်နဲ့မယား ဆိုပေမယ့် အချို့ မယားကျတော့ လင်က လှူချင် တန်းချင် ပေးချင် ကမ်းချင်တာကို နှခမြှာတွန့် ကိုတတ်ကြတယ်၊ အကြောင်း အချိုးမျိုးပြပြီး ကန့်ကွက်ဖျက်ဆီးတတ်ကြတယ်၊ ပိုက်ဆံရှိတာ၊ မရှိတာနှင့် မဆိုင်ဘူး၊ သဒ္ဓါမတူ လျှင်မကြည်ဖြူနိုင်ကြတာများတယ်၊ဒီလိုဆိုလျှင် ဘာဖြစ်တတ်သလဲ၊ နောင်ဘဝမှာမပြောနဲ့၊ အခု ဘဝမှာပဲ လင်နှင့်တကွ ပစ္စည်းဥစ္စာကို မယားက ဦး စွ စွနဲ့ သွားရတတ်တယ်၊ဒါကိုသမီးလေးတို့ ကောင်းကောင်း မှတ်သားထားရမယ်နော်''

နောက်တနေ့မနက်ကျတော့ မဟာဒုက်တို့ လင်မယားဟာ ခါတိုင်းထက်စောစော တအိမ်စီ ခွဲပြီး အလုပ်သွားကြတယ်၊ ဒီနေ့ဟာ သံဃာ တပါးစာအတွက် ဆွမ်းချက်ရမယ် မဟုတ်လား၊ ဆန်ကွဲ ဆန်ညှာ ကလေးဖြစ်ဖြစ် အလုပ်ရှင်က ပိုပေးအောင်ပေါ့၊ ဒါကြောင့် နေ့တိုင်းထက် အသွန်ကို ပို၍ ကြိုးစားကြတယ်၊ နောက်ပြီး တသက်နှင့်တကိုယ် တခါမှ မလှူဘူးတာ လှူရမှာမို့ ဝမ်းသာအားရ ဖြစ်နေကြတယ်၊ ပျော်ပျော် ရွှင်ရွှင်နှင့် တက်တက်ကြွကြွ သီချင်းတကြော် ကြော်ဆိုယင်း လုပ်နေကြတယ်၊ အဲဒါကပဲ သူတို့ အဖို့ (ပုဗ္ဗစေတနာ) ဖြစ်နေကြပြီလေ။

(ပုဗ္ဗ-မုဉ္စ-ပရ) စေတနာဆိုတာကို သမီး သိကြမယ်မဟုတ်လား၊ (ပုဗ္ဗစေတနာ)က အလှူကောင်းမှုကိုပြုဖို့ ကြံစည်လှုပ်ရှား သဒ္ဓါတရား ထက်သန်နေတဲ့အတွက် ကုသိုလ်တော့ ဖြစ်နေကြတယ်၊ ဒီနေရာမှာ သံဃာ အပါးတရာ နှစ်ရာကို လွယ်လွယ်ကူကူ ဆွမ်း ကျွေး နိုင်တဲ့ သဌေးသူကြွယ်ကြီးတွေရဲ့ စိတ်နှင့် မတူတာကို သမီး သတိပြုစေချင်တယ်၊ သူတို့ သူတို့က ဒီနေ့မှာ ဒီအလှူကို လှူဖို့ရယ်လို့ ပစ္စည်း ရှာခဲ့ကြ၊ လုပ်ခဲ့ကြတာ မဟုတ်ဘူးလေ၊ တရားသဖြင့်ဖြစ်စေ၊ မတရားသဖြင့်ဖြစ်စေ ငွေကြေး စုဆောင်းလာခဲ့ကြပြီး လှူခါနီးမှာ လွယ်လင့်တကူ လှူလိုက်ကြတာဖြစ်တယ်၊ မဟာဒုက်တို့ လင်မယားကျတော့ ဒီအလှူကို လှူနိုင်ရအောင် အားသွန်

ကြိုးပမ်းနေကြရရှာတယ်၊ ဒီစေတနာက အကျိုး ပေးမှာဖြစ်လို့ သမီးကို သိသာအောင် ဘာဘက ပြောပြသွားတာနော်။

အလုပ်ရှင် အသီးသီးက မဟာဒုက်တို့ လင် မယား ခါတိုင်းနှင့်မတူ ပျော်ပျော်ရွှင်ရွှင် အား တက်သရော ကြိုးစားလုပ်ကိုင်နေတာကို အံ့ဩ ပြီး အကြောင်းအကျိုးကို မေးကြတယ်၊ မဟာ ဒုက်သင်မယားက သံဃာတော်တပါးကို ဆွမ်း ကျွေးရအောင် ကြိုးစားနေကြခြင်းပါ-လို့ ဖြေ တယ် အဲ့သည်တော့ အလုပ်ရှင်တွေက အကြင် နာ သဒ္ဓါတရားပေါက်လာပြီး နေ့တိုင်းပေးနေ ကျထက် ပိုပေးကြတယ်၊ အဲဒါဟာ (ဒါန၏ ဒိဋ္ဌ ဓမ္မအကျိုး)ဖြစ်တယ်၊ (၁) လူအပေါင်းတို့က ချစ်ခင်ခြင်း၊ (၂) သူတော်ကောင်းတို့က ချဉ်း ကပ်လာခြင်း၊ (၃) သတင်းကောင်းကျော်စော ခြင်း၊ (၄) မင်းပရိသတ် ရဟန်း ပရိသတ် အသယ်၌ မရွံ့မထိတ် ဝမ်းမြောက်စွာ ဝင်ဆံ့ နိုင်ခြင်း၊ (၅) သေတဲ့အခါ နတ်ပြည်သို့ ရောက် ရခြင်း-တဲ့၊ အဲသည် အကျိုးငါးပါးကို သမီး မှတ်ထားရမယ်။

အဲ-အလုပ်ရှင်တွေက မဟာဒုက် လင်မယား ကို ဆန်ကောင်းတွေကို ပေးလိုက်တဲ့အပြင် ဆွမ်း ချက်ဖို့ အချိန်စောစောပြန်လွှတ်လိုက်ကြတယ်၊ ကဲ-ဆွမ်းချက်ဖို့ ဆန်ကောင်းတော့ရပြီ၊ ဟင်းကို ဘယ်လိုချက်မလဲ၊ အမဲသားငါး မတတ်နိုင်တော့ ဆက်သတ်လွှတ်သဘော အရွက်အသီးပဲ ရှာရ မှာပေါ့၊ ဒီတော့ မဟာဒုက်က ဟင်းသီးဟင်းရွက် လိုက်ခူးရတယ်၊ အဲ သည် မှာ လဲ ပုဗ္ဗစေတနာ ကြောင့် ပျော်ပျော်ပါးပါး သီချင်း တကြော် ကြော်နဲ့ပေါ့၊ သူတို့ လင်မယားဟာ ဆင်းရဲ ပင် ပန်း လွန်း လို့ အမြဲ ညှိုးငယ် မှိုင်တွေနေ ကြရှာတာ တမြို့လုံး သိထားကြတယ်၊ အခု ရွှင်ရွှင်ပျပျ သီ ချင်း ဆို နေ တော့ ထူးဆန်း နေတာပေါ့၊ ဒါကြောင့် အသိ တံငါကြီးက

''ဟေ့....မဟာဒုက်၊ ဒီနေ့ မင်းတယ်ထူးခြားနေ ပါကလား၊ ပျော်သို့-ရွှင်လို့-သီချင်းများတောင် ဆိုလို့''ဟု မေးတယ်၊ မဟာဒုက်က 'သူဆွမ်းကျွေး ရမှာဖြစ်လို့ ပျော်တဲ့အကြောင်း' ပြောပြတယ်၊ ဒီအခါ တံငါကြီးကပါ ချစ်ခင်ကြည်ညို လာပြီး ဆွမ်းဟင်းချက်ဖို့ ငါးကြင်းကြီးလေးကောင်ပေး လိုက်ပြန်ဘယ်၊ ဟား-မဟာဒုက် ဝမ်းသာလိုက် တာဘော့ ဘယ်ပြောကောင်းမလဲ၊ က,ခုန်ပြန် လာတာပေါ့၊ တိုတိုပြောကြစို့....

တသက်လုံး တခါမှ မစားရဖူးတဲ့ ငါးကြင်း ကြီးတွေကို သူတို့လင်မယားမချက်တတ်ကြဘူး၊ ဒီလိုနေတုန်း သူတို့တဲကလေးကို လူတယောက် ဝင်လာပြီး ''ကျွန် တော် ဟင်း ချက် ကောင်း တယောက်ပါ၊ အဖိုးအခမယူပဲ စေတနာနဲ့ ချက် ပေးပါရစေ''လို့ ပြောတယ်၊ အဲသည်ပုဂ္ဂိုလ်က သိကြားမင်း လူယောင်ဆောင်လာတာ၊ ဘာဖြစ် လို့လာရတာလဲဆိုတာ အကြောင်းရှိတယ်။

ကဲ....ဆွမ်းတော့ချက်ပြီးပြီ၊ ဘယ်ကိုယ်တော် ကိုပင့်ရမှာလဲ-လို့ နိဗ္ဗာန်ဆော်ကြီးကို သွားမေး ဘော့မှ ပြဿနာပေါ်တော့တာပဲ၊ သံဃာတော် နှစ်သောင်းကို မြို့လူထုကပင့်ကြရမှာ တပါး- နှစ်ပါး-လေးပါးပင့်ကြတာမဟုတ်၊ အနည်းဆုံး ငါးပါး- ဆယ်ပါး- ငါးဆယ်- တရာ ပင့်ထား ကြလေဘော့ မဟာဒုက် သံဃာတပါး ဆိုတာ (ဝေပုံကျ)ထည့်သွင်းလို့မရနိုင်တဲ့အတွက် နိဗ္ဗာန် ဆော်ကြီးက သတ်သတ်မချန်လိုက်မိဘူးတဲ့လေ့၊ အဲသည်မှာ မဟာဒုက် ဒုက္ခဖြစ်တာပေါ့။

ကြည့်စမ်းပါဦး သူ့ခမျာ၊ သံဃာ တပါးကို ဆွမ်းကလေး တနပ် ကျွေးရအောင် အမျိုးမျိုး ကြိုးစားလာခဲ့ပါတယ် အခုတော့မကျွေးရတော့ ဘူးဆိုလို့....ငိုပြီး နိဗ္ဗာန်ဆော်ကြီးကို အပြစ်တင် တာပေါ့၊ သူ့ကို ဆင်းရဲသား ပေါမွှားမို့ လူရာ မသွင်း အရေးမထား၊ မျက်နှာကြီး တွေကိုသာ ဦးစား ပေးတယ်-ပေါ့၊ တကယ်တော့ နိဗ္ဗာန်

ဆော်ကြီးဟာ မျက်နှာ လိုက်တာတော့ မဟုတ်ရှာပါဘူး၊ 'နမော်နမဲ့' ဖြစ်သွားတာပါ၊ အခုပဲကြည့်လေ၊ သံဃာတော်နှစ်သောင်းကိုသာဆွမ်းပင့်ကျွေးဖို့ ဆော်ဩမိခဲ့တယ်၊ မြတ်စွာဘုရားကို ဆွမ်းပင့်ကျွေးဖို့ ဒါယကာတော့ မရှာခဲ့မိဘူး၊ အဲဒါမျိုးဖြစ်တတ်တယ်နော်၊ 'အလှမ်း ကျယ်၍ အလယ်လပ်' ဆိုသလို အဓိကကျတာကိုမေ့ထားပြီး အသေးအမွှားတွေကိုသာအရေးထား၍စီစဉ်တတ်သူများ အခမ်းအနားကြီးတွေမှာ တွေ့ရတတ်တယ်။ သမီးလဲကြုံဖူးမှာပေါ့။

ဒီတော့ နိဗ္ဗာန် ဆော်ကြီးက မဟာဒုက်ကို ရလိုရငြား မြတ်စွာဘုရားထံ ဆွမ်းပင့်လွှတ်တယ်၊ သူ့အဖြစ်နဲ့သူ။ သူကိုယ်တိုင်တော့သွားမလျှောက်ဝံ့တော့ဘူးလေ.... လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူတဲ့ ဗုဒ္ဓကိုယ်တော်၏ အပါးကို လျှောက်ထားဖို့ မပြောနဲ့၊ ချဉ်းကပ်ဖို့တောင် လွယ်တာမဟုတ်ဘူး၊ ရှင်ဘုရင်ရှေ့တော်ကို ဝင်ရောက်ဖို့တောင် ဘယ်လောက်စိုးရွံ့ရသလဲ၊ ဒါပေမယ့် မဟာဒုက်ကတော့ သူ့စေတနာနဲ့သဒ္ဓါကိုအားကိုးပြီး သွားဝံ့တယ်၊ ဘာဘစောစောက ပြောခဲ့တဲ့ ဒါန၏ အကျိုးငါးပါး ထဲမှာ ပါတဲ့ အတိုင်းပေါ့၊ လူနတ် ရဟန်း ရှိသတ်အလယ်ကို မကြောက်မရွံ့ ဝမ်းသာရွှင်လန်းစွာဝင်ဝံ့တယ်-ဆိုတာလေ၊ သမီးမှတ်မိတယ်မဟုတ်လား။

အဲသည်မှာ အဝတ်အစား စုတ်စုတ်နုပ်နုပ်နဲ့ ဝင်လာတဲ့မဟာဒုက်ကို ရှင်ဘုရင်နှင့်တကွမှူးကြီးမတ်ကြီး သဌေး သူကြွယ် မျက်နှာကြီးတွေက အဆင်ခေးလို့ ဝိုင်းနှင်ကြတယ်၊ မဟာဒုက်ကတော့ နည်းနည်းကလေးမှ မတုန်လှုပ်ပါဘူး။

မြတ်စွာဘုရားက မဟာဒုက်ကို မြင်တော်မူတယ်၊ ရုပ်ကိုသာ မြင်တော်မူခြင်းမဟုတ်ဘူး၊သူ့စေတနာသဒ္ဓါတရားနှင့် ကာယကံ၊ဝစီကံ၊မနောကံတို့ကို မြင်တော်မူခြင်း ဖြစ်တယ်၊သူ့စေတနာသဒ္ဓါ ဝီရိယက သဌေးတွေ သံဃာအပါးတရာတထောင် ပင့်ကျွေးတဲ့ ပုဗ္ဗစေတနာထက် အဆ တရာလောက် သာနေတာ မဟုတ်လား၊ သမီး မှတ်မိတယ်နော်၊ အဲဒါကြောင့် မြတ်စွာဘုရားက 'ချစ်သားမဟာဒုက်....ဝင်ခဲ့လော့၊ လာခဲ့လော့' ဟု အမိန့်တော်ရှိပြီး နက်ဖြန်နံနက် အရုဏ်တက်မှာ ကပ်ရအောင် သပိတ်တော်ကို ပေးတော်မူလိုက်တယ်၊ အို....လူတွေရော ရဟန်းတွေပါ အံ့တသြဖြစ်ပြီး 'မဟာဒုက် ကံကောင်းလိုက်တာ၊ မဟာဒုက် ကံကောင်းလိုက်တာ' နဲ့ ဥက္ကောဋ္ဌ ဖြစ်သွားတယ်၊ မုနိငါးပါးတို့၏အရှင် ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာ ကိုယ်တော်ဘိုင်ကို ဆွမ်းကပ်ရတဲ့ အခွင့်အရေး ကြီးဟာ လူတသောင်း မှာ တယောက်၊ လူတသိန်းမှာ တယောက် (ထီ) ပေါက်သလိုဖြစ်တာကြောင့် ခုခေတ်မှာ (မဟာဒုက်ထီ)လို့ ခေါ်ကြတာပေါ့ကွယ်။

ရှင်ဘုရင်နှင့်တကွ မှူးမတ် သဌေး သူကြွယ်တွေက မြတ်စွာဘုရားကို ထိုက်တန်သော ဆွမ်းကောင်း ဟင်းကောင်းများနှင့် သူတို့ လုပ်ကျွေးပါရစေ....သပိတ်တော်ကို သူတို့အားလွှဲပေးပါ၊ ငွေတောင်းသလောက် ပေးပါမယ်....လို့ပြောကြပေမယ့် မဟာဒုက်က အရေးတောင် မလုပ်ဘူး၊ သူ့တဲကုပ်ကလေးရှိရာကိုသာ ကခုန်ပြီး ယူသွားတယ်လေ၊ ဒါတောင် ဗာရာဏသီပြည့်ရှင် ဘုရင်မင်းကြီးက မဟာဒုက်ကပ်တဲ့ ဆွမ်းဆိုလျှင် တမြို့လုံးမှာ အညံ့ဆုံးဖြစ်မှာ သေချာတယ်၊အကယ်၍များ ညံ့လွန်း အားကြီးနေလျှင် ငါနန်းတော်မှကောင်းမွန်တဲ့ ရသာဘောဇဉ်များ ပို့ပေးရမယ်လို့ကြံစည်ပြီးမဟာဒုက်တဲကုပ်ကလေးကိုလိုက်၍အကဲခတ်တယ်၊ အဲသည့်အခါ မဟာဒုက် ကလဲ ဟင်းအိုးကို ဖွင့်ကြည့်လိုက်ရော ငါးကြင်း သားဟင်းအနံ့ဟာဗာရာဏသီတမြို့လုံးမွှေးကြိုင်သွားတယ်၊ ဗာရာဏသီမင်းကြီးတောင် သွားရည်ကျလာသတဲ့လေ၊ ဟုတ်မှာပေါ့၊သိကြားမင်း ကိုယ်တိုင် မြတ်စွာဗုဒ္ဓ ဘုဉ်းပေးသုံးဆောင်မည့် ဆွမ်း

ဖြစ်လာလိမ့်မယ်ဆိုတာ ကြိုတင်သိထားလို့ သူကိုယ်တိုင် (စားတော်ခဲ့) ဝင်လုပ်ထားတဲ့ဟင်း မဟုတ်လား၊ နောက်ပြီးမဟာဒုက်ရဲ့ပုဗ္ဗစေတနာကိုလဲ အသိအမှတ်ပြုမိမှာပေါ့။

ကဿပ မြတ်စွာဘုရားဟာ နောက်တနေ့နံနက် အရုဏ်ဘက်မှာ မဟာဒုက်ရဲ့ တဲကုပ်ကလေးကို ကြွလာ ဆွမ်းစားပြီး အနုမောဒနာ တရားများချီးမြှင့်တော်မူတယ်၊ မဟာဒုက်တို့ လင်မယားကလဲ ရဟန္တာသံဃာတပါးအစား ဘုရားကိုယ်တော်မြတ်ကြီးကိုဆွမ်းကျွေးခွင့်ရတဲ့အတွက် ကိုယ့်အလှူကိုယ် ဝမ်းသာနေတဲ့ (မုဉ္စ) စေတနာတွေ ကြက်သီး ထ သောက် အောင် တဖိန့်ဖိန့် တလှိုက်လှိုက်ဖြစ်နေတယ်၊ ထိုအလှူကြီးပြီးတော့လည်း ကိုယ့်အလှူကိုယ် ကျေနပ်ပြီး တနှံ့နှံ့ ဝမ်းမြောက်တဲ့ (ပရ) စေတနာတွေ တက်နေတယ်၊ အဲသလိုအလှူခံရယ်၊ လှူတဲ့လူရဲ့ စေတနာရယ်၊ အလှူပစ္စည်းက သန့်ရှင်းစင်ကြယ်တာရယ်၊ အကြောင်း သုံးပါး စုံ တဲ့ အတွက် အလှူရဲ့ (ဒိဋ္ဌဓမ္မ) အကျိုး ပေးတာကို ခံစား ရတယ်၊ ရတနာ ခုနစ်ပါးတွေ သူ့ တဲ ကုပ် ကလေး အတွင်း အပြင် ပတ်ဝန်း ကျင်မှာ မိုးရွာသလို ကောင်းကင်မှ ရွာချသတဲ့ကွယ်၊ ဒါကြောင့်ဗာရာဏသီပြည်မှာ အချမ်း သာဆုံး သဌေးကြီးဖြစ်သွားတယ်၊ လှူသို့ချမ်းသာတယ်ဆိုတာ သိရတော့ ပို၍—ပို၍ လှူဖို့စေတနာတွေ တိုးလာတာပေါ့၊ အယင်က (မရှိလို့မလှူ-မလှူလို့မရှိ)၊ ယခုတော့ (ရှိလို့လှူ—လှူလို့ရှိ)၊ အသက် ထက်ဆုံး လှူသွားကြသို့ ကဿပဘုရား လက်ထက်မှာ ကွယ်လွန်ကြဘဲ့နောက် နတ်ပြည်ကို ရောက်သွားကြတယ်၊

ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါကျတော့ နတ်ပြည်မှ စုတေပြီး သာဝတ္ထိပြည် သဌေးကတော်ကြီး ဝမ်းမှာ ပဋိသန္ဓေဘည်လာခဲ့တယ်၊ အဲသည့် သဌေးနဲ့ သဌေးကတော်ကြီးတို့က အရှင်သာရိပုတ္တရာရဟန္တာကြီးကိုကြည်ညိုကိုးကွယ်နေကြတဲ့ ဒါယကာနှင့် ဒါယိကာမ ဖြစ်တယ်လေ၊ သား ကလေး ကို မွေးလာတော့ (ပဏ္ဍိတ) လုသင်လို့ နာမည် မှည့်လိုက်တယ်၊ ခုနစ်နှစ်သားမှာ အရှင်သာရိပုတ္တရာထံ အပ်ပြီး ရှင်ပြုပေးတယ်၊ သာမဏေ ကလေးဟာ နာမည်နှင့်လိုက်အောင် ဉာဏ်ပညာရှိတယ်၊ တနေ့တော့ အရှင် သာရိပုတ္တရာကြီးရဲ့ နောက်က လိုက်ပြီး ဆွမ်းခံကြွတဲ့အခါ လယ်သမားကြီး တယောက် သူ့ လယ်ကွက်ထဲ ရေရောက် အောင် မြောင်း ဖောက်နေတာ တွေ့တယ်၊ ဒီတော့ ကလေးပီပီ စပ်စုတယ်....

''အရှင်ဘုရား ဒီလယ်သမားကြီးဟာ ဘာလုပ်ဖို့ မြောင်းတူးနေတာလဲ'' လို့ မေးတယ်။

''ရေတွေ စီးဝင် လာအောင် လို့ပေါ့ သာမဏေရယ်'' လို့ အရှင်သာရိပုတ္တရာက ပြန်ဖြေတယ်။

''စိတ်မရှိ(မသိတတ်)တဲ့ ရေကို ကိုယ်လိုချင်တဲ့ နေရာ ရောက်အောင် လုပ်ယူလျှင်လဲရတာပဲ နော်'' လို့ မှတ်ထားလိုက်တယ်။

တနေရာရောက်တော့လေးသမားတယောက်က သူ့မြားတံကို မီးနှင့်ကင်ပြီး ဖြောင့်အောင် လုပ်နေတာတွေ့တယ်။

''အရှင်ဘုရား ဒီလေးသမားကြီးဟာမြားကို မီးကင်လိုက်၊ မျက်စိတဘက်တည်းနှင့် ကြည့်လိုက်နဲ့ ဘာလုပ်နေတာလဲ'' လို့ မေးပြန်တယ်။

''သူ့မြားကို ကောက်နေတာ ဖြောင့်အောင် လုပ်ပေး နေတာ'' လို့ အရှင် သာရိပုတ္တရာက ဖြေတော်မူတယ်။ အဲဒါကိုလည်း စိတ်မရှိတဲ့အရာဝတ္ထုကို လူက ဖြောင့်အောင်လုပ်ပေးလျှင်လည်း ဖြောင့်လာတာပါပဲလား' လို့ ပဏ္ဍိတသာမဏေကလေးက မှတ်ထားလိုက်တယ်။

တနေရာ ရောက်ပြန်တော့ သစ်ရွှေ သမား (လက်သမား)တယောက်က သစ်သားကိုခုတ်ထွင် ပိုင်းဖြတ်၊ ရွှေပေါ်ထိုး၊ အမျိုးမျိုး လုပ်နေတာ တွေ့ပြန်ရော။

"အရှင်ဘုရား၊ ဒီလူကြီးက သစ်သားတွေကို ဘာလုပ်နေတာလဲ"

"သူလိုချင်တဲ့ လှည်းဘီး၊ လှည်း ပုံ တောင်း ဖြစ်အောင် လုပ်နေတာ"

'အင်း....အလေ့ကျပေါက်နေတဲ့ သစ်ပင်က သစ်သားဘောင် လူက ကိုယ်လိုချင်တဲ့(ပုံ) ဖြစ်အောင် လုပ်ယူလို့ရသေးတာ၊ လူ ကိုယ် ထဲ က (လူ့စိတ်)ကို လူကကောင်းအောင်၊ မှန်အောင် နိဗ္ဗာန်တရားပေါက်အောင် လုပ်ယူလျှင်ဘာဖြစ် နိုင်စရာ ရှိသလဲ၊ မြန်မြန်လုပ်မှ-မြန်မြန်ဆို အခု ဆွမ်းခံလိုက်နေရတာတောင် အချိန်တွေကုန်နေ လိမ့်မယ်၊ ငါကျောင်းကိုပြန်နှင့်ပြီး(စိတ်)ဒီလုပ် လုပ်တော့မယ်'လို့ ဆုံးဖြတ်ပြီး အရှင်သာရိပုတ္တ ရာထံခွင့်ပန်၍ ကျောင်းကိုပြန်ခဲ့တယ်၊

အဲ့သည်မှာ အရှင် သာရိပုတ္တရာက ပဏ္ဍိတ သာမဏေ၏ စိတ်ထားကို သိတော်မူတယ်၊ မြတ်စွာဘုရားကိုယ်တော်ကလဲ ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်လိမ့်မယ် ဆိုတာကို မြင်တော်မူလို့ စောင့်ရှောက်ပေးတယ်၊ ဒါကြောင့် သာမဏေ အရွယ်နှင့် ရဟန္တာဖြစ်သွားပါတယ် သမီး ရယ်။

"ကဲ....သမီးသိချင်တာကလေးတွေ ပြေလည် ကောင်းပါပြီနော်၊ ရတနာမွန်အယ်ဒီတာ ကြီးက စာမျက်နှာများရမလားလို့ မျက်စောင်းထိုးလှပြီ သမီး ရဲ့၊ အဲသည်တော့ နိဂုံးချုပ်လိုက်ကြစို့။

(မဟာဒုတ်-မဟာဒုက်-မဟာဒုဂ်) ဘယ်ဟာ အမှန်ဆုံးလဲဆိုတာ ဘဘ မဖြေနိုင်သေးပါဘူး။

(မဟာဒုတ်ဟာ ကဿပ မြတ်စွာ ဘုရား လက်ထက်တော်မှာ သဌေး ကြီး ဖြစ်သွားတယ်၊ ယခု ဂေါတမ မြတ်စွာဘုရားလက်ထက်တော်မှာ 'ပဏ္ဍိတသာမဏေ' ရဟန္တာ ဖြစ်ပါတယ်)။

ရဟန္တာဖြစ်တဲ့ အကြောင်းတခုက ကလေး ပီပီ ဉာဏ်ပညာနှင့်စပ်စုဘတ်လို့ပေါ့၊ ဒါကြောင့် သမီးစပ်စုမေးမြန်းတာကို ဘဘက အားပေးပါ မယ်၊ အကျဉ်းချုံး၍ ဖြေလိုက်ပါတယ်၊ ယခု ဘဘပြောပြသမျှနဲ့ ကျေနပ်ဖို့ မဟုတ်ဘူးနော်၊ ဓမ္မဒဝတ္ထုဘော်ကြီးကို သမီးဆက်၍ဖတ်ရမယ်၊ နောက်တခါ ငါးရာ့ငါးဆယ် နိပါတ်တွေကို ဖတ်ရဦးမယ်၊ ဇာတ်ကြီး ဆယ်ဖွဲ့ကိုလဲ ဖတ်ရ မှာပဲ၊

ဖတ်....ဆိုလို့ ကာတွန်းဖတ်သလို၊ ဝတ္ထုဖတ် သလို ပေါ့ပေါ့ဆဆ ဖတ်ရမှာ မဟုတ်ဘူးနော်၊ စဉ်းစားရမယ်၊ ဆင်ခြင်ရမယ်၊ အဓိပ္ပာယ်ပေါက် အောင် ကြံဆ ရမယ်၊ မသိနားမလည်တဲ့ အကြောင်းအရာ၊ ယုံမှားသံသယရှိတဲ့အကြောင်း အရာဆိုလျှင် ကိုယ့်မိဘနှင့် လူကြီးသူမများကို ချိုချို သာသာ မေးရမယ်၊ ဘဘကို မေးလျှင် ဘဘသိသားတာဆိုလျှင် ချက်ချင်း ပြန်ဖြေမယ်၊ မသိသေးတာဆိုလျှင် စာပေ ကျမ်းဂန်မှာ ရှာပြီး ဆရာတော်ကြီးများထံမှာလျှောက်ထားပြီး အဆို အမိန့်နှင့်တကွ ပြန်ပြောမယ်။

သြော်....သမီးစာထဲမှာသမီးတို့မြို့ကသိဘင်း ကျွတ်လမှာ (မဟာဒုက်ပွဲတော်)လုပ် တယ် လို့ ပါတယ်၊ ဟုတ်ရဲ့လား၊ ဘဘတို့ ဆီ မှာ တော့ တန်ဆောင်မုန်းလမှာ တန်ဆောင်တိုင်ပွဲတော်နှင့် တွဲလုပ်ကြပါတယ်၊ ဒါက အ ကြောင်း တော့ မဟုတ်ပါဘူးလေ၊ သမီးလေး စာပေကျမ်းဂန် များကို ကြိုးစား၍ဖတ်ပြီးဗုဒ္ဓသာသနာတော်မှာ ထေရီမယ်ကလေး ဖြစ်ဖို့ အဓိဋ္ဌာန်ပြု စေ လိုပါ တယ်၊ ကဲ-ကဲ—

# တကျော့-နှစ်ကျော့ ကြိုးကိုချည်

"အမေ....ယာဂုကလေးကျက်ပြီ၊ ပူပူနွေးနွေး ကလေးသောက်လိုက်ရအောင်နော်" မိခင်အိုက ချွေးသံ တလုံးလုံး ဖြစ်နေသော သားကို သီဝေသော မျက်မှေး ကလေး များဖြင့် ကြည့်ကာ ရင်ထုမနာရှိလိုက်ရသည်။

ကြည့်စမ်းပါဦးတော့၊ တနေကုန် တနေခန်း သူ့ဘပါး အိမ်မှာ ထင်းခွဲ ရေခပ် နွားစာ စဉ်း ခြံရှင်း သစ်ပင်စိုက်၊ ဗဟိရအလုပ်များကို(တရစပ်)လုပ်ရသည်။ အခစားအစေခံများကို ကျွေးမြဲဖြစ်သည့် ပြောင်းထမင်းနှင့် ပဲရေလုံပြုတ်ကို နံနက်စာအဖြစ် အိမ်ရှင်က ကျွေးသမျှ စားရသည်။ နေဝင်မှ အလုပ်ကို ဖြုတ်ခဲ့ပြီး နေ့စား အခကြေးငွေ တမူးတပဲကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီ ခါးတောင်းကျိုက် ဖြုတ်၍ ယာဂုကလေး ကျိုလေးရှာသည်ကို အမေအို မစားရက် မျိုမချ ရှိလှပါဘိသည်။

"သားက အမေ့စကား နားမထောင်ပဲကိုး၊ သား ပင်ပန်းလှပြီ"

"မပင်ပန်းပါဘူး အမေရယ်၊ လောကမှာ လူဘိုင်း စားဝတ် နေရေး အတွက် အလုပ်တော့ လုပ်ကြရမှာ ပေါ့၊ ရဟန်းများသာ လောကီ ဗဟိရ ကိစ္စမှ ကင်းနိုင်ကြတာ"

"အမေ့စကားကို သားက လှီ လွှဲလိုက်ပြန်ပြီနော်၊ ထမင်းရည်ပူလာ လျှာလွှဲ၊ သားက တယ်ခက်တယ်၊ မယားယူလိုက်ရင် အမေ့ အတွက် ဝေယျာဝစ္စ လောက်ကို သားကိုယ်စား သူက လုပ်ပေးနိုင်တာပေါ့၊ ဒီတော့သားမှာ တဆိတ် တပေါက် သက်သာတာပေါ့"

"ဒီတော့-မိခင်ကို သားကိုယ်တိုင်ပြုစုရမည့် အခွင့်အရေးကြီး ဆုံးရှုံး သွားမှာပေါ့"

"ပရိယေသန ဝမ်းစာကို ရှာဖွေ ကျွေးတာက အဓိကလား၊ ပြုစုတာက အဓိကလားကွယ်၊ (တောင်ဝှေး လဲလျှင် ဖိုးသူတော် ထူနိုင်တယ်- ဖိုးသူတော် လဲတော့-တောင်ဝှေးက မထူနိုင်သလို) ငါ့သားလေးပင်ပန်းလို့ ဖျားနာလျှော်စက်နေလျှင် အမေ မခက် ပေးဘူးလား ကွယ်၊ နောက်ဘခုက အမေမျက်နှာမလွှဲခင် သားမယားနဲ့ ငါ့သားကလေးနေတာမြင်ချင်သေးတယ်လေ၊ နေရတာက ကိုယ်တိုင် ကိုယ်ကျ ပြုနေရတာကို အမေမြင်ရတာ စိတ်မချမ်းသာပ ဘူး"

မောင်ရာဇက ခွန်တုံ့မပြန်ပဲ၊ မိခင်ကြီး၏ စကားကို နာခံနေမိသည်။ သူ့ဆန္ဒက မိခင်ကြီး အသက် ခန္ဓာ မြဲနေသမျှ ကာလပတ်လုံး အစစ အရာရာ မိခင်ကြီး ချမ်းသာအောင် ဆောင်ရွက်သွားမည်။ မိခင်အို အနိစ္စရောက်ပြီဆိုလျှင် မိမိမှာ ဗုဒ္ဓ၏သာသနာတော်သို့ဝင်၍ လောကုတ္တရာ ဓမ္မ အရသာကို ရှာဖွေကြိုးပမ်းမည်ဟု နှလုံးသွင်းပြီး ဖြစ်ရာ ယခုအား မိခင်ကြီး စိတ်ချမ်းသာအောင်

အိမ်ထောင်သက်မွေး 'ခြနှယ်မြွေး' ရပေဦးမည်။ သေဝနီးပါး မိခင်၏ စကားကို 'ပျားလုံချို'၍ အလိုလိုက်ရပေတော့မည်၊

''ကောင်းပါပြီ အမေ၊ အမေ စိတ်ချမ်းသာသလို သာနေသွားပါတော့မယ်''

ဤသို့ဖြင့် မိခင်ကြီး သဘောတူသူ ဂေါတမီ အမည်ရှိ အမျိုးသမီးကလေးကို လက်ထပ်လိုက်ရသည်။ ငွေကြေး ဆင်းရဲ နွမ်းပါးပေမယ့် အမျိုးအနွယ်၏ ဂုဏ်ကြောင့် ရွာသူရွာသားများနှင့် သိုက်သိုက် ဝန်းဝန်း ရှိသည်။ သတို့သားနှင့် သတို့သမီး အမွေးနံ့သာ ဝတ်ကောင်း စားလှနှင့်အတူ ယှဉ်ထိုင်နေကြစဉ်က ရာဇ၏ မိခင်ကြီးမှာ ပျော်တပြုံးပြုံးရှိနေလျက်၊ သူ့သားကို အိမ်ထောင် ပြုပါမည့် အကြောင်း၊ မနည်းနားချရကြောင်း၊ မိခင်ကို အလွန်တွယ်တာသည့် သားသူတော်ကောင်းကလေးဖြစ်ကြောင်း ဧည့်သည်များကို ပြော၍ မမောနိုင် မပန်းနိုင် ဖြစ်နေသည်။

ဂေါတမီကရုပ်ရည်သနားကမားနှင့် သဘောသကာယကောင်းသည်၊ လင်ကို မြတ်နိုးသကဲ့သို့ လင်၏ မိခင်အိုကို ရိုသေကျိုးနွံစွာ လုပ်ကျွေးသမှုပြုတတ်ခြင်းကြောင့် မိခင်ကြီးက ချစ်သနားသည်၊ သမီးမိန်းကလေး မရခဲ့ဖူးသူမို့ ချွေးမကို သမီး လုပ်၍ နှုတ်မှ မဆင်း နိုင်အောင် 'သမီး.... သမီး' ဟု ရှိလေ၏။ ကိုယ်သက် သုတ်သင် ရေမိုးချိုးပေးရာတွင် မိန်းမသားချင်းဖြစ်၍ ရာဇထက် ကရိကထလုပ်ပေးနိုင်သည်။ အင်္ကျီထဘီများမှာ ညစ်ထေး သည်ဟု မရှိစေရ၊ နိစ္စဓူဝ ဖွပ်လျှော်ပေးသည်၊ ခေါင်းလျှော်၍ ဖြီးသင်ပေးသည်။ သင်းသွေး ရှာပေးသည်။ ဒါတွေကို မိန်းကလေးပီပီ မပျင်းမရိ ကျွမ်းကျင်စွာ လုပ်ကိုင်ပေးနိုင်သည်။

ရာဇ အလုပ်သွားလျှင် စကားပြောဖော်ရသည်။ လူကြီး သူမများ၏ ဝါသနာက သူတို့၏ ရှေးဟောင်း နှောင်းဖြစ်များကို ဂရုတစိုက်နားထောင်သူကို ပို၍သဘောကျသည်။ ဂေါတမီက အမေအို ပြောသမျှ စိတ်ပါဝင်စားသည်သာမက အမေးအမြန်းကလေးများပါ ဖြည့်စွက်တောင်းပန်တတ်သောကြောင့် တရား (နာခံ) နှင့် ဟောရသော ဓမ္မကထိကများကဲ့သို့ အာစဇ္ဇန်းရွှင်နေတော့သည်။ အတိုင်အဖောက်ညီနေသော သမီးယောက္ခမကိုကြည့်၍ ရာဇမှာ ဝမ်းသာကျေနပ်နေရသည်။ သား မောင်ရာဇ ကြည်သာရွှင်ပျနေသည်ကို မြင်ရပြန်တော့ မိခင်ကြီးမှာလည်း ပီတိဖြစ်ရရှာသည်။

''ဒါကြောင့် သားကို အမေက တိုက် တွန်းရတာပေါ့ကွယ်၊ ခုဆို ဘယ်လောက် အဆင်ပြေသလဲ၊ ခါတိုင်း ငါ့သား အလုပ်က မောမော ပန်းပန်း ပြန်လာလျှင် အမေစားဖို့၊ သားစားဖို့ မီးအဖူခံပြီး ချက်ရပြုတ်ရတယ်၊ ချွေးမှ မသုတ်နိုင်ဘူး မဟုတ်လား၊ အခုတော့ ကြည့်စမ်း မောမောပန်းပန်း ဆာဆာလောစ်လောင်နှင့် သား ပြန်လာတာနဲ့ ချိုးရေ အဆင်သင့်၊ ထမင်းပွဲ အဆင်သင့်၊ ညအိပ်ရာအဝင်မှာ အမေ့ကို နှင်းနှိပ်ဝတ်ပြုပြီးတာနဲ့ သားကိုလဲ နင်းနယ်ပေးရှာသေးတယ်၊ ဒါကြောင့် 'လင်မရှိသော မိန်းမသည် မတင့်တယ်သကဲ့သို့ မယားအိမ်ထောင်မရှိသော ယောကျ်ားသည် ဧည့်သည်နှင့် တူ၏' လို့ နီတိကျမ်းများက ဆိုတာပေါ့၊ 'သမီးကို အလိုလိုက်ပါ သားရယ်၊ သူ့ခမျာသနားစရာ ကြင်နာစရာ လေးပါ' ဟု မိခင်ကြီးက ရွှင်လန်း ကြည်သာ ပြောသော အခါ ရာဇ ကား သုံးဦး သုံးဖလှယ် ကြည်သာ ချမ်းမြ နေသည့် မိမိတို့ အိမ်ထောင် ကလေးကို ကျေနပ် နှစ်သက်နေရသည်။

လောကဓမ္မ ဟူသည့် လောကဓံတရားကား အရိယာနွယ်ဝင် သူတော်စင် ဘုရား ဟောက်ကို သော်မှ ချမ်းသာပေးရိုးမရှိသည့်အတိုင်း သားနှင့်ချွေးမကို အရတော်လေစွဟု ကြည်နူးနေစဉ် တနေ့ဘွင်ကား ချိန်းဆိုထားခြင်းမရှိသော မရ

ထာ သန္တာန်း အစစ်သည် သေစာရင်းဝင်အနေကြွေးတင်နေသူအား လက်ငင်းခေါ် ချေမကျန်စေရ သေမိန့်ချ၍ ဘဝကို စွန့်ခွာသူနောက်သို့ လိုက်ပါစေရလေတော့သည်။

မိခင်ကြီး၏ဈာပနကို ကောင်းမွန်စွာသင်္ဂြိုဟ်ဆောင်ရွက်ပြီးသည့်နောက် ရာဇသည် ယခင်ကငုပ်လျှိုးကွယ်ပျောက်ခဲ့ရသော အကြံအစည်ကို ပြန်လည်သတိရလာခဲ့သည်၊ မူလကတည်းက တွယ်တာလုပ်ကျွေးစရာ မိခင်ကြီးရှိနေခြင်းကြောင့်သာ ရဟန်းပြုရန် နှောင့်နှေးနေရသည်၊ ယခုအား တွယ်တာစရာမိခင်ကြီးမျက်နှာလွှဲသွားပြီဖြစ်၍ သာသနာတွင်းသို့ ဝင်နိုင်ရန် အခွင့်အရေးပေါ်ခဲ့ပြီ၊ မယားဟူသည်ကား ဝိနည်းဘော်များဦးပင်လျှင် ဆွေမျိုးသားချင်း စာရင်းဖင်မဟုတ်ဟုကောက်ချက်ချလိုက်ပြီးလျှင် မယားဂေါတမီကို ဖျောင်းဖျတောင်းပန်သောအခါ....

"ဘယ်သို့ပြောလိုက်တာလဲ ကိုရာဇရယ်၊ ကျွန်မမှာ လင်ကိုသာ အားကိုးနေရသည့်မိန်းမတယောက်မဟုတ်ပါလား၊ မယားအနေဖြင့် ယောက္ခမကိုသည်း မိခင်အရင်းပမာ ရိုသေကျိုးနွံစွာ လုပ်ကျွေးခဲ့ပါသည်၊ လင်ကိုလဲ ကျွန်နှယ်တမျှ ယုယလုပ်ကျွေးခဲ့ပါသည်၊ သို့စင်ပါလျက်မနှစ်သက်နိုင်သော အပြစ်တစုံတရာ ရှိပါလေသလား၊ အကယ်၍ ရှိငြားအံ့၊ ထိုအပြစ်တို့ကို တောင်းပန်ပါ၏၊ နောင်တွင် တဖန် အပြစ်မပြုမိရန်၊အပြစ်မဖြစ်မိရန် နာခံပြုပြင်ပါမည်၊ကျွန်မကို သနားငဲ့ညှာစေချင်ပါတိသည်"သု ငိုကြွေးတားမြစ်လေသည်။

"အဘယ်ဂေါတမီ၊ သင့်မှာ အပြစ်တစုံတရာ မရှိပါ၊ သင်ကား မယားကောင်းတို့၏အင်္ဂါရပ်များနှင့် ပြည့်စုံပါသည်၊ (၁)ပုဗ္ဗုဋ္ဌာယီ=ရှေးဦးစွာ အိပ်ရာမှထလေ့ရှိခြင်း၊ (၂)ပစ္ဆာနိပါတီ=လင် အိပ်ရာဝင်ပြီးမှ အိပ်ခြင်း၊ (၃)ကိံကာရပဋိဿာဝိဏီ=ဝေယျာဝစ္စ ပြုလုပ်ပေးရန် လင့်စကားကို နာခံလျက်ရှိခြင်း၊ (၄)မနာပစာရီ=နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိခြင်း၊(၅)ပိယဝါဒိနီ=ချစ်ဖွယ်သောစကားကို ဆိုလေ့ရှိခြင်း၊ (၆)မနသာပိနော အဘိစာရီ= ယောကျာ်းတပါးကို စိတ်ဖြင့်မျှ မကြံစည် မလွန်ကျူးနေလေ့ရှိခြင်းဟူသည့် မယားမြတ်အင်္ဂါ(၆)ပါးတို့နှင့် ပြည့်စုံပါတိသည်။

"အဘယ်ဂေါတမီ၊ ထို့မှတပါး အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူကျင့်အပ်သော ဝတ္တရားတို့နှင့်လည်း ပြည့်စုံပါသည်၊ ထို့မှတပါး ငါချစ်မြတ်နိုး ကိုးကွယ်အပ်သော မိခင်အိုကို အိမ်ဦးနတ်အလား ဆပွားကြည်ညို ရိုသေမြတ်နိုး ဖွဲ့မျိုးသည်းခံ နိယံမပြတ်ကျွေးမွေး ပြုစုအပ်သမျှလည်း ဆောင်ရွက်ခဲ့ပါသည်။

"ယခု ငါသည် အိမ်ရာဘည်ထောင်သူတို့ဘောင်မှ လွတ်ရှောင်ကင်းကွာ သာသနာကိုဝင်မည်ဆိုသည်မှာ သင့်ကို မုန်း၍မဟုတ်၊စင်စင်သော်ကား လောကုတ္တရာတရားကို လိုလား၍သာဖြစ်ပါသည်"ဟုဆိုလျှင် ဂေါတမီက ဤသို့တောင်းပန်ပြန်လေသည်။

"အို ကိုရာဇ၊ မိန်းမသားတို့မည်သည် (၁)ဘလဘခါ ယုဘ်နာသော ရာသီပန်းပွင့်ရခြင်း၊ (၂)လင့်နောက်ကို လိုက်ပါလာရခြင်း၊ (၃)လင်ကို ရိုသေကျိုးနွံစွာ ပြုစုရခြင်း၊ (၄)ကိုယ်ဝန်ဆောင် လွယ်ရခြင်း၊ (၅)သေအံ့မူးမူး သားဖွားရခြင်းဟူ၍ မရှောင်မလွှဲနိုင်သည့် ဒုက္ခငါးပါးရှိပါသည်၊ ထိုဒုက္ခတို့ကို လင်နှင့်မကင်းမကွာ ချစ်သဒ္ဓါလက်ခံနေရလျှင် ထိုဒုက္ခတို့ကို ဒုက္ခမထင် ပျော်ရွှင်စွာ ခံစားနိုင်ကြပါသည်၊ လင်နှင့် ကင်းကွာရလျှင်ကား ရွှေနန်းစည်စိမ်ကို ခံစားနေရစေကာမူ အပါယ်ငရဲကျသူကဲ့သို့ ဆင်းရဲခြင်းမက ဆင်းရဲလှပါသည်၊

ကာမဘုံသားတို့အဖို့ ဥစ္စာကြွေးထက် ချစ်ကြွေးက ပို၍ ဆင်းရဲရပါသည်၊ ကျွန်မကို ခေါ်လာသိမ်းသွင်းလက်ထပ်ဆောင်နှင်းစဉ်က သေတပန်သက်ဘဆုံး၊ ထင်းပုံခေါင်းကျ လင်နှင့်ပေါင်းရလိမ့်မည်ဟု တထစ်ချယုံကြည်ထင်မှတ်၍ လက်ထပ်ခဲ့ခြင်းသာဖြစ်ပါသည်၊ ယခုကား ချစ်ပင်ချစ်ရိုး ချစ်စပျိုး၍၊ ချစ်မျိုးစေ့ရှင်သန်လာကာမှ ဘဝတခုလုံး အားကိုးရာ ဆိတ်သုဉ်းအောင် မုန်းသည်လည်း မဟုတ်ပဲ၊ သေသည်လည်းမဟုတ်ပဲ ချစ်လျက်နှင့် ကွဲရမည်မှာ အသည်းနာစရာဖြစ်ပါဘိသည်၊ 'လင်မကောင်းလို့ မထောင်းတာ၊ လင်မရှိလျှင် မရေရာ'ဟူသည့် စကားမှာ လင်ပစ်ခံရသော မိန်းမများအတွက် မျက်နှာငယ်ရသော စကားဖြစ်ပါသည်၊ ထို့ကြောင့် လောကအလယ် မျက်နှာငယ်အောင် စွန့်ပစ်မသွားပါနှင့်'ဟု တောင်းပန်သည့်အခါ....

''ဂေါတမီ၊ ထိုအချစ်တရားတို့က သံသရာရှည်လျားလာခဲ့ကြခြင်းဖြစ်သည်၊ ပဋိသန္ဓေနေရခြင်း၊ အိုဘရွေ့ရွေ့ဖြစ်ရခြင်း၊ သေခြင်းဒုက္ခတို့မှာ ထိုအချစ်၏ ပယောဂဖြစ်ကြောင်း ငါ ရိပ်မိခဲ့ပါသည်၊ အမှန်စင်စစ် သင့်ကို ချစ်တာထက် ထိုသံသရာဘေးကို မျော်တွေး၍ ကြောက်သည်က ပိုနေပါသည်၊ ငါတို့သည် ဘုရားကို ကိုးကွယ်ကြပါသည်၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ပြုခဲ့သည်၊ သံဃာကိုလည်း ကိုးကွယ်ဆည်းကပ်ကြပါသည်၊ ထိုသို့ ကိုးကွယ်ဆည်းကပ်အမြတ်ရတနာ ဖြစ်တော်မူကြသည်မှာ သံသရာဘေးမှ ရှောင်ပြေးလွတ်ကင်းနေကြခြင်းကြောင့် ဖြစ်ရကား ငါသည်လဲ သံသရာဘေးမှ ပြေးထွက်လိုပါသည်''

''မောင်တို့ ယောကျ်ားများသည် တကိုယ်ကောင်း ဆန်လှပါဘိသည်တကား၊ ကျွန်မအား မငဲ့မညှာ ဖြစ်လိုရာဖြစ်စေ လျစ်လျူပြုရာ ရောက်နေပါပေါ့လား''

''ဤသို့ဆိုလျှင်ကား ငါကဲ့သို့ လောကုတ္တရာတရားကို ကြိုးစားကျင့်ကြံနိုင်အောင် ဘိက္ခုနီ လုပ်ရန် တိုက်တွန်းပါ၏ ဘဝသံသရာတွင် အကြင်လင်နှင့်မယား ပါရမီ ကြီးမားကြသော ဇနီးမယားတို့သည် လင်၏ပါရမီကို ကူညီဖြည့်တင်းသောအားဖြင့် လင်သွားရာလမ်းကို လိုက်ပါ၍ ရသေ့ရဟန်း ပြုကြပါသည်၊ ထို့ကြောင့် သူတော်စင် မယားတို့ကဲ့သို့ လိုက်နာကျင့်ကြံပါလော့''

ထိုအခါ ဂေါတမီက မချိတင်ကဲ ဝမ်းပန်းနည်းစွာ ပြန်ပြောရှာသည်။

''အို...သူတော်ကောင်း ငယ်လင် ကျွန်မ၏အရှင်၊ အရှင်၏စကားသည် အေးအေးတူ ပူအမျှ အကျိုးရအောင် ဆုံးမရာဖြစ်ပါသည်၊ သံသရာတာကျမ်းကို မကွဲမကွာ တက်လှမ်းနိုင်ဖွယ်လည်းဖြစ်ပါ၏၊ ကျွန်မ အနေဖြင့်လည်း လူ့လောကအလယ် လင်ကင်းသော မိန်းမဟူ၍ မျက်နှာမငယ်ပဲ လင်နှင့်အတူ လိုက်ပါပြုလုပ်လိုပါ၏။ သို့သော် ယခုအခါကား အရှင်၏ သန္ဓေသားကို ဆောင်ထား စောင့်ရှောက် နေရပြီတကား''ဟု ပြန်ကြားလေရာ မောင်ရင်ဇမှာ ရုတ်တရက် အံ့သြဝမ်းသာဖြစ်မိရှာတော့သည်၊ သား ဟူသော သံယောဇဉ် ကြိုးသည် မမြင်မတွေ့နိုင်ပဲလျက် မိမိအား တကျော့ပတ်ချည်လိုက်သည်ကို မသိသော ခံစားလိုက်ရသည်၊ ထိုအပေါ်တွင် ကြင်နာဖွယ်စကားကို ဂေါတမီက ပြောကြားတောင်းပန်လိုက်ပြန်၏။

'ဖခင်အလား ဆရာသမားသဖွယ်ဖြစ်သော ကျွန်မ၏ငယ်လင် အိုအရှင်၊ မိန်းတို့ ဓမ္မတာကိုယ်ဝန်သန္ဓေ ဆောင်နေရသမျှ ကာလပတ်လုံး အသက် အန္တရာယ် ကို အမြဲလွယ်ထားရသည်၊ တနေ့လျှင် သူသာန်သင်္ချိုင်းသို့သုံးခါမျက်စောင်းထိုး၍ ကြည့်နေသည်နှင့် တူ၏၊ မမြင်နိုင်သော သေခင်းသည် ပုန်းကွယ် ချောင်းမြောင်းလျက်

ရှိ၏၊ မိုးတိမ်၊ သောင်၊ ဝဲဂယက်၊ ကျောက်ဆောင်တို့ဖြင့် ပြွမ်းလှသော၊ ရေကြောင်းအမျိုးမျိုးပြောင်းတတ်သော မြစ်ချောင်းတို့၌ ကြီးမားသော သစ်လုံးများစွာကို ကြိုးကြိမ်မျှလောက်နှင့် ဖွဲ့စည်းကာ သွားလာနေရသော ဖောင်သမားတို့ကဲ့သို့ နေ့ညမဟူ ဘေးအန္တရာယ်ပြောထူလှပါသည်၊ ထို့ကြောင့် ယောက်ျားဖောင်စီး၊ မိန်းမမီးနေဟု ဆိုစကားရှိနေခြင်းဖြစ်ပါသည်၊ သားရွှေစင် ဖွားမြင်ပြန်တော့လည်း မိန်းမတို့မှာ အားမာန်ဇွဲခဲ၍၊ မျက်ရည်ရွဲစို ချွေးသံယို၍၊ တဖိုလှိုက်လှိုက် တရှိုက်ငင်ငင် တပင်ပန်းမန်း၊ ဆန့်တန်းလိမ့်လူး မိန်းမူးညည်းညူ၊ သည်းအူပြတ်မျှ ခံစားရပါသည်၊ ထိုအခါ တခုတည်း သောအားကိုးရာကား မိမိကို ချစ်မြတ်နိုးသော လင်ယောက်ျားတဦးတည်းသာ ဖြစ်ပါတော့သည်၊ သို့ဖြစ်ရကား ထိုအချိန်တွင် အိမ်၌ အရှင်ကိုယ်တိုင်ရှိနေစေချင်ပါတိသည်၊ ကျွန်မ၏ခေါင်းရင်းက ချောင်းဟန့်ပေးသံပင်လျှင် ကျွန်မအတွက် အားဆေးကြီးတခွက်ဖြစ်ပါလိမ့်မည်၊ ဤသားကို ဖွားမြင်ပြီးသော် သာသနာတော်သို့ အရှင်လည်း ဝင်ပါရော့၊ ကျွန်မသည်လည်း အဘိုးအဘွားထံ သားကို အပ်နှံ၍ အရှင့်နောက်ပါးက ဖဝါးခြေထပ် ထက်ကြပ်မကွာလိုက်ပါရန် ကတိပြုပါသည်၊ ဤသန္ဓေတာဝန်မျှကိုသာ စောင့်ရှောက်၍ နေပါလေဦး''ဟုဆို၏။

မောင်ရာဇသည် ဂေါတမီ၏ စကားကသဘာဝကျသည်ဟု ထင် လိုက် မိ သည်။ ကိုယ့်သွေးမှ ဖြစ်သော ရင် နှစ် သည်း ချာ ကို စောင့်ရှောက်ရန်မှာ မိမိ၏ဘာဝန် ဖြစ်သည်။

''ကောင်းပြီ ဂေါတမီ၊ သား ဖွား ပြီး လျှင်သာ ငါရဟန်းပြုရန် ခွင့်ပေးလေတော့'' ဟု ဆိုလေရာ....

''အို–ကြင်နာလှသော အရှင်သခင် လင်ယောက်ျား၊ ဤသားဖွားပြီးသော် အရှင် မျှော်လင့် တောင့်တသော ရဟန်းအဖြစ်ကို ယူပါလေတော့''ဟု ဂေါတမီ ဝမ်းပန်းတသာ ပြောလေ၏။

ထိုအတွင်း မောင်ရာဇသည် သားဖွားရာ၌ လိုအပ်သော အစီအရင်တို့ကို ရှာဖွေ ကြိုးစား၍ စုဆောင်း၏၊ ဂေါတမီကိုလည်း မီခင်လောင်း ဖြစ်သည်နှင့် အညီ ပိုမို၍ ဂရုတစိုက် စောင့်ရှောက် လုပ်ကျွေး၏။ ဂေါတမီ ကလည်း မိမိအပေါ် ကြင်နာသနားသောလင်ယောက်ျားဟူ၍ ရေးကထက် အလိုက်တသိ ကိုယ်ဖိရင်ဖိ ဝတ္တရားမပျက် ဆောင်ရွက်ပြုစုလေသည်။

သို့နှင့် သားကလေးကို အောင်မြင်စွာ မီးရှူးသန့်စင်ဖွားမြင်လာခဲ့ပြီ။

''ကြည့်ပါဦးတော့ အရှင်၊ အရှင့် ကိုယ်ပွားအရှင့်သား၊ အရှင်နှင့် စွပ်ချွတ်ပုံတူ ရှိလှပါတိသည်။ တလုံးတခဲ ရွှေသားကိုသွန်း၍ ထုလုပ်ထားသကဲ့သို့ ဝင်းဝါသော အသားအရေနှင့် စိုပြည်ရွှင်လန်းလှပါ၏။ ဖွားစနုနယ်သားဆူငယ်တို့မည်သည် ပလူမွေး ပလူတောင်တမျှ နုနယ်လွန်းလှသောကြောင့် သူငယ်နာအမျိုးမျိုး ဖြစ်လွယ်ဖြစ်တတ်ကြပါသည်။ ထို့ကြောင့် ခြေနိုင်လက်နိုင် မတ် တတ် ပြေး သည့် စိတ်ချရသောအရွယ်ရောက်အောင် အရှင့်သားကို အရှင်ကိုယ်တိုင် စောင့်ရှောက်ပေးစေလိုပါသည်။ ထိုအခါလျှင် ကျွန်မပါ အရှင့်နောက် လိုက်၍ ဘိက္ခုနီလုပ်ပါမည်''ဟု ဆိုလာပြန်ရာ မောင်ရာဇသည် ရွှေတုံးရွှေခဲတမျှ ချစ်မဝအောင် ရှိသော ကိုယ့်ရင်သွေးကြောင့် နှောင့်နှေး ရပြန် တော့သည်။ ထိုအတွင်း.....

မိန်းမနှင့်ယောက်ျား နှစ်ဦးသားတို့ ထိပါးစွန်းငြိတတ်သော သံသဂ္ဂတရား ငါးပါး ရှိလေရာ.....

(၁) ဒဿနသံသဂ္ဂ=မျက်စိခြင်းပေါင်းဖက်တွေ့ဆုံခြင်း၊ (၂) သဝနသံသဂ္ဂ= စကားလက်

ဆုံကျခြင်း၊(၃) သမုလ္လသံသဂ္ဂ=အခေါ်အပြော များခြင်း၊(၄)ပရိဘောဂသံသဂ္ဂ=ပစ္စည်းအသုံး အဆောင်တို့ ဆက်စပ်ခြင်း၊(၅)ကာယသံသဂ္ဂ= ကိုယ်ထိလက်ရောက် ထိတွေ့ခြင်းတို့၌ လင်နှင့် မယားအဖို့ ကင်းကွာရန် ခဲယဉ်းသည်ဖြစ်ရကား ပထမကလေးမတ်တတ်ပြေးသည့်အချိန်တွင် ဂေါတမီမှာ ဒုတိယသန္ဓေ ဆောင်ထွေ့စွဲကပ် လာပြန်တော့သည်။'

ထိုအခါကား မိမိအပြစ်ကို မိမိ ဆင်ခြင်၍ မယားဂေါတမီအား မသိစေပဲ ညအခါတွင် ရွာမှ ထွက်၍ပြေးလေ၏၊ မြို့စောင့် ရွာစောင့် တာဝန်ရှိသူများက မောင်ရဇအား သေက်၍ ဖမ်းဆီး ချုပ်နှောင်ကြသည့်အခါ မောင်ရာဇက အကြောင်းအကျိုးတို့ကို ပြောပြရလေသည်။

အမိကို လုပ်ကျွေးသဖြင့် တရွာလုံးက သိရှိ ချီးကျူးရသူ ဖြစ်သည့်အတိုင်း ခွင့်ပြုလိုက်ရာ ထိုတွင်မှ မောင်ရာဇသည် ရွာတံခါးမှ ထွက်ခဲ့၍ ဟိမဝန္တာအရပ်သို့ရောက်ကာ ရသေ့ရဟန်းပြု ပြီးလျှင် အဘိညာဉ် သမာပတ် တို့နှင့် တကွ သမဏသုခချမ်းသာကို ရရှိလေရကား-


'နတ်ဒဋ္ဌဗန္ဓနမာဟုဓိရာ' အစရှိသောဂါထာကို ဝမ်း မြောက် ဝမ်းသာ ဥဒါန်း ကျူးတော်မူလေသတည်း။

အဓိပ္ပာယ်ကား သံခြေကျဉ်း သစ်သား အနှောင်အဖွဲ့၊ ကြိုးလျှော်အနှောင်အဖွဲ့ စသော အနှောင်အဖွဲ့အမျိုးမျိုးတို့သည် လည်းကောင်း၊ ကာမချမ်းသာ သားမယားအနှောင်အဖွဲ့ဟူသမျှတို့သည် လည်းကောင်း မြဲမြံခိုင်ကျည်သည် ဟု ပညာရှိယောကျ်ားသည်မယူမှတ်၊ ခွဲခွာရန်းထွက်သွားနိုင်သည်သာလျှင်တည်း ဟူ၏။

မြတ်စွာဘုရားသည် ဤ'ဗန္ဓနာဂါရ' ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောတော်မူခြင်းဖြစ်သည်။

ဟောတော်မူရန် အကြောင်း ဖန်လာသည်ကား၊ ရဟန်းများသည် သာဝတ္ထိမြို့အတွင်းသို့ ဆွမ်းခံ ဝင်တော်မူကြရာ ရာဇဝတ သင့်သူများအား တာဝန်ရှိမင်းချင်းအကြီးအမှူးတို့က မြဲမြံစွာသောအနှောင်အဖွဲ့အမျိုးမျိုး ဖြင့် ချည်နှောင်ရိုက်ပုတ်ညှဉ်ဆဲနေကြရာ ရာဇဝတ်ကရားခံများအဖို့ မလွတ်နိုင်မရုန်းနိုင်ဖြင့် ဆင်းရဲကြီးစွာခံနေကြရသည်ကိုတွေ့မြင်တော်မူခဲ့ကြရာ ထိုအနှောင်အဖွဲ့တို့အကြောင်းကို ရဟန်းအချင်းချင်း ပြောကြရာမှ ဘုရားသခင်ကအမေးတော်ရှိရာထိုစကားနှင့်စပ်လျဉ်း၍'တဏှာနှောင်အိမ်'အကြောင်းကို ဟောတော်မူခြင်းဖြစ်သည်။

ထိုအနှောင်အဖွဲ့တို့ကို ဖြတ်၍ မြတ်သော ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူသော သံဃာတော်များကို ရိုသေမြတ်နိုး ရှိခိုးပါ၏၊



# နောက်ဆုံးလပြည့် ဗုဒ္ဓနေ့



(အာနန္ဒာမထေရ် အပဒါန်)
စကားဝါထုံသင်းလို့
ကြယ်ခင်းတဲ့ ဝိသာခါ၊
တိမ်မွေ့မှာရောင်ခြည်ရွန်း
ထွန်းတဲ့ချိန်ပါ။
စုံကန္တာ ဟေမာမြိုင်ထဲ၊
ရွှေကျေးငယ်ပျံ့သင်လို့
စံနေပျော်ရွှင် ဟိုသည်ကူးလို့ကွယ်
မြူးကြစမြဲ၊ ။

စာဆိုတော်ကြီးဦးမင်းက ကဆုန်ရာသီဘွဲ့ကို ဤလို ဖွဲ့နွဲ့ခဲ့ပါတယ်။ ရာသီပြိုသ ကဆုန်လမှာ စကားဝါပန်းရနံ့က တောမြိုင်အနှံ့ သင်းပျံ့မွှေးကြိုင်နေပါတယ်။

ထက်ကောင်းကင် အဇဋ္ဌာမှာ ငွေသာခွာလမင်းနဲ့ ဝိသာခါကြယ်အလင်းတို့ ရောင်ခြည်ချင်း ယှဉ်ပြိုင်နေကြပါတယ်။

တက်သစ်စပုရစ်ဖူးကလေးများက နွေအကူးမိုးကိုမျှော်လို့ ပင်စုံညိုခင်ဘန်းမှာ ခပ်နွမ်းနွမ်း ရှိကြပါတယ်။

အတောင်ပေါက်စ ကျေးသူငှက်ကလေးတွေဆိုလျှင် တပင်မှတပင် အပျံသင်ကြယင်း ထံတျာတျာ မာဂဓာနှင့် သာ ယာ လှ ပ သော ပသာဒရှုခင်းဖြစ်နေပါတယ်။

ဤလိုဤလလွန်ခဲ့သောနှစ်ပေါင်း ၂၅၂၂နှစ်အချိန်လောက်ဆီ ပြန်ကြည့်လို့ မြင်ရမယ်ဆိုလျှင် ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းပင်ပျို တို့အလယ် မြောက်အရပ်သို့ ဦးခေါင်းပြုကာ ခင်းထားအပ်သော ညောင်စောင်းပေါ်မှာ ဗုဒ္ဓသခင်ဘုရားရှင်သည် သတိတရား ဆင်ခြင်လျက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူနေပါလိမ့်မယ်။

အင်ကြင်းမင်အစုံတို့က ပင်လုံးကျွတ်ပွင့်နေကြပြီး ဗုဒ္ဓကိုယ်တော်ပေါ်သို့ အဆက်မပြတ်ကြွေကျ ပူဇော် နေကြပါပြီ။ နတ်မှ ဖြစ် သော နန္ဒာကန်မှာသာ ပေါက်သော မန္ဒာဝရနတ်ပန်းတို့နှင့်တကွ စန္ဒကူး နံ့ သာမှုန်များကလည်း သင်းသင်းထုံထုံ ဂန္ဓာရုံကောင်းကင်မှ ဘဖွဲဖွဲ ကျလျက်။

ဗုဒ္ဓ၏ ဂုဏ်တော်ကို ဖွဲ့ဆိုသော နတ်တို့၏ တူရိယာသံများကိုလည်း ဆွတ်ပျံ့ဖွယ် ကြားနေရပါလိမ့်မည်။

မြတ်စွာဘုရားရဲ့ လေးမျက်နှာ ဝန်းကျင်မှာ ဗုဒ္ဓသခင်၏ရွှေမျက်နှာတော်ကို ဖူးမြော်နေကြသည့် သံဃာအစုအဝေးကြီးမှာဆိုလျှင် တထိတ်ထိတ်နှင့် တိတ်ဆိတ်ငြိမ်သက်နေကြပါတယ်။

ယနေ့သည်ကား သုံးလောက ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် မကြာမတင် မဟာပရိနိဗ္ဗာန် စံဝင်တော်မူတော့မည်ဟု သိထားကြပါပြီ။

ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား။

တရားအပေါင်းကို ကိုယ်တော်တိုင်သိတော်မူသော မြတ်စွာဘုရား။

အသိရောအကျင့်ပါ ပြည့်စုံ တော် မူ သော မြတ်စွာဘုရား။

အကျိုးရှိသော စကားကိုသာ ပြောတော်မူသော မြတ်စွာဘုရား။

လောကသုံးပါးကို သိတော်မူသောမြတ်စွာဘုရား။

သတ္တဝါ အတန်းအစားမျိုးစုံကို ဆုံးမတော်မူရာ၌ အတုမရှိသော မြတ်စွာဘုရား။

လူနတ်အပေါင်း၏ ဆရာကြီးတဆူဖြစ်တော်မူသော မြတ်စွာဘုရား။

သိခဲနိုင်စွာ လေးသစ္စာကို ထွင်းဖောက်သိမြင်တော်မူသော မြတ်စွာဘုရား။

ဘုန်းတော် ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငါတို့၏ နိစ္စဓူဝ ဆုံးမပဲ့ပြင် ကြည်လင် ချို မြ အကြည်ညိုခံ ဘဝမှ ခန္ဓာဝန်ကိုချလျက်။ မဟာ အမတ အမြိုက်နိဗ္ဗာန်သို့ စံဝင် ကိန်းအောင်း တော့ည့်ပေါင်း များ စွာ ဆို သူငါကို ဖွဲ့ခွာစွန့်ထားကြွသွားတော်မူချိန် နီးလေပြီ။

ငါတို့မှာကား အမိမဲ့သား ရေနည်းငါးကဲ့သို့ အားကိုးဖွယ်မရှိ၊ ပကတိ ဆိတ်သုဉ်း၍ လောကအသုံးမှာ အချည် နှီးကျန်ရှိခဲ့ကြရတော့မည်ဟု ကိလေသာ မကုန်ခန်းသေးသော ရဟန်းမှန် သမျှ ဆောက်တည်မရ ငိုကြွေးနေကြလေပြီ။

ရဟန်းများသာ မဟုတ်ပါသေး။ နီးဝေးစကြဝဠာ အနန္တမှ ရေတွက်ခြင်းငှာ မစွမ်းသာသော နတ်ပေါင်းများစွာတို့ မှာလည်း ရင်တီးလက်ခတ်ကြွေပြုတ်သည်း အူ ဒေါသမူစိတ် အံကိုကြိတ်၍ တိတ်တဆိတ် ငိုကြွေးကြသူများ ရှိသကဲ့သို့ အဟော ဒုက္ခာ၊ အဟော ဒုက္ခာ–ဒုက္ခပါတကားဟု မြွက်ကြားထုတ်ဖော် ဟစ်အော်ပြေးလွှား လူးလိမ့်နေသူများပင်ရှိကြပါသည်။

ထိုသူထိုသူနတ်လူတို့ထက် အဆမတန် ပူပန်ဆင်းရဲ နှလုံးကွဲမျှ ပရိဒေဝ ဖြစ်နေရသူကား ကျွန်ုပ် အာနန္ဒာပင်ဖြစ်ပါသည်။

ကျွန်ုပ်မှာ ဗုဒ္ဓမြတ်စွာ၏ ညီတော် အရင်း။ (ဘထွေးတော်အမိတ္တောဒနမင်းက မွေးသည်ဟု ဆိုရသော်လည်း ဗုဒ္ဓ၏ ဖွားဖက်တော် တဦးဖြစ်ခြင်းကြောင့် ညီအရင်းလို့ပဲ သတ်မှတ်ကြပါစို့။)

ကပ်ရေတသိန်း တွက် ကိန်း များ လှ ဘဝသံသရာ ကမ္ဘာဘာက(ဗုဒ္ဓဝလ္လဘ) ဘုရားရှင်၌ အကျွမ်းတဝင် နေနိုင်သော ပုဂ္ဂိုလ်ထူးမြတ် ဖြစ်လတ်အောင် ဆုတောင်းပါရမီဖြည့်ခဲ့ရသူ။

ဇာတိစံရာ ကပိလဝတ္ထု ပြည်တော် သာသို့ ဘဂဝါ ဗုဒ္ဓ ကြွလာတော် မူပြီး သည့် နောက် နောင်တော်အား အမြဲမပြတ်၊နီးကပ်လုပ်ကျွေး၊ သွေးရင်းသားတူ၊ အကူအညီ အ စေ အ ပါး၊ ဝတ်ကြီးဝတ်ငယ်များကို ခစား ဆောင်ရွက်ရန် အလို့ငှာ များစွာသော မင်း၏စည်းစိမ်၊ ဂုဏ်သိန် အနန္တ၊ ကာမဘောဂီ လောကီ ချမ်း သာ အာဝကို ပယ်ချစွန့်ပစ်ခဲ့၍ ဘု ရား ထံ မှောက် အရောက်လိုက်ကာ ရဟန်းပြုရသူ။

ထိုကြောင့်သာလျှင် ဘုရားရှင်၏ တေဒဂ်ငါးတန် ဗျာဒိတ်ခံ၍၊ ပန်ဆုလေးသွယ်၊ ပယ်ဆုလေးပါး အရေးထားခြင်း ခံရသူ။

ယနေ့အထိ ၂၅ ဝါ ကာလပတ်လုံး 'ဗုဒ္ဓကိုယ်တော်မြတ်နှင့် ဖဝါးခြေထပ် အမြဲကပ်၍ ထက်ကြပ်နောက်ပါ လိုက်ရသူ။

နောင်တော်အဖြစ်ဖြင့် တွယ်တာလျက်၊ဖခင်ကဲ့သို့ ချစ်ခင်မြတ်နိုးသူ။

ဆရာတဆူအားနဖြင့်ကျိုးနွံ၍၊ ဗုဒ္ဓရှင်အဖြစ် ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခို ကြည်ညို သူ။

ဤသို့ဤမျှ၊ ယောနိသော မနသီကာရဖြင့် ဂါရဝရှိခဲ့သူအဖို့ ယနေ့ပင်လျှင် မေရုဗဟို ရွှေတောင်ကြီးပြိုတော့မည်ကို မမြင်လို မရှုရဲသော်လည်း မလွဲကျန် တွေ့ရပေတော့မည်။

ဤအဖြစ် ဤအရေးမှာ မိမိသာ အရိပ်အခြည် ကျွမ်းကျင်၍ သတိသမ္ပဇဉ် အမြဲ ယှဉ်နေမိပါက သုံးလောကလုံးကြိမ်မီးအုံးသလို ယူကျုံးမရ ဖြစ်ကြရမည် မဟုတ်သေး။ ယခုကား မိဂါ ရွှေသမင် မိခင်ကြီးအပါးတွင် ကစားပျော်မြူး ကြည်နူးနေမိသည့် သားသမင်ကလေးပမာ မိမိ အဖြစ်သာ ဖြစ်ရလေခြင်းဟု(ဟင်း)ချကာ တွေးမိပါတော့သည်။

မကြာသေးမီ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းဆောင်တွင် သီတင်းသုံးတော်မူစဉ်က ဗုဒ္ဓမြတ်စွာကို ခြေဆုပ်လက်နယ် ဝတ်ပြုစဉ် လျော့ပါးသော အရေတော် အသားတော်များကိုတွေ့ထိ ရှုမြင်ရသဖြင့် ဤသို့ လျှောက်ထား မေးမြန်းခဲ့ဖူးပါသည်။

''အရှင်ဘုရား၊ ဗုဒ္ဓ၏အသား အရေတော်သည် ယခင်ကသို့ တင်းမာကျစ်လျစ်ခြင်း မရှိ၊ ပကတိ ပိုးချည် ဝါချည် ကတ္တီပါကဲ့သို့ နူးညံ့ ပျော့ပျောင်းလှပါဘိသည်။ တည့်မတ် ဖြောင့်တန်းသော ခါးတော်သည်လည်း စဉ်းငယ်ညွတ်ဆိုင်း လေးကိုင်းသဏ္ဌာန် ရှိနေပါပြီ မံသစက္ခု အကြည်တော်လည်း ရီရော်ခေမှိုင်းဟန် ရှိနေပါပြီ။ ရှေးအခါက သုံးဆယ့်နှစ်ပါး သမိုက်ထားအပ်သော ယောကျ်ားမြတ်တို့၏လက္ခဏာ ရောင်ဝါမြတေ ကျက်သရေဖြင့် ပွတ်သစ်စ ရွှေကဲ့သို့ ရှိခဲ့ပါသည်။ ယခုကား ငွေစန္ဒာကို တိမ်လွှမ်းသလို ညှိုးနွမ်းယောင် ဖူးတွေ့ရပါသည် ဘုရား''ဟု လျှောက်ထားမိသည့်အခါ-

''ချစ်သား အာနန္ဒာ သင် မည်သို့ ထင်သနည်း။ ဗုဒ္ဓဟူ၍ကော အနိစ္စ တရားသဘောမှ ကင်းကွာသော နိယာမ ရှိကြသည်မဟုတ်။ သင် ချစ်သား တွေ့ထိရသည့်အတိုင်း ဗုဒ္ဓ၏ ကိုယ်ကာယသည် တင်းမာကျစ်လျစ်ရာမှ ပျော့ပျောင်းခဲ့ရပြီ။ တည့်မတ်ဖြောင့်တန်းသော ခါးတော်သည်လည်း စဉ်းငယ်ညွတ်ဆိုင်း လေးကိုင်းသဖွယ် ရှိခဲ့ပြီ၊ မံသစက္ခု အကြည်တော်လည်း ရီရော်ဝေမှိုင်း ခဲ့ရပြီ။ ယောကျ်ားမြတ် တို့၏ အဆင်းရောင်ဝါလည်း ငွေစန္ဒာကို တိမ်လွှမ်းသကဲ့သို့ ညှိုးနွမ်း ခဲ့ရသည်။ ဤသည်တို့ကား သတ္တဝါ သူငါတို့၌ ဖြစ်ရိုးဖြစ်စဉ် လက္ခဏာ တည်း။

''ချစ်သား အာနန္ဒာ၊ ငါဘုရားသည် ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် ဟု ဆိုအပ်သော မာရ်ငါးပါးကို အောင်နိုင်သည် မှန်သော်လည်း၊ မစ္ဆိမဘဝိက ဗုဒ္ဓ၏ ခန္ဓာကား ကြွင်းကျန်နေသေးသည် မဟုတ်သား။ ဤခန္ဓာသည်ပင် သင် ချစ်သား ယခု ဖူးတွေ့နေရသည့် အခြေအနေမှတဆင့် ဖောက်ပြန်ခြင်းအားဖြင့် နာရပေဦးမည်။ သေရ ပေဦးမည်ဘကား''ဟု မိန့်တော်မူခဲ့ဘူးပါသည်။

ထိုစဉ်က မိမိသာ သတိနှင့်ယှဉ်၍ ဆင်ခြင်နိုင်မည်ဆိုလျှင် ဗုဒ္ဓ အရှင်သည်မကြာမီကာလမှာ ပရိနိဗ္ဗာန် စံဝင်တော်မူလိမ့်မည်ဟု ရိပ်မိဖွယ်ရာ ဖြစ်သော်လည်း အနိစ္စတရားကို ဟောကြားရုံမျှဟု အမှတ်မဲ့စွာ နေခဲ့မိပါသည်။

ဗုဒ္ဓသည် လွန်ခဲ့သော ဝါဆိုလတွင် ဝေဠုဝရွာ၌ ဝါကပ်တော်မူပါသည်။ ထိုရွာငယ်မှာပင် ပရိနိဗ္ဗာန် ပြုနိုင်လောက်သော ဝေဒနာ ဖြစ်ခဲ့ပါသည်။ ပြင်းထန်သော ထိုဝေဒနာကို ဗုဒ္ဓကိုယ်တိုင် ဖလသမာပတ်ဝင်စား၍အခိုက်အတန့် တားဆီးတော်မူသဖြင့် ပျောက်ကင်း ကျန်းမာ သွားသည့်တိုင် မိမိမှာ ဝမ်းသာအားရဖြစ်လိုက်

ပါပြီ။ စင်စစ်သော်ကား ဘုရားမြတ်စွာသည် ဒါယကာ၊ ဒါယိကာမ အသိမပေးပဲ၊ ရဟန်းသံဃာတို့ကို ခွင့်မပန်ပဲ ပရိနိဗ္ဗာန် မပြုလိုသေးသည်အတွက် ဖလသမာပတ်ဖြင့်ထိန်းချုပ်ထားကြောင်း မိမိခရိပ်မိခဲ့။ ထို့ကြောင့်ပင်လျှင် မိမိက ဝမ်းသာအားရ လျှောက်မိသည်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ ကျန်းမာခြင်းကိုတွေ့ရသဖြင့်အလွန်အားတက်မိပါသည်။ ဘုရားမြတ်စွာ မကျန်းမာစဉ်က တပည့်တော်မှာ အရပ်ရှစ်မျက်နှာတို့ကိုပင် မမှတ်မိအောင် ရှိရပါသည်။ သို့သော် ဗုဒ္ဓသည် ရဟန်းသံဃာများစွာတို့အား နောက်ဆုံးတရား ဟောကြားတော်မူခြင်း မရှိသေးသည့်အတွက် ရုတ်တရက်ဖြင့် ပရိနိဗ္ဗာန် မပြုနိုင်သေးရာဟု စိတ်သက်သာမိပါသည်"ဟု လျှောက်သည့်အခါ၊ ဗုဒ္ဓမြတ်စွာက—

"အာနန္ဒာ၊ မည်သည့်တရားကိုများ တောင့်တနေသေးသနည်း။ ဟောသင့်သော တရားဟူသမျှ ငါဘုရား ဟောကြားပြီးခဲ့ပြီ။ ငါဘုရားမှာ 'ဆရာစား' ချန်ထားသော တရားဟူ၍ မရှိ။ မကျန်တော့။

"အာနန္ဒာ၊ ငါဘုရားသည် အရွယ်တော်အိုခင်း ယိုယွင်း၍ သက်တော်ရှစ်ဆယ်တွင်းသို့ ရောက်ခဲ့ပြီ။ ဟောင်းနွမ်းသော လှည်းသည် ထိုဆိုနေရာတို့၌ ဖွဲ့ချည် တုပ်နှောင် ထားမှ မောင်းသွားနိုင်သကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖလသမာပတ်တည်းဟူသော လွန်ကြိုးဖြင့် ဖွဲ့ချည်ထားခဲ့ခြင်းဖြစ်သည်။ သင်တို့လည်း တရားတည်းဟူသော ကိုးကွယ်ရာဖြင့် နေကြလော့"ဟု မိန့်တော်မူပါသည်။ ဤမျှနှင့်လည်း မိမိမှာ သတိသမ္ပဇဉ် မယှဉ်မိခဲ့။

ထိုသည့်နောက် များမကြာမီ ကာလတွင် ဗုဒ္ဓ၏ လက်ယာ တော်ရံ အရှင် သာရိပုတ္တရာသည် တန်ဆောင်မုန်း လပြည့်နေ့ ညဥ့်သည်းကောင်း၊ လက်ဝဲတော်ရံ အရှင် မဟာ မောဂ္ဂလာန်သည် တန်ဆောင်မုန်းလကွယ် နေ့ဥ့်လည်းကောင်း အသီးသီး ပရိနိဗ္ဗာန် စံတော်မူကြရာ မိမိမှာ အလွန်တရာ ဝမ်းနည်းကြေကွဲခဲ့သည်မှန်သော်လည်း ဗုဒ္ဓကိုယ်တော်တိုင် ထီးထီးမားမား အားကိုးရမည့်သူ ရှိနေသေးသည့်အတွက် သက်သာရာ ရခဲ့ပါသေးသည်။

ဗုဒ္ဓမြတ်စွာနှင့် ဥက္ကာစေလမြို့မှ ဝေသာလီပြည်သို့ အရောက်တွင် ထူးခြားသော စကားကို ဘုရားထံမှ ကြားနာရပြန်ပါသည်။

"ချစ်သားအာနန္ဒာ၊ ငါဘုရားဖြစ်စေ၊ အခြားသူဖြစ်စေ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝိမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ် လေးပါးကို ပွားများနေလျှင် အာယုကပ်ပတ်လုံးသော်လည်းကောင်း၊ ပို၍သော်လည်းကောင်း အသက်ရှည်စွာ ခန္ဓာဝန်ကိုထမ်းဆောင်နေနိုင်သည်"ဟု မိန့်တော်မူသည်ကိုလည်း မိမိမှာ ဘာကို ရည်ရွယ်သည်ဟု မရိပ်မိခဲ့။ တွေဝေ ငေးမောလျက်သာ ဗုဒ္ဓမျက်နှာတော်ကို ငေးမျှော်ကြည်ညိုနေမိခဲ့သည်။

ထိုအခါ ဗုဒ္ဓက မဟာကရုဏာ ပြည့်လျှမ်းသော မျက်နှာဖြင့်—

"ချစ်သား အာနန္ဒာ၊ လွတ်လပ်စွာ နေချေဦး"ဟု မိန့်တော်မူပါသည်။

ဗုဒ္ဓထံပါးမှ တွေဝေထိုင်းမှိုင်းစွာ တနေရာသို့ ထွက်လာပြီး၍မှ မကြာမြင့်မီ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ လှုပ်ပါတော့သည်။ တောင်မှ မြောက်သို့လည်း ဝှေ့ယမ်း၍ လှုပ်သည်။ အရှေ့မှ အနောက်သို့လည်း ခါယမ်း၍လှုပ်သည်။ အထက်မှ အောက်သို့လည်း သက်၍သက်၍လှုပ်သည်။ အောက်မှ အထက်သို့လည်းတက်၍တက်၍လှုပ်သည်၊ ဥပါဒ် မိုးကြိုးတော်လည်း၍ ကမ္ဘာကြီးတခုလုံး ပြိုကွဲတော့သလို ရိုက်ချုန်းမြည်ဟည်း အသံကြီးတို့ဖြင့် ကြက်

**သိ** ဖြန်းဖြန်း ထလောက်အောင် ကြောက်စရာ အခြေအနေ ကြုံရသည်။

အကျွန်ုပ်သည် လောကအလုံ နှင့်ဆိုင်သော ပုဗ္ဗနိမိတ်ဟူ၍ အားရိပ်စားလိုက်မိပါပြီ။ သို့သော် အရာရာ၌ ဗုဒ္ဓမြတ်စွာကိုယ်တော်ဘိုင်သော ခွဲခြမ်းစိတ်ဖြာ ဟောပြောနိုင်မည်ဖြစ်၍ မကြာမီကမှ ခွဲခွာလာခဲ့သော ဘုရားရှင်ထံ အမြန်ချဉ်းကပ်ခဲ့ပြီး မေးလျှောက်ခဲ့ပါပြီ။

ထိုအခါ မြတ်စွာဘုရားက ''အာနန္ဒာ၊ မြေလှုပ်ခြင်းအကြောင်းကား ရှစ်ပါး ရှိသည်။

(၁) ဓာတ်သဘာဝအားဖြင့် ရေလှုပ်ခြင်းကြောင့် မြေလှုပ်၏။

(၂) ဈာန်အဘိညာဉ်တန်ခိုးရှင်တို့၏ အာနုဘော်ကြောင့် လှုပ်၏။

(၃) ဘုရားလောင်း ပဋိသန္ဓေ နေသောကြောင့် လှုပ်၏။

(၄) ဖွားတော်မူခြင်းကြောင့် လှုပ်၏။

(၅) သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်းကြောင့် လှုပ်၏။

(၆) ဓမ္မစကြာတရားတော် ဟောကြားခြင်းကြောင့် လှုပ်၏။

(၇) အာယုသင်္ခါရ စွန့်လွှတ် တော်မူ ခြင်းကြောင့် လှုပ်၏။

(၈) ပရိနိဗ္ဗာန် စံဝင် တော်မူ ခြင်း ကြောင့် လှုပ်၏။

အကျွန်ုပ်သည် ဗုဒ္ဓ၏စကားကြောင့် တုန်လှုပ်ကြောက်ကြမိပါပြီ။ ထိုအခြင်းအရာကို သိတော်မူသော မြတ်စွာဘုရားက ကျွန်ုပ် လျှောက်ထားမေးမြန်းမှု မပြုနိုင်မီပင် ပရိသတ်ရှစ်ပါးကို ပြတော်မူ၍ တရားဟော ဟောတော်မူခဲ့ပုံကိုသော်လည်းကောင်း၊ ဈာန်တရား ရှစ်ပါး ကိုသော်လည်းကောင်း၊ ဝိမောက္ခတရားရှစ်ပါး ကိုသော်လည်းကောင်း၊ ကျွန်ုပ်၏စိတ်သည်ဘည်ငြိမ်သည်အထိ **ဆက်ဘိုက်** ဟောကြားနှစ်သိမ့်ပြီးမှ ဗုဒ္ဓ၏ ထံပါးမှ ကျွန်ုပ် ခွဲခွာသွားသောတခဏ၌ မာရ်နတ်လာ၍ အာယုသင်္ခါရ လွှတ်တော်မူပါရန် တောင်းပန်သည်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း၊ ယနေ့မှသုံး လပြည့်သောအခါတွင်ပရိနိဗ္ဗာန်စံဝင်တော်မူမည့် အကြောင်း မိန့်တော်မူပါသည်။

ကျွန်ုပ်၏ရှပ်နာမ်နှစ်ဝစလုံး မကြာသေးမီက တုန်လှုပ်သောလျှင်ကြီးထက် ပြင်းထန်စွာ တုန်လှုပ်ချောက်ချားမိပါပြီ။

''အို..မြတ်စွာဘုရား။ ကျေး ဇူး တော် ရှင်သခင်ဘုရား။ လူနတ်တို့၏ အကျိုးငှာ၊ သတ္တဝါများ၏ စီးပွားအလို့ငှာ၊ လူအပေါင်းတို့ ချမ်းသာစေခြင်း အကျိုး ငှာ၊ သနား စောင့်ရှောက်တော်မူခြင်းငှာ၊ ကျွတ်ထိုက်သည့်နတ်လူပြဟ္မာတို့ မဂ်ဖိုလ်တရား ချကြားပါစေခြင်းအကျိုးငှာ အာယုကပ်ကာလပတ်သုံး ဗုဒ္ဓကိုယ်တော် တည်ရှိတော်မူပါ၊ **သက်တော်** ရှည်တော် မူပါ''ဟု **အရေး**တကြီး တောင်းပန်ပါသည်။

''အာနန္ဒာ၊ တန်တော့တန်တော့ မတောင်းပန်နှင့်တော့၊ အချိန်နှောင်းခဲ့ပြီ။ အာနန္ဒာ၊ သင့်အား ငါဘုရား အရိပ်အမြွက်အားဖြင့် အခါခါ မိန့်ကြားခဲ့သည်၊ သင်သည်သာ တောင်းပန်ငြားအံ့၊ ငါဘုရား စဉ်းစားဝန်ခံတန်လျှင် **ဝန်ခံဖြစ်**လိမ့်မည် ယခုအခါကား **ဝန်မခံ**နိုင်တော့ပြီ''ဟု အမိန့်ရှိတော်မူပါသည်။

ကျွန်ုပ်က သုံးကြိမ်သုံးခါ လျှောက်ထားတောင်းပန်ငြားလည်း ပစ်ပယ်တော်မူ၍....

''အာနန္ဒာ၊ မတောင်းပန်နှင့်တော့။ မဟာရန်တော ကူဋာဂါရသာလာသို့ သွားကြစို့''**ဟု** ကျွန်ုပ်အား စကားလို လွဲ ဝမ်းနည်းချိန်မရလေအောင် မိန့်ကြားတော်မူပါသည်။

ထိုဌာနမှတဖန် ဝေသာလီမြို့သို့ဆွမ်း ခံဝင်ပြီး နောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်ပြီးတော်မူခဲ့**ကာ** ဘဏ္ဍုရွာသို့ ဒေသစာရီ ကြွလှမ်းတော် မူပြန်ပါသည်။ ၎င်းနောက်ပါဝါမြည်သို့ ကြွလှမ်းတော်

မှုပြီးစုန္ဒဥပါသကာ၏ သူကရမဒ္ဒဝဆွမ်းကို ဘုဉ်း ပေးတော်မူပါသည်။

ကမ္မဝိပါက အားလျော်စွာ ဗုဒ္ဓသခင်သည် ဝမ်းသွေးသွန်ရကား "အာနန္ဒာ၊ကုသိနာရုံမြို့သို့ သွားကြစို့" ဟု မိန့်တော်မူပါသည်၊

ပါဝါမြို့နှင့် ကုသိနာရုံမြို့သည် သုံးဂါဝုတ် မျှသာ ကွာလှမ်းသော်လည်း ထိုခရီးအကြားဝယ် နှစ်ဆယ့်ငါးဌာနနား၍ ကြိုးစား ကြွလှမ်းတော် မူပါသည်၊

ဤကဲ့သို့ ကုသိနာရုံအထိ အပင်ပန်းခံ၍ ကြွတော်မူခဲ့ခြင်းမှာ သုဒ္ဒဿနသုတ်ကို ဟော တော်မူနိုင်ရန် အကြောင်းတပါး၊ သုဘဒ္ဒပရိဗိုဇ် ကို နောက်ဆုံး ပစ္ဆိမဗောဓိအဖြစ် ချီးမြှောက်လို သော အကြောင်းတပါး။ ဓာတ်တော် ဝေသော အခါ ပြည်ထောင်မင်းတို့ အချင်းချင်းစစ်မခင်း နိုင်အောင် ဒေါဏပုဏ္ဏား ရှိလိမ့်မည်ကို သိမြင် တော်မူသော အကြောင်းတပါး။ ဤအကြောင်း သုံးပါးကြောင့် ကြွလှမ်းခဲ့ခြင်းကိုနောင်မှ ကျွန်ုပ် သိရပါသည်။

ကျွန်ုပ်က ဗုဒ္ဓအား ဤသို့ မချိဘင်ကဲ ကြေကွဲ စွာ လျှောက်မိသည်။

"ဘုန်းတော်သခင်အရှင်ဘုရား ထံလာရောက် ဖူးမြော်သူတို့အား ကြည်နူးရွှင်ရဲခြင်း ဖြစ်ကြ စေပါပြီ။ အရှင်ဘုရား ကွယ်တော်မူသည့်အခါ ၌ကား အကျိုးမဲ့ဖြစ်ကြရှာတော့မည် ဘုရား" ဟု လျှောက်ထားသည့်အခါ....

"အာနန္ဒာ ဘုရား ဖွားတော်မူသော ဌာန၊ ဘုရားဖြစ်တော်မူရာ ဌာန၊ ဓမ္မစကြာတရားဟော ကြားရာဌာန၊ ပရိနိဗ္ဗာန်စံတော်မူသော ဌာနတို့ သည် သံဝေဂယူရန် သံဝေဇနိယဌာနလေးပါး ဖြစ်သည်၊ ထိုအရပ်ဌာနများသို့ သဒ္ဓါရှိသူ များ လာကြလတ္တံ့" ဟု ဖြေကြား တော်မူပါ သည်၊

ထို့နောက် မာတုဂါမများနှင့် ပတ်သက်၍ လည်း ဗုဒ္ဓ၏ အဆုံးအမ တရားကိုလျှောက်ထား မေးမြန်းရာ ကျင့်သုံးဖွယ်ရာများကို ဖြေကြားပြန် ပါသည်။ဗုဒ္ဓ၏အလောင်းတော်ကိုယ်ကို ပူဇော်ရ မည့်အရာလည်း သဒ္ဓါတရား ရှိသော မင်းပုဏ္ဏား၊ ပညာရှိသူဌေး၊ သူကြွယ် စသူတို့က စကြာမင်း၏ ဈာပနအလား ပူဇော်ကြမည်ဖြစ်၍သင်နှင့်တကွ ရဟန်းများက ကြောင့်ကြစိုက်ရန် မလိုကြောင်း မိန့်ကြားတော်မူပါသည်။

ထိုသည့်နောက်ကား ကိုယ်တော်မြတ်သည် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာနေတော် မူပါပြီ။

ကျွန်ုပ်အာနန္ဒာသည် ဗုဒ္ဓအား ဤညနေ နိဗ္ဗာန် ယူတော်မူချေတော့မည်။ နက်ဖြန်ခါပင် သွန်သင်ပြသဆုံးမပေးသော အသံတော် တိတ် ချေတော့မည်ဟု တွေး၍ ဆွေးမြည့်သော နှလုံး ဖြင့် ယူကျုံးမရဖြစ်ကာ ဘုရားရှင်အနီးမှ ခွာ၍ မလ္လာမင်းတို့၏ဘည်းခိုရာ မင်းကွန်းဇရပ်တံခါး တိုင်ကို ကိုင်လျက် အားရပါးရ ငိုကြွေးမိပါ သည်။

"ငါသည် သောတာပန်သာဖြစ်၍ အထက် မဂ်အလို့ငှာ ပြုရာ ကိစ္စရှိချေသေး၏။ မိုက်ကြွေး ထူလှသော ငါ့ကို ဆုံးမပဲ့ပြင်သွန်သင်ပေးသော နောင်တော် ဘုရားကား ရှိတော့မည် မဟုတ်" ဤသို့ ဘယောက်ထိးတည်း ညည်းညူငိုကြွေးနေ မိပါသည်။

မကြာမတင် ဗုဒ္ဓသခင်က ကျွန်ုပ်အားအခေါ် လွှတ်၍ အပါးတော် ပြန်ရောက်ရပြန်ပါသည်။

"အာနန္ဒာ ဝမ်း မနည်း နှင့်၊ မငိုကြွေးနှင့်၊ ငါဘုရား၏ ကိုယ်တော်ပင်ဖြစ်သော်လည်းမပျက် စီး ပါစေနှင့်ဟုဘောင်တ၍မရကြောင်းစောစော ကပင် မိန့်တော်မူခဲ့ပြီ။ အသင်သည် ငါဘုရားကို ကြီးမားသော မေတ္တာဖြင့် ပြုစု လုပ်ကျွေးခဲ့ပြီ။ အသင်သည် ရဟန္တာ ဖြစ်လောက်သော အရည်

အချင်း ရှိခဲ့ပြီ။ ကမ္ဗဋ္ဌာန်းကို အား ထုတ် လျှင် လျှင်မြန်စွာ အာသဝေါ ကင်းကွာ၍ ရဟန္တာ ဖြစ်ရစ်လိမ့်မည်''ဟု မိန့်မှာသည့်အခါ ကျွန်ုပ် အာနန္ဒာသည် သောကကင်းကွာ၍ သက်သာရာ ရလိုက်ပါပြီ။

ထို့နောက် မြတ်စွာ ဘုရား၏ အလိုတော် အတိုင်း ကုသိနာရုံမြို့တွင်းရှိ မလ္လာမင်းတို့ထံ သွားရောက် အကြောင်းကြားရပါသည်။ ငိုကြွေး မြည်တမ်း ကမန်းကတန်း လိုက် လာ ကြ သော မလ္လာမင်းတို့အား ဘုရားကို နောက်ဆုံးဖူးမြော် နိုင်ရန် အစီအစဉ်များ ခန့်ခွဲပေးလိုက်ရပါသည်။

ထိုစဉ်အတွင်း ကမ္ဘာကြီး မီးလောင်ရာဝယ် ဆီမီးခွက်က မီးသ၍ တောက်သကဲ့သို့ သုဘဒ္ဒ ပရိဗိုဇ်က ဗုဒ္ဓထံ ပြဿနာ လျှောက်ရန် ရောက် လာပြန်ပါတော့သည်။

ကျွန်ုပ်က ဗုဒ္ဓပင်ပန်းတော်မူမည်ကိုမလိုလား၍ တားသည်။ သုဘဒ္ဒက ထပ်ခါထပ်ခါတောင်း ဆိုနေသည်။ ကျွန်ုပ်ကလည်း ငြင်းမြဲပင် ငြင်း သည်။

''ချစ်သား အာနန္ဒာ၊ သုဘဒ္ဒအားငါဘုရား ထံ ချဉ်းကပ်ခွင့်ပြုလိုက်ပါလော့၊ သူ့အကျိုးကို မြင်တော်မူ၍ ငါဘုရားဤဒေသသို့ ကြွခဲ့ရခြင်း ဖြစ်ပါသည်''ဟု မိန့်တော်မူမှ ခွင့်ပြုလိုက်ရပါ သည်။ သုဘဒ္ဒသည် ဗုဒ္ဓနှင့် တွေ့ဆုံပြီး၍ မကြာ မီပင် ကျွန်ုပ်ကိုယ်တိုင်ဆံချ၊ သင်္ကန်း ဝတ် ၍ သရဏဂုံပေးပြီး မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်း ယူစေပါသည်။ သုဘဒ္ဒသည် ဗင်္ဂီသမ္ဘိဒါဉာဏ်နှင့် တကွ ဗုဒ္ဓ မျက်မှောက်တော်ဝယ် နောက်ဆုံး ရဟန္တာသာဝကဖြစ်သွားပါတော့သည်။

''သြော်...ဗုဒ္ဓရှင်တော်၏ မဟာ ကရုဏာ တော်ကား ပြောပြ၍ ယုံနိုင်ဖွယ်၊ ကုန်နိုင်ဖွယ် မရှိပါတကား၊ သတ္တဝါတဦး တရားထူးရဖို့ အတွက် သုံးဂါဝုတ်မျှသာကွာလှမ်းသောခရီးကို နှစ်ဆယ့်ငါးကြိမ်တိုင် ရပ်နား၍ကြိုးစားဖမ်းစား ကြွချီတော်မူခဲ့သည်။ ဝေနေယျ သတ္တဝါများ အတွက် အသက်ကိုပင် စွန့်လှူနိုင်သော ဗုဒ္ဓစရိတ ကား အံ့ဩဖွယ် ကောင်းလေစွ''ဟု ဝမ်းသာ ဝမ်းနည်း ဖြစ်လိုက်ရပါပြီ။

ဗုဒ္ဓသာသနာဝယ် ဦးဆုံး ရဟန္တာဖြစ်ရသူမှာ အရှင်ကောဏ္ဍညဖြစ်၍ နောက်ဆုံးရဟန္တာကား ဤသုဘဒ္ဒပရိဗိုဇ်ဖြစ်လေတော့သည်။

မြတ်စွာဘုရားသည် ကျွန်ုပ်ကိုခေါ်၍ ဤသို့ မိန့်တော်မူပြန်ပါသည်။

''အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသော အခါ ငါတို့မှာ ဆရာမရှိတော့ဟု မမှတ်ထင်ကြ နှင့်၊ အာနန္ဒာ ငါဘုရားသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို ဟောသားတော်မူအပ်ပြီ။ ထိုတရား တို့သည် ငါဘုရား ကွယ်လွန်တော် မူသောအခါ အသင်တို့၏ ဆရာ ဖြစ်ရစ် လိမ့်မည်၊ သံသယ တစုံတရာရှိလျှင် ယခုပင်မေးလိုက်ကြ၊ လျှောက် လိုက်ကြ၊ နောင်အခါမှ မြတ်စွာ ဘုရား မျက် မှောက်တော်၌ မိမိ၏ ယုံမှားခြင်းကို မမေးလိုက် မိဟု နောင်တ မဖြစ်ရစ်ကြနှင့်''

ဤသို့ ခွင့်ပေးတော် မူသော် လည်း ရဟန်း အားလုံး ဆိတ်ဆိတ်ပင် ရှိနေကြပါသည်။

''အရှင်ဘုရား။ ဤသံဃာတွင် တပါးတလေ မျှ ဘုရားစသည် အပေါ်၌ ယုံမှား သံသယမရှိ ဟု ယုံကြည်ပါသည် ဘုရား'' ဤသို့ ကျွန်ုပ်က လျှောက်ကြားသောအခါ....

''အာနန္ဒာ။ ငါဘုရား သိတော်မူပြီ၊ အနန္တ အပါးမှာ ရှိကြသော ရဟန်းများမှာ အနိမ့်ဆုံး အားဖြင့် သောတာပန်မျှသာဖြစ်ဘိ၏''ဟုပြန် လည်မိန့်ကြားပြီးသော်—

''ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ''

ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနိကာဒါနိ၊ ယခု အခါ၌၊ ဟန္ဒ အကျဉ်းချုပ်အားဖြင့်၊ ဝေါ၊ သင် တို့ကို။ အဟံ၊ ငါဘုရားသည်၊ အာမန္တယာမိ၊ မှာ


ထားတော်မူ၏။ သင်္ခါရာ၊ ကံစိတ် ဥတုအာဟာရ တည်းဟူသော အကြောင်းတရားလေးပါး သင်္ခါရတို့သည်၊ ဝယမမွှာ၊ပျက်တတ်သောသဘော ရှိကုန်၏။ တုမေ့၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်။သမ္ပာဒေထ ပြည့်စုံကြစေကုန်လော့။

ဤသို့ နောက်ဆုံး ဓမ္မတရားပြပြီးကာ စတုတ္ထဈာန်ဝင်စားတော်မူပြီး ပဋိသန္ဓေ နေတော်မူစဉ်က စိတ်နှင့် တူသော စုတိစိတ်ဖြင့် ပရိနိဗ္ဗာန်စံတော် မူ သည် နှင့် တပြိုင်နက် မဟာ ပထဝီမြေကြီးသည် ပြင်းထန်စွာ မြည်ဟည်း၍ အကြီးအကျယ် တုန်လှုပ်ပါလေတော့သည်။

ထို့ကြောင့် ခပ်သိမ်းသော သတ္တဝါရှိသမျှကို အပါယ ဂမနိယဒုက္ခအတန်တန်မှ မုံချအမှန်ခွာရှောင် မြန်းကြစေဖို့၊ အမတာ သောင်ကမ်းယူဘင်ရာမှာ၊ အတူယှဉ်စရာ ပထဗျာအထုရှိသမျှထက်၊မဟာ့ကာရုဏိကကြီးတော်မူသောမြတ်စွာဘုရားသည်။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းထိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဗ္ဗာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကုတ်ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကာ၊ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ်ရှစ်၊ သက္ကရာဇ်ဝယ်၊နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံဌာ၊ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့ နိဗ္ဗူစံတော်မူသည်။ ဂုမ်းဆူ သောင်း လုံး ကျော်တယ်ကို။ ။



# ဆင်သေပေါ်မှကျီး



'ပေါ်တီကို' အောက်သို့ ကားဝင်လာပြီး တံခါး ဖွင့်သံ၊ ပိတ်သံ ခပ်အုပ်အုပ် ကလေးကို နားယဉ်နေသော ဒေါ်နွဲ့နွဲ့က ခင်ပွန်းသည် ဦးမျိုးထွန်း ရုံးမှ ပြန်လာပြီဟု သိလိုက်ရသည်။ အိမ်ဖော်တဦးက အာလျှာတံခါး ဖွင့်ပေးလိုက်သံ ကိုလည်းကြားလိုက်ရသည်၊ ဦးမျိုးထွန်း ဧည့်ခန်း သို့ ဝင်လာ၍ ဆိုဖာပေါ်သို့ ထိုင်ချ လိုက်ပြီး 'ဂျူး'ကနဲ သက်ပြင်းမှုတ်သံကိုလည်း ကြားလိုက် ရသည်။

ထိုအချိန်တွင် ဒေါ်နွဲ့နွဲ့က လိမ္မော်ရည်ကို ယောချပေးပြီး မနီးမဝေးက ထိုင်၍ အကဲခတ် နေစမြဲ။

"နေသို့ ထိုင်လို့ ကောင်းမှု ရရဲ့လား"

"လုပ်ငန်းတာဝန်တွေမှာ အဆင်ပြေပုံ ရှိရဲ့ လား"

ဒါတွေကို အကဲ ခတ်ရမှာပေါ့။ ဦးမျိုးထွန်း က ဌာနဆိုင်ရာ တခုမှ တာဝန် အကြီးဆုံးကို လက်ခံရသူ အရာရှိကြီးတဦး ဖြစ်သည်။

အသက် ငါးဆယ်ထဲဝင်လာပြီဆိုကတည်းက ကျန်းမာရေးမှာ သချိုးသရီဖြစ်ချင်လာပြီ။ သွေး တိုးကလေးကလည်း စလာသည်။ နှလုံးရောဂါ ကလည်း အရိပ်အမြွက် ပြလာသည်။ အလုပ် အကိုင်ဌာနမှာလည်း မုန်းပေမယ့် ပြုံးပြနေကြ သူများလည်းရှိတတ်သည်။ ကျိုးနွံ ရိုသေကြသူ တိုင်းကိုလည်း စိတ်ချရသည်မဟုတ်။ဒါကလည်း အမြင့် ရောက်သူ တိုင်း သေအတိုး ခံရမည်မှာ ဓမ္မဘာပင်ဖြစ်သည်။

ဒေါ်နွဲ့နွဲ့က လိမ္မော်ရည် ကို တကျိုက်မျှ ယူသောက်လိုက်သော ဦးမျိုးထွန်းကို စကား စလိုက်သည်။

"နေကောင်းရဲ့လား"

ဦးမျိုးထွန်းက ခေါင်းကိုသာ ညိတ်ပြလိုက် သည်၊

"သူ့ကြည့်ရတာ စိတ်မော နေသလိုပဲ"

ဦးမျိုးထွန်းက ဘာမျှပြန်မပြော။

"အလုပ်များ ယင်လဲ နားနား နေနေ လုပ် ပေါ့"

"အလုပ် များတာတော့ များတာ ပါပဲ၊ အလုပ်များတဲ့အထဲ မိုးဇော်က လာတွေ့လို့ စိတ် မောရတာက ပိုဆိုးတယ်"

"မောာတော့၊ တိုက်တိုက်ဆိုင်ဆိုင် နေ့လယ် ကပဲ သူ့အမေ မယဉ်လှ အိမ်လာလို့ စိတ်ညစ် ရသေးတယ်"

''ဘာလာလုပ်တာတုံး''

''လုပ်ကိုင် စားသောက်ဖို့ အရင်းအနှီး ငွေငါးထောင်လောက် လှည့်စမ်းပါတဲ့ လေ''

''ဒီတော့ မင်းကဘာပြောလိုက်သလဲ''

''ကိုယ့်မှာမှ မရှိတာ ဘယ်ပေးနိုင်မလဲ၊ ငွေငါးရာပေးပြီး ချွေးသိပ် လိုက်ရတာပေါ့၊ ဘယ့်နှယ်လုပ်မလဲ''

ဦးမျိုးထွန်းက လိမ္မော်ရည်ကို စားပွဲပေါ်သို့ ချ၍ ဒေါ်နွဲ့နွဲ့ကို ကြည့်နေလိုက်သည်။

''အစ်ကို့ ဆီကို မိုးဇော် လာတာ ကကော ပိုက်ဆံတောင်းဖို့ပဲလား''

''ပိုက်ဆံ လာတောင်းလို့ ကိုယ့်မှာ ပေးနိုင်ယင် ကောင်းတာပေါ့၊ ခုတော့ ဌာနဆိုင်ရာမှာ အလုပ်တခုခု သွင်းပေးပါတဲ့လေ၊ ဆယ်တန်းမှ မအောင်ခဲ့တော့လည်း အခက်သား၊ အသေးအမွှား အလုပ်ကျတော့လည်း မလုပ်ချင်''

သည်တခါ သက်မ ချလိုက်သူက ဒေါ်နွဲ့နွဲ့ ဖြစ်သည်။

''နွတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း ဆိုတာ မျိုးကလည်း အရည်အချင်း အထိုက်အလျောက်ရှိမှ လယ်မှာပေါ့၊ သူ့အဖေကြီးပွား နေတုန်းကတော့ ဘီအေ တွေ၊ ဘီအက်စီ အင်ဂျင်နီယာတွေကို လခ လေးငါးရှစ်ရာအထိ ပေးပြီး ခိုင်းလာခဲ့တာ၊ ပညာကို သူ့အဖေ့ ဂုဏ်လောက် အထင်မကြီးခဲ့ဘူးလေ။ လက်ဖျားမှာ ငွေသီးနေယင် ပြီး တာပဲလို့ ထင်ခဲ့မှာပေါ့''

''သူ့အမေ မယဉ်လှကလဲ ယော်ဂုဏ် လှဂုဏ်ကြောင့် တုတု ပပ မော်ခော် ကြွားကြွားနှင့် ပျော်ပျော်ပါးပါးနေခဲ့တာ မဟုတ်လား''

''အေး....လင် သေ သွား တော့ ဆင်သေကို စားလာတဲ့ ကျီ လို ဒုက္ခ ရောက်ကုန် တာပေါ့''

ဦးမျိုး ထွန်း၏ စကားကို ဒေါ်နွဲ့နွဲ့က နား မလည်လိုက်ပါ။

''ဘယ်သို့....ဘယ်လို''

ဦးမျိုးထွန်းက သူ့မိန်းမ မျက်နှာကို အား မလို အားမရကြည့်၍....

''မင်း သဘောပေါက်အောင် ချဲ့ချဲ့ထွင်ထွင် တန်ဆာဆင် ပြောမှ ဖြစ်တော့မယ်''ဟု ဆိုကာ လိမ္မော်ရည်ကို ယူသောက်လိုက်သည်။ ဒေါ်နွဲ့နွဲ့က နဝေ တိမ်တောင်နှင့် သူ့ ခင်ပွန်းသည်ကို ကြည့်နေသည်။

''ရှေးရှေးတုန်းက ဟိမဝန္တာတောင်ခြေမှာ ကြောက်မက်ဖွယ်ရာ လေကြီး မိုးကြီး ကျသတဲ့၊ မိုးသက် မုန် တိုင်း ကြောင့် သစ် ပင် ကြီးငယ်တို့ အမြစ်က ကျွတ်ပြီးလဲကျရတယ်။ တချို့သစ်ပင်တွေကျတော့လည်း အပိုင်းပိုင်း အပြတ်ပြတ် ကျိုးပြီးတော့ လေမိုးနှင့်အတူ လွင့်ကုန်ကြတယ်။

ရေအဟုန်ကြောင့် သောင်ကမ်း ပါး များ ပြိုကျကုန်တယ်၊ တောင်ကျ ချောင်းရေများက အရှိန်အဟုန်နှင့် တိုက်ခတ်ဖြတ်သန်းစီးဆင်းကုန်ကြတယ်။ တောနေသတ္တဝါများဖြစ်ကြတဲ့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ သတ္တဝါမျိုးစုံဟာ ပြေးယင်းလွှားယင်း ထိခိုက် ဒဏ်ရာရ၍ သေ လှည်း ကောင်း၊ ရေ နစ် မွန်း ၍ သေ လည်း ကောင်း အများအပြား သေဆုံးကြရတယ်၊ ထို သားသေကောင်များဟာ ဂင်္ဂါမြစ်ထဲသို့မျောပါလာကြတယ်၊ သိမ်းငှက် ကျီ ငှက်တို့က ထိုအသေကောင်များပေါ်မှာ နားပြီး အားရ ပါးရ ထိုး ဆိတ်စားသောက်ကြတယ်။

သတ္တဝါမျိုးစုံအနက် ကြီးမားလှတဲ့ ဆင်ကြီး တကောင်လည်း မျောပါလာတယ်။ ဆင်သေပေါ် လာနားတဲ့ကျီးက....

''ဟန်ကျလိုက်တာ၊ ငါ့ တသက်မှာ အစာအတွက် ပင်ပင်ပန်းပန်း ရှာဖွေနေရတော့ဘူး။ သူ့အသားတွေက ငါသေတောင် စားလို့ကုန်မှာ မဟုတ်ဘူး''

အဲဒီလို အားရကျေနပ်ပြီး ဆင်ရဲ့အသားကို စားလိုက်၊ ဂင်္ဂါရေကို သောက်လိုက်၊ ညအိပ်

ချိန်တန်တော့လည်း တရွေ့ရွေ့ မျောနေတဲ့ ဆင်သေကောင်ပေါ်မှာပဲ အိပ်လိုက်၊ မနက်မိုးလင်းတော့ ဆင်သားကို စားလိုက်၊ သူ့ ဟာ သူ ကြီးစွာသောစည်းစိမ်ကြီးတခုလို အောက်မေ့နေတယ်၊ တချို့ငှက်တွေ ကမ်းဘက်ကို ပျံထွက်သွားကြတာ တွေ့တော့....

"မိုက်လိုက်တဲ့အကောင်တွေ၊ ရနေတဲ့လာဘ်လာဘကို ပြည့်ပြည့်ဝဝမခံစားတတ်ကြဘူး"ဟု သူက အပြစ်တင်လိုက်သေးတယ်။

ဒီလိုနဲ့ ဆင်သေပေါ်က ကျီးကတော့ ကမ်းကို ပျံဖို့စိတ်မကူးပဲ နေ့စဉ်ရက်ဆက် ဆင်သားကို စားလိုက်၊ ဂင်္ဂါရေကို သောက် လိုက် နဲ့ ရေစီးအတိုင်း လိုက်ပါလာခဲ့တယ်။

ဆင်ဆိုတဲ့ သတ္တဝါမျိုးကလည်း ကုန်းနေတိရစ္ဆာန်ထဲမှာ အကြီးဆုံးမဟုတ်လား၊ နေ့စဉ်ရက်ဆက် စားလို့လည်း မကုန်နိုင်ဘူး။ သူ့ခန္ဓာကိုယ် အတ္တဘောကြီးကလည်း တော်တော်နဲ့ မပြုပ်နိုင်ဘူး။ အသားတွေကသာ ပုပ်ပုပ်လာတယ်။ အဲဒီလို ပုပ်လာတဲ့အသားကို လွယ်လွယ်ကူကူ ဖဲ့ရွဲ့စားသောက်နိုင်တဲ့အတွက် သက်သာခယ်လို့တောင် ကျီးမိုက်ကထင်လိုက်သေးတယ်၊ အခြားအခြားသော ကျီးများက ဆင်ပေါ် ကိုလာနားမယ်ဆိုယင်တောင် သူက မလိုတမာသဘောကသဘာနဲ့ ခြိမ်းခြောက်ရန်ပြုလိုက်သေးတယ်။

ဂင်္ဂါမြစ်ရေကလည်း တရွေ့ရွေ့တသွင်သွင်နှင့် နေ့ရောညပါ စီးနေတယ်၊ တခါတရံ ကမ်းနားဘက်ကို ကပ်သွားလိုက်၊ တခါတရံ မြစ်လယ်ဘက်ကို ရောက်သာလိုက်၊ တခါတရံ ကျောက်စွန်း ကျောက်ဆောင်နဲ့ တိုက်လိုက်၊ တခါတရံ ဆီးတိမ်သောင်နဲ့ ငြိသိုက်၊ တခါတရံတော့လည်း ဝဲဩဃထဲမှာ တပတ်နှစ်ပတ် လည်လိုက်၊ ဒါပေမယ့် ကိုရွှေကျီ ကတော့ ဆင်သေထက်ကပျံထွက်မသွားပါဘူး။

ကျင်ကြီးစွန့်ဘာတောင် ဆင်သေထက်မှာပဲ စွန့်ချလိုက်တယ်။ ဆင်သေကောင်ကြီးဟာလည်း ကြီးမားလွန်းတော့ စားလို့လည်း မကုန်နိုင်သေးဘူး၊ ရေအောက်ကိုလည်း နစ်မြုပ်မသွားနိုင်သေးဘူး၊ အဲဒီလိုနဲ့ပဲ ဂင်္ဂါမြစ် ရေ စီး ဟာ သမုဒ္ဒရာပင်လယ်ဝနားသို့ ရောက် လာ တယ်၊ သစ်ပင်တောတောင် ကမ်းခြေတို့နဲ့ ဝေးကွာစပြုခဲ့ပါပြီ၊ ဒါကို ကျီးက မြင်ပေမယ့်လည်း အမှုမထားပါဘူး။

ဒီအသားတုံးကြီးကို ပစ်ထားခဲ့ရမှာ နှမြောပါတယ်၊ တောတောင်ကမ်းနားမှာ ဘယ်လိုမှ မရနိုင်ဘဲ့အခွင့်အရေးကို ငါလက်မလွှတ်နိုင်သေးပါဘူး၊ ကမ်းခြေကို မြင်နေရသေးသားပဲ။ ဆင်သားကို စားပြီး အားမာန်ကြီးနေတဲ့ ငါ့အတောင်နှစ်ဘက်နဲ့ ထပျံလျှင် အချိန်မရွေးရောက်နိုင်တယ်၊နောက်ဆုံး ခုတည စားသောက်ပြီ၊ မနက်မိုးလင်းမှ သွားတန် သွားရတာပေါ့။

အဲ့ဒီလိုနဲ့ ဆင်သေပေါ်မှာ တညအိပ်လိုက်ပြန်တယ်၊ ဂင်္ဂါမြစ်ရေကြောင်းဟာ သမုဒ္ဒရာထဲရောက်လာတယ်၊ ကျီးမိုက်စီးလိုက်လာတဲ့ ဆင်သေကောင်ဟာ ဂင်္ဂါမြစ်ရေကြောင်းမှာမျောပါလာသလို တငြိမ့်ငြိမ့် တရွေ့ရွေ့မဟုတ်တော့ပဲ ပင် လယ် ၏ ဒီရေလှိုင်းလုံးကြီးများက အရှိန်အဟုန်ပြင်းစွာနဲ့သမုဒ္ဒရာအလယ်ကောင်ကို သယ်ဆောင်သွားကြတယ်။

မနက်မိုးလင်းလို့ ကြည့်လိုက်တော့ ကမ်းစပ်ကို မမြင်ရတော့ဘူး၊ အရပ်လေးမျက်နှာစလုံး တဝုန်းဝုန်းထကြွနေတဲ့ ရေထုကြီးကိုသာ တွေ့ရတော့တယ်၊ အဲဒီအခါမှ ကျီး မိုက် က တုန်လှုပ်ထိတ်လန့်ပြီး ပျံမိပျံရာ ကုန်းကို ရှာတယ်၊ အားကောင်သရောင်းသည်အထိ လှည့်ပတ်ပျံကြည့်သော်လည်း ဘယ်မှာမှမတွေ့မြင်ရလို့ ဆင်သေကောင်ကြီးဆီ ပြန်ခဲ့ရတယ်၊ ယခုအခါမှာတော့ ကျီး အတွက် ပေါ်သောမျောနေ

သေးတဲ့ ဆင်သေကောင်တခုသာ အားကိုးစရာ ရှိတော့တယ်၊ ဒါပေမယ့် သူမှီခိုရာ ဆင်သေကောင်ဟာ ကြာကြာ မ နေ နိုင် တော့ ပါ ဘူး၊ အသားတွေ ပုပ်ရိဒဆွးမြည့်ကုန်ပြီ၊ လှိုင်းလုံးတွေက ဖျက် ဆီး နှစ် မြှုပ် ကုန် ပြီ၊ နောက်ဆုံး ထိုးထိုးထောင်ထောင်ကျန်နေတဲ့ အရိုးငေါငေါကြီးတွေပါ စုံးစုံးနစ်မြုပ်သွားတော့တယ်၊ ကျီးမိုက်လည်း တ အာ အာ အော် ယင်း ပျံရာက အတောင်ညောင်းပြီး သူစီးလာခဲ့ရာ ဆင်သေကြီးနောက်ကို ပင်လယ်အောက်အထိ လိုက်သွားရတော့တယ်။

ဦးမျိုးထွန်းက ဆက်တိုက်ပြောရ၍ မောလာသည်နှင့် လိမ္မော်ရည်တကျိုက် သောက်လိုက်သည်။ ဒေါ်နွဲ့နွဲ့က အကုန်ဖွင့်ပြောမှ နည်းနည်းရိပ်မိလာသလို သူ့ခင်ပွန်းသည်၏ မျက်နှာကို ကြည့်နေမိသည်။ ဦးမျိုးထွန်းက သူ့လိမ္မော်ရည်ဖန်ခွက်ကို ချ၍ သူ့စကားကို ပြန်စသည်။

“အဲဒီဇာတ်ကြောင်းကို မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာမှာ အခုလိုရေးတော်မူထားတယ်”

“ကျီးနက်မိုက်ခေါင်၊ ဆင်သေကောင်ဝယ်၊ သောင်ကိုမလှမ်း၊ ကမ်းကိုမတက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက် လေ ပါ က၊ သမုဒ္ဒရာ ရောက်ဆိုက်၊ လှိုင်းဝဲရိုက်၍၊ ရေ၌မွန်းနစ်၊ ငါးစာဖြစ်သို့၊ စင်စစ်မှတ်ဆောင်၊ လူတို့ဘောင်တွင်၊ အိမ်ထောင်ဝဲထဲ၊ သေအောင်စွဲ၍၊ အမြဲနေငြား၊ သားမယားနှင့်၊ ခစားကာမ၊ ထိုလူမျက်၊ ကာက ပညာ၊ ကျီ မ နာဟု၊ မဟာဝိသုဒ် မြတ်သမ္ဗုဒ်တို့၊ ဟု ရှု့နူဘ်လှစ်ခြွေ၊ ဟောခဲ့ပေ၏။”

ဒေါ်နွဲ့နွဲ့က သူ့ လင်တော်မောင်ကို ချစ်ကြည်ညိုစွာ ကြည့်ယင်း တောင်းပန်လိုက်သည်။

“အဲ့ဒီလင်္ကာသဘောကို ရှင်းပြပါဦး”

“လောကမှာ လူတွေ၊ နတ်တွေဟာ ကံအားလျော်စွာရလာတဲ့ ကာမဂုဏ် စည်းစိမ်ချမ်းသာတွေကို စုံမက်ခံစားပြီး ကျီးမိုက်လိုနေခဲ့ကြတယ်။ သံသရာစဉ်က ထွက်လွတ် ကူးမြောက် ဖို့တော့ သတိမရှိကြဘူး။ သတိရလဲ့ လောကုတ္တရာအလုပ်ကို မလုပ်ကြဘူး၊ ဆင်သေမြုပ်သလို ကိုယ်လဲ မြုပ်ရမှာကိုပြောတာ”

‘ဒါဖြင့် ဒီဝတ္ထုက လောကုတ္တရာ အတွက် ဘုရားဟောတာဖြစ်မှာပေါ့နော်”

“ဘုရား ဟောသမျှ တရားတွေဟာ လောကုတ္တရာအတွက်ဖြစ်ပေမယ့် လောကီအတွက်လဲ အကျိုး ရှိရာရှိကြောင်း ဆုံးမတော်မူ တာ ဖြစ်တယ်၊ ‘သဗ္ဗလောကဟိတတ္ထာယ’ ဆိုတဲ့အတိုင်း ပစ္စုပ္ပန်သံသရာအကျိုးရှိတာချည်းပဲ၊ အခုပဲကြည့်လေ.... မ ယဉ် လှ တို့ မိုး ဇော် တို့ သား အမိ၊ ကိုခင်ဇော် ကြီးပွားတုန်းက ဂုဏ်အရှိန်အဝါ ပစ္စည်းတွေဟာ တသက်လုံး စားမကုန်ဘူး လို့ ထင်ခဲ့ကြတယ်။ ကိုခင်ဇော်စီးပွားပျက်ပြီး လူမမာကြီး ဖြစ်နေတဲ့အထိ အသုံးအစားလဲမလျော့ကြဘူး။ ငွေကြေး စုဆောင်းပြီးသားလဲ မရှိကြဘူး။ ပက်ကနဲ သေ သွား တော့ ‘လက်သတ်ကိုယ်ကျွတ်’ ဆင်သေကြီး မြုပ်သွားသလို ကိုးကွယ်ရာ မရှိကြတော့ဘူး မဟုတ်လား”

ဦးမျိုးထွန်းက မာဇဒါကားကလေးနှင့် ပြန်လာသော သား မောင်ဉာဏ်ထွန်းကို မြင်၍ဖြင့် စကားရပ်လိုက်သည်။

မောင်ဉာဏ်ထွန်းက ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ဧည့်ခန်းထဲသို့ဝင်လာပြီး “ဟော.... ဖေဖေတောင် ပြန်ရောက်နေပြီ” ဟု ပြောယင်း မိခင်နားသို့ကပ်ထိုင်ချကာ—

“မေမေပေးလိုက်တာမလောက်ဘူးခင်ဗျာ” ဟု ကနွဲ့ကလျပြောလိုက်သည်။

ဒေါ်နွဲ့နွဲ့က ဦးမျိုးထွန်းအား လှစ်ကနဲကြည့်လိုက်၍ သား၏စကားကို မသိကျိုးကျွန်ပြုကာ "အင်း...မယဉ်သူတို့ သားအမိကြောင့်လဲ စိတ်ညစ်ပါတယ်"ဟု ညည်းညည်းညူညူဦးမျိုး ထွန်း၏စကားဆက်ကို သံယောင်ဖြည့်စွက်လိုက်သည်။

ဦးမျိုး ထွန်းကတော့ သူတို့ သားအမိကိုကြည့်၍ ဆရာ.နိဂုံးအဆုံ.သတ်လိုက်သည်ကား–

"မြတ်စွာဘုရားရဲ့ တရားတော် ဆိုတာ လူတိုင်းလူတိုင်းနဲ့ ဆိုင်တယ်ခင်ဗျာ၊ မယဉ်လှတို့ သားအမိအတွက်သာ မဟုတ်ဘူး။ ငါနဲ့လဲ သက်ဆိုင်တယ်။ မင်းတို့သားအမိနဲ့လဲ သက်ဆိုင်တယ်။ အဲဒါကို သတိထား၊ ဆင်သေပေါ် နားတဲ့ကျီး မဖြစ်စေနဲ့"

* *



# မိချစ်ဘချစ်

"မိကမေတ္တာတရားကို ဆရာဟောခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ ထင်ပါတယ်"

"ဟုတ်ကဲ့ နှစ်ပေါင်း - အစိတ် သုံးဆယ်လောက် ရှိပြီထင်ပါတယ်"

"မိဘမေတ္တာ ဆိုပေမယ့် ဆရာအထူးပြုပြီး ဟောကြားခဲ့တာ 'မိခင်မေတ္တာ'သာ ဟောနေတာ တွေ့ရ ကြားရပါတယ်၊ ဖခင်မေတ္တာကိုတော့ မဟောသေးဘူးနော်၊ ဖခင်မေတ္တာတရားကိုလဲ ဟောပေးပါဦးလား"

"ဟုတ်ကဲ့ 'မိခင်မေတ္တာ'ကို ဟောပြီးသည့်နောက်တော့ 'ဖခင်မေတ္တာ'ကို ဟောပါ့မယ်၊ ဒါပေမယ့် 'မိခင်မေတ္တာက' ဟောလို့ ပြောလို့ ကျွန်တော့်တသက်မှာ ကုန်နိုင်မယ် မထင်မိပါဘူး"

"ဆရာဆိုလိုတာက မိခင်မေတ္တာက ဖခင်မေတ္တာထက် အဘိုးအဆမရှိ ပိုသွန်တယ်လို့ ပြောတာပေါ့နော်"

"ဂုဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မယ်တော်ဟောင်း ဖြစ်တော်မူခဲ့သည့်သန္တုသိတနတ်သားကို ကျေးဇူးပြုသောအားဖြင့် တာဝတိံသာနတ်ပြည်ကို ကြွပြီး၊ အဘိဓမ္မာတရားကို ဟောကြား ချီးမြှင့်တော်မူပါတယ်"

'ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက, ကပိလ ရွှေနန်းတော်မှာပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ချမ်းသာရပြီး ပရိနိဗ္ဗာန် စံဝင်တော်မူပါတယ်၊ ဒါကို-ဗုဒ္ဓသခင်က ကျေးဇူးဆပ်သော တရား ဟောကြားချီးမြှင့်တော်မူသည်ဟု ယူဆနိုင်ဖွယ်ဖြစ်ပါတယ်"

"ဟုတ်ကဲ့-ယူဆနိုင်ပါတယ်၊ သို့ပေမယ့် မြတ်စွာဘုရား၏ သုတ္တန် တရားတော်မှာတော့ မိခင်၏ မေတ္တာကို ဇာတ်တော် များများမှာ ဟောကြားတော် မူခဲ့ပါတယ်၊ ဥပမာ 'မေတ္တသုတ်'မှာ 'မာတာ ယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ'လို့ တိုက်ရိုက်သဘော ဥပမာ ပြတော်မူထားပါတယ်၊ အဓိပ္ပာယ်က 'သတ္တဝါအပေါင်းကို မေတ္တာစိတ် ထားရာမှာ မိခင်တဦးက သားငယ်တဦး အား ထားရှိတဲ့ မေတ္တာ စိတ်မျိုး ဖြစ်စေရမယ်လို့ ဆိုပါတယ်"

'မိခင်၏မေတ္တာက ဖခင်မေတ္တာထက် ပိုမိုတယ်ဆိုတဲ့ သဘောလား"

"ဒီနေရာမှာမိခင်များကလဲ၊ကိုယ့်ရင်သွေးကို ကိုယ်ချစ်ကြပါတယ်၊ ဖခင်များကလဲ ကိုယ့်သားကို ကိုယ်ချစ်ကြပါတယ်၊ မိခင်က ကိုယ်ဝန်ဆောင်ပြီး မွေးဖွားရသလို ဖခင်ကလည်း ဘေးအန္တရာယ်ကင်းစွာ ကိုယ်ဝန်ဆောင်ယူ မွေးဖွားနိုင်ဖို့အတွက် မိခင်အား စောင့်ရှောက်ပေးရပါတယ်၊ ဒီတော့ နှစ်ဦးနှစ်ဘက် ကိုယ့်စိတ်နှင့် ကိုယ် လက်ခံယုံကြည်ပြိုင် ပြောဆို နေကြရသည်ထက် တကိုယ်တည်း၊ တစိတ်တည်း တွေ့ကြုံခဲ့ရတဲ့ အဖြစ်ဆန်းစာနုပ်ကို ဆွေး နွေး ကြ လျှင် မကောင်းပေဘူးလား"

"ပိုပြီး ကောင်းတာပေါ့၊ ပြောပါဦး"

"မြတ်စွာဘုရားလက်ထက်တော်က သောရေယျမြို့သား သဋ္ဌေးသား၏ အကြောင်းကို ပြောကြရအောင်၊ ထိုသဋ္ဌေးသားမှာ အလွန်လှပသော မယားနှင့် သားနှစ်ယောက် ရှိပါတယ်၊ သို့ပေမယ့် သဋ္ဌေးသားက ကာမဂုဏ်တရားကို အတိုင်းအဆမရှိ၊ ခံမင်လိုက်စားပုံရပါတယ်၊ တနေ့တော့ သူ့ သူငယ်ချင်းတယောက်နှင့် အခြံအရံများပါ လှည်းယာဉ်စီးပြီး မြို့တွင်းမှထွက်၍ မြို့အပြင် ရေကန်သို့ ရေချိုးပျော်မြူးကြရန် လာခဲ့တယ်၊ အဲသည့်အခါမှာ အရှင်မဟာကစ္စည်းရဟန္တာထေရ်ကိုတွေ့တယ်"

"အရှင်မဟာကစ္စည်းဟာ ရုပ်ရည်လှပသည့်အတွက် ဘေဒင် ရတော်မူတယ် မဟုတ်လား"

"ရုပ်ရည်လှပသည့်အတွက် ဘေဒင် ရတော်မူတာ မဟုတ်ပါဘူး၊တရားဒေသနာဟောတော်မူရာမှာ အကျဉ်းကို အကျယ်ချဲ့၍ ဟောခြင်းအရာ၌ ဘေဒင် ရတော်မူခဲ့တာ ဖြစ်ပါတယ်၊ သို့သော်လဲ ရုပ်ရည်အဆင်း ရွှေကဲ့သို့ ဝင်းဝါ သပ္ပာယ်တော်မူခြင်းကြောင့် အလွန်ထင်ရှားပါတယ်၊ ရူပအစိန္တေယျ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ပြီးသည့်နောက် ယသော်ဓရာ-ဗိမ္ဗာဒေဝီက ရွှေလိုဝင်းဝါသော အသားအရည်နှင့် အလွန်လှပပါတယ်၊ ထိုယသော်ဓရာမိဖုရားပြီးသည့်နောက်ယခုအရှင်မဟာကစ္စည်းက ဒုတိယလိုက်တယ်လို့ဆိုပါတယ်၊ ဒါကဆရာသမားများ၏စကားစဉ်ပါ၊ ကျမ်းကိုး-ကျမ်းကားတော့မပြနိုင်ပါဘူး"

"ဗဟုသုတအဖြစ် မှတ်သားရတာပေါ့၊ ဆက်သာပြောပါ"

"သောရေယျ သဋ္ဌေးသားဟာ မြို့တွင်းသို့ဆွမ်းခံဝင်အံ့သောငှာ သင်္ကန်းရုံတော်မူနေတဲ့ ရဟန္တာအရှင်ကို မြင်လိုက်ရပါတယ်၊ ရဟန်းတော်များ သင်္ကန်းရုံတော်မူသည့်အခါ အဝန်းညီစွာရှိအောင် ချိုင်းတွင် ကျစ်လျစ် သေချာညှပ်နိုင်ရအောင် ကိုယ်ရုံကေစီ(ကေသီ)ကို လိပ်ရပါတယ်၊ အဲသည်အခိုက်အတန့်မှာ ကိုယ်တော်၏ လက်မောင်း လည်ပင်း၊ ရင်ညွှန့်တို့ကိုမြင်နိုင်ပါတယ်၊ သဋ္ဌေးသားဟာ စောစောက ပြောခဲ့တဲ့အတိုင်း ကာမဖောက်ပြန်ရေးသမားဆိုတော့ ပြည့်ပြည့်ဖြိုးဖြိုးရွှေလိုဝင်းနေတဲ့အသားအရည်အရောင်အဆင်းကို ဖောက်ပြန်တဲ့ ကာမဂုဏ်စိတ်ဖြင့် ပြစ်မှားလိုက်မိတယ်"

"ဘယ်လိုပြစ်မှားပုံမျိုးလဲ"

"လှလိုက်တဲ့ ကိုယ်တော်နှယ်၊ လူမိန်းမပျိုသာဖြစ်လျှင် ငါ့မယားရ ရအောင် ယူပါရဲ့၊အင်း.... ငါ့အိမ်က မိန်းမမှာ ဒီအသားအရေမျိုးရှိလျှင် ဘယ်လောက်ကောင်းလိုက်မလဲ-စသည် စသည်ဖြင့် အလိုရမ္မက်ကြီးစွာဖြင့် ပြစ်မှားလိုက်တာပေါ့"

"အင်း....ယခုခေတ် စိတ်ပညာကျမ်းများမှာလဲ ကာမဖောက်ပြန်သူများ၏စိတ်မှာ အရွယ်နှင့်ရုပ်ရည်ကို အပ်မက်လွန်းလျှင် ယောကျ်ား မိန်းမ မရွေး ပြစ်မှားဖောက်ပြန်တတ်တယ်လို့ ဆိုပါတယ်၊ အဲသည့် သဋ္ဌေးသားအကြောင်း ဆက်ပြောပါဦး"

"ဘုရား ပစ္စေက ဗုဒ္ဓါနှင့်ရဟန္တာ ထေရိတို့ကို ပြစ်မှားလျှင် ဘဝခြား အပြစ်ကြီးစွာ ခံရတတ်ပါတယ်၊ ဘုရား လက်ထက်တော်မှာပဲ ရှင်ဥပ္ပလဝဏ်ရဟန္တာထေရီကို သူ့မောင် ဝမ်းကွဲက ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားလိုက်တဲ့အတွက် ချက်ချင်း မြေမျိုခံရတယ်လေ၊ ဒါကို ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ ကြားဖူး ဖတ်ဖူးပါတယ်"

"သောရေယျသဌေးသားမှာတော့ အလွန်ပူလောင်သော ရာဂစိတ်နှင့်တကွ ကြီးမားတဲ့ မနောကံအကုသိုလ်ကြောင့် ချက်ချင်းပဲ တကိုယ်လုံး ဖြိုးဖြိုးဖျစ်ဖျစ်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းမှန်သမျှကို ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလဲသွားရတယ်၊ ဇာတ်ပွဲများမှာ ကပြကြတာတော့ 'မောင်မစ္စက'လို့ ခေါ်ကြတယ်လေ၊ ရေကန်ထဲဆင်းပြီး ရေချိုးရာကတက်လဲလာရော၊ မိန်းမဖြစ်လာတယ်၊ ဒါက ယောကျ်ားအဝတ်အစားမှ မိန်းမအဝတ်အစား ပြောင်းလဲနိုင်အောင် လုပ်ရတာနှင့် တူပါရဲ့၊ တကယ်ကတော့ ယောကျ်ားအဝတ်အစားနှင့်ပင် မိန်းမဖြစ်သွားပါလိမ့်မယ်"

"ဒီလိုမှလဲ သဘာဝကျမှာပေါ့၊ ဆက်ပါဦး"

"အဲသည်တော့ ရုတ်တရက်ချက်ချင်း မိန်းမဘဝပြောင်းသွားတဲ့ သောရေယျအဖို့ ရှက်လဲရှက်၊ ကြောက်လဲ ကြောက်၊ ဝမ်းနည်းတုန်လှုပ်ပြီးတော့ သူ့သူငယ်ချင်း သဌေးသားနှင့် ပြန်မသိုက်ဝံ့တော့ဘူး၊ ရှိုက်ဖို့ကြီးငယ် အသွယ်သွယ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းက ဖုံးမရ ဖိမရ ပြောင်းလဲနေကြပြီလေ၊ ဒီတော့ သူငယ်ချင်းမမြင်အောင် ချုံထဲဝင်ပြီး ပုန်းနေရတယ်၊ ပြန်ချိန်တန်သို့ သောရေယျရောက်မလာတဲ့အခါ သူငယ်ချင်းနှင့် အပေါင်းအသင်းတွေက ရှာကြတယ်၊ အသံကုန် ဟစ်အော်၍ ခေါ်ကြတယ်၊ သောရေယျကတော့ လုံသည်ထက် လုံအောင် ချုံထဲမှာ ပုန်းနေရတယ်"

"သနားစရာ ဝမ်းနည်းစရာပဲ၊ ရုပ်ရှင်များ ရိုက်ပြနိုင်လျှင် သည်နေရာမှာ လွမ်းခန်းကောင်းကောင်းဖြစ်မှာပဲနော်"

"ဖြစ်နိုင်ပါလိမ့်မယ်၊ ရှာလို့ ဖွေလို့ မရတဲ့နောက်ဆုံး-ရေကန်ထဲမှာရေနစ်ပြီးသေပြီထင်လို့ လက်လျှော့၍ လူည်းတွေ မောင်းပြန်သွားကြတဲ့အခါ သောရေယျမှာ ချုံထဲမှကြည့်နေလျက် မျက်ရည်ကျနေမှာက ပိုပြီးထိခိုက်စရာကောင်းပါလိမ့်မယ်၊ ဘဝခြားပဲ ကိုယ့်သားကိုယ့်မယားနဲ့ ကွဲရမှာမဟုတ်လား"

"သေကွဲ ကွဲရတာက ကျန်ရစ်သူသာ ပူရဆွေးရတယ်၊ ချစ်လျက်နှင့် ရှင်ကွဲ ကွဲရတာက နှစ်ဦးနှစ်ဘက် အသည်းပို၍နာကြရတာ မဓမ္မတာပါပဲ၊ ကဲ....ရှေ့ကိုဆက်ပါဦး"

"သောရေယျအဖို့မှာ သည်ဘဝသည်ဇာတ်မှာ အထိးကျန် ဖြစ်နေလေတော့ သောရေယျမြို့မှ ဝေးရာ တပြည်တရွာကို သွားရတော့မှာပေါ့၊ ဒီသို့နဲ့ တက္ကသိုလ်ပြည်ကို သွားရာလမ်းသို့ ရောက်လာတယ်၊ သောရေယျဟာ နဂိုကသဌေးသားနုနုနယ်နယ် စည်းစိမ်ခံလူတန်းစား၊ ရုပ်ကလဲ ခပ်ချောချောဆိုတော့ မိန်းမသားတယောက်အဖြစ်နှင့်လဲ ခန့်ခန့်ကြီးသိမ်မွေ့လှပနေပါတယ်၊ ယောကျ်ား အဝတ်အစားအောက်က မိန်းမလှသွင်ပြင်မှာ ထင်ရှား ပေါ်လွင် နေတယ်လေ၊ ခရီးကြုံတဲ့ ကုန်သည်လှည်းတစုနှင့်တွေ့သော်လဲ ရုတ်တရက်ဘော့ကိုယ့်လိပ်ပြာကိုယ်မလုံလို့လှည်းပေါ် တက်မလိုက်ဝံ့ပါဘူး၊ ကုန်သည် များက ဖိတ်ခေါ်ကြသည့်တိုင် အကြောင်းရှာ၍ငြင်းပြီး လှည်းများ နောက်မှသာ မျက်ခြည်မပြတ် ခြေကျင်သိုက်လာခဲ့ရရှာတယ်၊ သို့ပေမယ့် ကြာရှည်မတတ်နိုင်တော့လို့ လှည်းပေါ် တက်လိုက်ခဲ့ရတယ်"

''ကုန်သည် လှည်းသမားများက မိန်းမဖြစ် ကြောင်း ရိပ်မိကြမှာပေါ့နော်''

''ရိပ်မိကြရုံ မကဘူး၊ သူတို့ရဲ့ အလုပ်ရှင် သူကြွယ် လူပျိုကြီးနှင့် စေ့စပ်ပေးစားဖို့တောင် အချင်းချင်း တိုင်ပင်လာခဲ့ကြသတဲ့၊ ဒီလိုနဲ့ တက္က သီလမြို့ကိုရောက်တော့ သူကြွယ်အိမ်ကို တည်း ခိုဖို့ ခေါ်သွားကြတယ်၊ တကယ်တော့ သော ရေယျအနေနဲ့ မိန်းမသားဖြစ်နေလို့ အခြားကို သွားဖို့ လာဖို့ တည်းခိုဖို့က မရှိဘူး မဟုတ်လား၊ ထိုဘွင်မက စားဝတ်နေရေးကလဲ ရှိသေးတယ် လေ၊ နောက်တခုက သောရေယျမှာ ကာမဂုဏ် တရားကိုခံစားခဲ့တဲ့ ဝါသနာ ဝသီဘော်ဇ ပါ လာခဲ့တာမို့ သူကြွယ်က ချဉ်းကပ်တောင်းပန် တာကို လက်ခံပြီး အကြင်လင်မယား ဖြစ်သွား ကြတယ်''

'အင်း....ရုပ်ပြောင်းသော်လဲနာမ်က မပြောင်း တဲ့သဘော၊ အခင်ကိုခုတ်သော်လဲ အငုတ် က အညွှန့်ပြန်ပေါက်တယ် ဆိုတဲ့ ဓမ္မပဒဥပမာလိုပဲ ပေါ့လေ''

''ဟုတ်ပါတယ်၊ တိုဒိုပြောရလျှင်သောရေ ယျဟာ မိန်းမ ဘဝနှင့် သား နှစ် ယောက် ရခဲ့ တယ်။

''တကိုယ်တည်းနှင့် အဖြစ်နှစ်ဖြစ်ဖြစ်ခဲ့ရ တော့ ကိုယ်ဝန်ဆောင်ပြီး သားဖွားရတဲ့ မိန်းမ တို့၏ အာဝေဏိက ဒုက္ခ ခံရတော့တာပေါ့၊ ဒီလို အဖြစ်မျိုးဟာ ယခု သိပ္ပံခေတ်ကြီးမှာ ယုတ္တိ မရှိ ပါဘူးလို့ မငြင်းနိုင်ကြတော့ဘူးလေ၊ အနောက် နိုင်ငံများမှာ မကြာမကြာ ကြားကြရတယ်။

''ဆေးသိပ္ပံဂဇင်း၊ စိတ်ပညာမဂ္ဂဇင်း တို့မှာ တွေ့ဖူးမှာပေါ့ အဲ....သော ရေ ယျ သူ ကြွယ် ကတော်ဟာ တနေ့တော့ တက္ကသီလမြို့ကို ရောက်လာတဲ့ သောရေယျမြို့မှ သူငယ်ချင်း ဟောင်းကို အမှတ်မထင် တွေ့လိုက် ရ သတဲ့၊ အဲသည်မှာ ယခင်က အလွန် ချစ်ကျွမ်းဝင်ခဲ့တဲ့ သူငယ်ချင်းဟောင်းဆိုတော့ ဝမ်းသာဝမ်းနည်း ဖြစ်မိတယ်၊ ဒီတော့ စကားပြောဆို ဧည့်ခံ ကျွေး မွေး ချင် တာ လဲ တကြောင်း၊ သူ့သား ဟောင်း၊ မယားဟောင်း၊ မိဟောင်း ဖဟောင်း များရဲ့ သတင်းကို ကြားချင်တာလဲတကြောင်းမို့ အိမ်ကိုဖိတ်ခေါ် ပြုစုတယ်လေ'

''သူ့သူငယ်ချင်းဟောင်းက သူ့ကို မမှတ်မိ ဘူးလား''

''လုံးဝ မမှတ်မိပါဘူးတဲ့၊ ဒါကြောင့် ယခင် က မတွေ့ဖူး မကျွမ်းဖူးပါလျက်နဲ့ ဘာကြောင့် အထူးဝတ်ပြု ဧည့်ခံနေပါသလဲလို့ အံ့ဩပြီးမေး တယ်၊ ဒီတော့မှ သောရေယျက မျက်ရည်လည် ရွဲနှင့် သူ့အဖြစ်ကို ပြန်ပြောပြီး ငိုရှာတယ်၊ သူ့ သူငယ်ချင်းမှာလဲ ရင်ထုမနာနှင့် သူ့ကို သား မယား မိဘများနှင့်တကွ နေရာအနှံ့လိုက်ရှာကြ တဲ့အကြောင်း၊ နောက်ဆုံးမှ လက်လျှော့ပြီး ဆွမ်းသွတ်ကြတဲ့အကြောင်း၊ ယခုသားမယားနှင့် မိဘများပါ ကျန်းကျန်းမာမာ ရှိနေတဲ့အကြောင်း ပြောပြီး....

''ဖြစ်မဖြစ်ရလေတယ် သူငယ် ချင်း ရယ်၊ အာသဝေါကင်းကွာသော ရဟန္တာကို ကြံကြီး စည်ရာ ပြစ်မှားမိလို့ ထိုအကုသိုလ်က ဒိဋ္ဌဓမ္မ အကျိုးပေးတာ ခံရတာပေါ့၊ အဲသည့် အခိုက် အခါမှာ ရဟန္တာအရှင်မြတ်ကို တောင်းပန်ဝန်ချ လိုက်လျှင် ဒီလိုအဖြစ်ဆိုးမျိုး ဖြစ်ချင်မှဖြစ်မယ်'' ဟုပြောတဲ့အခါ သောရေယျက....

''ရှုတ် တ ရက် ဆို တော့ အ ရှက် လွန် အကြောက်လွန် တကိုယ်လုံး မွှန်ထူပြီး လူမြင် မခံဝံ့ဖြစ်ခဲ့ရပါတယ်၊ ယခု ဝန်ချတောင်းပန်လျှင် ကော မဖြစ်နိုင်ပေဘူးလား''

''ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ သဗ္ဗ ဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်းအကျိုးငှာ၊ ရှိသေမြတ်နိုး ရှိခိုးကန်တော့ ခြင်းအမှုဟာ ဘယ်အခါမှ နောက်ကျတယ် မရှိ

ပါဘူး၊ အရှင်မဟာကစ္စည်း ရဟန္တာအရှင်လဲ တက္ကသိုလ်မှာ သိဘင်းသုံးလျက်ရှိပါတယ်၊ သူငယ်ချင်းက ဝန်ချတောင်းပန်လိုလျှင် ကျွန်ုပ်တို့ စီစဉ်ပေးပါမယ်''

''သင်ဟာ ကလျာဏမိတ်ဆွေကောင်း ပီသပါပေတယ်၊ သင်နှင့်တွေ့ရတာ စိတ်ပူပင်ဆင်းရဲခြင်းမှ သက်သာစေပါတယ်၊ အရှင်ကောင်း၊ အရှင်မြတ်အား ဝန်ချကန်တော့ရအောင် စီစဉ်ပေးပါ''

သောရေယျဟာ သူငယ်ချင်းနှင့်အတူ လိုက်ပါ၍ အရှင်မဟာကစ္စည်းကို ခြေတော်ဦးခိုက်၍ လှိုက်လှိုက်လှဲလှဲ မိမိအပြစ်ကို ဖွင့်ဟဝန်ချရှိခိုးကန်တော့ရှာတယ်။

ရဟန္တာအရှင်မြတ်က 'သင်၏ အပြစ်ကို ငါ သည်းခံ၏။ ထလော့ အမောင် သောရေယျ'လို့ အမိန့်ရှိလိုက်သည်နှင့်တပြိုင်နက် မိန်းမအဖြစ်နှင့် လာ၍ ကန်တော့သော သောရေယျမှာ ယောကျာ်းဘဝသို့ တဖန်ပြန်၍ ရောက်ရှိသွားတယ်။

အရှင်မဟာကစ္စည်းက ကိလေသာကာမဂုဏ်တို့၏ အပြစ်များကို ဟောကြားတော်မူတယ်၊ ထိုအပြစ်များကို ကိုယ်တွေ့ လက်တွေ့၊ လောလောလတ်လတ်ခံစားခဲ့ရခြင်းကြောင့် သောရေယျဟာ သြတ္တပ္ပသံဝေဂဖြင့် အရှင်မဟာကစ္စည်းအထံတော်မှာပင် ရဟန်းအဖြစ် ခံယူလိုက်ပါတယ်။

''မိန်းမအဖြစ်နှင့် ရခဲ့တဲ့ လင်ယောကျာ်းနှင့်သားကလေးနှစ်ယောက်မှာ သနားစရာပဲနော်''

''သံသရာဝဋ်ဆင်းရဲကို တကယ်ထိတ်လန့်ကြောက်ရွံ့သည့်ပုဂ္ဂိုလ်ဆိုလျှင် ချစ်တာ၊ သနားတာဆက် ဥပေက္ခာစိတ်ထား ရှိနိုင်ပါတယ်''

''ကိုယ်လွတ် ရုန်းထွက်တဲ့သဘောလား''

''ခေါင်းကို မီးလောင်ခံရသော သူသည် အလျှင်အမြန် ထိုမီးကို ငြိမ်းစေလိုတဲ့ သဘော၊ မိမိကိုယ်မှာ စူးဝင်လာသော မြားကို အလျှင်အမြန် နုတ်ပစ်လိုသောသဘောပါ''

''သည်လိုနဲ့သောရေယျမထေရ်ဟာ ရဟန္တာ ဖြစ်သွားရောလား''

''ရဟန္တာ မဖြစ်သေးပါဘူး၊ အဲသည်လို ရဟန္တာမဖြစ်သေးမီကာလမှာ မိခင်၏အချစ်နှင့် ဖခင်၏အချစ် နှိုင်းယှဉ်နိုင်တဲ့အဖြေ ပေါ်လာတာပေါ့''

''ဘယ်လို ပေါ်လာသလဲ''

''အရှင်သောရေယျအဖြစ်က ထူးထူး ဆန်းဆန်းဆိုတော့ တမြို့လုံး လူရေရှင်ပါ ပြောရောဖြစ်နေတာပေါ့၊ လူစုမိလျှင်လဲ သည်အကြောင်းပဲ ပြောကြဆိုကြ၊ ရဟန်းစုမိလျှင်လဲ သည်အကြောင်းပဲ ပြောကြဆိုကြ၊ တချို့များ တကူးတကတောင် လာကြည့်ကြမှာပေါ့၊ အဲသည်မှာ တကျောင်းတည်း အပေါင်း သမဂ္ဂဖြစ်တဲ့ ပုထုဇဉ် ရဟန်းများက ရှာရှာဖွေဖွေ စပ်စုကြတယ်''

''အရှင်ဘုရားမှာ ယောကျာ်းဖခင်အနေနှင့် သားနှစ်ယောက် ရခဲ့တယ်၊ မိန်းမသား မိခင်အဖြစ်နဲ့လဲ သားနှစ်ယောက် ရခဲ့တယ်၊ ဒီတော့ ဘယ်သားများကို ပိုချစ်မိပါသလဲ''လို့ မေးကြတယ်၊ အဲသည်လို မေးတဲ့အခါ အရှင်သောရေယျမထေရ်က....''

''အဲ....အဲ....ဘယ်လိုဖြေသလဲ''

''ဖခင်တယောက်အနေဖြင့် ချစ်တာထက် မိခင်တယောက်အနေဖြင့် ချစ်တဲ့အချစ်က အတိုင်းအဆမရှိ ပိုလွန်းနေပါတယ်တဲ့ဗျား''

''အင်း—ဟုတ်မှာပဲ ဟုတ်မှာပဲ၊ ဖခင်က ကိုယ်ဝန်မဆောင်ရဘူး၊ မမွေးရဘူး၊ နို့ချို မတိုက်ကျွေးရဘူး''

''နို့ချို–ဆိုလို့သတိရမိပါတယ် ခန္ဓာကိုယ်ရဲ့ (၃၂)ကောဋ္ဌာသမှာ သောဟိတ=သွေးလို့သာ ပါတယ်၊ အဲသည့် သွေးဟာ ယောကျာ်းတိုင်း၊


မိန်းမတိုင်းမှာပါရှိတယ်၊ နို့ရည်ကျတော့ မိခင်၏ သွေးမှသာ ပြောင်းလဲ ဖြစ်ပေါ်လာရတယ်၊ မေတ္တာ စေတနာက စေ့ဆော်လို့ ဖြစ်ရတာ ထင်ရှားပါတယ်နော်''

''ဟုတ်ပါတယ်၊ မယုံယင် သားသည်အမေရဲ့ နို့အုံ (ရုပ်ခန္ဓာ)ကို ခွဲကြည့်ပါ၊ နို့ရည်ထက် သွေးစိမ်းရှင်ရှင်သာ တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် သွေးသန္ဓေတည်ရာဖြစ်သော ကိုယ်ဝန်ဆောင် လွယ်ခဲ့သည်ဖြစ်သော၊ မိန်းမူးတွေဝေဖွားရသူဖြစ်သော သွေးစိမ်းရှင်ရှင်မှ ဖြစ်လာသည့် နို့ချိုကို တိုက်ကျွေးရသော မိခင်၏အချစ်သည်သာ ဖခင်နှင့်တကွသော ဆွေရင်းမျိုးရင်းတို့၏ အချစ်မေတ္တာထက် လွန်ကဲပိုမို ပြဟ္မစိုရ်အစစ်ဖြစ်ပါလေသတည်း''

''သာဓု-သာဓု-သာဓု''

''အဲ-နောက်ဆုံးအနေဖြင့် ပြောစရာတော့ ကျန်ပါသေးရဲ့၊ အဲသည့် သောရေယျ မထေရ်ကိုယ်တော်ဟာ ရဟန်း ရှင် လူများက မကြာခဏ လာကြည့်ကြတာ၊ မေးမြန်း ကြ တာ ကို ရှက်စနိုး ဖြစ်ရှာတော့ လူသူကင်းရာ တောတွင်းဝင်ပြီး ဝိပဿနာကျင့်ရတယ်၊ အဲသည့်အကျိုးက မကြာမီအာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သွားပါတယ်၊ ရဟန္တာဖြစ်လျှင် ရှက်ခြင်း၊ ကြောက်ခြင်း၊ စိုးရိမ်ခြင်းတို့မှ ခံနိုင်ရည်ရှိလာပြီဖြစ်သည့်အတွက် ကျောင်းကိုပြန်လာခဲ့တယ်၊ ကျောင်းသို့ ပြန်ရောက်တယ်ဆိုလျှင် မေးမြန်းတဲ့ ပုဂ္ဂိုလ်များက လာကြပြန်တာပဲ။ ''အရှင်ဘုရား ဘယ်သားကို ပိုချစ်ပါသလဲ''ဆိုတဲ့ ပြဿနာပေါ့၊ အဲသည့်အခါမှာတော့ ရဟန္တာအရှင်က ''ငါသည် အစုံဘခုသော ဝတ္ထုအာရုံ၌ ခုံမင်ချစ်ခင်ခြင်းမရှိ''ဟု ဖြေဘော်မူလိုက်တယ်။ အဲသည့်အခါ ပုထုဇဉ်များက အရှင်သောရေယျ ခုတမျိုး၊ ခုဘမျိုး ပြောတယ်လို့စွပ်စွဲကြပြန်တယ်၊ အဲသည်မှာ မြတ်စွာဘုရားထံ ထိုသတင်းရောက်သွားသည့်အတွက် မြတ်စွာဘုရားက....

''ချစ်သားတို့၊ ငါ၏ သားတော် သည် ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် မဂ်ကိုမြင်အပ်သော ကာလမှစ၍ ဝတ္ထုအာရုံ ခုံမင်စွဲလမ်းခြင်း မရှိသည် မှန်ပေ၏''ဟူ ဟောဘော်မူရပါသတဲ့။



# ငါးပါးသီလ



ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများကို ငါးပါးသီလဆိုတာ ဘာလဲလို့ မေးလျှင်....

'သည်လောက်ဟာကလေးကို မေးရသလား' လို့ မကျေမနပ်နှင့် ပြန်ပြောကြပါလိမ့်မယ်။

ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ ငါးပါးသီလကို ငယ်စဉ်ကတည်းက ကြားဖူးနားဝဖြစ်ခဲ့ပါဘယ်၊အလှူကောင်းမှုတခုခုကို လုပ်လို့၊သံဃာတော်များကိုပင့်ဖိတ်လှူဒါန်းလျှင်၊ သံဃာတော်များက တရားအနုမောဒနာ ရေစက်ချပေးဖို့၊ ငါးပါးသီလကို ဦးစွာချပေးပါတယ်၊ လူများက လိုက်ဆိုရပါတယ်၊ နောက်ဆုံးမှာ ၁-သူတပါးအသက်ကို မသတ်ရဘူး၊ ၂-သူများဥစ္စာကိုမခိုးရဘူး၊ ၃-သူ့ဘမ ါးသားမယားကို မကျူးလွန်ရဘူး၊ ၄-လိမ်သည်၍ မပြောရဘူး၊ ၅-သေရည်အရက်ကို မသောက်ရဘူး၊ ဒါလောက်ပဲသိထားကြလိမ့်မယ်။

·ငါးပါးသီလကို ရဟန်းသံဃာများထံ ခံယူဆောက်တည်တဲ့အခါ ကျွန်တော်တို့က ဘာတွေဆိုသလဲလို့ မြန်မာလို ရေရေလည်လည် ကိုယ့်စကားနှင့်ကိုယ် သိကြသလား၊ အများအားဖြင့် သိဘဲလူ နည်းပါလိမ့်မယ်၊ ဘုန်းတော်ကြီး က ပါဠိလိုချပေးတာကို လိုက်ဆိုရတာက....

''အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒါကို မြန်မာလိုပြန်လျှင်....

''အရှင်ဘုရား၊ သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသော သီလကို (တပည့်တော်အား) ချီးမြှောက်သော အားဖြင့် ပေးတော်မူရန် တောင်းပန်ပါ၏''

အဲသည့်စကားဖြင့် လျှောက်ထားတောင်းပန်ရတာဖြစ်ပါတယ်။ ဤစကားကို ဗုဒ္ဓဘာသာဝင်မဟုတ်သေးတဲ့ လူတွေအတွက် ရဟန်းသံဃာများက ချပေးရတာပါ။ ဗုဒ္ဓဘာသာဝင်သူတော်စင်များ အနေနှင့်တော့ ကိုယ်တိုင်ရွတ်ဆို လျှောက်ထားတောင်းပန်လျှင်ပို၍သဘာကျမှာ ဖြစ်ပါတယ်။ သို့မဟုတ်လျှင် ပေးရမည့်ပုဂ္ဂိုလ်က တောင်းခံမည့်သူကို သင်ပေးနေရတာမျိုး ဖြစ်နေမည်လား စဉ်းစားစရာ ဖြစ်ပါတယ်။

နောက် ဒုတိယမ္ပိ နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် ဆိုရတာက ပေါ့ပေါ့ဆဆ မဟုတ်သည့် အကြောင်း ထင်ရှားစေလို၍ ဖြစ်ပါတယ်။

အဲသလိုသုံးကြိမ်သုံးခါတောင်းပန်လာတော့မှ ရဟန်းတော်က–

'ယမဟံဝဒါမိ တံဝဒေထ' လို့ပြောပါတယ်။

မြန်မာအဓိပ္ပာယ်က 'ငါဆိုသလို လိုက်ဆိုကြသော့'ဟု ပြောတာ ဖြစ်ပါတယ်။

ထိုအခါ ကျွန်တော်တို့က 'အာမဘန္တေ' (ကောင်းပါပြီ ဘုရား) လို့ ဆိုကြရတယ်၊ ဒါကြောင့် သီလတောင်းစဉ်က ကိုယ်တိုင်နှုတ်မြွက်၍တောင်းပန်နိုင်သော်လဲ ယခု ပေးတော့မည့် 'သရဏဂုံနှင့် ဘုရားရှိခိုး'ကို ဆိုလာရာမှာ ဌာန်ကရိုဏ်း(အသံထွက်မှန်အောင်)ဆိုရမှာဖြစ်သည့်အတွက် ဘုန်းတော်ကြီးက (တိုင်) ပေးတာကို နောက်က သူ့အသံအတိုင်း လိုက်ဆိုကြဖို့ပြောတာဖြစ်တယ်၊ဒါကြောင့် ကျွန်တော်တို့က အာမဘန္တေ' (ကောင်းပါပြီဘုရား) လို့ ပြောကြရတာပါ၊ ထို့နောက်ဘုန်းကြီးက(တိုင်)ပေးပြီး၊

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

''ဘဂဝတော= ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ အရဟတော=ဆိတ်ကွယ်ရာအရပ်၌မကောင်းမှုမပြုသော၊ သမ္မာသမ္ဗုဒ္ဓဿ=တရားအပေါင်းကို ကိုယ်တော်တိုင် သိတော်မူသော၊ တဿ=ထိုမြတ်စွာဘုရားအား၊ နမော=ရှိခိုးပါ၏''

ဒါကိုလဲ သုံးကြိမ်ဆိုရတယ်။

အဲသလို ဘုရားကိုရှိခိုးပြီးသည့်နောက်–

''ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ''

''ဗုဒ္ဓံ=မြတ်စွာဘုရားကို၊ သရဏံ= ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏၊ ဓမ္မံ= တရားတော်ကို(မြတ်စွာဘုရား ဟောကြားဆုံးမသောစကားတို့ကို)၊ သရဏံ=ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏၊ သံဃံ= သံဃာတော် ကို၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

အဲသည်မှာ ကျွန်တော်တို့ သတိထားကြရမှာက ဘုရားကိုရှိခိုးသော အရိုအသေပြုတာတို့နှင့် 'သရဏဂုံ'ခံယူတာကို ကွဲကွဲပြားပြား သိကြရန်ဖြစ်ပါတယ်။ ဘုရားကို တကြိမ်တခါ ဖြစ်စေ၊ အခါများစွာ ဖြစ်စေ ရှိခိုးတာမျှနှင့် သရဏဂုံတည်သူ(ဗုဒ္ဓ၏ဩဝါဒခံတပည့်)အဖြစ် မရောက်ရှိသေးပါဘူး။ ဥပမာ ကျောင်းဆရာကြီးတဦးကို သူ၏ဂုဏ်သိက္ခာ အရည်အချင်းတို့ကြောင့် အရိုအသေပြုတာ၊ လေးစားကြည်ညို ရှိခိုးတာက တခြား၊ သူ သင်ကြားသမျှ ဆုံးမဩဝါဒပေးသမျှ တသက်ပတ်လုံး လိုက်နာပြုကျင့်နေထိုင်သွားပါမည်ဟု ကတိခံယူပြီး တပည့်အဖြစ်အသိအမှတ်ပြုပါရန်တောင်းပန်သည်က တမျိုးဖြစ်ပါတယ်၊ ဒီစကားကို ကိုယ်ရောစိတ်ပါမဆိုသမျှ ဆိုသည့်အတိုင်းလဲ လိုက်နာပြုကျင့်ခြင်း မရှိသေးသမျှ 'သရဏဂုံ'တည်သူ မဖြစ်နိုင်ကြပါဘူး၊ အဲသလို 'သရဏဂုံ မတည်သေးသူကို ဗုဒ္ဓအဆုံးအမ ဖြစ်သော'ငါးပါးသီလ' ကို မပေးနိုင် သေးပါဘူး။ ထို့ကြောင့် ဘုန်းတော်ကြီးက ဆက်၍မေးလိုက်ပါတယ်။

''တိသရဏ ဂမနံပရိပုဏ္ဏံ''

''သရဏဂုံသုံးပါးနှင့်ပြည့်စုံကြစေ(သရဏဂုံသုံးပါးနှင့် ပြည့်စုံပြီးပြီလား)''

''အာမဘန္တေ''

'ပြည့်စုံကြပါပြီဘုရား''

''သရဏဂုံဆိုတဲ့အဓိပ္ပာယ်က ကိုးကွယ်အားထားခြင်း၊ အဆုံးအမ ဩဝါဒတို့ကို ခံယူလိုက်နာခြင်း ရှိပြီးမှ 'ငါးပါးသီလ' (ငါးပါးသောကိုယ်ကျင့်တရား)ကို ထိန်းသိမ်းရန် ခံယူကြရပါတယ်။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

(ပါဏာတိပါတာ=သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ=ရှောင်ကြဉ်ခြင်းဟူသော ကိုယ်ကျင့်တရားကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။)

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
(အဒိန္နာဒါနာ=သူတပါးက 'ကြည့်ဖြူစွာ မပေးသော ဥစ္စာပစ္စည်းတို့ကို ယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ=ရှောင်ကြဉ်ခြင်းဟူသော ကိုယ်ကျင့်တရားကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏)

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
(ကာမေသု မိစ္ဆာစာရာ=အပြစ်မကင်းသော ကာမကျူးလွန်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ=ရှောင်ကြဉ်ခြင်း ဟူသော ကိုယ်ကျင့်တရားကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏။)

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
(မုသာဝါဒါ=မဟုတ်သော မမှန်သော စကားတို့ကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ=ရှောင်ကြဉ်ခြင်း ဟူသော ကိုယ်ကျင့်တရားကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏)

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ=ကောင်းမှု-မကောင်းမှုဟူ၍ သတိမပြုနိုင်အောင် မေ့လျော့စေတတ်သော အရက်သေစာ စသည်တို့ကို သောက်စားခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ= ရှောင်ကြဉ်ခြင်း ဟူသော ကိုယ်ကျင့်တရားကို၊ သမာဒိယာမိ=ဆောက်တည်ပါ၏)

အဲသည်လိုဘုန်းကြီးရဟန်းထံမှ မိမိကိုယ်တိုင် ကတိပြုခံယူပြီးသည့်အခါ ရဟန်းတော်က–

''တိသရဏေန သဟ ပဥ္စင်္ဂသီလံ သာဓုကံ ကတွာ ဓမ္မံ အပ္ပမာဒေန သမ္ပာဒေထ''

(တိသရဏေန=သုံးပါးသော သရဏဂုံနှင့် သဟ=တကွ၊ ပဥ္စင်္ဂသီလံ=အင်္ဂါငါးပါးရှိသော သီလဖြစ်သော၊ ဓမ္မံ=ကိုယ်ကျင့်တရားကို၊ သာဓုကံ ကတွာ=ကောင်းစွာ ရိုသေလေးစားလျက်၊ အပ္ပမာဒေန = မမေ့မလျော့သော သတိဖြင့်၊ သမ္ပာဒေထ=ပြည့်စုံကြကုန်လော့။)

''အာမ ဘန္တေ''

(ကောင်းပါပြီ အရှင်ဘုရား)

ကဲ-ကျွန်တော်တို့က အလွယ်ဆုံး အရိုးဆုံး ကြားဖူးနားဝအရှိဆုံးဆိုတဲ့ ''ငါးပါးသီလကို ကဏ္ဍအပိုင်းအခြားအလိုက် စေ့ငု လေ့လာကြည့်လျှင် ဗုဒ္ဓဘာသာ၏ အရင်းအမြစ် တရားထင်ရှား လာပါလိမ့်မယ်၊ ဦးစွာပထမ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာ၍ 'ငါးပါးသီလ'၏ အကြောင်းအကျိုးကို သိပြီးသော သူသည် ထို 'ငါးပါးသီလကို မြတ်စွာဘုရားထံမှာဖြစ်စေ၊ ရဟန်းသံဃာထံမှာ ဖြစ်စေ တောင်းခံပန်ကြားရမယ်၊ ဒုတိယအဆင့်အဖြစ် မိမိကိုယ်တိုင် သရဏဂုံသုံးပါး ဆောက်တည်ကြရမယ်၊ တတိယအဆင့်အဖြစ် မိမိကိုယ်တိုင်က နှုတ်မြွက်၍ ငါးပါးသီလကို တပါးစီ ရှောင်ကြဉ်ပါမယ်လို့ ကတိခံရမယ်။ စတုတ္ထအဆင့်မှာ ရဟန်းတော်က ''သင်ကိုယ်တိုင် ကတိခံယူထားသော ကိုယ်ကျင့်တရားနှင့် သရဏဂုံ သုံးပါးကို မမေ့မလျော့စောင့်ရှောက်ပေလော့'ဟု ပြောသည့်အခါ ကျွန်တော်တို့က 'မမေ့မလျော့ပါဘုရား'လို့ ဝန်ခံကတိပြုကြရတယ်၊ အဲသည်လို အာမဘန္တေခံပြီးလျှင် သီလတို့ကို ထိန်းသိမ်း စောင့်ရှောက်ကြဖို့တော့ အရေးကြီးတာပေါ့။

အဲသည် နေရာမှာ မေးစရာတခုတော့ရှိပါတယ်၊ အဲသည် ငါးပါးသီလကို ဗုဒ္ဓဘာသာဝင်တို့က ထိန်းသိမ်းသလို ဗုဒ္ဓဘာသာဝင် မဟုတ်သူများက ရှောင်ကြဉ် လျှင် ကော အတူတူပဲ

မဟုတ်လား။ ရဟန်းသံဃာ တပါးပါးထံမှ သီလမတောင်းယူလျှင်ကော မဖြစ်ဘူးလားဆိုတဲ့ မေးခွန်းမျိုးလေ။

အဲသည် မေးခွန်းမျိုးကို ဖြေရမယ်ဆိုလျှင်တော့ အခြေခံကြောင်းချင်းတူသလိုနှင့် အကျိုးချင်းဖြင့် မတူနိုင်ပါဘူးလို့ ဖြေရမှာ ဖြစ်ပါတယ်။ ရှင်းလင်းအောင်ပြောရမယ်ဆိုလျှင်(၁)သရဏဂုံ ဆောက်တည်ပြီးမှ ခံယူတဲ့သီလမဖြစ်နိုင်ခြင်း။ (၂) ဗုဒ္ဓ၏ အဆုံးအမ ဖြစ်သော ကုသိုလ် အကုသိုလ်တို့ကို ခွဲခြား၍ မသိခြင်း။(၃) ကတိခံယူချက်မရှိသဖြင့် လေးလေးနက်နက် စေတနာ မပြည့်ဝခြင်းတို့ကို ဆင်ခြင်နိုင်ကြပါလိမ့်မယ်၊ တနည်း ပြောရလျှင် 'အဓိဋ္ဌာန် ပါရမီ' မဖြစ်နိုင်ဘူးပေါ့။

'ငါးပါးသီလ'ဟာ လူသားတွေ အတွက် ဘယ်သောက် အရေးကြီးသလဲဆိုတာ စဉ်းစားကြည့်ဦးစို့။

၁။ ပါဏာတိပါတ = လူတိုင်း လူတိုင်း သတ္တဝါတွေကို လိုက်လံ သတ်ဖြတ် နေကြလျှင် သတ္တဝါတိုင်း ပျက်စီး ဆိတ်သုဉ်းသွားကြလိမ့်မယ်။ အထူးသဖြင့် လူနှင့် လူချင်း သတ်ဖြတ်နေကြလျှင် မိသားစု ဆွေစု မျိုးစု မြို့ပြရွာ့အစ တနိုင်ငံလုံး တကမ္ဘာလုံး မီးလောင်ပြာကျ ဖြစ်ပျက်ကုန်ဆုံးတောက်နေကြလိမ့်မယ်။

၂။ အဒိန္နာဒါနာ=သူတပါး၏ပစ္စည်းဥစ္စာဘဏ္ဍာပိုင်နက်တို့ကို အနိုင့်အထက် လုယက်ယူငင်ခြင်း၊ မသိအောင် ခိုးယူခြင်း၊ လိမ်လည်ကောက်ကျစ်၍ယူခြင်း၊ မဟုတ်မမှန် လုပ်ကြံ၍ အရောင်းအဝယ် စီးပွားရှာခြင်း၊ ငွေကြေးနှင့် ပတ်သက်၍ကတိမဲ့ဘည် ဖောက်ဖျက်ခြင်းစသည်တို့ကို လူတိုင်းကျင့်သုံးနေကြလျှင် လောဘမီးများကြောင့် တလောကလုံး ပူပန်ဆင်းရဲနေကြလိမ့်မယ်။

၃။ ကာမေသုမိစ္ဆာစာရ = ကာမတရားတို့ဖြင့် သူ့မယားကိုယ့်မယား၊ သူ့လင်ကိုယ့်လင်၊ သူ့သမီး ကိုယ့်သမီး၊ သူ့သား ကိုယ့်သား မခွဲခြား မစောင့်စည်းကြပဲ တိရစ္ဆာန်များပမာ မှားယွင်း ဖောက်ပြန်နေကြလျှင် တကမ္ဘာလုံး အရှိုင်းအစိုင်းတွေ ဖြစ်ကုန်ကြလိမ့်မယ်။

၄။ မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း ဆိုတဲ့ နေရာမှာ လိမ်သည်ပြောဆိုခြင်းတို့ တခုတည်းသာ ယူဆဖို့ မဟုတ်ပါဘူး၊ မဟုတ်ဆိုတာကို အကျိုးမဟုတ်သော စကားဟု ယူဆဖို့ဖြစ်ပါတယ်။ မှန်တော့ မှန်ပါ၏။ အကျိုးမဟုတ် အကျိုးမရှိသော "ပိသုဏဝါစာ=ပုဂ္ဂိုလ်နှစ်ဦးကြားမှ မေတ္တာပျက်အောင် ပြောသော စကား၊ ဖရုသဝါစာ=ကြမ်းတမ်းဆဲရေးသော စကား၊ သမ္ဖပ္ပလာပဝါစာ = ပေါ့ပျက်သော စကား၊ အဲသည့် စကားသုံးမျိုးနှင့် "မုသာဝါဒ=လိမ်လည် ပြောဆိုခြင်းတို့ကို ပေါင်းယူလျှင် ဝစီဒုစရိုက် (၄)ပါးလုံး အကျုံးဝင်သွားနိုင်ပါတယ်၊ အဲသည်စကားမျိုးတွေကိုသာ လူတိုင်းက ပြောဆို ကျင့်သုံးနေကြမယ် ဆိုလျှင် 'မှန်သောသစ္စာ'ရယ်လို့ တလောကလုံးမှာ ရှိမှာမဟုတ်တော့ပါဘူး။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာန=မူးယစ်စေသော အရက်သေစာ အားလုံးကို လူတိုင်း သုံးဆောင် နေကြယင် 'ကုသိုလ်'ဟူ၍လည်း ခွဲခွဲခြားခြား သတိမထားနိုင်၊ အကုသိုလ်ဟူ၍လည်း ခွဲခွဲခြားခြား သတိမထားနိုင်ကြသည့်အတွက် တလောကလုံး အမှောင်'အဝိဇ္ဇာ'တွေ ဖုံးလွှမ်းနေကြမှာ ဖြစ်ပါတယ်။

အဲဒါကိုထောက်လျှင် ငါးပါးသီလမှတပါးပါးတို့ ကမ္ဘာပေါ်ရှိလူတိုင်းလူတိုင်းက ပြုကျင့်နေရုံဖြင့် ကမ္ဘာတဝန်းလုံး ပျက်စီးဆိတ်သုဉ်းသွားနိုင်ကြောင်း ထင်ရှားနေပါပြီ။ ငါးပါးလုံး လူတိုင်းလူတိုင်းက ကျင့်သုံးနေကြမယ် ဆိုလျှင်

တော့ 'ငါးပါးမှောက်ပြီ' ဆိုတဲ့ ဝေါဟာရ အဘိုင်း တလောကလုံး ငြိမ်းချမ်းရေးဆိတ်သုဉ်းကြမှာ ထင်ရှားပါတယ်၊ ဒါကြောင့် 'ငါးပါးသီလ'သည်(ကမ္ဘာ့ငြိမ်းချမ်းရေး) ဥပဒေ အစစ်ဖြစ်ပါတယ်၊ လူသားတို့အတွက် အကောင်းဆုံး မူဝါဒကြီးဖြစ်ပါတယ်။

ဗုဒ္ဓဘာသာပီသသောမိဘများသည်မိမိတို့၏ သားသမီးများကို ကလေးအရွယ်ငယ်စဉ်မှ စ၍ 'ငါးပါးသီလ'အကျိုးအပြစ်များကို ဟောပြောဆုံးမသင်ပြ(ပုံသွင်း)ပေးခဲ့ကြသည်။

ဆရာတော်ကြီးများကလည်း ကျောင်းသားသူငယ်များကို နှုတ်တွင်ရွရွ အမြဲရွတ်ဆို နေနိုင်ကြစေရန် လင်္ကာရေးစပ်ပေးတော်မူခဲ့ကြသည်။

၁။ ပါဏာတိပါတ်၊သူ့သက်သတ်က၊ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျှင့်ခြင်းလည်းဝေး၊ ဘေး ကို ကြောက်တဘ်၊ အသဘ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်ဘိုလှ၊ ပြစ်များစွာဘည့်၊

၂။ အဒိန္နာဒါ၊ သူတပါးဥစ္စာ၊ ခိုးမိပါမူ၊ ဥစ္စာလည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပစ္စည်း၊ ရေမီးသူခိုး၊မွေ့ခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုး ငါး ကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာတည့်။

၃။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိဘ်၊ ချမ်းသာဆိတ်၍၊ ကွတ္တိပဏ္ဍုတ်၊ မျိုးယုဘ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက် လက္ခဏာကျနွေ၊ယွင်းသွေ့ချို့သိမ်း၊ နှိမ်းရိမ်များစွာ၊ ချစ်သူကွာ၏။

၄။ မုသာစကား၊ပြောဆံပြောမူ၊စကားမပီ၊ သွားမညီဘည့်၊ ပုပ်ညီးပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ကူနွေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျာကျမ်းထော်၊ လျှပ်ပေါ်လေဘ်လည်၊ စိတ်မတည်တည့်။

၅။ သေရည် သောက်လင့်၊ သင့် မသင့်၌၊ ချေးခွင့်မသိ၊ ပျင်းရိမေ့ ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း (ဟိရိဩတ္တပ္ပအရှက်အကြောက်ကင်းခြင်း)ခပင်းများထို၊အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

ကောင်းမှုကံဖြစ်စေ၊ မကောင်းမှုကံ ဖြစ်စေ ပြုလုပ်သည်နှင့်အမျှ ထိုကံဘို့၏ ကောင်းကျိုးဆိုးကျိုးတို့ကို ယခုဘဝမှာပင် ဖြစ်စေ၊ နောက်ဘဝမှာဖြစ်စေ၊ မသွေမဖည်၊ မရှောင်မလွှဲခံစားရမည့်အကြောင်း မိဘများက သားငယ် သမီးငယ်များကို ပုံတိုပတ်စနှင့် နားဝင်အောင်ပြောပြခဲ့လ ရှိကြပါဘယ်။ထိုကဲ့သို့ 'ကံ-ကံ၏အကျိုး' ကိုယုံမှ ဗုဒ္ဓဘာသာဝင် သူတော်စင်ကလေးများ ဖြစ်ကြပါမယ်။


ထို့ကြောင့်၊အထက်ပါ ငါး ပါး သီ လ ၏ အကျိုးအပြစ်များကို သူ တို့ က လေး တွေ ၏ ဦးနှောက်တွင်းမှာ အုတ်မြစ်ချပေးလိုက်တာ ဖြစ်ပါတယ်။

ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလစသည်များဟာ ပုထုဇဉ်လူများအဖို့ အခါကြီးရက်ကြီးများမှာ တခါတလေဖြစ်စေ၊ အခါများစွာဖြစ်စေ စောင့်ထိန်းကြရမှာ ဖြစ်သော်လည်း 'ငါးပါးသီလ'ကိုတော့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်ဟု ရှေးအဆက်ဆက် မိဘဆရာများက သွန်သင်လာခဲ့ကြပါသည်။ အသက်အရွယ် ကြီးလာ

ကြသည်နှင့်အမျှ 'ပုဆိုးမမြဲလျှင်' လူပုံအလယ်မှာ အရှက်ကွဲ အကျိုးနည်း ဖြစ်ကြမှာကို ငုံ့နှိုင်းပြီး မြှော့ပြဆုံးမကြခြင်း ဖြစ်ပါတယ်။

ငါးပါးသီလကို အိမ်ထောင် သက်မွေး စားဝတ်နေရေး လုံးပန်းနေကြစဉ်လည်း ထိန်းသိမ်းဖို့ ခဲယဉ်းခြင်းမရှိနိုင်ပါဘူး၊ လောက၏စီးပွားရေး၊ လောကုတ္တရာ၏ စီးပွားရေးမှာ အခြေခံအုတ်မြစ် ဖြစ်တဲ့ ငါးပါးသီလဟာ အရေး အကြီး ဆုံး အဆောက်အခံဖြစ်ပါတယ်။ ထိုအုတ်မြစ်မြေခံမှ မဘောင့်ဘင်း၊ မခိုင်မာ၊ စိတ်မချရလျှင်ကြီးကျယ် မြင့်မြတ်သော ရတနာ ဗိမာန်ကြီးပင် ဖြစ်စေ မတည်ဆောက်နိုင်ကြပါဘူး၊ တည်ဆောက်လျှင်လည်း မခိုင်မြဲနိုင်ပါဘူး။

ယခုအခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုမင်းကွန်း ဆရာတော်ကြီးက 'ငါးပါးသီလ'ကို မြန်မာလို ခွဲခြားဟောပြော ဆုံးမပေးသနားတော်မူလျက်ရှိရာ ထို'ငါးပါးသီလ'၏ အရေးကြီးပုံ၊ လေးနက်ပုံ၊ အကျိုးကျေးဇူး များပုံ တို့ကို ကျွန်တော်တို့ တတွေ ရိပ်စားမိနိုင်ကြစေလိုပါသည်။






# ဓမ္မဂီတများ

ဗုဒ္ဓဝါဒီ လူရှင် ရဟန်းတို့ အတွက် အခြေခံ အကျင့်သီလတို့မှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ ဟူ၍ သုံးမျိုးရှိသည်။ ရှစ်ပါးသီလ နှင့် ဆယ်ပါးသီလ သိက္ခာပုဒ်များတွင် နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန=က ခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ကိုယ်တိုင် ပြုခြင်း၊ သူတပါးအား ပြုစေခြင်း၊ နား ထောင် သာယာ ရှုကြည့်ခြင်း စသည်တို့ ပါဝင်သည်။ ဝိပဿနာ အာရုံ၏ အညစ်အကြေး အနှောင့် အယှက် ဖြစ်စေသော ကြောင့်ပင်။

သို့လင့် ကစား မြတ်စွာ ဘုရား လက်ထက် တော်တွင် အချို့နေရာ၊ အချို့အခါ၊ အချို့ ပုဂ္ဂိုလ်တို့ အတွက် အဆိုပါ နစ္စ ဂီတ တို့မှာ သံဝေဂ ဂါထာ(အမြိုက်နိဗ္ဗာန်သို့တက်လှမ်းရန် နှိုးဆော် တိုက်တွန်းသည့်) အရသာများ ပါရှိ လျှင် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ထိုဘောဂီတာ၌ အကျိုးအမြတ်ဖြစ်စေ၍ အသုံးပြု သည်းခံတော် မူသည်ကို တွေ့ရသည်။

ဗုဒ္ဓ အလောင်း တော် သိဒ္ဓတ္ထ မင်းသည် (၁) ရမ္မ၊ (၂) သုဘ၊ (၃) သုရမ္မ ဟူသော နွေ မိုး၊ ဆောင်း စံရာနန်းတော်ကြီး သုံးဆောင်၌ ပုရိသ ယောကျ်ားဟူ၍ မရှိ။ နုနယ်ပျိုရွယ်သော ကုမာရီတို့မှ တပါး အသက် ကြီးရင့် အိုမင်းသူ မှန်သမျှ မတွေ့စေရ' အနိဋ္ဌာရုံဟူသမျှ ကင်း လွတ်အောင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ကိုယ်တိုင်စီမံထားသည်။

သေးကျွန်းလုံးကို ပိုင်သော စကြဝတေးမင်း သော် လည်းကောင်း၊ ဗုဒ္ဓသော်လည်းကောင်း ဖြစ်လိမ့်မည်ဆိုသော လက္ခဏာဖတ် ပုဏ္ဏား မြတ်တို့၏ ဟောချက်တွင် တဦးတည်း တပါး တည်းသော နန်းလျာနှင့်အညီ တောခွင်ရင်ခြား ဗုဒ္ဓမဖြစ်စေလိုပဲ မင်းတကာတို့၏ မင်း၊ ဘုရင် တကာတို့၏ ဘုရင်၊ စကြဝတေး မင်းသာ ဖြစ် စေချင်သည်။ ရှင်းရှင်း ဆိုရလျှင် ဗုဒ္ဓမဖြစ်စေချင် အောင် အာရုံငါးပါး ကာမဂုဏ် တရားတို့ဖြင့် မှိုင်းတိုက်ထားခြင်း ဖြစ်သည်။

ထိုကဲ့သို့ ပိန်းပိတ်အောင် မှောင်ခုထားသည့် ကြားက သံဝေဂရစရာ အကြောင်းတရားများ အနက် ထူးထူး ခြားခြား ကြားလိုက်ရသော ဓမ္မဂီတတပုဒ်၏ ကျေးဇူးကို ချန်လှပ်၍ နိုင် ကောင်းမည် မဟုတ်ပေ၊ တနေ့သော အခါ ဗုဒ္ဓ အလောင်းသည် ဥယျာဉ်တော်မှ ရထားပေါင်း ချုပ်ဖြင့် စံနန်းတော်သို့ ပြန်ကြွတော်မူခဲ့သည်။ နေရီရီတွင် ပျိုမျစ်နုနယ် ရှုစဖွယ်သော ဘုရား အလောင်း၏ အဆင်းမှာ နွေလို ဝင်းနေတော့ သည်။ နန်းတော်ပမ်းကွဲဖြစ်သော ကိသာဂေါတမီ

မင်းသမီးကလေးသည် မိမိ၏ လေသာပြတင်းမှ ရွှေလိုဝင်းနေသည့် ဘုရားအလောင်း၏ အသရေဘော်ကို ရှုမြင်ကြည်နူးတော် မူလှသဖြင့်....

'နိဗ္ဗုတာ နူနသာမာတာ၊ နိဗ္ဗုတော နူနသောပိတာ' အစရှိသည့် ဂါထာကို အလောင်းတော် ကြားလောက်အောင် ရွှင်ရွှင် မြူးမြူး သီကျူးလိုက်သည်။

အဓိပ္ပာယ်မှာ ဤ(ဘုရားလောင်း) မဟာပုရိသလက္ခဏာဘော်တို့နှင့် ပြည့်စုံ၍ တုနှိုင်းမရကျက်သရေ ရှိလှသော ယောကျ်ား မြတ်အား ဖွားမြင်ခဲ့ရသည် မိခင် မယ်တော်သည် လည်းကောင်း၊ ခမည်းတော် ဖခင်သည်လည်းကောင်း၊ ကြင်ယာ သက်ထား ဇနီး မိဖုရားသည် လည်းကောင်း၊ (နိဗ္ဗု) စိတ်ချမ်းသာခြင်း၊ အေးချမ်းနှစ်သိမ့်ရခြင်း ပီတိ တရား တို့ သည် အဘယ်မျှလောက် အရသာရှိကြပါလိမ့်မည်နည်း ဟူသော အဓိပ္ပာယ်ဖြစ်သည်။

စင်စစ် ကိသာဂေါတမီ၏ စိတ်၌ကား 'ငါလည်း အရှင့်သား၏ မယား ကြင်ယာ ဖြစ်ရပါလျှင် ကောင်းလေစွ'ဟု တမ်းတလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် ဘုရား အလောင်း တော်မင်းသား၏ သတိတရားမှာ (နိဗ္ဗုတာ) ဟူသော စကားလုံး ကလေး သုံးလုံး မျှသာ ဖြစ်သည်။ နိဗ္ဗုဘ၊နိဗ္ဗာန်=အေးငြိမ်း ခြင်း၊ လွတ်ကင်းခြင်း၊ လွတ်မြောက်ခြင်း၊ ချမ်းသာခြင်း၊ ထိုနိဗ္ဗာန်ကို သိမှ မြင်မှ လက်ဆုပ် လက်ကိုင်ပိုင်မှ ဗုဒ္ဓစင်စစ် ဖြစ်မည်။ နိဗ္ဗာန်ကို မတွေ့ မရောက် သေးသမျှ ဗုဒ္ဓဟူ၍ မဖြစ်၊ နိဗ္ဗာန်ကို ငါတွေ့အောင်၊ မြင်အောင်၊ သိအောင်၊ ပိုင်အောင် ယနေ့ ညဉ့်တောသို့ထွက်၍ နိဗ္ဗာန် အမြိုက်တရားကို ရှာဖွေတော့အံ့ဟု မဟာ အဓိဋ္ဌာန် ပြုလိုက် ပြီးသည့်နောက် ဘေးသံရှင် နှုတ်တော် ကိသာဂေါတမီ မင်းသမီးကလေးအား ဓမ္မဂီတကို ပူဇော်သောအားဖြင့် မိမိ၏ လည်၌ဆွဲ အမြဲဆွဲအပ်သော အဖိုးတသိန်းတန် ပုလဲရတနာလည်ဆွဲကို ချီးမြှောက်တော်မူလိုက်သည်။ ဤကား ထိုဂီတ၏ ကျေးဇူးတည်း။

ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ဥယျာဉ်တွင် သီတင်းသုံးနေတော်မူစဉ်က အကြောင်းတခုဖြစ်သည်။ ဥပသကာမှာ ဗိမ္ဗိသာရ မင်းတရား၊ မြတ်စွာဘုရားအား အဘယ်မျှကြည်ညိုနှစ်သိုသနည်းဟု ဆိုလျှင် ဗုဒ္ဓမဖြစ်မီ ကတည်းက 'ဗုဒ္ဓဖြစ်ပြီးလျှင် မိမိထံ အဦးဆုံးကြွရောက်ချီးမြှင့်တော်မူပါ'ဟု အဘိယာစက ဖိတ်မန္တကပြုခဲ့သောကြောင့် ဗုဒ္ဓဝင်မှာ ပထမဦးဆုံး ဘုရားဒါယကာကြီးဖြစ်သည် ဗိမ္ဗိသာရမင်းကြီး မိဖုရားတပါးဖြစ်သော ခေမာဒေဝီသည် မဒ္ဒတိုင်း၊ သာဂလပြည်ကြီးသူပိသအောင် အလွန်ချော၊အလွန်လှသည်။ ထိုအလှကိုပင် ခေမာမိဖုရားကိုယ်တိုင်မိမိအလှနှင့် မိမိမာန်ကြွကျေနပ် နေခြင်းကြောင့် ဗုဒ္ဓ၏ ဓမ္မနှင့်ကင်းကွာနေခဲ့ရာ....

'ရမ္မဝေဠု ဝန်ယေန၊ နဒိဋ္ဌ သုဂတာလယံ,

မြတ်စွာဗုဒ္ဓစံနေတော်မူရာ ဝေဠုဝန်ဥယျာဉ်ဘွဲ့ ဂီတစွမ်းအားကြောင့် ခေမာမိဖုရား ဘုရားထံရောက်ခါ ရဟန္တာမကြီးဖြစ်ခဲ့ရသည်။

ဤကား ထိုဂီတ၏ ကျေးဇူးတည်း။

ရေကပတ္တ နဂါးမင်းသည် ကဿပ ဘုရားသက်သက်က ရဟန်းပြုခဲ့ဖူးသော ပါရမီသမ္ဘာရရှိခဲ့သူတည်း။ လှေဖြင့် ခရီးသွားစဉ် ပိန်းမြက်ပင်ဘခုကို ဆွဲ ကိုင်ပြတ်တောက်စေသောအာပတ်ငယ်ကို ဒေသနာ ကြားခွင့်မရပဲ စုတေမနေပျံလွန်တော်မူခဲ့ရာ ထိုကုက္ကုစ္စ စိတ်ဖြင့် နဂါးမင်း ဖြစ်ခဲ့ရပြီးနောက် ဤဘဒ္ဒကမ္ဘာဝယ် ပွင့်လာသတ္တံ့သော ဗုဒ္ဓရှင် ကိုဖူး မြင်လျှောက်ထား၍ ကုစားလိုသော ဆန္ဒဝေဒနာ ကြီးမားနေရှာသူ ဖြစ်သည်။ ထိုကာလက လူ့ပြည်တွင် မိမိတို့ကိုယ်ကို မိမိတို့ ဘွဲ့ချီအပ်သော (ဘုရား) ပေါင်းများစွာက နားမဆံ့အောင် ကြားနေကြရသည်။

သိဒ္ဓိဆရာကြီးကလည်းဘုရား၊ ကေ့လိဂ ၈ ည်း ဘုရား၊ ပူရဏကဿပ ကလည်း ဘုရား၊ ဘုရား ပေါင်းများစွာကို ဆန့်စင်ရာ ကျည်ပွေ့လိုက်၍ ဆုံးနိုင်မည်မဟုတ်၊ ထို့ကြောင့် ရေကပ်တ္တနဂါး မင်းက ဘုရားသတင်းကို (ပုစ္ဆာဂီတ) အဖြည့်ခံ တေး (ဝါ) တေးပဟေဠိကို ရေးစပ်၍ သမီး ကလေး နဂါးမယ်ကို အရပ်ရပ် အနယ်နယ်သို့ လှည့်လည် သီဆို၍ ဗုဒ္ဓရှာပုံတော် ဖွင့်ခဲ့သည်။

"ကိ သုအဓိပတိရာဇာ ကိ သုရဇာ ရဇ္ဇသ ရော"

လောကမှာ အဘယ်ဟာကို အစိုးရမှ မင်း စင်စစ်ဖြစ်မလဲ-စသည် စသည်အားဖြင့် သီချင်း လေးပုဒ်။

"ဤသီချင်းများကို (ဝါ) ပဟေဠိကို အဖြေ ညှိကြပါ။ အဖြေမှန်လျှင် နဂါးမင်း စည်းစိမ်ကို ခံစားစံစားစေရပါမည်။ ဗာရာဏသီပြည်တပြည် လုံးမှ ပညာရှိများ၊ တေးသံရှင်များဝင်၍ ဖြေ ကြသည်။ ဆိုကြသည်။ သတင်းထူး သတင်းဆန်း ကို ကြားကြသဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံးမှ ပညာ ရှင်များ၊ ဂီတပညာရှင်များ အားတက်သရော ထွေထွေရာရာ ကြံဆစိတ်ကူး၍ အထူးထူးဖြေဆို သီကျူးကြသည်။ မည်သူ့အဖြေကိုမှ ရေကပတ္တ နဂါးမင်းက မကျေနပ်။ အမှန်(အဖြေ)ကို နဂါး မင်းကိုယ်တိုင်က ကဿပ မြတ်စွာဘုရား၏ ဓမ္မ ဒေသနာကို ကြားခဲ့ နာခဲ့မှတ်ခဲ့ဖူးသည်။

လူဘိုင်းလူတိုင်း နဂါးမယ်ကလေး၏အဆင်း ရူပါရုံ အသံသဒ္ဒါရုံ ထိုအာရုံ နှစ်ခုထဲတွင်သာ နစ်မွန်းတာသစွဲသမ်း၍ ပြန်ကြရသည်။ ဆယ့်ငါး ရက်တကြိမ် ဂီတဆည်းဆာပွဲ ကျင်းပရာ လူတွေ သာ သောက်သောက်လဲ လာကြကြည့်ကြ၊ နား သောတဆင်ကြသည်။ ပဟေဠိကို မည်သူ တဦး တယောက်မှ အဖြေမညှိနိုင်ကြ၊

"ဘယ်သို့လဲ၊ လောကမှာ ဗုဒ္ဓစင်စစ် ကေန် မဖြစ်သေးရေ့သလား" ဟု နဂါးမင်း စိတ်ပျက် ညည်းညူနေရ ရှာသည်။ ဗုဒ္ဓသခင်သည် ဤ အရေးအခင်းကို မြင်တော်မူသည်။ ထိုဂီတ ဖြေ ဆိုပွဲနှင့်ဆက်စပ်၍ (တေးသံရှင်) ဥတ္တရလုလင် အမျိုးကောင်းသားကလေးမှအစပြု၍ ဝေနေယျ အများတရားရကြမည်ကိုရွှေဉာဏ်တော်ကွန်ရက် ဖြန့်ကြက်ကြည့်လင် မြင်တော်မူလိုက်မြီ။

ဥတ္တရလုလင်မှာ ဂီတဆည်းဆာအချိန်တိုင်း သွားရောက် နားဆောင် နစ်မျောပြီး ပြန်ခဲ့ရ ပေါင်း များလှပြီ။ အဖြေညှိနိုင်လောက်အောင် (အခြေ)ခရှိ (ဓမ္မ)မသိ။ ဗုဒ္ဓသခင်သည် ဂီတ ဆည်းဆာသို့ ဥတ္တရလုလင် လာနေကျလမ်းခရီး ကုက္ကိုပင်တန်း သာစခန်းက စောင့်ကြို့လျက် ထက်ဝယ်ဖွဲ့ခွေ ဗုဒ္ဓအသရေတော်ဖြင့် နေလင့် သည်။ ဂီတပွဲသွား လူအများမှာ ဘုရားရှင်ကို သတိမပြုနိုင်လောက်အောင်ပင် ဂီတဇော ဝင် နေကြသဖြင့် ကသောကမျော သွားနေကြ သည်။

ရတနာသုံးပါးနှင့် နီးစပ်သော ဥတ္တရလုလင် မှာကား ထူးထူးခြားခြား ဘုရားကြွလာနေတော် မူသည်ကို သတိ ပြုမိသောကြောင့် ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ရှိခိုးဦးတိုက်လိုက်မိသည်။ ထိုအခွင့် အရေးကလေးမှာ ဥတ္တရလုလင်အတွက် အကျိုး အမြတ် ထွက်စေတော့သည်။

"ချစ်သားဥတ္တရလုလင်၊ အဘယ်သို့သွားရန် ဤခရီးဖြင့် လာခဲ့သနည်း"

ဤမေးခွန်းကစ၍ အကြောင်းအကျိုး ဆက် စပ်သွားလေသည်။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော်က ဥတ္တရလုလင်အား မေးလိုက်သည်၊

"ချစ်သား....ထိုဂီတများ၏အဖြေမှန်ကိုကေန် သိလိုသလား"

"သိလိုလှပါသည် ဘုရား"

"ဆောင် လို သ လား (ဖြေဆို သီကျူးလို သလား)"

ဆောင်လိုလှပါသည် အရှင်ဘုရား"

''ဤသို့ဖြစ်လျှင် ငါဘုရား နှုတ်တိုက်ချပေး လိုက်မည်၊ အရကျက်မှတ်ယူလေတော့''

(ဆဒ္ဒါရာဓိပတိ ရာဇာ၊ ရဇမာနော၊ ရဇ္ဇံသ ရော)

မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်....ဟူသော ဒွါရခြောက်ပါး (တံခါး ခြောက်ပေါက်)ကို အစိုးရသောသူသည် မင်းဖြစ်၏။ တပ်မက်ခြင်း ရှိသောသူသည် မြူကို သာ အစိုးရသူ ဖြစ်၏ စသည်ဖြင့် စသည်ဖြင့်....

အချသာကိုစစ်လိုက်လျှင် ဗုဒ္ဓမြတ်စွာ၏ ထို ဘေးဂီဘများကြောင့် ဥတ္တရလုလင်နှင့် တကွ ရှစ်သောင်းလေးထောင် ကုန်သော သတ္တဝါ များ တရားရကြကုန်သည်။ ထိုမှတပါး မြတ်စွာ ဘုရား မဟာပရိနိဗ္ဗာန် စံဝင်တော်မူသည့်အခါ မှာပင်လျှင် သိကြားမင်းက ဇမ်းနည်းကြေကွဲစွာ သီကျူးလိုက်ရာသော ဂီတဘပုဒ်ကား....

အနိစ္စာဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ထိုဂါထာကိုလည်း ပညာရှိကြီးများက ဓမ္မ ဂီဘဟု သမုတ်ခဲ့ကြသည်။

* * *

''အင်း....မောင်ရင်ကတော့ ကိုယ်ဝါသနာ ပါရာကို အမွှန်းတင်နေဘာပဲ''

''နို့....အမွှန်း မဘင်ထိုက်ပေဘူးလားကွာ''

''ဟုဘ်ပါဘယ်....ဟုဘ်ပါတယ်၊ မြတ်စွာ ဘုရား လက်ထက်တော်ကစ၍ ဂီတအချို့ဟာ နိဗ္ဗာန် ဖိုလ်ကို အကျိုး ပြုနိုင်တာ ဝန်ခံပါ တယ်ဗျာ''

''ဗုဒ္ဓမြတ်စွာဟာ သတ္တဝါတွေကို မဟာ ကရုဏာတော်ဖြင့် ကယ်ချွတ်တော်မူတဲ့နေရာမှာ ဝေနေယျတို့ရဲ့ ဝါသနာကိုလိုက်ပြီး သူနဲ့တန်ရာ တန်ရာကိုလိုက်ပြီး ပြောဆိုဆုံးမလေ့ ရှိတာကို တို့က သတိထားရမယ်၊ ဒါဟာ အာသယာနု သယဉာဏ်တော်လို့ ခေါ်တယ်၊ အဲသည့် ဉာဏ် တော်မျိုးကို ပစ္စေက ဗုဒ္ဓာတို့ ရဟန္တာတို့မှာ မရှိ မရှိနိုင်ဘူး၊ ဒီလောက် တန်ဖိုးရှိတယ်၊ အကျိုး ကြီးတယ်၊ ဒါကြောင့် ပါဠိပါဠိသား စကား ကြီးကြီးကျယ်ကျယ်နဲ့ ဟောထိုက်တဲ့ သူကိုမှ ဟောတယ်၊ ပတ်ဝန်းကျင် အခြေအနေ၊ လတ် တလောဖြစ်ရပ် စကားစပ်ကိုလိုက်၍ အလွယ်ဆုံး အရပ်စကားနဲ့ အများနားလည်အောင် ဟော လေ့ရှိတယ်၊ တောသူဘောင်သားကို တောသူ၊ ဘောင်သား စကားနဲ့ ဥပမာနဲ့ ဟောတယ်၊ ဘုရင်ကို ရာဇဓမ္မ၊ ရာဇဥပမာနဲ့ ဟောတယ်''

''အေး....ငါသဘောပေါက်ပြီ၊ အင်္ဂုလိမာလ က ဘုရားကို လက်ညှိုး ဖြတ်ရအောင်လိုက်တော့ တန်ခိုးတော်ကြောင့် မမီဘူး၊ (ရဟန်းကြီး သေ မှာကြောက်ပြီး ပြေးလှချည့်လား)လို့ ပြောတဲ့ အခါ ဗုဒ္ဓက ငါမပြေးဘူး ရပ်နေတာ၊ ဆင်သာ လျှင် သံသရာဘလျှောက်လုံးပြေးနေတာ...ဆိုတဲ့ စကားစပ်မျိုး၊ ကိသာဂေါတမီက သားကလေး အလောင်းပြပြီး ဗုဒ္ဓကို အသက်ရှင်လာအောင် ကုဖေးပါ ဘုရား....လို့ လျှောက်တဲ့ အခါမှာ ဗုဒ္ဓက....ကောင်းပြီ၊ မသေဖူးသေးသော အမျိုး အနွယ် တဦးဦးထံမှ မုန်ညင်းစေ့ လက်တဆုပ် သာယူခဲ့၊ ငါဘုရား ရှင်အောင် ကုပေးမယ်.... ဆိုဘဲ့ စကားမျိုး၊ ဂီတသမားကို ဂီတနဲ့ပေါ့ ဟုတ်သား။

''မင်း စဉ်းစား မိသားပဲ၊ ဒီတော့ ဗုဒ္ဓ သခင်ဟာ သစ္စာလေးပါးကိုပြပြီး တရားဟော ရာမှာ ဖြစ်ပေမယ့် သတ္တဝါစရိုက် အခါကို လိုက်ပြီး ဝေနေယျ အကြိုက်ကို (ငွဲ)တော်မူ လေ့ရှိတယ်၊ ဒါကြောင့် ဘေးဂီတတို့ကိုပဲ (ဓမ္မဂီဘ) ဓမ္မအကျိုးအတွက် သယ်ပိုးဆောင်ရွက်ပေး

နိုင်တဲ့ အာနိသင် ရှိမယ်ဆိုယင် ခွင့်ပြုတော်မူတယ်၊ အသုံးပြုတော် မူတယ်''

''အေး...မင်း ဒီလောက် အချီ တွေ နိဒါန်းတွေ ချီလာတာဟာ ဂီတနဲ့ပတ်သက်လို့ အထူးအထွေ ပြောချင်တာ တခုရှိနေပုံရတယ် ဟုတ်လား''

''ဟား-ဟား-ဟား မင်းဗိုက်ထဲ ပုဏ္ဏားကလေး ရှိတယ်ထင်တယ်၊ ဟုတ်ပါတယ်၊ ငါ့ဘဝမှာ အမတ်ဘရ အကျိုးပြုခဲ့တဲ့ ဂီတတပုဒ်ကို အသေးအမြွက်ပြချင်လို့၊ ချီးကျူးချင်လို့၊ ကျေးဇူးဆပ်ချင်လို့''

''ကောင်း မင်းဆရာကြီး ဦးပြုံးချို ရေးတဲ့ (တေဘုမ္မာ)သီချင်းထင်တယ်''

''တေဘုမ္မာသီချင်းဟာ အင်မတန်လေးနက်သောဓမ္မရသများ ပါဝင်ပါတယ်၊ သဂြိုဟ်အဘိဓမ္မာနှင့်ပဋ္ဌာန်းဒေသနာတော်ကြီးကို ငုံမိအောင်ရေးသား ဖွဲ့စီထားတာ ဟုတ်ပါတယ်၊ ပညာရှိကြီးများက ချီးမွမ်းတော်မူကြပါတယ်၊ ငါလဲ (ဘုန်းကြီးဆိုသော သီချင်းတပုဒ်)ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတပုဒ်ရေးပြီး ပူဇော်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ငါ့ကို တိုက်ရိုက်အကျိုးပြုခဲ့တာတော့ ဒီသီချင်းမဟုတ်သေးဘူး''

''ဒါဖြင့် ဘယ်သီချင်းလဲ''

''၁၉၃၇ခု လောက်က ပေါ်ခဲ့တဲ့ စာရေးဆရာ ရွှေတိုင်ညွန့်ရေးတဲ့ မိဘမေတ္တာနဲ့ဝိစိတြာကာလပေါ် သီချင်းပဲ''

''ဩော်....ဒီသီချင်း က တေဘုမ္မာ ထက်ကောင်းနေလို့လား''

''စာသားအနေနဲ့၊ဓမ္မရသအနေနဲ့တေဘုမ္မာကို ယှဉ်တောင်မယှဉ်နိုင်ပါဘူး၊ အင်မတန် ကွာပါလိမ့်မယ်၊ ဒါပေမယ့် ပုထုဇဉ်ရဲ့ သဘောမှာ ကောင်းတာကိုသိပေမယ့် မလိုက်နိုင်လို့ မကြိုက်နိုင်သေးဘူး၊ ကိုယ့်အသည်းနှလုံးမှာ ကိုယ့်အသိ၊ ကိုယ့်အခံနဲ့ ကိုက်သွားယင် ကြိုက်သွားတဲ့သဘောဝရှိတယ်၊ ဒါကြောင့် မင်းကိုပဲ ငါက ပြန်မေးမယ်၊ သီချင်းတပုဒ်ကိုကြားတာနဲ့ မင်းကိုယ်တိုင် မျက်ရည်တောက်တောက် ကျခဲ့ဖူးသလား''

''မျက်ရည် တောက်တောက်တော့ မကျဖူးပါဘူး၊ ဝမ်းနည်းပန်းနည်း မျက်ရည်ဝဲတာလောက်ပဲရှိခဲ့ဖူးတယ်၊ မင်းပြောတဲ့ မိဘမေတ္တာဆိုတဲ့ သီချင်းကိုလဲ ငါကြားဖူးသားပဲ၊ မင်းလိုမျက်ရည်တောက်တောက်တော့ မကျပါဘူး''

''အေး... မင်းက ကျဖူးခဲ့တယ် ဆိုလဲ ငါက ယုံမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအခံနဲ့ငါ့အခံ တူကြတာမဟုတ်လို့ပေါ့၊ မင်းက ငါနဲ့တမြို့တည်းသား ငယ်ပေါင်း ဆိုတော့ ငါ့ဘဝအကြောင်း မင်းသိပါတယ်၊ ငါ့အမေက ငါ့ကိုမိန်းမသားတဦးတည်းနဲ့ မိခင်မေတ္တာကော ဖခင်မေတ္တာပါ ရေမြွမ်း ခစ်တာ၊ အလိုလိုက်တာ၊ ဒါကို ငါအိမ်ထောင်ကျလို့ မိခင်ကို ခွဲပစ်စွန့်လွှတ်ခဲ့တာ ငါမိုက်တာပေါ့ကွာ''

''ဒါတော့ ငါသိပါတယ်''

''အဲ့သလို ငါနဲ့မိခင်နဲ့ ကင်းကွာနေတဲ့အချိန်၊ မိခင်မေတ္တာကို မေ့လျော့ပစ်ပယ်ထားတဲ့ အချိန်မှာ ဓာတ်ပြားထဲက ပထမကြားလိုက်ရခြင်းပဲ''

''မင်းကိုယ်တိုင် တော်တော်စာတွေ့ ပေတွေဖတ်လာခဲ့တဲ့ သူက ကျမ်းဂန်တွေ ကြောင့်တော့ မိခင်မေတ္တာကို သတိမရဘူး၊ သီချင်းနဲ့မှ သတိရတယ်ဆိုတော့ ဆန်းတော့ဆန်းသား''

''အဲ့ဒါ အဲဒါ အာသယာနုသယ သဘောပေါ့ကွာ၊ ဒါကို ငါပြောချင်တာ၊ နိပါတ်တော်ဘွဲ့မှာ မိဘမေတ္တာ မိဘကျေးဇူး အကြောင်းတော်တော်များများပါတာပေါ့ ဒါပေမယ့် ငါ့အခံက ဂီတဖြစ်လိမ့်မယ်၊ နောက်ပြီး ထူးဆန်းတာက ရွှေတိုင်ညွန့်ရေးထားတာက ငါ့တွေ့ဖူးဖတ်ဖူးတဲ့ စာသားတွေကို ဂီတသံသွင်းပေးထားတာမို့ ငါ့အဘွက် ပိုခိုက်သွားတာဖြစ်တယ်၊ ဒါကြောင့် ကြားတဲ့ လူချင်း အရသာခံတဲ့ လူချင်း

မတူနိုင်ကြတော့ဘူး၊ ငါ့မှာက ပို၍ပြင်းထန်အောင် ခံစားလိုက်ရတယ်''

''ရွှေတိုင်ညွန့်က ဘယ်စာတွေကို အမှီပြုပြီး ရေးထားတာလဲ''

''နေဦး စာရေးဆရာရွှေတိုင်ညွန့်အကြောင်းကို ပထမပြောမယ်၊ သူ့နာမည်က ကိုအုံးဆိုင်တဲ့၊ သူ့ဖခင်က ရှေးလူရွှင်တော်ကြီး ဦးကြင်ခဲ့ အမည်ခံ ဦးငယ်ဖြစ်တယ်၊ ရှေးလူရွှင်တော်ကြီးပီပီ၊ စာပေပရိယတ်နဲ့ကဗျာအလင်္ကာမှာ အများကြီးကျွမ်းကျင်ပါတယ်။ သူ့သား ကိုအုံးဆိုင်ကို မြေခဘာင်မြှောက်ခဲ့တယ်ဆိုယင် မမှားပါဘူး၊ အဲသည်ဦးကြင်ခဲ့နဲ့ငါနဲ့ သူတို့အရပ်ဖြစ်တဲ့ ကြည့်မြင်တိုင်ထီးတန်းမှာ ပထမဆုံးဖွင့်ခဲ့တဲ့ သဘာဝဓမ္မဆေးပညာသင်တန်းကို ၁၉၃၅ခု လောက်က အတူတက်ပြီး သင်ခဲ့ကြဘူးတယ်၊ ဒါကြောင့် ဦးကြင်ခဲ့ရဲ့အရည်အချင်းကို ငါသိခဲ့ရပါတယ်၊ ကဲ ဒီတော့ အခုန ငါဖတ်ဖူး တွေ့ဖူးတဲ့ စာသားကို ကိုအုံးဆိုင်က ဂီတသံသွင်းခဲ့တယ်ဆိုတဲ့ နေရာမှာ ဘယ်က စာသားတွေလဲလို့ ပြောရယင် အလွန်ရှေးကျသော 'လေပြေထိုးကြီး' တပုဒ်က စာသားများဖြစ်နေလို့ပါပဲ''

''ဩော်....မင်းပြောတာ ငါသဘောပေါက်ပြီ၊ မိမိကျွမ်းကျင်ခဲ့ဖူးသောအရာကို မိမိနှစ်သက်ဝါသနာထုံသောဂီတနှင့် လုံ့ဆော်ပုတ်နှိုးလိုက်ခြင်းသဘော''

''ဟုတ်တယ်၊ ဒါကြောင့် ထိုဂီတသီချင်းကို ငါ့အဘွက်ဖြင့် 'ဓမ္မဂီတ' ဟု မှတ်ယူ မြတ်နိုးပြီး ငါ့ထက် အသက်ငယ်သော်လည်း စာရေးဆရာ ရွှေတိုင်ညွန့်ခေါ် ကိုအုံးဆိုင်ကို ဓမ္မကထိက တဦးရယ်သို့ ကျေးဇူးတင်ခဲ့တယ်၊ သူ့ဖခင် ဦးကြင်ခဲ့ကို ကြည်ညိုခဲ့ရတယ်''

''အင်း....ကာလပေါ် သီချင်းမင်ဖြစ်စေကာမူ အကြောင်းအရာ ဓမ္မဒိဋ္ဌာန်ကျယင် ဓမ္မဂီတပါပဲလို့ မင်းပြောချင်တာပဲပေါ့''

''ဟုတ်တယ်၊ သို့ပေမယ့် ဒါလောက်သာ ရည်ရွယ်ပြီး ပြောလာခဲ့တာမဟုတ်ဘူး၊ သီချင်းဂီတ တပုဒ်ကို ကောင်းယင် ကောင်းသလောက် နောက်လူ ပညာရှင်များက မှန်ကန်စွာ မမှားမယွင်း မပျောက်မပျက်အောင် ထိန်းသိမ်းကြဖို့ တာဝန် ရှိလိမ့်မည် လို့ ပြောချင်တာ လဲ ရှိလို့ ဒီလောက် ရှည်ရှည်ဝေးဝေးပြောခဲ့တာပဲ''

''အဲဒီသီချင်းကို တော်တော်များများဆိုနေကြသားပဲ၊ ဒါဟာ ထိန်းသိမ်းကြတာပေါ့''

''ငါပြောတာ (မှန်ကန်စွာ) ဆိုတာလဲ ပါသေးတယ်လေ၊ ဥပမာ ရှေးမဟာဂီတ သီချင်းကြီးများကို ယခုခေတ်ထိအောင် သီဆိုတီးမှုတ်နေကြတာ မှန်ပါတယ်၊ ဒါပေမယ့် ဂီတဆိုတာ စာပေနဲ့ ယှက်သွယ်နေတယ်၊ အသံနဲ့ ယှက်သွယ်နေတယ်၊ ဒါကြောင့် နောက်ကာလမှာ သဒ္ဒါသတ်ပုံ လွဲသွားတာနဲ့ အဓိပ္ပာယ်တမျိုး ဖောက်ပြန်ပြီး မူလဂီတ ပျက်သွားနိုင်တယ်၊ အသံထွက် တာဒင် အပိုင်းအဖြတ် လွဲသွားတာကြောင့် ချွတ်ယွင်းသွားနိုင်တယ်၊ ဒါတွေကို ပြောရယင် အရှည်ကြီးပါပဲ၊ တခန်းတကဏ္ဍ ပြောရမလို ဖြစ်နေလိမ့်မယ်၊ မိဘမေတ္တာ သီချင်းကိုပဲ လိုရင်းပြောကြပါစို့၊ ကဲ သူ့သီချင်းစာသားကိုဖော်ပြနေရလျှင် စာကြောင်းတွေ များနေရော့မယ်၊ မှားတတ်ကြတာကိုသာ ငါပြောတော့မယ်၊ အေး ငါပြော တယ်ဆိုတာထက် မူရင်းစာကိုယ်နဲ့ ညှိပြမယ်ဆိုတာက သဘာဝကျမှာပေါ့ကွာ၊ ပထမခေတ်ပြားသီချင်းက ဝိစိတြ ဒုတိယခေတ်ပြားက မိဘမေတ္တာ ဖြစ်တယ်၊ အဲဒီ ပထမ ခေတ်ပြား ဝိစိတြသီချင်းမှာ—

၁။ ''ပတ္တမြားအရောင်ဖြာတဲ့ စမုတ်ဆောင်ထဲ၊ ခေါ်ဘတောင်ထွာနဲ့ ဥသျှောင်တဲ၊ ဘုရားကျောင်းဒကာကြီး တုပ်နှောင်လဲတော့သည်'' လို့ ဆိုကြတယ်၊ အဲသည်မှာ မူရင်းစာကာရန်က—

ပတ္တမြား'အမြောင့်'ကာတဲ့ စမုတ်ဆောင်ထဲ၊ ခါး 'တတောင်စုံထွာ'နဲ့ ဥမင်ချောင်တဲ၊ ဘုရားကျောင်းဇကာကြီး တုပ်နှောင်လဲတော့သည်'ဒါမှ ကာရန်နဲ့အစီပွားယ် ပိုပီသတယ်''

''အင်း ကဗျာအလင်္ကာမှာ ကာရန်ကို အရေးသာယူကြတာပဲ၊ နောက်ကော''

'၂။ အဘာတသတ် 'ထိုခင်းသား'၊ အနာဂတ်ကို သူမစဉ်းစား'တော့သည်လို့ ဆိုနေကြတယ်၊ ဖြစ်သင့်တာက အဘာတသတ်လူမင်းသား၊ အနာဂတ်ကို သူ မစဉ်းစားတော့သည်လို့ ဖြစ်ရမယ်''

''မင်းသားပါဆိုမှဖြင့် လူပဲ ဖြစ်ရမှာပေါ့၊ မင်းက 'သူ'ကာရန်ကို လိုချင်တာနဲ့ လူမင်းသား လုပ်ရမှာသား''

''ကာရန်ကိုလိုချင်လို့ ဇွတ်လုပ်ယူတာမဟုတ်ပါဘူး၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းရယ်လို့ အသုံးအနှုန်း ရှိပါတယ်၊ အရဟ ဂုဏ်တော်ကို ဖွဲ့တာပဲပြန်ကြည့်၊ လူမင်း၊ နတ်မင်း၊ဗြဟ္မာမင်းတို့၏ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာ ဘုရားလို့ ရှိတယ်မဟုတ်လား၊ ဒါကြောင့် လူမင်းသားလို့ ဖွဲ့တာက ကာရန်လဲသင့်တယ်၊ အနက်လဲပိုမြင့်တယ်''

''ဟုတ်တယ်၊ သဘောကျလောက်စရာ ရှိပါတယ်၊ နောက်ရှိသေးလား''

''ရှိသေးတယ်၊ အခုအချက်က ပိုအရေးကြီးတယ်၊ သိသိသာသာကိုလဲ မှားနေကြတယ်''

၃။ တကာမုနိ၊ ကြွေလုသည်းဆိုင်၊ တတ်နိုင်ပါပဲ၊ သူနိုင်ငါမင်း ဖြစ်တော့သည်တဲ့၊ အဲသည့်အပိုဒ်ဟာ အကွဲလွဲဆုံး ဖြစ်နေတယ်''

''ဘယ်လိုကွာတာလဲ''

''တကာမုနိလို့ ဆိုတဲ့သူက မုနိကို ဘုရားအယူအဆနဲ့ ဘုရားကိုဘာနေပါတယ်လို့ အစီပွားယ်ယူကြတာ ဖြစ်ပါလိမ့်မယ်''

''နို့မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ဒီစာသားကို ဆရာရွှေကိုင်ညွှန့်က စိန်ခြယ်ခြူးသန်း ပတ်ပျိုးမှာ ရတုကို တိုက်ရိုက်သုံးထားတာ ဖြစ်တယ်၊ အဲသည့် အသုံးကလေးကို ငါဖြင့် ကြည်နူးလို့မဆုံးဘူး၊ မူလ ရတု အသံသက် ပိုပြီး ခံစားမှုကရုဏာရသ ပေါ်နေတယ်၊ ဒါကြောင့် အမှတ်တရရှိနေတာပေါ့''

''မူရင်းရတု စာသားက ဘယ်လိုတဲ့တုံး''

''ဌာကမ္ဗုလည်၊ ကြွေလုသည်းဆိုင်၊ မတတ်နိုင်ပဲ၊ သူ့နိုင်ငံ မင်းပြုတော့သည်၊ ပြဒါးယာဉ်သာ၊ တသဉ္စာ၊ ထင်ရာမျှော်ကိုးမိတော့သည်၊ သေ့ခုစိမ်းကား၊ တိမ်တပါးနှင့်၊ ကြိမ်းဝါးမျက်သို၊ ထဲမလိုသည်၊ မာန်ကိုဝှက်ရှိုင်း၊ ဖက်နှိုင်းမျှ၊ စက်တိုင်း မပျော်သလောဘူး-တဲ့''

''အခုမင်းဆိုတဲ့'ဌာကမ္ဗုလည်'ဆိုတဲ့အစီပွားယ်ကဘာလဲ ငါဖြင့် 'ကကာမုနိ'ဆိုတာကမှ ရှင်းနေသေးတယ်''

''အေး- လွယ်လွယ်နားလည်စရာတော့ ဖြစ်သပေါ့ကွာ၊ ဒါပေမယ့် ဌာကမ္ဗုလည် ဆိုတဲ့ စာသားလောက် ကောင်းမကောင်း မင်းပဲစဉ်းစားကြည့်၊ ဌာလို့ မဟာဂီတ စာအုပ်များမှာ ပါနေတာက အဋ္ဌဆိုတဲ့ ပါဠိကရှစ်ခု၊ ကမ္ဗုဆိုတဲ့ ပါဠိကထီး၊အနက်ကိုပေါင်းလိုက်တော့ ကနက္ကဏ်၊ သူရိယ၊ ပဒုမ၊ သမုတိအမည်ရှိသော သီဟာသနပလ္လင်၏ လက်ယာဘက်မှ ထီးဖြူလေးစင်း၊ ဝဇ္ဇ၊ စန္ဒ၊ကုမုဒ၊ဝိသကြုံအမည်ရှိသော လက်ယာဘက်မှ ထီးလေးစင်း၊ အဲသလိုထီးဖြူရှစ်စင်း ဝန်းရံကျင်းတဲ့ နန်းတွင်းအလယ်မှာ 'သူ့နိုင်ငံတွင် သူမင်း'ဟူ၍ မာန်ဘင်းခနေသောကြောင့် ကြွေလုသည်းဆိုင်ခံစားနေရပါတယ်လို့ ဆိုလိုတာဖြစ်တယ်၊ အဲသည့် စိန် ခြယ် ခြူးသန်း ပတ်ပျိုးရဲ့ သဖြန်ကို ကြည့် ဦး၊ ခြူးစိန်နွဲ့ယဉ်၊ ရှင်ထီးဘုံပလ္လင်က၊ ညနေ့စဉ်ပေါင်းလို့ ဆက်ထားသေး

တယ်၊ ဒါကြောင့် ဌာနမှူလည်ဆိုတဲ့ စာသား က ထီးသံနန်းသံရာဇထုံးတမ်းပီသတယ်၊ခန့်ညား တယ်၊ လေးနက်တယ်၊ အဌာနဌဖြစ်သာတယ်''

''ခင့်အယူအဆ ကို ငါ့သက်ခံပါတယ်''

''ငါ့အယူအဆမဟုတ်ပါဘူး အာစရိယဝါဒ ပါ''

''သူနိုင်ငါမင်းဆိုတာကော မှားလား''

''သူနိုင်ငါမင်းဆိုတာထက် သူ့နိုင်ငံမှာ သူ မင်းဟူ၍ ပြုနေသည်ဆိုတာက အဓိပ္ပာယ်ပိုပြီး မပြည့်စုံဘူးလား၊ ဒါလဲမဟာဂီတပါစာသားပဲ၊ တကယ်တော့ အခုငါပြောနေတာတွေဟာ ကိုယ်တိုင် ဂီတပညာရှင် မဟုတ်ပါလို့ ဝန်ခံပါတယ်၊ သို့သော် ငါ့အတွက် အကျိုးပြုခဲ့တဲ့ 'မဟာဂီတ' တပုဒ်ဟူ၍ ကျေးဇူးတင် မှတ်စွဲယူဆထားတာ မို့ ဒီသီချင်းကို မှန်စေချင်တယ်၊ သန့်စေချင် တယ်၊ ထိန်းသိမ်းကြစေချင်တယ်၊ ဒါကြောင့် စာပေနှင့် ညီစေချင်တယ်၊ လေးနက်တယ်၊ ကောင်းမွန်တယ် ထင် ယင် ယူလိုသော်ယူကြ၊ မယူလိုသော် နေကြဖို့ပါပဲ''

''ကောင်းပါတယ်၊ မဟာဂီတကျမ်းများမှာ သတ်ပုံသတ်ညွှန်း အမှားအယွင်းတွေ တော်တော် တွေ့ရပါတယ်၊ ဒါတွေကို စာပေပညာရှင်ကြီး များနဲ့ ဂီတပညာရှင်ကြီးများ စိစစ်ညှိနှိုင်း သုတ် သင်ပေးဖို့ ကောင်းတယ်၊ အယင်ကတော့ ဂီတ လဲ ကျွမ်းကျင်၊ စာပေမှာလဲ ပြည့်စုံတဲ့ ဒီးဒုတ် ဦးဘချို က လုပ်နိုင်သလောက် လုပ်သွားပါ တယ်''

''ဟုတ်တယ်၊ ဆရာ့ကျေးဇူးကြောင့် ဂီတ ပညာရှင်ကြီးများ ဂုဏ်တက် ပေါ်လွင်လာရ တယ်ဆိုလျှင်ဘယ်သူမှငြင်းနိုင်မယ်မထင်ပါဘူး''

'ကဲ ရွှေတိုင်ညွန့်မှီးခဲ့တဲ့ လက်ာကြီ ဆိုတာ လုပ်စမ်းပါဦး''

''လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ခန့်က စာရေးဆရာကြီး ဆရာသင်းရေးခဲ့တယ် ဗိမ္ဗိသာ ရ လက်ာကြီး ဖြစ်တယ်၊ အဲသည့် လက်ာကြီးထဲ က ဆရာရွှေတိုင်ညွန့်ဘယ်စာသား တယ်ကာရန် ကလေးတွေကို ထုတ်ယူ အသုံးချသွားတယ်ဆို တာကြည့်ပေတော့၊ ခအားနည်းနည်းတော့သည်း ခံပေါ့ခလ၊ လက်ာကြီးက ရှည်တော့ရှည်တယ်''

## ဆရာသင်းရေးသော ဗိမ္ဗိသာရ လက်ာကြီး

''မဟာပြာသာဒ်အတွင်း တံခါးက၊ အခါ မလပ် တစင်းခေါ်နဲ့ 'ဟိုသင်းဟာ'ဇာတာသတ် မင်းသားပါကလား၊ အနာဂတ် မစဉ်းစားပဲ၊ အဘင်းသွားပြီး မလိမ္မာသမျှ တမင်သရမ်းဘက် နှင့်၊ သိင်္ဂါပဝရပလ္လင်ကြငှန်းပျ၊ ဗိမ္ဗိသာရဘုရင် တနန်းစံ၊ တကြိမ်တခါစပြီး အရှင်ဖမ်းပြန်ပြီ၊ ပြင်အခန်းထရံ သံတူနှင့်ရိုက်ပြီး၊ ရန်သူအမိုက် တရားမစောင့်သူက၊ ပတ္တမြားအမြောင့်ကတဲ့ စမှတ်ဆောင်ထဲ၊ ဘုရားကျောင်း တကာကြီး တုပ်နှောင်လဲပြီး၊ ခေါ်တတောင့်ထွာနဲ့ ဥသျှောင် တဲနေပါက လား၊ ဒုတ်တတောင်မစဲ လက်ရုံး ရောင်ဖြင့် မသနား မညှာသတ်တဲ့၊ သားအဇာ တသတ်၊ ပြေကိုမွှေ သည်၊ ယမားကြာယတ်နဲ့ ရွှေကောသိ၊ အနှားလာကပ်တာက ဝေဒေဟီ၊ စကားလာမစပ်နဲ့ သေပေစီ၊ ရေခမြနဒီ ဇနိန္ဒာ နတ်၊ဗိမ္ဗိသာမြတ် စန်းဇာတာညိုတော့၊ နန်းဇ ဇဂြိုဟ်၊ ဖန်မြေအတွင်းက၊ ကံခေယွင်းတာအပူ ပွားဖို့၊လှုံရှည်နှစ်စင်းဟာနဲ့၊လူအများတို့ သံခြေ ကျင်းယူသွားပြန်ပဟော့၊ မာန့်တွေသွင်းတာက ဘသူအားပါလိမ့်၊ အမှုမထားပဲ၊ ရန်ညှိုမိ၊ ကံ ဆိုးဖိဘာ ဝါးရင်းတုတ်နဲ့ သံကြိုးနှစ်မြွာအတင်း

တုံ်နေပြန်ပကော၊ ပယင်းရုပ်ရွှေအဆင်းလှသူ၊ အကျဉ်း ချုပ် မြေ အတွင်းကျဘော့၊ ထမင်း တသုတ် ဂဒ္ဒ(ကိုမှ) ရေမသွင်းရဘူးတဲ့”

(သည်ဘော့) မဟာအဂ္ဂဝေဒေဟီက၊ စာဆက်ချအောင် ရွှေကေသီ၊ ငွေကဇီသူးဆွတ်ကာဖြင့်၊ ရှုးသွပ်ဇရာ ဘဝင်မချမ်းမြပဲ၊ တမင်လွမ်းတပြီး ရှောင်တခင် ပလ္လင်နန်းမက၊ ထောင်ဝင်သွားပြန်ပြီ၊ အရောင်တင် ဖြည့်ဖြေ သက်တော့၊ ပြည်ပရမေ ကရုမက်ဆာမွတ်သူ၊ ကဇီရေစက် ကလေးလျှာဆွတ်ယူရ၊ ရာဇဝတ်သူမို့ မားလွတ် မိုးလျက်ပါလား၊ တခါလွတ်ဆူတာက အပါယ် အိုးတွေ၊ အနွယ်သတိုးတရားဓမ္မာတတ်သူ၊ သား အဇာတသတ်က ထောင်မှာသွင်း၊ တောင်ညာ သနင်း မိခင် ငိုတာတောင်၊ ကြည့်ချင်သလို မောဟာအထုံဝစီစွဲပြီး၊ လောဟကုမ္ဘီရဲတဲ့ချောင်းသွားမှာမို့၊ အဘမင်းတရားကြီး ဖဝါး တဖက် တဖက်၊ မားတလက်လက်နဲ့ချီ (ခြေ)မှာ ဆွ၊ ဆားအစက် အစက် အရည်ဟာကျတော့၊ စကားတချက် တချက်မပီသရှာဘု၊ သီလသမ္မာ ယခုလိုရှိရက်ကနဲ့၊ အကုသိုလ် ဝိပါက်ကြိမ်လာ ယွင်းတော့၊ ဗိမ္ဗိသာရမင်း အနိစ္စစောင်းလျှင်၊ အရှိန် အနာကင်းအောင် ဘိဇ္ဇနသဘောပါလို့၊ စိတ်ဟဒယပနော့ခက်လေသနော်လို့၊ မျက်ရည် တော်သုတ်သံကြားပါလိမ့်ဆရာ။ ။



# အဟောင်းနှင့်အသစ်



''ပုဆုဇနု၊ ဆိုမျှပုဂ္ဂိုလ်၊ များလူဗိုလ်ဘို့၊ မလို မကောင်း၊ ထိုသျှင်ကောင်းရှင့်၊ အဟောင်း အသစ်၊ မှို့အိုဖြစ်လည်း၊ မချစ်ခလှ၊ ချစ်လျှင် လှ၏။''

'အမယ်....သူငယ်ချင်း၊ ဘာများ စိတ်ကူး ပေါက်နေတာလဲ''

''မင်း ဒီစာကို ကြားဖူးတယ် မှတ်လား''

''ကြားဖူးရုံခကဘူး၊ ခဏ ခဏ ဖတ်ဖူး တာပေါ့၊ မန်လည်ဆရာတော်ကြီးရဲ့ မဃဒေဝ လင်္ကာကြီးလေ''

''ကဲ...ကြားဖူး ဖတ်ဖူးယင် အဓိပ္ပာယ် ပြန် ပြောစမ်းကွာ''

''ဆရာတော်ကြီ က အရှင်းဆုံး ရေးထား တာကွာ၊ လောကထဲက လူတွေဟာတဲ့၊ မလ တမ-လတမ လုပ်ဘတ်ကြတာ ထုံစံပဲတဲ့''

''ဘာလဲကွ (မလ တမ-လတမ) ဆိုတာ''

''ဩော်- ဒီလောက်မှမသိဘူးလား၊ (မလို တမျိုး-လိုဘမျိုး)ပေါ့။ လို လား နေ တဲ့ အ ခါ ဖြစ်သင် အဲသည့်လူလုပ်သမျှ ကိုင်သမျှ ပြောသမျှ ဆိုသမျှ အကောင်းချည်းပဲလို့ လက်ခံကြသည်။ မလိုဘဲ့အခါဆိုယင်တော့ အဲသည့်လူ လုပ်သမျှ ကိုင်သမျှ ပြောသမျှကို ဆိုသမျှတွေဟာ အပြစ် ချည်းပဲ ဖြစ်တာပဲတဲ့၊ မုန်းလျှင် အပြစ်၊ ချစ်လျှင် အကျိုး၊ မြွက်နိုးမှုသဒ္ဒါ၊ ထိုနည်းလည်းကောင်း ပဲ ချစ်နေတဲ့အခါဆိုယင် အအိုရွတ်တွကြီးပဲ ဖြစ်ဖြစ်၊ အပျိုကလေး နုနုထွတ်ထွတ်ဖြစ်ဖြစ် လှဘယ်လို့ထင်ကြတာပဲ။ အဲ-မချစ်လို့ မုန်းတဲ့ အခါဆိုယင်တော့ အပျိုချောချော လေးဖြစ် ဖြစ်၊ အအိုပဲဖြစ်ဖြစ် လှတယ်လို့ကို မထင်တော့ ဘူးတဲ့၊ ကဲ ရှင်းနေတာပဲ မဟုတ်လား''

''အေး မင်းက ဒီလို ဒီလို အဓိပ္ပာယ်ပြန် သလို ငါကတော့ တမျိုးတွေးမိနေလို့ ပြန်ရှာ ကြည့်တာ၊ ငါစဉ်းစားမိတာ ဆိုပါတော့ကွ''

''အင်း-မင်းကတော့ ရှင်းတာကို ရှုပ်အောင် လုပ်တတ်တယ်၊ ပြောစမ်းပါဦး''

''ပညာရှိ သူတော်ကောင်းများရဲ့ စကားကို ကိုယ့် ဉာဏ် နဲ့ ကိုယ် ကြံဆစဉ်းစားကြည့်ဘော့ ဗဟုသုတပိုရတာပေါ့ကွ၊ မင်းပြောတဲ့ အဓိပ္ပာယ် အရဆိုယင် လောကထဲက လူတွေရဲ့ စိတ်ထား သဘောထားကို (သရော်) လိုက်တာလို့ နားလည်နိုင်တယ်''

''အေးလေ- ဒါပေါ့၊ စ ဆိုထားတာကိုက ပုထုဇနု၊ ဆိုမျှပုဂ္ဂိုလ်၊ များလူဗိုလ်တို့ကို ဆိုထား တာ၊ ပုထုဇဉ်ဆိုဘာ အရူးတွေလိုပဲ ဖောက်လွဲ ဖောက်ပြန် ခုတမျိုး ဟော်တော်ကြာတမျိုးဖြစ် တတ်တာကို ဆုံမထားတာ မဟုတ်ဘူးလား''

''မင်းလက်ခံတဲ့ အဓိပ္ပာယ်ကို ငါက မှားတယ်လို့ ပြောနေတာမဟုတ်ပါဘူး၊ သို့ပေမယ့် ဆရာတော်ကြီးက မင်း အခုန ပြောခဲ့သလို လောကကြီးကို (သရော်)တာ သက်သက်မျှသာ မဟုတ်ပဲ အကျိုးရှိရာရှိကြောင်း လမ်းညွှန်နည်းပြသုံးမခဲ့တာကော မဖြစ်နိုင်ဘူးလား၊ ဥပမာ ကွာ ဆရာတော်ကြီးက ပြောတယ် (မလို မကောင်း၊ လိုလျှင် ကောင်း၏) ဆိုတဲ့စကား၊ ဒါကလေးကိုပဲ စဉ်းစားကြည့်စမ်း၊ မင်းပြောသလို (ချစ်တဲ့ မုန်းတဲ့စိတ်)နဲ့ တွေးယူနိုင်သလို (လိုအပ်ခြင်း၊ မလိုအပ်ခြင်း) ဆိုတဲ့ အနက်အဓိပ္ပာယ်နဲ့ တနည်းတွေးကြည့်ယင်ရော မရနိုင်ဘူးလား''

''မင်းပြောတာ ငါ နားမရှင်းသေးဘူး''

''ကောင်းပြီ၊ လောကမှာ လိုလားနှစ်သက်အပ်သော အကျိုးပြုသောအရာဝတ္ထုတို့ကို ပါဠိလို (ဣဋ္ဌ)လို့ ခေါ်တာမျိုး၊ မလိုလား မနှစ်သက် လက်မခံထိုက်သော အကျိုးမဲ့များကို ပါဠိလို (အနိဋ္ဌ)လို့ ခေါ်တာတော့ မင်းလက်ခံနိုင်တယ် မဟုတ်လား၊ သဘောပေါက်ရဲ့ မဟုတ်လား''

''ဒါတော့ သဘောလဲ ပေါက်တယ်၊လက်လဲ လက်ခံတယ်၊ ဣဋ္ဌာရုံဆိုတာ ကောင်းမြတ်တဲ့ အာရုံသဘောတရား၊ အနိဋ္ဌာရုံဆိုတာ ကျက်သရေမရှိ မင်္ဂလာမရှိတဲ့သဘောတရားတွေပေါ့''

''ဒါဖြင့် လူစိတ်တွေကို (သရော်)တာလို့ မှတ်ယူသပဲ လောကအကျိုးစီးပွားအတွက်(လိုအပ်သော သဘောတရားများ)က ကောင်းမွန်ကြတာဖြစ်သပဲ၊ (မလိုအပ်သော သဘောတရားများ)က ယုတ်ညံ့တယ်၊ နိမ့်ကျတယ်၊ အကျိုးမရှိဘူးလို့ ယူဆလျှင် အခုနလို (သရော်)တာထက် အသိဘရားမဖြစ်နိုင်ဘူးလား''

''ဒါဖြင့် လိုအပ်တာနဲ့ မလိုအပ်တာကို ဘယ်သို့ဆုံးဖြတ်ကြည့်ရမှာလဲ''

''ဒါတော့ မိမိပညာဉာဏ် အတိမ်အနက်နဲ့ နှိုင်းယှဉ်ဆုံးဖြတ်ယူရမှာပေါ့၊ မိမိအတွက်သော်လည်းကောင်း၊ လောကအတွက်သော် လည်းကောင်း၊ ကောင်း-မကောင်း၊လိုမလို သိနိုင်ကြသားပဲ၊ ဒါကို ဆရာတော်ကြီးက ဆက်ရေးထားတာ မင်း သတိမထားလို့နေမှာပါ၊ အထက်ကစာနဲ့ ဆက်လျက်ပဲလေ၊ 'လောကဓမ္မတာ၊ လူတို့ထွာဘည့်၊ ပညာစက္ခု၊ မျှော်ထောက်ရှုလော့'တဲ့၊ ဒီအပိုဒ်ကို ဆက်ဖတ်ယင် အဓိပ္ပာယ်ပေါက်ရောမဟုတ်လား''

''အေး-ဒီလို စဉ်းစားယူတော့ ပိုပြီး လေးနက်သွားသလို၊ မြင့်သွားသလိုပဲဟေ့၊ ကဲ... 'မချစ်မလှ၊ ချစ်လျှင် လှ၏'ဆိုတာကျတော့ကော လုပ်ပါဦး''

''ငါယူဆခဲ့တဲ့အတိုင်းသာ ဆက်ပြောရယင် မိန်းမ-ယောကျ်ား ကာမဂုဏ်ကိစ္စမှ ကျော်ပြီး အနုပညာပိုင်း ရောက်သွားပါလေရော ခင်ဗျာ၊ ခြုံပြီးပြောရယင် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းဆိုပါတော့''

''အမယ် လုပ်စမ်းပါဦး၊ မင့်ဟာ ကြီးကျယ်လာလိုက်တာ ဟဲ....ဟဲ....''

''မင်း (သရော်) ချင်လဲ သရော်ပေါ့လေကွာ၊ ငါကတော့ ငါ့အတွေးနဲ့ ပီတိဖြစ်နေတာပဲ''

''ထူးထူးဆန်းဆန်း ကြားနေရလို့ပါကွာ.... သရော်ဘာ မဟုတ်ပါဘူး၊ လုပ်ပါ''

''အဟောင်းအသစ်၊ ပျိုအိုဖြစ်လည်း၊ မချစ်မလှ၊ ချစ်လျှင် လှ၏'လို့ ဆိုတဲ့နေရာမှာ အဟောင်းဆိုတာကို ဟောင်းမြင်းခြင်း၊ ဇင်မြုပ်ပျောက်ကွယ်နေခြင်း၊ စွန့်ပယ်ထားခြင်း လို့

အဓိပ္ပာယ်ယူသား၊ အသစ်ဆိုဘာကို မကြားမိကမှ ပေါ်ပေါက်ဖြစ်ထွန်းလာခြင်း၊ လတ်တလော ထင်ရှားလာခြင်းလို့ အဓိပ္ပာယ်ယူထား၊ နောက်ပြီးတော့ ပျို့ဘွဲ့သဘောတရားက ပျို့မြစ်နုနယ်ခြင်း၊ အိုဆုံတာကတော့ အခါကာလချို့တဲ့ လွန်မြောက်ရင့်ရော်လာခြင်းပေါ့ကွာ၊ အဲဒါနဲ့ဆက်တော့မှ မချစ်မလှ၊ ချင်လျှင် လှ၏လို့ ဆိုတာက (လိင်စိတ်)မဟုတ်ပဲ ယုယမြတ်နိုး ခင်တွယ်တဲ့ချစ်ခြင်းလို့ ယူလိုက်တာနဲ့ တပြိုင်တည်း 'လောကလူသားတို့အဖို့ မလိုလားအပ်တာ၊ လိုလားအပ်တာကို မိမိဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာကြည့်သာလို့ရှိလျှင် ဟောင်းမြင်း၍ဟူ၍ ပစ်ပယ်ထိုက်သည့် အသစ်ပေါ်ပင်ဟူ၍လည်း မက်မောလက်ခံရသည်ချည်းမဟုတ်၊ မိမိ၏ (ချစ်တတ်သော)စိတ်ကသာ ဆုံးဖြတ်မှုပြုနိုင်ပေသည်ဟူ၍ ဘာသာပြန်နိုင်မည် ဖြစ်ပါတော့သည်ခများ၊ ကဲ ဘယ့်နှယ်လဲ''

"အေး......"

"မင်း(အေး)ကြီးကလဲ ဘဝင်မကျတဲ့ အေးကြီးပါလား"

"မင်းပြောသလို ချစ်တတ်ဖို့ မချစ်တတ်ဖို့ဆိုတာက လူအမျိုးမျိုး စိတ်အထွေထွေ အယူအဆချင်း တူကြဦးမှကိုး"

"ဟုတ်ပါတယ်၊ တူညီကြရမယ်လို့ မတိုက်တွန်းပါဘူး၊ ကိုယ့်စရိုက် ကိုယ့်ဝါသနာအရ ကွဲပြားနိုင်တာမို့ 'မချစ်မလှ၊ ချစ်လျှင် လှ၏'လို့ ဆရာတော်ကြီးက ကံသေကမှ မဟုတ်တာကို ရေးထားတာပဲ၊ ယခု နှစ်ဆယ်ရာစုနှစ် (ကွန်ပြူတာ)ကို အလေးဂရုပြုနေကြသလို သမိုင်းသုတေသီများက ကမ္ဘာ့အစက (ရုပ်ကြွင်းတွေ၊ မြို့ဟောင်းတွေ တူးဖော်နေကြတာ သူတို့လဲ သူ့ဘို့ချစ်မြတ်နိုးရာ တပင်တပန်း လုပ်နေကြတာပေါ့၊ သို့ပေမယ့် ချစ်ကောင်းစရာလား မချစ်ထိုက်စရာလားတော့ အတိုင်းအဆနဲ့ ချင့်ချိန်ကြည့်ကြရအောင်လို့ပါ၊ ငါဆိုလိုတာက ဓလေ့ထုံးစံယဉ်ကျေးမှုဖြစ်စေ၊ ဘာသာရေးအယူအဆဖြစ်စေ၊ အဟောင်းအသစ်ဟူ ကောင်းမွန်တာ မှန်ကန်တာ၊ အကျိုးပြုတာကို ရွေးချယ်စိစစ်ကြည့်နိုင်လျှင် သင့်လိမ့်မယ်လို့ ပြောချင်တာပါ၊ အဟောင်းမှန်သမျှ မကောင်းဘူး၊ အသစ်မှန်သမျှ မကောင်းဘူးလို့ လိပ်ခဲတည်းလည်း လှုံ ဓားထစ်မဖြစ်လျှင် ပြီးတာပါပဲ၊ ဥပမာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓဟောတော်မူတဲ့ တရားတွေ၊ ဒါတွေဟာ ကမ္ဘာချိုင့်အောင် ဟောင်းသွားစေကာမူ ပစ်ပယ်ကောင်းတဲ့တရားတွေလား ကဲ....'

"ဒါလဲ သာသနာ ၅၀၀၀-ဆိုပါတော့၊ နှစ်ပေါင်း ငါးထောင်ကျော်တဲ့အခါ အလိုလို မပျောက်သွားမှာဆို"

"ဒါဟာ အဓိပ္ပာယ်မရှိတဲ့စကားပဲ၊ ဗုဒ္ဓကိုယ်တော်တိုင်က ဟောထားတယ်၊ ငါ၏အဆုံးအမကို တဦးတယောက်ထဲက လိုက်နာကျင့်သုံးနေသည်သာဖြစ်လျှင် ငါ၏(သာသနာ) အဆုံးအမဟာ နှစ်ပေါင်း ငါးထောင်၊ တသောင်း၊ တသိန်းအထိ တည်မြဲနေမည်သာ ဖြစ်တယ်'လို့ အထင်အရှားဟောထားတာရှိပါတယ်။ သို့သော် တခုတော့ ရှိတယ်၊ ဗုဒ္ဓ၏အဆုံးအမတရားများဟာ အလွန်မွန်မြတ်တယ်၊ အကျိုးရှိတယ်၊ လိုက်နာကျင့်ကြံသင့်တယ်၊ ချစ်မြတ်နိုးအပ်တယ်လို့ ဟောပြောပို့ချ ရေးသားပေးတဲ့ပုဂ္ဂိုလ်များ လိုအပ်သလို အကျိုးပြုနိုင်တဲ့ ဓလေ့ထုံးစံနဲ့ ပညာယဉ်ကျေးမှုတို့ကိုလဲ မျက်ခြည်မပြတ်အောင် ပညာပေးဖို့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့ လိုအပ်ပါတယ်၊ ရှင်းရှင်းပြောရရင် ကောင်းတာတွေကို ထုတ်ဖော်ပေးရမယ်၊ မကောင်းတာတွေ ပစ်ပယ်ပေးရမယ်....ဒါပဲ"

"အေး မင်းပြောတာ ငါဘဝင်ကျသွားပြီ၊ တို့မြန်မာ စကားပုံမှာ ရှိ တယ် မ ဟုတ် လား၊ (မသိသူကျော်သွား၊ သိသူဖော်စား) ဆိုတာလေ၊ နောက်ပြီး ကောင်းတဲ့အရာဝတ္ထု သဘောတရားဟူသမျှ ကောင်းမြင်တယ် ဆိုပြီး မေ့ပျောက်စွန့်ပယ်ထားစေကာမူ သူ့ဩဇ၊ သူ့ရသ၊ သူ့ဂုဏ်ဒြပ်၊ သူ့သတ္တာများဟာ ယုတ်လျော့ ပျက်သုဉ်းသွားတယ်လို့ မရှိဘူး၊ အသစ်အဆန်းဆိုတာတွေက ခုတမျိုး ခုတမျိုး ပေါ်လိုက် ပျောက်လိုက် ဖောက်ပြန် နေ ကြ တာကို ပြုံးပြုံးကလေး ကြည့်နေကြမှာ သေချာတယ်၊ (ပတ္တမြားမှန်လျှင် နွံမှာနစ်စေတော့ မညစ်ပါတဲ့ ထိုအရောင်၊ ဘိုးသို့ သာပြောင် )ဆိုတဲ့ စကားဟာလဲ ဒီသဘောကို ပြောတာ ဖြစ်မှာပဲနော်"

"ဟုတ်တယ် မြတ်နိုးအပ်တဲ့ အကျိုးပြုအဖိုးတန်တဲ့ အရာကို (ရတနာ)လို့ ခေါ်တယ်၊ ရတနာသုံးပါး (ဗုဒ္ဓ ဓမ္မ သံဃာ)၊ ရတနာ (၇)ပါး (ကျောက်သံ ပတ္တမြား သားသမီး ဆင် မြင်း)စသည်တို့ပေါ့ ရတနာ စစ် လျှင် ဗုန်းဗောသအော လွယ်လွယ်နဲ့ များများမတွေ့နိုင် မရနိုင်တာဟာ တို့ကိုယ်တွေ့ချက်မြင်ပဲ"

"ရွှက်ဟောင်းများ ကြွေလေရာ ရွက်သစ်နုများက နေရာ ယူ ကြ ရသည် ဆိုတဲ့ စကားကကော"

"အဲသည့်အကိုက်အညောက် အဖူး ပုရစ်တို့ဟာလဲ သူတို့အစွမ်းအစ သဘာဝသတ္တိကြောင့် ထွက်ပြူလာနိုင်ကြတာ မဟုတ်ပါဘူး၊ မိခင်အပင်ဟောင်းကြီးရဲ့ ဇီဇမျိုးစေ့ အထောက်အပံ့ကြောင့်သာ နုထွတ်ပေါ်ထွက်လာနိုင်တာပါ၊ အပင်ဟောင်းကြီး လဲပြိုသေဆုံးသွားယင် အညောက်တွေ ပေါက်စရာ နေရာရှိပါတော့မလား"

"အေး ဒါတော့ မငြင်းနိုင်ဘူး၊ နောက်တခုက အညွန့်အညှောက် မန်သမျှ ပေါ်ထွက်လာစေကာမူ အမျိုးဇီဇကို စွန့်လို့တော့ မရနိုင်ဘူးလေ၊ အင်ကြင်းပင် ရွက်ဟောင်းကြွေလို့ နွေကူးရွက်သစ်ရယ်လို့ မထွက်နိုင်ပါဘူး၊ အင်ကြင်းရွက်နုသာပဲ ထွက်မြဲပေါ့"

"ဒါလောက်သိထားယင် အမျိုးပျောက်မှာစိုးကြောက်ဖို့ မလိုပါဘူး၊ ထွက်ကြစမ်းပါစေ ရွက်နုကလေးတွေ အ ထောင် အ သောင်း၊ အဟောင်းအသစ် ပျိုအိုဖြစ်လည်း မချစ်မလှ၊ ချစ်ယင်လှမှာပဲ ဟဲ....ဟဲ....ဟဲ"

"မင်းနဲ့ ငါနဲ့ စကားကြာရှည်လာစဲ့အထဲက ဂီတအနုပညာ သီချင်းကြီး သီချင်းခန့်အကြောင်းကို တွေးမိလာတယ်"

"ဟော့-ငါက ဂီတပညာရှင် မဟုတ်ဘူးနော်"

"အေးပါငါသိပါတယ်၊ သီချင်တာက ဂီတတပုဒ်ရဲ့ အကြောင်းအကျိုး အဓိပ္ပာယ်စာသားပါ၊ မြန်မာစကားပြေ ဆိုပါတော့"

"မြန်မာသီချင်းစာသားကို မြန်မာလို မသိဘူးဆိုတာတော့ မဟုတ်သေးပါဘူး"

'သီချင်းကြီးပေါင်းများစွာမှာ မြန်မာသီချင်းကို မြန်မာလို ဆိုနေကြပေမယ့် မြန်မာလို အဓိပ္ပာယ် မသိကြတာတွေ အများကြီးရှိတယ်"

"ဒါကတော့ သီချင်းဆိုတဲ့လူက သီချင်းပဲဆိုချင်ကြလို့နေမှာပေါ့"

'ဟုတ်ပါတယ် ငါဝန်ခံပါတယ်၊ ကြက်တူရွေးကို စကားသင်သလို (ပီပီသသ)ရှိလျှင် ပြီးရော့ဆိုပြီး ဗျူပွတ်နဲ့ စာပေအရသာကို မခံစားခဲ့ကြလို့ ဖြစ်မှာပေါ့၊ ဒါကြောင့် မင့်ကိုမေးချင်တာ"

"ငါဖြေနိုင်တာဆိုယင် ငါဖြေမယ်၊ ငါ မဖြေနိုင်ဘာဆိုယင် ရှာကြံမေးမြန်းပြီး တဆင့် ဖောက်သယ်ချပေးမယ်၊ ကဲ–မေး"

"တို့ ငယ် ငယ် က သေး ထဲ က မဟာဂီဘ ဦးပြုံးချို ရေးခဲ့တဲ့ (တေဘုမ္ဘာ)သီချင်း"

"အပါး ပါး ပါး–မင့်ဥစ္စာ မေးမယ့်မေး တော့ ထိပ်ဆုံး တက်ကိုင်လိုက်တာ ပါပဲလား၊ ဒီသီချင်းတပုဒ်တည်းကို စေ့စေ့ပေါက်ပေါက် မြန်မာပြန်ရယင် မဟာဂီဘစာအုပ်ကြီးလောက် (ထူ)သွားလိမ့်မယ်၊ ကျမ်းတတ်ဆရာတော်ကြီး များက ဟောယင် ပြောယင် ပြောအားနော်၊ အေး ငါသိသလောက် ကြည့်ဖူး ရှုဖူး ဖတ်ဖူး မှတ်ဖူးသမျှဆိုတာတောင် ငါးမျက်နှာ ဆယ် မျက်နှာထက် နည်းမှာ မဟုတ်ဘူး၊ မင်းတကယ် စိတ်ဝင်စားယင် နောက်တပတ်လာခဲ့၊ ငါတတ် နိုင်သမျှ (တေဘုမ္ဘာ)ဋီကာဖွင့်ပြောမယ်"



# တေဘုမ္မာဂီတ

"အခုသုံးနေကြတဲ့ မဟာ ဂီတ စာအုပ်မှာ ထံတျာတေမ့အစ လေးထွေသံထပ် နတ်သီချင်း များအထိ သီချင်းများဟာ ကုန်းဘောင်အလယ် ခေတ်လောက်က ရေးခဲ့ကြတဲ့ သီချင်းစုများ ဖြစ်တယ်"

"ဒါဖြင့်ကုန်းဘောင်ခေတ်မတိုင်မီကသီချင်း မရှိဘူးလား"

"ရှိတော့ ရှိတယ်၊ဗုဒ္ဓသာသနာမရောက်မီက နတ်ကိုးကွယ်ကြလို့ နတ်ပူဇော်ရာမှာ ဆိုကြတဲ့ သီချင်းမျိုးတွေရှိတယ်၊ သရေခေတ္တရာခေတ်မှာ တရုတ်နိုင်ငံကို ပျူယဉ်ကျေးမှု ပန်တျာအဖွဲ့များ သွားဖူးတယ်လို့ အထောက်အထား ရှိပါတယ်၊ ငါဆိုလိုတာက အခု တို့သုံးနေတဲ့ မဟာဂီတ စာအုပ်အဝင်အပါတေးသီချင်းများကို သာပြောတာပါ"

"ဩော်"

"ဒါနဲ့ တဆက်တည်း ဘာကိုပြောချင်လို့လဲ ဆိုတော့ကြိုး၊ဘွဲ့၊သီချင်းခန့်၊ပတ်ပျိုး၊ ယိုးဒယား ဆိုတဲ့ အဖွဲ့အနွဲ့တွေဟာ များသော အားဖြင့် ထီးဘွဲ့၊ နန်းဘွဲ့၊ တောတောင်ဘွဲ့၊ ရာသီဘွဲ့၊ယော်ဘွဲ့ မောင်ဘွဲ့များသာ ပုဒ်ရေအားဖြင့် များနေတာ တွေ့ရလိမ့်မယ်"

"အေး....ဒါကြောင့်လဲ ဝေဖန်လိုသူများက 'ရှင်ဘုရင်ကို(ဖား)တဲ့ သီချင်း၊ လင် မျှော်တဲ့ သီချင်းတွေ'လို့ ဝေဖန်ကြတာပဲ"

"ဒါကတော့ ဒီလိုရှိပါတယ်၊ တိုင်းရေးပြည် ရေး သာယာလို့ အနုပညာစာပေထွန်းကားတဲ့ ကာလဆိုလျှင်သိင်္ဂါရရသလို အနုအလှတေးတွေ ကို တောင့်တကြတာပါပဲ၊ တို့တိုင်းပြည် မှသာ မဟုတ်ပါဘူး၊ ကမ္ဘာ့အဝှမ်းရှိ တိုင်းပြည်နယ်သမျှ ဘယ်လူမျိုးမဆို စားဝတ်နေရေး ပြည့်စုံကြွယ်ဝ တဲ့အခါသမယမှာ(စိတ်ကူးယဉ်) ဂီတကဗျာတွေ ထွက်လာမြဲပါပဲ၊ ရှင်ဘုရင်ကို(ဖား)တယ်ဆိုတာ လဲ ဘယ်ခေတ်ပဲဖြစ်ဖြစ်၊ ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ် မကင်းကြပါဘူး၊ ကိုယ့်တိုင်းပြည်နဲ့ အံဝင်ခွင်ကျ အယူဝါဒ ကိုက်ညီစွာ ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ် ကို ချီးကျူးကြတာ ဓမ္မတာပါ၊ ငါပြောချင်တာ က တေဘုမ္မာသီချင်းအကြောင်းပါ"

"အေး....ဆက်ပြောပါကွာ"

"အဲ...အခုနပြောခဲ့တဲ့ မဟာဂီတ သီချင်းစု များအနက်က ဗုဒ္ဓဂုဏ်၊ ဓမ္မ ဂုဏ် ကို ဖွင့် တဲ့ (သန္တရသ)အဖွဲ့သီချင်းမျိုးက အလွန်ရှားတာကို တွေ့ရလိမ့်မယ်"

"မြဝတီဝန်ကြီးရေးတဲ့ (ထူးမခြားနား) သီချင်းခန့်ကြီးတော့ အရှိသားပဲ"

'ဒီသီချင်း တပုဒ်ပဲ ထူးထူးခြားခြား ရှိနေပါတယ်။ ဒါလဲ ရောင်ခြည်တော် ဘွဲ့သာ ဖြစ်တယ်။ သည့်ပြင် သီချင်းတွေမှာ ပါတဲ့ ဗုဒ္ဓကို ဖွဲ့ဆိုရမှာလဲ 'ဘုရားတိုင်' သဘောလောက်သာ တွေ့ရပါတယ်၊ ဒါကြောင့် ငါပြောချင်တာက ဗုဒ္ဓ၏ ဘုရားဓမ္မကို အဘိဓမ္မာနည်းကျကျ တပုဒ်လုံး အစအဆုံး ခြုံမိငုံမိအောင် ဖွဲ့နွဲ့ရေးစပ်ခဲ့တာ တေဘုမ္မ သီချင်းတပုဒ်ထဲပဲ တွေ့ရသေးကြောင်း ပြောချင်တာပါ၊ အဲ....ဒီသီချင်း ဂီတာမဟုတ်ပဲ၊ ကဗျာလင်္ကာ အနေနဲ့ ရေးသားတော်မူခဲ့ကြတဲ့ ပျို့တို့၊ ရတုတို့၊ လင်္ကာတို့၊ လေးချိုးကြီး၊ တေးထပ် စသည် စသည်များတော့ ရှိသပေါ့လေ''

''အေး....အဲဒါတွေတော့ ငါလဲ တွေ့ဖူးပါတယ်၊ လယ်တီ ဆရာတော်ကြီးရဲ့ လေးချိုးကြီးကိုလဲ ဖတ်ဖူးပါတယ်''

''အေး....လယ်တီဆရာတော် အကြောင်းကို ပြောလို့ ပြောရဦးမယ်၊ အဲသည့် တေဘုမ္မ သီချင်းကိုကြားတော်မူလို့ ဦးပြုံးချိုဟာ ရန်ကုန်မြို့ကို ရောက်ပြီး အယ်ဒီတာ ဖြစ်ရတာ''

'ဘယ်လို ကြားရတာလဲ နည်းနည်း ရှင်းပါဦး''

''ဒီလိုကွာ....ပထမ ကမ္ဘာစစ်ကြီး ဖြစ်ခါနီး ၁၉၀၇ ခုနှစ်လောက်မှာ ပညာအလင်းသတင်းစာဟာ ထင်ပေါ်ကျော်ကြား လူကြိုက် များနေတဲ့အချိန်ဖြစ်တယ်၊ အယ်ဒီတာများက လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ဘာသာပြန် အယ်ဒီတာက ဆရာ ပီမိုးနင်းတို့ ဖြစ်တယ်၊ တိုက်ရှင်သဌေးက ဦးဘင်–ဒေါ်ဆင့်တို့ပဲ၊ အဲသည့် ဒေါ်ဆင့်က ရတနာ သုံးပါးကို အလွန်ကိုင်းရှိုင်းတဲ့ ဥပါသိကာ ဒါယိကာမကြီး ဖြစ်ရုံသာမက လယ်တီ ဆရာတော် ဘုရားကြီး၏ တပည့်ရင်းလဲ ဖြစ်တယ်၊ လယ်တီ သံခိပ် ကုမ္မာရီ အသင်းခေါင်းဆောင်ပေါ့၊ ပျဉ်းမနားမြို့ကလယ်တီဆရာတော်ဘုရား အရပ်ရပ် အနယ်နယ်ကို စာရားဟောကြွတော်မူတဲ့အခါ ပညာအလင်း သတင်းစာပိုင်ရှင် ဦးဘင်–ဒေါ်ဆင့်တို့က ဆွမ်းကျွေးတရားနာ ပင့်စမြဲ၊ တခါတော့ လယ်တီ ဆရာတော်ကြီးက အနုမောဒနာပြုအပြီးမှာ တရားဓမ္မနှင့်ဆက်စပ်ပြီး တေဘုမ္မ သီချင်း အကြောင်းကို လျှောက်ထားတယ်၊ သီချင်းရတဲ့ လူက ဆရာတော်ကြီးကို (ဂီတသံ မဖြစ်စေတဲ) စာသားကို ဆိုပြရတယ်''

''အခုခေတ်တော့ အချို့ ဓမ္မကထိက ကိုယ်တော်တွေကိုယ်တိုင် ဂီတသံနဲ့ ဟောတော်မူနေကြတာပဲ''

''ငါ့စကားကို ဝင်မရှုပ်စမ်းနဲ့ကွာ၊ အဲသည်မှာ သီချင်းဆုံးတော့ ဆရာတော်ကြီးက ဝိပဿနာ ဘာဝနာအကျိုးကို အလွန်ဓမ္မရသပေါ်လွင်တဲ့ စာသားဖြစ်တဲ့ အကြောင်း၊ ရေးသူကို မေးမြန်းတဲ့အခါ ကျိုက်လတ်က ဦးပြုံးချိုဆိုသူဖြစ်ကြောင်း လျှောက်ကြတယ်၊ အဲသည်မှာ သို့ကလောက် လောကုတ္တရာ ပညာရှိတဲ့ လူကိုသတင်းစာတိုက်မှာ အယ်ဒီတာခေါ်ခန့်ထားဖို့ ကောင်းတဲ့အကြောင်း တိုက်တွန်းတော် မူသတဲ့။ ဒီလိုနဲ့ ဆရာ ဦးပြုံးချိုကို ကျိုက်လတ်မှ တခင်ခေါ်ပြီး ပညာအလင်းမှာ တွဲဘက်အယ်ဒီတာ ခန့်ရတယ်၊ ရန်ကုန်ရောက်တော့ သခင်ကိုယ်တော်မှိုင်းကြီးနဲ့ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့နဲ့ပါ အကျွမ်းတဝင် မိတ်ဆွေဖြစ်သွားတာပဲ''

''အင်း....သီချင်းတပုဒ်က အကျိုး ပေးလိုက်တာပဲနော်၊ အဲသည့် သီချင်းက ကျိုက်လတ်မှာ ရေးတာမဟုတ်လား၊ ဘယ်လို နိုင်ငံနှံ့သွားတာလဲ''

''အဲသည့် သီချင်းကို (ဟိုတုန်းက ဂရိတ်ဖိုစိန်ကြီး) ဘုရားဒကာ ဦးဖိုးစိန် ကျိုက်လတ်ကို ရွက်ထည်ရုံကြီးနဲ့ လာကတဲ့အခါ ဦးပြုံးချိုကို ငွေသုံးရာ ကန်တော့ပြီး တက်ယူသွားတယ်၊ နှစ်

ပါးသွား စခန်းသိမ်းတော့မယ် ဆိုယင် သီချင်းကို ဆိုပြီး အဓိပ္ပာယ်ကလေး နည်းနည်း ရှင်းပြီး နောက်ဆုံး အပိုဒ်နဲ့ လေပြေထိုး ကားချတာပဲ၊ အဲသည်မှာ ဖိုးစိန်ကြီးကလဲ စန်းအပွင့်ဆုံးအချိန်၊ သီချင်းကလဲ ဖိုးစိန်ကြီး (အာငဇ္ဇနီး) အပြောကောင်း ကောင်းနဲ့ အသံ ကောင်း ကောင်းနဲ့ ဆိုတော့ စာတတ်ပေတတ်ပညာရှိများက လက်ခံပြီး နာမည် ကြီးသွားတာပေါ့''

''အင်း...သီချင်းကောင်း ကို နာမည် ကြီးတဲ့ လူက ဆိုလိုက်တာကလဲပိုပြီးထင်ရှားသွားတာပဲ၊ ကဲ...ဒီအကြောင်းတွေက တေဘုမ္မာ နိဒါန်း ဆိုပါတော့၊ စာသားတွေကို အဓိပ္ပာယ်ရှင်းပေး ကွာ''

''အကျယ်ဖွင့်ယင် မလွယ်ဘူးနော်''

''ဒီသီချင်းကို ဆိုတဲ့ အနုပညာရှင်လောက်နဲ့ သောတရှင်တို့လောက်ပဲရည်ညွှန်းတာပေါ့ကွာ၊ ဒါကမှ အရသာတွေ့သွားလို့ စိတ်ဝင်စားလာတော့ ကျမ်းကြီးများကို ဖတ်ရှုလေ့လာရမှာပေါ့ ဟုတ်ဘူးလား''

''ကဲ...ဒါဖြင့် မင်းလဲ ကျိုက်လတ်သားပဲ၊ ဒီသီချင်းကို ရပါတယ်၊ တပိုဒ်ချင်း ဆိုပြီး သီချင် တာမေး''

''(တေဘုမ္မာ အနိစ္စ ဒုက္ခ အနတ္တာ တရား မရလို့ များလှတဲ့ သံသရာ) ကဲ...တေဘုမ္မာဆို တာ ဘာလဲ''

''တေဘုမ္မာ ဆိုတာ (တေ=သုံး၊ ဘုမ္မာ= သတ္တဝါများဖြစ်ရာ တည်ရာဘဝ၊ ထို့ကြောင့် ဘဝသုံးပါး၊ ဘုံသုံးပါး၊ သည့်ထက်တဆင့်တက် ပြောယင် ကာမ၊ ရူပ၊ အရူပဘုံများ''

''ကာမ ရူပ၊ အရူပ ဆိုတာက ဘာလဲ''

''ကာမ=ကာမာဝစရကုသိုလ် အကျိုးပေး ကြောင့် ကာမဂုဏ်အာရုံများဖြင့် မကင်းသေး သော ဘုံဘဝများ၊ ဒါတွေက ကာမဆယ့်တဘုံ၊ အပါယ်လေးပါး လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ရူပဘုံဆိုတာက ရုပ်နှင့်တကွ ဖြစ်သော ဗြဟ္မာ (၁၆)ဘုံ၊ ရုပ်မရှိသော အရူ ဗြဟ္မာဘုံ(၄)ဘုံ၊ အားလုံးကို ခြုံပြောယင် (၃၁)ဘုံလို့လဲ ခေါ်တယ်၊ အကျဉ်းအားဖြင့်တော့ ဘုံ(၃) ပါလို့ ခေါ်တယ်၊ အခု တေဘုမ္မာ ဆိုတာက ဘုံ(၃) ပါးကို ရည်ညွှန်းတယ်၊ ဒါလောက်ဆိုတော်ပြီ၊ နို့မဟုတ်လျှင် အများကြီး ကျယ်သွားလိမ့်မယ်၊ ကဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တာ ဆိုတာကို သိ သလား''

''ဒါတော့ သိတာပေါ့၊ အနိစ္စဆိုတာ အမြဲ မရှိ၊ ဒုက္ခဆိုတာ ဆင်းရဲခြင်း၊ အနတ္တဆိုတာ ကိုယ်မဟုတ် ဒါပဲ မဟုတ်လား''

''မင်းပြောတာက ကျက်ထားတဲ့စာကို ပြန် ပြောသလိုဖြစ်နေပုံရတယ်၊ သည့်ထက်နည်းနည်း ဖြစ်ဖြစ် အဓိပ္ပာယ်သိနိုင်မှ ကောင်းမယ်၊ အနိစ္စ ဆိုတာ လောကမှာ ရှိရှိသမျှ သက်ရှိ သက်မဲ့ တော တောင် ရေ မြေတို့ အပါအဝင်ဘယ်အရာ ဝတ္ထုမှ တည်မြဲနေသည် မဟုတ်၊ ဖောက်ပြန် ပြောင်းလဲ နေကြသည်သာ ဖြစ်တယ်၊ သဗ္ဗေ သင်္ခါရာ အနိစ္စာလို့လဲ ဆိုတယ်၊ အနိစ္စာ ဝတ သင်္ခါရာလို့လဲ ဆိုတယ်၊ အဲသလို ဖောက်ပြန် ပြောင်းလဲနေခြင်းကြောင့် ချမ်းသာမှု မရနိုင်ကြ ဘူး၊ ဆင်းရဲခြင်းသာ လက်ခံ နေကြရတယ်၊ အဲဒါဟာ ဒုက္ခသဘောတရား၊ အနတ္တဆိုတာက အန+အတ္တ၊ ရုပ်နာမ် ခန္ဓာရယ်လို့ အစွဲအလမ်း ဖြင့် ကာယသဒ္ဒါ၏ အနက်အဓိပ္ပာယ် ဖြစ်သော ကိုယ်ကာယမဟုတ်၊ အဲသည်လောက်တော့ သိ ထားမှ''

''ကောင်းပါပြီဗျ၊ ကဲ-အနိစ္စ ဒုက္ခ အနတ္တာ တရားမရလို့ များလှတဲ့ သံသရာ၊ သံသရာဆိုတာ ဘာလဲ''

''သံသရာဆိုတာ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်စဉ်၊ ဘဝပြီးတဘဝ အစဉ်မပြတ်ဖြစ်နေရတဲ့ အဖြစ်၊ များလှတဲ့ သံသရာဆိုတာ အစမထင်နိုင်လောက်

အောင် အနမတဂ္ဂ ဘဝပေါင်းများစွာ ဖြစ်ခဲ့ရခြင်း၊ အဲဒါကို အကုန်လုံး မြန်မာစကားပြေနဲ့ ပြောရလျှင် ဘုံသုံးပါးမှာ ရှိကြသမျှ သတ္တဝါတွေဟာ အမြဲမဟုတ်ခြင်း၊ ထို့ကြောင့် ချမ်းသာမှုမရခြင်း၊ ကိုယ်အာယ မဟုတ် အစိုးမရသော သဘောတရားတို့ကို မသိမမြင်ခြင်းတို့ကြောင့် ဘဝ အသင်္ချေပေါင်း များစွာ အစဉ်အဆက်ဖြစ်ပျက်နေခဲ့ကြရပြီ-လို့ ဆိုလိုတာ ဖြစ်တယ်၊ ဒီနေရာမှာ လယ်တီဆရာတော်ကြီးက ကင်းငန်မင်းကြီးကို ရေးသား ဆုံးမတဲ့ ဓမ္မဒေသနာ လေးချိုးကြီးစာသားနဲ့ တထပ်တည်းကျနေတာကို ကြည့်စမ်း၊ (မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီကို၊ ခါတော်မီ သိမဝေ့နိုင်ဘူး၊ သည်ကွေ့မှာ နေကုန်မျှောပြန်ရ၊ အတော ဘယ်မသတ်နိုင်တဲ့ ရဟတ်ငွေ)တဲ့၊ အဓိပ္ပာယ်က တထပ်တည်းပဲ''

''အေး...ဟုတ်တယ်၊ မင်းလဲ ဒါကို မှီးပြီး (ဘဝသံသရာ၊ ရှေ့လျား၊ ထွေပြား၊ မနေမနား၊ တသွားထဲ သွားကြတာ)လို့ ဆိုတာပဲ မဟုတ်လား''

''ဟုတ်ပါတယ်၊ လယ်တီ ဆရာတော်ကြီးရဲ့ ပဋိစ္စသမုပ္ပာဒ် လင်္ကာကြီးပါ ပါတယ်''

''ဒါဖြင့် တ လက် စ တည်း မင့်စာထဲက ရှေ့လျား၊ ထွေပြား၊ မနေမနားဆိုတဲ့ စကားကို ဖွင့်ကွာ''

''ဘေဘုမှာ စာသားက ရှည်ရတဲ့အထဲမှာ ကွာ၊ ကဲ...ရှေ့လျားဆိုတာကို ပြောခဲ့ပြီ၊ ထွေပြားဆိုတာက သုံးဆယ့်တဘုံမှာ ရုပ်ခန္ဓာတွေ အထွေထွေ အပြားပြား ဖြစ်ခဲ့ကြရတာ၊ တိရစ္ဆာန်ဖြစ်လိုက် အပါယ်ကျလိုက်၊ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်ပေါ့၊ မနေမနားဆိုတာက ဘယ်ဘဝမှာမှ အမြဲတည်ပြီး နေနေနားနား မရှိခဲ့ရတာ၊ ဒီလိုနဲ့ တသွားတည်း သွားနေကြရတာ၊ ကဲ... တေဘုမှာကိုသာ ဆက်ပါကွာ''

''(ကာမောဃာ၊ ဘဝေါဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာ၊ စိတ်မောဟာမကင်းတာ အရင်းခံသူတကျော့)''

ဩဃဆိုတဲ့ ပါဠိစကားက ပင်လယ်ထဲမြစ်ထဲက၊ ဩဃဲဃဆိုတာ တဝဲဝဲ လည်ပတ်နေတဲ့ သဘော၊ ဒါကို ဥပမာတင်စားပြီးတော့ ကာမဂုဏ် တရားများကြောင့် ဘဝများစွာ မရုန်းမထွက်နိုင်အောင် လည်ပတ်နေကြခြင်းဆိုတဲ့ ကာမောဃ=ကာမ+ဩဃ။ ငါမိဘဝကို ခင်တွယ် စွဲလမ်းနေတဲ့ အတွက် မရုန်းမထွက်နိုင်အောင် လည်ပတ်နေရခြင်း ဘဝေါဃ=ဘဝ+ဩဃ။ မှန်ကန်သော သစ္စာအယူအဆ သဘောတရားများ မဟုတ်သည့်အတွက် မရုန်းမထွက်နိုင်အောင် လည်ပတ်နေခြင်းဆိုတဲ့ ဒိဋ္ဌောဃ=ဒိဋ္ဌိ+ဩဃ။ အဲသလို အယူမှား အထင်မှား အယုံမှားနေတဲ့ သဘောတရားကိုမပယ်စွန့်နိုင်အောင် မှောင်ကြီး ကျသလို ဉာဏ်ပညာကို ပိတ်ဖုံးကွယ်ကာ ထားတဲ့အတွက် မရုန်းမထွက်နိုင်အောင် လည်ပတ်နေရခြင်း၊ အဝိဇ္ဇောဃ=အဝိဇ္ဇာ+ဩဃ၊ အဲသည့် တရားလေးပါးက မိုက်မဲတွေဝေစေတတ်တယ်။ အဲသည့် လေးပါးကို အကုန်ချုံးပြောရသင် တကျော့ဘည်းဟူသော တပ်မက်ခြင်း သဘောတရားက အရင်းခံမူလ ဖြစ်ပါတယ်၊ အဲ-ဒုက္ခဖြစ်ရခြင်းရဲ့ တရားခံဟာ သမုဒယပဲ၊ သမုဒယဆိုတာ တဏှာကို ခေါ်တာပဲ၊ ဒါကြောင့် (စိတ်မောဟာ မကင်းတာ အရင်းခံသူတကျော့) ကဲ-ရှေ့ဆက်''

''အင်း ခင်း အခု ပြောနေတာတွေတောင် (ကိုယ်ခံ) ဓမ္မဗဟုသုတ မရှိယင် နားလည်ဖို့ တယ်ခလွယ်ဘူးနော်၊ အကျယ်ကို ပြော နိုင်လို့ ပြောမယ်ဆိုလ မဟာဂီတ စာအုပ်ကြီးလောက် ထူသိမ့်မယ်ဆိုတာ ဟုတ်တာပဲ၊ ကဲ-ရှေ့ဆက်မယ် (ဒိဋ္ဌိဉာဏ်ဝင်စား၊ ထင်မှား၊ မြင်ငြားကြတာ၊ လူပဲ-နတ်ပဲ မှတ်စွဲသို့သာ၊ မှားချက်

အလွန်နှာ၊ ငါသား ငါမယား လင်သား ဥစ္စာ၊ ငါကိုယ် ငါဟာ အစဉ်မကွာ၊ သက္ကာယကြောင့် မာနတွေ ထောင်ကြတာ) ဒီလောကပဲ ဖြတ်လိုက်ဦးမယ်၊ အဓိပ္ပာယ်က မြန်မာစကားပြေများလို့ သိပ်မခက်လှပါဘူး၊ (သက္ကာယ)ဆိုတာပဲ မသိနိုင်လောက်သာ ပါပါတယ်''

''(သက္ကာယ)ဆိုတဲ့ ပါဠိက မမှန်တာကို မှန်တယ်၊ မဟုတ်တာကို ဟုတ်တယ်၊ မရှိတာကို ရှိတယ်။ မကောင်းတာကို ကောင်းတယ်၊ ဒီလို ထင်တဲ့သဘော၊ အဲသည့်သဘောကို လက်ခံတာက ဒိဋ္ဌိ၊ ဒါကြောင့် (သက္ကာယဒိဋ္ဌိ)လို့ တွဲခေါ်ကြရတယ်။ အခုန စာသား စကားပြေကို ပြန်ရမယ်ဆိုလျှင် (အဲသလို မဟုတ်တာကို ဟုတ်တယ်လို့ ထင်တဲ့အယူအစွဲကြောင့် လောကမှာ လူပဲ နတ်ပဲလို့ အထင်မှားခဲ့ကြတာဟာ အလွန်နှစ်နာဖို့ပါပဲတဲ့။ နောက်ပြီး မိမိကိုယ်လဲ မဟုတ်၊ သူတပါးမှာလဲ ကိုယ်ဟူ၍ မရှိနိုင်ပါပဲလျက် ငါကိုယ်လို့ ထင်ကြတယ်၊ ငါသား, မယား ငါ လင်သား၊ ငါ့ဥစ္စာပစ္စည်းရယ်လို့ အခုန ပြောခဲ့တဲ့ သက္ကာယကြောင့် ဝင့်ကြွားမောက်မာတဲ့ မာနတရားဖြစ်ခဲ့ရတယ်-တဲ့။ ကဲ-ရှေ့ဆက်ပါဦး''

''(ဝိပဿနာ ဝင်စား၊ ထင်လျှား၊ မြင်ငြား ကြပါ၊ ဘာမျှရှာမရ၊ အသာရက မှန်စွာ။ အနတ္တခန္ဓာ ဖြစ်ရင်း၊ တည်ရင်း၊ ပျက်ရင်းချုပ်ကာ ရုပ္ပတ္တိ သညာ၊ ဖောက်ပြန်မဆိတ်တဲ့ အနိစ္စ လက္ခဏာ၊ ရုပ်တရား နာမ်တရားနှစ်ဖြာ၊ အိုနာ သေမည် အတည်မကျပါ၊ သခါရဟာ ဘင်ကာ လမကြာ) အဲသလောကပဲ ဖြတ်လိုက်ဦးမယ်''

''ကောင်းပါတယ်၊ ဒီလောက်ဆိုလျှင် ဝါကျ မရှည်လို့ မျက်ခြည်မပြတ်ဘူးပေါ့။ အဲသည်မှာ (ဝိပဿနာ)ဆိုဘဲ့စကားက စကြရအောင်။ ဝိ+ ပဿန=အထူး+ရှုဆင်ခြင်ခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ထင်ရှားပေါ်လွင်လာအောင် ဆင်ခြင်တဲ့အကျင့်ကို ဝိပဿနာလို့ ခေါ်တယ်။ အဲဒီတော့ (ဝိပဿနာ ပညာဖြင့် ဆင်ခြင်၍ မြင်အောင် ကြည့်ကြစမ်းပါ-တဲ့။ အဲသည်လို ဆင်ခြင်တဲ့အခါမှာ ဘယ်ဥစ္စာ-ဘယ်ဟာ၊ ဘယ်သူမှအနှစ်သာရမရှိသောအနတ္တ ခန္ဓာကိုသာ တွေ့ရပါလိမ့်မယ်တဲ့၊ (အသာရက) ဆိုဘာ အ+သာရ=(သာရ=အနှစ်သတ္တု၊ အ= မရှိ၊မဟုတ်) ခန္ဓာကိုယ် အဖွဲ့အစည်းလို့သာ ဆိုတယ်၊ စင်စစ်မှာတော့ ရုပ်နှင့်နာမ် ဤနှစ်မျိုးတည်းပါတဲ့၊ အဲသည့်ရုပ်နဲ့နာမ်ဆိုတာတွေကလဲ (ဥပါဒ်=ဖြစ်ခြင်း.ဌီ=တည်လိုက်ခြင်း၊ဘင်=ဘင်ဂ ပျက်စီးခြင်း) ဖြစ်လိုက်၊ တည်လိုက်၊ ပျက်သုဉ်းသွားလိုက်၊ နောက်တဖန်-ဖြစ်လိုက်၊ ပျက်သုဉ်းသွားလိုက်နဲ့ တရစပ် ဖောက်ပြန် ပျက်စီးနေကြတာချည်းပါပဲတဲ့။ ချုပ်ဆိုတာ ချုပ်ငြိမ်းပျောက်ကွယ်သွားတာ၊ (ရုပ္ပတ္တိသညာ) ဆိုတာ 'ရုပ္ပတီတ်ရုပ်'လို့ ဝိဂြိုဟ်ပြုကြတဲ့စကားအတိုင်း အစဉ်အမြဲ ဖောက်ပြန်နေတာကို ရုပ်ဟူ၍ ခေါ်တဲ့အဓိပ္ပာယ်ပဲ၊ ဒါကြောင့် ဘယ်အရာ ဘယ်ဝတ္ထု ဘယ်ရုပ် ဘယ်ခန္ဓာဖြစ်စေ အိုရမည်ဒိဋ္ဌ၊ နာရမည်ဒိဋ္ဌ၊ သေရမည်ဒိဋ္ဌ၊ ဒါဟာ အနိစ္စလက္ခဏာရပဲ—ဘယ်ခန္ဓာဖြစ်စေ အိုရမည်ဒိဋ္ဌ၊ နာရမည်ဒိဋ္ဌ၊ သေရမည်ဒိဋ္ဌ၊ ဒါဟာ အနိစ္စလက္ခဏာပါပဲ-တဲ့''

''အခယ်လေး တဖြည်းဖြည်းနက်နဲလာတော့တာပဲနော်''

''အယင်တပတ်က ပြောခဲ့သလို ရတနာဆိုတာ ကျောက်ခဲသလဲလောက် မြေကြီးပေါ်မှာ အလွယ်တကူ ကောက်ယူလို့ မရနိုင်ဘူးလေ၊ နက်နက်နဲနဲဘော့တူးယူရမှာပဲ၊ ကဲ-ရှေ့ဆက်''

''(ငါးဖြာဂတိမှာ၊ လေးဘုံအပါယ်ငရဲစာ၊ အဝိဇ္ဇာ အကြောင်းကြောင့်သခါရာ၊ ဝိညာဏ် နာမ်တရား ရုပ်တရားနှစ်ဖြာ၊ ခြောက်ခုအာရုံ၊ ကာမဂုဏ်ဆန္ဒ၊ပဋိစ္စသမုပ္ပါန်ရုပ်ပြန်အတွင်းမှပ

တဏှာ၊ ရှာစရာတွေးတော့ သမုဒယပါ၊ မဂ္ဂါ ဆေးနှင့်ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ)''

''အဲ့သည့်အပိုဒ်က ပိုပြီး လေးနက်လာပါတယ်၊ သတ္တဝါတွေရဲ့ လားရာဂတိဆိုတာ ငါးမျိုးရှိတယ်၊ (၁) နိရယဂတိ=ငရဲသို့လားခြင်း၊ (၂) ပေတဂတိ=ပြိတ္တာဘဝသို့ လားခြင်း၊ (၃) တိရစ္ဆာနဂတိ=တိရစ္ဆာန် ဘ ၀ သို့ လား ခြင်း၊ (၄) မနုဿဂတိ=လူ့ဘဝသို့လားခြင်း (၅) ဒေဝဂတိ=နတ်ဘဝသို့လာ ခြင်း၊ အဲသည့်ဘဝမျိုးငါးပါးရှိတဲ့အနက် ဝိပဿနာဉာဏ် မတွေ့မမိတဲ့ ပုဂ္ဂိုလ်ဆိုလျှင် လူ့ပြည် နတ်ပြည် မရောက်နိုင်ပဲ အပါယ်လေးဘုံသို့သာ သွားရမှာသေချာတယ်-တဲ့။ ဘာဖြစ်လို့လဲဆိုလျှင် အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာ=မသိခြင်း၊ သင်္ခါရာ=ပြုပြင်ခြင်း၊ မသိလို့လိုချင်၊ လိုချင်တော့ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ ရရှိတော့ဒုက္ခ ဖြစ်၊ အဲ့သည်ဒုက္ခ ကိုသုခထင်၊ သုခထင်လို့ထပ်လိုချင်၊ထပ်လိုချင်တော့ထပ်လုပ်၊ ထပ်လုပ်တော့ထပ်ရ၊ ထပ်ရတော့ထင်ဒုက္ခဖြစ်၊ အဲ့ဒါ စွန်းလွန်းဆရာတော်ကြီးဘအရပ်စကားနဲ့ ပဋိစ္စသမုပ္ပါဒ် ဟောတော်မူပုံပဲ''

''ပဋိစ္စသမုပ္ပါဒ် ဆိုတာ မြန်မာလို ပြောစမ်းကွာ''

''အကြောင်းတရားကိုစွဲ၍ ဖြစ်သော အကျိုးတရားသဘော၊ ပဋိစ္စသမုပ္ပါဒ်(၁၂)ပါးရှိတယ်၊ ပြောယင်ရှည်လိမ့်မယ်''

''အကျဉ်းဆုံးပြောကွာ၊ဒါနည်းနည်းအရေးကြီးတယ်''

''အရေးကြီးတာတော့မပြောနဲ့၊ တို့တတွေ သံသရာလည်နေကြရတာ သူ့လက်ချက်ပဲ''

(၁) အဝိဇ္ဇာ=အမှန်ကို မသိတတ်သော သဘောတရား။

(၂) သင်္ခါရ=ပြုပြင် စေ့ဆော် တတ်သော သဘောတရား။

(၃) ဝိညာဏ=ပဋိသန္ဓေဝိညာဏ်စိတ်။

(၄) နာမရူပ=နာမ်ရုပ်။

(၅) သဠာယတန=စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနဟူသောအာယတန (၆)ပါး။

(၆) ဖဿ=အာရုံကို တွေ့ဘတ်သော သဘောတရား။

(၇) ဝေဒနာ=ခံစားတတ်သော သဘောတရား။

(၈) တဏှာ=တပ်မက်သော သဘောတရား။

(၉) ဥပါဒါန်= စွဲ လမ်း သော သဘောတရား။

(၁၀) ဘဝ=ဖြစ်ရာဘဝသဘောတရား။

(၁၁) ဇာတိ=ဖြစ်ပေါ်မှုသဘောတရား။

(၁၂) ဇရာမရဏ=အိုမင်း ရင့်ရော် ခြင်း၊ ပျက်စီးသေဆုံးခြင်း သဘောတရား။

အဲသည့်သဘောတရားများဟာ ပထမတရားကို နောက်တရားက အစဉ်လိုက်၍ ဖြစ်ပေါ်လာကြတာ ဖြစ်တယ်၊ ဒါဟာ အကျဉ်းဆုံး ပြောတာပဲ''

''အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏဖြစ်တယ်-ဒီသဘောပဲ ယူရမှာ မဟုတ်လား''

''ဟုတ်ပါတယ်၊ အဆင့်ဆင့် ဒီလိုယူရမှာပဲ၊ ရှင်းပါတယ်နော်''

''အင်း နည်းနည်းတော့ ရိပ်မိလာတာပေါ့လေ၊ ရှင်းတယ်လို့တော့ မပြောဝံ့သေးပါဘူး၊ ဟဲ...ဟဲ...ဟဲ (ခြောက်ခုအာရုံ ကာမဂုဏ်ဆန္ဒ ပဋိစ္စ သမုပ္ပါန် ရှုပ်ပြန်အဘွင်း အပါဏ္ဍာ)လို့ ဆိုရာမှာ ခြောက်ခုအာရုံဆိုတာက စက္ခုသောတစတဲ့ အာရုံခြောက်ပါး၊ ပဋိစ္စသမုပ္ပါန်ဆိုတာက အခုနပြောတဲ့ ပဋိစ္စသမုပ္ပါဒ်တရား (၁၂) ပါး။ ရှုပ်ပြန်အဘွင်း အပါဏ္ဍာဆိုတာကျတော့ကော- အဲ့ဒါ နည်းနည်းပြောပါဦး''

"အဲဒါ အာယာတနအတွင်း ခြောက်ပါး၊ အပြင် ခြောက်ပါးကို ပြောတာပါ။ အာယာတနဆိုတာ တည်ရာ- နေရာကို ပြောတဲ့ အဓိပ္ပာယ်၊ အတွင်းအာယာတန ခြောက်ပါးက မိမိသဏ္ဍာန်မှာရှိတဲ့ စက္ခုဝိညာဏ်၊ သောတဝိညာဏ်စတဲ့ ဝိညာဏ်ခြောက်ပါး။ အပြင်အာယာတနဆိုတာက စက္ခုဝိညာဏ်ကို တည်နိုင်တဲ့ ရူပါရုံ၊ သောတဝိညာဏ်ကို တည်နိုင်တဲ့ သဒ္ဒါရုံ၊ အဲသလို ဆက်စပ်ပြီး အာရုံ ခြောက်ဖြာ ညှိယူစော့ကွာ....သိပ်ရှည်ကုန်လိမ့်မယ်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ နည်းနည်း ရိပ်မိပါပြီ"

"မင့်ဟာက လဲရိပ်မိတာချည်း ပဲပဲကလား"

"အံမာ-ရိပ် မိ ရုံ ထက် လွန် ပြီး ဂဃနဏ အပိုင်သိ သိုက်သင် မင်းနဲ့တောင် ထိုင်စကား ပြောနေတော့မှာ မဟုတ်တော့ဘူး၊ မင်းက ကော ရိပ်မိတာထက် ပိုသေးလို့လား လူပုံက"

"ဟုတ်မှန်သချည်ရဲ့ဗျာ—ကျွန်တော်လဲ ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းပါ ဟဲ....ဟဲ....ဟဲ။ ဒီတော့ မင်းဆိုတဲ့ အခုနအပိုဒ်ကို စကားပြေနဲ့သတ်ကြစို့ရဲ့။ (ဂတိငါးပါးအနက် အပါယ်လေးဘုံသာရှေ့ရှုနေကြတဲ့ တို့သူတကာ ဟာပဋိစ္စသမုပ္ပါဒ်တရားအရအတွင်းအာယာတန တရားခြောက်ပါး၊ ဟိရိဩတ္တပ္ပသူတော်ကောင်း လက္ခဏာနဲ့(သမုဒယ)ကို ပေါ်အောင်တွေးပြီး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တရားဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တရားကို ရှုကြပါ)တဲ့ဗျား၊ အမယ်လေး မောလိုက်တာ၊ ဒါဟာ ပထမအပိုဒ်ပဲ ရှိသေးတယ် နော်၊ ဒါကြောင့် ငါပြောတာ၊ အကျဉ်းဆုံးဆိုအောင် ငါးမျက်နှာ ဆယ်မျက်နှာနဲ့ မပြီးဘူး၊ ဂိဘ်မဝင်စားကြယင်တော့ သောဟဲ့-နဒ္ဒိယတဲ့"။

"ငါဘာ့ဂိဘ်ဝင်စားလွန်းလို့ စိတ်ထဲက ပြန်ပြန်ပြီး ဆိုကြည့်နေမိပါတယ်ဗျာ၊ သီချင်းဆိုနေတိုင်း တရားစာ အုပ်တအုပ်ကို ဖတ်နေရသလို ဖြစ်မှာပါပဲ။ ဒါရိုက်တာ မြတ်လေးက သီချင်းဆို၍ ငိုရသည်ဆိုတဲ့ ရုပ်ရှင်ကားတကား ရိုက်ဖူးတယ်မဟုတ်လား၊ အခုဟာက သီချင်းဆို၍ ကုသိုလ်ရသည်-ပေါ့၊ လယ်တီဆရာတော်ကြီး လက်ခံတော်မူဘယ်ဆိုတာ ယုတ္တိရှိပေတာပဲ"

"မင်း တခါက ငါရေးတဲ့ဘုန်းကြီးဆိုသော သီချင်းဆိုတဲ့ ဆောင်းပါးကို မဖတ်လိုက်မိလို့ နေမှာပါ"

"ဘယ်ဘုန်းက ဘယ်မှာ ရေးလိုက်တာလဲ"

"စစ်ပြီစက စာရေးဆရာအသင်း မဂ္ဂဇင်း ထဲမှာ"

"အကြောင်းကလေး ပြန်ပြောကွာ"

"လုပ်ပြီ မင်းကတော့"

"သီချင်းဆိုတာပဲ ဝုန်းတိုလိုက်တာ၊ ပြောစမ်းပါ"

"ငါငယ်ငယ်ကပေါ့ကွာ၊ တို့ဘွားအေကြီးနဲ့ မြင်းမူအနားက မြောင်မြို့ကိုလိုက်သွားတယ်၊ တို့ဘိုးဘွား ဘိုးဘင်က မြောင်အေးမျိုး ပေတဲ့၊ အဲသည်မှာ ကျောင်းထိုင်ဘုန်းကြီးလဲအမျိုးပဲ၊ တို့အဘွားနဲ့ ဆွေမျိုးဘစု ဘုန်းကြီးကို သွားဖူးပြီး စကားစပ်ရာက တေဘုမှာ သီချင်း အကြောင်း ရောက်သွားတယ်ဆိုပါတော့ကွာ၊ အဲသည်မှာ တို့ဘွားအေကြီးက ဦးပြုံးချို အကြောင်းပြောပြီး ငါ့ကို ဆိုအပြခိုင်းတယ်။ ငါ့မှာ မဆိုချင်ပဲနဲ့ ဘုန်းကြီးကို ကြောက်လို့ ဆိုပြရတယ်"

"မင်းက အဲသည်သီချင်းကိုအဲသည်ကတည်းက ရနေသလား"

"ရတာပေါ့၊ ငါ့အမေက-အစ ရတယ်၊ ဘာဖြစ်လို့လဲ သိလား၊ အဲသည်သီချင်းကို တို့

အိမ်မှာ ခဏခဏ ဆိုကြ တီးကြတယ်။ ဦးပြုံးချို ကို တို့အဘိုးလေးက စောင်းတီးသင်ပေးရတာ''

''ဪ....ဪ ငါမှတ်မိပြီ။ နှလုံးသွေးပျက်သော တေးတပုဒ်ဆိုတဲ့-ဝတ္ထုကို မင်းရေးသေးတာပဲ၊ မင်းအဘိုးက မျက်စိမမြင်ဘူးလေ''

''အေး တေဘုမှာ သီချင်းအကြောင်းသာ ဆက်ပြောကြပါစို့။ အဲသည်မှာ ဘုန်းကြီးက ငါဆိုပြတော့ အဓိပ္ပာယ်ကို နားလည်ရဲ့လားလို့ မေးတယ်။ ငါက ဘာနားလည်လိမ့် မတုံး၊ ဒါကို ဘွားအေကြီးက ချော့သောက်ခံပြီး ငါ့ကို ''ပြောလိုက်လေ-ပြောလိုက်လေ''နဲ့ တိုက်တွန်းနေတော့ ဘုန်းကြီးက ''နင်ကကော ဘယ်လောက်နားလည်လဲ ပြောစမ်း''လို့ ဆူပါလေရော။ ငါ့ဘွားအေလဲ ကဘောက်ချိ ကဘောက်ချာပဲ ဖြေနိုင်တယ်လေ။ ဒီတင် ဘုန်းကြီးက ခက်ဆစ်တွေဖွင့်ပြီး တရားဟောလိုက်တာမှ တနာရီလောက်ကြာတော့ဘာပဲ။ ငါ့မှာတော့ ပျင်းလိုက်ဘာမှ လိမ်ဆို့။ အဲ-နောက်ဆုံးကျတော့ ''နင်တို့ဟာ ခွေးပါးစပ်က နတ်စကား ထွက်သလိုပဲ၊ နင်တို့နဲ့ မတန်ဘူး၊ ဘုန်းကြီးများသာ ဆိုဖို့ကောင်းတဲ့သီချင်း၊ မောင်ပဋ္ဌင်း တပါးပါးက ကူးယူသားလိုက်ကြစမ်းတဲ့''ဆိုလို့ ရွတ်ပြခဲ့ရတဲ့ အကြောင်းကိုဆောင်းပါးရေးခဲ့တာပါပဲ''

''အေး-ဘုန်းဘော်ကြီးက ပြောလဲ ပြောစရာ၊ ခက်ဆစ်အဓိပ္ပာယ်တွေ ထုတ်ပြမှ ဘာဝနာဒီပနီ ဖြစ်နေတော့တာကို''

''အောင်မယ် နောက်ပြီး ဘွားအေကြီးကို မေးသိုက်သေးတယ်- ''ဒီသီချင်းရေးတဲ့ဒကာ လိမ္မာယင် လိမ္မာရော့၊ မလိမ္မာယင် မောက်လိုက်မယ့် ခါနက အာကာသ ရောက်နေလိမ့်မယ်'လို့ ဝေဖန်လိုက်တော့ တို့ဘွားအေကြီးမှာ ရယ်လိုက်ဘာ မျက်ရည်ချားထွက်လို့''

''ဘာဖြစ်လို့လဲ''

''ဆရာကြီး ဦးပြုံးချိုဟာ ဘုန်းတော်ကြီး မှန်းဆဝေဖန်လိုက်သလို ပညာမာန အလွန်ကြီးတယ်၊ အနုပညာနဲ့ ပတ်သက်လာယင် ကြက်ခေါင်းဆိတ် မခံတတ်ဘူး၊ တို့ကျိုက်လတ်မြို့မှာ ကဗျာသိပ္ပဝေပုလ္လအသင်းဟာ သူတည်ထောင်ခဲ့တာပဲ၊တနှစ်တခါ ရေနန့်ပိုင်ဦးရှင်ကြီးပသပြီး ဇာတ်ကကြတယ် လေ၊ အားလုံး အရပ်သားတွေချည်းပဲ၊ အဲသည်မှာ သဘင်ပညာ သင်တန်းဖွင့်တဲ့သဘောပဲ၊ လူတိုင်း သူရဲ့ အကြိမ်းအမောင်းအရိုက်အနှက်က မကင်းကြဘူး၊ ပန်းချီပညာလဲ တတ်ကျွမ်းတယ်၊ ပွဲအတွက်တောကား တောင်ကားနန်းကား မြို့ရိုးကားတွေကိုလဲ သူပဲဆွဲရေးတာပဲ''

''အေး ငါက မင့်ထက် အသက်ငယ်တော့ကောင်းကောင်းမမှတ်မိဘူး''

''ဦးပြုံးချိုဟာ ၁၂၄၀ ခုနှစ်မှာ ဖွားတယ်၊ ၁၂၇၉ ခုနှစ်မှာ ကွယ်လွန်တယ်၊ အသက် ငါးဆယ် မပြည့်ခင်ကလေးမှာ ဆုံးပါးသွားရတဲ့အတွက်ကိ ဘလောက စာပေလောက အဖို့ နစ်နာရတယ်၊ ကဲ-ရှေ့အပိုဒ်ကို ဆက်ကြပါစို့''

''(မြေ၊ ရေ၊ လေ၊ မီး၊ ဓာတ်ကြီးအစုပါ၊ လွန်တရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းတွဲမလွတ်ပါ၊ သုံးဆယ့်နှစ်ကောဋ္ဌာ၊ မိုက်မဲအဝီဇ္ဇာ စိတ်တဏှာဟာ အနိဋ္ဌာကို ဣဋ္ဌာ ထင်မိမှား၊ ကာယ အပုပ်ကောင်ဟာ ဟုတ်ယောင်သာ ရုပ်ဆောင်စွာ ချုပ်နှောင်ကာ သူလှည့်စား)''

''မြေ=ပထဝီဓာတ်၊ ရေ= အာပေါဓာတ်၊ လေ= ဝါယောဓာတ်၊ မီး=တေဇောဓာတ်။ အဲသည့်ဓာတ်ကြီးလေးပါးရဲ့သဘောကို လက္ခဏာနဲ့သိရမှာက ပထဝီဓာတ်မှာ ခက်မာမှုနဲ့ နူးညံ့မှုရှိတယ်၊ အာပေါဓာတ်မှာ ဖွဲ့စည်းမှု ယိုစီးမှုရှိတယ်၊ ဝါယောဓာတ်မှာထောက်ကန်မှုလှုပ်ရှားမှုရှိတယ်၊ တေဇောဓာတ်မှာပူမှုအေးမှု ရှိတယ်၊ ဘယ် အရာဝတ္ထုဖြစ်စေဤဓာတ်ကြီးလေးပါးက

အခြေခံပြီးဖွဲ့စည်းနေကြတယ်၊ အဲသည်လိုဖွဲ့စည်းထားတော့ ရုပ်သဏ္ဌာန်အဆင်း ဝဏ္ဏ၊ အနံ့ အသက်ဂန္ဓ၊ ချိုချဉ်စပ်ခါးစသည် တပါးပါးသောရသ၊ ကောင်းကျိုး ဆိုးကျိုးပြုသောဩဇ၊ အဲသည့်လေးမျိုးပါ ဖက်စပ်ဖြစ်ပေါ်လာတယ်၊ အဲဒါတွေကို တခုစီခွဲထုတ်လို့ မရနိုင်တဲ့အတွက် (အဝိနိဗ္ဘောဂအဋ္ဌကလာပ်ရုပ် ရှစ်ပါးလို့ ခေါ်ဘယ်၊ ဒီလောက်ပြောယင်တော့ အတော်လေးနက်သွားပြီ''

''ငါ့အဖို့တော့ ဒီသက် ပြောယင် နားလည်နိုင်ဘော့မှာ မဟုတ်ပါဘူး''

'ကဲ– အရာဝတ္ထုတိုင်းကို ဓာတ်ကြီးလေးပါးကဦးဆောင်နေကြတယ်၊ အဲသည်မှာနာမ်နဲ့ ရုပ်နဲ့ တွဲနေတဲ့ လူသတ္တဝါတွေ ကျတော့ ကောဋ္ဌာသ သုံးဆယ့်နှစ်ပါး ရှိသာကြရတယ်''

''ကောဋ္ဌာသဆိုဘာ မြန်မာလို ဘာခေါ်သလဲကွ''

''ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူအရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ အဲသည့် သုံးဆယ့်နှစ်ပါးပဲ''

''ဒါတွေကလဲ အခုနပြောတဲ့ အဋ္ဌကလာပ်ရုပ်တွေပဲလား''

''ဒါတွေလဲ အဋ္ဌကလာပ်ရုပ်တွေပဲ၊ ဒါထက် တခုသတိရလို့ ပြောရဦးမယ်၊ မဟာဂီတစာအုပ်ပါ စာသားမှာ (လွန်ဘရာမမြတ်သော အတ္တဘောခန္ဓာ)လို့ ပါတယ်''

''ငါငယ်ငယ်ကဘည်းက ကြားဘူးနေတာက (ရွံ့စရာမမြတ်သော အတ္တဘောခန္ဓာ)လို့ မှတ်မိနေတယ်၊ ဒီလိုဆိုမှ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနဲ့ ညီပေလိမ့်မယ်၊ အဲဒီမှာက (ဣမေကေသာနာမ၊ ဝဏ္ဏတောပိ၊ ဂန္ဓတောပိ၊ သဏ္ဌာနတောပိ၊ အာသယတောပိ၊ ဩကာသတောပိ၊ အသုဘာ ဇေဂုစ္ဆာ ပဋိကူလျာ)လို့ ဆိုတယ်လေ....၊ မြန်မာလို အဓိပ္ပာယ်က ဆံပင်သည် အဆင်းအနံ့ သဏ္ဌာန် အညီရာ အရပ်အားဖြင့် ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ် မတင့်တယ်လို့ အဓိပ္ပာယ်ရတယ်။

ဒီလိုဆိုယင် လယ်တီဆရာတော်ဘုရားကြီးက ရူပကာယသည်အနာဟောင်းကြီးနှင့် တူတယ်လို့ဖွင့်ဆိုထားတာနဲ့ ညီတယ်၊ မန်လည်ဆရာတော်ဘုရားရဲ့နံ့ ဆိုးယုတ်မာ၊ ပုပ်နံ့စွာဖြင့်၊ ကေသာလောမ၊ မွေးဆံစသား၊ အူမအူသိမ်၊ ရေအိမ်မက၊ ရွရွကျိကျိ၊ ပိုးအတိနှင့် အရိဇ ရွဲ၊ နှပ်ချွဲပုပ်ပျစ်၊ ရှုပ်ရှုပ်ပျစ်လျက်၊ စာသစ်စာဟောင်း၊ မြောင်းအောင်း၊ ဟောင်းသောင်းအဝ၊ ကိုးဒွါရမှ၊ စီးကျယိုယို၊ တစိုစိုလျှင်၊ ဤကိုယ်ညစ်ကျု၊ ပုပ်မျိုးစု–ဆိုတဲ့အတ္တစိန္တာအဓိပ္ပာယ်ကို ပို၍ ပေါ်လွင်စေတယ်''

''နှစ်ရှည်တဲ့ကာလအတွင်းမှာ ဆရာကြီးရဲ့ မူရင်းစာသားကို အကူးအရေး ချွတ်ယွင်းသွားကြသလားမှမသိတာ''

''ဖြစ်နိုင်ပါဘယ်၊ မဟာဂီတ သီချင်းကြီးစာသားများမှာ အမှားအယွင်း မစင်ကြယ်သေးဘူး၊ ကဲ–မင်းဆိုတဲ့အပိုဒ်ကို မြန်မာပြန်ကြပါစို့။ (ဓာတ်ကြီးလေးပါး အစုအဝေးကိုမှီ၍ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော သုံးဆယ့်နှစ်ကောဋ္ဌာသဖြင့် ခန္ဓာကိုယ်အတ္တဘောဟူ၍ မုန်းတီးစရာကိုတဏှာလောဘ အစွမ်းကြောင့် အနိဋ္ဌာကို ဣဋ္ဌာဟု ထင်မှတ်စေကာ အဝိဇ္ဇာဖုံးလျက် အပုပ်ကောင်ကဟုဘ်သယောင်စုစည်းချုပ်နှောင်ဖွဲ့ကာ လှည့်စားနေခြင်းပင် ဖြစ်လေသည်။) အဲသလောက်ဆိုယင် အဓိပ္ပာယ်အကြမ်းအားဖြင့် လုံလောက်ကောင်းပါရဲ့''

''တို့အတွက်တော့ ဒီလောက်သိယင် သီချင်းဆိုလို့ကြားလို့ကောင်းပါပြီကွာ၊ အိုးတန်ဆန်ခပ်

ပေါ့၊နို့ မဟုတ်ယင် ဆင်ခေါင်းကိုခွေးမချီနိုင်ဖြစ်နေပါဦးမယ်''

'ဆိုကောင်းအောင် ကြားကောင်းအောင် မှာသာ ရပ်နေဖို့ မဟုတ်ဘူးနော်၊ ဒီသီချင်းကို အ မှီ ပြု ပြီး အဆင့်ဆင့်တက်ဖို့ ကြိုးစားကြရမယ်''

''အင်း.... ကြိုးစားတော့ ကြိုးစားရမှာပဲ၊ ဒါပေမယ့် မင်းပြောတဲ့ (ရွံစရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းတွဲ့မလှတ်ပါ၊သုံးဆယ့်နှစ် ကောဋ္ဌာ) ဆိုတာတွေကို ငါးပိကြိုက်တဲ့လူများ ပြောသလို ဖြစ်နေတာက ခက်တယ်''

''ဘယ်လိုလဲ''

''ငါးပိဟာ 'ရွံစရာကောင်းတယ်' ဆိုသာဆိုတယ်၊ ရွံစရာက ကောင်းနေလို့ ခက်တယ်တဲ့လေ...ဟား....ဟား....''

'အေး-တို့တတွေ ဝိပဿနာဉာဏ် ရင့်သန်လာယင် သဘောပေါက်လာကြမှာပါ။ လက်တွေ့တရားနဲ့ စဉ်းစားကြည့်ယင်တော့ ရိပ်မိနိုင်သားကွ''

''ဘယ်လိုစဉ်းစားရမှာလဲ''

''အခုနကပြောတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသပဲ ကြည့်ပါဦး၊ ဖွဲ့စည်းပေါင်းစပ်ပြီး ရုပ်နှင့်နာမ် ရှိနေလို့သာ ခင်တွယ်နေကြတာကိုး၊ အင်မတန် ချောတဲ့ သီရိမာအမျိုးသမီးကို တမ်းတမ်းစွဲနေတဲ့ ရဟန်းတပါး သီရိမာရဲ့အလောင်းကောင်ကို ကမ္မဋ္ဌာန်းအရှုခိုင်းတော့ ရွံစရာအစစ်ကို တွေ့သွားရောမဟုတ်လား'

''ဒါကတော့ ပုပ်ပွနေမှကိုးကွ''

''ကဲ...မသေခင်တို့ကိုယ်တွေ့ကိုပြောဦးမယ်၊ ဥပမာ ဆံပင်ဆိုပါတော့၊ 'ပိတုန်းရောင်ဖြေ သာ ဖြေကာချတော့ ရှုမဝနိုင်ဖွယ်'လို့ တို့ချစ်တဲ့လူကို တို့အမွှမ်းတင်ခဲ့တယ်နော်''

''တင်ခဲ့တာပေါ့၊ ငါကြားဖူးတဲ့ ပတ်ပျိုး တပုဒ်ဆိုယင်'အိုကြော့ဆုံးမယ်၊ ကေသွယ်ရော့ လျှား၊ မောင်သနားလှတယ်' တဲ့လေ၊ ဆံပင်ကလေး ဖိုးရိုးဖားရားမို့ သနားတယ်ဆိုပဲ''

''ကဲကွာ....မင်းမိန်းမဆံပင်ဂ ငေ ကို ယုယနမ်းရှုပ်ခဲ့ဖူးပေမယ့် သူချက်ကျွေးတဲ့ ဟင်းခွက်ထဲ ဆံပင်ချည်ဘခချောင်း ပါလာတာတွေ့ယင် မင်းသတိပါမလား''

''အဲသည့် သဘောအတိုင်း တွေးကြည့်ရမှာပေါ့၊ ဝိပဿနာဉာဏ်နဲ့ကျတော့ဖြီးလိမ်းပြင်ဆင်ထားတဲ့ ကြားထဲမှာကို ဆင်ခြင်နိုင်မှာပေါ့ ပတ်ဖူးလား၊ အဲဒါကို မန်လည် ဆရာတော်ကြီးက 'အသုဘစစ်၊ဉာဏ်ဖြင့်လှစ်၍၊အပြစ်မမြင်၊ဖုံးပိတ်ပင်လျက်၊ လင် နှင့် မယား၊ သား နှင့် သမီး၊ ချစ်မငြီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်ထုံးပြု၍၊ ချစ်စုချစ်ပုံ၊ နှုတ်ဝယ်ငုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဖက်တွဲမှီ၊တအီအီလျှင်၊ပွေ့ချီရှုပ်နမ်း၊ တငမ်းငမ်းနှင့်၊ စမ်းစမ်းဆုပ်ဆုပ်၊ အုပ်အုပ်ဖုံးဖုံး၊တပြုံးပြုံး နှင့်၊ မဆုံးချစ်စ၊ မွေ့လျော်ကြသည်'လို့ ဆိုထားတာပေါ့''

'အေး....ဟုတ်လိုက်တာနော်၊ တို့တတွေက ပါရမီ အတော်နည်းသေးတာပဲ''

''ပါရမီဆိုတာ အလုပ်ကိုပြောတာ ကိုရင်၊ မလုပ်ယင် ပါရမီကို မဖြစ်ဘူး''

''နို့....မင်းကတော့ အလုပ်မလုပ်ပဲနဲ့ ပါရမီကို ရောက်နေပါရော့လား၊ ဟား....ဟား''

''ငါမလုပ်ဘူးလုပ်တယ် မင်းသိလို့လား၊ကဲ-ရှေ့ဆက်ဆိုပါတော့''

''(တရားကွာ မှားရှာ မျှားသတ္တဝါ၊ ဘဝအနေကာ ဖြစ်ပျက်သံသရာ၊ မီးဆယ့်တစ်ငြိမ်းရာချုပ်ရာ၊ နိဗ္ဗာန်ရောက်နိုင်ရာ၊ မဂ်ဖိုလ် ကြိုးစားရအောင်ရှာ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ သမုစ္ဆေဒပဟာန်ကေနပယ်၍ခွာ၊ အဘက်တန်းတက်လှမ်းမကြာ၊ ရုပ်နာမ်ခန္ဓာ နှစ်ဝလုံးဟာ အစတုံးကာ, ဘဝဆုံးအခါတာ၊ အဲသို့မှသာ၊ဘေးတကာ ရန်တကာကင်းဝေးမှာ၊ အရဟတ္တဖိုလ်ပညာကိုသာ အနု

သယကိလေ တိချေပယ်ဖို့၊ အမှန်ဝါယမ်၊ စိတ်သန် သမာဓိ၊ ဝိပဿနာဉာဏ်, ရင့်သန်စေဖို့ရာ၊)''

''အဲသည့်အပိုဒ်က ဝိပဿနာ ကျင့်စဉ်တွေ ပါလာပြီ၊ မလွယ်ဘူး''

''မင်းသိသလောက်သာ ပြောယင် တို့နား လည်နိုင်ပါလိမ့်မယ်၊ နေဦး၊ တခုချင်းခက်ဆစ်ကို အယင်ရှင်းထားမှ ကောင်းမယ်၊ အဲသည့်အထဲက (အနေက)ဆိုတာ ဘာဆိုလိုသလဲ''

''အနေက ဆိုတဲ့ ပါဠိက တပါးမကများလှစွာသောလို့ ပြောတာ၊ အနေကဇာတိ သံသာရဲ တွေ့ ဥဒါန်းတော်ကို ဗုဒ္ဓကိုယ်တော်ဘုရားဖြစ်တဲ့ အခါမှာ ဥဒါန်းကျူးတော်မူတယ်''

''အဓိပ္ပာယ်က ဘယ်လိုတုံး''

''ဘဝပေါင်းများစွာ ဖြစ်ခဲ့ရတာ ယနေ့ယခု အစပြုလို့ ပြတ်စဲပြီလို့ ပြောတာ''

''မီးဆယ့်တပါးဆိုတာကကော''

''လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသ မီး''

''ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဆိုတာကော''

''ဒိဋ္ဌိ=အယူမှားခြင်း။ ဝိစိကိစ္ဆာ=သို့လော သို့လော ယုံမှားခြင်း။ အဲဒါနှစ်ခုကို နည်းနည်း ရှင်းဦးမယ်။ ဒိဋ္ဌိ=အယူမှားခြင်းဆိုတာက စုံလုံး ကန်းအောင် မှားနေတာ။ ဝိစိကိစ္ဆာ=ဆိုတာက စုံလုံးကန်းတာတော့ မဟုတ်ဘူး။ အမှန်တရား ရယ်လို့ ကျင့်ကြံဘယ်။ သို့သော် အမှန်ကို လက်ဆုပ်လက်ကိုင် မပိုင်တော့ ဟုတ်မှ ဟုတ်ကဲ့ လား၊ ဒါမဟုတ်ပဲ ဟိုဟာကဟုတ်လေမလားလို့ မဆုံးဖြတ်နိုင်ကာ။ တရားသမားများ အများဆုံး တွေ့ရတတ်တဲ့ အန္တရာယ်ပဲ''

'အေး....ရှင်းပြီ၊ သမုစ္ဆေဒပဟာန် ကေန်ပယ် ၍ဒွာ-တာကို ပြောပါဦး'

''ပဟာန=စွန့်ပယ်အပ်သော တရား။ (၁) တဒင်္ဂပဟာန်=အကုသိုလ် တရားတို့ကို ကုသိုလ် တရားဖြင့် ပြု ဆဲ တ ခ ဏ ၌ ပယ်ခြင်း။ (၂) ဝိက္ခမ္ဘနပဟာန်= တခဏ မဟုတ်ပဲ ခေါင်းပါး အောင်ပယ်ခြင်း။ (၃) သမုစ္ဆေဒပဟာန်= မဂ် ကုသိုလ်စုဖြင့် အပြတ်ပယ်ခြင်း။ (၄)ပဋိပ္ပဿဒ္ဓိ ပဟာန်=ဖိုလ် တ ရား စုဖြင့် ငြိမ်း အေး မှု ပြု ခြင်း။ (၅) နိဿရဏပဟာန်=ပရိနိဗ္ဗာန ဓာတ် ဖြင့် ဖြတ်တောက် ထွက် မြောက် သွား ခြင်း။ အဲသည့်ငါးပါးအနက်က မဂ်ကုသိုလ်နှင့်ပယ်ခြင်း ဆိုတဲ့ သမုစ္ဆေဒပဟာန်လို့သာ သိ ထား လျှင် သိချင်းအဓိပ္ပာယ်ပေါ်နိုင်ပါပြီ''

''ပေါ်နိုင်လောက်ပါပြီ၊ နောက်စကားလုံး က အနုသယ ကိလေသာပါပဲ''

''ကိလေသာသုံးမျိုးရှိတယ်၊ (၁) ဝီတိက္ကမ ကိလေသာ=ကာမဂုဏ်တရားကို အလွန်အကျူး တပ်ဘုန်းခံပြီး ရှာကြံ သုံးစားခြင်း။ (၂) ပရိယုဋ္ဌာန ကိလေသာ=မလွဲ မရှောင် သာလို့ လိုက်စားခြင်း။ (၃)အနုသယ ကိလေသာ=မရှိ တော့သယောင် ဖုံးအုပ်နေသော ကိလေသာ။ အဲသည့် အနုသယကိလေသာကင်းစင်မှ အာသ ဝေါ ကုန်ခန်းတယ်၊ အမှန် ဝါယမ် စိတ်သန် သမာဓိဆိုတာကတော့ မဂ္ဂင်ရှစ်ပါးထဲက သမ္မာ ဝါယာမနှင့် သမ္မာသမာဓိကို ဆိုတာပါပဲ။ ကဲ.... ဒီတော့ အပိုဒ်သုံး ကိုမြန်မာပြန်လိုက်လျှင်(တရား ကွာလို့ မှားနေရှာကြတဲ့ အများသတ္တဝါတွေမှာ ဘဝပေါင်းများစွာ ဖြစ်ခဲ့-ပျက်ခဲ့ သံသရာထဲ လည်ခဲ့ရပါပြီ၊ မီးဆယ့်တပါး ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန် ဘည်းဟူသော ဘဝဆုံးရာ၊ ဇာတိဆုံးရာ အရပ်ကို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နှစ်ပါးအား မဂ် ကုသိုလ်ဖြင့် အပြီး အပြတ်ပယ်၍ ဖုံးကွယ်ငုပ်လျှိုး နေတဲ့ ကိလေသာပါ ကုန်စင်အောင် သမ္မာ ဝါယာမ (မှန်သောလုံ့လ)၊ သမ္မာ သမာဓိ= (မှန်သော သမာဓိ)ကို အသုံးပြုကာ ဝိပဿနာ ဉာဏ် ရင့်သန်ကြပါစေသတည်း။)

'ကဲ ...နောက်နှစ်ပိုဒ်ကျန်သေးတယ်"

"(ငါးဆူရှင်ပါရမီတော်ရင့်သည် ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာ၊ ဗုဒ္ဓပွင့်ငါးကြိမ်ဆင့်တောင် ကျွတ်ခွင့်မပါ၊ လွဲလျှင်မှန်စွာ ရှည်လျားတဲ့ သုည ကမ္ဘာတွေမှာ၊ ဓမ္မာသွေ့ခွာ အပါယ်မှာပျော်ဖို့၊ တရားမသိလို့ အမြဲမိစ္ဆာ၊ အမှား အတိပ အသွဲစိတ်မှာ၊ ငရဲတိရစ္ဆာ တကတဲ မဆိတ်စွာ၊ အသည်းထိတ်စရာ စည်ပင်ကြတော့မှာ)"

'ငါးဆူရှင် ဆိုတာ ဤဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူကြတဲ့ ဗုဒ္ဓငါးဆူဖြစ်တယ်၊ (၁) ကကုသန်မြတ်စွာ ဘုရား။ (၂) ကောဏာဂုံမြတ်စွာ ဘုရား။ (၃) ကဿပ မြတ်စွာဘုရား။ (၄) ဂေါတမ မြတ်စွာ ဘုရား။ (၅) ပွင့်တော်မူလတ္တံ့သော=အရိမေတ္တေယျ မြတ်စွာ ဘုရား။ ဘဒ္ဒကမ္ဘာဆိုတာ (၁)သာရကမ္ဘာ=ဘုရားတဆူ ပွင့်သဖြင့် အနှစ်သာရ ရှိသော ကမ္ဘာ။ (၂) မဏ္ဍကမ္ဘာ=ဘုရား နှစ်ဆူ ပွင့်သဖြင့် ကောင်းသော ကမ္ဘာ။ (၃) ဝရကမ္ဘာ=ဘုရား သုံးဆူ ပွင့်တော်မူသဖြင့် မြတ်သော ကမ္ဘာ။ (၄)သာရမဏ္ဍကမ္ဘာ=ဘုရား လေးဆူ ပွင့်တော်မူသဖြင့် အနှစ်သာရလည်းရှိ၍ ကောင်းလည်း ကောင်းသော ကမ္ဘာ။ (၅) ဘဒ္ဒကမ္ဘာ=ဘုရား ငါးဆူ ပွင့်တော်မူ သဖြင့် ကောင်း မြတ် သော ကမ္ဘာ။ အဲ့သည့် ဘုရားပွင့်တော်မူဆဲ ခေတ်ကို ကြုံရတဲ့ အဖြစ်ဟာ အလွန်တရာ ခဲယဉ်းသဖြင့် ဗုဒ္ဓုပ္ပါဒေါဒုလ္လဘောလို့ ဟောတော်မူခြင်းဖြစ်တယ်၊ ဘုရားမပွင့်တဲ့ ကမ္ဘာတွေက အသင်္ချေ အနန္တရှိတယ်၊ အဲ့သည့်ကမ္ဘာတွေကို သုညကမ္ဘာ အချည်းနှီးကမ္ဘာ၊ အမိုက် မှောင်ကြီး ကျသော ကမ္ဘာလို့ ဆိုတယ်၊ ထိုအခါမျိုးမှာ နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတာ မပြောနဲ့ ဗုဒ္ဓ၊ ဓမ္မဆိုတဲ့ အသံမျိုး စကားမျိုးတောင် မကြားနိုင်ကြဘူး၊ ဘုရား ပွင့်တော် မူခြင်းကြောင့် အလွန် တရာ အကျိုးကြီးပုံကို အမရပူရမဟာဂန္ဓာရုံဆရာတော်

အရှင် ဇနကာဘိဝံသက ဤလို ဖွင့်ထားတယ်၊ 'အကယ်၍သာ မြတ်ဗုဒ္ဓသည် လူ့ရွာထင်ရှား မပွင့်ငြားက၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ၊ ယခုခါသော်၊ မြတ်ဇိနော်သည်၊ ပွင့်ပေါ်ထင်ရှား၊ ဟောညွှန်ကြား၍၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေတဲ့။ တိပိဋကရေ အရှင်ဝိစိတ္တသာရာ ဘိဝံသ ပြုစုတော်မူထားတဲ့ မဟာဗုဒ္ဓဝင်ကြီးမှာဆိုလျှင် အကျယ်ပြန့်ဆုံး ရေးထားတာပေါ့"

'အင်း... လောကမှာ ဗုဒ္ဓကိုမဆိုထားနဲ့ ဆရာသမား မရှိယင်တောင် ဒုက္ခ ရောက်ကြရမယ်ပဲ သေ၊ မကောင်းမှု အကုသိုလ် အမှုမျိုးက ပြုဖို့လွယ်တယ်၊ ပြုချင်တတ်တယ်၊ အများများတဲ့ အခိုက်အခါမှာ အမှန်တရား ပြနိုင်တဲ့ ပုဂ္ဂိုလ် ပေါ်ထွက်ဖို့ အလွန်ခဲယဉ်းမှာပေါ့"

"လောကမှာ သံသရာမှ လွတ်မြောက်ကြောင်း ဝိပဿနာဘာဝနာကို မလုပ်လိုသေးလျှင် ထားဦး၊ ဂိဟိဝိနယဆိုတဲ့ လူကျင့်ကျင့်ဖို့ကို ဟိရိဩတ္တပ္ပ=ရှက်ခြင်း၊ ကြောက်ခြင်းတရား နှစ်ပါးရှိတယ်၊ ထိုတရားနှစ်ပါးကို ဒေဝဓမ်နတ်ပြည်၌ ဖြစ်နိုင်ရာသော တရားလို့လဲ ခေါ်တယ်၊ မကောင်းမှုကိုပြုရမှာရှက်ခြင်း၊ မကောင်းမှုကို ပြုရမှာ ကြောက်ခြင်းပဲ၊ ဒီတရား နှစ်ပါး ကျင့်ဖို့ ထိန်းဖို့ရာမှာ ကုသိုလ် အကုသိုလ်ကိုသိတဲ့ လူများပြားမှ အရှက် အကြောက် တည်တတ်ကြတယ်၊ မသိတဲ့လူက များပြားလျှင် မရှက်ကြ မကြောက်ကြတော့ဘူး၊ ဥပမာ အရက်မသောက်တတ်တဲ့အသိုင်းအဝိုင်းမှာ အရက်သောက်ချင်တဲ့ လူတယောက် အတွက် ရှက်တာ ကြောက်တာကြောင့် မသောက်ဝံ့ မသောက် ဖြစ်သော်လဲ အရက်သမားဝိုင်းထဲရောက်သွားလျှင် စိတ်လွတ်လက်လွတ် သောက်ကြသလိုပေါ့၊ သူလဲ အတူတူ ငါလဲအတူတူ ဖြစ်နေကြတာကိုး"

"တချို့က မသောက်တတ်တဲ့ လူကိုတောင် အထင်သေးတတ် ကြသေးတာပဲ"

"ဒီသဘောပေါ့၊ မိမိရဲ့ ပရိယေသန ဝမ်းစာ အတွက် ရှာကြံစားသောက်ကြတဲ့ နေရမှာ ရော ထိ့အတူပဲ၊ လိမ်မယ်၊ ညာမယ်၊ ခေါင်းပုံဖြတ်မယ်၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဆိုပြီး မတရား လုပ်မယ်၊ သူ့အသက် သတ်ဖို့ ဝန်မလေး၊ သူ့ဥစ္စာခိုးဖို့ဝန်မလေး၊ ကိုယ့်အကျိုး ကလေး ကြည့်ပြီး မြှောက်ဖို့ ငှဲ့ဖို့ သာပေါင်း ညာစားလုပ်ဖို့ မုန်သမျှ အတူတူနဲ့အနူနူ လောက ထဲမှာ ရှက်စရာ ကြောက်စရာ မဟုတ်တော့ဘူး"

"ထမင်းစားရေသောက်သလို ထုံစံဖြစ်နေမှာပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် ခေတ်နှင့်လူတွေက ဘယ်လို ပြောင်းပြောင်း၊ ကုသိုလ် အကုသိုလ် အကျိုး တရား တွေက ဘုရားပွင့်ပွင့်၊ ပွင့်ပွင့် အစဉ်ရှိနေတာမို့ အကုသိုလ် အကြောင်းလျှင် အကုသိုလ်တွေပဲ အကျိုးပေးမြဲပဲ ဒီတော့ ငတ်မွတ်ခြင်း၊ ရောဂါထူပြောခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့က နောက်က ကပ်ပါလာရော"

"အဲဒီ အကြောင်းတရားကို မသိတော့ ငတ်လို့ ပိုပြီး အကုသိုလ် လုပ်ကြပြန်ရောပေါ့"

"ဟုတ်လှချည်ရဲ့ဗျာ၊ ကာမေဿ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုတဲ့ အတိုင်းပေါ့"

"ဒါဆိုလျှင် တေဘုမ္မာသီချင်း တတိယအပိုဒ်ကို မြန်မာပြန်လို့လွယ်သွားပြီ။ (ဘုရား ငါးဆူ ပွင့်တော်မူသော ဤဘဒ္ဒကမ္ဘာမှာ ငါးဆူစလုံး၏ အဆုံးအမကို မကျင့်ဆောင်သဖြင့် (ကျွတ်တမ်း) မဂ်ဖိုလ်သို့ မဝင်မပေါက်လွဲခဲ့မယ်ဆိုလျှင် နောင်ကို ဘုရားပွင့်တော်မူခြင်း မရှိတဲ့ သုည ကမ္ဘာ တွေ တလျှောက်လုံး တရားမေ့မရသည်ထက် မရဖြစ် ကာ အပါယ်လေးဘုံသို့သာ ဆိုက်ရောက်ရမှာ သေချာနေပေတော့သည်တကား။) ဒီလို မဟုတ်လား"

"ဒီဘခါ ငါ့ဘပည့်ကြီး ထော်လိုက်တာဗျာ ဟဲ....ဟဲ"

"တခါတလေတော့လဲ အသားယူချင် ယူပေတော့ကွာ၊ မင်းက များများ ပြောပြ ရတဲ့ လူ မဟုတ်လား"

"ငါအသားယူချင်တာထက် မင်းမြန်မာပြန်ကို နှစ်သက်လို့ပါ ကိုရင်ရယ်"

"ကဲ ခနောက်ဘပုဒ် ဆက်မယ်။ (မကောင်းမှု ဒုစရိုက်တွေသာ နည်းအောင် ကျင့်ပါ၊ နှစ်၊ လ၊ နေ့ ရက်၊ နာရီတွေဟာ။ အချိန်အလကား ကုန်စေရာ၊ ကာဂေုဏ် ရမ္မက်ဆိုး-ဖျက်ချိုနိုင်မှသာ၊ ဖြစ်ရာဘဝသံသရာ၊ ပညာပါရမီ ကြီးရင့်အောင်ဖို့ပါ။ အဘိဘာ မိုက်စမိုက်ပင်ပျို့လို့ မိုက်ဆိုးခဲ့ဘာ၊ ယခုသဲမိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုးတံပို မိုက်ဦးမှာ၊ အဆုံးသတ်သင့်တာ။) ဒီအပိုဒ်ကတော့ မြန်မာလိုရှင်းပါတယ်နော်"

"ရှင်းတယ်လို့ဆိုရမှာပါ၊ သို့ပေမယ့် လယ်တီဆရာတော် ဘုရားကြီးရဲ့ ဒီပနီပေါင်းများစွာကို ကြေကြေညက်ညက်ကြည့်ထားဟန်တူတဲ့ ဦးပြုံးချို အာဘော်ကို ပြောချင်သေးတယ်"

"ဟာ....ပိုကောင်းတာပေါ့၊ လယ်တီဆရာတော်ကြီးရဲ့ တရားကိုလဲ နာရတာပေါ့"

"(နှစ်၊ လ၊ နေ့၊ ရက် နာရီတွေဟာ အချိန်အလကား မကုန်စေရာ)ဆိုတဲ့ စကားက ဆရာတော် ဘုရား နေ့စဉ်ဆုံးမတော်မူတဲ့ တရားကွ၊ လယ်တီ ကျော်တ အစရှိတဲ့ (အနွေဝါသိက) တပည့်ကြီး တွေကို အမြဲဆုံးမတော်မူလေ့ရှိတယ်"

"အနွေဝါသိက ဆိုတာ ရင်းနှီးတဲ့ တပည့်ကို ပြောတာလား"

"အနွေ-ဆိုတာ အတွင်းလို့ အဓိပ္ပာယ်ရှိတယ်၊ ဝါသိက=နေသောသူ၊ အတွင်း ကျကျ တပည့်ပေါ့ကွ၊ တယ်လျှာရှည်တယ်"

"သည်းညည်း ခံပါ ဆရာငယ်၊ ဆက်သာ ပြောပါ၊ ဆရာတော်ကြီးက ဘယ် လို ပြော သလဲ"

"ဆရာတော်ကြီးက ဝိပဿနာကို အင်မတန် မြတ်နိုးတော် မူဘယ်။ အားကိုးတော် မူတယ်၊ လယ်တီပဏ္ဍိတ ဦးပဥ္စင်းကတော့ ဝိဿနာအလုပ် ခိုင်းယင် ခပ်ရှောင်ရှောင် လုပ်နေ တတ်တယ်၊ သူက ပရိယတ္တိစာပေမှာ အားသန်နေတာကိုး၊ ဒါကို ဆရာတော်ကြီးက မကျေနပ်ဘူး၊ တေး ထပ်ရေးပြီးတောင် ဆုံးမ ထားသေးတယ်"

"အဲသည့် တေးထပ်ကို ဆိုပြကွာ"

"မင်းလုပ်တာနဲ့ ရှည်ကုန်တော့မယ်"

"ရှည်ချင်ရှည်ပေစေပေါ့ကွ၊ ဗဟုသုတ ဖြစ် တာပေါ့"

"ပါဠိမိဿမ္ဗာ ရှိပါဘိ၊ တသာကိ ဘုန်းဝေ၊
စာမရိထုံးအနေလို၊ သုံးမသွေသီလ၊ ပရိယတ်
စံမဟော့ာ၊ ဉာဏ်ကဝေ ချီးလောက်သူပ။

စိတ္တနှင့်ပညာ၊ သာသနာမှန်လှ၊ ဘာဝနာ
ဉာဏ်အစမှာတော့ အနန္တဝေးတယ်၊ သမ္ဗုဇ္ဈ
ဆိုခွင့်များမှာဘော့၊ ချိနှင့်လား မေးမယ်သူ
ကွယ်၊

လက္ခဏာမြင်နှုန်းကျသ်သည်၊ ယဉ်သုံးသွယ်
နေရာကျ ကိုဖြင့်၊ ပေယျာလနာနာ သူကန်၊ရွေးမျှ
မကြံ။

ပိဋကတ်ကဆေးဉာဏ်သာ၊ အရေးသန်သန်
သူစွဲရှာအင့်လေး။ ။

"ကောင်းလိုက်တာဗျာ၊ ဆက်ပြောပါဦး"

"လယ်တီပဏ္ဍိတကို ပြောသတဲ့၊ 'ဝိပဿနာ ကို ကျမ်းစုံမှ၊ အရွယ်ကြီးမှ လုပ်ရမယ်လို့ ဆိုရအောင် နင်တို့ကိုယ်နင်တို့က ပိုင်လို့လား၊ ခိုင်းနွားကြီးတွေ၊ ခိုင်းနွားကြီးတွေ၊ နွားရှင်ဆီက အလုပ်လုပ်ရအောင် ခဏငှားထားတဲ့ ခိုင်းနွားလိုပဲ၊ ဒါကို ကိုယ်က အပျင်းထူပြီး နေ့ရွှေ့ညရွှေ့ မထွန်ယက်မခိုင်းပဲထားလို့ နွားရှင်က ပြန်ဆွဲသွားယင် ဘာမှ မလုပ်လိုက်ရပဲ နေလိမ့်မယ်၊ ကိုယ်ခန္ဓာဆိုတာလဲ ဒီလိုပဲ၊ ယမသေမင်းက လာဆွဲသွားယင် လိုက်ပါသွားရမှာ၊ အချိန်တွေ အလဟဿ အကုန်မခံကြနဲ့'တဲ့၊ ကဲ...."

"ဆရာတော်ကြီးက စာကြီး ပေကြီးတွေ အားမကိုးပဲ လယ်သမား ယာသမား စကားနဲ့ တဘက်သား နားလည်အောင် ပြောတတ်တယ် နော်၊ သူရေးတဲ့ ဒီပနီကျမ်းပေါင်းများစွာမှာလဲ ဒီလိုပဲ"

"ဒါကို သူ့ခေတ်မှာ အပြင်းအထန် ဝေဖန် ကြဘာပေါ့၊ ပါဠိပါဠိသား၊ ကျမ်းကိုး ကျမ်း ကား နည်းတယ်ပေါ့၊ ဆရာတော်ကြီးက 'လူတွေ နားလည်ဖို့သာ အဓိက'လို့ပြောပြီး ရေးမြဲ ရေး တာပဲ၊ တကယ့် ဘော်လှန်ရေး စာရေးဆရာကြီး ပါပဲ၊ ကြည့်လေ...ကင်းဝန်မင်းကြီးကို မေးတဲ့ လေးချိုးကြီးမှာ...

" 'အခါနာရီ၊ ရွှေ့ရွှေ့ငယ်ချိ၊ တိထိဆန်း ဆုဘ်ရတုအစဉ်၊ လူ့လူ့ငယ်နှင်၊ အတွင်ချုပ်လို့၊ သုဘ်သုတ်ကယ်ရက်ရေ၊ဇရာလက်မှာအသက်သာ ကြွေဘော့၊ အဒသဿတ် လက်မရွံ့ကို အသက်ခွန် ပဏ္ဍာသွင်းရန်ဖို့၊ ထမင်းအစာစုံနဲ့၊ ခန္ဓာရုံမြို့ ပြဘီးဆီက၊ အငြိးဖြေကာစောင့်ရှာကြ၊စိုးနှောင့် သခၽြ' ဘယ်လောက် နားလည်ဖို့လွယ်လဲ၊ ဆရာ ကြီး ဦးပြုံးချိုက ဒီရသကိုယူပြီး 'နှစ်လနေ့ရက် နာရီတွေဟာ အချိန်အလကား မကုန်စေရာ'လို့ စပ်ဘာပေါ့"

''ဒါ လယ်တီဆရာတော်ဘုရားကြီး ၁၂၇၄ ခုနှစ်က ကျိုက်လတ်မြို့ကိုကြွလာပြီးတရားဟော၊ နွားသားအလှူခံလို့ နွားသတ် လိုင်စင်တောင် ပိတ်နိုင်ခဲ့တာ၊ ကျိုက်လတ်သား ဦးပြုံးချိုက လယ်တီဆရာတော်ကြီးကို ကြည်ညိုမှာ သေချာတာပေါ့။ ဆရာတော်ဘုရား စကားတွေနဲ့ တေဘုမ္မာသီချင်းကို ရေးတာဖြစ်မှာပဲ''

''ကဲ....အတီဘာ မိုက်ပင်မိုက်စပျိုးလို့၊ မိုက်ဆိုးခဲ့ဘာ၊ ယခုလဲမိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုးတံပိုးမိုက်ဦးမှာ....ဆိုတဲ့ စာသားတော့ မင်းနားလည်ပါတယ်နော်''

''ပြောင်ဖွင့်ပြော ထားတာ နားလည်တာပေါ့၊ ဒါတောင် အတီတာဆိုတာကို မသိဘူး''

''အတီတာ ဆိုတာ ရှေးကတည်းကလို့ အဓိပ္ပာယ်ပြောတာ၊ ရှေးဘဝဘဝတွေကတည်းက မိုက်ခဲ့တာ၊ ဒါလဲ ဆရာတော်ကြီးရဲ့ ဆုံးမစာ လင်္ကာကြီးအတိုင်းပဲ၊ 'ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်လုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာတောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေမလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရွှင်၏။' ဆိုတဲ့ သဘောပဲ၊ ကဲ...နောက်အပိုဒ်ကို ဆက်ကြရအောင်''

'''ကိုယ့်ကိုယ်ကို သနားပါ၊ များသတ္တဝါ၊ လောဘ ဒေါသ မောဟဆိုတာ၊ လောင်မီးကိလေသာ၊ တဟုန်းဟုန်းတောက်လို့သာ၊ တဖြုန်းဖြုန်းမောက်မို့စွာ၊ အကုသိုလ်စရိုက်ဆိုးတာ ဖြစ်လွယ်ပျက်လွယ် စိတ်အားထက်သန်စွာ၊ နတ်ရွာ နိဗ္ဗာန်လမ်းကို မှန်းဖို့အမှုဟာ ထဲစိတ်မပါ၊ နေရပ်ဟောင်းကို ပြန်အောက်မေ့တာ၊ လေးဘုံအပါယ်ရွာ လေးဘုံအပါယ်ရွာထဲမှာ၊ နေမြဲသာ၊ များသည့်သတ္တဝါ' အဲဒါ အဆုံးပဲ၊ ဒီနေရာမှာ ငါမေးချင်တာ တခုရှိတယ်''

''သူ့ဟာနဲ့သူ အဓိပ္ပာယ်အရှင်းသား မဟုတ်လား၊ သာများတုံး''

''တေဘုမ္မာအစပိုဒ်မှာ ဆိုထားသကွာ၊ 'လူပဲနတ်ပဲမှတ်စွဲလို့သာ၊ ငါ့ကိုယ်ငါ့ဟာ အစဉ်မကွာ၊ သက္ကာယကြောင့် မာနတွေထောင်ကြတာ' လို့ ဆိုတော့ ငါ့ကိုယ်ငါ့ဟာမရှိ၊ အနတ္တလို့ဆိုထားတတ်နော်၊ ဟော....အခု ကိုယ့်ကိုယ်ကို သနားပါလို့ဆိုပြန်တော့ ဘယ်လိုနားလည်ရမလဲ''

''အေး....အဲဒါ လူငယ်တွေအနေနဲ့လဲ မေးထိုက်တဲ့ မေးခွန်းပဲ၊ ဒါကို ဖြေဖို့ဆိုယင် မှန်သောသစ္စာ နှစ်ပါးဆိုတာက စပြောရမှာ ဖြစ်တယ်၊ ပရမတ္ထသစ္စာတဲ့ သမုတိသစ္စာတဲ့၊ ပရမတ္ထသစ္စာဆိုတာက အခုနပြောတဲ့ အနတ္တ=ကိုယ်မဟုတ်လို့ဆိုတာမျိုး၊ ဒါကတကယ့်အမှန်တရား၊ လောကမှာ ဘယ်ဟာမှအတည်မရှိ၊ ယောကျ်ားမိန်းမဟူ၍ မရှိ၊ အဲ - ဒါပေမယ့် လောကမှာ ပြောဆိုသုံးစွဲ အသိအမှတ် ဖြစ်ဖို့ သူ့အမည်ပညတ် သတ်မှတ်ထားကြရပြန်တယ်၊ နို့မဟုတ်ယင် ဝေါဟာရမရှိကြပဲ ဖြစ်ကုန်မှာပေါ့၊ ဒါကြောင့် သမုတ်ပြဋ္ဌာန်းပြီး ပြောရလို့ သမုတိသစ္စာလို့ ခေါ်ရတာမျိုး၊ မိမိကိုယ်ကို မိမိကသနားပါ၊ မိမိကိုယ်ကို မိမိက နှိမ်မွှန်းအောင် မပြုပါနဲ့လို့ ဆုံးမတာဟာလဲ သမုတိ သစ္စာကို အမှီပြု၍ ပရမတ္ထသစ္စာကို ရှာဖွေရမှာဖြစ်တယ်''

''ဟုတ်ပြီ၊ ယုတ်ပြီ၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာ သော်မှ 'အဟံ-ငါဘုရားသည်' လို့ သုံးနှုန်းတော်မူရတာ ကြုံဆနိုင်ပြီ''

'' 'လောဘ၊ဒေါသ၊ မောဟဆိုတာ လောင်မီးကိလေသာ၊ တဟုန်ဟုန်း တောက်သို့သာ၊ တဖြုန်းဖြုန်း မောက်မို့စွာ ဆိုဘာက အစဉ်လောင်မြိုက်နေသော ကိလေသာမီးတွေကို ငြိမ်းအောင်လုပ်ရမယ့်အစား တနေ့တခြား တဟုန်းဟုန်းတောက်လောင်အောင် မီးစာထိုးပေးနေကြတယ်၊ မို့မောက်ကြီး ထွားလာအောင် လုပ်နေကြတယ်-တဲ့၊ အကုသိုလ်ရှိက်ဆိုးဟာ ဖြစ်လွယ်ပျက်လွယ် စိတ်အားထက်သန်စွာ' ဒီအပိုဒ်ကိုဖွင့်ရမယ်ဆိုလျှင် 'ပါပသ္မိံ ရမတိ မနော' ပုထုဇဉ်တို့၏စိတ်ဟာ မကောင်းမှုတို့မှာသာ မွေ့လျော်တတ်တယ်၊ စိတ်ဝင်စားတတ်ပါတယ်-တဲ့၊ ဒါကြောင့် အကုသိုလ်အမှုကို ပြုရမယ်ဆိုလျှင် အင်မတန် ဖြစ်ပျက်လွယ်ကြတယ်၊ ဘာမှ မကြိုးစားရဘူး၊ ရေစုန် လေစုန်ကို လှေလှော် ရသလို အလိုက်သင့် စီးသွားရုံပဲ၊ ကောင်းရာသုဂတိဖြစ်တဲ့ နတ်ပြည်နှင့်အစ နိဗ္ဗာန်သို့ ရောက်နိုင်ရန် ဒါန၊ သီလ၊ ဘာဝနာ အားထုတ်ဖို့ ကျတော့ မိမိစိတ်ကို မိမိက အတိုက်အခံ ပင်ပင်ပန်းပန်း တိုက်ဖျက်ရတာမို့ အလွန် ခဲယဉ်းနေတတ်ကြတယ်''

''အေး....ဒါကတော့ တို့ကိုယ်တွေ့ပဲ၊ ဒီကြားထဲ 'စိတ်သွားတိုင်း ကိုယ်ပါလို့ လိုရာကို ရနိုင်ပါစေ' လို့ ဆုတောင်းနေတတ် ကြသေးတယ်နော်''

''အေး အဲသလို ဆုတောင်းသာ ပြည့်ယင် ကမ္ဘာကြီးတခုလုံး မီးဟုန်းဟုန်း တောက်ကုန်မှာပဲ။ အခု ကမ္ဘာကြီးကိုကြည့်၊ စိတ်သွားတိုင်း ကိုယ်ပါနေကြတဲ့ ဗုံးခဲပစ္စည်းတွေ၊ ယန္တရားတွေ၊ လက်နက်ကြီးတွေ ဒါတွေကြောင့်ပဲ မီးဟုန်းဟုန်း တောက်နေကြပြီမဟုတ်လား။ အဲဒါတွေက တို့ကို နေရာဟောင်းကို ပြန်ပို့ကြတော့မယ်။ ဘယ်နေရာဟောင်းလဲ-ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသုရကာယ်ဆိုတဲ့အပါယ်လေးဘုံပေါ့။ ဆရာတော်ကြီးက အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း'တဲ့''


''အေး ဆရာတော်ကြီးရဲ့အာဘော်များများကို ခံယူပြီး ဆရာကြီး ဦးပြုံးချိုက တေဘုမ္မာသီချင်းကို ရေးခဲ့တာ ထင်ရှားပြီ။

''ဒါကြောင့် တေဘုမ္မာသီချင်းကို ဆိုတဲ့လူဖြစ်စေ၊နာတဲ့လူဖြစ်စေလယ်တီဆရာတော်ဘုရားကြီး ရေးတော်မူခဲ့တဲ့စာပေကျမ်းဂန်များကို အထိုက်အလျောက် ကြားဖူး နာဖူး ဖတ်ဖူးထားယင် အလွန်အရသာ ရှိပေလိမ့်မယ်။ နောက်တခုကတို့ အခု ရည်ညွှန်းထည့်သွင်း ပြောဆိုခဲ့ကြတဲ့ အနုသာသန ဆုံးမလင်္ကာကြီးကို တေဘုမ္မာ အပြီးမှာ ဆက်ဆိုလိုက်လျှင် လယ်တီဆရာတော် ကျေးဇူးရှင်ဘုရားကို ပူဇော်ရာလဲ ရောက်မယ်။ ဆရာကြီး ဦးပြုံးချိုကိုလဲ ဂုဏ်ပြုရာရောက်မယ်''

''ဟာ-ဟုတ်တာပေါ့၊ သီဆိုတဲ့ တေးသံရှင်တောင် ကုသိုလ်ရလိမ့်ဦးမယ်၊ ကဲ-ဆိုကွာ ငါ လိုက်ရေးထားမယ်''

''ဆိုပိမ့်မည္ဟာ၊ စေ့စေ့နာလော့၊ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌာ၊ နင် ကြုံ ကြိုက် လည်း၊ အမိုက်မချေ၊အလိုက်နေ၍၊အခြေမကြီး၊အချည်းနှီးလျှင်၊ ယီ,တီးယောင်တောင်၊ နတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်

တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ဘားရာထောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲလျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊ မျက်မြင်လောကာ၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊ အပျော်ကြူး၍၊ မူးမူးနေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ ပုပုရွရွ၊ နင်အားကျလည်း၊ ဧမြဲသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ရီးတီ ရူးတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ တိုဆိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။ ။





# ရှေးစကားများ

ကျွန်တော်တို့ ငယ်ငယ်ကလေးတုန်းက အိပ်ခါနီးပြီလားဆိုလျှင် ဘွားအေကြီးက ပုံပြောပြီး သိပ်လေ့ရှိပါတယ်။

'ဟိုး.... ရှေး....ရှေးတုန်းက'လို့ စလိုက်လျှင် ပုံပြင်တခုရဲ့ နိဒါန်းဆိုတာ သိလိုက်ပြီ။ ဘွားအေကြီးရဲ့အသံက (ဟို)ဆိုတဲ့အသံကို ခပ်လေးလေး ဆွဲပြီးမှ (ရှေးရှေးတုန်းက)ကို ဆက်လိုက်တဲ့ အတွက် ဘယ်လောက်ကြာပြီလဲလို့ မေးဖို့ မလိုတော့ဘူး။ ဟိုအကြာကြီး....အကြာကြီး အချိန်တချိန်တုန်းကဆိုတာကို ကျွန်တော်တို့က နားလည်လိုက်ပြီ။

ဘွားအေကြီး ပြောချင်တာကတော့ တရံရောအခါဆိုတဲ့ ကာလ၊ စေထဲ ပေထဲမှာ ရှေးသရေအခါဆိုတဲ့ အချိန်ကာလပေါ့။

မြန်မာစကားများ တယ်ချစ်စရာကောင်းတယ်။ အသံကို နည်းနည်းဆိုင်းလိုက်ရုံ ဆွဲလိုက်ရုံ၊ တိုသိုက်ရုံ၊ ဝစ္စပေါက်အသံကလေး မြှင့်လိုက်ရုံနဲ့ စကားရဲ့အလေးအနက် အခေပါ၊ အလျော့ကို အဓိပ္ပာယ်ပေါက်စေတယ်၊ ခန့်မှန်းလို့ ရနိုင်တယ်။

ဒေသဘာခုကို ညွှန်ပြတယ်ဆိုပါတော့။ 'ဟောဟိုမှာ' လို့ ဆိုလိုက်တာက မိမိနဲ့အလှမ်းမဝေးတဲ့ နီးနီးကလေးနေရာပေါ့၊ အဲသည်စကားလုံးထဲက (ဟော)ဆိုတဲ့ စကားလုံးကလေးကို ဖြုတ်ပြီး (ဟိုမှာ)လို့ သုံးလိုက်လျှင် (ဟော ဟိုမှာ)ဆိုတဲ့ နေရာထက်တော့ နည်းနည်းကွာသွားပြီ၊ ဝေးသွားပြီ၊ အဲသည်ထက် (ဟို့မှာ)လို့ အောက်မြင့်သံလေးနဲ့ ခပ်ဆိုင်းဆိုင်းများ ပြောလိုက်လျှင်တော့ သွားပေဦးတော့ တမျှော်တခေါ်ကြီး။

ဒါကြောင့် အဘွားက 'ဟိုး.... ရှေး.... ရှေးတုန်းက'လို့ ဆိုလိုက်တာနဲ့ ကျွန်တော်တို့ ဏို မမွေးခင်က ကမ္ဘာဂမ္ဘာ အကြာကြီးတုန်းကပေါ့။

အဲသည် နိဒါန်းပြီးတာနဲ့ ရွှေယုန်နဲ့ရွှေကျား၊ သက်ကယ်ရိတ်သွားတာတို့၊ နန်းတော်မြေ့ မင်းသားရဲ့ သားအိပ်ပါတော့လားဆိုတဲ့ မဒွေးလေး ပုံပြင်တို့ ဆက်လာတော့တာပါပဲ။ ကျွန်တော်တို့မှာလဲ (အင်း—အင်း)နဲ့ အင်းလိုက်ယင်း၊ မျက်စိကလေး ပေကလတ် ပေကလတ်နဲ့ သဲထိတ်ရင်ဖိုနားအရသာခံရတာ ရောမ စည်းစိမ်ကြီးပေါ့။ တဖြည်းဖြည်း အဘွားရဲ့အသံက ဝေးဝေးသွားပြီး အဘန်ကြာတော့ အိပ်ပျော်သွားရတာပါပဲ။

သူငယ်တိတ်ဆိတ်ဆိုတဲ့ အချိန်ဟာ ညဦးပိုင်း ရှစ်နာရီနဲ့ ကိုးနာရီအတွင်းလောက် ဖြစ်တယ်၊ ကလေးတိုင်း စားလို့ သောက်လို့လဲ တင်းတိမ်နေပြီ၊ ကစား ခုန်စား တနေ့လုံး ဆော့ခဲ့သမျှ ပင်ပန်းကျေနပ်ပြီဖြစ်လို့ အိပ်ရာထဲမှာ အာရုံမထွေပြားတော့ပဲ၊ အဘွားပြောသမျှ ရှေးစကား

ပုံပြင်ထဲမှာသာ အာရုံဝင်နေတော့တာမို့ သနားစရာ၊ ဝမ်းနည်းစရာ ပြောလျှင်လဲ မျက်ရည်လည်ရွဲဖြစ်ရတယ်၊ ဝမ်းသာစရာ၊ ရယ်စရာပြောလဲ တခစ်ခစ်ရယ်ရတယ်၊ အားကျစရာ ကြည်နူးစရာ ကြားရပြန်တော့လဲ ကျေနပ်ကြည်နူးနေရတာ တကယ် စိတ်ချမ်းသာလှပါတယ်။

ဒါကြောင့် အိပ်ခါနီးတိုင်း အဘွားကိုပုံပြောဖို့ ပူဆာရတာ ညတိုင်းပါပဲ၊ ပြောဖူးတဲ့ ပုံကို အဆပ်ဆပ်ပြောလဲ မရိုးနိုင်ဘူး စိတ်ဝင်စားတာပါပဲ၊ ဘွားအေများဟာ ကိုယ့်မြေးရဲ့ အန္တရာယ်ကို မိခင်ဖြစ်သူထက် ခံကြရရှာတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘများက စား-ဝတ်-နေရေးကို ရှေ့စဉ် သုံးပန်း နေကြ ရလေတော့ နားနားနေနေ အချိန် ရယ်လို့ မရှိလှပါဘူး။ ရှိသျှင်လဲ သားသမီး ကို တွယ်တိ တွယ်ပိုး မခံလိုကြဘူး။ ဒါကြောင့် ဘွားအေကြီးများက နေရာယူကြရတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တတွေ အသက်အရွယ်ကလေးရလာလို့ ကျောင်းနေ ပညာသင်၊ လူလားမြောက်လာ၊ ကိုယ့်ကိုယ်ကိုယ်လဲ သိတယ်၊ တတ်တယ်၊ အရာရာမှာ တွင်ကျယ် နိုင်တယ်လို့ အထင် ရောက်လာတဲ့ အခါ ကျတော့ အဘိုးအဘွားများ ပြောခဲ့တာ ပုံပြင် များပါကလား၊ ယုတ္တိသဘာဝ သိပ္ပံနည်းမကျတဲ့ ကလေးစကားများပါကလား၊ တောက်တီး တောက်တဲ့ကြံဖန်ပြီး ပြောလဲပြောတတ်ကြတဲ့ အဘိုးကြီး၊ အဘွားကြီး တွေလို့ သရော်ချင် လာကြတယ်၊ ဝေဖန်ဆန်းစစ် လာကြတယ်။ ဒါကို တိုးတက် သောခံယူချက်လို့ ဆိုကြတယ်၊ ဒါပေမယ့်....

လောက၏ ညတ်သစ္စာဟူသမျှ ဘယ်အရာမှ မမှန်သလို ဘယ်အရာ၊ ဘယ်အတွေး၊ ဘယ်ဆုံးဖြတ်ချက်မှ မခိုင်မြဲ တတ်တာ သဘာဝ ဖြစ်တဲ့ အတိုင်း ယခင်က မှန်တယ်လို့ထင်ခဲ့တာတွေ၊ မှန်တယ်လို့ဆုံး ဖြတ်ခဲ့တာတွေခပ်များများကို အမှန်မဟုတ်သေးပါကလားလို့ မြင်လာကြပြန်တယ်။ ယခင်က အတ္တနောမတိအသိကိုလဲ အချို့နေရာမှာ ပြန်ပြင် ရကောင်း နိုးနိုး တွေးလာ ကြပြန်တယ်။

ဒီသဘောတရားကိုတော့ (အသက် နဲ့ အသိ) က ဘောင်းဆိုလာကြတာပါပဲ။ အသက်ရင့်လာတာနဲ့အမျှ အတွေ့အကြုံ များလာတယ်။ အသိရင့်လာတာနဲ့အမျှ ရှေ့စွန်း နောက်စွန်း မငြိအောင် မဇ္ဈိမပဋိပဒါ သုံးသပ် ရကောင်းတာ သိလာကြတော့တာပါပဲ။

ကိုယ့်မှာ သားသမီးနဲ့မြေးကလေးတွေရလာတဲ့ ကာလမှာ မိမိကို ရှေးစကားပြောပြီး သိပ်ခဲ့တဲ့အဘိုးအဘွားများကို သတိရမိတယ်၊ ကိုယ်ချင်းစာပြာတယ်၊ သူတို့ရဲ့စေတနာမေတ္တာတွေကို နှိုင်းကြည့်မိတယ်၊ အခု ကိုယ်တိုင်ပဲ မြေးကလေးတွေကို ရှေးစကားပြောနေရပြီကိုး။

အဲသည်အခါ ပထမဆုံး ဘာကို စဉ်းစားလိုက်မိသလဲဆိုတော့ အဘိုး အဘွားများက မြေးအပေါ်မှာ ထားရှိခဲ့တဲ့ မေတ္တာ စေတနာပါပဲ။ ပြောမနိုင်၊ ဆိုမရ၊ ကလျာကော စ လုပ်တတ်သေးတဲ့ အရွယ်မဟုတ်သေးပဲ။ တွတ်တီး တွတ်တာ တွယ်ကပ်နေတဲ့အရွယ်၊ အပြစ်ကင်းစင်တဲ့အရွယ်၊ ပြောဆိုဆုံးမလျှင် နာခံတတ်တဲ့ အရွယ်ဆိုတော့ အဘိုးအဘွားများက ချစ်ခင်ယုယလိုတဲ့စိတ်ပါ။ ဒါကြောင့် မြေးကလေးအိပ်ခါနီးမှာ စိတ်လက်ချမ်းမြေ့စွာ အိပ်ပျော် သွားစေ လိုကြတယ်။ ဒါကြောင့် သာယာဖြောင့်ဖြူးသော ရှေးစကားများကို သာယာညင်းပျောင်းစွာ ပုံပြင်ပြောပြတယ်။ အဲသည့်ပုံက ရွှေယုန်နဲ့ ရွှေကျားပဲဖြစ်ပေစေ၊ ကလေးများက ချစ်တတ်တဲ့ တိရစ္ဆာန်ကလေးများရဲ့ ဘဝနဲ့လှုပ်ရှားမှုများက ကလေးတွေ စိတ်ဝင်စားကြတယ်။

အဲသလို စိတ်ဝင်စားတဲ့ ပုံပြင်ကို ဘယ်လိုဆင်ခြင်တုံသင်ခန်းစာ တွေနဲ့ ဖုံးပေးသလဲ ဆိုလျှင်

သူတပါး အပေါ်ကို နှိပ်စက် ကြမ်းကြုတ်မှု၊ မှတရားပြုမှု၊ သတ်ဖြတ် ညှဉ်းဆဲမှုမျိုးကို စက်ဆုပ်ရွံမုန်းလာအောင်၊ သူတပါးအပေါ် သက်ညှာမှု၊ မေတ္တာထားမှု၊ ကယ်ဆယ်စောင့်ရှောက်မှုတွေကို အားကျ ချီးမွမ်း လက်ခံ လာအောင် စာရိတ္တ သိမ်းသွင်းနားခုတဲ့ ပရိယာယ်တွေကို နားလည်လာခဲ့ရတယ်။ ကလေးအရွယ်နဲ့ လျော်ညီအောင်၊ လွယ်လွယ်ကလေးတွေကို နားလည်အောင်၊ စိတ်ဝင်စားအောင် ပြောပြနေကြတယ်။ ယုတ္တိသဘာဝ သိပ္ပံနည်းကျဖို့ထက် ကိုယ်ကျင့်တရားကလေးတွေ ထိန်းသိမ်း လာချင်အောင် မူကြိုသင်တန်း ပေးနေကြတာပါပဲ။

သုစရိုက်တရား ဆယ်ပါး၊ ဒုစရိုက်တရား ဆယ်ပါး စတဲ့ ကုသိုလ်၊ အကုသိုလ် တရားများကို ကျွန်တော်တို့ အရွယ်၊ ကျွန်တော်တို့ အသိ၊ ကျွန်တော်တို့ ဉာဏ် ကလေး များ နှင့် တန်ရုံနည်းနည်းချင်း (ခွံ့ကျွေး) ပြုလိုခြင်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် ပြောရလျှင် မီးနေ ဖွားစသားသူငယ် အတွက်မှာ မိခင်ရဲ့နို့ရေ လောက်သာ အစာကြေနိုင် မါလိမ့်မယ်။ ထိုအရွယ်က နည်းနည်း ကြီးလာပြီဆိုတော့ ထမင်းကို ဝါး၍ သော်လည်းကောင်း၊ (ကစီနှစ်)ဖြစ်အောင်ညှစ်၍ သော်လည်းကောင်း ပြုပြီး ခွံ့ရပါတယ်။ ငယ်သွားမှ မပေါက်သေးတဲ့ အရွယ်ကို စေတနာဘယ်လောက် ထားထား၊ ဝက်သား တုံးကြီးကို ကျွေးလို့ မဖြစ်သေးသလိုပေါ့။

မြတ်စွာဘုရားရှင် ဟောတော်မူအပ်သော တရားတော်တို့ကို ကြည့်ညို့ကြည့်ကြယ် ဆိုလျှင် ပိဋကတ်အားဖြင့် (၁) သုတ္တန် ပိဋကတ်၊ (၂) ဝိနည်း ပိဋကတ်၊ (၃) အဘိဓမ္မာပိဋကတ် ဟူ၍ ပိဋကတ် သုံးပုံရှိတယ်။ ပိဋကတ်ဆိုသော ပါဠိစကားသည် သင်ကြားအပ်သော ဓမ္မတရားများ ဟူ၍ မှတ်ရန် ဖြစ်တယ်။ ပရိယတ္တိ ဟူ၍လည်း ဆိုတယ်။

သုတ္တန်ဆိုတာ မိမိအကျိုးစီးပွား၊ သူတပါး အကျိုးစီးပွား၊ လောကီ၊ လောကုတ္တရာအကျိုးစီးပွားတို့ကို ပြခြင်းကြောင့် တနည်း ဝေနေယျသတ္တဝါတို့၏ သဘော အနု အရင့်နှင့် လျော်အောင်ဟောတော်မူခြင်းကြောင့် သုတ္တန္တသုတ္တန်ဟု ခေါ်ခြင်းဖြစ်တယ်။

ဝိနည်းဆိုတာက ကိုယ်နှုတ်–နှလုံးတို့ကို ဆုံးမတဲ့ ဥပဒေပညတ်ချက်များဖြစ်တယ်။

အဘိဓမ္မာ ဆိုတာက သုတ်တရား တို့ထက် ခက်ခဲ လွန် မြတ် သော တရား အစု ဖြစ် တယ်။ တနည်းအားဖြင့် သုတ္တန်ပိဋကတ်မှာ ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀–ရှိတယ်။ ဝိနည်း ပိဋကတ်မှာလဲ ဓမ္မက္ခန္ဓာ ပေါင်း–၂၁၀၀၀ (နှစ်သောင်းတစ်ထောင်) ရှိတယ်။ အဘိဓမ္မာ ပိဋကတ်မှာတော့ ဓမ္မက္ခန္ဓာ ပေါင်း ၄၂၀၀၀–ရှိတယ်။ အဲဒါကိုကြည့်လျှင် အဘိဓမ္မာက ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀–စီ ပိုနေတာမို့ (လွန်ကဲသည် ဖြစ်၍) အဘိဓမ္မာဟု ခေါ်တယ်လို့ ဆရာတော်ကြီးများက ရေးသား ဖော်ပြထားတာကို တွေ့ရတယ်။ စုစုပေါင်း လျှင် ဓမ္မက္ခန္ဓာ–၈၄၀၀၀ (ရှစ်သောင်းလေးထောင်)။

အဲဒီမှာ ပြောချင်တာက ဗုဒ္ဓ သခင် ဟောတော်မူခဲ့တဲ့ သုတ္တန်အကြောင်းပါ။ ဥပမာ ငါးရာ့ငါးဆယ်ဇာတ်တော်များ ဆိုပါတော့၊ အမှန်ကတော့ ခုဒ္ဒကနိကာယ် အဝင်အပါဟောတော်မူရာမှာ (၅၄၇)ဇာတ်သာ ရှိပါတယ်။ သို့ပေမယ့် အခေါ်ရလွယ်အောင် (၅၅၀)လို့ ခေါ်တာ ဖြစ်ပါတယ်။

အဲသည့်၅၅၀ဇာတ်တော်မှာ ဘုရားလောင်းကျင်လည်ခဲ့တဲ့ ဘဝများဟာ လူ–နတ်–ဗြဟ္မာ ဘဝများသာ မဟုတ်ပါဘူး။ ကုန်းသတ္တဝါ၊

ရေသတ္တဝါ၊ ကောင်းကင် သတ္တဝါများအဖြစ်နဲ့ (၁၂၅) ဘဝ ဖြစ်ခဲ့ရပါတယ်။


အဲသည့် ဘဝ အတွေ့ အကြုံများကို ဗုဒ္ဓက ပြန်ဟောတဲ့ အခါမှာ မိမိတို့ အဘိုးအဘွားများ က ပြောခဲ့တဲ့ ရှေးစကားထဲက ရွှေယုန်နှင့်ရွှေကျားလို(ပုံပြင်ကလေးများ) တွေ့ရပါလိမ့်မယ်။ ဒီလိုတွေ့ရတာကို ယုတ္တိသဘာဝ၊ သိပ္ပံနည်းကျ မကျ၊ သာကေတွေနဲ့ ဆန်းစစ်ဆင်ခြင်ရှာနေလျှင် ဗုဒ္ဓကိုယ်တော်၏ဆုံးမလိုရင်း သဘော၊ သဘာဝ၊ ဓမ္မရသ၊ အဆီအနှစ် သြဝါဒများ လက်လွတ်သွားတတ်ပါတယ်။ မျက်စိလျှမ်းသွား တတ်ပါတယ်။

ထိုသို့ သြဝါဒရသ ဂါထာများဟာ မိမိတို့ အဖို့ လောကီ လောကုတ္တရာ အကျိုးစီးပွားမှ ကင်းကွာသည်ဟု ငြင်းစရာ လုံးဝ တွေ့ကြမည် မဟုတ်ပါ။

ဗုဒ္ဓသက်ဆက်တော်က မဟာ ပညာ ရှိကြီးများ၊ ဆရာကြီးများ၊ အတွေးအခေါ် ရှင်ကြီးများ ကိုယ်တိုင် ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် ပြဿနာ အမျိုးမျိုး မေးလျှောက်၊ စောဒက တက်ယင်း နောက်ဆုံး၌ ဒူးထောက်၊ ရှိကျိုး ရှိခိုး တပည့်ခံသူများ အနန္တရှိကြပါတယ်။

သတ္တဝါဝေနေယျအပေါ် ထားရှိတော်မူတဲ့ ဗုဒ္ဓ၏ မဟာ ကရုဏာ တော်နှင့် မေတ္တာတော် ဉာဏ်တော် အစိန္တေယျကို ယုံကြည်ခိုမှီ၍ ရသ ဂါထာတော်များကို ခံစားသုံးဆောင် နိုင်ကြပါစေသတည်း။ ။

(ငါးရာ့ငါးဆယ်ထဲက အချို့ ဝတ္ထုတွေဟာ အီစွတ်ပုံပြင်နဲ့ တူနေတယ်-ဟု ယူဆ နေသော ပညာ တတ် ကလေး များ ကို ရည်ညွှန်းပါသည်)။ ။





# ဘဝဟူသည်ကို ယူဆပုံများ

မြန်မာ့စာပေ၊ မြန်မာ့ဝေါဟာရမှာ အက္ခရာ ကလေး နှစ်လုံးတည်းနှင့် အကျယ်ပြန့်ဆုံး အနက်ရှိုင်းဆုံး၊ အသိအခက်ဆုံး ကိစ္စဟာ (ဘဝ)ဆိုတာပဲ ဖြစ်ဘယ်။ အဲသည့်(ဘဝ)ကို ဘယ်လို နားလည်ထားကြပြန်သလဲဆိုတော့ မွေးလာတဲ့အချိန်ကစပြီး သေသွားတဲ့အချိန်၊ အဲသည့် အတွင်းကာလ၊ အတိုင်းအတာပေါ့။

အဲသည့် အတိုင်းအတာ ကလေးမှာ မိမိရဲ့ အသက်ရှင်နေဖို့၊ တည်မြဲနေဖို့၊ တိရစ္ဆာန်က အစ၊ သတ္တဝါတိုင်း ရုန်းကန် လှုပ်ရှားနေကြရမယ်ဆိုတာကတော့ သဘာဝအသိဖြစ်ပါတယ်။ ကိုယ့်အစာ ကိုယ်ရှာစားဖို့၊ ကိုယ့်အသက်ကို သတ်ဖြတ်မယ့် ရန်သူကို တွန်းလှန်ဖို့၊ မတွန်းလှန်နိုင်လျှင် ရှောင်ဖို့၊ ပြေးဖို့၊ ပုန်းဖို့၊ ကာကွယ်ဖို့ ဒါတွေလဲ သဘာဝ အတွေ့အကြုံ၊ အသိဉာဏ်များဖြင့် ကြိုးစားတတ်ကြပါတယ်။

အဲသည်မှာ တိရစ္ဆာန်တွေက ခက်ခက်ခဲခဲ ရုန်းကန် လှုပ်ရှားနေရသလောက် လူသားတွေကျတော့ တိရစ္ဆာန်တွေထက် အသိဉာဏ် တိုးတက်ကြီး ထွားလာခဲ့ကြသူများပီပီ၊ တိရစ္ဆာန်ဘဲ့ထက် လွယ်ကူအောင် လုပ်ကိုင်ဖန်တီး ရှာဖွေစား သောက်လာခဲ့ကြတယ်။

သို့ပေမယ့် အဲသည့်အဆင့်အတန်းမှာတုန်းက လူတွေမှာ ဘာကိုပဲ သတိထားနေခဲ့ကြသလဲ၊ ဘာကိုပဲ လိုလားနေကြသလဲ၊ ဘာကိုပဲ သိထားကြသလဲဆိုလျှင် မသေခင်စားဖို့၊ နေဖို့ပဲ၊ ရာသီဥတုဒဏ်မှ ကာကွယ်ရအောင် အကာအကွယ်၊ အဆောက်အအုံ၊ ရာသီဥတုကို ကာကွယ်ရအောင်၊ ကိုယ်မှာ ဖုံးဖို့အဝတ်၊ ဒါတွေလဲ ပါပါဘယ်။ အဲသည်အဆင့်ကို (သာမန်လူ)အဆင့်လို့ သတ်မှတ်ထားလိုက်ကြရအောင်။

အဲသည်က အစားအစာတွေ ပိုကောင်းလာအောင်၊ ပိုများလာအောင်၊ ပိုလွယ်လာအောင် လုပ်ဘတ်လာပြီ။ နေဖို့၊ ဝတ်ဖို့လဲ ထိုနည်းအတူ ပိုကောင်းလာအောင်၊ ပိုများလာအောင်၊ ပိုလွယ်လာအောင် ဉာဏ်ပညာတိုးတက်လာကြပြီဆိုပါတော့။ အဆင့်အတန်းအနေနဲ့သာ ပြောရမယ်ဆိုလျှင် သူလဲ (သာမန်လူ)အဆင့်လောက်ပဲ ရှိနေသေးတယ်။

အချိန်ကာလတွေ နှစ်ပေါင်း ထောင်နဲ့၊ သောင်းနဲ့၊ သိန်းနဲ့၊ သန်းနဲ့ချီပြီး ကြာမြင့်လာခဲ့ပြီ။ လူနေမှုအဆင့်တွေ မြင့်ခဲ့ပြီ။ လူ့စည်းကမ်းဥပဒေ၊ လူ့ယဉ်ကျေးမှုဆိုတာတွေလဲ မြင့်မားလာပြီ။ ဘုရင်တွေ၊ မြို့ကြီး ပြကြီးတွေ၊ အဆောက်အအုံကြီးတွေ၊ ခမ်းနား ကြီးကျယ်

လာပေမယ့် (ဘဝ)ဆိုတာကို မစဉ်းစားကြသေးပဲ—

''နေမင်းကြီးအောက်မှာ စားသောက်ပြီး ပျော်ပျော်ကြီး နေသွားဖို့သာ အရေးအကြီးဆုံးဖြစ်တယ်''လို့ပြောခဲ့တဲ့ ဆော်လမွန်ဘုရင်ကြီးလို လူသားမျိုးလဲရှိတယ်။ ဒီဝါဒမျိုးကို လက်ခံကျင့်သုံးခဲ့ကြတာ ဆော်လမွန်ဘုရင်ကြီးသာ မဟုတ်ပါဘူး။ အတိုင်းတိုင်း အပြည်ပြည် လူမျိုးအသီးသီးမှာလဲ ရှိကြပါလိမ့်မယ်။ အဲသည့်ဝါဒမျိုးးစကားမျိုးကို ဘာလို့ ပြော ကြတာလဲ ဆိုတော့ (ဘဝ)ကို တိတိကျကျ နက်နက်နဲနဲ မစဉ်းစားနိုင်သေးပေမယ့် (ဘဝ)ဆိုတာ အမြဲရုန်းကန်နေရတဲ့ ဆင်းရဲရှိတယ်၊ ငိုကြွေးရတာ ရှိတယ်၊ အနာနှိပ်စက်ခံရတာရှိတယ်၊ နောက်ဆုံး သေရတာရှိတယ်။ ဒီတော့ မသေခင်မှာ ငါးကိုစားတဲ့အခါ အရိုးကိုနွှင်ပြီး အသားကို ယူစားရသလို(ဘဝ)၏ ဆင်းရဲတာတွေကို ဖယ်နိုင်သမျှဖယ်ပြီး(ဘဝ)၏ အရသာများကို ကောင်းကောင်း ခံစားစံစားသွားဖို့သာ ဖြစ် တယ် လို့ ဆိုလိုကြတာပါပဲ။

ဒီနေရာမှာ ကျွန်တော်တို့-ကျွန်တော်တို့ရဲ့မျိုးဆက်လူသားကြီးတွေဟာ (ဘဝ)ကို သူတို့နည်း၊ သူတို့ဟန်၊ သူတို့အမြော်အမြင် ပညာဖြင့် စမ်းသပ်တွေးတောလာကြပြီလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါကို (ဖွေးခေါ် လူသား)လို့ သတ်မှတ်ကြပါစို့။

အဲသည့် အတွေးအခေါ်ကို တဆင့် သုံးသပ်ကြည့်လျှင် (ဘဝ)ကို အဆိုးအကောင်း မြင်နေတာ တွေ့ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဝမှာ ငိုရတာတွေရှိသလို၊ ရယ်ရတာတွေလဲ ရှိတယ်။ ဝမ်းနည်းရတာတွေ ရှိသလို၊ ပျော်ရတာတွေရှိတယ်။ ဆင်းရဲတာတွေရှိသလို၊ ချမ်းသာတာတွေ ရှိတယ်လို့ မြင်တဲ့ဝါဒ။ ဒီတော့ မိမိ ချမ်းသာအောင်၊ မိမိ ပျော်ရအောင်၊ မိမိ သက်သာအောင် ကြံဖန် ကြိုးစားရုန်းကန်နေကြရတယ်။

အဲသလို သဘောတရားက နေပြီးတော့ ဘဝဆိုတာ ဒီလိုနေ၊ ဒီလိုစားပြီး၊ ဒီလိုသေသွားကြဖို့ပဲ ရှိသလား။ ဒါဆိုလျှင်ဘဝဆိုတာအချည်းနှီးပဲဖြစ်နေမှာပေါ့—လို့ တွေးတဲ့အဆင့်မျိုး ရောက်လာကြပြန်ပါတယ်။

ဆိုကရေးတီး ဆိုတဲ့ပညာရှိကြီးကို အားလုံးသိကြပါတယ်။ ကမ္ဘာ့ အတွေးအခေါ် ပညာရှိကြီးပါ။ သူက ''ဘဝကို မစူးစမ်း မလေ့လာပဲ အသက်ရှင်နေခြင်းဟာ အချည်းနှီး သာနေခြင်းဖြစ်တယ်''လို့ ပြောဖူးကြောင်း ဖတ်ဖူးပါတယ်။ ဒါကို ဗုဒ္ဓက ဝိပဿနာဖြင့် နေခြင်းလို့ ဟောပါတယ်။

တော်လ်စတွိုင်းကတော့ ဘဝ ဆိုတာကို ဒီလို သုံးသပ်ဖူးပါတယ်။

လူသားတယောက်ဟာ အလွန်ကြီးမားတဲ့ ခြင်္သေ့ကြီးတကောင်က စားရအောင်လိုက်လို့ အသက်ဘေးမှ လွတ်အောင် ပြေးရတယ်။ ရေတွင်းပျက်ကြီးတခုကိုတွေ့တော့ အဲသည့် တွင်းပျက်ကြီးထဲကို ကုန်းကတ်ပြီး ဆင်းပုန်းရတယ်။ ခြင်္သေ့ကြီးက တွင်းနှုတ်ခမ်းမှာ မာန်ဖီနေတယ်။ တွင်းအောက်ကိုကြည့်လိုက်တော့ ပါးစပ်ကြီးကို ဖြဲသားတဲ့ နဂါးတကောင်က သူကျလာမှာကို အရုံသင့်စောင့်နေတယ်။ အဲသည်တော့ လူသားမှာ တွင်းနံရံကို ကပ်ပေါက်နေတဲ့ သစ်ပင်မှ သစ်ကိုင်းကလေး ထို ထိုးထောင်ထောင်ကြီး ဆွဲထားရတယ်။ သို့ပေမယ့် အဲသည့် သစ်ကိုင်းကလေးကို ကြွက်အဖြူတကောင်က လာကိုက်လိုက်၊ ကြွက်အမည်းတကောင်က လာကိုက်လိုက်နဲ့ တလှည့်စီ ကိုက်နေကြသတဲ့။ ဒီတော့ လူသားက ဒီသစ်ကိုင်းဟာဖြင့် ကြာ ကြာ ခံတော့ မှာ မဟုတ်ဘူး၊ မကြာခင် ပြတ်တော့မှာပဲလို့ သိပါသတဲ့။ အဲသလိုသိလျက်နဲ့ပဲ သစ်ရွက်တရွက်ပေါ်

မှာ တင်နေတဲ့ ပျားရည်ကလေးတစက်ကိုတော့ လျှာနဲ့ လျက်သိုက်မိပါသေးသတဲ့။ ဆရာကြီးတော်လ်စတွိုင်းက ဤအဖြစ်အပျက်ဟာ ယုံတမ်းစကား ဒဏ္ဍာရီပုံပြင် မဟုတ်ပါဘူးတဲ့။ ကျုပ်တို့တတွေ ရင်ဆိုင်နေကြတဲ့ဘဝအကြောင်း အမှန်ပါလို့ (A Confession & what I believe)မှာ ရေးထားကြောင်း တဆင့်ဖတ်ရပါတယ်။

ဒီအချက်ဟာ ဒဿန ပညာရှင်ကြီးများ၏ ဘဝသစ္စာ အယူအဆများဖြစ်ပါတယ်။ ကျွန်ုပ်သည် ထိုခရီးသည်နှင့် တူနေပါတယ်တဲ့။ သေရမည့်ဘေးကိုလဲ လောလောလတ်လတ် မြင်တွေ့နေပါတယ်တဲ့။ ကျွန်ုပ်မှီခိုနေရတဲ့ သစ်ကိုင်းကို နေ့နှင့်ညတည်းဟူသော ကြွက်ဖြူ–ကြွက်မည်းတို့က ကိုက်နေပြီဆိုတာကိုလည်း အထင်အရှားသိမြင်နေပါတယ်တဲ့။ ဒီကြားထဲက ပျားရည်ကိုလဲ လျက်နေပါသေးတယ်တဲ့။ သေရမည့်ကြောက်စိတ်ကြောင့် ပျားရည်ကိုလဲ အရသာမခံစားနိုင်တော့တာကို တွေ့ပါတယ်။ သို့ပေမယ့် ဖြေရှင်းခြင်းငှာ မတတ်နိုင်တော့တာကို လူသားအားလုံး သိမြင်နိုင်တဲ့ အမှန်တရားဖြစ်ပါတယ်တဲ့။

သူ့အာဘော်ကို ကြည့်မည်ဆိုလျှင် ဆရာကြီးတော်လ်စတွိုင်းကိုယ်တိုင် ဘဝကို စူးစူးစိုက်စိုက် လေ့လာနေတာ ထင်ရှားပါတယ်။ အဲသည့်ဘဝက လွတ်နိုင်မည့်နည်းသော မသိသေးတဲ့အတွက် (ဖြေရှင်းခြင်းငှာလည်း မတတ်နိုင်သော)သို့ သုံးထားတာ ဖြစ်ဟန်တူပါတယ်။

ယခု ကျွန်တော်ပြောနေတဲ့ အချက်အလက်ခံများများဟာ ဆရာနန္ဒာသိန်းဇံ(မဟာဝိဇ္ဇာ) ရေးထားတဲ့ ‘ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ’ စာတမ်းကျမ်းမှ ထုတ်နုတ်ပြီး ဖောက်သည်ချနေတာဖြစ်ပါတယ်. ဆရာသိန်းဇံက သေခြင်းတရားကို ရင်ဆိုင်သူတို့ (၄)မျိုး (၄)စားရှိကြောင်း ဖော်ပြထားပါသေးတယ်၊ အဲသည့်(၄)မျိုးက....

(၁) မသိမှုဖြင့် သေခြင်းဘရားကို ရင်ဆိုင်ခြင်း၊ ဒါဟာ အဝိဇ္ဇာ မောဟဘရားလို့ ဗုဒ္ဓက ပြပါတယ်၊ အန္ဓပုဂ္ဂိုလ်လို့လဲ ဆိုပါတယ်။

(၂) ပျော်ပျော်နေခြင်းဖြင့် သေခြင်းတရားကို ရင်ဆိုင်ခြင်း၊ ဒီလို လူစားမျိုးက ဆော်လမွန် ဘုရင်ကြီးလို ကာမသုခလ္လိကာ နုယောဂ သမားများဖြင်တယ်။

(၃) စိတ်ပျော့ညံ့မှုဖြင့် နေ၍ သေခြင်းဘရားကို ရင်ဆိုင်ခြင်း၊ဒါက သာမန်ပုထုဇဉ်၊ ပုထုဇဉ်များဟာ သေရမှာကို ထိတ်လန့်တတ်ပါတယ်။ သို့ပေမယ့် မထိတ်လန့်၊ မကြောက် ရွံ့ အောင်တရားကို အားထုတ်သလား ဆိုတော့ အားလဲ မထုတ်ပါဘူး။ ဒါကို ဗုဒ္ဓက ‘ရဟန်းတို့၊ ထိတ်လန့်သော ကြောင့် တရားအားထုတ်တဲ့လူများဟာ အလွန်နည်းပါးလှတယ်’ လို့ အင်္ဂုတ္တရနိကာယ်မှာ ဟောထားပါတယ်။ အဲ.... နောက်တမျိုးက....

(၄) စိတ်ခွန်အား ကြံ့ခိုင်မှုစွမ်းရည်သတ္တိဖြင့် နေ၍ သေခြင်းတရားကို ရင်ဆိုင်ခြင်း။ အဲသည့်ပုဂ္ဂိုလ်မျိုးက ဘုရား၊ ရဟန္တာ အစရှိတဲ့ အရိယာပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ သူတို့က သေခြင်းဘရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသူများ ဖြစ်ပါတယ်။ အဲသည့်နေရာမှာ အာဇာနည်သူရဲကောင်းများ သေရမှာကို မကြောက်တာချင်းနဲ့ တူသလိုရှိပေမယ့် ခြားနားပါတယ်။ သူရဲကောင်း အာဇာနည်များ မကြောက်ပုံက ယခုဘဝ တခုတည်း

အတွက်သာ မကြောက်တာဖြစ်ပါတယ်။ သူတော်ကောင်းများ မကြောက်တာက နောက်နောင် ဘဝ တွေ အတွက်ပါ မကြောက်တော့တာ ဖြစ်ပါတယ်။

ဥပမာ၊ ။ဒဿနိကဆရာကြီး ဘာထရန်ရပ်ဆဲလ်ရဲ့ အဆိုအမိန့်တခုကို ကြည့်ပါ။ သူ့ ဇနီး အက်ဒစ်ကို ရည်ညွှန်းတဲ့ကဗျာမှာ ဒီလို ရေးထားပါတယ်။ 'နှစ်ပေါင်းများစွာ ငြိမ်းချမ်းတရားကို ငါရှာခဲ့ပါတယ်။ ငါ တွေ့ရတာတွေက စိတ်လှုပ်ရှားမှုတွေ၊ နာကျည်းမှုတွေသာပဲ၊ မိုက်မဲခြင်းကိုလဲ တွေ့ခဲ့တယ်။ အထီးကျန် ဆင်းရဲကိုလဲ တွေ့ခဲ့တယ်။ အထီးကျန်တဲ့ စိတ်က ငါ့ အသည်းနှလုံးကို တမြည့်မြည့် ဝါးချေနေတာကိုလဲ တွေ့ရတယ်။ ဒါပေမယ့် ငြိမ်းချမ်းခြင်းတရားကိုတော့ ငါမတွေ့ခဲ့ရဘူး။ အခုတော့ အသက် တွေ လဲ ကြီးလို့ သေခါနီးပြီ၊ မင်းနဲ့ငါ မေတ္တာ မျှကြလို့ အတူနေခဲ့ကြတယ်၊ အခု လဲ နေကြဆဲပဲ။ မင်းနဲ့အတူ နေစဉ်ကာလ အတွင်းမှာ....ကြည်နူးမှုတွေ၊ ငြိမ်းအေးခြင်းတွေကို ငါတွေ့ခဲ့ပါတယ်။ အနားယူခြင်းသဘောကို ငါသိပြီ။ အထီးကျန်ဘဝအဖြစ်နဲ့ နေလာခဲ့ကြတာ ကြာလေတော့ ဘဝဆိုတာ ဘာလဲ၊ မေတ္တာဆိုတာဘာလဲ ငါသိပြီ။ ယခု ငါ အိပ်ပျော်သွားယင် အပြီးတိုင်ပဲ အိပ်ရတော့မယ်။

အဲသည်မှာ ဆရာကြီးရဲ့ အာဘော်အရ အကဲခတ်ရမယ်ဆိုလျှင် အာဇာနည်ကြီးများလို သေမှာကို မကြောက်တော့တာတော့ ထင်ရှားပါတယ်၊ ငြိမ်းချမ်းခြင်းတရားကိုတော့ သူမတွေ့ခဲ့ရဘူးတဲ့။ အရိယာများက ငြိမ်းချမ်းခြင်းတရားကို တွေ့ပြီးတဲ့အတွက် မကြောက်ကြတာဖြစ်ပါတယ်။ ယခု ငါအိပ်ပျော်သွားယင် အပြီးတိုင်ပဲ အိပ်ရတော့မယ်လို့ ဆိုတာကလည်း ဒီတဘဝ အတွက်သာ အပြီးတိုင်အိပ်ခြင်း ဖြစ်စရာရှိပါတယ်။ နောင်ဘဝ- နောင်ဘဝ- ဘဝသံသရာ မပြတ်မချင်း အပြီးတိုင်- အပြီးတိုင် အိပ်ရဦးမှာ ဖြစ်ပါတယ်။

ဗုဒ္ဓနှင့်အရိယာများကတော့ ယခုဘဝ အိပ်တာဟာ နောက်ဆုံးပါပဲ။ နောက်တဘဝဆိုတာ မရှိတော့လို့ အိပ်စရာ မလိုတော့ပါဘူး။ အဲဒါကြောင့် မထိတ်မလန့်ပဲ သေခြင်းတရားကို ရင်ဆိုင်ခြင်းလို့ဆိုတာပါ၊ မိုက်ရူးရဲများ၊ မိုက်မိုက်ကန်းကန်းသေဝံ့သလို မကြောက်တဲ့သေခြင်းမျိုး မဟုတ်ပါဘူး။

ကဲ-ကျွန်တော်တို့ အက္ခရာကလေး ၂-လုံး၊ အသံထွက်ကလေး ၂-ခုတည်းနှင့်ကျယ်ဝန်း နက်ရှိုင်းသော(ဘဝ) အကြောင်းကိုတစေ့တစောင်း ကြည့်မိကြပါပြီ။ အနောက်နိုင်ငံမှ ပညာရှိကြီးများ သုံးသပ်ပုံကိုလည်း အကျဉ်းအားဖြင့် ဖတ်ကြရပါပြီ။

အဲသည့်အနက်က ဗုဒ္ဓ၏ တရားတော်များနှင့် ရင်းနှီးသက်ဝင်လာကြတဲ့ အနောက်နိုင်ငံ ပညာရှိကြီးများက ဘယ်ကဲ့သို့ လက်ခံလာကြပါသလဲ ဆိုတာ ကြည့်ကြရအောင်။

ဒေါက်တာ ဝါလ်ပိုလာ ရဟန်းတော်ဘွဲ့ (ရာဟုလာ) အရှင်သူမြတ်က (ဘဝ)၏ အကြောင်းကို ဗုဒ္ဓဟောတော်မူတဲ့အတိုင်း မမှိတ်မသုန် ယုံကြည် လက်ခံ ရပါပြီဆို့၊ သူရေးတဲ့ (မြတ်ဗုဒ္ဓ ဒေသနာ(တနည်း) WHAT THE BUDDHA TAUGHT) ကျမ်းမှာ အတည့် အလင်း ဖော်ပြထားပါတယ်။ မူလ အင်္ဂလိပ် ဘာသာမှ မြန်မာပြန်ပေးသော၊ မန္တလေး

တက္ကသိုလ်များ၊ ဒုတိယ အဓိပတိ (ဟောင်း) ဆရာဦးကိုလေး (ဇေယျာမောင်)အားကျေးဇူး တင်ရပါတယ်။

မည်သို့ပင်ဖြစ်စေ အရှေ့နိုင်ငံ– အနောက် နိုင်ငံ ဒဿနိကပညာရှင်ကြီးများ၏ အဆိုအမိန့် များက ကမ္ဘာ့ ဂန္ထဝင်စာပေအဖြစ် လူသိများ နေကြပါပြီ။ မူရင်းဖြစ်တဲ့ ဗုဒ္ဓမြတ်စွာ၏ အဆို အမိန့် တရားတော်တွေကျတော့ ပါဠိ အခက် အခဲတွေကြောင့် ကျွန်တော်တို့လို လူ့ဘုန်းစာ၊ ဝန်းကျင်မှာမထင်မပေါ် မကျော်မကြားဖြစ်နေ ရလေသလားလို့ သံသယဖြစ်မိပါတယ်။ဒီတော့ ပါဠိစကားမပါက် မြန်မာစာ သက်သက်ဖြင့် အဆီအနှစ် ရသများကိုသာ ထုတ်နုတ် ဖော်ပြ ထားတဲ့ ဆရာကြီးဦးဖိုးလတ်၏ (မြန်မာလို ဓမ္မ ပဒ)ကို နည်းနည်းလောက် မြည်းစမ်းကြည့် ကြရအောင်လားခင်ဗျာ''

ဓမ္မပဒဆိုတဲ့အဓိပ္ပာယ်က အခြေခံတရားများ လို့ အမိန့်ရှိပါတယ်။

ဤတရားစု၏ အရသာကို ဟာင်ဒူဘုန်းကြီး ရာမကရစ္စနားက အရိုအသေ အလေးအမြတ် ရှိခိုးတဲ့ တရားစုများ ဖြစ်ပါတယ်။

အင်ဒီးယားခေါင်းဆောင်ကြီး များ ဖြစ်ကြ တဲ့ ဘာဘာကြီး ဂန္ဒီနှင့် နေရူးတို့ လက်သုံး တရားများ ဖြစ်ကြပါတယ်။

အင်္ဂလိပ် ဘုန်းတော်ကြီး အရှင်အာနန္ဒာ မေတ္တေယျ။

ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလော က။

အီဘာလျံ ဘုန်းတော်ကြီးဦးလောကနာထ။

နီပေါသီလရှင် ဒေါ်သုဓမ္မဝတီ(ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း)က 'သမီးချစ်' ဟု ရေးခဲ့ဖူးသည်။)

အမေရိကန်လူမျိုးဗိုလ်မှူးကြီးအော်လကော့ စသည့် ပုဂ္ဂိုလ်ထူးများကိုယ်တိုင် ဤ ဓမ္မပဒ၏ အကျိုး ကျေးဇူးကို ခံစားခဲ့ရကြောင်း၊ ဆရာ မင်းယုဝေပြုစုတဲ့ (နိုင်ငံခြားသား ဗုဒ္ဓသာသနာ ပြုများ အတ္ထုပ္ပတ္တိ) စာအုပ်မှာ တွေ့နိုင်ကြပါ တယ်။ ။



# ဘယ်နှစ်ဝါ-ဘယ်စာ
# မောင်သင်မကိုး

ဆောင်းကာလလွန်လာပြီး တပေါင်း-တန်ခူး နွေဦးပေါက်လာလျှင် ကျွန်တော်တို့ဗုဒ္ဓဘာသာ မြန်မာပြည်အရပ်ရပ်မှာ စည်ပြောတီးပြီး အလှူကြီး အလှူငယ် လုပ်သံတွေ ကြားရပါပြီ၊ ရှင်ပြုရဟန်းခံ လုပ်ကြတဲ့ရာသီပေါ့။

ဒီအခါမှာ ဘာဖြစ်လို့ လုပ်ကြသလဲ ဆိုတော့ အများအားဖြင့် တောရွာတွေမှာ ရာသီဥတုအားဖြင့် ရေလွတ်မိုးလွတ် ခြေခင်းလက်ခင်း သာယာလို့ တရွာနှင့်တရွာ အသွားအလာ အကူးအသန်း ခရီးလမ်းပန်း သက်သာလွယ်ကူတယ်၊ တောင်သူလယ်သမားများ အလုပ်အားကြတယ်။ စပါးပေါ်ချိန် ငွေပေါ်ချိန်၊ ငွေကြေးကလေးများ စုပြီးဆောင်းပြီး ဖြစ်နေတယ်။

ဒါကြောင့် အူဝဲ'ဟု လူထဲ ရောက်လာတဲ့ သားယောကျ်ားကလေးကို မွေးဖွားတဲ့အချိန်ကစပြီး ချမ်းသာ-ဆင်းရဲ လူမွဲမိဘမကျန် သားကို ရှင်ပြုပေးဖို့ ချွေတာ စုဆောင်းခဲ့ရသမျှ လှူကြတန်းကြသပေါ့။ သားယောကျ်ားကလေး မွေးထားလို့ မိမိအားကိုယ်တိုင်ကရှင်ပြုမပေးနိုင်တဲ့ဘဝဟာ မြန်မာ လူမျိုးများ အတွက် ရှက်စရာအကောင်းဆုံး၊ မျက်နှာငယ်ရတာအောက်တန်း အကျဆုံးလို့ မှတ်ယူကြတယ်လေ။ ရှေးတုန်းကတည်းက ရှင်ဘုရင်ဖြစ်မယ့် ယောကျ်ားကလေးမှအစ၊ လယ်သမားကြီး ဖြစ်ရမယ့် ယောကျ်ားကလေးအထိ အဆင့်အတန်း အနိမ့်အမြင့်မရွေး ရှင်ပြုပေးကြရတယ်။ ရှင်ပြုမခံရတဲ့လူ ဘယ်သူမှ မရှိဘူး။ ရှင်သာမဏေဖြစ်မှ ဘုရား၏သာသနာတွင်းကို ရောက်တယ်။ ရှင်ပြုပေးတဲ့ မိဘမှ သာသနာ့ဒါယကာ ဖြစ်တယ်။ ဒီလို ကျွန်တော်တို့က စွဲစွဲမြဲမြဲ ယူဆလာခဲ့ကြတယ်လေ။

မိဘတိုင်း ကိုယ့်သားကို ရှင်သာမဏေ ပြုပေးရမှာ မိဘဝတ္တရားကြီးတခု။ ဒီလိုမှ ပြုမပေးနိုင်လျှင် အသေတောင် မဖြောင့်ရှာကြဘူး။ ဒါကြောင့် မိမိတို့၏ သားကလေးကို ဆင်းရဲသူဆိုလျှင်လည်း ချို့ချို့ငဲ့ငဲ့၊ ချမ်းသာလျှင်လည်း ကြီးကြီးကျယ်ကျယ် အိတ်သွန်ဖာမှောက် ရှင်ပြုကြပါတယ်။

မြန်မာ့ရိုးရာ ရှင်ပြုပွဲမှာ မပါလျှင် မဖြစ်တဲ့ တူရိယာကတော့ ပြေ၊စည်ဆိုင်းပါပဲ။ အလှူနှင့် (ပြေ)ဟာ အလွန်လိုက်ဖက်တဲ့ တူရိယာ ဖြစ်ပါတယ်။ ယခုခေတ် ခေတ်ဆန်တယ်ဆိုတဲ့(တေ ရိယို)သီချင်းတွေကို နိုင်ငံကျော် အဆိုတော်တွေက မန်ကျည်းပင်ပေါ်ကတက်အော်အော်၊ အလှူမဏ္ဍာပ်တိုင်ပေါ်က တက်အော်အော်(ကက်ဆက်လောက်စပီကာ တရွာနှင့်တရွာ ကြားရအောင်

သစ်ပင်ပေါ် တင်ထားကြတယ်လေ)အဲ....ရွာနီး ချုပ်စပ်ကကြားနိုင်ကြပေမယ့် အလှူကိုအလှူမှန်း မသိနိုင်ကြပါဘူး၊ ဘာဖြစ်လို့လဲ....အဲဒီ သီချင်း တွေကို အသုဘမသာအိမ်ကလည်း ဖွင့်ကြတယ်။ မင်္ဂလာ ဆောင် တွေ မှာ လည်း ဖွင့်ကြတယ်၊ ဆွမ်း ကြီး လောင်း လဲ ဖွင့် ကြ တယ်၊ လူထု အစည်းအဝေး လုပ်အားပေးကြရာမှာလည်း ဖွင့် ကြတယ်။ ဒီတော့ အဝေးက အသံကြားသော် လည်း အလှူသား၊ မသာလား၊ မင်္ဂလာဆောင် လား၊ လူထုအစည်းအဝေးလား၊ ကွဲကွဲပြားပြား ခွဲခွဲခြားခြား မသိနိုင်ပါဘူး၊ အဲ....'တုတ်တုတ် ဖြူနုံး'ဆိုတဲ့ မြန်မာ့(ပြော)သံက ခွဲခွဲခြားခြား ဖော်ပြပေးနေတတ်ပါတယ်။ -ပြောသံကြားလို့ တော့ ဘယ်သူကမှ 'မင်္ဂလာဆောင်'လို့ မထင် ကြပါဘူးနော်''

ငါးပိရည်ကို ခံတွင်းတွေ့လာတဲ့ ကျွန်တော် တို့ဟာ (ချိစ်)ဆိုတဲ့ ဒိန်ခဲကို အမြဲတမ်း မစား ချင်ပါဘူး။ ဒီလိုပါပဲ အလှူနေ့ရက် အရက်တက် မှာ (စတီရီယို)ဆိုတဲ့ ဗိုလ်ဆန်ဆန် သီချင်းသံကို ကြားရလို့ အလှူရှင်များမှာ နားကြောက စိမ့် မလာကြပါဘူး၊ (ပြော)သံသာ ကြားလိုက်ရ လျှင်တော့ ကိုယ့်သား ရှင်ဖြစ်တာကို မတွေ့ မမြင်ကြရှာတဲ့ မိဘ လင်သား ဆွေမျိုး များကို သတိရပြီး မျက်ရည်စို့ ပုံ့ ဆို့နစ်ကြေကွဲ လွမ်း ပွဲ ဆင်ကြရတဲ့ အခါသာက အလွန် ကြည်နူးကြရ ပါတယ်။ နှဲကြီးက ကျူးပေးပြီး ငြိမ့်ငြိမ့်အေး အေး ဆိုသွားကဲ့ အလှူရှင်ပြု (ပြော)သီချင်း ကို မြန်မာမှန်လျှင် ကြားဖူးကြပါတယ်။

မြို့လယ် က မ ကွာ၊ အ ရပ် က ကု သိုလ်၊ ကျောင်းကြီးရယ်အို (တုတ်တုတ်-ဖြူနုံး) လက် ရန်ငယ်ပြို၊ ရှင်လူ့ဘုံကထဲ၊ ဖိုးစိုးသို့ရွှဲ... (တုတ်တုတ်-ဖြူနုံး) အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကိုတဲ့ မျှော်လိုက်ယင်၊ တံခွန်တိုင် ရွှေ ကုက္ကားနှင့် ဘုရားကိုမြင်။

''ကမ္ဘလွှေ-ရင်မှာပိုက်မါလို့၊ကျောင်းတော် ကိုတဲ့ လိုက်မယ်ပြင်၊ဘယ်နှဝါ-ဘယ်စာ-မောင် သင်မှာတုံး၊ မေလေးကို သံချိုနှောလို့ငယ်.... ပြောခဲ့ပါအုံး....''

မြန်မာ့စိတ်၊ မြန်မာ့နားမှာ ဝမ်းနည်း ဝမ်း သာ ရင်ထဲမှာ ဘာလိုက်လိုက် ခံစားနေကြရပါ တယ်။

> မြို့လယ်မှာဖြစ်စေ၊ ရွာထဲမှာဖြစ်စေ ရှင်ပြုတဲ့ အလှူမဏ္ဍပ်ကြီးက (ဟီး)နေ ပါပြီတဲ့။ အရပ်ကကုသိုလ်နှင့် ဆောက် လုပ်လှူဒါန်းထားတဲ့ ဘုန်းကြီးကျောင်း မှာတော့ နှစ်ရှိခွေဒကြာမြင့်ခဲ့ပြီဖြစ်လို့ ဟောင်း မြင်း အို မင်း နေ ရှာ ပြီ..တဲ့၊ ကျောင်းရဲ့ လက်ရန်း ဝရန်တာအချို့ ဆို ပြို လို့ တောင် ကျကုန် ပါ ပြီ တဲ့၊ ကျောင်း အ မိုး ကို ကြည့်ပါဦး၊ ရှင် လောင်းများအဆက်ဆက် ရှင်သာမဏေ သာ ဖြစ်ကုန်ကြရော့-မိုးယိုတာနဲ့ ရွဲရွဲစို နေပါတယ်-တဲ့။

အဲသည့် သီချင်းက ရွာသူ ရွာသား များကို သတိပေးနေပါတယ်။ ရှင်ပြု-အလှူပြု နေကြတဲ့ ဒကာ-ဒကာမတွေ ကိုယ့်ရွာကကျောင်းဟောင်း လို့ပြိုကျနေတာလေးများလဲ ပြင်ပေးဖို့သတိ ကြ စမ်းပါလို့ ဆိုသိုရိပ်ရှိနေပါတယ်၊ ဟုတ်ပါတယ်၊ တချို့က ကိုယ့်သားအတွက်ရှင်ပြုမှာ ပကာသန ဂုဏ်ဘုဂုဏ်ပြိုင် ငွေကိုသွန်သုံးမယ်၊ ဘုန်း ကြီး ကျောင်းမှာ တကယ် လိုအပ်တာတွေ ကိုတော့ လှူဖို့ သတိမရကြဘူးလေ၊ ဒါကိုသတိပြီး စေတ နာပေါ် လာအောင် နှိုးဆော်လိုက်တာပါပဲ။ ကဲ နောက်ဆက်သာတာက....

အရှေ့ကို လျှောက်ပြီး ရွာအပြင်ကို ရောက် အောင် သွား လိုက် စမ်း ပါတဲ့၊ ရွာအပြင်ဘက် ရောက်တော့မှ ကိုယ့်ရွာကလေးရဲ့ ရှုမြင်ကွင်းကို ကျယ်ကျယ် ပြန့်ပြန့် ကြည့်လိုက်လျှင် ရွာရဲ့အ

နောက်ပိုင်းမှာ တံခွန်တိုင်ကုက္ကားနှင့်ဘုရားစေတီကို မြင်ရပါလိမ့်မယ်....တဲ့၊ အဲသည့်ပရိဝုဏ်ထဲမှာ အနောက်ကျောင်းရှိတယ်၊ အဲသည့်ကျောင်းမှာ သားကိုရှင်ပြုမှာ၊ ယခု အမေ့သားက ကမ္ဗလွှကိုစိုက်ပြီးတော့(ဆံချ–ရှင်ဖြစ်ပြီးလို့)ကျောင်းကို လိုက်ရတော့မယ်၊ အဲသလို ကမ္ဗလွှကို ပိုက်ပြီး ဘုန်းတော်ကြီးနောက်ကို လိုက်တော့မယ်ဆိုယင် ကျောင်းမှာ ဘယ်နှစ်ဝါနေပြီး (ဘယ်နှစ်နှစ်နေပြီး)ဘယ်စာတွေများ တတ်အောင်သင်ခဲ့မှာလဲ.... အမေ့ကို ပြောခဲ့ပါဦး သားရယ်၊ အသားရဲ့အသံဟာ အမေ့နားမှာ အမြဲ နားဝင်ချိုပါတယ်.... တဲ့။

မြန်မာ့ရိုးရာဘာသာယဉ်ကျေးမှု၊ သားသမီးတို့အပေါ်မှာ ထားရှိတဲ့ မိဘမေတ္တာကို မြန်မာ့အနုပညာအလင်္ကာက ဖော်ပြနေပါတယ်။ ဒါကြောင့် အလှူမှာ ဤသီချင်းနှင့်(ပြော)သံဟာ မပါသော် မပြည့်စုံနိုင်အောင်ဖြစ်ရပါတယ်။

အဲသည့် သီချင်းမှာပါတဲ့ (ကမ္ဗလွှ) ဆိုတာက ပေစာများ ပေရွက်များကို ကြိုးဖြင့် သီတွဲထားတာကို အဝတ်ပိတ်စကောင်းနှင့် ထုပ်ထားတာကလေးကို ခေါ်ပါတယ်။ (စာပလွေ)လို့လဲ သုံးဘတ်ကြပါတယ်။ မြန်မာမှု ဓလေ့ဟာရတို့ကို အရင်းအမြစ်နှင့်တကွ နှစ်ပေါင်းများစွာ လေ့လာပြီးမှပြုစုခဲ့တဲ့ ဆရာကြီး ယုဒသန်က မြန်မာ အင်္ဂလိပ်အဘိဓာန်မှာ (ကမ္ဗလွှ)အကြောင်းကို အကျယ်တဝင့်ဖော်ပြထားပါတယ်။

မိမိသားကိုရှင်ပြုပေးတာ ဗုဒ္ဓကိုယ်တော်တိုင်က စခဲ့တာပေါ့။ သားတော်ကလေးရာဟုလာကို မယ်တော် ယသော်ဓရာမိဖုရားက ဘုရားရှင်ထံ အမွေဘောင်းခိုင်းလိုက်တယ်။ မိဖုရားလိုချင်တာက ရွှေအိုးကြီးလေးလုံး၊ ဗုဒ္ဓ ပေးတော်မူတာက လောကုတ္တရာအမွေ၊ သင်္ကန်းစကို ဆွဲကိုင်လိုက်လာသော သားရာဟုလာကို အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် တို့ထံအပ်ပြီး ရှင်ပြု ပေးစေတယ်လေ။

ရှင်ပြု ပေးရတဲ့ အကြောင်းရင်းကို ကျွန်ုပ်တော်တို့ သိထားကြတာက မဟာဝင် ကျမ်းမှာပါတဲ့ သီရိဓမ္မာသောကမင်းကြီး အကြောင်းပေါ့။ ရွှေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပုထိုးပေါင်း ရှစ်သောင်း လေးထောင်နှင့်အကွ၊ ထခင်းရည်ချောင်းစီးလှူခဲ့သော်လဲ သာသနဒါယကာ မဖြစ်သေး၊ မိမိ၏သားကိုဖြစ်စေ၊ သူတစ်ပါး၏သားကိုဖြစ်စေ၊ သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ပေးမှသာ သာသနဒါယကာဖြစ်နိုင်မယ်ဆိုလို့ သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာကို ရဟန်းပြုပေးတော်မူတယ်။ သဘောက ဗုဒ္ဓ၏ အဆုံးအမခံ နိဗ္ဗာန် မဂ်ဖိုလ်တရားကိုကျင့်ဆောင်မည့် သားဝကဦးရေတိုးပွားအောင် ထောက်ပံ့ပေးတဲ့ အဓိပ္ပာယ်ပဲ။

ဒီနေရာမှာ နှစ်ပိုင်းနှစ်ကဏ္ဍရှိတာကို ခွဲခြားသိဖို့လိုလိမ့်မယ်။ သာသနာ့ဒါယကာအစစ် ဖြစ်ဖို့ရာမှာ (သာသနဒါယဇ္ဇ)ဆိုတဲ့ မိမိပြုပေးလိုက်သော သာမဏေ ရဟန်းက (အမွေခံကောင်း) ဖြစ်အောင် ကြိုးစားကျင့်ကြံတဲ့ ကုသိုလ် ပါရမီအပေါ်မှာ တည်တယ်။ ကိုယ်ပြုပေးလိုက်တဲ့ ရှင်သာမဏေရဟန်းက ပေါ့တီးပေါ့ဆ ဝိနည်းမပါးကိုမကျေပွန်ဘူးဆိုလျှင် ရှင်ပြုပေးလိုက်တဲ့ သာသနဒါယကာမှာ ရည်ရွယ်ယင်း အကျိုးအပြည့်အစုံ ရှိနိုင်ပါ့မလား၊ ရနိုင်ပါ့မလားဆိုတာ စဉ်းစားကြရမှာပေါ့။

ဒါကြောင့် ခုနသီချင်းမှာဆိုတာလေ၊ 'ဘယ်နှဝါဘယ်စာမောင်သင်မထုံး'တဲ့။ ရှင်သာမဏေအဖြစ်နှင့် ကြာနိုင်သမျှ ကြာကြာ မွေ့လျော်ပြီး ဗုဒ္ဓ၏ ပရိယတ္တိများများတတ်လေ၊ သာသနဒါယကာရော၊ သာသန အမွေခံရော အကျိုးရှိလေပဲ၊ ရှင်သာမဏေက ရဟန်း၊ ရဟန်းမှ ဆရာတော် အကျော် အမော် ကြီးများ အထိ ဖြစ်သွားယ်

ဆိုလျှင် ဒါယကာတို့မှာ 'လူဖြစ်ကျိုးနှင့်လေရဲ့' ဟု တသက်သုံး ကျေနပ်နေကြရတယ်၊ ရှင်သာမဏေ ရဟန်း ဆိုသည့်ကား လောကီ လောကုတ္တရာ အမြတ်ဆုံးသော ရတနာ သုံးပါး အပါအဝင် သမုတိသံဃာဖြစ်တယ်။ ဒါကြောင့် ရှင်ဖြစ်တော့ မည့်သူငယ်၊ ရဟန်းဖြစ်တော့မည့်ပုဂ္ဂိုလ် ဆိုလျှင် စကြဝတေး မန္ဓာတ်မင်းများကဲ့သို့ ဘုန်းကျက် သရေနှင့် ပြည့်စုံဘယ်ဆိုတဲ့ အဓိပ္ပာယ်နှင့် ရှင် လောင်းများကို မင်းမြောက် တန်ဆာနှင့် တကွ ရတနာမျိုးစုံဆင်ပေးပြီး ဆင်ရတနာ၊ မြင်းရတ နာ စီးစေပြီး ရွှေထီးများမိုး၍ ရွှေဝင်း နောက် ဝင်း အာမတော်ကြီး ခင်းပြီး အခြွေအရံ အခြံ အရံ အတီးအမှုတ်တူရိယာများနှင့် ရှင်လောင်း လှည့်ပွဲ လုပ်ကြတယ်။ ဗုဒ္ဓ လက်ထက် တော်မှာ တော့ ဗုဒ္ဓ၏ကျောင်းတော်ကို ပို့ကြတာပေါ့။

စဉ်းစားကြည့်စော့ ယခု ကျွန်တော်တို့ခေတ် အထိ ရဟန်း သံဃာတော် တသိန်းကျော်ရှိနေ တာ ကျွန်တော်တို့ကို ကွယ်ကြည့်ညိုနေကြရတာ ကျွန်တော်တို့ မိဘမှအစ ဘိုးဘွားများက သာ သနဒါယကာလုပ်ပြီး ရှင်သာမဏေရဟန်းများ က သာသနဝန် ထမ်းလာကြဘာ စွဲစွဲမြဲမြဲရှိခဲ့ကြ လို့ပေါ့။ ယခု ကျွန်တော်တို့ခေတ်ကျတော့ ကိုယ့် သားကိုယ် ရှင်ပြုပေးတာ 'ဘယ်နှစ်ဝါ–ဘယ် စာကို ကြာကြာမြင့်မြင့် သင်ခိုင်းကြသလဲ။ အမွန် မြတ်ဆုံးသော ရတနာသုံးပါး အပါအဝင် သာ သနဘောင်မှာဘယ်လောက်ကြာကြာနေအောင် အားပေးတိုက်တွန်းကြသလဲ။ ဥပမာ....ရှင်ဘုရင် ကခေါ်ပြီ ခေ့ွစားတဲ့ မင်းသား ဘဝမှာ ကိုယ့် သားကို မြန်မြန်ပြန်ခေါ်ခဲ့ကြမှာ မဟုတ်ပါဘူး။ သားက မပျော်ဘူးဟု ဆိုသည့်တိုင်အောင် ချော့ မော့နေကြမှာနော်။ ယခုအထွတ်အထိပ်ရတနာ သုံးပါးအပါအဝင်လို့လဲ ဆိုကြသေးရဲ့၊ ဗုဒ္ဓ၏ သားတော် မြေးတော်ဆိုတဲ့ ဘဝမှာ ကြာကြာ မနေကြစေတာက ရှင်ပြုပေးတာ (ဗန်း)မရှိ ဘူးလားလို့ တွေးစရာတော့ကောင်းသား။

ယခုကာလမှာ ဘယ်လောက် အသိုင်းအဝိုင်း ကြီးနဲ့ သောင်းကုန် သိန်းကုန် အကုန်အကျခံပြီး ပြုပြု၊ ကိုယ့်သားကို ခုနစ်ရက်ထက် ပိုမထားကြ ပါဘူး။ (များသောအားဖြင့်ပေါ့လေ) အဲ.... ထားရကောင်းမှန်းလဲ မစဉ်းစားကြဘူး၊ ဒီတော့ ဘယ်သဘောကို ရောက်နေကြသလဲ။ မိမိအိမ်မှာ ဘုရားစင်ကလေးတခုတော့ ရှိမှ ဗုဒ္ဓဘာသာပီသ လိမ့်မယ်ဆိုသလို၊ ဗုဒ္ဓဘာသာမှန်လျှင် မိမိသား ကို ရှင်ပြုတာလေးဖြင့် လုပ်မှ ထုံးစံနှင့်ညီမယ်။ အဲသလို ဖြစ်ကုန်ရော။ အဲဒါ အောရောမြို့ပါ မိဘတရာမှာ ရှစ် ဆယ် လောက် ဖြစ် နေ ကြ ပြီ။ မြို့ပေါ်က ရာခိုင်နှုန်းသာ ဆိုရလျှင် တရာမှာ ကိုးဆယ့်ငါးလောက် စာရင်းပေါက်လိမ့်မယ်။ အဲသလိုသာ သွားလို့ဖြင့် နောင်နှစ်ပေါင်း တရာ မှာ မြန်မာပြည်ရှိ သာမဏေ သံဃာစာရင်းဟာ တထောင် အတွင်းက မှ ကျော်ပါတော့မလား၊ ဘုန်းကြီးကျောင်းအချို့တွေမှာ ဟောင်းလောင်း ဖြစ်နေတော့မှာလား....စဉ်းစားစရာနော်။

ကလေးသူငယ် သာမဏေအရွယ်ကို ထား ပါဦး။ ယခုခေတ် လူကြီးတွေ (ဒုလ္လဘရဟန်း) ဝတ်ကြသတဲ့။ အင်း....ကျွန်တော်တို့ ဘယ်လိုက စပြီး သိသာကြဘယ် မဆိုနိုင်ပါဘူး။ (ဒုလ္လဘ ရဟန်း)ဆိုတာ ရက်ခွဲတမ်းချပြီး ခဏခေတ္တ ရဟန်းခံတဲ့သူကို ခေါ်နေကြတယ်။ (ဒုလ္လဘ) ဆိုတဲ့ ပါဠိက ဖြစ်တောင့်ဖြစ်ခဲ၊ ရတောင့်ရခဲ၊ ကြုံကြိုက်ဖို့ အလွန်ခဲယဉ်းတဲ့ အခွင့်အရေးကြီး များဖြစ်တယ်လို့ ဘာ သာ ပြန် ရ မှာ။ ဒုလ္လဘ ငါးပါး ဘုရားကိုယ်တော်တိုင် နေ့စဉ်–နေ့စဉ် သတိပေးတော်မူလေ့ရှိတဲ့ နိုးဆော် သတိပေး တော်မူတဲ့ (အဓိကာရ) စကားမှာ 'ပဗ္ဗဇ္ဇိတ ဘာဝေါ ဒုလ္လဘော' လို့ ရှိတယ်။ အဓိပ္ပာယ်က 'ရဟန်း (ပဗ္ဗဇိတ)ဖြစ်ဖို့ အလွန်ခဲယဉ်းတယ်၊

အလွန်ကြုံကြိုက်ဖို့ ခဲယဉ်းတယ်၊ အခွင့်ကောင်းကြီးတရပ်ဖြစ်ပေတယ်'လို့ ဆိုလိုတာပါ။ ဒီလိုဆိုယင် ခနစ်ရက်တန်သည် ဆယ်ရက်တန်သည် ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ထက် လက်ရှိရဟန်းတော်များကို 'ပဗ္ဗဇ္ဇိတ ဒုလ္လဘကိုယ်တော်များ'လို့ မဆိုနိုင်ပေဘူးလား၊ စဉ်းစားရော။ ဒါက စကားစပ်မိလို ပြောတာပါ။ဒုလ္လဘဟောန်းခံတဲ့ကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်ကြီးတပါး၏ အဆိုအမိန့်သြဝါဒတခုကို ဖောက်သည်ချပြီး ဆွေးနွေးကြရအောင်နော်။

သိက္ခာသီလစရန့်စ်ပါးနှင့် ပြည့်စုံထင်ရှားသော သာသနဦးဆောင် ဆရာတော်ကြီးတပါးထံ အစိုးရအရာရှိကြီးကြီးတယောက်က လာ၍လျှောက်တယ်တဲ့။

"တပည့်တော် ခုကြန်ရုံ ပိတ်ရက်ကလေးအတွင်းမှာ ရဟန်းခံလိုပါတယ် ဘုရား"

"နေပါဦး ဒကာကြီး၊ သာသနာတော်အတွင်းဝင်မှာက (မဝင်မီကတည်းက) ရက်အကန့်အသတ်နဲ့ လာတာပါလား"

"တင်ပါ၊ အလုပ်အားတဲ့ ရက်ကလေးမှာသာ ဝတ်နိုင်လို့ ဖြစ်ပါတယ် ဘုရား"

"ဒီလိုသာဖြင့် ဒကာကြီးဟာက ရုံးပိတ်ရက်အတွင်း အနားယူ အားမွေးဖို့ လာတာဖြစ်နေပြီ"

"တပည့်တော် အလျှောက်အထား မှားလျှင်သည်း ခံတော်မူပါဘုရား၊ ဆုံးမတော်မူပါဘုရား"

"အလျှောက်အထားထက် အယူအဆမှားနေလို့ ဘုန်းကြီးက ပြောရတာ၊ ဒကာကြီးရှင်းသွားအောင် ဘုန်းကြီးက ဥပမာလေးပြောလိုက်မယ်၊ ဒကာကြီးတို့ (အဖွဲ့အစည်း)ထဲကို ခုနစ်ရက်လောက် ဝင်ပြီး နိုင်ငံ့တာဝန် ထမ်းဆောင်ချင်ပါတယ်၊ (အသင်းဝင်)အဖြစ် အသိအမှတ်ပြုပေးပါလို့ အခွင့်တောင်းယင် ဒကာကြီးတို့ အဖွဲ့အစည်းက လက်ခံမလား"

"ရက်အကန့်အသတ်နဲ့ဝင်တဲ့ အသင်းသားရယ်လို့ဖြင့် မရှိပါဘူး ဘုရား၊ လက်ခံမှာလဲ မဟုတ်ပါ ဘုရား"

"အေး.... မဝင်မီကတည်းက အသင်းရဲ့ ဦးတည်ချက်နှင့် စည်းမျဉ်းဥပဒေများကို လေ့လာ၊ ကိုယ်ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို သိ၊ အဲဒီတော့မှ ခံယူချက်အပြည့်အဝနှင့် ဝင်ချင်လျှင် အသင်းတသက် ကိုယ့်တသက် ရည်မှန်းပြီး ဝင်ကြရတာ မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါတောင် လွယ်လွယ်ကူကူနှင့် ဝင်ကြရသလား၊အဆိုဘင်သွင်းပေးတဲ့ပုဂ္ဂိုလ်၊ထောက်ခံတဲ့ပုဂ္ဂိုလ်၊ ကိုယ့်အတွက် တာဝန် အာမခံတဲ့ပုဂ္ဂိုလ် ဒီလို ဒီလိုဟု ရှိရသေးတယ် မဟုတ်လား"

"ရှိရပါတယ် ဘုရား"

"အေး....ဒကာကြီးတို့ လူကလုပ်တဲ့ အဖွဲ့အစည်းကလေးကို ဝင်ဖို့တောင် မလွယ်လှဘူးဆိုလျှင် ဗုဒ္ဓကိုယ်တော်ကြီးက တည်ထောင်ဖွဲ့စည်းထားခဲ့တဲ့ (သံဃာ့ဘောင်)ကို ဝင်လာဖို့က ပိုပြီး တိကျရမှာပေါ့နော်၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ဘုန်းကြီးက ဒကာကြီး ရဟန်းခံမှာကို စိတ်ပျက်အောင် ပြောနေတာ မဟုတ်ပါဘူး၊ ဒကာကြီးရဲ့ ယောနိသော မနသိကာရကို အားပေးချင်လို့၊ သိရှိနားလည်ပြီး သဒ္ဓါဖြစ်သည်ထက်ဖြစ်စေလိုလို့ ပြောပြနေတာပါ၊ ဟုတ်ရဲ့လား"

"တင်ပါ ဘုရား၊ တပည့်တော်တို့အတွက် အဘိုးထက် အလွန် ကျေးဇူးများပါလိမ့်မယ် ဘုရား"

"ပရိသတ္တိမဘတ်တဲ့ အရပ်သားများ၊ ရှင်ပြုရဟန်းခံဆိုတာ သင်္ကန်းဝတ်လိုက်တာနှင့် ဖြစ်ကရောလို့ ထင်လိမ့်မယ် အေး—ဘာခုချင်း စဉ်းစား

ကြည့်၊ ရှင်ပြုမယ်ဆိုလျှင် ပထမဦးစွာ ကျောင်းမှာ ဖိုးသူတော်ကလေးလုပ်ရတယ်၊ ကျောင်း၏ စည်းကမ်း၊ သာမဏေတို့၏ စည်းကမ်းဥပဒေ၊ နေနည်း၊ ထိုင်နည်း၊ စားနည်း၊ သောက်နည်း အကုန်၊ အဲသလို သင်ကြားလေ့လာတတ်သိပြီးမှ ဘုန်းကြီးများက ရှင်ပြုပေးတယ်။ ဖိုးသူတော် မဟုတ်ခင် ကျောင်းသားအဖြစ်နှင့် နေ့ရှည်လများ သင်ကြားရတယ်၊ အဲ....ရဟန်းပြုလို့တဲ့ သူများကျတော့လဲ ပထမဦးစွာ သာမဏေဝတ်ပြီး အခြေခံဥပဒေများကို သိရှိနားလည်ပြီးသည် အထိ သင်ရတယ်။ ရဟန်းအဖြစ် တိုက်ရိုက် ပဥ္စင်းခံ မပေးသေးဘူး၊ ဒကာကြီးတို့အခေါ် အားဖြင့်တော့(အရန်အသင်းသား)ဒီလို မဟုတ်လား''

''မှန်ပါ့ဘုရား၊တပည့်တော်တို့လဲ ဒီအတိုင်း ပါပဲ ဘုရား''

''အေး–ဒီအတိုင်းဖြစ်ရမှာပေါ့၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လာတဲ့အထိ တည်တံ့ ခိုင်မြဲလာခဲ့တဲ့ လုပ်ဆုံးလုပ်နည်းတွေကို ပုံတူယူရ ပေမပေါ့။ အဲ.... အဲ—သာမဏေအဖြစ် အရန် အသင်းသားအဖြစ်နှင့် နေပြီးတော့မှ မိမိကို တင်းပြည့် အသင်းဝင်အဖြစ် အဖွဲ့အစည်းကြီးက လက်ခံအောင် အဆိုဘင်သွင်းပေးမည့် ဆရာ့ထံ ချဉ်းကပ်တောင်းပန်ရတယ်၊ သူကလဲ တောင်း ပန်သာသူရဲ့ အရည်အချင်း စိတ်နေသဘော ထား ခံယူချက်စသည်များကို စိတ်ချယုံကြည်မှ အဆိုဘင်သွင်းပေးပေလိမ့်မယ်''

''ဒါလဲ တပည့်တော်တို့အတိုင်းပါပဲဘုရား''

''တပည့်တော်တို့ အတိုင်းလို့ မပြောပါနဲ့ လေ၊ ဗုဒ္ဓကိုယ်တော်မြတ်၏ အဖွဲ့အစည်းအတိုင်း တပည့်တော်တို့ လုပ်နေပါတယ်လို့ ဂုဏ်ယူစမ်း ပါ၊ ကဲ-ကဲ...တိုဘိုပြောကြရအောင်၊ နောင် ဒကာကြီးကိုယ်တိုင် လေ့လာရဦးမှာ၊ အဲ....သိမ် တွင်းမှာ ဆရာတော်များ၏ ရှေ့မှောက်ကို ရဟန်းလောင်းအား ခေါ်လာပြီး အဆိုဘင် သွင်းမယ့်ရဟန်းက လျှောက်တယ်၊ ယခုတော့ ကမ္မဝါ ဖတ်တယ်၊ အဓိပ္ပာယ် အတိုချုပ်က 'အရှင်ဘုရားတို့ဘုရား၊ ယခုအခါ တပည့်တော် လျှောက်ကြားမည့် စကားကို နားဆင်တော်မူ ကြ၍ ကန့်ကွက်ရန်မရှိဟု သဘောတူညီကြမည် ဆိုလျှင် ဆိတ်ဆိတ် သည်းခံတော်မူကြပါဘုရား၊ (သဘောမတူလျှင် ကန့်ကွက်နိုင်သေးတယ်ပေါ့) ယခုအခါ အရှင်ဘုရားတို့၏ ရှေ့တော်မှောက် တွင် ရောက်ရှိနေသူ ရဟန်းလောင်း(မည်သူ)ကို အလွန် မွန်မြတ်လှသော သာသနာတော်သို့ (သာသနာ့အသင်းဝင် အဖြစ်သို့) သွတ်သွင်း ချီးမြှင့်ပေး ချန်ခွင့်ပြုတော်မူကြပါဘုရား' အဲသည် သဘော၊ အဲဒါကို ဆရာတော်များက အဆိုပြုသူ ရဟန်းအပေါ်မှာ ယုံကြည်ရင်းစွဲရှိမှ ဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူကြတယ်''

''အဲဒါလဲ တပည့်တော်တို့ အဲ–အဲ....တပည့် တော်တို့လဲ ဗုဒ္ဓစည်းမျဉ်းတော်အတိုင်း လုပ်နေ ကြရပါတယ် ဘုရား''

''ဟုတ်ပြီ–ဟုတ်ပြီ၊ နောင်လဲ ဒကာကြီး ကိုယ်တိုင် တွေ့ကြုံသိရှိ နားလည်ရမှာပေါ့လေ''

''တခုတော့ လျှောက်ထားခွင့် ပြုတော်မူပါ ဘုရား''

''ဘာများတုံး....လျှောက်ပါ''

''သည်ရွေ့သည်မျှ ခမ်းနားသော စနစ်ကျ သော ခိုင်မာသော လုပ်ထုံး လုပ်နည်းများကို တပည့်တော်တို့လို အနောက်တိုင်းသား ဒကာ၊ ဒကာမ များကို မြန်မာလို အရှင်ဘုရားများက ပြန်၍ ဆောင်ရွက်ပေးတော် မူကြမယ်ဆိုလျှင် မြတ်စွာ ဘုရား ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်တွေကို ကြည်ညိုသည်ထက် ကြည်ညိုလာကြပါလိမ့်မယ် လို့ ထင်ပါတယ် ဘုရား''

''အင်း....ဒကာကြီး ပြောတာ စဉ်းစားစရာ အကောင်းသားပဲ''

"ဘုရား ဥပဒေတော်ကြီး များကို သိသည်ထက်သိလျှင် ကြည်ညိုသည်ထက် ကြည်ညိုလာဖို့ပါ ဘုရား"

"ဘုန်းကြီးတို့လဲ ရေးလျက် ဟောလျက်ပါပဲ၊ ကဲ-ကဲ ...နိဂုံးချုပ်ကြစို့၊ အဲ့သလောက်တိကျခိုင်ခံ့တဲ့ ဗုဒ္ဓကိုယ်တော်၏ အဖွဲ့အစည်းအတွင်းကို ဝင်လိုပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အပန်းဖြေအနားယူ အားမွေးတဲ့သဘောနှင့် ရည်ရွယ်ချက်ကသေးသေးလောက်နှင့် လာပြီး မတောင်းဆိုချင်ကြပါနဲ့၊ တောင်းခံမယ့်ပုဂ္ဂိုလ်က ပထမဦးဆုံး ဝန်ခံလျှောက်ထားရတဲ့ စကားက ရှိပါတယ်၊ မြန်မာလိုသက်သက် ပြောကြမယ်ဆိုလျှင် 'အရှင်ဘုရားတို့ဘုရား၊ တပည့်တော်သည် သံသရာဝဋ်မှထွက်လွှတ်ကျွတ်မြောက်နိုင်ခြင်းအကျိုးငှာ တပည့်တော်အား သနားချီးမြှင့်သောအားဖြင့် (ရှင်သာမဏေ-ရဟန်း)ပြုပေးတော်မူပါဘုရား'တဲ့၊ အဲ့သည်အထဲမှာ 'ပျော်သလောက် နေပါမယ်၊ ခွင့်ရက် ရတုန်းကလေး နေပါမယ်လို့' ပါသလား"

"မပါပါဘူး ဘုရား"

"အေး ဝင်ကတည်းကသံသရာမှလွတ်မြောက်သည်အထိ နေသိုင်ကျင့်ကြံပါမယ်လို့ အဓိဋ္ဌာန်ပြုထားရတယ်နော်၊ အေး....သို့သော် ရဟန်းဘောင်၌ မပျော်မွေ့နိုင်လို့၊ အမွန်အမြတ်ဘဝမှာ ငြီးငွေ့လာလို့ ထွက်လိုလျှင်တော့ ထွက်သွားနိုင်ခွင့် ရှိပါတယ်၊ မြတ်စွာဘုရား၏ အသိတော်ကြီးက ငြီးငွေ့ပင်ပန်း မရွှင်မလန်းပဲ သူ့သာသနာထဲမှာ နေတာကို မရှုဆိတ်ပါဘူး၊ မထားလိုပါဘူး၊ ရဟန်းမပီသတဲ့ ရဟန်းမျိုးကို အလွန်တရာ စက်ဆုပ်တော်မူပါတယ်၊ ဒါကြောင့် အကြောင်း အမျိုးမျိုးကြောင့် သာသနာတော်မှာ မနေနိုင်လို့ ထွက်တာကို ဘုရား ခွင့်ပြုတော်မူပါတယ်။ ဒါကြောင့် ရက်အကန့်အသတ်နှင့် ဝင်လာဖို့ မလိုပါဘူး၊ ဗုဒ္ဓလက်ထက်တော်မှာ ရဟန်းအချို့ ရှိပါတယ်၊ အိမ်ထောင်မှုကိုမုန်းလို့ ရဟန်းပြုတယ်၊ မကြာပါဘူး သားမယားကို လွမ်းလို့ အိမ်ပြန် သွားတယ်၊ နောက်တခါ သားမယားနှင့် နေရတာ ငြီးငွေ့ဆင်းရဲပဲလို့ မြင်ပြန်ပြီး ရဟန်းပြန်ဝတ်တယ်၊ အဲသလို ဝင်ချည်ထွက်ချည်လုပ်တဲ့ ပုဂ္ဂိုလ်များလဲ ရှိပါတယ်၊ သို့သော် နောက်ဆုံးမှာတော့ ဗုဒ္ဓကိုယ်တော်က တရားဟောချွတ် ယူတော်မူတာနှင့် အာသဝေါကုန်ခန်းပြီး ရဟန္တာစစ်စစ် ဖြစ်သွားပါတယ်၊ ဒီတော့ အခု ဒကာကြီးလဲ အလုပ်တာဝန်တွေကြောင့် မနေနိုင်လျှင် ပြန်ချင်ပြန်ပါ၊ မယားကို လွမ်းလို့ မနေနိုင်လို့ ပြန်ချင်ပြန်ပါ၊ အဲ... ဟိုတယ်မှာ အခန်းငှားပြီး အနားယူသလို၊ အပန်းဖြေစခန်းမှာ အပန်းဖြေလာသလို သဘောတော့ မထားပါနဲ့၊ အဖိုးအတန်ဆုံး ဘဝကို လာမယ့်လာလျှင် ရည်ရွယ်ချက်ရှိရှိ ဗုဒ္ဓအလိုတော်ကျ သိသိ ကိုယ့်အကျိုး ကိုယ်လုပ်ယူလှည့်စမ်းပါလို့ တိုက်တွန်းလိုက်ပါတယ်"

"သာဓု...သာဓု....သာဓုပါဘုရား"

ကဲ....ယခု ရှင်ပြုမည့်သူတွေ၊ ရှင်ပြုပေးမည့် သာသနဒါယကာကြီးတွေ၊ ရဟန်းဒကာများ၊ ရဟန်းလောင်းများကို မေးလိုက်ပါရစေ-

"ဘယ်နှစ်ဝါ- ဘယ်စာ- မောင်သင်မတုံး"

# မုန်းစရာ ကောင်းသော ချစ်စရာကလေးများ(၁)

ဦးပဥ္စင်း ဦးသုမနသည် သင်္ကြန်ရက်အတွင်း သူရှိရာကျောင်းတိုက်သို့လာ၍ ရဟန်းခံ ရှင်ပြုကြသော လူငယ်အုပ်စုကို နှစ်ထောင်းအားရဖြစ်မိသည်။ လူငယ်အုပ်စုမှာဆွေစုမျိုးစုတခုတည်းမှ ညီအစ်ကိုအရင်းများ၊ ဝမ်းကွဲများ၊ တူဝရီးများဖြစ်ကြ၏။ အသက်အားဖြင့် ၁၅နှစ်မှ ၂၅နှစ်အထိ အရွယ်များ ဖြစ်ကြသည်။ သူတို့မှာ အခြေခံပညာ အဆင့်မြင့်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်ကျောင်းထွက် ဘွဲ့တခုခုရရှိပြီးသူများ ဖြစ်ကြ၍ ခေတ်ပညာတတ်ကလေးများဟု ခေါ်နိုင်ပေသည် အသက် ၁၅နှစ်သားနှင့် ၁၈နှစ်သားတို့က ရှင်သာမဏေ ပြုကြ၍ အသက် ၂၀ပြည့်ပြီးသည့် ရှစ်ယောက်က ပဉ္စင်းခံကြသည်။ မိဘများကလည်း အထက်တန်းလွှာများမှ ဖြစ်ကြပြီး အသုပ်ကြီး အကိုင်ကြီးသမားများ ဖြစ်ကြခြင်းကြောင့် လူနေ အဆင့်မြင့်သူအသိုင်းအဝိုင်းဖြစ်သည်။ အိမ်ထောင်သည် တဦးနှစ်ဦးပါဝင်ကြသော်လည်း(ပြေလည်ကြသည်)။ အလုပ်နှင့် အကိုင်နှင့်၊ အိမ်နှင့် ခြံနှင့်၊ တိုက်နှင့် ကားနှင့်ဖြစ်၏။ ထို့ကြောင့် သူတို့ကလေးများမှာ ခေတ်စကားနှင့်သုံးလျှင် ကြေးရတတ် မျက်နှာကြီးများ ဖြစ်ကြသည်။ ရပ်ကွက်ထဲတွင် ခပ်ဟော့ဟော့ ခပ်ပေါ်ပေါ်နေထိုင်ခွင့်ရှိခြင်း၊ မိဘဆွေမျိုးများ၏ဂုဏ်ဒြပ်ဖြင့် ဘာမဆို ဖြေရှင်းပေးနိုင်သည်ဖြစ်ရာ တက်တက်ကြွကြွ ဆောင်ထောင်လွှားလွှား နေခွင့်ကြသူများ ဖြစ်ပေသည်။

စီစီညံညံဖြစ်ကြပြန်လျှင်လည်းသူတို့၊ ပျော်ပွဲရှင်ပွဲ စားကြီးယိုသီချင်း သီဆို တီးမှုတ်ကြလျှင်လည်း သူတို့၊ အချင်းချင်း အချေအတင် အငြင်းအခုံနှင့် ရန်ဖြစ်ကြသကဲ့သို့ အာအောင်အာရင်းကျယ်သူများလည်းသူတို့၊ ရပ်ကွက်သန့်ရှင်းရေး၊ လူထုလုပ်အားပေးပွဲ၊ သာမှု နာမှုတို့တွင်လည်း သူတို့မပါလျှင် ပွဲမစည်နိုင်သလို ဖြစ်သည်။

ယခုလို သင်္ကြန်ရက်အတွင်း ကျောင်းတိုက်သို့ ရောက်လာခြင်းကြောင့် ရပ်ကွက်လူထုအဖို့ မျက်စိနောက်ခြင်းမှသက်သာ၍ နားချမ်းသာရာ တခုဘော့ ဖြစ်နိုင်ပေလိမ့်မည်။

ဦးသုမနသည် သူတို့ကလေးတွေ၏ မိဘများနှင့် ခင်မင်ရင်းနှီးခဲ့သူ ဖြစ်သည်။ သူတို့၏ အကျင့်စရိုက် ဝါသနာနှင့် ပညာအရည်အချင်းကိုလည်း သိရှိခဲ့သူ ဦးသုမနသည် တက္ကသိုလ်ဆရာအဖြစ်မှ အလွတ်ပညာသင် ကျူရှင်ဆရာဘဝသို့ ကူးပြောင်းခဲ့ပြီးနောက် ဒုလ္လဘရဟန်းအဖြစ် ပျော်သလောက် နေမည်ဟု ဆုံးဖြတ်၍ သာသနာ့ဘောင်သို့ ဝင်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်သုံးဝါ ရှိခဲ့လေပြီ။

ပဉ္စင်းပျို့နှင့် သာမဏေငယ် ကလေးများက ဆရာဦးသိန်းအောင်ခေါ် ဦးပဉ္စင်း ဦးသုမနကို နဂိုကတည်းကခင်မင်ရင်းနှီးမှု၊ လေးစားရိုသေမှု၊ ပွင့်ပွင့်လင်းလင်း ပြောဆို ဆက်ဆံမှုတို့ဖြင့် မေးမြန်းစပ်စုခဲ့ကြသည်။ ဆရာဦးသိန်းအောင်က လည်း သူတို့၏ အသင်အမြင်-အတွေးအခေါ် မေးခွန်းပြဿနာများကို ဖြေရှင်း နိုင် အောင် ကြိုးစားလေ့ရှိသည်။

သိက္ခာကြီးမားသော ဥပဇ္ဈာယ်ကျောင်းထိုင် ဆရာတော်ကြီးက ဦးပဉ္စင်း ဦးသုမန သီတင်းသုံးသော တိုက်ကျောင်းကလေးတွင် သိုရဟန်းပျို နှင့် သာမဏေကလေးတို့အား နေရာချထားပေးသည်။ နံနက်ဦးအချိန်နှင့် ညဦးအချိန်တွင် ဘုရားဝတ်တက်ပြီးလျှင် သာမဏေနှင့်ဆိုင်ရာ ရှင့်ကျင့်ဝတ်များကိုသော်လည်းကောင်း၊ရဟန်း ပျိုများနှင့်ဆိုင်ရာ သိက္ခာပုဒ် များ ကို လည်း ကောင်း ဆရာတော်ကြီးက မကျဉ်းမကျယ် သင် ပြဟောကြား ဆုံးမတော်မူသကဲ့သို့ ဦးပဉ္စင်း ဦးသုမနကလည်း သာသနာရေးဆိုင်ရာ ဗဟုသု တများကို ဟောပြောလေ့ရှိသည်။

“ကိုရင်လေးတို့၊ ဦးပဉ္စင်းတို့ သာသနာ့ဘောင် ဝင်မယ်လုပ်တော့ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယလို့ ဆိုခဲ့ကြတယ်။ မြန်မာလို အဓိပ္ပာယ်က သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲမှ လွတ် မြောက် ပါ ရ ခြင်း အကျိုးငှာ တပည့်တော်တို့ကို ရှင်သာမဏေ ပြုပေးတော်မူပါ၊ ရှင်ရဟန်းပြုပေးတော်မူပါလို့ ဆရာတော်ကြီးများကို တောင်းပန်ကြတယ်။ အဲသည်လိုနဲ့ ရှင်သာမဏေ ဖြစ်လာကြတယ်။ ပဉ္စင်း ရဟန်း ဖြစ်လာကြတယ်။ တကယ်တမ်း ပြောကြရယင် ကိုရင်တို့၊ ဦးပဉ္စင်းတို့အနေနဲ့ သံသရာဆိုတာ ဝဋ္ဋဆင်းရဲဒုက္ခကြီး ပါလားလို့ အတိအကျ သိကြရဲ့လား”

ဦးသုမနရဲ့ အမေးကို မည်သူမျှ ရုတ်တရက် မဖြေကြ။

“ဦးပဉ္စင်းအောင်သန်း၊ ဦးပဉ္စင်းတွေ့က ဘယ်သူတဲ့တုံး”

“ဩဘာသပါဘုရား”

“အေး… လူကများတော့ ဘွဲ့ကို ကောက်ကောင်ကာ မမှတ်မိသေးဘူး၊ ဦးပဉ္စင်း ဦးဩဘာသက အသက်အကြီးဆုံး၊ ဝိဇ္ဇာဘွဲ့ရပြီးတဲ့သူ၊ သည်တော့ သံသရာဝဋ္ဋဆင်းရဲဆုံဝ ကြောက်စရာကောင်းတဲ့အကြောင်း တကယ်သိပြီလား”

“ရိပ်မိရုံလောက်တော့ ရှိပါတယ်ဘုရား”

အားလုံးက ဝိုင်းရယ်ကြသဖြင့် ဦးဩဘာသကပါ၊ လိုက်ရယ်ယင်း–

“ကိုယ်တော်တို့က ဘာလို့ ရယ်ကြရတာလဲ၊ တပည့်တော်ထက်များ ပိုသိလို့လား”

မည်သူကမျှပြန်၍မဖြေကြသဖြင့်ဦးသုမနက –

“မှတ်ပါပြီလေ၊ ဦးဩဘာသ ပြောသလို ဝဋ္ဋဆင်းရဲကို ရိပ်မိတယ်ဆိုယင်ပဲ ဦးပဉ္စင်းကျေနပ်ပါပြီ၊ ပါရမီဆိုတာ နူရာမှ ရင့်ခဲ့ကြရတာပေါ့ ရိပ်မိကြရာက မှပိုင်ပိုင်သိလာနိုင်ကြတာကိုး၊ တကယ်သိပြီး တကယ်ကြောက်လို့ တကယ်လွတ်မြောက်အောင် ကျင့်ကြသွားတဲ့ သူတော်ကောင်းကြီးများဟာ ဘဝပေါင်းများစွာ ပါရမီ ဖြည့်တင်း ဆည်းပူးတော် မူခဲ့ကြတာပါ၊ အခု ဦးပဉ္စင်းတို့ တပည့်တော်တို့လ ဒီ ထိုပ်မီ အလို့ငှာ ကြိုးစားကြရမှာပေါ့၊ ဟုတ်ကဲ့လား”

ဤအခါတွင်တော့ အားလုံးက–

“တင်ပါ့ဘုရား” ဟု တ ညီ တ ညာ တည်း သံပြိုင် ထွက်လာကြသည်။

“ယခု လောလောဆယ် ကိုရင်တို့ ဦးပဉ္စင်းတို့ ဆင်းရဲခြင်း အမျိုး မျိုးမှ လွတ်ကင်းခဲ့ကြတာ စဉ်းစားမိခဲ့ကြရဲ့လား၊ တနာ သုံးပါးဂုဏ်ကျေးကို ခိုလှုံမိခဲ့ကြတာနဲ့ သင်္ကြန်ရက်အတွင်းမှာ နေပူပူ ရေစိုစို ဖျားတာ နာတာက ကင်းခဲ့တယ်။ မော်

ဘော်ကားတိုက်မှု၊ ရန်ဖြစ်မှုတွေကြောင့် ဆေးရုံနဲ့ ရဲဌာန ရောက်ကြရခြင်းမှ ကင်းကြရတယ်" ကန်ဘော်ကြီးနဲ့ အင်းလျားမှာ ရေနစ်သေမဲ့ဘေးက ဝေးခဲ့ကြရတယ်၊ လူတိုင်း လူတိုင်းတော့ ဒီအန္တရာယ်မျိုး ဖြစ်ရမယ်လို့ မဆိုနိုင်ဘူးပေါ့''

''တင်ပါဘုရား''

''သင်္ကြန်တွင်းမှာ ရှင်ပြု ရဟန်းခံပြီး သာသနာ့ဘောင် ရောက်နေကြတဲ့လူတွေ၊ လူငယ်တွေတော့ သည်ဒုက္ခတွေနဲ့ မကြုံရတာ အမှန်ပဲ မဟုတ်လား''

''တင်ပါဘုရား''

ထိုနေရာတွင် ဦးရေဝတဘွဲ့ခံ ဦးပဥ္စင်း (မောင်လှမြင့်)က-

''ခု တပည့်တော်တို့ ကုသိုလ်လဲရတယ်၊ အကျိုးကျေးဇူးလဲ ရှိတယ်ပေါ့နော်''ဟု ဝင်၍ လျှောက်ထားသည်။

'အေး....ကုသိုလ်ရတယ် ဆိုတာကတော့ ဒုစရိုက်(၁၀)ပါးကိုရှောင်၊ သုစရိုက်(၁၀)ပါးကို ဆောင်ရုံနဲ့ကုသိုလ်ရတယ်လို့ ဆိုရမှာပေါ့။ အကျိုးကျေးဇူး ရှိတယ်ဆိုတဲ့ စကားကိုတော့ နှစ်ပိုင်းခွဲခြားကြည့်ကြရအောင်၊ အကျိုးဆိုတာက အခုနပြောတဲ့ ဒုက္ခမျိုးတွေ ကင်းလွတ်တဲ့အတွက် အကျိုးရှိတယ်လို့ ပြောနိုင်တာပေါ့။ ကျေးဇူးရှိ-မရှိကိုတော့ ဆန်းစစ်ကြည့်ဖို့ ကျန်လိမ့်ဦးမယ်''

''အရှင်ဘုရားပြောတာ - တပည့်တော်တို့ နားမရှင်းဘူးဘုရား''ဟု (မောင်ဉာဏ်ထွန်း) ခေါ် ဦးစန္ဒာဘာသက ဝင်၍ ထောက်သည်။

'ဦးပဥ္စင်း ပြောချင်တာက သည်လိုလေ၊ အခု ကိုရင်တို့ ဦးပဥ္စင်းတို့ ဝိနည်း သိက္ခာပုဒ်တော်များနဲ့အညီ နေထိုင်သွားလို့ ရှင်ကောင်း၊ ရဟန်းကောင်းတို့၏ အဓိက ရည်ရွယ်ချက် ဂုဏ်ကျေးဇူးကိုတော့ နှစ်ရှည်လများ ကျင့်ကြံအားထုတ်သွားရမှာ ဖြစ်တယ်။ သိသွယ်အောင် ပြောရယင် တက္ကသိုလ် ကျောင်းသားတို့ရဲ့ စည်းမျဉ်းဥပဒေအချုပ်ချုပ်ကို လိုက်နာ ရှိသေခြင်းကြောင့် တက္ကသိုလ်ကျောင်းသားကြီးရယ်လို့တော့ ပြောနိုင်တာပေါ့၊ အဲဒီ တက္ကသိုလ် ကျောင်းသားက ဝိဇ္ဇာဘွဲ့၊ သိပ္ပံ ဘွဲ့၊ ပါရဂူဘွဲ့ ဆိုတဲ့ ဘွဲ့တခုခုရဖို့ကိုတော့ သတ်သတ် ကြိုးစားရမှာ မဟုတ်လား၊ ဒါမှ တက္ကသိုလ်ကျောင်းလာပြီး ပညာဆည်းပူးရာ ရောက်မှာပေါ့၊ အဲဒါကို ဂုဏ်ကျေးဇူးလို့ ခေါ်ရမယ်၊ ကျောင်းဘော်ကြီးရဲ့ အနှစ်သာရ မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား''

''ရဟန်းတို့ရဲ့ ရည်ရွယ်ချက်ပညာ နှစ်ပါးက ဂန္ထဓုရ (စာသင်ကြားခြင်း)၊ ဝိပဿနာဓုရ (ဝိပဿနာရှုခြင်း) ရယ်လို့ရှိတယ်၊ စာသင်ကြားခြင်းဆိုတာက ဗုဒ္ဓရဲ့ပိဋကသုံးပုံကို မိမိကိုယ်တိုင် ထွန်းထွန်းပေါက်ပေါက် တတ်မြောက်ကျွမ်းကျင် သိမြင်အောင် သင်ယူပြီး သူတပါးကို စာပို့ချပေးခြင်း၊ ကျမ်းစာရေးသားခြင်း စတဲ့ သာသနာ့တာဝန်ကိုထမ်းဆောင်ဖို့ ဖြစ်တယ်၊ (ဝိပဿနာဓုရ)လို့ ခေါ်တဲ့ ဝိပဿနာတရားကိုကျင့်ဆောင်အောင်မြင်ပြီးသော ရဟန်း တော် ကြီး များက လည်း သူတပါးကို မိမိကဲ့သို့ သိမြင်လာအောင် နည်းပေးလမ်းပြ သာသနာ့ဝန်ကို ဆောင်ရမယ်၊ ရဟန်း ဖြစ်ကာမျှနှင့် ရောင့်ရဲဘင်းတိမ်ပြီး ဒီအတိုင်း နှစ်ခုအကျ် ဘခုခုမှ လုပ်ဖော် မရယင် (အလုပ်လက်မဲ့ဘုန်းကြီး)ဖြစ်သွားနိုင်တယ်၊ ဗုဒ္ဓကိုယ်တော်ကို နတ်ဗြဟ္မာတို့ ကြည်ညိုရတဲ့ ဂုဏ်တခုကဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ဖြစ်တယ်၊ အဓိပ္ပာယ်က သိမြင်တော်မူတာနှင့်တကွ အကျင့်တရားပါ စွဲမြဲဘာကိုခေါ်တယ်၊ နောက်ပြီးတော့ မြတ်စွာဘုရားကိုယ်ဘော်ဘိုင် နေ့ညမပြတ် နေ့စဉ် ရက်ဆက် ပြုလုပ်တဲ့ ကိစ္စကြီးငါးပါးဆိုတာရှိတယ်၊ (၁) နံနက်ခိုးလင်းလို့ဆွမ်း ခံကြွရာမှာ အလျဉ်းသင့်ရာ ဝေနေယျ တို့ကို လျှောက်ပတ်သော

တရားဓမ္မများ ဟောကြားတော်မူတယ်၊ (၂) ဆွမ်းစားပြီးတဲ့ အချိန်က ညနေစောင်းအထိ ရပ်ဝေးရပ်နီးက ရောက်လာကြတဲ့ လူအမျိုးမျိုးတို့၏ အဖူးမြော်ကို ခံယူတော်မူ၍ တရားဓမ္မများကို ဟောကြားတော်မူတယ်၊ (၃) ညနေစောင်းမှ သန်းခေါင်ယံအထိ ရဟန်းများကို တရားဟောပြခြင်း၊ ဆုံးမပညတ်ခြင်း၊ ကမ္မဋ္ဌာန်းနည်းပေးခြင်းများ ပြုတော်မူလေ့ရှိတယ်၊ (၄) သန်းခေါင်ယံမှ အရုဏ်မတက်ခင်အထိ လူသားရဟန်းများ ကင်းရှင်းတဲ့ အချိန်မှာ ပြဿနာအရပ်ရပ်ကို လာရောက် မေးမြန်းလျှောက်ထားကြသည့် နတ် သိကြား များကို တရားဟောပြဖြေရှင်းပေးတော်မူလေ့ ရှိတယ်၊ (၅) အရုဏ်တက်ခါနီး အချိန်ကို သုံးဖို့ တဖို့စီပြု၍ ပထမတဖို့မှာ မဟာဂန္ဓကုဋိတိုက်တော်အတွင်း စင်္ကြံကြွတော်မူတယ်၊ ဒုတိယ သုံးဖို့ တဖို့ အချိန်မှာ နားနေ လျောင်းစက်တော် မူတယ်၊ နောက်ဆုံး သုံးဖို့တဖို့မှာတော့ ကျွတ်ထိုက်သော သတ္တဝါဝေနေယျတို့ကို ရွှေဉာဏ်တော် ကွန်ရက်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူတယ်၊ မြတ်စွာဘုရားဟာ အဲသည်လောက် အလုပ်လုပ်တော်မူလေ့ရှိတယ်၊ သူ့တပည့်သာဝကရဟန်းများကိုလဲ မုရန္နစ်ပါးတွင် အမြဲပြတ်အလုပ်လုပ်နေမှ နှစ်သက်တော်မူတယ်''

'ဘုန်းကြီးလုပ်ရတာဘယ် မလွယ်ပါလား'ဟု ဦးတေဇိန္ဒ ခေါ် ဦးပဍ္ဍင်း (နေမျိုး)က ညည်းလိုက်သဖြင့် အားလုံးက ဝိုင်းရယ်ကြသည်။

''ဒါကြောင့်၊ 'ပဗ္ဗဇ္ဇိ ဘဘာဝေါ ဒုလ္လဘော' တဲ့ ဗုဒ္ဓက ဟောတော်မူခဲ့တာ မဟုတ်လား ဦးပဍ္ဍင်း''ဟု ဦးပဏ္ဍိတ ခေါ် (မောင်မြင့်လွင်) က ဦးသုမနအား မေးလိုက်သည်။

''ဟုတ်တာပေါ့ ဦးပဍ္ဍင်းရဲ့၊ လောကမှာ ဒုလ္လဘတရား ငါးပါးရှိတယ်လေ၊ (၁) ဘုရားဖြစ်ဖို့ခဲယဉ်းခြင်း၊ (ဝါ) ဘုရား၏သာသနာနှင့် ကြုံကြိုက်ခဲဘိခြင်း၊ (၂) လူဖြစ်ဖို့ ခဲယဉ်းခြင်း (ကမ္ဘာပေါ်မှာလူသားသန်းပေါင်း ငါးထောင်ခြောက်ထောင်မျှသာ ရှိနေတယ်။ ဒါနဲ့စာယင် သတ္တဝါ အမျိုးမျိုး တိရစ္ဆာန် အမျိုးမျိုး ရေမှာကုန်းနေ သက်ရှိဇီဝတို့က နှိုင်းယှဉ်နိုင်အောင် များမနေဘူးလား၊ လူသားဖြစ်ဖို့ ဘယ်လောက်ခဲယဉ်းတယ်ဆိုတာ သိနိုင်လိမ့်မယ်၊ (၃) ကံကံ၏ အကြောင်းနှင့် အကျိုးကို မမှိတ်မသုန်ယုံကြည်တဲ့ စေတနာဖြစ်ပေါ်လာရန်လဲ အလွန်ခဲယဉ်းတယ်၊ (၄) ရဟန်းကောင်း ရဟန်းမြတ်တပါးဖြစ်ဖို့လဲ အလွန်ခဲယဉ်းတယ်၊ (၅) နောက်ဆုံးအနေမြင့် ဘုရားအစရှိသော သူတော်ကောင်း ၈ ရားမျိုးကို ကြားနာ လက်ခံ သုံးဆောင်ဖို့က အခဲယဉ်းတကာ့ အခဲယဉ်းဆုံးပါလို့ မြတ်စွာ ဘုရားက နေ့တိုင်း-နေ့တိုင်း သတိပေး ဆုံးမတော်မူတယ် တဲ့''

''ဘာဖြစ်လို့ အဲဒါကျမှ အခဲယဉ်းတကာ့ အခဲယဉ်းဆုံးဖြစ်ရတာလဲ ဘုရား''

''လောကသုံးပါးမှာ တရားစစ် တရားမှန်ကို အလွန်ရှားပါးလွန်းတဲ့အတွက် 'အတိဒုလ္လဘ' လို့ ဗုဒ္ဓက ဟောတာပဲ''

''အခု တပည့်တော်တို့ ရက်အတိုင်းအတာနဲ့ ရဟန်းဝတ်ရတဲ့ လူကို 'ဒုလ္လဘ'လို့ ခေါ်နေတဲ့ စကားဟာ မှန်သလား ဦးပဍ္ဍင်း၊ ဘုရားဟောတဲ့ ပါဠိတော်အရ ဆိုယင် ရဟန်းကောင်း ရဟန်းမြတ်အဖြစ် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များကိုရော ဒုလ္လဘ ရဟန်း (ခဲယဉ်းစွာသော အမှုကို ဆောင်ရွက်နေကြသူများ)ဟု ခေါ်ယင် ကော မှားမလား''

''ဦးပဍ္ဍင်းဦးတေဇိန္ဒပြောတာဟာ မှားတယ်လို့ ဆိုနိုင်မယ်မထင်ပါဘူး၊ ဒါပေမယ့် ကာမဂုဏ်ကိစ္စ မြားမြောင်သောလူတို့ဘောင်မှ ခွာထွက်ပြီး ရဟန်းဝတ်ကြတာကိုလည်း ခဲယဉ်းတဲ့

အမှုဘခုကို ပြုတဲ့အတွက် 'ဒုလ္လဘ' ရဟန်းလို့ ခေါ်တာဖြစ်နိုင်ပါတယ်''

''ဦးပဥ္စင်း–ဦးပဥ္စင်းလို့ တပည့်တော် တို့ကို ဘာဖြစ်လို့ ခေါ်ရတာလဲ ဘုရား''

''ဦးပဥ္စင်းဆိုတာ (ပဉ္စင်္ဂ) အကြောင်းတရား ငါးပါးနှင့် ပြည့်စုံသောရဟန်းကို (ပဉ္စင်း)လို့ ခေါ်ရတယ်''

''အဲသည်လိုအကြောင်းတရားငါးပါးဆိုတာ ကကောဘုရား''

(၁) ဝတ္ထုသမ္ပတ္တိ=ရဟန်းခံမယ့် ပုဂ္ဂိုလ်များသည် လူသားအစစ်ဖြစ်ခြင်း၊ ယောကျ်ားအစစ် ဖြစ်ခြင်း၊ မိဘနှစ်ပါးက ခွင့်ပြုခြင်း၊ ကူးစက်တတ်သောအနာရောဂါဝေဒနာမှကင်းရှင်းခြင်း၊ သူ့ကမါးကြွေးမြီမှ ကင်းရှင်းခြင်း၊ မင်းမှုထမ်း အဖြစ်မှ ကင်းလွတ်ခြင်း စသည် စသည်များ ပေါ့''

(၂) ဉတ္တိသမ္ပတ္တိ=ရဟန်းတော်များက ဉတ် ကမ္မဝါကို သဒ္ဒါနည်းမှန် ဌာန်ကရိုဏ်း ကျကျ ရွတ်ဆိုချီးမြှောက်ကြခြင်း။

(၃) အနုသာသန သမ္ပတ္တိ=ရဟန်းတော် လောင်းအား ကမ္မဝါဆရာက သိသင့် သိထိုက် လိုက်နာဖွယ်ရာများမှန်သမျှ ကြိုတင်ဆုံးမညွှန်ပြထားခြင်း။

(၄) သိမာသမ္ပတ္တိ=သီလ သမာဓိ ပညာဂုဏ် အင်္ဂါများဖြင့် ကြီးမား မြင့်မြတ်သော ရဟန်းတော်များက စနစ်တကျ သမုတ်စီမံထားသော သိမ်ဖြစ်ခြင်း။

(၅) ပရိသ သမ္ပတ္တိ=ရဟန်းခံရာ ပြည့်စုံလုံလောက်သော သံဃပရိသတ်အရေအတွက် ပြည့်စုံစွာ တက်ရောက်ကြခြင်း။ အဲသည် ငါးပါးနဲ့ ပြည့်စုံမှ ပဉ္စင်း(ပဉ္စင်္ဂ)လို့ ခေါ်ကြရတယ်။

''တပည့်တော်တို့ တခုမသိလို့လျှောက်ပါရစေဘုရား''

''ဘာများလဲ....ဦးသြဘာသ''

''ခုန....အရှင်ဘုရား ဟောပြောတဲ့ လူသားအစစ် ဖြစ်–မဖြစ်၊ ယောကျ်ားအစစ် ဖြစ်–မဖြစ် ဆိုတာ ရဟန်း ခံတုန်းကဆရာတော်ကြီးမေးတယ်လေ''

''အေးလေ....မင်းတို့ က ယောကျ်ား အစစ် ဖြစ်ကြောင်း၊ လူသားအစစ် ဖြစ်ကြောင်း အမှန်အတိုင်း ဖြေခဲ့ကြတယ်မဟုတ်လား''

''တင်ပါ့ဘုရား''

''အဲသည်မှာ တပည့်တော် မရှင်းတာ က၊ ယောကျ်ားမဟုတ်တဲ့ မိန်းမသားတွေကိုလဲ ဗုဒ္ဓလက်ထက်တော်က ရဟန်းမ အဖြစ် လက်ခံပြီး သာသနာတော်မှာ ဝင်စေခဲ့တာပဲ''

ဦးသုမနသည် စပ်စုတတ်သော ဦးသြဘာသကို ပြုံး ၍ကြည့်လိုက်သည်။ သူ့အနီးမှ ပဉ္စင်းမျိုးများကလည်း ဤအကြောင်းကို အလွန်စိတ ဝင်စားနေပုံ ကြသည်။ ဦးသုမနသည် စပ်စပ်စုစု မေးမြန်းသိလိုကြသော မုန်းစရာလူငယ်ကလေးများကို ချစ်ခင်နှစ်သက်မိသည်။

ထိုမေးခွန်း များကို သိက္ခာကြီးမားသော ဆရာတော်ကြီး များ၊ လူပညာရှိကြီး များအား မေးဝံ့ကြမည်မဟုတ်ပေ။ မေးရကောင်းမှန်းလည်း သိကြမည်မဟုတ်။

မိမိနှင့်ကား ပြောဝံ့၊ ဆိုဝံ့၊ မေးမြန်းဝံ့ ဆင်ခြေတက်ဝံ့နိုင်သော ရင်းနှီး ကျွမ်းဝင်သူ ဖြစ်ခြင်းကြောင့် သူတို့နားလည်အောင် မိမိတတ်သိ သလောက်ဖြေရမည်ကိုပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။

''အေး....မင်းတို့ သိချင်တာကို ဦးပဉ္စင်းက တတ်နိုင်သလောက် ဖြေပါ့မယ်၊ အကြမ်းအားဖြင့် အကျဉ်းအားဖြင့် သိရုံလောက်ပေါ့၊ ဥပမာ လူသားအစစ် ဖြစ်ရမယ် ဆိုတာက ဗုဒ္ဓတော်က ဗုဒ္ဓ၏သာသနာတော်မှာ ရဟန်းအဖြစ် ဝင်ချင်ကြတာ သိကြားတွေ နတ်တွေလဲပါတယ်၊ တန်ခိုးကြီးမားသော နဂါးများလဲ ပါတယ်၊ သူတို့ တ

တွေက လူယောင်ဆောင်ပြီး ဗုဒ္ဓ၏သာဝကတွေထံမှာ ရဟန်းခံကြဘယ်၊ နတ်သကြားများကလဲ လူသားတွေနဲ့အတူနေထိုင်ဖို့ မအပ်စပ်လေတော့ သပ္ပာယမဖြစ်လို့ ဒုက္ခတွေ့ကြရတယ်။

"သည်လိုပဲ နဂါးမင်းကြီး တပါးဟာ လူယောင်ဆောင်ပြီး ရဟန်းခံဖူးတယ်၊ တန်ခိုးကြွဒ္ဓိပါဒ် မပြည့်စုံသေးတဲ့ သာဝကရဟန်းများက တကယ့်လူသားထင်ပြီး ရဟန်းပြုပေးလိုက်တယ်၊ သို့ပေမယ့် အဲသည်လူယောင်ဆောင်တဲ့ နဂါးဟာ အိပ်မောကျတဲ့ အခါမှာတော့ သူ့ဇာတိရုပ်ဖြစ်တဲ့ နဂါးသဏ္ဍာန် ပြန်ပေါ်လာတယ်၊ အဲသည်မှာသူ့ကိုမြင်ရလို့ ရဟန်းများဟာ အထိတ်တလန့်ရှတ်ရှတ်သဲသဲဖြစ်ကုန်ကြရတယ်"

"ဒါကြောင့် မြတ်စွာဘုရားက ရဟန်းခံမယ့်လူကိုလူသားစစ်စစ်ဖြစ်ရဲ့လားလို့ မေးမြန်းဝန်ခံချက်ရမှ ရဟန်းပြုပေးရမယ်လို့ ပညတ်တော်မူခဲ့တယ်"

"ယောက်ျားစစ်စစ်ဖြစ်ရမယ်ဆိုတာကရော ဘုရား"

"အေးပါ...သည်အကြောင်းကို ပြောပါမယ်၊ ဗုဒ္ဓခေတ်က ရဟန်းတွေရှိသလို၊ ရဟန်းမတွေလဲရှိကြပါတယ်၊ ဆိုလိုဘာက ယောက်ျားဆိုယင်လဲ ယောက်ျားစစ်ဖြစ်ရမယ်။ အဲဒါမှ သာဝကများက ရဟန်းပြုပေးရမယ်၊ မိန်းမဆိုယင်လဲ မိန်းမစစ်စစ် ဖြစ်ရမယ်၊ အဲဒါမှ ထေရီများက ရဟန်းမ ပြုပေးရမယ်၊ သည်လိုမဟုတ်ပဲ နပုံးပဏ္ဍုက် ဖြစ်နေယင် ရဟန်းတော်အသိုင်းအဝိုင်းထဲမှာဖြစ်စေ၊ ရဟန်းမ အသိုင်းအဝိုင်းထဲမှာပဲဖြစ်စေ ပြဿနာပေါ်နိုင်တဲ့အတွက် ဗုဒ္ဓက ပညတ်တော်မူထားတယ်"

"နပုံးပဏ္ဍုက် ဆိုတာ ဘာလဲဘုရား၊ ယောက်ျားရှာ (လျာ) မိန်းမရှာ (လျာ) (အခြောက်တွေ)ကို ခေါ်တာလား"

အားလုံးက ဝိုင်းရယ်ကြသည်။

"အဲဒါဆက်ဆိုးတဲ့ အဖြစ်မျိုး ပေါ့၊ ယောက်ျားတလ၊ မိန်းမတလ ဖြစ်နေကြတဲ့ လူတွေကို ပြောတာ"

"ဟာ— အဲဒါဆိုလဲ ဒုက္ခပဲပေါ့" အငယ်ဆုံးကိုရင်ကလေး စန္ဒိမာက ကောက်ကာငင်ကာ ပြောလိုက်သောကြောင့် အားလုံး ဝိုင်းရယ်ကြပြန်သည်။

"တပည့်တော် တခုမေးပါရစေဦး ဘုရား၊ ရဟန်းခံရာမှာ မိဘကခွင့်ပြုမှ ရဟန်းခံရမယ်လို့ ပြောပါတယ်၊ အကယ်၍ သားမယားရှိနေတဲ့လူမှာ မယားက ခွင့်မပြုယင်ကော ရဟန်းမခံနိုင်ဘူးလား ဘုရား"

"ဦးဇေဗိန္ဒကို သူ့မိန်းမက ခုနစ်ရက်ထက်ပိုကြာအောင် မနေရဘူးလို့ ပြောလိုက်တာကို ဆိုလိုဘာလား"

အားလုံးက ဝိုင်းရယ်ကြသည်။ ထိုအခါ ဦးသုမနက ရယ်ရာမှ ကြံ့ခိုင်ရှိ....

"ရဟန်းခံရှင်ပြုတဲ့နေရာမှာ မိဘနှစ်ပါး၏ ခွင့်ပြုချက်သာလိုပါတယ်၊ ဇနီးမယား၏ ခွင့်ပြုချက် မလိုပါဘူး"

"လင်ကို မယားက ပိုင်သလို၊ မယားကိုလဲ လင်ကို ပိုင်တာပဲ မဟုတ်ဘူးလား၊ ဆွေမျိုးအရင်းကြီးပဲဟာ"

အားလုံးက ရယ်ကြပြန်သည်။

ဝိနည်းတော်အရဆိုယင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ထဲမှာ ကိုယ့်မိ၊ ကိုယ့်ဘ၊ ကိုယ့်သားသမီးသာ အကျုံးဝင်ပါတယ်။ ဇနီးမယားဟာ ဆွေမျိုးမဟုတ်ပါဘူး။ ဒါကြောင့် သူ့ဆီက ခွင့်ပြုချက် မလိုပါဘူး။ ဒါ့အပြင် ဇနီးမယားဟောင်းဖြစ်သူက 'ပစ္စည်းလေးပါး အလှူခံတော်မူပါဘုရား' လို့ ကြိုတင် ဖိတ်ကြားထားခြင်း မရှိယင် ထိုရဟန်းက ဘာတခုမှ အလှူခံခွင့် မရှိဘူး"

"ကုဋ္ဌနူနာရှိနေတဲ့လူလဲ ရဟန်းမခံရဘူးပေါ့ နော်"

"ဟာ....ဆွမ်းတ ဝိုင်း တည်း စားပြီးတော့ အိပ်ရာချင်း ယှဉ်အိပ်နေရယင် ဘယ်သတိနိုင်စရာ ရှိပါ့မလဲ"

"ဟုတ်ပါတယ်"ဟု ဦးသုခနက ဖြေလိုက်သည်။

"ဒါဖြင့် ရဟန်းဝတ်ပြီးမှ နူနာရောဂါဖြစ်လာဒယင်ကော ရဟန်းဘောင်က ထွက်ပေးရမှာလား"

"သည်လိုတော့ မတွက်ရပါဘူး၊ ရဟန်းဖြစ်ပြီးမှ (တိဘိ)တို့၊ ကုဋ္ဌနူနာတို့ ဝေဒနာ စွဲကပ်လာယင် အခြား ရဟန်းတော်များက သနားကြင်နာစွာ ဝိုင်းဖန်းစောင့်ရှောက် ကုသပေးကြရန် ဗုဒ္ဓခွင့်ပြုတော်မူပါတယ်"

"တခါက ဝက်ရူးပြန်ရောဂါ ဖြစ်ပေါ်လာတဲ့ ရဟန်းတပါးဟာ ဆွမ်းခံကြွယင်း ဝက်ရူးပြန်လာလို့ မတ်တတ်ကလဲပြီး အမြှုပ်တစီစီထွက်နေရှာတယ်၊ သပိတ်ကလဲကွဲလို့၊ ဆွမ်းတွေကလဲ ဗလဖွာ ကြဲကျန်တာပေါ့၊ သည်လို လမ်းလယ်ကောင်မှာ ရုပ်ပျက် ဆင်းပျက် ဖြစ်နေရှာတာကို တိတ္ထိများက လက်ညှိုးတငေါက်ငေါက်ထိုးပြီး ကဲ့ရဲ့ကြတယ်၊ သာသနာကို ကြည်ညိုကြတဲ့ ဒကာ-ဒကာမများကတော့ ဝိုင်းဖန်းပွေ့ချီပြီး ကူမ,ပေးကြရတယ်၊ ဒါကြောင့် မြတ်စွာဘုရားက (ဝက်ရူး)ပြန် ရောဂါရှိတဲ့ ပုဂ္ဂိုလ်များကိုလဲ ရဟန်းခံပေးခြင်း မပြုရဟု ပညတ်တော်မူခဲ့တယ်။ ရဟန်းအဖြစ်နဲ့ နေပြီးခါမှ သည်လို အထွေထွေရောဂါရလာတဲ့ ပုဂ္ဂိုလ်များကိုတော့ ဗုဒ္ဓမြတ်စွာက ကိုယ်တော်တိုင် စောင့်ရှောက်ပြုစုပေးတာ ရှိပါတယ်၊ ဒီတင်မက ချစ်သားတို့ ... ဟာ ဆွေကွဲမျိုးကွဲ လာခဲ့ကြပါတယ်၊ သည်သူ အချင်းချင်းကိုပဲ ညီအစ်ကိုလို၊ တူဝရီးလို၊ သားအဖလို အားကိုး ဆက်ဆံကြရမှာပေါ့၊ ဒါကြောင့် နာမကျန်း ဖြစ်တဲ့အခါ တဦးကိုတဦး ကြင်နာစွာ စောင့်ရှောက်ပေးကြပါ၊ ဂိလာနရဟန်းတပါးအား ပြုစုပေးသော သူသည် ငါကိုယ်တော်မြတ်အား ပြုစုပေးသည်နှင့်မခြားအကျိုးရှိပါလိမ့်မည်' လို့ မိန့်ကြားတော်မူခဲ့ဖူးပါတယ်"

'ကြွေးမြီမကင်းတဲ့သူတို့၊ မင်းမှုထမ်းဖြစ်နေတဲ့သူဘို့ကျတော့ သာသနာတော် အတွင်းမှာ အရှုပ်အရှင်း ဖြစ်မှာစိုးလို့ ဘုရားက ပညတ်တော်မူခဲ့တဲ့အကြောင်း ဦးပဥ္စင်းတို့ သိသာလောက်ပါပြီ"

"သိပါပြီဘုရား"

ခဏလောက် ငြိမ်သက်သွားကြသော အချိန်အတွင်းမှာ ဦးပဥ္စင်း (မောင်လှမြင့်)က လက်အုပ်ချီ၍ လျှောက်ထားပြန်သည်။

"တပည့်တော် တခုတော့ လျှောက်ပါရစေဦးဘုရား"

"ဆိုစမ်းပါဦး၊ ဦးရေဝတ"

ဦးပဥ္စင်း ဦးသုခနက ခွင့်ပြုလိုက်သည်။

"တပည့်တော်တို့က ဆရာတော် ဘုရားများထံမှာ ညနေတိုင်း ဘုရားဝတ်မပြုခင် ဒေသနာကြားရတယ်ဆိုတာ အာပတ်ဖြေတယ်လို့ ခေါ်တယ်မဟုတ်လားဘုရား"

"ဟုတ်ပါတယ်၊ မိမိ သိပြီးသော အာပတ် (အပြစ်) မိမိ မသိသေးသော အာပတ် (အပြစ်)တို့ကို အမှတ်တမဲ့ ကျူးလွန်မိတာများ ရှိယင်ပြေ ပျောက် အောင် ဝန်ခံ ကုစားရတာပေါ့၊ ဒါကြောင့် ရဟန်းငယ်က ရဟန်းကြီးတို့ အနီးသို့ကပ်၍

" 'အဟံ ဘန္တေသဗ္ဗာ အာပတ္တိယော အာဝိကရောမိ' လို့ ဆိုရတယ်၊ မြန်မာလို အနီးစပ်ဆုံး အဓိပ္ပာယ်က 'အရှင်ဘုရား၊ တပည့်တော်သည် အလုံးစုံသော အာပတ်များ (သိသော အာပတ်နှင့် မသိသော အာပတ်များကို) ထင်စွာပြုပါ၏။

(ကျူးလွန်မိပါ၏)လို့ အဓိပ္ပာယ်ရတယ်၊ သည်တော့ ရဟန်းကြီးက ‘သာဓု- သာဓု-လို့ ခေါ်တယ်’’

ဤနေရာတွင် ဦးသုမနက စကားကို ရပ်၍ အနားခတ်နေလိုက်သည်။

ထိုအခါ ဦးပဥ္ဇင်း (မောင်လှမြင့်)က ရယ်ချင်သည့်စိတ်ကို ချုပ်နှိမ်ထားရသည့်အသံနှင့်....

‘ဘယ်လိုလဲဘုရား၊ အာပတ်ကျူးလွန်မိတဲ့အကြောင်း ပြောတာကို ‘သာဓု-သာဓု’လို့ ခေါ်ရသလား’’

ဦးပဥ္ဇင်းဦးသုမနက ဤတွင်ရယ်မောတော်မူလေသည်။

‘‘ဦးပဥ္ဇင်း သည်လိုမေးလိမ့်မယ်လို့ ထင်မိသားပဲ၊ တကယ်တော့ မိမိအပြစ် ပြုမိသည်ကို ရိုးသားစွာ ဝန်ခံတဲ့အတွက် ချီးကျူးလိုတာကြောင့် ‘သာဓု-သာဓု’လို့ ရဟန်းကြီးက မိန့်ဆိုတာဖြစ်တယ်၊ သံဃာတော်များ၏ဂုဏ်တော်ကိုးပါးမှာကြည့်၊ ဥဇုပ္ပဋိပန္နဆိုတဲ့ ဂုဏ်တော်မှာပါတယ်၊ အဓိပ္ပာယ်က သူတပါးကိုလည်း မလိမ်ခြင်း၊ မဖုံးကွယ်ခြင်း၊ မိမိကိုယ်ကို လေလိမ်ခြင်း၊ (အရှိကို အရှိတိုင်း) ဝန်ခံပြောဆိုတဲ့ ဂုဏ်ကိုခေါ်တယ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က ဖြောင့်မတ်တာကို လိုလားတော်မူတယ်၊ အပြစ်ပြုလျှင်ပြုမိပါသည်ဟု မြတ်စွာဘုရားအဆုံးအမအတိုင်း ရိုးသားစွာ ပြောဆိုတဲ့အတွက် ရဟန်းကြီးက ‘သာဓု-သာဓု—ခေါ်တာပေါ့’’

‘‘တပည့်တော် သဘောပေါက်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား’’

ဤတွင်မှ ဦးသုမနက ပြုံး၍ ပြောလိုက်သည်။

‘‘အင်း- မင်း က လေး တို့ဟာ မုန်းစရာလဲ ကောင်းပါရဲ့၊ ချစ်စရာလဲ ကောင်းပါရဲ့’’





# မုန်းစရာကောင်းသော ချစ်စရာလေးများ (၂)

"ပတ်ဝန်းကျင်သည် လူကိုပြောင်းလဲစေ၏"

ထိုစကားကို ဦးသုမနသည် အဖန်ဖန်တွေးမိသည်၊ ပတ်ဝန်းကျင်မှ စွဲဆောင်မှုအင်အားကြီးလာလျှင် ထိုပတ်ဝန်းကျင်နှင့် လျော်ကန်လျောက်ပတ်အောင် လူသားတိုင်း ပြောင်းလဲပြုမူလေ့ရှိကြသည်။ ဥပမာ– လောဘသမားများ လှုပ်ရှား ရှုပ်ထွေး ရုန်းကန်နေကြသော မြို့လူထုသည် စိတ်လှုပ်ရှားမှု၊ ကိုယ်လှုပ်ရှားမှုပြင်းထန်လာကြသည်။ စကားပြောကြသည်သော်မှ ကျယ်ကျယ်လောင်လောင် စီစီညံညံ သွက်သွက်မြန်မြန် ပြောတတ်ကြသည်။ သွားလာလှုပ်ရှားမှုတို့၌လည်း ယာဉ်ရထားများနှင့်အပြိုင်၊ မပြေးမလွှားရုံဘမယ် သုတ်ခြေတင်လျက် ရှိကြသည်။ စားလျှင်လည်းသုတ်သုတ်၊ သွားလျှင်လည်းသုတ်သုတ်၊ လုပ်လျှင်လည်းသုတ်သုတ်ဟူသော 'သုတ်သုံးကျမ်း' ကျေမအနေအစား ချောင်လည်မည်ဟု ပြောစမှတ် ပြုကြသည်။

ငြိမ်းအေးသော တောရွာဒေသ၊ တောင်ပေါ်ဒေသများ၌ ဆိုလျှင် ရှုခင်းပသာဒအေးမြဆိတ်ငြိမ်ဘိသကဲ့သို့ ထိုရွာနေလူတန်းစားတို့မှာလည်း တည်ငြိမ် အေးချမ်းသော အမူအကျင့်များ အလိုအလျောက် ဖြစ်ပေါ် နေတတ်ကြသည်။ တရားရိပ်သာများတွင် ဖြစ်စေ၊ စေတီရင်ပြင်တော်များ၌ ဖြစ်စေ ရေး ကြီး သုတ် ပျာသွားလာသော လူကိုသော်လည်းကောင်း၊ ဇက်ကြွ ပူလောင်သော ကိုယ်ဟန် အမူအရာများကိုသော်လည်းကောင်းတွေ့နိုင်ခဲမှုဖြစ်ပေလိမ့်မည်။

ယခုပင် ကြည့်ပါ၊ ရပ်ကွက်ထဲတွင် ဂျင်းဘောင်းဘီ ဖင်ကျပ်နှင့် ပုဆိုးချက်ပြုတ် ဝတ်လေ့ရှိသော လူကလေးများမှာ အဝန်းညီစွာသောသင်္ကန်းကို ရုံယမ်း၍ မနှေး မမြန်သော ခြေလှမ်းဖြင့် ကြွလှမ်းနေတတ်ကြပြီ။

နားရွက်ဖုံးအုပ်၊ သန်းတွေခဲနေသော ဆံရှည်များမှ၊ ဦးပြည်း စိမ်းလဲ့နေသော ကတုံးလေးများကို မကြာမကြာ လက်ဖဝါးနှင့် ပွတ်သပ်ကာ အရသာ ခံယူနေတတ်ကြလေပြီ။ နဂိုကတက်ကြွခမောက်မာ၊ မယောက်ညှာတတ်သော မျက်နှာထားများမှ မေတ္တာကြည်လင်အေးသန့်စင်သည့် အသွင်အပြင် မျက်နှာထားမျိုးလည်း ပေါ်ခဲ့ပြီ။ ငယ်သူကို သက်ညှာ၊ တန်းတူကိုလေးစား၊ အသက်ဂုဏ် ဝါကြီးသူအားရိုသေဂါရဝထားကြလျက် စကား ပြောဆိုကြသည်သော်မှ ညင်ညင်သာသာ ရှိလာကြယည်။ နံနက် အရုဏ်ဘုရားဝတ်တက်ဖို့ အုန်းမောင်းခေါက်လျှင် ကြို

တင်၍ မည်သူ့ကိုမျှ မနှိုးရအောင် ထကြွလုံ့လ (ဇာဂရိယ)၊ အသီးသီးရှိကြပြီ။ သူတို့အိမ်မှာ နေမြင့်၍ နံနက် အဆင်သင့်ဖြစ်မှ မိဘများက တခေါ်ခေါ်နှိုးမှရသူလေးများ မဟုတ်လေ။ အရုဏ်ဆွမ်းစားစဉ် အခါမှာဖြစ်စေ၊ နေ့ဆွမ်းစားသည့်အချိန်မှာ ဖြစ်စေ ဆရာတော်ကြီးများအား ဝတ်ချကန်တော့ပြီးမှ နေရာယူခြင်း၊ ဆွမ်းမစားမီ ငြိမ်သက်သော ဣန္ဒြေဖြင့်....

"ဆွမ်းဟင်းကျွေးလျှာ၊ အဖြာဖြာကို၊
သဒ္ဓါရှေ့သွား၊ ပေးလှူစား၍၊ သုံးစား
သောငါ၊ ဖြစ်ကင်းကွာအောင်၊ ပညာ
ရှေ့တင်၊ ကြံဆင်ခြင်သော်၊ မြူးရွှင်
တက်ကြွ၊ ရေသွေးလှ၍၊ ရာဂ ပြန့်ပွား၊
မိုက်သူများကဲ့၊ ခွန်အားတောင့်တင်း၊
သန့်စွမ်းခြင်းငှာ၊ မစားပါဟု၊ လေးဖြာ
ခတ်ချုပ်၊ ဤကိုယ်ရုပ်သည်၊ လော
ကုတ္တရာ၊ ကျင့်သိက္ခာကဲ့၊ ကောင်းစွာ
မသွေ၊ ကျင့်နိုင်စေဟု၊ စိတ်နေပိုင်းခြား၊
ငါးသုံးစား၏ ငါးပါးခန္ဓာ၊ ဝေဒနာတို့၊
ပယ်ခွာဟောင်းသစ်၊ မပေါ်ဖြစ်ပဲ၊ အနှစ်
ထင်ရှား၊ မဂ်ဘုရားကို၊ ကြိုးစားနိုင်မှု၊
အာရုံပြု၍၊ နှစ်ခုရုပ်နာမ်၊ မပျက်စေရန်
သာ၊ ရည်သန်စိတ်ထား၊ ငါသုံးစား
သည်၊ ငါ့အားအပြစ် ကင်းစေသတည်း"

ဟု-အာရုံခုပြား နှုတ်ဆိုပွားကြပြီ။ ထိုနောက်မှာ ဦးသုမနတို့ဘိုးဘွား လက်ထက်က (ပဋိသင်္ခါ ယောနိသော၊ ပိဏ္ဍပါတံ၊ ပဋိသေဝါမိ) အစ ရှိသော ပစ္စဝေက္ခဏာပါဠိတော်ကို မူရင်း အတိုင်း နှုတ်လုံ သွင်းကြရသည်။ ယခုခေတ်တွင် ပါဠိဘာသာမကျွမ်းကျင်သော လူငယ်များအဖို့ ဗုဒ္ဓအဆုံးအမတော်ကို မြန်မာဘာသာဖြင့် သဘောပေါက်အောင်စီကုံးရေးသား သင်ကြားပေးခြင်း ကြောင့် လူငယ်တိုင်း နားလည် နိုင်ကြသည်။

ထို့ကြောင့် ဘာသာရေး ဗဟုသုတများကို ခေတ်နှင့်လျော်စွာ လူငယ်များလက်ခံ နားလည် အောင် ရေးသား ဟောပြခြင်းကို ဦးသုမန ကိုယ်တိုင် လိုလား နှစ်ခြိုက်မိသည်။ ကျောင်း ပရိဝုဏ်အတွင်း၊ တံမြက်လှည်းခြင်း၊ အမှိုက် ကျုံးခြင်းတို့ကိုလည်း ဘပါးက စလိုက်သည်နှင့် ကိုရင် မောင်ပဉ္စင်း အားလုံး ဝိုင်းဝန်း လုပ် ဆောင်လာကြသည်။ ကျောင်းနေ အခြားသံဃာ တော်ကြီးများအတွက် သောက်ရေ၊ သုံးရေ တို့ကိုလည်း ကိုယ့်အလှည့်နှင့်ကိုယ် တာဝန်ယူ၍ လှူဒါန်းတတ်ကြသည်။ ဦးသုမန၏ သင်းပိုင်၊ မျက်နှာသုတ်ပဝါ စသည် များကိုတော့ ကိုရင် လေးများက သူတို့ရေချိုးတိုင်း ဖွပ်လျှော်ပေး တတ်ကြသည်။

ညဦး ဘုရားဖူးဝတ်တက်ပြီးလျှင် ဗုဒ္ဓကိုယ် တော်အကြောင်း၊ တရား ဒေသနာတော်များ အကြောင်း၊ သံဃာတော် ဆရာတော်ကြီးများ အကြောင်းကိုမေးမြန်း စပ်စုလာတတ်ကြသည်။ ဤသို့ရတနာသုံးပါးနှင့် ပတ်သက်၍ သိချင်စိတ် လေးများရှိလာသည်ကိုပင် ဦးသုမနက ချီးကျူး ဝမ်းသာရပါပေသည်။ လူဆိုသည်မှာ တန်ဖိုးကို သိမှ ရတနာအဖြစ်ခုံမင်မြတ်နိုးသိမ်းပိုက်ပိုင်ဆိုင် လိုကြသည် မဟုတ်ပါလား။

"တပည့်တော်တို့ ကျမ်းဂန်စာပေများမှာ မကြာခဏ တွေ့ရဖတ်ရတာ ရှိပါတယ်ဘုရား၊ မြတ်စွာဘုရားက ဟေဘိက္ခုလို့ ခေါ်လိုက်တာနဲ့ သင်္ကန်း ပရိက္ခရာ ဆင်မြန်းပြီးသား၊ ဦးပြည်း ဆံမုတ်ဆိတ် မယ်ပြီးသား၊ ရဟန်း အဖြစ်သို့ တမုဟုတ်ချင်း ဖြစ်သွားတယ်လို့ တွေ့ရပါတယ်၊ အဲဒါရဟန်းတိုင်း-ဟေန်းတိုင်း ဒီလိုပဲ ဖြစ်သွား ကြသလား" ဟု ဦးဩဘာသက လျှောက်ထား သည်။

"ရဟန်းတိုင်း၊ ရဟန်းတိုင်း ကတော့ ဟေဘိက္ခုလို့ ခေါ်တော်မမူပါဘူး။ ဟေဘိက္ခုရဟန်း

အဖြစ်၊ ရဟန်းဘဝရောက်လာတဲ့ပုဂ္ဂိုလ်တွေကို ကြည့်ယင် အကြောင်းလေးပါးနဲ့ ပြည့်စုံမှ ဖြစ်လာတာကို တွေ့ရပါတယ်။ အဲဒီ အကြောင်းလေးပါးက (၁) မြတ်စွာဘုရားကိုယ်တော်တိုင်နှင့် တွေ့ကြုံရခြင်း၊ (၂) သာဝကအဖြစ် ရရှိလိုကြောင်း တောင်းပန်ခြင်း၊ (၃) ယခုဘဝမှာပင်ရဟန္တာ ဖြစ်ရမည့် ပါရမီ ရှိခြင်း၊ (၄) ထိုရဟန်းသည် အတိတ် ဘဝများက သင်္ကန်းပရိက္ခရာလှူခဲ့ဖူးသူဖြစ်ခြင်း၊ အဲသလို တွေ့ရပါတယ်၊ ဒါကြောင့် အဲဒီအကြောင်းလေးပါးနဲ့ မပြည့်စုံဘဲ ရဟန်းများက သင်္ကန်းပရိက္ခရာတို့ကို ကိုယ်တိုင် ရှာဖွေကြရပါတယ်''ဟု ဦးသုမနက ဖြေကြားသည်။

''ဟေဘိက္ခုလို့ ခေါ်လိုက်တာနဲ့ ချက်ချင်း ရဟန္တာဖြစ်သွားတာလားဘုရား''

ဤမေးခွန်းကိုမေးလိုက်သောသူက ဦးတေဇိန္ဒ(မောင်နေမျိုး)ဖြစ်သည်၊

''အင်း_ဦးပဥ္ဇင်း မောင်နေမျိုး မေးသလို မေးချင်ကြတယ်၊ ရဟန္တာ ဖြစ်သွားတယ်လို့ ထင်တတ်ကြတယ်၊ မြတ်စွာဘုရားရဲ့ ဟေဘိက္ခု ခေါ်တဲ့ စကားတော်ကို ဓမ္မစကြာ သုတ်မှာ တွေ့နိုင်ပါတယ်၊ အဲဒီဗုဒ္ဓ၏စကားတော်ကိုလေ့လာကြည့်ရအောင်''

'ဟေဘိက္ခု 'တိ ဘဂဝါအဝေါစ' သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿအန္တကိရိယာ ယာတိ သာဝတဿ အာယသ္မတော ဥပသမ္ပဒါအဟောသိ။

ဘိက္ခု=ရဟန်း။ ဧဟိ = ငါ၏သာသနာသို့ လာခဲ့လော့။ ဣတိ=ဤသို့။ ရှေးဦးစွာ မိန့်ခေါ်တော် မူပြီး လျှင်။ ဓမ္မော=တရားကို။ သွာက္ခာတော = ကောင်းစွာဟောအပ်ပြီ။ သမ္မာ ဒုက္ခဿ အန္တကိရိယာယ=ဆင်းရဲ၏ မှန်စွာ ကုန်ဆုံးခြင်းကိုပြုရန်အလို့ငှာ။ ဗြဟ္မစရိယံ= မြတ်သောသီလသမာဓိပညာ အကျင့်ကို စရ=ကျင့်လှည့်ပါလော့၊ ဣတိ=ဤသို့၊ ဘဂဝါအဝေါစ = မြတ်စွာ ဘုရား က မိန့်တော်မူလေသည်။ သာဝေ=ထိုသို့၊ ဟေဘိက္ခုဟု မိန့်တော်မူခြင်း သည်သာလျှင်။ တဿအာယသ္မတော=ထိုအသျှင်ကောဏ္ဍည၏ ဥပသမ္ပဒါ ရဟန်းအဖြစ်သည်။ အဟောသိ=ဖြစ်လေပြီ ဣတိ=ဤတွင်တရပ်အပြီးသတ်သတည်း။

(မဟာစည်ဆရာတော်၏မူ)

အဲဒီစကားတော်ကိုထောက်လျှင်ဒုက္ခကိုအဆုံးသတ်ပြီးသည်အထိ ကျင့်ပဦးဆိုတာ ပါနေပါတယ်။ ဗုဒ္ဓ၏သာသနာတော်မှာ ရှေးဦးစွာဗုဒ္ဓ၏တရားကို သက်ဝင်ယုံကြည်လာတဲ့ ပုဂ္ဂိုလ်မှာ အရှင်ကောဏ္ဍညဖြစ်ပါတယ်။ သူ့နောက်မှာ ကျန်တဲ့ ပုဂ္ဂိုလ်လေးဦးက သာသနာ အတွင်းကို ဟေဘိက္ခုရဟန်းအဖြစ်ဖြင့် ဝင်လာကြသူများဖြစ်ပါတယ်။ ဓမ္မစကြာတရားတော်ကို ဟောပြီးသည့်နောက် အနတ္တလက္ခဏာသုတ်ကို ဗုဒ္ဓက ဆက်လက်၍ဟောပါတယ်။ အဲဒီတရားကိုနာပြီးမှ အားလုံးရဟန္တာဖြစ်ကြပါတယ်''

'တရားတော်နာပြီးတာနဲ့ ရဟန္တာဖြစ်သွားကြတဲ့သဘောလား ဦးပဥ္ဇင်း''ဟု ဦးစန္ဒာဘာသ ဝင်လျှောက်သည်။

'ခုနင်ကပြောခဲ့တဲ့ ဗုဒ္ဓစကားအတိုင်းပဲပေါ့။ မည်သည့်ပုဂ္ဂိုလ် ဖြစ်ဖြစ် တရားနာရုံနဲ့ တမင်တဖိုလ် တိုက်ရိုက်ရသွားကြတာ မဟုတ်ပါဘူး။ (စိတ်အလုပ်)ကိုလုပ်ပြီမှ အကျွတ်တရားရတာချည်းပါပဲ၊ ပါရမီကြီးတဲ့ ပုဂ္ဂိုလ်များက (စိတ်အလုပ်) လုပ်ရာမှာ ပေါက်မြောက် သွားကြပါတယ်၊ စာအနေနဲ့ကတော့ အကျဉ်းချုံးပြီး ရေးတာလို့ မှတ်ပါ''

''ဗုဒ္ဓလက်ထက်တော်မှာ အဲဒီလို ပေါ်ဘိက္ခုခေါ်တော်မူခံရတဲ့ရဟန်း ဘယ်နှစ်ပါးလောက်များရှိပါသလဲဘုရား''

''အဂ္ဂမဟာပဏ္ဍိတ ဦးဩဘာသာဘိဝံသ၊ ပြုစုတော်မူတဲ့သုဘောသနသရုပ်ပြ အဘိဓာန်မှာ ပေါ်ဘိက္ခုရဟန်းတော်ပေါင်း ၂၀၆၄၇-ပါးရှိတယ်လို့ ဖော်ပြထားတာတွေ့ဖူးပါတယ်။ ထို့ထက်အလွန်လည်းရှိတန်ရာသေး၏ဟုလည်း နောက်ဆက်တွဲအနေနဲ့ ပြဆိုထားပါသေးတယ်''

''အရှင်ဘုရား....တပည့်တော် တခု မေးပါရစေ ဘုရား''ဟု ဦးပဏ္ဍိဘ ခေါ် မောင်မြင့်လွင် လျှောက်၍ ဦးသုမနက—

''ဦးပဥ္ဇင်းတို့ သာသနာတော်တွင်းမှာ နေတုန်း သိချင်တာမှန်သမျှ မေးကြ၊ လျှောက်ကြပေါ့၊ ဦးပဥ္ဇင်း ဖြေနိုင်သမျှ ကြိုးစားပြီး ဖြေပါ့မယ်၊ တကယ်တော့လည်း ဦးပဥ္ဇင်းတို့မေးသမျှ—လျှောက်သမျှတွေဟာ သာသနာ့ ဗဟုသုတ ဖြစ်မယ့် မေးခွန်းလောက်ပဲ ဖြစ်ပါစေ'

''တပည့်တော် တို့ကလဲ ဒီလို မေးခွန်း မျိုးလောက်ပဲ မေးမှာပါ ဘုရား''

''အေးအဲဒါမှလဲ 'အိုးတန်ဆန်ခတ်' ဖြစ်တော့မပေါ့ကွာ''.

''အဲဒီ—အိုးတန်ဆန်ခတ်ဆိုတာ ဘာကိုပြောတာလဲ ဘုရား''ဟု ကိုရင်လေး စန္ဒိမာ ဝင်၍ လျှောက်သောအခါ ဦးပဥ္ဇင်း လှမြင့်က—

''ဟယ်....ဒီကိုရင်လေး လူကြီးတွေ စကားပြောတဲ့ကြား ဝင်ရှုပ်တယ်''ဟု ဟန့်လိုက်သောကြောင့် ဦးသုမနက—

''သူလဲသိချင်တာ မေးပါစေလေ.. ဦးပဥ္ဇင်းကော သိလို့လား''

''အိုး နဲ့တန်ရုံ ဆန်ကိုထည့်ပြီး ချက်ရမယ်လို့ ပြောတာ မဟုတ်ဖူးလား ဘုရား''

''အေး' ဆန်တပြည်ချက် ကောင်း ကောင်း နပ်မယ့်အိုးထဲကို ဆန်တပြည်ခွဲ ထည့်ချက်ယင် သင့်လျော် လောက်တဲ့ရေ မပါနိုင်တော့တာနဲ့ ကောင်း ကောင်း မနပ် နိုင်တော့ဘူး၊ ဒီတော့ ထမင်းကောင်းဖြစ်မလာနိုင်ဘူး၊အဲဒီဆန်တပြည်ဝင်အိုးထဲကိုပဲ နို့ဆီဗူး တလုံးလောက်သာထည့်ပြီး ရေများများနဲ့ ချက်ယင်လဲ ကောင်းသော ထမင်း ဖြစ်မလာနိုင်ဘူး၊ ဒါကို မဟုတ်လား''

''မှုတ်ပါတယ် ဘုရား''

''အေး....အဲဒါကြောင့် အဲဒီ အကြောင်းကို သည်ကလေးလဲ သိချင်မှာပေါ့....မဟုတ်ဖူးလား ကိုရင်စန္ဒိမာ''

''ဘင်ပါ့ ဘုရား....အစက တပည့်တော်ဒီလိုမှ မသိပဲ၊ အခုပြောတော့ သိရတာပေါ့ ဘုရား''

'အဲဒီ ဥပမာကို ဘာလို့သုံးရသလဲဆိုတော့ အခု မောင်ပဥ္ဇင်းတို့ မေးတဲ့ မေး ခွန်း မျိုး က ဦးပဥ္ဇင်း မဖြေနိုင်လောက်အောင် အကြောင်းအရာ မြင့်မားနေယင် ခက်တယ်၊ အလွန်ပေါ့တန်နေတဲ့ မေးခွန်းမျိုးဆိုယင်လဲ ကရော်ကမယ်ဖြစ်နေမယ်၊ ဒါကြောင့်အမေးနဲ့အဖြေတန်ရာတန်ရာ ကိုက်ညီအောင် ဖြစ်စေချင်လို့ ပြောရတာ၊ သဘော ပေါက်ကြရဲ့လား''

''သဘောပေါက်ပါတယ် ဘုရား''ဟု အားလုံးက သံပြိုင် ဖြေလိုက်ကြသည်။

''ရဟန်း တော် များ ထိန်းရတဲ့ သိက္ခာ ပုဒ်တော်ဟာ ၂၂၇-ပါး ရှိတယ်လို့ ဆရာတော်ကြီးက အမိန့် ရှိပါတယ်၊ ဒါတောင် အကျဉ်းအားဖြင့် ရှိသေးတယ်လို့ မိန့်တော် မူပါတယ်၊ ဟုတ်ပါသလား ဘုရား''

''ဟုတ်ပါတယ်၊ အကျယ် အားဖြင့် ဆိုလျှင် ကုဋေ ၉၀၀၀-အထိရှိတယ်လို့ ဦးပဥ္ဇင်းတို့လဲ ကြားနာ ဖတ်ရှု ဖူးပါတယ်၊ ဒါကြောင့် ရဟန်းတော်ဘုရားရဲ့ အကျင့်သိက္ခာအလုံးစုံနဲ့ နေနိုင်ဖို့ဆိုတာ အပ်ဖျားပေါ်မှာ တင်ထားတဲ့ မုန်ညင်းစေ့ကဲ့သို့ ရှိနေကြောင်း ဆရာတော်ကြီးများက ဆုံးမဖူးပါတယ်၊ အဲဒါကို 'ပါတိမောက္ခသံဝရ'

လို့ ခေါ်တယ်၊ မြန်မာလို အနီးစပ်ဆုံး အင်္ဂလိပ်ပြန်ယ်ကတော့ ရဟန်းများ ကျင့်အပ်သော အကျင့်သိက္ခာ ဟူသမျှကို စောင့်ရှောက် ကျင့်သုံးသော အကျင့်တရား သီလလို့ အဓိပ္ပာယ်ပြန်ရမယ်ထင်ပါရဲ့''

''အား... ဒီလိုဆိုယင် ဘယ်သူမှ အပြစ်ကင်းအောင် နေနိုင်မယ် မထင် တော့ ပါဘူး''ဟု ဦးစန္ဒောဘာသ (မောင်ညဏ်ထွန်း)က အားလျော့စွာ ညည်းညူလိုက်ရှာသည်။

''သမ္မာ သမ္ဗုဒ္ဓနှင့် မစွေက ဗုဒ္ဓါမှ လွဲလျှင် အာပတ်အသေးအမွှားတော့ ရဟန်းတိုင်းကင်းတယ်လို့ တထစ်ချ မသူဆနိုင်ပါဘူး''

''ဒါကြောင့် ဘုန်းကြီး မှန်ယင် အာပတ်သင့်ရမယ် ဖို့ ဆိုတာကိုး''ဟု ဦးပဥ္ဇင်း တပါးက ဝင်ပြောလိုက်သည်။

''ဒါကြောင့်....ရဟန္တာကြီးမှအစ၊ ပုထုဇဉ်ရဟန်းဘို့ အထိ အခါအားလျော်စွာ ဒေသနာကြားပြီး အာပတ် ကုစားရတယ်၊ ဦးပဥ္ဇင်းတို့ အားမငယ်ကြပါနဲ့၊ ဗုဒ္ဓ လက်ထက် တော်က ရဟန်းတပါးဟာ ဝိနည်းသိက္ခာနှင့်အနုသာသန အဆုံးအမများစွာကို စောင့်ရှောက် လိုက်နာနိုင်လိမ့်မယ်သို့ မသင်တဲ့အတွက် လူထွက်ဖို့ကြံစည်တယ်တဲ့ အဲဒါကို မြတ်စွာဘုရားက သိမြင်တော်မူလို့ အားပေးတော်မူရတယ်''

''ဘယ်လိုအားပေးပါသလဲ ဘုရား''

''သိက္ခာ ပုဒ်ဘော်တွေနဲ့ အနုသာသန ဩဝါဒတွေ များလွန်းတယ်လို့ ဆိုပြီး ကယောင်ချောက်ချား စိတ်အားမငယ်ပါနှင့် ချစ်သား၊ မကောင်းမှုဟူသမျှ မပြုမှု၊ မပြောဆို၊ မကြံစည်ပါဘူးဆိုတဲ့ စိတ်တလုံးသာ ထားပါလော့''ဟု မြတ်စွာဘုရားက မိန့်တော်မူတယ်၊ အဲဒါနဲ့ပဲ အဲဒီရဟန်းဟာ စိတ်အားတက်ကြွလာပြီး ရဟန်းအဖြစ်နဲ့ တည်မြဲသို့ နောက်ဆုံး ကိလေသာကျွတ်လွတ်သွားတယ်တဲ့''

''အင်း....ဘော်သေးတာပေါ့''ဟု ဦးစန္ဒောဘာသက သက်မချ၍ ပြောလိုက်သည်။ ဤတွင် ဦးသုနန္ဒက ဆက်ပြောသည်။

''ရဟန်းဘွေမှာ ရှောင်ရန်-ဆောင်ရန်ကိစ္စတွေ ဘယ်လောက်ပဲများ များ ရဟန်းဖြစ်ရလို့ ချမ်းသာခြ်း(၈)မျိုးတော့ လက်တွေ့ခံစားကြရပါတယ်၊ အဲဒါတွေက ဘာလဲဆိုတော့ (၁)ဥစ္စာတပါး သိမ်းဆည်းခြင်းဒုက္ခမှ ကင်းခြင်း၊ (၂)အပြစ်ရှိသောဆွမ်းကို ရှာမှီး၍ စားရခြင်းကြောင့် (ချက်ပြုတ်မှု)ဒုက္ခမှ ကင်းခြင်း၊ (၃)အဆင်သင့်ဖြစ်သော ဆွမ်းကို ခံယူရ၍ ချမ်းသာခြင်း၊ (၄)မင်းအစိုးရတို့၏ အခွန်အကောက်မှ လွတ်ကင်း၍ ချမ်းသာခြင်း၊ (၅)အဆောက်အအုံ ဘို့၌ ကင်းလွတ်၍ဆန္ဒရာဂ မရှိသဖြင့် ချမ်းသာခြင်း၊ (၆) ခိုးသူ-လုယက်ခြင်းဘေးမှ ကင်းလွတ်၍ ချမ်းသာခြင်း၊ (၇)မင်းအစိုးရတို့နှင့် ရောယှက်နေရသော ဒုက္ခအမျိုးမျိုး၊ ကိစ္စအမျိုးမျိုးမှ ကင်းလွတ်၍ ချမ်းသာခြင်း၊ (၈)အနေပ်သေးမျက်နှာသို့ အပိတ်အပင် အတားအဆီးမရှိ လွတ်လပ်စွာ သွားခွင့်ရ၍ ချမ်းသာခြင်း၊ အဲဒီ ရှစ်ပါးကို (သမဏသုခ) ရဟန်း တို့၏ ချမ်းသာခြင်းရှစ်ပါးလို့ ခေါ်တယ်၊ အဲဒီ ရှစ်ပါးကို အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေတဲ့သူတိုင်း မရနိုင်ဘူး''

'တချို့က ပြောကြတယ် ရဟန်းတော်များရဲ့ ဝိနည်းတရားကို လူတွေက သင်ကြားထားလို့ အမြင်မတော်ယင် ပြောမိဆိုမိတာကြောင့်အကုသိုလ်ဖြစ်တယ်၊ ငရဲကြီးတယ်လို့ ဆိုကြပါတယ်၊ ဒါကြောင့် ဝိနည်းတရားတွေကို လူတွေက သိထားလို့ ကောင်း-မကောင်း ပြောပါဦးဘုရား''

''ယခု ဦးပဥ္ဇင်း ဦ ဩဘာသ မေးတာလဲ လူတိုင်းသိချင်တဲ့ မေးခွန်းတခုပဲ၊ ဝိနည်းတော်ရယ်လို့ မြတ်စွာဘုရား ပညတ်တော်မူကတည်းက ရည်ရွယ်ချက် နှစ်ခုထားပြီး ပညတ်

တော်မူခဲ့တာ ဖြစ်တယ်၊ (၁)သာသနာတော်ကို မကြည်ညို သေးသူများ ကြည်ညို လာစေရန်၊ (၂)ကြည်ညိုသူများက ပိုမို၍ ကြည်ညိုလာစေရန် ဖြစ်တယ်။ ရဟန်းတော်များ၏ ဝိနည်းအဖုံဖုံကို သိရှိရတဲ့အခါ ရဟန်းတော်များသည် ဤမျှ မြားမြောင် ကျဉ်းကျပ်သော စည်းကမ်း ဥပဒေတွေကို လိုက်နာကျင့်ဆောင် နေထိုင်သူတွေပါတကားဟု ကြည်ညိုလာကြပြန်တယ်''

''မကြည်ညိုပဲနဲ့ အပြစ်ပြောမိယင် ငရဲကြီးဘူးလား ဘုရား''

''ဒါက ဒီလိုရှိတယ်၊ ဝိနည်းတော်နဲ့ မညီတဲ့ ရဟန်းကို ကြည်ညိုတာနဲ့ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုတာက တခြားစီ၊ နှစ်ပိုင်း ခွဲခြားရလိမ့်မယ်၊ သာသနာ့ မျက်နှာတော်ကို ထောက်၍ သာသနာ့ အကျိုးငှာ ထို ရဟန်းတော်အား ဝိနည်းတော်နှင့် ညီညွတ်စေလို၍ ဝေဖန်ပြောဆိုတာမျိုးကိုတော့ အကုသိုလ် ဖြစ်လိမ့်မယ်လို့ မပြောနိုင်ဘူး၊ ဘုရားသက်တော်ထင်ရှားက သာသနာကို ကြည်ညိုသော ဒါယကာ ဒါယိကာမများက ဝေဖန်သတိပေးခြင်း မျိုး သာဓကများ ရှိခဲ့ပါတယ်၊ သာသနာကိုလဲ မကြည်ညို၊ ထို ရဟန်းတော်ကိုလဲ မကြည်ညို၊ ဝေဖန်ပုတ်ခတ်တာဆိုယင်တော့ အကုသိုလ် ဖြစ်မှာပေါ့''

''ဒါဖြင့် အရှင်ဘုရား တပည့်တော်တို့ကို ဆရာတော်ဘုရားက ပါရာဇိကလေးပါး ဆုံးမထားပါတယ်၊ အဲဒီ ပါရာဇိက လေးမျိုးအနက် တမျိုးမျိုး ကျူးလွန်မိတဲ့သူဟာ ရဟန်းမဖြစ်နိုင်တော့ဘူးလို့ တပည့်တော်တို့ နားလည်ထားပါတယ်၊ တကယ်လို့ အဲဒီကျူးလွန်ထားသူကို တခြား ရဟန်းတော်များကလဲ မသိဘူး၊ သူကိုယ်တိုင်ကလဲ ဝန်မခံဘူးတဲ့၊ အဲဒီလိုဆိုယင် ဘယ့်နှယ်လုပ်မလဲ''

ဦးပဥ္စင်း မောင်လှမြင့်၏ အမေးကို ဦးသုမန ခေါင်းညိတ် နားထောင်နေရာမှ....

''အဲဒီပုဂ္ဂိုလ်မျိုးဟာ အလွန်မွန်မြတ်သန့်ရှင်းဆို ဗုဒ္ဓသာသနာမှာ ကြာကြာ နေဥ်မြဲနိုင်ပါဘူး၊ တခြားလူများ သိသည်ဖြစ်စေ၊ မိမိကိုယ်တိုင်က မိမိကိုယ်ကို စက်ဆုပ်ရွံရှာလာသည် ဖြစ်စေ၊ တနည်းနည်းနှင့် သာသနာ့ အပြင်ပသို့ ထွက်ခွာသွားကြရစမြဲပါ၊ အဲဒီ နေရာမှာ ဗုဒ္ဓမြတ်စွာက ဥပမာ ပြထားတော် မူပါတယ်၊ မဟာသမုဒ္ဒရာကြီးတွင် အံ့ဖွယ်ရှစ်ပါး ရှိသကဲ့သို့ ဗုဒ္ဓ၏သာသနာတော်ကြီးသည်လဲ အံ့ဖွယ်ရှစ်ပါး ရှိသည်ဟု ဟောထားပါသည်။ ဦးပဥ္စင်းတို့ကို ကျယ်ဝန်းမှာ စိုးတဲ့အတွက် ဒီအကြောင်းကို အကျယ်တော့ မပြောတော့ပါဘူး၊ ပတ်သက်နေဆို ဥပမာတခုပဲ ပြောပါတော့မယ်၊ မဟာသမုဒ္ဒရာကြီးအလယ်မှာ အသေကောင်ပုပ်များ၊ အမှိုက်သရိုက်များကို ဘာရှည်လက်ခံခြင်းမပြုပဲ ရေလှိုင်းတို့၏အဟုန်ဖြင့် ကုန်းပေါ်သို့ ပစ်တင်ကုန်သကဲ့သို့၊ ဗုဒ္ဓ၏ သာသနာတော် တွင်လဲ အသေကောင်ပုပ်၊ အမှိုက်သရိုက်နှင့် တူသည့် အလဇ္ဇီ ပုဂ္ဂိုလ်များကို အကြောင်းအမျိုးမျိုးဖြင့် သာသနာပသို့ ပစ်တင်စမြဲ ဖြစ်သည်ဟု ဟောထားပါတယ်''

''အရှင်ဘုရား ဟောပြောသွန်သင်သမျှတွေကြောင့် တပည့်တော်တို့ သာသနာ့ ဗဟုသုတ တိုးခဲ့ရလို့ ဝမ်းမြောက်လှပါတယ် ဘုရား''

''သာဓု—သာဓု....သာဓု''



# မုန့်စရာကောင်းသော ချစ်စရာလေးများ(၃)

ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းသံသည် သာသနာတော်အတွက် အချက်ပေးသံပြုသကဲ့သို့ ကျေးလက်တောရွာရှိ လယ်သမား၊ ယာသမားတို့အားလည်း နှိုးဆော်သံ ဖြစ်ပေသည်။ နံနက်အရုဏ် ကြက်တွန်မည့်ဆဲဆဲ အုန်းမောင်းသံ(သို့မဟုတ်)တုံးခေါက်သံ(သို့မဟုတ်) ကုလားတက်သံသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော်နှင့်အတူ ဖဝေဏီကတည်းကမြည်ဟိန်းလာခဲ့ကြသည်ဖြစ်ပေသည်။လူနေစည်ကား ကျဉ်းကျပ်၍ တိုက်တာအိမ်ခြေ အထပ်ထပ်နှင့် နေရသော မြို့ကြီးသူ မြို့ကြီးသားတို့သည် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသည့် ထိုအုန်းမောင်းသံကို အရသာခံယူနိုင်ကြမည် မဟုတ်ချေ။

သာသနာ့ဝန်ထမ်းရဟန်းတော်များအတွက် တနေ့တာအဖို့ သာသနာ့လုပ်ငန်းများ စတင်ဆောင်ရွက်ရန် အချက်ပေးလိုက်ဘိသကဲ့သို့ လယ်သမား၊ ယာသမား၊ ရွာသူ ရွာသားတို့ အတွက်သည်း တနေ့တာ လုပ်ငန်းခွင်သို့ စင်ကြဖို့ အဆင်သင့်ရှိအောင် နှိုးဆော်လိုက်ခြင်းပင် ဖြစ်သည်။ စက်နာရီများ မပေါ်များခင်၊ ရှေးအဘိဘောကာလက ထိုအုန်းမောင်းသံသည်ပင်လျှင် ပဟိုရ်နာရီဖြစ်သည်။ ပြက္ခဒိန်လည်း ဖြစ်သည်။ လတိုင်း လတိုင်း၏ရက်နှင့်နေ့ကို ထိုအုန်းမောင်းသံက ဖော်ပြပေးသည်။ ဥပမာ ကဆုန်လဆန်း(၁၀)ရက်နေ့၊ အင်္ဂါနေ့ဟု ဆိုပါတော့၊ ပထမ-မှန်မှန်လေးလေးနှင့် တီးခေါက်ရာက ခပ်သော့သော့ ရိုက်ခတ်ပြီးသည့်အဆုံး၊ ခဏလေးမျှ ကွာခြားထားပြီးလျှင် အချက်မှန်မှန် (ဆယ်ချက်တိတိ) ခေါက်လိုက်ပါလိမ့်မည်။ ဤကား ကဆုန်လဆန်း(၁၀)ကော်ဟုသိစေလို၍ ဖြစ်သည်။ ထို့နောက် မှန်မှန်နှင့် ခပ်သော့သော့လေးရိုက်ကာ၊ ကဏ္ဍတခုခြားပြီးလျှင် အင်္ဂါနေ့၏ နေ့နံသင်္ချာဖြစ်သော အုန်းမောင်းသံ (သုံးချက်)ကိုခေါက်ပြပါလိမ့်မည်။ ထို့နောက်မှ ခေတ္တရပ်နားကာ နိဂုံးချုပ် တီးခေါက်သံ သော့သော့ ပေးတတ်ပါသည်။

အုန်းမောင်းဟုဆိုသော်လည်း အုန်းသားကို ထုလုပ်ကြသည်မဟုတ်။ အလျား(၂)ပေမှတလံ အထိရှိသော ကျွန်းသား၊ ပိတောက်သား၊ ပျဉ်းကတိုးစသော သစ်မာ၊ သစ်လုံးကြီးများကို (ခံတွင်းပေါက်)ဖောက်၍ အတွင်းသို့လှိုက်ကာ၊ ထွင်းနိုက်ထားလေသည်။ ထိုအသံကို (၂)တိုင်ခရီးလောက်က တအုန်းအုန်းနှင့် ကောင်းစွာကြားနိုင်သည်။ ထို့ကြောင့် အုန်းမောင်းဟု ခေါ်လေသလား မသိ။

**အသက်အညာဒေသ မြန်မာဆန်လှသော** ကျောင်းကြီးအချို့၌ ထိုသစ်သား အုန်းမောင်း အစား တလ်လောက်ပမာဏရှိသော နှစ်ဆက် ပိဘ် စည်ကြီးများကို တွေ့နိုင်ကြပါသေးသည်။ ထိုစည်ကြီးများကို ကေသီ အဟောင်းအစုတ် စသော သက်နုံးစများဖြင့် သိပ်သည်းစွာ ကျစ်ထားသော ကြိုးကြီးဖြင့် တအားလွှဲ၍ ရိုက်နှက်ကြရသည်။ ထိုအခါ ကျယ်လောင်စွာ (ဒိုင်း)ကနဲ မြည်ဟည်းလာသည်။ ထိုအသံကိုလည်း အုန်းမောင်းသံများကဲ့သို့ (၂)တိုင် ခရီးလောက်က ကောင်းစွာကြားနိုင်ပါသည်။ စည်တော်ဟုဆိုရာ၌ တူရိယာပစ္စည်းဖြစ်သော မင်္ဂလာစည်တော်များကဲ့ လက်နှင့် တီးခတ်ရသောကြောင့် (ထီ– ထီ)ဟူ၍ သာယာနာပျော်ဖွယ်ရာ လိုက်သံထွက်သော်လည်း ပဟိုရ်စည်ကဲ့သို့ အချက်ပေး စည်ကြီးများကိုကား ကျစ်ကြိုးကြီးများဖြင့် ရိုက်ခတ်ရသောကြောင့် ထိုကနဲအသံမထွက်ပဲ ဒိုင်းကနဲ ဟူသာ အသံထွက်သည်ကို ရည်ရွယ်၍....

''လင်းကြက်က ဆော်၊ စည်တော်က (နောင်–ဒိုင်း)''ဟူသော ကဗျာမျိုးနှင့်....

'သုံးချက်စည်တော် ရိုက်ဆော်ကာညင်း တယ်လေး၊ လင်းပြန်လုနော်''ဟူသော စာသားများမှာ ပဟိုရ်စည်တို့အား ရိုက်နှက်ရကြောင်း ထင်ရှားလေ၏။

ဦးသုမနသည် အုန်းမောင်းခေါက်သံ ကြားတိုင်း ထိုအုန်းမောင်းနှင့်ပတ်သက်သော ကြားဖူးသမျှ ဗဟုသုတများကို ပြန်လည် သတိရလေ့ရှိသည်။

''ဝိနည်းတော် နှင့် ပတ်သက်လို့ မနေ့က အရှင်ဘုရား စကားအဆက်တခုကို တပည့်တော် သိချင်နေတာ ရှိပါတယ် ဘုရား''

''ဘာများတုံး... ဦးဩဘာသရဲ့''

''သာသနာတော်ကို ကြည်ညိုရင်းစွဲစိတ်နဲ့ သာဆိုယင် ရဟန်းပျိုများကို လူဒါယကာ၊ ဒါယိကာမများက သတိပေးဝေဖန်ခြင်းကြောင့် အပြစ်မရှိဘူးလို့ အရှင်ဘုရားပြောပါတယ်၊ ဝေဖန်ကြတဲ့အဖြစ်အပျက် သာဓကတွေလဲ ဗုဒ္ဓလက်ထက်တော်မှာ ရှိဘယ်လို့ ပြောပါတယ်၊ အဲဒီ အဖြစ်အပျက်လေးများ တပည့်တော်တို့ကို ပြောပြပါလား ဘုရား''

ဦးသုမနသည် အနားတွင်ရှိသော ဒုလ္လဘ ရဟန်းလေးများကို ကြည့်ယင်း စဉ်းစားသလို ခပ်ဆိုင်းဆိုင်းနေလိုက်ပြီးမှ....

''ဦးပဉ္စင်းတို့ ပထမဆုံး မှတ်ထားရမှာက ရဟန်းတပါးကို ဝိနည်းတော်နဲ့ ပတ်သက်လို့ (သို့မဟုတ်) အနေအထိုင် အမူအကျင့်နဲ့ ပတ်သက်လို့ ဝေဖန်မယ်၊ ပြောဆိုမယ်ဆိုယင် မိမိ၏ စိတ်စေတနာဟာ တကယ် သန့်သန့် ရှင်းရှင်း စင်စင်ကြယ်ကြယ်ဖြစ်ရဲ့လား၊ ဗုဒ္ဓသာသနာတော်ကို မိမိကိုယ်တိုင်က (ကျောက်ထီးတန္တု) (အနုလေးအနက် အရိုအသေ)ပြုထားသူ ဟုတ်ရဲ့လား၊ မှန်မှန်ကန်ကန် ဆန်းစစ်ကြည့်ဖို့ လိုလိမ့်မယ်။ ဒီလိုမှ မဟုတ်လို့ သူတပါးအပြစ်ကိုသာ ရှုမြင် ပြောဆို ဝေဖန်လိုခြင်း၊ ထိုသို့ ပြောဆိုမှုကြောင့် မိမိကိုယ်ကို သူတပါးက ချန်ညားအထင်ကြီးစေလိုခြင်း–ဆိုတဲ့ မစင်ကြယ်သော စိတ်မျိုးနဲ့သာ ဝေဖန်ယင် မိမိမှာ အပြစ်ဖြစ်လိမ့်မယ်''

''တင်ပါ့ဘုရား''

''ဥပမာ....ဝိသာခါကျောင်းအမကြီးကို ကြည့်ပါ၊ သူဟာ(၇)နှစ်သမီးအရွယ်ကတည်းက သောတာပန်တည်သွားခဲ့တဲ့ ဗုဒ္ဓ၏သာဝိကာမ သူတော်စင်ဖြစ်တယ်၊ သူ၏အဝေဖန်ကိုခံရတဲ့ အရှင်ဥဒါယီဆိုတဲ့ရဟန်းကထိုအချိန်မှာ ပုထုဇဉ်ပဲဖြစ်သေးတယ်''

''ဘယ်လိုဝေဖန်တာလဲဘုရား''ဟု ကြားနာလိုစိတ်ပြင်းပြနေသောဦးရေဝတက အလျင်စလို လျှောက်ထားလိုက်သည်။ ✻

"ဝိသာခါကျောင်းအမကြီးဟာ ရုပ်အဆင်းကလဲ နှလှိုဘယ်၊ ငွေကြေးကလဲ အလွန်ချမ်းသာတယ်၊ အသက်ကလဲ ရှည်တယ်၊ သား မြေး မြစ်အခြံအရံများကလဲ အလွန်ပေါများတယ်၊ ဗုဒ္ဓ၏ဒါယိကာမ တဦးအနေဖြင့်လဲ ထင်ရှား ကျော်ကြားတယ်။ ဒါကြောင့် လောကီ-လောကုတ္တရာမင်္ဂလာနှင့် ပြည့်စုံဘဲ့ အမျိုးသမီးကြီးဟူ၍ လူတိုင်းက သေးစားကြတယ်။ လောကီမင်္ဂလာဖြစ်တဲ့ အာဝါဟဝိဝါဟ လက်ထပ်မင်္ဂလာများမှာ ဝိသာခါ အမျိုးသမီးကြီးကို ဂုဏ်ပြုသော ညွှန့်သည့်သော် အဖြစ်ဖြင့် အထူးဖိတ်ကြား၍ ကျွေးမွေး သျှုဒါန်းလေ့ ရှိဘယ်။ မင်္ဂလာ သတို့သားသတို့သမီးတို့အား ဆုံးမစကား မိန့်မြွက် ဟောကြားပေးရန် တောင်းပန်လေ့ရှိတယ်"

"ခုခေတ်လဲ ဂုဏ်ရှိတဲ့ လူတွေကို လက်ထပ်ပေးခိုင်းတာပဲပါ"ဟု ကိုရင်စန္ဒိမာက ဝင်၍(ညွှန့်သောက်) ခံလိုက်သောကြောင့် ဦးလေး ဖြစ်သူ ဦးသြဘာသက မျက်နှာထားနှင့်မျက်စောင်းထိုးလိုက်သည်။

"ကိုရင်စန္ဒိမာပြောတာ ဟုတ်တာပေါ့ မင်္ဂလာယူဘယ်ဆိုဘာ ဂုဏ်ရှိတဲ့လူကိုမှ လိုချင်တာပေါ့၊ ဝိသာခါ ကျောင်း အမကြီးကို အထူးညွှန့်သည့် အဖြစ်ဖိတ်တာလဲ ဒီသဘောပါပဲ၊ အဲဒီလက်ထပ်ပွဲမှာ သံဃာတော်တွေကိုလည်း မင်္ဂလာဆွမ်းကျွေးပါလိမ့်မယ်၊ ဆွမ်းစားကြွတဲ့ကိုယ်တော်တွေအနက် အခုနပြောတဲ့အရှင်ဥဒါယီဆိုတဲ့ ရဟန်းအပါ:က သတို့သမီးနှင့်တကွ သူ့မိဘများနှင့်ပါ ဆရာဒကာ အကျွမ်းတဝင် ဖြစ်ပါသတဲ့၊ ဒါကြောင့် အရှင်ဥဒါယီက မင်္ဂလာ သတို့သမီးရဲ့ အခန်းထဲကို ရဲရဲဘင်းတင်း ဝင်ရောက်ပြီး ရယ်ရယ်မောမော ပြောဆိုကျီစယ်နေတယ်"

"ဒါဆို လွန်တာပေါ့"ဟု ကိုရင် စန္ဒိမာက ပြောလိုက်ပြန်၍ ပဥ္စင်းပျိုကလေးများနှင့် ဦးသုမနက ညှင်းညင်းရယ်လိုက်ကြသည်။

"ဒါကို ဝိသာခါ ကျောင်းအမကြီးကလဲ မနှစ်မြို့နိုင်ပါဘူး၊ ဒီတော့ အခန်းထဲကို လိုက်သွားပြီး (အရှင်ဘုရား....ဒီလိုနေတာ မတင့်တယ်ပါဘူးဘုရား)လို့ လျှောက်ဘယ်။

"ဒီတော့ အရှင်ဥဒါယီက (သတို့သမီးဒါယကာမလေးကို ဆရာသမားတဦး အနေနဲ့ မင်္ဂလာဦး ဆုံးမသြဝါဒပေးတာ ကျုပ်မှာအပြစ်ရှိသလား)လို့ ဆင်ခြေတက်တယ်။

"(ဆုံးမစကား ပြောလျှင် အပြင်ဘက် လူအများရှေ့မှာ ပြောပါလားဘုရား၊ မိန်းကလေးတဦးဘည်းရှိတဲ့အခန်းထဲကို အရှင်ဘုရား တပါးတည်းလာပြီး ပြောနေတာ အများက သံသယရှိနိုင်ပါတယ်၊ အခု ထွက်ပါ)လို့ ဝိသာခါက လျှောက်တယ်။

"ဒါပေမယ့် အရှင်ဥဒါယီက မထွက်ပဲ ပေကပ်ကပ် လုပ်နေတယ်၊ ဒီတော့ အခြား ရဟန်းများကိုသွားပြီး ဝိသာခါက တိုင်ကြားလျှောက်ထားတယ်။

'ထိုအဖြစ်အပျက်ကို ဗုဒ္ဓမြတ်စွာက တဆင့်ကြားတော်မူ၍ ဤသို့ ရဟန်းတော်များ မနေထိုင် မပြောဆိုရအောင် သိက္ခာပုဒ်ဖြင့် ပညတ်တော်မူဘယ်။ အဲဒီသိက္ခာပုဒ်ကို ပထမအနိယတသိက္ခာပုဒ်ဟု ခေါ်တယ်။ အကျယ်အားဖြင့် သိချင်ယင် ဦးပဥ္စင်းတို့နားလည်နိုင်အောင်ရေးထားတဲ့ ဆရာတော် အရှင် ဇနကာဘိဝံသ၏ 'ဘုရား ဥပဒေတော်ကြီး' ကျမ်းစာအုပ်ကို လေ့လာကြပါ"

"ယခု တပည့်တော်တို့ ခေတ်မှာ (သပိတ်မှောက်)တယ်ဆိုတဲ့စကားကို နိုင်ငံရေးစကားလို သုံးနေကြပါတယ်။ အဲဒါ ရဟန်းတော်များရဲ့ (သပိတ်)က ဆင်းသက်လာတာလား ဘုရား" ဟု ဦးပဏ္ဍိတက မေးပြန်သည်။

"ဟုတ်ပါဘယ်၊ သာသနာတော် အတွင်းက စကားကို လူတွေက အတုယူပြီး ပြောနေကြတဲ့ စကားဖြစ်တယ်"ဟု ဦးသုမနကဖြေသည်။

"အဲဒါလေး ရှင်းပေးပါဦးဘုရား"

"လူဒါယကာ တယောက်ကို ရဟန်းသံဃာတော်များ အားလုံးက အလှူမခံ၊ အဆက်အဆံမလုပ်၊ သာသနာရေးကိစ္စမှန်သမျှမှာ လျစ်လျူရှုသွားတာကိုခေါ်တယ်။ ဗုဒ္ဓဘာသာဝင်အဖြစ်မှ ဝိုင်းပယ်လိုက်တဲ့ သဘောပေါ့"

"ဘယ်လို ဒါယကာမျိုး ကို ဝိုင်းပယ် လိုက်တာလဲ ဘုရား"

"သပိတ်မှောက်ရာ အင်္ဂါရှစ်ပါးရယ်လို့ ရှိတယ်....

(၁) ရဟန်းတို့အား လာဘ်မရအောင်လုပ်ခြင်း။

(၂) ရဟန်းတို့အား အကျိုးစီးပွားမဲ့အောင် လုပ်ခြင်း။

(၃) ရဟန်းတို့အား မနေနိုင်အောင် လုပ်ခြင်း။

(၄) ရဟန်းတို့အား ဆဲရေးခြင်း။

(၅) ရဟန်း အချင်းချင်း ကွဲပြားအောင် လုပ်ခြင်း။

(၆) ဘုရားရှင်အား ကျေးဇူးမဲ့ဆိုခြင်း။

(၇) တရားတော်အား ကျေးဇူးမဲ့ဆိုခြင်း။

(၈) သံဃာတော်အား ကျေးဇူးမဲ့ဆိုခြင်း။

အဲဒီအပြစ်တွေ ရှိနေတဲ့လူဆိုယင် ရဟန်းတွေက အစည်းအဝေးခေါ်ပြီး ဆုံးဖြတ်ကြေငြာလိုက်ကြတယ်"

"အဲဒါဆိုယင် ဗုဒ္ဓသာသနာတော်မှာ ဘယ်ရဟန်းကမှ သပိတ်မှောက်ခံထားရသူကို အသိအမှတ် မပြုကြတော့ဘူး၊ ရဟန်း-ရဟန်းချင်း ဤကဲ့သို့ ဝိုင်းပယ်တာကိုတော့ ပကာသနီယကံပြုတယ်လို့ ခေါ်တယ်။ အဓိပ္ပာယ်က ဝိုင်းပယ်ထားသည်ကို (ထင်ရှားအောင်ပြုခြင်း) လို့ အဓိပ္ပာယ်ရလိမ့်မယ်"

"လူတွေက ပြန်ပြီး ဘုန်းကြီး ရဟန်းကို ဝိုင်းပယ်တာများတော့ ရှိဘူးသလားဘုရား" ဟု ဦးတေဇိန္ဒက စပ်စပ်စုစု မေးလိုက်သည်။

ဦးသုမနက တခဏလေး စဉ်းစားပြီး–

"အေး....ဦးပဥ္စင်းမေးလို့ တခုတော့ သတိရတယ်။ ဒါလဲရဟန်းများကို ဒါယကာ အများစုက ဝိုင်းဝန်းဆန္ဒပြတယ်လို့ ခေါ်ရမယ်ထင်တယ်။ ဗုဒ္ဓလက်ထက်တော်ကပဲပေါ့...ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်က ဝိနည်းဆောင် ရဟန်းတော်တပါးနှင့် သုတ္တန်ဆောင် ဓမ္မကထိက ကိုယ်တော်တပါးတို့ အာပတ်အမှုတခုနှင့် ပတ်သက်၍ ငြင်းခုံခိုက်ရန် ဖြစ်ကြသည်။ ထို ၂-ပါးမှ အစပြုပြီး တပည့်ရဟန်းအချင်းချင်း ဒါယကာ ဒါယိကာမအချင်းချင်း (၂)ဂိုဏ်း (၂)ပက္ခ ကွဲပြားကုန်ကြတယ်။ မြတ်စွာ ဗုဒ္ဓက အညီအညွတ် မေတ္တာမပျက်ကြရန် သုံးကြိမ်သုံးခါ တရားဟောပြဆုံးမတော်မူပေမယ့်လည်း သူတို့ရန်မီးက မငြိမ်းဘူးတဲ့"

"ဘုရားကိုယ်တော်တိုင် ဆုံးမတာ တောင်မနာခံကြဘူးတဲ့အား"

"အာသဝေါ မကုန်သေးတဲ့ ပုထုဇဉ်တို့ဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုတဲ့ ကိလေသာတွေက ဖုံးလွှမ်း နေ တာ ကိုး...ဦးတေဇိန္ဒရဲ့၊ ဒီတော့ သူတို့ကို ဥပေက္ခာ ပြုပြီး မြတ်စွာဘုရားဟာ ပါလိလေယျတောအုပ်ကို တပါးတည်း ကြွသွားတော်မူတယ်။

"တရက်-နှစ်ရက်ကြာလို့ ဃောသိတာရုံကျောင်းမှာ ဗုဒ္ဓမြတ်စွာ မရှိတော့ဘူးဆိုတာကို ကောသမ္ဗီ ပြည်သူ ပြည်သားတွေက သိကြတဲ့အခါ ဆိုရဟန်းဂိုဏ်း (၂)ဂိုဏ်းကြောင့် မြတ်စွာဘုရား ကြွသွားတော်မူရတယ်ဆိုပြီး ရဟန်းတွေကို ဘယ်သူကမျှ ဆွမ်းမလောင်းကြတော့ဘူး၊ ရဟန်း သံဃာဆိုတာ ဒါယကာတို့၏ဆွမ်းကိုသာ အမှီပြု၍ အသက်မွေးကြရတာ မဟုတ်

လား၊ ဒီတော့ ဒါယကာတို့က တညီတညွတ်တည်း ဆန္ဒပြုပြီး ဆွမ်းမလောင်းကြတော့ ခက်ကုန်တာပေါ့''

ရဟန်းများက(ဆွမ် ရပ်)တဲ့အခါ ဒါယကာတွေက–

''(အရှင်ဘုရားတို့ကိုယ်တိုင် အချင်းချင်း ညီညွတ်ပြီး ဘုရားသခင်ပြန်ကြွလာအောင် ဝန်ချတောင်းပန် ပင့်လျှောက်ပေးမှ တပည့်တော်တို့ ဆွမ်း လောင်း မ ါတော့ မယ်)ဟု တိုက်ရိုက်လျှောက်ထားကြတယ်။ အဲဒီတော့မှ ရဟန်းတွေနောင်တရပြီး ဘုရားကိုယ်တော်မြတ်ထံ သွားရောက်တောင်းပန်ပင့်လျှောက်ကြလို့ အဲဒီတော့မှ မြတ်စွာဘုရားပြန်ကြွလာတော်မူတယ်။ဒါဟာ သာသနာ့တော်၏မျက်နှာကိုထောက်၍ လူထုက ဆန္ဒပြဘာလို့ ဆိုနိုင်လိမ့်မယ်ထင်တယ်''

ဦးသုမန၏စကားအဆုံးတွင် ဦးပြည်ဘာသာက ''သံဃာအား ဘုရားမဆန်သာ–ဆိုတဲ့ စကားဟာ အဲဒီအဖြစ်အပျက်က စ ခဲ့တာမဟုတ်လား ဘုရား''ဟု လျှောက်ပြန်သည်။

''ဟုတ်လောက်စရာတော့ ရှိပါရဲ့၊ ဒီစကားဟုတ်တာမဟုတ်တာ ထား မောင်ပဥ္စင်းလေးတို့ အတွက် သင် ခန်း စာ တ ခု တော့ ယူနိုင်စရာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ပုထုဇဉ်ရဟန်းတို့၊ လူပုဂ္ဂိုလ်များနည်းတူ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုတဲ့ ကိလေသာတရားတွေမကင်းနိုင်ကြ သေးပါ ဘူးလို့ ဆင်ခြေဘက်စရာမကောင်းတဲ့ အကြောင်းပဲ။ 'အိပ်လိုရဟန်း–စားလိုမှန်း–ပုဏ္ဏားလုပ်ပါလေ'ဘူသော (သ တ်ပုံကာရန်) စာရှိသော်သည်း''

ရဟန်းတို့မည်သည် အရဏ်ကို စောင့်ကြိုနိုင်ရန် နေ့စဉ် နိုးကြားမှု ရှိကြရသည်။

ဦးသုမနသည် သူကြားဖူးထားသော အုန်းခေါင်းသံ ဗဟုသုတကို တွေးနေမိသည်။

အခုကြည့်လေ–ပုထုဇဉ်ရဟန်းများရဲ့ လောဘ၊ ဒေါသ၊ မောဟ မာနတွေကို ပုထုဇဉ်ဖြစ်တဲ့ ရှာသူ ရှာသားများက မနှစ်မြို့နိုင်ကြဘာထင်ရှားမနေဘူးလား၊ မြတ်စွာဘုရားရဲ့ အလိုဆန္ဒက သူ့တပည့်သား သာဝကရဟန်းတွေကို လူနဲ့တူပါတယ်လို့မဖြစ်စေလိုဘူး ပုထုဇဉ်ရဟန်းကိုပဲဖြစ်စေ မိဘကသော်လည်း ရှိခိုး ဦးညွတ်ရမယ်လို့ ဆုံးမ ထားတယ်၊ သံဃာ့ဂုဏ်တော်မှာ–

(အဉ္ဇလီကရဏီယော)ဆိုတဲ့ ဂုဏ်တော်ရှိတယ် မဟုတ်လား၊ ဒီတော့ ဦးပဉ္စင်းတို့ တပည့်တော်ဘို့ အနေနဲ့လဲ ရှိခိုးခံထိုက်အောင် နေကြရမှာပေါ့''

''တင်ပါ့ဘုရား''

''သာမု....သာမု... သာမု ..ဟု သံပြိုင်ထွက်လာကြသည်၊ ဤအခိုက် ညဦးဘုရားဝတ်တက်ရန် နှိုးဆော်လိုက်သည့် အုန်း မောင်း သံ ကတအုန်းအုန်း မြည်ဟိန်းလာတော့သည်။ ။

# တိရိစ္ဆာန်–ကထာ

**သောင်းပြောင်းထွေလာမဂ္ဂဇင်း**
**အယ်ဒီတာ သော်တာဆွေသို့**



'တိရိစ္ဆာန်-ကထာ'ဆိုတဲ့ ပါဠိစကားလုံးကို ခွဲခြားလိုက်လျှင် 'တိရိစ္ဆာန်' ဆိုတာက တခု၊ 'ကထာ'ဆိုတာက တခု၊ တိရိစ္ဆာန်-တိရစ္ဆာန် ဆိုတဲ့ အဓိပ္ပာယ်က ကောင်းကင်ကို ဖီလာပြု၍ သွားတတ်သော သတ္တဝါလို့ အဓိပ္ပာယ်ရတယ်။ ဟုတ်တယ်လေ....ခြေလေးချောင်း သတ္တဝါတွေကို ကြည့်ပါလား၊ မိုးကောင်းကင်ကို ကျောပေးပြီး ဖီလာပြုနေကြတာချည်းပဲ မဟုတ်လား။

ဒါကြောင့် တိရစ္ဆာန်လို့ အခေါ်ခံရတာက သတ္တဝါလို့ အခေါ်ခံရတာထက် နာရေးကောင်းပါတယ်။ သတ္တဝါဆိုတာက ခြေလေးချောင်းသတ္တဝါ၊ ခြေနှစ်ချောင်း သတ္တဝါ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ဗြဟ္မာသတ္တဝါ၊ အားလုံးကို ခေါ်နိုင်ပါတယ်။ လူ-နတ်-ဗြဟ္မာ သတ္တဝါ အထွေထွေတို့ကို အမတာရွှေမြေဖောင်မဂ္ဂင်ကုဘ်နှင့် သောင်ထက်တင်ပို့တော်မူသော မြတ်စွာဘုရား လို့ တောင် ဘုရား ရှိခိုးစာ ရှိတယ် မဟုတ်လား။

ဒီစကားပြောတော့ နာမည်မကျော်တကျော် ရှော်ရှော် မင်းသမီးကလေး တယောက်ကို သင်ရပြရတာ စိတ်တိုင်းမကျလို့ 'သတ္တဝါမ'ရဲ့လို့ ဆိုလိုက်မိပါတယ်။ ရွှေကယ်တော်မြတ်မကလေးက သူ့ကို(သတ္တဝါမ)လို့ ဆဲရပါ့မလားဆိုပြီး ရွှေစိတ်တော် ကောက်တော်မူတာနဲ့ မနည်းကြီး ရှင်းပြလိုက်ရသေးတယ်။ အင်းလေ... သုံးနေကျ တွေ့နေကျ ဟာပည့်ရင်းကလဲ မဟုတ်ရှာပဲကိုး။ တည့်ရင်းတွေကဖြင့် (သတ္တဝါ)ပဲ ခေါ်ခေါ် (သတ္တဝါမ)ပဲခေါ်ခေါ်အရယ်အပြုံး မပျက်ကြပါဘူး။ သူလဲ သတ္တဝါ၊ ငါလဲသတ္တဝါ၊ ဆရာလဲ သတ္တဝါ၊ တပည့်လဲ သတ္တဝါပေကိုး။

ကဲ...ကဲ...ဆက်ပါမယ်၊ တိရစ္ဆာန် ဆိုတာက 'မိုးကောင်းကင်ကို ဖီလာပြု၍ သွားတတ်သော သတ္တဝါ၊ ကထာဆိုတာက ပြောသောစကား၊ သဂ္ဂကထာ-နတ်ပြည်ရောက်ရန် ပြော သော စကား၊ မဂ္ဂကထာ မဂ်ဖိုလ်ရောက်အောင် ဟောသောတရား၊ (အဋ္ဌကထာ)ဆိုတော့'ဖွံ့ဖြိုး၍သိသာအောင်ဖွင့်ဆိုသောစကား'စာပေပေါ့ တိရစ္ဆာန်ကထာလို့ တွဲသုံးလိုက်တော့ မိုးကောင်းကင်ကို ဖီလာ ကျောပေးလေ့ရှိသော တိရစ္ဆာန် များကို ဥပမာပြုပြီး နိဗ္ဗာန် မဂ်ဖိုလ်နှင့် ဖီလာပြုသော အချည်းနှီးသော စကားလို့ အဓိပ္ပာယ် ပေါက်သွားပါလေရော။

တိရစ္ဆာန်များသည် မိုးကောင်းကင်ကို ဖီလာပြုသကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော (အမလနတော)စကား၊ 'အကျိုးမရှိသော စကား၊ သိမ်ဖျင်းသော စကား၊ ပေါ့ရွှတ်သော စကား'၊ လေးလေးနက်နက်မရှိသော စကား၊ ဟေးလားဝါးလား စကား၊ တွေ့ရာရှစ်

သောင်း သောင်း ပြောင်း ထွေလာ စကား၊ ဟဲ…ဟဲ…ခေါင်ရင်တို့ မဂ္ဂဇင်းကလဲ သောင်းပြောင်းထွေသာဆိုတော့ ပြောရမှာ အားတော့ နာပါရဲ့၊ ဒါပေမယ့်မတတ်နိုင်တော့ဘူး၊အင်း…. သောင်းပြောင်း ထွေလာ ရယ်စရာ ဆိုလို့သာ ဘော်ရေ့တယ်။

ဥပုသ်သီတင်းသည့် သူတော်စင် သူတော်ကောင်းကြီးများဟာထိုစကားမျိုးကိုရှောင်ကြဉ်ရဘယ်။ စကား အပြောအဆို နည်းနိုင် သမျှ နည်းစွာ နေတော် မူလေ့ ရှိကြဘယ်။ အဲဒီ တိရစ္ဆာန ကထာ ဆိုတာကို ကျွန်တော် စဉ်းစား မိပါတယ်။ ရှုးတယ်လို့ ပြောချင်လဲ ပြောရော့— အခုန ပြောခဲ့တဲ့ 'တိရိစ္ဆာန ကထာ' ဆိုတဲ့ စကားမျိုးတွေကို တိရစ္ဆာန်တွေက မပြောကြပဲနဲ့ ကျုပ်တို့ လူတွေကသာ ပြောနေ ကြတယ်လေ ဟဲ…ဟဲ….

အသံလောက်များပြောနေကြသလဲဆို မျက်စိ နှစ်သုံးပိတ်ပြီး မအိပ်ချင်း မိုးလင်းက မိုးချုပ် တလှုပ်လှုပ်နဲ့ ပြောနေကြတယ်။ ပယ့်လျှင် ကိုယ့် ကိုသကို ပြန်စဉ်းစားကြည့်၊ အရေမရ အဖတ် မရတာတွေ ကို ပြောတဲ့ နေရာမှာ လူတွေပဲရှိလိမ့် မယ်လို့ ထင်မိဘယ်။

သားအကြောင်း၊ ကားအကြောင်း၊ အိမ်အကြောင်း၊ စိန်အကြောင်း၊သမီးအကြောင်း၊မြေးအကြောင်း၊ မင်းအကြောင်း၊ စိုးအကြောင်း၊ ကိုယ့်အကြောင်း သူ့အကြောင်း၊ သဗ္ဗာရနာမ် ပေါင်း….ပေါ့။

တိရစ္ဆာန်များဟာ အသွန်စကားနည် ကြပါတယ်။ (အများအားဖြင့် ပေါ့လေ )အ-မပြော လျှင် မဖြစ်ဘဲ့ အခါမှာသာ ပြောလေ့ ပြောထ အသံထွက်လာလေ့ရှိပါတယ်။ ပြောပြန်တော့လဲ စိတ်ထဲရှိသမျှကိုသာ ရိုးရိုး သားသား အရှိကို အရှိ အဘိုင်း' ပြော ကြ တာ ပါ။ ဘယ်လိုလဲ ဆိုတော့ ဒေါသဖြစ်လာလျှင် ခြိမ်းခြောက်မယ်။

နာကျင်လျှင် ညည်းညူမယ်၊
ဝမ်းသာလျှင် မြူးတူးမယ်၊

ဝမ်းနည်းလျှင် တမ်းတမယ်၊ မြည်တမ်းမယ်၊ ချစ်လျှင်ချစ်သလို အသံပြု၍၊ မုန်းလျှင်မုန်းသလို အသံပြုမယ်။ကျွန်တော်တို့ လူတွေကတော့ ဒီလို မဟုတ်ဘူး၊ မချစ်ပဲနဲ့လဲ ချစ်တဲ့စကားတွေ ပြောကြတယ်၊ ဝမ်းမသာပဲနဲ့လဲ ဝမ်းသာတဲ့ စကားတွေ ပြောတတ်ကြတယ်၊ မကြည်ညိုပဲ ကြည်ညိုတဲ့ စကားတွေ ရွတ်နေကြတယ်၊ အကျိုးကို လိုလားသလို ရွှန်းရွှန်း ဝေအောင် ပြောနေကြဘယ်း မကောင်းတာကို ကောင်းတယ်ထင်အောင် ပြောတဲ့အခါ ပြော၊ ကောင်းတာကို မ ကောင်း ဘူး ထင် အောင် ပြော တဲ့ အ ခါ ပြော–

ဒီနေရာမှာ တိရစ္ဆာန်က လူသားတဦးကို လိမ်ညာပြောတယ်လို့ ရွတ်ချ ကဲ့ရဲ့တဲ့ အဖြစ် အပျက်တခုကို ပြောချင်ပါတယ်။

ဘုရားဟောဇာတ် အဋ္ဌကထာ အသီတိနိပါတ် မဟာဟံသ ဇာတ်ပေါ့၊ ဘုရားအလောင်းဟာ ရွှေဟင်္သာမင်းဖြစ်ပြီးတော့ ဟိမဝန္တာတောမှာ ဟင်္သာကိုးသောင်း အခြံအရံနှင့် အေးချမ်းသာယာစွာ နေပါတယ်။ ဟင်္သာမင်းနှင့်တကွ ဟင်္သာ အ ပေါင်း ကိုးသောင်းကို ဘေးအန္တရာယ်မှ စောင့် ရှောက် နေ တဲ့ စစ် သူ ကြီး ဟင်္သာက အာနန္ဒာ အလောင်းတော်သုမုခ ရွှေဟင်္သာဖြစ် ပါတယ်။

တနေ့တော့ ဗာရာဏသီပြည်သံယမမင်းကြီး ရဲ့ ခေမာအမည်ရှိတဲ့ မိဖုရားကြီးက အိပ်မက် မက်ပါသတဲ့။ အိပ်မက်ထဲမှာ ရွှေဟင်္သာမင်းက မိဖုရားကြီးကိုလာ၍ တရားဟောသတဲ့လေ၊အဲဒီ အချိန်ကစပြီး မိဖုရားကြီးမှာ ရွှေဟင်္သာမင်းကို ဖူးတွေ့ပြီး တရားနာချင်တဲ့ စိတ်ဆန္ဒက အလွန် ပြင်းပြနေပါတယ်။ မအိပ်နိုင် မစားနိုင် ဖြစ်နေ ပါတယ်။ မင်းကြီးက အကြောင်းကိုမေးတော့

ရွှေဟင်္သာ မင်းကို ဖူးတွေ့ တရားနာရမှ သူ ဆန္ဒပြည့်ပြီ ငြိမ်းမည့် အကြောင်း လျှောက်တင်သတဲ့။ သံသမ မင်းကြီးဟာ ခေမာ မိဖုရားကို အလွန် ချစ်ခင်လို့ အလိုလိုက်လေ့ ရှိပါတယ်။ ဒီတော့ မင်းကြီးက တော ကျွမ်းတဲ့ငှက်မုဆိုးများကို ခေါ်ပြီး ရွှေဟင်္သာကို ရှာဖွေဖမ်းဆီး ယူခဲ့ရန် အမိန့်ပေးပါသတဲ့။ မုဆိုးကြီးဘ ဦးက ရွှေဟင်္သာမင်းဟာ ဟိမဝန္တာမှာ နေတဲ့ အကြောင်း ကြားဖူးရုံသာ ကြားဖူးပါတယ်တဲ့။ ယူဇနာ သုံးထောင် အပြောကျယ် တဲ့ ဟိမဝန္တာနယ်မှာ လိုက်ရှာရမည့်ကိစ္စက အလွန် ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် ဗာရာဏသီမြို့ရဲ့ မနီးမဝေး တောစပ်ကြီးမှာ ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ သာယာသော ရေကန်ကြီးတူးစေပြီး အဲဒီ အနီးပတ်ဝန်းကျင် မှာ သလေး စပါးခင်းများ စိုက်ပျိုးပြီးနောက် 'ငှက်တို့အား ဘေးမဲ့ ပေးထားသော အဘယကန်တော်ကြီး' ဟုကြေငြာထားလိုက်ပါ။ အဲဒီအခါမှာ ငှက်အပေါင်းစုံ လာရောက်မြူးတူးပြီး စားသောက် ပျော်ပါးကြလိမ့်မယ်တဲ့။

ဒီသတင်းကို ငှက်မျိုးစုံတို့ထံမှ အဆင့်ဆင့်ပြန့်ပွားသွားပြီး တော့ ရွှေဟင်္သာမင်းတို့ထံရောက်သွားပြီး ရွှေဟင်္သာမင်းနှင့်တကွ ဟင်္သာအပေါင်း လာရောက်စားသောက် ပျော်ပါးကြလိမ့်မယ်။ အဲဒီတော့မှ ညွတ်ကွင်းထောင်ပြီး ရွှေဟင်္သာမင်းကို ဖမ်းယူဆက်သပေးပါမယ်လို့ မုဆိုးကြီးက လျှောက်တယ်။

ဗာရာဏသီ မင်းကြီးကလဲ မုဆိုးကြီးပြောတဲ့ အတိုင်း သာယာလှပတဲ့ ရေကန်ကြီး ကို တူးစေတယ်။ ကြာ ငါးမျိုး ပါး နဲ့ သဲ ပြည့်စုံစေတယ်။ ကန်ကြီး တဝိုက်မှာ သလေးစပါးခင်းများလဲ စိုက်ပျိုးထားစေတယ်။ ပြီးသည့်နောက် ငှက်တို့အား ဘေးမဲ့ပေးရာ အဘယကန်ကြီး ဟု လူတို့အား ကြွေးကြော်စေတယ်။ လာရောက်ကျက်စားတဲ့ ငှက်အပေါင်းကိုလဲ အနှောင့်အယှက် အပစ်အခတ် မလုပ်ကြရပါဘူး။ တိုတိုပြောရယင် ကိုးသောင်းသော ဟင်္သာအပေါင်းက မဟာဟံသဟင်္သာ မင်းကြီးကို ပူဆာလို့ ဒီရေကန်ကြီး ကို လာ ရောက် ကြပါ တယ်။ တနေ့မှာ ရွှေဟင်္သာမင်း ညွတ်ကွင်း ၌ မိပါတယ်။ ဘုရားလောင်း ဟင်္သာမင်းက ဟင်္သာအပေါင်းဘေး လွတ်ရာ ပြန်ပြေး နိုင်အောင် သည်းစွာသော အသံနှင့် အော်လိုက်ပါတယ်။ အဲဒီမှာ ဟင်္သာငှက်များအားလုံး အထိတ်တလန့် ပြန်ပြေးကုန်ကြတယ်။ သုမုခ စစ်သူကြီး ဟင်္သာကတော့ သူကိုယ်တိုင် ညွတ်ကွင်းမှာမမိပါပဲလျက် ဘုရားလောင်းအနားက မခွာပဲ စောင့်ရှောက်နေပါတယ်။ မုဆိုးကြီးလာတော့လဲ ပျံမပြေးပါဘူး၊ ဒီတော့ မုဆိုးကြီးက မေးတယ်—

"အကျွန်ုပ် အလိုရှိသည်မှာ ရွှေဟင်္သာမင်း ဖြစ်တယ်၊ အသင့်ကို အလိုမရှိပါဘူး၊ ဘေးလွတ်ရာကို ပျံသွားပါလို့" ပြောပေမယ့်လဲ သုမုခ ဟင်္သာက....

"သူ့မှာ စောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်း၊ ဖမ်းလျှင်လည်း အတူခံ၍၊ သတ်လျှင်လည်း အတူခံမည့်အကြောင်း" သာယာခြိမ့်စွာပြောတယ်။

မုဆိုးကြီးဟာ သုမုခ ဟင်္သာရဲ့ စကားကို အလွန် ကြည်ညို မြတ်နိုးသွားတယ်။ ဒီလိုနဲ့ပဲ ရွှေဟင်္သာနှစ်စီးစလုံးကို နန်းတော်သို့ခေါ်သွားရတယ်။ မင်းကြီးထံ ရောက်တော့ ရွှေဟင်္သာမင်း များဟာ အလွန်ချစ်ဖွယ်သော စကား၊ ကြည်ညိုဖွယ်သော စကား၊ တရားမွေ့ ပီသသော စကားများကို ကြားနာခဲ့ရပါတယ်လို့ လျှောက်တင်တယ်။ ဗာရာဏသီ မင်းကြီးနှင့်တကွ ခေမာ မိဖုရားကြီးတို့ကလဲ အလွန် နှစ်သက်မြတ်နိုးပြီး သုမုခ ဟင်္သာမင်းအား တရားဟောပါ၊ စကားပြောပါလို့ တောင်းပန်တယ်၊ သုမုခ ဟင်္သာက လုံးဝ မပြောပါဘူး။ နှုတ်ဆိတ်နေတယ်။

ဒီတော့....ဗာရာဏသီ မင်းကြီးက—

'ကြောက်ရွံ့လို့ စကားမပြောတာလား''ဟု မေးတယ်။ ဒီတော့မှ သုမုခဟင်္သာက....

''ကြောက်ရွံ့လို့ မပြောတာ မဟုတ်ပါဘူး၊ လူတွေနဲ့ စကားပြောရမှာ စက်ဆုပ်လွန်းလို့၊ စိတ်ကုန်လွန်းလို့ မပြောတာပါ''လို့....

ရဲရဲဝံ့ဝံ့ပြန်ပြောတယ်။ ဒီလို ပြောတော့ မင်းကြီးမှာ.... အောင့်သက်သက် ဖြစ်သွားတာပေါ့။

' လူတွေနဲ့ စကားပြောရမှာ ဘာဖြစ်လို့ စက်ဆုပ်ရတာလဲ''လို့ မေးတယ်။

''လူတွေဟာ အလွန်ကောက်ကျစ် ယုတ်မာတယ်၊ မဟုတ်မမှန်တာကို ပြောလေ့ရှိတယ်။ ပရိယာယ်များလွန်းတယ်၊ အခု ကြည့်ပါလား၊ ကြာမျိုးငါးပါးနဲ့ ရေကန်ကြီးကို တူးပြီး ငှက်တွေ ကြိုက်တတ်တဲ့အစာကို ဖန်တီးထားတယ်။ ပါးစပ်က ပြောတော့ ငှက်တို့အား ဘေးမဲ့ပေးထားပါတယ်လို့ ဆိုတယ်။ အဲ ဒီစကား နှင့် ညီအောင် မကျင့်သုံးပဲ အခု ကျွန်ုပ်တို့ကို ညွတ်ကွင်းထောင်ပြီး ဖမ်းလာတယ်။ ဒါလောက် ယုတ်မာကောက်ကျစ် လိမ်လည်တဲ့ လူတွေနဲ့ စကားပြောလို့ အပိုပဲပေါ့။ ကျုပ်တို့ တိရစ္ဆာန် ငှက်တွေဟာ ဘယ်တော့မှ ကောက်ကျစ်လိမ်လည်တဲ့ စကားမျိုးကို မပြောခဲ့ပါဘူး''လို့.... ဝေဖန် ရှုတ်ချလိုက်တယ်။

ကဲ...လူ့သားဖြစ်တဲ့ သံယမင်းကြီးက ဘာပြန်ပြောနိုင်တော့မှာလဲ....

အဲ...., အဲ.... နောက်တခုက ရယ်တယ်၊ ပြုံးတယ်ဆိုတဲ့ (အက်တင်မျိုး)ကို တိရစ္ဆာန်တွေက မလုပ်တတ်ကြဘူး၊ အက်တင်အလုပ်တတ်ဆုံး သတ္တဝါကတော့ (လူ)တွေပါပဲ။တကယ်ချီးမွမ်းစရာကောင်းတယ်နော်၊ အဲသည်တော့ တိရစ္ဆာန်တွေထက် လူက ပိုညာတတ်ကြတာပေါ့၊ နောက်ပြီးတော့ တိရစ္ဆာန်များက စည်းကမ်းရှိတယ်၊ လူတွေက စည်းကမ်းမရှိဘူး။ မယုံလျှင် ပြောပြမယ်၊ စဉ်းစားကြည့်ပါ။ ကုန်းနေသတ္တဝါတွေက ရေထဲကို ဆင်းပြီး မကျက်စားဘူး။ ရေနေသတ္တဝါတွေကလဲ ကုန်းပေါ်တက်ပြီး မကျက်စားဘူး။

'ဒါကတော့ သဘာဝက ဖန်တီးပေးတဲ့ သဘာဝ အခြေအနေအရပေါ့'လို့ ပြောကြမလား.... ကုန်းပေါ်မှာ တသက်လုံး နေတဲ့လူတွေက ရေထဲဆင်းပြီး မင်းမူချင်ကြတာတော့ ဘယ်လိုပြောမလဲ၊ 'ဒါကျတော့ လူတွေမှာ... တိရစ္ဆာန်တွေထက် ဉာဏ်ရှိလို့'လို့ ပြောမှာ မဟုတ်လား။ အဲသည့် လူ့ဉာဏ်ဆိုတာ မှန်သမျှ သူ့ဘာပါးကို ဒုက္ခပေးဖို့ချည်းပါပဲဗျာ....ကဲ ထားလိုက်ပါဦး။

အသားကို စားတဲ့ တိရစ္ဆာန်တွေက အသီးအရွက်ကို မစားဘူး။ အသီးအနှံကို စားတဲ့ တိရစ္ဆာန်တွေကလဲ အသားကို မစားဘူး၊ အဲ... လူတွေကျတော့ မဟုတ်ပေါင်၊ တွေ့သမျှ အသီးအနှံကိုလဲ စားတယ်၊ တွေ့သမျှ အသားကိုလဲ စားကြတယ်၊ ဒါကိုလဲ(ဇီတာမင်)တို့ (ပရိုတိန်း)တို့အတွက်လို့ ပြောကြဦးမှာပဲ မဟုတ်လား။

တိရစ္ဆာန် များဟာ ကိုယ်နှင့် အမျိုးတူရာ အုပ်စု အဖွဲ့အစည်းနဲ့ ညီညီညွတ်ညွတ် ပေါင်းသင်းဆက်ဆံနေလေ့ ရှိတယ်။ အကြီးအမှူး၏ သြဇာကို နာခံတယ်။ ကျုပ်တို့(လူတွေ)က လူမျိုးခြားကိုမှ ပိုအထင်ကြီးပြီးပေါင်းသင်းဆက်ဆံနေကြတာ အများကြီး။ အိမ်ထောင် ရက်သားတောင် ပြုလိုက်ကြသေး။ ကိုယ့်မိဘ သြဇာ ကိုယ့်ဦးစီးနာယကရဲ့ သြဇာကိုလည်း မနာခံချင်ကြဘူး မဟုတ်လား။ တိရစ္ဆာန်များက ကိုယ့် အရှင်သခင်အပေါ်မှာ အသက်ပေးပြီး သစ္စာရှိတတ်ကြတယ်လေ၊

လူတွေကဖြင့် သာပေါင်းညာစားနည်း များပါတယ်။

ဗုဒ္ဓမြတ်စွာ ဘုရားအား နင်းသတ်ရအောင် အချက်ကိုးမောင်း တိုက်လွှတ်လိုက်တဲ့ နာဠာဂီရိ ဆင်ကြီးကို မြတ်စွာဘုရားက မေတ္တာရှေ့ရှုပြီး ဆုံးမလိုက်တာ နာခံတယ်၊ ညီတော်တဝမ်းကွဲ ရှင်ဒေဝဒတ်ကို ဆုံးမလို့မရဘူး၊ မြတ်စွာဘုရား ရဲ့မေတ္တာကို မခံယူနိုင်ဘူး။

နောက်တခုလဲကြည့်ဦး....ကောသမ္ဗီ ပြည်မှာ မြတ်စွာဗုဒ္ဓ သီတင်း သုံးနေတော် မူတဲ့အခါ ပုထုဇဉ်ရဟန်းနှစ်ပါး အငြင်းအခုံ ခိုက်ရန် ဖြစ် ပွားကြတယ်။ ဖြစ်ရတဲ့ အကြောင်းက ဝစ္စကုဋ္ဌိ (အိမ်သာ)ထဲမှာ သန့်သင်္ဘရေ ကျန်ခဲ့တဲ့ကိစ္စ။ ဝိနည်းဓိုရ်ရဟန်းက သုတ္တန်ဆောင် ရဟန်းကို အပြစ်တင်တယ်။ သုတ္တန်ဆောင် ရဟန်းကလည်း ဒါဟာ (ဂရုအာပတ်) ကြီးကြီး ကျယ် ကျယ် အာပတ် မဟုတ်ပဲနဲ့သူ့ကို အရှက်တကွဲ အကျိုး နည်းအောင် ဝေဖန်ပြစ်တင် ပုတ်ခတ်ဘယ်လို့ ဆိုအယ်။ အမှန်ကတော့ ဒီကိစ္စကို တိုးတိုးတိတ် တိတ် မေတ္တာ ရှေ့ရှုပြီးပြေ ယင် ပြီးနိုင်တာ ပါ။ အခုတော့ ဝိနည်းဓိုရ်ရဟန်းက သူကဝိနည်း ဘော်ကို ဘယ်လောက် ရိုသေလေးစားတယ်လို့ ဂုဏ်ဖော်ချင်လို့ ပြောတာလည်း ဖြစ်နိုင်ပါရဲ့။

ဒီလို အငြင်းအခုံဖြစ်ရာက သူ့တပည့် ကိုယ့် တပည့်၊ သူ့အပေါင်းအသင်း ကိုယ့်အပေါင်း အသင်းတွေကပါ ဝိုင်းကူလာပြီး အဓိကရုဏ်း ဖြစ်သာဘယ်။ ဒါကို မြတ်စွာဘုရားက နှစ်ဦး နှစ်ဘက်ကို ဆုံးမတော် မူတယ်၊ အဲ....မြတ်စွာ ဘုရား ကိုယ်တော်တိုင်က ဆုံးမတာကို နာခံကြ သလား၊ မနာခံကြဘူးလေ။ ကိုယ့်မာနနဲ့ကိုယ်မို့ မြတ်စွာဘုရားကိုတောင် သူတို့က ပြန်လျှောက် လိုက်ကြသေးသတဲ့....၊

''အရှင်ဘုရား နေသာသလိုနေပါ ဘုရား၊ ဒီကိစ္စကိုတော့ တပည့်တော်တို့ဟာတပည့်တော် တို့ ရှင်းပရစေ'' ဆိုတဲ့ စကားအဓိပ္ပာယ်မျိုး.... ဒါသာကြည့်တော့....

မြတ်စွာဘုရားက သုံးကြိမ်သုံးခါ မေတ္တာ ထားကြဖို့ ပြောတော်မူတယ်။ သူတို့ကလည်း သူတို့စကားနဲ့သာ လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက အပေါင်းအသင်း များခြင်းကြောင့် အကျိုးမရှိဟု ဆုံးဖြတ်ပြီး ကောသမ္ဗီ ကျောင်းတော်မှ တောထဲကို တပါး တည်း ကြွသွား သီတင်းသုံးတော်မူတယ်။

တောထဲရောက်တော့ ဆင်ကြီးတကောင်က ဗုဒ္ဓမြတ်စွာကို သစ်သီးတို့ဖြင့် နေ့စဉ်လုပ်ကျွေး တယ်။ ခြေဆေးရေ၊ သုံးရေ၊ သောက်ရေ ခပ် လာပြီး ဝတ်ပြုတယ်။ ဒါဟာ တိရစ္ဆာန်ပါ။ ပလလဲ တောထဲမှာနေတဲ့အတွက် သူ့နာမည်က ပလလဲဆင်ကြီးလို့ ခေါ်ရမှာပေါ့။

တိုတိုပြောရလျှင် နောက်ဆုံး ရဟန်းများက နောင်တရပြီး မြတ်စွာဘုရားအား တောင်းပန် ဝန်ချ အပင့်လျှောက်လာကြတော့ ပလလဲဆင် ကြီးဟာ မြတ်စွာဘုရားကို မခွဲနိုင်ပဲ နောက်မှ တကောက်ကောက် လိုက်လာရှာတယ်။

လူတွေနဲ့ နီးလာတော့ မြတ်စွာဘုရားက....

''ချစ်သား....လူတွေက သင့်ကို အန္တရာယ် ပြုလိမ့်မယ် မလိုက်နဲ့၊ ဒီမှာပဲနေရစ်ခဲ့တော့'' လို့ ပြောတဲ့အခါ မြတ်စွာဘုရား ထားခဲ့တဲ့နေရာမှာ ဒူးပုဆစ်တုပ် ဦးချပြီး မျက်ရည်တွေတွေကျလျက် မြတ်စွာဘုရားကို ကြည့်မျှော်၍ နေရစ် ခဲ့ရှာ တယ်။ မြတ်စွာဘုရားလည်း သူ့မျက်စိအောက် က ပျောက်သွားရော....သူလည်း ရင်ကွဲနာနဲ့ သေ ရရှာရော။ အဲဒါ....တိရစ္ဆာန်ကြီးပါဗျာ။

အဲသည့် ဖြစ်ရပ်နှင့် ပတ်သက်ပြီး အချင်း စတင်ဖြစ်ပွားတဲ့ ဝိနည်းဓိုရ်ရဟန်းနှင့် သုတ္တန် ဆောင် ရဟန်း နှစ်ပါးတို့တော့ နတ်ပြည်ကို ရောက်သလား၊ နိဗ္ဗာန်ပဲ ဝင်ကြသလား... ကျွန် တော် စာထဲပေထဲမှာ မတွေ့မိပါဘူး။ (မန္တိစပ် ဘာလဲ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်) အဲ....

ပလလဲဆင်ကြီးကတော့ ချက်ချင်း နတ်ပြည်မှာ နတ်သား သွားဖြစ်သတဲ့။ ထို့ထက် နောက်ကမ္ဘာမှာ ပစ္စေကဗုဒ္ဓ ဘုရားငယ်တဆူ ဖြစ်လိမ့်မယ်လို့လည်း ဗုဒ္ဓမြတ်စွာက ဗျာဒိတ်စကား ဟောကြားတော်မူပါသတဲ့။

ကြည့်စမ်းပါဦး၊ လူနဲ့ တိရစ္ဆာန် ဒီနေရာမှာတော့ အကွာကြီး ကွာခြားမနေဘူးလား။ လူသားဖြစ်တဲ့ ထိုရဟန်းများက မြတ်စွာဗုဒ္ဓကို အနှောင့်အယှက်ပြုတယ်။ ဆုံးမတဲ့ အခါမှာတောင် မနာခံတဲ့အပြင် ပဋိပက္ခစကား ပြန်လျှောက်ထံတယ်။ ပလလဲဆင်ကြီးကဖြင့် ဆွမ်းကွမ်းမရနိုင်တဲ့ တောနက်ခေါင်ခေါင်မှာ မြတ်စွာဘုရားအား အလုပ်အကျွေး ပြုရှာတယ်။

'နေရစ်ခဲ့တော့'လို့ တခွန်းတည်းသာ ဆုံးမလိုက်ဘယ်။ အဲသည်နေရာမှာ တုံ့ဂနဲ့ ရပ်ပြီး ပုဆစ်ဒူးတုပ် ရှိသေနာခံတယ်။ သူ့ပရိဒေဝကို အသက်နဲ့ လဲပြလိုက်ရှာတယ်။ ကြည်ညိုစရာ ကြေကွဲစရာ တိရစ္ဆာန် အလိမ္မာကြီးပါလားဗျာ။

(ရွှေကုန်း–ရွှေဘ)နှင့် အတူတကွ ရတနာကိုးပါး ကကြိုးတန်ဆာများဖြင့် ဆင်ယင်ထားတဲ့ မင်းစီးဆင်ကို တောထဲမှဆင်တွေ၊ အရပ်ထဲ အလုပ်ထဲမှ ဆင်တွေက မြင်လို့များ နောလိုမဖြစ်ကြပါဘူး။ အဲ...တိရစ္ဆာန်ကို တိရစ္ဆာန်က မနာလို မဖြစ်ဖူးပေမယ့် တိရစ္ဆာန်ကို လူက မနာလို ဖြစ်ခဲ့ဖူးတဲ့ ထူးထူးဆန်းဆန်းအကြောင်း ဘုရားဟောဖူးတယ်။ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတခုပေါ့။

ဇာတ်ကြောင်းက ဒီလို–ရှင်ဘုရင်တပါးဟာ အခု ပြောသလို ကကြိုးတန်ဆာဆင်ထားတဲ့ ဆင်ကြီးကိုစီးပြီး တိုင်းခန်းလှည့်လည်တော့ ပြည်သူလူထုက ဆင်ကြီးကို ''ကျက်သရေရှိလိုက်တာ လှလိုက်ဘာလိမ္မာယဉ်ပါးလိုက်တာ'' လို့ ချီးမွမ်းကြသတဲ့။ အဲဒီတော့ လူဖြစ်တဲ့ ရှင်ဘုရင်က ငါ့တော့ မချီးမွမ်းကောင်းလားလို့ ကိုယ်စီးတဲ့ဆင်ကိုပဲ မနာလိုဖြစ်ပြီး ဆင်ကြီးကို သေရအောင် ဆင်ထိန်းနှင့် ချောက်မံပါကြီး အနားကို အတင်းအဓမ္မ သွားစေသတဲ့။ ဒီတော့ ဆင်ထိန်းက ရှင်ဘုရင်လူဆိုးကြီးရဲ့ ယုတ်မာပုံကို သူ အင်မတန် ချစ်ခင်ကြင်နာတဲ့ ဆင်ကြီးအား ပြောပြပြီး ကောင်းကင်ကို ပြန်တက်၍ တခြားသို့ ထွက်ပြေးကြရသတဲ့။ (ဆင်က တန်ခိုးရှိတဲ့ ဆင်ဖြူတော်ကြီးပေကိုး) အဲဒါ သာ ကြည့်တော့ လူက တိရစ္ဆာန်ထက် မိုက်လုံးကြီးနေတာလေ။

ထို့အတူပဲ အဂ္ဂဟော သေနာပတိဇော်သုကြီး စီးလာတဲ့ စစ်မြင်း အာဇာနည်ဂလဲ ကုန်ခဲည်တို့ရဲ့လည်းကို ဆွဲနေရတဲ့ မြင်းသာမန်ဝန်ဆောင်ဝန်ဆွဲမြင်းအပေါ်မှာ ဟိတ်ဟန်မာနနဲ့ မလွှားပါဘူး။ မထိမဲ့မြင် မရှိတတ်ကြပါဘူး။ အဲ... လူတွေကဖြင့် ကြီးပွားတဲ့လူ၊ စားရတဲ့လူ၊ အောင်မြင်တဲ့လူကိုဆိုယင် အလိုလို မလိုတာမာ ဖြစ်ကြပါရော့။ ဣဿာမစ္ဆရိယဆိုတဲ့ စိတ်မျိုးဟာ လူတွေမှာသာ ရှိတတ်ကြတာကိုး။ အဲသည် စိတ်မျိုးကို မကြာ မကြာ ကျွန်တော်ကိုယ်တိုင် ဖြစ်ခဲ့လို့ တွေးကြည့်မိဖူးပါရဲ့....

ငါ့နှယ် အလကားသက်သက် အကုသိုလ်ဖြစ်နေသိုက်တာနော်၊ အကုသိုလ် ဖြစ်တာချင်း အတူတူ ဒမြသွက်တိုက်သိုက်တာကမှ အဖမ်းမခံရသေးခင် မြို့မြိုးမြက်မြက် စားလိုက်ရဦးမယ်၊ အခုဟာက တဖဲ့–တရွဲ့မှ စားရသောက်ရတာမဟုတ်ပဲ (အချောင်ငရဲကြီးနေတယ်)လို့ ကိုယ့်ကိုကိုယ် ဆုံးမရတယ်၊ ဒါလဲ လူမို့ ဒီစိတ်မျိုးဝင်လာတာ ဖြစ်မှာပေါ့လေ။

'မျောက်ဖို စိန်....မျောက်ဖို စိန်'နဲ့ နာမည်ကြီးလွန်းလို့ အကြောင်းကို မေးကြည့်ဖူးပါတယ်၊ မျောက်ကလေးတွေက မင်းသားလို မင်း

သမီးလို ဝတ်ပြီး က ကြတာတဲ့၊ ဘေးက ရှေး သီချင်းဆိုပေးလျှင် ရှေးအက ကို က,ပြီး ခေတ်ပေါ် ဒစ္စကိုတီ လုံးကို တီးပေးလျှင် ဒစ္စကိုအက တွစ်(စ်)အက က ကြတယ်ဆိုပဲ။ ပြဇာတ်ထွက်လျှင်လဲ ဘယောက်က အဲလေ....တကောင်က ခြောက် လုံးပြူး နှင့် ဒိုင်းကနဲ ပစ်လိုက်လျှင် တကောင်က ဗိုင်းကနဲ လဲသေပြလိုက်သတဲ့။

ပဋ္ဌာစာရီ ဇာတ်များပြလျှင် ကိုဒါသလုပ်တဲ့ မျောက်ကလေးကို မြွေကကိုက်လိုက်တယ်ဆိုလျှင် ဗိုင်းကနဲ တုံးလုံးလှဲနေလိုက်တာ လှုပ်ကို မလှုပ်တော့ဘူးတဲ့လေ၊ အဲဒီအခါ ပဋ္ဌာစာရီလုပ်တဲ့ မျောက်မလေးက ရင်ကို ထုထုပြီး ငိုလိုက်၊ သူ့လင်ရဲ့အလောင်းကို ခြေစမ်းစမ်း လက်စမ်းစမ်း လုပ်လိုက်နဲ့ တယ်ပြီး ရယ်ရသကိုး၊ ဒါတွေကို မျောက်ကလေးတွေက လိမ္မာလိုက်တာ လိမ္မာလိုက်တာနဲ့ ရှုပြည့်အောင် အားဖေးကြည့်ရှုကြတယ်။ သူတို့အဖွဲ့က တညကို နှစ်ပွဲ သုံးပွဲ က,နိုင်တယ်တဲ့။ ကြည့်တဲ့လူကလဲ ပွဲတိုင်းပြည့်တယ်။ ဒါကြောင့် တော်ရုံဇာတ်တွေ နာမည်ကြီးတဲ့ လူဇာတ်တွေက ရှောင်ကြရတယ်တဲ့လေ။

ဒီလို ပြောကြတဲ့ စကားထဲက ကျွန်တော်က ပေါက်ဖေါက်ရှာရှာ စဉ်းစားလိုက်မိပါတယ်။ ဘယ်လိုလဲဆိုတော့....


ဩော်....မျောက်ကလေးတွေကို ခိုင်းတဲ့ အတိုင်း တသွေမတိမ်း လိုက်လုပ်ဖို့ လူဆရာက ဘယ်လောက်များ သည်းခံပြီး သင်ပေးရမလဲ။ အေးလေ သင်ပေးလို့ လူကြိုက်အောင် တတ်လာပြန်တော့ သူ့အတတ် သူ့ပညာအလုံးဖော် အကျိုးကျေးဇူး ခံစားရမှာပဲ။ လူ-လူချင်းသာ သင်ပေးလို့ ဒီလောက် နာမည်ကျော်လာလျှင် ဘပဉ္စက ဇာတ်ခွဲပြီး ထောင်ချင်လဲ ထောင် ထွက်သွားရော၊ သူများက သွေးထိုးသိမ်းသွင်း ဆွဲထုတ်သွားလျှင် ဆရာကို ကာပြန်ပြီး ပါသွားကြမှာပေါ့၊ အခုတော့ တိရစ္ဆာန်ကလေးတွေမို့ ပေးသမျှစား၊ ဆင်သမျှဝတ်၊ ခိုင်းသမျှ က,ပြီး မတော့ ဆရာက သူ့ပခုံးပေါ် တင်ခေါ်သွားလဲ လိုက်ပါသွားကြမှာပဲ၊ ဆရာရော တပည့်ပါ စိတ်ချမ်းသာ နေကြမှာလေ။

စဉ်းစား ကြည့် စမ်း၊ တိရစ္ဆာန်လောကမှာ ကိုယ်ကြိုက်လျှင် ကိုယ့်ဟာကိုယ်ကြိုးစား၊ ကိုယ်ရှာရလျှင် ကိုယ့်ဟာကိုယ်စား။ အောင်သွယ်၊ ဒလန်၊ ပွဲစား၊ ခေါင်းပုံဖြတ်၊ လာဘ်ပေးလာဘ်ယူ မျက်နှာလို မျက်နှာရ လောကွတ်ချော်ကြတယ်လို့ မရှိဘူး၊ လူ့လောကမှာဖြင့် အဲဒီလို လူမျိုးတွေ ခြေချင်းလိမ်နေကြတယ်။

တိရစ္ဆာန်ဆိုတာ အပါယ်လေးပါးမှာတပါး အပါအဝင်ဖြစ်ပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်လို့ ဆိုကြတယ် မဟုတ်လား။ လူကတော့ ကာမသုဂတိဘုံသားတဲ့။ ဟုတ်တော့ ဟုတ်ပါတယ်။ လူ့ဘဝမှာ လူသိုနေ၊ လူသိုကျင့်၊ လူသိုကြံလျှင်တော့ လူဖြစ်ရကျိုး နပ်မှာပေါ့၊ ယခု တဘဝမှာ လူလာဖြစ်ပြီး နောက်ဘဝမှာ တိရစ္ဆာန်ဖြစ်ရမယ့် လူမျိုးတော့ ဖြစ်ချင်စရာ မကောင်းပါဘူး။

လူဆိုတာ အ ညွန့်တ လူ လူ နဲ့ ရှိရမှာပေါ့၊ အညွန့်တလူလူဆိုတာ ကြွား ဝါ ဖို့ ပြော တာ မဟုတ်ပါဖူး၊ လူ့ဘဝမှာ သံသရာ တလျှောက်လုံးအတွက် တိုးတက် မြင့်မားလာဖို့ပေါ့၊ အခုတော့ ကျွန်တော်တို့ လူတွေမှာ နတ်ရွာ နိဗ္ဗာန်လမ်းကိုမှန်းဖို့ အမှုဟာ စိတ်မပါ၊ နေရာဟောင်းကို ပြန် အောက် မေ့ တာ၊ လေးဘုံ အပါယ်ရွာလို့ ဆိုတဲ့ ဆရာကြီး ဦးပြုံးချိုရဲ့ တေးဘုမှာ သီချင်းအတိုင်း နေရာဟောင်းကို တယ် ပြန်ချင်ကြဘာကိုး ....

တိရစ္ဆာန် အမျိုးအစား အချို့ဟာ သူတို့ ဝမ်းစာအာဟာရအတွက် တကောင်နဲ့တကောင် ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ်စားကြပါတယ်၊ မိမိကို အန္တရာယ် ပြုလာသူများကိုလဲ မညှာမတာ ရက်ရက်စက်စက် ပြန်လည် ခုခံ တိုက်ခိုက်ကြပါတယ်။ အသဘာနေယင်း သတ်ဖြတ်နေကြတယ် မရှိပါဘူး၊ အဲ....သူများအသက်ကို သတ်လျှင် 'ငရဲကြီးတတ်တယ်'လို့ ဆိုထားကြတယ်ဆိုတဲ့ လူတွေက တကောင်တလေ တယောက်တလေ ကိုသာမက ကလေးသူငယ် လူအို လူမင်းတွေပါ မကျန် 'မျိုးလုံးပြုတ်'၊ 'ပြည်လုံးပြုတ်' 'တိုင်းလုံးပြုတ်'အောင် သတ်ကြဖို့ လက်နက်ကြီးတွေ လုပ်နေကြတယ်မဟုတ်လား၊ အေးလေ... ကျုပ်တို့က တိရစ္ဆာန်မဟုတ်တဲ့ လူတွေပဲကိုး... ॥ ॥





# အင်္ဂုလိမာလသုတ်

မင်္ဂလ ရတန မေတ္တာ၊
ခန္ဓ မောရ ဝဋ္ဋ ဓဇဂ္ဂါ၊
အာဋာနာဋိယ အင်္ဂုလိ၊
ဗောဇ္ဈင်္ဂ ပုဗ္ဗဏှ သုတ္တန္တိ၊
သို့လာရှိသား ပါဠိအာသာ၊
ဂါထာဖွဲ့ရစ် သုတ်ဆယ့်တစ်။

မြင်းခြံမြို့ ကိုးဆောင်ဘိုက် ဆရာတော်ဘုရားက ပရိတ်ကြီး (၁၁) သုတ်ကို ဤသို့ လင်္ကာဖွဲ့စီထား၍ မှတ်သားမိရန် အလွန်လွယ်ကူသွားပါသည်။

ပရိတ်ဟူ၍ ခေါ်ရသည်မှာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ ဘေးဥပဒ် အန္တရာယ်များ မဝင်ရောက်စိမ့်သော ငှာ တံတိုင်းကာသကဲ့သို့ အရံအတား၊ အဆီးအပိတ်၊ အကာအကွယ်ပြုသည့်သဘောကို ပရိတ်ဟု ခေါ်သည်။

ထို့ကြောင့် ဆရာတော်က....

''လေးရှစ်ဆယ်ပါး၊ နယ်သွားပတ်ယှက်၊ ရပ်သက်ဝန်းကျင်၊ ဘေးများဖြင်တို့၊ မဝင်စိမ့်ငှာ တံတိုင်းကာသို့၊ ကောင်းစွာဆို့ပိတ်၊ သို့နိမိတ်ကြောင့် (ပရိတ်) ပညတ်၊ ဘွဲ့ထူးတပ်၏'' ဟု စပ်ဆိုတော်မူသည်။

ပရိတ်တော်တို့မှာ ဘုရား၏ ဂုဏ်တော်၊ တရား၏ ဂုဏ်တော်၊ သံဃာ၏ ဂုဏ်တော်နှင့် တန်ခိုးအာနုဘော်ရှိန်စော်ကြီးမား၊ နတ်သိကြား များ၏ အာဏာစက် စကားများ 'သစ္စာစကား' များသာ ဖြစ်ကြသည်။ ထိုပရိတ်ကြီးပါ သုတ်တော်တို့ကို မိမိကိုယ်တိုင်လည်း ရွတ်ဆိုကြသည်။ သီလသမာဓိကြီးမားသော ရှင်လူရဟန်းများက ရွတ်ဆိုကြသည်ကို နာယူကြသည်လည်း ရှိသည်။

ယုံကြည်မှုနှင့် ရိုသေမှုတို့မှာ အဓိက တရားများဖြစ်ကြသည်။သုတ်ပါထေယျလာ ပရိတ်ရွတ်သူ၏ အင်္ဂါ (၃)ပါးတို့ကား...

(၁) မိမိရွတ်ဖတ်သော ပရိတ်တော်၏အနက် အဓိပ္ပာယ်ကို သိခြင်း။

(၂) ပရိတ်တော်၏ ပါဠိ၊ ပုဒ်၊ ဗျည်း၊ အက္ခရာ၊ ဌာန်၊ ကရိုဏ်းတို့ကို ကျနမှန်ကန်စွာ ရွတ်ဖတ်ရခြင်း။

(၃) ပရိတ်နာသူ အပေါ်၌ လာဘ် စသည် မငဲ့ပဲ စာကယ့် ကောင်းမြတ် စင်ကြယ်

သော မေတ္တာ၊ စေတနာ ထားရှိရခြင်း ဟူ၍ ဖြစ်သည်။

ပရိဘောဂသူ၏ အင်္ဂါ (၃) ပါး ဟူ၍ လည်း ဤသို့ လာရှိသည်။

(၁) အားကြီး လွန်စွာသော မကောင်းမှု အကုသိုလ်ဟူခေါ် ကမ္မာ ဝရဏ မရှိခြင်း။

(၂) မှားသောအယူ မိစ္ဆာ ဒိဋ္ဌိ ခေါ် 'ကိလေသာ ဝရဏ' မရှိခြင်း။

(၃) ပရိဘောဂ ကို မရိုသေ မလေးစား မယုံကြည်ခြင်း ဟူသော 'အသဒ္ဓဟနတာ' မရှိခြင်း။

မင်္ဂလသုတ်မှ ပုဗ္ဗဏှသုတ်အထိ သုတ် (၁၁) သုတ် အနက်၊ အင်္ဂုလိမာလ သုတ်မှာ အတိုဆုံး သုတ်ဖြစ်လေသည်။ သုတ်တိုင် တွင် သက်ဆိုင်ရာ သုတ်၏ဂုဏ်ကျေးဇူး များကို ပဏာမအမှာ ဟူ၍ ရှိရာ ထိုအင်္ဂုလိမာလ သုတ်၏ ပဋ္ဌိတော် စာကိုယ်မှာအမှာ ထက်ပင် တိုနေသယောင် ရှိသည်။

သုတ်တိုင်း၌ အတိတ် ဝတ္ထု သော်လည်း ကောင်း၊ ပစ္စုပ္ပန် ဝတ္ထု သော်လည်း ကောင်း အကြောင်းအတ္ထုပ္ပတ်များ ရှိကြသည်။ ထိုအင်္ဂုလိမာလသုတ်၏ အကြောင်းအတ္ထုပ္ပတ်မှာ မြတ်စွာ ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး အနက် စတုတ္ထအောင်ခြင်းနှင့် ပတ်သက် နှီးနွယ် နေ သော ကြောင့် ထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။

အင်္ဂုလိမာလ သူခိုးကြီး အကြောင်းကို အတော်များများသိပြီးကြပြီ။ ခိုးသူကြီး မှ၍ [ပရိတ်ကြီးတွင် ပါသော (=စာရ) ဟူသည့် ပဋ္ဌိမှ မြန်မာ ပြန်သော (ခိုးသူ) ဟူသည်မှာ ရပ်ထဲရွာထဲတွင် အိမ်များတိုက်များ၌ ညအခါ ဝင်ခိုးသည့် 'ဂါချည်-ပါချုံ' သူခိုး အငယ်စားကလေးများကို ဆိုလိုသည် မဟုတ်]

တိုင်းပြည် အားလုံး တုန်လှုပ် ချောက်ချားအောင် ပြည်သူ ပြည်သား တို့အား အန္တရာယ်ပေးတတ်သည့် တကိုယ်တော် သူသတ်သမားမျိုး ကို ဆိုလိုပါသည်။

သာဝတ္ထိပြည် ကောသလ ဘုရင်၏ ပုရောဟိတ် ဖြစ်သော အန္တက ပုဏ္ဏားကြီး၏ မယား မန္တာနီပုဏ္ဏေးမက (အင်္ဂုလိမာလ) ဟု ခေါ်ရမည့် သားကို ဖွားမြင်သည်။ စောရနက္ခတ်နှင့် ယှဉ်၍ ဖွားသည့်အတွက် နောင်အခါ တိုင်းပြည်တဝန်း သောင်းကျန်းသူ ဖြစ်လိမ့်မည်ဟု ပုရောဟိတ် ဆရာကြီးက ကောသလ ဘုရင်ကြီးအား ပြောကြားပြီးလျှင် သတ်သင်လိုလျှင် သတ်သင်ပါဟု သားငယ်ကို အပ်သည်။

ကောသလမင်းကြီးက 'သူ နန်းကို မလုလျှင် တော်ပြီ' ဟု ပုရောဟိတ် ဆရာကြီးအား သားကို ပြန်၍ပေးသည်။ နိုင်ငံ တဝန်းကို မညှဉ်းပန်း မနှိပ်စက် စေအုံသော ငှာ (အဟိံသက) ဟု မင်္ဂလာကင်ပွန်းတပ်၍ နာမည် မှည့်သည်။

အဟိံသကဆိုသည်မှာ (မောင်မညှဉ်းပန်း မောင် မနှိပ်စက်၊ မောင်ကြင်နာ) ဆိုသည့် အဓိပ္ပာယ်မျိုး သက်ရောက်သည်။ မိဘ ဆွေမျိုး များသည် ဖြစ်စေလိုသည့် ဆန္ဒနှင့် ချူချာလွန်းသည့် ကလေး ငယ်ကို (မောင်သံချောင်း) ဟု မှည့်ခေါ်သည့် သဘောမျိုးဖြစ်ပါသည်။

ပညာသင်ချိန်ရောက်သော အရွယ်တွင် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာ့ထံ လွှတ်၍ ပညာသင်စေသည်။ ပုရောဟိတ် ဆရာကြီးသည် ကောသလ ဘုရင်၏ အဘိုင်ပင်ခံ ပညာရှိဆရာကြီးဖြစ်၍ လောကီ ပညာ ရပ်များကို မိမိကိုယ်တိုင်က သင်ကြားပေးနိုင်ပါသည်။ သို့လင့်ကစား သားငယ်ကိုကျိုးနွံ လာစေရန် ရေခြား၊ မြေခြား တိုင်းတပါးရှိ သူစိမ်း ထံ ပို့လိုက်ခြင်းဖြစ်သည်။

ဆရာ့ထံ ပညာသင်ယူရာတွင် နည်းသုံးမျိုး ရှိသည်။

၁။ ဆရာ့ကို ပစ္စည်းဥစ္စာများဖြင့်ကန်တော့၍ သင်ယူခြင်း။

၂။ အိမ်ပြင်ပ ကျောင်း၏ဝေယျာဝစ္စများကို ကာကွန် ကျေအောင် လုပ်ဆောင်ပေးပြီ သင်ယူခြင်းမျိုး။

၃။ အိမ်အတွင်းအလုပ်ကိစ္စဆရာ၏ဝေဝကြီးဝတ်ဝေယ်တို့အစ ထမင်းချက်၊ ရေခပ်ကျောက်ကျွန်တို့ ကဲ့သို့ အောက်ခြေသိမ်းအစ အပါးခံကာ သင်ယူခြင်းမျိုး။

ဤသုံးမျိုးတို့တွင် အဟိံသကအား သူ့ဖခင်က အဆင့်အတန်း အနိမ့်ဆုံး ထမင်းစားကျွန်ခံတာညှ် အဖြစ်ဖြင့် သင်ယူစေသည်။ ကံဘရားဟူသည်ကား ဆန်းကြယ်လှသည်။ မဆိုးသွမ်း၊ မတက်ကြွ၊ မထက်မြက်စေလိုသော သဘောဖြင့် ဖခင်ပညာရှိကြီးက ဤသို့ အောက်ကျနောက်ကျ လွှတ်လိုက်ခါမှ အဟိံသကအား ဆိုးသွမ်းအောင် တက်ကြွအောင် ထက်မြက်အောင် လမ်းစခင်းပေး လိုက် သည် နှင့် တူနေ ပါသည်။ အဘယ်ကြောင့် ဆိုသော်—

အဟိံသကသည် ပုရောဟိတ် ပညာရှိကြီး၏သား ပီသစွာ ယဉ်ကျေးလှပါသည်။ 'ဒ က္ခစိနိဝါတ' တရားများ မျိုး ရိ အညီက် ရှိပါသည်။ ကျင့်သုံးပါသည်။ ဆရာကြီး နှင့် ဆရာကတော်တို့အားမိဘနှင့်မခြားအောက်ခြေသိမ်းဝေဝကြီးဝတ်ဝေယ်ပြုလုပ်ဆောင်ရွက်ပေးပါသည်။ပညာအရာ၌ (အရိပ်ပြအကောင်ထင်-တထွာပြစလံမြင်) ပါသည်။

ထို့ကြောင့် တိုင်းပြည်အသီးသီးမှ လာကြသော မင်းညီမင်းသားများ၊ မင်းဆွေ မင်းမျိုးများ ပညာသင်တာသည့်ဘို့အကြားတွင် ဦးခေါင်းတသုံး ပိုမြင့်သလို သိသိသာသာကြီး ထင်ရှားနေဘောသည်၊

ဒါကို တပည့်တိုင်းက မနာလိုတိရှည် ဖြစ်ကြသည်၊ ဆရာကြီး နှင့် ဆရာကတော်တို့က သားတပည့်အနန်ဖြင့် အခရေးပေးသည်ကိုသဝန် ကြောင်ကြသည်။ ထို့ကြောင့် အသက်အရွယ်ကြီးလွန်းသေးသော ဆရာကတော်နှင့် အဟိံသကအား ယှဉ်ဘက်ပတ်စွပ်စွဲ အကျိုးနည်းအောင် ကုန်းတိုက်ကြလေသည်။

သတ္တဝါတို့၏ကံ ခြွေအနုအရင့်ကိုထောက်ခံ၍ သိ စွမ် နိုင် သော ဉာဏ် ဖြင့် သာ သိနိုင် လျှင်တက္ကသိုလ်ဆရာကား ပုထုဇဉ်အဖြစ်ဖြင့်သာသံသရာက် ဆက်၍သွားမည့် ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်လျက်အဟိံသက တပည့်ကျော်မှုကား (ဧတ္တိဒေဝိက) သံသရာရှိ ဆုံးဘဝ၏ နိဂုံးရေးရိယာလောက် ကြီးစင်စစ် တိဟိတ်ပုဂ္ဂိုလ် ဖြစ်နေသည်ကို သိမြင်နိုင်ပေလိမ့်မည်။

ဆရာက အများကုန်းတိုက်သည်ကို ယုံကြည်သည်။ မယားထိခေါးကြည့်ဟူသောစိတ်ဖြင့်အဟိံသကအား သတ်ပစ်လိုသည်။ သို့သော် ဆရာကတပည့်ကို ကိုယ်တိုင်လက်ရောက်သတ်ရမည်မှာ မြင်၍သည်း မလျော်၊ ကြား၍လည်းမကောင်း၊ လူအပေါင်းတို့ ကဲ့ရဲ့စရာဖြစ်လိမ့်မည်။

ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် လူ့လက်ညှိုးပေါင်း(၁၀၀၀)တထောင် ဖြတ်ယူပေးနှင့်ဆရာ၏ ဉာဏ်ပူဇော်ခအဖြစ် တောင်းဆိုသည်။ လက်ညှိုးပေါင်း (၁၀၀၀) ဆိုလျှင် အနည်းဆုံး လူ(၅၀၀)သတ်ဖြတ်၍ဖြတ်ယူပါမှရမည်။သတ်ယူ၍ရ။ မည်သူကမျှ (အင်္ဂုလိမာလ) လူဒါန်းမည်မဟုတ်၊ ထိုပြင်အသတ်ခံရသောလူများစွာတို့၏ဆွေမျိုး မိဘ သားချင်းများ ကလည်း လျှင်လျှူရှုထားကြမည်မဟုတ်၊ တစုံတဦးသောသူ၏ လက်ချက်ကြောင့်ဖြစ်စေ၊ ဆွေမျိုးစုက ဝိုင်းဝန်းသတ်ဖြတ်၍ဖြစ်စေ ဘုရင်မင်းတရား၏ အကွပ်အညှပ်ကြောင့် ဖြစ်စေ တနည်းနည်းဖြင့် သေရမည်မှာ မုချဆတ်ဆတ် ဖြစ်သည်။

ထို့ကြောင့် ဒိသာပါမောက္ခဆရာက သူ၏ကိုယ်စား အချပ်ကာသက်ပေးအောင်က လိမ်ဉာဏ်နောက်၊ မြားကောက်ဖြင့် ပစ်သိုက်ခြင်းသာ ဖြစ်သည်။ အဟိံသကတို့လိုလူစားမျိုးသည်မိဘဆရာ

သမားများတို့၏ စကားပြောဝါဒကို 'ဆင်ခြေဆင်လက်' စောဒကမတက်ပဲ အလေးအနက် ဦးထိပ်ရွက်ပန်ဆင်ကြသူများသာဖြစ်သည်။ ထို့ကြောင့် ဓားကိုသာဆွဲ၍ ထွက်ခဲ့သည်။

တောအုပ်အကြား ခရီးသွားမှန်သမျှ မိန်းမ ယောက်ျားမရွေး လူကိုသတ်၍ လက်ညှိုးများသာ ဖြတ်ယူသည်။ ရသမျှ လက်ညှိုးတို့ကို သစ်ခေါင်း သစ်ခွဘို့၌ တင်ထားလိုက်သည်။ တနေရာသို့သွား၍ လူကိုသတ်ပြီး လက်ညှိုးကို ဖြတ်ယူခဲ့ပြန်သည်။

ယခင်ထားခဲ့သော သစ်ခွကြားမှ လက်ညှိုးဖြတ်များမှာကျေးငှက်စသော သားစားတိရစ္ဆာန်များက တွေ့ရှိစားမျိုခဲ့ကြခြင်းကြောင့် လူတွေသတ်ရသလောက် အဖတ် မတင်အောင် ရှိခဲ့ရသည်၊ ထို့ကြောင့် လက်ညှိုးများမပျောက်မပျက်နိုင်အောင် နွယ်ကြိုးဖြင့်သီ၍ လည်ပင်းတွင် စွပ်ထားလိုက်သည်။

ခြင်းခြင်းနီသော သွေးတို့သည်သူ၏ရင်ဘတ်ပေါ်၌ တစက်စက်ကျ၍ ခြောက်သွေ့ ကုန်ကြသည်။ လက်ညှိုးများ တိုးပွား၍လာသောအခါ ပန်းကုံးစွပ်ဆင်ထားသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် (အင်္ဂုလိ=လက်ညှိုး လက်ချောင်းများ။ မာလ=ပန်း) အင်္ဂုလိမာလဟု အမည်တွင်သွားသည်။

သာဝတ္ထိပြည်၏ မြို့စွန် မြို့နား တောရွာအများ၌ အင်္ဂုလိမာလ အန္တရာယ်က ကြီးကျယ်သည်ထက် ကြီးကျယ်လာသည်၊ ရွာသူ ရွာသားတို့မှာ အလုပ်ပျက် အကိုင်ပျက် နေ့နေ့ညညကိုယ့်အိမ်ထဲမှ ကိုယ်မထွက်ရဲအောင် ကျိုးလန့်စာစားဖြစ်နေကြသည်၊ ကောသလဘုရင် ရွှေနားတော်အရောက် သတင်းဆိုးကြီး ပေါက်ခဲ့သောကြောင့် ဘုရင်ကိုယ်တော်တိုင် မြင်းစစ်သည်(၅၀၀)နှင့် ထွက်၍ သက်ရဖမ်းဆီးရတော့မည့် အခြေအနေဖြစ်လာသည်။ အဟိံသက၏ မိခင်သည် သားကို လွှတ်ရာသို့ ပြေးဖို့ အသိပေးမှ ဖြစ်တော့မည်။ သားရှိသည်ဟုဆိုရာတောအုပ်သို့ စွန့်စွန့်စားစား မိန်းမသားတန်မဲ့ လိုက်လာခဲ့သည်။

ဤနေရာတွင် ဖခင်၏ မေတ္တာနှင့် မိခင်၏ အချစ်ကို စီပစ်ဆင်ခြင်သိမြင်နိုင်စရာ ဖြစ်သည်။ တောလမ်းတောင်လမ်းခရီးကြမ်းနှင့် အန္တရာယ်အသွယ်သွယ်တို့ကို ရင်ဆိုင်နိုင်ဖို့ရာမှာ နုနယ်သော မိန်းမသားထက် ယောက်ျား၏စွမ်းပကားက ပိုမိုသင့်လျော်သည်မှန်သော်လည်း၊ သား၏အသက်ဘေးကို နွေးထွေးသော ရင်မှဖြစ်သည့် မိခင်၏ မေတ္တာ ကရုဏာက အတိုင်းအတာမရှိ ပိုလွန်နေပါသောကြောင့် မိခင်ကသာ လိုက်လာခဲ့ခြင်းဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရပုံမှာ ထိုနေ့က အဟိံသက၏လည်ပင်းရှိ လက်ညှိုးပန်းကုံးမှာ လက်ညှိုးပေါင်း (၁၀၀၀) ပြည့်ဖို့ တချောင်းသာလိုတော့သည်။ (၉၉၉)ချောင်းသီထားပြီး ဖြစ်သည်။ မိခင်ကအဝေးကပင်သားကိုမြင်၍ "သားရေ ကောသလမင်းကြီးကိုယ်တိုင် မြင်းစစ်သည်ငါးရာနှင့်သားကို လက်ရ ဖမ်းရအောင် လာနေပြီ၊ ငါ့သားလွတ်ရာ ပြေးပါလေတော့" ဟု ပြောသည်။ အဟိံသကက လိုနေသောလက်ညှိုး တချောင်းအတွက် မည်သူ့ကိုမျှ မတွေ့သည့်အဆုံး မိခင်ကိုပင်သတ်၍ ဖြတ်ယူတော့မည်ဟု မိခင်ရှိရာသို့ ပြေးသွားသည်။

သတ္တာဝါအနန္တကို အပါယ်ငရဲမှ ကယ်တင်ရာ၌ အတုမရှိသော မဟာကရုဏာ ရှင်ဗုဒ္ဓဘုရားသခင်သည် အင်္ဂုလိမာလ မထေရ်ဟူသော ဘွဲ့တော်ဖြင့် 'အသီတိသာဝက' အပါ အဝင်ရဟန္တာလောင်း အဟိံသက လုလင်အားမိခင်ကိုသတ်မိခြင်း အနန္တရိယကံ ဝမ္မအန္တရာယ်မှချမ်းသာခွင့်ရလေအောင် လျင်မြန်စွာ ယင်ရှားစွာ ရပ်တော်မူလာသည်။

အဟိ သကာ၏ အမြင်ကား ဗုဒ္ဓ ဘုရားရှင်သည် အချည်ဝါသိတော်ပျော်ရဟန်းကြီးတပါးသာတည်း။ ထို့ကြောင့်မိခင်အစား ရဟန်းကြီးကိုသာ၍ လက်ညှိုးကိုဖြတ်ယူရန် လိုက်လေဘော့သည်။ အပြေးအလွှားအခုန်အပျံ သန်လှမြန်လှသောအဟိ သကာကစကြံကြွနေသောဗုဒ္ဓကိုမမီနိုင်ချေ၊ မောဟိုက်ပင်ပန်း၍နေ၏။ ထို့ကြောင့် အဟိ သကာက အရှင်ရဟန်းကြီး ရပ်ဦးလော့” ဟု ဆို၏၊

မြတ်စွာဘုရားက “ငါကားရပ်၏၊ သင်သာ မရပ်သည်” ဟုဆို၏။

အဟိ သကာက– “ရဟန်းဖြစ်လျက်နှင့်မုသားစကားဆိုရသလား၊ ယခု သင်သွားနေသည်မဟုတ်လား” ဟု ပြော၏။

မြတ်စွာဘုရားက– “ငါသည် ပါဏာတိပါတစသော မကောင်းမှု ဒုစရိုက်တို့ကို မကျူးလွန်သောကြောင့် အပါယ်လားခြင်းမရှိ၊ နိဗ္ဗာန်၏ တံခါးဝ၌ ရပ်နေသောသူ ဖြစ်၏။ သင်သာ လူသတ်သော ဒုစရိုက်တို့ကို ကျူးလွန်နေသူဖြစ်၏။ ထို့ကြောင့် – ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ် လေးပါးတို့၌ ဘဝသံသရာအဆက်ဆက်ပြေးလွှား နေရဦးမည့်သူဖြစ်သည်” ဟု မိန့်တော်မူ၏။

ရဲရဲတောက် ပုဂ္ဂိုလ်ဖြစ်သော အဟိ သကာသည် ဗုဒ္ဓဘုရားရှင်မှန်းသိရှိပြီး ကာလည်ပင်းတွင် ဆင်ထားသောလက်ညှိုးပန်းကုံးနှင့် လက်နက်တို့ကို စွန့်ပစ်ပြီးနောက် ဘုရားရှင်ထံ ရဟန်းဖြစ်ရပါလိုကြောင်းတောင်းပန်သည်။ ဘုရားရှင်ကိုယ်တော်မြတ်သည် ‘ဟေဘိက္ခု’ ခေါ်တော်မူ၍ အင်္ဂုလိမာလ မထေရ် ဟူသော ဘွဲ့အမည်ဖြင့် ရဟန္တာဖြစ်သွားလေသည်။

ဤစာကို ရေးယင်း ကျွန်တော် သတိရ၍ ပြုံးလိုက်မိပါသေးသည်။ သကြံန်တွင်း ဒုလ္လဘ ရဟန်းခံစဉ်က အတူပါလာသော (၁၅ နှစ်အရွယ် (၉)တန်း ကျောင်းသားလေး ကိုရင် စန္ဒိမာ၏ မေးခွန်းတခုဖြစ်ပါသည်။ အောင်မြင်းရှစ်ပါး ဘုရားရှိခိုးသင်ပေးယင်း အင်္ဂုလိမာလ အကြောင်း ပြောမိသည်။ လက်ညှိုးပေါင်း (၁၀၀၀)ပြည့်ရန် တချောင်းသာ လိုသည့်အခါ အင်္ဂုလိမာလက သူ့ မိခင်လက်ညှိုးဖြတ်ရန် လိုက်သည်ဟု ပြောလိုက်သည်နှင့် ကိုရင်လေး စန္ဒိမာ က ကောက်ကာငင်ကာ ယခုလိုမေးသည်။

“အင်္ဂုလိမာလဟာ ဆရာစကားကို သည်လောက်မြေဝယ်မကျနားထောင်ချင်ယင် လက်ညှိုးတချောင်းအတွက် မိခင်ကို လိုက်မသတ်ပဲ သူ့ဗယ်ဘက်လက်ညှိုးကိုဖြတ်ပြီး ဆရာ့ထံ ပြန်သွားဖို့ မကောင်းဘူးလား ဘုရား” ဟူ၍ ဖြစ်သတည်း။

အနားကမောင်ပဉ္စင်းလေးများနှင့် ကိုရင်ကြီးငယ်တို့ကရယ်လိုက်ကြသည်၊ တချို့က ‘အေးဟုတ်သားပဲ” ဟု ထောက်ခံကြသည်။ အာဂ ကိုရင်ကလေး၊ သူ့အမေးကို ဖြန်းက နဲ့ဘယ်လို ဖြေရမှန်းမသိ၊ နောက်ဘောမှ သတိရလာသည်။

“ကိုရင့်စိတ်ကူးက သိပ်ပြီး ခက်ပိုင်တာပဲ၊ ဒါပေမယ့်တခုတော့ရှိတယ်၊ ကိုရင် တို့မှတ်ထားရမှာက ဘဝသံသရာမှာ ကျွတ်တမ်းဝင်ရတော့မယ့် ပုဂ္ဂိုလ်များဆိုယင် ဘယ်လို အဖြစ်အပျက်ကမှ နှောင့်ယှက်ဟန့်တားခြင်း မပြုနိုင်ဘူးတဲ့။ ကိုရင်ကလေး ပြောသလို လိုနေသော လက်ချောင်းအတွက် စောစောကတည်းက သူ့လက်ကို သူဖြတ်ပြီး ဆရာ့ထံ ပူဇော်ဖို့ ပြန်သွားယင် နိဗ္ဗာန်သို့ လမ်းပြတော်မူမယ့် ဗုဒ္ဓသခင်နဲ့ တွေ့ရတော့မှာ မဟုတ်ဘူးလေ၊ ဒါကြောင့် ကိုရင်ကလေးပြောတဲ့ စိတ်ကူးမျိုးက အင်္ဂုလိမာလရဲ့ ဦးခေါင်းထဲရောက်မလာတာနဲ့တူတယ်”

ဤတွင် မောင်ပဥ္စင်းများက ''ဒီလိုတော့လဲ ဟုတ်သားပဲ ဘုရား''ဟု ကျေနပ်သွားကြသည်။ ''အင်း... ဗယ်ဘက် လက်ညှိုးတချောင်း မြုတ်နေယင်လဲ အင်္ဂါမစုံ ပြီ ရဟန်းမခံရဘူးမဟုတ်လား ဘုရား''ဟု နောက်တပါးက စကားကွန့်လိုက်ပြန်သည်။

''အင်္ဂါချွတ်ယွင်းယင် ရဟန်းမခံထိုက်ဘူးလို့တော့ မရှိပါဘူး၊ သို့သော်လဲ ဗုဒ္ဓက သူ၏သာဝကတွေကို 'သမဏာပသာဒဂုဏ်' တင့်တယ်ခြင်းမျိုး တော့ ဖြစ်စေလိုတယ်''

ကိုရင်လေး စန္ဒိမာ၏အမေးကို ဤသို့ သတိရ၍ ပြုံးလိုက်မိခြင်းဖြစ်ပါသည်။

အင်္ဂုလိမာလ မထေရ် အကြောင်းကို ဆက်ရမည်ဆိုလျှင် အင်္ဂုလိမာလ မထေရ်သည် ဆွမ်းအလို့ငှာ မြို့ထဲသို့ ကြွတော်မူရသည်။ ရဟန်းတိုင်း ရဟန်းတိုင်းသည် မိမိတို့၏ သလုံး မြင်းခေါင်းကိုမှီ၍ ကိုယ် ဝမ်းစာ ကိုယ်ရှာစားရသည်။ မြတ်စွာဘုရားကိုယ်တိုင်ပင်လျှင် ဆွမ်းခံမှုကို ဂရုဓမ္မ စိုက်တော်မူလေ့ ရှိသည်။

အင်္ဂုလိမာလ မထေရ်သည် ပထမဆုံး နေ့၌ ဆွမ်းအလို့ငှာ သာဝတ္ထိ ပြည်တွင်းသို့ ဆွမ်းခံဝင်ခဲ့သည်။

အင်္ဂုလိမာလ မထေရ်ကို မှတ်မိသော မြို့သူမြို့သားများက မိမိတို့၏ ဆွေမျိုး၊ မိဘ၊ သားသမီးကို သတ်ခဲ့သော လူဘယောက် အနေဖြင့် စက်ဆုပ် ရွံမုန်း ကြသောကြောင့် ဆွမ်း တစလောင်းမျှ မလောင်းလှူကြ။ ရန်ရင်းကြမ်းတမ်းသောသူအချို့က ဆဲရေးကြသည်။ အုတ်ခဲ လှံတို့ဖြင့် ပစ်ခတ်ကြသည်။ ထို့ကြောင့် ကျောင်းသို့ပြန်ခဲ့ရသည်။ သီဘင်းသုံးဖော်များက ဒဏ်ရာကို ပြုစု၍ ဆွမ်းကိုဝေငှပေးလှူကြရသည်။

နောက်တနေ့တွင်လည်း အန္တရာယ်ရှိသည်ကို သိလျှက် အခြားရပ်ကွက်သို့ ဆွမ်းခံ ထွက်ရပြန်သည်။ထိုရပ်ကွက်ရှိ မှတ်မိသူများကလည်း ဆွမ်းမလောင်းလှူကြပဲ ဆဲရေး ပစ် ခတ် လိုက် သောကြောင့် ဆွမ်းအစားအနာတရများသာ ရတော်မူရှာခဲ့သည်။

(လူဆိုသော လူတို့မှာ ကြမ်းတမ်း နှိပ်စက်သောသူကို သေမလောက် ကြောက်ရွံ့ကြသော်လည်း ထိုသူပင်လျှင် အမျက်ဒေါသ ကင်းစင်၍ ခန္တီတရားလက်ကိုင်ထားပြီဟု သိလိုက်လျှင် ထိုသူအား ထိပါးနှိပ်စက် လက်စားချေရန် ဝန်မနေသႏကြချေ)။

နေ့ ဘိုင်းလိုလို အင်္ဂုလိမာလ မထေရ် သည် အခြားသော ရဟန်းများက ဝေငှ ပေးလှူကြသောဆွမ်းဖြင့်သာ ရောင့်ရဲတော်မူရရှာသည်။

ထိုအဖြစ်အပျက်ကို ကြား သိ တော်မူ သော မြတ်စွာဘုရားသခင်သည် အင်္ဂုလိမာလ မထေရ်အား....

'ယတောဟံ ဘဂိနိ
အရိယာယ ဇာတိယာဇာတော
နာဘိ ဇာနာမိ သဉ္စိစ္စပါဏံ ဇီဝိတာ
ဝေါရောပေတာ တေန သစ္စေန
သောတ္ထိတေ ဟောတု သော တ္ထိဂဗ္ဘဿ'

ဟူသော(အင်္ဂုလိမာလသုတ်)ပရိတ်တော်ကို သင်ကြားပေးတော်မူလေသည်။ သဗ္ဗညုတဗုဒ္ဓဘုရားသခင်၏ ကရုဏာတော်ကို၊ ပညာဂုဏ်တော်ကို၊ နှိုက်နှိုက်ကျွတ်ကျွတ် စေ့စေ့ငုငု ဆင်ခြင်ပါမူရှိခိုး၍ မပြီး၊ အံ့ချီး၍မကုန် ကြည်ညို၍မဆုံးဖြစ်စရာ ရှိပါသည်။

၁။ အင်္ဂုလိမာလသည် မြို့တွင်းရွာတွင်း အရပ်ဘက်တို့၌ အန္တရာယ်ကင်းစွာဆွမ်းခံလှည့်သည်နိုင်ဖို့ အရေးကြီးသည်။

၂။ ရဟန္တာဖြစ်ကြောင်း မသိသဖြင့် အရပ်သား ရွာသား များက ထိပါးပုတ်ခတ်နှိပ်စက်ကလူ ပြုမူကြသည် ရှိသော်—ကြီးလေးသော အကုသိုလ် ကံများ ထိုက်ကြမည်ဖြစ်၏။ ထို့ကြောင့် ယခင် အင်္ဂုလိ

မာလခိုးသူကြီးဘဝမှ ယခု အင်္ဂုလိမာလသည်အရိယာသူတော်ကောင်းကြီးစင်စစ်ဖြစ်ကြောင်း သိကြစေရန် အရေးကြီးသည်။

၃။ ဒါယကာ ဒါယိကာမများက လေးစားကြည်ညိုလှူဒါန်းလိုသည့် သဒ္ဓါပသန္နဖြစ်ပေါ် လာကြရန် အရေးကြီးသည်။ ချစ်သောနှမငါသည်ရဟန်းတရားရသည့်နေ့မှစ၍(ဝါ)ရဟန္တာ ဖြစ်သည့် အခါမှစ၍ သူ့အသက်ဟူသမျှကို မသတ်ခဲ့ပါ။ ဤစကားသည် မှန်ကန်ပါ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် သင်၏ သားမွေးမီးဖွားသော ကိစ္စ၌ လျင်မြန်စွာ ထမြောက်အောင်မြင်ချမ်းသာခြင်း ဖြစ်ပါစေသတည်း ဟူသော ပါဠိဂါထာစကားမှာ အထက်ပါ အရေးကြီးသော အကြောင်း သုံးပါးစလုံး အကျုံးဝင်နေသည်ကို သိသာနိုင်ပါပြီ။

မိန်းမတို့၏ အာဝေဏိကဒုက္ခငါးပါး၌ မီးဖွားရသော ကိစ္စသည် အလွန် ပင်ပန်း ဆင်းရဲသော အသက်ဘေးနှင့် ရင်ဆိုင်ရသော ဒုက္ခဖြစ်၏။

ထိုအခိုက်အတန့်ကလေးတွင် နှစ်ဘက်သောမိဘဆွေမျိုးများနှင့် ခင်ပွန်းသည်လင်ယောကျ်ားကိုယ်တိုင် (မီးနေသည်)နှင့်အတူ စိတ်ပူ ကြောင့်ကြ သောကဖိစီးနေကြသည်။

ထိုအခါတွင် ဆွမ်းခံဝင်သော အရှင်အင်္ဂုလိမာလက အထက်ပါသစ္စာစကား ပရိတ်တော်ဖြင့် ထမြောက်အောင်မြင်စွာ မီးရှူး သန့်စင်စေသည်ဖြစ်ရာ အဘယ်မှာလျှင် ရှိဦးမတင်၊ ကျေးဇူးမဘင် သဒ္ဓါကြည်သင်သောစိတ်မျိုး မဖြစ်မပေါ်နေနိုင်ပါတော့အံ့နည်း။

ထိုပရိတ်တော်ကိုရွတ်ဆိုတော်မူသော အရှင်အင်္ဂုလိမာလ၏ထိုင်တော်မူရာ အခင်းအင်းပျဉ်ကိုဆေးသော ရေသည်ပင်လျှင် မီးနေသည်အားဆွတ်ဖျန်းသောက်သုံးစေပါက ထိုခေတ်၌ပင်လျှင် (ကမ္ဘာ့ဇလေ) ‘ရောက်ရက်မမွေး၊ ပျောက်ပျက်စေလျက်၊ သားသန္ဓေဝန်ကို၊ ကရားရေသွန်ဘိသကဲ့သို့ လွယ်ကူစွာ မွေးဖွားနိုင်၏။

ထိုအခါမှစ၍အင်္ဂုလိမာလမထေရ်သည် အေးအန္တရာယ်ကင်း၏။ ပစ္စည်းလေးပါးတို့၌ ဆင်းရဲခြင်းသည်း ကင်း၏။ ရပ်သူ ရွာသား တို့၌လည်းအကုသိုလ်ကင်းကြကုန်၏။ ဖွေးဖွားသူတို့၌လည်းဆင်းရဲခြင်း ကင်းကြပေသတည်း။ ။



# ဒါယကာနှင့် သာသနာ

ဒါယကာဟူသော အဓိပ္ပာယ်မှာ ပေးလှူလေ့ရှိသူဖြစ်သည်။ သာသနာဟူသောအဓိပ္ပာယ်မှာ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဖြစ်သည်။

သာသနာ့အမွေခံ၊ သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များသည် ဒါယကာ ဒါယိကာမများ၏ သဒ္ဓါဒေယျ လှူဒါန်းလိုက်ကြသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် အထောက်အပံ့ ပစ္စည်းလေးပါးကို အမှီပြုလျက် သာသနာ့ကိစ္စများကို ဆောင်ရွက်တော်မူကြသည်။

သုံးလောကထွတ်ဖျား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်တိုင် ပင်လျှင် ဗိမ္ဗိသာရမင်း၊ ကောသလမင်း၊ အဇာတသတ္တုမင်း စသော မင်းဧကရာဇ်များ၊ အနာထပိဏ်သဌေးကြီး၊ ဝိသာခါ သဌေးမကြီး နှင့်တကွ ဗုဒ္ဓဝါဒီ ပြည်သူပြည်သားတို့၏ အထောက်အပံ့ဖြင့်သာ လေးဆယ့်ငါးဝါကာလပတ်လုံး လူ့နတ်ဗြဟ္မာတို့ကို လှည့်လည်တရားဟောပြ ဆုံးမတော်မူနိုင်ခြင်းဖြစ်သည်။ မင်းဧကရာဇ် ဒါယကာ ဒါယိကာမ များကလည်း မြတ်စွာဘုရားနှင့် တကွ သံဃာတော်အပေါင်းအသင်းတို့ကို ဆင်းရဲငြိုငြင်ခြင်း မရှိရအောင် စောင့်ရှောက်နိုင်ခဲ့ကြသည်။

အခါအားလျော်စွာ မြတ်စွာ ဘုရားသည် တမြို့တရွာ၊ တတိုင်းတပြည်သို့ နောက်ပါ သံဃာတော် တသောင်း နှစ်သောင်းနှင့် ဒေသစာရီ ကြွတော်မူသည့် တိုင်အောင် ဆွမ်းကိစ္စ ကျောင်းအရာမ် နေရေးထိုင်ရေးတွင် အဆင်ပြေလျက် ရှိတော်မူသည်။ ထိုသို့ မငြိုမငြင် ပြည့်စုံခြင်းမှာ နတ်ဗြဟ္မာများကဖန်ဆင်းဆောင်ရွက်ကြခြင်းကြောင့် မဟုတ်။ သဒ္ဓါကြည်ညိုခြင်းရှိကြသော ဒါယကာ ဒါယိကာမများ၏ လုံ့လနှင့် ယောနိသောမနသိကာရကြောင့် ဖြစ်သည်။

ဒါယကာ ဒါယိကာမတို့မှာ (၁)ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာတို့အား မြတ်နိုးသောမေတ္တာစိတ် အမြဲထားရှိခြင်း၊ (၂)ဆောင်ရွက်ပြုလုပ်ရမည့် ဝတ်ကြီးဝတ်ငယ်တို့ကို အမြဲလေ့လာ၍ အစဉ်မပြတ် ပြုလုပ်ပေးကြခြင်း၊ (၃)ရဟန်း တို့နှင့် တွေ့သောအခါ ခင်မင်ချိုသာစွာ ကျန်းမာကြောင်း ချမ်းသာကြောင်းစသော သာရဏီယကထာစကားတို့ကို ပြောကြား နှုတ်ဆက်ခြင်း၊ (၄) ပစ္စည်း လေးပါးဖြင့် ရဟန်းတို့ လိုသမျှ တောင်းယူနိုင်အောင် ဝိနည်းကံအားလျော်စွာ ဖိတ်ကြားထားခြင်း၊ (၅)ထိုသို့ ပစ္စည်းလေးပါး ဒါယကာ ဖြစ်သည်နှင့်အညီ မိမိတတ်အားသမျှ ပေးလှူ ပူဇော်ခြင်း ဟူသော ဒါယကာတို့၏ ဝတ္တရားငါးပါးနှင့် ပြည့်စုံကြသည်။

လှူရာဘန်းရာ၌သည်း မိမိတို့အဖို့ အမွန်မြတ်ဆုံးသော အာဟာရပစ္စည်းတို့ကို မိမိတို့ မစားရက် မသုံးရက် ဦးဦးဖျားဖျား ပေးလှူတတ်ကြသည်၊ ထိုအခြင်းအရာကို ရဟန်းတော်များကလည်း သိတော်မူကြသည့် အားလျော်စွာ ပေါ်ပေါ်တန်တန် မစားမသုံးမူ၍ ဒါယကာတို့၏ အကျိုး ကိုယ်၏အကျိုးကို မျှော်ကိုး၍သာ စားသုံးတော်မူကြသည်။

တခါက သီဟိုဠ်ကျွန်းတွင် အလွန် ဆင်းရဲသော လယ်သမားသားအမိ ရှိသည်၊ သူတို့အိမ်ကလေးသို့ ဆွမ်းခံဝင်ပြုပါရန် ရဟန်းတပါးအား ဖိတ်ကြားထားသည်။ တနေ့သော် ဆွမ်းခံကြွလာသော ရဟန်းအား မမြင်ပဲ သူ့သမီးကို မှာကြားနေလေသည်။

''သမီးရေ... ငါလယ် သို့ ဆင်း တော့ မယ်၊ အမေ မနေ့ကကျန်တဲ့ ထမင်းကြမ်းကို စားပြီးပြီ၊ လယ်ထဲမှအပြန် ညနေကျတော့လဲ ရှိတတ်သမျှ ဆန်ကွဲနှင့် ဟင်းသီးဟင်းရွက်တို့ကို ကျိုချက်စားလျှင် ဖြစ်ပါတယ်၊ ဆွမ်းခံကိုယ်တော်အတွက်တော့ အမေ သတ်သတ် ဖယ်ထားတဲ့ ဆန်ဖြူဆန်ကောင်းကလေးကို ဆီဦးထောပတ်နှင့် ကောင်းကောင်းချက်ပြီး လောင်းလိုက်ပါ သမီးရယ်''ဟု မှာကြားရှာသည်။ ထိုစကားကို ကြားသော ဆွမ်းခံကိုယ်တော်သည် ထိုသားအမိ၏ သဒ္ဓါတရားကိုထောက်ထား၍ ရဟန်းကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်တော် မူခဲ့ရသည်။

ဗုဒ္ဓကိုယ်တော်မှအစ ရဟန္တာ မထေရ်ကြီး အသီးသီး တို့သည် ဒါယကာ ဒါယိကာမတို့အား လောကီအကျိုး လောကုတ္တရာ အကျိုး ပွားစီးစေရန် ဆောင်ရွက်တော်မူသေး ရှိသည်။ ဒါယကာတို့လှူသော ကောင်းသော ဆွမ်းတနပ်စာရကိုင်း သံသရာကြွေး တထပ်တထပ် တင်တင်တတ်သည်ဟု အယူရှိတော်မူကြသည်။ အကြင်ရဟန်းသည် ထိုဆွမ်းကို သတိမကပ် အမှတ်မထားပဲ စားသောက်လျှင် ထိုရဟန်းသည် ရဲရဲနီသော သံတွေခဲကို စားသည်နှင့် တူလိမ့်မည်ဟု ဗုဒ္ဓမြတ်စွာက ပြင်းပြင်းထန်ထန် သတိပေးတော်မူသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ မဟာသံဃရက္ခိတ မထေရ်ကြီးက သူ၏ တူဖြစ်သူ သာမဏေကလေး ထမင်းကြမ်း ဆွမ်းကို စားမည့်ဆဲဆဲအခါ ''သာမဏေကလေး.... လျှာကို အပူမလောင်စေနှင့်၊ သတိထားစား''ဟု ဆုံးမတော်မူသည်။ သာမဏေလည်း သတိရ၍ ပစ္စဝေက္ခဏာ တင်ပြီးမှ စားပြီးသော် ထိုအကြောင်းအရာကို ဆင်ခြင်၍ ရဟန္တာဖြစ်သွားတော်မူလေသည်။

ဖြစ်ရပ်တခုလည်း ရှိသေးသည်။ ဟိမဝန္တာတောင်ခြေတွင် မာတိကရွာကလေးရှိသည်၊ ထိုရွာကလေးသို့ ရဟန်းပေါင်း ခြောက်ဆယ်ကြွတော်မူလာသည့်အခါ ရွာသူကြီး၏ မိခင်ဖြစ်သော မာတိကမာတာအမည်ရှိ ဒါယိကာမကြီးက ခရီးရောက်မဆိုက်ဖြစ်သော ကိုယ်တော်တို့အတွက် နေမွန်းမတည့်မီ တရွာလုံးကို ဆော်ဩ၍ အိမ်အသီးသီးမှဆွမ်းဖြင့် ခဏချက်ချင်းဆက်ကပ်လှူဒါန်းသည်။ ဝါဆိုရန် ကျောင်းငယ်အသီးသီး နေ့ချင်းပြီး ဆောက်လုပ်ပေးသည်။ ရဟန်းတရားများကိုသင်ယူ၍ မိမိကိုယ်တိုင်ကျင့်ဆောင်သဖြင့် ရဟန်းတို့ထက် အချိန်စောစွာ အနာဂါမိမဂ်သို့ ဆိုက်ရောက်သည်။ ရဟန်းများလည်း ဒါယိကာမကြီး၏ ယောနိသော မနသိကာရကို ထောက်ထားလေးစား၍ အသီးသီး အပြင်းအထန် တရားကို အားထုတ်တော်မူကြသည်။

သို့သော် ရဟန်းခြောက်ဆယ်အနက်မှ အချို့ရဟန်းတော်များမှာ တရားမရနိုင်ကြသည်ကို မာတိကမာတာ ဒါယိကာမကြီးက သိမြင်တော်မူသည်။ အဘယ့်ကြောင့်နည်းဆိုလျှင် အချို့

ရဟန်းများ ဘုဉ်းပေးနေရသော ဆွမ်းဟင်းဖြင့် အာဟာရသပ္ပာယ မဖြစ်သည့်အတွက်ဟု သိမြင်ပြန်သည်။ ဆိုလိုသည်မှာ မိမိနှင့် မသင့်တော်သော အာဟာရမျိုးဖြစ်၍ ကျန်းမာရေး ချွတ်ယွင်းရှာကြသည်။ ထိခိုက်သည်။အချို့မှာ မစားဖူးသော အာဟာရဖြစ်၍ ခံတွင်းမတွေ့၍ မြိန်ရှက်ခြင်း၊မျှတခြင်းမရှိ၍ အာဟာရသြဇာမဖြစ်၊ အာဟာရသြဇာ အဆီအနှစ်မဖြစ်၍ အင်အားနည်းပါး၊ ကိုယ်ခန္ဓာအင်အား နည်းပါးသောကြောင့် နာမ်ခန္ဓာ စိတ်ဓာတ်အင်အားနည်းပါးကြသည်ဖြစ်၍ တရားထူး မရနိုင်ရှာကြသည့် အခြေအနေကို မာတိကမာတာ ဒါယိကာမကြီးက အနာဂါမ်ဖြစ်သည့်အားလျော်စွာ ဆင်ခြင်ကြည့်၍ သိရခြင်းဖြစ်လေသည်။ ထိုအခါမှ၍ ဒါယိကာမကြီးသည် ပုဂ္ဂိုလ်နှင့်လိုက်ဖက်အောင် အချိုအချဉ် သားငါး ဟင်းသီးဟင်းရွက်အမျိုးမျိုး အစားစား တသီးတခြား ချက်ပြုတ်စီရင်၍ တပါးချင်း နှစ်ပါးချင်း ခွဲခြားဆက်ကပ်ကျွေးမွေးရာ အာဟာရသပ္ပာယ မျှကျန်းမာခြင်းကြောင့် အချိန်များစွာ မကြာမြင့်မီ ရဟန္တာစင်စစ်ဖြစ်တော်မူကုန်ကြလေသည်။ ထို့ကြောင့် မာတိကမာတာ ဒါယိကာမကြီးအား သာသနာ့ကျေးဇူးရှင်၊ သာသနာ့မိခင်ဟူ၍ ရဟန်းတော်များက အသိအမှတ်ပြုတော်မူကြသည်။

ဝိသာခါ ဒါယိကာမကြီးသည်လည်း သောတာပန်ဖြစ်၍ ထင်ရှားသည်သာ မဟုတ်၊ ယောက္ခမနှင့် လင်သင်္ဌေးသားကိုပါ ဗုဒ္ဓဝါဒီဖြစ်အောင် တရားဟောနိုင်ခဲ့သူဖြစ်သည်။ ပုဗ္ဗာရုံကျောင်းဒါယိကာမကြီးလည်း ဖြစ်ခဲ့သည်။

ဗုဒ္ဓဝင်၌ မြတ်စွာဘုရား ထူးခြားသောတရားတော်များ အများအပြား ဟောရာဌာနကား အနာထပိဏ်သင်္ဌေးကြီး ဆောက်လှူသော ဇေတဝန်ကျောင်းတော်ကြီးဖြစ်ပါသည်။ ဇေတမင်းသားတို့၏မြေသားကိုငွေပြားခင်း၍ ဝယ်ယူနိုင်သူ သောတာပန်ဒါယကာကြီးဖြစ်သည်။ ဗုဒ္ဓနှင့်တကွသော သံဃာတော် အရာအထောင်ကို နေ့စဉ်နေ့တိုင်း ဆွမ်းကျွေးနေသူဖြစ်သည်။

တခါသော် အနာထပိဏ်သင်္ဌေးကြီး ပစ္စည်းဥစ္စာများ ပျောက်ဆုံးကုန်သဖြင့် အလွန်ဆင်းရဲမွဲတေသွားဖူးသည်။ သို့သော် သံဃာတော်များအား အလှူအတန်းမပျက်အောင် အားသွန်ကြိုးပမ်းနေသည်သာဖြစ်သည်။ ထိုအခါ သင်္ဌေးကြီး၏ အရာမ်တွင် နေသောနတ်က ကိုယ်ထင်ပြ၍ "မိမိအတွက် ဝမ်းစာမှ အနိုင်နိုင်ချို့ငဲ့စွာစားနေရသည့်အချိန်တွင် သံဃာတော်များအား အလှူအတန်းရပ်ဆိုင်းထားပါဦး" ဟု အကြံပေးသည်ကို မသိုက်နာသည်သာမက ပြောလာသော နတ်ကို နှင်ထုတ်၍ နေ့စဉ်ဆက်ဆက် လှူဒါန်းလျက်ပင်ရှိခဲ့သည်။

ထိုပုဂ္ဂိုလ်ကြီးများသည် 'ဒါယကာ'ဟူသော အဆင့်အတန်းမှ ဥပါသကာ'ဟူသော အဆင့်သို့ တည်ရှိနေကြသူများဖြစ်ကြသည်။ 'ဒါယကာ' ဟူသည်မှာ ပေးလှူတတ်သူ၊ ပေးလှူလေ့ရှိသူဖြစ်သည်။ဥပါသကာဟူသည်မှာ ရတနာသုံးပါးကို ချဉ်းကပ်နေသူ၊ သိဘင်းသီလဆောက်တည်သူဟု အဓိပ္ပာယ်ရှိသည်။

ထိုပုဂ္ဂိုလ်များမှာ ဂုဏ်အင်္ဂါ(၁၀)ပါးရှိကြသည်။

(၁) သံဃာများနှင့် ချမ်းသာဆင်းရဲ မကွဲမပြား တရားကို စောင့်ရှောက်ကြီးမှူးခြင်း၊

(၂) အကုသလ ဒုစရိုက်ဘမ်မွှတို့ကို ရှောင်ရှားခြင်း၊

(၃) ဗုဒ္ဓသာသနာတော်ကို ထွန်းကားကြီးပွားစေခြင်း၊

(၄) ဒိဋ္ဌိဇာ-မှ-အယူကို ဖြောင့်မှန်စေခြင်း၊

(၅) အင်းအိုင်မန္တရား နတ်စုန်း စသော လောကီအတတ်များကို မယုံကြည်ခြင်း၊
(၆) တပါးဘုရားကို မကိုးကွယ်ရန် ကြောင့်ကြဘခု မပြုဘော့ခြင်း၊
(၇) ကိုယ်နှုတ်နှစ်ပါး စောင့်ရှောက်လုံခြုံခြင်း၊
(၈) ငြူစူခြင်းကင်းသာမှ ကင်းခြင်း၊
(၉) မစဉ်းလဲ မကောက်ကျစ်ခြင်း၊
(၁၀) ရတနာသုံးရပ်ကို မပြတ် ဆည်းကပ်ခြင်း၊

ဗုဒ္ဓကိုယ်တော်၏ သာသနာ၀ယ် ရဟန်းသံဃာများ၏အရေအတွက်မှာ တိုင်းပြည်အသီးသီး၊ မြို့ကြီးအသွယ်သွယ်၊ နယ်ရွာအရပ်ပေ်၌ အသန်း အသိန်းရှိကြသည်။ အရိယာ သံဃာတော်များ အသိန်းအသန်းရှိကြသကဲ့သို့ ပုထုဇဉ် ရဟန်းတော်များလည်း အထောင်အသောင်း ရှိကြသေးသည်။ ထိုပုထုဇဉ် ရဟန်းအများအပြားတို့မှာ လောကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ငြိမ်ပတ်တို့၌ မွေ့လျော်နေကြသူရှိသကဲ့သို့ အနည်းငယ်မျှ အရေအတွက်ရှိသော ရဟန်းအချို့မှာကား မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ ပမာဒတရား လက်ခံထားသူများလည်း ရှိပေသေးသည်။

ထိုသို့ သာသနာတော်နှင့် မလျော် မမှန်သော ပုထုဇဉ် ရဟန်းအချို့ကို ဥပသကာ၊ ဥပါသိကာတို့က စောင့်ရှောက်လေ့ရှိကြသည်။

ဥပမာ–စိတ္တသူကြွယ်ဆိုပါစို့၊ မစ္ဆိကာသဏ္ဍမြို့၌ နေသော စိတ္တသူကြွယ်သည် ပဉ္စင်္ဂ ငါးပါးတွင် အကျုံးဝင်သော အရှင်မဟာနာမ်မထေရ်ကိုသွင်ပြင်မူရာ ဣရိယာပထ၌ကြည်ညိုသည်ဖြစ်၍ ဆွမ်းလုပ်ကျွေးကာ တရားနာယူသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကာ ဥပါသကာဖြစ်၏။ မိမိဥယျာဉ်ကို သံဃာတို့၏အရာမ် ပြုရန် မထေရ်အား ရေစက်သွန်းချ လှူဒါန်းလိုက်၏။ မဟာနာမ်မထေရ် အရပ်တပါးသို့ ကြွသွားသော် သုဓမ္မမထေရ်အား အစောင့်အရှောက် (ကျောင်းထိုင်ပုဂ္ဂိုလ်)အဖြစ် ထားရှိသည်။ စိတ္တသူကြွယ်၏ သဒ္ဓါတရား သတင်းစကားကိုကြားဘော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးတို့က ကြွလာချီမြှင့် တရားဒေသနာဟောတော်မူကြပြန်ရာ စိတ္တသူကြွယ်သည် အနာဂါမိဖိုလ်သို့ ရောက်ရှိခဲ့လေသည်။

စိတ္တသူကြွယ်သည် အဂ္ဂသာဝက နှစ်ပါးနှင့်တကွ နောက်ပါ သံဃာတော်များအား ရိုသေမြတ်နိုးစွာ မိမိအိမ်သို့ ဆွမ်းဖိတ်၏။ ထို့နောက် ကျောင်းထိုင်ရဟန်း သုဓမ္မာမထေရ်အား အဂ္ဂသာဝကနှစ်ပါးနှင့် တကွသော နောက်ပါ သံဃာတော်များနှင့်အတူ ဆွမ်းဖိတ်ရ သုဓမ္မာမထေရ်သည် အရင်းခံဖြစ်သော မိမိအားအရေးတယူ အလေးအမြတ် မပြုဟု အမျက်ထွက်၍ ဆွမ်းစားဖိတ်ခြင်းကိုပယ်၏။ စိတ္တသူကြွယ်က အဘန်တန် တောင်းပန် လျှောက်ထားသော်လည်း မရ။

နောက်တနေ့ နံနက် သံဃာတော်များအား ဆွမ်းကပ်သည့် အချိန်တွင် သုဓမ္မာ မထေရ် ကြွလာသော် စိတ္တသူကြွယ်က ဝမ်းသာအားရ နေရာပေးသော်လည်း ''ငါသည် သင်၏ဆွမ်းကို စားရန်လာသည်မဟုတ်၊ သင်၏အလှူအစီအရင်ကို လာ၍ ကြည့်ရှုစုံစမ်းရုံသာဖြစ်သည်။ သင်၏အလှူ၌ နှမ်းမုန့်ကြွပ်မျှပင် မပါလေဘကား'' ဟု အလှူဝတ္ထုကို ဝေဖန် ပြစ်တင်သည့်အခါ စိတ္တသူကြွယ်သည် ထိုအရှင်၏ ယောနိသော မနသိကာရကို သိသဖြင့် ''အရှင်ဘုရားကား အောက်ကလိဘာစကားကိုပြောကြားဘိသည်'' ဟု ဆိုလိုက်သည်။ ထိုစကားကြောင့် သုဓမ္မာမထေရ်သည် ' သင့်ကျောင်းမှာ ငါမနေတော့၊

အရပ်တပါးသို့ သွားတော့အံ့''ဟု ကျောင်းကို ပြန်၍အပ်သည်။ စိတ္တသူကြွယ်က ကျောင်းထိုင်မြဲ ထိုင်ရန် သုံးကြိမ်တိုင်တိုင် တောင်းပန်၏၊ သုဓမ္မာမထေရ်သည်း သည်းမခံပဲ ထွက်သွား၍ မြတ်စွာဘုရားထံ အလုံးစုံကို လျှောက်ထား၏။

မြတ်စွာဘုရားက 'သင်ရဟန်းသည်ဒါယကာ၏ သဒ္ဓါကြည်ညို ရိုသေလေးမြတ်ခြင်းကို ကဲ့ရဲ့ ရှုတ်ချခဲ့သည်၊ အသင်သည် စိတ္တ သူကြွယ်ထံ ပြန်သွား၍တောင်းပန်ရမည်''ဟု ပြစ်တင်ဝေဖန်၍ မိန့်တော်မူလိုက်သည်။

သုဓမ္မာမထေရ်သည်မြတ်စွာဘုရားစကားကို မပယ်ဝံ့သည်ဖြစ်၍သာ စိတ္တသူကြွယ်ထံ ပြန်လာ တောင်းပန်သည့်အမှုကိုပြုလေ၏။ စိတ္တသူကြွယ်က ''တပည့်တော်သည်းမခံနိုင်ပါ''ဟု မျက်နှာထား မာမာဖြင့်ပြော၏။ သုဓမ္မာမထေရ်သည် တောင်းပန်၍မရကြောင်း မြတ်စွာဘုရားအား လျှောက်ကြားရန် ယူဇနာသုံးဆယ် ကွာဝေးသော မြတ်စွာဘုရားရှိရာသို့ ပြန်ခဲ့ရပြန်သည်။ မြတ်စွာဘုရားကား သုဓမ္မာမထေရ်၏မာန်မာန မကျသေးသည်ကို သိတော်မူ၍''စိတ္တသူကြွယ်ထံ ပြန်၍တောင်းပန်လေဦး''ဟု မိန့်တော်မူပြန်၏။ သုဓမ္မာမထေရ်သည် ထိုခရီးကို လူးသွားတုံ့ပြန် သွားရဖန်များသော် ပင်ပန်းလှသည်ဖြစ်၍ နှလုံးပျော့ပျောင်း လာတော့၏။ ထိုအခါသော်မှ မြတ်စွာဘုရားထံ—

'ချစ်သားရဟန်း၊ ငါဘုရား သာသနာတော်၌ကောင်းစွာထမ်းရွက်သော ရဟန်းမည်သည်ကား 'ငါ၏ ကျောင်း နေရာ ငါ၏ကျောင်း, ငါ၏ဒါယကာ ငါ၏ဒါယိကာမဟူ၍အလွန်အကဲ စွဲလမ်းခြင်းမပြုအပ်၊ ဤသို့ပြုလုပ်သောရဟန်းအား အလိုဆိုး ရမ္မက်တို့သည် လည်းကောင်း၊ မာန် မာန တို့သည် လည်းကောင်း လွန်စွာ ပွားများ လေကုန်၏။

''ပညာမျက်စိမရှိသော သူမိုက်သည် မိမိ၌မရှိသော ချီးမွမ်းခြင်းကို လည်းကောင်း၊ ရဟန်းတို့၌ ဦးစီးခေါင်းကိုင်အဖြစ်ကိုလည်းကောင်း၊ ကျောင်းအရိပ်အာဝါသတို့၌ ပိုင်ဆိုင်ခြင်း ကိုလည်းကောင်း၊ မိဘမှ တပါးသော ဒါယကာ ဒါယိကာမတို့၏ ပူဇော် လှူဒါန်းခြင်းတို့ကိုလည်းကောင်း အလိုရှိ၏။

'ငါ့ကိုသာလျှင် ဝတ်ကြီးဝတ်ငယ် ပြုကြရမည်ဟုရှင်လူနှစ်ဦးလုံးက မှတ်ယူရမည်၊ တစုံတခုအမှုကြီးငယ် ကိစ္စတို့၌ ငါ၏ အစိုးရရှင်သာ ဖြစ်စေရမည်၊ ငါ့အားသာလျှင် တိုင်ပင် တင်ပြရမည်ဟု အကြံလူမိုက်အား အကြံသည် လည်းကောင်း၊ အလိုသည် လည်းကောင်း၊ ရမ္မက်သည်လည်းကောင်း၊ မာနတရားသည်လည်းကောင်း တနေ့တခြား တိုးပွားလေ၏''

ဟု ဆုံးမတော်မူပြီးမှ စိတ္တသူကြွယ်ထံ ဗုဒ္ဓ၏ တမန်တော်ပါ ထည့်လွှတ် တောင်းပန် စေသတည်း။

ရဟန်းနှင့်မလျော်သော အပြောအဆို အပြုအမူတို့ကို ဝေဖန် တားမြစ်ရာ၌ ရဲဝံ့ပွင့်လင်းသော ဥပါသိကာမတဦးမှာ ကျောင်းအမကြီး ဝိသာခါဖြစ်သည်။

သာဝတ္ထိမြို့၌ ပုပ္ဖာရုံ ကျောင်း အမကြီး ဝိသာခါသည် အသက်လည်းရှည်၊အဆင်းလည်း ပြည့်စုံ၏။ သားသမီး မြေး မြစ်လည်း ပေါများသဖြင့် 'အလွန်မင်္ဂလာရှိသူ'ဟု အသိအမှတ်အပြုခံရ၏။လက်ထပ်မင်္ဂလာစသော ကိစ္စတို့၌ဘာသာမတူသူတို့ကသော်မှ ဖိတ်၍ရှေးဦးစွာ ထမင်းကျွေးလေ့ရှိကြသည်။ ထိုသို့ ကျွေးပြီးနောက် ''ဤလက်ထပ်သတို့သား သတို့သမီးတို့လည်း အရှင်မကဲ့သို့ အသက်ရှည်စွာ အနာရောဂါ

ကင်း၍ သားသမီးမြေးမြစ်ဘို့နှင့်တကွ ချမ်းသာခြင်းပြည့်စုံပါစေ''ဟုဆုပေးရန် တောင်းပန်ကြသည်။

တနေ့သော် လက်ထပ်ပွဲတခုသို့ ဝိသာခါ တက်ရောက် လာခဲ့သည်။ ထိုပွဲသို့ ရှင်ဥဒါယီ ရဟန်းကြွလာ၍ သတို့သမီး ရှိရာ အခန်းတွင်းသို့ ဝင်သွားသည်ကို ဝိသာခါ ကျောင်းအမကြီးက တွေ့သိုက်သည်၊ ရှင်ဥဒါယီကား ကာမမေထုန အမှုမျိုးနှင့်ပတ်သက်၍ နာမည်ဆိုးရှိသောရဟန်း တပါးဖြစ်သည်။ ယခုလည်း သတို့သမီး အခန်းတွင်းသို့ ဝင်ကာ အခါအလိုက် စကား အမျိုးမျိုးတို့ပြောနေသူ ဖြစ်၏။ 'အခါအလိုက် ပြောသည် ဆိုသည်မှာ အနီးအပါးသို့ လူမလာသော အခါ(လူလစ်လျှင်) မဟုတ်တမ်းတရား စကားမျိုးကိုပြော၍ လူလာလျှင် ''ဥပုသ်စောင့်နော်၊ စာရေးတံ့ ဆွမ်းကျွေးနော်'' စသည် လူကြားကောင်းအောင် ပြောဆိုနေခြင်းမျိုး ဖြစ်၏။

ဒါယိကာမကြီးဝိသာခါသည် ရှင်ဥဒါယီ၏ နေပုံထိုင်ပုံကို မြင်သည့်အခါ(အကြွေးမထားပဲ-ချက်ချင်း)သွား၍ အရှင်ဘုရား-မာတုဂါမနှင့် တယောက်ချင်း မျက်စိကွယ်ရာ (အကွယ်အကာ ရှိ၍ ပြုချင်ရာကို ပြုနိုင်သော နေရာ)၌ နေတာဟာ မတော်ပါဘူး ဘုရား''ဟု လျှောက်သည်။ ထိုအခါ ရှင်ဥဒါယီက ''ကျုပ်က မတော်တာ ဘာလုပ်လို့လဲ''ဟု ဆင်ခြေတက်သော် ''အရှင်ဘုရားက မတော်တာ မလုပ်သော်လည်း (မလုပ်ဘူးဆိုသည့်တိုင်)လူအများက ယုံကြည်ဖို့ ခဲယဉ်းပါတယ်၊ ဒါကြောင့် မနေပါနှင့်ဟု လျှောက်သည်၊ ထိုသို့လျှောက်သော်လည်း ဝိသာခါကိုဂရုမစိုက်ပဲ၊ နေမြဲနေလေရာ ဝိသာခါသည် လမ်းသို့ ထွက်သွား၍ 'ဥဒါယီကိုယ်တော်ဟာ မိန်းကလေးနှင့်အတူ ဆိတ်ကွယ်ရာမှာ တယောက်ချင်း နေထိုင်ပြောဆို နေပါတယ်ဘုရား'ဟု တွေ့သမျှ ရဟန်းများကို ဘိုင်လျှောက်သည်၊ ရဟန်းများက ဗုဒ္ဓမြတ်စွာထံ လျှောက်ကြသည်။ ထိုအဖြစ် အပျက် အကြောင်းအရာကြောင့် ဗုဒ္ဓမြတ်စွာက အရှင်ဥဒါယီအား ခေါ်ယူ စစ်မေး၍ ဟုတ်ပါကြောင်း ဝန်ခံသောအခါ သိက္ခာပုဒ်တော် (ပဌမအနိယတ)ကို ပညတ်တော်မူလေသည်။


''အကြင် ရဟန်းသည် မာတုဂါမနှင့် အတူ မျက်စိကွယ်ရာဖြစ်လောက်အောင် နံရံစသည်ဖြင့် ကွယ်ကာအပ်သော မေထုန်မှုကို ပြုနိုင်လောက်သော နေရာ၌ ယောကျ်ား အဖော် မပါပဲ၊ တယောက်ချင်း ထိုင်နေအံ့၊ လျောင်းနေအံ့၊ ထိုရဟန်းကို ယုံကြည်လောက်သော ဥပါသိကာ မြင်၍ ပါရာဇိက သံဃာဒိသေသ် ပါစိတ်ဟူသော အာပတ် (၃) မျိုးတွင် တမျိုးမျိုး ဖြင့် ပြောအံ့၊ ထိုရဟန်းကို (သူက ဟုတ်ကြောင်း ဝန်ခံလျှင်) ထိုပြောသည့်အတိုင်း အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ယုံကြည်လောက်သော ဥပါသိကာမသည် (မည်သည့်အာပတ်ဟု မပြောတတ်သဖြင့်) သူကျင့်နေသော အမှုအရာ ဖြင့်သာ ပြောပြလျှင်လည်း(သူကဝန်ခံလျှင်)ထိုအမှုအရာ အတွက် သင့်နိုင်သော အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ဤအာပတ်သည် 'ပါရာဇိက-သံဃာဒိသေသ် ပါစိတ်'တွင် မည်သည့် အာပတ်ဟု အသေအချာသတ်မှတ်၍ မပြအပ်သောကြောင့် (အနိယတ အာပတ်)မည်၏။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရား၏ အာဘော်ကား (ဤဝတ္ထုကို မှတ်ချက်ချထား၍ ယခု ကာလ၌လည်း သာသနာ သန့်ရှင်း စေလိုသောအားဖြင့် မတော်မတဲ့ ပြုကျင့်သူများကို ယဉ်ကျေး သိမ်မွေ့စွာ ပြောဆို တားမြစ်နိုင်၊ ကဲ့ရဲ့ရှုတ်ချနိုင်၏။ ထိုသို့ ကဲ့ရဲ့ ရှုတ်ချ မှုကြောင့် တစုံတခုမျှ အပြစ်မရှိပါချေ)။

မြတ်စွာ ဘုရား သခင် ရှေ့လက်ထက်တော် အခါက ဥပါသကာ ဂုဏ်(၁၀)ပါးနှင့် ပြည့်စုံတော် မူကြကုန်သော အရိယာ ဒါယကာ အသီးသီးသည် သာသနာတော်အတွက် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ ကူညီတော် မူကြသည် သာမဏ ရဟန်းများကိုလည်း ရင်းနှီးကြည်ညို အလေးအမြတ်ပြု၍ စောင့်ရှောက်တော်မူခဲ့ကြသည်။

ထိုဒါယကာ ထိုရဟန်းတော် များကြောင့် သာသနာ အစဉ်အဆက် ခက်လက် ညွန့်ဝေ သန့်ရှင်းတည်နေကြရသည် တကား။ စိရံတိဋ္ဌတု သဒ္ဓမ္မော။

(ဓမ္မပဒ-စိတ္တသူကြွယ် ဝတ္ထုနှင့်မဟာဂန္ဓာရုံ ဆရာတော်၏ ဘုရားဥပဒေတော်ကြီးကို ကြည်ညို ရပါသည်။)





# ဒါယကာနှင့်သာသနာ(၂)

တနေ့သောနံနက်အခါ ပသေနဒီကောသလ မင်းကြီးသည် ရွှေနန်းပြာသာဒ်ထက်၌ ရပ်လျက် မြို့တွင်းလမ်းသို့ လှမ်းမျှော်ကြည့်ရှုနေစဉ်အဝန်း ညီညာသော သင်္ကန်းကိုရုံလျက် တခုတည်းသော သပိတ်ကိုပိုက်ကာ တင့်တယ်စွာသော ကြေ့ဖြင့် စီတန်းကြွတော်မူကြသည့် နှစ်ရာစုသုံးရာစု အရေအတွက်ရှိသည့် ရဟန်းတော်များကို ကြည်ညိုစဖွယ် မြင်လိုက်ရသည်။

အရှေ့လောကဓာတ်မှ ထွက်ပြူစ ဖြစ်သော နေရောင်နှင့် နီတွေး ညိုမှောင်းသော သင်္ကန်းတော်တို့မှာ ရွှေရောင်ရင့်ရင့် ပဒုမ္မာ ရွှေကြာပွင့်ကဲ့သို့ရွှန်းတင့်နေသော မင်္ဂလာရှုခင်းကြီး ဖြစ်နေလေသည်။

ရဟန်းတော်များသည် တတန်းပြီး တတန်း ကြွနေကြသောကြောင့် ကောသလ မင်းကြီးမှာ ကြည့်၍မဆုံး သာဝတ္ထိတမြို့လုံး သင်္ကန်းရောင်တို့ဖြင့် ဖုံးသွားသလိုထင်နေမိသည်။

"ယနေ့နံနက် ဣဋ္ဌာရုံ မင်္ဂလာနှင့်ရှိလိုက်ပါဘိသည်။ဤမျှများပြားသော ရဟန်းတို့သည် ဘယ်အရပ် ဘယ်ဒေသ ဘယ်ဌာနသို့ ဆွမ်းအလို့ငှာ ကြွတော်မူကြသနည်း"ဟုအနားတွင် ခစားလျက်ရှိသော မင်းချင်းကို မေးလိုက်သည်။

"အရှင်မင်းကြီး....အနာထပိဏ် သူဌေးကြီး အိမ်၌ အမြဲနိစ္စဘတ်ဆွမ်း၊ စာရေးတံဆွမ်း၊ သူနာ (ဂိလာနရဟန်း)ဆွမ်းစသည့်အလို့ငှာ နေ့တိုင်း နေ့တိုင်းရဟန်းတော်ပေါင်း(၂၀၀၀)ကြွတော်မူကြပါသည်။ စူဠအနာထပိဏ် သူဌေး အိမ်သို့ နေ့တိုင်း နေ့တိုင်း ရဟန်းတော်ပေါင်း (၅၀၀) ကြွတော်မူကြပါသည်။ ဝိသာခါကျောင်းအမကြီး အိမ်သို့ ရဟန်း(၅၀၀) ကြွတော်မူကြပါသည်။ ထို့အတူ သုပ္ပဝါသာ သူဌေးကတော် အိမ်သို့လည်း ရဟန်းတော်ပေါင်း (၅၀၀) နေ့စဉ် ကြွတော်မူကြပါသည်။ထို့ကြောင့်အရှင်မင်းကြီး ရှုမဆုံး ဖူးမဆုံး သာဝတ္ထိတမြို့လုံး သင်္ကန်းရောင် ဖုံးနေသကဲ့သို့ မြင်နေရခြင်းဖြစ်ပါသည် ဘုရား" ဟု မင်းချင်းက လျှောက်ထားလေသည်။

ထိုအခါ မင်းကြီးက သာဓု-သာဓု-သာဓု" ဟု ကောင်းချီးပြုလိုက်ပြီးမှ သတိရသည်မှာ....

"ကြည့်စမ်းပါဦးတော့.... ငါအမှတ်မဲ့ နေမိသည်။ ငါ၏ နိုင်ငံအတွင်း မှီခိုနေထိုင်ကြသည့် သူဌေးသူကြွယ်စသူတို့က ဗုဒ္ဓသာသန ရဟန်းတော် အမြောက်အမြားကိုဆွမ်းကိစ္စနှင့် နိစ္စဓူဝ တာဝန်ယူဖော် ရကြသေးသည်။ ငါကမူကား တိုင်းပြည့်ဦးကိုင် နိုင်ငံသနင်း မင်းဧကရာဇ် ဖြစ်လျက်နှင့် သာသနာ့ရေးရာကို မေ့လျော့ပေါ့ တန်စွာ နေမိသည်၊ ရှက်စရာကောင်းလေစွ" ဟု

ဆင်ခြင်ပြီးလျှင် ကိုယ်တိုင်ကိုယ်ကျ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကာ မြတ်စွာဗုဒ္ဓနှင့် တကွ ရဟန်းတော်ပေါင်း (၁၀၀၀) ကိုပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးတော် မူလေသည်။

ခုနစ်ရက်မြောက်သောနေ့၌မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍–

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် ရဟန်းငါးရာနှင့် အတူတကွ အမြဲမပြတ် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူကြပါဘုရား'' ဟု လျှောက်ထားရာ မြတ်စွာဘုရားက–

''မြတ်သောမင်းကြီး၊ ဘုရားရှင်တို့မည်သည် တနေရာတည်း၌ အမြဲမပြတ် ဆွမ်းကို ခံယူကြီးရိုးမရှိကုန်၊ လူအပေါင်းတို့သည် မြတ်စွာဘုရားတို့၏ကြွလာတော်မူခြင်းကို တောင့်တကြကုန်၏'' ဟု မြတ်စွာဘုရားက မိန့်တော်မူလေသည်။

ထိုအခါ ကောသလမင်းကြီးသည်–

''ထိုသို့ဖြစ်လျှင် ရဟန်းငါးရာနှင့်တကွ နိဗဒ္ဓ (အမြဲဦးဆောင်၍ ကြွသော) ရဟန်းတပါးကိုမူ စေလွှတ်ပေးတော်မူပါ ဘုရား'' ဟုလျှောက်ထားပြန်သည်။

မြတ်စွာဘုရားသည် ကောသလ မင်းကြီး၏ လျှောက်ထားချက်ကို လက်ခံတော်မူ၍ အရှင်အာနန္ဒာမထေရ်အား နိဗဒ္ဓဘာဝန်ပေး အပ်တော်မူသည်။

မင်းကြီးသည် မိမိကိုယ်တိုင် သာဟတ္ထိက (မိမိလက်ဖြင့် ပူဇော်ပေးလှူခြင်း) မြောက်လိုသော စိတ်စေတနာ ဆန္ဒရှိရကား မည်သူတဦးတယောက်ကိုမှ မခိုင်းမစေ တာဝန်မပေးပဲ ခုနစ်ရက်ပတ်လုံးမိမိကိုယ်ကိုင်ပြုစုလုပ်ကျွေးတော်မူသည်။

သို့သော် ရှစ်ရက်မြောက်နေ့၌ကား (တိုင်းရေးပြည်ရေး) မင်းမှုကိစ္စအဝဝ၌ စိတ်ပျံ့လွင့်နေသောကြောင့် သံဃာတော်များကို ဆွမ်းလုပ်ကျွေးရန် မေ့လျော့၍ နေလေသည်။

မင်း၏ နန်းတော်၌ မည်သည့် စေခိုင်းမှုမပြုအပ်ကုန်လျှင် နေရာများ ခင်းကျင်း၍ ရဟန်းတို့ကို ထိုင်စေလျက် ဆွမ်းပြုစု လုပ်ကျွေးခြင်းငှာ အခွင့်မရကြကုန်။ သို့ဖြစ်၍ရဟန်းတို့အား နေရာထိုင်ခင်းလည်း မပေး။ ဆွမ်းလုပ်ကျွေးမည့်သူလည်း မရှိ။ ထိုအခါ နိဗဒ္ဓဘာဝန်ရှိသော အရှင်အာနန္ဒာ မ ထေရ် မပါ သံဃာတော် အများသည် အရပ်တပါးသို့ ကြွသွားတော် မူ ကြ ရ သည်။ နောက်တနေ့၌လည်း အရှင်အာနန္ဒာနှင့် ရဟန်းများ ကြွလာတော်မူကြသည်။ ဘုရင်မှာလည်း မေ့မြဲ မေ့လျက်နေသည့်အတွက် ရဟန်းတော်အများ မရပ်တည်နိုင်ကြသဖြင့် အရပ်တပါးသို့ ဆွမ်းအလို့ငှာ ကြွသွားတော် မူကြရပြန်သည်။ ထိုမှ နောက်တနေ့တွင်လည်း ထိုနည်းလည်းကောင်း အရှင်အာနန္ဒာ မထေရ်တပါးတည်းသာ ကျန်ရစ်တော်မူရှာရသည်။

အဘယ့်ကြောင့် အာ နန္ဒာ မ ထေရ် သည် တပါးတည်း ချန်၍ နေရစ်တော်မူပါသနည်း၊ အကြောင်းကား ဤသို့ ဖြစ်လေ၏။

ဘုန်းရှင် ကံရှင် သူတော်စင်တို့ မည်သည် အကြောင်းကြောင်းကို ထောက်မျှော်၍ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူလေ့ ရှိကုန်၏။

မင်းစေများသည် ငါးရာသော ရဟန်းအရေအတွက်ကို သာတာဝန်ယူ၍ နေရာထိုင်ခင်းပေးခြင်း၊ ဆွမ်းကျွေးခြင်းအမှုမပြုနိုင် မပြုဝံ့ ရှိကြသော်လည်း အရှင်အာနန္ဒာ တပါးတည်း အဘွက်ဆိုသော် အလွယ်တကူ ပေးလှူပြုစုနိုင်ကြပေသည်။ ဆွမ်းပွဲငါးရာအား ကောသလမင်းကြီး သာဟတ္ထိက ကိုယ်တိုင်ကပ်နိုင်ရန် အဆင်သင့် ပြင်ဆင်ထားရှိမြဲဖြစ်သည်။

တနေ့သော် ကောသလမင်းကြီးက သတို့၏ ဆွမ်းကပ်ရန် ကြွလာသောအခါ ရဟန်း သံဃာများကိုကား မတွေ့၊ ဆွမ်းပွဲငါးရာသာ တွေ့ရသောကြောင့် စိတ်တွင် မကျေမနပ်ဖြစ်၍-

''ဘယ်သို့လဲ ရဟန်းများကြွမလာဘူးလား'' ဟု မျက်နှာထား ထန်သန်နှင့် အသံမာမာ မေးလိုက်သည်ကို-

''မှန်လှပါ-အရှင်အာနန္ဒာ တပါးတည်းသာ ဘုရားကျွန်တော်မျိုးများ ဆွမ်းကြွေးရပါသည် ဘုရား'' ဟု အကြောင်းသုံးပါး မရွေးတတ်သော 'မင်းမျက် မင်းမာန်' ကို ကြောက်ရွံ့ သည့်အား လျော်စွာ (စကားကွင်းလွှဲ၍ ရိယာယ်)စကားဖြင့် လျှောက်ထားလိုက်ကြသည်။

မင်းခယောက်ျား ကမ်းနားသစ်ပင် ဟူသည့် အတိုင်း အကြောင်းမရွေး အခါမရွေး အသက်စည်းစိမ် ပျက်စီးဆုံးရှုံးစေနိုင်သော မင်းခစားများအဖို့-

''ရဟန်းများ ကြွလာတော် မူကြပါသည်။ ကပ်လှူမည့် အရှင်မင်းကြီး မရောက်လာသောကြောင့် ဆွမ်းစားချိန် လင့်ပြီဖြစ်သည့်အတွက် အရပ်တပါးသို့ ဆွမ်းခံကြွရန် ပြန်ကြရပါသည်'' ဟု လျှောက်လျှင်-

''ငါ့အား အဘယ့်ကြောင့် လာ၍သံတော်ဦး မဘင်ကြသနည်း''ဟု မျက်မာန်ရှနိုင်၏။ ဟရား ရေးရာ အဖြာဖြာကို စိမ်ဆွေးနွေး ဗျာပါဒ မအေးသည့် အခိုက်အခါ၌ သွားရောက်လျှောက်တင်ပြန်လျှင်လည်း အချေးထဲ အရာပေါ် အခါမသျှော် အကြောင်းနိမိတ်နှင့် အရိပ်သုံးပါး နားမလည်တတ်သည့် ချေ့သူငယ် ကျွားစာဖြစ်မည့် အချေး'ကိုဘွ မိကြောက်ရွံ့ ကြဟန်လည်းရှိလေရာ ကောသလမင်းကြီးအဖို့ သူတို့၏ 'မဘင်မကျ စကားအထာ' ကို နားမပါသလို အယူအဆလွဲမှားသေရကား—

''ရဟန်းများသည် လာလည်း မလာကြပဲ ငါ့ပစ္စည်းတွေကို အလဟဿဖြုန်းတီးပစ်ရသလို ဖြစ်ဘယ်'' ဟု အမျက်ထွက်ပြီး လျှင် မြတ်စွာဘုရားအား သွားရောက် တိုင်ကြားလျှောက်ထားတော်သည်။

'ဘုန်းဘော် ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်သည် ရဟန်းငါးရာတို့အတွက် ဆွမ်းကို စီမံ၍ ထားအပ်ပါသည်။ ထိုသို့စီမံထားပါလျက် အရှင်အာနန္ဒာ တပါးတည်းသာ ကြွလာ ဘုဉ်းပေးတော်မူသည့်အတွက် နေ့စဉ်ရက်ဆက် ဆွမ်းပွဲများ အလဟဿ ဖြစ်ကုန်ကြရပါပြီ၊ ရဟန်းဘော်များငါးရာတို့သည် အကျွန်ုပ်၏နန်းတော်၌ (ပင့်ထားသည်ဟုမျှ) အမှတ်မပြုကြကုန်သည်မှာ အကြောင်းမည်သို့ ရှိပါသနည်း' ဟု တိုင်တန်းသလို အပြစ်ဘင်သလို လျှောက်ထားလေသည်။

ထိုအခါ တရားအပေါင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ရဟန်းများကို အပြစ်ဆိုတော်မမူပဲ....

''မြတ်သောမင်းကြီး၊ ငါဘုရား၏ တပည့်သား ရဟန်းတို့အဖို့အရာ သင်မင်းကြီးတို့နှင့် အကျွမ်းဝင်မှု၊ ရင်းနှီးမှု မရှိချေ။ ထို့ကြောင့် မလာ မရောက်ကြသည် ဖြစ်ပေလိမ့်မည်''ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့အား တရားနာခံထား၍ (ကောသလမင်းကြီး ကြားသိစေရန်) ကုလသုတ္တန်ကို ဤသို့ ဟောတော်မူသည်။

''ရဟန်းတို့....အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် မသင့်၊ သွားရောက်ပြီးသော်ကား ထိုင်နေရန်မသင့်၊ အဘယ် ကိုးမျိုးနည်း ဟူမူ....

(၁) မြတ်နိုးသဖြင့် ခရီးဦး မကြိုဆိုကြခြင်း။

(၂) မြတ်နိုးသဖြင့် ရှိမခိုးကြခြင်း။

(၃) မြတ်နိုးသဖြင့် နေရာထိုင်ခင်း မပေး ကြခြင်း။

(၄) ထင်ရှားရှိသော လှူဖွယ် ဝတ္ထုကို ရဟန်းတို့အား လျှို့ဝှက်ခြင်း။

(၅) လှူဖွယ်ဝတ္ထု များစွာ ရှိပါလျက် အနည်းငယ်သာ ပေးလှူခြင်း။

(၆) မွန်မြတ်သော လှူဖွယ်ဝတ္ထု ရှိပါလျက်ရှုန့်ရင်းကြမ်းတမ်းသောလှူဖွယ် ဝတ္ထုကို ပေးလှူခြင်း။

(၇) ရိုသေစွာမပေးလှူပဲ မရိုမသေပေးလှူခြင်း၊

(၈) တရားနာရန် ရဟန်းတို့ထံသို့ မချဉ်းကပ် မနေထိုင်ကြခြင်း။

(၉) ထိုရဟန်း ဟောသော တရားကို ရိုသေစွာ မနာယူကြခြင်း။

ရဟန်းတို့ ဤအင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် မသင့်၊ သွားရောက်ပြီးသော်ကား ထိုင်နေရန်မသင့်။

ရဟန်းတို့ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် သင့်၏။ သွားရောက်ပြီးသော်ကား ထိုင်နေရန်သင့်၏။အဘယ်ကိုးမျိုးတို့နည်းဟူမူ -

(၁) မြတ်နိုးသဖြင့် ခရီးဦးကြိုဆိုကြခြင်း။

(၂) မြတ်နိုးသဖြင့် ရှိခိုးကြခြင်း။

(၃) မြတ်နိုးသဖြင့် နေရာထိုင်ခင်း ပေး ကြခြင်း။

(၄) ထင်ရှားရှိသော လှူဖွယ်ဝတ္ထုတို့ကို ရဟန်းတို့အား မလျှို့ဝှက်ကြခြင်း။

(၅) လှူဖွယ်ဝတ္ထု များစွာရှိသော် များစွာပင် ပေးလှူကြခြင်း။

(၆) မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိသော် ထိုမွန်မြတ်သော လှူဖွယ် ဝတ္ထုကို ပေးလှူကြခြင်း။

(၇) မရိုမသေ မပေးမလှူပဲ ရိုသေစွာပေး လှူကြခြင်း။

(၈) တရားနာရန် ရဟန်းထံသို့ ချဉ်းကပ် ထိုင်နေကြခြင်း။

(၉) ထိုရဟန်း ဟောသော တရားကို ရိုသေစွာ နာယူကြခြင်း။

ရဟန်းတို့....ဤ အင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် သင့်၏။ သွားရောက်ပြီးသော်ကား ထိုင်နေရန်သင့်၏... ဟု ဟောတော်မူပြီးမှ....

''မြတ်သောမင်းကြီး -ဤသို့လျှင် ငါဘုရား၏ တပည့်သား ရဟန်းတို့သည် သင် မင်းကြီးတို့၏ အထံမှ အကျွမ်းဝင်မှု ရင်းနှီးမှုကို မရရှိကြကုန်သည်ဖြစ်၍ ဖဲသွားကြခြင်း ဖြစ်ပေလိမ့်မည်။ မှန်၏။ ရှေးပညာရှိတို့သည်လည်း အကျွမ်းဝင်မှု ရင်းနှီးမှု မရှိရာဌာနဌ် ရိုသေစွာ ပြုစုလုပ်ကျွေး အပ်ပါကုန် သော်လည်း သေဆုံးမည့်ဝေဒနာစွဲရောက်လာလျှင် အကျွမ်းဝင်မှု၊ ရင်းနှီး မှုရှိရာဌာနသို့သာလျှင် သွားရောက်ဖူးကြလေပြီ ဟု မိန့်တော်မူလေသည်။

ထိုအခါ ကောသလမင်းကြီးက အတိတ်ဇာတ်ကို ဟောပြတော်မူပါရန် တောင်းပန်သဖြင့်....

''အသင် မင်းကြီး-အကျွမ်းဝင်သော သူတို့ ပေးလှူသော ဘောဇဉ်သည် မြတ်၏။ အကျွမ်း မဝင်သောသူတို့ ပေးလှူသော တေ့မှုဉ် (?) ... တေးမှုသည် အကျွမ်းဝင်သော သူတို့ပေးလှူသော ဟင်းသီး ဟင်းရွက်ကိုမျှ မသိုက်သေး။(ဟင်းရွက်လောက်မျှ အရသာမရှိလေ)ဟု စကားစပ်မျိုးပြီးသော် ဤသို့'ကေသဝ'ဇာတ်ကို ဟောတော်မူလေ၏။

''ရှေးသောအခါ ကောသဝမည်သောရသေ့ကြီးသည် မိဒိနှင့် အထူ ခွစ်ခင်ကျွမ်း ဝင်သော တပည့်ကြီးကပ္ပကို ဟိမဝန္တာ၌ထားခဲ့၍ မိမိကား ဗာရာဏသီမင်း၏ ဥယျာဉ်၌ နေထိုင်လေ၏။ ဗာရာဏသီမင်း၏ ဘောဂး နှံမှုကြောင့် ထိုမင်း၏ ဥယျာဉ် ဝယ် လိုက်ပါသီတင်းသုံး နေရလေသည်။

ထိုးကာသဝ ရသေ့ကြီးသည် တပည့်ကြီးကပ္ပနှင့် ကွေကွင်းရသည်ဖြစ်၍ လွမ်းနာကျလျက် စမ်းသွေးသွန်သော ရောဂါဖြစ်၏။ မင်းသည် ဗာတ်လှစွာသော ဆေးဆရာဂါးဦးနှင့် ကုသပါသော်လည်း အနာမညှဲ့ (ရောဂါမသက်သာ) ရှိလေသည်။

ထိုအခါ ရသေ့က ''မင်းကြီး-ငါ့အား အသက်ရှင်စေလိုသော် ဟိမဝန္တာသို့သာ ပြန်ပို့ပါလော့''ဟု ဆိုသဖြင့် ပို့ရလေ၏ ဟိမဝန္တာသို့ ရောက်၍ ခင်မင်အကျွမ်းဝင်သော တပည့်ကြီး ကပ္ပကို တွေ့မြင်လျှင်ပင် ရောဂါသက်သာလေ၏။ ဆားမှုမခတ်ရသော သစ်ရွက်ပြုတ်နှင့် မြက်သီးဆန်ကြိတ် ယာဂုတို့ကို တိုက်သော် ရောဂါပျောက်ကင်းချမ်းသာရလေသည်။

ဗာရာဏသီမင်းသည် နာရဒအမည်ရှိသော အမတ်ကို စေလွှတ်၍ ရသေ့၏ ရောဂါအခြေအနေကို ကြည့်စေရာ ကျန်းမာချမ်းသာရှိ၍ နေသည်ကို တွေ့ရသဖြင့်....

''အရှင်ဘုရား၊နန်းတော်၌ဆေးရောဂါးပျောက် နှင့် မွန်မြတ်သော အစားအစာကို ပေး၍ ကုသသော်လည်း ရောဂါမပျောက်၊ ယခု ပျောက်သည်ကား အဘယ်သို့ ကုစားပါသနည်း''ဟု မေးလျှင်....

''နာရဒအမတ်၊ ကပ္ပရသေ့နှင့် ငါသည် အကျွမ်းဝင်၏၊ ထိုရသေ့နှင့်အတူ နေလျှင် ငါ၏ စိတ်ချမ်းသာ၏။ ထိုရသေ့သည် ဆားမခတ်ပဲ ရေဖြင့်ပြုတ်ဖြောအပ်သောသစ်ရွက်နှင့်မြက်ဆန်ကြိတ်ယာဂုမှုကို တိုက်၍ ငါ၏ရောဂါ ပျောက်ပေ၏။

''အမတ်ကြီး အကျွမ်း တဝင် ချစ်ခင်လေးမြတ်စွာ ပေးသော အစားအစာသည် နည်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကောင်းမြတ်ဘော့သည်သာတည်း''ဟု ဆိုလေ၏။

အမတ်သည်း ကြားသိသမျှ အလုံးစုံကို မင်းကြီးအား ပြန်ကြားလျှောက်တင် လေသတည်း။


ဇာတ်ပေါင်းသော် ဗာရဏသီ မင်းသည်= ယခု အာနန္ဒာမထေရ်၊ နာရဒ အမတ်သည်= ရှင်သာရိပုတ္တရာ၊ ကောသဝ ရသေ့သည်=ဗက ဗြဟ္မာ၊ ကပ္ပရသေ့သည်=ငါဘုရား ဖြစ်တော်မူ၏-ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓသက်ထက်တော်က ဥပါသကာ ဒါယကာများသည် ရဟန်းတော်များနှင့်ရင်းနှီး ကျွမ်းဝင်မှု ရှိကြသည်။ ရိုသေ မြတ်နိုး ကြသည်။ တေနာသုံးပါးကို မကြည်ညိုကြသော အယူ သီးခြားဘာသာကဲ့များက အပြစ်ဆိုမှု၊ အထင် အမြင်သေးမှုများ ကင်းစင်သန့်ရှင်းကြစေရန် (ပုထုဇဉ် ရဟန်းများအား) စောင့်ရှောက် သတိပေးလေ့ ရှိကြသည်။

ရဟန်းဆိုသည်မှာ လူမှု ဖြစ်သည်။ ရဟန်းသည်လည်း လူပင် ဖြစ်သည်-ဟူ၍ သဘောမသေးလိုကြ။ မိမိတို့၏ ဦးထိပ်မှာ တင်ထားကိုးကွယ်ခြင်းကို ခံယူချက်ရှိသူ ပီသစေချင်ကြသည်။ 'ရဟန်းသာ ဆိုတယ်-လူတွေ လိုပဲ'ဟု မိမိတို့နှင့် တတန်းတည်း တစားတည်း ထား၍ ပြောသံကြားရမည်ကိုမနှစ်မြို့နိုင်ရှာကြ မြတ်စွာ ဗုဒ္ဓ ကိုယ်တော်တိုင်လည်း မိမိ၏ တပည့်သာဝက အပေါင်းကို အိမ်ရာတည်ထောင်သော လူသားတွေထက် အစစအရာရာ ထူးမြတ်သော အကျင့်

အကြံ့ အနေအထိုင် ရှိတော်မူစေလိုသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ဝိနည်း သိက္ခာပုဒ် (ဘုရား့ဥပဒေတော်ကြီး)တွင် 'လူနှင့် တူသော' အချို့ရဟန်းများ၏ အနေအထိုင် အပြုအမူ အကြောင်းကို ဒါယကာတို့ထံမှ ကြားသိတော်မူလျှင် လက်ခံ စစ်မေးတော်မူ၍ ဆုံးမပညတ်တော်မူသည့် သိက္ခာ ပုဒ်တော်များ အတော်အဘန်ပါရှိလေသည်။

သာသနာနှင့် ဒါယကာ၊ ဒါယကာနှင့် သာသနာ ဤအကြောင်းတရား နှစ်ပါးသည် ရေနှင့်ကြာကဲ့သို့လည်းကောင်း၊ကိုင်းနှင့်ကျွန်းပမာဖြင့်လည်းကောင်း နှိုင်းယှဉ်အပ်ပါသည်။ကျွန်းသည် ကိုင်းကိုအမှီပြုရသည်။ ကိုင်းသည်ကျွန်းကို အမှီပြုရသည်၊ သို့မှ ကိုင်းသည် အစဉ် ရှင်သန်ကြီးပွား၍ ကျွန်းသည်လည်း တည်တံ့ ခိုင်မြဲ ရပေသည်။



# မင်္ဂလာဆောင်တွေ မင်္ဂလာဆောင်တွေ



သီဘင်း ဝါလကျွတ်တာနှင့်တပြိုင်နက် မင်္ဂလာဆောင်တွေ–မင်္ဂလာဆောင်တွေ ပြည်သူ့ဆိုင်မှာ တန်းစီနေကြသလို သူပြီးသူ–သူပြီးသူ၊ ဒါကို အပြစ်မပြောလိုပါဘူး။

"ဘဝါဘဝအထက်က၊ နှစ်ဖြာရေစက် ကုသလပမာ၊ အာသေမပျက်ခင်မို့ ပါလေချက် သမုဒယဘဏ္ဍာ" မဟာဂီတဆရာကြီးဦးပြုံးချိုရေးခဲ့တဲ့ဘောလယ်အတိုင်း အာသဝေါတရား မကုန်သေးသမျှ ကာလပတ်လုံး၊ အဲ.... ဂီလင်တွေ တက်နေသမျှ ကာလပတ်လုံး နှစ်ဦးသဘောတူ ခိုးပြေးကြ၊ခိုးရာလိုက်ကြ၊ သူတို့ဟာသူတို့ တိုးတိုးတိတ်တိတ် မင်္ဂလာဆောင်ကြ၊ အချို့ကျတော့လဲ မိဘများက သိုသိုသိပ်သိပ် မင်္ဂလာဆောင်ပေးကြ၊ အချို့ကျတော့ 'ကြီး'တဲ့ သူတွေမို့ 'အကျယ်'ချဲ့ပြီး 'ကြီးကျယ်' အောင် ဟိုတယ်တွေ ခန်းမကြီးတွေမှာ မင်္ဂလာဆောင်ပေးကြ။

အဲသလို ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ဆိုလျှင် ကာယကံရှင် သတို့သမီး သတို့သားထက် နှစ်ဘက်မိဘများသာ ဟိုပြေးရ၊ သည်ပြေးရ ဟိုဟာစီစဉ်ရ၊ သည်ဟာစီစဉ်ရ၊ တလနှစ်လခုစပြီး ပင်ပန်းနေကြရတယ်၊ အဆင်ပြေအောင်၊ချွတ်ယွင်းမှုမရှိအောင်၊ မျက်နှာကြီးတွေကြရောက်အောင်၊ မျက်နှာပန်းလှအောင်၊ အဲ....အဲ လက်ဖွဲ့ပစ္စည်းလဲ များများရအောင်။ ဪ... မိဘများရဲ့ မေတ္တာတွေ စေတနာတွေ။

ငွေကုန်လူပန်း ကိုယ့်ပိုက်ဆံနှင့်ကိုယ် 'အတင်း'ပြောကြတာ လွတ်အောင် ဂရုစိုက်ကြရရှာတယ်၊ သည်ကြားထဲက မေ့လျော့ပြီး မဖိတ်မိတဲ့သူများ ကျန်ခဲ့လျှင် အမုန်းခံရသေးတယ်။ ပြောမယ့်သာ ပြောပါတယ်၊ ဖိတ်စာရတဲ့သူများကော သက်သာသလားဆိုတော့ မသက်သာလှပါဘူး၊ ကိုယ်နှင့် ရင်းနှီးလျှင် ရင်းနှီးသလို သူ့ဂုဏ် ကိုယ့်ဂုဏ်နှင့် ဆိုက်လျော်အောင် လက်ဆောင်ပစ္စည်းဝယ်ဖို့က ပထမစဉ်းစားရပြီ၊ 'ဒါနဉ္စ ဓမ္မစရိယာ'ဆိုတဲ့ မင်္ဂလာတရားတော်အရ ဒါနမဟုတ်တဲ့ ဒါနဉ္စတွေကိုလဲ လူမှုဆက်ဆံရေးအရ လုပ်ရပါသေးတော့၊

အဲသည့်နေ့ အဲသည့်အချိန် ကိုယ့်ကိစ္စရှိယင်လဲ ဖျက်ရမယ်၊ ညှော်သည် လာနေလဲ စကားဖြတ်ရမယ်၊ ကိုယ်ပိုင် အချိန်ကလေးမှာ 'အပျင်းဖြေ' နေချင်သော်လဲ မနေနိုင်ဘူး၊ အဝတ်သစ်၊ အစားသစ်တွေ ထုံးစံအတိုင်း ဝတ်၊ ထုံးစံအတိုင်း သွား၊ ထုံးစံအတိုင်းရောက်၊ ထုံးစံအတိုင်းထိုင်၊ ထုံးစံအတိုင်း ပြုံး၊ ထုံးစံအတိုင်း ပြော၊ ထုံးစံအတိုင်း တူရိယာဝိုင်းရဲ့ အနှိပ်အစက်ကိုခံ။

ဟုတ်ပါတယ်၊ သူတို့တီးဝိုင်းအနားက စားပွဲများသာ ရောက်သွားလျှင်တော့ သေရအောင်သာပြင်ပါရော့၊ ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့် တီးကြ

တယ်၊ အာခေါင်အာရင်းက ခြစ်ခြုတ်ပြီးအော်ကြတယ်၊ အနားကပ်နေတဲ့ လူချင်း တယောက်စကားကို တယောက်က မကြားရဘူး၊ အသည်းတုန် အူတုန် နှလုံး တဒိုင်းဒိုင်းခုန်အောင် ခံပေရော့၊ ဆိုနေတဲ့သီချင်းက မြန်မာလို ဆိုနေတာလား၊ ဗိုလ်လိုဆိုနေတာလား၊ ဘာသာခြား သီချင်းကို ဆိုနေတာလား၊ ကွဲကွဲ ပြားပြား နားမလည်ပါဘူး။

တူရိယာဂီတ ဆိုသည်မှာ သာသာယာယာ ငြိမ့်ငြိမ့်အေးအေး အသံမျှသာ မဟုတ်၊ တက်ကြွလှုပ်ရှားဆူညံသောအသံလဲတူရိယာဂီတဖြစ်တယ် ဆိုတာကိုသက်ခံပါတယ်၊သို့သော်လဲကာလဒေသ ပယောဂအလိုက် လျော်ကန် လျောက်ပတ်သည်ကိုတော့ ရွေးဖို့ကောင်းပါတယ်၊ မင်္ဂလာဆောင်ခန်းမဟာ စတီရီယိုစင်မြင့်တီးဝိုင်းပွဲ မဟုတ်ပေဘူး၊ ကျက်သရေမင်္ဂလာယူရမည့်အခါမှာ အချစ်ကြောင့် အသည်းကွဲရတဲ့ သီချင်းတို့၊ ချစ်သူကမုန်းလို့ အငြိုးကြီးနှင့် ခက်ထန်ရန်တွေ့တဲ့သီချင်းတို့၊ မင်းနှင့်ငါ ကြာလေဝေးရပါပြီဆိုတဲ့သီချင်းတို့၊ နင်ကမုန်းလျှင် ငါကမုန်းမယ်ဆိုတဲ့ သီချင်းတို့ ဒါတွေပဲကြားရတာများပါတယ်၊ တကယ်က သူတို့ရအားပြီးသား သူတို့ဆိုနေကျတွေသာ ဆိုတီးနေကြတာပေါ့၊ သည်မင်္ဂလာဆောင်အတွက် အထူး ရေးစပ်ထားတဲ့ သီချင်းတပုဒ်မှ မပါဘူးလေ၊ အားလုံးလိုလို အတိတ်နိမိတ်မင်္ဂလာမရှိတဲ့ သီချင်းတွေက များတယ်၊ ဒါကို နှစ်ဘက်သော မိဘနှင့် သတို့သားသတို့သမီးကသိသလား၊ မသိပါဘူး၊ သတိထားကြသလား၊ သတိမထားကြပါဘူး၊ မင်္ဂလာသြဘာစာ မင်္ဂလာရတုတေးထပ်တွေကိုတော့ ဉာဏ်ပူဇော်ခပေးပြီး အခမ်းအနားမှူးပညာရှိများကို အတိသားစကားဖြင့် တောင်းပန်ပြီး အပြောအဆို အရွတ်အဖတ် ခိုင်းချင်ခိုင်းမယ်၊ အဲသည့်မင်္ဂလာဆိုတာတွေ မရွတ်မဆိုခင် အ မင်္ဂလာတွေ ဆိုနေကြတာဖြင့် ဘယ်သူမှသတိမထားဘူး၊ နားမလည်ဘူး။

''ဘယ်တီးဝိုင်းက ပေါ်ပြူလာဖြစ်လွန်းလို့ မရ-ရအောင်ငှားပါလို့ သတို့သမီးသတို့သားက မိဘကိုပူဆာသေးတယ်။

ကျွန်တော်တို့ငယ်ငယ်က မင်္ဂလာဆောင်တီးဝိုင်းဆိုလျှင် ငှားကတည်းက ဘယ်သီချင်း-ဘယ်သီချင်း တီးပေးပါ၊ ဆိုပေးပါလို့ ကြိုတင်မှာထားပါတယ်၊ အဲသည်လိုမမှာလဲပဲ တီးဝိုင်းဆရာက ဘယ်သီချင်းပြီးလျှင် ဘယ်သီချင်းကို ဆိုကြ၊ တီးကြမယ်လို့ စီစဉ်ပြီးသား ရှိကြတယ်၊ တပုဒ်တလေ အဆိုမှားသွားလျှင် ရှက်တာနှင့် လဲသေကြမယ်။

အခုတီးဆိုနေကြရှာတာက မြီးကောင်ပေါက်အရွယ်ကလေးတွေ၊ ဗုဒ္ဓဘာသာ မြန်မာကလေးတွေမှ ဟုတ်ပါလေစ၊ အတွေ့အကြုံ ဗဟုသုတသိရှာကြပါသေးတယ်၊ ကဲ-သူတို့ခမျာ ငယ်ရှာကြလို့ ထားပါတော့၊ နှစ်ဘက်သောမိဘ မင်္ဂလာဆောင်စီစဉ်ကြတဲ့ လူကြီး လူကောင်း များကလဲ တမျိုးပါပဲ၊ ကြည့်လေ-ယခုမင်္ဂလာအခမ်းအနားမှူးက လက်ထပ်ပေးရန် အခါတော်ကျပြီမို့ မိဘနှင့်သတို့သား သတို့သမီးတို့ မင်္ဂလာခန်းမသို့ ကြွတော်မူကြပါဆိုတော့ ထွက်လာကြတဲ့ အစီအစဉ်မြင်ရပါပြီ။

လှပစွာဝတ်စားထားကြတဲ့ သတို့သမီးသတို့သားက လူပျိုရံ-အပျိုရံများနှင့် ရှေ့ဆုံးက၊ တီးဝိုင်းက 'အခါတော် ပေးတာက နတ်ရေးငယ်ရှေ့စာ၊ သာသနာရောင်လင်း ကောင်းခြင်းခုသည်ချိန်ခါ''... တဲ့၊ အနောက်နိုင်ငံက အော်ဂင်နှင့် ဂီတာသံနှင့်ပေါ့။

သာသနာ အရောင် လင်းသည်လား မလင်းသည်လားတော့ မသိဘူး၊ နှစ်ဘက်သော မိဘ

များက သူတို့ရဲ့ လူပျိုရဲ-အပျိုရဲများရဲ့ နောက်က ငုံ့လျှိုးငုံ့လျှိုးနှင့် ပါလာကြတယ်၊ သားသမီးက ထင်ထင်ပေါ်ပေါ် ဦးဆောင်လို့၊ မိဘများက သူ့ဘို့နောက်က သူတို့ ရွှေ့လျားမှ မိဘများက ရွှေ့နိုင်ကြတယ်။' ဒါဟာ အနောက်နိုင်ငံက ယဉ်ကျေးမှုအတိုင်းပွဲထုတ်တာ-နားလဲမလည်ငဲနဲ့'' ဟု ဆိုလျှင်တော့ ကျွန်တော်ခံရပါမည်။ ဒါဆိုလျှင်လဲ ဗိုလ်သို့ ဗိုလ်မသုံဝတ်ပေးပြီး ဝက်ဒင်မာ့ချ်တီး လုံးနှင့် ထွက်ကြကောင်းတာပေါ့။

'ယဉ်ကျေးမှု' ဆိုတဲ့ စကားက တခါတခါ မျက်စိလည်စရာ တယ်ကောင်းတယ်၊ 'ယဉ်ကျေးမှု အနုသုခုမပညာ' လို့ ဆိုလိုက်တာနှင့် ပန်းချီ ပန်းပု၊ အတီး၊ အမှုတ် စသော-စသော ကျယ်ဝန်းများပြားလှစွာသော အဓိပ္ပာယ်တွေ ဖြစ်သွားပါလေရော။ ဗုဒ္ဓ၏သာသနာ၊ ဗုဒ္ဓ၏ အဆုံးအမကို ခံယူကျင့်ဆောင် ဆောက်တည်ကြတာကို ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုလို့ ခေါ်ကြပါတယ်။

'အနုတ္တရော ပုရိသ ဓမ္မသာရထိ=မယဉ်ကျေးသော လူနတ်တို့အား ယဉ်ကျေးအောင် ဆုံးမ,ဟောပြောရာ၌ အတုမရှိသော မြတ်စွာဘုရား,လို့ အဋ္ဌကထာ အရှင်မြတ်များက ဖွင့်ဆိုထားတယ်။ ဒီတော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများမှာ အဓိကာရ အမှုကို လုပ်တဲ့အခါ ဗုဒ္ဓယဉ်ကျေးမှုကို တဘက်နိုင်သလောက်ဦးစားပြုလျှင် မကောင်းပေဘူးလား။ ဖိတ်စာထဲမှာဖြင့် 'မိဘတို့ ဝတ္တရားရှိသည့်အတိုင်း' တဲ့၊ 'ပေးငြိမ်းရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ပေါ်အင်-ဖခင်မယ်တို့တာ' ဆိုဘာ ဗုဒ္ဓ၏ အဆုံးအမစကား၊ ဗုဒ္ဓ၏ အဆုံးအမစကားကို လိုက်နာတဲ့ သဘောဖြင့် ဗုဒ္ဓယဉ်ကျေးမှုအတိုင်း ပြုကြဖို့ လိုတာပေါ့။

ဒီလိုပွဲသမ်းမျိုးမှာ ကျေဇူးရှင် မိဘများက မိမိတို့ သားသမီး အရှေ့က ခန့်ခန့်ညားညား ထင်ထင်ပေါ်ပေါ် ဦးဆောင်ပြီး မထွက်သင့်ပေဘူးလား၊ ကိုယ်တိုင်ခေါ်ဆောင်ပြီး နေရာချပေးလျှင် မသင့်မြတ်ပေဘူးလား၊ အခုတော့ အများအားဖြင့် သားသမီးများ အနောက်မှ ကုပ်ကုပ်ယို့ယို့ကလေး လိုက်နေရတာ ရင်နာစရာ လိုလိုပါပဲ။

နောက် အစီအစဉ်အတိုင်း လက်ထပ်ပေးရမည့် နေရာရောက်တော့ကော သားသမီးများက တထွာလောက်ထူတဲ့ ကတ္တီပါဖုံပေါ်မှာ အခန့်စားထိုင်လို့၊ နှစ်ဘက်မိဘတွေက အခြံအရံတွေနှင့် ကြမ်းပေါ်မှာ ရောထိုင်လို့၊ ဘိသိက်ဆရာက ''ရတနာသုံးပါးနှင့် မိဘဆရာများကို ကန်တော့ကြ'' ဟု ဆိုတော့ ဖုံပေါ်မှနေပြီး ကြမ်းပြင်ကော်ဇောပေါ်မှာ ထိုင်နေရရှာတဲ့ မိဘတို့ကို ဝတ်ကျေတန်းကျေ လက်အုပ်ချီကြတာလဲ မြင်ရတာဖြင့် တမျိုးကြီးပဲ၊ ဘုရားကားအောက်၊ မျောက်ကားအထက်-လို့ ဆိုရမလား။

နောက်တခု ရှိပါသေးတယ်။ မိဘဆိုတာ ကိုယ့်သားသမီးကို ကိုယ်အပိုင်ဆုံး ဖြစ်ကြပါတယ်၊ မိဘကိုယ်တိုင် ပုဆိုးတန်းတင် ပေးစားတာဟာ တရားဝင်အဖြစ်ဆုံးပါ၊ ဒါကို မင်္ဂလာယူချင်လို့၊ တနည်းပြောရလျှင် ဂုဏ်လိုချင်လို့ မည်သည့်အရာရှိကြီး ဇနီးမောင်နှံက လက်ထပ်ပေးပါ၊ မည်သည့် သဋ္ဌေးကြီးက လက်ထပ်ပေးပါလို့ တောင်းပန်ပြီး လက်ထပ်ပေးစေတယ်။ အဲသည်မှာလဲ မိဘများက ရှေးပညာရှင် လူကြီးသူမတို့ရဲ့ သြဝါဒကိုနာခံကြရဲ့လား၊ မောင်မယ်သစ်လွင် အိမ်ထောင်ရှင်ကလေးများ ရာသက်ပန်ရိုးမြေကျ ကိုယ်စိတ်နှစ်ပါး မကွဲမပြား ရှိကြလေအောင် ငွေဖလားထဲမှရေ တသားတည်းဖြစ်သလို နိမိတ်ယူစဉ်းတော့၊ လက် ဝါးချဉ်း အပ်၍ လက်ထပ်ပေးမည့် လူကြီးသူတောင်းဇနီးမောင်နှံမှာ (၁) ဘလင်ဘမယားအနေဖြင့် အိမ်ထောင်သက် ရှည်ကြာသူများ ဖြစ်ပါရဲ့လား၊ (၀၂) ငယ်သင်ငယ်မယားစစ်စစ်ဖြစ်ကြရဲ့လား၊ (၂)

မျိုးတူနွယ်တူ အာသာတူဖြစ်ကြပါရဲ့လား၊ (၃) မချွတ်ယွင်းသော ဥပမိရုပ် ရှိကြပါရဲ့လား၊ (၄) သားသမီး ရတနာ ထွန်းကားတဲ့ ဇနီးမောင်နှံ ဖြစ်ကြပါရဲ့လား၊ (၅) ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ လူသိရှင်ကြားလေးစားထင်ပေါ်သူများ ဖြစ်ကြပါရဲ့လား။

အဲသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို သတိထားကြပုံ မရလှပါဘူး၊ ဂုဏ်ရှိလှဲ့ ပြီးတမ်း ဆိုပြီး လုပ်နေတတ်ကြတာလဲ တွေ့ရရဲ့။

ဒီသို့နှင့် ဘိသိက်ဆရာက လူငယ်တွေ နားမလည်နိုင်တဲ့ ပါဠိတွေ၊ ဂါထာတွေ၊ မန္တန်တွေ ဌာန်ကရိုဏ်း ကျကျနနကြီး ရွတ်ဖတ်လို့ ပြီးတဲ့ အခါ(အဲ-ဘိသိက်ဆရာက ရှည်လျား တွေပြား မနေမနား အချိန်တွေ သိပ်ယူထားလျှင်လဲ ပရိသတ်ရဲ့ အငြိုအငြင်ကို ခံရတတ်တယ်) ဟိုဘယ်က ထုံးစံအတိုင်း ကျွေးတာကို စားကြသောက်ကြရပါပြီ။

အဲသည့်အခါ သတို့သားနှင့် သတို့သမီးက တခမ်းတနား ပြင်ဆင်ထားသော ဆုံဖာပေါ်မှာ စုံတွဲယှဉ်ထိုင်၊ တယောက်ကို တယောက်က ခွံ့ကျွေး၊ ဓာတ်ပုံတွေက တဖျပ်ဖျပ် လင်းဂနဲ လင်းကနဲ ရိုက်ကြ။

ပရိသတ်များ ပြန်သင့်တဲ့ အချိန်ကျတော့ လူကြီး လူကောင်းများက သတို့သား မောင်နှံဘို့ ရှိရာကို သွားပြီး (ဓာတ်ပွဲထဲက ဝန်ကြီး များညီ မာခံဝင်သလို တဦးစီသွားပြီး) စမ်းမြောက်ဝမ်းသာ ရှိလှပါကြောင်း လက်ဆွဲနှုတ်ဆက်ပြီး 'ကွန်ဂရက်ကျူလေးရှင်း' လုပ်ရသေးတယ်လေ၊ ဒါလဲ ဥဒေရာ ယဉ်ကျေးမှုဆိုသကိုး။

တကယ်ဖြစ်ဖို့ကောင်းတာက ကိုယ်က ဒေ့ခံတဲ့ပွဲမှာ ကိုယ်က စားပွဲတိုင်းကိုလိုက်ပြီး လူကြီးတွေကိုဆိုလျှင် မောင်မယ်တို့က လက်အုပ်ချီပြီး ယခုလို ကြွရောက်ချီ မြှင့်တော်မူကြတာ ကျေဇူးတင်ပါကြောင်း၊ ကျွန်တော်ကျွန်မတို့အား အမြဲမပြတ် ဆုံးမ စောင့်ရှောက်သွားတော်မူကြပါမည့်အကြောင်း ချိုချိုသာသာ၊ ရွှင်ရွှင်ပျပျလေးဘွေနှင့် ပြောလျှင် ကျက်သရေလဲရှိ၊ မင်္ဂလာလဲရှိ၊ နိဝါတ ဂါရဝယဉ်ကျေးမှုလဲ အပြည့်ရှိမှာ ပေါ့၊ အဲသည်လို ဂါရဝပြုတဲ့ အခါဆိုလျှင် လူကြီးသူမများက 'အေးကွယ် အိုအောင် မင်းအောင် ပေါင်းရပါစေ' ဆိုတဲ့ ဆုမွန်ကောင်းလောက်တော့ ပေးနိုင်ကြပါလိမ့်မယ်၊ အဲ-ကိုယ်နှင့်တန်းတူ သက်တူ ရွယ်တူများကိုတော့ ရယ်လား မောလား ကျေးဇူးတင်စကားကို ပျော်ပျော်မါးပါး ပြောဆိုနှုတ်ဆက်ဖို့ ကောင်းတာပေါ့၊ အဲသည့်နောက်တော့ ပြန်ကြမည့် ပုဂ္ဂိုလ်အသီးသီးကို ဆီးကြိုနှုတ်ဆက်ဖို့ ခန်းမကြီး အဝင်အထွက် နေရာမှာ မောင်မယ်သစ်လွင် အကြာသင့်မလားကနေရာယူထားကြရမှာပေါ့။

မင်္ဂလာဆောင် အစီအစဉ်နဲ့ပတ်သက်လို့ ထူးထူးခြားခြား စီမံသွားပုံတခုကို တွေ့ဖူးပါတယ်။ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ဗဟန်းရေတာရှည်လမ်း 'ဗမာ့သစ် ခြင်ထောင်' ဦးထွန်းလင်း အိမ်မှာ ဖြစ်ပါတယ်။ သူက ဖိတ်စာသုံးမျိုးရိုက်ပါတယ်။ ပထမဖိတ်စာက 'လူကြီးမင်း ဇနီးမောင်နှံစုံ ကိုယ်တိုင်ကြွပါ၊ လက်ဖွဲ့ခြင်းကို သည်းခံပါ' ဆိုတဲ့ ဖိတ်စာ၊ ဒုတိယ ဖိတ်စာက 'လူကြီးမင်း ကိုယ်တိုင် ကြွ၍ အိမ်ထောင်ရှင် မောင်မယ်သစ်လွင်တို့အတွက် ဟာသက်ပန် လိုက်နာရမည့် ဆုံးမစကား ရေးသားပေးပါ၊ လက်ဖွဲ့ခြင်းကို သည်းခံပါ' ဆိုတဲ့ ဖိတ်စာ၊ တတိယ ဖိတ်စာ၊အဲ-အဲ... ဖိတ်စာမဟုတ်ဘူး၊ အကြောင်းကြားစာ၊ အဲသည့် အကြောင်းကြား စာက 'မည်သည့်နေ့ရက်က ကျွန်တော်၏ သမီးကို မည်သူ၏သားနှင့် လက်ထပ်ပေးစားပြီးပြီ ဖြစ်၍ အသိအမှတ် ပြုတော်မူပါ၊ ကရိကထ၍ ကြွလာတော်မူရန် မလိုပါ၊ လက်ဖွဲ့ခြင်းကို သည်းခံပါ' ဆိုတဲ့ အကြောင်းကြားစာ ဖြစ်ပါတယ်။

ပညာရှိ လူကြီး၊ လူကောင်းများက အထူးချုပ်လုပ်ထားတဲ့ ရွှေဇဝါဖုံး စာအုပ်ကြီးမှာ စာတမျက်နှာစီ ကောင်းနိုးရာရာ ဆုံးမစကားများကို ရေးရပါတယ်၊ ရေးပြီတဲ့အခါကျတော့ သူကိုယ်တိုင်က သမီးနှင့်သမက်ကို ဆုံးမစကား နည်းနည်းပြောပြီး ''သမီးတို့-သားတို့ အိမ်ထောင်သည် အဖြစ်နှင့် ဘဝတလျှောက်လုံး လက်တွဲပြီးသွားကြရတဲ့အခါမှာ ကြည်သာရွှင်ပျသဘောချင်းတူမျှသည့်အခါ ရှိသလို၊ သဘောချင်း မတိုက်ဆိုင်လို့ သူနိုင်ကိုယ်နိုင် မာနချင်းပြိုင်မိတဲ့အခါမျိုးလဲ တွေ့ရလိမ့်မယ်၊ လင်နှင့်မယား လျှာနှင့်သွား ဆိုသလို ကိုက်မိလိမ့်မယ်။ အဲသည့်အခါမှာ သားတို့ သမီးတို့အကျိုးကို အင်မတန်လို့လားလို့ ရေးသားပေးတဲ့ လူကြီးများရဲ့စာကို ပြန်၍ဖတ်ကြရအောင် ဤစာအုပ်ကြီးကို အဖေက အိမ်ထောင်ဦး လက်ဆောင်မွန်အဖြစ် ပေးလိုက်ပါမယ်။ကိုယ်နှင့်မကွာ ဆောင်ထားကြပေတော့''

အဲသည့် စကားကို ပြုံး မျက် ရည် များ နှင့် သေးလေးနက်နက် ပေးအပ်လိုက်ပါတယ်။ သမီးနှင့် သမက်လဲ ကြည်နူးအယ်လဲ မျက်ရည်ရွဲပြီး ရိုသေစွာ ရှိခိုးကန်တော့၍ လက်ခံလိုက်ကြပါတယ်။ နောက်တနေ့ နံနက်မှာတော့ လင်စုံမယားဘက် သံဃာတော် အပါး(၁၀၀)ကို မင်္ဂလာဆွမ်းကျွေးပြီး မင်္ဂလသုတ်နှင့် မေတ္တာသုတ် နာယူ ရေစက်ချကြပါတယ်။

* * *





# နှစ်ယောက်တည်း နေချင်တယ်

အငယ်ဆုံးသား တင်မောင်ထွေးကို ဦးစိုးဝင်း–ဒေါ်ခင်နွဲ့ဝင်း တို့၏ တဦးတည်းသော သမီး သိင်္ဂီဝင်းနှင့် လက်ထပ် ပေးအပ်သည့် အခမ်းအနားပြီး၍ အင်းလျားကန် ဟိုတယ်မှ အိမ်အပြန် တလမ်းလုံး ကားပေါ်မှာ ယှဉ်လျက် သား ပါလာခဲ့ကြသည်။ ဦးခင်မောင်ကြီးနှင့် ဒေါ်မိမိမှာ စကားတခွန်းမှ မပြောမိကြ။ ဝမ်းတွင်းမှာ ဟာလာဟင်းလင်းကြီး ခံစားခဲ့ကြရသည်။

လက်ထပ်ပေးအပ်ခဲ့ရသည်မှာ အမှန်ဖြစ်ပါသည်။ သားကို အပြီးအပိုင် သူတို့ထံပေးအပ်ခဲ့ရခြင်း၊ ဦးစိုးဝင်း တို့က သိန်းလေးငါးဆယ် ချမ်းသာသည်။ ချမ်းသာသည့်အလျောက် ငွေနှင့်ပေါက်၍ ဆရာဝန်ဘွဲ့ရ သားကလေး တင်မောင်ထွေးကို ဝယ်လိုက်ကြသည်။ ခန်းဝင်ပစ္စည်း အစုံအလင်နှင့် သူတို့တိုက်မှာ သီးသန့် အခန်း ကျယ်ကြီး စီမံပေးသည်။ ဆေးခန်း ဖွင့်ရန် ရွှေဘုံသာလမ်းရှိ သူတို့တိုက် တလုံးကိုလည်း ဆေးပစ္စည်း ပရိဘောဂတို့နှင့် ခေတ်မီသားနားစွာ ဖန်ဆင်းပေးဦးမည်။ သမီးက တယောက်တည်းသမီး။ တခါမှလည်း မိဘနှင့် မခွဲစဖူးသည့်အပေါ် သူ့မိခင် ဒေါ်ခင်နွဲ့ဝင်း၏ သွေးတိုးနှင့် နှလုံးရောဂါရှင်။ ဒါကြောင့် သားတင်မောင်ထွေးကို 'အလိမ္မာအိမ်ပါ၊ အမေတဲ့'' သူတို့ကပဲ သိမ်းပိုက်ပါရစေ–တဲ့။

ဘာတတ်နိုင်ဦးမှာလဲ။ သိင်္ဂီဝင်း ကိုယ်ပေါ်မှာ ဆင်ပေးထားသမျှ စိန်တဆင်စာကိုလည်း လက်ဖွဲ့သည်။ အင်းလျားကန်ဟိုတယ် ဧရိတ်စကား၊ ဖိတ်စာအစီအရင်မှန်သမျှသူတို့ဘက်က အားလုံး အကုန်ခံသည်။ မိမိတို့ သားကလေးက တက္ကစီ ဒါက သူတို့ဘက်ကအမြင်၊ မိမိတို့ဘက်ကအမြင်ကဖြင့် ဆရာဝန်ဘွဲ့ရသည်အထိ ပညာသင်ပေးခဲ့ရတာ နည်းတဲ့ ငွေပင်ငွေရင်းလား၊ ဒါကထား ပါတော့။ မိမိတို့မှာ သားသမီးသုံးယောက် ရှိခဲ့တာ မှန်ပါသည်။ သားအကြီးဆုံး တင်မောင်ကြီး၊ သမီးလတ် တင်မလတ်၊ ယခုသားအငယ်ဆုံး တင်မောင်ထွေး။ သားသမီးသာမက မြေးကလေးများပင်၍ စီစီညံညံ ပျော်ပျော်ပါးပါး နေခဲ့ကြပါသည်။ ဝင်ဒမီယာမှာ တိုက်အသစ် စိတ်တိုင်းကျ ဆောက်ခဲ့သည်သော်မှ သားအကြီးဖို့ တခန်း၊ သားအငယ်ဖို့တခန်း၊ သမီးမိန်းကလေး အတွက် လုံလုံခြုံခြုံ မိမိတို့ဆင်မယားအိပ်ခန်းကြီးနှင့်မျက်နှာချင်းဆိုင် အပေါ်ထပ်မှာတခန်း၊ ဩဇာ အာဏာနှင့် ငွေကြေး စုံလင် ခန့်ညားခဲ့ကြ အကောင်းဆုံး၊ ခေတ်အဆန်ဆုံး။

အကြီးဆုံးသား တင်မောင်ကြီးက အင်ဂျင်နီယာဘွဲ့ရပြီးသည်နှင့် မကြာမီ မိန်းမ ယူဆာတော့ပြီ။ သူကြိုက်တာက ဦးဘိုနီ၏ သမီး "ဂျက်သရင်းဗိုလ်နီ" ၊ ချောချောတော့ ချောပါရဲ့၊ ဒါပေမယ့် 'ချော့ကလက်' ဗိုလ်ဆန်သည်။ သွက်လက်သည်။ ပွင့်လင်းသည်၊ ရဲတင်း ဖျတ်လတ်သည်။ ဒေါ်မိမိ အမြင်က ယောင့်မကျိုး၊ အပိုမသေ၊ ဦးခင်မောင်ကြီးက "ကိုယ့်သားက တမ်းတမ်းစွဲ ဖြစ်နေပြီဘာ သူစိတ်ချမ်းသာအောင် ဆောင်ရွက်ပေးလိုက်ကြပါစို့" ဟု ဖြေပေးလိုက်ရသည်။ မိမိတို့ကပင် အကုန်အကျခံ၍ လက်ထပ်ပေးလိုက်သည်။ စည်ပိုက်သည့် မင်္ဂလာဆောင်၊ ကြွလာသူများက ဗဟိုခန်းမကြီးနှင့်မှ ဆံ့၊ လက်ဖွဲ့ပစ္စည်းများက တောင်ပုံရာပုံ၊ လင့်နောက်ဆံတိုး မမြဲထုံး မိမိတို့အိမ်ကြီးကို လိုက်ပါနေထိုင်သည်ကိုပင် ဝမ်းသာရသေးရဲ့။ သို့ပေမယ့် မိဘရှေ့ မရှောင် ယောက်မရှေ့ မရှောင် တွတ်တီ ပါလီ နေလား နေရဲ့၊ ချစ်မိုးတွေ 'ဂစ်စ်' ကလေးများ ပေးချင်လဲပေးရဲ့၊ ယောက်မဖြစ်သူ တင်မလတ်က မျက်စိရှက်သည်။ ယောက္ခမ ဒေါ်မိမိက ဂါရဝကင်းသည်ဟု စွပ်စွဲသည်၊ ကြာတော့ သိပ် မတဲ့ချင်ကြ။

"မေမေ...ကျွန်တော်တို့ အလုပ်နဲ့လဲ နီးလို့၊ အစိုးရတိုက်ခန်းကလဲ ရလို့၊ ရန်ကင်းကို ပြောင်းနေပါရစေဟု သားကဆိုလာသည့်အခါ 'ပြောပါများ၍ မသား စကား အောင်' သွားသည့် သားတော်မောင်ကို ဒေါသ ဖြစ်လိုက်ရပါသေးသည်။

"သားသမီးများ မွေးရတာ မိဘတွေမှာ ဘယ်ပြီး 'ဗန်းရှုံး' တယ်၊ ကိုယ်ကဖြင့် ကိုးလလွယ် ဆယ်လမှ မွေး၊ သေးကလူ ချီးကလူ လူတလုံး သူတလုံး ဖြစ်အောင် ပိုးမွေ သလို မွေးခဲ့ရတာ ပညာဆိုလဲ သင်လိုက်စမ်းတဲ့... အဝတ်အစားဆိုလဲ သူများတန်းတူ ဆင်လိုက်စမ်းဟဲ့၊ ကိုယ့်ရင်ခွင်ထဲ အနှစ်နှစ်ဆယ် အစိတ်မှ နေသွားကြတာ အနိုင်နိုင်၊ သူစိမ်းလက်ထဲ ထိုးအပ်လိုက်ကြရတာချည်းပဲ၊ ကိုယ့်အိမ်မှာ မပူမပင်မကြောင့် မကြ (ဝ)ကြောင့် (ဝ)ကန် စားပြီး အချိန်တန် ပြန်သွားကြတဲ့ ဧည့်သည်တွေနဲ့တူလိုက်တာ" ဟု ရူပွရူပွ လုပ်နေသောကြောင့်—

'ဒါက ကမ္ဘာ့ နိယာမတရားတွေ ပါကွယ်၊ လူလဲ လူအလျောက်၊ တိရစ္ဆာန်လဲ တိရစ္ဆာန် အလျောက် အမွေး အတောင် စုံလျှင် မိဘကို ခွဲသွားကြတာပဲ" ဟု ဦးခင်မောင်ကြီးက စကား ပြေ ပြောရသည်၊

"ခုခေတ်ကို ဆိုးပါသတော်"

"အရင်ခေတ်တွေမှာလဲ ဒီအတိုင်းပါပဲကွယ်၊ ရှင်းရှင်း ပြောရယင် ညားကာစ လင်မယား လူငယ် လူရွယ်များဟာ လွတ်လွတ် လပ်လပ် အချစ်နာလန် ထချင်ကြတာပေါ့၊ ရှေးတုန်းက ပေါ်တဲ့ သီချင်း ကလေးကို ကြည့်ပါလား"

"ဘယ်သီချင်းလဲ"

"မွေးမေပေါးက ဆိုလို ဆဲ၊ အိမ်ခွဲ ပါလို့ ဆောက်ရအောင်၊ မဲဇာဆို ရွှေလီဖျား ဝါးနုတ်ချေမောင်၊ တို့လင်မယား နေလောက်အောင်၊ နှစ်ဆောင်ပြိုင်ကျယ်ကျယ်ဆောက်မှ၊ နေလောက်မယ် ပျို့ သက်ဆာရယ်၊ သားတွေက များ–ဆိုတဲ့ သီချင်းပေါ့လေ၊ သမီးကလေးက သူ့ချစ်သူနဲ့ ညားကာစ၊ ကိုယ့်လင်နဲ့ ပူပူ ကပ်ကပ် တိုးတိုး ဝှေ့ဝှေ့ နေချင်တာပေါ့၊ ဂယုကယင် ပြုချင်တာပေါ့ နေဝင်လျှင် အိပ်ခန်းထဲဝင်ပြီး ပွေ့ပွေ့ ပိုက်ပိုက် ခိုခို ခစ်ခစ်' ကြည်နူးချင်တာပေါ့၊ ဒါကို အမေက မျက်စိရှက်တယ်၊ နားရှက်တယ်၊ သမီးကို လွန်ရန်ကော–ကဲရန်ကော' နဲ့ဆူတယ်၊ ဆဲတယ်၊ အဆူအဆဲ ကင်းအောင် မျိုသိပ်နေရတော့လဲ စိတ်ဆင်းရဲရတယ်၊ ဒါကြောင့် အိမ်ရာ ဝင်မှာ လင်ကို တိုတို ပူဆာတယ်၊ ကျုပ်တို့ လင်မယား နေတာတိုင်တာကို ယော်တော်ကြီးက

မကြိုက်လို့ကျိတ်ကျိတ်ပြီးဆူတယ် ဆဲတယ်တော့၊ ကျုပ်ကလဲ ဘော်နဲ့ ပဝါတကမ်း လက်တကမ်း နေနိုင်တာ မဟုတ်ဘူးလေ၊ ဒီတော့ ကိုယ့်အိမ် ကိုယ့်ရာ ကလေး ဆောက်ပြီး အိမ်ခွဲ နေကြရ အောင်၊ မဲဇာရွှေလီကို တက်ပြီး ဝါးခုတ်ချေ။ အဲ...နောက်ပြီးတော့လဲ လင် ကိုယ် မယား နှစ် ယောက်ထဲ နေလောက်ရုံမဆောက်နဲ့၊ တော်တော် ကြာ သားသမီးတွေ တပုံတခေါင်းကြီး မွေးလာ ဦးမှာ....ဟဲ...ဟဲ၊ ဒါကြောင့် ခုကတည်းက ကျယ် ကျယ်ဆောက်မှ နေလောက်မှာ တော်ရေ.... နော်....နော်....' လို့ ပြောတဲ့ သီချင်းပေါ့''

''သီချင်းက တော်တော်၊ ရှင်က အဓိပ္ပာယ် ပြန်မှ ပိုဆိုးနေတော့တယ်''

''ဟဲ....ဟဲ....ငါက အပိုတွေဖြည့်ပြီးပြောတာ မဟုတ်ချပါဘူးဗျာ၊ မှင်းလဲ မင်းမိဘနဲ့နေရတာ လွတ်လွတ်လပ်လပ်မရှိလို့အလုပ်ကို ရမယ်ရှာပြီး အစိုးရ တိုက်ခန်းရအောင် အလျှောက်ခိုင်းတာ ကော-ဒီတုန်းက သီချင်းကလေးတောင် ငါ့ကို ဆိုပြလိုက်သေးသလေ၊ ဘာတဲ့-အဲ 'နှစ်ယောက် ထဲဆိုယင် မောင်ရယ်၊ ဝေရက် တောင်ထိပ်၊ နေချင်ယင်ခုသွား....'အလဲလဲလယ်-နာလိုက်တာ ဗျာ''

ဒေါ်မိမိက ဦးခင်မောင်ကြီး၏ ဗိုက်ခေါက် ထူကြီးကို ရှက်ရမ်း-ရမ်းပြီး ဆွဲလိမ်လိုက်သည့် အတွက် သီချင်းမှ ဆုံးအောင် မဆိုလိုက်ရပါ လေ။

သို့နှင့်သားကြီးက အိမ်ထောင်ခွဲသွားသော် လည်း ဆူဆူညံညံ ပျော်ပျော်ပါးပါး ဟေးလား ဝါးလားနေဘတ်သော သားငယ် တင်မောင် ထွေ နှင့် သမီးဘင်မလတ်တို့ကျန်နေသေးသဖြင့် အိမ်ကြီးမှာ စိုစိုပြည်ပြည် ရှိပါသေးသည်။

တင်မောင်ကြီးနှင့် ကက်သရင်းတို့မှာတော့ ရွှေချိုင့်မှ လွတ်ခါစရွှေကျေးမောင်နှံလိုတတွဲတွဲ ပွဲတိုင်းကျော်ဖြစ်နေကြကြောင်း သိရသည်။

''သား အလိမ္မာကြီးက မိဘအိမ်ကို တလ တခေါက်လောက်မှ မျက်နှာပြလေ့ဘူး၊ နေနိုင် လိုက်တာ''ဟု မယ်တော်ကြီးက တမ်းတရှာ သည်။

''အိုကွယ်.... ယရာဝါသော ဗဟုကိစ္စာ မဟုတ်လား၊ သတိတော့ ရကြမှာပေါ့'' ဟု ခမည်းတော်ကြီးက ဖြေရသည်။

''သင်းက မိဘကို တွယ်တာရကောင်းမှန်း မသိပေမယ့် သမီးကတွယ်တာရှာတယ်၊ သူအိမ် ထောင်ပြုယင် အမေတို့နဲ့ဥမကွဲသိုက်မပျက်လိုက် နေမယ့်လူနဲ့မှ လက်ခံမယ်တဲ့တော့''

''အဲ့ဒါ-သူ့ဟာသူ စိုင်းပြင်းပြီးလို့ မင်းကို မထမနားဖောက်ခြင်းပဲ၊ ကြည့်နေကြဘူး''

ဦးခင်မောင်ကြီးပြောသည့်အတိုင်းပင်တင်မ လတ်ကို စေ့စပ်ရအောင် မြို့မိမြို့ဖများရောက် လာပါပြီ၊ သမက်လောင်းက မိဘများမရှိတော့ သည့် လူပျိုကြီးလက်ထောက်ကထိကပူပူနွေးနွေး တင်မလတ်က ဒေသလောလိပ်ဆရာမမို့ ငညာ ရေးဌာနချင်း တွေ့ကြဟန်တူသည်။

'ကျွန်တော်တို့ကငွေတင်တောင်းတာမဟုတ် ပါဘူး၊ ပညာတင်တောင်းတာသာ ပိုပြီးလိုလား ပါတယ်၊ အကြိုက်ဆုံးကတော့ အိမ်ထောင် ခွဲပြီးမနေစေချင်တာပေါ့''ဟု ဦးခင်မောင်ကြီး က အဆိုပြုရာ ဒေါ်မိမိက ထောက်ခံသည်။

''မောင်မောင်ဆော်မှာ လုပ်ကျွေးသွားစရာ မိဘနှစ်ပါးစလုံး ရှိတော့တာ မဟုတ်ရှာပါဘူး၊ ယောက္ခမနှစ်ပါးကိုပဲ မိဘအရင်း နှလုံးသွင်းပြီး တအိမ်တည်း တစီးပွားတည်း အရိပ်ခိုမှာပါ''

ထိုစကားနှင့်ပင် ဦးခင်မောင်ကြီးနှင့် ဒေါ် မိမိတို့ကပဲ သမီး မျက်နှာမငယ်အောင် အင်း လျားကန်ဟိုတယ်မှာ မင်္ဂလာဆောင်ပေးလိုက်ရ ပြန်ပါသည်။ သို့နှင့် သမီးကို သားကြီးထက် အရေးပေး၍မှ မကြာမီသားကြီး တင်မောင်ကြီး တို့မှာ သားဦးကလေးရလာတော့သည်။သို့သို့လို

ဆိုပြန်တော့ မြေးဦးကလေးမျက်နှာဖြင့်ကလေးကို မကြာမကြာလာပို့ပေးရန် ပူဆာရသည်က ချွေးမကို အောက်ကျခံရသည်ဟု မမှတ်နိုင်ကြ၊ ကိုယ့်သွေး ကိုယ့်သား ကလေး မြေးငယ်နှင့် အနှစ် နှစ်ဆယ်လောက် ကင်းကွာ ခဲ့ရသော အတိုး အတွားတို့မှာ အထူးသဖြင့် မြေးဦး ကလေးများကို အလွန်ခုံမင် တွယ်တာတတ်ကြသည်၊ မြေးကလေးကလည်း ဖြူဖြူစင်စင် တွတ်တီးတွတ်တာနှင့် ကယုကယင် နေချင်ရှာကြကာမှ မပိုင်ဝက်မွေးဖြစ်နေရသည်ကို ဒေါသဖြစ်ရသည်။

ထိုအတွင်း သမီးတင်မလတ်မှာ မပေါ့မပါး ရှိလာသည်ကို သိရသည်အခါ ဖအေနှင့် မအေတို့ထက် ဂရုစိုက်ရသည်မှာ ဦးခင်မောင်ကြီး နှင့် ဒေါ်မိမိသာဖြစ်ပြန်ချေသည်။ မွေးလာပြန်တော့ သမီးမိန်းကလေး။

“သားဦး ဆိုတာ သမီး မိန်းကလေးမှ အမေကို အဖော် ရတယ်၊ ယောကျ်ား ကလေးများဆို စိတ်နာလွန်းလို့”ဟု ဒေါ်မိမိက လက်ပေါ်မှမချ၊ ကလေးကို ရင်အုပ်မကွာ မွေးနိုင်အောင် သမီးကို ဆရာမအလုပ်မှ အထွက်ခိုင်းသည်။ အလုပ်နှင့်ဆိုလျှင် ‘နွားမတန်းသားမခင်’ ဖြစ်တတ်သည်ဟုဆိုသည်။ နို့ဆီ နို့မှုန့် တွေကို တိုက်တာ ဟာ ဝတ္တရား မကျေ ပွန် သော မိခင်များသာ ဖြစ်သည်။ အမိ၏နို့ရည်မှ သဘာဝ အာဟာရဖြစ်သည်။ ယခုခေတ် ကလေးတွေ ချုချာဘာ မိခင်နို့ရည်ကို တန်ဖိုးမထားကြလို့ဟု တဖြစ်တောက်တောက် ပြောလေ့ရှိသည်။ ကလေးကို သူကြိုက်သည့်နာမည်ကိုမှ ပွဲနှင့်လမ်းနှင့် ဧည့်ခံ၍ ပေးလိုက်သည်။

“ခင်ခင်ဦး”

ခင်ခင်ဦး မတ်တတ်ပြေးနိုင်သည့်အခါ သမီး မိန်းကလေး နောက်ထပ်တယောက် မွေးပြန်ရာ ဤအခါတော့ ခင်ခင်ထွေးဖြစ်သွားသည်။ မြေးကလေးများ၏ ငိုသံ ရယ်သံတို့မှာ အတိုးအတွားတို့ နားတွင် ကြေးစည်သံ ခေါင်းလောင်းသံတို့ ပို သာယာလှပါဘိသည်။ သို့သော်ကြားကြာမှ မပျော်လိုက်ကြရ၊ မန္တလေး တက္ကသိုလ်သို့ ပြောင်းရွှေ့သွားကြရာ မြေးများပါ ခွဲခွာသွားကြပြန်ပါပြီ။ ခင်ခင်ဦးကို အတိုးအတွားတို့ထံမှာ ထားခဲ့ရန် ပြောသည့်အခါ သူ့ဖေဖေရဲ့ အသည်းစို့ မခွဲနိုင်ပါ-တဲ့။

သားအကြီးဆုံးက မယားနှင့်တွဲ၍ အိမ်ခွဲပြီး ဆင်းသွားပြီ၊ သမီးအလိမ္မာကျပြန်တော့ သျှောင်နောက် ဆံ ထုံး ပါ မြဲ ထုံး ဖြစ်သွားပြန်သည်၊ နောက်ဆုံးသားထွေး ငွေရှင် ကြေးရှင် ယောက္ခမတို့ထံ အပြီးအပိုင် ‘ရောင်း’လိုက်ရပြီ။

ဒါတွေကို စဉ်း စား ယင်း အင်းလျားကန် ဟိုတယ်ခင်္သာ ‘လူရောင်းပွဲကြီး’မှပြန်လာကြရာ မော်တော်ကားပေါ်၌ တလမ်းလုံး လင်မယား နှစ်ယောက်သား ကိုယ့် အတွေးနှင့် ကိုယ်တွေး လာကြခြင်းကြောင့် တယောက်နှင့် တယောက် စကားမပြောနိုင်ကြခြင်း ဖြစ်သည်။

မာဇဒါ ဖင်မလီယာကားလေးက ဝင်ဒါမီယာ တိုက်အိုကလေး၏ ဆင်ဝင်အောက်မှာရပ်လိုက်၍ ဦးခင်မောင်ကြီးနှင့် ဒေါ်မိမိတို့ ရှေ့ဆင့် နောက်ဆင့် ဆင်းလိုက်ကြသည်။

ဦးခင်မောင်ကြီးက ဧည့်ခန်းသို့ ရောက်လျှင်ရောက်ချင်း အနီးဆုံးဆိုဖာဟောင်းကြီးပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်ယင်း “ဟူး”ကနဲ လေပူတွေကို မှုတ်ထုတ်လိုက်သည်။ ဒေါ်မိမိက လင်သည်ကို ကိုယ်ချင်းစာ၍ ကရုဏာဖြစ်လိုက်ယင်း အိမ်ကြီးပေါ်သို့တက်ရန် လှေကားရင်းနားသို့ ရောက်ခဲ့သည်၊ သားကြီးနေသွားသောအခန်းကို လည်းကောင်း၊ ပူပူနွေးနွေး စွန့်သွားသည့် သားငယ် အခန်းကိုလည်းကောင်း လှမ်းကြည့်လိုက်မိ သည်။ တိတ် ဆိတ် နေ ကြ သည် မှာ အမင်္ဂလာ ဖြစ်နေသည်။ တလှမ်းချင်း လှမ်းတက်

လာ၍ အိမ်ပေါ်ထပ် ရောက်ပြန်တော့ မြေးက လေးနှစ်ယောက်နှင့် စီစီညံညံ ပျော်ပျော်ရွှင်ရွှင် နေသွားကြသော သမီးနှင့် သမက်တို့၏ အခန်း။

ဒေါ်မိမိသည်ကြာရှည် ကြည့်မနေဝံ့တော့ပဲ ကိုယ့်အခန်းကို မြန်မြန် ပြေးဝင်ခဲ့ရသည်။ ပွဲနေပွဲထိုင် အဝတ်အစားများကို မချွတ်နိုင်သေးပဲ အိပ်ရာ ခုတင်ကြီးပေါ်သို့ ဦးခင်မောင်ကြီးလို ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ ထို့နောက် ဦးခင်မောင်ကြီးလို 'လေပူ'သာမှုတ်ထုတ်လိုက်သည်မှာ -

"ကိုခင်ရေ နောက်ဆုံးတော့ ရှင်နဲ့ ကျုပ်နဲ့ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့ပြီတော့"ဟု ချုံးပွဲချ၍ ငိုလိုက်မိလေသည်။ မျက်နှာကို ၎င်း၏ လက်နှစ်ဘက်စလုံးနှင့် အုပ်သားစဉ် ပခုံးပေါ် လက်တဘက် လာတင်သည်ကို ဒေါ်မိမိသိလိုက်ပါသည်။ ထို့နောက် မိမိအပါးကို ကပ်၍ ထိုင်ချလိုက်သော ဦးခင်မောင်ကြီး၏ အတွေ့အထိကို ခံစားလိုက်မိသည်။ ထိုမှသာမက ညင်သာကြင်နာသော အသံပါ ကြားရ၏။

"မိမိရယ်....အခု နှစ်ယောက်ထဲ ကျန်ရာက တယောက်ယောက် 'တယောက်ထဲ ကျန်ခဲ့ရဦးမှာ'ကိုအခုတည်းက အသင့်ပြင်ထားကြရအောင် လားကွယ်"ဟု ပြောလိုက်လေသည်။ ။

သုခီအတ္တာနံပရိဟရန္တု

သုခ

**သာသနာရေးဦးစီးဌာန**
**စာကြည့်တိုက်**
**ကမ္ဘာအေး၊ ရန်ကုန်**

# သုခ

# စိတ်ဆိုသောစိတ်

ထွက်တော့မည်

ဤ ဓမ္မရသာ အလှမျိုးစုံ စာမျိုးစုံ တွင်
ဗုဒ္ဓဘာသာ နှင့် ဓမ္မရေးရာ ဆိုင်ရာ ဆောင်းပါး
(၅၀)ပုဒ် ပါရှိပါသည်။

လေးနက်သော ဓမ္မရသများကို ပေါ့ပါး လွယ်ကူ
ကြည်လင်စွာ ဖတ်ရှုနိုင်ပါသည်။

ဆောင်းပါး (၁) ပုဒ်လျှင် ဖတ်ချိန် (၃) မိနစ်မှ
အလွန် (၁၅) မိနစ်မျှသာ အချိန်ပေးရပါမည်။

တပုဒ်ပြီးလေတိုင်း တွေးတော ဆင်ခြင်သုံးသပ်
မှတ်ယူဖွယ်များ ရှိနေပေလိမ့်မည်။

သို့သော်...စာဖတ်သူသည် ဆရာဦးသုခ ၏
သဒ္ဓါ၊ ပညာ၊ မေတ္တာ၊ စေတနာရင်းများပါသော
အရေးအသား စွမ်းအားကြောင့် တပုဒ်ပြီးလျှင်
တပုဒ် ဆက်ကာ စဉ်ကာ ဖတ်ရှုသွားလိုပေလိမ့်
မည် ဟု ပြောဝံ့ဆိုဝံ့ ရှိပါ၏ ——

ဉာဏ်လင်း

# ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ

သုခ

ဤ ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ တွင် ဗုဒ္ဓဘာသာ သုတ နှင့် ဓမ္မရေးရာ ဆိုင်ရာ ဆောင်းပါး (၅၀) ပုဒ် ပါရှိပါသည်။

- လေးနက်သော ဓမ္မရသများကို ပေါ့ပါး လွယ်ကူ ကြည်လင်စွာ ဖတ်ရှုနိုင်ပါသည်။
- ဆောင်းပါး (၁) ပုဒ်လျှင် ဖတ်ချိန် (၃) မိနစ်မှ အလွန် (၁၅) မိနစ်မျှသာ အချိန်ပေးရပါမည်။
- တပုဒ်ပြီးလေတိုင်း တွေးတော ဆင်ခြင်သုံးသပ် မှတ်ယူဖွယ်များ ရှိနေပေလိမ့်မည်၊
- သို့သော်... စာဖတ်သူသည် ဆရာဦးသုခ ၏ သဒ္ဓါ၊ ပညာ၊ မေတ္တာ၊ စေတနာရှင်းများပါသော အရေးအသား စွမ်းအားကြောင့် တပုဒ်ပြီးလျှင် တပုဒ် ဆက်ကာ စဉ်ကာ ဖတ်ရှုသွားလိုပေလိမ့်မည် ဟု ပြောဝံ့ဆိုဝံ့ ရှိပါ၏ ...

ဉာဏ်လင်း